# သံဝေဂဝတ္ထု
# ဒီပနီ

၁၇၄၃၄

မန္တလေး ရတနာပုံ မြို့တည် နန်းတည် ပဌမသင်္ဂါယနာတင်
ဘုရင်မင်းတရားကြီး လျှောက်ထား တောင်းပန်အပ်သည် ဖြစ်၍
ဇာဂရာဘိဓဇ သိရီပဝရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု,
ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော် နှစ်ထပ်ရ
ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရား
ရေးသားစီရင်တော်မူအပ်သော

# သံဝေဂဝတ္ထုဒီပနီ

---

ပါဠိဆရာ ဦးဘသက်-ဦးလှစိုးတို့
ကြီးကြပ်ပြင်ဆင် ရိုက်နှိပ်သည်။

အောင်ဆန်းလမ်း—မန္တလေးမြို့။

၁၃၄၈ခု၊ ၁၉၈၆ တော်သလင်းလ။

# နိဒါန်း

**ရတနာပုံခေတ်၏ အမွေအနှစ်**

သံဝေဂဝတ္ထု ဒီပနီ မည်သော ကျမ်းကြီးသည် ရတနာပုံခေတ်၏ အဖိုးမဖြတ်နိုင်သော ဓမ္မ အမွေ အနှစ် ဖြစ်ကြောင်း ဗုဒ္ဓစာပေ လောကတွင် ထင်ရှားလှ၏၊ သို့ထင်ရှားသော ကျမ်းကြီးတစောင်၏ နိဒါန်းရေးသားရန် ဆိုင်ရာပုဂ္ဂိုလ်များက ကျွန်ုပ်အား တာဝန်ချသောအခါ ရေးပေးပါမည်ဟု ရုတ်တရက် ဝန်ခံလိုက်မိ၏၊ သို့သော်လည်း ကျွန်ုပ်သည် ထိုကျရောက်သော တာဝန်ကို မလွှဲမရှောင် ဆောင်ရွက်ခဲ့သော် မိမိကိုယ်တိုင် မိုက်ရူးရဲဘဝ ရောက်သွားလေမလားဟု ကဖြည်းဖြည်း စိမ့်စိမ့်လာ၏၊ အကြောင်းသော်ကား နိဒါန်းနှင့် စာကိုယ် ဆီလျော်ရမည်၊ သံဝေဂဝတ္ထု ဒီပနီကဲ့သို့သော စာကိုယ်ကို အဘယ်မည်သော ယောကျ်ားက ငါတကား လက်ရုံးတန်း၍ ဆီလျော်စွာ နိဒါန်းသွယ်နိုင်ပါအံ့နည်း။

ကျွန်ုပ်သည် သူရဲဘော ကြောင်သူတယောက်မဟုတ်ပေ၊ သို့သော်လည်း ဤသံဝေဂဝတ္ထု ဒီပနီကျမ်းကို နိဒါန်းသွယ်ရမည် ရှိသောအခါ ငါ့နိဒါန်းသည် "မင်္ဂလာဆင်တော်၏ ခလောက်" ဖြစ်များသွားလေမလား(မြင်မလျော် ဆင်တော်နှင့် ခလောက်)ဟု ရှိံ့ရှိံ့လာ၏။

**အပျိုတော်သဖွယ် နိဒါန်းသွယ်**

နိဒါန်းသွယ်မှုသည် အပျိုတော်ကြီးထွက်မှုနှင့် တူ၏၊ ဇာတ်ကြီးဇာတ်ကောင်းဖြစ်လေလေ အပျိုတော်ကြီး အကကြာလျှင် ပွဲကြည့်ပရိသတ် အမုန်းခံရလေလေ ဖြစ်သည်ကို စဉ်းစားမိ၏၊ သံဝေဂဝတ္ထုဒီပနီ ကဲ့သို့သော ဇာတ်ကြီးဇာတ်ကောင်းထွက်မည်ကို ကျွန်ုပ်၏ ဘာမဟုတ်သော နိဒါန်းအပျိုတော်ကြီး ထွက်နေလျှင် စာကြည့်ပရိသတ် မုန်းစရာသာဖြစ်တော့မည်။ မုန်းစရာဖြစ်မှုဖြစ်မှာ သည်လောက် အရေးမကြီးလှပါ၊စင်စစ်သော်ကား...."ထန်းလျက် ရောင်းရာ တည်သီး ကန့်လန့်" (ထန်းလျက် ရောင်းရာ တည်သီးကန့်လန့်)သဘောမျိုး ဖြစ်သွားမည်ကို ပိုမိုစိုးရိမ်ရ၏။

သို့သော်....ကျွန်ုပ်သည် "မရဲသော်လည်း ပြေးခဲစေ"ဆိုသကဲ့သို့ အရဲစွန့်ကာ ဤကျမ်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အချက်အလက် အနည်းငယ် စဉ်းစားကြည့်မိ၏။

ညွှန့်စာပေ- ၁။

# နိဒါန်း

ပဋ္ဌမသင်္ဂါယနာ သံဃာ့ထေရ် ကျမ်းပြု ပုဂ္ဂိုလ်နှင့် ပတ်သက်လျှင် ဤကျမ်းကိုရေးသားစီရင်သောပုဂ္ဂိုလ်ကြီးမှာဒက္ခိဏာရာမ ပထမဘုရားကြီး ဆရာတော်ဖြစ်၏၊ ပုဂံမင်း လက်ထက်တော်တွင် ပထမအကြိမ်"ဇာဂရာဘိ သိရိပဝရာလင်္ကာရ မဟာဓမ္မ ရာဇာဂိ ရာဇဂုရု" တံဆိပ်တော်ကို အလှူခံတော်မူရ၏၊ ထို့နောက် ညီတော် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်တော်တွင် ဒုတိယအကြိမ် "ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကို အလှူခံတော်မူရ၏၊ ပိဋကတ်သုံးပုံဆောင် (တိပိဋကဓရ) ဆရာတော် ဖြစ်၏၊ ပဋ္ဌမသင်္ဂါယနာတင်စဉ်ကပိဋကတ်သုံးပုံ ပါဠိတော်ကျောက်ထက်အက္ခရာတင် "သေလက္ခရာရုဠ" သဘင်အခမ်းအနားတွင် ပုဒ်ပါဌ် အက္ခရာ ကျောက်စာ အရေးအသား တိမ်းပါးချွတ်ယွင်းခြင်းမရှိရအောင် သန့်ရှင်းပြင်ဆင် သုတ်သင်တော်မူရသော....

(၁) တောင်ဆောင်တော်မိဖုရား၏ဆရာ "ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဒက္ခိဏာရာမ ဆရာတော်။

(၂) မြတောင်မြို့စား သေနတ်ဝန်ကြီး၏ဆရာ "နရိန္ဒာဘိ သိရိသဒ္ဓမ္မဇောတိပါလမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဆီးပန်းနီဆရာတော်။

(၃) "သုမင်္ဂလသာမိ သိရိပဝရ မဏိဇေ မဟာဓမ္မရာဇာဓိ ရာဇဂုရု" စီးတော်မြင်းဝန် ဆရာတော်ဟူသော ဆရာတော်ကြီး သုံးပါး အနက် အမှတ်(၁) **အကြီးအမှူး နာယကသံဃာ့ထေရ် ဆရာတော်** တပါးလည်း ဖြစ်တော်မူ၏။

သာသနာတော်၏အသက်သဖွယ်ဖြစ်သော ဝိနည်းပိဋကတ် ဥဘတောဝိဘင်းပါဠိတော် နိဿယသစ်နှင့် ပါစိတျာဒိယောဇနာပါဌ်များကိုစီရင်ရေးသားတော်မူသော **ဝိနယကောဝိဒဆရာတော်** တပါးလည်းဖြစ်တော်မူ၏။

အဘိဓမ္မာ ခုနစ်ကျမ်းနှင့် ၎င်းအဋ္ဌကထာတို့၏ အချုပ်ဖြစ်သော အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ ခဲရာခဲဆစ်များကို ဖော်ပြလျက် အဘိဓမ္မတ္ထ သင်္ဂဟ ဂဏ္ဌိသစ်ကို စီရင်တော်မူသော **အဘိဓမ္မကောဝိဒဆရာတော်** တပါးလည်း ဖြစ်တော်မူ၏။

ရှင်မဟာဗုဒ္ဓဃောသ စသော အဋ္ဌကထာ ဆရာကြီးများကပင် လေးလေးစားစား ကိုးကားခြင်းခံရသော ဒီပဝံသကျမ်း၏ အဖွင့်ဋီကာကျမ်းကို

ရေးသား စီရင်တော်မူသော **ဝံသကောဝိဒ ဆရာတော်** တပါးလည်း ဖြစ်တော်မူ၏။

သဒ္ဒါ,အဘိဓာန်,ဆန်း,အလင်္ကာ တည်းဟူသော ကဝိမူလ လေးခု အဝင်အပါ သဒ္ဒါကျမ်းဆိုင်ရာ သဒ္ဒစုတ္တိနှင့် ဂန္ထာဘရဏ ပဒ္ဒါငယ် ကျမ်းတို့၏ အဖွင့်ဋီကာများကို ရေးသားစီရင်တော်မူသော **ဝေယျာကရဏိက ဆရာတော်** တပါးလည်း ဖြစ်တော်မူ၏။

ပိဋကတ်ဆောင်ပုဒ် ဓမ္မက္ခန် အချုပ်ဖြစ်သော နေတ္တိ ပါဠိတော်၏ နိဿယသစ်ကို ရေးသား စီရင်တော်မူသော **နေတ္တိကောဝိဒ ဆရာတော်** တပါးလည်း ဖြစ်တော်မူ၏။

ပါဠိ, အဋ္ဌကထာ, ဋီကာလမ်းညွှန်, တံခွန်အရောင် ကြယ်ပြောင်အလား အိမ်ခြောင်ခေါ် ယန္တရားကဲ့သို့သော ဘုရားကြီး နိယံကျမ်းကို ရေးသားစီရင်တော်မူသော **(ပိဋကတ်ပွဲကိုင်) နိယာမက ဆရာတော်** တပါးလည်း ဖြစ်တော်မူ၏။

**နေနှင့်တမူ လနှင့်အမျှ** ယင်းဆရာတော်ဘုရားကြီးသည် အတ္တဟိတ,ပရဟိတနှစ်မျိုး အနက် တမျိုးမျိုးကိုသာ ဆောင်ရွက်သော ပုဂ္ဂိုလ်မျိုး မဟုတ်၊ အတ္တဟိတ, ပရဟိတ နှစ်မျိုးစလုံး သိမ်းကျုံး ဆောင်ရွက်တော်မူသော ဥဘယဟိတ ပဋိပန္န ပုဂ္ဂိုလ်မျိုး ဖြစ်ရကား........ ကိုယ်တော်တဦး၏ သီးခြားစွမ်းရည်သတ္တိ (ပစ္စတ္တပုရိသကာရ) အရာတွင် နေမင်းကြီးသဖွယ် တပါးတည်းဖြစ်တော်မူ၍ အခြံအရံအရာတွင် ကြယ်ပေါင်းခ,သော လဝန်းကြီးပမာ ကြယ်တာရာ တည်းဟူသော တပည့်တပန်းရဟန်းရှင်လူ ပရိသတ်များ ခစားဝန်းရံကြ၏။

ကြံ့သတ္တဝါ၏ သဘောကား ရှေ့ဆောင် ကြံ့ကြီးသည် ကြံ့သဘော နောက်မှ လိုက်ပါလာကြသော ကြံ့ပေါက်ကလေးများကို မငဲ့မရှု သူ့ရှေ့တွင် မြင်မြင်သမျှ တုံး, တိုင်, ကျောက်ခဲ စသည့် လေးလံသော အရာဝတ္ထုများကိုပင်သော်လည်း မရှောင်မလွှဲ ဇွဲနှင့် ချီမနောက်သို့ချ၍ သူ့ဗလ သူ့စွမ်းအင်ကို ပြ၏။ သို့သော် နောက်မှလိုက်ပါလာကြသော ကြံ့ပေါက်ကလေးများကား တုံး,တိုင်,ကျောက်ခဲ စသည်ပိ၍ မချိမဆံ့ သေကြေ ပျက်စီးခြင်းသို့ ရောက်ကြရ၏။

**ဆင်သင်းမှူး သဘော** ဆင်သင်းမှူး (ယူထပတိ) သဘော်ကား ခေါင်းဆောင် ဆင်ကြီးသည် ဆင်ထီး ဆင်မ ဆင်ပေါက် ကလေးများ နှင့်အတူ တခုသောဌာန်သို့ သွားကြသော် လမ်းခုလတ်တွင် တွေ့သမျှ ရှေ့နောက်ဝန်းကျင် အန္တရာယ်များကို ဖယ်ရှားသုတ်သင်လျက် နောက်ပါ ဆင်များကို ဘေးရန် လုံခြုံမှုကိုအမြဲတမ်း စောင့်ရှောက်၏။ သူတကိုယ်ကောင်း နှာမောင်းပင့်ကာ, စွယ်ဝင့်ကာ မသွား၊ ထို့ကြောင့် နောက်ပါ ဆင်များလည်း ဘေးအန္တရာယ်ကင်း၍ ချမ်းသာခြင်း ကြီးပွားခြင်းသို့ ရောက်ကြ၏။

**ဆင်သင်းအလား တပည့်များ** ဆရာတော်ကြီးသည် ကြံ့သဘော မရှိ၊ ဆင်သင်းမှူး သဘော ရှိတော်မူ၏။ ထိုသို့ ဆင်သင်းမှူး သဘော ရှိကြောင်းကို ကျိုးမြင် ကြောင်းဆ (ကာရိယာနုမာန) နည်းအားဖြင့် သိရ၏။ အသို့နည်းဆိုသော် ဆရာတော်ဘုရားကြီး၏ မျက်မှောက်ပင် အောက်ပါပုဂ္ဂိုလ်များ ထွန်းကားခဲ့၏။

(၁) ပဏ္ဍိတာဘိဓဇ သီလာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇာဂုရု၊ သဒ္ဒါကြီး နိဿယ စသော ကျမ်းပြု, ဒုတိယ ဒက္ခိဏာရာမ ဆရာတော် အရှင်ပဏ္ဍိတ။

(၂) ပထမ ဂဏဝါစက, ဂဏနာယက ဦးကမ်းနီ ခေါ် တတိယ ဒက္ခိဏာရာမ ဆရာတော် အရှင်သုဇာတ။

(၃) ပထမ ဂဏဝါစက, ဂဏနာယက စတုတ္ထ ဒက္ခိဏာရာမ ဆရာတော် အရှင်အာစာရ။

(၄) ပထမ ဂဏဝါစက, အဘိဓမ္မာဝတာရ ဋီကာနိဿယ စသော ကျမ်းပြု ဦးရန်ကုန် ခေါ် ဆရာတော် အရှင်သုဇာတ။

(၅) သုဗုဒ္ဓဒီပနီ စသော ကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ သံဃနာယက ငွေတောင်ဆရာတော် အရှင်ကဝိန္ဒ စသော ပိဋကတ်ဝန်ဆောင် ပေါက်ပြောင်မာတင် အာဇာနည်အရှင်များသည် ဆရာတော်ဘုရားကြီးမှ ပွားစီး ထွန်းကားသော တပည့်သား ကြီးငယ် တို့ ပေတည်း။

ဤသို့ စဉ်းစားကြည့်မိသောအခါ ထိုမျှလောက် ကြီးကျယ်သော ကျမ်းပြု ဆရာတော်ကြီး၏ ဂုဏ်အင်ကို အကုန်စင် မချီးကျူးနိုင်သည့် အတူတူ 'တနည်းတွေ့နှင့်၊ လွေ့လွေ့ရမ်းရမ်း၊ လျှာသရမ်း၍ (ကလောင် သရမ်း၍) ချီးမွမ်းခြေဆောင်မှုခြင်း-ဗျာဇောပ ဝဏ္ဏနာ' ဖြစ်ရုံမျှ အထူး တလည် ရှည်ရှည်ဝေးဝေး ကလောင်ရည် မသွေးထိုက်ဟုပင် သဘောရ၏။

**အဘိယာစက ပုဂ္ဂိုလ်**

ကျမ်းပြု ပုဂ္ဂိုလ်နှင့် ပတ်သက်၍နိဒါန်းမသွယ်ရဲလျှင် ထားဘိဦး။ ကျမ်းပြုရန် တောင်းပန် တိုက်တွန်းသော အဘိယာစက ပုဂ္ဂိုလ်နှင့် ပတ်သက်၍ကား အသို့နည်း၊ အတ္တနောမ-ဖြစ်မှဖြစ်ရလေခြင်း တောင်းပန်သူမှာ ရှင်, လူ သာမန် မဟုတ်ပါတကား....၊ ရတနာပုံမည်သော "ရာဇဓာနီ မန္တလေး ရွှေမြို့တော်ကြီးကို ၁၂၁၆-ခုနှစ်တွင်တည်ထောင်တော်မူပြီး ထီးနန်းကနုက် စိုက်ဆောက်၍ စံနေတော်မူသော သာသနာ့ဒါယကာ မဟာဓမ္မရာဇ် ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးပါတကား....၊ သို့ဖြစ်ရကား စာဖတ်ပရိသတ်နှင့် အဘိယာစက စပ်ကြားတွင် လူတတ် လူပါး လုပ်၍ ကျွန်ုပ်ဖြစ်လျှင် မိတ်ဆက်မပေးဝံ့ပါ။

**စကားလွန်ပြစ်**

ထိုမှတပါး အကြောင်းတခုလည်း ရှိပါသေး၏၊ 'မဟာပြုဟော့၊ လျှာကုဋ္ဌေဖြင့်၊ ဆန်းနေ ဂိုဏ်းညီ၊ ဂါထာသီ၍ ကျူးချီးမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်' ဟု ရတနာနဒီ မော်ကွန်းတွင် မင်းတရားကြီး ဂုဏ်ကျေးဇူးကိုစလေဦးပုညက ချီးကျူးဖွဲ့ဆိုရာမင်းတရားကြီး ကိုယ်တိုင်ကပင် စလေဦးပုည၏စာကို စကားလွန်အပြစ် (အတိစုတ္တဒေါသ) သင့်ကြောင်း အပြစ်တင်ခဲ့ဖူးသောဟူ၏။

**စကားလိုပြစ်**

ယခုတဖန် ကျွန်ုပ်က မင်းတရားကြီး အကြောင်းကို တတ်သမျှ မှတ်သမျှ ဖွဲ့ပြန်လျှင် ဦးပုည အပြစ်သင့်သကဲ့သို့ အကျွန်ုပ်က အခြား အပြစ်တမျိုး သင့်ဖို့ရာသာ အကြောင်းရှိပေသည်၊ဟုတ်လှ၏၊ ဦးပုညက စကားလွန်အပြစ်သင့်ပြီးနောက် ကျွန်ုပ်က စကားလို အပြစ် (ဟီနွတ္တက ဒေါသ) စသည်သာ သင့်ရောက်လေရာ၏။

ထို့ကြောင့် မင်းတရားကြီးအကြောင်းကို အထူးတလည် ချီးကျူးဖွဲ့နွဲ့ မနေတော့ပဲ အားလုံး စာဖတ်ပရိသတ်များ သိကြပြီးဖြစ်သော မင်းတုန်းမင်းတရားကြီးပါပဲဟုသာ ဖွင့်လိုက်ရပေတော့၏။

အဌကထာ ဆရာကြီး ရှင်မဟာဗုဒ္ဓဃောသပင်သော်မှ တရံတခါ 'ကာကောတိ ဓင်္ကော' ဟု ဖွင့်မိသဖြင့် 'ဆေးအတွက်လေး' ဖြစ်ရ၏။ ကာက=(ကျီး) ဟူသည်ကို လူသိများပါလျက် ဓင်္က-ဟု ဖွင့်လိုက်မှ ပိုရှုပ်သွား၏၊ သို့ဖြစ်တတ်ရကား အဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသသည် တခါတခါ 'မကာသာတိ မကာသာဝ' ဟူသော ဖွင့်နည်းမျိုးဖြင့်ဖွင့်ရ၏၊ ' မကာသာတိ-(ခြင်) ဆိုသည်မှာ မကာသာ- (အားလုံးသိပြီးသားခြင်ကောင်များပါပဲ။)

ဤကဲ့သို့ ဖွင့်ဆိုကြသောထုံးကို နှလုံးသွင်းလျက် အဘိယာစကမင်းတရားကြီးနှင့် ပတ်သက်ပြန်လျှင်လည်း အထူးနိဒါန်းသွယ်ဖို့ မလိုပဲ အားလုံးသိကြပြီးသား အတိုင်းပါပဲဟုသာ ဆိုခွင့်ရှိပါတော့၏။

ကျမ်းပြု ကျွန်ုပ်တို့ လွတ်လွတ် ဆိုခွင့်ရှိသော အချက် အလက် အနည်းငယ်ကား....ကျမ်းပြုဆရာတော် ဘုရားကြီးသည် ဆရာတော် ဇာတိ က ဖြူရွာ တည်းဟူသော ကျောက်တောင်မှ ထွက်သော ကျောက်မျက်ရတနာနှင့်တူ၍ ဤကျမ်းကြီးကား ထိုကျောက်မျက်ရတနာမှထွက်သော ရောင်ခြည်ဝန်းနှင့် တူပေသည်၊ (က,ဖြူရွာသည် မိတ္ထီလာအရှေ့ တာနှစ်ထောင်ကျော်၊ ရတနာပုံနေပြည်တော်မှ တောင်ဘက် တာသုံးသောင်းခြောက်ထောင်အကွာတွင် တည်ရှိ၏။)

မင်းတရားကြီးကား....ကျောက်မျက် ရောင်ဝန်း ရွှန်းရွှန်း လက်လက် ထွက်လှာစေရန် တိုက်ပွတ်ပေးသော ကျောက်သွေးသမားနှင့်တူပေသည်။

ဤကျမ်းတွင် ကျမ်းပြုပုဂ္ဂိုလ်၏ ကိုယ်အား စိတ်အား အဘယ်မျှ အသုံးပြုထားသည်ကို ကျွန်ုပ်တို့ကဲ့သို့ သာမန်ပုဂ္ဂိုလ်များက ခန့်မှန်းလိုသော် စီပြီးစဉ်ပြီး ဤကျမ်းကြီးကို စိတ်ကူးနှင့် 'ကော်ပီ' ကူးကြည့်ကြစေလိုသည်။

ပါဠိတော်, အဌကထာ, ဋီကာ, ဂန္ထန္တရ အဘယ်မျှ မွှေနှောက်ထားသည်ကို မွှေ မွှေချင်းမှ ခြေမြင်နိုင်ရာသည်၊ ကဝေ ကဝေချင်းမှ ကြိုးအဆင် မြင်နိုင်ရာသည်၊

ကျမ်းပြီးသက္ကရာဇ် ဤကျမ်းပြီး သက္ကရာဇ်ကား ၁၂၂၂-ခု၊ တပေါင်းလဆန်း (၅) ရက်ဗုဒ္ဓဟူးနေ့ ဖြစ်၏၊ ၎င်း သက္ကရာဇ် ၁၂၂၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့မှာပင်

**စ၍** ပဋ္ဌမ သင်္ဂါယနာ ပိဋကတ် ကျောက်ထက် အက္ခရာ တင်သည်၊ ၁၂၃၀-ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄)ရက်တွင် အလုံးစုံ ပြီးဆုံးသည်။

**ငါးကြီးအာနန္ဒာနှင့် တူသောဆရာတော်** ဆရာတော်ဘုရားကြီးသည် ပိဋကတ်တော် ပြင်ဆင်သုတ်သင်မှုကိစ္စကြီးများကိုဆောင်ရွက်ယင်းကပင် ဤမျှကြီးကျယ်သောကျမ်းဂန်တစောင်တဖွဲ့ပြုစုနိုင်ခြင်းအတွက် ကျွန်ုပ်တို့အမြင်တွင် အင်မတန် အားမတန် လေးလံပင်ပန်းဖွယ်ကြီး ဖြစ်နေ၏၊ သို့သော်လည်း ၎င်းဆရာတော်ကြီး၏ တိပိဋကဓရ (ပိဋကတ်သုံးပုံဆောင်) ဖြစ်ကြောင်း ပြန်ပြောင်းဆင်ခြင်လိုက်သောအခါ သမုဒ္ဒရာရေပြင် ဝန်းကျင် အောက်ထက် လှိုက်ပွက်အုန်းအင် မြုန်းမြင်းဆန်ခတ် ဖြစ်သွားသော်လည်း ငါးကြီးအာနန္ဒာမူကား အမြီးကို အသာအယာကလေး ခတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် မဆိုဝံ့ ဆိုစံ့ဝံ့ လျှင် ရွံ့ရွံ့ကြောက်ကြောက်နှင့် စကားတလုံးလောက် နောက်ဆုံး နိဂုံးချုပ်အနေ ဆိုလိုက်ချင်သည်ကား **"ဤသံဝေဂဝတ္ထုဒီပနီ** ကျမ်းကြီးသည် ရတနာပုံ ခေတ်၏ မြန်မာဘာသာ အဋ္ဌကထာ ကျမ်းကြီးတစောင်ပင်" ဖြစ်ပေသတည်း။

ဤကျမ်းကြီး စာဖတ်ပရိသတ်ရှေ့မှောက်သို့ သန့်သန့်ရှင်းရှင်း ရောက်လာခြင်း၏ နီးကပ်သော အကြောင်းမှာကား ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်ရှင် **ဦးဘစိန်-ဒေါ်ကြည်ကြည်** တို့၏ မလည်မသုန်မတုန်မလှုပ်သော သဒ္ဓါတရားနှင့် ပိဋကတ် သူရဲကောင်းကြီးများ ဖြစ်ကြသော အယ်ဒီတာ ဦးထွန်းကျင်,ဦးထွန်းရည်တို့၏ စွမ်းပကား သတ္တိများသာ ဖြစ်ကြောင်းကိုလည်း ထပ်လောင်း ပြောဆိုလိုက်ပါသတည်း။

[ဤမျှသော စကားအစဉ်ဖြင့် မန္တလေး တက္ကသိုလ် မြန်မာစာဌာနဆရာ **ဦးဆန်းထွန်း** ရေးသားစီရင်အပ်သော သံဝေဂဝတ္ထုဒီပနီကျမ်း၏ အချီ နိဒါန်းသည် ၁၃၁၆-ခု၊ ပြာသို လပြည့်ကျော် (၇)ရက်၊ စနေနေ့ (၁၅ ၁-၁၉၅၅) ၁-နာရီ မိနစ် ၄၀—အချိန်တွင် ပြီးဆုံးခြင်းသို့ ရောက်၏။]

# မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

## (ပထမတွဲ)


၁ ရတနတ္တယ ပဏာမ　　၁

၂ ပါဠိတော်လာ ဇာတိ ဇရာ ဗျာဓိ မရဏ တည်းဟူသော သံဝေဇနီယ ဝတ္ထု ၄-ပါးကို ပြခြင်း　　၅

၃ ပါဠိတော်လာ သံဝေဂဝတ္ထု ၄-ပါးတို့အပြင် အဋ္ဌကထာ ဆရာမြတ်တို့ အပါယဒုက္ခ စသည် ၄-ပါးကို ထပ်ဖြည့်၍ သံဝေဂဝတ္ထု ၈-ပါး ယူသည်ကို ပြခြင်း　　၈

၄ သံဝေဂ ဝတ္ထုနိဒ္ဒေသ ဟူသော ပါဠိ၌ သံဝေဂသည် စိတ္တုတြာသ သံဝေဂ, ဩတ္တပ္ပ သံဝေဂ, ဉာဏသံဝေဂ, ဓမ္မ သံဝေဂ ၄-ပါး ပြားကြောင်းနှင့်တကွ သံဝေဂအရ ကောက်ပုံကို ပြခြင်း

၅ သံဝေဂ ဝတ္ထုနိ ဟူသောပုဒ်၏ ဝိဂ္ဂဟ် ဝစနတ်, ဓာတ်, ပစ္စည်း အရကောက်ပုံကို ပြခြင်း　　၁၁

### ၁ စိတ္တုတြာသ သံဝေဂ

၆ စိတ္တုတြာသ သံဝေဂ အရာ၌ ကြောက်မက်ဖွယ်သော အခါရှိကိုလည်း မကြောက်သော ခြင်္သေ့ စသော ပုဂ္ဂိုလ် ၆-ဦးတို့ အကြောင်း　　၁၄

၇ စိတ္တုတြာသသံဝေဂ ကင်းသော ပုဂ္ဂိုလ်၆ယောက်တို့တွင် ခြင်္သေ့၏ စိတ္တုတြာသ သံဝေဂကင်းခြင်း၌ ထုတ်ဆောင် အပ်သော ပထမဝတ္ထု　　၁၅

၈ ခြင်္သေ့၏ စိတ္တုတြာသ သံဝေဂကင်းခြင်း၌ ထုတ်ဆောင် အပ်သော ဒုတိယဝတ္ထု　　၁၆

၉ စိတ္တုတြာသသံဝေဂကင်းသော ပုဂ္ဂိုလ် ၆-ယောက်တို့တွင် ဆင်အာဇာနည်၏ စိတ္တုတြာသ သံဝေဂကင်းခြင်း၌ ထုတ် ဆောင်အပ်သော ပထမဝတ္ထု

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၀ ဆင် အာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းခြင်း၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု ၂၁

၁၁ စိတ္တုတြာသသံဝေဂ ကင်းသော ပုဂ္ဂိုလ် ၆-ယောက် တို့တွင် မြင်းအာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းခြင်း၌ ထုတ်ဆောင်အပ်သော ပထမ ဝတ္ထု ၂၄

၁၂ မြင်း အာဇာနည်၏ စိတ္တုတြာသ သံဝေဂကင်းရာ၌ ထုတ်ဆောင်အပ်သော ဒုတိယဝတ္ထု ၂၇

၁၃ စိတ္တုတြာသ သံဝေဂ ကင်းသောပုဂ္ဂိုလ် ၆-ယောက်တို့တွင် နွားလား ဥသဘ အာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းရာ၌ ထုတ်ဆောင်အပ်သော ပထမဝတ္ထု ၂၈

၁၄ နွားလား ဥသဘ အာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းရာ၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု ၃၂

၁၅ စိတ္တုတြာသ သံဝေဂကင်းသော ပုဂ္ဂိုလ် ၆- ယောက်တို့တွင် ယောကျ်ား အာဇာနည်၏ စိတ္တုတြာသသံဝေဂကင်းသော၌ ထုတ်ဆောင်အပ်သော ပထမ ဝတ္ထု ၃၄

၁၆ ယောကျ်ားအာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းရာ၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု ၃၉

၁၇ စိတ္တုတြာသ သံဝေဂကင်းသောပုဂ္ဂိုလ်တို့၏ ထိုစိတ္တုတြာသ သံဝေဂမှကင်းခြင်း အကြောင်းကို ပြဆိုရာ ၄၄

စိတ္တုတြာသ သံဝေဂ ပြီး၏။

---

## ၂-ဩတ္တပ္ပ သံဝေဂ

၀၁ ဩတ္တပ္ပ သံဝေဂ အရာ၌ ဟိရိဩတ္တပ္ပတည်းဟူသော လောကပါလ တရားနှစ်ပါးသည် လူတို့အား စောင့်ရှောက်သည်ကို ပြဆိုရာ ၄၅

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၉ အတ္တာနုဝါဒဘေး စသော ဘေး လေး-ပါးကို ကြောက်သဖြင့် သြတ္တပ္ပ သံဝေဂနှင့် ပြည့်စုံခြင်း, မကြောက်သဖြင့် မပြည့်စုံခြင်းကိုပြဆိုရာ ၄၇

ပါဏာတိပါတ

၂၀ သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ ပါဏာတိပါတ တည်းဟူသော မကောင်းမှုကို ပြုသော စုန္ဒ သူကရိက ဝတ္ထု ၅၀

၂၁ သြတ္တပ္ပသံဝေဂ မပြည့်စုံ၍ ပါဏာတိပါတ တည်းဟူသော မကောင်းမှုကိုပြုသော နွားသတ် ယောကျ်ားဝတ္ထု ၅၃

၂၂ သြတ္တပ္ပသံဝေဂ မပြည့်စုံ၍ ပါဏာတိပါတ တည်းဟူသော မကောင်းမှုကို ပြုမိခဲ့မှားသော ပူတိဂတ္တ တိဿမထေရ်ဝတ္ထု ၅၆

အဒိန္နာဒါန

၂၃ သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ အဒိန္နာဒါန တည်းဟူသော မကောင်းမှုကို ပြုသော သဌေးသားဝတ္ထု ၆၀

၂၄ သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ အဒိန္နာဒါန တည်းဟူသော မကောင်းမှုကို ပြုသော မိန်းမဝတ္ထု ၆၅

၂၅ သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ အဒိန္နာဒါန တည်းဟူသော မကောင်းမှုကို ပြုသော တူဦးရီးနှစ်ယောက် ဝတ္ထု ၆၉

ကာမေသု မိစ္ဆာစာရ ပရဒါရိက

၂၆ သြတ္တပ္ပ သံဝေဂကင်း၍ ကာမေသု မိစ္ဆာစာရ ပရဒါရိက အမှုကို ပြုခဲ့မိသော ပစ္စေကဗုဒ္ဓါ အလောင်းဝတ္ထု ၇၅

၂၇ သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ ကာမေသု မိစ္ဆာစာရ ပရဒါရိက အမှုကို ပြုခဲ့မိသော ဣသိဒါသီ ရဟန္တာထေရီ ဝတ္ထု ၈၁

၂၈ သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ ကာမေသု မိစ္ဆာစာရ ပရဒါရိက အမှုကို ပြုခဲ့မိသော ညီတော် အာနန္ဒာမထေရ် ဝတ္ထု ၈၅

ပထမတွဲပြီး၏။

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

(ဒုတိယတွဲ)

## မုသာဝါဒ

၂၉ ဩတ္တပ္ပ သံဝေဂ မပြည့်စုံ၍ မုသာဝါဒ တည်းဟူသော မကောင်းမှုကို ပြုကုန်သော မိန်းမငါးရာ ဝတ္ထု ၈၉
၃၀ ဩတ္တပ္ပ သံဝေဂ မပြည့်စုံ၍ မုသာဝါဒ တည်းဟူသော မကောင်းမှုကိုပြုသော ပုရောဟိတ်ပုဏ္ဏား ဝတ္ထု ၉၅
၃၁ ဩတ္တပ္ပ သံဝေဂ မပြည့်စုံ၍ မုသာဝါဒ တည်းဟူသော မကောင်းမှုကိုပြုသော စေတိယမင်း ဝတ္ထု ၉၉

## သုရာမေရယ

၃၂ ဩတ္တပ္ပ သံဝေဂ မပြည့်စုံ၍ သုရာမေရယ တည်းဟူသော မကောင်းမှုကို ပြုမိသော အရှင်သာဂတထေရ် ဝတ္ထု ၁၀၆
၃၃ ဩတ္တပ္ပ သံဝေဂ မပြည့်စုံ၍ သုရာမေရယ တည်းဟူသော မကောင်းမှုကို ပြုသော သုရာမုဆိုး, ဝရုဏရသေ့တို့ ဝတ္ထု ၁၁၀
၃၄ ဩတ္တပ္ပ သံဝေဂ မပြည့်စုံ၍ သုရာမေရယ တည်းဟူသော မကောင်းမှုကို ပြုမိသော အနာထပိဏ်သဌေးသား ဝတ္ထု ၁၁၆
၃၅ သုရာမေရယသည် ပါဏာတိပါတ စသည်တို့ထက် အပြစ်ကြီးကြောင်းကိုပြဆိုရာ ၁၁၉

## ပါဏာတိပါတမှ ကြဉ်ခြင်း

၃၆ ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် ပါဏာတိပါတ အမှုကို ကြဉ်ရှောင်ခဲ့ဖူး၍ အသက် ရှည်သော ဃောသက သဌေးသား ဝတ္ထု ၁၂၁
၃၇ ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် ပါဏာတိပါတမှုမှကြဉ်ရှောင်ခဲ့ဖူး၍ အသက်ရှည်သော အာယုဝဍ္ဎန သတို့သား ဝတ္ထု ၁၃၈

## အဒိန္နာဒါနမှ ကြဉ်ခြင်း

၃၈ ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် အဒိန္နာဒါနမှုမှ ကြဉ်ရှောင်ခဲ့ဖူး၍ ဥစ္စာကြွယ်ဝသော အနာထပိဏ်သဌေး ဝတ္ထု ၁၄၂

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉ | ဩတ္တပ္ပသံဝေဂ ပြည့်စုံသဖြင့် အဒိန္နာဒါနမှ ကြဉ်ရှောင်ခဲ့ဖူး၍ ပစ္စည်း ဥစ္စာကို ရန်သူတို့ မဖျက်ဆီးနိုင်သော ဘုရားလောင်း သူကြွယ်ဝတ္ထု | ၁၅၀ |
| | **ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း** | |
| ၄၀ | ဩတ္တပ္ပသံဝေဂ ပြည့်စုံသဖြင့် ကာမေသု မိစ္ဆာစာရမှ ကြဉ်ရှောင်ခဲ့ဖူးသော နကုလပိတာ, နကုလမာတာတို့ ဝတ္ထု | ၁၅၃ |
| ၄၁ | ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် ကာမေသု မိစ္ဆာစာရမှ ကြဉ်ရှောင်သော ဘဒ္ဒါသူကြွယ်သမီးဝတ္ထု | ၁၅၈ |
| | **မုသာဝါဒမှ ကြဉ်ခြင်း** | |
| ၄၂။ | ဩတ္တပ္ပသံဝေဂ ပြည့်စုံသဖြင့် မုသာဝါဒမှ ကြဉ်ရှောင်ခဲ့ဖူးသော ပစ္စေကဗုဒ္ဓါ အလောင်း တိုင်းကျော်မင်း ဝတ္ထု | ၁၆၁ |
| ၄၃။ | ဩတ္တပ္ပသံဝေဂပြည့်စုံသဖြင့် မုသာဝါဒမှကြဉ်ရှောင်ခဲ့ဖူး၍ ခံတွင်းမှ ကြာညိုနံ့ မွှေးပျံ့သော မထေရ်ဝတ္ထု | ၁၆၅ |
| | **သုရာမေရယမှ ကြဉ်ခြင်း** | |
| ၄၄ | ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် သုရာမေရယမှ ကြဉ်၍ အကျိုးရှိ, မရှိကို သိနိုင်ခြင်း အကျိုးကိုရသော သိကြားမင်း ဝတ္ထု | ၁၆၉ |
| ၄၅ | ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် သုရာမေရယမှ ကြဉ်၍ ယသငစုံနတရား ခုနစ်ပါးနှင့် ပြည့်စုံသော ကုမ္ဘဇာတက ဝတ္ထု | ၁၇၆ |


ဩတ္တပ္ပ သံဝေဂ ပြီး၏။

ဒုတိယတွဲ ပြီး၏။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## (တတိယတွဲ)

## ၃-ဉာဏသံဝေဂ


၄၆ ဉာဏသံဝေဂ အရာ၌ ဇာတိဒုက္ခ စသော သံဝေဇနိယ ဝတ္ထု ရှစ်ပါးတို့၌ သံဝေဂဉာဏ် ဖြစ်စေနိုင်သော သတ္တဝါနည်း၍ မဖြစ်စေနိုင်သော သတ္တဝါသာ များကြောင်းကို ဇမ္ဗူဒီပ ဝေယျာလသုတ်ဖြင့် ထုတ်ပြခြင်း ၁၈၆

၄၇ သံဝေဇနိယဝတ္ထု ရှစ်ပါးတို့၌ ထိတ်လန့်ခြင်း သံဝေဂဉာဏ် ကို ဖြစ်စေနိုင်သော သတ္တဝါတို့တွင်သော်လည်း အသင့် အားထုတ်သော သတ္တဝါ နည်းပါး၍ အားမထုတ်သူသာ များကြောင်းကိုရင်းဇမ္ဗူဒီပဝေယျာလသုတ်ဖြင့်ထုတ်ပြခြင်း ၁၈၈

၄၈ ယခင် ထုတ်ဆောင်အပ်သော ဇမ္ဗူဒီပ ပေယျာလသုတ် ပါဠိတော် နှစ်ရပ်အရ ဇမ္ဗူဒီပါ ကျွန်း၏ မညီညွတ် ရာ၌ ထုတ်ပြ အပ်သော ရှင်သာရိပုတြာ အလောင်း ဒိသာ ပါမောက္ခ ဆရာ့ ဝတ္ထု ၁၈၉

၄၉ လူ့ဘုံနတ်ဘုံမှ စုတေ၍ အပါယ်ဘုံ၌သာ များစွာ ဖြစ်ကြ သည်ဟု ဟောတော်မူသော ဇမ္ဗူဒီပ ပေယျာလ သုတ်ဖြင့် ဉာဏသံဝေဂ မဖြစ်သေးသည်ကို ဖြစ်အောင်, ဖြစ်ပြီးသူ ကိုလည်း အသင့်အားထုတ်အောင် ပြဆိုခြင်း ၁၉၄

၅၀ လူ့ဘုံနတ်ဘုံမှ စုတေ၍အပါယ်ဘုံ၌သာ များစွာဖြစ်ကြသည် ဟု ဟောတော်မူသော သုတ်ပါဠိတော်နှင့် အညီ လူ့ပြည်မှ စုတေ၍ အပါယ်ဘုံ၌ ဖြစ်ကြသည်ကို ထုတ်ပြ အပ်သော ကဏှဇာတ် ဝတ္ထု ၁၉၄

၅၁ လူ့ဘုံနတ်ဘုံမှစုတေ၍ အပါယ်ဘုံ၌သာ များစွာဖြစ်ကြသည် ဟု ဟောတော်မူသော သုတ်ပါဠိတော်နှင့် အညီ နတ်ပြည်မှ စုတေ၍ အပါယ်ဘုံ၌ ဖြစ်ကြသည်ကို ထုတ်ပြ အပ်သော သုပြဟ္မာ နတ်သား ဝတ္ထု ၂၀၀

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂ | အပါယ်ဘုံမှ စုတေ၍ အပါယ်ဘုံ၌ များစွာ ဖြစ်ကြသည်ဟု ဟောတော်မူအပ်သော ဇမ္ဗုဒီပ ပေယျာလသုတ်ကို ထုတ်ဆောင်၍ ထိတ်လန့်ခြင်း ဉာဏသံဝေဂဖြစ်အောင် ပြဆိုခြင်း | ၂၀၂ |
| ၅၃ | လူ့ဘုံနတ်ဘုံ၌ဖြစ်သော သတ္တဝါ နည်း၍ အပါယ်ဘုံ၌ ဖြစ်သော သတ္တဝါသာ အလွန်များသဖြင့် ထိတ်လန့်ခြင်း ဉာဏသံဝေဂ ဖြစ်ကြောင်းဖွယ်ရှိသည်ကို ပြခြင်း | ၂၀၃ |
| ၅၄ | ထိတ်လန့်ခြင်း ဉာဏသံဝေဂဖြစ်ခြင်း၏ အကြောင်းဖြစ်သော သံဝေဇနီယ ဝတ္ထုရှစ်ပါး၏အရ သရုပ်အကျဉ်းချုပ် | ၂၀၆ |
| ၅၅ | ထိုသံဝေဇနီယ ဝတ္ထုရှစ်ပါးအနက် ဇာတိဒုက္ခဟူသော ပါဠိ၌ ဇာတိဟူသော ပုဒ်တစိတ်၏ အဓိပ္ပာယ်နှင့်တကွ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်း, ပဒဋ္ဌာန် တို့ကို ပြခြင်း | ၂၀၆ |
| ၅၆ | ဇာတိဒုက္ခဟူသော ပါဠိဝယ် ဒုက္ခဟူသော ပုဒ်တစိတ်၏အရ ဒုက္ခ ဒုက္ခ စသော ဒုက္ခအပြား ခုနစ်ပါးနှင့်တကွ ဇာတိဒုက္ခ ဟူသည် ပရိယာယဒုက္ခ ဖြစ်သည်ကို ပြခြင်း | ၂၀၈ |
| ၅၇ | ဇာတိဒုက္ခ ဟူသော ပါဠိဝယ် ဇာတိပုဒ် တစိတ်၏အရ ထိုဇာတိနှင့် မကင်း၍ ပဋိသန္ဓေနေရသော သတ္တဝါ အပေါင်းတို့၏ ယောနိလေးပါးကို ပြခြင်း | ၂၀၉ |
| ၅၈ | ထိုယောနိလေးပါးတို့တွင် သတ္တဝါတို့၏ အဏ္ဍဇယောနိဖြင့် ပဋိသန္ဓေနေရာ၌ ထုတ်ဆောင်အပ်သော သုဝဏ္ဏဘူမိပြည် သီဟရာဇာ မင်းညီနောင် ဝတ္ထု | ၂၁၁ |
| ၅၉ | သာရတ္ထ သင်္ဂဟကျမ်းအလို ကိန္နရ ကိန္နရီမ၏ သား အဏ္ဍဇ ယောနိဖြင့် ပဋိသန္ဓေနေသော တိဿ, သုမိတ္တ မထေရ် ညီနောင် နှစ်ယောက်ဝတ္ထုနှင့်တကွ ဇလာဗုဇ ယောနိ အကြောင်း | ၂၁၅ |
| ၆၀ | ယောနိ လေးပါးတို့တွင် လူသတ္တဝါတို့၏ သံသေဒဇ ယောနိဖြင့် ပဋိသန္ဓေ နေရာ၌ ထုတ်ဆောင် အပ်သော ပဒုမဝတီ မိဖုရားနှင့် သားတော်ငါးရာတို့ ဝတ္ထု | ၂၁၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၁ | ယောနိလေးပါး တို့တွင် လူသတ္တဝါတို့ ဩပပါတိက ယောနိဖြင့် ပဋိသန္ဓေနေရာ၌ ထုတ်ဆောင်အပ်သော အမ္ဗပါလိကာ ရဟန္တာထေရီ ဝတ္ထု | ၂၂၈ |
| ၆၂ | ယောနိလေးပါးတို့တွင် သံသေဒဇ, ဩပပါတိက ယောနိ နှစ်ပါးတို့၏ အထူး | ၂၃၀ |
| ၆၃ | အဏ္ဍဇ ဇလာဗုဇ ယောနိနှစ်ပါးဖြင့် ပဋိသန္ဓေနေကုန်သော သတ္တဝါတို့၏ ပဋိသန္ဓေယူနိုင်ခြင်းအကြောင်းရှစ်ပါး | ၂၃၀ |
| ၆၄ | ဂဗ္ဘသေယျက ပဋိသန္ဓေ နေကုန်သော သတ္တဝါတို့၏ ဂဗ္ဘာဝက္ကန္တိ လေးပါးကိုပြခြင်း | ၂၄၀ |
| ၆၅ | ယောနိလေးပါးတို့ဖြင့် ပဋိသန္ဓေ နေကုန်သော သတ္တဝါ လေးမျိုးတို့၏ ပဋိသန္ဓေနှင့်တပြိုင်နက်ရအပ်သော ခန္ဓာတို့ကို ရေတွက်ပြဆိုခြင်း | ၂၄၅ |
| ၆၆ | ဂဗ္ဘသေယျက ပဋိသန္ဓေနေသော သတ္တဝါတို့၏ ကလလ ရေကြည်မှစ၍ ဖွားမြင်သည် တိုင်အောင်သော ကာလ အတွင်း ဖြစ်ပုံအစဉ်ကို ပြခြင်း | ၂၄၈ |
| ၆၇ | သံယုတ် အဋ္ဌကထာ၌ ဂဗ္ဘသေယျ ပဋိသန္ဓေနေသော သတ္တဝါတို့အား ဆယ်လဖြင့် ဖွားမြင်သည်ဟူသော စကားသည် ယေဘုယျသာဖြစ်၍ ခုနစ်လ, ရှစ်လ, ကိုးလ, ဆယ့်တလ, ဆယ့်နှစ်လတို့ဖြင့်လည်း ဖွားမြင်သည်ကို ပြခြင်း | ၂၅၄ |
| ၆၈ | အကုသိုလ်၏ အကျိုးဆက်ကြောင့် ခုနစ်လ,ခုနစ်ရက်ပတ်လုံး ပင်ပန်းဆင်းရဲစွာ ကိုယ်ဝန်ဆောင်၍ ဖွားမြင်ရသော သုပ္ပဝါသာမင်းသမီး, သီဝလိထေရ် ဝတ္ထု | ၂၅၆ |
| | **ဇာတိဒုက္ခ** | |
| ၆၉ | သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် ဇာတိဟူသည် သုဂတိ ဒုဂ္ဂတိဘုံ၌ဖြစ်သော ဒုက္ခခပ်သိမ်းစုံတို့၏ တည်ရာဖြစ်သည်ကို ပြခြင်း | ၂၆၃ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၇၀ ဇာတိနှင့်မကင်း၍သုဂတိဘုံ၌ပဋိသန္ဓေနေရကုန်သောသတ္တဝါတို့၏ တွေ့ကြုံခံစားရသောဂဗ္ဘာက္ကန္တိက မူလက ဒုက္ခစသော ဒုက္ခခုနစ်ပါးတို့ကို ပြဆိုခြင်း ၂၆၄

၇၁ ဇာတိနှင့်မကင်း၍တွေ့ကြုံခံစားရသောထိုဒုက္ခခုနစ်ပါးအနက် ခြောက်–ခုမြောက် အတ္တူပက္ကမမူလက ဒုက္ခ အရာ၌ ထုတ်ပြအပ်သော မိမိကိုယ်ကိုမိမိ ခါးလက်နက်ဆောင်၍ သေသော အရှင်ဂေါဓိက မထေရ် ဝတ္ထု ၂၆၉

၇၂ အတ္တူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော မိမိကိုယ်ကို မိမိ ဓားလက်နက်ဆောင်၍ သေကြကုန်သော ရဟန်းငါးဆုတို့ ဝတ္ထု ၂၇၂

၇၃ အတ္တူ ပက္ကမ မူလက ဒုက္ခ အရာ၌ ထုတ်ပြအပ်သော မိမိ ကိုယ်ကို မိမိ ဓားလက်နက် ဆောင်၍ သေသော အရှင်ဆန္နထေရ် ဝတ္ထု ၂၇၅

၇၄ အတ္တူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိမိကိုယ်ကို မိမိ ဓားလက်နက်ဆောင်၍ သေသော အရှင်ဝက္ကလိထေရ် ဝတ္ထု ၂၇၉

၇၅ အတ္တူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သေဆွဲမှု၍ သေသော မိန်းမနှစ်ယောက်တို့ ဝတ္ထု ၂၈၃


တတိယတွဲ ပြီး၏။

---

(စတုတ္ထတွဲ)


၇၆ အတ္တူ ပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိမိ မိမိကိုယ်ကို မိမိ အစာငတ်ခံ၍ သေသော ဝတ္ထုလေးရပ် ၂၈၅

၇၇ အတ္တူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေသို့ဆင်း၍ သေကြသော ဝတ္ထုနှစ်ရပ် ၂၉၁

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈ | အတ္တူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော အာတာပန ပရိတာပန အကျင့်ဖြင့် မိမိကိုယ်ကို မိမိများစွာ ပင်ပန်းဆင်းရဲစေသော ဝတ္ထုခြောက်ရပ် | ၂၉၆ |
| ၇၉ | ဇာတိဒုက္ခ အရာဝယ် ဇာတိနှင့်မကင်း၍ ပဋိသန္ဓေနေရ ကုန်သော သတ္တဝါတို့၏ တွေ့ကြုံခံစားရသော ဒုက္ခခုနစ်ပါး အနက် ခုနစ်ခုမြောက် ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သူတပါးလက်နက်ဖြင့် သေရသော နန္ဒဂေါပါလက ဝတ္ထု | ၃၀၀ |
| ၈၀ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓား လက်နက်စသည်ဖြင့် သတ်ဖြတ်ခြင်း တည်းဟူသော သူ တပါးလုံ့လဖြင့် သေရသော မဟာကာဠ ဥပါသကာဝတ္ထု | ၃၁၂ |
| ၈၁ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓား လက်နက်ဖြင့် သတ်ဖြတ်ခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် သေရသော ဝေဒဗ္ဗပုဏ္ဏား, ခိုးသားတဘောင်တို့ ဝတ္ထု | ၃၁၅ |
| ၈၂ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သောဆိပ်လူး မြားဖြင့် ပစ်သတ်ခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် သေရသော ဆတ္တမာဏဝ ဝတ္ထု | ၃၂၀ |
| ၈၃ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓား လက်နက် စသည်ဖြင့် ပုတ်ခတ်၍ သတ်ခြင်းတည်းဟူသော သူတပါး လုံ့လဖြင့် သေရသော အညတရ သူကြွယ်ဝတ္ထု | ၃၂၆ |
| ၈၄ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓား လက်နက် စသည်ဖြင့် ပုတ်ခတ်ခြင်း တည်းဟူသော သူ တပါး လုံ့လဖြင့် သေသော တိဿထေရ်ဝတ္ထု | ၃၂၉ |
| ၈၅ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရိုက်နှက် ခြင်း, မီးတိုက်ခြင်း တည်းဟူသော သူတပါး လုံ့လ | |

ဦးရေ အကြောင်းအရာ စာမျက်နှာ

ဖြင့် သေရသော ရှင်မောဂ္ဂလာန်ထေရ်, မထေရ်၏ အတိတ်ဘဝက မိဘ, ခိုးသားငါးရာ, တိတ္ထိငါးရာတို့ ဝတ္ထု ၃၃၀

၈၆ ပဍ္စပက္ကမ မူလက ဒုက္ခ အရာ၌ ထုတ်ဆောင် အပ်သော ထား လက်နက်ဖြင့် သတ်ဖြတ်ခြင်း သူတပါး လို့လဖြင့် သေရသော စူဠဓနုဂ္ဂဟ ဝတ္ထု ၃၃၇

၈၇ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော ထားလက်နက်ဖြင့် ခုတ်ဖြတ်ခြင်းတည်းဟူသော သူတပါး လို့လဖြင့် သေရသော ဗာရာဏသီမင်း, ပရန္တပကျွန်တို့ ဝတ္ထု ၃၄၂

၈၈ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော တယောက် လင်ငယ်က သတ်ခြင်းတည်းဟူသော သူတပါး လို့လဖြင့် သေရသော ယောကျ်ားဝတ္ထု ၃၄၇

၈၉ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော မင်း၏ ဝတ်ပန်းကိုခိုး၍ တံကျင်လျှို ခံရသော သူဆင်းရဲ ယောကျ်ားဝတ္ထု ၃၅၀

၉၀ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါး လို့လဖြင့်သေခဲ့ရသော လာဇာနတ်သမီးဝတ္ထု ၃၅၂

၉၁ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါးလို့လဖြင့် သေရသော ဝေဠုကပိတာ ရသေ့ ဝတ္ထု ၃၅၆

၉၂ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော မြွေခဲခြင်းတည်းဟူသော သူတပါးလို့လဖြင့် သေရသော နွားကျောင်းသားဝတ္ထု ၃၅၈

၉၃ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါးလို့လဖြင့် သေရသော ရဟန်းနှင့် ရသေ့ဝတ္ထု ၃၆၀

၉၄ ပဍ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မြွေခဲခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဝိမာနပေတဝတ္ထု | ၃၆၂ |
| ၉၅ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုဘ်ဆောင် အပ်သော ဖုဋ္ဌဝိသမြွေ ထိပါးခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ရှင်ဥပသေန မထေရ် ဝတ္ထု | ၃၆၅ |
| ၉၆ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော ကျားခဲခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေကြရသော ရဟန်းတို့ဝတ္ထု | ၃၆၆ |
| ၉၇ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော ကျားခဲခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော သဋ္ဌိဝလုလင် ဝတ္ထု | ၃၆၇ |
| ၉၈ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုဘ်ဆောင် အပ်သော ကျားခဲခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော အလောင်းတော် ဗြဟ္မရသေ့ ဝတ္ထု | ၃၇၂ |


စတုတ္ထတွဲ ပြီး၏။

(ပဉ္စမတွဲ)


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၉ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဣန္ဒသမာန ဂေါတ္တ ရသေ့ ဝတ္ထု | ၃၇၆ |
| ၁၀၀ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော သဗ္ဗဒါဌ မြေခွေး ဝတ္ထု | ၃၇၈ |
| ၁၀၁ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင် အပ်သော ဆင်းနင်းခြင်း ကျွဲခတ်ခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော မျောက်ပျက် ဝတ္ထု | ၃၈၃ |
| ၁၀၂ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဇမ္ဗုကမြေခွေးဝတ္ထု | ၃၈၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀၃ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှော့ခြင်း တည်းဟူသော သုတပါး လုံ့လဖြင့် သေရသော တမ္ဗဒါဌိကဝတ္ထု | ၃၇၉ |
| ၁၀၄ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှော့ခြင်း တည်းဟူသော သုတပါးလုံ့လဖြင့် သေရသော သုပ္ပဗုဒ္ဓဝတ္ထု | ၃၉၄ |
| ၁၀၅ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှော့ခြင်း တည်းဟူသော သုတပါးလုံ့လဖြင့် သေရသော ဒါရုစီရိက ရဟန္တာ ဝတ္ထု | ၃၉၆ |
| ၁၀၆ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှော့ခြင်းတည်းဟူသော သုတပါးလုံ့လဖြင့် သေရသော ပုက္ကုသာတိ အမျိုးသား ဝတ္ထု | ၄၀၃ |
| ၁၀၇ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှော့ခြင်းတည်းဟူသော သုတပါးလုံ့လဖြင့် သေရသော စဏ္ဍာလီဝတ္ထု | ၄၀၇ |
| ၁၀၈ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ဝက်ပက်ခြင်း တည်းဟူသော သုတပါး လုံ့လဖြင့် သေရသည်ကို ထုတ်ပြအပ်သော ဝဆိုကီသူကရဇာတ် ဝတ္ထု | ၄၁၀ |
| ၁၀၉ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ခွေးကိုက်ခြင်း, မြွေခဲခြင်း တည်းဟူသော သုတပါးလုံ့လဖြင့် သေရသည်ကိုထုတ်ပြအပ်သော ကောကမုဆိုး ဝတ္ထု | ၄၁၆ |
| ၁၁၀ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ကြွက်ခဲခြင်း တည်းဟူသော သုတပါး လုံ့လဖြင့် သေရသည်ကို ထုတ်ပြအပ်သော ဓမ္မိက မြေခွေး, အင်္ဂိကဘာရဒွါဇ မြေခွေးတို့ ဝတ္ထု | ၄၁၉ |
| ၁၁၁ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ မီးရှို့တိုက်ခြင်း တည်းဟူသော သုတပါးလုံ့လဖြင့် သေရသည်ကို ထုတ်ပြအပ်သော သာမာဝတီ မိဖုရားနှင့် မောင်းမငါးရာတို့ ဝတ္ထု | ၄၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၂ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မီးလောင်၍ သေရသော မထေရ် ဝတ္ထု | ၄၂၉ |
| ၁၁၃ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မီးလောင်၍ သေရသော ကျီးနှင့်နွား ဝတ္ထု | ၄၂၉ |
| ၁၁၄ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေနစ်၍ သေရသော မိန်းမတယောက်နှင့်ခွေးတခု ဝတ္ထု | ၄၃၁ |
| ၁၁၅ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေနစ်၍သေသော သင်္ဘောသား ခုနစ်ရာတို့ ဝတ္ထု | ၄၃၃ |
| ၁၁၆ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေနစ်၍ သေရသော ပိင္ဂလျှာ စသော သူတို့ ဝတ္ထု | ၄၃၅ |
| ၁၁၇ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိုးကြိုးကျ၍ သေရသော သဘာဒ္ဒဇိထေရ် အလောင်း ရသေ့, ဂန္ဓောဒကိယ ထေရ်အလောင်း သူကြွယ်, ဒွိတဥ္စလိယ ထေရ်အလောင်း မုဆိုး ဝတ္ထု | |
| ၁၁၈ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိုးကြိုးကျ၍ သေရသော ဆိတ် ဝတ္ထု | ၄၃၄ |
| ၁၁၉ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိုးကြိုးကျ၍ သေသော ညီနောင်နှစ်ယောက်နှင့် နွား လေးခုတို့ ဝတ္ထု | ၃၄၃ |
| ၁၂၀ | ပရူက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြွေးမှန်၍ သေသော ဘုရားအလောင်း မျှော်ကမ်း သားအမိ သုံးယောက်နှင့် မြေမြို၍ မိုးကြိုး လောင်မီး ကျ၍ သေသော မုဆိုး သားမယားတို့ ဝတ္ထု | ၄၄၅ |
| ၁၂၁ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြေမျို၍ သေသော ဦးရီတော် သုပ္ပဗုဒ္ဓ ဝတ္ထု | ၄၄၉ |
| ၁၂၂ | ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြေမျို၍ သေသော စိဥ္စမာဏဝိကာဝတ္ထု | ၄၅၁ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၁၂၃ ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိမိ
မွေးဖွားသည့်သားတို့ သတ်ခြင်းတည်းဟူသော သူတပါး
လုံ့လဖြင့် သေရကုန်သော ဗိမ္ဗိသာရမင်း စသော မင်း
ငါးယောက်တို့ ဝတ္ထု ၄၅၄
၁၂၄ ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သား
က ပုဆိန်ဖြင့် ပုတ်ခတ်၍ သေသော လက်သမားဝတ္ထု ၄၅၉
၁၂၅ ပရူပက္ကမ မူလကဒုက္ခအရာ၌ထုတ်ဆောင်အပ်သောသမီး
က ကျည်ပွေ့ဖြင့်ရိုက်၍သေသော မိန်းမအိုဝတ္ထု ၄၆၀
၁၂၆ ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သေ
သောက်ကြူးတို့ သတ်၍ သေသော သုန္ဒရီပရိဗိုဇ်မဝတ္ထု ၄၆၁
၁၂၇ ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
ကြံခင်းရှင်ပုဏ္ဏားရိုက်၍ သေသော ကြံခင်းစောင့်
ယောကျ်ားဝတ္ထု ၄၆၃
၁၂၈ သံဝေဇနိယ ဝတ္ထု ရှစ်ပါးအနက် ဇာတိဒုက္ခအရာဝယ်
ဇာတိနှင့်မကင်း၍ ပဋိသန္ဓေနေရကုန်သောသူတို့ တွေ့ကြုံ
ခံစားရသောဒုက္ခခုနစ်ပါးအနက် ခုနစ်ခုမြောက်ပရူပက္ကမ
မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သတ်ပုတ်
ညှဉ်းပန်းခြင်းဒုက္ခကို ခံရသော ရဇ္ဇုမာလာကျွန်မဝတ္ထု ၄၆၅
၁၂၉ သံဝေဇနိယဝတ္ထု ရှစ်ပါးအနက် ဇာတိဟူသည် သုဂတိ
ဒုဂ္ဂတိဘုံ အားလုံးနှင့် ဆက်ဆံ သမျှသော ဒုက္ခခပ်သိမ်း
တို့၏ တည်ရာဖြစ်သည်ကို အဋ္ဌကထာ ဆရာမြတ်တို့ ပြဆို
အပ်သော ဩဝါဒဂါထာဘောဖြင့် နိဂုံးချုပ်ပြရာ ၄၆၉
ပဉ္စမတွဲပြီး၏။

(ဆဋ္ဌမတွဲ)
ဇရာဒုက္ခ

၁၃၀ သံဝေဇနိယဝတ္ထုရှစ်ပါးအနက် နှစ်ခုမြောက် ဇရာဒုက္ခ
အရာဝယ် ဇရာဒုက္ခံ ဟူသော ပါဠ်၌ ဇရာဟူသော ပုဒ်

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | တစိတ်၏ အဓိပ္ပါယ်နှင့်တကွ ဇရာအပြား, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပြရာ | ၄၇၃ |
| ၁၃၁ | ဇရာဒုက္ခံ ဟူသော ပါဌ်၌ ဇရာဟူသည် ကာယိက ဒုက္ခ စေတသိက ဒုက္ခတို့၏ တည်ရာဖြစ်သည်ကို ပြရာ | ၄၇၆ |
| ၁၃၂ | ဇရာဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဇရာ တရားဖြင့် နှိပ်စက်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခ နှစ်ပါးကို ခံစားရသော ပုဏ္ဏားအို ဝတ္ထု | ၄၇၇ |
| | **ဗျာဓိဒုက္ခ** | |
| ၁၃၃ | သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် သုံးခုမြောက် ဗျာဓိ ဒုက္ခ အရာဝယ် ဗျာဓိဒုက္ခံ ဟူသော ပါဌ်၌ ဗျာဓိဟူသော ပုဒ်တစိတ်၏ အဓိပ္ပါယ်နှင့် တကွ အမျိုးအမည် သရုပ် သချာတို့ကို ပြရာ | ၄၈၄ |
| ၁၃၄ | ဗျာဓိဒုက္ခံ ဟူသောပါဌ်၌ ဗျာဓိဟူသည် ကာယိယ ဒုက္ခ, စေတသိကဒုက္ခတို့၏ တည်ရာ ဖြစ်သည်ကို ပြရာ | ၄၉၈ |
| ၁၃၅ | ဗျာဓိဒုက္ခ အရာ၌ ထုတ်ဆောင်အပ်သော ဗျာဓိ တရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခ နှစ်ပါးကို ခံစားရသော မထေရ် ဝတ္ထု | ၄၉၉ |
| ၁၃၆ | ဗျာဓိတရား နှိပ်စက်အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခနှစ်ပါးကို ခံစားရသော ဗာရာဏသီမင်း ဝတ္ထု | ၅၀၂ |
| ၁၃၇ | ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိက ဒုက္ခ, စေတသိဒုက္ခ နှစ်ပါးကို ခံစားရသော ဗာရာဏသီမင်း တယောက် ဝတ္ထု | ၅၀၃ |
| ၁၃၈ | ဗျာဓိတရား နှိပ်စက်အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခ နှစ်ပါးကို ခံစားရသော အနာထပိဏ် သဋ္ဌေးသမီး သုမနဒေဝီ ဝတ္ထု | ၅၀၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၉ | ဗျာဓိတရား နှိပ်စက် အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခ နှစ်ပါးကို ခံစားရသော အနာထပိဏ် သဌေး ဝတ္ထု | ၅၀၇ |
| ၁၄၁ | ဗျာဓိတရား နှိပ်စက် အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိကဒုက္ခနှစ်ပါးကိုခံစားရသော ရောဟိနီ မင်းသမီး ဝတ္ထု | ၅၀၉ |
| ၁၄၁ | ဗျာဓိတရား နှိပ်စက် အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခနှစ်ပါး ခံစားရသော သောတ္ထိသေန မင်းသား ဝတ္ထု | ၅၁၂ |
| ၁၄၂ | ဗျာဓိတရား နှိပ်စက် အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခနှစ်ပါးကို ခံစားရသော ရှင်ဒေဝဒတ်ဝတ္ထု | ၅၁၄ |
| ၁၄၃ | ဗျာဓိတရား နှိပ်စက် အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိကဒုက္ခနှစ်ပါးကိုခံစားရသောငါးများချိတ်သမား တံငါသည် ဝတ္ထု | ၅၁၈ |
| ၁၄၄ | ဗျာဓိတရား နှိပ်စက် အပ်သည် ဖြစ်၍ ကာယိက ဒုက္ခ, စေတသိက ဒုက္ခနှစ်ပါးကို ခံစားရသော တိဿ ရဟန်း၊ အတိတ်ဘဝက လုလင်တို့ ဝတ္ထု | ၅၂၀ |
| ၁၄၅ | ဤဗျာဓိတရား ဟူသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၌ ပင်သော်လည်းနှိပ်စက်ကျရောက်သည်ကို မြတ်စွာဘုရား၏ ကမ္မပိလောတိက ဆယ့်နှစ် ပါးအငင် ဗျာဓိတို့ကို ပြရာ | ၅၂၃ |


## မရဏ ဒုက္ခ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၆ | သံဝေဇနီယ ဝတ္ထု ရှစ် ပါးအနက် လေး ခုမြောက် မရဏ ဒုက္ခအရာဝယ် မရဏဒုက္ခံဟူသော ပ ဌ်၌ မရဏပုဒ်တစိတ်၏ အဓိပ္ပာယ်နှင့်တကွ လက္ခဏာ, ရသ, ပစ္စုပ္ပဌာန်, ပဒဋ္ဌာန် တို့ကိုပြရာ | ၅၃၀ |
| ၁၄၇ | မရဏဒုက္ခံ ဟူသော ပါဠိ၌ မရဏဟူသည် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့၏ တည်ရာဖြစ်သည်ကို ပြရာ | ၅၃၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၈ | မရဏဒုက္ခ အရာ၌ ထုတ်ဆောင်အပ်သော ဧရဏတရား နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာသော ကာယိက ဒုက္ခ, စေတသိကဒုက္ခကို ခံစားရသော ရဟန်းအိုဝတ္ထု | ၅၃၂ |


ဆဋ္ဌမတွဲ ပြီး၏။

(သတ္တမတွဲ)

အပါယဒုက္ခ


| | | |
|---|---|---|
| ၁၄၉ | သံဝေ ဇနိယဝတ္ထု ရှစ်-ပါးအနက် ငါး-ခုမြောက် အပါယ ဒုက္ခ အရာ၌ အပါယ် လေးပါးတွင် ငရဲ ဟူသည် လောကန္တရိက, လောကိက နှစ်ဌာနရှိသည်တွင် သံဝေဂဉာဏ် ဖြစ်စေသောငှာ လောကန္တရိက ငရဲကိုပြရာ | ၅၃၆ |
| ၁၅၀ | လောကန္တရိက, လောကိကငရဲ နှစ်ဌာနတို့တွင်လောကိက ငရဲအရာ၌ ငရဲငယ်တို့၏ အမည်နာမအရေအတွက် တည်နေပုံတို့ကို ပြရာ | ၅၃၉ |
| ၁၅၀ | ထိုသဉ္စိဝ စသော လောကိကငရဲ အသီးသီးတို့၌ ခံရကုန်သော သတ္တဝါတို့၏ ငရဲသက် နှစ်အရေအတွက်ကို ပြရာ | ၅၄၄ |
| ၁၅၂ | နတ်လူတို့ အသက်ထက်ငရဲသက်က များစွာ ပိုမိုရှည်ကြာရာ၌ ရှည်ကြာခြင်း၏ အကြောင်းကို ပြရာ | ၅၄၇ |
| ၁၅၃ | ထိုငရဲ၌ ခံရကုန်သော သတ္တဝါတို့၏ ဆင်းရဲပုံကို ဗာလပဏ္ဍိတသုတ်ဖြင့် ထုတ်ဆောင် ပြရာ | ၅၄၈ |
| ၁၅၄ | သဉ္စိဝ စသော ငရဲကြီးရှစ်ထပ်၌ ကမ္မကရဏ ထင်အောင် ထိုငရဲကြီးတို့၏ အမည်နာမကို ဝိဂြိုဟ် ဝစနတ္ထပြု၍ ပြရာ | ၅၅၀ |
| ၁၅၅ | ဤမည်သော မကောင်းမှုကို ပြုသော သူသည် ဤမည်သော ငရဲ၌ခံရသည်ဟု မကောင်းမှုအားလျော်စွာ ငရဲခံရပုံကို ပြရာ | ၅၅၅ |
| ၁၅၆ | ဆဂတိဒီပနီကျမ်း၌ ပြဆိုအပ်သော ကမ္မကရဏ အစဉ်ဖြင့် မိဠ္ဌကူပစသော ဥဿဒငရဲလေးလုံးတို့၌ ငရဲသူ သတ္တဝါတို့ ဒုက္ခခံရပုံကို ပြရာ | ၅၅၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၇ | ဝေဒဗ္ဗဘသုတ် ပါဠိတော်ဖြင့် ငရဲခံရသော ငရဲသူသတ္တဝါတို့၏ ကမ္မကရဏ အစဉ်ကို ပြရာ | ၁၆၁ |
| ၁၅၈ | နေမိဇာတ်ခတော်၌ လာသည့်အတိုင်း ငရဲခံရသော ငရဲသူသတ္တဝါတို့၏ ကမ္မကရဏ အစဉ်ကို ပြရာ | ၅၇၁ |
| ၁၅၉ | အရိယူပဝါဒကံကြောင့် အဝီစိငရဲ၌ ခံရသော ကောကာလိက ဝတ္ထု | ၅၇၆ |
| ၁၆၀ | သဘင် ကချေ သည်တို့ သေလွန်က အဝီစိငရဲ၏ တစိတ် ဖြစ်သော ပဟာသငရဲ၌ ခံရသည်ကို ပြရာ | ၅၈၀ |
| ၁၆၁ | ပိတုဃာတက ကံကိုပြု၍ လောဟကုမ္ဘီ ငရဲ၌ ခံရသော အဇာတသတ်မင်း ဝတ္ထု | ၅၈၂ |
| ၁၆၂ | ပဉ္စဒါရိ ၂ ကံကို ပြု၍ လောဟကုမ္ဘီ ငရဲ၌ ခံရသော သဋ္ဌေးသား လေးယောက်တို့ ဝတ္ထု | ၅၈၄ |
| ၁၆၃ | မဟာနရာ ငရဲကြီး ၌ ခံရသော သဋ္ဌေးကြီး ဝတ္ထု | ၅၈၇ |
| ၁၆၄ | သေခါနီး ကာလ ၂ယ် အနည်းငယ် မျှသော အသဒ္ဓမ္မအမှု ကို အောက်မေ့မိ၍ အဝီစိငရဲ၌ ခုနစ်ရက် ခံရသော မလ္လိကာ မိဖုရား ဝတ္ထု | ၅၈၉ |
| ၁၆၅ | အရဟန္တ ဃာတကကံကိုပြု၍ ငရဲ၌ ခံရသော ရွှံတွင်း သမား ဝတ္ထု | ၅၉၂ |
| ၁၆၆ | ဘိက္ခုနီ ဒူသကကံကိုပြု၍ အဝီစိငရဲ၌ ခံရသော နန္ဒလုလင် ဝတ္ထု | ၅၉၄ |
| ၁၆၇ | ရှင်သာရိပုတြာမထေရ်၏ ဦးခေါင်းတော်၌ ပုတ်ခတ်ပြစ်မှား၍ အဝီစိငရဲ၌ခံရသော နန္ဒဘီလူး ဝတ္ထု | ၁၉၇ |


သတ္တမတွဲ ပြီး၏။

(အဋ္ဌမတွဲ)


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၈ | ကိသဝစ္ဆ ရှင်ရသေ့ကို ပြစ်မှားမိသောကြောင့် တိုင်းအလုံး ပျက်စီး၍ ကုက္ကုလငရဲ၌ ခံရသော ဒဏ္ဍကီမင်းဝတ္ထု | ၆၀၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၉ | သီလနှင့်ပြည့်စုံသော ရသေ့ဘို့ကို ပြစ်မှား၍ သုနခ ငရဲ၌ ခံရသော ဒန္တပုရပြည် နာဠိကေရမင်းဝတ္ထု | ၆၀၃ |
| ၁၇၀ | အင်္ဂီရသဂေါတမရှင်ရသေ့ကိုပြစ်မှား၍ သတ္တိသူလာ ငရဲ၌ ခံရသော အဇ္ဇုနမင်း ဝတ္ထု | ၆၀၅ |
| ၁၇၁ | ခန္တီဝါဒီ ရှင်ရသေ့ကို ပြစ်မှား၍ အဝီစိငရဲ၌ ခံရသော ကလာဗုမင်း ဝတ္ထု | ၆၀၆ |
| ၁၇၂ | ကဏှဒီပါယန ရသေ့ကိုပြစ်မှား၍ ငရဲ၌ ခံရကုန်သော အန္ဓကဝိန္ဒမင်းမျိုး ဒသ ဘာတိက မင်းညီနောင်တို့ ဝတ္ထု | ၆၁၀ |
| ၁၇၃ | မာတင်္ဂရသေ့ကိုပြစ်မှား၍ မင်းနှင့်ဘက္က မဇ္ဈာတိုင်းအလုံး ပြာပုံမီးဖုံး၍ သေသောအကြောင်း | ၆၁၂ |
| ၁၇၄ | ရဟန်းသံဃာတို့အား ပြစ်မှား၍ အသက်ရှည်စဉ် သံသဝက ဥဿဒငရဲ၌ ပစ်ချခြင်းကို ခံရသော ရေဝတီ ဝတ္ထု | ၆၁၃ |
| ၁၇၅ | သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် ငါးခုမြောက် အပါယ ဒုက္ခအရာ၌ အပါယ်လေးဘုံတွင် တိရစ္ဆာနဒုက္ခကိုပြရာ | ၆၁၈ |
| ၁၇၆ | သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် ငါးခုမြောက် အပါယ ဒုက္ခအရာ၌ အပါယ် လေးဘုံတွင် ပေတဒုက္ခ အရာ၌ လောကပညတ္တိ, ဆဂတိဒီပနီကျမ်းလာအတိုင်း ပြိတ္တာမျိုး တဆယ့်နှစ်ပါးတို့၏ ကမ္မကရဏကို ပြရာ | ၆၂၀ |
| ၁၇၇ | အဋ္ဌကထာ, ဋီကာ ကျမ်းကြီး ကျမ်းခိုင်တို့၌ လာသော ပြိတ္တာ လေးမျိုးတို့ကို ပြရာ | ၆၂၆ |
| ၁၇၈ | ရတနာသုံးပါး၌ ပဋိဃာတစိတ်ကြောင့် ငရဲ၌ကမ္ဘာများစွာ ကျက်ပြီးမှ ဘုရားလေးဆူတိုင်တိုင် ပြိတ္တာဖြစ်၍ ဆင်းရဲခံ ရသော ဝတ္ထု | ၆၂၈ |
| ၁၇၉ | ရဟန်းဘို့ကို ဆဲရေး မိသောကြောင့် ငရဲ၌ ကြာမြင့်စွာ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ပြိတ္တာ ဖြစ်ရသော ရဟန်း ဝတ္ထု | ၆၃၄ |
| ၁၈၀ | ရဟန်းသံဃာအား ပေးလှူသည်ကို မစ္ဆေရစိတ် ရှိခဲ့ဖူး၍ အနှစ်ငါးဆယ်ပတ်လုံး ထမင်း, ရေဘို့ကို မစားမသောက် ရသောပြိတ္တာမ ဝတ္ထု | ၆၃၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၁ | အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းလောင်း တို့ကို ကုန်းချော စားသော မကောင်းမှုကြောင့် အဝီစိ ငရဲ၌ ကျက်ပြီးမှ ပူတိမုခ ပြိတ္တာဖြစ်ရသော ရဟန်းဝတ္ထု | ၆၃၇ |
| ၁၈၂ | လင်တူမိန်းမအား ကိုယ်ဝန်ကို ကျစေခြင်း, မုသားပျက်ကွယ် ကျိန်တွယ်ခြင်းကြောင့် မိမိသားဘကျိ်ကိုနေ့တိုင်း နေ့တိုင်းစားရလျက် မဝနိုင်သော ပြိတ္တာမ ဝတ္ထု | ၆၄၀ |
| ၁၈၃ | မစ္ဆေရ တရားကြောင့် ပြိတ္တာဖြစ်၍ အချင်းချင်း၏ သွေးပြည်ကို စားသောက်သော ပုဏ္ဏားလင်မယား ဝတ္ထု | ၆၄၂ |
| ၁၈၄ | ရဟန်းသံဃာအား ပေးလှူသည်ကို ဆဲရေး ကျိန်ဆိုသော မကောင်းမှုကြောင့် သွေး, ပြည်, မစင်ဘင်ပုပ်ကို စား၍ သံပြားပုဆိုးကို ဝတ်ရသော ပြိတ္တာမ ဝတ္ထု | ၆၄၅ |
| ၁၈၅ | ချိန်စဉ်းလဲ တင်းစဉ်းလဲ စသည်ကိုပြု၍ပြိတ္တာဘုံ၌ ဆင်းရဲ အသီးသီးတို့ကို ခံရသော ကုန်သည် လင်မယား, သား, ချွေးမ လေးယောက်တို့ ဝတ္ထု | ၆၄၈ |
| ၁၈၆ | ငရဲ၌ဖြစ်ဆိုက်သော အကုသိုလ်ကံရှိလျက် ရှင်သာရိပုတ္တရာကို ရှိခိုးရုံမျှဖြင့် ပြိတ္တာ ဘဝ၌သာ ဖြစ်ရသော သံသာရမောစက မိစ္ဆာဒိဋ္ဌိ မိန်းမတယောက် ဝတ္ထု | ၆၅၀ |
| ၁၈၇ | အလှူခံ ပုဂ္ဂိုလ်အား မလျောက်ပတ်သော စကားဖြင့် ပြစ်မှားရေရွတ်မိ၍ပြိတ္တာဘဝ၌သွေး,ပြည်,မစင်ကျင်ကြီး ကျင်ငယ်ကိုသာ စားသောက်ရသော ပုဏ္ဏားမ ဝတ္ထု | ၆၅၂ |
| ၁၈၈ | မိမိလည်းမလှူ သူတပါးကိုလည်း တားမြစ်ခြင်း စသော မကောင်းမှုကြောင့် လှည်းသား ငါးရာတို့ ရေအိုးနှင့် လောင်းလျက် ရေတစက်မျှ မသောက်ရသော ပြိတ္တာဝတ္ထု | ၆၅၄ |
| ၁၈၉ | ဣဿာ မစ္ဆရိယ စသောမကောင်းမှု, လင်တူမိန်းမအား ငြူစူစောင်းမြောင်းခြင်း စသော မကောင်းမှုတို့ကြောင့် ပြိတ္တာဖြစ်၍ ငါးပါး အပြားရှိသော ဆင်းရဲကိုခံရသော မိန်းမ ဝတ္ထု | ၆၅၆ |
| ၁၉၀ | မစ္ဆေရ စသော မကောင်းမှုကြောင့် ဆင်းရဲကြီးစွာခံရ သော ပြိတ္တာငါးရာတို့ ဝတ္ထု | ၆၅၈ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၁ | လောဘ၏ အစွမ်းကြောင့် ပြိတ္တာဖြစ်၍ရှစ်ပယ်ခန့်မျှသော ကြံခင်းကို ရလျက် မသုံးဆောင်ရသော ပြိတ္တာ ဝတ္ထု | ၆၆၁ |
| ၁၉၂ | သီလဝန္တ ရဟန်းတို့ကို ပြစ်မှားသောကြောင့် ကျင်ကြီးတွင်း၌ ပြိတ္တာဖြစ်၍ မစင်ကျင်ကြီးကိုစားသောက်ရသော ကျောင်းဒါယကာနှင့် ကျောင်းနေ ရဟန်းတို့ ဝတ္ထု | ၆၆၂ |
| | အဋ္ဌမတွဲ ပြီး၏။ | |
| | (နဝမတွဲ) | |
| ၁၉၃ | အသယှ သဋ္ဌေး၏ အလှူ၌ အကြီးဖြစ်သော အခါ အလှူရှင်က ပေးလှူပါလျက် မိမိက ဝန်တိုသောကြောင့် ပြိတ္တာ ဖြစ်ရသော ဝတ္ထု | ၆၆၅ |
| ၁၉၄ | ပစ္စေကဗုဒ္ဓါ ကျောင်းသင်ခန်းကို မီးဖြင့် တိုက်ရှို့သော မကောင်းမှုကြောင့်အဝီစိငရဲ၌ ကျက်ပြီးမှဦးခေါင်းကား လူ့ကိုယ်ကား နှစ်ဆယ့်ငါး ယူဇနာရှိသော မြွေပြိတ္တာ ဖြစ်ရသောလယ်ထွန် ယောက်ျား ဝတ္ထု | ၆၇၄ |
| ၁၉၅ | သံဃာတော်အား ရည်၍ ဆောင်အပ်သော ဝတ္ထုကို အဦး ယူစားမိသောကြောင့် ကျီးပြိတ္တာ ဖြစ်ရသော ဝတ္ထု | ၆၇၇ |
| ၁၉၆ | ကျောက်စရစ် ပစ်ခြင်း အတတ်ကို စုံစမ်းအံ့ဟု သုနေတ္တ ပစ္စေကဗုဒ္ဓါကို ပြစ်မှားသတ်ဖြတ်မိ၍ အဝီစိငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ပြိတ္တာဖြစ်ရသော ယောက်ျား ဝတ္ထု | ၆၇၉ |
| ၁၉၇ | ဝိနည်းပါဠိတော်လာပြိတ္တာမျိုး နှစ်ဆယ့်တစ် ပါးတို့ကို ထုတ်ပြရာ | ၆၈၄ |
| ၁၉၈ | မစ္ဆေရ တရားကြောင့် မစားရ မဝတ်ရ ဆင်းရဲကြီးစွာ ရောက်သော ပြိတ္တာဝတ္ထု | ၆၉၁ |
| ၁၉၉ | ကဿပဘုရား လက်ထက် သံဃာ၏ အာရာမ်, ဥယျာဉ်ကို ဖျက်ဆီးမိသော မကောင်းမှုကြောင့် ပါသာဏ ပြိတ္တာ ဖြစ်၍ရဟန်း ခြောက် ကျိပ်တို့သပိတ်နှင့်ရေလောင်းလျက် ရေတစက်မျှ မသောက်ရသော ပြိတ္တာ ဝတ္ထု | ၆၉၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၀ | ကကုသန်ဘုရား လက်ထက် သံဃာ့မြေကို ခိုးယူ၍ ဘုရားလေးဆူတိုင်တိုင် တောင်ထိပ်၌ ကျောက်တိုင်ကဲ့သို့ ဖြစ်ရသော ပါသာဏထွံမှ ပြိတ္တာ ဝတ္ထု | ၆၉၅ |
| ၂၀၁ | ကဿပဘုရားကို ဝစီကံဖြင့် ပြစ်မှားသောကြောင့် ဘုရားနှစ်ဆူ အကြားပတ်လုံး ဆင်းရဲခံရသော ကသိပေတ ပြိတ္တာဝတ္ထု | ၆၉၆ |
| ၂၀၂ | တကွမ်းစားမျှသော သံဃာ၏ ဆန်ကိုသုံးမိသောကြောင့် ပြိတ္တာ ဖြစ်ရသော ရဟန်းဝတ္ထု | ၆၀၈ |
| ၂၀၃ | သီဟိုဠ်ကျွန်း ဒီဃာဝုစေတီမှ တံခွန်ကုက္ကား ကို ဝတ်ရုံမိ၍ အထပ်တထောင် ပြောင်ပြောင် တောက်သော သံပြား ပုဆိုးကို ဝတ်ရုံရသော ပြိတ္တာ ဝတ္ထု | ၆၉၉ |
| ၂၀၄ | ဘီလူး ပြိတ္တာတို့ သေလျှင် ရုပ်အလောင်း ပျောက်ပြန်၍ အိမ်မြှောင် တက်တူ စသည်ဖြစ်ကြောင်း | ၇၀၀ |
| ၂၀၅ | ပရဒတ္တူပဇီဝိက စသော ပြိတ္တာမျိုးတို့အား အမျှပေး၍ အကျိုးခံစားရပုံကို ပြရာ | ၇၀၁ |
| ၂၀၆ | ဂတိ ငါးပါးတွင် ပေတဂတိ၌ ဖြစ်သောသူသာ ကုသိုလ် အယူကို အမျှဝေ၍ အကျိုးခံစားရကြောင်းကို ပြရာ | ၇၀၂ |
| ၂၀၇ | သံဝေဇနီယဝတ္ထု ရှစ်ပါးအနက်ငါးခုမြောက် အပါယ ဒုက္ခအရာ၌ အပါယ်လေးဘုံတွင် အသုရကာယ် ဟူရာဝယ် အသုရာ သုံးမျိုးတို့ကို ပြရာ | ၇၀၄ |
| ၂၀၈ | အသုရကာယ ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သောရဟန်း သုံး-ကျိပ် ရေလောင်းလျက် မသောက်ရသော ကာလကဥ္ဇိက အသုရာ ဝတ္ထု | ၇၁၀ |
| ၂၀၉ | သံဝေဇနီယ ဝတ္ထု ရှစ်ပါးအနက် ခြောက်-ခုမြောက် အတီတေ ဝဋ္ဋမူလကဒုက္ခ, ခုနစ်ခုမြောက် အနာဂတေ ဝဋ္ဋမူလက ဒုက္ခ နှစ်ပါးကောက်ပုံ ပြရာ | ၇၁၂ |
| ၂၁၀ | အတီတေ ဝဋ္ဋမူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော အတိတ်၌ ဖြစ်သော ဆင်းရဲကို အာရုံပြု၍ သံဝေဂဉာဏ် ဖြစ်စေသဖြင့် ရဟန္တာ ဖြစ်သော မထေရ် ဝတ္ထု | ၇၁၄ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၁၁ အနာဂတေ ဝဋ္ဋမူလက ဒုက္ခအရာ၌ထုတ်ဆောင်အပ်သော
အနာဂတ်၌ ခံရအံ့လတ္တံ့သော အပါယ်ဘေးကိုအာရုံပြု၍
သံဝေဂရသဖြင့် တရားကို အားထုတ်၍ ဂစ္ဆေက ဗုဒ္ဓါ
ဖြစ်သော ဝတ္ထု ၇၁၅

၂၁၂ အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလကဒုက္ခ
နှစ်ပါးကို အာရုံပြု၍ သံဝေဂဉာဏ် ဖြစ်စေသော တေမိ
မင်းသား ဝတ္ထု ၇၁၆

၂၁၃ အတီတေ အနာဂတေ ပစ္စုပ္ပန္နေ ဝဋ္ဋမူလက ဒုက္ခသုံးပါး
လုံးကို အာရုံပြု၍ သံဝေဂဉာဏ် ဖြစ်စေမှု၌ ထုတ်ပြ
အပ်သော ကပ်လငါး ဝတ္ထု ၇၁၇

၂၁၄ သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် ရှစ်ခုမြောက် အာဟာရ
ပရိယေသန မူလကဒုက္ခအရာ၌ ဗြဟ္မာ့ဘုံကို ချန်လှပ်၍
အလုံးစုံသော သုဂတိ ဒုဂ္ဂတိဘုံတို့၌ အာဟာရကို ရှာမှီး
ခြင်းလျှင် အရင်းရှိသော ဒုက္ခကို ပြရာ ၇၂၂

၂၁၅ အာဟာရ ပရိယေသန မူလကဒုက္ခအရာ၌ အာဟာရကို
ရှာမှီး၍ မရခြင်းကြောင့် ရဟန္တာနှစ်သောင်းလေးထောင်
လုံး တပြိုင်နက် ပရိနိဗ္ဗာန်ပြုရသည်ကို ထုတ်ပြရာ ၇၂၃

၂၁၆ အာဟာရ ပရိယေသန မူလကဒုက္ခ ထင်ရှားစိမ့်သောငှာ
ဘုန်းရှိသော သူတို့ပင်လည်း ကာလဝိပတ္တိနှင့် ကြုံက
သစ်မည်စည်သီးခွံ,ကြွေးရိုး, ချင်ရွေးနွယ်တို့ဖြင့် အာဟာရ
မျှတရသည်ကို ပြရာ ၇၂၄

၂၁၇ အာဟာရ ပရိယေသန မူလကဒုက္ခ ထင်ရှားစိမ့်သောငှာ
ထုတ်ပြအပ်သော စတ္တဗ္ဗက နိဂြောဓထေရ် ဝတ္ထု ၇၂၈

၂၁၈ နိဂုံး ၇၃၃

နဝမတွဲ ပြီး၏။

မာတိကာ ပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## ပဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁-ရတနတ္တယ ပဏာမ

၁ သံဝေဂဉာဏဇံ နာထံ, သံဝေဂဒါယိနံ နမေ၊
ကတွာဒါယန္တသု တဇ္ဇဉ္စ, ပါကဋိနဉ္စ ဒေသကံ။

၂ သံဝေဂဉာဏသမ္ဘူတာ, ယေန ကရန္တိ အဏ္ဏဝံ၊
နမေ တံ တရဏံ ဓမ္မံ, သံဝေဂဝတ္ထုနာသကံ။

၃ သံဝေဂဉာဏသမ္ပန္နာ, ဇိနောရသာ သံဝေဂ မူလကံ၊
ယော နမေရိယ သံဃန္တံ, သံဝေဂဝတ္ထုတိက္ကမံ။

၄ နမနာဇနိတံ ပုညံ, ဣတိ ယံ ရတနတ္တယေ၊
ဟုဘွာ ဟုတန္တရာယောဟံ, သဗ္ဗညူ တဿ တေဇသာ။

၅ သဗ္ဗ ခတ္တိယ, ဓမ္မေန, သဗ္ဗသတ္တ ဟိတတ္ထိနာ၊
မာပိတ ရတ္နပုဏ္ဏေန, ဓမ္မရာဇေန ယာစိတော။

၆ အနာကုလံ ကရိဿာမိ, သံဝေဂဝတ္ထုဒီပနိံ၊
သံဝေဇနိယဋ္ဌာနေ သု, သံဝိဂ္ဂတ္တဉ္စ ပါကဋိန္တိ။

ညွှန်း စာပေး ၅။

၁။ သံဝေဂဉာဏဇံ၊ သံဝေဂဉာဏ်တော်ကြောင့် သဗ္ဗညုအစစ် ဖြစ်တော်မူထသော။ ဝါ၊ သံဝေဂဉာဏ်ကို ကိုယ်တော်နှင့်တကွ ဝေနေယျတို့အား ဖြစ်စေတော်မူထသော။ သံဝေဂဒဿနံ၊ သံဝေဂဉာဏ်ကို လက်ဝယ်တင်ထား ပတ္တမြားသို့ ပိုင်းခြားထင်ထင် သိမြင်တော်မူထသော။ ဝါ၊ ဇာတိ စသော သံဝေဂဝတ္ထုတရားရှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူထသော။ တဇ္ဇဉ္စ၊ ထိုသံဝေဂဝတ္ထုတရား ရှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်သည်နှင့် လျော်စွာလည်း။ အာဒျန္တေသု၊ သဗ္ဗညု အစစ် ဖြစ်တော်မူခြင်း၏ အစ အဆုံးတို့၌။ ကတံ၊ ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါး၏ ကင်းဝေးခြင်းကို ပြုတော်မူပြီးထသော။ ပါဏိနဥ္စ၊ သတ္တဝါတို့အားလည်း။ အဿ၊ ထိုဇာတိ စသော သံဝေဂဝတ္ထုတရား ရှစ်ပါးကို။ ဒေသကံ၊ ဟောကြားတော်မူတတ်ထသော။ နာထံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

၂။ သံဝေဂဉာဏသမ္ပန္နာ၊ သံဝေဂဉာဏ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍။ ဝါ၊ သံဝေဂဉာဏ်နှင့် ပြည့်စုံကုန်သော သူတို့သည်။ ယေန၊ အကြင်ဆယ်ပါးသော တရားတော်ဖြင့်။ ဝါ၊ အကြင်ဆယ်ပါးသော တရားတော်ကြောင့်။ အဏ္ဏဝံ၊ သံသရာတည်းဟူသော သမုဒ္ဒရာကို။ တရန္တိ၊ ကူးမြောက်ကုန်၏။ တရဏံ၊ သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးမြောက်ကြောင်း ဖြစ်ထသော။ သံဝေဂဝတ္ထုနာသကံ၊ ဇာတိ စသော သံဝေဂဝတ္ထုတရား ရှစ်ပါးကို ဖျက်ဆီးတတ်ထသော။ ဝါ၊ ဇာတိ စသော သံဝေဂဝတ္ထုတရား ရှစ်ပါး၏ အကြောင်းဖြစ်သော အဝိဇ္ဇာတဏှာကို ဖျက်ဆီးတတ်ထသော။ တံ ဓမ္မံပိ၊ ထိုဆယ်ပါးသော တရားကိုလည်း။ (သမုစ္စယတ္ထဝါစက ပိ သဒ္ဒါကား လုတ္တနိဒ္ဒိဋ္ဌ)အဟံ၊ ငါသည်။ နမေ နမာမိ၊ ရှိခိုးပါ၏။

၃။ ယော အရိယ သံဃော၊ အကြင် ရှစ်ယောက်သော အရိယာ သံဃာတော်သည်။ သံဝေဂဉာဏသမ္ပန္နော၊ သံဝေဂဉာဏ်နှင့် ပြည့်စုံတော်မူ၏။ သံဝေဂမူလကံ၊ ဇာတိ စသော သံဝေဂဝတ္ထုတရားရှစ်ပါးကို။ ဝါ၊ ဇာတိ စသော သံဝေဂဝတ္ထုတရားရှစ်ပါး၏ အကြောင်းဖြစ်သော အဝိဇ္ဇာတဏှာကို။ ဇိတော၊ အောင်တော်မူတတ်၏။ သံဝေဂဝတ္ထု-တိက္ကမော၊ ဇာတိ စသော သံဝေဂဝတ္ထုတရားရှစ်ပါးကို လွန်တော်မူပြီးထသော။ တံ အရိယသံဃမ္ပိ၊ ထိုရှစ်ယောက်သော အရိယာ သံဃာတော်ကိုလည်း။ အဟံ၊ ငါသည်။ နမေ နမာမိ၊ ရှိခိုးပါ၏။

၄။ ဣတိ ဧဝံ ယထာ ဝုတ္တ ဂါတတ္တယေန၊ ဤသို့ အကြင် အကြင်
ဆိုအပ်ပြီးသော ဂါထာတို့၏ သုံးခုတို့၏ အစပေါင်းဖြင့်။ ရတနတ္တယေ၊
ရတနာတို့၏ သုံးပါးတို့၏ အစုပေါင်း၌။ နမနာဇနိတံ၊ ရှိခိုးခြင်းသည် ဖြစ်
စေအပ်သော။ ဝါ၊ ရှိခိုးခြင်းကြောင့်ဖြစ်သော။ ယံ ပုညံ၊ အကြင် ကောင်း
မှုသည်။ အတ္ထိ၊ ရှိ၏။ တဿ ပုညဿ၊ ထိုကောင်းမှု၏။ တေဇသာ၊
အစွမ်းဖြင့်။ ဝါ၊ အစွမ်းကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော ကျမ်း၏ အစ
အလယ် အဆုံး သုံးပါးတို့၌။ အဟံ၊ သည်။ ဟတန္တရာယော၊ ပယ်
ဖျောက်အပ်ပြီးသော အန္တရာယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။

၅။ သဗ္ဗခတ္တိယ မမ္မေန၊ သင်္ဂဟတရားလေးပါး, အပရိဟာနိယ
တရားခုနစ်ပါး, မင်းကျင့်တရားဆယ်ပါး စသော ခပ်သိမ်းသောမင်းတို့၏
တရားအပေါင်းနှင့် ပြည့်စုံတော်မူထသော။ သဗ္ဗသတ္တ ဟိတတ္ထိနာ၊ ခပ်
သိမ်းသော သတ္တဝါတို့၏ ပစ္စုပ္ပန် သံသရာစီးပွား, လောကီ လောကုတ္တရာ
စီးပွားကို အလိုရှိတော်မူသောသော။ မာပိတ ရတနပုဉ္ဉေန၊ ရတနာပုံမည်
သော ရာဇဌာနီ မန္တလေး ရွှေမြို့ကြီးကို တည်ထောင်တော်မူသသော။
ဓမ္မရာဇေန၊ သာသနာ့ဒါယကာအစစ် ဓမ္မရာဇ်ဖြစ်တော်မူသော။ ရညာ၊
မင်းသည်။ ယာစိတော အဘိယာစိတော၊ ရှိသေလေးမြတ် တောင်းပန်
အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။

၆။ အနာကုလံ၊ နှောက်ယှက်ရောပြွမ်းခြင်း ကင်းစွာထသော။ သံဝေ
ဇနီယဌာနေသု၊ သတ္တဝါတို့အား ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော
ဇာတိ စသော အကြောင်းတရားရှစ်ပါးတို့၌။ ပါဏီနံ၊ သတ္တဝါတို့အား။
သံဝိဂ္ဂတ္ထဉ္စ၊ ထိတ်လန့်စေခြင်းအကျိုးငှာလည်းကောင်း။ သံဝိဂ္ဂါနံ၊ ထိတ်လန့်
ကုန်သော သတ္တဝါတို့အား။ ယောနိသော၊ အသင့်အားဖြင့်။ ပဒဟ
နတ္ထဉ္စ၊ အားထုတ်စေခြင်း အကျိုးငှာလည်းကောင်း။ (ဤသုံးပုဒ်ကား
သံဝိဂ္ဂတ္ထဉ္စ၌ စ သဒ္ဒါဖြင့် ပေါင်းအပ်သော ပုဒ်တည်း) သံဝေဂဝတ္ထုဒီပနိံ၊
ဇာတိ စသော သံဝေဂကရားရှစ်ပါးကို ပြရာပြကြောင်း ဖြစ်သောကြောင့်
"သံဝေဂဝတ္ထုဒီပနီ"အမည်ရှိသော။ ပကရဏံ၊ ကျမ်းကို။ ကရိဿာမိ၊ ပြုပေ
လတ္တံ့လတည်း။ ဣတိ၊ ဤသည်လျှင် ရာနတ္တယပဏာမ, ပယောဇဉ်,
ပဋိညာဉ်, အဘိယာစက စသည်ကိုပြဆိုသော စကားရပ် အပြီးသတ်တည်း။

ဤခြောက်ဂါထာတို့တွင် ပဌမဂါထာဖြင့် သဗ္ဗညုဘုရားအား
ရှိခိုးခြင်း ဗုဒ္ဓပဏာမကို ပြသည်။ ဒုတိယဂါထာဖြင့် တရားတော်

အား ရှိခိုးခြင်း ဓမ္မပဏာမကိုပြသည်။ တတိယဂါထာဖြင့် သံဃာတော်အား ရှိခိုးခြင်း သံဃပဏာမကိုပြသည်၊ စတုတ္ထ ဂါထာဖြင့် ထို ရတနတ္တယ ပဏာမကို အလိုရှိအပ်သော အကျိုး၌ ညွှတ်စေခြင်း ပရိဏာမနကို ပြသည်၊ ပဉ္စမဂါထာဖြင့် တောင်းပန်သော အဘိယာစကကို ပြသည်။ ထိုအဘိယာစကကား လူ ရဟန်း သာမန်မဟုတ်၊ သက္ကရာဇ် ၁၂၁၆-ခု၊ ရတနာပုံမည်သော ရာဇဓာနီ မန္တလေးမြို့တော်ကြီးကို တည်ထောင်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ပင်တည်း၊ ဆဋ္ဌဂါထာဖြင့် သညာ, နိမိတ်, ကတ္တား, ပရိမာဏ, ပယောဇဉ်, ပဋိညာဉ်နှင့် တကွ အဘိဓေယျ, ကရဏပ္ပကာရ, ပကရဏာဘိဓာန, ပကရဏပယောဇဉ်တို့ကိုပြသည်၊ တတိယဂါထာ၌ ဆန်းအက္ခရာ မသာမပိုစေခြင်းငှာ၊ နမေရိယ သံဃံဟု ဧ, နောင် အ,ကို ချေ၍ရွတ်၊ "ဂါထာဒါဒေသုအရိယာ ရဟာဧရိယာဒိယောဂေ အဓိကက္ခရာပိ ပါဒေါ အနုပဝဇ္ဇော"ဟု ဆန်းဋီကာ,သဒ္ဒါကျမ်းတို့၌ မိန့်သည်နှင့်အညီမချေပဲ ရွတ်၍ အက္ခရာသာလွန်သော်လည်း အရိယသဒ္ဒါ၏ အယှဉ်ဖြစ်၍ အပြစ်မရှိ၊ ပဉ္စမဂါထာ၌ "သရလောပေါ ယမနရာဒိသု"ဟု သဒ္ဒါကျမ်းတို့၌ မိန့်သည်နှင့်အညီ မာပိတ ရတ္တပုဗ္ဗောနဉ္စ ဆန်းအက္ခရာ မသာမလွန်စေခြင်းငှာ တနှင့်နကို ဆင့်၍ ရေး၊ "သံဝေဂေါစ သံဝေဇနိယေသု ဌာနေသု သံဝိဂ္ဂဿစ ယောနိသော ပဓာနံ" ဟူသော ဓမ္မသင်္ဂဏီ ပါဠိတော်နှင့်အညီ ဆဋ္ဌဂါထာ စတုတ္ထပါဒဝယ် သံဝိဂ္ဂတ္တာဉ္စ၌ စသဒ္ဒါကို အဝုတ္တသမုစ္စည်း ယူ၍ 'သံဝိဂ္ဂါနံ ယောနိသော ပဒဟနတ္ထာနဉ္စ' ဟူသော အနက်ကို မှတ်ရမည်။

ဤသို့ ကျမ်းပြုဆရာတို့၏ ဓမ္မတာသဘောအားဖြင့် ပြုအပ်သောအနက်တို့ကို ပြဆိုပြီး၍ ယခုအခါ သံဝေဂဝတ္ထု ဒီပနီ အမည်ရှိသော ကျမ်းကို ပြုပေအံ့ဟု ဝန်ခံအပ်သည်နှင့်အညီ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့ လာတိုင်း အစွမ်းသတ္တိ ရှိသည့်အလျောက် မဖောက်မပြန် သံဝေဂဝတ္ထုဒီပနီ အမည်ရှိသောကျမ်းကို ပြုပေအံ့သတည်း။

## ၂-ပါဠိတော်လာ ဇာတိ,ဇရာ,ဗျာဓိ,မရဏတည်းဟူသော သံဝေဇနီယဝတ္ထု ၄-ပါးကို ပြခြင်း

ထိုသံဝေဂဝတ္ထုကား ဓမ္မသင်္ဂဏီပါဠိတော်၌-

သံဝေဇနီယံ ဌာနန္တိဇာတိ ဇရာ ဗျာဓိ မရဏံ...

ဟု လေးပါးသာ လာသည်။

သံဝေဇနီယံ၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော။ ဌာနန္တိ၊ အကြောင်းဟူသည်ကား။ ဇာတိ၊ ဇာတိလည်းကောင်း။ ဇရာ ဇရာ လည်းကောင်း၊ ဗျာဓိ၊ ဗျာဓိလည်းကောင်း၊ မရဏံ၊ မရဏံလည်းကောင်း။ ဣတိဣမံ၊ ဤလေးပါးတည်း။

စတုက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌လည်း-

စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိ၊ ကတမာနိ စတ္တာရိ၊ ဇာတိဘယံ ဇရာဘယံ ဗျာဓိဘယံ မရဏဘယံ၊ ဣမာနိခေါ ဘိက္ခဝေ စတ္တာရိ သဟာနိ....

ဟု သံဝေဂညာဏ်ကိုပြသောအားဖြင့် လေးပါးသာလာသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘယာနိ၊ ဘေးတို့သည်။ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့တည်း။ ကတမာနိစတ္တာရိ၊ အဘယ်လေးပါးတို့နည်း ဟူမူကား။ ဇာတိဘယံ၊ ဇာတိဘေး လည်းကောင်း၊ ဇရာဘယံ၊ ဇရာဘေးလည်းကောင်း၊ ဗျာဓိဘယံ၊ ဗျာဓိဘေးလည်းကောင်း။ မရဏဘယံ၊ မရဏံဘေးလည်းကောင်း၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဘယာနိ၊ ဘေးတို့သည်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

---

## ၃-ပါဠိတော်လာ သံဝေဂဝတ္ထုလေးပါးတို့တွင် အဋ္ဌကထာဆရာတို့ အပါယဒုက္ခစသည့် ၄-ပါးကို ထပ်ဖြည့်၍ သံဝေဂဝတ္ထု ၈-ပါးယူသည်ကို ပြခြင်း

ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာ, မဇ္ဈိမနိကာယ် မူလပဏ္ဏာသ အဋ္ဌကထာ, သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ အင်္ဂုတ္တရနိကာယ် ဧကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ, ခုဒ္ဒကနိကာယ် သမ္မောဟ

ဝိဘင်္ဂနာဒနီအဋ္ဌကထာ, မဟာနိဒ္ဒေသအဋ္ဌကထာ, ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ကား-

အဋ္ဌ သံဝေဂဝတ္ထူနိ နာမ ဇာတိ ဇရာ ဗျာဓိ မရဏာနိ စတ္တာရိ၊ အပါယဒုက္ခံ ပဉ္စမံ၊ အတီတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ အနာဂတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ ပစ္စုပ္ပန္နေ အာဟာရပရိယေဋ္ဌိမူလကံ ဒုက္ခန္တိ....

ဟု ပါဠိတော်လာယင်း ဇာတိ ဇရာ ဗျာဓိ မရဏ လေးပါးတို့တွင် အပါယဒုက္ခကို ငါးခုမြောက် ပဉ္စမပြု၍, အတီတေ ဝဋ္ဋမူလက ဒုက္ခကို ခြောက်ခုမြောက် ဆဋ္ဌပြု၍, အနာဂတေ ဝဋ္ဋမူလက ဒုက္ခကို ခုနစ်ခုမြောက် သတ္တမပြု၍, ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိမူလကဒုက္ခကို ရှစ်ခုမြောက် အဋ္ဌမပြု၍ ရှစ်ပါးလာသည်။

အဋ္ဌသံဝေဂဝတ္ထူနိနာမ၊ ရှစ်ပါးသော သံဝေဂဝတ္ထုတို့ မည်သည်ကား။ စတ္တာရိ၊ လေးပါးကုန်သော။ ဇာတိ ဇရာ ဗျာဓိ မရဏာနိ ဇာတိ ဇရာ ဗျာဓိ မရဏတို့လည်းကောင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ အပါယဒုက္ခံ၊ အပါယဒုက္ခလည်းကောင်း။ အတီတေ၊ အတိတ်၌။ ဝဋ္ဋမူလကံ၊ ဝဋ်လျှင် အကြောင်းရှိသော။ ဒုက္ခံ၊ ဒုက္ခလည်းကောင်း။ အနာဂတေ၊ အနာဂတ်၌။ ဝဋ္ဋမူလကံ၊ ဝဋ်လျှင် အကြောင်းရှိသော။ ဒုက္ခံ၊ ဒုက္ခလည်းကောင်း။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်၌။ အာဟာရ ပရိယေဋ္ဌိ မူလကံ၊ အာဟာရကို ရှာမှီးခြင်းလျှင် အကြောင်းရှိသော။ ဒုက္ခံ၊ ဒုက္ခလည်းကောင်း။ ဣတိ ဣမာနိ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

ထိုရှစ်ပါးတို့တွင် ပါဠိတော်လာဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏတို့သည်ကား သုဂတိဘုံ ဒုဂ္ဂတိဘုံတို့၌ ထိုက်သည်အားလျော်စွာ သတ္တဝါတို့အား ဖြစ်ကြကုန်သည်၊ ဒုဂ္ဂတိဘုံ၌သာ ဖြစ်ကုန်သည်မဟုတ်။ ထို့ကြောင့် ထိုဇာတိ ဇရာ ဗျာဓိ မရဏတို့မှတပါး ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း, ထောင်းမွက်ခြင်း, ရေသိပ်ခြင်း,အချင်းချင်းသတ်ခြင်း,နှောင်ဖွဲ့ခြင်း စသည်လျှင် အကြောင်းရှိသော အပါယဒုက္ခကို ငါးခုမြောက် ပဉ္စမပြု၍ အဋ္ဌကထာဆရာတို့ ယူအပ်တော်မူကုန်သည်။

ဤငါးပါးသော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခ တို့ကို ထိုထို သတ္တဝါတို့အား အတိတ်ဘဝ အနာဂတ်ဘဝ၌မှီသည်ကိုပြု၍ ယူအပ်ကုန်သည်မဟုတ်၊ ပစ္စုပ္ပန်၌ မှီသည်ကိုပြု၍သာ ယူအပ်ကုန်၏ဟု နှလုံးပိုက်တော်မူ၍ အတိတ်၌ ဝဋ္ဋမူလကဒုက္ခကို ခြောက်ခုမြောက် ဆဋ္ဌ

ပြု၍, အနာဂတ်၌ ဝဋ္ဋမူလကဒုက္ခကို ခုနစ်ခုမြောက် သံဝေဂမပြု၍ အသီး အခြား တပါးစီ ယူတော် မူကုန်သည်။

အကြင်သတ္တဝါတို့သည်ကား အာဟာရကို အမှီပြု၍ အသက်ရှင်ကုန်၏၊ ထိုအာဟာရကို ရှာမှီးခြင်း၌လည်း ထကြွ လုံ့လပြုခြင်း တည်း ဟူသော အကျိုးကိုမှီ၍ အသက်မွေးကုန်၏၊ ထိုသတ္တဝါတို့အား တပါး သော ဇာတိ အစရှိသည်တို့နှင့် မဆက်ဆံသော အသက်မွေးခြင်းရှိသော ဒုက္ခကို ရှစ်ခုမြောက် အဋ္ဌမ သံဝေဂပြု၍ ယူတော်မူအပ်၏။

ထို့ကြောင့် အင်္ဂုတ္တိုရ် ဋီကာ၌-

တတ္ထ ဇာတိ ဇရာ ဗျာဓိ မရဏာနိ ယထာရယံ သုဂတိယံ ဒုဂ္ဂတိယဉ္စ ဟောန္တီတိ တာဒိသမေဝ ပဉ္စဝိဓဗန္ဓနာဒိ ခုပ္ပိပါသာဒိ အညမည ဝိဗာဓနာဒိဟေတုကံ အပါယဒုက္ခံ ဂဟိတန္တိ ဒဋ္ဌဗ္ဗံ၊ တယိဒံသဗ္ဗံ တေသံ တေသံ သတ္တာနံ ပစ္စုပ္ပန္နသဝ နိဿိတံ ဂဟိတန္တိ အတီတေ အနာဂတေ စ ကာလေ ဝဋ္ဋမူလကဒုက္ခာနိ ဝိသုံ ဂဟိတာနိ၊ ယေ ပန သတ္တာ အာဟာရူပဇီဝိနော၊ တတ္ထ စ ဥဋ္ဌာနဖလူပဇီဝိနော၊ တေသံ အညေဟိ အသာဓာရဏံ ဇီဝိတံ ဒုက္ခံ အဋ္ဌမံ သံဝေဂ ဝတ္ထုတိ ဂဟိတန္တိ ဒဋ္ဌဗ္ဗံ....

ဟု မိန့်အပ်၏၊ ဤနည်းအတူ ဒီဃနိကာယ်ဋီကာ, မဇ္ဈိမနိကာယ်ဋီကာ, သံယုတ္တနိကာယ်ဋီကာ, ဝိသုဒ္ဓိမဂ်ဋီကာ, အနုဋီကာတို့၌လည်း မိန့်အပ်၏။

တတ္ထ၊ ထိုရှစ်ပါးသောသံဝေဂဝတ္ထုတို့တွင်၊ ဇာတိဇရာ ဗျာဓိမရဏာနိ၊ ဇာတိ ဇရာ ဗျာဓိမရဏ လေးပါးတို့သည်၊ ယထာရဟံ၊ ထိုထိုသတ္တဝါ တို့၌ ထိုက်သည်အားလျော်စွာ၊ သုဂတိယဉ္စ၊ သုဂတိဘုံ၌ လည်းကောင်း။ ဒုဂ္ဂတိယဉ္စ၊ ဒုဂ္ဂတိဘုံ၌လည်းကောင်း၊ ဟောန္တိ၊ ကုန်၏။ ဣတိမနသိကတွာ၊ ဤသို့နှလုံးပိုက်တော်မူ၍။ တာဒိသမေဝ၊ ထိုဇာတိ ဇရာ ဗျာဓိ မရဏတို့မှ တပါးသာလျှင်ဖြစ်သော။ ပဉ္စဝိဓဗန္ဓနာဒိ ခုပ္ပိပါသာဒိ အညမညဝိဗာဓ နာဒိ ဟေတုကံ၊ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်းစသည်, ထမင်းမွတ် ခြင်း, ရေသိပ်ခြင်းစသည်,အချင်းချင်း ပုတ်ခတ်ညှဉ်းဆဲခြင်း, နှောင်ဖွဲ့ခြင်း စသည်လျှင် အကြောင်းရှိသော။ အပါယဒုက္ခံ၊ အပါယ်ဆင်းရဲကို။ ပဉ္စမံ၊ ငါးခုမြောက်သော။ သံဝေဂဝတ္ထုတိ၊ သံဝေဂဝတ္ထုဟူ၍။ အာစရိယေဟိ၊ အဋ္ဌကထာ ဆရာတို့သည်။ (ဤသုံးပုဒ်ကားထည့်သည်)ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တယိဒံ တံ ဣဒံ သဗ္ဗံ၊ ထိုအလုံးစုံသောဇာတ်

ဇရာ ဗျာဓိ မရဏ အပါယဒုက္ခကို။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသို့သော သတ္တဝါတို့၏။ ပစ္စုပ္ပန္န ဘဝနိဿိတံ၊ ပစ္စုပ္ပန်ဘဝ၌မှီသည်ကို။ ကတွာ၊ ပြု၍။ ဂဟိတံ၊ ယူအပ်၏။ ဣတိ မနသိကတွာ၊ ဤသို့နှလုံး၌ ပိုက်တော်မူ၍။ အတီတေစကာလေ၊ အတိတ်ကာလ၌ လည်းကောင်း။ အနာဂတေစ ကာလေ၊ အနာဂတ်ကာလ၌ လည်းကောင်း။ ဝဋ္ဋမူလက ဒုက္ခဝနိ ဝဋ်ဆင်းရဲလျှင် အကြောင်းရှိသော ဒုက္ခတို့ကို ဆဋ္ဌ သတ္တမာနိ၊ ခြောက်ခုမြောက်, ခုနှစ်ခု မြောက် ဖြစ်ကုန်သော။ သံဝေဂဝတ္ထူနိတိ၊ သံဝေဂဝတ္ထုတို့ဟူ၍။ ဣတိ၊ ဤသို့ အသိ၊ အစရိယေတိ၊ အဋ္ဌကထာဆရာတို့သည်။ ဂဟိတာနိ၊ ယူအပ်ကုန်၏။ ယေပန သတ္တာ၊ အကြင်သတ္တဝါတို့သည်ကား။ အာဟာရူပ ဇီဝိနော အာဟာရကိုမှီ၍ အသက်မွေးကုန်၏။ တတ္ထစ၊ ထိုအာဟာရကို ရှာမှီးခြင်း၌လည်း။ ဥဋ္ဌာနဖလူပဇီဝိနော၊ ထကြွလုံ့လပြုခြင်း၏အကျိုးကိုမှီ၍အသက်ရှင်ကုန်၏။ တေသ၊ ထိုသတ္တဝါတို့အား။ အညေဟိ၊ ဇာတိစသောသံဝေဂဝတ္ထုတရားခုနစ်ပါးတို့နှင့်။ အသာဓာရဏံ ဇီဝိတံ၊ မဆက်ဆံသောအသက်ရှင်ခြင်းရှိသော။ ဒုက္ခံ၊ ဒုက္ခကို။ အဋ္ဌမံ၊ ရှစ်ခုမြောက်သော၊ သံဝေဂဝတ္ထုတိ၊ သံဝေဂဝတ္ထုဟူ၍။ အာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

---

### ၄-သံဝေဂဝတ္ထုနိဒ္ဒေသ-ဟူသောပါဠ်၌ သံဝေဂသည် စိတ္တုတြာသသံဝေဂ, ဩတ္တပ္ပသံဝေဂ, ဉာဏသံဝေဂ, ဓမ္မသံဝေဂ လေးပါးပြားကြောင်းနှင့်တကွ သံဝေဂအရကောက်ပုံကိုပြခြင်း

သံဝေဂဝတ္ထုနိဒ္ဒေသ=ဟူသောပဌ်၌ သံဝေဂသည်=

၁။ စိတ္တုတြာသ သံဝေဂ,

၂။ ဩတ္တပ္ပသံဝေဂ,

၃။ ဉာဏသံဝေဂ,

၄။ ဓမ္မသံဝေဂ=ဟူ၍ လေးပါး အပြားရှိ၏၊ ထိုလေးပါးတို့တွင် စိတ္တုတြာသသံဝေဂကိုညွှန်း၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌-

ယေဘုယျေန ဘယံ သန္တာသံဝေဂံ အာပဇ္ဇန္တီတိ သဗ္ဗံ စိတ္တုတြာသဿေဝ နာမံ....ဟု မိန့်အပ်၏။

ယေဘုယျနပ၊ များသောအားဖြင့်။ ဘယံ၊ ကြောက်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။ သံဝေဂံ၊ တုန်လှုပ်ခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဣတိ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံသည်။ စိတ္တုတြာသဿေဝ၊ စိတ် ထိတ်လန့်ခြင်း၏ သာလျှင်။ နာမံ၊ အမည်တည်း။

သြတ္တပ္ပသံဝေဂ, ဉာဏသံဝေဂနှစ်ပါးကိုရည်၍ မူလဋီကာ၌=

သံဝေဂေါတိ သဟောတ္တပ္ပံ ဉာဏံ၊ သြတ္တပ္ပမေဝ ဝါ...

ဟု မိန့်အပ်၏။

သံဝေဂေါတိ၊ သံဝေဂ ဟူသည်ကား။ သဟောတ္တပ္ပံ၊ သြတ္တပ္ပနှင့် တကွသော။ ဉာဏံ၊ ဉာဏ်တည်း။ ဝါ၊ တနည်းကား။ သြတ္တပ္ပမေဝ၊ ဉာဏ်နှင့် မယှဉ်မဘက် သြတ္တပ္ပ သက်သက်သာတည်း။

ဉာဏသံဝေဂကိုရည်၍ မေဃိယဋ္ဌကထာပါဠိတော်၌-

သံဝေဂေါတိ ဇာတိဘယံ ဇရာဘယံ ဗျာဓိဘယံမရဏဘယံ....

ဟု ဟောတော်မူအပ်၏။

သံဝေဂေါတိ၊ သံဝေဂ ဟူသည်ကား၊ ဇာတိ ဘယံ၊ ဇာတိမှ ကြောက်ခြင်း။ ဇရာဘယံ၊ ဇရာမှ ကြောက်ခြင်း။ ဗျာဓိဘယံ၊ ဗျာဓိမှကြောက်ခြင်း မရဏဘယံ၊ မရဏမှ ကြောက်ခြင်းတည်း။

ရင်းဉာဏသံဝေဂကိုပင် ရည်၍ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း 'စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိ' စသောပါဌ်ကို ဟောတော်မူသည်။ ထိုပါဌ်အနက်ကို အောက်၌ ရေးခဲ့ပြီ။

ရင်းဉာဏသံဝေဂကိုရည်၍ အဋ္ဌသာလိနီ၌-

ဇာတိ ဘယန္တိ ဇာတိံ ဘယတော ဒိသွာ ဌိတဉာဏံ၊ ဇရာ မရဏာဒီသုပိ ဧသေဝနယော....ဟု မိန့်အပ်၏။

ဇာတိ ဘယန္တိ၊ ဇာတိဘယံ ဟူသည်ကား။ ဇာတိံ၊ ဇာတိကို။ ဘယတော၊ ဘေးအားဖြင့်။ ဒိသွာ၊ မြင်၍။ ဌိတဉာဏံ၊ တည်သောဉာဏ်တည်း။ ဇရာ မရဏာဒီသုပိ၊ ဇရာ မရဏ စသည်တို့၌လည်း။ ဧသေဝနယော။ ဤနည်းသာလျှင် နည်းရှိ၏။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၌လည်း-

> ဇာတိဘယန္တိ ဇာတိံ အာရဗ္ဘ ဥပ္ပဇ္ဇနက ဘယံ၊ သေသ ပဒေသုပိ ဧသေဝ နယော....ဟု မိန့်ဆိုအပ်၏။

ဇာတိဘယန္တိ၊ ဇာတိဘယံ ဟူသည်ကား။ ဇာတိံ၊ ဇာတိကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥပ္ပဇ္ဇနကဘယံ၊ ဖြစ်သော ကြောက်ခြင်းတည်း၊ သေသ ပဒေသုပိ၊ ကြွင်းသော ပုဒ်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင် နည်းရှိ၏။ ၎င်းဉာဏသံဝေဂကိုပင် ရည်၍ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ၌လည်း–

> သံဝေဂပဒဋ္ဌာနန္တိ သဟောတ္တပ္ပဉာဏပဒဋ္ဌာနံ....ဟုမိန့်အပ်၏။

သံဝေဂ ပဒဋ္ဌာနန္တိ၊ သံဝေဂလျှင် နီးသော အကြောင်းရှိ၏ ဟူသည်ကား။ သဟောတ္တပ္ပ ဉာဏပဒဋ္ဌာနံ၊ ဩတ္တပ္ပနှင့်တကွသော ဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ အင်္ဂုတ္တိုရ်ဋီကာ၌လည်း–

> သံဝေဇနကေသု ကာရဏေသူတိ သံဝေဇနကေသု ဇာတိ အာဒီသု ကာရဏေသု၊ သံဝေဇနီယေသု ဌာနေသု သဟောတ္တပ္ပ ဉာဏံ သံဝေဂေါ....ဟု မိန့်အပ်၏။

သံဝေဇနကေသု ကာရဏေသူတိ၊ သံဝေဇနကေသု ကာရဏေသု ဟူသည်ကား။ သံဝေဇနကေသု၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဇာတိ အာဒီသု၊ ဇာတိ အစရှိကုန်သော။ ကာရဏေသု၊ ရှစ်ပါးသော အကြောင်းတို့၌။ သံဝေဇနီယေသု၊ ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော။ ဌာနေသု၊ ဇာတိ အစရှိသော ရှစ်ပါးသော အကြောင်းတို့၌။ သဟောတ္တပ္ပဉာဏံ၊ ဩတ္တပ္ပနှင့်တကွသော ဉာဏ်သည်။ သံဝေဂေါ၊ သံဝေဂမည်၏။

ဓမ္မသံဝေဂကိုရည်၍ သာရတ္ထဒီပနီ၌–

> ဓမ္မသဘာဝ စိန္တာဝသေန ပဝတ္တံ သဟောတ္တပ္ပဉာဏံ ဓမ္မ သံဝေဂေါ....ဟု မိန့်အပ်၏။

ဓမ္မသဘာဝ စိန္တာဝသေန၊ ဓမ္မသဘောကို ကြံသည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ သဟောတ္တပ္ပ ဉာဏံ၊ ဩတ္တပ္ပနှင့် တကွသော ဉာဏ်သည်။ ဓမ္မသံဝေဂေါ၊ ဓမ္မသံဝေဂ မည်၏။

ဓမ္မသံဝေဂ ဟူသည် သရုပ် တရားကိုယ်အားဖြင့် ဉာဏသံဝေဂနှင့် အတူတူပင်၊ အထူးကား ဉာဏသံဝေဂမှာ ပုထုဇဉ်သေက္ခတို့အားဖြစ်သည်။

ဓမ္မသံဝေဂမှာ ရဟန္တာတို့အားသာ ဖြစ်သည်၊ ဤကား အထူး။

ထို့ကြောင့် သာရတ္ထဒီပနီ၌-

သဗ္ဗသင်္ခတဓမ္မေသု,ဩတ္တပ္ပါကာရ သဏ္ဌိတံ၊

ဉာဏမောဟိတဘာရာနံ, ဓမ္မသံဝေဂ သညိတံ....ဟု မိန့်အပ်၏။

ဩဟိတဘာရာနံ၊ ချအပ်ပြီးသော ကိလေသာဝန် ရှိကုန်သောရဟန္တာတို့အား။ ဝါ၊ ချအပ်ပြီးသော ခန္ဓာဝန်ရှိကုန်သော ရဟန္တာတို့အား။ တို့၏။ သဗ္ဗ သင်္ခတ ဓမ္မေသု၊ အလုံးစုံသော သင်္ခတတရားတို့၌။ ဩတ္တပ္ပါ-ကာရ သဏ္ဌိတံ၊ ထိပ်လန့်သော အခြင်းအရာအားဖြင့်တည်သော။ ဉာဏံ၊ ဉာဏ်ကို။ ဓမ္မသံဝေဂသညိတံ၊ ဓမ္မသံဝေဂဟု မှတ်အပ်၏။

ထိုလေးပါးသော သံဝေဂတို့တွင် တရားကိုယ်အားဖြင့်-

၁။ စိတ္တုတြာသသံဝေဂကား ဒေါသ စေတသိက်။

၂။ ဩတ္တပ္ပသံဝေဂကား ဩတ္တပ္ပစေတသိက်။

၃။ ဉာဏသံဝေဂကား ဩတ္တပ္ပနှင့်တကွသော ပညာစေတသိက်။

၄။ ဓမ္မသံဝေဂကား-ဩတ္တပ္ပါကာရအားဖြင့် တည်သော အမောဟ စေတသိက်။

ဤသို့တရားကိုယ်အားဖြင့် မှတ်သားအပ်၏၊ထိုလေးပါးတို့တွင် "အဋ္ဌသံဝေဂဝတ္ထူနိနာမ" ဟူသော ပါဠိ၌ ဉာဏသံဝေဂ, ဓမ္မသံဝေဂကိုသာ အလိုရှိအပ်၏။

၅-သံဝေဂဝတ္ထုနိ ဟူသောပုဒ်၏ ဝိဂ္ဂိုဟ် ဝစနတ်
ဓာတ်ပစ္စည်း အရကောက်ကို ပြဆိုခြင်း

သံဝေဂဝတ္ထု၏အရကို ဧကန္တသဘောကျ သိစိမ့်သောငှာ ဝစနတ္ထ ဝိဂ္ဂိုဟ်ဆို၍ ဓာတ်အရ ပစ္စည်းအချနှင့်တကွ ပြဦးအံ့။

သံဝိဇ္ဇတီတိ သံဝေဂေါ။

ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ သံဝိဇ္ဇတိ၊ ထိတ်လန့်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ထိတ်လန့်တတ်သော သတ္တိကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ သံဝေဂ မည်၏။

၂၆၁၇

သံဝိဇ္ဇတိတိ ကား ကတ္တုသာဓန ကိတ်ဝိဂ္ဂြိုဟ်သံဝေဂေါကား ကတ္တုသာဓန ကိတ်ပုဒ်၊ သံ-ပုဗ္ဗ ဝိဇ-ဓာတ်၊ ဏ ပစ္စည်း၊ သံ-ပုဗ္ဗ ဝိဇ-ဓာတ်၏ အရကား ဇာတိစသော အကြောင်းတရား ရှစ်ပါးတို့၌ ထိတ်လန့်တုန်လှုပ်တတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဩတ္တပ္ပနှင့်တကွသော,ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ်၏ ဘယစလန သဘောသည် မုချအားဖြင့် ရ၏၊ ယောနိသော မနသိကာရ စသော အကြောင်းသည် ဖလူပစာရတ္တအားဖြင့် ရ၏၊ ဏ=ပစ္စည်း၏အရကား ထိုမုချ,ဖလူပစာရတ္တဖြင့် မှတ်အပ်သော ဩတ္တပ္ပနှင့် တကွသော ဉာဏ်, ဩတ္တပ္ပါကာရအားဖြင့် တည်သော ဉာဏ်ရ၏။

**တနည်းကား....**သံဝိဇ္ဇန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဝါ သံဝေဂေါ။

ဝါ၊ တနည်းကား။ ဧတေန ဓမ္မဇာတေန၊ ဤတရား သဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ထိတ်လန့် တုန်လှုပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သမ္ပယုတ်တရားတို့၏ ထိတ်လန့်တုန်လှုပ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သော ဓမ္မဇာတော၊ ထိုသဘောတရားသည်။ သံဝေဂေါ၊ သံဝေဂမည်၏။

သံဝိဇ္ဇန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိကား ကရဏသာဓန ကိတ်ဝိဂ္ဂြိုဟ်၊ သံဝေဂေါကား ကရဏသာဓန ကိတ်ပုဒ်၊ သံ-ပုဗ္ဗ ဝိဇ-ဓာတ်၊ ဏ-ပစ္စည်း၊ သံ-ပုဗ္ဗ ဝိဇဓာတ်အရ ကတ္တုတ္တကြိယာကား ဇာတိ စသောအကြောင်းတရားရှစ်ပါးတို့၌ ထိတ်လန့်တုန်လှုပ်တတ်သော အခြင်းအရာ အားဖြင့်ဖြစ်သော ဩတ္တပ္ပနှင့်တကွသော, ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ်၏ ဘယစလနသဘောသည် မုချအားဖြင့် ရ၏၊ ယောနိသောမနသိကာရ စသောအကြောင်းသည်ဖလူပစာရတ္တအားဖြင့်ရ၏၊ ကရဏတ္တကြိယာကား သဒ္ဒါ သတိစသော သမ္ပယုတ်တရားတို့၏ သဟဇာတ စသော သတ္တိသည် ကာရဏူပစာရတ္တ အားဖြင့် ရ၏၊ ဏ ပစ္စည်း၏ အရကား ထိုမုချ ဖလူ ကာရဏူပစာရတ္တတို့ဖြင့် မှတ်အပ်သော ဩတ္တပ္ပနှင့် တကွသော ဉာဏ်, ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ် ရ၏။

**တနည်းကား....**သံဝိဇ္ဇနံ ဝါ သံဝေဂေါ။

ဝါ၊ တနည်းကား။ သံဝိဇ္ဇနံ၊ ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂေါ၊ ထိတ်လန့်တုန်လှုပ်ခြင်း။

သံဝိဇ္ဇနံကား ဘာဝသာဓနကိတ်ဝိဂြိုဟ်၊ သံဝေဂေါကား ဘာဝသာဓနကိတ်ပုဒ်၊ သံ ပုဗ္ဗ ဝိဇ-ဓာတ်၊ ဏ-ပစ္စည်း၊ သံ-ပုဗ္ဗ ဝိဇ-ဓာတ်၏ အရကား ဇာတိစသော အကြောင်းတရား ရှစ်ပါးတို့၌ ထိတ်လန့် တုန်လှုပ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဩတ္တပ္ပနှင့် တကွသော, ဩတ္တပ္ပါ ကာရအားဖြင့်တည်သော ဉာဏ်၏ဥပ္ပါဒရန်၏ ဏ-ပစ္စည်း၏ အရကား ဥပ္ပါဒဝန္တ ဖြစ်သောဉာဏ် ရ၏။

ဝသတိ ဧတ္ထာကိ ဝတ္ထုနိ။

ဧတ္ထ၊ ၎င်းဇာတိစသော အကြောင်းတရား ရှစ်ပါးတို့၌။ သံဝေဂေါ၊ သံဝေဂဉာဏ်သည်။ ဝသတိ၊ နေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ နေရာဖြစ်သော သတ္တိကြောင့်။ တာနိ၊ ထိုဇာတိစသော အကြောင်းတရား ရှစ်ပါးတို့သည်။ ဝတ္ထုနိ၊ ဝတ္ထုမည်ကုန်၏။

ဝသတိ ဧတ္ထာတိကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်၊ ဝတ္ထုနိကား အဓိကရဏသာဓနကိတ်ပုဒ်၊ ဝသ-ဓာတ်၊ ရတ္ထု-ပစ္စည်း၊ ဝသ—ဓာတ်၏ အရ ကတ္တုတ္ထကြိယာကား ဉာဏသံဝေဂ, ဓမ္မသံဝေဂသည် မုချအားဖြင့် ရ၏၊ အဓိကရဏ်တ္ထကြိယာကား ဇာတိစသော အကြောင်းတရား ရှစ်ပါးတို့၏ ပကတူပနိဿယ သတ္တိသည် ကာရကူပစာရတ္ထ အားဖြင့်ရ၏၊ ရတ္ထုပစ္စည်း၏အရကား ထိုကာရကူပစာရဖြင့် မှတ်အပ်သော ဇာတိစသော အကြောင်းတရားရှစ်ပါးရ၏။

သံဝေဂဿ ဝတ္ထုနီတိ သံဝေဂဝတ္ထုနိ။

သံဝေဂဿ၊ ဉာဏသံဝေဂ, ဓမ္မသံဝေဂ၏။ ဝတ္ထုနိ၊ နေရာတည်ရာ အကြောင်းတို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သံဝေဂဝတ္ထုနိ၊ သံဝေဂ ဝတ္ထု မည်ကုန်၏။

သံဝေဂဿ ဝတ္ထုနီတိကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ သံဝေဂ ဝတ္ထုနိကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ သံဝေဂပုဒ်, ဝတ္ထုပုဒ်၊ သံဝေဂ ဟူသော ရှေ့ပုဒ်၏ အရကား ဉာဏသံဝေဂ, ဓမ္မသံဝေဂ ရ၏၊ ထိုသံဝေဂ၏ ဇာတိစသော အကြောင်းတရား ရှစ်ပါးတို့နှင့် ဌာနီ-ဌာန, အာရမ္မဏိက-အာရုံ၏အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်သည် ဌာန္ယူပစာရတ္ထ အားဖြင့်ရ၏၊ သံဝေဂဝတ္ထုနိ ဟူသော သမာသ်ပုဒ်လုံး၏ အရကား ဇာတိ

စသော သံဝေဂဝတ္ထု တရားရှစ်ပါးရ၏၊ ဤသို့သဒ္ဒါတတ်သော သူသည်သာ ကေန္တ သဘောကျ မှတ်နိုင်မည်၊ သဒ္ဒါမတတ်က သဂေါ်တမျှသာ။

### ၆-စိတ္တုတြာသသံဝေဂ အရာ၌ ကြောက်မက်ဖွယ်သော အာရုံကိုလည်း မကြောက်သော ခြင်္သေ့စသော ပုဂ္ဂိုလ် ခြောက်ဦးတို့ အကြောင်း

ထိုလေးပါးသော သံဝေဂတို့တွင် စိတ္တုတြာသ သံဝေဂ ကား.... ကြောက်မက်ဖွယ်သော ရူပါရုံကို မြင်ရသည်ရှိသော်, ကြောက်မက်ဖွယ်သော သဒ္ဒါရုံကို ကြားရသည်ရှိသော်, ကြောက်မက်ဖွယ်သော ဂန္ဓာရုံကို နမ်းရသည်ရှိသော်, ကြောက်မက်ဖွယ်သော ရသာရုံကို လျက်ရသည် ရှိသော်, ကြောက်မက်ဖွယ်သော ဖောဋ္ဌဗ္ဗာရုံကို တွေ့ရသည် ရှိသော်, ကြောက်မက်ဖွယ်သော ဓမ္မာရုံကို သိရသည်ရှိသော် သတ္တဝါခပ်သိမ်းတို့အား များသောအားဖြင့် မကြောက် မထိတ် မလန့်သောမည်သည် မရှိ၊ ကြောက်ထိတ်လန့်သည်သာတည်း၊ အနည်းငယ်သော သတ္တဝါတို့အား မကြောက်မထိတ် မလန့်၊ ထို့ကြောင့် စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌

တေ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ....ဟု ယေဘုယျသဒ္ဒါနှင့် မ,၍ ဟောတော်မူသည်။

တေ၊ ထိုသတ္တဝါတို့သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ဘယံ ကြောက်ခြင်းသို့၊ သံဝေဂံ၊ တုန်လှုပ်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့၊ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။

အနည်းငယ် အဘယ် သတ္တဝါတို့အား မကြောက်သနည်းဟူမူကား....

(၁) ခြင်္သေ့။ (၂) ဆင်အာဇာနည်။ (၃) မြင်းအာဇာနည်။ (၄) ဥသဘ အာဇာနည်။ (၅) ယောကျ်ားအာဇာနည်။ (၆) ရဟန္တာ။ ဤခြောက်ယောက်သော သတ္တဝါတို့အား မကြောက်။

သီဟော ဟတ္ထာဇာနီယော အဿာဇာနီယော ဥသဘာဇာနီယော ပုရိသာဇာနီယော ခီဏာသဝေါတိ။

(စတုက္ကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ)

သီဟော၊ ခြင်္သေ့။ ဟတ္ထာဇာနီယော၊ ဆင်အာဇာနည်။ အဿာဇာနီယော၊ မြင်း အာဇာနည်။ ဥသဘာဇာနီယော၊ နွားလားဥသဘ အာဇာနည်။

ပုရိသာဇာနီယော၊ယောကျ်ားအားဇာနည်။ ခိဏာသဝေါ။ ရဟန္တာ၊ ဣတိ ဣမသာ၊ ဤခြောက်ယောက်သော သတ္တဝါတို့သည်။ဘယံ၊ ကြောက်ခြင်းသို့။ သံဝေဂံ၊ တုန်လှုပ်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။န အာပဇ္ဇန္တိ၊ မရောက်ကုန်။

ဤခြောက်ယောက်ကုန်သော သူတို့တွင် ဆင်အာဇာနည် အစရှိသော ငါးယောက်သောသူတို့သည် သက္ကာယဒိဋ္ဌိအားကြီးသည်၏ အဖြစ်ကြောင့် မကြောက်ကြကုန်သည်၊ရဟန္တာသည် သက္ကာယဒိဋ္ဌိကို ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် မကြောက်သည်။

> ဟတ္ထာဇာနီယာဒယော အတ္တနော သက္ကာယဒိဋ္ဌိ ဗလဝတာယ န ဘာယန္တိ၊ ခီဏာသဝေါ သက္ကာယဒိဋ္ဌိယာ ပဟီနတ္တာ န ဘာယတိ။
>
> (ငှင်း အဋ္ဌကထာ)

ဟတ္ထာ ဇာနီယာဒယော၊ ဆင်အာဇာနည် အစရှိသည် တို့သည်။ အတ္တနော၊မိမိ၏။ သက္ကာယဒိဋ္ဌိဗလဝတာယ၊ သက္ကာယဒိဋ္ဌိအားကြီးသည်၏ အဖြစ်ကြောင့်။ နဘာယန္တိ၊ မကြောက်ကုန်။ ခီဏာသဝေါ၊ ရဟန္တာသည်။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိကို။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ နဘာယတိ၊ မကြောက်။

---

### ၇-စိတ္တုတြာသ သံဝေဂကင်းသော ပုဂ္ဂိုလ် ခြောက်-ယောက်တို့တွင် ခြင်္သေ့၏စိတ္တုတြာသ သံဝေဂကင်းခြင်း၌ ထုတ်ဆောင်အပ်သော ပထမဝတ္ထု

ခြင်္သေ့၏ ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိသည်ကို သုတ္တနိပါတ် အဋ္ဌကထာ၌ လာသည်ကား....ဗာရာဏသီမင်း၏ ဥယျာဉ်သည် မြို့မှ ဝေးသော အရပ်၌ တည်၏။ ထိုမင်းသည် နံနက်စောစောကထ၍ အပျော် အပါး ဥယျာဉ်ကစားခြင်းငှာ သွားလေသော် ခရီးလမ်းအကြားတွင် ရထားမှ ဆင်းသက်၍ မျက်နှာသစ်အံ့သောငှာ ရေရှိရာအရပ်သို့ ကပ်လေ၏။ ထိုအရပ်ဘွင် ခြင်္သေ့မ တကောင်သည် သားငယ်ကို မွေးထားခဲ့၍ အစားအစာရှာအံ့သောငှာ အရပ်တပါးသို့သွားခဲ့၏၊မင်းချင်းတယောက် သည် ခြင်္သေ့ငယ်ကို မြင်လျှင် "အရှင်မင်းကြီး....ခြင်္သေ့ပါတကား"ဟု လျှောက်ကြား၏၊ မင်းလည်း "အချင်း....ခြင်္သေ့ ဟူက အစုံတခုကိုမျှ

မကြောက်ဟူသည် မှန်မည်လော''ဟု မေး၏၊ မှန်ကြောင်းကို လျှောက်လေလျှင် စုံစမ်းအံ့ဟု စည်ကြီး, ခရုသင်း, လင်းကွင်း, မုရိုး, အိုးစည်,ပုံမောင်း တို့ကို သောင်းသောင်း ညံညံ တီးမှုတ်၍ သေနတ် စိန်ပြောင်းအမြောက်တို့ကို ပစ်ဖောက်ပြီးလျှင် တပြိုက်နက် တချက်တည်း အုတ်အုတ်ကျက်ကျက် ပစ်အော် ကြွေးကြော်ကြသည်၊ ခြင်္သေ့ငယ်သည် ထိုအသံကိုကြားသော်လည်း ကြောက်ထိတ်လန့်ခြင်း မရှိ၊ အိပ်မြဲအိပ်၍သာနေ၏၊ ဤနည်းအတူ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ပြုစေသော်လည်း ထိတ်လန့်ခြင်းမရှိ၊သုံးကြိမ်မြောက်မှ ဦးခေါင်းကိုမ,၍ကြည့်ပြီးလျှင် အိပ်မြဲတိုင်းအိပ်၍သာ နေလေ၏၊ ထိုအခါ ဗာရာဏသီမင်းသည် ခြင်္သေ့ငယ်၏မိခင်မလာခင်အလျင်တဆော သွားမှလင့်မည်ဟု ကြံအောက်မေ့၍ သွားလျက်ပင်စိတ်၌ဤသို့အကြံဖြစ်သတည်း၊ ''ယနေ့သာဖွားသော ခြင်္သေ့ငယ်သည်မကြောက်မလန့်သကဲ့သို့ အဘယ်နံခါ ငါလည်း ကြောက်လန့်စေတတ်သောတဏှာဒိဋ္ဌိကို ပယ်ဖျောက်၍ မကြောက်မလန့် နေရပါအံ့နည်း'' ဟု အကြံဖြစ်သည်၊ ယင်းသို့ ကြံသည်အတိုင်း မင်းအဖြစ်ကို စွန့်ပစ်ပယ်ရှား၍ ရဟန်းတရားကိုအားထုတ်လေလျှင် မကြာခင် ပစ္စေကဗောဓိဉာဏ်ကိုမျက်မှောက်ပြုရကား ကြောက်ခြင်းကင်းလေသတည်း။

## ၈-ခြင်္သေ့၏ စိတ္တုပ္ပါဒသံဝေဂကင်းခြင်း၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု

အမှတ်မရှိသော ဗာရာဏသီမင်း တယောက်သည်လည်း ဂစ္ဆန္တရစ်ပုန်ကုန်သောင်းကျန်းသည်ကို ငြိမ်ဝပ်စေခြင်းငှာ ရွာစဉ်မြို့လျှောက် ခရီးကောက်ကို စွန့်ပစ်၍ ရောက်လွယ်အောင် ခရီးဖြောင့်သန်းလျက် တောလမ်းကိုယူ၍ လူသူရဲမက် ဆင်မြင်းဗိုလ်ပါ အများနှင့် သွားလေသော်တခုသော တောင်ခြေ၌ နေရောင်လှုံလျက် ခြင်္သေ့တကောင်သည် အိပ်၍နေလေ၏၊ ယင်းသို့ နေသည်ကို ရှေးနည်းဖြင့် မင်းချင်းယောကျ်ားတို့လျှောက်ကြား၍ ရှေးနည်းဖြင့် စုံစမ်းသော် တကြိမ် နှစ်ကြိမ်တိုင်အောင်မထပဲ အိပ်မြဲတိုင်းသာ အိပ်၍နေ၏၊ သုံးကြိမ်မြောက်သည့်ကာလ ထပြီးလျှင် ဤအရပ်တွင် ငါ၏ရန်သူတို့သည် ရှိယောင်တကားဟု ကြုံးဝါး၍ဟောက်သံပေးလတ်သော် ဆင်စီး မြင်းစီး သူရဲအပေါင်းတို့သည် ဆင်ခေါင်း မြင်းကျောမှလျှောကျ၍ ဆင်မြင်းအလုံးစုံတို့သည် တောချုံသို့ဝင်

ကြလေကုန်၏၊ မင်းစီးသော ဆင်လည်း မင်းကိုယူပြီးလျှင် တောချုံသို့ ဝင်လေ၏၊ မင်းလည်း မိမိစီးသော ဆင်ကို ချွန်းပြင်၍ အုပ်ပါဩြးသော်လည်း မတတ်နိုင်ရကား ချုံကြားသစ်ပင်အောက်သို့ဝင်၍ အထွက်တွင် သစ်ခက်ကို ဆွဲပြီးလျှင် သစ်ပင်မှဆင်းသက်၍ ခြေလမ်းခရီးဖြင့်သွားလေသော် ပစ္စေကဗုဒ္ဓါတို့နေရာ သခ်မ်းသို့ရောက်လေ၏၊ မင်းကြီးလည်း 'အရှင်ဘုရားတို့ အသံကိုကြားတော်မူကြကုန်၏လော'ဟု လျှောက်လေသော် ပစ္စေကဗုဒ္ဓါတို့လည်း 'ကြား၏ မင်းကြီး' ဟု မိန့်တော်မူကုန်၏။ 'အဘယ်အသံနည်း' ဟု လျှောက်ပြန်၏၊ 'ရှေးဦးစွာ စည်ကြီး, ခရုသင်း စသည်တို့၏အသံကိုကြားသည်၊ ထိုနောက် ခြသေ့်အသံကိုကြားသည်' ဟု မိန့်တော်မူကြကုန်လျှင် 'အရှင်ဘုရားတို့ မကြောက်ကြကုန်လော' မေး၏၊ 'မင်းကြီး ငါတို့ကား တစုံတခုသော အသံမှ မကြောက်ကြကုန်' ဟု မိန့်တော်မူကြကုန်၏။

န မယံ မဟာရာဇ ကဿစိ သဒ္ဒဿ ဘာယာမာတိ။

(သုတ္တနိပါတ် အဋ္ဌကထာ)

မဟာရာဇ၊ မင်းမြတ်။ မယံ၊ ငါတို့သည်။ ကဿစိ၊ တစုံတခုသော။ သဒ္ဒဿ၊ အသံမှ။ နဘာယာမ၊ မကြောက်ကြကုန်။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။ ။(အဘယ်ကြောင့် မကြောက်ကြကုန်သနည်း ဃခင်ပြဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်ခြောက်ယောက်ဘို့တွင် ရဟန္တာဖြစ်၍ မကြောက်ကြကုန်) အကျွန်ုပ်အားလည်း အရှင်ဘုရားတို့ကဲ့သို့ မကြောက်သည်ကို ပြုခြင်းငှာ တတ်ကောင်းပါအံ့လော'ဟု လျှောက်လေသော် 'တကာတော် မင်းကြီးလည်း ငါတို့ကဲ့သို့ ရဟန်းပြုမှ တတ်နိုင်၏' ဟု ဆိုသောကြောင့် မကြောက်ခြင်းငှာ ရဟန်းပြုရာတွင် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်၍ကြောက်ခြင်း ကင်းလေ၏၊ ဤသို့လာသော အဋ္ဌကထာစကားကို ထောက်ထား ဆင်ခြင်၍ ခြသေ့်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိသည်ကို သိအပ်၏။

## ၆-စိတ္တုတြာသသံဝေဂ ကင်းသော ပုဂ္ဂိုလ် ခြောက် ယောက်တို့တွင် ဆင်အာဇာနည် ၏ စိတ္တုတြာသ သံဝေဂ ကင်းခြင်း၌ ထုတ်ဆောင်အပ်သော ပထမဝတ္ထု

ဆင်အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိ

သည်ကို ဇာတ်အငွေကထာ တို့၌ လာသည်ကား...သဗ္ဗညု ဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေလျော် နေတော်မူသောအခါ ဒေဝဒတ်ကို အကြောင်းပြု၍ တရားသဘင်၌ ဤသို့ စကားဖြစ်သတည်း။

ငါ့ရှင်တို့....ဒေဝဒတ်သည် သဗ္ဗညုဘုရား၏ ဂုဏ်ပြည့်နှင့် တူသော မျက်နှာတော်ကိုလည်းကောင်း၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော တလံမျှလောက်သော ရောင်ခြည်တော်အဝန်းဖြင့် ထက်ဝန်းကျင်မှ ခြံရံအပ်သော အသွယ်သွယ် အစုံစုံသော တခဲနက်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်တော်မူထသော အလွန်တင့်တယ်ခြင်းသို့ရောက်သော ကိုယ်တော်ကို လည်းကောင်း၊ မြင်၍ ကြည်ညိုခြင်းငှာ မတတ်နိုင်၊ ငင်ငင်စစ်မှာမူ ငြူစူခြင်းကိုသာ ပြု၏၊ ဘုရားတို့မည်သည် ဤသို့သော သီလဂုဏ်နှင့်ပြည့်စုံ၏၊ ဤသို့သော သမာဓိဂုဏ်, ဤသို့သော ပညာဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံ၏ဟု ချီးမွမ်းအံ့သြကြသော စကားကို သည်းခံခြင်းငှာမတတ်နိုင်၊ စင်စစ်မှာမူ ငြူစူစောင်းမြောင်းလျက် အမျက်ထွက်ခြင်းကိုသာ ပြု၏။ ဤသို့လျှင် ဒေဝဒတ်၏ ကျေးဇူးမဲ့စကားကို ပြောကြားလျက်

တရားသဘင်၌ နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ 'ချစ်သားတို့....ယခုအခါ ငါဘုရား ကြွလာတော်မူစဉ် သင် ချစ်သားတို့သည် အဘယ်စကားကို အပြီးမသတ် တန့်ရပ်၍ နေကြကုန်သနည်း' ဟု မိန့်တော်မူသောကြောင့် အကြောင်းစကား လျှောက်ကြားလတ်သော် ဘုန်းတော်ကြီးလှသော သဗ္ဗညုဘုရားလည်း 'ချစ်သားတို့ ဒေဝဒတ်သည် ယခုမှသာ ငါ၏ ကျေးဇူးဂုဏ်အပေါ်၌ စောင်းမြောင်း ငြူစူသည် မဟုတ်၊ ရှေးကလည်း စောင်းမြောင်း ငြူစူသည်သာလျှင်တည်း' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ချစ်သားတို့....လွန်လေပြီးသော ကာလ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မဂဓရာဇ်မင်းသည် မင်းပြုလတ်သော် ငါဘုရား အလောင်းတော်သည် ကိုယ်လုံးဖြူသော ဆင်၏အမျိုး၌ ဖြစ်တော်မူ၏၊ မငွတောင်နှင့် တူသော



ရပ်စေ၍ မကျလျှင် 'နောက်ခြေနှစ်ချောင်းဖြင့် ရပ်စေလော' ဟု ဆိုပြန်၏။ (၁၉)

ကိုယ်ရှိ၏၊ ပတ္တမြားလုံးနှင့်တူသော မျက်စိရှိ၏၊ နီလှသော ကမ္ဗလာနှင့်တူသော ခံတွင်းရှိ၏၊ ရွှေပိန္နဲဖြင့် တန်ဆာဆင်အပ်သော ငွေပန်းဆိုင်းနှင့်တူသော နှာမောင်းရှိ၏၊ ချိပ်ရည်ဖြင့် ဆိုးအပ်သကဲ့သို့သော လက်ခြေရှိ၏၊ ဤသို့ ပါရမီဆယ်ပါးဘို့သည် တန်ဆာဆင်အပ်သော အဆင်းဖြင့် တင့်တယ်ခြင်းသို့ ရောက်သော ဘုရားလောင်း၏ ကိုယ်တော်သည် ဖြစ်သတည်း၊ ထိုအခါ ရာဇဂြိုဟ်မင်းသည် "ဤဆင်ကား ကြွန်အင်လက္ခဏာနှင့်ပြည့်စုံသော ဆင်တည်း"ဟု မင်္ဂလာဆင်အရာ၌ ထားလေ၏၊ တနေ့သ၌ ပွဲသဘင်ကြုံလတ်သော် မြို့တော်ကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်၍ မင်္ဂလာဆင်မြတ်ကိုသည်း လျှောက်ပတ် ဝင့်ဘယ်သော တန်ဆာဖြင့် များစွာ ခြယ်လှယ်ပြီးမှ ဇာက်စီး၍ ကြီးစွာသော အာနုဘော်ဘော်ဖြင့် လက်ယာရစ်လှည့်၏၊ထိုအခါ များစွာသော လူအပေါင်းသည် သောင်းသောင်း ကြော်ငြာ၍ မင်္ဂလာဆင်တော်၏ တင့်တယ်ခြင်းကို ချီးမွမ်းအံ့ကြကုန်၏၊ ထိုအခါ ရာဇဂြိုဟ်မင်းသည် ဆင်တော်၏ကျေးဇူးကို သည်းခံခြင်းငှာ မတတ်နိုင်မူ၍ ငြူစူစောင်းမြောင်းလျက် အမျက်ထွက်ရကား ယနေ့ပင်လျှင်ဤဆင်ပြောင်ကို တောင်ခြေ ကမ်းပါးချောက်၌ ဦးစောက်ချလျက် အသက်ကုန်စေအံ့ဟု ဆင်ထိန်းကို ခေါ်ပြီးသော် 'ဆင်တော်ကို ကောင်းစွာ သင်၏လော'ဟု မေး၏၊ ကောင်းစွာသင်ကြောင်း လျှောက်လေသော် 'အကယ်၍ ကောင်းစွာသင်အံ့၊ ဝေပုလ္လတောင်ထက်သို့တက်ခြင်းငှာ စွမ်းနိုင်ပါမည်လော'ဟု မေး၏၊ စွမ်းနိုင်ကြောင်းကို လျှောက်လတ်သော် 'ယင်းသို့တပြီးကား လာ'ဟု ဆင်ထိန်းကို ခေါ်ပြီးသော် ဆင်တော်မှ မိမိဆင်းသက်၍ ဆင်ထက်သို့ ဆင်ထိန်းကို တက်စေပြီးလျှင် ဝေပုလ္လတောင်ထိပ်သို့ တတ်စေ၏၊ မိမိလည်း မှူးမတ်အပေါင်း ခြံရံလျက် တောင်ထက်သို့တက်၏၊ တက်ပြီးလျှင် ဆင်တော်ကို ကမ်းပါးစောက်သို့ တူရူရှေးရှုထား၏၊ ထိုအခါ အသူတရာနက်သွစွာသောကမ်းပါးချောက်ကို မြင်လျှင် လူ ရှင်အပေါင်းတို့သည် ကြက်သီးမွေးညင်းထသျက် အလွန်ကြောက်ထိတ်လန့်ကုန်၏၊ အာဇာနည် ဆင်မြတ်ကား မထိတ်မလန့် မကြောက်မရွံ့ ဝံ့ဝံ့ရဲရဲ ကမ်းပါးချောက်သို့ ရှေးရှု၍ နေတော်မူ၏၊ မင်းလည်း ကမ်းပါးချောက်သို့ ဦးစောက်ချ၍သေစေဟု နှလုံးပြု၍ ဆင်ထိန်းကိုခေါ်ပြီးလျှင် 'ဆင်တော်ကိုရှေ့ခြေနှစ်ချောင်းဖြင့်သာ ရပ်စေလော့' ဟု

ဆို၏၊ ဆင်ထိန်းလည်း ဆင်တော်ကို အမှတ်ပေး၍ ရပ်စေ၏၊ ယင်းသို့ ရှေ့ခြေနှစ်ချောင်းဖြင့် ရပ်စေ၍ မကျလျှင် 'နောက်ခြေနှစ်ချောင်းဖြင့် ရပ်စေလော့'ဟု ဆိုပြန်၏၊ ဆင်ထိန်းလည်း အမှတ်ပေး၍ ရပ်စေပြန်၏၊ နောက်ခြေနှစ်ချောင်းနှင့်ရပ်၍ မကျပြန်လျှင် 'တချောင်းတည်းနှင့် ရပ်စေလော့' ဟု ဆိုပြန်၏၊ ဆင်ထိန်းလည်း အမှတ်ပေး၍ ရပ်စေပြန်၏၊ ယင်းသို့ တချောင်းတည်းနှင့်ရပ်၍မကျပြန်လျှင် ခြေ မြေမှမလွတ်သောကြောင့်သာ မကျသည်၊ ခြေ မြေမှလွတ်လျှင် မချွတ် ကမ်းပါးချောက်သို့ ဦးစောက်ကျလိမ့်မည် အမှတ်အထင်နှင့် 'ကောင်းကင်ဝယ် တည်စေလော့' ဟူ၍ ဆို၏၊ ဆင်ထိန်းလည်း ဤမင်းသည် ဇမ္ဗူဒီပါကျွန်းထက်၌ တုဘက်မရှိသော အာဇာနည်ဆင် အထွတ်ကို မချွတ် ကမ်းပါးချောက်သို ဦးစောက်ကျ၍ သေစေလိုသည်ဟု သိ၍ ဆင်၏နားရင်း၌ အပ်ပြီးလျှင် 'ချစ်သား....ဤမင်းသည် သင့်ကိုသေစေလို၍ ဆိုသည်၊ ထိုမင်းနှင့် သင်သည် မလျောက်ပတ် မတင့်တယ်၊ အကယ်၍ ကောင်းကင်ခရီးဖြင့် သွားခြင်းငှာ စွမ်းနိုင်သော သတ္တိရှိသည် ဖြစ်အံ့၊ ငါ့ကို ကျောက်ကုန်း၌တင်၍ ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့သွားလော့' ဟု ဆို၏၊ ဆင်လည်း ထိုခဏ၌ပင် ကောင်းကင်၌ တည်လေ၏၊ ဆင်ထိန်းလည်း 'မင်းကြီး....ဤဆင်သည် အတိုင်းမသိသော ဘုန်းတန်ခိုးနှင့် ပြည့်စုံ၏၊ ထိုသို့ ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ဆင်တော်သည် သင်မင်းကြီးကဲ့သို့ ဘုန်းပညာ နည်းသူအား မထိုက်၊ ဘုန်းပညာနှင့်ပြည့်စုံသော မင်းအားသာ ထိုက်၏၊ သင်မင်းကြီးကဲ့သို့ ဘုန်းပညာနည်းသော မင်းတို့သည် ဤသို့သဘောရှိသော ရတနာဆင်မြတ်ကိုရ၍ ထိုဆင်မြတ်၏ ဂုဏ်ကျေးဇူးကို မသိကုန်ရကား ရတနာဆင်ယာဉ်တော်ကိုလည်းကောင်း,ကြွင်းသော စည်းစိမ်ချမ်းသာအလုံးစုံကိုလည်းကောင်းအကန်ဖျက်ဆီးသည်သာတည်း'ဟု ဆို၍ ဆင်ကျောက်ကုန်း၌ နေလျက် ဤဂါထာကိုဆို၏။

> ယသံ လဒ္ဓါန ဒုမ္မေဓော, အနတ္ထံ စရတိ အတ္တနော၊
> အတ္တနော စ ပရေသဉ္စ, ဟိံသာယ ပဋိပဇ္ဇတိ။

ရာဇ၊ မင်းယုတ်။ ဒုမ္မေဓော၊ သင်ကဲ့သို့ ပညာမဲ့သောမင်းသည်။ ယသံ၊ စည်းစိမ်ချမ်းသာ အခြံအရံ အကျော်အစောကို၊ လဒ္ဓါန၊ ရသည်ရှိသော်။ အတ္တနော၊ မိမိ၏။ အနတ္ထံ၊ အကျိုးမဲ့ကို။ စရတိ၊ ကျင့်၏။ အတ္တနော စ၊ မိမိ၏

လည်းကောင်း။ ပရေသဋ္ဌ၊ သူတပါးတို့၏လည်းကောင်း။ ဟိံသာယ၊ ဆင်းရဲပင်းပန်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။

ဤဂါထာဖြင့်ခင်းအားတရားဟော၍ 'သင်မင်းကြီးသည်နေ့ရစ်လော့၊ ငါတို့ကား ဗာရာဏသီပြည်သို့ သွားတော့အံ့'ဟုဆို၍ သွားပြီးလျှင် မင်းရင်ပြင် ကောင်းကင်၌တည်လေ၏၊ ဗာရာဏသီပြည် အလုံးသည် ချောက်ခြားလျက် 'ငါတို့သခင် အရှင်မင်းအား ကောင်းကင်ဖြင့် ဆင်ပုံရတနာ ရောက်လာ၍ မင်းရင်ပြင်၌ တည်လာသည်'ဟု အုတ်အုတ် ကျက်ကျက် ပြုလျက် မင်းအားလျှောက်ကြားကြကုန်၏၊ မင်းကြီးလည်း ထွက်ပြီးလျှင် 'အကယ်၍ငါ၏ သုံးဆောင်ခြင်းအကျိုးငှာ လာရောက်သည်ဖြစ်အံ့၊ မြေ၌ တည်ပါ'ဟု မိန့်ဆိုလေ၏၊ ဆင်ရတနာသည်း မြေ၌ သက်ဆင်း၍ တည်၏၊ ဆင်ထိန်းလည်း ဆင်မှသက်ဆင်း၍ မင်းအား ရှိခိုးလတ်သော် 'အမောင်....အဘယ်အရပ်မှလာသနည်း'ဟု မေး၍ ရာဇဂြိုဟ်ပြည်မှ လာကြောင်း အလုံးစုံကို မင်းအား လျှောက်ကြား၏၊ မင်းလည်း 'သင်သည် ငါ့ထံကိုလာသဖြင့် နှစ်သက်ဖွယ်အမှုကို ပြုအပ်၏'ဟု ဝမ်းမြောက်ဝမ်းသာ ဗာရာဏသီပြည်အလုံးကို တန်ဆာဆင်ပြီးလျှင် ဆင်တော်ကို မင်္ဂလာဆင် အရာ၌ထား၍ ပြည်ကိုသုံးစုခွဲပြီးလျှင် တပုံကို ဆင်အား, တပုံကို ဆင်ထိန်းအား ပေး၏၊ တပုံကို မိမိမင်းပြု၏၊ ဆင်အာဇာနည်ရောက်သော ကာလမှစ၍ ဇမ္ဗူဒိပ်ကျွန်း အပြင်၌ မင်း၏ အဖြစ်သည် ထိုမင်းလက်သို့ သာ ရောက်သတည်း။

ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုအခါ မဂဓရာဇ်မင်းကား ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ဗာရာဏသီမင်းကား သာရိပုတ္တရာ ဖြစ်လာ၏၊ ဆင်ထိန်းကား အာနန္ဒာဖြစ်လာ၏၊ အာဇာနည် ဆင်ရတနာကား ငါဘုရားဖြစ်လာ၏ဟု ပေါင်းတော်မူ၏၊ ဤ၌ ဆင်အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေ မရှိသည်ကို ပြလိုရင်းတည်း၊ ယင်းသို့သော်လည်း—

သောတာဝဓာနေ ပညာ သုတမယေ ဉာဏံ—

ဟု ရှင်သာရိပုတ္တရာ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူအပ်သည်နှင့် အညီ သုတမယဉာဏ် ဖြစ်စေလို၍ ဇာတ်အဋ္ဌကထာ လာတိုင်း အပြည့်အစုံ ရေးလိုက်သည်။

၁၈၄၇၄

## ၁၀-ဆင်အာဇာနည်၏ စိတ္တုပ္ပါဒ်သံဝေဂကင်းခြင်း၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု

ဗာရာဏသီပြည်၏ အနီး အပါး လက်သမားရွာ၌ ငါးရာသော လက်သမားတို့သည် ရှားငုတ်စူးဝင်သော ဆင်ကြီးတခုကို ဆေးကုရာတွင် ဆင်ကြီးက ဆေးကုခ ပေးခဲ့သော အာဇာနည် ဆင်ငယ်ကိုကျွေးမွေးဖွယ် ထမင်းရိက္ခာပေးလျက် ကျွေးမွေး၍ထားရာ ဗာရာဏသီမင်းသည် သိမ်းယူ၍ ကိုယ်တူပုံပြီးလျှင် မင်္ဂလာဆင်အရာ၌ ထားလေ၏၊ ရှည်လျား လတ်သော် ဘုရားအလောင်းတော်သည် ထိုမင်း၏ မိဖုရားကြီး ဝမ်းတွင်ဝင်၍ ပဋိသန္ဓေနေလေ၏၊ ပဋိသန္ဓေရင့်မာသည့်ကာလ အဖဖြစ်သော ဗာရာဏသီမင်းသည် လွန်ခဲ့၏၊ လွန်ကြောင်းကို မင်္ဂလာဆင်အား မကြားဝံ့၊ အဘယ်ကြောင့်နည်း ဟူမူကား....တိရစ္ဆာန်တို့ မည်သည် အကြင်သူနှင့် ချစ်ကျွမ်းဝင်၏၊ ယိုသူ၌ ကောက်ကျစ်ခြင်းမရှိ၊ ဖြောင့်မတ်သော သဘော ရှိရကား နှလုံးကွဲ၍ သေပေရာသောကြောင့် မကြားဝံ့သတည်း။

> တိရစ္ဆာနာကိရ နာမေကေ ဥဇုဇာတိကာ ဟောန္တိ အကုဋိလာ၊
> မနုဿာ ပန အညံ ဟဒယေန စိန္တေန္တိ၊ အညံ မုခေန ကထေန္တိ။
> (ဓမ္မပဒ အဋ္ဌကထာ)

တေ တိရစ္ဆာနာနာမ၊ ဤတိရစ္ဆာန်တို့မည်သည်ကား။ ဥဇုဇာတိကာ ဖြောင့်မတ်သော သဘောရှိကုန်သည်။ အကုဋိလာ၊ ကောက်ကျစ်ခြင်းမရှိကုန်သည်။ ဟောန္တိကိရ၊ ဖြစ်ကုန်သတတ်။ မနုဿာပန၊ လူတို့သည်ကား။ အညံ၊ တပါးကို။ ဟဒယေန၊ စိတ်ဖြင့်။ စိန္တေန္တိ၊ ကြံကုန်၏။ အညံ၊ တပါးကို။ မုခေန၊ ခံတွင်းဖြင့်။ ကထေန္တိ၊ ဆိုကုန်၏။

ဗာရာဏသီမင်း၏ သေလွန်သော အဖြစ်ကို အဆင့်စကား ကြား၍ သာမန္တကောသလမင်းသည် များစွာသော စစ်သည်ရဲမက်နှင့်တကွလာ၍ ဗာရာဏသီပြည်ကို ဝန်းရံလေ၏။ မှူးမတ်အပေါင်းတို့သည် မြို့တံခါးကို ပိတ်ဆို့ပြီးလျှင် ကောသလမင်းအား သတင်းစကားစေ၍ ကြားကုန်၏၊ 'ငါတို့မင်း၏ မိဖုရားကြီးသည် ရင့်မာသော ကိုယ်ဝန်ရှိ၏၊ ဤနေ့မှ ခုနစ်ရက် မြောက်သောနေ့၌ သားဖွားသတတ်'ဟု အင်္ဂဝိဇ္ဇာ တတ်သောသူတို့ ဆိုကြကုန်သည်၊ မိဖုရားသည် အကယ်၍ သားဖွားအံ့၊ ခုနစ်ရက်သာငံ့လင့်ပါလော့'ဟု မှာလိုက်၏၊ ကောသလမင်းလည်း 'ကောင်းပြီ'ဟု ဝန်ခံလေ၏၊ မိဖုရားလည်း အင်္ဂဝိဇ္ဇာဆရာတို့ဆိုသည့်အတိုင်း ခုနစ်ရက်မြောက်

သည့်ကာလ သာ ဖွားလေ၏၊ ထိုမင်းသား တိုင်းသား ပြည်သူတို့သည် ငါတို့ သူ့ကျွန်ဖြစ်ချေတော့မည် ဟု တွန့်လိပ်သောစိတ်ကိုချိုးမြှောက်ချက် ဖွားရကား 'အလီနစိတ္တ မင်းသား' ဟု အမည်မှည့်ကုန်၏၊ မင်းသား ဖွားသောနေ့မှစ၍ ကောသလမင်းနှင့် မူးမတ်တို့ စစ်ပြိုင်ခိုင်သည်၊ အကွပ်အကဲ အကြီးအမှူးမရှိသောကြောင့် ဗာရာဏသီစစ်သည်တော်တို့ ရှေ့ချေ၏၊ ရှေ့ကြောင်းကို မိဖုရားအား လျှောက်ကြား၍ ငါတို့မင်း၏ သေလွန်သော အဖြစ်ကိုလည်းကောင်း, သားတော်၏ ဖွားသော အဖြစ်ကိုလည်းကောင်း, ကောသလမင်းလာ၍ ဗာရာဏသီပြည်ကို ဝန်းရံသောအဖြစ်ကိုလည်းကောင်း မင်း၏အဆွေတော်ဖြစ်သော မင်္ဂလာဆင်သည် မသိလေသေး၊ မင်္ဂလာဆင်တော်အား ကြားကုန်အံ့ဟု တိုင်ပင်ကုန်၏၊ မိဖုရားလည်း 'ကောင်းပါပြီ' ဟု ဝန်ခံ၍ သားတော်ကို တန်ဆာဆင်ပြီးလျှင် ဘွဲ့ဖြူပုဆိုးခွေ၍ နေစေ၍ ပြာသာဒ်ထက်မှ ဆင်းသက်ပြီးလျှင် မူးမတ်အပေါင်းခြံရံလျက် ဆင်တင်းကုပ်သို့သွား၍ ဘုရားအလောင်းကိုဆင်ခြေရင်း၌သိပ်ပြီးမှ 'သခင်....သင်၏အဆွေတော်ဖြစ်သော ဗာရာဏသီမင်းသည် သေလွန်ခဲ့ပြီ၊ လွန်ကြောင်းကို သင့်အား မကြားသည်ကား ဝမ်းပန်းကွဲ၍ သေပေရာသောကြောင့်သာ မကြားပါသည်၊ ယခုမှာကား ဤသူငယ်သည် သင်၏အဆွေတော်ဖြစ်သော ဗာရာဏသီမင်း၏ သားတည်း၊ သင့်အဆွေတော်သားသည် သင့်သားပင်ဖြစ်သည်၊ သင့်အဆွေတော် မရှိကြောင်းကိုကြားလျှင် ကောသလမင်းသည် လာ၍ သင့်သားတော်နှင့်စစ်ပြိုင်ဆိုင်ကြသည်၊ သင့်သား၏ စစ်သည်တော်တို့သည် နောက်သို့ဆုတ်ကုန်၏၊ သင့်သားကို သူတပါး မသတ်စေမူ၍ သင်ပင်သတ်လော့၊ မသတ်လိုမူ ပြည်ကိုယူ၍ပေးပါ' ဟုဆိုကုန်၏၊ ထိုအခါ မင်္ဂလာဆင်တော်သည် ဘုရားအလောင်းကို နှာမောင်းဖြင့် သုံးသပ်လျက် ဦးကင်းထက်သို့ မြှောက်တင်၍ ငိုကြွေးပြီးမှ ဘုရားလောင်းကို ဦးကင်းထက်မှချ၍ မိဖုရားလက်သို့အပ်ပြီးလျှင် ကောသလမင်းကို ဖမ်းအံ့ဟု ဆင်တင်းကုတ်မှထွက်၏၊ ထိုအခါ ဗိုလ်ပါမူးမတ်တို့လည်း ဆင်တော်ကို သားရေစွပ်ပြီးလျှင် စစ်ဝတ်တန်ဆာဆင်၍မြို့တံခါးမှ ထွက်ကုန်၏၊ ဆင်တော်သည် မြို့မှထွက်ပြီးလျှင် ကြိုးကြာသံနှင့်တူသော အသံကို ဟစ်အော် ကြော်ငြာလျက် များစွာသော ရဲမက် ဗိုလ်ပါတို့ကို ထိတ်လန့်စေပြီးလျှင် ဗိုလ်အထုကိုခွဲပြီးမှ ကောသလမင်းကို ဦးသျှောင်၌ဆွဲကိုင် ငင်ယူခဲ့ပြီးသော် ဘုရားလောင်းခြေရင်း၌ ဝပ်စင်းခယမ်းစေ၍အသေ

သတ်မည်ဟု ထသောသန်လျက်စွဲ ဓားကိုင်တို့ကို အနိုင် တားမြစ်ပြီးမှ ကောသလမင်းအား အဆုံးအမ ဩဝါဒပေး၏၊ 'သင်သည် ဤမင်းသား ဖွားသည်မှစ၍မမေ့မလျော့ပြုလေလော့၊မင်းသားကို ငယ်၏မမှတ်လင့်'ဟု အဆုံးအမဩဝါဒပေး၍ လွှတ်လိုက်၏၊ ထိုအခါမှစ၍ အလုံးစုံသော ဇမ္ဗူ ဒီပါကျွန်းထက်၌ မင်း၏အဖြစ်သည် ဘုရားလောင်း လက်တော်သို့သာ ရောက်လေသတည်း၊ တစုံတယောက်မျှ ထွက်ပြိုင်ဝံ့သသူမရှိ၊ ဘုရား လောင်းသည် ခုနစ်နှစ်ရှိသည့်ကာလ အစာသိက်ခံ၍ တရားနှင့်လျော်စွာ မင်းပြုတော်မူ၏။

ဤ၌ ဆင်အာဇာနည်မှ တပါးသော သူတို့သည် မင်းကို မဆိုထားဘိ၊ ရဲမက်သား တယောက်ကိုမျှလည်း ဖမ်းယူခြင်းငှာ အလွန်တရာကြောက်ရွံ့ ထိတ်လန့်ကုန်၏၊ ဆင်အာဇာနည်မှာမူကား ရဲမက်သားမျှဝယ် အဘယ်မှာ လောက်အံ့၊ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိ၊မင်းကိုယ်ကို ဝင် ဝင်၍ဖမ်းခြင်းသည် အာဇာနည်ဖြစ်၍သော စွမ်းနိုင်လေသတည်း၊ ဤ သို့ လာသော အဋ္ဌကထာစကားကိုထောက်ထားဆင်ခြင်၍ အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိသည်ကို သိအပ်၏၊

---

၁၁-စိတ္တုတြာသ သံဝေဂကင်းသော ပုဂ္ဂိုလ် ခြောက်ယောက်တို့တွင် မြင်းအာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းခြင်း၌ ထုတ်ဆောင်အပ်သော ပထမ ဝတ္ထု

မြင်းအာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိ သည်ကို ဇာတ်အဋ္ဌကထာတို့၌ လာသည်ကား.... သဗ္ဗညု ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပျော်တော်မူသော အခါ ရဟန်းတယောက်၏ လုံ့လဝီရိယကို စွန့်ပစ်၍ အချည်းနှီးနေသည်ကို ပြောဆိုကြသော စကားစပ်ဘွင့် ရှင်တော်ဘုရားသည် ထိုရဟန်းကို ခေါ် တော်မူ၍ 'ရဟန်း....ရှေးပညာရှိတို့သည် အကြောင်းမဟုတ်ရာ၌လည်း လွန်စွာ လုံ့လကို ပြုကြကုန်၏၊ သေကြေပျက်စီးလောက်သော ပုတ်ခတ် ထိုးပစ်ခြင်းကို ရလျက်လည်း လုံ့လကို မစွန့်ပစ်ကြကုန်'ဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ငါဘုရားအလောင်းတော်သည် ဂေါဇာဇာနီယ သိန္ဓောမြင်း မျိုး၌ဖြစ်၍ အလုံးစုံသော အခြင်းအရာ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော

ဗာရာဏသီ မင်း၏ မင်္ဂလာမြင်း ဖြစ်တော်မူ၏၊ တသိန်းထိုက်သော ရွှေခွက်၌ အထူးထူး အပြားပြား များမြတ်သော အရသာရှိသော သုံးနှစ်ဟောင်းလေပြီးသော အနံ့နှင့်ပြည့်စုံသော သလေးထမင်းကို စား၏၊ နံ့သာမျိုးလေးပါးတို့နှင့် လိမ်းကျံသောမြေ၌သာ ရပ်ရ၏၊ ထိုသိန္ဓောမြင်း၏ နေရာကို နီစွာသော ကမ္ဗလာတင်းတိမ်ဖြင့် ခြံရံအပ်၏၊ ရွှေကြယ်တို့ဖြင့် စီအပ်သော ငွေပြားပုဆိုးဖြင့် ဗိတာန်ကြက်အပ်၏၊ အထက်၌ ပန်းဆိုင်း ပန်းကုံးတို့ဖြင့် ဆွဲအပ်၏၊ ညဥ့်သုံးယံပတ်လုံး ဆီမီးတန်ဆောင် ညှိထောင် ထွန်းလင်း၏၊ ဗာရာဏသီမင်း၏ အဖြစ်ကို မတောင့်တသော မင်းတို့မည်သည် မရှိကုန်။

ဗာရာဏသိရဇ္ဇံ အပတ္ထေန္တာ ရာဇာနော နာမ နတ္ထိ။

(ဇာတ်အဋ္ဌကထာ)

ဗာရာဏသိရဇ္ဇံ၊ ဗာရာဏသီမင်း၏အဖြစ်ကို။ အပတ္ထေန္တာ၊ မတောင့်တကုန်သော၊ ရာဇာနော နာမ၊ မင်းတို့မည်သည်။ နတ္ထိ၊ မရှိကုန်။

တရံရောအခါ ခုနစ်ပြည်ထောင်သောမင်းတို့သည် လာ၍ ဗာရာဏသီပြည်ကို ဝန်းရံပြီးလျှင် 'ငါတို့အလုပ်အကြံကိုတည်း ခံမည်လော၊ ယင်းသို့မဟုတ် တိုင်းပြည်ကိုတည်း ပေးအပ်မည်လော' ဟု ဗာရာဏသီမင်းအား စေလာကုန်၏။ ဗာရာဏသီမင်းလည်း မှူးတော် မတ်တော်တို့ကိုခေါ်ပြီးသော် ထိုအကြောင်းကို ကြား၍ 'ယခုအခါလုပ်ရေးကြံရေးကို အစ်ကိုတို့စိတ်တွင် အဘယ်လို ထင်ကြသနည်း' ဟု မေးမြန်းတော်မူ၏၊ မှူးတော် မတ်တော်တို့လည်း 'အရှင်မင်းကြီး....ရှေးဦးစွာကိုယ်တိုင် စစ်ပြိုင်ဆိုင်တော်မမူသင့်သေး၊ ဤမည်သော မြင်းစီးသူရဲကျော်ကို ခေါ်တော်မူ၍ ဦးစွာစေခိုင်းသင့်သေးသည်၊ ထိုသူမတတ်နိုင်သည့် ကာလမှကြုံကြိုက်ရာကြံတော်မူ' ဟု လျှောက်ကြကုန်၏၊ မင်းလည်း ထိုအရေးကိုကြိုက်တော်မူ၍မြင်းစီးသူရဲကိုခေါ်ပြီးသော် 'အမောင်....သင်သည် ခုနစ်ပြည်ထောင်သော မင်းတို့နှင့် စစ်ပြိုင်ဆိုင်ခြင်းငှာ တတ်နိုင်ပါမည်လော' ဟု မေးတော်မူ၏၊ မြင်းစီး သူရဲလည်း 'အရှင်မင်းကြီး.... အကယ်၍ ဝေါဇာဇာနီယ သိန္ဓောမြင်းကို ကခြင်းငှာ ရပါသည်ဖြစ်အံ့၊ ခုနစ်ပြည်ထောင်သောမင်းတို့ကိုထားဘိဦး၊ အလုံးစုံသော ဇမ္ဗူဒိပါကျွန်းထက်၌ ပေါ်ထွက်သော တရာ့တစ်ယောက်သော မင်းတို့ကိုသော်လည်း ကျွန်တော် မကြောက်' ဟု

လျှောက်၏၊ မင်းလည်း အားရတော်မူ၍ 'အမောင်....ဂေါဇာဇာနီယ သိန္ဓောမြင်းဖြစ်စေ တပါးမြင်းဖြစ်စေ အကြင်မြင်းကို အမောင်ကြိုက်၏၊ ထိုမြင်းကို က ပါလေ'ဟု မိန့်တော်မူ၏၊ မြင်းစီးသူရဲလည်း 'ကောင်း၊ပြီ'ဟု မင်းအား ရှိခိုးပြီးသော် မင်းနန်းတော်မှ ဆင်းသက်၍ ဇောင်းတွင်း၌ နေသော ဂေါဇာဇာနီယ သိန္ဓောမြင်းကို ချပ်ကြိုးတန်ဆာ မြဲမြံစွာဖွဲ့၍ မိမိလည်း စစ်ဝတ်တန်ဆာ မြဲမြံစွာ ဝတ်ဆင်ပြီးလျှင် မြင်းစီး၍ ခါးလုံ စွဲလျက် မြို့တွင်းမှ ထွက်ပြီးသော် လျှပ်စစ်အရေးကဲ့သို့ ပြေးသွားလျက် ရှေးဖျား ဗိုလ်ထုကို ခွဲဖောက်၍ မင်းတယောက်ကို အရှင်ဖမ်းပြီးလျှင် မြို့တွင်းသို့ဝင်လာ၍ဗာရာဏသီမင်းအားဆက်၏၊ ဤအတူ နှစ်ကြိမ်မြောက် ဗိုလ်ထုကိုတိုက်ဖောက်၍နှစ်ယောက်မြောက်သော မင်းကို၊ သုံးကြိမ်မြောက် ဗိုလ်ထုကို တိုက်ဖောက်၍ သုံးယောက်မြောက်သောမင်းကို၊ လေးကြိမ် မြောက် ဗိုလ်ထုကို တိုက်ဖောက်၍ လေးယောက်မြောက်သော မင်းကို၊ ငါးကြိမ်မြောက် ဗိုလ်တုကို တိုက်ဖောတ်၍ ငါးယောက်မြောက်သော မင်းကို၊ ယူ၏၊ ခြောက်ကြိမ်မြောက် ဗိုလ်ထုကို တိုက်ဖောက်၍ ခြောက် ယောက်မြောက်သော မင်းကိုဖမ်းယူရာတွင် အာဇာနည် သိန္ဓောမြင်းအား မြားလက်နက် ထိချေ၏၊ ထိုထိရာအရပ်မှ သွေးယိုကျလျက် ဗလဝေဒနာ သည် သည်းထန်စွာဖြစ်၏၊ မြင်းစီးသူရဲလည်း မြင်းတော်အား မြား လက်နက်ထိသော အဖြစ်ကိုသိ၍ မြို့တွင်းသို့ဝင်ပြီးသော် မြင်းတော်ကို မင်းအိမ်တံခါး၌ အိပ်စေ၍ ချပ်ကြိုးကိုလျှော့ပြီးမှတပါးမြင်းကို စီးခြင်း ငှာ အားထုတ်၏၊ သိန္ဓောမြင်းလည်း နံပါးဖြင့် လျောင်းလျက် မျက်စိ ဖွင့်၍ ကြည့်လတ်သော် မြင်းစီးသူရဲ၏ အခြင်းအရာကိုမြင်၍ ဤသူသည် ငါမှတပါး တခြားမြင်းကိုဖွဲ့ဘိ၏၊ ဤမြင်းသည်ခုနစ်ခုမြောက်သောဗိုလ်ထု ကိုတိုက်ဖောက်၍ ခုနစ်ယောက်မြောက်သော မင်းကို မယူနိုင်ရာ၊ ငါပြု အပ်သော အမှုလည်း အချည်းအနှီးပျက်စီးလတ္တံ့၊ အတုမရှိသော မြင်း စီးသူရဲလည်း ပျက်စီးလတ္တံ့၊ မင်းလည်း သူ့လက်မှ မထွက်နိုင်လတ္တံ့၊ ငါ့ကိုထား၍ တပါးသောမြင်းသည် ဤခုနစ်ခုမြောက်သော ဗိုလ်ထုကို ခွဲဖောက်၍ ခုနစ်ယောက်မြောက်သော မင်းကိုဖမ်းယူခြင်းငှာစွမ်းနိုင်သော မည်သည် မရှိဟု နှလုံးထား၍သူရဲကိုခေါ်ပြီးသော် 'အချင်းသူရဲ.... ခုနစ်ခု မြောက်သောဗိုလ်ထုကို တိုက်ဖောက်၍ ခုနစ်ယောက်မြောက်သောမင်းကို ဖမ်းယူခြင်းငှာငါမှတပါးအခြား မြင်းသည် မရှိ၊ ငါပြုအပ်သော အမှုသည်

အချည်းနှီး မပျက်စီးစေလင့်၊ ငါ့ကိုသာ အိပ်ရာမှထူ၍ ကဲ့လော့’ဟု ဆိုသောကြောင့် မြားထိသော အနာကို မြဲမြံစွာ ဖွဲ့စည်း၍ က, ပြီးသော် ခုနစ်ခုမြောက်သော ဗိုလ်ထုကို တိုက်ဖောက်၍ ခုနစ်ယောက်မြောက်သော မင်းကိုဖမ်းယူပြီးလျှင် ဗာရာဏသီဘုရင်အား ဆက်လေ၏၊ ဘုရားလောင်း မြင်းကိုလည်း မင်းအိမ်တံခါးသို့ဆောင်ခဲ့၏။ မင်းလည်း မြင်းတော်အား မြားထိသောအနာကို ကြည့်ရှုခြင်းငှာ ထွက်လာ၏၊ မြင်းလည်း မင်းကို ခေါ်ပြီးသော် ‘မင်းကြီး ဤခုနစ်ယောက်သောမင်းတို့ကို မသတ်ပါလင့်၊ သစ္စာရေတိုက်၍သာ လွှတ်လိုက်ပါဆို၍ ငါ့အားလည်းကောင်း, သူရဲအားလည်းကောင်း ပေးဖွယ်ဘုသမျှကို သူရဲအား ပေးရစ်ပါလော့’ ဟု မှာထား၍ ဘုရားအလောင်း မြင်းကောင်းအာဇာနည်သည် ချပ်ကြိုးကို ဖြေချတ်သောအခါ ခန္ဓာချုပ်စဲလေ၏၊ (အဟော အနိစ္စာဝတ သင်္ခါရာ) ခုနစ်ပြည်ထောင်သော မင်းတို့၏ ခုနစ်ခုသော ဗိုလ်ထုကို မြင်လျှင် မည်သူတယောက်မျှ မကြောက်မထိတ်မလန့်သော မည်သည်မရှိ၊ သို့စင်ကလောက် ကြောက်မယ်ဖွယ်သော ဗိုလ်ထုကိုလျက် မရွံ့မကြောက် တိုက်ဖောက်၍ ခုနစ်ယောက်သော မင်းတို့ကို အရှင်ရအောင် ဖမ်းယူခြင်းငှာ စွမ်းနိုင်လေသည်ကား အာဇာနည်ဖြစ်၍သာ စွမ်းနိုင်လေသတည်း။

---

### ၁၂-မြင်းအာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းရာ၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု

လွန်လေပြီးသောအခါ သိန်းခိုကျွန်းသည် ဘီလူးတို့၏ နေရာဖြစ်၍ သရိယ ဝတ္ထုမည်သော ဘီလူးမြို့သည် ရှိသတတ်၊ ထိုသရိယဝတ္ထုမည်သော ဘီလူးမြို့၌ နေကုန်သော ဘီလူးတို့သည် သိန်းခိုကျွန်း၌ လူဘိရစ္စာန် မကျန် ရရှိသမျှကို အကုန်စားကုန်၏၊ ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် လောဟက မြင်းမျိုး၌ ဖြစ်တော်မူ၍ ကိုယ်လုံးဖြူ၏၊ မည်းနက်သော ဦးခေါင်း, ဆွတ်သော ဦးစွန်း လည်ဆံ ရှိ၏၊ တန်ခိုးနှင့်ပြည့်စုံသည်ဖြစ်၍ ကောင်းကင်ဖြင့် သွားနိုင်၏၊ ထိုလာဘက မြင်းမင်းသည် ဇမ္ဗူဒီပါကျွန်းဟိမဝန္တာမှ ကောင်းကင်ဖြင့်ပျံ၍ဘီလူးတို့နေရာ သိန်းခိုကျွန်း ချိုင့်ဝှမ်းရာအရပ်၌ သယံဇာတ သလေးစပါးတို့ကို စား၏၊ အာဇာနည်ဖြစ်၍ ဘီလူးဘေးမှ ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိ၊ ပြန်လာသောအခါ ‘ဇမ္ဗူဒီပါသို့ လိုက်လိုသောသူရှိသလော’ဟု သုံးကြိမ်တိုင်အောင် ကရုဏာဖြင့် ထုံအပ်သော လူ့စကားကို မြွက်ကြား၏၊

ထိုအခါ နှစ်ရာ့ငါးဆယ်သော သတော်သားတို့သည် ထိုသရိယဝတ္ထု မည်သော ဘီလူးမြို့မှ ဘီလူးတို့ကို ရှုံ့ကြောက်သောကြောင့် ထွက်ပြေး လာသည်နှင့် တွေ့ကြုံ၍ 'သခင်....ငါတို့ ဇမ္ဗူဒီပါသို့ လိုက်လိုပါသည်' ဟု ဆိုကုန်၏။ မြင်းမင်းလည်း 'ယင်းသို့တပြီးကား ငါ၏ ကျောထက်သို့ တက်စီးကြကုန်' ဟု ဆို၏၊ နှစ်ရာ့ငါးဆယ်သော သတော်သားတို့တွင် အချို့ကား ကျောက်ကုန်းသို့တက်၍စီးကုန်၏၊ အချို့ကား မတက်စီးသာ သောကြောင့် မြီးဒူးကိုဆွဲကိုင်ကုန်၏၊ အချို့ကား မဆွဲမကိုင်သာသော ကြောင့် လက်အုပ်ချီလျက် ရပ်ကုန်၏၊ ထိုအလုံးစုံသော သတော်သား နှစ်ရာ့ငါးကျိပ်တို့ကို တယောက်မျှမကျန်ရ၊ သူရားအလောင်းတော်သည် မိမိတန်ခိုးအားဖြင့်ဆောင်၍ ဇမ္ဗူဒီပါကျွန်း၌ အသီးအသီး မိမိတို့နေရာ အရပ်သို့ မို့ပြီးမှ ဟိမဝန္တာသို့ သွားတော်မူ၏၊ ဤ၌ လူ တိရစ္ဆာန်မကျန်ရ တွေ့သမျှ အလုံးစုံကို အကုန်စားသော ဘီလူးဘို့နေရာ သိမ်းခိုကျွန်း၌ မကြောက်မရွံ့ ကျက်စားဝံ့လေသည်ကား အာဇာနည်ပြစ်၍သာတည်း၊ ဤသို့လာသော အဋ္ဌကထာ စကားရင်းကို နှလုံးသွင်း၍ မြင်းအာဇာ နည်၏ ကြောက်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိသည်ကို သိအပ်၏။

---

## ၁၃–စိတ္တုတြာသသံဝေဂ ကင်းသော ပုဂ္ဂိုလ် –ခြောက်ယောက် တို့တွင် န္တားလားဥသဘ အာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းရာ၌ ထုတ်ဆောင်အပ်သော ပထမဝတ္ထု

န္တားလားဥသဘအာဇာနည်၏ စိတ္တုတြာသသံဝေဂ မရှိသည်ကိုဇာတ် အဋ္ဌကထာ၌လာသည်ကား.... ဘုရားသဗ္ဗညုသည် သာဝတ္ထိပြည်ဇေတဝန် ကျောင်း၌ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ အလဇ္ဇီ ဒုဿီလ ဖြစ်သော ဆဗ္ဗဂ္ဂီရဟန်းတို့သည် လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းကောင်း တို့နှင့် ငြင်းခုံရန်စစ် ဖြစ်ကြ၍ လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းကောင်း တို့အား ဆယ်ပါးသော ဆဲရေးခြင်းဝတ္ထုတို့ဖြင့် ဆဲရေးသောကြောင့် သဗ္ဗညုဘုရားအား လျှောက်ထားလေလျှင် ဘုရားသဗ္ဗညုလည်း ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ခေါ်တော်မူ၍ အကြောင်းကို မေးမြန်းတော်မူသော် မှန်ကြောင်းကို လျှောက်သောကြောင့် 'ရဟန်းတို့ --ရုန့်ရင်း ကြမ်းတမ်း သော စကားမည်သည်ကား လူကိုမှဆိုတန်၊ တိရစ္ဆာန်တို့သော်လည်း နှစ် သက်ခြင်း မရှိတုံသေး၏၊ ရှေးအခါ တခုသော တိရစ္ဆာန်သည် မိမိအား

နားမချမ်းသာသော စကားဖြင့် ပြောဆိုသောသူကို အသပြာတထောင် ကုန်အောင် ရှုံးစေဖူး၏’ ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ရဟန်းတို့....လွန်လေပြီးသော အခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်းသည် မင်းပြုသတတ်၊ ထိုအခါ ဘုရားအလောင်းတော်သည် နွားအထီး၌ဖြစ်၍ ငယ်စဉ်ကာလ မကြီးမြောက်ခင် တယောက်သော ပုဏ္ဏားသည် နွားလှူသော ဒါယကာတို့ထံမှရ၍ ကိုယ်အားပြန့်ပြော ကြီးမားလှလျက် နှစ်သက်ဖွယ်ရှိသောကြောင့် ‘နန္ဒိဝိသာလ’ ဟု ဘွဲ့အမည် ပေး၍ မွေးကျွေးသုတ်သင်၏၊ ထိုနန္ဒိဝိသာလ နွားသည် ကြီးပြောင်စင် မြောက် အရွယ်ရောက်သောအခါ ကြံသည်မှာကား.... ဤပုဏ္ဏားသည် ငါ့အား ဆင်းရဲငြိုငြင် ပင်ပန်းစွာ ယာဂု ထမင်းပေး၍ မွေးကျွေးရှာ၏။ ငါနှင့် တူမျှသော ဝန်ကို ရွက်ဆောင်နိုင်သော နွားမည်သည် အလုံးစုံ သော ဇမ္ဗူဒိပါကျွန်းတွင်မရှိ၊ ယခုအခါ ငါ၏ခွန်အားဗလကို ပြလျက် ပုဏ္ဏားအား မွေးကျေးဇူး ဆပ်အံ့ဟု ကြံပြီးသော် တနေ့သ၌ ပုဏ္ဏားကို ခေါ်၍ ‘ဖခင်ပုဏ္ဏား ...သွားချေ၊ နွားတည်းဟူသော ဥစ္စာရှိသော ဂေါ ဝိတ္တက သဌေးသို့ကပ်၍ ငါ၏ နွားလားသည် တစပ်တည်းဘွဲ့အပ်သော ဝန်တင်လှည်းတရာကို တခါတည်း လိမ့်စေနိုင်၏ဟု ဆို၍ အသပြာ တထောင်ဖြင့် လောင်းတမ်း ပြုချေလော့’ဟု စေ၏၊ ပုဏ္ဏားလည်း ဘုရား လောင်း ဆိုတိုင်း ဂေါဝိတ္တက သဌေးထံသို့ သွား၍ စကားဖြစ်စေလျက် ‘ဤ တက္ကသိုလ်ပြည်ဝယ် အဘယ်သူ၏ နွားသည် စွမ်းအားသတ္တိ ရှိလေ သနည်း’ ဟု ဆို၏၊ ထိုအခါ ဂေါဝိတ္တက သဌေးက ‘ဤသူဤသူ၏ နွား သည် စွမ်းအားသတ္တိရှိ၏’ဟု ဆိုလတ်သော် ပုဏ္ဏားက ‘ငါ့နွားနှင့် စွမ်း အား သတ္တိတူသော တပါးသော နွားသည်ဤပြည်ဝယ် အဘယ်ရှိအံ့နည်း၊ ငါ၏နွားသည် အဘက်မဆောင် တကောင်တည်းဖြင့် တစပ်တည်းဘွဲ့ သော ဝန်တင်လှည်းတရာကို တခါတည်းလိမ့်စေနိုင်၏’ဟုဆို၏၊ ထိုအခါ ဂေါဝိတ္တက သဌေးက ‘ဤမျှလောက်စွမ်းအားသတ္တိရှိသော နွားဟူသည် ဇမ္ဗူဒိပါကျွန်းဝယ် အဘယ်မှာ ရှိချိမ့်နည်း၊ မရှိရာ’ဟု ဆို၏၊ ပုဏ္ဏား ကလည်း ‘ငါ့အိမ်တွင် ငါမွေးထားသည့် နွားလားရှိ၏’ ဟု ဆိုသော် အကယ်ပင်လော၊ မှန်က တထောင်လောင်းတမ်း ဟု ဆို၍ လောင်းတမ်း ပြုကြ၏။

သဟဿေန အဇ္ဈတ္တမကံသု။ (ဇာတ်အဋ္ဌကထာ)

သဟာယေန၊ အသပြာ တထောင်ဖြင့်၊ အဗ္ဘုတံ၊ လောင်းတမ်းကို၊ အကံသု၊ ပြုကုန်၏။

ပုဏ္ဏားလည်း ကျောက်ခဲသလဲ ကျောက်စရစ်တို့ဖြင့် ပြည့်စွာ တင်အပ်သော လှည်းတရာကို အစဉ်အတိုင်း ဝင်ရိုး၌ ကြိုးလွန်ဖြင့် တစပ်တည်းဖွဲ့ပြီးမှ နန္ဒိဝိသာလနွားလားကို စင်ကြယ်စွာရေမိုးချိုးပက်၍ လက်ငါးချောင်းဖြင့် နံ့သာရည်ကို ကိယ်တွင်ပဲရံရိုက်၍ လည်၌ပန်းဆိုင်းခြူးကုံးတို့ဖြင့် ဆွဲဆင်၍ ရှေ့ဆုံးလှည်းတွင် ကပြီးမှ လှည်းဦးက မိမိစီးထိုင်၍ ကိုင်အပ်သော နှင်တံကို ချီပြီးသော် ဟစ်အော်ကြော်ငြာလျက်....

ကောက်ကျစ်ယွန်းထောင့် မဖြောင့်သောနွား-သွားလော့၊
စဉ်းလဲကောက်ကျစ် လိမ်လစ်သောနွား-ရုန်းလော့၊

ဟု ရုန့်ရင်းကြမ်းတမ်း နားမချမ်းအောင်ဆို၍ မောင်း၏၊ ဘုရားလောင်းလည်း ဤပုဏ္ဏားသည် မကောက်ကျစ်သော ငါ့ကိုကောက်ကျစ်၏ဟူသော, မစဉ်းလဲသော ငါ့ကို စဉ်းလဲ၏ဟူသော စကားဖြင့် ရုန့်ရင်းကြမ်းတမ်း နားမချမ်းအောင် ဆို၏၊ ထိုပုဏ္ဏားသည် မိုက်စွတကားဟု နှလုံးပိုက်၍ မြေ၌ ခြေလေးချောင်းဖြင့် တင်းဘင်းကျပ်ကျပ် ရပ်လျက် စွတ်ခံ၍နေလေ၏၊ ဂေါဝိန္ဒက သဋ္ဌေးလည်း ထိုခဏ၌ပင် ပုဏ္ဏားအား အသပြာ တထောင်ကို တောင်းယူလေ၏။

ဤ၌ ဘုရားလောင်းသည် ပုဏ္ဏား၏လိုအလျောက် လောင်းတမ်း ပြုသည်မဟုတ်၊ မိမိက စေခိုင်း၍ပင် လောင်းတမ်း ပြုသည်၊ ယင်းသို့ ပြုစေပြီးလျှင် ပုဏ္ဏားစကားကို နှလုံးထား၍ မသွားမရုန်းပဲ စွတ်ဆွဲ၍နေခြင်းသည် ဟင်းလျာနွားသည် အဝါအကြွား ကောင်းသောကြောင့် လောင်းပွဲတွင် သွင်းမိရဘား ရှုံးပါးခြင်းမလှ အရှက်ခွဲချေသည်ဟု နှလုံးပြု၍ ပေးမြဲကျွေးမြဲတက်ကို စွန့်လွှတ်၍ မပေးမကျွေးပဲ နေမည်ကို လည်း မကြောက်, ဟင်းလျာ နွားတကားဟု နွားသတ်တို့အား ရောင်းစားမည် ကိုလည်း မကြောက်ပဲ ရဲဝံ့ခြင်းသည် အာဇာနည်ဖြစ်၍ စိတ္တုတြာသ သံဝေဂမရှိသောကြောင့်တည်း။

ပုဏ္ဏားလည်း အသပြာတထောင်ကိုဆောင်၍ ဂေါဝိန္ဒကသဋ္ဌေးအား ပေးပြီးလျှင် နွားကိုလှည်းမှချွတ်၍ လွှတ်လိုက်ပြီးသော် စိုးရိမ်ခြင်းကြီးစွာနှင့် အိမ်သို့လာ၍ အိပ်လေ၏၊ နန္ဒိဝိသာလနွားလည်း ကျက်စားရာမှ ပြန်၍ ကြံမှိုင်သော ပုဏ္ဏားကို မြင်လေလျှင် သံနားပြန်၍ ကပ်ပြီးသော

'ပုဏ္ဏား....အဘယ်ကို ကြံမှိုင်သနည်း' ဟု မေး၏၊ ပုဏ္ဏားလည်း ဘုရားလောင်း မေတ္တာကြောင့် အမျက်ပြေထွက်ပဲ 'ငါအား အဘယ်သို့ ကြံမှိုင်အံ့နည်း၊ တထောင်မျှလောက်သော အသပြာကို သင်သည်ရှုံးစေသည်မဟုတ်လော'ဟု ဆို၏၊ 'ပုဏ္ဏား-ငယ်စဉ်ကာလက ဤမျှအရွယ်တိုင်အောင် သင့်အိမ်၌နေသောငါသည် တစုံတခုသော အိုးခွက်ကို ခွဲဖျက်ဖူးသလော၊ တစုံတယောက်သောသူကို ကျော်ကန်ဖူးသလော၊ အရာ မဟုတ်ရာဝယ် ကျင်ငယ်ကျင်ကြီးကို စွန့်ဖူးသလော'ဟု မေး၏၊ 'မစွန့်ဖူးပေ' ဟု ဆို၏၊ 'ယင်းသို့သော် မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်၏ဟူသောဝါဒဖြင့် အဘယ့်ကြောင့် ဆဲရေးဆိုမြည်ဘိသနည်း၊ ငါ့အား တစုံတခုမျှအပြစ်မမြင်၊ သင်၏အပြစ်သာ'ဟုဆို၍ 'သွားချေဦး၊ ထိုဂေါဝိန္ဒက သဒ္ဒေးနှင့်သာ အသပြာနှစ်ထောင်လောင်းတမ်းပြုချေလော့၊ စင်စစ်မူကား ငါ့အား ကောက်ကျစ်၏ဟူသော ဝါဒဖြင့် မဆဲရေးမဆိုမြည်လင့်'ဟု မှာလိုက်၏။

ကေဝလံ မံ့ ကူဋဝါဒေန မာ သမုဒါစရယိတ်။

(ဝိနည်းအဋ္ဌကထာ)

ကေဝလံ၊ စင်စစ်။ မံ၊ ငါ့ကို။ ကူဋဝါဒေန၊ ကောက်ကျစ်စဉ်းလဲ၏ဟူသော ဝါဒဖြင့်။ မာသမုဒါစရယိ၊ မပြောဆိုလင့်။ ဣတိ၊ ဤသို့။ အဝေါစ၊ မှာဆိုလိုက်၏။

ပုဏ္ဏားလည်း ဘုရားလောင်း ဆိုတိုင်းသွား၍နှစ်ထောင်လောင်းတမ်းပြုပြီးသော် ရှေးနည်းဖြင့် လှည်းတရာကို ဖွဲ့စေပြီးမှနန္ဒိဝိသာလနွားလားကို လှည်းဦး၌ ကာ၏။

နွားနှစ်ခုကသော လှည်းဝယ် အဘယ်သို့ တခုတည်းက၍ ဖြစ်နိုင်အံ့နည်း ဟူငြားအံ့၊ လှည်းဦး၌မတုန်မလှုပ် မြဲမြံစွာဖွဲ့၍ ထမ်းပိုးတဘက်၌ နန္ဒိဝိသာလ နွားလားကို ကပြီးမှ ထမ်းပိုးစွန်း တဘက်ကို ကြိုးလွန်ဖြင့် ရစ်ပတ်၍ ထမ်းပိုးစွန်းကိုလည်းကောင်း, ဝင်ရိုးကိုလည်းကောင်း မှီ၍ တုတ်ဘောက်ပြီးလျှင် ကြိုးလွန်ဖြင့် မြဲမြံစွာ ချည်၏၊ ဤသို့ ဖွဲ့ချည်သည်ရှိသော် ထမ်းပိုးသည် ဤမှထိုမှ မရွေ့မရှား၊ ယင်းသို့ မရွေ့မရှားသည်ရှိသော် နွားတခုဖြင့် ရုန်းခြင်းငှာ တတ်ကောင်း၏။

ဤသို့ကပြီးမှ ပုဏ္ဏားသည် လှည်းဦး၌ထိုင်၍ နွားလား၏ ကျောကို သုံးသပ်ပြီးသော် 'လုံ့လရဲခြင်းအဆင်းခွန်အားပြိုင်သော်ရှားသည့်နွားလှ

နွားကောင်း နွား၊အလောင်း ရှန်းပါ သွားပါ’ ဆို၍ အချိုအသာ နှင်လေလျှင် ဘုရားလောင်းသည် လှည်းတရာကို တဟုန်တည်းပါအောင် တခါတည်းငင်၍ရှေ့လှည်းတရာ၌နောက်လှည်းကို ရပ်စေ၏၊ ဂေါဝိတ္တကသဋ္ဌေးလည်း ရှုံးရကား ပုဏ္ဏားအား အသပြာနှစ်ထောင် ပေးရလေ၏၊ သည်မှတပါး တိုင်းသားပြည်သူ အပေါင်းတို့သည် ဘုရားလောင်းသား ကောင်းချီး ပေးကြကုန်၏၊ ပုဆိုး ဦးရစ် ကြဲပစ်၍ ပူဇော်ကြကုန်၏၊ ထိုအလုံးစုံသော ဥစ္စာကိုလည်း နွားရှင်ပုဏ္ဏားသာယူလေသတည်း၊ ဤသို့ ရှန့်ရှင်းကြမ်းတမ်းသော စကားကို တစုံတယောက်သောသူသည် မနှစ်သက်ဟု ဆဗ္ဗဂ္ဂိရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ဤနွားလားဥသဘ အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိသည်ကို ပြလိုရင်း မှတ်လေ။

---

## ၁၄-နွားလားဥသဘ’ အာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းခြင်း၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ အမယ်ကြီး တယောက်ကောက်၍မွေးထားသော နွားနက်ကြီးတခုသည် အကျင့်သီလ အာစာရနှင့်ပြည့်စုံ၏၊ ရွာသူရွာသားငယ်တို့သည် ဦးချို၊ လည်ပင်း၊ အမြီးတို့၌ဆွဲ၍ တွဲလျားကစားကုန်၏၊ ကျောထက်သို့ ခုန်တက်၍ စီးကုန်၏၊ ရွာနွားအပေါင်းတို့နှင့် အတူတကွ ကျက်စားလျက် တနေ့သ၌ ဤသို့ကြံ၏၊ ငါ၏အမိသည် ဆင်းရဲငြိုငြင်စွာ ယာဂုထမင်းပေး၍ မွေးရှာပေ၏၊ အခစားပြု၍ မွေးကျေးဇူး ဆပ်ရသော် တော်၏ဟုကြံ၏၊ နွားနက်ကြီးသည် ထိုအခါမှစ၍ အခစားလုပ်ခြင်းငှာ စူးစမ်းလျက် လှည့်လည်၏၊ ထိုအခါ လှည်းကုန်သည် တဦးသည်လှည်းငါးရာနှင့်တကွ မညီမညွတ်သော ဆိပ်သို့ ရောက်လာ၏၊ ထိုလှည်းကုန်သည်၏၊ နွားတို့သည် လှည်းများကို ကူးမြောက် စေခြင်းငှာ မတတ်နိုင်ကုန်၊ နွားတို့ကို သမ်းပိုးအဆက်ဆက် ဇက်ခက်၍က, သော်လည်း လှည်းတစီးကိုမျှ မထုတ်နိုင်ကုန်၊ နွားနက်ကြီးလည်း ရွာနွားအပေါင်းတို့နှင့် အတူတကွ လှည်းကုန်သည်၏ အနီးအပါး၌ ကျက်စား၏၊ ကုန်သည်သားလည်း နွားကျမ်း၌ လိမ်မာသောသူဖြစ်၍ နွားအပေါင်းတို့တွင် နွားကောင်းကို ကြည့်ရှုသော် အလောင်း

တော်ဖြစ်သော နွားနက်ကြီးကိုမြင်၍ 'ဤနွားကား အာဇာနည်တည်း၊ ငါ၏လှည်းတို့ကို ထုတ်နိုင်လတ္တံ့၊ ဤနွား၏အရှင်ကား အဘယ်သူ ပေနည်းဟု နွားကျောင်းတို့ကို မေးပြီးလျှင် အခပေး၍ လှည်းတို့ကို ထုတ်စေအံ့' ဟု ဆို၏၊ နွားကျောင်းတို့က 'နွားရှင်ကား သည်တွင် မရှိ၊ က,လိုမူ ယူ၍က' ဟု ဆိုကြကုန်၏၊ ကုန်သည်သားလည်း နွားကြီး ကို က,မည်ဟု နဖားကြိုး၌ ဆွဲငင်ရာလိုက်လော့ပဲ အခသာ ဆစ်၍နေ၏၊ ကုန်သည်သားလည်း နွားကြီး၏အလိုကိုသိ၍ 'လှည်းတစီးလျှင် နှစ်သပြာ နှစ်သပြာပို၍ လှည်းငါးရာလျှင် အသပြာတထောင် ပေးပါမည်' ဆိုမှ အလိုသို့လိုက်၏၊ ထိုအခါ နွားနက်ကြီးကိုက,၍ လှည်းတရာကိုတခါတည်း ထုတ်စေ၏၊ လှည်းငါးရာကို ငါးခါတင်သော် ကုန်းပေါ်သို့ ရောက်လေ ၏၊ ကုန်သည်သားလည်း လှည်းတစီးကို တသပြာပို၍ လှည်းငါးရာအဖို့ အသပြာငါးရာ ထုတ်ပြီးလျှင် နွားသည်တွင် ဆွဲထား၍ သွားခြင်းငှာအား ထုတ်၏၊ ဘုရားလောင်းလည်း 'ဤသူသည် ဆိုရင်းတိုင်း မမှန်တကား၊ ပိုင်းခြားတိုင်းသောအဖိုးအခကို ငါ့အားမပေးရကား သွားခြင်းငှာမပေး' ဟု လှည်းရှေ့တွင် ဖီလာကန့်လန့် ရပ်ပြီးလျှင် ခရီးကို တားမြစ်၏၊ လှည်းသားတို့လည်းသွားလို၍ နွားကိုရိုက်နှက် ပုတ်ခတ်ပြီးလျှင် ခရီးလမ်းမှဖယ် ကုန်သော်လည်း ဖယ်ခြင်းငှာ မတတ်နိုင်ကုန်၊ ထိုအခါ ကုန်သည်သားက ဤနွားသည် မိမိအားအဖိုးအခ လျော့သော အဖြစ်ကို သိယောင်တကား ဟု လှည်းတစီးအဖို့နှစ်သပြာပို၍ လှည်းငါးရာအဖို့ အသပြာတထောင် ထုတ်ပြီးလျှင်နွားလည်တွင်ဆွဲ၏၊ထိုအခါ မှခရီးလမ်းရှောင်လွဲ၍ဖယ်လေ၏။

ဤ၌ ဘုရားလောင်းသည် လှည်းငါးရာ ညွှန်မှာ နစ်သည်ကို ငါသည် ထုတ်ဖော်ခြင်းငှါ ခဲ့စွာ၏ တကားဟု ကြောက်ထိတ်လန့် ခြင်း စိတ္တုတြာသ သံဝေဂလည်းမရှိ၊ ခရီးလမ်းတွင် ဖီလာကန့်လန့် ရပ်သည်ကို လှည်းသားတို့ ရိုက်နှက် ပုတ်ခတ် သတ်မည်ကိုလည်း ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိလေသည်ကား အာဇာနည် ဖြစ်သောကြောင့်သာတည်း။

ဘုရားလောင်းသည် တထောင်သော အသပြာထုပ်ကို ယူ၍ အမိထံ သို့ သွားလေ၏၊ နွားကျောင်းသားတို့သည် လမ်းကြား၌ တားမြစ်သော် လည်းမနေ၊ အထွေထွေကျောက်ကန်ဝဲ့နင်းသောအခြင်းအရာကိုပြလျက် ထိတ်လန့် ပြေးသွားစေလေ၏၊ လှည်းငါးရာကိုညွှန်မှ ထုတ်ဆယ်ကယ်တင် ညွှန်စွာပေး ၍။

ရသောကြောင့် ပင်ပန်းသော အခြင်းအရာကား ထင်ရှားသတည်း၊ နွားရှင် အမယ်ကြီးလည်း နွားလည်တွင် အသပြာ ထောင်ထုပ်ကို မြင်လျှင် 'ချစ် သား....သင်သည် ဤဥစ္စာကို အဘယ်မှာ ရစေအပ်သနည်း' ဟု ဆို၍ နွားကျောင်းသားတို့ကို မေးမြန်းသော် ထိုအကြောင်းကိုသိ၍ 'ချစ်သား.... သင်၏ ကယ်ခဖြင့် ရသောဥစ္စာနှင့် ငါအသက်မွေးရမည်လော၊ အဘယ် ကြောင့် ဤသို့စင် ဆင်းရဲငြိုငြင် ပင်ပန်းသောအမှုကို ပြုဘိသနည်း' ဟု မေတ္တာ,ကရုဏာ ပျံ့နှံ့သောစကားဖြင့်ဘုရားလောင်းကို မြည်တွန်တောက် တီးပြီးမှ ရေနွေးဖြင့် ပွတ်သပ် ချိုးပြီးသောအဆုံး၌ ကိုယ်အလုံးကို နယ်ဆီ လိမ်း၍ ရေသောက်စေပြီးသော် လျှောက်ပတ်သောအစားအစာဖြင့်ကျွေး မွေးသတည်း၊ ဤသို့လာသော အဋ္ဌကထာ စကားဖြင့် နွားလားဥသဘ အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိသည်ကို သိအပ်၏။

---

၁၅-စိတ္တုတြာသသံဝေဂ ကင်းသော ပုဂ္ဂိုလ် ခြောက်ယောက်တို့တွင် ယောကျ်ား အာဇာနည်၏ စိတ္တုတြာသ သံဝေဂ ကင်းရာ၌ ထုတ်ဆောင်အပ်သော ပထမဝတ္ထု

လူအာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိ သည်ကို ဇာတ်အဋ္ဌကထာတို့၌ လာသည်ကား....လွန်လေပြီးသော အခါ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့၌ ကောရဗျမင်းသည် မင်းပြု၏၊ ထိုအခါ ငါတို့ ဘုရားအလောင်းတော်သည် ထိုမင်း၏ ဝိဓုရ အမည်ရှိသော အမတ်ဖြစ်၍ ကောရဗျမင်းနှင့် ပုဏ္ဏကဘီလူးတို့ အန်ကစားရာတွင် ကောရဗျမင်း ရှုံးလေ သောကြောင့် ပုဏ္ဏကဘီးလူးအား ဘုရားအလောင်းဝိဓုရအမတ်ကိုခန့်တမ်း ပေးအပ်လေလျှင် ပုဏ္ဏကဘီးလူးက ခေါ်သွားမည် ရှိသည်ကာလ ဝိဓုရ အမတ်အား ဤသို့ကြောက်မက်ဖွယ်သော စကားကိုဆို၏၊ 'အမတ်ကြီး.... မရှုံမကြောက်ပါလင့်၊အာဇာနည်မြင်း၏ မြီးဒူးကို မြဲမြဲဆွဲကိုင်ပါ၊ဤအခါ သင်၏ အသက်ရှင်သော လူ့လောကကို မြင်ရခြင်းသည်ကား ပစ္ဆိမအဆုံး စွန်ပင်တည်း' ဟု ဆို၏၊ ပုဏ္ဏကဘီလူးက ဝိဓုရအမတ်ကို ကြောက်ထိတ် လန့်အောင် သင်၏အသက်ရှင်ခြင်းကား ယခုအဆုံးစွန်ပင်၊ သည့်ပြင်မရှိပြီ၊ မုချသေရတော့မည်ဟု ဆိုလိုသည်။

ထိုအခါ အာဇ နည်ယောကျ်ားကောင်းဘုရားလောင်းဝိဓုရအမတ်က ဤသို့ ဆို၏၊ 'ပုဏ္ဏက....ငါသည် ဤလောကဝယ် ကြောက်ဖွယ်ရှိအောင်

အဘယ် မကောင်းမှုကို ပြုဖူးသနည်း၊ ကိုယ်, နှုတ်, နှလုံး သုံးပါးဖြင့် ကြောက်လောက်အောင် အကြင်မကောင်းမှုကို ပြု၏၊ ထိုမကောင်းမှုသည် ငါ့ဝယ်မရှိပါတကား၊ ယင်းသို့ ကြောက်မက်ဖွယ် အကြောင်းမကောင်းမှု မရှိသောငါသည် အဘယ်မှာ သင်ခြောက်၍ ကြောက်အံ့မည်နည်း၊ သင် ပြုလိုရာပြုပါ၊ ငါ့မှာမူကား လားလားမကြောက်' ဟုဆိုတော်မူ၏၊ ဤသို့ လျှင် ခြသေ့်မင်းနှင့် ရဲရင့်ခြင်းတူစွာ အာဇာနည်ယောဂီကျောင်းဘုရား လောင်းသည် မကြောက်မရွံ့သော စကားကို ဆိုပြီးသော် 'ဤငါ၏ ပုဆိုး အဝတ်သည် ငါအလိုမရှိက ငါ၏ ကိုယ်မှ မကျွတ်မလွှတ်စေသတည်း' ဟု အဓိဋ္ဌာန် ပါရမီကို ရှေ့ဆောင်၍ မြဲမြံအောင် ဝတ်ပြီးမှမြင်းအာဇာနည်၏ မြီးဒူးကို လက်နှစ်ဘက်တို့ဖြင့် ကျပ်ကျပ်မြဲမြဲ ဆွဲကိုင်ပြီးလျှင် ခြေ နှစ်ချောင်းတို့ဖြင့် မြင်း၏ ပေါင်တို့၌ ရစ်ပတ်ပြီးသော် 'လုလင်....ငါ သည် မြင်း၏ မြီးဒူး မြီးဆံကို မြဲမြံစွာ ဆွဲကိုင်အပ်ပြီ၊ သင်သည် အလို ရှိရာ သွားကာမူ'ဟု ဆို၏၊ ထိုအခါ ပုဏ္ဏကသည် မနောမယ သိန္ဓော မြင်းအား အမှတ်ပေးသော် မနောမယ သိန္ဓောမြင်းမြတ်သည်အမတ်ကြီး ကို ယူငင်၍ ကောင်းကင်ဖြင့်ပျံလေ၏၊ ယင်းသို့ ပျံသည့်ကာလ ပုဏ္ဏက ကြံသည်ကား.... ဝေးသောအရပ်သို့ မဆောင်မူ၍ ဝိဓုရ အမတ်ကြီးကို ဟိမဝန္တာတော အရပ်တွင် သစ်ပင်တောင်ကမ်းတို့၌ တိုက်ခိုက်၍သေစေ ပြီးမှ နှလုံးသားကိုယူ၍ လူကောင်ကို တောင်ကြားတွင်ပစ်ထားခဲ့ပြီးလျှင် နဂါးပြည်သို့သွားအံ့ဟု ကြံ၏၊ ယင်းသို့ ကြံပြီးမှ ပုဏ္ဏကသည် သစ်ပင် တောတောင်တို့ကို မရှောင်လွှဲပဲ တောထဲတောင်ထဲသို့ သိန္ဓောမြင်းကို နှင်၏၊ သင်ပင် တောတောင်တို့သည်လည်း ဘုရားလောင်း၏ အာနုဘော် ကြောင့် ကိုယ်တော်မှ နံပါးတဘက်တချက်တို့၌ တတောင် တဘောင်စီ ဝေးကွာအောင် ရှောင်လွှဲကုန်၏၊ ပုဏ္ဏကလည်း သေသလော, ရှင်သလော ဟု နောက်သို့လှည့်၍ ကြည့်လေသော် အထပ်ထပ် ပြာဖြင့်ပွတ်အပ်သော ရွှေကြေးမုံပြင်ကဲ့သို့ အလွန်ကြည်လင်သော ဘုရားလောင်း၏ မျက်နှာ တော်ကို မြင်လေလျှင် အံ့ဖွယ်လူ မသေမူ၍ ရှိသေးသည်တကားဟု တဖန် စိတ်ပေါက်၍ သုံးခေါက် သုံးခါ ဟိမဝန္တာ တောအရပ်တွင် သစ်ပင် တောင်ကမ်းတို့၌ တိုက်ခိုက်စေလျက်နှင်၏၊ ယင်းသို့နှင်သော်လည်း သစ်ပင် တောတောင်တို့က ရှောင်လွှဲ တိမ်းဖယ်သောကြောင့် အလောင်းတော်၌ မတိုက်မိ၊ စင်စစ်မှာမူကား အလွန်ပင်ပန်း၏၊ ပုဏ္ဏကလည်း ယခုထက်

တိုင်အောင်ပင် ဤသူသည် မသေတကား၊ ယခုမူ လေအစု၌ မုန့်မုန့်ညက်ညက်ပြုအံ့ဟု အမျက်ဒေါသ ထောင်းထောင်းထလျက် ခုနစ်ခုမြောက်သော လေအစုသို့ ပျံလေ၏၊ ဘုရားလောင်း၏ အာနုဘော်ကြောင့် ခုနစ်ခုမြောက်သော လေအစုလည်း နှစ်ဖြာခွဲ၍ ဘုရားလောင်းအား အခွင့်ကို ပေး၏။

ထိုနောက်မှ ဝေရမ္ဘလေတို့ဖြင့် တိုက်ခတ်စေ၏၊ ဝေရမ္ဘလေတို့လည်း အသောင်းအသိန်းသောမိုးကြိုးသံကဲ့သို့မြည်၍ ဘုရားလောင်းအား အခွင့်ပေးကုန်၏၊ ပုဏ္ဏကလည်း ထိုဟိမဝန္တာလေအစု, ဝေရမ္ဘလေတို့ကြောင့် ဘုရားလောင်း၏ အန္တရာယ်ကို မမြင်ရကား ဘုရားလောင်းကိုယူ၍ ကာဠာဂိရိ တောင်ထိပ်သို့ ဆောင်လေ၍ ကာဠာဂိရိတောင်ထိပ်၌ ဘုရားလောင်းကိုထားပြီးမှ ပုဏ္ဏကသည် ဤသို့ ကြံ၏၊ ဤဝိဓုရ အမတ်သည် မသေပဲ အသက်ရှင်ငြားက ငါ့အားပွားစီးခြင်းမည်သည် မရှိရာ၊ ဤအမတ် သတ်ပြီးလျှင် လတ်တလော နှလုံးသားကိုနဂါးပြည်သို့ယူဆောင်၍ ဝိမလာဒေဝီအား ပေးပြီးမှ သမီးတော် ဣရန္ဓတီကိုခေါ်၍ ငါတို့ပျော်ရာ မဟာရာဇ်နတ်ပြည်သို့ သွားအံ့ဟု ကြံ၏၊ ထို့နောက်တဖန် ကြံပြန်၏၊ ဤသူ့ကို ငါ၏လက်ဖြင့် အသက်သေအောင် မသတ်ကောင်း၊ စင်စစ်မှာမူ လူတို့ကြောက်မက်ဖွယ်သော အာရုံကိုပြလျက် အသက်ကုန်ခြင်းသို့ ရောက်စေရမူကား ကောင်းလေစွဟု ကြံ၏၊ ယင်းသို့ကြံပြီးမှ ပုဏ္ဏကဲလုလင်သည် မမြင်ဝံ့အောင် ကြောက်မက်ဖွယ်ရှိသော ဘီလူးသဏ္ဌာန်ကို ဖန်ဆင်းပြီးလျှင် ဘုရားလောင်းကို ခြိမ်းခြောင်း လှန့်ခြောက်လျက် အောက်ထက်ဝဲယာ ဗယ်ညာကိုင်တွယ်၍ အစွယ်ကြား၌ ထားပြီးလျှင် စားမည့်အဟန်ပြု၏၊ ယင်းသို့ ပြုငြားသော်လည်း အာဇာနည်ယောကျ်ားကောင်းဘုရားလောင်းအား ကြက်သီးမွေးညင်း ထခြင်းမရှိ၊ ထို့နောက်မှ သစ်ကျား ခြင်္သေ့ အဟန်ဖြင့်လည်းကောင်း, အမုန်ယစ်သောဆင် အဟန်ဖြင့် လည်းကောင်း ဖန်ဆင်း၍ ကိုက်စားထိုးသတ်မည့် အဟန်ပြု၏၊ ယင်းသို့ပြုသော်လည်း မကြောက်။

ထို့နောက် လုံးထွင်း ပိန်းကော လှေပမာဏရှိသော မြွေကြီးအဟန် ဖန်ဆင်းလျက် ထွက်သက် ဝင်သက်ရှူး၍သူသူ ဟူသော အသံကိုပြုပြီးလျှင် လာ၍ အာဇာနည် ယောကျ်ားကောင်း၏ ကိုယ်ကို နွယ်ခွေလိုအထပ်ထပ် ရစ်ပတ်လျက် ထိပ်ထက် ပါးပျဉ်းမိုး၍ တည်၏၊ ယင်းသို့တည်သော်လည်း

အာဇာနည် ယောကျ်ားမြတ်အား ကြောက်တတ်သော သဘော မရှိ၊ ယင်းသို့မရှိလျှင် တောင်ထိပ်သို့တင်၍ လေဝပ္ပဖြင့် မုန့်မုန့်ညက်ညက် ပြုအံ့ဟု လေပွေကိုထစေ၏၊ ထိုလေပွေသည် ဘုရားလောင်းအား တဆံဖျားမျှ ရွေ့ရှားအောင် မလုပ်နိုင်။

ထို့နောက် တောင်ထိပ်၌ပင်လျှင် ဆင်ကြီးသည် နှာမောင်းဖြင့် သင်ပေါင်းပင်ကိုကိုင်၍လှုပ်သကဲ့သို့ တောင်ကို ဤမှ ဟိုမှ လှုပ်ရှား၏၊ ထိုသို့လှုပ်ရှားသော်လည်းဘုရားလောင်းကိုတဆံမျှရွေ့ရှားအောင်မလှုပ်နိုင်၊ထို့နောင် ကြောက်မက်ဖွယ်သော အသံဖြင့် ဘုရားလောင်းအားနှလုံးကွဲသည်ကိုပြု၍သတ်အံ့ဟုကြံ၍ တောတွင်းသို့ဝင်ပြီးလျှင်မြေကြီးကိုလည်းကောင်း, တောင်ကိုလည်းကောင်း ပဲ့တင်ထပ်သည်ကိုပြု၍ ပြင်းစွာသော အသံကို ဟစ်အော်ကြော်ငြာ၏၊ယင်းသို့ဟစ်အော်ကြော်ငြာသော်လည်း အလောင်းတော်ကို ကြောက်ထိတ်လန့်ခြင်းငှာ မတတ်နိုင်၊ ယင်းသို့ပြုသမျှအလုံးစုံကို ဘုရားလောင်း သိတော်မူ၏၊ ဘီလူးအသွင်, ခြင်္သေ့အသွင်, ဆင်အသွင်, မြွေနဂါးအသွင်တို့ဖြင့် လာသောသူသည်လည်းကောင်း, လေပွေကို ထစေသောသူ,တောင်ကို လှုပ်ရှားသောသူ, တောတွင်းသို့ဝင်၍ ဟစ်အော်သောသူသည်လည်းကောင်း ပုဏ္ဏကလုလင်သာတည်း၊သူတပါးမဟုတ်ဟု သိ၏။

ထိုနောက်မှ ပုဏ္ဏက ကြံသည်ကား ဤဝိဓုရကို အပ လုံ့လဖြင့် ငါမသတ်နိုင်၊ ငါ့လက်ဖြင့် အနိုင်အထက် သတ်အံ့ဟု ကြံ၏၊ ယင်းသို့ကြံပြီးမှ ပုဏ္ဏကသည် ဘုရားလောင်းကို တောင်ထိပ်၌ထား၍ တောင်ခြေသို့ သွားပြီးလျှင် ပတ္တမြားတုံး၏အတွင်း၌ ဖျော့တော့သော အဆင်းရှိသော ချည်ကြိုးကိုသွင်းသကဲ့သို့ တောင်တွင်းသို့ဝင်ပြီးသော် ကြော်ငြာ ခြိမ်းခြောက်လျက် တောင်တွင်းဖြင့် သွား၍ဘုရားလောင်းခြေ၌ မြဲမြံစွာ ကိုင်ပြီးလျှင် အထက်အောက်ပြန်လှန်၍ ဦးခေါင်းစောက်ထိုး ခြေကာမိုးမျှော် ဆွဲရာတည်ရာမရှိသော ကောင်းကင်၌ ပစ်၏၊ ယင်းသို့ပစ်၍ တဆယ့်ငါးယူဇနာလောက် ရောက်သောအခါ တောင်ထိပ်၌ ရပ်လျက် လက်ကို ဆန့်တန်း၍ ဦးခေါင်းစောက်ထိုး ခြေကာမိုးမျှော် လျှောကျသော ဘုရားလောင်း၏ခြေ၌ကိုင်၍ကြည့်သော် မသေသေးတကားဟု နှစ်ကြိမ်မြောက်အောက်သို့ပစ်ပြန်၏၊ ယူဇနာသုံးဆယ်လောက် ရောက်သောအခါနည်းတူ ယူ၍ကြည့်ပြန်သော် မသေပဲ အသက်ရှင်နေသည်ကိုမြင်ပြန်၍ဤသို့ ကြံ၏၊ ယခုအခါ ယူဇနာခြောက်ဆယ်လောက် အောက်ကို ပစ်၍ မသေမူ ထိုသူ့ကို

ခြေထောက်၌ကိုင်ဆောင်၍ တောင်ထိပ်၌ ပုတ်ခတ်ပြီးလျှင် သတ်အံ့ဟု ကြံ၏၊ ယင်းသို့ကြံပြီးနောက် သုံးကြိမ်မြောက် ချောက်လဲသို့ ပစ်၍ ယူဇနာ ခြောက်ဆယ်လောက်အောက်သို့ လျှောကျသည့်ကာလ၌မှ အထက်သို့ တင်၏၊ ထိုအခါဘုရားလောင်းက ဤပုဏ္ဏကသည်ငါ့ကိုတဆယ့်ငါးယူဇနာ ယူဇနာသုံးဆယ့်, ယူဇနာခြောက်ဆယ် အောက်သို့ ပစ်ပြီးမှ ချီမပြီးလျှင် တောင်ထိပ်၌ ရိုက်ခတ်၍ သတ်လတ္တံ့၊ အကြင်မျှလောက် မသတ်သေး ထိုမျှလောက် ဦးစောက်တွဲလျား ဆွဲလျက်ပင် သတ်ခြင်း အကြောင်းကို မေးအံ့ဟုကြံ၏၊ဤသို့ကြံပြီးမှ ပုဏ္ဏကအား ဘုရားလောင်းသည်ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိ၊ မိမိအကြံအတိုင်း မေး၏၊ 'လုလင်....သင်သည် ငါ၏ သေခြင်းကို အလွန်အလိုရှိ၏၊ ငါ၏ သေခြင်းဖြင့်ကား သင့်အားပြုဖွယ် အဘယ်အကျိုးရှိပေသနည်း' ဟုမေးတော်မူ၏၊ ပုဏ္ဏကသည်း 'ဝိဓုရအမတ် သင်၏နှလုံးသားနှင့် နဂါးမင်း၏သမီး ဣရန္ဒတီကို လဲ၍ ယူရမည်ဟုနှလုံး ပြု၍ သင် အမတ်ကို ငါသတ်သည်'ဟု ဆို၏၊ ယင်းသို့ ဆိုသောအခါ အာဇာနည်ယောကျ်ားကောင်း ဘုရားလောင်းက 'ပုဏ္ဏက....ငါသည် မြတ်လှစွာသော 'သာဓုနရဓမ္မ'ဟူသည်ကို သိ၏၊ အကြင်မျှလောက် ငါ သည် မသေသေး၊ ထိုမျှလောက် မသေမီ ဤသာဓုနရတရား လေးပါးကို သင့်အား ဟောခဲ့ပါဦးမည်၊ နားလည်အောင် သင်သည် နားဦးလော့၊ ယင်းသို့နာပြီးမှ အကြင်အမှုကို သင် အလိုရှိ၏၊ ထိုအမှုကို ပြုပါ'ဟုဆို၍ သာဓုနရဓမ္မ၏ဂုဏ်ကျေးဇူးကို ချီးမွမ်း၏၊ထိုသို့ချီးမွမ်းသောသာဓုနရဓမ္မ၏ ကျေးဇူးစကားကို ပုဏ္ဏကကြားလျှင် နာချင်သောစိတ် ရှိသည်ဖြစ်၍ ဤ သာဓုနရဓမ္မဟူသည် လူနတ်တို့အား မဟောကြားဖူးသေးသော တရား ဖြစ်မည်၊ နာရသော် ကောင်း၏ဟု ဘုရားလောင်းကို ချီးမပြီးလျှင်တောင် ထိပ်တွင်နေစေ၏၊ ယင်းသို့နေစေပြီးမှ ဘုရားလောင်းကို ရေမိုးချိုး၍ နတ် ပုဆိုး,နတ်ပန်း, နတ်နံ့သာတို့ဖြင့် တန်ဆာ ဆင်ယင်၍ နတ်၏ ဘောဇဉ် ခဲဖွယ်တို့ကို စားစေပြီးမှ ကာဠာဂိရိတောင် အလုံးကို တန်ဆာဆင်၍ တရားဟောပလ္လင် ခင်းပြီးမှ ဓမ္မာသနဟုဆိုအပ်သော တရားဟောပလ္လင်၌ နေစေ၏၊ ဘုရားလောင်းသည် သဗ္ဗညုဘုရား၏ တင့်တယ် စံပယ်ခြင်းဖြင့် သာဓုနရဓမ္မကိုဟောလိုသောကြောင့် ဤဂါထာကို ဆိုတော်မူ၏။

ယာတာနုယာယီ စ ဘဝါတိ မာဏဝ၊
အလ္လဉ္စ ပါဏိံ ပရိဝဇ္ဇယဿု၊

မာ စဿု မိတ္တေသု ကဒါစိ ဒုဗ္ဘိ၊
မာ စ ဝသံ အသတီနံ နိဂစ္ဆေ တိ။

မာဏဝ၊ ပုဏ္ဏကလုလင်။ တွံ၊ သင်သည်။ ယာတာနုယာယီ၊ ရှေးဦးစွာသွားသောသူသို့ အစဉ်တစိုက် နောက်၌လိုက်သည်လည်း။ ဘဝါဟိ၊ ဖြစ်လေလော့။ အလ္လံ၊ စိုစွတ်သော။ ပါဏိံ စ၊ လက်ကိုလည်း။ ပရိဝဇ္ဇယဿု၊ ပူလောင်ခြောက်သွေ့သောဘေးမှ ဝေးစွာကြဉ်ဖဲ ရှဲလေလော့။ မိတ္တေသု၊ အဆွေခင်ပွန်းတို့၌လည်း။ ကဒါစိ၊ တရံတဆစ်။ မာစ ဒုဗ္ဘိ၊ မပြစ်မှားလေလင့်။ (မာစဿုံ၌ အဿုံကား အနက်မရှိ၊ နိပါတ်မျှသာ) အသတီနံ၊ သူတော်မဟုတ် ယုတ်ကုန်သောမိန်းမတို့၏။ ဝသံ၊ အလိုသို့။ မာ နိဂစ္ဆေ၊ မလိုက်လေလင့်။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ဤဂါထာ၌လေးပါဒကိုလေးခုပြု၍သာဓုနရဓမ္မလေးပါးမှတ်လေ၊ (၁) ယာတာနုယာယီ သာဓုနရဓမ္မ၊ (၂) အလ္လပါဏိ ပရိဝဇ္ဇန သာဓုနရဓမ္မ၊ (၃) မိတ္တအဒုဗ္ဘန သာဓုနရဓမ္မ၊ (၄) ဣတ္ထိဝသ အဂတိ သာဓုနရဓမ္မ၊ ဤသို့အမည်ပေး၍ လေးခုသရုပ်မှတ်၊ (ဤဂါထာဖြင့် သာဓုနရဓမ္မ လေးပါး၏ သရုပ်ကို အကျဉ်းမျှသာ ပြတော်မူသည်၊ အဓိပ္ပာယ်နှင့်တကွ အကျယ် သဘောကျ သိလိုမူ ဝိဓုရဇာတ် ပါဠိ၊ အဋ္ဌကထာကို သေချာစွာကြည့်ရှုမှ သဘောကျ သိနိုင်မည်။)

ပုဏ္ဏကလည်း ထိုလေးပါးသော သာဓုနရတရားတို့၌ကြားနာလျက်ပင်ပညာရှိဖြစ်ရကား မှတ်သားနိုင်လေသတည်း၊ ထိုလေးပါးသော သာဓုနရဓမ္မတို့၌ပင် ပညာရှိအမတ်သည်မိမိ၏ အသက်ရှင်ခြင်းကိုသာ တောင်းမန်ရှာသည်၊ ငါလည်း သုံးရက်ပတ်လုံး ဤအမတ်၏ အိမ်၌နေလျက် မရေမတွက်နိုင် များစွာသောစည်းစိမ်ချမ်းသာကို ခံစားရဖူးပေသည်၊ ဤအမတ်သည် ရှေး၌ ကျွမ်းကျင်ခြင်းမရှိသော ငါ့အားများစွာ ပူဇော်သက္ကာရပြုပေသည်၊ ယခု ငါပြုသောအမှုလည်း မှာတုဂါမကိုမှီ၍သာ ယုတ်မာသောသဘောသို့ လိုက်၍ ငါပြုချေသည့်, အခြင်းခပ်သိမ်းမှာ ငါသာ မိတ္တဒုဗ္ဘိဖြစ်ပေသည်၊ ငါသည် အကယ်၍ ဝိဓုရအမတ်အား ပြစ်မှားသည်ဖြစ်အံ့၊ လေးပါးသော သာဓုနရဓမ္မ၌ မကျင့်သည် ဖြစ်လတ္တံ့၊ ယင်းသို့ ဖြစ်သောကြောင့် ငါ့အားဤရန္တတီအမည်ရှိသောမြေမဖြင့်အဘယ်အကျိုးရှိအံ့နည်း၊ ဣန္ဒပတ္တနဂိုရ် တိုင်းသူပြည်သားတို့အား ရှင်အားသည်းစေလျက် နေ့ရက်မကြာခင် လျှင်မြန်စွာ ပညာရှိအမတ်ကိုပို့မှ သင့်မည်ဟု ကြံ၍ပိုလေ၏၊

ဤ၌ ရှေးဦးစွာ မြင်းမြီးဆွဲ၍ လိုက်ရကတည်းကပင် နှလုံးကွဲ၍ သေလုအောင် ကြောက်စရာကောင်းလျက် ကြောက်ရွံ့ထိတ်လန့်ခြင်း စိတ္တုပ္ပါဒ်ဖြစ်သ သံဝေဂမှုရှိသည်မှာ အာဇာနည်ယောကျ်ားကောင်း ဖြစ်၍သတည်း။

---

၁၆ ယောကျ်ား အာဇာနည်၏ စိတ္တုပ္ပါဒ်သံဝေဂ ကင်းခြင်း၌ ထုတ်ဆောင်အပ်သော ဒုတိယ ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသော် ဘုရားအလောင်းတော်သည် ထိုမင်း၏ မိဖုရားကြီး ဝမ်းတွင် ပဋိသန္ဓေနေ၍ ဆယ်လစေ့ကဖွား၏၊ ထိုမင်းသားအား အမည် မှည့်အံ့သောနေ့၌ ရှစ်ရာသော ပုဏ္ဏားတို့တွင် ရှစ်ယောက်သော ပုဏ္ဏားတို့ကို ရွေးကောက်၍ အလုံးစုံသော ကာမတို့ဖြင့် နှစ်သိမ့် ရောင့်ရဲစေ၍ လက္ခဏာတို့ကို မေးမြန်းကုန်၏၊ လက္ခဏာကျမ်း၌ လိမ္မာကုန်သော ပုဏ္ဏားတို့သည် ဘုရားလောင်း၏ လက္ခဏာတို့ကိုမြင်၍ 'အရှင်မင်းကြီး....ဤမင်းသားကား များမြတ်သော ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံ၏၊အရှင်မင်းကြီး လွန်တော်မူသည့်နောက် မင်းအဖြစ်သို့ ရောက်လတ္တံ့၊ ဤမင်းသားကား ငါးပါးသော လက်နက်ဖြင့် ပြိုင်ဘက်မပြု ဇမ္ဗူဒီပါကျွန်းတွင် အထင် အရှားယောကျ်ားအာဇာနည်ဖြစ်လတ္တံ့' ဟု ဗျာဒိတ်စကား ကြားကုန်၏။

လက်နက်ငါးပါးယူသည်ကား အဋ္ဌကထာ၌၊ ဓနု၊လေး၊အသိ၊ သန်လျက်၊ ကဏယ၊ သချောင်း၊ မုဂ္ဂရ၊ ဆောတ်ပုတ်၊ ကုန္တ၊ လှံ၊ ဤသို့လာသော အစဉ်ကိုပယ်၍ ဋီကာ၌-ပဉ္စာဝုဓံနာမ ဓနု မုဂ္ဂဝရ အသိ လဂုဠော ကောန္တဝိတ်....ဟု ဆို၏။

ပဉ္စာဝုဓံနာမ၊ ငါးပါးသော လက်နက်မည်သည်ကား၊ ဓနု၊ လေး၊ မုဂ္ဂရော၊ ဆောက်ပုတ်၊ အသိ၊ သန်လျက်၊လဂုဠော၊ သံတွေ့ သံချောင်း ကောန္တ၊ လှံ။ ဣတိအယံ၊ ဤငါးပါးတည်း။ အဋ္ဌကထာနှင့် ဋီကာကား အတူတူပင်၊ အစဉ်သာ ကွဲသည်၊ အဋ္ဌကထာ၌ ကဏယဟူသည်ကို ဋီကာ၌ လဂုဠ ဟူ၏။

မင်းသည် ပုဏ္ဏားတို့စကားကို ကြားလေလျှင် 'ပဉ္စာဝုဓမင်းသား' ဟူသော အမည်ကိုမှည့်တော်မူလေ၏၊ ထို့နောက် မင်းသားသည် သိကြားလိမ္မာသောအဖြစ်သို့ရောက်၍ တဆယ့်ခြောက်နှစ်ရှိလတ်သော် ခမည်းတော်ကခေါ်၍ 'ချစ်သားမင်းသားတို့ဖွယ်ရာ အတတ်ပညာသင်ချေလော့'

ဟုဆို၏၊ 'ဘယ်တိုင်း ဘယ်ပြည်ငယ် ဘယ်သူ၏ အထံ၌ သင်ရမည်နည်း' ဟု မေးသော် ခ ျည်းတော်က 'ချစ်သား သွားချေ၊ ဂန္ဓာရတိုင်း တက္ကသိုလ် ပြည်ဝယ် ဒိသာပါမောက္ခဆရာ၏ အထံ၌ သင်ချေလော့၊ ဤတထောင်မျှ လောက်သော ဥစ္စာကိုလည်းဆရာ စားပေလေလော့'ဟုဆို၍လွှတ်လိုက်၏၊ မင်းသားလည်း ခမည်းတော်ဆိုတိုင်းသွား၍ အတတ်ပညာသင်ပြီးသော အခါ ဆရာကပေးအပ်သော လက်နက်ငါးပါးကိုယူ၍ ဆရာကို ရှိခိုးပြီးမှ တက္ကသိုလ်ပြည်ကထွက်ခဲ့၍ လက်နက်ငါးပါးစွဲကိုင်လျက် ဗာရာဏသီပြည် လမ်းခရီးကို ပြန်လာ၏၊ ထိုအခါ ခရီးကြား လမ်းစပ်တွင် စေးကပ်သော အမွေးရှိသည်ဖြစ်၍ သိလေသလောမ အမည်ရှိသော ဘီလူး စိုးအုပ်သော တောအုပ်သို့ ရောက်လေ၏၊ ထိုအခါ တောအုပ်ခရီးဝ၌ နေကြသော လူများတို့သည် မင်းသားကိုမြင်လျှင် ချစ်ခင်သောမေတ္တာဖြင့် 'အမောင် လုလင်....ဤတောအုပ်သို့မဝင်ပါလင့်၊ ဤတောအုပ်တွင် မြင်တိုင်းမြင်တိုင်း သော လူအလုံးစုံကို အကုန်စားတတ်သော သိလေသလောမ ဘီလူးသည် နေသတတ်'ဟု ဆို၍ တားမြစ်ကုန်၏၊ မင်းသားလည်း မိမိအစွမ်းသတ္တိ ဂုဏ်ကိုယုံကြည်၍ မည်သည်ကိုမျှမကြောက်၊ ကေသရရာဇာ ခြင်္သေ့မင်း ကဲ့သို့ ရဲတင်းလျက် တောအုပ်သို့ ဝင်လေ၏၊ တောအုပ်အလယ်သို့ ရောက် လေလျှင် သိလေသလောမဘီလူးသည် ထန်းပင်မျှလောက်သော ကိုယ်၊ အိမ် အထွတ်မျှလောက်သော ဦးခေါင်း၊ သပိတ်မျှလောက်သော မျက်စိ၊ ငှက်ပျောဖူးမျှလောက်သော အစွယ်တို့ကိုဖန်ဆင်းလျက် ခံတွင်းကားအဖြူ၊ ဝမ်းမူကား အပြောက်အကျား၊ လက် ခြေကား မည်းညိုလျက် ကိုယ်ကို ဘုရားလောင်းအားပြ၍ 'အဘယ်သို့ သွားမည်နည်း၊ ရပ်လော့၊ ငါ့အစာ ဖြစ်ပြီ'ဟု ဆို၏၊ ထိုအခါ ဘုရားလောင်းက 'ဟယ် ဘီလူး....ငါ၏အစွမ်း သတ္တိဂုဏ်ကို ယုံကြည်၍ မည်သည်ကိုမျှမကြောက်၊ တယောက်တည်း ဤ တောအုပ်သို့ ငါဝင်လာသည်၊ သင့်ကား မေ့လျော့ခြင်းမရှိ၊ သတိပြု၍ ငါ့သို့ ကပ်ပါ ငါကား မြားဖြင့် သင့်ကို သေအောင် ပစ်သတ်မည်'ဟု ခြိမ်းခြောက်၍ လတ်တလော သေစေတတ်သော အဆိပ်လူးသောမြားကို လွှတ်၏၊ မြားကား ဘီလူး အမွေးတို့၌ ကပ်ငြိလေ၏၊ ထို့နောင် တစင်း လွှတ်ပြန်သော်လည်း နည်းတူပင် ကပ်ငြိလေ၏၊ ဤသို့ မြားငါးဆယ်အလုံး သည် ဘီလူးအမွေးတို့၌သာ ကပ်ငြိကုန်၏၊ ဘီလူးလည်း မြားတို့ကိုခါ၍

ဘုရားလောင်းသို့ချဉ်းကပ်လာ၏၊ဘုရားလောင်းလည်းခြိမ်းမောင်း၍တဖန် သန်လျက်နှင့်ခုတ်ဖြတ်၏၊ သုံးဆယ့်သုံးလက်သစ်အလျားရှိသောသန်လျက် ထားလည်း ဘီလူးအမွေးဖျားတွင်ကပ်ငြိပြန်လေ၏၊ဘုရားလောင်းလည်း ခြိမ်းမောင်း၍တဖန် သံချောင်းနှင့်ရိုက်နှက်လေ၏၊ သံချောင်းလည်းကပ်ငြိ လေ၏၊ တဖန် ဆောက်ပုတ်နှင့်ထုပြန်၏၊ ဆောက်ပုတ်လည်းကပ်ငြိလေ၏၊ တဖန် လှံနှင့် ထိုးပြန်၏၊ လှံလည်း ကပ်ငြိမြဲကပ်ငြိပြန်၏၊ ထို့နောက် လှက်နက် ငါးပါးကပ်ငြိသော အဖြစ်ကို သိရကား ဘုရားလောင်းသည် 'ဟယ် ဘီလူး....သင်သည် ပဥ္စာဝုဓမင်းသားဟု ငါ့ကိုမကြားဖူးပါလော၊ ငါသည် သင်သိမ်းဆည်းသော တောအုပ်သို့ မရွံ့မကြောက် တယောက် တည်းလာသည်ကား လေးမြား စသော လက်နက်တို့ကို ယုံကြည်၍ လာ သည်မဟုတ်၊ စင်စစ်မှာမူ ငါ၏စွမ်းရည်သတ္တိဂုဏ်ကို ယုံကြည်၍ပင် လာ သည်၊ များမကြာခင် ယခုပင် သင့်ကို ပုတ်ခတ်လျက် ညက်ညက်မုန့်မုန့် ပြုအံ့'ဟုကြုံးဝါးပြီးလျှင်လက်ယာလက်ဖြင့်ပုတ်ခတ်၏ လက်ယာလက်လည်း အမွေးတွင်ထိ၍ကပ်ငြိလေ၏၊လက်ဝဲလက်နှင့်ပုတ်ခတ်သော်လည်းကောင်း, လက်ယာခြေနှင့် ကျောက်ကန်သော်လည်းကောင်း,လက်ဝဲခြေနှင့်ကျောက် ကန်သော်လည်းကောင်း, ဦးခေါင်းနှင့်ဝှေ့သော်လည်းကောင်း အမွေး၌ သာ ငြိရှာလေသတည်း။

ဘုရားလောင်းသည် ငါးခုသော ကျော့ကွင်းတို့ဖြင့် ထောင်အပ်သည် ဖြစ်၍ ငါးပါးသော အရပ်တို့၌ ဖွဲ့စပ်လျက် တွဲလျားဆွဲငြားသော်လည်း ကြောက်ထိတ်လန့်ခြင်းမရှိ၊ ထိုအခါ ဘီလူးသည် ဤသူကား ယောကျ်ား အာဇာနည်တည်း၊ ငါတို့သဘောရှိသော ဘီလူးသည် ဖမ်းယူအပ်လျက် ကြောက်ထိတ်လန့်ခြင်းမရှိ၊ ဤလမ်းခရီး၌ နေသော ငါသည် ဤသူကဲ့သို့ မရွံ့မကြောက်သော တယောက်သောသူကိုမျှလည်း မမြင်ရစဖူး၊ အဘယ့် ကြောင့် ဤသူသည်မရွံ့မကြောက်သနည်းဟုကြံ၍ စားခြင်းငှာ မဝံ့ရကား ဘုရားလောင်းကို 'လုလင်.... သင်ကား အဘယ်ကြောင့် သေဘေးမှ မကြောက်မရွံ့အံ့နည်း'ဟုမေး၏၊ ဘီလူး—'အဘယ့်ကြောင့် ငါကြောက် ရွံ့အံ့နည်း၊သေခြင်းကား တဘဝ၌ တခါဖြစ်မြဲသည်သာတည်း၊စင်စစ်မှာ မူ ငါ၏ ဝမ်းတွင်း၌ ဝဇီရစိန် လက်နက်သည် ရှိ၏၊ သင်သည် အကယ်၍ ငါ့ကိုစားငြားအံ့၊ ထိုငါ၏ ဝဇီရစိန် လက်နက်ကို သင်မကြေစေနိုင်ရာ၊ ငါ၏ဝဇီရစိန်လက်နက်သည် သင်၏အအူတို့ကို အထုံးထုံး အပိုင်းပိုင်းဖြတ်

လျက် အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့၊ သင်နှင့် ငါကား သေခြင်း အားဖြင့် တူတန်ကြလျက် အဘယ့်ကြောင့် ငါကြောက်ရွံ့အံ့နည်း’ဟု ဆိုတော်မူ၏။

ဤစကားကို ဘုရားလောင်းသည် သေဘေးမှ မိမိကြောက်သော ကြောင့် ဘီလူးအား ချောက်လှန့်သောအားဖြင့် ဝါးကြွား၍ မသွား ဆိုသည် မဟုတ်၊ ကိုယ်တော် အတွင်းမှာ ပညာ တည်းဟူသော ဝဇိရစိန်လက်နက်ကို ရည်၍ ဆိုရတား မုသားမဖြစ်၊ စင်စစ်ကေန် မှန်သည်သာတည်း။

ဘီလူးသည် ဘုရားလောင်း၏ စကားကို ကြားလတ်သော် ဤလုလင် သည် မှန်သောစကားကိုသာဆို၏၊ ဤအာဇာနည်ယောကျ်ားမြတ်၏ကိုယ် မှ ပဲနောက်စေ့မျှလောက်သော အသားသည် ငါ၏ဝမ်းသို့ဝင်သော် ကြေ စေခြင်းငှာမစွမ်းနိုင်ရာ၊လွတ်မှာသာသင့်မည်ဟုကြံပြီးသော်ဘုရားလောင်း ကို သေဘေးဖြင့် ခြိမ်းခြောက်၍ ‘လုလင် သင်ကား ယောကျ်ား အာဇာ နည်တည်း၊ သင်၏အသားကို ငါမစားပြီ၊ သင်သည် ယနေ့ ရာဟုခံတွင်းမှ လွတ်ကင်းသော လ,မင်းကဲ့သို့ ငါ၏လက်မှလွတ်ထွက်၍ အဆွေအမျိုး ချစ်ကျွမ်းဝင်သူတို့ကို နှစ်သက်စေလျက် သွားလေတော့’ ဟုဆို၏၊ ဘုရား လောင်းလည်း ‘ဘီလူး ငါမူကား သွားတော့အံ့၊ သင့်မှာမူကား ရှေးဘဝ ၌လည်း မကောင်းမှုကို ပြုသောကြောင့် ယခုလက်၌ သွေးအလိမ်းလိမ်း ကပ်လျက်၊သူတပါးတို့ အသွေးအသားကို စားသောဘီလူးဖြစ်၏၊ ယခု ဘဝ၌လည်း မကောင်းမှုကိုသာလျှင် ထပ်ကာ ထပ်ကာ ပြုဘိ၏၊ အမိုက်မှ လာ၍ အမိုက်သို့သွားသော တမောတမပဆာယန ပုဂ္ဂိုလ်ဖြစ်လတ္တံ့၊ သင် သည် ငါနှင့်တွေ့မြင်သော ကာလမှစ၍ မကောင်းမှုကိုပြုခြင်းငှာ မဘာတ် ကောင်း၊ သင်ပြုအပ်သော ပါဏာတိပါတ အမှုသည် ငရဲ, တိရစ္ဆာန် ပြိတ္တာ, အသုရကာယ် အပါယ်လေးတို့၌သာ ဖြစ်စေတတ်၏၊ အကယ်၍ တစုံတခုသော ကောင်းမှုကံကြောင့်လူ့ဘုံ၌ဖြစ်စေကာမူ ဖြစ်တိုင်းဖြစ်တိုင်း သောဘဝ၌ အသက်၏တိုခြင်း, အနာ၏များခြင်းကို ဖြစ်စေတတ်၏၊ ဤသို့ အစရှိသည်ဖြင့် ငါးပါးသော ဒုသီလ အမှု၌ အပြစ်, ငါးပါးသော သုသီလအမှု၌ အကျိုးအာနိသင်ကို ထင်မြင်အောင် ဘီလူးအား ဟော ကြားပြီးမှ သုသီလ အဖြစ်၌ ဘီလူးကိုတည်စေ၍သွားသဖြင့်ဗာရာဏသီပြည် သို့ရောက်လေ၏၊ ဤ၌ သို့စဥ်ကလောက် ကြောက်မက်ဖွယ်သော ဘီလူး

ကိုစင်လျက် မကြောက်မရွံ့ရဲဝံ့လေခြင်းသည်ကား အာဇာနည်ယောကျ်ား ကောင်းဖြစ်၍ စိတ္တုတြာသသံဝေဂ မရှိသောကြောင့်သာတည်း။

ဤအတူ သုတနု လုလင်၏ မဃဒေဝဘီလူးမှ မကြောက်ခြင်း၊ အလိန သတ္တုမင်းသား၏ စူဠပေါရိသာဒမှ မကြောက်ခြင်း၊ မဟာသုတသောမ မင်း၏ မဟာပေါရိသာဒမှ မကြောက်ခြင်းသည်လည်း အာဇာနည်ဖြစ်၍ စိတ္တုတြာသသံဝေဂ မရှိသောကြောင့်ပင်မှတ်ရမည်၊ ဤသို့သာသောအဋ္ဌ ကထာစကားဖြင့် ယောကျ်ားအာဇာနည်၏ ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိသည်ကို သိအပ်၏၊ သည်မှတပါး ဘုရားလောင်း၏ မကြောက် ခြင်းကို ဇာတ်နိပါတ်၌ လာသည်ကား များစွာ၏၊ ဘုရားလောင်း မကြောက်တိုင်း အာဇာနည်ယူမှု အဋ္ဌကထာ၌လာသော ဆင်၊မြင်း၊နွား၊ လူသာမက အာဇာနည်ကား အများအပြားပင်ရကောင်းသည်သာတည်း။ ယင်းသို့ ရကောင်းလျက်ကို အဋ္ဌကထာ၌ အာဇာနည်မျိုး လေးပါးသာ လာသည်ကား ဆင်၊ မြင်း၊ နွား၊ လူမှတပါး အခြားသော အမျိုးတို့၌ အာဇာနည် မဖြစ်ကောင်းသောကြောင့် လာသည်၊ ဘုရားလောင်းမှာ မူကား ပါရမီတော် ထုံအပ်သည်၏အဖြစ်ကြောင့် အလွန်ကြောက်တတ် သော မျောက်၊ ယုန် အမျိုး စသည်၌ပင် ဖြစ်သော်လည်း ကြောက်ရွံ့ခြင်း မရှိပဲ ရဲရင့်ခြင်းရှိသည်သာတည်း။

---

၁၇-စိတ္တုတြာသ သံဝေဂကင်းသော ပုဂ္ဂိုလ်တို့၏
ထိုစိတ္တုတြာသသံဝေဂမှ ကင်းခြင်းအကြောင်းကိုပြဆိုရာ

ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ခြင်္သေ့တို့၏ မိုးကြိုးသံ ထစ်သော် လည်း ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိသည်ကိုဒုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း ဤသို့ ဟောတော်မူ၏။

ဒွေမေ ဘိက္ခဝေ အသနိယာ ဖလန္တိယာ န သန္တသန္တိ၊
ကတမေ ဒွေ....ဘိက္ခု စ ခီဏာသဝေါ၊ ဟတ္ထာဇာနီယော စ၊
ဘိက္ခု စ ခီဏာသဝေါ၊ အဿာဇာနီယော စ။
ဘိက္ခု စ ခီဏာသဝေါ၊ သီဟော စ မိဂရာဇာ၊
ဣမေခေါ ဘိက္ခဝေ ဒွေ အသနိယာ ဖလန္တိယာ န သန္တသန္တိ။

ဘိက္ခဝေ၊ တို့။ ဣမေဒွေ၊ ဤနှစ်ဦးသော သတ္တဝါတို့သည်။ အသနိယာ၊ မိုးကြိုးသည်။ ဖလန္တိယာ၊ ထစ်ကြိုးသည်ရှိသော်။ န သန္တသန္တိ၊ မထိတ် လန့်ကုန်။ ဒွေ၊ နှစ်ဦးသောသတ္တဝါတို့ဟူသည်။ ကတမေ၊ အဘယ်သည်

တို့နည်း။ ခိဏာသဝေါ၊ ကုန်ပြီးသောအာသဝေါရှိသော။ ဘိက္ခုစ၊ ရဟန်းလည်းကောင်း။ ဟတ္ထာအာဇာနီယောစ၊ ဆင်အာဇာနည်လည်းကောင်း။ (ဤကားတသုတ်)

ခိဏာသဝေါ၊ ကုန်ပြီးသောအာသဝေါရှိသော။ ဘိက္ခုစ၊ ရဟန်းလည်းကောင်း။ မိဂရာဇာ၊ သားတို့၏ မင်းဖြစ်သော။ သီဟောစ၊ ကေသရာ ခြင်္သေ့လည်းကောင်း။ ဘိက္ခဝေ၊ တို့။ ဣမေဒွေ၊ ဤနှစ်ဦးသော သတ္တဝါတို့သည်။ အသနိယာ၊ မိုးကြိုးသည်။ ဖလန္တိယာ၊ ထစ်ကြိုးသည်ရှိသော်။ နသန္တသန္တိ၊ မထိတ်လန့်ကုန်။ (ဤလည်းတသုတ်) ပေါင်းသုံးသုတ်ကို ပဌမ သုတ်၌ အန္တပေယျာလ, တတိယသုတ်၌ အာဒိပေယျာလ, ဒုတိယသုတ်၌ အာဒိအန္တပေယျာလအားဖြင့် ရေးသည်၊ ထိုသတ္တဝါတို့၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂ မရှိခြင်း၏ အကြောင်းကို ၎င်းအဋ္ဌကထာ၌....

တတ္ထ ခိဏာသဝေါ အတ္တနော သက္ကာယဒိဋ္ဌိယာ ပဟီနတ္တာ
န ဘာယတိ၊ ဣတရာ သက္ကာယဒိဋ္ဌိယာ ဗလဝတ္တာ....ဟုလာ၏။

တတ္ထ၊ ထိုဆင်အာဇာနည်, မြင်းအာဇာနည်, ခြင်္သေ့, ရဟန္တာတို့တွင်။ ခီဏာသဝေါ၊ရဟန္တာသည်။ အတ္တနော၊မိမိ၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိကို။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ နဘာယတိ၊ မကြောက်။ ဣတရော၊ ဆင်အာဇာနည်, မြင်းအာဇာနည်, ခြင်္သေ့တို့သည် အတ္တနော၊ မိမိ၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ၏၊ ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်။ နဘာယန္တိ၊ မကြောက်ကုန်။

ဤပါဠိ အဋ္ဌကထာတို့၌ ဥသဘ အာဇာနည်,ယောကျ်ားအာဇာနည် တို့ကား မလာကုန်။ ဤသို့ ဝတ္ထုသက်သေနှင့်တကွ ပြဆိုအပ်သော ပါဠိ အဋ္ဌကထာ, ဋီကာစကားတို့ဖြင့် စိတ္တုတြာသသံဝေဂအဖြစ်ကို သိအပ်၏။

စိတ္တုတြာသ သံဝေဂ ပြီး၏။

---

(ဩတ္တပ္ပ သံဝေဂ)

၁၈-ဩတ္တပ္ပ သံဝေဂ အရာ၌ ဟိရီ, ဩတ္တပ္ပ တည်းဟူသော
လောကပါလ တရားနှစ်ပါးသည် လူတို့အား
စောင့်ရှောက်သည်ကို ပြဆိုရာ

ဩတ္တပ္ပသံဝေဂလည်း သတ္တဝါခပ်သိမ်းတို့အား မဖြစ်။ ယင်းသို့မဖြစ်ခြင်းကို ဤဆိုလတ္တံ့သော ပါဠိ၏ နေယျတ္ထဖြင့် သိအပ်၏။

ဒွေမေ ဘိက္ခဝေ ဓမ္မာ သုက္ကာ၊ ကတမေ ဒွေ ဟိရီစ ဩတ္တပ္ပဉ္စ ဣမေခေါ ဘိက္ခဝေ ဒွေ ဓမ္မာ သုက္ကာ။

ဒွေမေ ဘိက္ခဝေ သုက္ကာ ဓမ္မာ လောကံ ပါလေန္တိ၊ ကတမေ ဒွေ၊ ဟိရီစ ဩတ္တပ္ပဉ္စ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ သုက္ကာ ဓမ္မာ လောကံ နပါလေယျုံ၊ နယိဓ ပညာယေထ မာတာတိဝါ မာတုစ္ဆာတိဝါ မာတုလာနီတိဝါ အာစရိယ ဘရိယာတိဝါ ဂရူနံ ဒါရာတိဝါ၊ သမ္ဘေဒံ လောကော အဂမိဿ၊ ယထာ အဇေဠကာ ကုက္ကုဋ သူကရာ သောဏသိင်္ဂါလာ၊ ယသ္မာစ ခေါ ဘိက္ခဝေ ဣမေ ဒွေ သုက္ကာ ဓမ္မာ လောကံ ပါလေန္တိ၊ တသ္မာ ပညာယတိ မာတာတိဝါ မာတုစ္ဆာတိဝါ မာတုလာနီတိဝါ အာစရိယ ဘရိယာတိဝါ ဂရူနံ ဒါရာတိဝါတိ။

(ဒုကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်)

ဘိက္ခဝေ၊ တို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေ ဒွေ၊ ဤနှစ်ပါးတို့တည်း။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား ဟိရီစ၊ ဟိရီလည်းကောင်း။ ဩတ္တပ္ပဉ္စ၊ ဩတ္တပ္ပလည်းကောင်း။ ဘိက္ခဝေ၊ တို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေခေါ ဒွေ၊ ဤနှစ်ပါးတို့တည်း။

ဘိက္ခဝေ၊ တို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ လောကံ၊ လူကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ ဒွေ၊ နှစ်ပါးသော တရားတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဟိရီစ၊ ဟိရီသည်းကောင်း။ ဩတ္တပ္ပဉ္စ၊ ဩတ္တပ္ပလည်း ကောင်း။ ဒွေ၊ နှစ်ပါးကုန်သော။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ခေါ၊ စင်စစ်။ လောကံ၊ လူကို။ နပါလေယျုံ၊ မစောင့်ရှောက်ကုန်ငြားအံ့။ ဝေသန္တေသု၊ ဤသို့ မစောင့်ရှောက်ကုန်သည် ရှိသော်။ ဣဓ၊ ဤလောက၌။ မာတာတိဝါ၊ အမိဟူ၍လည်းကောင်း။ မာတုစ္ဆာတိဝါ၊ မိကြီး, မိထွေးဟူ၍လည်းကောင်း။ မာတုလာနီတိဝါ၊ ဦးရီးမယား အရီးဟူ၍လည်းကောင်း။ အာစရိယ ဘရိယာတိဝါ၊ ဆရာ့ မယားဟူ၍လည်းကောင်း။ ဂရူနံ၊ အလေးပြုအပ်သော ဘကြီး,ဘထွေး စသည်တို့၏။ ဒါရာတိပါ၊ မယားဟူ၍လည်းကောင်း။ နပညာယေထ၊ မထင်ရာ။ လောကော၊ လူအပေါင်းသည်။ သမ္ဘေဒံ၊ ရောနှောစပ်ယှက်

ခြင်းသို့။ ဝါ၊ အပိုင်းအခြား ပျက်ခြင်းသို့။ အဂမိဿ၊ ရောက်ရာပြီ။ ယထာကိုံ၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ အဇေဠကာ၊ ဆိတ်မြန်မာ, ဆိတ်ကုလားတို့သည်။ ကုက္ကုဋ္ဋ သူကရာ၊ ကြက်, ဝက်တို့သည်။ သောဏ သိင်္ဂါလာ၊ အိမ်ခွေး, တောခွေးတို့သည်။ သမ္ဘေဒံ၊ ရောနှောစပ်ယှက်ခြင်းသို့။ ဝါ၊ အပိုင်းအခြား ပျက်ခြင်းသို့။ ဂစ္ဆန္တိယထာ၊ ရောက်ကုန်သကဲ့သို့တည်း။ ဘိက္ခဝေ။ တို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်ကြောင့်ကား။ ဒွေ၊ ကုန်သော။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ လောကံ၊ လူကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤလောက၌။ မာတာတိဝါ၊ အမိဟူ၍လည်းကောင်း။ မာတုစ္ဆာတိဝါ၊ မိကြီး,မိထွေးဟူ၍လည်းကောင်း။ မာတုလာနီတိဝါ၊ ဦးရီးမယား အရီးဟူ၍လည်းကောင်း။ အာစရိယဘရိယာတိဝါ၊ ဆရာ့မယားဟူ၍လည်းကောင်း။ ဂရူနံ၊ အလေးပြုအပ်သော ဘကြီး,ဘထွေးစသည်တို့၏။ ဒါရာတိဝါ၊ မယားဟူ၍လည်းကောင်း။ ပညာယတိ၊ ထင်၏။

ဤပါဠိတော်၌ လူတို့မှာသာ ဟိရိဩတ္တပ္ပဟု ဆိုအပ်သောလောကပါလတရားနှစ်ပါးစောင့်ထိန်းသောကြောင့် ရောနှောစပ်ယှက်ခြင်း, အပိုင်းအခြားပျက်ခြင်းသို့မရောက်။အမိ,မိကြီး,မိထွေးစသည်ဖြင့်ထင်ရှားသည်။ ဆိတ်မြန်မာ, ဆိတ်ကုလား, ကြက်, ဝက်, အိမ်ခွေး, တောခွေး စသောတိရစ္ဆာန်တို့မှာ ဟိရိ, ဩတ္တပ္ပ မရှိသောကြောင့် ရောနှော စပ်ယှက်ခြင်း, အပိုင်းအခြားပျက်ခြင်းသို့ ရောက်ကုန်သည်၊ ထိုတိရစ္ဆာန်တို့သည် ငါ၏အမိဟူ၍လည်းကောင်း, မိကြီး မိထွေးဟူ၍လည်းကောင်း, အလေးပြုသည်၏အစွမ်းဖြင့် မသိကုန်၊အကြင်ဝတ္ထုကိုအမှီပြု၍မိမိတို့သည် ဖြစ်ကုန်၏၊ ထိုဝတ္ထု၌ပင်ဖောက်ပြန်၍မိစ္ဆာစာရကိုကျင့်၏၊ဤသို့ဟောတော်မူအပ်သောစကားကိုထောက်ထားသော် လူတို့အားသာ များသောအားဖြင့် ဩတ္တပ္ပသံဝေဂ ရှိသည်။ တိရစ္ဆာန်တို့အား များသောအားဖြင့် ဩတ္တပ္ပသံဝေဂမရှိ၊ အပ္ပကအားဖြင့် သီလနှင့်ပြည့်စုံသော တိရစ္ဆာန်တို့အား ဩတ္တပ္ပ သံဝေဂမရှိဟု မဆိုသာ၊ ရှိကောင်းရာပေ၏၊ လူတို့တွင်လည်း သီလနှင့်ပြည့်စုံသောသူအားသာ ဩတ္တပ္ပသံဝေဂရှိကောင်း၏၊ အကြောင်းဖြစ်သော ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံမှ အကျိုးဖြစ်သော သီလနှင့်ပြည့်စုံရာသည်။

ဟိရောတ္တပ္ပေ ဟိ သတိ သီလံ ဥပ္ပဇ္ဇတိစေဝ ထိဋ္ဌတိစ၊ အသတိ

နေဝ ဥပ္ပဇ္ဇတိ န တိဋ္ဌတိ။ (မိသုဒ္ဓိမဂ်)

ဟိသစ္စံ၊ မှန်၏။ ဟိရောတ္တပ္ပေ၊ ဟိရီ,ဩတ္တပ္ပသည်။ သတိ၊ ရှိသော်လျှင်။ သီလံ၊ သီလသည်။ ဥပ္ပဇ္ဇတိစေဝ၊ ဖြစ်လည်းဖြစ်၏။ တိဋ္ဌတိစ၊ တည်လည်း တည်၏။ အသတိ၊ မရှိသော်။ နေဝဥပ္ပဇ္ဇတိ၊ ဖြစ်လည်းမဖြစ်။ နတိဋ္ဌတိ၊ တည်လည်းမတည်။

---

၁၉-အတ္တာနုဝါဒဘေး-စသော ဘေး ၄-ပါးကို ကြောက်သဖြင့် ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံခြင်း,မကြောက်သဖြင့် မပြည့်စုံခြင်းကို ပြရာ

ထိုဩတ္တပ္ပ သံဝေဂ၏ ဖြစ်ဟန်ကို အဋ္ဌကထာတို့၌ဤသို့ပြ၏၊ 'အချင်း.... သင်သည် အကယ်၍ မကောင်းမှုကို ပြုငြားအံ့၊ ယင်းသို့ပြုသည်ရှိသော် ပရိသတ်လေးပါးဝယ် ကဲ့ရဲ့ဖွယ် ဖြစ်လတ္တံ့သတည်း'။

သစေ တွံ ပါပကမ္မံ ကရိဿတိ၊ စတူသု ပရိသာသု ဂရဟာ ပတ္တော ဘဝိဿတိ။ (ဇာတ် အဋ္ဌကထာ)

သစေ၊အကယ်၍။တွံ၊ သင်သည်။ပါပကမ္မံ၊ မကောင်းမှုကို။ကရိဿတိ၊ ပြုလတ္တံ့။ စတူသု၊ လေးပါးကုန်သော။ ပရိသာသု၊ ပရိသတ်တို့၌။ ဂရဟာပတ္တော၊ ကဲ့ရဲ့ဖွယ်သို့ ရောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့သတည်း။ တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့သည် စက်ဆုပ်ဖွယ်ရှိသောမစင်ကို ကဲ့ရဲ့ကုန်သကဲ့သို့ ခပ်သိမ်းသော ပညာရှိလူအပေါင်းတို့သည်မကောင်း မှုကို ပြုသော သင့်ကို ကဲ့ရဲ့ကုန်လတ္တံ့၊ ခပ်သိမ်းသော ပညာရှိတို့သည် ကြဉ်အပ်လျက် သင့်ကိုမူကား အဘယ့်ကြောင့် ထိုမကောင်းမှုကို ပြုလို ဘိသနည်း၊ ဤသို့ဆင်ခြင်ပြီးမှ အပဋ္ဌဖြစ်စေအပ်သော ဩတ္တပ္ပသံဝေဂဖြင့် မကောင်းမှုကိုပြုခြင်းမှ ကြဉ်၏။

ဤလောက၌ အချို့သော အမျိုးသားသည် လောကကို အကြီးအမှူး ပြု၍ မကောင်းမှုကိုမပြု။

ဣဓေကစ္စော ကုလပုတ္တော လောကံ အဓိပတိံ ဇေဋ္ဌကံ ကရိတွာ ပါပကမ္မံ န ကရောတိ။

(မဟာနိဒ္ဒေသ အဋ္ဌကထာ)

ဣဓ၊ဤလောက၌။ ကေစ္စော၊အချို့သော။ ကုလပုတ္တော၊အမျိုးသား သည်။ လောကံ၊ လောကကို။ အဓိပတိံ ဇေဋ္ဌကံ၊အကြီးအမှူးကို။ကရိတွာ၊ ပြု၍။ ပါပကမ္မံ၊ မကောင်းမှုကို။ န ကရောတိ၊ မပြု။

ဤလောကသန္တိဝါသသည် ကျယ်လှ၏၊ ထိုသို့ကျယ်လှသော လောကသန္တိဝါသ၌ ကြီးသော တန်ခိုးရှိကုန်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်တတ်ကုန်သော, သူတပါးစိတ်ကိုပိုင်းခြား၍ သိတတ်ကုန်သော အကြင်ရဟန်းပုဏ္ဏားတို့သည် ဝေးသောအရပ်မှလည်း မကောင်းမှုကိုပြုသောသူကို မြင်ကုန်၏၊ အနီး၌လည်း ထင်ကုန်၏၊ မိမိစိတ်ဖြင့်လည်း သူတပါးစိတ်ကို ပိုင်းခြား၍သိကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည်လည်း 'အချင်းတို့-ဤအမျိုးသားကို ရှုကြပါကုန်၊ ဘုန်းကံနှင့်ပြည့်စုံသော ယောကျ်ားကောင်းဖြစ်ပါလျက် ယုတ်မာသောမကောင်းမှုတို့ဖြင့် ပြွမ်းသည်ဖြစ်၍ နေဘိ၏၊ ဤသို့ငါ့ကို သိကြကုန်လတ္တံ့'၊ တန်ခိုးကြီးကုန်သော နတ်မျက်စိနှင့် ပြည့်စုံကုန်သော, သူတပါးတို့စိတ်ကို သိနိုင်ကုန်သော အကြင်နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် အဝေးမှလည်း မကောင်းမှုပြုသောသူကို မြင်ကုန်၏၊အနီး၌လည်း ထင်ကုန်၏၊ မိမိတို့စိတ်ဖြင့်လည်း သူတပါးတို့စိတ်ကို သိကုန်၏၊ ထိုနတ်တို့လည်း 'အချင်းတို့....ဤကုလပုတ္တကိုရှုကြပါကုန်' ဘုန်းပညာနှင့်ပြည့်စုံသော ယောကျ်ားကောင်း ဖြစ်ပါလျက် စက်ဆုပ်ဖွယ်သော အမှုအကုသိုလ်တို့နှင့် ပြွမ်းသည်ဖြစ်၍ နေဘိ၏ တကားဟု ငါ့ကို သိကြကုန်လတ္တံ့'ဟု ဤသို့လျှင် လောကကို အကြီးမှူးပြုသော သြတ္တပ္ပသံဝေဂဖြင့် အကုသိုလ်တရားကို ပယ်မှားလျက် ကုသိုလ်တရားကို ပွားစေ၏။

သြတ္တပ္ပသံဝေဂသည် အပါယ်ဘေးမှ ကြောက်သော သဘောအားဖြင့် တည်တတ်၏။

ဘယန္တိ အပါယဘယံ၊ တေန သဘာဝေန သဏ္ဌိတံ သြတ္တပ္ပံ၊
(အဋ္ဌသာလိနီ)

ဘယန္တိ၊ ကြောက်ခြင်း ဟူသည်ကား။ အပါယဘယံ၊ အပါယ်မှ ကြောက်ခြင်းတည်း။ သြတ္တပ္ပံ၊ သြတ္တပ္ပ သံဝေဂသည်။ တေနသဘာဝေန၊ ထိုအပါယ်မှ ကြောက်သော သဘောဖြင့်။ သဏ္ဌိတံ၊ တည်၏။

ဤလောက၌ အချို့သော သူသည် အတ္တာနုဝါဒဘေး အစရှိသော လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုမှ ကြောက်တတ်သောသူ၏ ဘေးကို ဆင်ခြင်ခြင်း လက္ခဏာရှိသော သြတ္တပ္ပ သံဝေဂကို ဖြစ်စေ၍ မကောင်းမှုမှ ကြဉ်ရှောင်လေသည်။

ကေစွော အတ္တာနုဝါဒဘယံ ပရာနုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယန္တိ စတူဟိ ကာရဏေဟိ ဝဇ္ဇဘီရုက ဘယဒဿာဝီ လဇ္ဇိဏော သြတ္တပ္ပံ သမုဋ္ဌာပေတွာ ပါပံ န ကရောတိ။

(ဇာတ်အဋ္ဌကထာ)

ကေစွော၊ အချို့သော သူသည်။ အတ္တာနုဝါဒဘယံ၊ အတ္တာနုဝါဒဘေးလည်းကောင်း။ ပရာနုဝါဒဘယံ၊ ပရာနုဝါဒဘေးလည်းကောင်း။ ဒဏ္ဍဘယံ၊ ဒဏ္ဍဘေးလည်းကောင်း။ ဒုဂ္ဂတိဘယံ၊ ဒုဂ္ဂတိဘေးလည်းကောင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဝဇ္ဇဘီရုက ဘယဒဿာဝီ လဇ္ဇိဏော၊ အပြစ်မှကြောက်တတ်သောသူ၏ဘေးကို ဆင်ခြင်ခြင်းလဇ္ဇာရှိသော။ သြတ္တပ္ပံ၊ သြတ္တပ္ပ သံဝေဂကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါပံ၊ မကောင်းမှုကို။ နကရောတိ၊ မပြု။

ဤသို့ အရပ်ရပ်လာသော အဋ္ဌကထာတို့ စကားကို ထောက်ထားဆင်ခြင်သော် ဤလောကသန္တိဝါသ အပေါင်း၌မကောင်းမှုကိုပြုကြကုန်သော ခပ်သိမ်းသော သတ္တဝါတို့သည် လေးပါးသော ဘေးကို ဆင်ခြင်၍ ကြောက်ထိတ်လန့်ခြင်း လဇ္ဇာရှိသော သြတ္တပ္ပ သံဝေဂ မရှိသော ကြောင့်သာ ပြုဝံ့ကြကုန်သည်၊ ကြောက်ထိတ်လန့်ခြင်း လဇ္ဇာရှိသော သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသောသူတို့သည် မကောင်းမှုကို မပြုဝံ့ကြကုန်၊ စင်စစ်မှုကား မကောင်းမှုမှ ကြဉ်ရှောင်ကုန်သည်သာတည်း။

---

(ပါဏာတိပါတ)

## ၂၀-သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ ပါဏာတိပါတ တည်းဟူသော မကောင်းမှုကိုပြုသော စုန္ဒသူကရိက ဝတ္ထု

သြတ္တပ္ပသံဝေဂမရှိသောကြောင့် မကောင်းမှုကိုပြုကြကုန်သောသူတို့၏ ဝတ္ထုသက်သေကို ပါဠိ, အဋ္ဌကထာ လာတိုင်း စိုးစဉ်းထုတ်ပြအံ့....ဘုရားသဗ္ဗညုသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေလျော်စံပျော်တော်မူသောအခါ ရာဇဂြိုဟ်ပြည်သား စုန္ဒသူကရိက အမည်ရှိသော ဝက်သားထိုးသည် အနှစ်ငါးဆယ်ပတ်လုံး ဝက်တို့ကို သတ်ပြီးလျှင် ထိုဝက်သားတို့ကို မိမိလည်း စား, သူတပါးတို့အားလည်း ရောင်းချလျက်အသက်မွေးသတတ်၊ ထိုသူ၏ ဝက်ကုန်သွယ်ဟန်ကား....ရွားပါးစတ်မွတ်သောအခါ များစွာသော ဆန်စပါးတို့ကို လှည်းများနှင့် ဆောင်ကြဉ်း၍

တောတွင်းဇနပုဒ်သို့ သွားပြီးလျှင် ဝက်ရှင် ရှာသူကြီးအား စပါးတပြည် တန်သည့်,နှစ်ပြည်တန်သည် အဖိုးပေး၍ ငယ်ကလေး ဝက်ကြီး အလုံးစုံကို အကုန်ဝယ်ပြီးသော် မိမိလှည်းဖြင့်ဆောင်၍ မြို့သို့ရောက်လျှင် အိမ်နောက်ဖေး၌ နွားခြံကဲ့သို့ ကာရံပြီးမှ ထိုခြံတွင်းသို့သွင်း၍ ဆန်ကျိုး ဆန်ကွဲ ဖွဲနု မစင်ဘင်ခြောက် စသော အစာပေးလျက် မွေးကျွေး၏၊ ယင်းသို့မွေးကျွေး၍ အခဲသွားအသားကို တိုးပွားလတ်သော် ထိုဝက်တို့တွင် အကြင်အကြင်ဝက်ကိုသတ်လို၏၊ ထိုထိုဝက်ကို စိုက်နှက်အပ်သော တိုင်ငုတ် တံသင်းငယ် မလှုပ်မရှားနိုင်အောင်မြဲမြံစွာ ဖွဲ့ချည်၍ ကိုယ်အသား၏တိုးပွားစေခြင်းငှာလည်းကောင်းအရေအခေါက်၏ထူထဲစေခြင်းငှာလည်းကောင်း လေးထောင့်ဆောက်ပုတ်ဖြင့် အကြိမ်ကြိမ်အဖန်ဖန် အတန်ငယ်ခဲသေရုံမျှ ပုတ်ခတ်၍ ကိုယ်ရေကိုယ်သားပွားများမန်းသိလျှင်ခံတွင်းကိုဖွင့်ထားပြီးမှ သွားကြား၌ တုတ်ထောက်ကန့်၍သံအိုးဖြင့် ကျိုက်ကျိုက်ဆူသော ရေပွက်ပွက်ကိုဝက်၏ခံတွင်း၌လောင်း၏၊ထိုရေပွက်ပွက်သည်ဝက်၏ခံတွင်းသို့ဝင်ပြီးလျှင် ကျင်ကြီးကိုယူပြီးမှ အောက်ဒွါရသို့ ထွက်လာ၏၊ အကြင်မျှလောက် ကျင်ကြီးသည် ရှိသေး၏၊ ထိုမျှလောက်ရေသည် နောက်ကျိလျက်ထွက်၏၊ ဝမ်းခေါင်းမေ်းထွင်းသည် ရှင်းလင်းစင်ကြယ်လတ်သော် ရေသည် ကြည်လင်စွာ ထွက်လာ၏၊ ထိုအခါမှ ကြွင်းသမျှ ရေပူကျိုက်ကျိုက်ကို ကျော၌လောင်း၍ မကောင်းသော အရေနက် အရေညစ်ကို ခွါပစ်၏၊ ထိုနောက်မှ အမွေးအမျှင်တို့ကို စင်ကြယ်အောင် ပြောင်ပြောင်တောက်သော မြက်မီးရှူး၍မြိုက်၍ စင်ကြယ်သောဝက်ကို ထက်လှစွာသောသန်လျက်ဖြင့်ဦးထက်၌ဖြတ်တောက်၍ ပေါက်ပေါက်ကျသော သွေးရည်သွေးစက်ကို အိုးခွက်ဖြင့် ခံယူပြီးသော် အသားပေါဝယ် လောင်း၍ အသားနှင့် အခဲသွေးရောထွေးအောင်နယ်ပြီးမှ မီးကျီး၌ချက်ကင်၍ ရှင်လန်းစွာ သားမယားအလယ်တွင် တင့်တယ်အောင်နေထိုင်လျက် စား၏၊ ကြွင်းသမျှကိုသည်း ရောင်း၏၊ ထိုစုန္ဒသူကရိကသည် အနှစ် ငါးဆယ်ကျော် ကာလပတ်လုံး ဤသို့သော အမှုဖြင့် ဝက်ကိုသတ်လျက် အသက်မွေးလေသတည်း၊ လာခြင်းကောင်းတော်မူသော သဗ္ဗညုဘုရားသည် မြို့ဦးမြို့ထိပ်ဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ကို ဆိမီးတတိုင်, ပန်းတပွင့်မျှမပူဇော်ဖူး၊ တယောက်ချို, တယောက်မျှသောသာဂုထမင်းဟင်းကိုမျှ မလှူဘူး၊ သည်မှတပါး အခြားကုသိုလ်ကိုလည်း စိုးစဉ်းမျှ

ပြုဘူးလေ၊ ထိုသူ၏ ပမာဒတရားကို သူတော်ကောင်းတို့ ကြားရလျှင် နှလုံးသား တုန်လှုပ်လောက်အောင် ကြောက်ဖွယ်ကောင်း သတည်း၊ ယင်း သို့ ဝက်ကို သတ်လျက် အသက်မွေးသောထိုသူ၏ ကိုယ်ဝယ်မပယ် မလွှဲနိုင် သောအနာသည် ပြင်းစွာ ရောက်လာသတည်း၊ အသက်ထင်ရှား ရှိစဉ်ပင် အဝီစိငရဲ မီးပူသည် လူကိုထ၍ လောင်၏။

ဇီဝန္တဿေဝ ပန အဝီစိမဟာနိရယသန္တာပေါ ဥဋ္ဌဟိ။

(ဓမ္မပဒ အဋ္ဌကထာ)

ဇီဝန္တဿေဝပန၊ အသက်ရှင်စဉ်သာလျှင်။ အဝီစိ မဟာနိရယသန္တာ ပေါ၊ အဝီစိငရဲကြီး၏ မီးပူသည်။ ဥဋ္ဌဟိ၊ ထ၏။

အဝီစိငရဲ၏ မီးပူမည်သည်ကား ယူဇနာတရာ ဝေးကွာသောအရပ်က ရပ်၍ကြည့်သောသူ၏မျက်စိကို ပေါက်ကွဲလောက်အောင် ပူလောင်ခြင်း ငှာ စွမ်းနိုင်လေသတည်း၊ မိလိန္ဒမင်း ဆရာ နာဂသေန မထေရ်မှာကား ထိုအဝီစိငရဲမီး၏ ပကတိမီးထက် အလွန်ပူသော အရာဝယ် ဥပမာကို ဆောင်တော်မူ၏။

'မင်းကြီး....အိမ်အထွတ်မျှလောက်သော ကျောက်ခဲကို အဝီစိငရဲမီးထဲ သို့ ပစ်ချသည်ရှိသော် တခဏချင်း ကြေပျောက်ခြင်းသို့ ရောက်၏' ဟု မိန့်တော်မူ၏၊ ယင်းသို့ ကျောက်ခဲပင် မခံနိုင်ပဲ ကွဲကြေ၍ ပျောက်ရသော အဝီစိငရဲတွင်း၌ ဆင်းရဲခံရသော သတ္တဝါတို့၏ မကြေ ပျောက်ခြင်းမှာ ကံသာ အကြောင်းရင်းမူလ ဖြစ်သတည်း။

ထိုအဝီစိငရဲမီးပူသည် ထ၍ ယူလတ်သော် ကံနှင့်တူသောအခြင်းအရာ သည် ထိုစုန္ဒသူကရိကအား ထင်ရှားဖြစ်လာ၏၊ အိမ်၏ အလယ်ချက်ဝယ် ဝက်၏ အသံကဲ့သို့အော်ဟစ်လျက် ပုဆစ်ဒူးနှစ်ဘက်တို့ဖြင့် အိမ်ထက် အိမ် အောက် နောက်ဘေးရှေ့နား သွားလာ၏၊ ထိုအခါ ထိုသူ၏အိမ်နီးချင်း သူ လူအပေါင်းတို့သည် ထိုသူ့ကို မြဲမြံစွာကိုင်တက်၍ အကျယ်အတင်း ခံတွင်း ပါးစပ်တို့ကို ပိတ်ဆို့ကုန်၏၊ ယင်းသို့ပိတ်ဆို့သော်လည်း ကံ၏ အကျိုးကို တစုံတယောက်သော သူသည် မြစ်ခြင်းငှါ မတတ်နိုင်ရကား လေးဘက်တွားလျက် ဝက်လိုမြည်၍ လှည့်လည်သွားလာ၏၊ အရှေ့ အနောက်တောင်မြောက် ဝန်းကျင် ခုနစ်အိမ်သားတို့သည်မျက်စိတမှိတ်မျှ မအိပ်ကြရလေကုန်၊ သေချိန်နီးသည့်ကာလ အိမ်ဝသို့ မထွက်ရအောင် အိမ်တွင်းသို့ သွင်းပြီးလျှင် အကြင်အခြင်းဖြင့်ဖွင့်၍ မထွက်နိုင်၊ ထိုအခြင်း

ဖြင့် အိမ်တံခါးကို မြဲစွာပိတ်ထား၍ အိမ်သားလူသူတို့သည် အိမ်ကိုဝန်းရံစောင့်ရှောက်လျက် နေကြကုန်၏၊ ဝက်သားထိုးမှုကား အိမ်တွင်း၌ ငရဲမီးပူလောင်သောကြောင့် ဟောင်းဟောင်းကျည်ကျည် မြည်တမ်းလျက် မထွက်နိုင်ရကား တောင်သွား မြောက်ပြန် လှည့်လည်၏၊ ဤသို့ ခုနစ်ရက်ပတ်လုံး လှည့်လည်မြည်အော်လျက် ခုနစ်ရက်မြောက်တွင်သေ၍ အဝီစိငရဲတွင်းသို့ ဆင်းရ, ခံရလေသည်၊ ဝက်တို့ကိုသတ်သည့်ကာလ ရေပူလောင်းလျက် အသက်ကုန်ရစေသကဲ့သို့ ထိုနည်းတူစွာ မိမိလည်း ငရဲမီးပူလောင်းလျက် အသက်ကုန်ရလေသည်၊ ပြုအပ်သော အကြောင်းကံနှင့်တူစွာ အကျိုးမှာလည်း ရောက်တတ်၏၊ ထို့ကြောင့် သဗ္ဗညုဘုရားလည်း....

ယာဒိသံ ဝပတေ, ဗီဇံ, တာဒိသံ ဟရတေ ဖလံ၊

ကလျာဏကာရီ ကလျာဏံ,ပါပကာရီစ ပါပကံ။ဟု ဟောတော်မူ၏။

ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေ၊ ဆောင်၏။ ကလျာဏကာရီ၊ ကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ကလျာဏံ၊ ကောင်းကျိုးကို ခံရ၏။ ပါပကာရီစ၊ မကောင်းမှုကိုပြုလေ့ရှိသော သူသည်ကား။ ပါပကံ၊ မကောင်းကျိုးကို ခံရ၏။

ထိုသူ၏ အိမ်တံခါးဖြင့် သွားလာကုန်သော ရဟန်းတို့သည် ထိုအသံကို ကြားလေသော် ဝက်သံဟု အမှတ်ရှိကုန်လျက် ကျောင်းသို့ ပြန်သွား၍ ဘုရား သဗ္ဗညုအား ဤသို့လျှောက်ကြားကုန်၏။

'ဘုန်းတော်ကြီးလှသော ဘုရား....စုန္ဒ ဝက်သားသိုး၏ အိမ်တံခါးကို ပိတ်လျက် ဝက်တို့ကိုနေ့တိုင်းမပြတ်သတ်သည်ကား ယနေ့ ခုနစ်ရက်ရှိပြီ၊ သင်းအိမ်တွင် မင်္ဂလာမှု တစုံတခု ရှိယောင်တကား၊ ဤမျှအတိုင်းအရှည်ရှိသော ဝက်တို့ကို သတ်သော ထိုသူအား သနားကြင်နာသော မေတ္တာကရုဏာစိတ်သည် တစိတ်မျှ မရှိလေတကား၊ အကျွန်ုပ်တို့အား ဤကဲ့သို့ ရုန့်ရင်းကြမ်းတမ်းသောသတ္တဝါတို့ကို မြင်ဖူးမည်ထား၍ကြားဖူးမည်ခဲ၏' ဟုလျှောက်ကုန်၏၊ ဘုန်းတော်ကြီးလှသော သဗ္ဗညုဘုရားသည် 'ချစ်သားတို့ ဤခုနစ်ရက်အတွင်း၌ ဝက်တို့ကို သတ်သော ဝက်သားသိုး၏ ကံနှင့်တူစွာ အကျိုးရောက်သဘည်း၊ အသက်ရှင်ဗဥ် အဝီစိငရဲမီးသည် ပူလောင်လျက် ခုနစ်ရက်ပတ်လုံး ဝက်ကိုဟာ်အော်၍ ယခုနေ့ သေပြီးလျှင် အဝီစိငရဲ၌ ဖြစ်လေသတည်း' ဟု မိန့်တော်မူ၏။

ဤသို့ စုန္ဒသူကရိကသည် အကယ်၍ အပါယ် ဒုဂ္ဂတိဘေးမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ ရှိသည်ဖြစ်အံ့၊ ဤကဲ့သို့ မကောင်းမှုကိုမပြုဝံ့ရာ၊ အပါယ် ဒုဂ္ဂတိဘေးမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ မရှိသောကြောင့် ဤကဲ့သို့ မကောင်းမှုကိုပြုဝံ့လေသတည်း။ ယခုအခါ နောင်လာသူ လူပေါင်း၊ တို့သည်ကား ထိုသူသည် သြတ္တပ္ပသံဝေဂမရှိသောကြောင့် မကောင်းမှုကို ပြုဝံ့လေသည့် အလျောက် မဖောက်မပြန် ကေန် ထို မကောင်းမှု၏ အကျိုးပေးရာ မဟာအဝီစိငရဲမီးတွင်းသို့ ဆင်းဝင်ရလေသောထိုသူ၏ ဝတ္ထုသာကိသေစကားကို ကြားနာရလျက် မကောင်းမှု၌ ရဲဝံ့ခြင်းကို မပြုရာ၊ စင်စစ်မှ မှ အပါယ်ဒုဂ္ဂတိဘေးမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂတရားကိုနှလုံးထား၍ လေးပါးသောအပါယ်သို့လားဖွယ်၏ အကြောင်းဖြစ်သော မကောင်းမှုကို ကြဉ်ရှောင်ကုန်ရာသတည်း။

---

## ၂၀-သြတ္တပ္ပသံဝေဂ မပြည့်စုံ၍ ပါဏာတိပါတတည်းဟူသော မကောင်းမှုကို ပြုသော နွားသတ်ယောကျ်ား ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ သာဝတ္ထိပြည်သား နွားသတ်ယောကျ်ား တယောက်သည် နွားတို့ကိုသတ်ပြီး လျှင် စားချင်ရာအသားတို့ကိုလှီးဖြတ်၍ ကြော်ချက်ဖုတ်မှိုက်ပြီးမှ သမီးသား အိမ်သူတို့နှင့်အတူတကွ နေထိုင်လျက် စားသောက်၏၊ စားသောက်မကုန် အလုံးစုံ ကြွင်းကျန်သော အမဲသားတို့ကိုလည်း သူတပါးအား ရောင်းစား၏၊ ဤသို့သော နည်းဖြင့် အနှစ်ငါးဆယ်ပတ်လုံး နွားသတ်မှုကို ပြုသည်ဖြစ်၍အသက်မွေးလျက် မြို့နှင့်မဝေးလှသော ကုလလေးတာ ငါးရာကွာသော ရွာဦးထိပ်တွင် သံဃာတော်တပည့်အပေါင်းနှင့် ရွှေကျောင်း ဗိမာန်တွင်းဝယ် သီတင်းသုံးနေတော်မူသော သဗ္ဗညုဘုရားအားလည်းကောင်း, တပည့်သား သံဃာတော်အား လည်းကောင်း ယာဂု တဇွန်း, ဆွမ်းတယောက်မျှ လှူဒါန်းဖူးသည်မရှိ၊ သစ်သီးတလုံး ပန်းတပွင့်ဖြင့်သော်လည်း ပူဇော်ဖူးသည်မရှိ၊ သည့်ပြင်မှ တပါး အခြားကုသိုလ်ကိုလည်း အနည်းငယ် စိုးစဉ်းမျှ မပြုဖူးလေ၊ ထိုနွားသတ်ယောကျ်ား၏ ပမာဒတရားလည်း ယခင်ဝက်သတ်ယောကျ်ား၏ ပမာဒတရားနှင့် အလားတူပင် ကြောက်ချင်ဖွယ် ရှိလောက်သတည်း၊ ထိုနွားသတ်ယောကျ်ားသည် နွားသား အမဲဟင်းနှင့် ကင်း၍ထမင်းကို



နွားဓါ် ခံတွင်းမှ လျှာကိုနှုက်ပြီးလျှင် - လျှာ၏ အရင်းတွင် ဒါးဖြင့်ဖြတ်ယူ၍....၅၅

တရံတဆစ်မျှ မစားစဘူး၊ တနေ့သ၌ နေ့အဖို့ဝယ် လယ်၍ အမဲရောင်းပြီးမှ မိမိအဖို့ ချက်ခြင်းငှာ တတုံးသော အမဲသားကို မယားအားပေး၍ ရပ်သားရွာသူတို့နှင့် အတူတကွ ရေချိုးခြင်းငှာ သွားလေ၏၊ ထိုအခါ နွားသတ်ယောကျ်ား၏ အဆွေခင်ပွန်း တယောက်သည် အိမ်သို့လာပြီးသော် နွားသတ်ကတော်ဖြစ်သော မယားကို 'ရှင်မ.... ငါ့အား အမဲရောင်းပါ၊ ငါ၏အိမ်မှာ ဧည့်သည်ရောက်လာ၍ ရှိချေသည်' ဟု ဆို၏၊ ရောင်းစရာ အမဲမရှိချေ၊ သင်၏ အဆွေသည် အမဲရှိသမျှ အလုံးစုံကို အကုန်ရောင်းချခဲ့၍ ယခုပင် ရေချိုးခြင်းငှာသွားပါသည်'ဟု ဆို၏၊ 'ဤသို့ မပြုပါလင့်၊ ငါ့မှာ ဧည့်သည်ရောက်ရှိ၍ ရှိချေသည်၊ အကယ်၍ ကျန်ကြွင်းသော ဟင်းလျာ အမဲ ရှိငြားအံ့၊ ငါ့အား အဖိုးဖြင့်ပေးပါ' ဟု ထပ်ကာဆို၏၊ ထိုနွားသတ်ကတော်လည်း 'သင့်အဆွေဖို့ ထားသော အမဲမှတပါး အခြားအမဲမရှိခဲ့ပြီ' ဟု ဆို၏၊ ဧည့်သည်လာရောက်သောအိမ်ရှင်ယောကျ်ားသည် ငါ့အဆွေဖို့ထားသော အမဲမှတပါး မရှိပြီ၊ ငါ့အဆွေသည် အမဲသားနှင့် ကင်း၍ ထမင်းမစားရကား မယားဖြစ်သူသည် ငါ့အား အမဲမရောင်းရာဟု သိ၍ အဖိုးပေးပြီးလျှင် အကျွမ်းတဝင် ကိုယ်တိုင်ပင် အမဲ့ပိုင်းကိုယူ၍ သွားလေ၏၊ နွားသတ်ယောကျ်ားလည်း ရေမိုးချိုး၍ ပြန်လာလတ်သော် နွားသတ်ကတော် မယားသည် အမဲကား မပါ၊ ဟင်းရွက်ကိုသာ ချက်ပြုတ်၍ အုပ်ဒေါင်းလန်းဖြင့် ထမင်းခူး၍ တည်၏၊ နွားသတ်ယောကျ်ားလည်း 'ငါစားရန် အမဲဟင်းလျာသည် အဘယ်မှာနည်း'ဟု မေး၏၊ 'စားရန် အမဲမရှိချေ'ဟု မယားကဆို၏၊ 'ငါ့ဖို့ချက်ရန် အမဲပိုင်းကို နင့်အားပေးအပ်၍ အရပ်တပါးသို့ ငါသွားသည် မဟုတ်လော၊ ထိုအမဲကားအတီမှာနည်း'ဟုမေး၏၊ မယားကလဲ' သင်၏အဆွေတယောက်သည် လာပြီးလျှင် အိမ်မှာ ဧည့်သည်ရောက်လာသည်၊ အမဲရောင်းပါ'ဟု ဆိုသောကြောင့် ငါက သင့်ဖို့ ထားသော အမဲမှ တပါးအခြားရောင်းစရာ အမဲမရှိပါဆိုသော်လည်း မနေ၊ အနိုင်အထက် သင့်ဖို့ထားသောအမဲကို ကိုယ်တိုင် ယူ၍ သွားခဲ့သည်'ဟု ဆို၏၊ ထိုနွားသတ်ယောကျ်ားလည်း 'ငါ အမဲနှင့်ကင်း၍ထမင်းမစား၊ နင့်ထမင်းကိုပယ်ရှားဘိ'ဟုဆို၏၊ 'မရှိသည်ကို ဤလောကဝယ် ဘယ်သူတတ်နိုင်ချိမ့်မည်နည်း၊ သခင်စားချင်လျှင် စား၊ မစားချင်လျှင်နေ'ဟုဆို၏၊ နွားသတ်ယောကျ်ားသည် အမဲနှင့်ကင်း၍ထမင်းငါမစားဟု ဆိုလျက် ထမင်းခွက်ကိုပယ်ရှား၍

ခေါ်ကို ယူဆောက်ပြီးလျှင် အိမ်နောက်ဖေး နွားခြံတွင်းသို့ ဝင်သွား၍ နွား၏ခံတွင်းမှ လျှာကိုနှိုက်ပြီးလျှင် လျှာ၏ အရင်းတွင် ခေါ်ဖြင့်ဖြတ်ယူ၍ မယားအားပေး၏၊ မယားလည်း မီးကျီးတွင် ချက်ကင်၍ ယခင်ထမင်းပွဲ၏ ထိပ်ထက်၌ထားလျက် 'စား'ဟု တည်လာ၏၊ နွားသတ်ယောကျ်ားလည်း စားမည်ဟု ထမင်းတလုပ်ကို ခံတွင်းသို့ သွင်းပြီးလျှင်အမဲပိုင်းတခုကိုလျှာ ပေါ်တွင် တင်လေ၏၊ထိုခဏ၌ပင် ထိုသူ၏လျှာသည် အရင်းကပြတ်လျက် ထမင်းခွက်တွင် ကျလေ၏၊ ထိုခဏ၌ပင် မိမိပြုသော ကံနှင့်တူသောအကျိုး ကို ခံရလေ၏။

တခ်ဏသ္မိံ ကမ္မသရိက္ခကံ ဝိပါကံ လဘိ။

(ဓမ္မပဒအဋ္ဌကထာ)

တခ်ဏသ္မိံ၊ ထိုခဏ၌ပင်လျှင်။ ကမ္မသရိက္ခကံ၊ ကံနှင့်တူသော။ ဝိပါကံ၊ အကျိုးကို။ လဘိ၊ ရ၏။

နွားသတ်ယောကျ်ားသည် လျှာပြတ်သောကြောင့် သွေးအရည်ဖြင့် ခံတွင်းမှယိုစီးလျက် အိမ်တွင်းသို့ဝင်ပြီးသော် ဒူး ပုဆစ်တို့ဖြင့် လှည့်လည်၍ မြည်တမ်း၏၊ ထိုအခါနွားသတ်ယောကျ်ား၏ သားသည် နွား,အဖ တို့၏ဖြစ်ကြပုံကို ကြည့်ရှုပြီးလျှင် အနီး၌ရပ်၍ နေ၏၊ ထိုအခါ အမိက 'ချစ်သား....ဤနွား၏ဖြစ်ပုံကို ကြည့်လော့၊ ဒုက္ခသည် သင့်ဖ၏ ထိပ် ထက်၌သာ မဟုတ် ယုတ်မာသော အဖ၏ သားဖြစ်ရကား သင်၏ ထိပ် ထက်၌လည်း ကျလတ္တံ့၊ ငါ့ကိုသော်သည်း မငဲ့ပဲ အရပ်တပါးသို့ ရှောင် ရှားထွက်ပြေးလော့'ဟု ဆိုသောကြောင့် ထိုသားသည် သေဘေးမှ ကြောက်ရကား အရပ်တပါးသို့ ထွက်သွား ရှောင်ခွါလေ၏၊ နွားသတ် ယောကျ်ားလည်း နွားလိုမြည်လျက် အိမ်လယ်ချက်ဝယ် တုံ့ဖယ်လူးလာ လှည့်လည် ရှာလျက်ပင် သေ၍ အဝီစိငရဲ၌ ကြီးစွာသော ဆင်းရဲကို ခံရ လေသတည်း။

ဤ၌လည်း နွားသတ် ယောကျ်ားသည် လျှာပြတ်ခြင်း တည်းဟူသော ဒဏ္ဍဘေး, အဝီစိငရဲ၌ ခံရခြင်းတည်းဟူသော ဒုဂ္ဂတိဘေးတို့ကို ကြောက် ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂမရှိသောကြောင့် သို့စင်ကလောက် ရန့်ရင်း ကြမ်းတမ်းသော မကောင်းမှုကို ပြုဝံ့လေသည်၊ ထိုသူ့မှာ ကြောက်ထိတ် လန့်ခြင်း ဩတ္တပ္ပသံဝေဂမှုရှိ၍ မကောင်းမှုကိုပြုဝံ့သောကြောင့် ဒဏ္ဍဘေး ဒုဂ္ဂတိဘေးရောက်၍ ကြောက်မက်ဖွယ်သော ဆင်းရဲကို ခံရလေပြီ၊ ထိုသူ

ခံရလေသည်ကို အဆင့်စကား ကြားသိရသော နောက်သား နောင်လာ ပညာရှိအပေါင်း သူတော်ကောင်းတို့မှာ ထိုသူကဲ့သို့ မကောင်းမှုပြုခြင်း၌ မစံ့မရဲပဲ သြတ္တပ္ပ သံဝေဂ တရားကိုနှလုံးထားလျက် ရှောင်ရှား ဖဲကြဉ် ကုန်ရာ၏။

---

## ၂၂-သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ ပါဏာတိပါတ တည်းဟူသော မကောင်းမှုကို ပြုမိခဲ့မှားသော ပူတိဂတ္တတိဿထေရ် ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံပယ်တော်မူသောအခါ သာဝတ္ထိပြည်ဝယ် မွေးဖွားသော အမျိုးသားတယောက်သည် ဘုရားသဗ္ဗညု ဟောတော်မူအပ်သော တရား တော်မြတ်ကို ကြားနာရသော် သာသနာတော်၌ ဝင်၍ရှင်ရဟန်းပြုသဖြင့် ရအပ်သော ပဉ္စင်းအဖြစ်ရှိသည်ဖြစ်၍ တိဿဟူသော အမည်ဖြင့်ထင်ပေါ် ကျော်စော၏၊ ရဟန်းပြု၍ ကာလရှည်လျားလတ်သော် ထို တိဿမထေရ် ၏ ကိုယ်၌ အနာရောဂါသည် ထင်ရှားဖြစ်လာ၏၊ ရှေးဦးအစ မုန်ညင်းစေ့ ပမာဏရှိသော အိုင်းအမာတို့သည် ပေါက်လာကုန်၏၊ ထိုအိုင်းအမာတို့ သည် အစဉ်သဖြင့် ပဲနောက်, ကုလားပဲ, ပဲကြီး, ဆီးသီး, ကလောစေ့ ဆီဖြူသီး, သျှစ်သျှားသီး, သီးသီး, ဥသျှစ်သီးမျှ ပမာဏရှိကုန်သည်ဖြစ်၍ ကိုယ်အလုံးကိုဖောက်ခွဲကုန်၏၊ အလုံးစုံသော ကိုယ်ငယ် အပေါက်ငယ် အပေါက်ကြီးတို့ဖြင့် ပေါက်ကွဲသည်ဖြစ်၍ ပုပ်သော ကိုယ်ရှိရကားတိဿ ဟူသော အမည်ရင်းဝယ် ပူတိဂတ္တ ဟူသော အမည်ကို သွတ်သွင်း၍ 'ပုတိဂတ္တတိဿ'ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြကုန်၏၊ ထိုတိဿ မထေရ်အား နောက်အခါ အနာတို့သည် ပွားတိုးသောကြောင့် အရိုး တို့သည်ကျိုးကုန်၏။ အဝတ်တို့သည်ပြည်သွေးတို့ဖြင့်အထွေးထွေးလိမ်းကပ် ရကားသူငယ်ပေါင်းတို့သည်လည်းကောင်း, မိမိတို့သည်လည်းကောင်း ကိုယ်ကို မသုတ်သင်နိုင်၊ အန္တေဝါသိက, သဒ္ဓိဝိဟာရိကတို့သည်မသုတ်သင်နိုင်ရကား ရှောင်ရှား စွန့်ပစ်ကုန်၏၊ ထိုပူတိဂတ္တတိဿ မထေရ်သည် ကိုးကွယ်ရာ အပံ့အထောက်မရှိသည်ဖြစ်၍ တယောက်ထီးတည်း အိပ်ရ၏။

ညွှန်းစာစေ- ၁၂။

တရံရောအခါ ဘုရားသဗ္ဗညုသည် လောကကို ဗုဒ္ဓစက္ခုဖြင့်ကြည့်ရှုတော်မူ၏၊ ဘုရားတို့မည်သည် မိုးသောက် ထသောအခါ, ညချမ်းသောအခါ ဤနှစ်ပါးတို့၌ လောကကို ကြည့်ရှုခြင်းက မစွန့်ကုန်၊ မိုးသောက်ထ၍ လောကကို ကြည့်ရှုသည်ရှိသော် စကြာဝဠာ မျက်နှာရေးမှစ၍ ဂန္ဓကုဋီတိုက်တော်ဦး တိုင်အောင်, ညချမ်းအခါ ကြည့်ရှုသည်ရှိသော် ဂန္ဓကုဋီတိုက်တော်ဦးမှစ၍ စကြာဝဠာမျက်နှာရေးတိုင်အောင်, အပသို့ ဉာဏ်တော်ကို ရှေးရှုပြု၍ ကြည့်တော်မူကုန်၏။ ထိုအခါ ဉာဏ်တော် ကွန်ရက်၏ အတွင်း၌ ပုက္ကုသာတိသမထေရ်သည် ထင်လာ၏၊ ဘုရားမြတ်စွာလည်း တိဿမထေရ်၏ အရဟတ္တဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ ဤရဟန်းကို သဒ္ဓိဝိဟာရိက စသည်တို့သည် စွန့်ပစ်ကြလေကုန်ပြီ၊ ယခုအခါ ငါမှတပါး အခြားကိုးကွယ်ရာ မရှိပြီဟု ဂန္ဓကုဋီတိုက်မှ ထွက်တော်မူ၍ ကျောင်းစဉ် ဒေသစာရီ လှည့်သည်တော်မူသကဲ့သို့ မီးတင်းကုပ်သို့ ကြွတော်မူ၍ ရေနွေးအိုးတည်ပြီးလျှင် ရေနွေးသောအဖြစ်ကို သိလင့်လျက် မီးတင်းကုပ်၌ နေတော်မူ၏၊ ရေနွေးသည့်ကာလ ကြွ၍ ရဟန်းတို့၏ ညောင်စောင်းစွန်း၌ ရပ်တော်မူ၏၊ ထိုအခါ များစွာသောရဟန်းတို့သည် ညီညာဖြဖြ လာကြပြီးလျှင် ဘုန်းကြီးသော အရှင်မှာ အသာငြိမ်ငြိမ်နေတော်မူပါ၊ အကျွန်ုပ်တို့ကိုင်ပါမည်ဆို၍ ထိုရဟန်းကို ညောင်စောင်းနှင့်တကွ ချီမပြီးလျှင် မီးတင်းကုပ်သို့ဆောင်လေကုန်၏၊ သဗ္ဗညုဘုရားလည်းရေစကျင်းကို ဆောင်စေပြီးလျှင် ရေနွေးလောင်း၍ ထိုရဟန်း၏ကိုယ်ရုံတို့ကိုရေနွေးဖြင့် ဖွပ်လျှော်စေပြီးမှ နေပူလှန်းစေ၏၊ ထိုနောင်မှ ထိုရဟန်း၏ အထံ၌ ရပ်တော်မူလျက် ကိုယ်ကို ရေနွေးပြင့် သွန်းလောင်း၍ ရေချိုးစေသော အဆုံး၌ ကိုယ်ရုံသည် ခြောက်၏၊ ယင်းသို့ ခြောက်သည့်ကာလ ကိုယ်ရုံကို ဝတ်စေ၍ သင်းပိုင်ကို ရေနွေးဖြင့် ဖွပ်လျှော်ပြီးလျှင် နေပူ၌ လှန်းစေ၏၊ ထိုရဟန်း၏ကိုယ်တွင် ရေပေါက်ကင်းသည့်ကာလ သင်းပိုင်လည်းခြောက်လေ၏၊ ထို့နောက်မှ သင်းပိုင်ကိုဝတ်၍ ကိုယ်ဝတ်ကိုရုံလျက် ပေါ့သော ကိုယ်ရှိရကား တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ညောင်စောင်း၌ အိပ်၏၊ ထိုအခါ ဘုရားမြတ်စွာလည်း ထိုရဟန်း၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ "ရဟန်း သင်၏ကိုယ်သည် ဝိညာဉ်ကင်းသည်ရှိသော်ကျေးဇူးမရှိသည်ဖြစ်၍ ထင်းတုံးဆွေး ထင်းတုံးပွေးကဲ့သို့ မြေ၌အိပ်ရလတ္တံ့"ဟု ဟောတော်မူသော် ပူတိဂတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တ

ဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလေ၏၊ သဗ္ဗညုဘုရားလည်း တိဿမထေရ်၏ အလောင်းကို ကောင်းစွာသင်္ဂြိုဟ်စေ၍ အရိုးဓာတ်တို့ကိုယူပြီးလျှင် စေတီ တည်စေတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် "ဘုန်းတော်ကြီးလှသော ဘုရား....တိဿမထေရ်အား ငါးပါးသော ဂတိတို့ဝယ် အဘယ်ဂတိသို့လား ရှာလေသနည်း"ဟုသဗ္ဗညုဘုရားအားလျှောက်ကြားကြကုန်၏၊ဘုရားသဗ္ဗ ညုလည်း "ချစ်သားတို့....တိဿမထေရ်ကား ဂတိငါးပါးမှအလွတ်မချွတ် နိဗ္ဗာန်ဝင်လေပြီ"ဟုမိန့်တော်မူ၏၊ ရဟန်းတို့လည်း "ဘုန်းတော်ကြီးလှ သော ဘုရား.... ဤကဲ့သို့ အရဟတ္တဖိုလ်၏ အကြောင်းနှင့် ပြည့်စုံသော ရဟန်းကောင်းအား အဘယ်ကြောင့် ကိုယ်အလုံးတို့သည် ပုပ်ရလေ သနည်း၊အဘယ်ကြောင့်ကား အရိုးတို့သည် ကျိုးရလေသနည်း၊ အရဟတ္တ ဖိုလ်၏ အကြောင်းကား အဘယ်နည်း"ဟုလျှောက်ကြကုန်၏၊ "ချစ်သား တို့....ထိုအလုံးစုံသောအမှုသည် ထိုသူပြုသောကံကြောင့်သာဖြစ်သတည်း" ဟု မိန့်တော်မူ၏၊ "ထိုသူပြုသောအမှုကား အဘယ်နည်း အရှင်ဘုရား"ဟု လျှောက်ထားကြကုန်၏။

သဗ္ဗညုဘုရားလည်း "ချစ်သားတို့ယင်းသို့တပြီးကားကြားနာကြကုန် ဤတိဿမထေရ်သည် ကဿပဘုရား လက်ထက်တော်၌ ငှက်မုဆိုး ဖြစ်၍ များစွာသော ကြက်ငှက်ဘို့ကို သတ်ပြီးလျှင် အရှင်မင်းအား ခစားလုပ် ကျွေး၏၊ထိုအရှင်မင်းအားပေး၍ ကြွင်းကျန်သော ကြက်ငှက်တို့ကို အရှင် ရောင်းစား၍ ကြွင်းကျန်သော ကြက်ငှက်တို့ကို သတ်သော် ပုပ်မည် စိုးရိမ်သောကြောင့် အကြင်ခြင်းဖြင့် ပျံထွက်ခြင်းငှာ မတတ်နိုင်၊ ထို အခြင်းဖြင့် ခြေတောက်, အတောင်တို့ကိုချိုးဖဲ့ထား၏၊တနေ့မိုးသောက်မှ အရှင်မင်းအား ပေးပြန်၍ အကျန်ကိုရောင်းမြဲရောင်းစား၏၊များစွာသော ကြက်ငှက်တို့ကိုရသည့်ကာလမိမိလည်းချက်ပြုတ်စား၏၊ တနေ့သ၌ မိမိစား ဖို့ ချက်ပြုတ်၍ ခံဖွယ်ဘောဇဉ် ကျက်သောအခါရဟန္တာတပါးသည် ဆွမ်း အလို့ငှာ လှည့်လည်လျက် ထိုသူ၏အိမ်တံခါး၌ ရပ်လေ၏၊ထိုယောကျ်ား လည်း ရဟန္တာမထေရ်မြတ်ကိုမြင်လျှင် ကြည်လင်သောစိတ် ရှိသည်ဖြစ်၍ ငါကားများစွာ ပါဏာတိပါတမှုကိုပြုချေပြီ၊ ကောင်းမှုကုသိုလ်ကိုကား တစုံဟုခုမျှ မပြုရချေသေး။အရှင်ဘုရားလည်း ငါ့အိမ်တံခါးဝယ်ရပ်၏၊ ငါ့ အိမ်တွင်း၌လည်း ဆွမ်းဟင်း ဆွမ်းအပြည့်အစုံရှိ၏၊ ဤကဲ့သို့အလှူဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်ပြည့်စုံသည့် အခိုက်ကို လှူလိုက်ရသော် ကောင်း၏ဟု နှလုံး

ပြု၍ မထေရ်၏ သပိတ်ကို ယူပြီးလျှင် ဆွမ်းဟင်း ဆွမ်းတို့ဖြင့် ပြည့်စေ၍ လှူပြီးသော်မထေရ်အား ငါးပါးသောရှိခိုးခြင်းဖြင့်ရှိသေစွာရှိခိုး၍ "အရှင်ဘုရား....အကျွန်ုပ်ကား အရှင်ဘုရားဘှိသိအပ်သော ဘုရားကို မျက်မှောက်ပြုရပါလို၏"ဟု ဆုတောင်းပါ၏၊ ရဟန္တာ အရှင်လည်း "သင် ဒါယကာ တောင်းတိုင်းပြည့်စုံစေ"ဟု အနုမောဒနာပြုတော်မူ၏၊ "ချစ်သားတို့.... ထိုအခါပြုအပ်သော ကံ၏အစွမ်းဖြင့် ကြက်ငှက်ဘို့ကို မပုပ်သိုးရအောင် အစုပြု၍ထားသောအကျိုးဆက်ကြောင့် တိဿမထေရ်၏ကိုယ်အလုံးသည် ပုပ်ရလေသည်၊အတောင်အရိုးတို့ကို ချိုးသော အကျိုးဆက်ကြောင့် တိဿ မထေရ်၏ အရိုးတို့သည် ကျိုးကွဲရလေကုန်သည်၊ ရဟန္တာအား အရသာ ရှိသောဆွမ်းကို လှူရသောအကျိုးဆက်ကြောင့် မျက်မှောက်ပြုအပ်သော အရဟတ္တဖိုလ်သို့ ရောက်လေသည်"ဟု မိန့်တော်မူ၏။

ခိဏာသဝဿ ရသပိဏ္ဍပါတ ဒါနနိဿန္ဒေန အရဟတ္တံပတ္တော။

(ဓမ္မပဒအဋ္ဌကထာ)

ခီဏာသဝဿ၊ ရဟန္တာအား။ ရသပိဏ္ဍပါတ ဒါနနိဿန္ဒေန၊ အရသာ ရှိသောဆွမ်းကိုလှူရသော အကျိုးဆက်ကြောင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ် သို့။ ပတ္တော၊ ရောက်လေ၏။

ဤ၌လည်း တိဿမထေရ်သည် ကိုယ်ရေကိုယ်သား၏ ပုပ်ခြင်း, အရိုးတို့၏ ကျိုးကွဲခြင်းတည်းဟူသော ဘေးဒဏ်ကို အဖန်ဖန် ခံရလိမ့်မည်ဟု ကြောက်ထိတ်ထိန့်ခြင်း သြတ္တပ္ပသံဝေဂ မရှိသောကြောင့် ကြက်ငှက်တို့ ကို မေတ္တာ ကရုဏာမရှိ ပြုမိရကား များစွာသော ဘဝတို့ကို ဆိုက်သည့် အလျောက် မဖောက်မပြန်ကံ၏အကျိုးကိုခံရလေသ ည်း။ သြတ္တပ္ပသံဝေဂ ရှိပြန်သောကြောင့် မိမိအိမ်တံခါးဝယ် ရပ်လာသော ရဟန္တာ အရှင်မြတ် အား များစွာသော ဆွမ်းဘောဇဉ်တို့ကို လှူဒါန်း၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရသော အဖြစ်ကိုထောက်လျှင် သြတ္တပ္ပသံဝေဂ မရှိခြင်း၌ အပြစ်ကား အလွန်များ၏၊ ရှိခြင်း၌အကျိုးကား အတိုင်းမသိ မရေမတွက် နိုင်သတည်း၊ ယခုအခါ တိဿမထေရ်၏ သြတ္တပ္ပသံဝေဂ မရှိခြင်း၌ အပြစ်, ရှိခြင်း၌ အကျိုးအာနိသင်ကို သိမြင်ကြားနာရကုန်သော နောက်သား

နောက်လာပ်ညာရှိအစေါင်း သူတော်ကောင်းတို့မှာ မိမိ သန္တာန်ဝယ် ဩတ္တပ္ပသံဝေဂတရားကို များစွာ ဖြစ်စေအပ်၏၊

ဤကား ဩတ္တပ္ပသံဝေဂမရှိသောကြောင့် ပါဏာတိပါတအမှုကို ပြုမိကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။

---

(အဒိန္နာဒါန)

၂၃-ဩတ္တပ္ပသံဝေဂ မပြည့်စုံ၍ အဒိန္နာဒါန တည်းဟူသော မကောင်းမှုကို ပြုသော သဌေးသား ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း စံပျော်နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်တွင်အညာတရဖြစ်သောသဌေး တယောက်သည် ဥစ္စာစပါး အလွန်များရကား 'မဟာဓနုသဌေ'ဟု အမည် တွင်၏၊ ထိုမဟာဓနုသဌေးအား လွန်စွာချစ်ခင် နှစ်သက်အပ်သော တ ယောက်တည်းသောသားသည် ထင်ရှားရှိသတတ်၊ထိုသားသည် သိ,ကြား လိမ္မာသော အဖြစ်သို့ရောက်လတ်သော် မယ်တော်, ခမည်းတော်တို့သည် ဤသို့ကြံကုန်၏၊ ငါတို့သားအား တနေ့တထောင် တထောင် ကုန်အောင် စားသဖြင့်၊ အနှစ်တရာပင် လွန်သော်လည်း ဤဥစ္စာအစုသည်ကုန်ခြင်းသို့ မရောက်နိုင်ရာ၊ ငါတို့၏သားအား အတတ်ပညာသင်၍ ပင်ပန်းသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊စည်းစိမ်ချမ်းသာတို့ကိုအလိုရှိတိုင်းခံစားပါစေ" ဟု နှလုံးပြု၍ အတတ်ပညာမသင်စေကုန်၊ အရွယ်ရောက်သည့် ကာလ အမျိုး,အဆင်း,ဥစ္စာအင်္ဂါတူမျှသော တယောက်သော သဌေးသမီးနှင့် ထိမ်းမြားကုန်၏၊ထိုသဌေးသားသည် သဌေးသမီးနှင့်သာပျော်ပါးလျက် နောင်လာလတ္တံ့သောဘေးတို့၌ကြောက်ထိတ်လန့်ခြင်းဩတ္တပ္ပသံဝေဂစိတ် ကို မဖြစ်စေပဲ ရဟန်းပုဏ္ဏားအလေးပြုအပ်သောသူတို့၌အလေးပြုခြင်းမရှိပဲ အက္ခဓုတ္တ၊ အန် ကြူးသူ။ သုရာဓုတ္တ၊သေကြူးသူ၊ဣတ္ထိဓုတ္တ၊မိန်းမကြူးသူ လူသွမ်းတို့ဖြင့် ရောပြွမ်းခြံရံလျက် ကာမဂုဏ် ငါးပါးတို့၌ အလွန်မက်မောသည်ဖြစ်၍, မိုက်မဲသော မောဟဖြင့် အလွန် ကြန်းသည်ဖြစ်၍ ကာလကို လွန်စေ၏၊ မိဘတို့သည် သေလွန် ကုန်သည်ရှိသော် ကချေသည် ဌမ်း သမား, ပြည့်တန်ဆာ အစရှိသည်တို့အား အလိုရှိတိုင်းသော ဥစ္စာကိုပေး သဖြင့် မကြာမြင့်မီပင် ဆုတ်ယုတ် ပျက်စီးခြင်းသို့ရောက်ရကား မြို့ကြွေး

ချေးယူလျက် အသက်မွေး၏၊ တဖန် ကြွေးမြီချေးရ၍လည်း မရ၊ ရသော ကြွေးမြီရှင်တို့ကလည်း တောင်းရကား လယ်ယာအိမ်မှစ၍ ရှိသမျှအလုံးစုံကို အကုန်ပေးအပ်ပြီးလျှင် လင်မယား တခြားစီ ခွက်လက်စွဲ၍ ထမင်းတောင်းစားလျက် ဇရပ်ပျက်တခုတွင်နေ၏၊ ထိုအခါ ခိုးသူတို့လာပြီးလျှင် "အချင်းယောကျ်ား....သင့်အား ဤကဲ့သို့ ဆင်းရဲငြိုငြင် ငပ်ပန်းသော အသက်ရှည်ခြင်း အဘယ်အကျိုးအံ့နည်း၊ သင်သည် အားခွန်ဗလနှင့်ပြည့်စုံလျက် လက်ခြေချို့သကဲ့သို့ အဘယ့်ကြောင့်နေသနည်း၊ လာ=ငါတို့နှင့် အတူတကွ ခိုးမှုကိုပြု၍ အသက်မွေးလော့"ဟု ဆို၏၊ ထိုသဌေးသားလည်း "အချင်းယောကျ်ားတို့....ငါကား ခိုးမှုကို မတတ်ပါ"ဟု ဆို၏၊ စည်းစိမ်ချမ်းသာကို ခံစားရုံမျှ တတ်သော သဌေးသားအား အဘယ်မှာ ခိုးမှုကို တတ်ချေအံ့နည်း၊ ခိုးသူတို့လည်း "သင့်အား ခိုးမှုအတတ်ကို ငါတို့သည် သင်မည် ငါတို့စကားကိုနားထောင်" ဟုဆို၏၊သဌေးသားလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ ခိုးသူတို့နှင့်အတူတကွ လိုက်လေ၏၊ ထိုအခါ ခိုးသူတို့သည် ထိုသူအား ဆောက်ပုတ်တခုကို ပေးအပ်ပြီးလျှင် ခြံစပ်ကို ဖြတ်၍ အိမ်တွင်းသို့ဝင်ကုန်သည်ရှိသော် ထိုသူကို ခြံစပ်ဝ၌ ထားခဲ့၍ "အကယ်၍ ဤအရပ်သို့ တစုံတယောက်သောသူသည် လာရောက်သည် ဖြစ်အံ့၊ ဤဆောက်ပုတ်ဖြင့်ကုပ်ဆက်ကို တချက်ချင်းရိုက်၍ သေစေလော့" ဟု ဆိုကုန်၏၊ ထိုငမိုက်ယောကျ်ားသည် စီးပွားရှိမရှိကို မသိပဲ သူတပါးတို့ လာလတ္တံ့သော ခရီးလမ်းကို မျှော်တမ်းလျက်ရပ်၏၊ သူခိုးတို့လည်း အိမ်တွင်းသို့ဝင်၍ လိုချင်သည့်ဥစ္စာတို့ကိုရှာယူသော် အိမ်လူအပေါင်းတို့ သိကာမျှဖြင့် ဤမှထိုမှထွက်ပြေးကြကုန်၏၊ အိမ်ရှင်လူတို့သည် ဖြိုးဖြိုးဖျဖျ ထ၍ ဤမှ ထိုမှ လိုက်လံဖမ်းဆီးကြသော်ခြံစပ်ဝ၌ ရပ်သော ထိုယောကျ်ားကိုမြင်၍ "နင်သူခိုးတကား"ဟု ဖမ်းယူပြီးလျှင် တွေ့မြင်တိုင်းသော လှံ ဘန်, ဆောက်ပုဘ်, တုတ်တို့နှင့် ရိုက်နှက် ပုတ်ခတ်၍ "အရှင်မင်းကြီး.... ဤသူကား အိမ်ခြံစပ်ဝတွင် အရှင်ဖမ်းမိသော သူခိုးတည်း"ဟု ဆိုလျက် မင်းအားဆက်ကုန်၏၊ မင်းလည်း "ဤသူ၏ ဦးခေါင်းကို ဖြတ်လေ"ဟု မြို့ကွပ်ကို စေ၏။ မြို့ကွပ်လည်း "အရှင်မင်းကြီး....ကောင်းပြီ"ဟု ဝန်ခံ၍ ထိုသူကို လက်ပြန်ကြိုးဖြင့် မြဲမြံစွာ ဖွဲ့ချည်၍ နီသော ကုလားဇလပ်ပန်းကို လည်၌ပန်၍ ခရီးလမ်းဆုံတိုင်း ကြိမ်သိုင်းဖြင့် ဝံ့နှံ့ရိုက်ခတ်၍ သတ်ရာ

သင်းချိုင်းသို့ ထုတ်ဆောင်လေ၏၊ “ဤပြည်၌ လှည့်လည်၍ လုယက်သော ခိုးသူကို အရှင်ဖမ်းမိသည်”ဟု ဆူပွိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်တွင် သုလသာ အမည်ရှိသော ပြည့်တန်ဆာမသည် ပြာသာဒ်ထက်၌ ရပ်လျက် လေသောက်တံခါးဖြင့်ကြည့်လတ်သော် ထိုသို့သော အခြင်းအရာဖြင့် ဆောင်အပ်သော ထိုသူ့ကို မြင်လျှင် ရှေး၌ ပြုအပ်သောလေ့ကျက်ခြင်းဖြင့်“ဤယောကျ်ားကားများစွာသောစည်းစိမ်ချမ်းသာတို့ကို ဤပြည်၌စံစား၍ ယခုကား ဤသို့သဘောရှိသောအကျိုးမဲ့ ပျက်စီးခြင်းသို့ရောက်ရသည်”ဟုထိုသူ့အားသနားခြင်းရှိသည်ဖြစ်၍လေးခုသောကတွတ်မုန့်ခြောက်ကိုသောက်ရေနှင့်တကွ ပေး၏၊ “ဤမုန့်ဤရေတို့ကိုစားသောက်၍ပြီးရုံမျှဆိုင်းငံ့လင့်ပါ”ဟု မြို့ဝန်မင်းအားလည်း ကြားလာ၏၊ယင်းသို့ကြားလာသောကြောင့် ဆိုင်းတွငံ့လင့်သည့် အတွင်းတွင် အရှင်မောဂ္ဂလာန်သည် ဒိဗ္ဗစက္ခုဖြင့်ကြည့်ရှုလတ်သော် ထိုသဒ္ဒေးသား၏ အကြောင်းကို မြင်တော်မူရကား သနားခြင်း ကရုဏာဖြင့် တိုက်တွန်းအပ်သော နှလုံးရှိတော်မူသည်ဖြစ်၍ “ဤယောကျ်ားကား များသော မကောင်းမှုရှိ၏၊ ပြုအပ်သော ကောင်းမှု ကုသိုလ်မူကား တစုံတခုမျှမရှိသည်ဖြစ်၍ ငရဲဖြစ်လတ္တံ့၊ ငါသွားချေမူ ထိုသူသည်ငါ့အား ကတွတ်မုန့်နှင့် သောက်ရေတို့ကို လှူ၍ ဘုမ္မဇိုဝ်းနတ်တို၌ ဖြစ်လတ္တံ့၊ ငါသည်ထိုသူ၏ မှီရာဖြစ်ပါမူကား ကောင်းလေစွဟူ ကြံလျက် ကတွတ်မုန့်နှင့် သောက်ရေတို့ကို ပေးကမ်းအပ်သော ထိုယောကျ်ား၏ရှေ့၌ ထင်ရှား ဖြစ်တော်မူ၏၊ ထိုယောကျ်ားလည်း ရှင်မောဂ္ဂလာန် မထေရ်ကို မြင်လျှင် ကြည်လင် ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍“ယခုပင်လျှင် သေလတ္တံ့သောငါ့အားဤမုန့်သောက်ရေတို့ကို စားသောက်သဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ဤမုန့်သောက်ရေသည် တမလွန်ဘဝသို့ သွားသော ငါ့အား စားထုပ်ရိက္ခာဖြစ်ပါလတ္တံ့”ဟု ကြံ၍ရှင်မောဂ္ဂလာန်မထေရ်အား မုန့်,ရေတို့ကို လှူ၏။

ဣဒံ ပန ပရလောကံ ဂစ္ဆန္တဿ ပါထေယျံ ဘဝိဿတီတိ စိန္တေတွာ မောဒကေ စ ပါနီယဉ္စ ထေရဿ ဒါပေသိ။

(ပေတဝတ္ထု အဋ္ဌကထာ)

ဣဒံ ပန၊ ဤမုန့်သောက်ရေသည်ကား။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တဿ၊ သွားသောငါ့အား။ ပါထေယျံ၊ ခရီးလမ်းစာမျိုးရိက္ခာသည်။

ဘဝိဿတိ၊ဖြစ်ပါလတ္တံ့။ဣတိ၊သို့။ စိန္တေတွာ၊ကြံ၍။ မောဒကေစ၊ကတွတ် မုန့်တို့ကိုလည်းကောင်း။ပါနီယဥ္စ၊သောက်ရေကိုလည်းကောင်း။ ထေရဿ၊ ရှင်မောဂ္ဂလာန်မထေရ်အား။ ဒါပေသိ၊ လှူဒါန်းလေ၏။

ရှင်မောဂ္ဂလာန်မထေရ်လည်း ထိုသူ၏ သဒ္ဓါတရား ပွားစေခြင်းငှာ ထိုသူမြင်စဉ်ပင် လျောက်ပတ်ရာအရပ်တွင် ထိုင်ပြီးသည်ရှိသော် မုန့်တို့ကို ဘုဉ်းပေးပြီးမှ သောက်ရေကို သောက်ပြီးလျှင် နေရာမှထ၍ ကြွတော်မူ၏၊ သူသတ်တို့သည် ဦးခေါင်းဖြတ်အပ်သော ထိုယောကျ်ားသည် အနုတ္တရပုညခေတ် အစစ်ဖြစ်တော်မူသော ရှင်မောဂ္ဂလာန်မထေရ်၌ ပြုအပ်သော ကောင်းမှုကြောင့် မွန်မြတ်သော နတ်ပြည်၌ ဖြစ်ထိုက်သော်လည်း အကြင်ကြောင့် သုလသာကိုစွဲ၍ ငါသည် လှူဖွယ်ဝတ္ထုတို့ကို ရအပ်၏ဟု သုလသာ၌ဖြစ်သောချစ်ခြင်းဖြင့်သေခါနီးကာလ၌ စိတ်သည် ညစ်နွမ်း၏၊ထိုကြောင့် ယုတ်သော ဘုမ္မဇိုစ်းနတ်အမျိုး၌ ဗဋ္ဌသန္ဓေနေသည်ရှိသော် တောတောင်ကိုမှီ၍ဖြစ်သော ချမ်းအေးသော အရိပ်ရှိသော ကြီးစွာသော ပညောင်ပင်၌ ဘုမ္မဇိုစ်းနတ် ဖြစ်လေ၏။

ထိုသဌေးသားသည် ပထမ အရွယ်၌ အကယ်၍ ဖောက်ကားရောင်းဝယ် ကုန်သွယ်အမှုကို ပြုငြားအံ့။ ပထမ အရွယ်၌ပင် ထိုပြည်တွင် သဌေးတို့၏ အထွတ်အမြတ်ဆုံးသော သဌေးကြီးသည် ဖြစ်ရာ၏၊ မဇ္ဈိမ အရွယ်၌ ပြုငြားအံ့၊ မဇ္ဈိမသဌေးသည် ဖြစ်ရာ၏၊ ပစ္ဆိမအရွယ်၌ ပြုငြားအံ့၊ ပစ္ဆိမ သဌေးသည် ဖြစ်ရာ၏၊ အရွယ် သုံးပါး၌ပင် ပမာဒတရား အားကြီးသောကြောင့် မပြုမိလေ၊ ပထမ အရွယ်၌ အကယ်၍ လူ၏ဘောင်ကို ခွာရှောင်စွန့်ပစ်လျက် တောထွက်၍ ရဟန်းပြုငြားအံ့၊ ရဟန္တာဖြစ်ရာ၏၊ မဇ္ဈိမအရွယ်၌ ပြုငြားအံ့၊ အနာဂါမ်ဖြစ်ရာ၏၊ ပစ္ဆိမအရွယ်၌ ပြုငြားအံ့၊ သောတာပန် ဖြစ်ရာ၏၊ အရွယ်သုံးပါး၌ပင် ပမာဒတရား အားကြီးသောကြောင့် မပြုမိလေ၊ လောကီ လောကုတ္တရာ ချမ်းသာ နှစ်ပါးတို့မှ ဆုတ်ယုတ်ခြင်းကို ပြုတတ်သော ထိုပမာဒတရားယုတ်ကား စက်ဆုတ်ဖွယ် ရှိလောက်အောင် ကြောက်စရာကောင်းသတည်း။

တရံသောအခါ ကိုဘုမ္မဇိုစ်းနတ်သည်ဥယျာဉ်သို့ အပျော်အပါးသွားသော သုလသာ ပြည့်တန်ဆာကိုမြင်၍ ပူပင်သော ကာမရာဂ ရှိရကား အမိုက်တိုက်ဖန်ဆင်းပြီးလျှင် သုလသာကိုမိမိဗိမာန်သို့ဆောင်၍ သုလသာ

နှင့် ခုနစ်ရက်ပေါင်းဖက်၍၊ မိမိ၏ အကြောင်းကိုလည်း သုလသာအား ကြား၏၊ ထိုအခါ သုလသာ၏ အမိသည် သမီးကိုမမြင်ရကား ဤမှထို့ ငိုကြွေးမြည်တမ်း စူးစမ်းရှာဖွေ၏၊ ယင်းသို့ရှာဖွေသည်ကို လူအပေါင်းတို့ မြင်လေသော် ရှင်မဟာမောဂ္ဂလာန် မထေရ်သည် ကြီးသောတန်ခိုးအာနုဘော်ရှိ၏၊ အရှင်မောဂ္ဂလာန်မထေရ်သည်သာ သုလသာ၏ အကြောင်းကိုသိရာ၏၊ မောဂ္ဂလာန်မထေရ်ကိုသာ မေးလျှောက်ပါဟု ဆိုကြ၏၊ ထို သုလသာ၏ အမိလည်း လူများဆိုသည့်အတိုင်း ရှင်မောဂ္ဂလာန်မထေရ်သို့ ချဉ်းကပ်၍ မေးလျှောက်၏၊ ရှင်မောဂ္ဂလာန်လည်း "ဤနေ့မှ ခုနစ်ရက် လွန်လတ်သော် ဝေဠုဝန်ကျောင်းတော်၌ သမ္ဗုဒ္ဓဘုရားပရိသတ်တို့အား တရားဟောတော်မူလတ်သော် ပရိသတ်အစွန်တွင် မြင်ရလတ္တံ့"ဟု မိန့်တော်မူ၏၊ ထိုအခါ သုလသာလည်း "အရှင်နတ်မင်း လူဖြစ်သောငါသည် နတ်ဖြစ်သော သင်နတ်မင်း၏ ဗိမာန်၌နေခြင်းငှာ မတတ်ကောင်း၊ သင် နတ်မင်း၏ ဗိမာန်တွင် ငါနေသည်ကား ယနေ့ ခုနစ်ရက်ရှိပြီ၊ ခုနစ်ရက်ပတ်လုံး ငါ့ကိုမမြင်သော ငါ၏မိခင်သည် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလတ္တံ့၊ ငါ့ကို လူ့ပြည်သို့ပို့ပါ"ဟုဆို၏၊ ဘုမ္မဇိုဝ်းနတ်လည်း အရှင်မောဂ္ဂလာန် ဆိုသည့်အတိုင်း သုလသာကို ပရိသတ် အစွန်တွင်ထား၍ မထင်ရှားသော အသွင်ဖြင့် ရပ်၏၊ ထိုအခါ လူအပေါင်းတို့သည် သုလသာကိုမြင်၍ မေးမြန်း ကြကုန်၏၊ သုလသာလည်း ထို အကြောင်းကို လူအပေါင်းတို့အား ကြားပေ၏၊ လူအပေါင်းတို့လည်း ဤယောကျ်ားသည်ခိုးခြင်းတည်းဟူသော မကောင်းမှုကို ပြုသောကြောင့် ဥပစ္ဆေဒကကံဖြင့် ဦးခေါင်းပြတ်၍ သေလျက်ကို အဘယ်သို့နတ်ဖြစ်နိုင်အံ့နည်းဟု ဆိုကြသော် သုလသာက "ငါပေးအပ်သော ကတွတ်မုန့်သောက်ရေတို့ကို အရှင်မောဂ္ဂလာန်အား လှူသောကောင်းမှုကြောင့် နတ်ဖြစ်သတည်း"ဟုဆို၏၊ ထိုစကားကြား၍ လူများအပေါင်းသည် အံ့သြသော စိတ်ရှိလျက် ကုသိုလ်ကောင်းမှု၌ အားထုတ်ကြသတည်း။

ဤ၌ သခွေးသားသည် ထောင်းထု ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်ခြင်းတည်းဟူသော ဒဏ်ဘေး, ငရဲ၌ဖြစ်လတ္တံ့သော ဒုဂ္ဂတိဘေးတို့၌ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂ မရှိသောကြောင့် သူခိုးပြုလုပ်၍ ဥစ္စာကို ခိုးချေသည်၊ ယင်းသို့ ခိုးသောကြောင့်လည်း ဦးခေါင်းပြတ်ခြင်းစသော

ညွှန့်စာပေး ၁၃။

ဒဏ်ဘေးကို တွေ့ရချေသည်၊ ငရဲ၌ဖြစ်လတ္တံ့သောဘေးကို တွေး၍ကြောက် ထိတ်လန့်သော ဩတ္တပ္ပသံဝေဂကို ဖြစ်စေပြန်၍ အရှင်မောဂ္ဂလာန်အား ကတွတ်မုန့်နှင့် သောက်ရေကို လှူသောကြောင့် ဒုဂ္ဂတိဘေးနှင့် ကင်းဝေး လျက် သုဂတိဘဝကို ရချေသည်၊ ဤသို့ သဒ္ဓေးသား၏ ဩတ္တပ္ပသံဝေဂ ရှိလျှင် ဘေးမှ လွတ်ခြင်း, မရှိလျှင် ဘေးတွေ့ခြင်းကို ဆင်ခြင်၍ယခုအခါ ပညာရှိအပေါင်းသူတော်ကောင်းတို့မှာ ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးမှ ကင်းဝေး အောင်ဩတ္တပ္ပသံဝေဂတရားကို နှလုံးထား၍ မကောင်းမှုမှ ကြဉ်ရှောင် ကုန်ရာ၏။

## ၂၄-ဩတ္တပ္ပသံဝေဂ မပြည့်စုံ၍ အဒိန္နာဒါနတည်းဟူသော မကောင်းမှုကိုပြုသော မိန်းမဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်း ဝ ခြင်းမွေ့လျော် နေတော်မူသော အခါ "ခလ္လာတိယ" မည်သော ဝေမာနိက နတ်သမီးကို အကြောင်းပြု၍ ဟောတော်မူအပ်၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌မထင်မရှားအဆင်းကို မှီ၍ အသက်မွေးသော မိန်းမတယောက်သည် အပွန်လှပတင့်တယ်ရှုချင်ဖွယ် ကြည်ညိုဖွယ်သော ကိုယ်အရေအဆင်းကောင်းခြင်းနှင့် ၊ ပြည့်စုံ၏၊ အထူး အားဖြင့် ဆံပင်သည် အလွန်ကောင်း၏၊ ထိုမိန်းမ ဆံဖင်တို့သည် အလွန် မည်းနက်ကုန်၏၊အလွန်ရှည်သွယ်ကုန်၏၊အလွန် သိမ်မွေ့နူးညံ့ ပြေပြစ်ကုန် ၏၊ကော့သော အဖျားရှိကုန်၏၊ထုံးပြီးသောဆံပင်တို့သည် ခါး တင်ပါး တိုင်အောင် တွဲလျားဆွဲကုန်၏။ဖြေ၍ချသော် ခြေဖနှောင့်နားသို့ ရောက်မှ အဖျားကော့၍ တက်ကုန်၏၊ ထိုမိန်းမ၏ ဆံပင်၏ တင့်တယ်ခြင်းကိုမြင်ရ ကားများသောအားဖြင့် ယောကျ်ား လူပျိုတို့သည် ထိုမိန်းမ၌သာကြိုက် နှစ်သက်ကုန်သတည်း။

ထိုအခါ ထိုမိန်းမ၏ ယောကျ်ားတို့ ကြိုက်နှစ်သက်ခြင်း, ဆံပင်၏ ကောင်းခြင်းကို သည်းမခံနိုင်ပဲ ငြူစူကုန်သော ရန်သူမိန်းမတို့သည် တကွ နက် တိုင်ပင်ကုန်၍ ထိုမိန်းမ၏ အလုပ်အကျွေး ကျွန်မကိုအာမိသဖြင့် ဖြား ယောင်းပြီးလျှင် သခင်မအား ဆံကျွတ်ဆေးကို ပေးစေကုန်၏။ ထိုကျွန်မ သည် ဆံကျွတ်ဆေးကို ရေချိုးကသယ်မှုန့်နှင့် နယ်၍ ဂင်္ဂါမြစ်ငယ် ရေချိုး သောကာလ သခင်မအား ပေး၏၊ သခင်မလည်း ထို ကသယ်မှုန့်ဖြင့် ဆံပုင်ရင်း၌ ပွတ်နယ်ပြီးလျှင်ရေဝယ်ငုပ်၏၊ ငုပ်ကာမျှလျှင် ဆံပင်တို့သည်

အရင်းမှကျွတ်၍ ကျကုန်၏၊ ထိုမိန်းမ၏ ဦးခေါင်းသည် ဆံပင်မရှိရကား ဗူးခါးသီးနှင့်သဏ္ဍာန်တူ၏၊ ထိုနောက် ပေါက်ရောက်သော ဆံပင်တို့သည်လည်း အတောင်အမွေးကို နုတ်ကာမျှဖြစ်သော ကျီးမငယ်ကဲ့သို့ အဆင်းမလှသည်ဖြစ်၍ ရှက်ရကား မြို့တွင်းသို့ မဝင်ငံ့သည်ဖြစ်၍ အဝတ်ဖြင့် ဦးခေါင်းကိုရစ်ပြီးမှ မြို့ပတင် အမှတ်မထင်သော်အရပ်၌နေလျက် နှစ်ရက်သုံးရက်လွန်မှရှက်ခြင်း ပြယ်ကင်းလေ၏၊ ယင်းသို့ အရှက် ပြယ်ကင်းမှ မြို့တွင်းသို့ ဝင်လာ၍ အဆင်းကို မှီလျက် အသက်မွေးစရာ မရှိရကား ဆီကြိတ်၍ ဆီကုန်သွယ်ခြင်း သေချက်၍ အရက်ရောင်းခြင်းကို ပြုလျက် အသက်မွေး၏၊ တနေ့သ၌ နှစ်ယောက်သုံးယောက်သော သေသောက်ကြူးတို့သည် သေအရက် မူးယစ်သောကြောင့် အိပ်ပျော်ခြင်းသို့ ရောက်ကုန်သည်ရှိသော် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂ မရှိရကား ထိုသေသောက်ကြူးတို့၏အဝတ်ပုဆိုးတို့ကို ခိုးယူလေ၏၊ တနေ့သ၌ ထိုမိန်းမသည်ပင် ရဟန္တာတပါး ဆွမ်းရပ်လာသည်ကို ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မိမိအိမ်တွင်းသို့ သွင်းပြီးလျှင် ခင်းအပ်သော နေရာ၌ နေစေ၍ ဆီနှင့်ရောသော ဆီထွေး နှမ်းဖက်ကို လှူ၏၊ ရဟန္တာအရှင်မြတ်လည်း ထိုမိန်းမအား အစဉ်သနားသဖြင့် ထိုဆီထွေးနှမ်းဖက်ကို ခံယူ၍ ဘုဉ်းပေးတော်မူ၏၊ ထိုမိန်းမလည်းကြည်ညိုသောစိတ် ရှိရကား....အထက်၌ ထီးဆောင်းလျက်တည်၏၊ ရဟန္တာအရှင်လည်း ထိုမိန်းမ၏ သဒ္ဓါပန်းသည် ရှင်လန်းစေလေဟု နှလုံးပြု၍ အနုမောဒနာ ပြုတော်မူ၏၊ ယင်းသို့အနုမောဒနာ ပြုသည့်ကာလ ထိုမိန်းမသည် ''ငါ့ဆံပင်တို့သည်ကား နက်မည်းရှည်သွယ် သိမ်မွေ့နူးညံ့လျက် အဖျားတက်၍ ကော့စေကုန်သတည်း'' ဟု ဆုတောင်း ဆုယူပြု၏၊

အနုတ္တရပုညခေတ် အစစ်ဖြစ်တော်မူသော ရဟန္တာအရှင်အား များမြတ်သောသဒ္ဓါပန်းကို ရှင်လန်းစေလျက်နှစ်သက်ဝမ်းမြောက် စွာလှူဒါန်းရသောဒါန၏အကျိုး အာနိသင်ကိုလိုချင်တိုင်းတောင်း ၍ကောင်းမြတ်သော လောကီလောကုတ္တရာ အကျိုးထူးကို ရသင့်ပါလျက် အလိမ္မာ နည်းလှသောကြောင့် ဆံကောင်းရုံမျှဆု ယူလေသတည်း။

ထိုမိန်းမသည် အခါတပါး၌သေလွန်၍ မိဿာကက်၏ အကျိုးကြောင့် သမုဒ္ဒရာအလယ် ရွှေဗိမာန်၌ တဇာယာက်ထီးတည်းဖြစ်ရလေ၏၊ ထိုမိန်းမ၏

ဆံပင်တို့သည် ဆုတောင်းသည့်အတိုင်း ပြည့်စုံကုန်၏။ လူတို့ပုဆိုးကို ခိုးမိချေသောကြောင့် ကိုယ်၌ကား အဝတ်မရှိ အချည်းစည်းသာ ဖြစ်ရှာလေသတည်း။

မနုဿာနံ သာဋကာဝဟရဏေန နဂ္ဂါ အဟောသိ။

(ပေတဝတ္ထု အဋ္ဌကထာ)

မနုဿာနံ၊ လူတို့၏၊ သာဋကာဝဟရဏေန၊ ပုဆိုးတို့ကို ခိုးယူခြင်းကြောင့်။ နဂ္ဂါ၊ ကိုယ်၌ အဝတ်မဆည်း အချည်းစည်းသည်။ အဟောသိ၊ ဖြစ်ပြီ။

ထိုမိန်းမသည် ထိုရွှေဗိမာန်၌ အဖန်ဖန် အထပ်ထပ် ဖြစ်၍ အဝတ်မကပ် အချည်းစည်း အဖြစ်ဖြင့် ကဿပဘုရားနှင့် တို့ဘုရားအကြားကာလကို လွန်စေ၏၊ ထိုအခါ ငါတို့ဘုရားသည်လောက၌ဖြစ်တော်မူ၍ ဓမ္မစကြာတရားကို ဟောပြီးမှ အစဉ်သဖြင့်သာဝတ္ထိပြည်၌ နေတော်မူသည်ရှိသော် သာဝတ္ထိပြည်သား ခုနစ်ရာသော ကုန်သည်တို့သည် သုဝဏ္ဏဘူမိကို ရည်ဆောင်၍ လှေဖောင်သဘော်ဖြင့် သမုဒ္ဒရာကို ကူးကုန်၏၊ ထိုသူတို့ စီးအပ်သော လှေသည် မညီမညွတ်သောလေ၏ အဟုန်ဖြင့် ပစ်အပ်သည် ဖြစ်၍ ဤမှ ထိုမှ လည်လျက် ထိုနတ်သမီးနေရာ အရပ်သို့ ရောက်လေ၏၊ ထိုအခါ ထိုနတ်သမီးလည်း ဗိမာန်နှင့်တကွ မိမိကိုယ်ကို ထိုကုန်သည်တို့အား ပြလေ၏၊ နတ်သမီးကိုမြင်၍ ကုန်သည်ကြီးသည်၊ "ဗိမာန်အတွင်း၀ယ် အဘယ်သူနည်း၊ လူလော နတ်လော ထွက်ပါ၊ ငါတို့ သင့်ကိုကြည့်လိုပါကုန်သည်" ဟု ဆို၏၊ နတ်သမီးလည်း "အဝတ်မရှိ၍ အပသို့ထွက်ခြင်းငှာ ရှက်လှပါသည်၊ ငါမထွက်စံ့"ဟု ဆို၏၊ "ယင်းသို့သော် ဤအဝတ်ကိုဝတ်၍ အပသို့ထွက်"ဟု အဝတ်ပုဆိုးကို နတ်သမီးအားပေး၏၊ နတ်သမီးလည်း "လက်ဖြင့်လက်၌ပေး၍ငါမရပါ၊ စင်စစ်မှာမူ ဤလူအပေါင်းတို့တွင် ရှင်တော်ဘုရား၏ တပည့်သားအစစ်ဖြစ်သော ကံကံ၏အကျိုး, ရတနာသုံးပါး ဂုဏ်ကို ယုံကြည်သော လူဥပါသကာသည် ပါလာ၏၊ ထိုဥပါသကာအား ပေးလှူ၍ ငါ့အား အလှူ၏အဖို့ကိုသာ ပေးဝေပါ၊ သာဓုခေါ်သော ငါ့အား အလကား ရပါလိမ့်မည်"ဟု ဆို၏၊ ထိုစကားကိုကြား၍ သင်္ဘောသားတို့လည်း ထိုဥပါသကာကို ရေမိုးချိုးပြီးလျှင်ကောင်းမြတ်သော ဘောဇဉ်ခဲဖွယ်တို့ကို စားစေ၍ ပုဆိုးအစုံတို့ဖြင့်လှူကုန်၍ နတ်သမီးအား ထိုဒါနကို အမျှပေးဝေကုန်၏၊ နတ်သမီးလည်း ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်၏၊

ယင်းသို့ အမျှဝေ၍ သာခုံခေါ်သောခဏ၌ နတ်သမီးအား များစွာသော ခဲဖွယ်ဘောဇဉ် အဝတ်ပုဆိုးတို့သည် ပြည့်စုံကုန်သည်ဖြစ်၍ နတ်ပုဆိုး ဝတ်ပြီးလျှင် ပြုံးရွှင်သည်ဖြစ်၍ ဗိမာန်မှထွက်၏၊ ကုသိုလ်၏အကျိုးဆက်ကို မျက်မှောက်ထင်ထင် မြင်ရကုန်သော သင်္ဘောသားတို့သည် အံ့ဩသော စိတ် ရှိကုန်သည်ဖြစ်၍ ထိုဥပါသကာအား များစွာ ရိုသေမြတ်နိုးကုန် သည်ဖြစ်၍ လက်အုပ်ချီလျက် ရှိခိုးဆည်းကပ်ကုန်၏၊ ဥပါသကာလည်း သင်္ဘောသားတို့အား တရားဖြင့် တုံ့စေလျက် သရဏဂုံသီလတို့၌ တည်စေ၏၊ ထိုသင်္ဘောသားတို့လည်း နတ်သမီး၏ ကောင်းမှု မကောင်းမှုကို မေးမြန်းကုန်၏၊ ထိုနတ်သမီးလည်း "ငါကား.....ရဟန်းအား ဆီထွေးနှမ်းဖတ် လှူခြင်းတည်းဟူသော အနည်းငယ်သော ကောင်းမှုကိုသာ ပြုမိချေသည်၊ ထိုကောင်းမှု၏အကျိုးအားဖြင့် နတ်ဗိမာန်၌ စံနေရသည်၊ သူ့ပုဆိုးကို ခိုးခြင်းစသော မကောင်းမှုကိုကား များစွာ ပြုမိချေသည်၊ ထိုမကောင်းမှု၏ အကျိုးအားဖြင့် ဤမှ လေးလထက်၌ စုတေပြီးလျှင် အဝီစိငရဲ၌ ဖြစ်ရလိမ့်မည်"ဟု ဆို၍ ဥပါသကာလည်း ထိုနတ်သမီး၏စကားကို ကြားလျှင် သနားသည်ဖြစ်၍ "နတ်သမီးငါတယောက်အား ပေးလှူကာမျှဖြင့် ယခုဤကဲ့သို့ အလိုခပ်သိမ်းနှင့်ပြည့်စုံလေ၏၊ သရဏဂုံသီလ၌တည်ကုန်သော ဤအလုံးစုံသောသင်္ဘောသားတို့အား ပေးလှူ၍သဗ္ဗညုဘုရား၏ဂုဏ်တော်ကို အောက်မေ့သည်ရှိသော် ငရဲမှ လွတ်လတ္တံ့"ဟု ဆို၏၊ နတ်သမီးလည်း ဝမ်းမြောက်ဝမ်းသာ "ကောင်းပါပြီ"ဟုဝန်ခံ၍ ထိုသင်္ဘောသားတို့အား နတ်၌ဖြစ်သော ထမင်း အဖျော် အဝတ်ပုဆိုးတို့ဖြင့် ရောင့်ရဲစေပြီးလျှင် သဗ္ဗညုဘုရားကိုရည်၍ ပုဆိုးတစုံကို သင်္ဘောသားတို့လက်တွင် အပ်ပြီးမှ "အရှင်ဘုရား....အမှတ်မရှိသော ဝိမာနပေတီ နတ်သမီး တယောက်သည် အရှင်ဘုရား၏ ခြေတော်အစုံကို ဦးဖြင့်ရှိခိုး၏ဟု သာဝတ္ထိပြည်သို့ သွား၍ ငါ့စကားဖြင့် ဘုရားသဗ္ဗညုကို လျှောက်ပါလေ"ဟု မှာလိုက်၏၊ ထို သင်္ဘောသားတို့ကိုလည်း မိမိအာနုဘော်ဖြင့် လိုရာအရပ်သို့ရောက်အောင် ဆောင်၍ ပို့လိုက်၏၊သင်္ဘောသားတို့လည်း သာဝတ္ထိပြည်သို့ ရောက်လျှင် ဇေတဝန်ကျောင်းတော်သို့သွား၍ ဘုရားသဗ္ဗညုအား ပုဆိုးအစုံကို လှူပြီး လျှင် နတ်သမီးမှာလိုက်သည့်အတိုင်း ရှိခိုးခြင်းကိုကြား၍ ထိုအကြောင်းကို လျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း ထိုစကားကိုအကြောင်းပြု၍ ရောက် လာသော ပရိသတ်တို့အား အကျယ်အားဖြင့် တရားဟောတော်မူ၏၊

များစွာသော လူနတ်တို့သည် အကျွတ်တရား ရကြကုန်၏၊ သင်္ဘောသား ဥပါသကာတို့လည်း နှစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသောအလှူကိုပေး၍ ကောင်းမှုတို့ကိုနတ်သမီးအား အမျှဝေကုန်၏၊ နတ်သမီးလည်း ပြိတ္တာဘဝမှ စုတေ၍ တာဝတိံသာနတ်ပြည်ဝယ် ရွှေဗိမာန်၌ ဖြစ်လေ၏။

ဤ၌ထိုမိန်းမသည် မကောင်းမှုမှကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကင်းသောကြောင့်သူ၏အဝတ်ပုဆိုးကို ခိုးယူခြင်းတည်းဟူသောမကောင်းမှုကို ပြုချေသည်၊ ထိုမကောင်းမှု၏အကျိုး အားဖြင့် ဘုရားတဆူနှင့်တဆူ၏အကြား ပထဝီမြေကြီးသည် တယူဇနာခန့် သုံးဂါဝုတ်အထက်သို့မြင့်သည့်တိုင်အောင် ကာလပတ်လုံးအချည်းစည်း အဝတ်မဝတ်ရပဲ ဆင်းရဲဒုက္ခကိုခံရချေသည်၊ထိုမကောင်းမှု၏ အကျိုးအားဖြင့် ငရဲသို့ရောက်လောက်လျက်နောက်တဖန် သူတော်ကောင်းတို့နှင့် ပေါင်းမိ၍ သြတ္တပ္ပသံဝေဂတရားကိုပွားပြန်စေသောကြောင့် ပူပန်သောငရဲဘေးမှ ကင်းဝေးလျက် ချမ်းအေးသော နတ်ပြည်၌ ဖြစ်ရလေသည်ဟု လာသော ကျမ်းဂန်စကားကိုထောက်ထားဆင်ခြင်၍ ယခုအခါ ပညာရှိ အပေါင်း သူတော်ကောင်း တို့မှာမကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း လက္ခဏာရှိသော သြတ္တပ္ပသံဝေဂတရားများကို ပွားစေအပ်၏။

---

### ၂၅ -သြတ္တပ္ပသံဝေဂ မပြည့်စုံ၍ အဒိန္နာဒါန တည်းဟူသော မကောင်းမှုကို ပြုသော တူ ဦးရီး နှစ်ယောက်ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် နတ္ထိကမိစ္ဆာ အယူရှိသော အပွဲသက္ကရမည်သော လိစ္ဆဝီမင်းသည် ဝေသာလီပြည်၌ မင်းပြုသတတ်၊ ထိုအခါဝေသာလီပြည်တွင် ကုန်သည်တယောက်၏ အိမ်ဈေးအပေါ်၌ ရွှံ့ညွန်အိုင်သည်ရှိ၏၊ ထိုညွန်အိုင်၌ ခုန်လွှား၍ သွားရကုန်သော သူတို့သည်ပင်ပန်းကုန်၏၊ မခုန်မလွှားပဲ ဆင်း၍သွားရသော သူတို့သည် ရွှံ့ညွန်လူးကုန်၏၊ ထိုအကြောင်းကို ကုန်သည်မြင်လတ်သော် မပင်ပန်း စေခြင်းငှာရွှံ့ညွန်မလူးစေခြင်းငှာ ညှီစော်နံ၍လှောင်း မကောင်းသော အနံ့မှ ကင်း၍ခရုသင်းနှင့်တူသော နွားခေါင်းရိုးကို တံတားပြု၍ ခင်း၏၊ ထိုကုန်သည်ကား သဘောအားဖြင့် သီလနှင့်ပြည့်စုံ၏၊ အမျက်စောင်မာန် နည်း၏၊

သိမ်မွေ့နူးညံ့သောစကားရှိ၏၊ ဟုတ်မှန်တိုင်းသူတပါးတို့၏ကျေးဇူးစကားကို ကြားတတ်၏၊ ထိုကုန်သည်သည် တနေ့သ၌ ရေချိုးသော မိမိအဆွေခင်ပွန်း၏ မေ့လျော့သောအားဖြင့် မမြင်စဉ် ကျီစယ်လိုသော အမှတ်ဖြင့် အဝတ်ပုဆိုးကို ခိုးဝှက်ဖယ်ထား၍ များစွာဆင်းရဲစေပြီးမှပေး၏၊ ထိုကုန်သည်၏ တူကား သူတပါးတို့၏ အိမ်မှ ခိုးမှုအတတ်ယုတ်ဖြင့် သူ့ဥစ္စာကို ခိုးပြီးလျှင် ဦးရီးအိမ်ဈေး၌ချထား၏၊ ဥစ္စာရှင်တို့သည် စူးစမ်းရှာဖွေ ကုန်သည်ရှိသော် ဥစ္စာထုပ်နှင့်တကွ ကုန်သည့်တူကို ဖမ်းမိ၍ တူ ဦးရီးနှစ်ယောက်လုံးကိုပင် အရှင်ဖမ်း၍ မင်းအား ပြကုန်၏၊ မင်းလည်း ဦးရီးကိုမူကား ဦးခေါင်းကိုဖြတ်၍ အသေသတ်၏၊ တူကိုမူကား အသက်ရှင်စဉ် တံကျင်၌ တင်ဟု စေလေ၏။

ရာဇာ ဣမဿ သီသံ ဆိန္ဒထ၊ ဘာဂိနေယျံ ပနဿ သူလေ
အရောပေထာတိ အာဏာပေသိ။

(ဓမ္မပဒဝတ္ထု အဋ္ဌကထာ)

ရာဇာ၊ မင်းသည်။ ဣမဿ၊ ဤဦးရီး၏။ သီသံ၊ ဦးခေါင်းကို ဆိန္ဒထ၊ ဖြတ်လေကုန်။ အဿ၊ ထိုဦးရီး၏၊ ဘာဂိနေယျံပန၊ တူကိုမူးကား။ သူလေ၊ တံကျင်၌၊ အာရောပေထ၊ တင်ကြလေကုန်။ ဣတိ၊ ဤသို့။ အာဏာပေသိ၊ စေ၏။ ။မင်းချင်းယောကျ်ား အာဏာသားတို့သည်မင်းစေတိုင်းပြုကုန်၏။

ဤသို့တူဖြစ်သောသူသည် မကောင်းမှုမှကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂမရှိသောကြောင့် သူ့ဥစ္စာကိုခိုးမိရကား ဦးရီးလည်း အသက်ဆုံးရှုံးခြင်းတည်းဟူသော ဒဏ္ဍဘေးသို့ ရောက်ရချေသည်၊ မိမိလည်း သေကြေပျက်စီးလောက်အောင် အသက်ရှင်စဉ် တံကျင်၌ တင်ခြင်းတည်းဟူသော ဒဏ္ဍဘေး၊ နောက်အခါ ငရဲ၌ဖြစ်လတ္တံ့သော ဒုဂ္ဂတိဘေးသို့ ရောက်ရချေသည်၊ ဩော်….ဩတ္တပ္ပသံဝေဂမရှိခြင်းသည်ကား အလွန် အပြစ်များစွ။

တူ ဦးရီး နှစ်ယောက်တို့တွင် ဦးရီးသည် သော၍ ဘုမ္မဇိုစ်းနတ်ဖြစ်လေသော် နွားခေါင်းရိုးဖြင့် တံတားခင်းခဲ့ဖူးသော ကောင်းမှုကြောင့် ကိုယ်အလုံးဖြူသော ''မနောဇဝ''အာဇာနည်နတ်မြင်းကို ရ၏၊ နူးညံ့သိမ်မွေ့သော စကားရှိလျက် အမျက်စောင်မာန်နည်းသောကြောင့် ကိုယ်အရေအဆင်းလည်း အလွန်လှပတင့်တယ်၏၊ ဂုဏ်ရှိသောသူတို့၏ကျေးဇူးစကားကို ဟုတ်မှန်တိုင်းဆိုသောကြောင့်ကိုယ်မှနတ်၏အနံ့သည် သင်းပျံ့မွှေးလှိုင်

၏၊ အဆွေခင်ပွန်း၏ ပုဆိုးကိုဝှက်ထား၍ ကျီစယ်မိသောကြောင့် ကိုယ်၌ကား အဝတ်မရှိလေ၊ ထိုနတ်သည် တံကျင်၌ တင်သော မိမိတူကိုမြင်၍ သနားရကား မနောဇဝသိန္ဓောမြင်းကို စီးပြီးလျှင် ညဉ့်သန်းကောင်အခါ တံကျင်တင်ရာအရပ်သို့လာပြီးမှမနီးမဝေးသောအရပ်၌ ရပ်လျက်''အချင်းယောကျ်ားသင်ကား အသက်ရှင်ပါ၊ သေသောထက် အသက်ရှင်ခြင်းကား သင့်အားမြတ်လှစွာ၏''ဟု နေ့တိုင်းနေ့တိုင်း ဆိုလေ၏။ ထိုအခါ အပ္ပသက္ကရလိစ္ဆဝီမင်းသည် မြတ်သော ဆင်ကျောက်ကုန်းထက် စီးလျက် လက်သာရစ်မြို့တော်ကို လှည့်ပတ်သော် အမှတ်မရှိသော အိမ်၌ လေသာတံခါးကိုဖွင့်၍ မင်း၏ တင့်တယ်ခြင်းကို ကြည့်ရှုသော တယောက်သော မိန်းမ၌ တပ်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ နောက်၌နေသော မင်းချင်းယောကျ်ားကိုခေါ်၍ ''အချင်း....ဤမိန်းမ၏ လင်မဲ့ လင်ရှိကို သိအောင်ပြုပါချေ''ဟု ဆိုသောကြောင့်ထိုမင်းချင်းယောကျ်ားသွား၍ စုံစမ်းလျှင် လင်ရှိသည်၏ အဖြစ်ကိုသိ၍ မင်းအားကြား၏၊မင်းလည်းလင်ရှိမယားကိုပင် သိမ်းယူလိုသောကြောင့်လင်ကိုခေါ်ပြီးလျှင် ''ငါ့အားခစားလော့'' ဟုဆို၏။ ထိုယောကျ်ားလည်း ခစားခြင်းငှာအလိုမရှိပဲ မင်း၏အာဏာကို မဆန့်ဝံ့၍မမေ့မလျော့ကြောက်လန့်လျက်ခစား၏၊မင်းကားထိုယောကျ်ားအား တစုံတခုသောအမှုယွင်းချွတ်မူ ရာဇဝတ်ပေး၍ သတ်ပြီးလျှင်မယားကိုယူမည့်အကြံနှင့် ခစားစေ၏၊ ယောကျ်ားကား မင်း၏အကြံကို သိ၍ မမေ့မလျော့ ခစားသည်၊ ယင်းသို့ ခစားသောကြောင့် အပြစ်မရသော်ထိုယောကျ်ားကိုခေါ်၍ အချင်း....ဤမည်သော အရပ်၌ ရေကန်သည်ရှိ၏၊ ထိုရေကန်သို့ သွားပြီးလျှင်အရုဏ်အဆင်းရှိသောမြေညှက်, ကြာနီ ကြာဖြူ အစရှိဘည်တို့ကို ဆောင်ယူချေ၊ အကယ်၍ ယနေ့ မလာမရောက်ငြားအံ့ သင့်အား အသက်မရှိပြီ ဟု ဆို၏၊ ယင်းသို့ဆို၍ ထိုယောကျ်ားသွားလေသော် တံခါးစောင့်တို့ကိုခေါ်၍ ''ယနေ့ နေမဝင်မီ တံခါးအလုံးစုံကို အကုန်ပိတ်''ဟု ဆင့်ဆို၏၊ ရေကန်ကား ဝေသာလီပြည်မှ သုံးယူဇနာကွာ၏။ထိုယောကျ်ားလည်း သေဘေးမှ ကြောက်သောကြောင့် လျင်စွာသွားလေသော် မွန်းမတည့်မီ ရေကန်သို့ရောက်၍ နတ်တို့အား ဖသပြီးလျှင် ထမင်းစား ကြွင်းသောထမင်းကို ရေကန်တွင် ငါးလိပ်တို့အား ပေး၍ အလှူဒါနကို အမျှဝေ၏၊ ထိုရေကန်ကား ဒကရက္ခိုသ်စောင့်သောရေကန်တည်း၊ရေကန်စောင့်သော ဒကရက္ခိုသ်လည်း ထိုယောကျ်ားအားသနား

ကြွင်နာသည်ဖြစ်၍ လူ၏အသွင်ဖြင့်ကပ်ပြီးလျှင် "အိုယောကျ်ားအဘယ် အကျိုးငှာလာသနည်း"ဟုမေး၍ထိုအကြောင်းကို ကြားလတ်သော်အလို ရှိတိုင်းယူ၍ သွားဟုဆိုပြီးလျှင် နတ်၏အသွင်ကိုပြ၍ ကွယ်လေ၏၊ ထို ယောကျ်ားလည်း မြေညက်,ကြာအစရှိသည်တို့ကိုယူ၍ နေမဝင်မီမြို့တံခါး သို့ရောက်လာ၏၊ တံခါးစောင့်သည် ထိုယောကျ်ားကိုမြင်လျှင် ရှတ်ခြင်း ထ၍ တံခါးကိုပိတ်လေ၏၊ ထိုယောကျ်ားလည်း တံခါးပိတ်သောကြောင့် ဝင်ခွင့်ကိုမရရကား တံခါး၏အနီး၌ တံကျင်လျှိုသောသူ၏ထံသို့ သွား၍ "ငါ့အား အပြစ်မရှိ၊ နေမဝင်မီ ရောက်လာသော အဖြစ်ကို သင်အသိပင် သက်သေခံပါ"ဟုဆို၏။ တံကျင်လျှိုသောယောကျ်ားလည်းထိုစကားကို ကြား၍ 'ငါ့အား တံကျင်လျှိုသည်ဖြစ်၍ သေခြင်းသို့ရှေးရှုသောသူဖြစ် လျက် သင့် အတွက်ကို အဘယ်မှာ သက်သေခံနိုင်အံ့နည်း၊ ဤအရပ်သို့ နတ်ကြီးတယောက်လာလတ္တံ့၊ ထိုနတ်ကြီးကိုသက်သေတည်ပါ" ဆိုသော ကြောင့် ထိုနတ်ကြီးအလာကို ငံ့လင့်၍သက်သေတည်၏၊ မိုးသောက်လတ် သော် မင်းက ဤသူကား ငါ့အာဏာကို ဆန့်လွန်သောသူဖြစ်သည်၊ ရာဇ ဒဏ် ခတ်အံ့ဟုဆိုလျှင် ထိုယောကျ်ားက "အရှင်မင်းကြီး....အကျွန်ုပ်ကား အာဏာတော်ကို မဆန့်လွန်၊ နေမဝင်မီ ရောက်ပါ၏" ဆိုသောကြောင့် ထိုအရာဝယ် ယုံကြည်ဖွယ်သက်သေပြ" ဟုဆိုလျှင် ထိုယောကျ်ားလည်း "တံကျင်လျှိုသော သူ၏ထံသို့ လာသော နတ်မင်းကြီးပင်တည်း"ဟုဆို၏ "ထိုအရာဝယ် အဘယ်သို့ ငါတို့ ယုံကြည်ရမည်နည်း"ဟု မင်းကဆို လေ သော် "ယုံကြည်လောက်သော မင်းချင်းတယောက်ကို ကျွန်ုပ်နှင့် အတူ တကွညဉ့်သန်းကောင်အခါ၌စေတော်မူပါ၊ပြပါမည်"ဟုဆိုလျှင် "ငါပင် လိုက်မည်"ဟုမင်းလည်းကိုယ်တိုင်ပင် လိုက်၍ ထိုသူနှင့်တကွကြည့်ကြ၏၊ နတ်ကြီးလည်း လာပြီးလျှင်"အိုယောကျ်ားအသက်ရှင်ပါ၊သေသောထက် အသက်ရှင်ခြင်းကား သင်အားမြတ်လှစွာ၏"ဟု ဆို၏၊ အပ္ပသက္ကရလိစ္ဆဝီ မင်းလည်း "အဘယ့်ကြောင့်ဤသို့လာသနည်း"ဟုနတ်ကြီးအားမေး၏၊ နတ်ကြီးလည်း "ဤသူသည်ရှေးဘဝ၌ ငါ့တူတည်း၊ ဤသူသည် ခိုးယူခြင်း တည်းဟူသောမကောင်းမှုကိုပြုခဲ့သောကြောင့် ဤဘဝမှစုတေလျှင်ငရဲ၌ ဖြစ်ရလိမ့်မည်၊ငရဲ၌ဖြစ်ရသောထက် ဤသို့တံကျင်လျှိုလျက် အသက်ရှင်ရ ခြင်းသည်အလွန်မြတ်သောကြောင့်ငါဆိုသည်'ဟုဆို၏၊လိစ္ဆဝီမင်းလည်း ညွှန်စာပေ- ၁၄။

'သည်မှတပါး သင်နတ်မင်းအား မေးပါရစေဦး၊ စိတ်မဆိုးပါနှင့်''ဟု ခွင့်တောင်း၏၊ ဘုမ္မစိုးနတ်လည်း ''မေးလော့''ဟု ခွင့်ပြု၏၊ ''အဘယ့် ကြောင့် မနောဇဝ်သိန္ဓောမြင်းကို ရသနည်း''ဟုမေး၏၊ ''ဝေသာလီပြည် တွင်းငယ်တံတားခင်းဘူးသောကြောင့်ရသည်''ဟုဆို၏၊ ''အဘယ့်ကြောင့် ကား ကိုယ်အဆင်းလှသနည်း''ဟုမေး၏၊ ''ငါကား နူးညံ့သိမ်မွေ့သော စကားရှိလျက် မျက်စောင်မာန် နည်းသောကြောင့် အဆင်းလှသည် ဟု ဆို၏၊''အဘယ်ကြောင့်ကား ကိုယ်မှ နတ်၏ အနံ့လှိုင်ပျံ့မွှေးသနည်း''ဟု မေး၏၊ ''ကျေးဇူးဂုဏ်ရှိသော သူတို့၏ ကျေးဇူးဂုဏ်ကို ဟုတ်မှန်တိုင်း ဆို သောကြောင့် ကိုယ်မှ နတ်၏အနံ့လှိုင်ပျံ့မွှေးသည်''ဟု ဆို၏၊ ''အဘယ် ကြောင့်ကား ကိုယ်၌အဝတ်မဆည်းအချည်းစည်းနေရသနည်း''ဟု မေး၏၊ ''ရေဆိပ်၌ ရေချိုးသော အဆွေခင်ပွန်းတို့၏ပုဆိုးများကို ကျီစယ်လိုသော စိတ်ဖြင့် ခိုးဝှက်၍ ထားမိသောကြောင့် ကိုယ်၌ကား အဝတ် မဝတ်ရ သတည်း၊ကျီစယ်လိုသောစိတ်ဖြင့် ပြုကာမျှဖြစ်သော မကောင်းမှု၏အကျိုး ကိုသော်လည်း ဤမျှလောက် ခံရသေး၏၊ အကယ်၍ ခိုးလိုသော စိတ် စေတနာနှင့် ခိုးဝှက်သော မကောင်းမှု၏အကျိုးမှာ ဆိုရာ အဘယ်သို့ ရှိကောင်းအံ့နည်း၊ သင်မင်းကြီးသည် ကျွန်ုပ်ပြုကျင့်သောအမှုကို ရှုကြည့် တော်မူပါ''ဟု ဆို၏၊ ''မင်းကြီး....အကြင်သူတို့သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့်မကောင်းမှုကိုပြုကုန်၏၊ ထိုသူတို့သည် ငရဲ၌ဖြစ်ရကုန်၏၊အကြင် သူတို့သည် ကောင်းမှုကို ပြုကုန်၏၊ ထိုသူတို့သည် နတ်ပြည်၌ဖြစ်ကုန်၏'' ဟု ဆို၏၊ မင်းလည်း မိစ္ဆာအယူရှိသည် ဖြစ်၍ မယုံရကား အဘယ်ပညာ ရှိသည် ငါ့အား ကံ ကံ၏အကျိုးသည် ရှိ၏ဟု ယုံစေနိုင်အံ့နည်းဟု ဆို၏၊ ''မင်းကြီး....သတ္တဝါတို့၏ သုဂတိ ဒုဂ္ဂတိ၌ ဖြစ်ခြင်းကိုမြင်၍လည်းကောင်း၊ ကြား၍လည်းကောင်းယုံတော်မူ၊အကြင်သူတို့သည် ကံကံ၏အကျိုးကို မယုံ ကြည်၊ ထိုသူတို့သည် အပါယ်ဆင်းရဲ ငရဲခံရကုန်၏''ဟု ဆိုသော်'' သင်နတ် မင်းသည် ကံကံ၏အကျိုးကိုယုံကြည်လျက် အဘယ်ကြောင့် အဝတ်မဝတ်ရပဲ ဆင်းရဲခံရဘိသနည်း''ဟု မေး၏၊ ''မင်းကြီး ငါပြုအပ်သော ကောင်းမှု လည်း မရှိချေ၊ အကြင်သူဟည် ရဟန်းပုဏ္ဏားတို့အား ဖေးလှူ၍ငါ့အား အမျှဝေ၏၊ ထိုသူလည်း မရှိချေ၊ ထို့ကြောင့် အဝတ်မဝတ်ရပဲ ဆင်းရဲ ခံရသည်''ဟု ဆို၏၊ မင်းလည်း ထိုစကားကိုကြား၍ နတ်မင်းအား ပုဆိုး ရခြင်းကို တောင့်တလျက်အကြင် အကြောင်းဖြင့်နတ်မင်းအား ပုဆိုးရ၏၊

ထိုအကြောင်းကို ကျွန်ုပ်အားကြားပါဟုဆို၏၊ "မင်းကြီး....ဤဝေသာလီပြည်တွင် အရှင်ဥပါလိ၏ ဥပဇ္ဈာယ် ဖြစ်သော ရသေ့ တစ်ထောင်တို့၏ အတွင်း၌ဝင်သော အရှင်ကပ္ပိတ မထေရ်သည် နေ၏၊ ထို မထေရ်အား ပုဆိုးတစုံကို လှူ၍ အမျှဝေပါ၊ ငါရပါလိမ့်မည်"ဟု ဆို၏၊ မင်းလည်း "ကောင်းပြီ မထေရ်အားလည်းပုဆိုးလှူပါမည်၊ အရှင်နတ်မင်းကိုလည်း မြင်ပါရစေဆို၍ ပုဆိုးရှစ်စုံယူပြီးလျှင် မထေရ်သို့ကပ်၍ ဤပုဆိုးကိုခံတော်မူပါ"ဟု လျှောက်၏၊ မထေရ်လည်း စကားဖြစ်စေခြင်းငှာ "မင်းကြီး သင်လည်း ရှေး၌ ရဟန်းတို့အား မလှူလိုပဲလျက် ယခုမှ အဘယ်ကြောင့် လှူလိုသနည်း"ဟု မေးတော်မူ၏၊ မင်းလည်း ဘုမ္မစိုး နတ်နှင့် မိမိတို့ ပြောဆိုသော အကြောင်းကို မထေရ်အားကြား၍ "အရှင်ဘုရား ဤပုဆိုးတို့ကို ခံယူတော်မူပါ"ဟုလှူပြီးလျှင်ကောင်းမှုအဖို့ကို ဘုမ္မစိုးနတ်အား အမျှဝေ၏၊ ထိုခဏ၌ပင်ဘုမ္မစိုးနာအား အမျှဝေ၏၊ ထိုခဏပင် ဘုမ္မစိုးနတ်လည်း နတ်ပုဆိုးဝတ်လျက် မင်းနှင့် မထေရ်အား ထင်ရှားပြလာ၏၊

မင်းလည်း ဝမ်းမြောက် ဝမ်းသာ ငါသည် ကံကံ၏ အကျိုးဆက်ကို မျက်မှောက်ထင်ထင် မြင်လျက် အဘယ်ကြောင့် ကောင်းမှုကိုမပြုပဲ ရှိအံ့နည်း၊ ယခုအခါ ကောင်းမှုကိုသာ ငါပြုအံ့ဟု နတ်အား သက်သေပြု၏၊

နတ်မင်းလည်း "သင်မင်းကြီးလည်း ဤအခါမှစ၍ အဓမ္မကို ပယ်လျက် ဓမ္မကို ကျင့်သည်ဖြစ်အံ့၊ ငါသက်သေခံအံ့၊ သင်မင်းကြီးထံသို့လည်း မပြတ် ငါလာပါအံ့၊ တံကျင်လျှိုသော ယောကျ်ားကိုလည်း တံကျင်မှ လွှတ်ပါ၊ အသက်ကိုရသည်ရှိသော် ဝဋ်ဆင်းရဲမှ လွတ်ပါလတ္တံ့၊ ကပ္ပိတမထေရ်မြတ်ကို အခါမပြတ် ဆည်းကပ်လျက် တရားနာ၍ ကောင်းမှုကုသိုလ်တို့ကို ပြုလော့"ဟု ဆို၍ သွားလေ၏၊ လိစ္ဆဝီမင်းလည်း မထေရ်ကိုရှိခိုး၍ မြို့တွင်းသို့ ဝင်ပြီးလျှင် လျင်မြန်စွာ လိစ္ဆဝီ ပရိသတ်ကို စည်းဝေးစေပြီးမှ ထိုယောကျ်ားကို တံကျင်မှလွှတ်၍ အနာမရှိအောင် ဆေးကုဟု ဆေးသမားတို့ကို စေ၏၊ မထေရ်လည်း မင်းကိုသရဏဂုံသီလ၌ တည်စေ၏၊မင်းလည်း မထေရ်၏ အဆုံးအမ၌ တည်လျက် သောတာပန် ဖြစ်လေ၏၊ တံကျင်လျှိုသော ယောကျ်ားလည်း အနာပျောက်လျှင် သံဝေဂဉာဏ်ကို ဖြစ်စေလျက် ရဟန်းတို့ထံ၌ဝင်၍ ရဟန်းပြုလတ်သော် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

သံဝေဂဇာတော ဘိက္ခုသု ပဗ္ဗဇိတွ နစိရဿေဝ အရဟတ္တံ
ပါပုဏိ။
(ဋ္ဌပတဝတ္ထု အဋ္ဌကထာ)

သံဝေဂဇာတော၊ ဖြစ်သော သံဝေဂဉာဏ် ရှိသည်ဖြစ်၍။ ဘိက္ခုသု၊ ရဟန်းတို့၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပါပုဏိ၊ ရောက်၏။

ပစ္ဆိမ ဘဝိကသားဖြစ်၍သာ တံကျင်ဘင်လျက် အသက်မသေချမ်းသာလေသည်၊ ပစ္ဆိမဘဝိကသား ဖြစ်လျက် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်းဩတ္တပ္ပ သံဝေဂကင်းသောကြောင့် သူ့ဥစ္စာကိုခိုးချေရကား မိမိလည်းဒုက္ခဘေး တွေ့လျက် အလွန်ဆင်းရဲရလေသည်၊ မိမိပြုသော မကောင်းမှုကြောင့် ဦးရိုးလည်း အသက် ဆုံးရှုံးခြင်းသို့ ရောက်ရလေသည်။

ဤသို့ ဩတ္တပ္ပ သံဝေဂ မရှိလျှင် ပစ္ဆိမဘဝိကသားပင် သော် လည်းဆင်းရဲခံရလေသည်ကို ထောက်၍ ယခုအခါ နောက်သား နောင်လာပညာရှိအပေါင်း သူတော်ကောင်းတို့သား ဩတ္တပ္ပ သံဝေဂတရားကိုနှလုံးထား၍ မကောင်းမှုမှ ကြဉ်ရှောင်ကုန်ရာ၏။

ဤကား ဩတ္တပ္ပ သံဝေဂ မရှိ၍ အဒိန္နာဒါနအမှုကိုပြုကြကုန်သောသူတို့၏ ဝတ္ထုသက်သေတည်း။

(ယာမေသု မိစ္ဆာစာရ-ပရဒါရိက)

၂၆-ဩတ္တပ္ပ သံဝေဂ ကင်း၍ကာမေသု မိစ္ဆာစာရ ပရဒါရိက
အမှုကိုပြုသော ပစ္စေကဗုဒ္ဓါအလောင်း ဝတ္ထု

လွန်လေပြီးသော အခါ ကဿပ ဘုရားသခင် သာသနာတော်၌တစ်ယောက်သော ရဟန်းသည် ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ပါသော်လည်း ပါရမီခံ မသန်မရင့်သေးသည်၏အတွက်ကြောင့် မဂ်ဖိုလ်သို့ မသက်မယှဉ်၊ပုထုဇဉ်၏အဖြစ်ဖြင့် သေလွန်၍ ဗာရာဏသီပြည်၌ ကြွယ်ဝချမ်းမြတ်သော စည်းစိမ်ဥစ္စာရှိသော သဌေးမျိုး၌ ဖြစ်၍ အနှစ်နှစ်သောင်းပတ်လုံး သီလနှင့်ပြည့်စုံလျက် အသက်ရှင်ခဲ့ဖူးသောကြောင့် ထူးမြတ်သော အဆင်းသဏ္ဌာန် ကြန်အင်္ဂါလက္ခဏာဖြင့် လွန်စွာတင့်တယ်၏၊ ထိုသဌေးသားသည် စည်းစိမ်ဥစ္စာ အဆင်းသဏ္ဌာန် ကြန်အင်္ဂါ လက္ခဏာကိုအမှီပြုလျက် ပမာဒတရားအားကြီးချေသောကြောင့် ဩတ္တပ္ပ သံဝေဂ မရှိကား သူတပါး၏ မယားတို့ကို သွားလာလျက် အသက်ရှည်သမျှ ကာလ
ရှတ်လုံး ရဒါရိကအမှုကိုပြု၍ သေလွန်သော် ထိုပရဒါရိက ကံသည်

အနန္တရ ဘဝ၌ပင် အကျိုးပေးသောကြောင့် ငရဲ၌ ဖြစ်လေ၏၊ ထိုငရဲ၌ ကာလမြင့်ရှည်စွာ ကျက်ခဲ့ပြီးမှ ငရဲက စုတေပြန်လျှင် လူ ပြည်၌ သင်္ချေး အမျိုးဝယ် ပဋိသန္ဓေနေ၍ မိန်းမဖြစ်လေ၏၊ ငရဲမှ လာကုန်သော သတ္တဝါတို့၏ ကိုယ်တို့သည်ကား အလွန်ပုပ်ကုန်၏။

နရကာ အာဂတာနံ ဂတ္တာနိ ဥဏှာနိ ဟောန္တိ။

(သုတ္တနိပါတ် အဋ္ဌကထာ)

နရကာ၊ ငရဲမှ။ အာဂတာနံ၊ လာကုန်သော သတ္တဝါတို့၏။ ဂတ္တာနိ၊ ကိုယ်တို့သည်။ ဥဏှာနိ၊ ပုပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထို့ကြောင့် သင်္ချေးမယားသည် ပုလောင်သောဝမ်းခေါင်းဖြင့်အောင်း လာသော သတ္တဝါကို ဆင်းရဲငြိုငြင်ပင်ပန်းစွာ ဆယ်လပတ်လုံး ဆောင်၍ လစေ့သဖြင့်သမီးမိန်းမဖွားလေ၏။ ထိုသင်္ချေးသမီးသည် ဖွားသည်မှစ၍ မိဘ ဆွေမျိုး အချင်းအရင်းဟူသမျှသည် ပရဒါရိက မကောင်းမှုကြောင့် အလွန်မုန်းကုန်၏၊တဆယ့်ခြောက်နှစ်မြောက်၍အရွယ်သို့ ရောက်သည့်ကာလ အကြင်အမျိုး၌ ပေးအပ်၏၊ထိုအမျိုး၌လည်း လင်ယောက္ခမတို့မှစ၍ ကြွင်းသမျှ လူသူတို့သည် ချစ်နှစ်သက်ခြင်းမရှိပဲ အလွန်မုန်းကုန်၏၊ တနေ့သ၌ နက္ခတ်ပွဲသဘင် ကြေးကြော်လေသော် သင်္ချေးသားသည် ထိုသင်္ချေးသမီးနှင့် မကစားလိုပဲ ပြည့်တန်ဆာမကို ဆောင်၍ ကစားလတ္တံ့ဟု ကျွန်ပ်တို့ တီးတိုး ပြောကြသော စကားကို သင်္ချေးသမီး ကြားလေသော် သင်္ချေးသားသို့ ကပ်၍ "အရှင့်သား....မိန်းမ မည်သည်ကား မင်းဆယ်ယောက်တို့၏ နှမ ပင် ဖြစ်စေ,စကြဝတေးမင်း၏သမီးပင်ဖြစ်စေ လင်ချိုသာမှချမ်းသာသည်၊ လင်သည် စကားမဆိုပဲ မှန်ကန်လျှင် တံကျင်တင်သကဲ့သို့သော ဆင်းရဲကို ခံရသည်၊ အကယ်၍ ငါ့အားချီးမြှောက်ထိုက်အံ့၊ ချီးမြှောက်ပါ၊ အကယ် ၍ မချီးမြှောက်ထိုက်အံ့၊ ကျွာရှင်းလင်းပါ၊ ဆွေမျိုးအိမ်သို့ ပြန်ပါ မည်" ဟု ဆို၏၊ သင်္ချေးသားသည်း "အဘယ်ကောင်းပြီ။ခဲဖွယ် ဘောဇဉ် ကိုသာ စီရင်ပါ၊သင်နှင့်တကွ နက္ခတ်သဘင် ပျော်ရှင် ကစားအံ့"ဟု ဆို၏၊ သင်္ချေးသမီးလည်း ထိုမျှတည်း ပြောဆိုသော သင်္ချေးသား၏ စကား ဖြင့် အားထုတ်ခြင်း ရှိသည်ဖြစ်၍ နက်ဖြန်ခါ နက္ခတ်သဘင် ပျော်ရှင် ကစားအံ့ဟု စားဖွယ် သောက်ဖွယ်တို့ကို များစွာ စီရင်၏။ သင်္ချေးသား မူကား အကောက်ကြံလျက် နှစ်ရက်မြောက်သော နေ့၌ သင်္ချေးသမီးအား မကြားပဲ ရှောင်လွှဲ၍ ကစားရာသို့ သွားလေ၏၊ သင်္ချေးသမီးလည်း ယခုပင်

ခေါ်လာလတ္တံ့ဟုငံ့လင့်ပြီးလျှင် ခရီးကိုကြည့်လျက်နေသော် နေမြင့်သည် တိုင်အောင်မှ မလာသောကြောင့် လူတို့ကို စုံစမ်းစေလျှင် ''သဌေးသားကား သွားလေပြီ'' ဟု ဆိုကုန်၏၊ ထိုအခါ သဌေးသမီးလည်း ခဲဖွယ် ဘောဇဉ်အလုံးစုံကို အကုန်ယူပြီးလျှင် ယာဉ်စီး၍ ဥယျာဉ်သို့သွားခြင်းငှာ အားထုတ်၏၊ ထိုအခါနန္ဒမူလကလိုဏ်ဂူ၌ တဆူသော ပစ္စေကဗုဒ္ဓါဘုရားသည် ဝင်စားအပ်သော နိရောဓ သမာပတ်မှထ၍ အနောတတ် အိုင်၌ မျက်နှာသစ်လျက် ကွမ်းရိုးဒန်ပူကို ခဲပြီးသော် ယနေ့ဘယ်အရပ်၌ငါသည် ဆွမ်းရှာရအံ့နည်းဟု ဆင်ခြင်လတ်သော် သဌေးသမီးကို မြင်၍ ဤသဌေးသမီးသည် ငါ၌ပူဇော်သက္ကာရပြု၍ ထိုပရဒါရိက အကုသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်လတ္တံ့သတည်းဟုသိ၍ လိုဏ်ဂူ၏ အနီး ယူဇနာ ခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသိလာမြေအပြင်၌ရပ်လျက် သင်းပိုင်ဝတ်ပြီးမှ သပိတ် သင်္ကန်းကိုယူ၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထ ဈာန်ကို ဝင်စားလျက် ကောင်းကင်ဖြင့် လာ၍ သဌေးသမီး၏ ခရီးရင်ဆိုင်၌ သက်ဆင်းပြီးသောအခါ ဗာရာဏသီပြည်သို့ ရှေးရှုလာ၏၊ ထိုပစ္စေကဗုဒ္ဓါကို မြင်၍ကျွန်ပ်တို့သည်သဌေးသမီးအားကြားကုန်၏၊ သဌေးသမီးလည်းရထားမှ ဆင်းသက်၍ ရိုသေစွာ ရှိခိုးပြီးလျှင် အရှင်ပစ္စေက ဗုဒ္ဓါ၏ သပိတ်ကို အလုံးစုံသော အရသာဘို့နှင့် ပြည့်စုံသော ခဲဖွတ်ဘောဇဉ်ဖြင့် ပြည့်စေ၍ အထက်၌ ပဒုမ္မာကြာပန်းဖြင့် ဖုံးလွှမ်းလျက် အောက်၌လည်းပဒုမ္မာကြာပန်းကိုခံ၍ ပန်းစည်းကို လက်ဖြင့် ကိုင်မလျက် ရှင်ပစ္စေကဗုဒ္ဓါသို့ ကပ်၍ လက်၌သပိတ်ကို ကပ်ပြီးလျှင် ရိုသေစွာ ရှိခိုး၍ ပန်းစည်းကို ကိုင်လျက် ဆုတောင်း၏၊ ''အရှင်ဘုရား.... ဤပန်းကို လူအပေါင်းတို့ချစ်နှစ်သက် သကဲ့သို့ ထို့အတူ အကြင်အကြင်ဘဝ၌ ဖြစ်ရ၏၊ ထိုထို ဘဝ၌ပင် လူရှင်အပေါင်းတို့သည် အကျွန်ုပ်ကို ချစ်နှစ်သက်ပါစေသတည်း'' ဟုဆုတောင်း၏၊ ထို့နောင် နှစ်ကြိမ်မြောက် ''အရှင်ဘုရား....အမိဝမ်းခေါင်း၌အောင်း၍ ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှသောကြောင့် အမိဝမ်းခေါင်းသို့ မကပ်မူ၍ အကျွန်ုပ်ကား ကြာတိုက်၌သာ ပဋိသန္ဓေ နေလိုပါ၏'' ဟု ဆုတောင်း၏၊ ထို့နောင် သုံးကြိမ်မြောက် ''အရှင်ဘုရား....မာတုဂါမရုပ်ကား စက်ဆုပ် ရွံရှာဖွယ်ရှိ၏၊ စကြဝတေးမင်း၏သမီးပင်ဖြစ်ငြားသော်လည်း သူတပါး၏ အလိုသို့သာလိုက်ရ၏၊ ထို့ကြောင့် အကျွန်ုပ်သည် မိန်းမအဖြစ်သို့ မရောက်မူ၍ ယောကျ်ားဘဝ်စစ် ဖြစ်ပါစေသတည်း'' ဟု

ဆုတောင်း၏၊ ထို့နောင် လေးကြိမ်မြောက် "အရှင်ဘုရား....ဤသံသရာဝဋ္ဋဒုက္ခကို လွန်ပြီးမှ အဆုံးဘ၀ နောက်ကာလ၌ အရှင်ဘုရားတို့သည် ရအပ် ရောက်အပ်သော အရဟတ္တဖိုလ် နိဗ္ဗာန်သို့အကျွန်ုပ်လည်းရောက်ပါစေသတည်း"ဟု ဆုတောင်း၏၊ ဤသို့ ဆုလေးပါးတို့ကို တောင်းပြီးမှ ရှင်ပစ္စေကဗုဒ္ဓါကို ပန်းစည်းဖြင့် ပူဇော်၍ ငါးပါးသောရှိခိုးခြင်းဖြင့်ရိုသေစွာ ရှိခိုးပြီးသော် "အရှင်ဘုရား....အကျွန်ုပ်၏အနံ့အဆင်းသည် ဤပဒုမ္မာကြာနှင့် တူသည်သာ ဖြစ်ပါစေသတည်း"ဟု ငါးကြိမ်မြောက် ဆုတောင်း၏၊ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါသည် သပိတ် ပန်းစည်းတို့ကို ယူပြီးလျှင် ကောင်းကင်၌ ရပ်လျက်—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ, ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ, စန္ဒော ပန္နရသော ယထာ။
ဣစ္ဆိတံ ပတ္ထိတံ တုယှံ, ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ, မဏိဇောတိရသော ယထာ။

ဟူသောနှစ်ဂါထာဖြင့် အနုမောဒနာ ပြုတော်မူ၍ သဒ္ဓေးသမီးသည် ကောင်းကင်ဖြင့်သွားသောငါ့ကိုမြင်စေသတည်းဟု အဓိဋ္ဌာန်၍ နန္ဒမူလက လိုဏ်ဂူသို့ ကြွတော်မူ၏၊ ထိုကိုမြင်ရ၍ကား သဒ္ဓေးသမီးအား များစွာသော ဗလ၀ပီတိသည် ဖြစ်၏၊ ဘ၀တပါး၌ ပြုအပ်သော ကာမေသု မိစ္ဆာစာရ ရေဒါရိက အကုသိုလ်ကံသည် ထိုခဏ၌ ကုန်ခြင်းသို့ ရောက်လေ၏၊ မကျည်းမှည့်, ဆီးသီးမှည့်တို့ဖြင့် ပွတ်သပ်အပ်သော ကြေးနီခွက်ကဲ့သို့ ထက်ဝန်းကျင်မှ စင်ကြယ်လေ၏၊ သဒ္ဓေးသမီးအား ထိုခဏ၌ပင်လင်၏ အမျိုး၌လည်းကောင်း, မိမိ၏အမျိုး၌လည်းကောင်း, အလုံးစုံသော လူအပေါင်းတို့သည်နှစ်သက်အပ်သည်ဖြစ်၍ ချစ်ဖွယ်သောစကားတို့ကိုလည်းကောင်း, လက်ဆောင်ပဏ္ဏာတို့ကိုလည်းကောင်း စေလာကုန်၏၊ သဒ္ဓေးသားလည်း "ငါကား မေ့လျော့၍ သွားသည်၊ လျင်မြန်စွာ သဒ္ဓေးသမီးကို ဆောင်ချေ"ဟု လူတို့ကိုစေ၏၊ ထိုအခါမှစ၍ သဒ္ဓေးသမီးကို လူအပေါင်းတို့သည် လည်ဝယ် ဆွဲအပ်သောပုလဲကုံးကဲ့သို့ ရင်းဝယ်လိမ်းအပ်သော စန္ဒကူးကဲ့သို့အထူးသဖြင့် ချစ်ခင်နှစ်သက်ကုန်၏၊ သဒ္ဓေးသမီးသည် ထိုဘ၀၌ အသက်ထက်ဆုံး စည်းစိမ်ချမ်းသာကို ခံစား၍ သေလွန်လတ်သော်နတ်ပြည်၌ ယောကျ်ား၏ အဖြစ်ဖြင့် ပဒုမ္မာကြာတိုက်ဝယ် ဖြစ်လေ၏၊ထိုနတ်

သားသည် သွားသော်လည်း ပဒုမ္မာကြာတိုက်၌သာ ရပ်သွား၏။ ရပ်သော်လည်းကောင်း, ထိုင်သော်လည်းကောင်း,အိပ်သော်လည်းကောင်း,ပဒုမ္မာကြာတိုက်၌သာ ရပ်၏၊ ထိုင်၏၊ အိပ်၏၊ ထို့ကြောင့် ''မဟာပဒုမ နတ်သား''ဟု အမည်အားဖြင့် ခေါ်ဝေါ်ကြကုန်၏။

ဤသို့သော တန်ခိုး အာနုဘော်အားဖြင့် ထိုနတ်သားသည် အနုလိုပဋိလို အစုံအဆန် ခြောက်တန်သော နတ်ပြည်ဝယ် ကျင်လည်ရ၏၊ ထိုအခါ ဗာရာဏသီမင်း၏နှစ်သောင်းသော မိဖုရားတို့သည် သားတယောက်မျှ မရသောကြောင့် မှူးမတ်တို့က သားဆုတောင်းပါဟု ဆိုလတ်သော် ထိုမင်းသည် မိဖုရားကြီး တယောက်ကို ထား၍ ကြွင်းသော မောင်းမမှုတို့အား သားဆုတောင်းစေသော်လည်း မရရကား ''မိဖုရားကြီး ကိုပင် သားဆုတောင်း''ဟု ဆို၏။ ထိုမိဖုရားကြီးလည်းသစ္စာသီလနှင့်ပြည့်စုံသော မိန်းမအားသာ သားကောင်း ရရာ၏၊ သစ္စာသီလ ကင်းလျက် အရှက်အကြောက်မရှိသော မိန်းမတို့အား သားကောင်းရတနာ ဘယ်မှာ ရနိုင်အံ့ဟု နှလုံးပြု၍ပြာသာဒ်ထက်သို့ တက်ပြီးလျှင်ပဉ္စသီလကိုစောင့်ထိန်း၍ပြီးမှ သီလကို အထပ်ထပ်သုံးသပ်လျက် သားဆုကို တောင်း၏၊ ထိုအကြောင်းကို သိကြားမင်းသိလျှင် ကောင်းကင်ဖြင့်လာ၍မိဖုရားရှေး၌တူရူရပ်ပြီးမှ ''မိဖုရား အဘယ်ကိုတောင့်တသနည်း''ဟု မေး၍သားဆုတောင်းကြောင်းဆိုလျှင် ''မစိုးရိမ်လင့်၊ သင့်အား ငါပေးမည်''ဟု ဆိုခဲ့ပြီးသော် နတ်ပြည်သို့ပြန်လာ၍ မဟာပဒုမနတ်သားကို ''ချစ်သား....သင်ကားလူ့ပြည်၌ ဖြစ်ပါလေ''ဟု ဆို၏၊ နတ်သားလည်း ''သိကြားမင်း လူ့ပြည်ကား စက်ဆုပ်ဖွယ်ရှိ၏''ဟုဆိုသော် ''ချစ်သား သင်ကား လူ့ပြည်၌ ကောင်းမှုကုသိုလ်ကို ပြု၍ ဤနတ်ပြည်သို့ ရောက်သည်မဟုတ်လော၊ သွား၍ ပါရမီဖြည့်ချေ''ဟုဆိုလျှင် ''အရှင်သိကြားမင်းဝမ်းတွင်း၌ အကျွန်ုပ်ပဋိသန္ဓေမနေနိုင်''ဟု ဆိုသောကြောင့် ''ချစ်သား သွားချေ၊ ကြာတိုက်ဝယ် နေပါလေ''ဟု ဆိုမှ ဝန်ခံ၏၊ယင်းသို့ဝန်ခံပြီးလျှင် နတ်ပြည်မှစုတေ၍ ဗာရာဏသီမင်း၏ ဥယျာဉ်တွင် ရေကန်ဝယ် ပဒုမာကြာတိုက်၌ ပဋိသန္ဓေနေလေ၏၊ သိကြားမင်းလည်း မိဖုရားအား မိုးသောက်ထ အခါ၌ နှစ်သောင်းသော မိန်းမ ခြံရံလျက် ဥယျာဉ်သို့ သွား၍ ရေကန်တွင် ပဒုမာ ကြာတိုက်ဝယ် သားရသည်ဟု အိပ်မက်ပေး၍၊ မိဖုရားလည်း အိပ်မက် မက်သည့်အတိုင်း မိုးလောက်၍ ဥယျာဉ်သို့ သွားလေသော် မနက်လွန်း မတိမ်းယွန်းသော

အရပ်၌ပဒုမာကြာတိုက်ကိုမြင်လျှင် မြင်သည်နှင့်တကွသား၏ချစ်ခြင်းဖြစ်၍ ဆင်းပြီးလျှင် ကိုယ်တိုင်ပင် ပန်းကိုဆွတ်၏၊ ဆွတ်ကာမျှပင် ကြာချပ်တို့ လည်း ကားကားပွင့်လျက် ငွေခွက်၌ သွန်းအပ်သော ရွှေဆင်းတု ကဲ့သို့ သတို့သားကိုမြင်လေ၏၊ ယင်းသို့မြင်လျှင် ရွှင်လန်းသော စိတ်ဖြင့် "ငါ့ အား သားရသည်"ဟု နှစ်သက်ဝမ်းမြောက်သော အသံကို မြွက်ဆို၏၊ လူအပေါင်းလည်း ကေစင်းချီး တထောင်ကိုပေးလျက် မင်းအား ကြားစေ၏၊ "မင်းလည်း အဘယ်အရပ်၌ ရသနည်း"ဟုမေးသော် ဥယျာဉ်၌ ရေကန်ဝယ် ကြာပင်တွင် ရကြောင်းကို လျှောက်လေလျှင် ဥယျာဉ်သည် လည်းကောင်း, ရေကန် သည် လည်းကောင်း, ကြာပင်သည်လည်း ကောင်း ငါတို့ဥစ္စာချည်းပင် ဖြစ်သည်၊ ထို့ကြောင့် ငါတို့ခေတ်တွင်ဖြစ် ရကား ခေတ္တဇသား ဖြစ်စေဟု ဆိုပြီးလျှင် မြို့တွင်းသို့သွင်းပြီးသော် နှစ်သောင်းသော အထိန်းအယပေး၍ မွေးကျွေးစေ၏၊ အကြင် အကြင် အထိန်းသည် မင်းသားကို နားလည်အောင် ဖြည့်ဖြူး သင် ကြား၍ ခဲဖွယ် စားဖွယ်တို့ကို ခဲစေ စားစေ၏၊ ထိုထိုအထိန်းသည် တထောင် တထောင်သော ဆုလာဘ်ကို ရ၏၊ မင်းသားလည်း အလွန် ဘုန်းကြီးရကား ဗာရာဏသီပြည်အလုံး တုန်လှုပ်၏၊ အလုံးစုံသော တိုင်း သားပြည်သူ ရှင်လူအပေါင်းတို့သည် မင်းသား လက်ဆောင်ပဏ္ဏာစ ဆက်ကုန်၏၊ မင်းသားလည်း ဤခဲဖွယ်ကိုခဲပါ၊ ဤစားဖွယ်ကို စားပါဟု ဆိုလာသော သူတို့၏ စကားဖြင့် ငြီးငွေ့ရကား တံခါးမုခ်သို့ သွားပြီးမှ ခုံညင်းကစား၍နေ၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါတဦးသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ နေလျက် ယနေ့အဘယ်အရပ်မှာဆွမ်းရှာရအံ့ နည်းဟု ဆင်ခြင်သော် မင်းသား၏ စည်းစိမ်ချမ်းသာကိုမြင်၍ဤမင်းသား ကား ရှေး၌ ငါသို့ သဘောရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ၍ ဆု ငါးပါးကို တောင်းသည်၊ ဆုလေးပါးကား ပြည့်စုံလေပြီ၊ တပါးသာ ကျန် သေးသည်၊ အာရုံကို ပြအံ့ဟု နှလုံးပိုက်၍ ဆွမ်းရှာသော အသွင်ဖြင့် မင်းသား အထံသို့ လာ၏၊ မင်းသားလည်း မြင်လျှင် "ရှင်ရဟန်း....ဤ အရပ်သို့ မလာပါလင့်၊ ဤအရပ်သို့လာလျှင် ရှင်ရဟန်းကိုလည်း ဤခဲဖွယ်ကို ခဲပါ၊ ဤစားဖွယ်ကို စားပါ"ဟု ဆိုကုန်ရာ၏ဟု ဆိုသော် ရှင်ပစ္စေကဗုဒ္ဓါ လည်း တခွန်းတည်းသော စကားဖြင့် နောက်သို့ပြန်သွား၍ မိမိကျောင်း

တွင်းသို့ ဝင်တော်မူ၏။ မင်းသားလည်း "အချင်းတို့....ဤ ရဟန်းသည် ငါ့စကားတခွန်းဆိုကာမျှဖြင့် ပြန်၍သွားသည်၊ ငါ့အား အမျက်ထွက်ယောင် တကား"ဟု ဆို၏၊ အရှင်မင်းသား ရဟန်းတို့အား ခန္တီဗလ အားကြီးလှသည်၊ ဤမျှတည်းဖြင့် အမျက်မထွက်""ဟု ဆိုသော်လည်း ထိုမင်းသားသည် မိမိအား အမျက်ထွက်၏ဟု ထင်မှတ်၍ ငါသည်ရဟန်းကို ကန်တော့အံ့ဟု မယ်တော်,ခမည်းတော်အား ကြား၍ ဆင်စီးပြီးလျှင် ကြီးစွာသော မင်း၏ အာနုဘော်ဖြင့် ဣသိပတန မိဂဒါဝုန်တောသို့ သွားလေသော် သမင်တို့ကိုမြင်၍ "အချင်းတို့....ဤ သတ္တဝါတို့ကား အဘယ်သတ္တဝါတို့နည်း" မေး၏၊ အရှင်မင်းသား....ဤ သတ္တဝါ တို့ကား သမင်တည်း"ဟု ဆိုသော်"ထိုသမင်တို့ကို ဤခဲဖွယ်ကို ခဲပါ, ဤစားဖွယ်ကိုစားပါဟုဆို၍ သုတ်သင်စောင့်ရှောက်သောသူတို့ရှိကုန်သေးသလော"ဟု မေး၏၊ "အရှင်မင်းသား....မရှိချေ၊ ထိုသမင်တို့သည် အကြင် အရပ်၌ မြက်, ရေ ရလွယ်၏၊ ထိုအရပ်၌ အလိုအလျောက် နေကြကုန်၏" ဟု ဆိုသော် မင်းသားသည် ငါလည်း အဘယ်အခါ ဤသမင်ကဲ့သို့ အလိုအလျောက် နေရပါအံ့နည်း ဟု ထိုအာရုံကို ယူ၏။ ပစ္စေက ဗုဒ္ဓါလည်း မင်းသားလာသည်ကို သိလျှင် ကျောင်းတလင်း လမ်းခရီးတို့ကို တံမြက်လှည်း၍ နှစ်ကြိမ်သုံးကြိမ် စင်္ကြံသွားပြီးလျှင် ထွက်ခြေရကား မထင်၊ ဝင်ခြေရာကိုသာပြ၍ အရပ်တပါးသို့သွားတော်မူ၏၊ မင်းသားလည်း သွား၍ တံမြက်လှည်းသော အရပ်ကိုမြင်လျှင် "အချင်းတို့ နံနက် အခါ၌လည်း ငါ့အား ရဟန်းသည် အမျက်ထွက်လေပြီ၊ ယခုအခါ ကျောင်းတလင်းသို့ ဆင်မြင်းတို့နှင့် ဝင်ပြန်လတ်သော် လွန်စွာ အမျက်ထွက်ရာ၏၊ သင်တို့သည်တွင် ရပ်ကြကုန်၊ ငါသွား၍ ကန်တော့အံ့"ဟု ဆင်ကျောက်ကုန်းမှ ဆင်း၍ ကျောင်းတွင်းသို့ ဝင်လေ၏၊ ကျောင်းတွင်းသို့ဝင်၍ ပစ္စေကဗုဒ္ဓါ၏ နေရာကိုမြင်လျှင် ကြည်လင်သော သမာဓိတရားဖြင့် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုလေ၏၊

ဤ၌ နှစ်သခင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်၍ ရင့်မာပြီးသောပါရမီရှိသော ပစ္စေကဗုဒ္ဓါ အလောင်းဖြစ်လျက် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂ မရှိသောကြောင့် သူတပါးတို့ မယားနှင့် ပြစ်မှားခြင်း ကာမေသု မိစ္ဆာစာရ ပရဒါရိက အမှုကို ပြုကျင့်သောကြောင့် ငရဲ၌ ကြာမြင့်စွာ ခံရခြင်း, ငရဲမှလွတ်၍ လူ့ပြည်၌ပင်ဖြစ်ရ

သော်လည်း လိင်ပြန်ရခြင်း, မြင်သူအလုံး မုန်းရခြင်းစသည်ဖြင့် အတိုင်းမသိသော ဆင်းရဲဒုက္ခကို ခံရသည်ကိုထောက်၍ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့မှာ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်းဩတ္တပ္ပ သံဝေဂ တရားကို နှလုံးထား၍ သူတပါးမယားနှင့် ပြစ်မှားကျူးလွန်၍ ကျင့်ကြံခြင်း ကာမေသုမိစ္ဆာစာရ ပရဒါရိက အမှုကို ဝေးစွာရှောင်ကြဉ်ကုန်ရာ၏။

---

## ၂၇-ဩတ္တပ္ပသံဝေဂ မပြည့်စုံ၍ ကာမေသုမိစ္ဆာစာရ ပရဒါရိက အမှုကိုပြုမိခဲ့သော ဣသိဒါသီ ရဟန္တာထေရီမ ဝတ္ထု

ဘုန်းတော်ကြီးလှသော သဗ္ဗညုဘုရား ထင်ရှားရှိတော်မူစဉ် ဣသိဒါသီအမည်ရှိသော ရဟန္တာထေရီမ တဦးသည် ရှေးရှေးသော ဘုရားရှင်တို့ အထံ၌ ပြုအပ်သော ဆုတောင်းခြင်း ရှိသည်ဖြစ်၍ ထိုထို ဘဝဝယ်ယောကျ်ား၏ အဖြစ်၌တည်လျက် ဝဋ်ဆင်းရဲမှ ကင်းခြင်း၏ အကြောင်းကောင်းမှုကုသိုလ်တို့ကို ဆည်းပူးလတ်သော် အဆုံးအစွန်ရဟန္တာဖြစ်သောဘဝမှ ခုနစ်ခုမြောက်သော ဘဝ၌ သူတော်မဟုတ် ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းမိသဖြင့် သူတပါးမယားတို့၌သွားလာခြင်းကာမေသုမိစ္ဆာစာရ ပရဒါရိက အမှုကိုပြုမိ၍ ထိုဘဝမှ စုတေလတ်သော် ငရဲ၌များစွာသော အနှစ်တို့ပတ်လုံး ကျက်ခဲ့ပြီးလျှင် ထိုငရဲမှ စုတေလတ်သော်သုံးဘဝတို့၌ တိရစ္ဆာန်ဖြစ်၍ ထိုတိရစ္ဆာန်ဘဝမှ စုတေပြန်လျှင် ကျွန်မ၏ဝမ်း၌ နပုံးပဏ္ဍုက်ဖြစ်၍ ထိုပဏ္ဍုက်ဘဝမှ စုတေပြန် တဦးသောဆင်းရဲလှသောလှည်းသမား၏သမီးဖြစ်လေ၏၊ ထိုသတို့သမီးကိုတဦးသောလှည်းကုန်သည်သားသည်မယားကြီးရှိလျက် ယူ၍ မယားငယ်ပြုလေရျှင်ထိုမယားငယ်သည် လင်နှင့် မယားကြီးတို့ စပ်ကြားတွင် ကုန်းတိုက်ချောပစ်၍ အချစ်ကင်းအောင်ပြု၏၊ ထိုမိန်းမသည် ထိုဘဝ၌ အသက်အတိုင်းနေပြီး၍ စုတေလတ်သော် ဤငါတို့ သဗ္ဗညုဘုရား ထင်ရှားပွင့်တော်မူသောကာလ အပန္တိတိုင်း ဥဇ္ဇေနီပြည်ဝယ် အမျိုး သီလ အကျင့်စသည်တို့ဖြင့်သူတော်ကောင်းဟု သမုတ်အပ်သော များပြတ်သော စည်းစိမ်ဥစ္စာရှိသော သဋ္ဌေး၏သမီးဖြစ်၏၊ဣသိဒါသီဟူသောအမည်ကိုမှည့်၏၊အရွယ်သို့ရောက်လျှင် လင်သုံးယောက်ရမှ သင်တို့သည် မကြိုက် မနှစ်သက်သည်ဖြစ်၍ စွန့်ပစ်ရကား တရားသံဝေဂ ရသောကြောင့် အဘကို ခွင့်တောင်း

ပြီးလျှင် ဇိနဒတ္တအမည်ရှိသော ရဟန္တာမ၏အထံ၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်လေလျှင် မကြာမြင့်မီ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ မဂ်ချမ်းသာ ဖိုလ်ချမ်းသာဖြင့် ကာလကို လွန်စေလျက် တနေ့သ၌ ပါဠလိပုတ်ပြည်တွင်ဆွမ်းခံရာမှ ဖဲသတ်သော် ဂင်္ဂါသဲစုဌ်နေ၍ မိမိ၏အဆွေဖြစ်သော ဗေဘာဓိထေရီက မေးသောကြောင့် ဣသိဒါသီ ထေရီက မိမိအကြောင်းကို ဤသို့ပြော၏၊ ဗောဓိထေရီက မေးသည်ကား "ရှင်မ ဣသိဒါသီ....သင်သည် အဆင်းလည်းလှ၏၊ အရွယ်လည်းငယ်လျက် အဘယ့်ကြောင့် ရဟန်းပြုသနည်း" ဟုမေး၏၊ ထိုအခါ ဣသိဒါသီက "ရှင်မ ဗောဓိ နားလော့" ဟု ဆို၍ ဟောပေ၏၊ ငါသည် အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ သဌေးသမီးဖြစ်၏၊ သာကေတပြည် သဌေးသားနှင့်ထိမ်းမြား၏၊ ယင်းသို့ထိမ်းမြားပြီးလျှင်လင်ယောက္ခမတို့အား ရိုသေစွာလုပ်ကျွေး၏၊ လင်၏ ညီသစ်ကိုနှမတို့ကိုမြင်လျှင် ထမင်းအဖျော် အိပ်ရာနေရာ အဝတ်အစားတို့ကိုပေး၏၊ လင်အားလည်း နတ်ကဲ့သို့ထား၍လုပ်ကျွေး၏၊ ယင်းသို့ လုပ်ကျွေးလျက်ပင် လင်သည် အမျက်ထွက်၍ ဣသိဒါသီနှင့်အတူတကွ မနေနိုင်၊ ဣသိဒါသီနှင့်အတူတကွနေရမှု မိဘတို့ကိုစွန့်ပစ်၍ အရပ်တပါးသို့ သွားတော့အံ့ဟု ဆို၏၊ ထိုအခါ မိဘတို့က ချစ်သား....ဤသို့ မဆိုလင့်၊ ဣသိဒါသီကား သီလနှင့် ပြည့်စုံ၏၊ ဣသိဒါသီသည် သင့်အား နှစ်သက်ဖွယ် မရှိအောင် အဘယ်အမှုကို ပြုသနည်း ဟု ဆိုသော် ပြုကား မပြု၊ ယင်းသို့ မပြုငြားသော်လည်း ဣသိဒါသီကို ငါမုန်းသည်ဟု ဆိုလျှင် သားအလိုသို့ လိုက်၍ မိဘတို့က ငါ့ကို အဘထံသို့ ပြန်၍အပ်လိုက်၏၊ ထို့နောင် အဘက ကြွယ်ဝသော တယောတ်သော အမျိုးသားနှင့် ထိမ်းမြားပြန်၏၊ ထိုယောကျ်ားလည်း ငါနှင့်ပေါင်းမိ၍ တလရှိလျှင် ငါ့ကို နှင်ထုတ်ပြန်၏၊ ထို့နောင် အဘက ထမင်း တောင်းစားသော ယောကျ်ား တယောက်ကိုထမင်းခွက်နှင့်ပုဆိုးကြမ်းကိုဖယ်ရှားလျက် ငါ့သမက်ပြုလော့ ဟု ဆို၍ ထိုသူအား ငါ့ကိုပေးစားပြန်၏၊ ထိုသူလည်း ငါနှင့်ပေါင်း၍ လခွဲရှိလျှင်ငါ့ကိုမြင်ပြင်းတောကြောင့်ကွာရှင်း၍ထမင်းတောင်းစားမြဲတောင်းစားလေ၏၊ ထိုအခါ ငါ၏မကောင်းမှုကံကြောင့် လင်ဟူသမျှတို့သည် ငါ့ကို စွန့်ပစ်ကြလေလျှင် ငါကား သံဝေဂရသောကြောင့် ငါပြုသော မကောင်းမှုကို ကြေစေအံ့ဟု နှလုံးပြု၍ ဇိနဒတ္တ အမည်ရှိသော ရဟန္တာမ၏ အထံ၌ ရဟန်းပြုပြီးလျှင် ဝိဇ္ဇာသုံးပါးကို ငါရသတည်းဟု ပြန်ပြော၏။

ထိုကုလ္လသိဒါသီ အမည်ရှိသော ရဟန္တာမသည် ဤပစ္ဆိမဘဝ်မှ ခုနှစ်ခု မြောက်သော ဘဝ၌ ဧရကကစ္ဆ မည်သော ပြည်၌ ရွှေပန်းထိမ်သည်သား ဖြစ်၍ ဥစ္စာအဆင်းအရွယ် မာန်ယစ်သောအားဖြင့် သူတပါးတို့မယားကို မှိုဝဲ၏၊ ထိုသူသည် ထိုဘဝ်မှ စုတေလေသော် ကာမေသု မိစ္ဆာစာရ မကောင်းမှုကြောင့် ငရဲ၌ကာလမြင့်ရှည်စွာ ကျက်ရ၏၊ ထိုငရဲမှ လွတ်လတ်သော် တခုသော တောအုပ်တွင် မျောက်၏ဝမ်း၌ ပဋိသန္ဓေနေလေ၏၊ ဖွား၍ ခုနစ်ရက်ရှိလတ်သော် ပရဒါရိက မကောင်းမှုကြောင့် ယူထပ်တိ ဖြစ်သော မျောက်ကြီးသည် ဝှေးစေ့ကိုကိုက်ဖြတ်၍သတ်လေ၏၊ ထိုမြောက် ဘဝမှ စုတေလေသော် သိန္ဓဝါရတိုင်း၌ ကန်းလည်းကန်း, ခွင်လည်းခွင် သော တခုသော ဆိတ်မ၏ ဝမ်း၌ ပဋိသန္ဓေနေလေ၏၊ ဖွား၍ အရွယ် ရောက်လျှင် ပရဒါရိကမကောင်းမှုကြောင့် ဝှေးစေ့ကို ထုတ်ပစ်လေ၏၊ ထို ဆိတ်ဘဝမှ စုတေလေသော် ထိုသိန္ဓဝါရတိုင်း၌ တဦးသော နွားကုန်သည် ၏ နွားဖြစ်၍ အရွယ်သို့ ရောက်လျှင် ကာမေသု မိစ္ဆာစရ မကောင်းမှု ကြောင့် ဝှေးစေ့ကို ထုတ်ပစ်လေ၏။ ထိုနွားဘဝမှစုတေလေသော် ထိုတိုင်း၌ပင် တယောက်သော အိမ်ကျွန်မ၏ဝမ်း၌ ကာမေသုမိစ္ဆာစာရ ပရဒါရိက မကောင်းမှုအကုသိုလ်ကံကြောင့် ယောကျ်ားမဟုတ်မိန်းမမဟုတ်,ပဏ္ဍုက် နပုံးဖြစ်လေ၏၊ ထိုနပုံးပဏ္ဍုက်ဘဝ၌ အနှစ်သုံးဆယ်ပတ်လုံး အသက်ရှည် ပြီးမှ ထိုဘဝမှစုတေလေသော် ထိုသိန္ဓဝါရတိုင်း၌ပင် တဦးသော အလွန် ဆင်းရဲသောကြောင့် မြီကြွေးများစွာတင်သော လှည်းသမား၏ သမီး ဖြစ် လေ၏၊ အဘဖြစ်သော လှည်းသမားလည်း မြီကြွေးအတိုးအပွား များလှ သောကြောင့် မြီကြွေးကိုမပေးဆပ်နိုင်ရကား သမီးကိုပင် မြီရှင်ဖြစ်သော ဂိရိဒါသ အမည်ရှိသော လှည်းကုန်သည်သားအား ပေးရလေ၏၊ ထိုကုန် သည် သားလည်း မယားကြီးရှိလျက်ပင် ထိုမိန်းမငယ်အရွယ်ရောက်၍ တ ဆယ့်ခြောက်နှစ်ရှိလတ်သော် အသိမ်းမယားပြုလေ၏၊ ထိုအသိမ်း မယား ငယ်လည်း မိမိ၏မယားအဖြစ်သို့ရောက်လျှင် လင်သည် မယားကြီးအား မုန်းအောင် ကုန်းတိုက်ချောင်၏၊ မယားကြီးအား သီလနှင့်ပြည့်စုံသော မိန်းမတည်း၊ ယင်းသီလနှင့်ပြည့်စုံသော မိန်းမအား လင်မုန်းအောင် ကုန်း တိုက်ဖူးသောမကောင်းမှုကြောင့်လည်းကောင်း, သူတပါးမယားကို သွား လာခြင်း တည်းဟူသော ကာမေသုမိစ္ဆာစာရ ပရဒါရိကအမှုတို ပြုဖူးသော မကောင်းမှုကြောင့်လည်းကောင်း လင်တို့အား ကျွန်မယားကဲ့သို့ ရှိသေစွာ

လုပ်ကျွေးပါလျက် ငဲ့ကွက်ခြင်းမရှိမှု၍ ထိုထိုလင်တို့ စွန့်ပစ်ရှောင်ရှား ဖဲသွားကုန်သတည်း။

ယံ ဒါသီဝိယ သက္ကစ္စံ ဥပဋ္ဌဟန္တံ မံ တတ္ထ တတ္ထ ပတိနော
အပကိရိတွာ ဆဍ္ဍေတွာ အနပေက္ခာ အပဂစ္ဆန္တိ၊ တော တယာ မယှံ၊
တဒါကာတယာ ပရဒါရိကကမ္မဿ သပတိံ ဝိဒ္ဓေဿန ကမ္မဿ စ
နိဿန္ဒဖလံ။

(ထေရီအဋ္ဌကထာ)

ဒါသီဝိယ၊ကျွန်မယားကဲ့သို့၊ သက္ကစ္စံ၊ရိုသေစွာ၊ ဥပဋ္ဌဟန္တံ၊ လုပ်ကျွေးသော။ မံ၊ငါ့ကို။ တတ္ထ တတ္ထ၊ ထိုထိုအိမ်တို့၌။ ပတိနော၊ လင်တို့သည်။ အပကိရိတွာ ဆဍ္ဍေတွာ၊ စွန့်ကုန်၍၊ အနပေက္ခာ၊ ငဲ့ကွက်ခြင်းမရှိကုန်ပဲ၊ ယံ အပဂစ္ဆန္တိ၊ အကြင်ရှောင်လွှဲ ဖဲသွားကုန်၏၊ တော၊ ရှောင်လွှဲ ဖဲသွားခြင်းသည်။ တဒါ၊ ထိုရွှေပန်းထိမ်သည်သားဖြစ်သောအခါ၌။ ကတာယ၊ ပြုအပ်သော၊ မယှံ၊ ငါ၏၊ တယာ ပရဒါရိက ကမ္မဿစ၊ ထိုသူတပါးတို့မယားကို သွားလာခြင်းဟူသော မကောင်းမှု၏လည်းကောင်း။တဒါ၊ထို အသိမ်း မယားငယ် ဖြစ်သောအခါ၌၊ သပတိံ၊ လင်တူမယားကြီးကို။ ဝိဒ္ဓေဿနကမ္မဿစ၊ လင်မုန်းအောင် ကုန်းတိုက်ချောပစ်ပြုသော မကောင်းမှု၏လည်းကောင်း။ နိဿန္ဒဖလံ၊ အကျိုးဆက်တည်း။

ဤ၌ ဣသိဒါသီ အမည်ရှိသော ရဟန္တာမသည် ယောကျ်ားအဖြစ်၌ တည်လျက်ဖြည့်အပ်သောရင့်မာပြီးသောပါရမီရှိပါလျက် အဆွေခင်ပွန်း ယုတ်တို့နှင့် ပေါင်းဖော်မိ၍ ဩတ္တပ္ပ သံဝေဂ မရှိသောကြောင့် သူတပါး မယားကိုသွားလာခြင်းတည်းဟူသောဘဝတို့၌ အတိုင်းမသိသောဆင်းရဲကို ခံရလျက် အဆုံးဘဝ၌လည်း မိန်းမဖြစ်လျက်ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ဝဋ်ဆင်းရဲမှ လွတ်လေသတည်း။

ယင်းသို့ ရင့်မာသော ပါရမီရှိပြီးသော သူပင် ဖြစ်ငြားသော်လည်း သူ့မယားကို ခိုးခြင်းတည်းဟူသော ဩတ္တပ္ပသံဝေဂ တရား ကင်းသော ကြောင့် ဆင်းရဲရလေသည်ကိုထောက်၍ ယခုအခါ နောက်သား နောင် လာ ပညာရှိအပေါင်း သူတော်ကောင်း ဟူသမျှတို့လည်း ဩတ္တပ္ပသံဝေဂ တရားကို နှလုံးထား၍ သူ့မယားကို ဝေးစွာ ရှောင်ကြဉ်ကုန်ရာသတည်း။

## ၂၈-ဩတ္တပ္ပသံဝေဂ မပြည့်စုံ၍ ကာမေသုမိစ္ဆာစာရ ပရဒါရိက အမှု ကိုပြုမိခဲ့သော ညီတော် အာနန္ဒာ မထေရ် ဝတ္ထု

သဗ္ဗညုဘုရား၏ ရှစ်ပါးသောဆုကို ယူ၍ အလုပ်အကျွေးဖြစ်တော်မူသော ညီတော်အာနန္ဒာသည် ကမ္ဘာတသိန်းပတ်လုံး ပဒုမုတ္တရမြတ်စွာဘုရား၏အထံ၌ ဆုပန်၍ ပါရမီဖြည့်သော် ရင့်မာပြီးသော ပါရမီရှိလျက် တခုသောဘဝ၌ မဂဓတိုင်း ရာဇဂြိုဟ်ပြည်တွင်ရွှေပန်းထိမ်သည်သားဖြစ်၍ အဆင်းဥစ္စာ အမျိုးအရွယ် မာန်ယစ်သောအားဖြင့် ၀ပါးသော အဆွေခင်ပွန်းယုတ်နှင့် ပေါင်းဖော်မိ၍ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပ သံဝေဂ ကင်းချေရကား သူတပါးတို့ စောင့်ရှောက် သိမ်းဆည်းအပ်သော မယားတို့၌လွန်ကျူး၍ မိစ္ဆာစာရ အမှုကိုကျင့်ချေ၏၊ ထိုဘဝ၌ ပြုအပ်သော ကာမေသု မိစ္ဆာစာရ ပရဒါရိက အမှုသည် အကျိုးပေးခွင့်ကို မရပဲ ထိုဘဝမှ စုတေလေသော် ဝံသတိုင်း ကောသမ္ဗီပြည်၌ကုဋေရှစ်ဆယ်ကြွယ်ဝသော သဌေး၏ တယောက်တည်းသောသားဖြစ်၍ အလွန်ချစ်လှစွာ၏၊ ပရဒါရိကမကောင်းမှုကား ပြာဖြင့်ဖုံးလွှမ်းသောမီးကဲ့သို့ နောင်အခါအကျိုးပေးခွင့်ကို ပြုလျက်တည်၏၊ ထိုသဌေးသားဖြစ်သော ဘဝ၌ အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖော်လျက် များစွာသော ကောင်းမှုကုသိုလ်တို့ကို ပြု၏၊ ထိုကုသိုလ် ကောင်းမှုတို့သည် အနန္တရဘဝ၌ အကျိုးပေးခွင့်ကို မရပဲ အနန္တရဘဝကပြုခဲ့သော ပရဒါရိက မကောင်းမှုကြောင့် ထိုသဌေးဘဝမှ စုတေလေသော် မဟာရောရုဝ ငရဲကြီး၌ ဖြစ်လေ၏၊ သဌေးသားဘဝ၌ ပြုအပ်သောကောင်းမှု ကုသိုလ်တို့သည် ပြာဖြင့်ဖုံးလွှမ်းအပ်သော မီးကဲ့သို့ နောင်အခါ အကျိုးပေးခွင့်ကို ပြုလျက် တည်ကုန်၏၊ မဟာရောရုဝငရဲ၌ ကာလပေါင်း သိန်းသောင်းကုဋေ အသင်္ချေမကဆင်းရဲကိုခံခဲ့ပြီးမှ ငရဲကစုတေလေသော် ဘိန္နာဂတတိုင်း၌ဆိတ်မဝမ်းဝယ် ပဋိသန္ဓေနေလေ၏၊ ဖွား၍ အရွယ်ရောက်လျှင် ပရဒါရိက မကောင်းမှုကြောင့် ဝှေးစေ့ကိုကိုထုတ်ပစ်၍ကျော၌စီးခြင်း,ယာဉ်ရထား၌ကခြင်းဖြင့် ဆင်းရဲကိုများစွာခံစားရ၏၊ ထိုဆိတ်ဘဝမှ စုတေလေသော် တောအုပ်တခု၌ မျောက်ကြီးကို စွဲ၍ မျောက်မဝမ်း၌ ပဋိသန္ဓေ နေလေ၏၊ အချိန်ရောက်လျှင် ဖွား၍ မျောက်ကြီးအားပြလတ်သော် ငါ့သားကို ခေါ်ခဲ့ဟုဆို၍ ထိုပရဒါရိက ကာမေသုမိစ္ဆာစာရ မကောင်းမှုကြောင့် မျောက်ငယ်မြည်တမ်းစဉ် ဝှေးစေ့ကို သွားတို့ဖြင့် ကိုက်ဖြတ်လျက် သတ်လေ၏၊ ထို

မျောက်ဘဝမှ စုတေလတ်သော် ဒသနတိုင်း၌ နွားမငယ်ဝမ်းတွင် ပဋိသန္ဓေ နေလေ၏၊ အချိန်ရောက်က အမိနွားမသည် ဖွားလေ၏၊ ဖွား၍ အရွယ် ရောက်လျှင် နွားရှင်တို့က ပရဒါရိက မကောင်းမှုကြောင့် ဝှေးစေ့ကိုထုတ် လျက် ထွန်နွားတိုက်နွားပြု၍ စေစားကုန်၏၊ ထိုနွားဘဝမှစုတေလေသော် ဝဇ္ဇီတိုင်း၌ ယောကျ်ားမဟုတ်, မိန်းမ မဟုတ် ပဏ္ဍုက်နပုံး ဖြစ်လေ၏၊ ယင်းသို့နပုံးပဏ္ဍုက်ဖြစ်ရခြင်းသည်လည်း ကာမေသုမိစ္ဆာစာရ ပရဒါရိက မကောင်းမှုကြောင့်ပင်တည်း၊ ထိုနပုံးပဏ္ဍုက်ဘဝမှ စုတေ လေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းမိဖုရား နတ်မိန်းမဖြစ်လေ၏၊ ယင်း ကဲ့သို့ နတ်မိန်းမဖြစ်ရခြင်းသည်လည်း ပရဒါရိက မကောင်းမှုကြောင့် ပင် တည်း၊ ထိုနတ်မင်းမိဖုရားအဖြစ်၌ တည်လျက် အတိတ်၌ ခုနစ်ဘဝ, အနာဂတ်၌ ခုနစ်ဘဝတို့ကို မြင်နိုင်၏။

အဟံပိ အတီတေ သတ္တဇာတိယော အတ္တနော သံသရိတံ
သရာမိ၊ အနာဂတေပိ ဣတော ဂန္တွာ သတ္တေဝ ဇာနာမိ။

(ဇာတ်အဋ္ဌကထာ)

အဟံပိ၊ ငါသည်လည်း။ အတီတေ၊ အတိတ်၌။ သတ္တဇာတိယော၊ ခုနစ်ဘဝတို့ပတ်လုံး။ အတ္တနော၊ မိမိ၏၊ သံသရိတံ၊ ကျင်လည်အပ်သော ဘဝကို။ သရာမိ၊ အောက်မေ့နိုင်၏။ အနာဂတေပိ၊ အနာဂတ်၌လည်း။ ဣတော၊ ဤသိကြားမင်းမိဖုရားဘဝမှ။ ဂန္တွာ၊ သွားလာအပ်ကုန်သော။ သတ္တေဝ၊ ခုနစ်ဘဝတို့ကိုပင်လျှင်။ ဇာနာမိ၊ သိ၏။

ထိုနတ်မိဖုရားသည် ငါကား အဘယ်ဘဝမှလာ၍ ဤ၌ ဖြစ်သနည်းဟု ဆင်ခြင်လတ်သော် ဝဇ္ဇီတိုင်း နပုံးပဏ္ဍုက်ဘဝမှလာ၍ ဖြစ်သည်ကို မြင်လေ ၏၊ အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့ မြတ်သော နတ်၏၊ စည်းစိမ်ကို ရသနည်းဟု ဆင်ခြင်လေသော် ကောသမ္ဗီပြည်၌ သဌေးသား ဖြစ်၍ သူတော်ကောင်းနှင့် ပေါင်းမိလျက် ကောင်းမှုကုသိုလ်ကို အားထုတ်ခဲ့ဖူး သောကြောင့် ထိုကုသိုလ်ကောင်းမှု၏ အကျိုးအားဖြင့် မြတ်သောနတ်၏ စည်းစိမ်းချမ်းသာကို ရသည်ဟု သိ၏၊ အဘယ်ဘဝမှလာ၍ ဝဇ္ဇီတိုင်း၌ နပုံးပဏ္ဍုက် ဖြစ်လေသနည်းဟု ဆင်ခြင်လေင်သော် ဒသနတိုင်း နွားဘဝမှ လာ၍ ဖြစ်သည်ကို မြင်လေ၏၊ အဘယ်ဘဝမှလာ၍ ဒသနတိုင်း နွား ဘဝ၌ ဖြစ်သနည်းဟု ဆင်ခြင်လေသော် မျောက်ဘဝမှ လာ၍ ဖြစ်သည်ကို

မြင်လေ၏၊ အဘယ်ဘဝမှလာ၍ မျောက်ဖြစ်သနည်းဟု ဆင်ခြင်လေသော် ဘိန္နာဂတတိုင်း ဆိတ်ဘဝမှလာ၍ ဖြစ်သည်ကို မြင်လေ၏၊ အဘယ်ဘဝမှ လာ၍ ဘိန္နာဂတတိုင်း၌ ဆိတ်ဖြစ်သနည်းဟု ဆင်ခြင်လတ်သော် မဟာ ရေရှာ ငရဲမှလာ၍ ဖြစ်သည် မြင်လေ၏၊ အဘယ်ကြောင့် မဟာရေရှာ ငရဲ၌ ဆင်းရဲများစွာကို ခံရသနည်းဟု ဆင်ခြင်လတ်သော် နပုံးပုဏ္ဏက် ဘဝမှ ခြောက်ခုမြောက်သော ကောသမ္ဗီပြည် သဌေးဘဝ၌ ဆင်းရဲ ခံရခြင်း၏ အကြောင်း မကောင်းမှု မရှိသည်ကို သိ၍ ခုနစ်ခုမြောက်သော ဘဝကို ဆင်ခြင်လေလျှင် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ရွှေပန်းထိမ်သည် သားဖြစ်၍ ကာမေသု မိစ္ဆာစာရ ပရဒါရိက မကောင်းမှုကို မြင်လေ၏၊ ထိုအခါ အလွန်ကြောက်ထိတ်လန့်ခြင်း ဖြစ်သတည်း။

ငါသည် ဤဘဝမှ စုတေလေသော် အဘယ်ဘဝ၌ ဖြစ်ရမည်နည်းဟု ဆင်ခြင်လေလျှင် နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက်၊ လေးကြိမ်မြောက် တိုင်အောင် သိကြားမင်း မိဖုရား ဖြစ်လတ္တံ့သည်ကို မြင်၍ ထိုနောင် ငါးကြိမ်မြောက် ကြည့်လတ်သော် ထိုတာဝတိံသာ နတ်ပြည်၌ပင် ဇဝန နတ်သား၏ မိဖုရား ဖြစ်လတ္တံ့သည်ကို မြင်၏၊ ထို့နောင် ခြောက်ကြိမ် မြောက်ကြည့်လတ်သော် မိမိလာပြည်ဝယ် အင်္ဂတိမင်း၏သမီးဖြစ်၍ 'ရုစာ' ဟု အမည်နာမရလတ္တံ့သည်ကို သိ၏၊ ထို့နောင် ခုနစ်ကြိမ်မြောက်ကြည့်ရှု လတ်သော် ထိုရုစာ မင်းသမီးအဖြစ်မှ စုတေ၍ တာဝတိံသာ နတ်ပြည်၌ တန်ခိုးကြီးသော နတ်သားဖြစ်လတ္တံ့သည်ကို မြင်၏၊ ထိုအခါ မိန်းမ အဖြစ်မှ လွတ်လတ္တံ့ဟု သိ၍ လွန်စွာ ပမ်းမြောက်ဝမ်းသာ ဖြစ်သတည်း ။

ဣတ္ထိဘာဝတော မုစ္စိဿာမိတိ အညာသိ။

(ဇာတ်အဋ္ဌကထာ)

ဣတ္ထိဘာဝတော၊ မိန်းမ၏ အဖြစ်မှ။ မုစ္စိဿာမိ၊ လွတ်လတ္တံ့။ ဣတိ၊ ဤသို့။ အညာသိ၊ သိလေ၏။ ဝါ၊ နှစ်သက် ဝမ်းမြောက်၏။ (အညာသိ၌ ဉာဓာတ်ကား တောသနတ္ထ။)

ပန်းထိမ်ခေါ်ရေး၊ သဌေးသားနောက်၊ ရေရှုံရောက်၍။ ဆိတ်၊ မျောက်၊ နွားစစ်၊ နပုံးဖြစ်လတ်၊ နတ်မိဖုရား၊ ငါးကြိမ်ဖြစ်ကာ၊ ရုစာ နတ်သား၊ ဆယ့်လေးပါးသည်.... ညီဘွားအာနန် ဖြစ်ရချက်။

ညွှန်းစာပေ- ၁၆။

ဤ၌ ကမ္ဘာတသိန်း ကာလပတ်လုံး ထိုထိုဘဝ၌ များသော အားဖြင့် ဘုရားအလောင်းတော်နှင့် အတူတကွ ပါရမီဖြည့်ကြ၍ ရင့်မာသော ပါရမီရှိသော မဟာသာဝက အလောင်းတော် ဖြစ်လျက် မဂဓတိုင်း ရာဇဂြိုဟ်ပြည်ဝယ် ရွှေပန်းထိမ်သည်သား ဖြစ်သည့်ကာလ သြတ္တပ္ပသံဝေဂ ကင်းချေသောကြောင့် သူတပါး၏မယား၌ ပြစ်မှားခြင်းတည်းဟူသော ကာမေသုမိစ္ဆာစာရ ပရဒါရိက မကောင်းမှုကို ပြုချေရကား များစွာသော ဘဝတို့၌ အတိုင်းမသိသော ဆင်းရဲကို ခံစားရလေသတည်း။

ယင်းသို့ ရင့်မာကုန်သော ပါရမီရှိသောသူဖြစ်လျက် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ ကင်းချေလျှင်မရေတွက်နိုင်သော ဆင်းရဲကို ခံရသည်ကို ထောက်၍ ယခုအခါ နောက်သား နောင်လာ ပညာရှိအပေါင်း သူတော်ကောင်းတို့အား မကောင်းမှုမှ ကြောက်ထိတ် လန့်ခြင်း သြတ္တပ္ပ သံဝေဂ တရားကို နှလုံးထား၍ သူ့မယား၌ လွန်ကျူး ခြင်း တည်းဟူသော ကာမေသု မိစ္ဆာစာရ ပရဒါရိက အမှုကို ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏။

ဤကား မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ ကင်း သောကြောင့် ကာမေသုမိစ္ဆာစာရ ပရဒါရိက အမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။

စိတ္တုတြာသ သံဝေဂနှင့်တကွ သြတ္တပ္ပသံဝေဂစိတ်ဖြင့်
မှတ်အပ်သော သံဝေဂဝတ္ထု ဒီပနီကျမ်း
ပဥ္စမကဏ္ဍကား ဤတွင် ရွေ့ပြီးပြီ။
သံဝေဂဝတ္ထု ဒီပနီကျမ်း ပထမတွဲ ပြီး၏။



ဤခွေးနက်ကြီးသည် ထိုထိုဘဝ၌ လိုက်၍ ငါ့အသားကိုစားသည် ဖြစ်စေသော....၉၀

# သံဝေဂဝတ္ထုဒီပနီ

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

### (မုသာဝါဒ)

#### ၂၉-သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ မုသာဝါဒ တည်းဟူသော မကောင်းမှုကို ပြုသော မိန်းမငါးရာ ဝတ္ထု

ယခုအခါ သြတ္တပ္ပ သံဝေဂမရှိသည်ဖြစ်၍ မုသာဝါဒအမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေကို ပြပေအံ့။

လွန်လေပြီးသောအခါ ကဿပဘုရား လက်ထက်တော်ဝယ် ကိမိလ မည်သောပြည်၌ သောတာပန် ဖြစ်သော တယောက်သော ဥပါသကာသည် ငါးရာကုန်သော ဥပါသကာတို့နှင့် တကွ ဆန္ဒအလိုတူညီကြ၍ အရံပြုခြင်း, သစ်ပင်စိုက်ခြင်း တံတားခင်းခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့၌ အားထုတ်လျက် သံဃာတော်အား ကျောင်းဆောက် ပြီးလျှင် ထိုငါးရာသော ဥပါသကာတို့နှင့် တကွ ကျောင်းသို့ မပြတ်သွား၍ တရားနာကြ၏၊ ထိုငါးရာသော ဥပါသကာတို့၏ မယား ငါးရာသော ဥပါသိကာမ တို့သည်လည်း အချင်းချင်း ညီညွတ်ကုန်သည်ဖြစ်၍ ပန်းနံ့သာ စသည် လက်စွဲကုန်လျက် ရံခါရံခါ တရားနာ ကျောင်းသို့ သွားကုန်၏။ ယင်းသို့သွား၍ ပင်ပန်းသော် လမ်းကြားစရပ်သဘင် စသည်တို့၌ နားနေကုန်၏၊ ထိုအခါ တနေ့သ၌ နှစ်ယောက်, သုံးယောက်သော သေသောက်ကြူးတို့သည် တခုသောသဘင်၌ နားနေကုန်လျက် ထိုငါးရာသော ဥပါသိကာမတို့သည် သဘင်၌ အပင်အပန်းဖြေ၍ သွားကြကုန်သည် ရှိသော် ထိုမိန်းမတို့၏ အဆင်း၌ တပ်ခြင်း ရှိကုန်သည်ဖြစ်၍ ထိုမိန်းမတို့အား အကျင့်သီလနှင့် ပြည့်စုံကုန်ရကား စကားကို ဖြစ်စေကုန်၏၊ ထိုမိန်းမတို့တွင် တယောက်သောမိန်းမ၏ သီလကို ဖျက်ခြင်းငှာ အဘယ်သူစွမ်းနိုင်အံ့နည်းဟုစကားကိုဖြစ်စေကုန်၏၊ ထိုသေသောက်ကြူးတို့တွင် တယောက်

သောသူက ငါစွမ်းနိုင်၏ဟု ဆိုသော် မစွမ်းနိုင်ရာဟု ဆိုလျှင် တထောင် လောင်းတမ်းဟု ဆို၍ လောင်းတမ်းပြုကြကုန်၏။

သဟာယေန အဗ္ဗုတံ ကရောမာတိ အဗ္ဗုတ မကံသု။

(ပေတဝတ္ထု အဋ္ဌကထာ)

သဟာယေန၊ တထောင်ဖြင့်။ အဗ္ဗုတံ၊ လောင်းတမ်းကို။ ကရောမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ဆို၍။ အဗ္ဗုတံ၊ လောင်းတမ်းကို။ အကံသု၊ ပြုကြကုန်၏။

ထိုသေသောက်ကြူးသည် များစွာသောအကြောင်းတို့ဖြင့်ကောင်းစွာ လုံ့လပြုလျက် ထိုဥပါသိကာမတို့ လာကြ၍ အနီးသို့ ရောက်လတ်သော် ညို့ခုနစ်ချောင်းရှိသောစောင်းကို ကောင်းစွာတီးလျက်နှစ်သက်ဖွယ်သော စောင်းသံ သီချင်းသံဖြင့် ထိုမိန်းမတို့တွင် တယောက်သော မိန်းမအား သီလပျက်ခြင်းသို့ ရောက်စေလျက် အဖော်ဖြစ်သော သေသောက်ကြူးတို့ ကို တထောင်ရှုံးစေ၏၊ ရှုံးသော သေသောက်ကြူးတို့သည်ထိုမိန်းမ၏လင် အားကြားကုန်၏၊ လင်လည်း“သင်သည် သေသောက်ကြူးတို့ ဆိုသည့် အတိုင်း အတိစာရအမှုကို ပြုသည်မှန်၏လော”ဟု မေးသော် “ငါကား ဤအမှုကိုမသိ”ဟု မုသားဆိုလျှင် လင်သည် မယုံရကား အပါးတွင် ရပ် သော ခွေးနက်တခုကို ပြ၍၊ “အကယ်၍ ငါသည် အတိစာရအမှုကို ပြု သည်ဖြစ်အံ့၊ ဤပြတ်သော နားရွက်ရှိသော ခွေးနက်ကြီးသည်ထိုထိုဘဝ၌ လိုက်၍ ငါ့အသားကို စားသည် ဖြစ်စေသော”ဟု မမှန်စကား မုသား ပျက်ကွယ် ကျိန်တွယ် သစ္စာဆို၏။ ယင်းသို့ ဆိုသော်လည်း ထိုမိန်းမ၏ စကားကို မယုံရကား သွားဖော် လာဖော် ဖြစ်သော မိန်းမတို့အား မေးမြန်းပြန်၏၊ အဖော်ဖြစ်သော မိန်းမတို့လည်းသိလျက်သားနှင့်မုသား ဝှက်ကွယ်၍ “ငါတို့ သိပချေက ထိုမိန်းမ၏ ကျွန်ပင် ဖြစ်ပါစေတော့”ဟု ကျိန်ဆိုကုန်၏၊ ထိုမိန်းမတို့တွင် အတိစာရအမှုကို ပြုကျင့်သောမိန်းမသည် အတိစာရ မကောင်းမှုကြောင့်လည်းကောင်း သီလရှင်ဖြစ်သောလင်အား လှည့်စားမိသော မုသာဝါဒကြောင့်လည်းကောင်း မကြာမြင့်မီ သေလွန်၍ ဟိမဝန္တာတောဝယ် အိုင်ကြီး ခုနစ်အိုင်တို့တွင် အကျုံးဝင်သော ကဏ္ဏမုဏ္ဍ အိုင်၏အနီးအပါး ကမ်းနားဌာဝိမာန်ဓာတ်နတ်သမီးဖြစ်လေ၏၊ ထိုဗိမာန် ၏အနီးအပါး၌လည်း ကံ၏အကျိုးကို ခံစားခြင်းငှာ လျှောက်ပတ်သော တခုသော ရေကန်သည် ဖြစ်သ၏၊ ကြွင်းသောမိန်းမတို့သည်လည်း မမှန်

စကား မှုသားဆို၍ ထိုမိန်းမ၏အတွက် ကျိန်ဆိုသောကြောင့် ထိုမိန်းမ၏ ကျွန်ဖြစ်လာကုန်၏။

သေသာစ ပဉ္စသတာ ဣတ္ထိယော ကာလံကတွာ သပထကမ္မ ဝေသေန တဿာယေဝ ဒါသိယော ဟုတွာ နိဗ္ဗတ္တိံသု။

(ပေတဝတ္ထု အဋ္ဌကထာ)

သေသာ၊ ကြွင်းကုန်သော။ ပဉ္စသတာ၊ ငါးရာကုန်သော၊ ဣတ္ထိယောစ၊ မိန်းမတို့သည်လည်း။ ကာလံကတွာ၊ သေကုန်၍။ သပထ ကမ္မဝသေန၊ မမှန်စကား မှုသားကျိန်ဆိုသော ကံ၏ အစွမ်းကြောင့်။ တဿာယေဝ၊ ထိုအတိစာရအမှုကို ပြုသော မိန်းမ၏ သာလျှင်။ ဒါသိယော၊ ကျွန်မတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။

ထိုအတိစာရအမှုကိုပြု၍။ မှုသားဆိုသော မိန်းမသည် မိဿက ကံ၏ အစွမ်းကြောင့် နေ့အဖို့၌ နတ်စည်းစိမ်ကို ခံစားလျက် ညဉ့်အားကြီး၍ သန်းခေါင်တိုင်လတ်သော် မကောင်းမှုသည် တိုက်တွန်းရကား အိပ်ရာမှ ထ၍ ရေကန်နားသို့ သွား၏၊ ထိုရေကန်နား၌ ဆင်ပြောင်ပမာဏ ထက်လှသော အစွယ်ရှိသော ရှားမီးခဲကဲ့သို့ ရဲရဲတောက်သော မျက်စိရှိသော ကြောက်မက်ဖွယ်သော ပြတ်သော နားရွက်ရှိသော ခွေးနက်ကြီး တခုသည် အလွန်မွတ်သိပ်စွာလျက် လာပြီးလျှင် အသားဟူသမျှ အလုံးစုံကို အကုန် စား၍ အရိုးများကို သွားကိုဖြင့် ကိုက်ပြီးလျှင် ရေကန်တွင်းပစ်ချ၍ ကွယ် လေ၏၊ ထိုမိန်းမလည်း ရေကန်ယကျသည့် အခြားမဲ့၌ပင် အသွင်အပြင် ပကတိကို ဆောင်လျက် ဗိမာန်ထက်သို့တက်၍ နေရာ၌အိပ်၏၊ ကြွင်းသော မိန်းမတို့ကား မှုသား၏အတွက်ကြောင့် ထိုမိန်းမ၏ ကျွန်ဖြစ်ရ၍မျှသော ဒုက္ခကိုသာ ခံစားရချေ၏၊ ဤသို့ ကဏ္ဏမုဏ္ဍအိုင်၌ နေကြသော ထိုမိန်းမ တို့အား ကာလနှစ်ပေါင်းကား ငါးရာ အလွန် ငါးဆယ်ပင် ကျွန်လေ သတည်း၊ ယောကျ်ားတို့နှင့် ကင်း၍ နတ်စည်းစိမ်ကို ခံစားရကုန်သော မိန်းမတို့အား ပျော်ပါးခြင်းမရှိ၍ ငြီးငွေ့ကုန်၏၊ ထိုအရပ်၌ ကဏ္ဏမုဏ္ဍ အိုင်မှ တောင်ခေါင်းဖြင့် ထွက်သွား၍ ဂင်္ဂါမြစ်ဝသို့စီးဝင်သော တခုသော မြစ်ငယ်သည် ရှိ၏၊ ထိုမိန်းမတို့နေရာ၏အနီးအပါး၌ များစွာသော အသီး အပွင့်ရှိသော သရက်ပိန္နဲစသော သစ်ပင်တို့ဖြင့် တင့်တယ်သော တခုသော အရံတောသည်လည်း ရှိ၏၊ ထိုအခါ ထိုမိန်းမတို့ ကြံသည်မှာကား ယခု အခါ ငါတို့သည် သရက်သီးစသည်တို့ကို မြစ်ဝယ် ပစ်ချကုန်အံ့၊ ထိုသရက်

သီး စသည်တို့ကိုမြင်၍ လိုချင်သော တစုံ တယောက်သော ယောက်ျား သည် လာငြားအံ့လည်း မသိဟု ကြံကြကုန်၏၊ ကြံသည့်အတိုင်း သရက်သီး စသည်တို့ကို မြစ်ဝယ်ပစ်ချကုန်၏၊ ထိုမြစ်၌ပစ်ချအပ်ကုန်သော သရက်သီး တို့တွင် အချို့ကိုရသေ့တို့ယူကုန်၏၊ အချို့ကို မုဆိုးတောလားတို့ယူကုန်၏၊ အချို့ကား ကမ်းနားဌ်ငြိကုန်၏၊ တလုံးသော သရက်သီးကား ဂင်္ဂါမြစ်သို့ ဆင်း၍ အယဉ်ဖြင့် သွားလတ်သော် အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လေ၏၊ ထိုအခါ ဗာရာဏသီမင်းသည် သံကွန်ရက် ကာရံလျက် ဂင်္ဂါမြစ်၌ ရေချိုး၏၊ သရက်သီးလည်း ဂင်္ဂါမြစ်ကြောင်းဖြင့် မျောသွား၍ အစဉ်အားဖြင့် သံကွန်ရက်၌ ငြိလေ၏၊ အဆင်း အနံ့ အရသာနှင့်ပြည့်စုံ သော ကြီးစွာသော နတ်သရက်သီးကို မြင်လေသော် မင်းချင်းယောက်ျား တို့လည်း မင်းအားဆက်သကုန်၏၊ မင်းသည်း စုံစမ်းခြင်းငှာ ထိုသရက်သီး တပိုင်းကိုယူဆောင်၍ နှောင်အိမ်၌ သွင်းထားသော ခိုးသူယောက်ျားအား ပေးစေ၏၊ ခိုးသူယောက်ျားလည်း ထိုသရက်သီးတပိုင်းကိုစား၍ မင်းအား ဤသို့လျှောက်၏၊ "အရှင်မင်းကြီး ဤကဲ့သို့ ချိုမြိန်ကောင်းမြတ်သော သရက်သီးကို စားရမည်ထား၍ ကြားမျှမကြားဘူး၊ ဤသရက်သီးကား နတ်ပြည်၌ဖြစ်သည်ထင်၏" ဟု လျှောက်၏၊ မင်းလည်းသရက်သီးတပိုင်းကို တဖန်ပေးစေပြန်၏၊ ခိုးသူယောက်ျားလည်း သရက်သီးကို စား၍ အရေ တွန့်လိပ်ခြင်း ဆံဖြူကင်းလျက် အဆင်းလှ၍ ပဌမအရွယ်၌ တည်သကဲ့ သို့ ဖြစ်၏၊ မင်းလည်း ထိုယောက်ျား၏ အံ့ဖွယ်သရဲကို မြင်၍ ဤသို့ သဘောရှိသော သရက်သီးသည် အဘယ်အရပ်ဝယ် ရှိလေသနည်း ဟု မှူးမတ်တို့ကိုမေး၍ ဟိမဝန္တာတောမှာရှိပါ၏ဟု ဆိုလျှင် ထိုသရက်သီးကို ဆောင်ခြင်းငှာ တတ်နိုင်ပါအံ့လောဟုဆိုသော် တောလည်မုဆိုးတို့ တတ် နိုင်ကုန်ရာ၏ဟု လျှောက်ကုန်၏၊ မင်းလည်း ထိုမုဆိုးတို့ကိုခေါ်၍ ထိုမုဆိုး တို့တွင် တယောက်သော မုဆိုးအား အသပြာတထောင် ပေးပြီးလျှင် သရက်သီးကို ဆောင်ချေဟု စေ၏၊ မုဆိုးလည်း အသပြာတထောင်ကို သားမယားထံ အပ်နှံပေးပြီးလျှင် ခရီးလမ်းစာ မျိုးရိက္ခာကို ယူပြီးမှ ကဏ္ဏမုဏ္ဍအိုင်သို့ ရှေးရှုသွားလေသော် လူ့ဘုံခရီးကိုကျော်၍ ကဏ္ဏမုဏ္ဍ အိုင်မှ ဤမှာဘက် ယူဇနာ ခြောက်ဆယ်မျှလောက်သော အရပ်၌ ရသေ့ တယောက်ကိုတွေ့၍ ထိုရသေ့သည် ကြားအပ်သော လမ်းခရီးဖြင့် သွား လေသော် တဖန် ယူဇနာ သုံးဆယ်မျှလောက် ရောက်၍ တယောက်သော

ရသေ့ကို တွေ့ပြန်လျှင် ထိုရသေ့ ကြားအပ်သော လမ်းခရီးဖြင့်သွားလေသော် တဖန် တဆယ့်ငါးယူဇနာလောက်မျှ ရောက်၍ တယောက်သောရသေ့ကို တဖန်တွေ့ပြန်လျှင် ထိုရသေ့အား မိမိ၏လာခြင်းအကြောင်းကို ကြား၍ ထိုရသေ့လည်း "ဤမှစ၍ ဂင်္ဂါမြစ်ကြီးကိုဖယ်လျက် မြစ်ငယ်ကို လျှောက်သွားလတ်သော် အကြင်အခါတောင်ခေါင်းကို ဟောင်းလောင်း မြင်ရလတ္တံ့၊ ထိုအခါမှစ၍ မီးရှူးတိုင်ကိုကိုင်ပြီးလျှင် ညဉ့်၌သာ သွားပါလေ၊ ဤမြစ်ကား ညဉ့်၌မစီးပါ၊သွားခြင်းငှာ လျှောက်ပတ်၏၊နှစ်ယူဇနာ သုံးယူဇနာလောက် ရောက်လျှင် သင်သည် သရက်တောကို မြင်ရလတ္တံ့" ဟုဆို၏၊ ထိုမှုဆိုးလည်း ရသေ့ဆိုတိုင်း သွားလေသော် အထူးထူး အပြားပြားသော ရတနာရောင်တို့ဖြင့် ပြောင်ပြောင် တောက်ပသော မြေအဖို့ရှိသော အသီးတည်းဟူသော ဝန်ဖြင့် ညွတ်သော သစ်ခက်မိတာန်ရှိသော သစ်ပင်အပေါင်းဖြင့် ကောင်းစွာ တင့်တယ်သော အထူးထူးသော ကျေးငှက်တို့ဖြင့် တွန်မြူးကျူးရင့်လျက်နှစ်သက်ဖွယ်နှလုံးကို ဆောင်တတ်သော သရက်တောသို့ ရောက်လေ၏၊ ထိုငါးရာသော မိန်းမတို့သည် မုဆိုးသား အဝေးမှလာသည်ကို မြင်လျှင် ဤယောကျ်ားကား ငါ့လင်တည်းဟု ဆို၍ ကိုယ်စီကိုယ်င ပြေးလာကုန်၏၊ မုဆိုးသည်ကား ထိုငါးရာသော နတ်သမီးတို့နှင့် အတူတကွ နတ်စည်းစိမ်ကို ခံစားခြင်းငှာ လျှောက်ပတ်သော ကောင်းမှု ကုသိုလ်ကို မပြုခဲ့ဖူးသည်၏ အဖြစ်ကြောင့် ထိုနတ်သမီးတို့ကိုမြင်လျှင်ပင် ကြောက်ခြင်း လန့်ရှောင်းသောကြောင့် တောင်ခေါင်းဖြင့် ထွက်ပြေး၍ အစဉ်သဖြင့်ဗာရာဏသီပြည်သို့ ရောက်လေသော် ထိုအကြောင်းကို ဗာရာဏသီမင်းအား ကြားလျှောက်၏၊ဗာရာဏသီမင်းလည်း ထိုစကားကို ကြားလေလျှင် ထိုမိန်းမတို့ကို မြင်ခြင်းငှာလည်းကောင်း၊ သရက်သီးကို စားခြင်းငှာလည်းကောင်း အလိုရှိရကား အမတ်တို့အား တိုင်းပြည်ကို ပေးအပ်ပြီးလျှင် သမင်တောသို့ သွားသောအမှတ်ဖြင့် လေးမြားတောင့် သိလျက်တို့ကို ယူကောက်၍ နှစ်ယောက် သုံးယောက်မျှသာ နောက်မပါလူခြံရံလျက် မုဆိုးညွှန်ပြအပ်သော လမ်းခရီးဖြင့် သွားလေသော် နှစ်ယူဇနာ သုံးယူဇနာလောက်ရောက်လျှင် နောက်ပါလူတို့ကိုထားခဲ့၍ မုဆိုးသားနှင့်သာ သွားကြသဖြင့် ရောက်ခါနီးလျှင် မုဆိုးသားကိုလည်းပြန်စေ၍ တယောက်ထီးတည်း သရက်တောသို့ဝင်လေ၏၊ ထိုအခါ ငါးရာသော နတ်မိန်းမပျိုတို့သည် ထိုမင်းကိုမြင်ကုန်လျှင် ဤသူကား လူသာမန်မဟုတ် လူတို့

ကို အုပ်ချုပ်သော မင်းတည်းဟု သိကုန်၍ များစွာချစ်ခြင်း မြတ်နိုးခြင်းဖြင့် ရှိသေစွာ ရေမိုးချိုး၍ နတ်၌ဖြစ်သော အဝတ်တန်ဆာပန်းနံ့သာ နံ့သာတို့ဖြင့် ကောင်းစွာ တန်ဆာဆင်စေလျက် ဗိမာန်ထက်သို့တင်၍ အထူးထူးအပြားပြားဖြင့် များမြတ်သော အရသာရှိသော နတ်၏ဘောဇဉ်တို့ကိုကျွေးမွေးလျက် မင်း၏အလိုနှင့်လျောက်ပတ်အောင် ဆည်းကပ်ခစားကုန်၏၊ ထိုမင်းနှင့် ပျော်ပါးသော မိန်းမတို့အား ကာလအားဖြင့် အနှစ်နှစ်ရာ ကျော်သတည်း။ တရံသော အခါက မင်းသည် ညဥ့်သန်းခေါင်အခါ အိပ်ရာမှထပြီးလျှင် ရေကန်နားသို့ သွားလေသော် အတိစာရ မိန်းမကို မြင်၍ ဤမိန်းမသည် ဤအခါ၀ယ်အဘယ်အကြောင်းဖြင့် သွားသနည်းဟု စုံစမ်းလျက် နောက်မှလိုက်၏၊ ယင်းသို့လိုက်လျှင် ခွေးကိုက်၍ စားသော ထိုမိန်းမကိုမြင်၍ အကြောင်းကိုမသိရကားသုံး ရက်တိုင်အောင်စူးစမ်းပြီးမှ အကြောင်းကိုသိရလျှင် ဤခွေးနက်ကား ဤမိန်းမ၏ပျက်၏ ရန်သူဖြစ်လတ္တံ့ဟု နှလုံးပြုလျက် ထက်စွာသောမြားဖြင့် ပစ်သတ်၍ အသက်ကုန်စေပြီးမှ ထိုမိန်းမကိုလည်းပုတ်ခတ်၍ ရေကန်၌ပစ်ချပြီးမှ ဆယ်ယူလျှင် ရှေးအသွင်အတိုင်း ပကတိုရှိသည်ကိုမြင်၍ အကြောင်းကိုမေးသော် "အရှင်မင်းကြီး ငါကား ကိမိလပြည်၌ သီလနှင့်ပြည့်စုံသော ဥပါသကာ၏ မယားဖြစ်၍ အတိစာရ အမှုကိုပြုပြီးလျှင် မုသားဆိုမိသောကြောင့် ထိုမကောင်းမှု၏ အကျိုးကိုခံစားရသည်ဟု ဆို၏။

တဿ ကမ္မဿ ဝိပါကံ, မုသာဝါဒဿ စူဘယံ၊
(ပေတဝတ္ထု အဋ္ဌကထာ)

တဿကမ္မဿစ၊ ထိုအတိစာရကံ၏ လည်းကောင်း။ မုသာဝါဒဿစ၊ မုသာဝါဒကံ၏ လည်းကောင်း၊ ဥဘယဿ၊ နှစ်ပါးစုံသော ကံ၏။ဝိပါကံ၊ အကျိုးကို။ မယာ၊ ငါသည်။ အနုဘူတံ၊ ခံစားအပ်ပြီ။

မင်းလည်း ထိုစကားကိုကြားလျှင် နှလုံးမသာယာသည်ဖြစ်၍ ပြန်လိုသော အခြင်းအရာကိုပြ၏၊ နတ်သမီးလည်း အထူးထူးအပြားပြား မင်းအား တောင်းပန်၏၊ မင်းလည်း မနေလို၊ ငါ့ကို ပြည်သို့ပို့ပါဟု ဆိုသောကြောင့် ထိုနတ်သမီးလည်း မင်းကို ဗာရာဏသီပြည်ပို့ပြီးလျှင် ငိုကြွေးမြည်တမ်းလျက် မိမိနေရာသို့ပြန်ရှာလေ၏၊ မင်းလည်း ပြည်သို့ရောက်လျှင် ကြောက်ထိတ် လန့်ခြင်း သံဝေဂ တရားကို ပွားစေလျက် များစွာသော ကောင်းမှု ကုသိုလ်တို့ကို ပြု၏၊ ထိုမင်းကား ငါတို့ဘုရားအလောင်းတော် မှင်တည်း။

ထိုအခါ ငါတို့သမ္ဗုဒ္ဓဘုရားသည် လောက၌ ပွင့်တော်မူ၍မွေကြာ တရားကို ဟောတော်မူပြီးမှ အစဉ်သဖြင့် သာဝတ္ထိပြည်ဇေတဝန်ကျောင်း တော်၌ နေ၏၊ တနေ့သ၌ အရှင်မောဂ္ဂလာန်သည် ထိုမိန်းမထို့ နေရာသို့ ရောက်၍ အခြံအရံ ငါးရာနှင့်တကွ ထိုမိန်းမကိုမြင်လတ်သော် ပြုအပ်သော အမှုကို မေးမြန်းတော်မူ၏၊ ထိုမိန်းမလည်း စကားအလုံးစုံကို အရှင် မောဂ္ဂလာန်အား ကြားလျှောက်၏၊ အရှင်မောဂ္ဂလာန်လည်း အလုံးစုံကို သမ္ဗုဒ္ဓဘုရားအားလျှောက်ထား၏၊ ဘုရားသမ္ဗုဒ္ဓလည်း ထိုကိုအကြောင်း ပြု၍ရောက်လာသော ပရိသတ်တို့အားတရားဟောတော်မူ၏၊ လူအပေါင်း တို့လည်း ထိုအကြောင်းကိုကြား၍ တရားသံဝေဂရသောကြောင့်မကောင်း မှုမှ ကြဉ်ရှောင်ကြကုန်၏။

ဤ၌ ငါးရာသောမိန်းမတို့သည် သရဏဂုံတည်သော ဥပါသိကာမ၏ အဖြစ်သို့ရောက်ကုန်လျက် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပ သံဝေဂ ကင်းချေသောကြောင့်မမှန်စကား မုသားဆိုရကား ထိုမုသာဝါဒ ကံ၏အကျိုးအားဖြင့် များစွာ ဆင်းရဲခြင်းသို့ရောက်ကြကုန်၏၊ ထိုကြောင့် ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့ကား အဇ္ဈတ္တိဂတိဘေး ကို ဆင်ခြင်လျက် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂ တရားကို နှလုံးထား၍ မုသားဆိုခြင်းမှ ကြဉ်ရှောင်ကုန်ရာ၏။

---

## ၃၀-ဩတ္တပ္ပသံဝေဂ မပြည့်စုံ၍ မုသာဝါဒ တည်းဟူသော မကောင်းမှုကို ပြုသော ပုရောဟိတ်ပုဏ္ဏား ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကိန်း အောင်း မွေ့လျော် နေတော်မူစဉ် ရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲပြီး လျှင် ငါးရာသော ရဟန်းတို့ကိုခေါ်၍ဂယာသီသ၌ ဘုရားအတုကိုပြုလျက် နေ၏၊ ထိုအခါ သာရိပုတ္တရာ မောဂ္ဂလာန်တို့ကို စေလွှတ်၍ ရဟန်းငါးရာ တို့ကို ခေါ်ယူစေလျှင် ရှင်ဒေဝဒတ်၏အာခံတွင်းမှ သွေးပွက်ပွက် ထွက် အန်လေ၏၊ ထိုသည့်ကာလ ဓမ္မသဘင်တွင် "ငါ့ရှင်တို့....ဒေဝဒတ်ကား မုသားဆို၍ သံဃာတော်အား သင်းခွဲခြင်းကို ပြုသောကြောင့် ယခုအခါ ပြင်းပြစွာနာလျက်ကြီးစွာသော ဒုက္ခကို ခံစားရ၏" ဟုပြောဆိုကြကုန်၏။ ထိုအခါ သမ္ဗုဒ္ဓဘုရားကြွလာ၍ မေးတော်မူသောကြောင့် အကြောင်းကို လျှောက်ကြားသော် "ချစ်သားတို့....ယခု၌သာ ဤဒေဝဒတ်သည် မုသား

ဆိုသည်မဟုတ်၊ ရှေး၌လည်း ဆိုပြီ၊ ယခု၌ဘဝ့် မုသားဆို၍ ကြီးစွာသောဝဒုက္ခကိုခံစားရသည် မဟုတ်၊ ရှေး၌လည်း ခံစားရလေပြီ”ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ချစ်သားတို့....လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုအခါ ငါဘုရားအလောင်းတော်သည် တာဝတိံသာနတ်ပြည်၌ မထင်ရှားသော နတ်သားဖြစ်တော်မူ၏၊ တရံသော အခါဗာရာဏသီပြည်၌ ကြီးစွာသော ပွဲသဘင်သည် ထင်ရှားဖြစ်၏၊ ထိုသဘင်၌ကား လူအများတို့သာ ကြည့်ရှုကြသည်မဟုတ်ကုန်၊ များစွာသောနဂါး, ဂဠုန်, ဘုမ္မစိုး စသော နတ်တို့သည် လာ၍ ကြည့်ကုန်၏၊ ထိုအခါမှု တာဝတိံသာနတ်ပြည်မှ နတ်သားလေးယောက်တို့သည် ကက္ကာရုမည်သော် နတ်ပန်းတို့ဖြင့် ပြုအပ်သော ပန်းခွေတို့ကို ပန်ဆင်၍ သဘင် ရှုခြင်းငှာ ဆင်းလာကုန်၏၊ တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်အလုံးသည် ကက္ကာရုမည်သော နတ်ပန်း၏ အနံ့ဖြင့် သင်းပျံ့မွှေးကြိုင်၏၊ လူတို့သည် ပန်းနံ့သာ မွှေးကြိုင်၍ ပန်းခိုင်ကိုပန်ဆင်သောနတ်သားတို့ကိုမမြင်ကြရကားအဘယ်သူဆိုသည် ဤပန်းခိုင်ကို ပန်ဆင်ကုန်သနည်းဟု စူးစမ်း ရှာဖွေကုန်၏၊ ထိုအခါ နတ်သားလေးယောက်တို့သည် ဤလူကား ငါတို့သာ စူးစမ်းရှာဖွေကုန်သည်ဟု သိ၍ မိမိတို့၏ အာနုဘော်ကို လူတို့အား ပြပြီးလျှင် မင်းရင်ပြင် ကောင်းကင်ဝယ် ရပ်ကုန်၏၊ လူအပေါင်းတို့လည်းအညီအညွတ် စည်းဝေး၍ ပြည့်ရှင်မင်း အိမ်ရှေ့မင်း စသည်တို့နှင့်တကွကြည့်ကြကုန်၏၊ ထို့နောင်မှ “သင်နတ်မင်းတို့သည် အဘယ်နတ်ပြည်မှ လာကြကုန်သနည်း”ဟု မေးမြန်းကုန်၏၊ တာဝတိံသာနတ်ပြည်မှ လာကြောင်းကို ဆိုလျှင် “အဘယ် အကြောင်းဖြင့် လာကြကုန်သနည်း”ဟု မေးသော် “ပွဲသဘင် ရှုခြင်းငှာ လာသည်”ဟု ဆိုကုန်၏၊ “အရှင်နတ်သားတို့ ပန်ဆင်အပ်သော ပန်းကား အဘယ်ပန်းနည်း”ဟု မေးသော်“ကက္ကာရုမည်သောနတ်ပန်းတည်း”ဟု ဆိုကုန်လျှင် “အရှင်နတ်သားတို့ နတ်ပြည်တွင်သည့်ပြင်ပန်းတို့သည် ပေါများပါကုန်၏၊ ယခုပန်ဆင်သောပန်းများကို ငါတို့အား ပေးခဲ့ပါကုန်”ဟု တောင်းကြ၏၊ နတ်သား တို့လည်း “လူအပေါင်းတို့....ဤကက္ကာရု မည်သော နတ်ပန်းတို့ကား ကြီးမြတ်သော အာနုဘော်ရှိကုန်၏၊နတ်တို့အားသာလျှင်လည်းကောင်း, လူတို့တွင်အကြင်သူသည် သီလပညာရှိ၏၊ထိုသူ့အားသာလျှင် လည်းကောင်း ထိုက်ကုန်၏၊ သီလပညာမဲ့သူ လူမိုက်တို့အား ဤပန်းတို့သည်ကား မထိုက်ကုန်၊ အကြင်

လူတို့သည် ဤမည်သောဂုဏ်,ဤမည်သော ဂုဏ်တို့နှင့်ပြည့်စုံကုန်၏'ထိုသူတို့အားသာလျှင် ထိုက်၏''ဟု ဆိုရှိ ထိုနတ်သားတို့တွင်အကြီးဖြစ်သော နတ်သားသည်ဤစကားကိုဆို၏၊ ''အိုလူအပေါင်းတို့....အကြင်သူသည်ကိုယ်ဖြင့်လည်း သူ့ဥစ္စာကို မခိုး၊ နှုတ်ဖြင့်လည်းမုသားမဆို၊ စည်းစိမ်ချမ်းသာတို့ကို ရ၍လည်း ပမာဒတရား၌မယှဉ်၊ ထိုသူသည်သာ ကက္ကာရုမည်သော နတ်ပန်းတို့ကို ထိုက်၏၊ ထိုကြောင့် ထိုဆိုအပ်ပြီးသော ဂုဏ်နှင့် ပြည့်စုံသော သူအားသာ နတ်ပန်းမြတ်ကို ပေးပါမည်''ဟုဆို၏၊ ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် ထိုစကားကိုကြားလေသော် ငါ့အား ဂုဏ်တို့တွင် တစုံတခုမျှမရှိ၊ ယင်းသို့ မရှိငြားသော်လည်းမုသားဆို၍ထိုနတ်ပန်းကို ပန်ဆင်မည်၊ ယင်းသို့ ပန်ဆင်လျှင် ရှင်လူအပေါင်းတို့သည် ဤပုဏ္ဏားကား များမြတ်သောဂုဏ်နှင့် ပြည့်စုံသော သူတည်းဟု ငါ့အားကြားသိကုန် လတ္တံ့ဟု ကြံ၍''ငါကား နတ်သားဆိုသော ဂုဏ်အလုံးစုံနှင့်ပြည့်စုံ၏''ဟု ဆိုပြီးလျှင် ထိုပန်းတို့ကိုယူ၍ပန်ဆင်ပြီးနောက် နှစ်ယောက်မြောက်သော နတ်သားကို တောင်းပြန်၏၊ နတ်သားလည်း အကြင်သူသည် တရားသဖြင့် ရွှေငွေဥစ္စာကိုရှာ၏၊ကောက်ကျစ်စဉ်းလဲသောအားဖြင့် ရွှေငွေဥစ္စာကိုမဆောင်၊ စည်းစိမ်ဥစ္စာကိုရသည်ရှိသော် ပမာဒတရား၌ မယှဉ်၊ ထိုသူသည်သာ နတ်ပန်းများကို ထိုက်၏ဟု ဆိုသော ပုရောဟိတ်ပုဏ္ဏားက ငါကား ဤဂုဏ်တို့နှင့်ပြည့်စုံ၏ဟုဆို၍ ပန်းတို့ကိုပန်ဆင်ပြီးနောက် သုံးယောက်မြောက်သော နတ်သားကို တောင်းပြန်၏၊ ထိုနတ်သားလည်း အကြင်သူ၏ စိတ်သည် နန္ဒင်းသည် တပ်ခြင်း ပြယ်လွယ်သကဲ့သို့ မဟုတ်, မြဲမြံခိုင်ခံ့တည်တံ့၏၊ ကံ ကံ၏အကျိုးကို သက်ဝင်၍ယုံကြည်၏၊ သူတပါးတို့၏ စကားကို သဒ္ဓါတရားနှင့် ယုံကြည်လျက် အနည်းငယ်ဖြင့် ဖျက်ခြင်းမရှိ၊ ကောင်းသော အရသာကို သူတပါးတို့အား မဝေဖန်ပဲကို မစား၊ ခွဲခြမ်းဝေဖန်၍သာ စား၏၊ ထိုသူသည် နတ်ပန်းမြတ်ကို ထိုက်၏ဟု ဆိုသော် ပုရောဟိတ်ပုဏ္ဏားက ''ငါကား ဤဂုဏ်တို့နှင့် ပြည့်စုံ၏'' ဆို၍ နတ်ပန်းတို့ကိုပန်ဆင်ပြီးနောက် လေးယောက်မြောက်သော နတ်သားကို တောင်းပြန်၏၊ ထိုနတ်သားလည်း အကြင်သူသည် မျက်မှောက် မျက်ကွယ် သူတော်ကော... တို့ကို မဆဲရေး၊ အကြင်အခြင်းဖြင့် ဆိုလေ့ရှိ၏၊ ထိုအခြင်းဖြင့်သာ... ရှိ၏၊ ထိုသူသည် နတ်ပန်းမြတ်ကို ထိုက်၏ဟုဆိုသော် ပု... က ''ငါကား ဤဂုဏ်တို့နှင့်ပြည့်စုံ၏''ဟုဆို၍ နတ်... နတ်သားလေးယောက်တို့သည်း ပုရောဟိတ်

ပန်းခွေတို့ကိုပေး၍ နတ်ပြည်သို့ ပြန်သွားလေကုန်၏၊ ထိုနတ်သားတို့ ပြန်သွားလေလျှင် ပုရောဟိတ်ပုဏ္ဏား၏ ဦးခေါင်း၌ ပြင်းစွာသော ဝေဒနာ သည် ဖြစ်လာ၏၊ ထက်စွာသောတောင်ထွတ်ဖြင့် ကြိတ်ဘိသကဲ့သို့ သံပြား ဖြင့် ကွပ်ညှပ်သကဲ့သို့ဖြစ်၏၊ဆင်းရဲ ဝေဒနာ ပြင်းစွာရောက်ဘိရကား....ထို ပုဏ္ဏားသည် ထိုမှဤမှ လူးလည်းလျက် ပြင်းစွာသော အသံဖြင့် ဟစ်အော် ၏၊ အဘယ်နည်းဟု အကြောင်းကိုမေးသော် "ငါကား ငါ့အတွင်းဝယ် ထင်ရှားမရှိသော ဂုဏ်တို့ကို ထင်ရှားရှိ၏ဟု မုသားဆို၍ ထိုနတ်သားတို့ အား ပန်းကိုတောင်းမိချေသည်၊ မုသားဆို၍ ပန်းကိုပန်ဆင်သောငါ့အား များစွာသော ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ ငါ၏ကိုယ်မှ ထိုပန်းတို့ကို ပယ်ပါဟုဆို၏၊ ထိုပန်းတို့ကား သံပြားဖြင့် ကွပ်ညှပ်ဘိသကဲ့သို့ ပယ်ခြင်း ငှာ မတတ်နိုင်ကုန်၊ပုဏ္ဏားကိုချီမ၍ အိမ်သို့ဆောင်ရကုန်၏၊ ထိုပုဏ္ဏားကား ဆင်းရဲဝေဒနာ ပြင်းစွာခံ၍ မြည်တမ်းလျက် ခုနစ်ရက်တို့ကို လွန်ကုန်၏၊ ဗာရာဏသီမင်းလည်း သည်အတိုင်းမှန်က ဒုဿီလပုဏ္ဏားကား သေလတ္တံ့၊ "အဘယ်သို့ပြုအံ့နည်း"ဟု မှူးမတ်တို့နှင့် တိုင်ပင်သော် "အရှင်မင်းကြီး.... ခံမြဲပွဲသဘင်ကို ခံတော်မူလျှင် ထိုနတ်သားတို့သည် လာပါကုန်လတ္တံ့၊ ယင်းသို့လာသည့်ကာလ သိကုန်အံ့"ဟုဆိုသော် မင်းလည်း ခံမြဲပွဲသဘင် ကို ခံစေ၏၊ နတ်သားတို့လည်း ပန်းကိုပန်ဆင်ပြီးလျှင် လာမြဲလာ၍ မင်း ရင်ပြင်၌ တည်ကုန်၏၊ လူအပေါင်းတို့လည်း အညီအညွတ် စည်းဝေးကြ ကုန်၏၊ မင်းလည်း ဒုဿီလပုဏ္ဏားကို မိမိအိမ်မှချီမ၍ ခေါ်ဆောင်ပြီးလျှင် ရင်ဖြင့် နတ်သားလေးယောက်တို့၏ ရှေ့၌ ဝပ်၍တောင်းပန်စေ၏၊ ပုဏ္ဏား လည်" အရှင်နတ်သားတို့....ငါ့အား အသက်ကိုချမ်းသာပေးပါ၊သည့်ပြင် တခါ၀ ကြွား၍ မုသားမဆိုဝံ့ပါပြီ"ဟု တောင်းပန်၏၊နတ်သားတို့လည်း "ဒုဿီလပုဏ္ဏား....သင်ကဲ့သို့ ယုတ်မာသော သဘောရှိသော သူအား ဤ နတ်ပန်းတို့သည် မလျော်ကပ်ကုန်၊ သင်ဒုဿီလပုဏ္ဏားကား ငါတို့အား လှည့်စားမည်ဟု အမှတ်ပြု၍ မုသားဆိုခြင်း၏ အကျိုးကို သင်ခံရသည်"ဟု လူများအလယ်တွင်ဒုဿီလပုဏ္ဏားကိုများစွာကဲ့ရဲ့ပြီးလျှင် ဦးခေါင်းမှပန်း ခွေကိုပယ်ရှား၍ များစွာသော လူများကို အဆုံးအမပေးပြီးမှမိမိတို့နေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လည် သွားကြလေကုန်၏၊

အတ္တနော မုသာဝါဒဖလံ လဒ္ဓါ မဟာဇနမဇ္ဈေ ဒုဿီလ ဗြာဟ္မဏ ဂရဟိတွာ သီသတော ပုပ္ဖစုမ္ဗဋကံ အပနေတွာ မဟာ ဇနဿ ဩဝါဒံ ဒတွာ သကဋ္ဌာနမေဝ အဂမံသု။ (ဇာတ်အဋ္ဌကထာ)

အတ္တနော၊ မိမိ၏၊မုသာဝါဒဖလံ၊ မုသားဆိုသော အကျိုးကို။ တယ်ာ၊ သင်သည်။ လဒ္ဓံ၊ ရအပ်၏။ ဉာတိ၊ ဤသို့။ မဟာဇနမဇ္ဈေ၊ လူများ၏ အလယ်၌။ ဒုဿီလပြာဟ္မဏံ၊ ဒုဿီလ ပုဏ္ဏားကို။ ဂရဟိတွာ၊ ကဲ့ရဲ့၍။ သီသတော၊ ဦးခေါင်းမှ။ ပုပ္ဖစုမ္ဗိဋ္ဌကံ၊ ပန်းခွေကို။ အပနေတွာ၊ ပယ်၍။ မဟာဇနဿ၊ လူများအား။ ဩဝါဒံ၊ အဆုံးအမကို။ ဒတွာ၊ ပေး၍။ သကဋ္ဌာနမေဝ၊ မိမိတို့နေရာတာဝတိံသာနတ်ပြည်သို့သာလျှင်။ အဂမံသု၊ ပြန်သွားကြကုန်၏။

သမ္ဗုဒ္ဓဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၏၊ ထိုအခါ ဒုဿီလပုဏ္ဏားကားယခုအခါ ဒေဝဒတ်ဖြစ်လာ၏၊ နတ်သားလေးယောက်တို့တွင် တယောက်ကား ကဿပဖြစ်လာ၏၊ တယောက်ကား မောဂ္ဂလာန်ဖြစ်လာ၏၊တယောက်ကား သာရိပုတ္တရာဖြစ်လာ၏၊ အကြီးနတ်သားကား ယခုအခါဘုရားမြတ်စွာ ငါဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

ဤ၌ပုရောဟိတ် ပုဏ္ဏားသည် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပ သံဝေဂကင်းသောကြောင့်မမှန်စကား မုသားဆိုပြီးလျှင်နတ်သားတို့ ကက္ကာရုပန်းကိုတောင်းသည်၊ နတ်သားတို့လည်း ပုဏ္ဏားစကားကို ယုံကြည်သောကြောင့် နတ်ပန်းကိုပင် ပုဏ္ဏားအား ပေးသည်၊ ယင်းသို့ သူတပါးယုံကြည်လောက်အောင် မမှန်စကား မုသားဆို၍ ရသော ပန်းဖြစ်သောကြောင့် ပန်လျှင် သည်းမခံနိုင်အောင်သော ဆင်းရဲ ဝေဒနာသို့ ရောက်၍ သေလောက်သော ဒုက္ခဘေးကို ယခုပစ္စုပ္ပန် ဘဝ၌ပင် တွေ့ရချေသည်၊ နောင်တမလွန်ဘဝ၌လည်း အပါယ်ဘေးကို တွေ့ရလိမ့်ဦးမည်၊ ဤသို့ ပုရောဟိတ် ပုဏ္ဏားသည် မကောင်းမှုမှ ကြောက်ထိတ် လန့်ခြင်း ဩတ္တပ္ပ သံဝေဂမှ ကင်းသောကြောင့် မုသားဆိုလျှင် ဘေးဒဏ်ရောက်သည်ကို ထောက်၍ ယခုအခါ ပညာရှိပေါင်း သူတော်ကောင်းတို့ကား ဩတ္တပ္ပ သံဝေဂ တရားကို နှလုံးထား၍ မုသားဆိုခြင်းမှ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏။

## ၃၁-ဩတ္တပ္ပသံဝေဂ မပြည့်စုံ၍ မုသာဝါဒတည်းဟူသော မကောင်းမှုကို ပြုသော စေတိယမင်း ဝတ္ထု

ဘုရားမြတ်စွာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း ခွေးသျှ စံနေတော်မူစဉ် ရှင်ဒေဝဒတ်သည် သံဃာတော်ကို

သင်းခဲ့သော သံဃဘေဒက မုသာဝါဒကံ၏ အစွမ်းဖြင့် မြေသို့ဝင်လေလျှင် တရားသဘင်၌ ရဟန်းတို့သည် "ငါ့ရှင်တို့...ဒေဝဒတ်သည် မုသားဆို၍ မြေမျိုလေလျှင် အဝီစိငရဲ၌သာ လည်းလျောင်းရာရှိလေ၏" ဟု စကားကို ဖြစ်စေကုန်၏။

ဒေဝဒတ္တော မုသာဝါဒံ ကတွာ ပထဝိံပဝိဋ္ဌော အဝီစိပရာယဏော ဇာတော။

[(ဇာတ်အဋ္ဌကထာ)]

ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ မုသာဝါဒံ၊ မုသားဆိုခြင်းကို။ ကတွာ၊ ပြု၍၊ ပထဝိံ၊ မြေသို့။ ပဝိဋ္ဌော၊ ဝင်ရလေသော်။ အဝီစိပရာယဏော၊ အဝီစိငရဲ၌သာလျှင် လည်းလျောင်းရာ ရှိသည်။ ဇာတော၊ ဖြစ်၏။

ဘုရားမြတ်စွာသည် ကြွလာ၍မေးတော်မူသောကြောင့် အကြောင်းကို လျှောက်ထားလတ်သော် "ချစ်သားတို့....ဒေဝဒတ်သည် ယခု၌သာ မြေမျို ရှာသည်မဟုတ်၊ ရှေး၌လည်း မျိုဖူးလေပြီ" မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ကမ္ဘာဦး၌ မဟာသမ္မတမင်းသည် အသက် အသင်္ချေ မင်းပြု၏၊ ထိုမင်း၏သား-ဝရောဇ,ထိုမင်း၏သားကလျာဏ,ထို မင်း၏သား ဝရကလျာဏ, ထိုမင်း၏သား ဥပေါသထ, ထိုမင်း၏သားဝရ ဥပေါသထ, ထိုမင်း၏သား မန္ဓာတု, ထိုမင်း၏သား ဝရမန္ဓာတု,ထို မင်း၏သားဝရ,ထိုမင်း၏သား ဥပဝရ,ထိုမင်း၏သား စေတိယ၊ ဤတဆယ့် တဆက်သော မင်းတို့သည် အသက်သင်္ချေ မင်းပြုကုန်၏။

(ဤမင်းတို့၏အစဉ်ကား များစွာသော ကျမ်းဂန်တို့၌ လာ၏၊ ယင်းသို့ လာသော်လည်း တစောင်နှင့် တစောင် မညီမညွတ်ပဲ အစဉ်ကွဲ၍သာ လာသည်၊ ယခုအစဉ်ကား စေတိယဇာတ်၌လာ သော အစဉ်တည်း။)

ဤမင်းတို့တွင် နောက်ဆုံးဖြစ်သော စေတိယမင်းသည် စေတိယတိုင်း သောတ္ထိယပြည်၌ မင်းပြု၏၊ မင်း၏ တန်ခိုးလေးပါးနှင့် ပြည့်စုံ၏။

တန်ခိုးလေးပါးဟူသည်ကား...

၁ အဆင်းလှခြင်း

၂ အသက်ရှည်ခြင်း

၃ ပုဏ္ဏားတို့ ချစ်နှစ်သက်ခြင်း
၄ သူကြွယ်တို့ ချစ်နှစ်သက်ခြင်း။ ဤလေးပါးတည်း။

စတုက္ကဒ္ဒိတိ အဘိရူပေါ ဒီဃာယုကော ဗြာဟ္မဏဂဟပတိကာနံ ပိယော ဟောတိ မနာပေါ။

(ဇာတ်ဋီကာ)

စတုက္ကဒ္ဒိတိ၊ တန်ခိုးလေးပါးဟူသည်ကား။ အဘိရူပေါ၊ အလွန်အဆင်းလှသည်။ ဟောတိ၊ ဖြစ်၏။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်။ ဟောတိ၊ ဖြစ်၏၊ ဗြာဟ္မဏ ဂဟပတိကာနံ၊ ပုဏ္ဏား သူကြွယ် တို့သည်။ ပိယော၊ ချစ်အပ်သည်။ မနာပေါ၊ နှစ်သက်အပ်သည်။ ဟောတိ၊ ၏။

ကောင်းကင်၌ ပျံသွားနိုင်၏။ နတ်သားလေးယောက်တို့သည် အရပ်လေးမျက်နှာတို့မှ သန်လျက်စွဲ၍ စောင့်ရှောက်ကုန်၏။ ကိုယ်မှ စန္ဒကူးနံ့၊ ခံတွင်းမှ ကြာညိုအနံ့ လှိုင်၏။ ထိုစေတိယမင်း၏ ပုရောဟိတ်ကား ကပိလ မည်သော ပုဏ္ဏားတည်း၊ ကပိလ ပုဏ္ဏား၏ ညီဖြစ်သော ကောရကလမ္ဗ မည်သော ပုဏ္ဏားသည် စေတိယ မင်းနှင့် တကွ တဦးသော ဆရာ၌ အတတ် သင်ဖော် အဆွေ ခင်ပွန်းတည်း။ ထိုစေတိယ မင်းသည် ကောရကလမ္ဗအား မင်းသား လက်ထက်ကပင် 'ငါ မင်းအဖြစ်သို့ ရောက်လျှင် သင့်အား ပုရောဟိတ်အရာကို ငါပေးအံ့'' ဟု ဝန်ခံ၏၊ ထို မင်းလည်း မင်းအဖြစ်သို့ ရောက်သည့်ကာလ အဖ၏ ပုရောဟိတ်ဖြစ်သော ကပိလပုဏ္ဏားကို အရာမှရွေ့ရှားအောင် မတတ်နိုင်၊ စင်စစ်မှာမူပုရောဟိတ် ပုဏ္ဏားက ကြီး၍ မိမိက ငယ်ရကား အခစားလာလတ်သော် ထို ပုဏ္ဏား၌ များစွာ အရို သေပြုရ၏၊ ပုဏ္ဏားလည်း ထိုအခြင်းအရာကို မှတ်၍မင်းတို့ မည်သည် အရွယ်တူတို့နှင့်သာလျော်ကပ်ရာ၏၊ ငါ့မှာမူကား ကြီးရင့်ပြီ၊ ရဟန်းပြုတော့အံ့ဟု ကြံ၍ ''မင်းကြီး....ငါကားကြီးရင့်ပြီ၊ ငါ့အိမ်ဝယ် ငါ့ သားငယ်ရှိ၏၊ ထိုငါ့သားကို မုရောဟိတ် ပြုပါလေ၊ ငါမူကား ရဟန်းပြု တော့အံ့'' ဟု မင်းကိုပန်၍ သားကို ပုရောဟိတ် အရာ၌ ထားပြီးလျှင် မိမိ ကား ဥယျာဉ်သို့ ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင်ဈာန်အဘိညာဉ်ကို ဖြစ်စေ ပြီးမှ သားကိုအမှီပြုလျက် ထိုဥယျာဉ်၌နေ၏၊ ကောရကလမ္ဗကား ဤနောင် တော်သည် ရဟန်းပြုသော်လည်း ပုရောဟိတ်အရာကို ငါ့အား မပေးဟု ခစ်ကို၌ ရန်ငြိုးဖွဲ့၍ တနေ့သ၌ ချမ်းသာသော စကားဖြင့် စေတိယ မင်း နှင့် နေ့ကြစဉ် မင်းက ''ကောရကလမ္ဗ သင်သည်အဘယ်ကြောင့် ပုရောဟိတ်

မှုလုပ်သနည်း''ဟု မေးလျှင်''နောင်တော်လုပ်သောကြောင့် မလုပ်ရ''ဟု ဆို၏၊ သင့်နောင်တော်သည် ရဟန်းပြုလေပြီ မဟုတ်လော''ဟု ဆိုသော် ရဟန်းကားပြု၏၊ အရာကိုကား သားအား လွှဲခဲ့သည်''ဟုဆိုလျှင်''သင်ပင် ပုရောဟိတ်လုပ်လော့''ဟု မင်းက ဆို၏၊ ''အရှင်မင်းကြီး....အစဉ်အဆက် လာသော ရာထူးကို အစ်ကိုအားပယ်ရှား၍ ငါကားမလုပ်နိုင်''ဟု ဆိုလျှင် ''ယင်းသို့ တပြီးကား သင်အားအကြီးပြု၍အစ်ကိုကို ငါအငယ်လုပ်မည်'' ဆိုလျှင် ''အရှင်မင်းကြီး....သိတော်မူ အကျွန်ုပ်၏ နောင်တော်ကား များစွာသော မှဖြစ်ဖူးမြဲ အံ့ဖွယ်သရဲနှင့်ပြည့်စုံ၏၊ ဝိဇ္ဇမိုရ်ကဲ့သို့ ထိုငါ၏နောင်တော်သည် မဖြစ်ဖူးမြဲသောသဘောအားဖြင့် အရှင်မင်းကြီးတို့အား လှည့်စားလတ္တံ့၊ နတ်သားလေးယောက်တို့သည် ကွယ်ပျောက်သကဲ့သို့ ကိုယ်ခံတွင်းမှ အပုပ်နံ့ လှိုင်ပျံ့သကဲ့သို့ ကောင်းကင်မှ လျှောကျ၍မြေ၌ တည်သကဲ့သို့ မြေသို့ဝင်သသို့ သင်မင်းကြီးတို့ကို ပြုလတ္တံ့၊ ထိုအခါ သင်မင်းကြီးတို့အား စကား၌ တည်ခြင်းငှာမစွမ်းနိုင်လတ္တံ့''ဟုဆိုလျှင်''သင်သည် ငါ့ကို ဤသို့ မမှတ်လင့်။ ငါကားစွမ်းနိုင်၏''ဟု ဆိုသော် ''အဘယ် အခါဆိုတော်မူမည်နည်း''ဟု မေး၍ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဆိုမည်ဟု ဆိုလျှင် ထိုစကားသည် ပျံ့နှံ့ရကား မင်းသည် မုသားဆို၍ အကြီးကို အငယ်, အငယ်ကို အကြီးပြုပြီးလျှင် အရာ အထူးကို အငယ် အားပေးလတ္တံ့သတတ်၊ မုသာဝါဒဟူသည် အဘယ်သို့သဘောရှိသနည်း၊ အမည်းလော,အဖြူလော စသည်ဖြင့် တွေးတော ကြံစည်ကြ၏၊ ထိုအခါ လူအပေါင်းတို့၏အမှန်ကို ဆိုသောကာလဖြစ်၍ မုသာဝါဒဟူသည် ဤသို့ သဘောရှိ၏ဟု မသိကြကုန်။

ပုရောဟိတ် ပုဏ္ဏားသားသည်လည်း ထိုစကားကိုကြား၍ အဖအထံသို့ သွားပြီးလျှင် ''ဖခင်....မင်းသည် မုသားဆို၍ အကြီးကို အငယ် အငယ်ကို အကြီးပြုပြီးလျှင် အကျွန်ုပ်၏ အရာအထူးကို ဘထွေးအား ပေးလတ္တံ့''ဟု ဆို၏၊ အဖပုဏ္ဏားလည်း ''ချစ်သား....မင်းသည် မုသားဆို၍လည်း ငါ့တို့၏ အရာအထူးကို မဗယ်နိုင်၊ ဘယ်နံ့အခါ ဆိုလတ္တံ့နည်း''ဟု မေးသော် ''ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဆိုလတ္တံ့''ဟု ဆိုလျှင် ''ထိုအခါ ငါ့အား ကြွေးလာလှည့်''ဟု ဆို၏၊ ခုနစ်ရက်မြောက်သော နေ့၌ လူအပေါင်းတို့သည် မုသာဝါဒကို ကြည့်ရှုကြကုန်အံ့ ဟုံ မင်းရင်ပြင်ဝယ် ညောင်စောင်း အဆင့်ဆင့် ဖွဲ့၍ တည်ကြကုန်၏၊ ပုဏ္ဏားသားလည်း

ထိုအကြောင်းကို အဖအားကြား၍၊ မင်းလည်း တန်းဆာဆင်ယင်ပြီးလျှင် ထွက်လာ၍ လူအပေါင်း၏အလယ် မင်းရင်ပြင်ဝယ် ကောင်းကင်၌ တည်၏၊ ရသေ့လည်း ကောင်းကင်ဖြင့်လာ၍ မင်း၏ရှေ့ဝယ် စမ္မခဏ် ခင်းပြီးလျှင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေပြီးမှ "မင်းကြီး....သင်သည် မုသားဆို၍ အရာအထူးကို ငါ့ညီအား ပေးမည်ဟူသည်မှန်သလော" ဟု မေး၏၊ မှန်ကြောင်းကိုဆိုလျှင်ထိုမင်းအားဆုံးမလိုသောကြောင့် "မင်းကြီး....မုသာဝါဒဟူသည်ကား ဝန်လေး၏၊ ကျေးဇူးဂုဏ်ကို ဖျက်ဆီးတတ်၏၊ အစပါယ် လေးပါးဝယ် ဖြစ်စေတတ်၏၊ မင်းဖြစ်လျက် မုသားဆိုမှုကား တရားကို သတ်သည်မည်၏၊ တရားကို သတ်ကလည်း ကိုယ်ကိုသတ်သည် မည်၏" ဟု ဆုံးမ၏၊ ထို့ထက်အလွန်ဆုံးမလိုရကား "မင်းကြီး အကယ်၍ မုသားဆိုအံ့၊ မင်း၏ တန်ခိုးလေးပါးတို့ကွယ်ပျောက်ခြင်း, နတ်သားလေးယောက်တို့ ကွယ်ပျောက်ခြင်း, ကိုယ်ခံတွင်းမှ အပုပ်နံ့လှိုင်ပျံ့ခြင်း, ကောင်းကင်မှ လျှောကျခြင်း, မြေသို့ဝင်ရခြင်းသည် ဖြစ်လတ္တံ့" ဟု ဆို၏၊ ထိုစကားကို ကြားလတ်သော် မင်းလည်း ကြောက်ရကား ကောရကလမ္ဗ စိုက်၍ ကြည့်၏၊ ထိုအခါ ကောရကလမ္ဗက "ဆွေကပင် သင်မင်းကြီးအား ထိုစကားကိုမနာမယူမူ၍ မိမိသည် ဆိုအပ်သော စကားကို ရှေးရှုထားလျက် "ရှင်ရသေ့....သင်ကား အငယ်, ကောရကလမ္ဗကား အကြီး" ဟုဆို၏၊ ထိုအခါ ရှေးဦးစွာသော မုသာဝါဒဖြင့် မင်း၏ တန်ခိုးလေးပါးတို့သည် ကွယ်ပျောက်ကုန်၏၊ နတ်သားလေးယောက်တို့လည်း "မုသားဆိုသော မင်းအစေး စောင့်ရှောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု သန်လျက်ကို ခြေရင်း၌ပစ်၍ ကွယ်ပျောက်လေကုန်၏၊ ကိုယ်ခံတွင်းမှလည်း ဝစ္စကုဋိ, ကြက်ဥပုပ်ကဲ့သို့ မကောင်းသော အနံ့သည် လှိုင်ပျံ့၏၊ ကောင်းကင်မှ လျှောကျ၍ မြေ၌တည်လေ၏၊ ထိုအခါကဝိလပုဏ္ဏားက "အရှင်မင်းကြီး.... တခွန်းသော မုသာဝါဒအကျိုးကိုရှုလော့၊ ဤမျှတည်းဖြင့် မင်း၏တန်ခိုးတို့သည် ကွယ်ပျောက်လေကုန်ပြီ၊ ရှေးနည်းအတိုင်း ပကတိရှိစေလိုမူ အမှန်ကိုသာ ဆိုပါ" ဟု ဆုံးမသော်လည်း မနာမယူ၊ "သင်ကား ငါ့အား လှည့်စားလှည့်ပတ်လိုသည်" ဟု နှုတ်ပြု၍ နှစ်ကြိမ်မြောက် မုသားဆိုလျှင် ဖမျက်တိုင်အောင် မြေသို့ဝင်လေ၏၊ ပုဏ္ဏားလည်း "အရှင်မင်းကြီး....မုသားဆိုသော မင်း၏နိုင်ငံဝယ် အခါမဟုတ်သည်၌ မိုးရွာ၏၊ အခါဟုတ်သည်၌ကား မရွာ၊ ရှေးအတိုင်း ပကတိရှိစေလိုမူ အမှန်ကိုသာ

ဆိုပါ”ဟု ဆိုသော်လည်း မနာမယူမူ၍ သုံးကြိမ်မြောက် မုသားဆိုလျှင် ပုဆစ်တိုင်အောင် မြေသို့ဝင်လေ၏၊ ထို့နောက် “မင်းကြီး....ဤမျှတည်းဖြင့် မှတ်တော်မူ၊ မုသားဆိုသော သူအား မြွေနဂါးလို လျှာနှစ်ခွနှင့် ရှိတတ်လှသည်။ ရှေးအတိုင်း ပကတိရှိစေလိုမူ အမှန်ကိုသာ ဆိုပါ”ဟု ဆိုသော်လည်း မနာမယူပဲ လေးကြိမ်မြောက် မုသားဆိုလျှင် ခါးတိုင်အောင် မြေသို့ ဝင်လေ၏၊ ထို့နောက် ပုဏ္ဏားက “ဤမျှတည်းဖြင့် မှတ်တော်မူ၊ မင်းကြီး မုသားဆိုသော သူအား လျှာမဲ့ ငါးကဲ့သို့ စကားမပီ ရှိတတ်လှသည်၊ ရှေးနည်းအတိုင်း ပကတိရှိစေလိုမူ အမှန်ကိုသာဆိုပါ”ဟု ဆုံးမငြားသော်လည်း နားမထောင်ပဲ ငါးကြိမ်မြောက် မုသားဆိုလျှင် ချက်တိုင်အောင် မြေသို့ ဝင်လေ၏၊ ထိုနောင်မှ ဤမျှတည်းဖြင့် မှတ်လော၊ မင်းကြီး....မုသားဆိုသော သူအား သားယာကျော်မရ၊ သားမိန်းမသာ မွေးတတ်ပါသည်၊ ရှေးအတိုင်း ပကတိရှိစေလိုမူ အမှန်ကိုသာဆိုပါ”ဟု ဆုံးမငြားသော်လည်း နားမထောင်မူပဲ ခြောက်ကြိမ်မြောက် မုသားဆိုလျှင် သားမြတ်တိုင်အောင် မြေသို့ဝင်လေ၏၊ ထို့နောင်မှ ဤမျှတည်းဖြင့် မှတ်လော့၊ “မင်းကြီး....မုသားဆိုသော လူအား သားယောကျ်ားပင် မွေးဖွားလျှင်လည်း မိခင် ဖခင်တို့အား လားလား ကျေးဇူးမပြု၊ ရှေးအတိုင်း ပကတိရှိစေလိုမူ အမှန်ကိုသာ ဆိုပါ”ဟု ဆုံးမငြားသော်လည်း နားမထောင်ပဲ ခုနှစ်ကြိမ်မြောက် ကပိကပုဏ္ဏားကား အငယ်, ကောရက လမ္ဗကားအကြီးဟု မုသားဆိုလျှင် ထိုအခါ မဟာပထဝီ မြေကြီးသည် ဟင်းလင်းပေါက်လျက် မီးတောက်မီးလျှံသည် အဝီစိငရဲမှထ၍ ယူလေ၏၊ ထိုစေတိယမင်းသည် အဂတိ လေးပါးကိုလိုက်၍ ခုနစ်ခွန်းသော မုသာဝါဒကို ဆို၍မြေမျိုလေလျှင် လူအပေါင်းတို့အား များစွာသော ကြောက်ထိတ်လန့်ခြင်းသည် ဖြစ်၏။

မဟာဇနော စေတိယရာဇာ ဋ္ဌသိ အက္ကောသိတွာ မုသာဝါဒံ ဝတွာ အဝီစိ ပဝိဋ္ဌောတိ ဘယပတ္တော အဟောသိ။

မဟာဇနော၊ လူများအပေါင်းတို့သည်။ စေတိယရာဇာ၊ စေတိယမင်းသည်။ ဋ္ဌသိ၊ ကပိက ရှင်ရသေ့ကို၊ အက္ကောသိတွာ၊ ဆဲရေး၍။ မုသာဝါဒံ၊ မဟုတ်မမှန်သော စကားကို။ ဝတွာ၊ ဆို၍။ အဝီစိ၊ အဝီစိငရဲသို့။ ပဝိဋ္ဌော၊ ဝင်လေ၏၊ ဣတိ၊ ဤသို့။ ဘယပတ္တော၊ ကြောက်ခြင်းသို့ ရောက်သည်။ အဟောသိ၊ ဖြစ်လေ၏။

စေတိယမင်း၏ သားတော် ငါးယောက်တို့သည်လည်း အဖကို မြေမျို သောကြောင့် ကြောက်လန့်ရကား ပုဏ္ဏားရသေ့ကို တောင်းပန် ပြီးလျှင် ပုဏ္ဏားရသေ့ပေးသော အမှတ်ဖြင့် အကြီးဆုံး မင်းသားသည် စေတီယ တိုင်း သာဝတ္ထိယပြည်မှ အရှေ့တံခါးဖြင့် ထွက်သွား၍ ဟတ္ထိပုရမြို့ကို တည်ထောင်လေ၏၊ နှစ်ယောက်မြောက်သော မင်းသားသည် တောင် တံခါးဖြင့်ထွက်သွား၍ အဿပုရမြို့ကို တည်ထောင်လေ၏၊ သုံးယောက် မြောက်သော မင်းသားသည် အနောက်တံခါးဖြင့် ထွက်သွား၍ သီဟပုရ မြို့ကို တည်ထောင်လေ၏၊ လေးယောက် မြောက်သော မင်းသားသည် မြောက်တံခါးဖြင့် ထွက်သွား၍ ဥတ္တရပဥ္စာလမြို့ကို တည်ထောင်လေ၏၊ ငါးယောက်မြောက်သော မင်းသားသည် အဖနေရာ သောတ္ထိယ ပြည်၌ စေတီကြီးစွာတည်ပြီးလျှင် အနောက်မြောက်ထောင့်သို့ ထွက်သွား၍ ဒဒ္ဒရ မြို့ကို တည်ထောင်လေ၏၊ ဘုရားမြတ်စွာသည် ဤမဃဒေဝနာကို ဆောင် တော်မူ၍ ထိုအခါ စေတိယမင်းကား ယခုအခါ ဒေဝဒတ် ဖြစ်လာ၏၊ ကပိလပုဏ္ဏားကား ဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဤသို့ စေတိယမင်းသည် ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့မှ ကြောက်ထိတ် လန့်ခြင်း ဩတ္တပ္ပသံဝေဂ ကင်းသောကြောင့် အကြီးကို အငယ်, အငယ်ကို အကြီးပြုသောအားဖြင့် အဂတိလေးပါးသို့ လိုက်၍ မုသား ဆိုလေသည်၊ ယင်းသို့ ဆိုလေလျှင် ထိုမုသာဝါဒ၏ အကျိုးအားဖြင့် ပစ္စုပ္ပန်၌လည်း အတိုင်းမသိသော ဒဏ္ဍဘေးကို တွေ့ရလေသည်၊ တမလွန်၌လည်းကြီးစွာ သော ဒုဂ္ဂတိဘေးကို တွေ့ရလေသည်၊ မုသာဝါဒကံ၏ အပြစ်ကားအလွန် ကြီးမားစွ၊ မုသားဆိုသောသူအား မကောင်းမှု အလုံးစုံကို အကုန်ပြုသည် မည်၏၊ ထို့ကြောင့် ဓမ္မပဒ စသော ကျမ်းတို့၌

ဧကံ ဓမ္မံ အတီတဿ, မုသာဝါဒိဿ ဇန္တုနော၊
ဝိတိဏ္ဏပရလောကဿ, နတ္ထိ ပါပံ အကာရိယံ။

ဟု သဗ္ဗညုဘုရား ဟောတော်မူ၏။

ဧကံဓမ္မံ၊ မုသာဝါဒဟု ဆိုအပ်သော တခုသောတရားကို။အတီတဿ၊ လွန်သော၊မုသာဝါဒဿ၊မဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိသော၊ ဝိတိဏ္ဏပရလောကဿ၊ ကူးသွားအပ်သော တမလွန်လောက ရှိသော၊ ဇန္တုနော၊ သတ္တဝါအား။ အကာရိယံ၊ မပြုအပ်သော၊ ပါပံ၊ မကောင်း မှုသည်။ နတ္ထိ၊ မရှိ၊

ထိုစေထိယမင်းသည် သြတ္တပ္ပ သံဝေဂကင်း၍ မုသားဆိုလျှင် ထိုထို သော ဘေးတို့သို့ ရောက်ရချေသည်ကို ထောက်၍ ယခုအခါ ပညာရှိ အပေါင်း သူတော်ကောင်းတို့မှာ ဒုဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့မှကြောက် ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂတရားကို နှလုံးထားလျက် မုသားဆိုခြင်း မှ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏။

ဤသည်ကား မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း
သြတ္တပ္ပ သံဝေဂ ကင်းသောကြောင့် မုသာဝါဒအမှုကို
ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း၊

---

## (သုရာမေရယ)

## ၄၂-သြတ္တပ္ပ သံဝေဂ မပြည့်စုံ၍ သုရာမေရယ တည်းဟူသော မကောင်းမှုကိုပြုမိသော

## အရှင်သာဂတထေရ် ဝတ္ထု

သဗ္ဗညုဘုရား၏ အသိတိ မဟာသာဝက အဝင်အရှင်သာဂတမထေရ် သည် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက် ဟံသာဝတီပြည်ဝယ် အမျိုးအိမ်၌ဖြစ်၍ သဗ္ဗညုဘုရား၏ တရားဒေသနာ တော်ကို ကြားနာရလေလျှင် တေဇောဓာတ်ဝယ် လိမ္မာသော ရဟန်းတို့ ထက်မြက်သောအရာကို ဆုတောင်း၍ အသက်ထက်ဆုံးကုသိုလ်ကောင်း မှုကို ပြုပြီးလျှင် ကမ္ဘာတသိန်းပတ်လုံး နတ်လူတို့၌ ကျင်လည်ပြီးမှ ငါတို့ ဘုရားလက်ထက်တော်ဝယ် သာဝတ္ထိပြည်တွင် ပုဏ္ဏားအမျိုး၌ ဖြစ်လာ၍ သာဂတဟူသော အမည်ကိုမှည့်၏ ထိုသာဂတလုလင်သည် နောင်အခါ ဘုရားသာသနာတော်သို့ဝင်၍ ရှင်ရဟန်းပြုပြီးသော် သမာပတ် ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကိုဖြစ်စေ၍ လေ့လာသောအဖြစ်သို့ရောက်၏။ ထို အခါ ဘုရားမြတ်စွာသည် ဒေသစာရီ လှည့်လည်တော်မူသော် ကောသမ္ဗီ ပြည်၏အနီး ဘဒ္ဒဝတီပြည်သို့ ရောက်တော်မူ၏၊ ထိုဘဒ္ဒဝတီပြည်၏ အနီး အမ္ဗတိတ္ထမည်သော မြစ်ဆိပ်၌ ကူးတို့သူကြီးဟောင်း အား များစွာသော အာဂန္တုက ရန်သူတို့သည် ရိုက်နှက်ပုတ်ခတ်၍ သတ်ကြကုန်၏၊ ထိုကူးတို့ သူကြီးဟောင်းသည် ဆန့်ကျင်သော ဒေါသစိတ်ဖြင့် နောင်အခါ သင်တို့ အား ညှဉ်းဆဲနှိပ်စက်ရပါလို၏”ဟု ဆုတောင်း၍ အမ္ဗတိတ္ထ ဆိပ်၌ပင်

ကြီးသော တန်ခိုးအာနုဘော်ရှိသော နဂါးဖြစ်လေ၏။ ထိုနဂါးသည်ဆန့်ကျင်သော ဒေါသစိတ်ရှိသည်၏အဖြစ်ကြောင့် အခါ မဟုတ်သည်၌သာ မိုးတို့ကို ရွာစေ၏။ အခါဟုတ်သည်၌ကား မရွာစေ၊ ကောက်ပင်တို့သည် မပြည့်စုံရကား တိုင်းသားပြည်သူ အလုံးစုံဘို့သည်ထိုဘေးကိုငြိမ်းစေခြင်းငှာ နှစ်တိုင်းနှစ်တိုင်း ပူဇော်မှုကို ပြုကုန်လျက်ထိုနဂါးမင်း၏နေရာအလို့ငှာ အိမ်တခုကိုပြုကြကုန်၏။ ဘုရားသဗ္ဗညုလည်း ထိုအမ္ဗတိတ္ထ ဆိပ်ဖြင့်သာလျှင် မြစ်ကိုကူး၍ ထိုနဂါးအိမ်၌သာလျှင် ညဥ့်အိပ်အံ့ဟုနှလုံးပြု၍ ကြွတော်မူ၏၊ ထိုအခါ သာဂတမထေရ်သည်ဤအိမ်၌ ကြမ်းတမ်းသောတန်ခိုးကြီးသောနဂါးသည် နေသတတ်ဟုကြား၍ နဂါးကို ဆုံးမပြီးလျှင် အခိုင်အမျဉ်မရှိသည်ကိုပြု၍ သဗ္ဗညုဘုရား၏နေရာကို စီရင်ခြင်းငှာ သင့်၏ ဟုနှလုံးပြု၏၊ နဂါးနေရာသို့ ဝင်ပြီးလျှင် ပလ္လင်ကိုထက်ဝယ်ဖွဲ့ခွေ၍ နေ၏၊အမ္ဗတိတ္ထ နဂါးမင်းလည်း ပြင်းစွာ အမျက်ထွက်ရကား ငါ၏နေရာသို့ဝင်၍ နေသော ဤဦးပြည်းကားအဘယ်သူနည်း''ဟုအခိုးထောင်းထောင်းလွှတ်၏၊ သာဂတ မထေရ်လည်း ထို့ထက်အလွန်ထူးချွန်၍နှစ်ဆတက် အခိုးလွှတ်၏၊ နဂါးလည်းအမျက်ကို သည်းမခံနိုင်ရကား အလျှံ ပြောင်ပြောင် လွှတ်၏၊ မထေရ်လည်း တေဇောဓာတ်ကို ဝင်စား၍ နှစ်ဆတက် အလျှံလွှတ်၏၊ မိမိတန်ခိုးဖြင့် နဂါးတန်ခိုးကို ကုန်စေ၏၊ ထိုအခါနဂါးသည် ဤရဟန်းကား မြတ်စွတကားဟု မထေရ်၏ခြေရင်း၌ဝပ်၍ ''အရှင်ဘုရားတို့အားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏''ဟုလျှောက်ထား၏၊ ထိုအခါ မထေရ်က ''ငါ့အား ဆည်းကပ်ဖွယ်ကိစ္စမရှိ ဘုရား သဗ္ဗညုသို့သာ ဆည်းကပ်လေ''ဟုဆိုလျှင် ''ကောင်းပြီ''ဟုဝန်ခံ၍ သဗ္ဗညု ဘုရားအား ခစားဆည်းကပ်လေ၏၊

မယှံ သရဏာဂမနကိစ္စံ နတ္ထိ၊ ဒသဗလဿ သရဏံ ဂစ္ဆာတိ
သော သာဓူတိ သရဏံ ဂတော။

(အင်္ဂုတ္တရ အဋ္ဌကထာ)

မယှံ၊ ငါ့အား သရဏာဂမနကိစ္စံ။ ကိုးကွယ်ရာ ဆည်းကပ်ဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဒသဗလဿ၊ မြတ်စွာဘုရားအား။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆ၊ ဆည်းကပ်လေလော့၊ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ သော၊ ထိုနဂါးသည်။ သာဓူတိ၊ ကောင်း၏ ဟူ၍။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်လေ၏။

ထိုအခါမှစ၍ တစုံတယောက်သော သူကိုမျှ မညှဉ်းဆဲ၊ မိုးကိုလည်း ကောင်းစွာရွာစေ၏။ ကောက်ပင်တို့ကိုလည်း ကောင်းစွာ ပြည့်စုံစေ၏။ ထိုအခါသဗ္ဗညုဘုရားသည် ဘဒ္ဒာတီပြည်မှကောသမ္ဗီပြည်သို့ကြွတော်မူ၏။ ကောသမ္ဗီပြည်သားတို့သည် အရှင်သာဂတ မထေရ်သည် အမ္ဗတိတ္ထ မည်သော နဂါးကြမ်းကို ဆုံးမအပ်သတက်ဟု ကြား၍ ဘုရား တဗ္ဗညု၏ ကြွလာခြင်းကို မျှော်ကုန်လျက် များစွာသော ပူဇော်သက္ကာရကိုစီရင်ကြကုန်၏၊ သဗ္ဗညုဘုရား ကောသမ္ဗီပြည်သို့ ရောက်တော်မူလျှင် များစွာ ပူဇော်သက္ကာရပြုပြီးမှအရှင်သာဂတသို့ကပ်ကုန်၍ "အရှင်တို့ဝယ် အဘယ် ရခဲသနည်း၊ ရခဲသည်ကိုစီရင်ပါမည်၊ အမိန့်ရှိပါ"ဟု ဆိုလျှင် ဆဗ္ဗဂ္ဂီတို့က "ရဟန်းတို့အား သေအရက်ရခဲသည်၊ သေအရက်ကို စီရင်"ဟု ဆိုသော် ထိုကောသမ္ဗီပြည်သားတို့သည် အိမ်တိုင်းအိမ်တိုင်း၌ ခိုခြေအဆင်းရှိသော ကြည်သောသေရေကိုစီရင်၍ အရှင်သာဂတ မြို့တွင်းသို့ဆွမ်းခံဝင်လာသည်က "သောက်တော်မူပါ"ဟု ဆို၏၊ အရှင်သာဂတလည်း သိက္ခာပုဒ်ကို မပညတ်မီဖြစ်၍ အတန်ငယ် အတန်ငယ် သောက်လေ၏၊ ယင်းသို့သောက်၍ မြို့မှထွက်သွားသော် မြို့တံခါး၌အရက်ယစ်သောကြောင့် လည်းလေ၏၊

နဂရမှာ နိက္ခမန္တော နဂရဒွါရေ ပရိပတိ။

(စီနည်းပါဠိတော်)

နဂရမှာ၊ မြို့မှ။ နိက္ခမန္တော၊ ထွက်သွားသည် ရှိသော်။ နဂရဒွါရေ၊ မြို့တံခါး၌။ ပရိပတိ၊ လည်း၏။

ယင်းသို့ လည်းသည်ကို သဗ္ဗညုဘုရား မြို့မှ ထွက်လာ လတ်သော် မြင်တော်မူ၍ "ချစ်သားတို့....သာဂတကို ဆောင်ခဲ့ကြကုန်"ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်း သာဂတကို ဘုရားအမိန့်တော်အတိုင်း အာရာမ်သို့ ဆောင်၍ ဘုရားရှိတော်မူရာ ဦးခေါင်းပြု၍သိပ်ထားကုန်၏၊အရှင်သာဂတ လည်း ပြန်လည်၍ ဘုရားရှိရာ ခြေပြု၍အိပ်၏၊ ထိုအခါဘုရား သဗ္ဗညုက "ချစ်သားတို့....ရှေးအခါကမူ သာဂတသည် ငါဘုရား၌ ရိုသေ ကြောက် ရွံ့ခြင်းရှိသည် မဟုတ်လော"ဟုမေးတော်မူ၏၊ ရိုသေကြောက်ရွံ့ခြင်း ရှိကြောင်းကို ရဟန်းတို့ကလျှောက်လျှင် "ချစ်သားတို့....ယခုသာဂတ သည် ငါဘုရား၌ ရိုသေကြောက်ရွံ့ခြင်း ရှိသေး၏လော"ဟု မေးတော် မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား မရှိချေ" ဟု လျှောက်ကုန်လျှင် "ချစ်သားတို့....ယင်းသို့ ရိုသေ ကြောက်ရွံ့အပ်သော အရာဝယ် ရိုသေ ကြောက်ရွံ့ခြင်းကို ဖျက်ဆီးတတ်သော သေသောက်ခြင်း၏ အပြစ်ကို

ကြည့်ရှုကြကုန်၊ "ချစ်သားတို့.... ရှေးအခါ သာဂတသည် ကြီးသော တန်ခိုး အာနုဘော်ရှိသော အမ္ဗတိတ္ထ နဂါးမင်းကို ဆုံးမခြင်းငှာ စွမ်းနိုင်သည် မဟုတ်လော"ဟု မေးတော်မူ၏၊ စွမ်းနိုင်ကြောင်းကို လျှောက်လျှင် "ချစ်သားတို့...ယခုအခါ သာဂတသည် အမ္ဗတိတ္ထ နဂါးမင်းကိုမဆိုနှင့်ဦး၊ ရေမြွေငယ်ကို သော်လည်း ဆုံးမခြင်းငှာ စွမ်းနိုင် ဦးမည်လော"ဟု မေးတော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား.... မစွမ်းနိုင်ချေပြီ"ဟု လျှောက်ထားကြလျှင် "ချစ်သားတို့ ယင်းသို့ ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း တည်းဟူသော ကျေးဇူးဂုဏ် အလုံးစုံတို့ကို အကုန်ဖျက်ဆီးတတ်သော သေသောက်ခြင်း၏ အပြစ်ကိုကြည့်ရှုကြကုန်၊"ချစ်သားတို့-အကြင် သေကိုသောက်၍ သတိ သညာ ကင်းလျက် မိန်းမော တွေဝေခြင်းသည် ဖြစ်ရာ၏၊ ထိုသေကို သောက်အပ်, သောက်ကောင်း ပါမည်လော"ဟု မေးတော်မူ၏၊"တုန်းတန်ခိုးကြီးလှသောဘုရား=မသောက်အပ်,မသောက်ကောင်းချေ"ဟု လျှောက်ထားကြကုန်၏၊ "ချစ်သားတို့ ယင်းသို့ မသောက်အပ် မသောက်ကောင်းသော သေကို သာဂတ သောက်ခြင်းသည် မလျောက်ပတ်"ဟု မိန့်တော်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ အရှင်သာဂတလည်း တနေ့မိုးသောက်ပြီးမှ သေအရက်ပြယ်၍ သတိရလတ်သော် ငါကား သြတ္တပ္ပသံဝေဂ ကင်းသောကြောင့် သေအရက် သောက်ခြင်းကိုပြုမိသည်ဟု သိ၍ မိမိအပြစ်ကိုကြားပြီးလျှင် ဘုရားသဗ္ဗညုအား ကန်တော့၍ သြတ္တပ္ပသံဝေဂတရားကို နှလုံးထားလျက် ဝိပဿနာကို ပွားစေသော် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဤ၌ အရှင်သာဂတသည် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဖြည့်၍ ရင့်ပြီးသော ပါရမီရှိသော မဟာသာဝကဖြစ်လျက် သြတ္တပ္ပသံဝေဂ ကင်းသောကြောင့် မသောက်အပ်, မသောက်ကောင်းသော သေအရက်ကို သောက်၍ အကြောက် အရှက် ကင်းခြင်း, ဈာန်အဘိညာဉ် ဂုဏ်အလုံးစုံတို့၏ ပျောက်ခြင်းဟု ဆိုအပ်သော အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး တွေ့ရချေသည်၊ နောင်အခါ ဒုဂ္ဂတိဘေးလည်း တွေ့သင့်လျက် အရဟတ္တမဂ်ဖြင့် ဖျက်ဆီး၍သာ ချမ်းသာလေတော့သည်၊ ယင်းသို့ မဟာသာဝကတို့ စင်လျက် သြတ္တပ္ပသံဝေဂ ကင်း၍ သေအရက် သောက်ခြင်းကိုပြုလျှင် ပျက်စီးရလေသည်ကို ထောက်၍ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့အား သြတ္တပ္ပသံဝေဂတရားကိုနှလုံးထား၍များစွာ အပြစ်ရှိသော သေအရက်သောက်ခြင်းမှဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏၊

## ၃၁-ဩတ္တဖွံ့သံဝေဂ မပြည့်စုံ၍ သူရာမေရယတည်းဟူသော မကောင်းမှုကို ပြုသော သုရာမုဆိုး,ဝရုဏ ရသေ့တို့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ရှေကျောင်း၌ ကိန်းအောင်းမွေ့ လျော်နေတော်မူသောအခါ ဝိသာခါ၏ အဖော်ဖြစ်သော သေအရက် သောက်စားသော ငါးရာသော မိန်းမတို့ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်၏၊ သာဝတ္ထိပြည်၌ သေအရက် သောက်စား၍ ပျော်ရွှင်လန်းသော သဘင်ကို ကြွေးကြော် လတ်သော် ထိုငါးရာသော မိန်းမတို့သည် လင်တို့၏ သဘင်ကစားပြီးသော အဆုံး၌ ထက်လှစွာသော သေအရက်ကို စီရင်၍ သဘင် ကစားကုန်အံ့ဟု နှလုံးပြုလျက် ဝိသာခါ၏ အထံသို့သွားပြီးလျှင် "ရှင်မ ဝိသာခါ—ငါတို့သည် သဘင်ကစားကုန်အံ့"ဟု ဆိုသော် "ရှင်မတို့.... ဤသဘင်ကား အရက်သဘင်ဖြစ်သည်၊ ငါကား သေအရက်မသောက်"ဟု ဆိုလျှင် "ရှင်မတို့သည် သမ္ဗုဒ္ဓဘုရားအား များသောအလှူကို ပေးဧါကုန်၊ ငါတို့မူကား ပွဲသဘင် ကစားဦးမည်"ဟု ဆိုကုန်၏၊ ဝိသခါလည်း ကောင်းပါပြီ"ဟု ဝန်ခံ၍ ထိုမိန်းမတို့ကို လွှတ်လိုက်ပြီးလျှင် ရှင်တော်ဘုရားကို တပည့်သားနှင့်တကွ ပင့်ဖိတ်၍ ကြီးစွာသော အလှူကိုပေးပြီးမှ ညချမ်းသောအခါ ပန်းနံ့သာ လက်စွဲလျက် တရားနာခြင်းငှာ ငါးရာသော မိန်းမတို့ဖြင့် ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ သွားလေ၏၊ ထိုငါးရာသော မိန်းမတို့သည်ကား သေအရက်ကို သောက်ကုန်လျက် ဝိသာခါနှင့် အတူတကွသွားကြ၍ တံခါးမုခ်ဝ၌ရပ်ပြီးမှဘုရားသဗ္ဗညု အထံသို့ ဝင်ကြကုန်၏၊ ဝိသာခါကား ဘုရားမြတ်စွာကို ရိုသေစွာရှိခိုးပြီးမှ သင့်တင့်သော အရပ်၌ နေ၏၊ ထိုငါးရာသော မိန်းမတို့တွင် အချို့တို့ကား သဗ္ဗညုဘုရား ရှေတော်ဝယ် ကကြကုန်၏၊ အချို့တို့ကား သီကြကုန်၏၊ အချို့တို့ကား လက်လှုပ်ခြင်းကို ပြုကြကုန်၏၊ အချို့တို့ကား ခိုက်ရန်ပွား၍ အချင်းများကြကုန်၏၊ ဘုရားမြတ်စွာလည်း ထိုမိန်းမတို့အား ထိတ်လန့်ခြင်းကို ဖြစ်စေခြင်းငှာမျက်မှောင်တော်မှ ညိုသောရောင်ခြည်တော်ကို လွှတ်လျှင်အမိုက်အတိုက်အတိဖြစ်လေ၏၊ ထိုမိန်းမတို့လည်း ကြောက်ရကား သေအရက် ယစ်ခြင်းသည် ကင်းလေ၏၊ ဘုရားမြတ်စွာလည်းနေရာပလ္လင်မှ ကွယ်ခဲ့၍မြင်းမိုရ်တောင်ထိတ်၌ ရပ်လျက် ဥဏ္ဏလုံးမွေ့ရှင်တော်မှ ဖြူသောရောင်ခြည်တော်ကို လွှတ်တော်မူ၏၊ ထိုအခါနေအထောင် လအသောင်ကဲ့သို့ ပြောင်ပြောင်ထွန်းလင်း၏၊

ဘုရားမြတ်စွာလည်း မြင်းမိုရ်တောင်ထိပ်၌ရပ်လျက်ထိုမိန်းမတို့အားထိတ်လန့်စေခြင်းငှာ တရားဟောတော်မူ၏၊ ဟောတော်မူသော အဆုံး၌ ထိုငါးရာကုန်သောမိန်းမတို့သည် သောတာပန် တည်လေကုန်၏၊ ဘုရားမြတ်စွာလည်းမြင်းမိုရ်တောင်ထိပ်မှ ဆင်းလာ၍ ဘုရားနေရာ ဂန္ဓကုဋိတိုက်ရိပ်၌ နေတော်မူ၏၊ ထိုအခါ ဝိသာခါက ရှိသေစွာရှိခိုးပြီး၍ "အရှင်ဘုရား အရှက်အကြောက်ကို ဖျက်ဆီးတတ်သောဤသေသောက်ခြင်းသည် အဘယ့်အခါမှစ၍ ဖြစ်ပါသနည်း"ဟု မေးလျှောက်၏၊ ဘုရားမြတ်စွာလည်း ဝိသာခါအား ကြားလိုသောကြောင့် အတိတ်ကိုဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ကာသိတိုင်းသားဖြစ်သော သုရာမည်သောမုဆိုး တယောက်သည် သမင်,သား, ငါးရှာခြင်းငှာဟိမဝန္တာသို့သွားလေ၏၊ထိုဟိမဝန္တာ၌ သစ်ပင်တခုသည်ပေါက်၍တသူလောက်ရှိသောအခါ သုံးဖြာခွ၍ ထိုအခွအလယ်တွင် အိုးစရည်းပမာဏ တွင်းရှိ၏၊ ထိုတွင်းသည် မိုးရွာလေလျှင် ရေပြည့်လျက် ထက်ဝန်းကျင် သစ်ပင်ကို ရံ၍ပေါက်သော ရှိရှား ဘဖန်းခါး ငြုတ်ချုံတို့မှ အရွက်အသီး တို့သည် ပြတ်၍ ထိုတွင်း၌ ကျကုန်၏။ ထိုသစ်ပင်၏အနီးအပါး သယံဇာတ သလေးအိုင်မှ သလေးစပါးကို ကျေးမျှားတို့သည် ယူဆောင်ပြီးလျှင် ထိုသစ်ပင်၌ နား၍ စားကုန်၏၊ ထိုသို့ စားသော သလေး ဆန်တို့သည် ထိုတွင်း၌ ကျကုန်၏၊ ယင်းသို့လျှင် ထိုရေသည် နေပူဖြင့် ကျက်ရကား နီသော အဆင်း ရှိလျက် သေအရက် ဖြစ်လေ၏၊ နွေလအခါ ရေသိပ်စွာသော ကျေးငှက်အပေါင်းတို့သည် သောင်းသောင်း အုပ်အာ လာကြကုန်၍ ထိုရေကို သောက်လျှင် ယစ်သောကြောင့် ပုံ့ဆင်း၍ သစ်ပင်ရင်း၌ကျကုန်၏၊ ကျရာ အရပ်တွင် လူးလည်း၍ စဉ်းငယ်အိပ်ပြီးမှ ထ၍မြည်တွန်လျက် ပျံတက် လေကုန်၏၊ မျောက် ရှဉ့်စသော သတ္တဝါတို့လည်းဤအတူပင်သောက် ၍ဝံ့မိန်းမြောက် ဝမ်းသာ သွားလေကုန်၏၊ သုရာမည်သော တောလည် မုဆိုးသည် ထိုအခြင်းအရာကိုမြင်သော် ဤရေသည် အကယ်၍ အဆိပ်ဖြစ်ငြားအံ့၊ ဤသတ္တဝါတို့သည် သေကုန်ရာ၏၊ သေကား မသေ၊ အတန်ငယ်အိပ်နေပြီး မှ ထ၍ အလိုရှိရာသို့ သွားကြကုန်၏၊ ဤရေကား အဆိပ်မဟုတ်ဟု နှလုံးပြု၍ အတန်ငယ်ယူပြီးမှ မိမိသောက်သည်ရှိသော် ယစ်ရကား အမဲသားတို့ကို စားလို၍ မီးဖိုလျက် အိပ်လျှင် သစ်ပင်ရင်း၌ကျလာသောခါ, ကြက်အစ

ရှိသည်တို့ကို သတ်ပြီးမှ မီးကျီး၌ ဖုတ်ကင်၍ လက်တဖက်ဖြင့် ကလျက် တဖက်ဖြင့် အမဲသားကို စားလျက် နှစ်ရက်သုံးရက် ထိုသစ်ပင် အောက်၌ နေ၏၊ ထိုသစ်ပင်မှ မနီးမဝေးသောအရပ်၌ ဝဲရုဏမည်သော ရသေ့တဦး လည်း နေ၏။ မုဆိုးသည်ထိုရသေ့နှင့် အဆွေခင်ပွန်းဖြစ်ရကား၍ အဖျော် ကို ရသေ့နှင့်တကွ သောက်ကြအံ့ဟုကြံ၍ ဝါးကျည်တောက် တခုကို ပြည့် စေပြီးလျှင် အမဲကျက်နှင့်တကွ ဆောင်သွား၏၊ "အရှင်ဘုရား ဤအဖျော် ကိုသောက်တော်မူပါ"ဟု ဆို၍ အတူနှစ်ယောက်ပင် သောက်စားကြ ကုန်၏၊ ဤသို့လျှင် သုရာမည်သောမုဆိုးလည်းကောင်း, ဝရုဏမည် သော ရသေ့သည်လည်းကောင်း မြင်အပ်, ပြုအပ်သည်၏၊ အဖြစ်ကြောင့် ထိုအဖျော်၏ "သုရာဝရုဏ္ဏာ" ဟူသော အမည်သည် ဖြစ်၏၊ ထိုသူနှစ် ယောက်တို့လည်း ဝါးကျည်တောက်တို့ကို ပြည့်စေပြီးလျှင် ထမ်းပိုးဖြင့် ထမ်းဆောင်၍ ပစ္စန္တရစ်အစွန်မြို့သို့ သွားပြီးသော် အဖျော်ပြုတတ်သော သူတို့သည် ရောက်လာကုန်၏ဟု မင်းအားကြားကုန်၏၊ မင်းလည်း ခေါ် စေ၍အဖျော်ကိုကပ်စေကုန်၏၊ထိုမင်းသည်နှစ်ကြိမ်,သုံးကြိမ်,သောက်လျှင် ယစ်၏၊ ထိုအဖျော်လည်း နှစ်ရက် သုံးရက်စားမျှသာတည်း၊ ထို့နောင်မှ "အဖျော်ရှိသေး၏လော"ဟုမေးလျှင်"ရှိသေး၏" ဆိုသော်"အဘယ်မှာ နည်း"မေးလျှင်"ဟိမဝန္တာမှာ"ဟုဆို၏"ယင်းသို့တပြီးကာသွား၍ဆောင် ချေ"ဟုစေလျှင်ထိုသူ နှစ်ယောက်တို့သည်တကြိမ်,နှစ်ကြိမ်သွား၍ဆောင် ယူပြီးမှ မပြတ်ဆောင်ခြင်းငှာမတတ်နိုင်ဟုနှလုံးပြု၍အဆောက်အဦးတို့ကိုစီ ရင်ပြီးလျှင်ထိုသစ်ပင်၏အခေါက်ကို အစပြု၍အလုံးစုံကိုထည့်ပြီးမှ၊ မြို့၌ပင် သေအရက်ချက်ကုန်၏၊ မြို့သားမြို့သူတို့လည်း သေအရက်ကို သောက်၍ မေ့လျော့ခြင်းသို့ရောက်ရကား များစွာဆင်းရဲကုန်၏။မြို့အလုံးသည် ဆိတ် ၍ အချည်းနှီးကဲ့သို့ ဖြစ်၏။

နဂရံ သုညံ ဝိယ အဟောသိ။

[(ဇာတ်အဋ္ဌကထာ)]

နဂရံ၊ မြို့သည်။ သုညံဝိယ၊ ဆိတ်သကဲ့သို့၊ အဟောသိ၊ ဖြစ်၏။

(သေသောက်သောကြောင့် မြို့အလုံးသည် ဆိတ်လျက် ပျက်ရကား သေသောက်ခြင်း၏ အပြစ်သည် ကြီးမားစွ။)

အဖျော်ပြုတတ်သူ ထိုလူနှစ်ယောက်တို့ကား ထိုပစ္စန္တရစ်မြို့မှထွက်ပြေး လာ၍ ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင် ပြည့်ရှင်မင်းအား အဖျော်သမားတို့ လာကုန်၏ ဟု ကြားစေ၏၊ မင်းသည် ခေါ်၍ မျိုးရိက္ခာ ပေးစေပြီးလျှင်

သေအရက်ကို ချက်စေကုန်၏၊ သေအရက်ကို သောက်ရကား ဗာရာဏသီ ပြည်လည်း နည်းတူပင် ပျက်ချေ၏။

တမ္ပိ နဂရံ တထေဝ ဝိနသ္သိ။ (ဇာတ်အဋ္ဌကထာ)

တမ္ပိနဂရံ၊ ထို ဗာရာဏသီပြည်သည်လည်း။ တထေဝ၊ ထိုအတူသာလျှင်။ ဝိနသ္သိ၊ ပျက်၏။

ထို အဖျော်သမားနှစ်ယောက်တို့လည်း ဗာရာဏသီပြည်မှ ပြေးခဲ့၍ သာကေတ ပြည်သို့ ဝင်လျှင် သာကေတ ပြည်လည်း ပျက်ပြန်ချေ၏၊ သာကေတပြည်မှ ထွက်ပြေးခဲ့၍ သာဝတ္ထိပြည်သို့ ရောက်လာကုန်၏၊ ထိုအခါ သာဝတ္ထိပြည်၌ "သဗ္ဗမိတ္တ"မည်သော မင်းသည် မင်းပြုသတတ်၊ ထိုမင်းလည်း အဖျော်သမားနှစ်ယောက်တို့အား ချီးမြှောက်ထောက်ပံ့၍ "အဘယ်ဝတ္ထုဖြင့် သင်တို့အား လိုသနည်း"ဟု မေးသော် အဆောက်အဦဖြစ်သော ရှိရှား သံဖန်းခါး စသော သစ်သီး, သလေး, ဆန်မှုန့်, အိုးစရည်းငါးရာတို့ဖြင့် လိုပါသည်"ဟု ဆိုပြီးလျှင် ထိုအလုံးစုံကို ပေးစေ၏၊ ထိုနှစ်ယောက်သော အဖျော်သမားတို့သည် ငါးရာသော အိုးစရည်းတို့၌ သေကိုထည့်ပြီး၍ ကြွက်ဖေါက်မည့်ဘေးမှ ကြောက်သောကြောင့် အိုးကို စောင့်ရှောက်ခြင်းငှာ တလုံးတလုံးသော အိုး၏ အနီး၌တကောင်တကောင်သော ကြောင်ကို ဖွဲ့ချည်စေကုန်၏၊ ထိုကြောင်တို့သည် သေကျက်၍ သေဖိတ်သောအခါ အိုးစရည်းဝမ်းတို့မှ ယိုကျသော သေကို သောက်ကုန်လျက် ယစ်၍ အိပ်ပျော်ကုန်၏၊ ကြွက်တို့သည် လာပြီးလျှင် ကြောင်တို့၏နား,နှာခေါင်း,အစွယ်, အမြီးတို့ကိုခဲကုန်၏၊ကြောင်တို့သည် မလှုပ်ရကား သေသောက်၍ သေကုန်၏ ဟူသော အမှုတ်ဖြင့် မပြတ်မင်း၏ အမှု၌ ယှဉ်သော မင်းချင်း ယောကျ်ားတို့သည် မင်းအား ကြားလျှောက်ကုန်၏၊ မင်းလည်း ထိုသူတို့ကား အဆိပ်သမား ဖြစ်ကုန်လတ္တံ့ဟု နှလုံးပြု၍ ထိုသူ နှစ်ယောက်တို့၏ ဦးခေါင်းတို့ကို ဖြတ်စေ၏၊ ထိုသူနှစ်ယောက်တို့လည်း "အရှင်မင်းကြီးသေအရက်ပါ၊ အရှင်မင်းကြီး ချိုမြိန်ပါ၏"ဟု မြည်တမ်းလျက်သာ သေရှာကုန်၏။

တေ သုရံ ဝေဒ မခုရံ ဒေဝါသိ ဝိရဝန္တာဝ မရိံသု။
(ဇာတ်အဋ္ဌကထာ)

တေ၊ ထိုသုရာ ဝရုဏတို့သည်။ဒေဝ၊မင်းကြီး။သုရံ၊သေအရက်တည်း။ ဒေဝ၊မင်းကြီး။ မဓုရံ ချိုမြိန် ကောင်းမြတ်ပါ၊ ဣတိ၊ ဤသို့။ ဝိရဝန္တာဝ၊ မြည်တမ်းကုန်လျက် သာလျှင်၊ မရိံသု၊ သေရှာကုန်၏။

မင်းလည်း ထိုသူနှစ်ယောက်တို့ကို သတ်ပြီးလျှင် အိုးတို့ကို ခွဲဟု စေ၏။ ကြောင်တို့လည်း သေအရက် ပြယ်လျှင် ထ၍ ကစားကြကုန်၏၊ မင်းချင်းတို့လည်း ကြောင်တို့ကိုမြင်၍ မင်းအား ကြားကုန်၏၊ မင်းလည်းအကယ်၍ အဆိပ်ဖြစ်ငြားအံ့၊ ဤကြောင်တို့ သေကုန်ရာ၏၊ စင်စစ်မှာမူချိုမြိန်ကောင်းမြတ်သည်ဖြစ်ရာ၏၊ ထိုအဖျော်ကိုသောက်ကုန်အံ့ဟု မြို့အလုံးကို တန်ဆာဆင်စေ၍ မင်းရင်ပြင်၌ မဏ္ဍပ်ကန္နား ပြုပြီးမှ တန်းဆာ ဆင်အပ်သော မဏ္ဍပ်၌ စိုက်ဆောက်အပ်သော ထီးဖြူသောပလ္လင်ဝယ်နေပြီးလျှင် အမတ်အပေါင်းခြံရံလျက် သေအရက်ကိုသောက်ခြင်းငှာ အားထုတ်၏၊ ထိုအခါ သိကြားမင်းသည် အဘယ်သူတို့သည် မိဘကိုလုပ်ကျွေးခြင်းစသည်တို့၌ မမေ့မလျော့ကြကုန်သနည်း, သုစရိုက် သုံးပါးတို့ကို ဖြည့်ကြ ကုန်သနည်းဟု လောကကို ကြည့်ရှုလတ်သော် သေသောက်ခြင်းငှာ အားထုတ်၍ နေသော ထိုမင်းကို မြင်လေလျှင် အကယ်၍ ဤမင်းသည် သေသောက်တုံအံ့၊ အလုံးစုံ ဇမ္ဗူဒီပ ါကျွန်းသည်ပျက်စီးလတ္တံ့၊ အကြင်အခြင်းဖြင့် ပြုသည်ရှိသော် သေကို မသောက်လတ္တံ့၊ ထိုအခြင်းဖြင့် မင်းကို ငါပြုအံ့ဟု နှလုံးပိုက်၍ တလုံးသော သေအိုးကိုလက်ဝါးပြင်ဝယ် ထားပြီးမှ ပုဏ္ဏားအသွင်ဖြင့်လာ၍ မင်း၏ရှေ့ရှုကောင်းကင်၌ ရပ်လျက်''ဤအိုးကို ဝယ်ပါ''ဟု ဆို၏၊ ထိုအခါ သဗ္ဗမိတ္တမင်းက ထို အခြင်းအရာကို ဆို၍ ကောင်းကင်၌ရပ်သော ပုဏ္ဏားကိုမြင်သော် ''အရှင်ပုဏ္ဏားသည် အဘယ်အရပ်မှ လာသနည်း၊ အကြင်အိုးကို ဝယ်ပါဟု ဆို၏၊ ထို အိုးကား အဘယ်အိုးနည်း''ဟု မေး၏၊ ''ယင်းသို့ တပြီးကား အိုး၏ အပြစ်များကြောင်းကို နားထောင်တော်မူပါ''ဟုဆို၍ အရှင်မင်းကြီး....ဤအိုးကား ထောပတ်,ဆီ,ပျား,တင်လဲအိုးမဟုတ်၊ အကြင်သေကိုသောက်၍ ကမ်းပါး ချောက်သို့ ဦးစောက်ကျရာ၏၊ မစားကောင်းသော အဆိပ်ကိုစားရာ၏၊ ထိုသေဖြင့် ပြည့်သောအိုးတည်း၊ အကြင်သေကိုသောက်၍ အဝတ်မဝတ် အချည်းစည်း လှည့်လည် သွားလာ၏၊ ထိုသေဖြင့် ပြည့်သော အိုးတည်း၊အကြင်သေကို သောက်၍ စည်းစိမ်ဥစ္စာ၏ဆုံးရှုံးခြင်းကို ပြုတတ်၏၊ ထိုသေဖြင့် ပြည့်သော အိုးတည်း၊ အကြင်သေကို သောက်၍ အရှက်အကြောက်ကင်းခြင်းကို ပြု၏၊ ထိုသေဖြင့်ပြည့်သော အိုးတည်း၊ အကြင်သေကိုသောက်၍ ဒုစရိုက်သုံးပါးတို့ကိုပြု၏၊ ထိုသေဖြင့် ပြည့်သောအိုးတည်း၊ အကြင်သေကို -သာက်၍ ဒသဘာတိက ညီနောင် မင်းတို့သည် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊ ထိုသေဖြင့်ပြည့်သောအိုးတည်း၊ အကြင်

သေကို သောက်၍ အသုရာတို့သည် တာဝတိံသာနတ်ပြည်မှ လျှောကျ ကုန်၏၊ ထိုသေဖြင့် ပြည့်လော အိုးတည်း၊ ဤသို့အစရှိသည်ဖြင့် သေ၌ အပြစ်များကြောင်းကို များစွာဆို၏၊ ထိုသဗ္ဗမိတ္တမင်းသည် ပုဏ္ဏားဆိုတော စကားကိုကြားလျှင် သေ၏အပြစ်များကြောင်းကို သိ၍ ထိုစကားကိုနှစ် သက်ရကား ပုဏ္ဏားအား ချီးမွမ်းခြင်းကိုပြုလျက် "အရှင် ပုဏ္ဏား....သင် သည် ငါ၏ ဆွေမျိုး အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ မဟုတ်စေပဲ လျက် အစဉ်သနားသဖြင့် ငါ့အားများမြတ်သော အကျိုးစီးပွားကိုအလို ရှိပေသည်၊ သင့်စကားကို ငါလိုက်နာ၍ သင့်ကိုဆရာပြုအံ့၊ ဆရာ့အား တနှစ်လျှင်အခွန်တသိန်းထွက်သောရွာပေါင်းငါးရွာတို့ကိုလည်းကောင်း, ကျွန်မိန်းမတရာ ကျွန်ယောကျ်ားတရာတို့ကို လည်းကောင်း, ခုနစ်ရာသော နွားတို့ကိုလည်းကောင်း, အာဇာနည်မြင်းကသော ရထားဆယ်စီးတို့ကို လည်းကောင်း ဓါပေး၏၊ သင်သည် ငါ၏ဆရာပြုပါ"ဟု ဆို၏၊ ထိုစကား ကို ကြားလျှင်သိကြားမင်းလည်း ပုဏ္ဏား၏အသွင်ကို ပယ်ရှား၍ သိကြား ၏ အသွင်ကိုပြပြီးသော် မိမိကိုယ်ကိုသိစေလျက် ကောင်းကင်၌ရပ်၍ "ယခု မင်းကြီးပေးသမျှ အလုံးစုံကိုအကုန် သင်မင်းကြီးအား ငါပေး၏၊ ငါကား ပုဏ္ဏားမဟုတ် သိကြားတည်း၊ သင်မင်းကြီးအား အထူးထူး အပြားပြား များစွာမွန်မြတ်သော အရသာရှိသော ခဲဖွယ်ဘောဇဉ်ကိုစားပါ၊ သေ မသောက်ပါလင့်၊ သေသောက်ခြင်းမှ ကြဉ်ရှောင်၍ ဒုစရိုက်သုံးပါးတို့ကို ပယ်ရှားလျက် သုစရိုက်သုံးပါးတို့၌ မွေ့လျော်သည်ဖြစ်၍နတ်ပြည်သို့ ကပ် လော့"ဟု အဆုံးအမဩဝါဒပေး၍ မိမိနေရာတာဝတိံသာနတ်ပြည်သို့ ပြန် လေ၏၊ မင်းလည်း သိကြားမင်းဆုံးမတိုင်း သေမသောက်ပဲ သေအိုးတို့ကို ခွဲ၍ပစ်စေပြီးမှ သီလကိုခံယူ၍ အလှူပေးလျက် အထက်နတ်ရွာသို့ လား လေ၏၊ ဇမ္ဗူဒီပါကျွန်း၌လည်း ထိုအခါမှစ၍ သေသောက်ခြင်းသည် ပြန့် ပွားလေ၏၊ ဘုရားမြတ်စွာလည်း ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထို အခါသဗ္ဗမိတ္တမင်းကား ယခုအခါ အာနန္ဒာဖြစ်လာ၏၊ သိကြားမင်းကာ ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဤ၌ ပစ္စန္တရစ်မင်းနှင့်တကွ မြို့သူမြို့သားတို့သည် ဒဏ္ဍာဘေး,ဒုဂ္ဂတိဘေး တို့မှ ကြောက်၍ ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂ ကင်းချေသောကြောင့် သုရာ, ဝရုဏာဟု ဆိုအပ်သော အဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်းဖက်၍ သေအရက်ကို သောက်သလျှင် ဒဏ္ဍာဘေးတွေ့၍ မြို့အလုံးသည် ပျက်စီး

ချေ၏၊ ထို့အတူ ဗာရာဏသီတိုင်းကြီး ပြည်ကြီးလည်း ပျက်စီးတိမ်းယိမ်း ချေ၏၊ ထို့အတူ သာကေတပြည်ကြီးလည်း ပျက်စီး တိမ်းယိမ်း ချေ၏။ သိုရာ့ဝရုဏဟု ဆိုအပ်သော အရက်သမားနှစ်ယောက်တို့လည်း သာဝတ္ထိ ပြည်သို့ရောက်လျှင် မိမိတို့ပြုအပ်သော အကုသိုလ်ကံရင့်ရကား ဒုက္ခဘေး တွေ့လျက် အသက်ဆုံးရှုံးခြင်းသို့ ရောက်ရလေကုန်၏၊ သာဝတ္ထိပြည် သဗ္ဗ မိတ္တ မင်းမှာမူကား သိကြားမရှိ သြတ္တပ္ပသံဝေဂနှင့် ယှဉ်သောကြောင့် သေသောက်ခြင်းမှ ကြဉ်ရကား တိုင်းပြည်အလုံးစုံ ပျက်စီးခြင်းတည်းဟူ သော ဒုက္ခဘေး, အပါယ်ကျခြင်း တည်းဟူသော ဒုဂ္ဂတိဘေးတို့မှ ကင်း ဝေးလျက် အထက်နတ်ပြည်၌ ဖြစ်ရလေသတည်း၊ ဤသို့ သြတ္တပ္ပသံဝေဂ မရှိ၍ သေသောက်ခြင်း၌အပြစ်,သြတ္တပ္ပသံဝေဂနှင့် ယှဉ်၍ သေသောက် ခြင်းမှ ကြဉ်ရှောင်ခြင်း၌ အကျိုးကို မြင်သော ပညာရှိအပေါင်း သူတော် ကောင်းတို့သည် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကို နှလုံးသွင်း၍ ဤသေသောက်ခြင်းမှ ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏။

---

### ၃၄-သြတ္တပ္ပသံဝေဂ မပြည့်စုံ၍ သုရာမေရယတည်းဟူသော မကောင်းမှုကို ပြုသော အနာထပိဏ် သဌေးတူ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်း အောင်းမွေ့လျော် စံနေတော်မူသောအခါ အနာထပိဏ်သဌေး၏ တူကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကိုဟောတော်မူ၏၊ထိုအနာထပိဏ် သဌေး၏တူသည် မိဘတို့ သေလွန်သည်ရှိသော် မိဘတို့၏ အမွေအနှစ် ဖြစ်သော ကုဋေလေးဆယ် မျှလောက်သော ရွှေငွေဥစ္စာတို့ကို သေစာ အရက် သောက်စားသဖြင့် မျှားမကြာမီ အလုံးစုံကို ဖျက်ဆီးပြီးမှ ဦးရီး ဖြစ်သော သဌေးအထံသို့ လာ၏၊ ထိုအခါ သဌေးက "ချစ်သား....သင် သည် ဥစ္စာရွှေငွေ ကုဋေလေးဆယ် မျှလောက်ကို သေသောက်သဖြင့် ဖျက်ဆီးခြင်းသည် မသင့်တကား"ဟု များစွာ အပြစ်တင်ပြီးမှ တထောင် မျှလောက်သော ဥစ္စာကိုပေး၍ "ဤဥစ္စာဖြင့် သေမသောက်လင့်၊ ဖောက် ကား ရောင်းဝယ် ကုန်သွယ်ခြင်းကိုပြု"ဟု ဆိုဆုံးမ၍ လွှတ်လိုက်၏၊ သဌေး တူလည်း ထိုတထောင်မျှလောက်သော ဥစ္စာကို ခါးမှာဆောင်ယူ၍ သေ တင်းကုပ်သို့သွားပြီးလျှင်သေသောက်ကြူးတို့နှင့် အတူတကွသောက်စား၍

ကုန်လေ၏၊ ယင်းသို့ ကုန်ပြန်လျှင် တဖန် သဌေးအထံသို့ ပြန်လာ၏။ သဌေးကြီးလည်း ဆုံးမမြဲဆုံးမ၍ ငါးရာမျှလောက်သော အသပြာ တို့ကို ပေးလိုက်၏၊ သဌေးတူလည်း ရှေးနည်းဖြင့် သေတင်းကုပ်သို့ သွား၍ သောက်စားလျှင် များမကြာ ကုန်ပြန်လေ၏၊ယင်းသို့ကုန်လျှင်သဌေးကြီး ထံသို့ တဖန်လာမြဲလာပြန်၏၊ သဌေးကြီးလည်း ပုဆိုးကြမ်းနှစ်ထည်တို့ကို ပေး၍ လွှတ်လိုက်၏၊ ထိုပုဆိုးကြမ်း နှစ်ထည်တို့ကိုလည်း အရက်နှင့်လဲ လှယ်၍သောက်လေ၏၊ ယင်းသို့လျှင် သုံးကြိမ်တိုင်အောင်ချီးမြောက်မစ၍ ဆုံးမသွန်သင်သတည်း၊ လေးကြိမ်မြောက်တခါလာပြန်သော် လည်တိုင်၌ ကိုင်စေပြီးမှ အိမ်ဝသို့ နှင်ထုတ်စေ၏၊ ယင်းသို့ နှင်ထုတ်စေလျှင် ထိုသဌေး တူသည် ကိုးကွယ်ရာ မရှိရကား သူတပါးတို့၏ နံရံကိုမှီ၍ သေလေ၏၊ အသေကောင်ကိုခြေထောက်၌ ဆွဲငင်လျက်လွှင်ပသည့်သော့နှင့်၌ပစ်ကြကုန်၏၊ အနာထပိဏ်သဌေးသည်ဇေတဝန်ကျောင်းတော်သို့ သွားလျှင် မိမိတူ၏ အကြောင်းအလုံးစုံကို ဘုရားသခင်အားလျှောက်ထား၏၊ ဘုရားသခင် လည်း "သဌေးကြီး....ကုဋေလေးဆယ်သော ဥစ္စာရှေ့ငွေကို သေဖို့မျှ မလောက်သော ထိုသူ့ကို သင်သည်တထောင့်ငါးရာသောအသပြာ,ပုဆိုး ကြမ်းနှစ်ထည်မျှဖြင့် အဘယ်မှာ ရောင့်ရဲစေနိုင်အံ့နည်း။ ထိုသူအားရှေး အခါ ငါသည် အလိုခပ်သိမ်းကို ပေးတတ်သော အိုးကိုပေးသော်လည်း ရောင့်ရဲစေခြင်းငှာ မတတ်နိုင်" ဟုမိန့်တော်မူ၍ အတိတ်ကို ဆောင်တော် မူ၏။

ယွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ငါဘုရားအလောင်းတော်သည်သဌေးအမျိုး၌ဖြစ်၍ အရွယ် ရောက်က သဌေးအရာကိုရ၏၊ ထိုသဌေးအိမ်ဝယ်မြေ၌ မြှုပ်ထားအပ် သောဥစ္စာကားကုဋေလေးဆယ်မျှလောက်လျှင်များသတည်း၊ ထိုသဌေး ၏ သားကား တယောက်တည်းဖြစ်၍ ချစ်လှစွာ၏၊ထိုသဌေးကားများစွာ သော ဒါန၊ သီလ စသော ကောင်းမှုတို့ကိုပြု၍ သေလွန်သော အခါ တာဝတိံသာ၌သိကြားနတ်မင်းဖြစ်လေ၏၊ သဌေးသားကား အမိ အဖ တို့ သေလွန်လျှင် လှုင်ပြင်ဝှံယ်ထားသော ဥစ္စာတို့ကို သေအရက် သောက် ၍မလောက်ရကား မြှုပ်ထားအပ်သော ဥစ္စာ ကုဋေလေးဆယ်ကို မြေမှ ဖော်ထုတ်၍ သေတင်းကုပ်မဏ္ဍပ်ဆောက်စေပြီးလျှင် လူအပေါင်းများစွာ ခြံရံလျက် အရက်သေစာကို သောက်စား၏၊ အရက် ယစ်သည့် ဆစလ

ကျွမ်းသမား, ကချေသည် အစရှိသည်တို့အား တထောင် တထောင်မျှ လောက်သောဥစ္စာကိုပေးလျက်သေကြူးခြင်း,မိန်းမကြူးခြင်း,အန်ကြူး ခြင်း,ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူး ခြင်းသို့ရောက်လျက် အဘယ်အရပ်၌ ကခြင်းရှိသနည်း, အဘယ်အရပ်၌ သီခြင်းရှိသနည်း, အဘယ်အရပ်၌တီး မှုတ်ခြင်း ရှိသနည်းဟု ပွဲလမ်းသဘင်ကိုသာ လှည့်လည်ရှာလျက် မကြာ မြင့်မီ ကုဋေ လေးဆယ်မျှလောက်သော ဥစ္စာကို အတွင်းအပ အသုံး အဆောင်နှင့်တကွ ဖျက်ဆီးပြီးမှ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ ရောက်ရ ကား ပုဆိုးကြမ်းစုတ်ကို ဝတ်လျက် ခွက်လက်စွဲ၍ တောင်းစားရလေ၏။ ထ ဖြစ်သော မိုးသကြားလည်း သား၏ အကြောင်းကို ဆင်ခြင်လတ် သော် ဆင်းရဲငြိုငြင် ပင်ပန်းသောအဖြစ်ကိုသိရကား သား၏ ချစ်ခြင်းဖြင့် သာ၍ အလိုခပ်သိမ်းကို ပေးတတ်သော အိုးတလုံးကို ပေးပြီးလျှင်"ချစ် သား....အကြင် အခြင်းအရာဖြင့် ဤအိုးသည်မကွဲ၊ ထိုအခြင်း အရာဖြင့် ကောင်းစွာ စောင့်ရှောက်ပါ၊ ဤအိုးသည် မကွဲပဲ အမြဲတည်သော် သင် သားအား ဥစ္စာ၏အပိုင်းအခြား မည်သည် မဖြစ်လတ္တံ့၊ မရေ တွက် နိုင် သော ဥစ္စာကိုပေးတတ်သော အိုးတည်း၊မမေ့မလျော့ကောင်းစွာစောင့် ရှောက်ပါဟု မှာထားဆုံးမခဲ့ပြီးမှ မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်လည်တက်သွားလေ၏။ သဌေးသားလည်း ထိုအိုးကို ရသည်မှ စ၍ သောက်ချင်တိုင်း သေအရက်ကို သောက်စား၍ သွားလာ လှည့်ပတ်၏။ တနေ့သ၌ များစွာသော သေကိုသောက်လျက်အရက်ယစ်မူးသဖြင့် ရူးချေ သောကြောင့် ထိုအိုးတို့ပင် ကောင်းကင်သို့ ပစ်လျက် လက်ဖြင့်ခံ၍ကစား ချေ၏။ ယင်းသို့ ကစားလျှင်အရက်ယစ်ရကား မဖမ်းမိပဲ ချော်လွဲ၍မြေ၌ ကျလျှင် အိုးကွဲချေ၏။

ကုမ္ဘောဘူမိယံ မတိဘ္ဘာဘိဇ္ဇိ။
(ဇာတ်အဋ္ဌကထာ)

ကုမ္ဘော၊ အိုးသည်။ ဘူမိယံ၊ မြေ၌။ ပတိတ္ဘာ၊ ကျ၍။ ဘိဇ္ဇိ၊ကွဲ၏။

ထိုအိုးကွဲသည်မှစ၍ ဆင်းရဲမြဲ ဆင်းရဲသဖြင့် ပုဆိုးကြမ်းကို ဝတ်ပြီးမှ ခွက်လက်စွဲလျက်ထမင်းတောင်းစားသော် သူတပါးနံရံကိုမှီ၍သေလေ၏၊ ဘုရားမြတ်စွာသည် ဤမဟ္ဓဒေသနာကို ဆောင်တော်မူ၍ ထိုအခါအိုးကို ခွဲသော သေသောက်ကြူး သဌေးသားကား ယခုအခါ အနာထပိဏ် သဌေး၏တူ ဖြစ်လာ၏၊ သိကြားကား ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဤ၌သရေ့ေး၏တူသည်မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်ခြင်း ဩတ္တပ္ပ သံဝေဂ ကင်းသောကြောင့် သေအရက် သောက်စားလျှင် များစွာပျက်စီးခြင်းသို့ ရောက်ရလေသည်ကို ဆင်ခြင်၍ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့ကားများစွာ ပျက်စီးခြင်း၏ အကြောင်းဖြစ်သောသေ အရက်ကို မသောက်မစားပဲ ဩတ္တပ္ပ သံဝေဂ တရားကို နှလုံးထားလျက် သေအရက်သောက်စားခြင်းမှ ရှောင်ကြဉ်ကုန်ရာ၏။

## ၃၅-သုရာမေရယသည် ပါဏာတိပါတ စသည်တို့ထက် အပြစ်ကြီးကြောင်းကို ပြဆိုရာ

သေသောက်ခြင်း၏ အပြစ်ကားစည်းစိမ်ဥစ္စာ၏ ဆုံးရှုံးခြင်း,သူတပါး တို့နှင့် ခိုက်ရန်ဖြစ်ခြင်း, အနာရောဂါ၏ ထူပြောခြင်း, အကျော်အစော မရှိခြင်း, အရှက်အကြောက်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကိုမျှ မဖုံး လွှမ်းနိုင်ခြင်း, စီးပွားမဲ့ စီးပွားရှိကို သိတတ်သော ပညာ၏ ဆုတ်ယုတ် ခြင်း ဤခြောက်ပါးသော အပြစ်တို့ကို ပစ္စုပ္ပန်၌ပင် ရ၏ဟု သိင်္ဂါလော ဝါဒသုတ်၌ ဟောတော်မူသည်၊ စင်စစ်မှာမူကား ငါးပါးသီလတို့တွင် သုရာမေရယ မဇ္ဇပမာဒဋ္ဌာနသည်သာ လွန်စွာအပြစ်ကြီးသည်၊ ပါဏာတိ ပါတ စသည်တို့ကား ထို သုရာမေရယ မဇ္ဇပမာဒဋ္ဌာနလောက် အပြစ် မကြီး၊ အဘယ်ကြောင့်နည်း ဟူမူကား လူဖြစ်လျက်ပင်ရူးသွပ်သောအဖြစ် ကို ဖြစ်စေသဖြင့် အရိယာတို့၏ တရား၏ အန္တရာယ်ကိုပြုသောကြောင့် တည်း။

အပိ စေတ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံမေဝ မဟာသာဝဇ္ဇံ၊
န တထာ ပါဏာတိပါတာဒယော။ ကသ္မာ၊ မနုဿဘူတဿာပိ
ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယ ကရဏတော။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

အပိစ၊စင်စစ်သော်ကား။ ဧတ္ထ၊ ငါးပါးသီလတို့တွင်။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမေဝ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနသည်သာလျှင်။ မဟာ သာဝဇ္ဇံ၊ ကြီးသောအပြစ်ရှိ၏၊ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ စသည်တို့သည်။တထာ၊ထို့ဒေးတူ။မဟာသာဝဇ္ဇာ၊ကြီးသောအပြစ်ရှိကုန်သည်။ နဟောန္တိ၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ မနုဿ ဘူတဿာပိ၊လူဖြစ်လျက်လည်း။ ဥမ္မတ္တကဘာဝ သံဝတ္တနေန၊ရူးသွပ်သော

အဖြစ်ကို ဖြစ်စေသဖြင့်။ အရိယဝံသနုရာယ ကရဏတော၊ အရိယာတို့၏ တရား၏ အန္တရာယ်ကို ပြုခြင်းကြောင့်တည်း။

ဤအဋ္ဌကထာပါဌ်၏ အဓိပ္ပာယ်သော်ကား....အရိယာတို့၏ တရားဟူသည် အရိယကန္တဖြစ်သော ငါးပါးသီလပင်တည်း၊ အရိယာတို့သည် အရိယာတို့၏ အဖြစ်သို့ ရောက်ကုန်သည်ရှိသော် မိမိအသက်ကြောင့် သော်လည်း သူတပါးတို့၏ အသက်ကိုမသတ်, သူ့ဥစ္စာကိုမခိုး, သူ့သားမယား အိမ်ရာကို မပြစ်မှား, မုသားမဆို, သေအရက်ကိုမသောက်၊ ထို့ကြောင့် ငါးပါးသီလကို''အရိယကန္တသီလ''ဟု ဆိုသည်၊ သေအရက်ကိုသောက်သောသူကား ပုထုဇဉ်ဖြစ်၍သာ သောက်သည်၊ ယင်းသို့သောက်လျှင် ရှူးသွပ်ရကား သူ့အသက်ကိုလည်း သတ်၏၊ သူ့ဥစ္စာကိုလည်းခိုး၏၊ သူ့သားမယား အိမ်ရာကိုလည်း လွန်ကျူး၏၊မုသားလည်းဆို၏၊ သေအရက်ကိုလည်း သောက်၏၊ သေအရက်ယစ်မူး၍ ရူးသွပ်သောသူသည် ဘယ်အကုသိုလ်ကိုမျှ ကြောက်ရွံ့ ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ မရှိ၊ လွန်ကျူးသည်သာတည်း၊ ထို့ကြောင့် အရိယာတို့၏ တရား၏ အန္တရာယ်ကို ပြုတတ်ရကား သုရာမေရယမဇ္ဇပမာဒဋ္ဌာန သည်သာ အပြစ်ကြီး၏ဟု အဋ္ဌကထာဆရာတို့ ဆိုကုန်သည်၊ အောက် မုသာဝါဒ၌ ''နတ္ထိ ပါပံ အကာရိယံ''ဟု ဟောတော်မူသည်မှာ မုသာဝါဒသည် ပါဏာတိပါတ စသည်တို့ထက် ထက်မြက်လွန်ကဲစွာ သာလွန်၍ အကျိုးပေးသောကြောင့် မုသာဝါဒကို ချီးမြှောက်သောအားဖြင့် ဟောတော်မူသည်၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ကဲ့သို့ တပါးသော အကုသိုလ်ကို ဖြစ်စေနိုင်သောကြောင့် ဟောတော်မူသည် မဟုတ်။

ဤသည်ကား မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကင်းသောကြောင့် သုရာမေရက မဇ္ဇပမာဒဋ္ဌာန် အမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။

သြတ္တပ္ပ သံဝေဂ မရှိသောကြောင့် ငါးပါးသီလကို
လွန်ကျူးကုန်သော သူတို့၏ ဝတ္ထုသက်သေ
အမြွက်ကား-ပြီး၏။

(ဇါတာတိပါတမှ ကြည့်ခြင်း)

၃၆-ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့်
ပါဏာတိပါတ အမှုကို ကြဉ်ရှောင်ခဲ့ဖူး၍
အသက်ရှည်သော ယောသက သင္ဘေးသား ဝတ္ထု။

ယခုအခါ ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ မကောင်းမှုကို ကြဉ်ရှောင်ကုန်သော သူတို့၏ ဝတ္ထုသက်သေကိုပါဠိ, အဋ္ဌကထာလာတိုင်း စိုးစဉ်းထုတ်ပြပေအံ့၊ လွန်လေပြီးသောအခါ ငါတို့ဘုရားသဗ္ဗညုမှင့်တော် မမူမီ ကာလအတန်ကြာက အလ္လကပ္ပတိုင်း၌ ငတ်မွတ် ခေါင်းပါးရကာ အသက်ရှင်ခြင်းငှါး မတတ်နိုင်သောကြောင့် "ကောတူဟလက" အမည်ရှိသော ယောကျ်ားတယောက်သည် "ကာဠီ" အမည်ရှိသော မယားနှင့် သားငယ်တို့ကို ခေါ်ယူပြီးလျှင် ကောသမ္ဗီပြည်သို့ သွား၍အသက်မွေးအံ့ ဟု နှလုံးပြု၍ အနည်းငယ်သော လမ်းခရီးရိက္ခာကိုယူလျက် ထွက်ခဲ့၏။

(အဟိဝါတ အနာကြောင့် များစွာသော လူတို့ သေသည်ကို မြင်သဖြင့် ထွက်ခဲ့သည် ဟူ၍လည်း ဆိုကြကုန်၏။)

ထို လင်မယား သားအမိ သုံးယောက်ဘို့သည် သွားကြ၍ ခရီးလမ်း အကြားဝယ် ရိက္ခာကုန်လတ်သော် မွတ်သိပ်ရကား သားငယ်ကို ဆောင်ခြင်းငှါးမတတ်နိုင်ကုန်၊ ထိုအခါ လင်ယောကျ်ားက မယားကို ဤသို့ ဆို၏၊ "အဘယ်မိန်းမ....ငါတို့အသက်ရှင်က သားမျိုကို ရကုန်လတ္တံ့၊ ယခု ပင်ပန်းသောအခါ ငယ် သားငယ်ကို စွန့်ခွါ၍ အလွတ်သာ သွားကုန်အံ့"ဟု ဆို၏၊ အမိ၏နှလုံးသည်သားသမီးတို့၌သာလွန်၍ နူးညံ့ရကား.... "အသက်ရှင်လျက်ကို စွန့်ပစ်ခြင်းငှါ မတတ်နိုင်"ဟု ဆို၏၊ "ယင်းသို့ မတတ်နိုင်သော် အဘယ်သို့ ဆောင်ရည်နည်း"ဟု လင်က မေးသော် "အလှည့်အလည် ဆောင်ကုန်အံ့"ဟု ဆို၍ဆောင်ကြလေလျှင်မိခင်သည် မိမိအလှည့်ကျသည်ကာလ သားငယ်တုံးကို ပန်းကုံး၊နန်းဆိုင်းကဲ့သို့ ချီပိုက်ပြီးလျှင် ရင်ဝယ်အိပ်စေ၍ ရင်ခွင်ဖြင့် ရွက်ဆောင်လျက် အဖအားပေး၏၊ အဖမူကား သားကိုချီကာမျှဖြင့် ငတ်မွတ်လှသော ဘေးကြောင့် မိန်းမ အား သားကိုစွန့်ပစ်ရအောင် ထပ်ကာ ထပ်ကာ ဆိုပါသော်လည်း အလို ကိုပယ်ရှား၍ စကားတုံ့ကိုမျှမပေးပဲနေလေ၏၊ သားငယ်လည်း အလှည့် အလည်ချီဆောင်လျှင် ပင်ပန်းရကား အဖ၏ ရင်ခွင်ကြားဝယ် အိပ်ပျော်

လေ၏၊ ယင်းသို့အိပ်ပျော်သည်ကို သိလျှင် မိခင်ကို ရှေသွားစေ၍ အဖကားနောက်ကလိုက်လျက်သားငယ်ကိုချုံရိပ်၌ သိပ်ထားခဲ့၍ သွားလေ၏၊ မယား လည့်၍ကြည့်လျှင် သားငယ်ကို မမြင်ရကား "ငါ့သားအဘယ်မှာနည်း" ဟုမေး၍ ချုံရိပ်၌သိပ်ထားခဲ့ကြောင်းကိုဆိုလျှင်မိခင်က "သားနှင့်ကင်းလျက် အသက်ရှင်ခြင်းငှါငါမစွတတ်နိုင်၊ ငါ့သားကို ဆောင်ပါချေ" ဟု လက်ဖြင့် ရင်ဘတ်ကို ခတ်တီးလျက် ငိုကြွေး၏၊ယင်းသို့ ငိုကြွေးသည့်ကာလ ပြန်၍ဆောင်ရလေ၏၊ဤသို့လျှင် ထိုယောကျ်ားသည် လမ်းကြား၌သားငယ်ကို စွန့်ပစ်ခဲ့ဖူးသော မကောင်းမှု၏အကျိုးကြောင့်ဘဝတပါး၌မိမိအားသူတပါးတို့သည် ခုနစ်ကြိမ်တိုင်အောင် ပစ်စွန့်လတ္တံ့၊ မကောင်းမှုဟူသည် အနည်းငယ်မျှတကားဟုလားလား မထီးမဲ့မြင် မပြုအပ်။

ပါပကမ္မံ နာမေတံ အပ္ပကန္တိ န အဝမညိတဗ္ဗံ။

ဧတံပါပကမ္မံနာမ၊ဤမကောင်းမှု မည်သည်ကို။အပ္ပကန္တိ အနည်းငယ်တကား ဟု။နအဝမညိတဗ္ဗံ၊မထီမဲ့မြင် မပြုအပ်။

ထိုလင်မယားတို့သည် သားငယ်ကိုဆောင်ကုန်လျက်ပင်ပန်းစွာ သွားကြကုန်သော် တခုသော နွားကျောင်းသားရွာသို့ ရောက်လေ ကုန်၏၊ ရောက်သည့်နေ့၌ပင်နွားရှင်နွားကျောင်းသားအားနွားမ မင်္ဂလာသည်ဖြစ်သတည်း၊ပစ္စေကဗုဒ္ဓါတပါးလည်း နွားကျောင်းသားအိမ်၌ မပြတ် ဆွမ်းဖုန်းပေး၏၊ နွားကျောင်းသားသည် များလှစွာသော ပါယာသဘတ်ကိုစီရင်ပြီးလျှင် ဆရာပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေး၍မင်္ဂလာပြု၏။ထိုလင်မယားသားအမိတို့ကို နွားကျောင်းသားမြင်လေသော် "အဘယ်အရပ်မှ အဘယ်အကြောင်းကြောင့် လာကြကုန်သနည်း" ဟု မေးလျှင်အကြောင်းအလုံးစုံကို အကုန်ကြား၍နူးညံ့သော သဘောရှိသော အမျိုးသားသည် ထိုလင်မယားသားအမိတို့၌ အစဉ်သနားသဖြင့် များစွာသောထောပတ်ဃနာကိုပေးစေ၏၊ မယားလည်း "သခင်....သင်အသက်ရှင်ကငါရှင်သည် မည်၏၊ ခုနစ်ရက်ကျော် ရှစ်ရက်ခန့်ကာလတွင် ဝအောင်မစားရသော သခင့်အားအလိုရှိတိုင်းစားပါ" ဟု ဃနာထောပတ်ကိုလင်သို့ ရှေးရှု၍သာတွန်းဘိ၍မိမိကား အတန်ငယ်သာ စား၏၊ လင်ယောကျ်ားသည် များစွာ စားပါသော်လည်း ငတ်မွတ်ခြင်းအာသာဖြင့် တဏှာကို မဖျောက်နိုင်လေ၊ နွားကျောင်းသားလည်း ထိုသူ့အား ပေးပြီးမှ မိမိစားခြင်းငှါ အားထုတ်၏၊ ကောတူဟလက အမည်ရှိသော ယောကျ်ားလည်း နွားကျောင်းသားကို



ခွေး, ကျီး, လင်းတ တို့ဖြင့် ဝိုင်းရံသည်ကား အဘယ်နည်းဟု သွား၍ စူးစမ်းလျှင်.... ၁၂၅

ကြည့်လျက်နေသော် အင်းပျဉ် အောက်ဝဲယ် နေ်သော ခွေးမအား နွား ကျောင်းသားသည် ခူးပေးအပ်သော ဃနာခဲကို မြင်လျှင် ဤခွေးကား ဘုန်းရှိစွ၊ မပြတ်လျှင် ဤသို့သဘောရှိသော ဘောဇဉ်ကိုရ၏ဟု ကြံ၏၊ထို ယောကျ်ားသည် ညဉ့်အခါ ဃနာကိုခြေကြေစေခြင်းငှာ မစွမ်းနိုင်ရကားသေ ပြီးလျှင် ခွေးမဝမ်းတွင် ပဋိသန္ဓေနေလေ၏၊ ထိုယောကျ်ား၏ကာဠီအမည် ရှိသောမယားလည်း လင်အား သင်္ဂြိုဟ်ပြီးလျှင် ထိုအိမ်၌ အခစား လုပ်၍ ရသော ဆန်တကွမ်းစားကို ချက်ပြီးမှ ပစ္စေကဗုဒ္ဓါ၏သပိတ်၌ထည့်ပြီးလျှင် "အရှင်ဘုရားဤဒါန၏အဖို့ အာနိသင်သည်အရှင်ဘုရားတို့၏ ကျွန်အား ရောက်ပါလေစေ"ဟု အမျှဝေ၏၊ယင်းသို့ဝေပြီးမှ ထိုမိန်းမ ကြံသည်မှာ ငါကား ဤအိမ်၌ပင် နေခြင်းငှါ သင့်မြတ်၏၊မပြတ်ပင် အရှင်ဘုရားသည် ဤအိမ်သို့ကြွလာ၏၊ လှူဖွယ်ဝတ္ထုရှိသည်ဖြစ်စေ,မရှိသည်ဖြစ်စေ နေ့တိုင်း ရှိခိုးလျက် အမှုကြီးငယ်ကိုရွက်ဆောင်၍ ကြည်ညိုသော ငါ့အား များစွာ ကောင်းမှု ကုသိုလ်သည် ပွားပါလတ္တံ့ဟု နှလုံးပြု၍ ထိုအိမ်၌ အခစား လုပ်ကိုင်လျက်နေ၏၊ထိုခွေးမသည် ခြောက်လ လည်းကောင်း, ခုနစ်လ လည်းကောင်း လွန်သော် ခွေးငယ်တခုကို ဖွားမြင်လေ၏၊ ခွေးရှင်နွား ကျောင်းသားလည်း ခွေးငယ်အား နွားမတခု၏နို့ကိုတိုက်၍ မကြာမြင့်မီ ကြီးပွားစေ၏၊ထိုအခါပစ္စေကဗုဒ္ဓါဘုရားသည် ဆွမ်းစားလတ်သော် တခု တခုသော ထမင်းခဲကို အမြဲလျှင် ခွေးငယ်အားပေးစေ၏၊ ခွေးငယ်လည်း ထမင်းခဲကိုအမှီပြု၍ပစ္စေကဗုဒ္ဓါ၌ချစ်ခြင်းကိုပြု၏၊နွားကျောင်းသားလည်း တနေ့နှစ်ကြိမ်ပစ္စေကဗုဒ္ဓါအားခစားဆည်းကပ်၏၊အခစားသွားလတ်သော် လမ်းကြား သားရဲရှိရာအရပ်၌ လှန်ကန်ဖြင့် ချုံတို့ကိုလည်းကောင်း မြေ ကြီးကိုလည်းကောင်း ပုတ်ခတ်လျက် သူသူဟူသောအသံကို သုံးကြိမ်တိုင် အောင်ပြုပြီးမှသားရဲဟူသမျှကို ပြေးစေ၏၊ခွေးငယ်လည်းသခင်နှင့်အတူပင် သွား၏၊နွားကျောင်းသားလည်းတနေ့သ၌ပစ္စေကဗုဒ္ဓါကို"အရှင်ဘုရား.... အကြင်အခါ အကျွန်ုပ်အား အားလပ်သောအခွင့်မရှိ၊ထိုအခါ ဤခွေးကို စေပါအံ့၊ထိုခွေးငယ်လာသော အမှတ်ဖြင့် အရှင်မြတ်သည်ကြွတော်မူပါ" ဟု လျှောက်၏၊ထိုအခါမှစ၍ မိမိမအားလပ်သောနေ့၌ "ချစ်သား....သွား ချေ၊အရှင်ဘုရားကိုပင့်ချေ"ဟု ခွေးငယ်ကိုပင်စေ၏၊ ခွေးငယ်လည်းတခွန်း တည်းသောစကားဖြင့် ပြေသွား၍ အရှင်ပုတ်ခတ်သော အရပ်၌ သုံးကြိမ် တိုင်အောင်ဟောင်ပြီးလျှင်သမင်သားရဲဘို့ကိုပြေးစေပြီးသော်ပစ္စေကဗုဒ္ဓါ

အထံသို့လာပြီးမှတံခါးဝ၌ သုံးကြိမ်တိုင်အောင်ဟောင်လျက် မိမိလာသော အဖြစ်ကိုသိစေ၍အိပ်၏၊ ပစ္စေကဗုဒ္ဓါလည်း အခါကိုမှတ်လျက် ထွက်လတ်သော်ကျောင်းမှခွေးလည်းဟောင်လျက် ရှေ့နားက သွား၏၊ ပစ္စေကဗုဒ္ဓါ ဘုရားလည်း ကြိုးကြားကြိုးကြား ခွေးငယ်ကို စုံစမ်းသောအားဖြင့် တပါးလမ်းကို ကြွတော်မူ၏။

ထိုအခါ ရှင်ပစ္စေကဗုဒ္ဓါ၏ ရှေ့က ဖိလာကန့်လန့်ရပ်လျက် ဟောင်ပြီးမှလမ်းမှဟုတ်သည်သို့ ထင်၏၊ တနေ့သ၌ခရီးတပါးသို့သွားသည်ရှိသော် ထိုခွေးသည် ဖိလာကန့်လန့်ရပ်၍ မြင်သော်လည်း မနစ်ပဲ ခွေးကိုခြေဖြင့် ပယ်ရှား၍ သွားတော်မူ၏၊ ခွေးလည်း ပစ္စေကဗုဒ္ဓါ၏မနစ်သောအဖြစ်ကို သိလျှင် နစ်စိမ့်သောငှာ သင်းပိုင်စွန်း၌ကိုက်၍ ငင်ဆွဲလျက် ခရီးမှန်သို့တင်၏၊ ဤသို့လျှင်ထိုခွေးသည် ပစ္စေကဗုဒ္ဓါ၌ ပြင်းစွာချစ်သတည်း၊ နောက်အခါ ပစ္စေကဗုဒ္ဓါအားသင်္ကန်းရိနွမ်းသောကြောင့် နွားကျောင်းသားကသင်္ကန်းလျာ ပုဆိုးကိုလှူ၏၊ ပစ္စေကဗုဒ္ဓါလည်း "တကာ သင်္ကန်းဟူက တယောက်အထီးတည်းပြုခြင်းငှာခဲ၏၊ သို့ဖြစ်၍ ချမ်းသာသောအရပ်သို့ သွား၍ပြုအံ့" ဟုဆို၏၊ နွားကျောင်းသားက ဤအရပ်တွင်သာ ပြုတော်မူပါဟု လျှောက်လျှင် သည်တွင် မတော်ကောင်းဟု မိန့်ဆိုသော် "ယင်းသို့တပြီးကားအရှင်ဘုရား....တပါးအရပ်မှာမကြာပါစေလင့်" ဟု ဆို၏၊ ခွေးလည်းထိုစကားနားထောင်လျက် အနီး၌နေ၏၊ ပစ္စေကဗုဒ္ဓါလည်း နွားကျောင်းသားကို နှစ်သိမ့်စေပြီးလျှင် ကောင်းကင်းသို့ ပျံတက်၍ ဂန္ဓမာဒန တောင်သို့ ရှေးရှုကြွတော်မူ၏။

ခွေးလည်းကောင်းကင်ဖြင့် ပျံသွားသော ပစ္စေကဗုဒ္ဓါကို ကြည့်လျက် မျက်စိမြင်ကောင်းသောအရပ်ကို ရှင်ပစ္စေကဗုဒ္ဓါလွန်လျှင် နှလုံးကွဲခဲ့၏။ ယင်းသို့ ကောက်ကျစ်သောသဘော မရှိရကား နှလုံးကွဲ၍ သေလျှင် တာဝတိံသာ နတ်ပြည်၌ နတ်သမီးတထောင် ခြံရံလျက် ကြီးစွာသော နတ်စည်းစိမ်ကို စံရလေ၏၊ ထိုနတ်သား၏နားရင်း၌ အပ်၍ တိုးတိုးပြောဆိုသောအသံသည် တဆယ့်ခြောက်ယူဇနာသောအရပ်ကို ပျံ့နှံ့၏၊ ပကတိသောအသံသည် ယူဇနာတသောင်းရှိသော တာဝတိံသာကို လွှမ်းမိုး၏၊ ထို့ကြောင့် "ဃောသက" နတ်သားဟု အမည်တွင်၏၊ အဘယ်ကံ၏ အကျိုးကြောင့် ဤနတ်သားအား ဤသို့သော အသံနှင့်ပြည့်စုံသနည်းဟူမူ ပစ္စေကဗုဒ္ဓါ၌ ချစ်သဖြင့် ဟောင်သောကံ၏ အကျိုးကြောင့်တည်း။

ပစ္စေကဗုဒ္ဓေ ပေမေန ဘုက္ကရဏာယ နိယာန္တေ၊

ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါ၌။ ပေမေန၊ ချစ်သဖြင့်။ ဘုက္ကရဏာယ၊ ဟောင်ခြင်း၏။ နိယာန္တေ၊ ဆောင်ကျဉ်းတည်း။

ထိုနက်သားသည် နတ်ပြည်၌ ကာလ အမြင့်အရှည် မတည်ပဲ စုတေခဲ့၏၊ နတ်တို့သည်....

အသက်၏ ကုန်ခြင်း အယုက္ခယ, ကောင်းမှု၏ ကုန်ခြင်း-ပုညက္ခယ, အာဟာရ၏ ကုန်ခြင်း-အာဟာရက္ခယ, အမျက်ထွက်ခြင်း-ကောပ၊ ဤလေးပါးသောအကြောင့်တို့ကြောင့် နတ်ပြည်မှ စုတေကြကုန်၏၊ ထိုလေးပါးတို့တွင်....အကြင်နတ်သားသည်များစွာကောင်းမှု ကုသိုလ်ကိုပြုအပ်၏၊ ထိုနတ်သားသည် နတ်ပြည်၌ ပဋိသန္ဓေနေပြီးမှ အသက်ထက်ဆုံး လည်၍ စုတေမှု အာယုက္ခယအားဖြင့် စုတေသည် မည်၏၊ အကြင်နတ်သားသည် အနည်းငယ်သော ကောင်းမှု ကုသိုလ်ကိုပြုအပ်၏၊ထိုနတ်သားသည် ကျီ၌ ထည့်အပ်သော လေးကွမ်းစားမျှလောက်သောစပါးသည် အကြား၌ ကုန်သကဲ့သို့ အသက်အပိုင်းအခြား၏ အတွင်း၌ စုတေမှု ပုညက္ခယ အားဖြင့် စုတေသည် မည်၏၊ အချို့သော နတ်သားသည် ကာမဂုဏ်ကိုခံစားသည်ရှိသော် သတိတွေဝေသဖြင့် အာဟာရကို မစားမိသောကြောင့် စုတေမှု အာဟာရက္ခယအားဖြင့် စုတေသည် မည်၏၊ အချို့သော နတ်သားသည် သူတပါးစည်းစိမ်ကို မြင်လျှင် သည်းမခံနိုင်ပဲ အမျက် ထွက်သောကြောင့် စုတေမှု ကောပအားဖြင့် စုတေသည်မည်၏။

ဤဃောသက နတ်သားကားအာဟာရက္ခယ အားဖြင့်စုတေပြီးလျှင် ကောသမ္ဗီပြည်ဝယ် ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေနေလေ၏၊ အမိ ပြည့်တန်ဆာမသည် လစေ့၍ သားဖွားလတ်သော် ကျွန်မကိုခေါ်၍ "ရှင်မ.... ဤသတို့သားကို စကောပဲ့ တွင်တင်၍ အမှိုက်စုမှာ ပစ်ပါချေ"ဟုစေ၏၊ အဘယ်ကြောင့်နည်းဟူမူ.... ပြည့်တန်ဆာမတို့သည် သမီးကိုကားမိမိအနွယ် အဆက်နှင့် စပ်သောကြောင့် သုတ်သင် မွေးကျွေးကုန်၏၊ သားကိုကား၊ မလိုကုန်၊ ထို့ကြောင့် စွန့်ပစ်စေသတည်း၊ သူငယ်ကို ခွေး, ကျီး,လင်းတ တို့သည် အဝေးကသာ ရံ၍နေကုန်၏၊ ပစ္စေက ဗုဒ္ဓါ၌ ချစ်သဖြင့်ဟောင်သော ကံ၏အကျိုးကြောင့် တိုးချဉ်း၍ ထံနီးသို့ မကပ်ဝံ့ကြကုန်၊ ထိုအခါ လူတယောက်သည် အိမ်မှ အပသို့ထွက်သွားလေသော် ခွေး ကျီး,လင်းတ တို့ဖြင့် ဝန်းရံသည်ကား အဘယ်နည်းဟု သွား၍ စူးစမ်းလျှင် သူငယ်မြင်

၍ သား၏ချစ်ခြင်းကို ရလျက် ငါ့အားသားရသည်ဟု ဆိုပြီးလျှင် အိမ်သို့ ဆောင်လေ၏၊ ထိုအခါ ကောသမ္ဗီသဌေးသည် မင်းအား ခစားခြင်းငှာ သွားလေသော် မင်းအိမ်မှ ပြန်လာသော ပုရောဟိတ်ပုဏ္ဏားကို တွေ့၍ "အသို့နည်း ဆရာ…ယနေ့ နိမိတ်အစီအရင်ကို ပြုတတ်သော နက္ခတ်နှင့် ယှဉ်ခြင်းကို သင်ဆရာသည် ကြည့်ပါ၏လော"ဟု မေး၏၊ "ကြည့်ပါ၏ မဟာသဌေးကြီး"ဟု ဆိုသော် "ယင်းသို့ တပြီးကား….ဆရာငါတို့အား တပါးကိုစွ အဘယ်သို့ဖြစ်လတ္တံ့ နည်း, ဇနပုဒ်အား အဘယ်သို့ ဖြစ်လတ္တံ့ နည်း"ဟုမေး၏၊ ထိုအခါ ဆရာပုရောဟိတ်က "ငါတို့အား တပါးကိုစွ မရှိ၊ စင်စစ်မှဝမူ ဤပြည်ဝယ် ယနေ့ဖွားသော သတို့သားကား ထင်ရှား သော သဌေးကြီးဖြစ်လတ္တံ့"ဟု ဆို၏၊ ထိုအခါ သဌေး၏ မယားသည် ရင့်မာသော ကိုယ်ဝန်ရှိရကား "ဖွားမဖွားကို လျင်မြန်စွာ ကြည့်ချေ"ဟု နောက်ပါလူတို့ကို စေ၏၊ မဖွားချေသေးဟုဆိုသောစကားကို ကြားလျှင် ပြည့်ရှင်မင်းအား ဖူးမြင်ခဲ့ပြီးမှ လျင်မြန်စွာ အိမ်သို့လာ၍ ကာဠီ အမည် ရှိသော ကျွန်မကို ခေါ်ဆောင်၍ အသပြာတထောင်ပေးပြီးလျှင် "ရှင်မ သွားချေ၊ ဤပြည်မှာ ရှာဖွေစူးစမ်း၍ ယနေ့ဖွားသော သူငယ်ကို ဝယ် ဆောင်ချေ၊" ဟုစေ၏၊ ကာဠီကျွန်မလည်း စူးစမ်းလျက် ထိုအိမ်သို့သွား လျှင်သူငယ်ကိုမြင်၍ "ဤသူငယ်သည် အဘယ်ကာလ၌ ဖွားသနည်း" ဟု အိမ်ရှင်တို့ကို မေးလျှင် ယနေ့ပင် ဖွားသည် "ဟု ဆိုသော်"ငါ့အား ဆောင်းပါ"ဟု တသပြာကို အစထား၍ အဖိုးကိုပွားစေလျက် တထောင် တိုင်အောင် ပေးပြီးမှ သဌေးအားပြ၏၊ သဌေးလည်း အကယ်၍ ငါ့အား သမီးဖွားမူ သူ့ကိုငါ့သမီးနှင့်ပေးစား၍သဌေးကြီးအရာကိုဆောင်နှင်းမည် အကယ်၍ သားဖွားမူထိုသူ့ ကိုလူမသိအောင်သတ်မည်ဟု အကြံနှင့်မွေး ကျွေး၏ သဌေးကတော်လည်း နှစ်ရက် သုံးရက်လွန်လျှင် သားပင်ဖွားလာ ၏၊ထိုအခါ သဌေးသည် ဤသူရှိက ငါ့သားသဌေးအရာကိုမရရာ ဤသူ မရှိမှရမည်၊ ယခုပင် ဤသူ့ကို သတ်မှသင့်မည်ဟု ကြံ၍ ကာဠီ ကျွန်မကို ခေါ်ပြီးလျှင် ရှင်မကာဠီ….သွားချေ၊ ခြံမှ နွားတို့ ထွက်သည်ကာလ ဤ သူငယ်ကို ခြံဝ၌ ဗီလာကန့်လန့် အိပ်စေမူ နွားနင်း၍ သေလတ္တံ့၊ ထိုသူ၏ သေ မသေကို သိပြီးမှ လာခဲ့"ဟု မှာလိုက်၏၊ကာဠီ ကျွန်မလည်းသွား၍ နွားကျောင်းသား ခြံဝကို ဖွင့်ကာမျှဝယ် ထိုသူငယ်ကို ခြံဝ၌ ပက်လက် သိပ်၏၊ နွားအပေါင်း၏ ခေါင်းအကြီးဖြစ်သောဥသဘသည် တပါးသော

နေ့၌ နောက်မှ ထွက်လျက်ထိုနေ့၌ကား နွားခပ်သိမ်းတို့၏ ရှေးဦးစွာထွက်လာ၍သူငယ်ကို ခြေလယ်ကြားဝယ်ထားလျက် ရပ်၏၊ အရာအထောင်မကသော နွားအပေါင်းတို့သည် ဥသဘ၏ နံပါးနှစ်ဘက်တို့ကို ပွတ်သပ်လျက် ထွက်ကြကုန်၏၊ နွားကျောင်းသားလည်း ဤဥသဘသည် ရှေးကာလ၌မူနောက်မှထွက်လျက် ယနေ့ကားရှေ့ဖျားထွက်သွား၍ တံခါးဝ၌ မတုန်မလှုပ် ရပ်သည်ကား အကြောင်း အသို့နည်းဟုကြံ၍သွားလျှင် နွားအောက်တွင် သူငယ်ကိုမြင်၍ ဤသည်လျှင် ငါ့သားတည်းဟု သား၏ ချစ်ခြင်းဖြင့် အိမ်သို့ ဆောင်လေ၏၊ကာဠီကျွန်မလည်း ထိုအကြောင်းကိုသွား၍ သဌေးအားကြားလတ်သော် သဌေးလည်း "သွားချေ၊တထောင်ပေး၍ယူချေဦး"ဟု စေသောကြောင့် တဖန် တထောင်ပေး၍ ရွေးရပြန်လေ၏၊ ထိုအခါ ကျွန်မကို သဌေးဆိုသည်ကား—ရှင်မ ကာဠီ၊ဤပြည်ဝယ် လှည်းသား ငါးရာတို့သည် နံက်ဖြန်ခါနံနက်စောစောထ၍ကုန်သွယ်ခြင်းငှာသွားကုန်လတ္တံ့၊ သင်သည် ဤသူငယ် ဆောင်သွား၍ လမ်းကြား လှည်းကြောင်း၌ အိပ်စေလော့၊ နွားသော်လည်း နင်းလတ္တံ့၊ လှည်းဘီးသော်လည်း ဖြတ်လတ္တံ့၊သေမသေကိုသိခါမှ လာလှည့်"ဟုမှာလိုက်၏၊ ကျွန်မကာဠီလည်း သဌေးဆိုတိုင်း ပြု၏၊ ထိုအခါ လှည်းသားကြီးသည် ရှေ့ကိုသွား၍ နွားများကို နှင်လေသော် နွားတို့သည် ထိုအရပ်သို့ ရောက်လျှင် လှည်းဦးကို စွန့်ကုန်၏၊ အဖန်တလဲလဲ က၍ နှင်ပါသော်လည်း ရှေ့သို့ မသွားကုန်၊ ယင်းသို့ မသွား၍ လုံ့လ ပြုစဉ်ပင် နေအရုဏ် တက်သောကြောင့် အဘယ်အကြောင်းတို့နည်းဟု လမ်းခရီးကို ကြည့်လတ်သော် သူငယ်ကိုမြင်၍ သို့စဉ် ဝိုန်လေးသောအမှုကိုပြုမိသည်ဟုကြံလျက် ငါ့အားသားရသည်ဟု နှစ်သက်ဝမ်းမြောက်စွာ ကောက်ယူ၍ အိမ်သို့ဆောင်လေ၏၊ ကာဠီကျွန်မလည်း ထိုအကြောင်းကို သဌေးအား ကြားလတ်သော် ရှေးနည်း တထောင်ပေး၍ ဆောင်စေပြန်၏၊ ယခုအခါ ထိုသူငယ်ကို သူကောင်ပစ်ရာ သုသာန်သို့ ဆောင်သွား၍ ချုံကြားဝယ် အိပ်စေလော့၊ထိုသုသာန်၌ ခွေးမူလည်း ခဲလတ္တံ့, ဘီလူးမူလည်း စားလတ္တံ့၊ သေမသေကိုသိခါမှ လာပါလှည့်"ဟု မှာလိုက်၏၊ ထိုကာဠီ ကျွန်မလည်း သဌေးဆိုတိုင်း သုသာန်၌ ထားလေ၏၊ ထိုသူငယ်ကို ခွေး, ကျီး, လင်းတသည်လည်းကောင်း, ဘီလူးသည်လည်းကောင်း မချဉ်းကပ်ဝံ့၊ ထိုသူငယ်အား မိဘ ညီသား အစ်ကိုစသည်တို့တွင် တစုံတယောက်မျှ စောင့်ရှောက်မည့်သူ မရှိပဲလျက် ထိုသုသာန်လယ်ဝယ် အဘယ်သူ စောင့်ရှောက်သောကြောင့် ခွေး, ညွှန့်စသမေး၂၁။

ကျိး,လင်းတို့ မချဲဉ်းကပိဝံ့သနည်းဟူမူ ခွေးဖြစ်သည့် ကာလ ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းဖြင့် ဟောင်၍ စောင့်ရှောက်ခဲ့ဖူးသော ကံထူး၏ အကျိုးဆက်ကြောင့်တည်း။

ထိုအခါ ဆိတ်ကျောင်းတယောက်သည် ဆိတ်အဧထောင်ကိုဆောင်ယူလျက် သုသာန်နံပါးဖြင့် သွားလေသော် ဆိတ်မ တကောင်သည် သစ်ရွက်တို့ကို စား၍ ချုံကြားသို့ ဝင်ရာ၌ ငယ်သူငယ်ကိုမြင်၍ ပုဆစ်တို့ဖြင့်ရပ်လျက်နို့တိုက်၏၊ ဆိတ်ကျောင်းသည် မောင်းနှင်လျက် 'ဟေဟေ'ဟု အသံပြုသော်လည်း မထွက်၊ ဆိတ်ကျောင်းသည် တုတ်ဖြင့် နှက်၍ ထွက်စေအံ့ဟု နှလုံးပြု၍ ချုံကြားသို့ ဝင်လေလျှင် ဆိတ်မအောက်တွင် သူငယ်ကို မြင်၍ ဝမ်းရွှင်ဝမ်းမြောက် ကောက်ယူပြီးမှ ငါ့အား သားရသည်ဟုဆိုပြီးလျှင် ဖဲလေ၏၊ ကာဠီကျွန်မလည်း ထိုအကြောင်းကို သဌေးအား ကြားလတ်သော် တထောင်ပေး၍ တဖန်ဆောင်ပြန်လေ၏၊ ထိုအခါသဌေးက ကျွန်မကာဠီကို ဆိုသည်ကား....''ရှင်မကာဠီ ဤသူကို ယူသွား၍ ခိုးသူများကို ပစ်ချရာ တောင်ချောက်၌ ဦးစောက်ပစ်ချေလော့၊ တောင်ဝှမ်း၌ခတ်လျက် အပိုင်းပိုင်းပြတ်စဉ်၍ မြေဘွင် ကျလတ္တံ့၊ သေမသေကို သိခါမှ လာပါလှည့်''ဟု မှာဆို၏၊ ထိုကျွန်မကာဠီလည်း သဌေးဆိုတိုင်း ပစ်လေ၏၊ ထိုတောင်ဝှမ်းကို မှီ၍ကား ဝါးချုံကြီးတခုသည် တောင်ကို အစဉ်လျှောက်လျက် ကြီးပွား၍ ဝါးချုံကြီးထိပ်ထက်၌တခဲနက်သော ဆင်ရွှေးချုံသည် ရှိ၏။ ထိုချုံထက်ဝယ် သူငယ်ကျလေ၏၊ ထိုနေ့၌ ကျူထရုံသည်ကြီးကား သားနှင့်တကွ ဝါးနှီးအလို့ငှာ သွား၍ ထိုဝါးချုံကို ဖြတ်ခြင်းငှာ အားထုတ်၏၊ ထိုအခါ ဝါးချုံလှုပ်၍ သူငယ်အသံပြုလတ်သော် သူငယ်အသံကို ကြားက နံပါးတဖက်ဖြင့် တက်၍ ကြည့်လေလျှင် သူငယ်ကို မြင်သောကြောင့် ဝမ်းရွှင်ဝှမ်းမြောက် ကောက်ယူ၍ ငါ့အားသားရသည်ဟု နှလုံးပြုလျက် ဆောင်ယူ၍ သွားလေ၏၊ ကာဠီကျွန်မလည်း ထိုအကြောင်းကို သဌေးအား ကြားလေသော် သဌေးလည်း တထောင်ပေး၍ ဆောင်စေပြန်၏၊ သဌေး၏ ဤအမှုကိုပြုစဉ် သူငယ်သည်အရွယ်ရောက်၍ ကြီးရကားအမည်အားဖြင့် ''ဃောသက''ဟု တွင်၏၊ ထိုဃောသကသည် သဌေး၏ မျက်စိ၌ ဆူးငြောင့်ကဲ့သို့ ထင်၏၊မျက်စိဖြင့် ဖြောင့်ဖြောင့်မျှမကြည့်ဝံ့၊ ထိုအခါ ဃောသက၏ သေကြောင်းကို ကြံသောသဌေးသည် မိမိ၏ အဆွေခင်ပွန်း အိုးထိန်းသည်၏ အထံသို့ သွား၍ ''အဘယ်အခါ အိုးဖုတ်ရာကျင်းကို မီးတိုက်လတ္တံ့နည်း''ဟု မေးသော် ''မနက်ဖြန်ခါ''ဟု ဆိုလျှင်

"ယင်းသို့ တပြီးကား တထောင်မျှလောက်သော ဥစ္စာကိုယူ၍ ငါ၏အမှု တခုကို ရွက်ဆောင်ပါလော့"ဟု ဆို၏၊ ထိုအခါ အိုးထိန်းက "အဘယ် အမှုနည်း"ဟု မေးသော် "ငါ့အား သားယုတ် တယောက်သည်ရှိ၏၊ ထို သားယုတ်ကို သင့်အထံသို့ စေပါမည်၊ လာသည့်ကာလ ထိုသားယုတ်ကို ဖမ်း၍ တိုက်တွင်းသို့ သွင်းပြီးလျှင် ထက်စွာသော ပဲခွပ်ဖြင့် အပိုင်းပိုင်း ဖြတ်ပြီးလျှင် အိုးဍှိထည့်၍ အိုးကျင်းမှာ မီးဖုတ်ပါလော့၊ ဤတထောင် မျှလောက်သော ဥစ္စာကား သင့်အား စရန်သတ်ရုံမျှသာ၊ ထိုထက်အလွန် ပြုဖွယ်ကိုမူကား သင့်အား နောက်မှ အလျောက် ငါပြုပါမည်"ဟု ဆို၏၊ အိုးထိန်းလည်း "ကောင်းပြီ"ဟု ဝန်ခံ၏၊ သဌေးလည်း တနေ့ မိုးသောက် ရောက်လတ်သော် ဃောသကကို ခေါ်၍"ချစ်သား....ယမန်နေ့က ငါသည် အိုးထိန်းအား တခုသောအမှုကို ပြုစေ၏၊ သင်သည် အိုးထိန်း အထံသို့ သွားချေ၊ ယမန်နေ့က ငါ့အဖခစေအပ်သော အမှုကို ပြီးပါစေလော့"ဟု ဆိုချေဟု စေ၏၊ ဃောသကလည်း ကောင်းပြီဟု ဝန်ခံ၍ သွားလေ၏၊ သူငယ်ဖော်တို့နှင့်တကွ ခုံညင်းကစားသော သဌေးသားရင်းသည် အိုး ထိန်းအိမ်သို့သွားသောဃောသကကို မြင်လေသော် ခေါ်ပြီးလျှင်"အစ်ကို ဘယ်သို့သွားမည်နည်း"ဟု မေး၍"အဖသတင်းစကားကို ယူ၍ အိုးထိန်း အိမ်သို့သွားမည်"ဟု ဆိုလျှင် "ငါသည် အိုးထိန်းအိမ်သို့ သွားပါမည်၊ ဤသူငယ်တို့ကား ငါ့အား များစွာ ခုံညင်းကိုအောင်ကုန်၏၊ ထိုခုံညင်းကို ငါ့အား တဖန်အောင်၍ ပေးပါ"ဟု ဆို၏၊ "ငါသည်အဖမှကြောက်၏" ဟု ဆိုသော် "မကြောက်လင့်အစ်ကို၊ ငါသည် ထိုသတင်းစကားကို သွား ၍ဆောင်ရွက်မည်၊ငါမလာခင်နိုင်အောင်ပြုနှင့်ပါ"ဟုဆို၏၊ဃောသကသည် ခုံညင်းကစားခြင်း အရာဝယ် အလွန်လိမ္မာသောကြောင့် သဌေးသားရင်း သည် ဃောသကကို ဤသို့မြဲစွာ ဖွဲ့ဆိုသည်၊ ဃောသကလည်း သဌေး သားရင်းကို"ယင်းသို့တပြီးကား အိုးထိန်းအား ဤသို့ဆိုလေ၊ယမန်နေ့က ငါ့အဖခစေအပ်သော အမှုကို ပြီးပါစေ"ဟုဆို၍ လွှတ်လိုက်၏၊ သဌေး သားရင်းလည်း အိုးထိန်းအထံသို့သွား၍ မှာလိုက်တိုင်းဆို၏၊ ထိုအခါ အိုးထိန်းက သဌေးသားရင်းကို သဌေးဆိုသော အမှတ်ဖြင့် သတ်၍ အိုး ဖုတ်သော ကျင်းဍှိ ပစ်၏၊ ဃောသကလည်း တနေ့ပတ်လုံး ကစားပြီးမှ ညချမ်းသောအခါ အိမ်သို့ သွားလေသော် သဌေးသည် ဃောသကကို မြင်၍"သင်ချစ်သားသည် မသွားချေလော"ဟု ဆိုလျှင် မိမိမသွားခြင်း၏ အကြောင်း,ညီငယ်သွားခြင်း၏ အကြောင်းကို သဌေးအားကြား၏၊သဌေး

လည်း ထိုစကားကို ကြားလျှင် 'မိမိ'ဟု ပြင်းစွာသော အသံကို ပြုလျက် ကိုယ်အလုံး၌ ကျိက်ကျိက်ဆူသော သွေးရှိသကဲ့သို့ဖြစ်၍"အချင်းအိုးထိန်း ငါ့ကိုမဖျက်ပါလင့်"ဟု လက်နှစ်ဘက်ကိုချီ၍ ပြင်းစွာ ငိုလျက်ထိုအိုးထိန်း အိမ်သို့ ပြေးလေ၏၊ အိုးထိန်းလည်း ထိုအခြင်းအရာဖြင့် လာသောသဒ္ဒေး ကို မြင်လျှင် "အရှင်သဒ္ဒေးမင်း အသံမပြုလင့်၊ သင်၏အမှုကား ပြီးပြီ"ဟု ဆို၏၊ ထိုသဒ္ဒေးသည် တောင်ဖြင့် ဖိသကဲ့သို့ ကြီးစွာသော သော ကသည် ဖိစီးရကား များစွာအတိုင်းမသိသော ဆင်းရဲဒုက္ခကို ခံစားရလေ ၏၊ မပြစ်မှားအပ်သောသူ၌ ပြစ်မှားရကား ဒဏ်ဆယ်ပါးဘို့တွင် ဆွေမျိုး တို့၏ ပျက်စီးခြင်းဟု ဆိုအပ်သော ဒဏ်ကိုခံရလေ၏။

ထို့ကြောင့် သဗ္ဗညုဘုရားသည် ဓမ္မပဒ၌—

ယော ဒဏ္ဍေန အဒဏ္ဍေသု, အပ္ပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္နမညတရံ ဌာနံ, ခိပ္ပမေဝ နိဂစ္ဆတိ။
ဝေဒနံ ဖရုသံ ဇာနိံ, သရီရဿစ ဘေဒနံ၊
ဂရုကံ ဝါပိ အာဗာဓံ, စိတ္တက္ခေပဉ္စ ပါပုဏေ။
ရာဇတော ဝါ ဥပသဂ္ဂံ, အဗ္ဘက္ခာနဉ္စ ဒါရုဏံ၊
ပရိက္ခယဉ္စ ဉာတီနံ, ဘောဂါနဉ္စ ပဘင်္ဂုနံ။
အထဝဿ အဂါရာနိ, အဂ္ဂိ ဍဟတိ ပါဝကော၊
ကာယဿ ဘေဒါ ဒုပ္ပညော, နိရယံ သော ပပဇ္ဇတိ....

ဟု ဟောတော်မူ၏၊

ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ဒဏ္ဍေန၊ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ ဒဏ်မထိုက်ကုန်သော။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန်သော သူတို့၌။ ဒုဿတိ၊ ပြစ်မှား၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဒသန္နံ၊ ဆယ်ပါး သောအရာတို့တွင်။ အညတရံ၊ တပါးပါးသော။ ဌာနံ၊ ဒဏ္ဍ ဟု ဆိုအပ် သော အရာသို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်၏။

ဖရုသံ၊ ကြမ်းကြုတ်သော။ ဇာနိံ၊ အသွေးအသားကို ဆုတ်ယုတ်စေ တတ်သော၊ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကို လည်းကောင်း။ သရီရဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒနဉ္စ၊ ပျက်စီးခြင်းသို့လည်းကောင်း။ ဂရုကံ၊ သည်းမခံ နိုင်အောင်လေးသော။အာဗာဓံဝါပိ၊အနာသို့လည်းကောင်း။ စိတ္တက္ခေပဉ္စ၊ စိတ်၏ပျံ့လွင့်ခြင်းသို့ လည်းကောင်း။ ပါပုဏေ၊ ရောက်ရ၏။

ရာဇတော၊ မင်းမှ။ ဥပသဂ္ဂံဝါ၊ ဘေးဒဏ်သို့ လည်းကောင်း။ ဒါရုဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနဉ္စ၊ စွပ်စွဲခြင်းသို့ လည်းကောင်း။ ဉာတီနံ၊

ဆွေမျိုးတို့၏။ ပရိက္ခယဋ္ဌ၊ ပျက်စီးခြင်းသို့ လည်းကောင်း။ ဘောဂါနံ၊ စည်းစိမ်ချမ်းသာတို့၏။ ပဘင်္ဂုနဋ္ဌ၊ ပျက်စီးခြင်းသို့ လည်းကောင်း။ ပါပုဏေ၊ ရောက်ရ၏။

အထ၊ ထိုမှတပါး။ အဿ၊ ထိုမပြစ်မှားအပ်သော သူကို ပြစ်မှားသော သူ၏၊ အဂါရာ၊ အိမ်တို့ကို။ ပါဝကော၊ ပါဝကဟု ဆိုအပ်သော။ အဂ္ဂိ၊ မီးသည်။ ဍယှတိ၊လောင်၏။ကာယဿ၊ ဥပါဒိန္နကကိုယ်ခန္ဓာ၏။ ဘေဒါ ပျက်ခြင်းကြောင့်။ဒုပ္ပညော၊ ပညာမဲ့သော။သော၊ထိုမပြစ်မှားအပ်သော၊ သူကို ပြစ်မှားသော သူသည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

မပြစ်မှားအပ်သောသူကို ပြစ်မှားသော သဋ္ဌေးအား အထူးအားဖြင့် ဆွေမျိုး၏ ပျက်စီးခြင်းဟူသော ဒဏ်ကိုခံရလေသတည်း၊ ကြွင်းသောဒဏ် ကိုးပါးကိုလည်း ရောက်သည် မျှား၏။

ယင်းသို့ ဒဏ်သင့်သော်လည်း သဋ္ဌေးသည် ဃောသကကို အလွန် မုန်းရကား အဘယ်လျှင် သတ်ရအံ့နည်းဟု ကြံသော် ငါ၏ ရွာတရွာ၌ ဘဏ္ဍာစိုးအထံသို့စေ၍ သတ်စေအံ့ဟု ကြံ၏၊ယင်းသို့ ကြံပြီးလျှင် "ငါ့အား သားယုတ် တယောက်သည် ရှိ၏၊ ဤသားယုတ်ကိုသတ်၍ မစင်တွင်းမှာ ချပါလေ၊ ယင်းသို့ပြုသည်ရှိသော် ငါသည် ဦးရီးအား ပြုဖွယ်ကိစ္စကိုပြုပါ စေအံ့"ဟု ကမ္ပည်းရေးပြီးလျှင် "ချစ်သား ဃောသက.... ငါတို့ ရွာတရွာ ဝယ် ဘဏ္ဍာစိုးသည် ရှိ၏၊ ဤကမ္ပည်းစာကို ထိုဘဏ္ဍာစိုးအား ပေးချေ"ဟု ဆို၍ ထိုကမ္ပည်းစာကို ဃောသက၏ ပုဆိုးစွန်၌ဖွဲ့၏၊ငယ်သောကာလမှစ၍ သတ်ခြင်းငှာ အားထုတ်သော သဋ္ဌေးသည် ထိုဃောသကကို အဘယ်မှာ အက္ခရာအတတ်ကို သင်စေအံ့နည်း၊ ယင်းသို့ဖြစ်သောကြောင့် အက္ခရာ အတတ်ကိုမသိရှာလေ၊မသိသောကြောင့် မိမိအား သတ်စေသော ကမ္ပည်း စာကို ပုဆိုးစွန်မှာဖွဲ့၍ ထွက်လေသော် "ဖခင်....ငါ့အား လမ်းကြားဝယ် စားရန်ရိက္ခာမရှိပါ"ဟုဆိုလျှင် "ရိက္ခာဖြင့် ပြုဖွယ်ကိစ္စမရှိ၊ ခရီးအကြား ဝယ် ဤမည်သောရွာ၌ ငါ၏ဆွေဖြစ်သော သဋ္ဌေးသည်ရှိ၏၊ သင်သည် ထိုသဋ္ဌေးအိမ်၌ နံနက်စာ စား၍ သွားပါလေ'ဟု ဆိုသော် ဃောသက လည်း ကောင်းပြီဟုဝန်ခံပြီးမှအဖကိုရှိခိုး၍ထွက်ခဲ့ပြီးလျှင်ထိုရွာသို့ရောက် ၍ သဋ္ဌေးအိမ်ကို မေးမြန်းပြီးမှ သွားသော် သဋ္ဌေးမယားကို တွေ့လေ၏ "ချစ်သား.... သင်ကား အဘယ်မှ လာသနည်း"ဟု သဋ္ဌေးမယားက မေးသော် မြို့တော်မှလာကြောင်းကို ဆိုလေ၏၊ "သင်သည် အဘယ်သူ၏ သားနည်း" ဟု မေးသော် "သင်တို့၏ အဆွေဖြစ်သော ကောသမ္ဗီ

သင်္ဌေးသား'' ဟု ဆို၏၊ ''ဃောသက ဟူသည် သင်ပင်လော''ဟု မေး သော် ''ဧး ဟုတ်၏''ဟု ဆို၏၊ ဃောသကကို မြင်သည်နှင့်တကွ သင်္ဌေးမ အားသား၏ ချစ်ခြင်းသည် ပြင်းစွာ ဖြစ်လေ၏၊ သင်္ဌေးမအား သမီးကား တယောက်တည်းသာ၊ အရွယ်မှာ တဆယ်ငါးနှစ်မှ မြောက်၍ တဆယ့် ခြောက်နှစ်အရွယ် တင့်တယ်သော အဆင်းရှိ၏၊ ထိုသမီးကို စောင့်ရှောက် ခြင်းငှာ တယောက်သောအစေအပါး ကျွန်မကိုပေး၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်ဝယ် နေစေ၏သင်္ဌေးသမီးလည်း ထိုခဏဝယ် ကျွန်မကိုအိမ် ဈေးသို့ စေ၏၊ ထိုအခါ ကျွန်မသွားသည်ကို သင်္ဌေးမယားမြင်လေသော် ''သင်ကားအဘယ်သို့သွားမည်နည်း''ဟုမေး၍ ရှင်မသမီးစေသောကြောင့် အိမ်ဈေးသို့သွားမည်'' ဆိုလျှင်''အရှင်စေသည်ကို ထားဘိဦး၊လာလှည့်ပါ၊ ငါ့သားအားအင်းပျဉ်ကိုခင်း၍ ခြေဆေးပြီးမှ ဆီလိမ်းပြီးလျှင် အိပ်ရာကို ခင်း၍ပေးပါ၊ပြီးသည်အခါမှ အရှင့်အမှုကိုပြုလော''ဟုဆို၏၊ ကျွန်မလည်း သင်္ဌေးမယားဆိုတိုင်းပြု၏၊ ယင်းသို့ပြု၍ ကြာမြင့်မှ လာသော ကျွန်မကို သင်္ဌေးသမီးသည် ခြိမ်းခြောက်၏၊ ထိုအခါ ကျွန်မက ''သခင်မ ငါ့အား အမျက်မထွက်လင့်၊ သင်္ဌေးသား ဃောသက လာ၍ပြုဖွယ်ကိစ္စဟူသမျှကို ပြုရသောကြောင့်ကြာမြင့်သည်''ဟုဆို၏၊ ထိုသင်္ဌေးသမီးအားသင်္ဌေးသား ဃောသက ဟူသော အသံကိုကြားကာမျှဖြင့် ချစ်ခြင်းသည် အရေ စသည် တို့ကို ဖြတ်ပြီးလျှင် ရိုးတွင်းခြင်ဆီ ကိုမှီ၍တည်၏ 'အဘယ့်ကြောင့်နည်း ဟူမူ ကောတူဟလက အမည်ရှိသော သူ ဖြစ်သည့်ကာလ ထိုသူဌေးသမီး သည် ဃောသက သင်္ဌေးသား၏ မယား ဖြစ်ခဲ့ဘူးသောကြောင့်တည်း၊ ဆန်တစလယ်ချက်ကို ပစ္စေကဗုဒ္ဓါအား လှူသော ကံ၏ အစွမ်းကြောင့် ဤသင်္ဌေးမျိုး၌ဖြစ်လာသတည်း။ ဤသို့ ရှေး၌အတူတကွနေဘူးသော ကြောင့် ချစ်ခြင်းဖြစ်သတည်း၊ထို့ကြောင့်ဘုရား၊သဗ္ဗညုလည်းပါဠိဇာတ်၌

ပုဗ္ဗေဝ သန္နိဝါသေန, ပစ္စုပ္ပန္န ဟိတေနဝါ၊
ဧဝံ တံ ဇာယတေ ပေမံ, ဥပ္ပလံဝ ယထောဒကေ။

ဟု ဟော တော်မူ၏။

ဥဒကေ၊ ရေ၌။ ဥပ္ပလံဝါ၊ ကြာညိုသည်လည်း။ ဇာယတေ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ပုဗ္ဗေဝ သန္နိဝါသေနဝါ၊ ရှေး၌အတူ တကွ နေဖူးသောကြောင့် လည်းကောင်း၊ ပစ္စုပ္ပန္န ဟိတေနဝါ၊ ပစ္စုပ္ပန် အစီးအပွားကြောင့်လည်းကောင်း၊ တံပေမံ၊ထိုချစ်ခြင်း သည်။ ဇာယတေ၊ ဖြစ်၏။

ထို့နောင် သဋ္ဌေးသမီးက ကျွန်မကို "သဋ္ဌေးသား ဃောသက ကား အဘယ်မှာနည်း"ဟုမေး၍ 'အိပ်ရာ၌အိပ်သည်'ဟုဆိုလျှင် 'ထိုသူ၏လက်၌ တစုံတခု ပါသလော'ဟု မေး၍ "ပုဆိုးစွန်းမှာ ကမ္ဗည်းပါ၏"ဟုဆို၏၊ ထို သဋ္ဌေးသမီးသည်"အဘယ်ကမ္ဗည်းနည်း"ဟု ဃောသကအိပ်ပျော်စဉ့်မိဘ တို့၏လည်း တပါးနှလုံးသွင်း၍ မမြင်စဉ် ပြာသာဒ်မှ ဆင်း၍ ကမ္ဗည်း ကို ဖြေယူပြီးလျှင် မိမိတိုက်ခန်းသို့ ဝင်သွား၍ တံခါးကို ပိတ်ပြီးလျှင် လေသာတံခါးကို ဖွင့်၍ အက္ခရာအယူ၌ လိမ္မာရကား ကမ္ဗည်းကို ဖတ်ပြီး သော် ဩြော်....မိုက်စွတကဲ့ား၊ မိမိ၏ သေကြောင်းကမ္ဗည်းစာကို ပုဆိုးစွန် မှာဖွဲ့ချည်၍ လှည့်လည်ဘိ၏၊ အကယ်၍ ငါမမြင်ငြားအံ့၊ ထိုသူအား အသက်မရှိလေပြီဟု နှလုံးပူ၍ ကမ္ဗည်းကို ဆုတ်ဖဲ့၍ သဋ္ဌေး၏စကားဖြင့် တပါးသော ကမ္ဗည်းစာကို ရေး၏။ "ငါ့သား ဃောသကကို ရွာတရွာမှာ လက်ဆောင်ပဏ္ဏာတို့ကိုယူပြီးလျှင် ဤမည်သော ဇနပုဒ် သဋ္ဌေး၏သမီးနှင့် ထိမ်းမြားခြင်းမင်္ဂလာကို ပြုပြီးမှ မိမိနေသော ရွာလယ်ရွာစုတွင် ဘုံနှစ်ဆင့် ရှိသောအိမ်ကိုဆောက်လုပ်ပြီးလျှင် ဝင်းခြံကာရံလျက် မြဲမြံစွာယောကျ်ား တို့တို့ အစောင့်အရှောက် ထားလေလော့၊ ငါ့အားလည်း ဤအမှု ဤအမှု ကို ပြုအပ်ပြီဟု သတင်းစကားကြားပါ၊ ယင်းသို့ကြားသည့်ကာလ ဦးရီး အား ပြုဖွယ်ဟူသမျှကို ငါပြုအံ့"ဟု ကမ္ဗည်းအသစ်ရေးပြီးလျှင် ပုဆိုးစွန် တွင် ဖွဲ့ချည်၏၊ ဃောသကလည်း နေ့အဖို့ကို အိပ်ပြီးမှထ၍ စားသောက် ပြီးလျှင် သွားလေသော် နက်ဖြန်နံနက်စောစောကပင် ထိုရွာသို့ ရောက်၍ ရွာလယ်တွင် ဘဏ္ဍာစိုးကိုမြင်၏၊ ဘဏ္ဍာစိုးလည်း ဃောသကကို မြင်လျှင် "အသို့နည်း....ချစ်သား"ဟု မေး၍ အဖမှာသော ကမ္ဗည်းစာကို ထုတ်ပြ သော် စာကိုဖတ်၍ နှစ်သက်ရကား "လူများတို့....ငါ့သခင်၏ ငါ့၌မြတ်နိုး ခြင်းကို ရှုကြပါကုန်၊ သားကြီးကိုပင် မင်္ဂလာအမှု ပြုစိမ့်သောငှာ ငါ့အထံ သို့ စေလာ၏၊ လျင်မြန်စွာ ထင်း, ရေ အစရှိသည်ကို ဆောင်ကြကုန်"ဟု စေပြီးမှ ရွာလယ်တွင် ဆိုအပ်ပြီးသော အပြားရှိသော အိမ်ကိုဆောက်လုပ် ၍ရွာတရွာမှ ပဏ္ဏာလက်ဆောင်တို့ကို ယူပြီးလျှင် ဇနပုဒ် သဋ္ဌေးသမီးကို တောင်းယူ၍ ထိမ်းမြားပြီးမှ သဋ္ဌေးအား "ငါကား ပြုဖွယ်ကိစ္စဟူသမျှကို ပြုအပ်ပြီ"ဟုသတင်းစကားကြားလိုက်၏၊ ထိုစကားကိုကြား၍သဋ္ဌေးအား ငါပြုသည်ကား တခုမျှမဖြစ်၊မပြုသည်သာ ဖြစ်တုံလာ၏၊"ဟုကြီးစွာသော ဒေါမနဿ ဖြစ်လေ၏၊ သားရင်း သေသော သောကပေါ်မှာ ထိုသောက

ထပ်လာပြန်၍ ကြီးစွာဝမ်းကိုလောင်လျှင် အလွန်ပင် ဝမ်းသွေးသွန်သော အတိသာရ ဝမ်းကျနာကိုဖြစ်စေ၏၊ သဌေးသမီးလည်း ''အကယ်၍သဌေး အထံမှတစုံတယောက်ရောက်လာသည်ဖြစ်အံ့၊ ငါ့အားမကြားပဲကို သဌေး သား မသိစေလင့်''ဟု မှာထား၏၊ သဌေးကြီးလည်း ယခုမှ ထိုသားယုတ် အား ငါ့အမွေကို မခံစေအံ့ဟုနှလုံးပြု ဘဏ္ဍာစိုးကိုခေါ်ပြီးလျှင်'ငါ့သား ကို ငါမြင်ချင်သည်၊ လျင်မြန်စွာလူတယောက်ကိုစေ၍ ငါ့သားကို ခေါ် စေ''ဟု ဆို၏၊ ထိုဘဏ္ဍာစိုးလည်း ကောင်းပြီဟု ဝန်ခံ၍ လူတယောက်ကို စေ၏၊ သဌေးသမီးလည်း ထိုယောကျ်ားလာသောအဖြစ်ကို သိလတ်သော် ခေါ်၍ အကြောင်းကိုမေး၏၊ ထိုယောကျ်ားလည်း ''သဌေးနာ၍ သား ကို မြင်ချင်သည်၊ ခေါ်၍ပေးပါဟု ဆိုသောကြောင့် လာရကြောင်း''ကို ဆိုလျှင်''အမောင်....အားကြီးသေး၏လော အားနည်းပြီလော''ဟု မေး လတ်သော်''အားကြီးပါသေး၏၊ ထမင်းပင် များစွာ ဝင်သေးသည်''ဟု ဆိုလျှင် ''သဌေးသမီးလည်း ထိုအကြောင်းကို သဌေးအား မသိစေပဲ ထို ယောကျ်ားအား အစားအဝတ်ပေး၍ 'ငါစေမှ သွား၊ ဤအပါးတွင်ပင် နေဦးတော့''ဟု ဆို၏၊ သဌေးလည်း တဖန် ဘဏ္ဍာစိုးကို ခေါ်၍ ''အသို့ နည်း—ငါ့သားထံသို့ လူမစေလော''ဟုဆို၏၊ ''စေပါ၏အရှင်သဌေး၊စေသူ ယောကျ်ားကား မပြန်လာပါသေး''ဟု ဆိုလျှင် ''ယင်းသို့ တပြီးကား ယောကျ်ားတယောက်ကို ထပ်၍စေဦး''ဟု ဆို၏၊ သဌေးသမီးက စေသူ လုလင်ကို ရှေးနည်းပင်ချုပ်ထား၏၊ ထိုအခါ သဌေးအား အနာကား အားကြီးလေ၏၊ တခွက်ဝင်လျှင် တခွက်ထွက်၏၊ သဌေးက တဖန် ဘဏ္ဍာ စိုးကို''ငါ့သားထံသို့လူမစေလော''ဟုမေးမြန်းလျှင်''စေပါ၏မလာသေး'' ဟု ရှေးနည်းဖြင့်ဆိုသော်''ထပ်၍ စေဦး''ဟု ဆိုသောကြောင့် တယောက် ထပ်မံ၍ စေရပြန်၏၊ သဌေးသမီးလည်းသုံးကြိမ်မြောက် ရောက်လာသော ယောကျ်ားအားအကြောင်းကိုမေးမြန်းသော်''သဌေးလည်းပြင်းစွာနာ၏၊ အစာမဝင်ပြီ၊ သေရုံသာရှိတော့သည်''ဟုဆို၏၊ သဌေးသမီးလည်း''ယခု မှုကား သွားချိန်သင့်ပြီ''ဟု နှလုံးပြု၍ သဌေးသားအား ''မောင့်အဖနာ၍ ခေါ်လာသည်''ဟုအကြောင်းကိုကြား၏၊ သဌေးသားလည်း''ယခုအဘယ် သို့ပြုရအံ့နည်း''ဟု ဆိုသော်''ရွာတရွာမှ ပဏ္ဏာလက်ဆောင်တို့ကိုယူစေ၍ အဖူးအမြော်သွားကြအံ့''ဟုဆိုလျှင် 'ကောင်းပြီ'ဟု ဝန်ခံ၍ ပဏ္ဏာ လက် ဆောင်တို့ကို လှည်းနှင့်တိုက်စေ၍ ကောသမ္ဗီပြည်သို့ သွားလေ၏၊ ထိုအခါ

သဌေးသမီးက"မောင့်အဘ အားနည်းလှပြီ၊ ဤမျှလောက်လက်ဆောင်ကို ရှာလတ်သော်ကြာမြင့်လတ္တံ့၊ဤလက်ဆောင်တို့ကိုပြန်လေစေ"ဟုဆို၍ ထို အလုံးစုံကို မိမိအိမ်သို့ပို့ပြီး သွားကြသော် မြို့အနီးအပါးသို့ ရောက်လျှင် "အရှင့်သား....သင်ကား အဘ၏ ခြေရင်းနံပါးဝဲယ် နေပါ၊ ငါမှာမူကား ဦးခေါင်းနံပါးက နေအံ့"ဟု ဆို၏၊ အိမ်သို့ဝင်ကတည်းကပင် အိမ်ရှေ့ အိမ်နောက်အစောင့်အရှောက် မိမိလူတို့ကိုထား၏၊ အိမ်တွင်းသို့ဝင်ပြီးလျှင် ယခင်မှာဆိုသည့်အတိုင်း လင်ကားခြေနံပါး,မယားကားခေါင်းနံပါးဝယ် တည်လေ၏၊ ထိုခဏဝယ် သဌေးပက်လက်အိပ်ရာမှာ ဘဏ္ဍာစိုးက ခြေကို ဆုပ်လျက် "အရှင်....သားလာပြီ"ဟု ဆို၏၊ "အဘယ်မှာနည်း"ဟုမေး၍ "ခြေရင်းနားမှာရှိသည်"ဟုဆိုလျှင် သားကိုမြင်သော် ဘဏ္ဍာစိုးကိုခေါ်၍ "အမောင်....ငါ့အိမ်ဝယ် အဘယ်မျှ ဥစ္စာရှိမည်နည်း"ဟုမေး၍ 'ကုဋေ လေးဆယ် မြေဝယ်မြှုပ်ထားအင်၏၊ အတွင်းအပြင်အသုံးအဆောင် လယ်, ယာ,ဥယျာဉ်,ရေကန်,အခြေနှစ်ချောင်း,အခြေလေးချောင်း ယာဉ်,ရထား အပိုင်းအခြားကား ဤမျှတည်း'ဟုဆိုသော် ထိုအလုံးစုံသောဥစ္စာကို ငါ သည် ငါ့သား ဃေဿကအား'မပေး'ဟုဆိုလိုလျက် အမျက်ရောဂါ အဖိ အစီး အားကြီးလှသောကြောင့် လှီးလွှဲချော်ချွတ်လျက် 'မေး၏'ဟု ဆိုမိ ချေ၏၊ထိုစကားကို သဌေးသမီးကြားလျှင် သည့်ပြင်တခြားစကားထပ်ပြန် ရာ၏ဟု နှလုံးပြု၍ စိုးရိမ်ခြင်းဖြင့် နှိပ်စက်သကဲ့သို့ ဆံပင်ကို ဖရိုဖရဲကြဲပြီးမှ ငိုကြွေးလျက် "ဖခင်....အဘယ်မည်သော စကားကို ဆိုဘိသနည်း ဖခင်၏ ဤစကားကိုကြားရသော် ကျွန်တော်မတို့ အသရေမရှိယောင်စာကား"ဟု ဆိုပြီးလျှင် ရင်လယ်ကို ဦးခေါင်းဖြင့် ပွတ်သပ်လျက် အကြင်အားဖြင့် ထပ် မံ၍ တဖန်စကားမဆိုနိုင်၊ ထိုအခြင်းဖြင့် ငိုကြွေးသော အခြင်းအရာကို ပြ၏၊ သဌေးလည်း ထိုခဏ၌ပင် သေရှာလေ၏။

အနိစ္စာ ဝတ သင်္ခါရာ။

ချွေးမနှင့်သား လင်မယားတို့လည်းဥတေနမင်းအား ထိုအကြောင်းကို ကြားကုန်၏၊ ဥတေနမင်းလည်း သဌေးအလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်စေ၍ "ထိုသဌေးအား သားသမီး ရှိ၏လော"ဟု မေး၏၊ "ရှိပါ၏၊ ဃေဿကကား ထိုသဌေး၏ သားပင်၊ မိမိတွင် ရှိသမျှအလုံးစုံကို အကုန် ထိုသားအား ပေးပြီးမှ သေရှာလေ၏"ဟု လျှောက်၏၊ နောက်ကာလ ဥတေန မင်းက သဌေးသားကို ခေါ်စေ၏၊ ထိုနေ့ မိုးရွာသောကြောင့်

မင်းရင်ပြင်မှာ ထိုထိုအရပ်တွင် ရေဝပ်၏၊ သဌေးသားလည်း မင်းအား ဖူးမြင်အံ့ဟု လာလတ်သော် မင်းလည်း လေသောက်တံခါးကိုဖွင့်၍ လာသော သဌေးသားကို ကြည့်လေလျှင် မင်းရင်ပြင်ဝယ် ရေကို ခုန်လွှား၍ လာသည်ကို မြင်၏၊ လာ၍ရှိခိုးသော သဌေးသားကိုမြင်လျှင် 'ဩောသက ဟူသည်ကား အမောင်ပင်လော'ဟု မေး၏၊ မှန်ကြောင်းကို လျှောက်လျှင် ''ဖခင် သေသည်ဟူ၍ကား မစိုးရိမ်လင့်၊ မောင့်ဘ အရာကို ငါသည် ဆမောင့်အားပင်ပေး၏''ဟု နှစ်သိမ့်စေပြီးမှ သွားတော့ဟူ လွှတ်လိုက်၏၊ မင်းလည်း ပြန်သွားသော သဌေးသားကို ကြည့်ရှုလျက်ပင် ရပ်၏၊သဌေး သားလည်း လာသောအခါ ခုန်လွှား၍လာသော ရေကို အသာ သက် ဆင်း၍သွားလေ၏၊ ထိုအကြောင်းကို မင်းမြင်လျှင် ချက်ချင်းပင် ခေါ်၍ ''အမောင်....သင်သည် ငါ့အထံသို့ လာသည့်ကာလ ရေကို ခုန်လွှား၍ လာ၏၊သွားသည့်ကာလ ရေကို ဆင်း၍သွားသည်၊အကြောင်းကား အသို့ တုံနည်း''ဟု မေးတော်မူ၏၊ ''အရှင်မင်းကြီး....အကျွန်ုပ် လာသောအခါ ဝယ် သူငယ်ဖြစ်၍ ကစားသော ကာလသာ၊ ယခုမှာမူကား အရှင်မင်းကြီး က အရာထူးကို ပေးသနားတော်မူလျှင် ရာထူးရှင်ဖြစ်၍ သိမ်မွေ့တည် ကြည်စွာ ကျင့်ရပါသည်''ဟု လျှောက်လေ၏၊ ထိုစကားကိုကြား၍ မင်း လည်း ဤယောကျာ်းကား သမာဓိရှိသောသူတည်း၊ ယခုပင် အရာထူးကို ပေးအံ့ဟု အာဘစားသော စည်းစိမ် ကျေးမက် အလုံးစုံကို အကုန်ပေး၍ အလုံးစုံ တရာ တရာဖြင့် သဌေးအရာကို ပေး၏၊ ဩောသကလည်း ရထား စီးလျက် လက်ယာရစ် မြို့ကိုလည်၏၊ကြည့်တိုင်းကြည့်တိုင်းသောအရပ်သည် တုန်လှုပ်၏၊ ထိုအခါ သဌေးသမီးက ကျွန်မ ကာဠီနှင့် စကားပြော၍နေစဉ် ''အမယ်—ကာဠီ သင့်သား၏ ဤမျှသော စည်းစိမ်ချမ်းသာသည် ငါ့ကိုမှီ၍ သာ ပြီး၏''ဟုဆို၏၊''အဘယ်ကြောင့်နည်း ရှင်မ''ဟု ဆိုသော်ဤသူသည် မိမိ၏ သေကြောင်းစာကို ပုဆိုးစွန်မှာဖွဲ့ချည်၍ ငါတို့အိမ်သို့ ရောက်လာ သည်၊ထိုအခါ ငါက ကမ္ဗည်းစာကိုဆုတ်ဖွဲ့ပြီးမှ ငါနှင့်ထိမ်းမြားစိမ့်သော ငှာ ကမ္ဗည်းစာကို အသစ်ရေး၍ ဤမျှသော ကာလပတ်လုံး အစောင့် အရှောက်ကို ငါပြုအပ်သည်ဟုဆို၏၊''ရှင်မ....သင်သည် ဤမျှတည်းကိုသာ မြင်၏၊ဤသူ့ကို သဌေးသည် ငယ်သောကာလမှစ၍ သတ်စေသော်လည်း သတ်ခြင်းငှာ မတတ်နိုင်၊စင်စစ်မှာမူ ဤသူကိုအမှီပြု၍ သဌေးအားများစွာ ဆုံးပါးပျက်စီးသည်၊ သဌေးသည် ဝန်လေးသောအမှုကို ပြုဘိ၏''ဟုဆို၏၊

မှိုကို လက်ယာရစ် လည်၍ အိမ်သို့ဝင်သော သင်္ဘေးသားကို မြင်လျှင် သင်္ဘေးသမီးသည် "ဤမျှသောစည်းစိမ်ချမ်းသာကား ငါ့ကိုမှီ၍ပြီးသည်"ဟု နှလုံးပြု၍ ရယ်မောလေ၏၊ ထိုအခါ သင်္ဘေးသားက "အဘယ်ကို ရယ်သနည်း"ဟု မေးသော် "အကြောင်းတခုကို မှီ၍ ရယ်သည်"ဟု ဆို၏၊ 'အကြောင်းကို ဆိုလော့'ဟု ဆိုသော် မဆိုရကား ဓားကို ကိုင်ပြီးလျှင် "သင်သည် အကယ်၍ မဆိုငြားအံ့၊ ဤဓားဖြင့် နှစ်ပိုင်းဖြတ်မည်"ဟု ခြိမ်း၏၊ ယင်းသို့ခြိမ်းလျှင် သင်္ဘေးသမီးက သင်သည် ဤမျှသော စည်းစိမ်ချမ်းသာကို ငါ့ကိုသာမှီ၍ ရအပ်၏ဟု နှလုံးပြု၍ ငါရယ်သည်"ဟု ဆို၏၊ "ဤအလုံးစုံသော စည်းစိမ်ချမ်းသာကို ငါ့အဖသည် ငါ့အား ပေးအပ်သည်မဟုတ်လော၊ ယင်းသို့ ပေးရာဝယ် အဘယ်မှာ သင်နှင့်ဆိုင်သနည်း" ဟု ဆို၏၊ ထိုသင်္ဘေးသားကား ဤမျှသော ကာလပတ်လုံး အဖပြုသမျှကို မသိရှာလေ၊ ထို့ကြောင့် သင်္ဘေးသမီးကို မယုံ၊ ထိုအခါ သင်္ဘေးသမီးက သေကြောင်း ကမ္ပည်းစာကို ယူ၍ လာသည်မှ စ၍ မိမိပြုသမျှ အလုံးစုံကို အကုန်ပြန်ပြော၏၊ "ရှင်မ....သင်ကား မမှန်မကန် လုပ်စားသည်"ဟု ဆိုလျှင်"မယုံမူကား အမယ် ကာဠီကို မေး"ဟုဆိုသောကြောင့် ကာဠီကို မေးလျှင်"မှန်၏ ချစ်သား၊ သင်္ဘေးကား သင့်ကို ငယ်သောကာလမှ စ၍ သတ်စေသည်၊မသတ်နိုင်လေ၊သင်္ဘေးအားသာ ဆုံးပါးပျက်စီးခြင်း ကြီးသည့်လေ၏၊ ခုနစ်ပါးသောအရပ်တို့၌ သင်သည် သေခြင်းမှလွတ်၍ ယခုအခါ စားသောရွာကလာ၍ သင်္ဘေး၏အဖြစ်သို့ ရောက်သည်"ဟု ဆို၏၊ထိုစကားကိုကြားလျှင် သင်္ဘေးသားကား ငါ့အဖသည် အလွန်ဝန်လေးသော အမှုကို ပြုဘိ၏၊ ဤသို့သဘောရှိသောသေခြင်းမှလွတ်သော ငါ့အားမေ့လျော့သောအားဖြင့် အသက်ရှင်ခြင်းငှာ မတတ်ကောင်း၊ မမေ့လျော့အံ့ဟု နှလုံးပြု၍ နေ့တိုင်း နေ့တိုင်း တထောင် တထောင် စွန့်ပြီးလျှင်ခရီးသွား အထီးကျန် စသည်တို့အား အလှူကို ပေး၏။

ဒေ့ဝသိကံ သဟဿံ သဟဿံ ဝိဿဇ္ဇေတွာ အဒ္ဒိက ကပဏာဒိနံ ပဋ္ဌပေသိ။

(ဓမ္မပဒ အဋ္ဌကထာ)

ဒေဝသိကံ၊ နေ့တိုင်း။ သဟဿံ သဟဿံ၊ တထောင် တထောင်သော ဥစ္စာကို။ ဝိဿဇ္ဇေတွာ! စွန့်၍။ အဒ္ဒိက ကပဏာဒိနံ၊ ခရီးသွား,အထီးကျန် အစရှိသည်တို့အား၊ ဒါနံ၊ အလှူကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏၊

ဤ၌ ဝေါသက သင့ေးသားသည်လမ်းကြားဝယ် သားကို ပစ်ထားခဲ့ဖူးသော မကောင်းမှုကံ၏ အကျိုးကြောင့် မိမိအားလည်း ခုနစ်ပါးသော အရာဌာနတို့၌ သူတပါးတို့ စွန့်ပစ်ကုန်သည်၊ ယင်းသို့ စွန့်ပစ်သော်လည်း ရှေးရှေးသော ဘဝက ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ ပါဏာတိပါတမှ ကြဉ်ခဲ့ဖူးသောကံထူး၏အကျိုးပေါ်မှာ ဖစ္စေကဗုဒ္ဓါအားဘေးရန်ကင်းအောင် စောင့်ရှောက်သော ကုသိုလ်ကံသည် ဥပတ္ထမ္ဘကပြု၍ထောက်ပံ့ပြန်သောကြောင့် ဘေးရန် ကင်းရှင်းလျက် သေခြင်းမှ လွတ်သတည်း၊ ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ သူ၏ အသက်ကိုသတ်ခြင်းတည်းဟူသော ပါဏာတိပါတမှ ကြဉ်ရှောင်သော သူအား သူတပါးလုံ့လဖြင့် မသေနိုင်ခြင်းသည် ပါဏာတိပါတမှ ကြဉ်ခြင်း အကျိုးပင်တည်း။

ပရူပက္ကမေန အမရဏတာ ပါဏာတိပါတာ ဝေရမဏိယာ ဖလံ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

ပရူပက္ကမေန၊ သူတပါးလုံ့လဖြင့်။ ဝါ၊ လုံ့လကြောင့်။ အမရဏတာ၊ မသေသော အဖြစ်သည်။ ပါဏာတိ ပါတာ ဝေရမဏိယာ၊ ပါဏာတိပါတမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဤဝေါသက သင့ေးသားကဲ့သို့ သူတပါးလုံ့လဖြင့် မသေလိုကြကုန်သော ယခုအခါ ပညာရှိ အမျိုးသားအပေါင်း သူတော်ကောင်းတို့သည် ဩတ္တပ္ပ သံဝေဂတရားကို နှလုံးထား၍ သူ၏အသက်ကို သတ်ခြင်းတည်းဟူသော ပါဏာတိပါတမှ ဝေးစွာ ကြဉ်ရှောင်ကုန်ရာ၏။

---

၃၇-ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့်
ပါဏာတိပါတမှ ကြဉ်ရှောင်ခဲ့ဖူး၍ အသက်ရှည်သော
အာယုဝဍ္ဎန သတို့သား ဝတ္ထု

အစိန္တေယျ လောကတန်ဆောင် ငါးမာရ်အောင် ဖြစ်တော်မူသော ဘုရားသဗ္ဗညု သည်ဒီဃသင်္ဂိကမြို့ကို အမှီပြု၍တောကျောင်းဘုရ်၌ နေတော်မူစဉ် ဒီဃသင်္ဂိကမြို့သားပုဏ္ဏားနှစ်ယောက်တို့သည် သာသနာတော်မှအပ ရသေ့ရဟန်းပြု၍ လေးဆယ့်ရှစ်နှစ်ဘိုပတ်လုံးပူပန်သောအကျင့်ကိုကျင့်ကုန်၏၊ ထိုသူနှစ်ယောက်ဘို့တွင် တယောက်သောပုဏ္ဏားသည် ငါ့အား ရဟန်းပြု၍နေက မျိုးနွယ်စဉ်ဆက်သည်ပြတ်လတ္တံ့၊လူထွက်မှသင့်မည်ဟုကြံ၍ မိမိသည် ကျင့်အပ်သော အကျင့်ကို သူတပါးတို့အား နွား ၁၀၀ ငွေဘာဝိဿာ

နှင့်ရောင်း၍ ရင်းဥစ္စာကို အရင်းပြုသဖြင့် မယားရလျှင် မယားနှင့်တကွနေကြ၏၊ ထိုအခါ မယားလည်း သားငယ်တယောက်ကို ဖွားမြင်လေ၏၊ ထိုသူ၏အဖေ ပုဏ္ဏားကား အရပ်တပါးသို့ သွားပြီးမှ တဖန် ဒီဃလင်္ဂိက မြို့သို့ပြန်လာ၏၊ ပုဏ္ဏားလည်း အဆွေ၏ ပြန်လာသော အဖြစ်ကို သိ၍ သားမယားကို ခေါ်ပြီးလျှင်အဖူးအမြင် သွားလေ၏၊ သွားပြီးလျှင်သားငယ်ကို အမိလက်ဝယ်ပေးပြီးမှ ရှေးဦးစွာမိမိရှိခိုး၏၊ ထို့နောင်မှ အဖအား သားကိုပေးအပ်၍ အမိရှိခိုးလေ၏၊ ထိုအခါ ဆရာပုဏ္ဏားက ''သင်တို့အား အသက်ရှည်စေကုန်''ဟု ဆို၏၊ သားငယ်ရှိခိုးသည့်ကာလ မည်သို့မျှမသိ ဆိတ်ဆိတ်သာနေ၏၊ ထိုအခါ လင်မယားတို့က ''အရှင်ဘုရား ကျွန်ုပ်တို့ရှိခိုးသည့်ကာလ အသက်ရှည်ကြစေကုန် ဆို၍ ထိုသူငယ်ရှိခိုးသည့် ကာလ မည်သို့မျှမဆို၊ အဘယ့်ကြောင့် ဆိတ်ဆိတ်နေတော်မူသနည်း''ဟု မေးကုန်၏၊ ''ဤသူငယ်အား အန္တရာယ်တခုရှိ၏''ဟု ဆိုသော် ''ထိုသူငယ်သည် အဘယ်မျှ အသက်ရှည်မည်နည်း''ဟု မေးလျှင်''ခုနစ်ရက်မျှသာ အသက်ရှည်မည်''ဟု ဆို၏၊ ''အရှင်ဘုရား....တားမြစ်ခြင်း၏ အကြောင်းကို သိပါသလော''ဟု မေးသော် ''ငါကား တားမြစ်ခြင်း၏ အကြောင်းကို မသိချေ''ဟုဆိုလျှင် ''အရှင်ဘုရား....တားမြစ်ခြင်း၏ အကြောင်းကို အဘယ်သူသိသနည်း''ဟုမေးသော်''ရဟန်းဂေါတမသည် သိ၏၊ ရဟန်းဂေါတမ၏အထံသို့ သွား၍ မေးကြချေ''ဟု ဆို၏၊ ''ရဟန်းဂေါတမထံသို့ သွားကငါတို့အား အကျင့်ယုတ်အံ့သည်မှ ကြောက်၏''ဟု ဆိုသော် ''သင့်သားငယ် အကယ်၍ ချစ်ခြင်းရှိငြားအံ့၊ သွား၍မေးလေ၊ အကျင့်စုတ်မှ ယုတ်ခြင်းငှာ မကြောက်ပါလင့်''ဟု ဆို၏၊ ထိုပုဏ္ဏားလည်း သဗ္ဗညု အထံသို့ သွား၍ ရှေးနည်းဖြင့် ရှိခိုးသော် ဘုရားသဗ္ဗညုလည်း ရှေးနည်းဖြင့်မိန့်တော်မူ၏၊ ယင်းသို့ မိန့်တော်မူသော သဗ္ဗညုဘုရားအား လင်မယားတို့သည် ရှေးနည်းဖြင့်ပင် မေးလျှောက်ကုန်၏၊ ယင်းသို့ မေးလျှောက်လေလျှင်ရှင်တော်ဘုရားလည်း ပုဏ္ဏားနည်းတူပင်မိန့်တော်မူ၏၊ ထိုပုဏ္ဏားကားဘုရားသဗ္ဗညု မဟုဘ်သော်လည်း မိမိမန္တန်ကို ဉာဏ်တော်နှင့် နှိုးနှော၍ဆို၏၊ အန္တရာယ်ကို ပယ်ခြင်းအကြောင်းကိုသာ မသိရှာသတည်း။ ပုဏ္ဏားလင်မယားတို့သည်''သား၏ အန္တရာယ်ကို ပယ်ခြင်း အကြောင်းရှိပါသလော''ဟု မေးလျှောက်ကုန်၏၊ ရှိ၏'ဟုမိန့်တော်မူပြီးလျှင် 'အရှင်ဘုရား ...အဘယ်နည်း''ဟုလျှောက်၏'' ပုဏ္ဏား-အကယ်၍ သင်သည် မိမိ

အိမ်တံခါးဝယ် မဏ္ဍပ်ဆောက်ပြီးလျှင် ထိုမဏ္ဍပ်၏ အလယ်တွင် အင်းပျဉ်တခုကို ခင်းစေ၍ ထိုအင်းပျဉ်ကို ရံလျက် ရှစ်ခု, တဆယ့်ခြောက်ခုသော နေရာတို့ကို ခင်းစေပြီးမှ ထိုနေရာတို့၌ ငါ့တပည့်သားတော်တို့ကို နေစေလျက် ခုနစ်ရက်ပတ်လုံး မပြတ် ပရိတ် အရံအတားကို ပြုခြင်းငှာ တတ်နိုင်ပြီးအံ့၊ ယင်းသို့ တတ်နိုင်ငြားက သင့်သား၏ အန္တရာယ်သည် ပျောက်ပြယ်ရာ၏ဟု မိန့်တော်မူ၏၊ ''ဘုန်းတော်ကြီးလှသော ဘုရား=အကျွန်ုပ်ကား အရှင်ဘုရား မိန့်တော်မူသည့်အတိုင်း မဏ္ဍပ် အစရှိသည်တို့ကို ပြုခြင်းငှာ တတ်နိုင်ပါ၏၊အရှင်ဘုရား၏တပည့် သားတော်တို့ကို အဘယ်မှာ ရနိုင်အံ့နည်း''ဟု လျှောက်၏၊ သဗ္ဗညုဘုရားက''သင်ကား ဤမျှအမှုကို ပြုလေ၊ တပည့်သားတို့ကိုငါစေမည်''ဟု မိန့်ကော်မူ၏၊ပုဏ္ဏားလည်း ''အရှင်ဘုရား–ကောင်းပြီး''ဟု ဝန်ခံ၍ ဘုရားသခင် မိန့်တော်မူတိုင်း မိမိကိစ္စကို ပြီးစေ၍သဗ္ဗညုဘုရားအား ကြားလျှောက်၏၊ဘုရားသဗ္ဗညုလည်း တပည့်ရဟန်းတို့ကို စေတော်မူ၏၊ ရဟန်းတို့လည်း သွား၍ မဏ္ဍပ်အလယ် အင်းပျဉ်ဝယ် သူငယ်ကို အိပ်စေကုန်လျက် ခုနစ်ရက်ပတ်လုံး ပရိတ် အရံအတားကို ပြုကြကုန်၏၊ ခုနစ်ရက်မြောက်သောနေ့၌ သဗ္ဗညုဘုရား ကိုယ်တော်တိုင်ပင် ကြွတော်မူ၏၊ ယင်းသို့ကြွတော်မူလျှင် စကြဝဠာအတွင်း၌ နေကုန်သော အလုံးစုံသော နတ်တို့သည် စည်းဝေးကုန်၏၊ ''အဝရုဒ္ဓက'' အမည်ရှိသော ဘီလူးတယောက်သည် တဆယ့်နှစ်နှစ်ပတ်လုံး ဝေဿဝဏ် နတ်မင်းကို ခစား၍ ထိုဝေဿဝဏ်နတ်မင်းအထံမှ ဆုရလတ်သော် ''ဤနေ့မှခုနစ်ရက်မြောက်နေ့ဝယ် ဤသူငယ်ကိုယူပါလေ''ဟူသောဆုကို ရ၏။ ယင်းသို့ ဆုရသောကြောင့် အဝရုဒ္ဓက အမည်ရှိသော ဘီလူးလည်း လာ၍ တည်လာ ရပ်လာ၏၊ သဗ္ဗညုဘုရား မဏ္ဍပ်၌ တည်တော်မူသည် ရှိသော် တန်ခိုးကြီးသော နတ်တို့သည် စည်းဝေးကုန်ရကား တန်ခိုးနည်းသော နတ်တို့သည် တဆယ့်နှစ်ယူဇနာ တိုင်အောင် ဆုတ်သွားရကုန်၏၊ အဝရုဒ္ဓက အမည်ရှိသော ဘီလူးလည်း တန်ခိုးနည်းရကား ဆုတ်သွားရလေ၏၊ သဗ္ဗညုဘုရားလည်း ညဉ့်သုံးရန်ယာမ်ပတ်လုံး ပရိတ် အရံအတား ပြုတော်မူ၏၊ ခုနစ်ရက်လွန်က အဝရုဒ္ဓကဘီလူးသည် သူငယ်ကို မရ၊ ရှစ်ခုမြောက်သောရက် အရုဏ်တက်ကာမျှ၌ သူငယ်ကိုဆောင်၍ သဗ္ဗညုဘုရားအား ရှိခိုးစေကုန်၏၊ ထိုအခါ ဘုရားသဗ္ဗညုက ''အသက်ရှည်စေ''ဟု မိန့်ဆိုလေ၏၊ ''ဘုန်းတော်ကြီးလှသော ဘုရား= သူငယ်၏ အသက်ကား

အဘယ်မျှလောက် တည်ပါမည်နည်း''ဟု မေးလျှောက်၏၊''တရာ့နှစ်ဆယ် တည်လိမ့်မည် ပုဏ္ဏား''ဟု ဘုရားသဗ္ဗညု က မိန့်တော်မူ၏၊ 'ယင်းသို့တပြီး ကား ထိုသတို့သားအား 'အာယုဝဍ္ဎန'သတို့သား ဟူသော အမည်ကို မှည့်ကုန်အံ့''ဟု ဆို၍ အမည်မှည့်ကြကုန်၏။

အထဿ အာယုဝဍ္ဎန ကုမာရောတိ နာမ မကံသု။

(ဓမ္မပဒ အဋ္ဌကထာ)

ဇထ၊ ထိုသို့ တရာ့နှစ်ဆယ် ရှည်သည်ရှိသော်၊ အဿ၊ ထိုသတို့သား အား။ အာယုဝဍ္ဎန ကုမာရောတိ နာမံ၊ အာယုဝဍ္ဎနသတို့သား ဟူသော အမည်ကို။ အကံသု၊ ပြုကုန်၏။

ထိုအာယုဝဍ္ဎနသတို့သားသည်ကြီးပွားလတ်သော်ငါးရာသော ဥပါသကာတို့ဖြင့် ခြံရံလျက် လှည့်လည်သွားလာ၏။

ဤ၌ အာယုဝဍ္ဎန သတို့သားသည် ဖွား၍ ခုနစ်ရက်မြောက်၌ သေ လောက်သော ဘေးဒဏ်ရောက်လျက် နောက်နောက် လွန်လေပြီးသော ဘဝက ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည် ဖြစ်၍ ပါဏာတိပါတမှ ကြဉ်ခဲ့ ဖူးသော ကုသိုလ်ကံကြောင့်သူတပါး လုံ့လဖြင့်မသေမူ၍ အသက်ရှည်စွာ တရာ့နှစ်ဆယ် နေရလေသတည်း။

ဒီဃာယုကတာ ပါဏာတိပါတာ ဝေရမဏိယာ ဖလံ။

ဒီဃာယုကတာ၊ အသက် ရှည်သော အဖြစ်သည်၊ ပါဏာတိပါတာ ဝေရမဏိယာ၊ ပါဏာတိပါတမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဤသို့ ခုဒ္ဒကပါဌအဋ္ဌကထာ၌ မိန့်သည်နှင့်အညီ ဤအာယုဝဍ္ဎန သတို့ သားကဲ့သို့ အသက်ရှည်စွာ နေလိုပါမူ ယခုအခါပညာရှိ အပေါင်း သူတော်ကောင်းတို့လည်း ဩတ္တပ္ပသံဝေဂတရားကိုနှလုံးထား၍ ပါဏာတိ ပါတမှ အလွန်ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏။

ဤသည်ကား ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍
သူ၏အသက်ကို သတ်ခြင်း တည်းဟူသော
ပါဏာတိပါတမှ ကြဉ်ကြကုန်သော
သူတို့၏ ဝတ္ထုသက်သေတည်း။

## (အဒိန္နာဒါန)

### ၃၈-ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် အဒိန္နာဒါနမှုမှ ကြဉ်ရှောင်ခဲ့ဖူး၍ ဥစ္စာကြွယ်ဝသော အနာထပိဏ်သဋ္ဌေး ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ အနာထပိဏ် သဋ္ဌေး၏ ဒါနကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏၊အနာထပိဏ်သဋ္ဌေးသည် ဇေတဝန်ကျောင်းတော်ကိုစွဲ၍ ငါးဆယ့်လေးကုဋေသောရွှေငွေဥစ္စာများကို ဘုရားသခင်၏ သာသနာတော်၌ စွန့်ကြဲ၍ ဘုရားတရားသံဃာ ရတနာသုံးပါးတို့ကို ထား၍ တပါးသော ထွေထွေ ရတနာဟူသောအမှတ်သညာမျှမဖြစ်စေပဲ သဗ္ဗညုဘုရားဇေတဝန်ကျောင်း၌ကိန်းအောင်းမွေ့လျော် နေတော်မူသည်ရှိသော် နံနက်စောစောတကြိမ်,နံနက်စာစားပြီးတကြိမ်,ညချမ်းသောအခါ တကြိမ် ဤသို့ တနေ့ သုံးကြိမ်တိုင်အောင်ဆည်းကပ်ခစားခြင်းငှာ သွား၏။ သည်မှတပါး အကြားအကြား၌လည်းခစားဆည်းကပ်ခြင်းငှာ သွားသေး၏၊ယင်းသို့ သွားသော်လည်းသာမဏေပဉ္စင်းငယ်တို့သည် "ငါ၏ လက်ငယ်အဘယ်ကို ယူ၍ လာသနည်း"ဟုကြည့်ကြကုန်၏ဟု နှလုံးပိုက်၍ လက်၌ တစုံတခု မပါပဲ အချည်းစည်းမသွားဘူး၊ နံနက်စောစော သွားသည်ရှိသော် ယာဂုကို ယူ၍,နံနက်စာစားပြီး၌ သွားသည်ရှိသော် ထောပတ်, ဆီဦး,ဆီ,ပျား,တင်လဲအစရှိသည်ကိုယူ၍,ညချမ်းသောအခါသွားသည်ရှိသော် ပန်းနံ့သာအဝတ်ပုဆိုးတို့ကိုယူ၍ သွား၏၊ ဤသို့ နေ့တိုင်း နေ့တိုင်း စွန့်သော သဋ္ဌေး၏ စွန့်ကြဲခြင်းပမာဏကား ဤမျှဤမျှဟု မရှိလေ၊ အလွန်များပြားသတည်း။

ဝေံ ဒိဝသေ ဒိဝသေ ပရိစ္စဇန္တဿ ပနဿ ပရိစ္စာဂေ ပမာဏံ နတ္ထိ။

(ဇာတ်အဋ္ဌကထာ)

ဝေံ၊ ဤသို့။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ပရိစ္စဇန္တဿ၊ စွန့်သော။ဇဿ၊ ထိုအနာထပိဏ်သဋ္ဌေး၏။ ပရိစ္စာဂေ၊ စွန့်ကြဲခြင်း၌။ပမာဏံ၊ အတိုင်းအရှည်သည်။ နတ္ထိ၊ မရှိ။

ရောင်းဝယ်ခြင်းကိုမှီ၍အသက်မွေးကုန်သော များစွာသော ကုန်သည်တို့သည် သဋ္ဌေး၏လက်မှကမ္ပည်းကိုတင်၍ တဆယ့်ရှစ်ကုဋေအရေအတွက်ရှိသောမြိုကြွေးတို့ကိုချေးယူကုန်၏၊ထိုတဆယ့်ရှစ်ကုဋေသော မြိုကြွေးတို့ကို

သဌေးသည် မတောင်းမခံ၊ သည်မှတပါးအမျိုးတို့၏ဥစ္စာဖြစ်သောတဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို အစိရဝတီ မြစ်နားဌ မြှုပ်ထားသည်ရှိသော် မြစ်ရေသည် ကမ်းကို တိုက်သောကြောင့် ကမ်းပြတ်၍ သမုဒ္ဒရာသို့ ပါဝင်လေသော် ကြေးအိုး သံအိုးတို့သည် ပိတ်ဆို့တိုင်းပင် သမုဒ္ဒရာ၌ တည်ကုန်၏၊ အိမ်၌ကား ငါးရာသော ရဟန်းတို့ကို နေ့တိုင်းမပြတ် နိစ္စဘတ် လှူ၏၊ အနာထပိဏ်သဌေး၏ အိမ်သည်ရဟန်းသံဃာ၏ ခရီးလေးဆုံတွင် တူးအပ်သော ရေတွင်း ရေကန်နှင့်တူ၏၊ အနာထပိဏ်သဌေးသည် အလုံးစုံသော ရဟန်းသံဃာ၏ မိဘအရာ၌ တည်၏၊ ထို့ကြောင့် သဌေးအိမ်သို့ သဗ္ဗညု ဘုရားလည်း ကြွတော်မူ၏၊ အသီတိ မဟာသာဝကတို့လည်း ကြွကြကုန်၏၊ သည်မှတပါး ထွက်ကုန်ဝင်ကုန်သော ရဟန်းတို့၏ ပမာဏကားမရှိ၊ အလွန်လျှင် မျှားသတည်း သဌေး၏ အိမ်ကား ဘုံခုနစ်ဆင့်, တံခါးမုခ် ခုနစ်ခုတို့ဖြင့် တန်ဆာဆင်အပ်၏၊ စတုတ္ထ တံခါးမုခ်ဝယ် ယုတ်မာသော မိစ္ဆာဒိဋ္ဌိနတ်တယောက်သည် နေ၏၊ ထိုမိစ္ဆာဒိဋ္ဌိနတ်တို့သည် အိမ်သို့သဗ္ဗညု ဘုရား ဝင်သော်လည်းကောင်း, အသီတိမဟာသာဝကတို့ဝင်ကြသော်လည်း ကောင်း,ကြွင်းသော ရဟန်းတို့ ဝင်ကြသော်လည်းကောင်း မိမိ၏ဗိမာန်၌ တည်ခြင်းငှာ မတတ်နိုင်၊ သူငယ်တို့ကိုလက်ငယ်ဆွဲပြီးမှ မြေကြီး၌ ဆင်းသက်၍ တည်၏၊ ထိုအခါ မိစ္ဆာနတ် ကြံသည်ကား....ရဟန်းဂေါတမသည် လည်းကောင်း, သာဝကတို့သည်လည်းကောင်း ဤအိမ်သို့ဝင်ကြသည်ရှိသော် ငါ့အားချမ်းသာခြင်းမရှိ၊ ဒေ့ခါမပြတ် မြေ၌ဆင်း၍တည်ခြင်းငှာ မတတ်နိုင်၊အကြောင်းအခြင်းဖြင့် ထိုအိမ်သို့မဝင်ကြကုန်၊ ထိုအခြင်းဖြင့် ပြုမှ သင့်မည်ဟု ကြံ၏၊ ယင်းသို့ကြံပြီးလျှင် တနေ့သ၌ သဌေး၏ အမှုကြီးငယ်ကို ရွက်ဆောင်သော သူ၏အထံသို့ အိပ်ရာဝင်သောအခါ သွား၍ နတ်၏ အဖရောင်အဝါကို ပြလျက်တည်၏၊ ''ဤ၌အဘယ်သူနည်း''ဟု မေးသည်ရှိသော် 'ငါကားစတုတ္ထတံခါးမုခ်ဝယ်စောင့်သောနတ်''ဟု ဆို၏၊''အဘယ် ကြောင့် လာသနည်း''ဟု ဆိုသော် ''သင်တို့သည် သဌေး၏အမှုအရာကို မမြင်ကြပါလော၊ မိမိ၏ပစ္ဆိမအရွယ်ကို မငဲ့ပဲ ဥစ္စာတို့ကို ရဟန်းဂေါတမ အား ပူဇော်သည်၊ ကုန်သွယ်ခြင်း, လယ်လုပ်ခြင်းကိုမပြု၊ အကြောင်းအခြင်းဖြင့် မိမိအမှုကြီးငယ်ကို ပြု၏၊ထိုအခြင်းဖြင့် ဤသဌေးကို ဆုံးမကြကုန်လော့၊ အကြောင်းအခြင်းဖြင့်လည်း ရဟန်းဂေါတမသည် ဤအိမ်သို့မဝင်၊ ထိုအခြင်းဖြင့် ပြုလော့''ဟု ဆို၏၊ ထိုအခါ အမှုကြီးငယ်ကို ပြုဆောင်သူက

"နတ်မိုက် သဌေးသည်ဥစ္စာကိုစွန့်သော်လည်း နိယျာနိကဖြစ်သော ဘုရားသာသနာတော်၌သာ စွန့်သည်၊ သဌေးသည် အကယ်၍ ဥဿျောင်ဝယ်ကိုင်၍ ငါ့ကိုရောင်းငြားအံ့၊ ငါကား မည်သို့မျှ ဆိုဝံ့မည်မဟုတ်၊ သင်သည် သွားပါ၊ ငါ့ထံသို့ မလာပါလင့်" ဟုဆို၏၊ ထိုမိစ္ဆာနတ်သည် သဌေးသားကြီးကိုလည်း နည်းတူပင် ဧပ်၍ဆို၏၊ သဌေးသားလည်း နည်းတူပင် ခြိမ်းခြောက်၍ လွှတ်လိုက်၏၊ သဌေးသားနှင့် စကားမဆိုဝံ့လေ၊ ကုန်သွယ်လယ်လုပ်တို့ကို လွှတ်၍အလှူကို မပြတ်ပေးသော သဌေးအားအခွန်အတုတ်နည်းပါးလတ်သော် ဥစ္စာသည် ကုန်ခြင်းသို့ရောက်၏၊ ထို့နောက်မှ အစဉ်သဖြင့် ဆင်းရဲခြင်းသို့ရောက်သော သဌေးအား အစား အဝတ် အိပ်ရာ အသုံးအဆောင်တို့သည် ရှေးနှင့်မတူကုန်၊ ယင်းသို့ ဖြစ်သော်လည်း အလှူကိုကား ရဟန်းသံဃာအား ပေးသည်သာတည်း။

ဧဝံ ဘူတောပိ ဘိက္ခုသံဃဿ ဒါနံ ဒေတိယေဝ။

(ဇာတ်အဋ္ဌကထာ)

ဧဝံ ဘူတောပိ၊ဤသို့ဆင်းရဲသည်ပင်ဖြစ်သော်လည်း။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒါနံ၊ အလှူကို။ ဒေတိယေဝ၊ ပေးလှူသည်သာလျှင်တည်း။

မွန်မြတ်သည်ကို ပူ၍ကားမလှူနိုင်လေ၊ဆိုအခါ တနေ့သ၌ သဗ္ဗညုဘုရားကို ရှိခိုးနေသော သဌေးကို"အလှူပေးရပါ၏လော သဌေး"ဟု သဗ္ဗညုဘုရားက မေးတော်မူ၏၊ "ပေးရပါ၏ အရှင်ဘုရား၊ အမွန်အမြတ်ကိုကား မလှူနိုင်၊ကြမ်းထမ်းခေါင်းပါးသောဆန်ကွဲထမင်းပုန်းရည်ဟင်းကိုသာ လှူရပါတော့သည်"ဟု လျှောက်၏၊ ထိုအခါ သဗ္ဗညုဘုရားက "သဌေးကြီး ကြမ်းထမ်းခေါင်းပါးသောအစာကိုငါလှူရသည်ဟု စိတ်ကိုမတွန့်တိုစေလင့်၊ စိတ်မွန်မြတ်သည်ရှိသော် ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကတို့အားလှူရသောဒါနသည် ကြမ်းထမ်းခေါင်းပါးသော မည်သည် မရှိ၊ အဘယ့်ကြောင့်နည်း ဟူမူ အကျိုး ကြီးမြတ်သောကြောင့်တည်း"ဟု မိန့်တော်မူ၏၊ စိတ်မွန်မြတ်ခြင်းကို ပူခြင်းငှာ စွမ်းနိုင်သောသူအား လူခဒါနမည်သည် မရှိဟူသော စကားကို ဤဂါထာဖြင့် သိအပ်၏။

နတ္ထိ စိတ္တေ ပသန္နမှိ, အပ္ပကာနာမ ဒက္ခိဏာ၊
တထာဂတေ ဝါ သမ္ဗုဒ္ဓေ အထဝါ တဿ သာဝကေ။

စိတ္တေ၊ စိတ်သည်။ ပသန္နမှိ၊ ကြည်ညိုသည်ရှိသော်။ တထာဂတေဝါ၊ မြတ်စွာဘုရားသည်လည်းကောင်း။ သမ္ဗုဒ္ဓေဝါ၊ ပစ္စေကဗုဒ္ဓါ၌လည်း

ကိုမြတ်စွာဘုရား၏။ သာဝကေဝါ၊ တပည့်သားတော်၌ လည်းကောင်း။ အပ္ပကာ၊ အနည်းငယ်သော၊ ဒက္ခိဏာနာမ၊ အလှူမည်သည်။ နတ္ထိ၊ မရှိ။

သည်မှတပါးလည်း အနာထပိဏ်သဌေးအား တရားဟောတော်မူ၏၊ “သဌေးကြီး....သင်သည် ကြမ်းထမ်းခေါင်းပါးသောဒါနကိုပေးလှူရသည် ရှိသော်လည်း အရိယာပုဂ္ဂိုလ်တို့အားသာလျှင် လှူရ၏၊ ငါကား ဝေလာမ ပုဏ္ဏား ဖြစ်သောအခါ ဇမ္ဗူဒီပါ ကျွန်းအလုံးကို ထွန်တုံး ထမ်းပိုးတို့ကို အထက်၌ ဖွဲ့သည်ကိုပြု၍ ရတနာ ခုနစ်ပါးတို့ကို ပေးလှူသည် ရှိသော် သရဏဂုံတည်သော အလှူခံပုဂ္ဂိုလ်, ပဉ္စသီကို စောင့်ရှောက်သော အလှူခံ ပုဂ္ဂိုလ်ကို တယောက်မျှမရလေ၊ ဒက္ခိဏေယျပုဂ္ဂိုလ်ကို အလွန် ရခဲသည် ထို့ကြောင့် လူခဒါနကိုသာ ပေးရ၏ဟု စိတ်မတွန့်တိုစေသင့်”ဟု မိန့်တော်မူ၍ ဝေလာမသုတ်ကို ဟောတော်မူ၏။

ထိုအခါ မိစ္ဆာနတ်သည် သဌေး၏ စည်းစိမ်ချမ်းသာ ကြီးသောအခါ ငါသည် သဌေးနှင့် စကားမဆိုဝံ့၊ ယခုကား ဆင်းရဲလှပြီ၊ ငါ့စကားကို ယူလတ္တံ့ဟုထင်မှတ်၍ ညဉ့်သန်းခေါင်အခါ အိပ်ရာတိုက်ခန်းသို့ ဝင်၍ ကောင်းကင်က ရပ်လျက် နတ်၏ အရောင်အဝါတို့ကို ပြ၏၊ နတ်ကို သဌေး မြင်၍ “သာကား အသူနည်း”ဟု မေး၏၊ ‘သဌေးကြီး....ငါကား စတုတ္ထ တံခါးဝယ် စောင့်သော နတ်”ဟု ဆိုသော် အဘယ်အကျိုးငှာ လာသနည်း”ဟု မေး၍ “သင့်အား အဆုံးအမ ပေးခြင်းငှာ လာသည်”ဟု ဆိုလျှင် “ယင်းသို့တပြီးကား ပေးလော့”ဟုဆို၏၊ “သဌေးကြီး....သင်ကား ပစ္ဆိမအရွယ်ကို မငဲ့၊ သားသမီးမျက်နှာကိုလည်းမထောက်၊ ရဟန်းဂေါတမ အားသာ အလှူပေး၍ လယ်လုပ်ခြင်း ကုန်သွယ်ခြင်းကိုမပြုသဖြင့် ရဟန်း ဂေါတမကို အမှီပြု၍ ဆင်းရဲ၏၊ ယင်းသို့ ဆင်းရဲသော်လည်း ရဟန်း ဂေါတမကို မစွန့်၊ ယနေ့ တိုင်အောင်ပင်လည်း ရဟန်းတို့သည် အိမ်သို့ ဝင်သေး၏၊ အကြင်ဥစ္စာကို ထိုရဟန်းတို့ ဆောင်လေပြီ၊ ထိုဥစ္စာကို တဖန် ပြန်၍ဆောင်ခြင်းငှာ မတတ်ကောင်း၊ ပေးမိသမျှမှာလွန်ပါစေတော့၊ ဤ နေ့မှစ၍ မိမိလည်း ရဟန်းဂေါဘမ၏ အထံသို့ မသွားလင့်၊ တပည့်လား တို့လည်း ဤအိမ်သို့ မဝင်စေကုန်လင့်၊ ရဟန်းဂေါတမကို ပြန်၍မျှမကြည့် ပဲ လုပ်မြဲဘိုး မိမိ၏ ကုန်သွယ်ခြင်း လယ်လုပ်ခြင်းအမှုကို ပြုလော့”ဟု ဆို၏၊ ထိုအခါသဌေးကြီးက “ဤသည်လျှင် သင်၏အဆုံးအမဖေလော” ဟု မေး၏၊ “အိမ်း...ဟုတ်၏”ဟု ဆိုသော် “သင်သို့ သဘောရှိသော နတ်ဘရာ, တထောင်, တသောင်း, တသိန်းဖြင့်လည်း ဘုန်လှုပ်စေခြင်းငှာ

မစွမ်းနိုင်သည်ကို သဗ္ဗညုဘုရားသည် ငါ့အားပြုတော်မူအပ်၏၊ ငါ၏သဒ္ဓါတရားသည် မြင်းမိုရ်တောင်ကဲ့သို့ မတုန်မလှုပ်ပဲ အမြဲတည်၏၊ ငါသည် နိယျာနိကသာသနာ၌ ဥစ္စာကို စွန့်အပ်သည်ကို သင်ကား မလျောက်ပတ်သော အမှုကို ပြုအပ်၏၊ ဘုရားသာသနာတော်၌ ပုတ်ခတ်ခြင်းကို ပေးအပ်၏၊ ဤသို့ သဘောရှိသော မိစ္ဆာနတ်ယုတ်နှင့် တကွ တအိမ်တည်းနေခြင်းငှာ ငါသည် မတတ်ကောင်း၊ လျင်မြန်စွာ ငါ့အိမ်မှ ထွက်သွားပါ”ဟု ဆို၏၊ ထိုမိစ္ဆာနတ်သည် အရိယာသာဝက ဖြစ်တော်မူသော သဌေး၏ စကားကိုကြား၍ တည်ခြင်းငှာ မတတ်နိုင်ရကား မိမိနေရာသို့ သွား၍ သားငယ်တို့ကို လက်ဖြင့်ငင်လျက် ပြင်ပသို့ ထွက်ရ၏၊ ထွက်ပြီး၍ကား တပါး၌ နေရာကို မရသောကြောင့် သဌေးကို ကန်တော့၍ ထိုစတုတ္ထတံခါးတွင်ပင် နေအံ့ဟုကြံလျက် မြို့စောင့်နတ်သား အထံသို့သွားပြီးလျှင် ရှိခိုးလျက်ရပ်၏၊ “အဘယ်အကြောင်းကြောင့် လာသနည်း”ဟု မြို့စောင့်နတ်သားက မေးလတ်သော် “အရှင်....ငါကား မလိမ္မာသည့်အာလျောက် မစူးစမ်းမဆင်ခြင်မူ၍ အနာထပိဏ်သဌေးနှင့် စကားဆိုမိချေ၏၊ သဌေးသည် ငါ့အား အမျက်ထွက်၍ နေရာမှ နှင်ထုတ်၏၊ သဌေးကို သည်းခံစေ၍ နေရာကို ငါ့အားပေးစေလော့”ဟု ဆို၏၊ “သင်သည် သဌေးနှင့် အဘယ်စကားကို ဆိုဘိသနည်း”ဟု မေးလတ်သော် “အရှင်.... ငါကား ဤနေ့မှစ၍ ဘုရားသံဃာအား ခစားဆည်းကပ်ခြင်းကို မပြုလင့်၊ ရဟန်းဂေါတမအား အိမ်သို့ဝင်ခြင်းကို မပေးလင့်”ဟု ဆိုမိပေသည်ဟု ဆို၏၊ “သင့်စကား ဝန်လေးလှသည်၊ သာသနာတော်၌ ပုတ်ခတ်ခြင်းကိုပေးအပ်၏၊ ငါကား သင့်ကိုခေါ်၍ သဌေးအထံသို့ မသွားဝံ့”ဟု ဆို၏၊ ထိုမိစ္ဆာနတ်လည်း မြို့စောင့်နတ်ထံမှ ချီးမြှောက်ခြင်းကို မရရကား စတုမဟာရာဇ်နတ်မင်းများအထံသို့ သွားလေ၏၊ နတ်မင်းများလည်း ထိုစကား ကြားလျှင် ရှေးနည်းဖြင့်ဆို၍ အခွင့်မရရကား သိကြားမင်းအထံသို့ ကပ်၍ ထိုအကြောင်းကိုကြားလျက် “အရှင်နတ်မင်း....အကျွန်ုပ်ကား နေရာကိုမရသောကြောင့် သူငယ်တို့ကိုလက်ဖြင့်ဆွဲငင်လျက်ပင် ကိုးကွယ်ရာမဲ့ လှည့်လည်ရ၏၊ အရှင်နတ်မင်းတို့ကို အမှီပြု၍ အကျွန်ုပ်အား နေရာကို ပေးပါစေ”ဟု အလွန်လျှင် တောင်းပန်၏၊ သိကြားမင်းလည်း “သင်ပြုသော အမှုကား အလွန်ဝေးလေစွ၊ သာသနာတော်တို့ ပုတ်ခတ်ခြင်းက ပေးအပ်၏၊ ငါလည်းအသင့်ကိုအမှီပြု၍ သဌေးနှင့်တကွစကားဆိုခြင်းငှာ မတတ်ကောင်း၊ သဌေးသည်းခံခြင်း၏ အကြောင်းတခုကိုကားငါဆိုမည်”ဟုဆိုလသော်

"ကောင်းပါပြီဆိုပါ"ဟုဆိုလျှင် သဒ္ဒေးကြီး၏လက်မှ လူတို့သည်ကမ္ဘည်း
တင်၍ ချေးယူအပ်သော တဆယ့်ရှစ်ကုဋေသော ဥစ္စာသည် ရှိ၏၊ သင်
သည် သဒ္ဒေးကြီး၏ ဘဏ္ဍာစိုးအသွင်ကိုယူ၍ တစုံတယောက်သော သူကို
မသိစေပဲ ထိုကမ္ဘည်းတို့ကိုယူ၍ နှစ်ယောက် သုံးယောက်သော နတ်
လုလင်မျိုတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ လက်တဘက်ဖြင့် ကန့်ကူ ကညစ်ကို
ကိုင်၍ ထိုကြွေးမြီစားတို့၏ အိမ်သို့သွားပြီးမှ အိမ်လယ်၌ ရပ်လျက်
နတ်၏ အနုဘော်ကို ပြ၍ ထိုတဆယ့်ရှစ်ကုဋေသော ကြွေးမြီ တို့ကို
တောင်းခဲ့၍ သဒ္ဒေး၏ အချည်းအနှီးသောကျီကြတို့ကိုပြည့်စေလော့၊ သည်မှ
တပါး အစိရဝတီမြစ်နားတွင် ရေတိုက်၍မျောသော တဆယ့်ရှစ်ကုဋေ
သော ဥစ္စာဘို့ကိုမိမိအာနုဘော်ဖြင့် ဆောင်ယူ၍အချည်းအနှီးသောသဒ္ဒေး
ကြီး၏ ကျီကြတို့ကို ပြည့်စေလော့၊ သည်မှတပါး ဤမည်သောအရပ်တွင်
အရှင်မရှိ၊ တဆယ့်ရှစ်ကုဋေသော ဥစ္စာသည်ရှိ၏၊ ထိုတဆယ့်ရှစ်ကုဋေ
သော ဥစ္စာတို့ကို မိမိအာနုဘော်ဖြင့် ဆောင်၍ အချည်းအနှီးသောသဒ္ဒေး
ကြီး၏ ကျီကြတို့ကိုပြည့်စေလော့၊ဤငါးဆယ့် လေးကုဋေသောဥစ္စာတို့ဖြင့်
အချည်းအနှီးသော သဒ္ဒေးကြီး၏ကျီကြဘို့ကိုပြည့်စေခြင်း တည်းဟူသော
ဒဏ်အမှုကိုပြု၍ သဒ္ဒေးကြီးကို ကန်တော့ လေလော့"ဟု ဆို၏၊ မိစ္ဆာ
နတ်လည်း"ကောင်းပါပြီ"ဟု သိကြားမင်းစကားကို ဝန်ခံ၍သိကြားမင်း
ဆိုတိုင်း အလုံးစုံသော ဥစ္စာတို့ကို ဆောင်၍ ကျီကြတို့ကို ပြည့်စေပြီးမှ
ညဉ့်သန်းခေါင်အခါ သဒ္ဒေး၏ အသရေရှိသော တိုက်ခန်းသို့ဝင်ပြီးလျှင်
ကောင်ကင်၌ နတ်၏အရိပ်အရောင်ကိုပြလျက် ရပ်၏၊ "အဘယ်သူနည်း"
ဟု သဒ္ဒေးကမေးသည်ရှိသော် "သဒ္ဒေးကြီး ငါကား သင့်အိမ်တွင်
စတုတ္ထ တံခါးဝယ် စောင့်သော နတ်မိုက်တည်း၊ ငါသည် မောဟဖြင့်
တွေဝေသောကြောင့် ဘုရားကျေးဇူးတော်ဘို့ကို မသိပဲ ရှေးနေ့တို့၌
သဒ္ဒေးကြီးနှင့် အလွန်အကျုးဆိုမိသော စကားသည် ရှိ၏။ ထိုစကားကို
ငါ့အား သည်းခံပါ၊ ငါလည်းသိကြားမင်း၏ စကားဖြင့် အရှင်သဒ္ဒေး
ကြီး၏ တဆယ့်ရှစ်ကုဋေသော ကြွေးမြီဘို့ကိုသည်းကောင်း, မြစ်ရေ မျော
ပါ၍ သမုဒ္ဒရာသို့ဝင်သောတဆယ့်ရှစ်ကုဋေသောဥစ္စာတို့ကို လည်းကောင်း,
သည်မှတပါးထိုထိုအရပ်တွင် အရှင်မရှိသော တဆယ့်ရှစ်ကုဋေသော ဥစ္စာ
တို့ကိုလည်းကောင်းဤငါးဆယ့် လေးကုဋေသော ဥစ္စာဘို့ကိုဆောင်၍ ကျီ
ကြတို့ကို ပြည့်စေသောအားဖြင့် ဒဏ်အမှုကိုပြုအပ်ပြီ၊ ဇေတဝန်ကျောင်း
တော်ကိုစွဲ၍ကုန်သော ဥစ္စာအလုံးစုံကိုအကုန်စုဝေါင်းအပ်ပြီ၊ယခုအခါ ငါ

ကားနေရာကိုမရပါသောကြောင့်အလွန်ပင်ပန်း၏၊ မလိမ္မာ၍ဆိုမိသော ငါ့စကားကို နှလုံးမထားမူ၍ ငါ့အား သည်းခံပါ မဟာသဒ္ဓေးကြီး''ဟု ဆို၏၊ အနာထပိဏ်သဒ္ဓေးလည်း နတ်၏စကားကို ကြား၍ ဤနတ်ကား ငါသည် ဒဏ်အမှုကို ပြုအပ်ပြီဟူ၍လည်း ဆို၏၊ မိမိအပြစ်ကိုလည်း ဝန်ခံ၏၊ ဤနတ်ကို ဘုရားသခင့် အထံသို့ဆောင်၍ ငါ၏ ဂုဏ်ကျေးဇူးတို့ကို သိစေအံ့ဟု ကြံ၏၊ ထိုနေ့ခင်မှ ''အချင်းနတ် သင်သည် အကယ်၍ ငါ့ကို သည်းခံစေလိုသည် ဖြစ်အံ့၊ သဗ္ဗညုဘုရား ရှေ့တော်ဝယ် ငါ့ကို ကန်တော့လော့''ဟု ဆို၏၊ မိစ္ဆာနတ်လည်း ''ကောင်းပါပြီ''ဟု ဝန်ခံ၍ ''ဘုရား အထံသို့ သွားသောအခါ ငါ့ကိုခေါ်ပါ'' ဟု ဆို၏၊ သဒ္ဓေးကြီးလည်း ''ကောင်းပြီ''ဟု ဝန်ခံ၍ တညဉ့်မိုးသောက်သဘ်သော် နံနက် စောစော ပင် နတ်ကိုခေါ်၍ သဗ္ဗညုအထံသို့သွားပြီးလျှင် ထိုနတ်ပြုအပ်သော အမှုအလုံးစုံကို အကုန် သဗ္ဗညုဘုရားအား လျှောက်ထား၏၊ ဘုရားသဗ္ဗညုလည်း သဒ္ဓေးစကားကို ကြားတော်မူ၍ ''သဒ္ဓေး....ဤလောကဌ် ယုတ်မာသော မကောင်းမှုရှိသော သူသည်လည်း အကြင်မျှလောက် မိမိမကောင်းမှုသည် မရင့်သေး၊ ထိုမျှလောက် ကောင်းသောအာရုံကိုမြင်ရ၏၊ အကြင်အခါ မိမိမကောင်းမှုသည် ရင့်၏၊ ထိုအခါ မကောင်းသောအာရုံကိုသာမြင်ရ၏၊ ကောင်းမှုရှိသော သူသည်လည်း၊ အကြင်မျှလောက် မိမိကောင်းမှုသည် မရင့်သေး၊ ထိုမျှလောက် မကောင်းသော အာရုံကို မြင်ရတတ်၏၊ အကြင်အခါ မိမိကောင်းမှုသည် ရင့်၏၊ ထိုအခါကောင်းသော အာရုံကိုသာ မြင်ရ၏''ဟု တရားဟောတော်မူသော အဆုံး၌ မိစ္ဆာနတ်သည် သောတာပန် တည်လေ၏။

ပရိယောသာနေ သာဒေဝတာ သောတာပတ္တိဖလေ ပတိဋ္ဌာသိ။
(ဓာတ်အဋ္ဌကထာ)

ပရိယောသာနေ၊ ဟောတော်မူသော အဆုံး၌။ သာဒေဝတာ၊ ထိုထိုမိစ္ဆာနတ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌာသိ၊ တည်လေ၏။

ယင်းသို့ သောတာပတ္တိဖိုလ်၌ တည်လေလျှင် ထိုနတ်သည် တရား ရှစ်ကွက်သော စက်လက္ခဏာတို့ဖြင့် မှတ်အပ်သော သဗ္ဗညုဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း၍ ''ဘုန်းတော်ကြီးလှသော အရှင်ဘုရား....အကျွန်ုပ်ကား ရာဂဖြင့်တပ်သောကြောင့် ဒေါသဖြင့် ပြစ်မှားသောကြောင့် မောဟဖြင့် တွေဝေသောကြောင့်အဝိဇ္ဇာဘည်းဟူသော အမိုက်တိုက် ဖြင့်ဖြင့်ဖုံးလွှမ်း

ရကား အရှင်ဘုရားတို့၏ ဂုဏ်တော် ကျေးဇူးတော်ကို မသိသောကြောင့် အကြင်ယုတ်မာသော စကားကိုဆိုမိ၏၊ထိုစကားကို အကျွန်ုပ်အားသည်းခံပါ''ဟုသဗ္ဗညုဘုရားအား ကန်တော့ပြီးမှသဒ္ဒေါကြီးကိုလည်းကန်တော့၍ သည်းခံစေ၏။

ဤ၌ အနာဂထပိဏ် သဒ္ဒေါသည် ရှေးရှေးသောဘဝက ဩတ္တပ္ပ သံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍ သူတပါးဥစ္စာကို ခိုးယူခြင်း တည်းဟူသော အဒိန္နာဒါန်ရှ ကြဉ်ခဲ့ဖူးသောကြောင့် များသော ရွှေငွေရှိခြင်း, များသော ဆန်စပါးရှိခြင်း, အဆုံးမရှိသောလယ်,ယာ,ဥယျာဉ်,ရေကန်,သခြေနှစ်ချောင်းအခြေလေးချောင်းအစရှိသော အတွင်းအပ အသုံးအဆောင်တို့နှင့် ပြည့်စုံခြင်း အကျိုးကို ခံစားရသည်၊ ဇေတဝန်ကျောင်းတော် ဆောက်ရာတွင်ပင်ငါးထယ့်လေးကုဋေသောရွှေ ငွေဥစ္စာကုန်သည်၊ အိမ်တွင် မြှုပ်ထားသော ဥစ္စာရွှေငွေလည်း လေးဆယ့်လေးကုဋေပင် ရှိသေးသည်၊ ပေါင်း ရွှေငွေဥစ္စာ တရာ့ရှစ်ကုဋေပင် ကြွယ်ဝမြားမြောင်သည်၊သည့်မှတပါး နေ့တိုင်းနေ့တိုင်းရဟန်းသံဃာတို့အား လှူသောဒါနဝတ္ထုကားဤရွှေဤမျှပမာဏမရှိ၊ အလွန်များပြားသတည်း၊ ဤသို့များသော ဥစ္စာရှိခြင်းသည် အဒိန္နာဒါန်မှ ကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးဆက်တည်း။

မဟဒ္ဓနတာ အဒိန္နာဒါနာ ဝေရမဏိယာ ဖလံ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

မဟဒ္ဓနတာ၊ များသော ဥစ္စာရှိသော အဖြစ်သည်။ အဒိန္နာဒါနာ ဝေရမဏိယာ၊ အဒိန္နာဒါန်မှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

အစိရဝတီမြစ်နား၌ ရေတိုက်၍မျောလေသောတဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို ရပြန်၍ ရေရန်သူ မဖျက်ဆီးနိုင်ခြင်း, တဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို မြီးစားကြွေးစားတို့ချေးယူ၍ မပေးမဆပ်နေသည်ကို တဖန် ပြန်ရ၍ အပ္ပိယဒါယာဒ ရန်သူတို့မဖျက်ဆီးနိုင်ခြင်းသည်လည်း ရှေးရှေးသော ဘဝက ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ သူ့ဥစ္စာတို့ကို ခိုးယူခြင်းတည်းဟူသော အဒိန္နာဒါန်မှ ကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးဆက်ပင်တည်း။

ရာဇစောရုဒကဂ္ဂိ အပ္ပိယဒါယာ ဒေဟိ အသာဓာရဏာ ဘောဂတာ
အဒိန္နာဒါနာ ဝေရမဏိယာ ဖလံ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

ရာဇစောရုဒကဂ္ဂိ အပ္ပိယဒါယာဒေဟိ၊ မင်း, ခိုးသူ,ရေ, မီး, မချစ်မနှစ်သက် အပ်သောအမွေခံတို့နှင့်။ အသာဓာရဏာ ဘောဂတာ၊ မဆက်ဆံသော

စည်းစိမ်ဥစ္စာရှိသောအဖြစ်သည်။ အဒိန္နာဒါနာဝေရမဏီယာ၊ အဒိန္နာဒါန်မှ ကြဉ်ခြင်း၏။ ဖလံ။ အကျိုးတည်း။

ယခုအခါ အနာထပိဏ်သဌေးကဲ့သို့ ရန်သူမျိုး ငါးပါးတို့နှင့် မဆက်ဆံပဲ များသော ဥစ္စာစပါးစည်းစိမ် ရှိသောအဖြစ်ကို အလိုရှိကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်လည်း အနာထပိဏ် သဌေးကဲ့သို့ ဩတ္တပ္ပ သံဝေဂတရားကို နှလုံးထား၍ သူတပါးဥစ္စာကို ခိုးယူခြင်းတည်းဟူသော အဒိန္နာဒါန်မှ ဝေးစွာ ကြဉ်ရှောင်ကုန်ရာ၏။

---

## ၃၉–ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် အဒိန္နာဒါနမှုမှ ကြဉ်ရှောင်ခဲ့ဖူး၍ ပစ္စည်းဥစ္စာကို ရန်သူတို့ မဖျက်ဆီးနိုင်သော ဘုရားအလောင်း သူကြွယ်ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေလျော် နေတော်မူသော အခါ ကုန်သည်ယောကျ်ား သူလှည့်စားကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသော် ဘုရားအလောင်းတော်သည် သူကြွယ်အမျိုး၌ဖြစ်၏၊ သို့ကြားလိမ္မာသောအရွယ်သို့ ရောက်လျှင် ဥစ္စာပစ္စည်းတို့ကို ဆည်းပူး၍နေ၏၊ ဘုရားအလောင်းအား နောက်မှ ဖွားသော ညီတယောက်လည်း ရှိ၏၊ ထိုညီအစ်ကိုနှစ်ယောက်တို့အား နောက်ကာလ မိဘတို့သည် သေလွန်ကုန်၏၊ ယင်းသို့ သေလွန်ကုန်လျှင် တနေ့သ၌ မိဘတို့၏ ဥစ္စာဖြင့် ဖောက်ကား ရောင်းဝယ် ကုန်သွယ်ခြင်းကို ပြုအံ့ဟု ရွာတရွာသို့ သွားကြကုန်သည်ရှိသော် တထောင်သော ဥစ္စာကိုရ၍ ထိုတထောင်သော ဥစ္စာကို ယူဆောင်လျက် ညီနောင်နှစ်ယောက်ဘို့သည် ပြန်လာကြကုန်၏၊ ယင်းသို့ ပြန်လာကြလျှင် မြစ်ဆိပ်တွင် ကူးတို့လှေကို ငံ့လင့်ဆိုင်းတွ၍ ထမင်းစားကြကုန်၏ အစ်ကိုအကြီးသည် ထမင်းစားပြီးလျှင် ကြွင်းကျန်သော ထမင်းကို ဂင်္ဂါမြစ်တွင်းဝယ် နေကုန်သော ငါးလိပ်တို့အား ပေးလှူပြီးလျှင်မြစ်စောင့်နတ်မှစ၍အလုံးစုံသော နတ်တို့အား အမျှဝေ၏၊ နတ်အပေါင်းတို့လည်း ဝမ်းမြောက် ဝမ်းသာ အနုမောဒနာပြုခြင်းကြောင့် နတ်ဘို့ဖြစ်သောခဲဖွယ်ဘောဇဉ် ဥယျာဉ်ရေကန် ဘုံဗိမာန် အရောင်အဝါ လာဘ်သပ္ပကာတို့သည် တိုးပွားရကား ဘုရားအလောင်းအား အလွန်ကျေးဇူးတင်ကုန်၏၊ ဘုရားအလောင်းလည်း

ဂင်္ဂါမြစ်နား သဲစုအထက်၌ ကိုယ်ဝိတ်ကို ခင်းလျက် လျောင်းစက်သော် အိပ်ပျော်ခြင်းသို့ ရောက်လေ၏၊ ညီငယ်ကား သဘောအားဖြင့် အတန်ငယ် ခိုးတတ်သော သဘောရှိ၏။

ကနိဋ္ဌဘာတာ နုပဿဲ ထောကံ စောရပကတိကော။
(ဇာတ် အဋ္ဌကထာ)

အဿ၊ ထိုဘုရားလောင်း၏။ ကနိဋ္ဌဘာတာပန၊ ညီငယ်သည်ကား။ ထောကံ၊ အတန်ငယ်။ စောရပကတိကော၊ ခိုးတတ်သော သဘောရှိ၏။

ညီငယ်သည် အသပြာတထောင်ကို အစ်ကိုအားမပေးပဲ မိမိချည်းသာ ယူလိုသောကြောင့် အသပြာကိုလည်းကောင်း, ကျောက်စရစ်ကိုလည်းကောင်း တူအောင် အထုပ်ပြုပြီးလျှင် အသပြာထုပ်ကို လည်းကောင်း, ကျောက်စရစ်ထုပ်ကိုလည်းကောင်းအတူတကွထား၏၊ညီနောင်နှစ်ယောက်တို့သည် အိပ်ရာမှထ၍ လှေစီးကြပြီးလျှင် မြစ်ကိုကူးသွားကြလေသော် မြစ်၏အလယ်၌ ညီငယ်သည် လှေကိုလှုပ်၍ ကျောက်စရစ်ထုပ်ကို ချ၏ ဟု နှလုံးပြုလျက် လက်ဖြင့်အလွဲကိုင်ရှာ၍ အသပြာထုပ်ကို ချလေ၏၊ယင်းသို့ချပြီးလျှင် ''နောင်တော်-အသပြာထုပ်ကားရေဝယ်ကျလေပြီ၊အဘယ်သို့ပြုရအံ့နည်း'' ဟုဆို၏၊အစ်ကိုလည်းရေဝယ်ကျသည်ကို ''အဘယ်သို့ပြုနိုင်အံ့နည်း ဤမျှဥစ္စာကို မစိုးရိမ်လင့်'' ဟု ဆို၏၊ ဂင်္ဂါမြစ်ကိုစောင့်သောနတ်သည် ဤယောကျ်ား အမျှဝေအပ်သော ကောင်းမှုအဖို့က ဝမ်းမြောက်ဝမ်းသာပြု၍ ငါ့အား နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာ အခြံအရံ အကျော်အစော ပြန့်ပြောပေသည်၊ ထိုယောကျ်ား၏ ဥစ္စာကို ငါသည် စောင့်ရှောက်ခြင်းငှာ တတ်ကောင်း၏ဟု နှလုံးပြု၍းမိမိအာနုဘော်ဖြင့် ထိုအသပြာထုပ်ကို ငါးကြီးတကောင်ကို မျိုစေ၍ မိမိသည် အစောင့်အရှောက်ကိုယူ၏၊ ညီငယ်ယောကျ်ား မောင်ခိုးသားကား အိမ်သို့သွားပြီးသော် ငါသည်အစ်ကိုကြီးအားလှည့်စားအပ်လေပြီဟု နှလုံးပြု၍ ဝမ်းမြောက်ဝမ်းသာ ဥစ္စာထုပ်ကို ဖြေလျှင် ကျောက်စရစ်ကိုမြင်၍ ပူပင်သောနှလုံးရှိရကား ညောင်စောင်းအပေါင်ကို ဘက်၍ အိပ်၏၊ ထိုအခါ တံငါအများတို့သည် ငါးဖမ်းခြင်းငှာ ဂင်္ဂါမြစ်၌ ပိုက်ကွန်တို့ကိုချကြကုန်၏၊အသပြာထုပ်ကိုမျိုသောငါးသည် နတ်၏ အာနုဘော်အားဖြင့် ပိုက်ကွန်တွင်းသို့ ဝင်လေ၏၊ တံငါတို့သည် ငါးကိုယူပြီးသော် ရောင်းခြင်းငှာမြို့သို့ဝင်လာကြကုန်လျှင်လူရှင်အပေါင်း

ညွှန်စာပေ-၂၄။

တို့က ငါးကြီးကိုမြင်၍ လိုချင်သောကြောင့်အဖိုးကြောင်းလမ်းကို စုံးစမ်း မေးမြန်းကုန်၏၊ တံငါတို့လည်း "အသပြာတထောင်ကကို ငွေခုနစ်ပဲ ကမှ ရောင်းမည်"ဟုဆို၏၊ လူတို့လည်း"ခုနစ်ပဲမှာ ဟုတ်ပါစေတော့, တထောင် ထိုက်သော ငါးကို ငါတို့အား ကြားမျှ မကြားဖူးလေ"ဟု ပြက်ရယ်ပြုကြ ကုန်၏၊ တံငါတို့လည်း ငါးကို ယူပြီးလျှင် ဘုရားလောင်း အိမ်တံခါးသို့ သွား၍ "ဤငါးကိုဝယ်ပါ"ဟု ဆို၏၊ "အစ်ကိုတို့ငါးကား အဖိုးအားဖြင့် မည်မျှ ထိုက်သနည်း"ဟု ဆိုသော် "ငွေခုနစ်ပဲသာ ပေးပါတော့"ဟုဆို၏၊ "သူတပါးတို့အား အဘယ်မျှ ရောင်းစားသနည်း"ဟုမေး၍"သူတပါးတို့ အားကား အသပြာတထောင်ကကို သုံးမူးတပဲ ကမှ ရောင်းမည် ဆိုသည် အမောင့်ကိုမူကား သုံးမူးတပဲနှင့်သာ ရောင်းပါမည်၊ သုံးမူးတပဲပေး၍သာ ဝယ်ယူပါတော့"ဟု ဆိုကုန်၏၊ "ယင်းသို့တပြီးကား ကောင်းပြီ"ဟု ခုနစ်ပဲပေး၍ ဝယ်ပြီးလျှင် အိမ်ရှင်မယားအား ငါးကို ခွဲစိမ့်သောငှာပေး အပ်လေ၏၊ မယားလည်း ငါး၏ဝမ်းကို ခွဲလတ်သော် ဝမ်းထဲတွင်အသပြာ တထောင်ထုပ်ကိုမြင်၍ လင်ဘုရားလောင်းအား ကြား၏၊ ဘုရားလောင်း လည်း အသပြာထုပ်ကိုကြည့်၍ မိမိတံဆိပ်ကိုမြင်လျှင် မိမိဥစ္စာ၏ အဖြစ်ကို သိ၍ ယခုအခါ ဤတံငါတို့သည် ဤငါးကို သူတပါးတို့အား ရောင်းစား ကုန်သည်ရှိသော် တထောင် ခုနစ်ပဲတို့ဖြင့် ရောင်းစားကုန်၏၊ ငါတို့ကို မူကား တထောင်သောအသပြာသည် ငါတို့ဥစ္စာဖြစ်သောကြောင့် ခုနစ်ပဲ ဖြင့်သာရောင်းရရှာကုန်၏၊အဘယ်ကိုမှီ၍ ဆုံးလေပြီးသော အသပြာတို့ကို ငါသည် ရအပ်သနည်းဟု ဆင်ခြင်လေလျှင် မြစ်စောင့်နတ်သည် ကောင်း ကင်၌ ထင်သောအသွင်ကိုပြလျက် "ငါးကား ဂင်္ဂါမြစ်ကိုစောင့်သောနတ် တည်း၊ သင်သည် ဂင်္ဂါမြစ်၌ ငါးတို့အား အတိရေကဘတ်ကို ပေးလှူ၍ ငါ့အား အမျှဝေအပ်၏၊ ထို့ကြောင့် သင့်ဥစ္စာကို ငါစောင့်ရှောက်သည် ဟု ဆို၏၊ ယင်းသို့ဆိုပြီးမှ "သင့်ညီသည် သင့်အား လှည့်စားလိုသော ကြောင့် ထိုအမှုကိုပြုသည်၊ သင်သည် ငါ့အား ကျေးဇူးရှိသောကြောင့် ငါလည်း သင့်ဥစ္စာကို မပျောက်မပျက်ရအောင် ဆောင်၍ပေးသည်၊ သင့် ညီငယ်ကား သူခိုးတည်း၊ သူခိုးအား ဤဥစ္စာကို မပေးပါလင့်"ဟု ဆို၏၊ အစ်ကို ဘုရားလောင်းကား သနားတတ်သော သဘောရှိသောကြောင့် ညီငယ်သူခိုးအား ငါးရာပင် ခွဲဝေ၍ ပေးလေသေး၏။

ဤ၌ အစ်ကိုဘုရားလောင်းသည် ရှေးရှေးသောဘဝက သြတ္တပ္ပသံဝေဂ နှင့် ပြည့်စုံသည်ဖြစ်၍ သူတပါးဥစ္စာကို ခိုးယူခြင်းတည်းဟူသော အဒိန္နာ

ဒါန်မှ ကြဉ်ရှောင်ခဲ့ဖူးသော ကံထူး၏ အကျိုးဆက်ကြောင့် ညီငယ်သည် သူခိုးပြု၍ခိုးယူလျက်ခိုးသူတည်းဟူသော ရန်သူကြောင့်လည်းကောင်း,ရေ သို့ ကျလျက်ရေဟူသောရန်သူကြောင့်လည်းကောင်း အသပြာတထောင် သည် မဆုံးရှုံးပဲ လက်ထဲသို့ တဖန် ရောက်လာပြန်သတည်း။

သုခဝိဟာရိတာ၊ အဒိန္နာဒါနာ ဝေရမဏိယာ ဖလံ။

သုခဝိဟာရိတာ၊ ချမ်းသာစွာနေရသော အဖြစ်သည်။ အဒိန္နာဒါနာ ဝေရမဏိယာ၊ အဒိန္နာဒါန်မှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဤသို့ ခုဒ္ဒကပါဌ အဋ္ဌကထာ မိန့်သည်နှင့်အညီ ငါ့ဥစ္စာကို ရန်သူမျိုး ငါးပါးတို့သည် ဖျက်ဆီးလိမ့်မည်ဟူ၍ ကြောင့်ကြ စိုးရိမ်ခြင်းမရှိပဲ ချမ်း သာစွာ နေရခြင်းသည်လည်း ရှေးရှေးသောဘဝက ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည် ဖြစ်၍ သူတပါးဥစ္စာကို ဖျက်ဆီးခိုးယူခြင်း တည်းဟူသော အဒိန္နာဒါန်မှ ကြဉ်ခဲ့ဖူးသောကြောင့်ပင်တည်း၊ ထို့ကြောင့် ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်း တို့သည်လည်း ငါ့ဥစ္စာကို ရန်သူမျိုး ငါးပါးတို့သည် ဖျက်ဆီးခိုးယူလိမ့်မည်ဟု ကြောင့်ကြ စိုးရိမ်ခြင်းမရှိပဲ ချမ်းသာစွာနေရခြင်းတည်းဟူသောအကျိုး,ရန်သူမျိုးငါးပါးတို့ပင် ဖျက် ဆီးငြားသော်လည်းမပျက်ဆီးနိုင်ခြင်းတည်းဟူသော အကျိုးကိုအလိုရှိကြ ကုန်မူကား ဩတ္တပ္ပသံဝေဂတရားကို နှလုံးထား၍ သူတပါးဥစ္စာကို ခိုးယူ ဖျက်ဆီးခြင်းတည်းဟူသော အဒိန္နာဒါန်မှ ဝေးစွာကြဉ်ရှောင်ကုန်ရာ၏။

ဤကား ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍
သူတပါးဥစ္စာကို ခိုးယူခြင်း တည်းဟူသော
အဒိန္နာဒါန်မှ ကြဉ်ကုန်သော သူတို့၏
ဝတ္ထု သက်သေတည်း။

---

(ကာမေသု မိစ္ဆာ စာရ)

## ၄၀-ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် ကာမေသုမိစ္ဆာစာရမှုမှ ကြဉ်ရှောင်ခဲ့ဖူးသော နကုလပိတာ နကုလမာတာတို့ ဝတ္ထု

လွန်လေပြီးသောအခါဤကမ္ဘာမှာကမ္ဘာတသိန်းထက်၌ပဒုမုတ္တရဘုရား သခင်သည်လူတွင် ထင်ရှားဘုရားဖြစ်တော်မူ၏၊ ထိုပဒုမုတ္တရအမည်ရှိသော

မြတ်စွာဘုရားသည် ဟံသာဝတီပြည်ကို အမှီပြုတော်၍ ခေမာမိဂဒါဝုန်
တောသို့ နေတော်မူသည်ရှိသော် ကြွယ်ဝ မြားမြောင်သော ဥစ္စာပစ္စည်းနှင့်
ပြည့်စုံသော ဥပါသကာ တယောက်သည် နံနက်စာ စားပြီးလျှင် ဥပုသ်
အင်္ဂါတို့ကို ဆောက်တည်၍ ပန်းနံ့သာ အစရှိသည်တို့ကို လက်စွဲလျက်
ကျောင်းတော်သို့ တရားနာ သွားလေသော် ထိုအခါ ပဒုမုတ္တရ မြတ်စွာ
ဘုရားက ဥပါသကာတယောက်ကို အကျွမ်းဝင်သောသူတို့ထက် မြတ်
သော အရာဌာနသို့ ထားသည်ကိုမြင်လေ၏၊ ယင်းသို့မြင်လျှင်ထိုဥပါသကာ
သည် ထိုအရာဌာနကို တောင့်တ၍ သံဃာနှင့်တကွ ဘုရားကို တပည့်သားနှင့်တကွ
ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်ပတ်လုံး ဆွမ်းပန်း ကျွေးပြီးမှ အဆုံးနေ့တွင်
သင်္ကန်းသုံးထည်ကို လှူ၍ထိုဝိသာသိကဌာနန္တရကို ဆုတောင်း၏၊ ပဒုမုတ္တရ
မြတ်စွာဘုရားလည်း "နောင်အခါ ကမ္ဘာတသိန်း လွန်သော် ဂေါတမ
မြတ်စွာဘုရား လက်ထက်တော်၌ ထိုအရာထူးကို ရလတ္တံ့"ဟု ဗျာဒိတ်
စကား ကြားတော်မူ၏၊ ထိုဥပါသကာလည်း ကမ္ဘာတသိန်းပတ်လုံး လူ
နတ် တို့၌ ကျင်လည်ပြီးမှ ဤကမ္ဘာဝယ် ငါတို့ဘုရားလက်ထက် အဂ္ဂတိုင်း
သုံသုမာရဂိရိပြည်၌သဌေးအိမ်တွင် ဖြစ်လေ၏၊ ဘုရားသဗ္ဗညုလည်းတပည့်
သားအပေါင်း ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူလတ်သော် ထို
သုံသုမာဂိရိပြည်သို့ ရောက်၍ ပဲစင်းငုံတော၌ နေတော်မူ၏၊ ထိုအခါ
နကုလပိတာ အမည်ရှိသော သူကြွယ်သည် သုံသုမာရဂိရိ ပြည်သူ ပြည်
သားတို့နှင့်တကွ ဘုရားသခင်အထံသို့ လာ၍ ရှေးဦးစွာ ဖူးမြင်ခြင်းဖြင့်
လာလျှင် နကုလပိတာဥပါသကာသည်လည်းကောင်း,ထိုနကုပိတာဥပါသ
ကာ၏ မယားဖြစ်သော နကုလမာတာဥပါသိကာမ သည်လည်းကောင်း
သဗ္ဗညုဘုရားကို "ဤသူကားငါတို့သားတည်း"ဟူသော အမှတ်ကိုဖြစ်စေ
၍ နှစ်ယောက်သော လင်မယားတို့သည် ဘုရားသဗ္ဗညု၏ ခြေတော်တို့၌ဝပ်
၍ "ချစ်သားသင်ကားဤမျှသောကာလပတ်လုံးငါတို့ကိုစွန့်ပယ်၍အဘယ်
သို့ လှည့်လည်သနည်း"ဟု ဆိုလျက် ငိုကြွေးကြကုန်၏၊ အဘယ့်ကြောင့်
မကြောက်မရှက် သားမဟုတ်ပဲငျက်ပင် သားဟုမှတ်ထင်လေသနည်းဟူမူ-
နကုလပိ ာအမည်ရှိသောဤသူကြွယ်သည် ရှေးအခါဘဝငါးရာတို့ပတ်လုံး
သဗ္ဗညုဘုရား၏ အဖရင်းဖြစ်ခဲ့ဖူး၏၊ ဘဝငါးရာတို့ပတ်လုံး ဘထွေးဖြစ်
ခဲ့ဖူး၏၊ ဘဝငါးရာ့ိပတ်လုံး ဘကြီးဖြစ်ခဲ့ဖူး၏၊ ဘဝငါးရာတို့ပတ်လုံး
ဦးရီးဖြစ်ခဲ့ဖူး၏၊ နကုလမာတာ အမည်ရှိသော ဤသူကြွယ်မသည်လည်း
ရှေးအခါ ဘဝငါးရာ့ိပတ်လုံး သဗ္ဗညုဘုရား၏ အမိရင်း ဖြစ်ခဲ့ဖူး၏၊

ဘဝငါးရာတို့ပတ်လုံး မိထွေးဖြစ်ခဲ့ဖူး၏၊ ဘဝငါးရာတို့ပတ်လုံး မိကြီးဖြစ်ခဲ့ဖူး၏၊ ဘဝငါးရာတို့ပတ်လုံး အရီးဖြစ်ခဲ့ဖူး၏၊ ဤသို့ ဘဝနှစ်ဆောင်အားဖြင့် ရှည်လျားလှစွာသော နေ့ညဉ့်ပတ်လုံး အစဉ်တစိုက်လိုက်သော ချစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် သဗ္ဗညုဘုရားကို မြင်လျှင် သားဟု ထင်မှတ်လျက် နှစ်သက်မြတ်နိုးခြင်းကို မစွန့်နိုင်လေကုန်သတည်း၊ ဘုရားသခင်လည်း အကြင်မျှလောက် ထိုသူတို့၏ ဉာဏ်သည် မသန် မရင့်သေး၊ ထိုမျှလောက် မည်သို့မျှ မိန့်တော်မမူ၊ လျစ်လျူသာ နေတော်မူ၏၊ အကြင်အခါ ပါရမီကံသည် ရင့်သန်၏၊ ထိုအခါ ထိုသူတို့အားလျောက်ပတ်သောတရားအမြိုက်ကို တိုက်ကျွေးတော်မူ၏၊ ယင်းသို့ တိုက်ကျွေးတော်မူလျှင် လင်မယားနှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ သဗ္ဗညုဘုရားလည်း ထိုအခါမှစ၍ သံသုမာရဂိရိပြည်သို့ မလာမရောက်၊ နောင်အခါ ထိုသူတို့ ကြီးရင့်သည့်ကာလမှ သံသုမာရဂိရိပြည်သို့ ကြွတော်မူလာ၏၊ ထိုအခါ နကုလပိတာ သမီးခင်ပွန်းတို့သည် သဗ္ဗညုဘုရားကြွတော်မူလာသည်ဟုကြားလျှင် ဘုရားသဗ္ဗညု အထံတော်သို့ကပ်၍ငါးပါးသောရှိခိုးခြင်းဖြင့် ရှိသေစွာရှိခိုးပြီးမှ နက်ဖြန်အလို့ငှာ သံဃာတော်အပေါင်းနှင့်တကွ ပင့်ဖိတ်၍ မိုးသောက်သောနေ့၌ မိမိအိမ်တွင် ဘုရားအမှူးရှိသော သံဃာတော်ကို အထူးထူးအပြားပြား မြတ်သော အရသာရှိသော ဘောဇဉ်ခဲဖွယ်တို့ဖြင့် လုပ်ကျွေး၍ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စရှိသော ဘုရားသခင်သို့ကပ်၍ တင့်အပ် လျောက်ပတ်သောအရပ်၌ နေကြကုန်၏၊ ယင်းသို့ နေကြပြီးလျှင် နကုလပိတာ အမည်ရှိသောသူကြွယ်သည် သဗ္ဗညုဘုရားအားဤစကားကိုလျှောက်ထား၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား အကြင်အခါမှစ၍ နကုလာမာတာအမည်ရှိသော သူကြွယ်မကို တဆယ့်ခြောက်နှစ်ရွယ် ငယ်သောအခါမှ ဆောင်အပ်၏၊ ထိုအခါမှစ၍ နကုလမာတာ အမည်ရှိသော သူကြွယ်မကို စိတ်မျှဖြင့်သော်လည်း လွန်ကျူး၍ ကျင့်မိသည်ကို မသိစဘူး၊ ကိုယ်ဖြင့်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ အရှင်ဘုရား....အကျွန်ုပ်တို့ကား ဤပစ္စုပ္ပန်ဘဝ၌လည်း အချင်းချင်း မြင်ခြင်းငှာ အလိုရှိပါကုန်၏၊ နောင်သံသရာ တမလွန်ဘဝ၌လည်း အချင်းချင်း မြင်ခြင်းငှာ အလိုရှိပါကုန်၏"ဟု လျှောက်၏၊ နကုလမာတာ အမည်ရှိသော သူကြွယ်မကလည်း သဗ္ဗညုဘုရားအား ဤသို့ လျှောက်ထား၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....အကြင်အခါမှစ၍ အကျွန်ုပ်ကို နကုလပိတာ အမည်ရှိသော သူကြွယ်သည် ငယ်စဉ်ကာလမှ

ဆောင်ယူအပ်၏၊ ထိုအခါမှစ၍ အကျွန်ုပ်သည် နကုလပိတာ အမည်ရှိ သော သူကြွယ်ကို စိတ်မျှဖြင့်လည်း လွန်ကျူး၍ ကျင့်မိသည်ကိုလည်း မသိစဘူး၊ ကိုယ်ဖြင့် လွန်ကျူး၍ ကျင့်ခြင်းဝယ် အဘယ်ဆိုဖွယ်ရာ ရှိအံ့ နည်း၊အရှင်ဘုရား....အကျွန်ုပ်တို့ကား ဤပစ္စုပ္ပန်ဘဝ၌လည်း အချင်းချင်း တွေ့ခြင်းကို အလိုရှိပါကုန်၏''ဟု လျှောက်၏။

ဣစ္ဆေယျာမ မယံ ဘန္တေ ဒိဋ္ဌေဝ ဓမ္မေ အညမညံ ပဿိတုံ အဘိသမ္ပရာယဉ္စ အညမညံ ပဿိတုန္တိ။

(အင်္ဂုတ္တရ အဋ္ဌကထာ)

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လည်း။ အညမညံ၊ အချင်းချင်း။ပဿိတုံ၊ တွေ့ကြုံခြင်းငှာ။ ဣစ္ဆေယျာမ၊ အလိုရှိပါကုန်၏။ အဘိသမ္ပရာယဉ္စ၊ နောင် သံသရာ တမလွန် ဘဝ၌လည်း။ အညမညံ၊အချင်းချင်း။ ပဿိတုံ၊ တွေ့ကြုံ ခြင်းငှာ။ ဣစ္ဆေယျာမ၊အလိုရှိပါကုန်၏။ ဣတိ၊ဤသို့။အဝေါစုံ၊လင်မယား နှစ်ယောက်တို့ လျှောက်ကြကုန်၏။

ဤသို့ သမ္ဗုဒ္ဓဘုရားအား အကျွမ်းဝင်သောစကားကိုလျှောက်ထား ရခြင်း အကျိုးငှာ ကမ္ဘာတသိန်းပတ်လုံး ပါရမီကို ဖြည့်ကြရကုန်သည်၊ ပါရမီကံ၏ အကျိုးသည် အပြီးသို့ရောက်၍ လျှောက်ထားကြသည်ကို သိတော်မူသောကြောင့် သမ္ဗုဒ္ဓဘုရားလည်း ဇေတဝန်ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူလျက် ဥပါသကာ ယောကျ်ား ဥပါ သိကာ မိန်းမတို့ကို ဌာနန္တရ၌ ထားတော်မူရာဝယ် နကုလပိတာကို=

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဝိဿာ သိကာနံ

ယဒိဒံ နကုလပိတာ....

ဟု ဝိဿာသိက ဌာနန္တရ၌ ထားတော်မူ၏၊ နကုလမာတာကိုလည်း=

တေဒဂ္ဂံ ဘိက္ခဝေ မမံသာဝိကာနံ ဝိဿာသိကာနံ ယဒိဒံ နကုလ မာတာ....

ဟု ဝိဿာသိက ဌာနန္တရ၌ပင် တေဒဂ်ထားတော်မူ၏။

ဤ၌ နကုလပိတာနှင့် နကုလမာတာတို့သည် ရှေးရှေးသော ဘာက ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ ကာမဂုဏ်တို့၌ မှားသောအားဖြင့်

လွန်ကျူး၍ ကျင့်ခြင်းတည်းဟူသော ကာမေသုမိစ္ဆာစာရမှကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးဆက်ကြောင့် ဆက်တိုင်း ဆက်တိုင်းသော ဘဝတို့၌ လင်မယား နှစ်ယောက်တို့သည် အချင်းချင်း အလွန်ချစ်ခင်ကြကုန်သည်။

ဣတ္ထိပုရိသာနံ အညမညံ ပိယတာ ကာမေသု မိစ္ဆာစာရာ ဝေရမဏိယာ ဖလံ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

ဣတ္ထိပုရိသာနံ၊ လင်မယား ဖြစ်ကုန်သော မိန်းမ ယောကျ်ားတို့၏။ အညမညံပိယတာ၊ အချင်းချင်း ချစ်သောအဖြစ်သည်။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

နကုလပိတာသည် ဘဝများစွာ ကမ္ဘာတသိန်းပတ်လုံး နပုံးပဏ္ဍုက်၏ အဖြစ်,ဥဘတောဗျည်း၏အဖြစ်, မိန်းမ၏အဖြစ်သို့ မကပ်ခြင်း၊ နကုလမာတာသည်လည်း ဘဝများစွာ ကမ္ဘာတသိန်းပတ်လုံး နပုံးပဏ္ဍုက်၏အဖြစ်, ဥဘတောဗျည်း၏အဖြစ်သို့ မကပ်ခြင်းသည်လည်း ရှေးရှေးသော ဘဝက သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ မိစ္ဆာစာရမှ ကြဉ်ခဲ့ဖူးသောကြောင့်ပင် ဖြစ်သည်။

ဣတ္ထိဘာဝပ္ပဋိလာဘသံဝတ္တနိကံ ပုံသကတ္တပ္ပဋိလာဘာသံဝတ္တနိကံ
အဘဗ္ဗတာ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ ဖလံ။
(ဝုင်းခုဒ္ဒကပါဌအဋ္ဌကထာ)

ဣတ္ထိဘာဝပ္ပဋိ လာဘာသံဝတ္တနိကံ၊ ယောကျ်ားဖြစ်လျက် မိန်းမ၏ အဖြစ်ကို ရခြင်း၏လည်းကောင်း။ နပုံသကတ္တပ္ပဋိလာဘာသံဝတ္တနိကံ၊ ယောကျ်ားမိန်းမဖြစ်လျက် နပုံးပဏ္ဍုက်၏ အဖြစ်ကိုရခြင်း၏လည်းကောင်း။ အဘဗ္ဗတာ၊ မထိုက်သောအဖြစ်သည်။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ၊ ကာမေသုမိစ္ဆာရာမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ပိယဝိပ္ပယောဂါဘာဝတာ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ ဖလံ။

ပိယဝိပ္ပယောဂါဘာဝတာ၊ ချစ်သောသူတို့နှင့် ကွေကွင်းခြင်းမရှိသော အဖြစ်သည်။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဤသို့ခုဒ္ဒကပါဌအဋ္ဌကထာမိန့်မှာသည်နှင့်အညီ လင်မယားနှစ်ယောက်တို့သည် နောက်ကပြန်ဆိုအပ်ခဲ့ပြီးသောစနည်းဖြင့် ဘဝနှစ်ထောင်တို့ပတ်လုံး

မကွေ့မကွင်းဖြစ်ရခြင်းသည်လည်း ရှေးရှေးသောဘဝက ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးကြောင့်ပင် ဖြစ်သည်၊ ထို့ကြောင့် အခုအခါ ပညာရှိ အပေါင်းသူတော်ကောင်းတို့သည်လည်း နကုလပိတာ, နကုလမာတာတို့ကဲ့သို့ လင်မယားတို့၏ အချင်းချင်း ချစ်ခြင်း, ယောကျ်ားဖြစ်သောသူ၏ မိန်းမ, နပုံး ပဏ္ဍုက်, ဥဘတောဗျည်း၏ အဖြစ်သို့ မကပ်ခြင်း, မိန်းမ ဖြစ်သော သူ၏ နပုံး, ပဏ္ဍုက်, ဥဘတော ဗျည်း၏ အဖြစ်သို့မကပ်ခြင်း, တယောက်သည် တယောက်နှင့် မကွေ့ကွင်း ဖြစ်ခြင်းကို အလိုရှိကြကုန်မူ ထိုနကုလပိတာ, နကုလမာတာတို့ကဲ့သို့ ဩတ္တပ္ပသံဝေဂတရားကို နှလုံးပြု၍ ကာမေသုမိစ္ဆာစာရမှ ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏။

---

### ၅၁-ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် ကာမေသုမိစ္ဆာစာရမှု ကြဉ်ရှောင်သော ဘဒ္ဒါသူကြွယ်သမီးဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူသောအခါ ကိမိလပြည်၌ "ရောဟက" အမည်ရှိသော သူကြွယ်သားသည် ကံ, ကံ၏ အကျိုး, ရတနာ သုံးပါး၏ ဂုဏ်ကိုယုံကြည်သည်ဖြစ်၍ ရတနာသုံးပါး၌ ကြည်ညို၏၊ သီလအကျင့်နှင့် ပြည့်စုံ၏၊ ထိုကိမိလပြည်၌ပင် ရောဟက အမည်ရှိသော သူကြွယ်သားနှင့် တူသော စည်းစိမ်ချမ်းသာ ရှိသော အမျိုး၌ သတို့သမီးတယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ ရတနာသုံးပါး၌ ကြည်ညို၏၊ သဘောကောင်းသည်၏ အဖြစ်ကြောင့် ဘဒ္ဒါဟု အမည်အားဖြင့် တွင်၏၊ ထိုအခါ ရောဟက၏ မိဘတို့သည် ဘဒ္ဒါ အမည်ရှိသော သတို့သမီးကို တောင်း၍ အချိန်အရွယ် ရောက်သည့်ကာလ ရောဟကနှင့် ထိမ်းမြားကုန်၏၊ ယင်းသို့ ထိမ်းမြားပြီးသည့်ကာလ ရောဟက ဘဒ္ဒါ သမီးခင်ပွန်း ဘို့သည် အညီအညွတ် နေကြကုန်၏၊ ထိုဘဒ္ဒါကား အကျင့်သီလနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် မိန်းမကောင်းဟု ကိမိလပြည်တွင်ထင်ရှားကျော်စော၏၊ ထိုအခါ သာရိပုတ္တရာ မောဂ္ဂလာန်နှစ်ပါးတို့သည် တပည့်သား ငါးရာစီးအခြံအရံ ရှိကုန်သည်ဖြစ်၍ ဇနပုဒ်စာရီကာကို လှည့်လည်ကြကုန်သည် ရှိသော် ကိမိလပြည်သို့ ရောက်လာကြကုန်၏၊ ရောဟကလည်း မထေရ်နှစ်ပါးတို့၏



အရှင်ဘုရား အဆုံးအမတော်ကို ခံယူ၍ ကိမိလပြည့်ဝယ် မကျိုးမပေါက်ရအောင် သီလကို....၁၆၀

တပည့်သားနှင့်သက္ကရောက်လာကြသော အဖြစ်ကို သိ၍ ဝမ်းမြောက်ရွှင်လန်းစွာ မဟာထေပီတို့သို့ ကပ်၍ ရှိခိုးပြီးမှ နက်ဖြန်အလို့ငှာ ပင့်ဖိတ်၍ နှစ်ရက်မြောက်သော နေ့၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် အခြံအရံနှင့်တကွ မထေရ်နှစ်ပါးတို့ကို လုပ်ကျွေးပြီးလျှင် မယားနှင့်တကွ တရားတော်ကိုနာပြီးမှ မထေရ်တို့၏ ဆဆုံးအမဉ္တတည်း၍ သရဏဂုံတို့ကိုလည်း ခံယူ၏၊ ပဉ္စသီလကိုလည်း ဆောက်တည်၏၊ မယားဘဒ္ဒါကား....အဋ္ဌမိ,စာတုဒ္ဒသီ, ပဉ္စဒသီ ဇါဂ္ဂိဟာရိယပက္ခတို့၌ ဥပုသ်ကိုလည်းသုံး၏၊အထူးအားဖြင့် သီလအကျင့်နှင့်လည်း ပြည့်စုံ၏။

ဝိသေသတော သီလာစာရသမ္ပန္နာ အဟောသိ။

(စိမ္ပာနဝတ္ထု အဋ္ဌကထာ)

သာ၊ ထိုဘဒ္ဒါသည်။ ဝိသေသတော၊ လင်မှ အထူးအားဖြင့်။ သီလာစာရသမ္ပန္နာ၊ သီလအကျင့်နှင့် ပြည့်စုံသည်။ အဟောသိ၊ ဖြစ်၏၊

ယင်းသို့ သီလအကျင့်နှင့် ပြည့်စုံရကား နတ်များတို့သည်လည်း ထိုဘဒ္ဒါကို အစဉ်သနားအပ်၏၊ထိုသို့အစဉ်သနားအပ်သည်၏ အဖြစ်ကြောင့်သာလျှင် မိမိ၏အထက်၌ကျသော မိစ္ဆာစာရ ကင်းသည်ကိုပြု၍ အလွန်စင်ကြယ်သော သီလအကျင့်ရှိရကား လောက၌ အလွန်လျှင် ပျံ့နှံ့သော ကျော်စောသံရှိ၏၊ အဘယ်သို့ရှိသနည်းဟူမူကား-ထိုဘဒ္ဒါသည် မိမိကားကိုမိလပြည်၌တည်လျက်ပင် လင်ရောဟက၏ ဖောက်ကားရောင်းဝယ်ကုန်သွယ်သည်၏ အစွမ်းအားဖြင့် တက္ကသိုလ်ပြည်၌နေစဉ် ပွဲသဘင်ခန္း၌ အဖော်တို့သည် တိုက်တွန်းရကား နက္ခတ်သဘင် ကစားလိုသောစိတ်ဖြစ်လတ်သော် အိမ်စောင့်နတ်သည် မိမိ၏ အာနုဘော်ဖြင့် ဘဒ္ဒါကို တက္ကသိုလ်ပြည်သို့ဆောင်၍ မိမိ၏လင်ဖြစ်သော ရောဟကနှင့်တကွ ပေါင်းဖက်စေ၏၊ ယင်းသို့ ပေါင်းဖက်စေ၍ ပဋိသန္ဓေ ကိုယ်ဝန် တည်သည့်ကာလမှ ဘဒ္ဒါကို အိမ်စောင့်နတ်သည် ကိုမိလပြည်သို့ တဖန်ဆောင်ခဲ့၏၊ ပဋိသန္ဓေကိုယ်ဝန်သည် အစဉ်အားဖြင့် ကြီးပွား၍ ထင်ရှားဖြစ်လတ်သော် လင်၏ ပေါက်ဖော်ဖြစ်သော မိဘဆွေမျိုးတို့သည် ထိုအကြောင်းကိုမသိရကား ဘဒ္ဒါအား ယုံမှားသက်ာ ရှိကုန်၏၊ ''ဤဘဒ္ဒါသည် လင်သည် ဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်းငှာ အရပ်တပါးသို့ သွားသည့်အခိုက်ကို မိမိကြိုက်သော ယောကျ်ားတို့နှင့် အတိစာရအမှုကို ပြုကျင့်သည်ဟုဆိုကုန်၏၊ ဘဒ္ဒါကလည်း''ငါသည် ငါ့လင်ဖြစ်သော ရောဟကမှတပါး

အခြားယောကျ်ားကို စိတ်ဖြင့်သော်လည်း မလွန်ကျူး၊ ကိုယ်ဖြင့်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း''ဟု ဆို၏၊ ယင်းသို့ဆိုမှုသော်လည်း ထိုစကားကို အများပင် မယုံကြည်ကြ၊ ယင်းသို့ မယုံကြည်သည်နှင့် ထိုအခါ ဂင်္ဂါမြစ်ရေသည် ကိုမိလပြည်အလုံးကို လွှမ်းမိုးအပ်ကကဲ့သို့ တိုးပွားလတ်သော် ဘဒ္ဒါက ကိုမိလပြည်သားအပေါင်းတို့ကို ငါ့သစ္စာ၏အာနုတော်ဖြင့်ချမ်းသာစေအံ့ဟု နှလုံးပြု၍''အကယ်၍ ငါသည် ငါ့လင်မှတပါး အခြားသူနှင့် အတိစာရအမှုကိုပြုသည်မှန်အံ့၊ ငါ့အားအကျော်အစောမဲ့သည် လွှမ်းမိုးနိုင်သကဲ့သို့ ဤဂင်္ဂါမြစ်ရေသည် ကိုမိလပြည် အလုံးကို လွှမ်းမိုးသည် ဖြစ်စေသော၊ အတိစာရအမှုကို မပြုသည်မှန်အံ့၊ ငါ့အားမဟုတ်မမှန်သော အကျော်အစောမဲ့သည် လျော့ကျ ပျောက်ပျက်သကဲ့သို့ ဤဂင်္ဂါမြစ်ရေလည်း လျော့ကျပျောက်ပျက်သည်ဖြစ်စေသော''ဟု သစ္စာ အဓိဋ္ဌာန်ပြု၏၊ ယင်းသို့ သစ္စာပြုသည်နှင့် တပြိုင်နက် တခဏ်တည်း ဂင်္ဂါမြစ်ရေလည်း လျော့ကျပျောက်ပျက်လေ၏၊ မိမိ၏အကျော်အစောမဲ့လည်းပျောက်ပျက်ရှင်းလင်းလေ၏၊ ထိုအခါမှစ၍ ကိုမိလ မြို့သူမြို့သားနှင့်တကွ လင်၏ မိဘ ပေါက်ဖော်ဆွေမျိုးတို့သည် ယုံကြည်ရကား ဘဒ္ဒါကိုသီလနှင့်ပြည့်စုံသော မိန်းမဟူ၍ အလွန် ချစ်ကြည်မြတ်နိုးကြကုန်၏၊ နောင်အခါ လင်နှင့်တကွ ပေါင်းမိပြန်သည်ကာလ လင်သည်လည်း မိဘ ပေါက်ဖော်တို့ကဲ့သို့ပင် တွေးတောယုံမှားရှိပြန်လျှင်''သင့်အားလည်း တက္ကသိုလ်ပြည်တွင် နက္ခတ်ပွဲသဘင်ကစားသည့်ကာလ သင်က ငါ့အားပေးသည့် လက်စွပ်တည်း''ဟု လက်စွပ်ကိုပြ လျှင်လင်လည်း ယုံကြည်ရကား အလွန်ချစ်မြတ်နိုး၏၊ ဘဒ္ဒါသည် နောင်အခါ သေလွန်၍ထိုအကျင့်သီလအာစာရကြောင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၏၊ ထိုအခါ သဗ္ဗညုဘုရား သာဝတ္ထိ ပြည်မှ တာဝတိံသာနတ်ပြည်သို့ ကြွ၍ ပင်လယ်ကာသစ်ပင်ရင်း၌ နေတော်မူသည်ရှိသော် ဘဒ္ဒါသည် လာ၍ ရှိခိုး၏၊ ထိုအခါ ဘုရားသဗ္ဗညုက ''အရောင်အဝါ တင့်တယ်စွာနှင့်လာ၍ ရှိခိုးသော နတ်သမီးကား အသူနည်း''ဟု မေးတော်မူ၏၊ ''ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား ရှေးလူဖြစ်စဉ်ကာလက ကိုမိလပြည်ဝယ် ဘဒ္ဒါ အမည်ရှိသော ဥပါသိကာမ ပါတည်း''ဟု လျှောက်၏၊ ''အဘယ်ကောင်းမှုကြောင့် သင်သည် ဤနတ်ပြည်သို့ ရောက်လာသနည်း''ဟု မေးတော်မူ၏၊ ''ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား အရှင်ဘုရားအဆုံးအမတော်ကိုခံ၍ ကိုမိလပြည်ဝယ် မကျိုးပေါက်ရအောင် သီလကို စောင့်ရှောက်ခဲ့ဖူးသော

ကောင်းမှုကြောင့် ဤနတ်ပြည်သို့ ရောက်လာပါသည်''ဟု လျှောက်၏၊ သမ္ဗုဒ္ဓဘုရားလည်း 'ကောင်း၏'ဟု မိန့်တော်မူ၏။

ဤသို့ ဘဒ္ဒါသည် သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ အတိစာရ အမှုမှ ရှောင်ကြဉ်သော ကောင်းမှု၏ အာနုဘော်ကြောင့် ကိမိလပြည် အလုံးကို လွှမ်းမိုးလတ္တံ့သော ရေအလျင်ကို လျှောကျစေရကား ကိမိလ ပြည်သူပြည်သားတို့သည် အကျင့်သီလနှင့် ပြည့်စုံသော မိန်းမပေတကား ဟု အလွန်ချစ်ကြည် မြတ်နိုးကြကုန်၏၊ နောက်ကာလ၌လည်း လင်နှင့် တကွ ယောက္ခမ ပေါက်ဖော်ဆွေမျိုးတို့သည် အတိစာရမှ ကြဉ်ခြင်း ကြောင့် အလွန်လျှင် ချစ်ကြည်မြတ်နိုးကြကုန်၏။

သဗ္ဗဇနပိယတာ ကာမေသု မိစ္ဆာစာရာ ဝေရာမဏိယာ ဖလံ။
(ခုဒ္ဒကပါဌအဋ္ဌကထာ)

သဗ္ဗဇနပိယတာ၊ ခပ်သိမ်းသော လူအပေါင်းတို့၏ချစ်မြတ်နိုးအပ်သော အဖြစ်သည်။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။

ဤဘဒ္ဒါအမည်ရှိသော မိန်းမကောင်းကဲ့သို့ ခပ်သိမ်းသောလူအပေါင်း တို့၏ ချစ်ခြင်းကို အလိုရှိကုန်မူ ယခုအခါ ပညာရှိအပေါင်း သူတော် ကောင်းတို့သည် ဘဒ္ဒါအမည်ရှိသော မိန်းမမြတ်ကဲ့သို့ သြတ္တပ္ပ သံဝေဂ တရားကိုနှလုံးထားလျက် ကာမဂုဏ်တို့၌ မှားသောအကျင့်ဟု ဆိုအပ်သော အတိစာရအမှုကို ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏၊ ဤသည်ကား သြတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ ကာမေသု မိစ္ဆာစာရအမှုမှ ရှောင်ကြဉ် ကြကုန်သော သူတို့၏ ဝတ္ထုပါက်သတည်း။

---

## (မုသာဝါဒ)

### ၄၂-သြတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် မုသာဝါဒမှ ကြဉ်ရှောင်ခဲ့ဖူးသော ပစ္စေကဗုဒ္ဓါအလောင်း တိုင်းကျပ်မင်း ဝတ္ထု

လွန်လေပြီးသောအခါ ငါတို့ သဗ္ဗညုဘုရား မပွင့်မီ ကာလအတန် ကြာက တိုင်းစွန် ပြည်ကျပ် အမှတ်မရှိသော ပစ္စန္တရစ်မင်းသည် တထောင် မျှလောက်သော ဗိုလ်ပါ သူရဲရှိ၏၊ တိုင်းပြည်ကား အငယ်အကျဉ်းသာ၊ ပညာကား အလွန်ကြီးကျယ်၏၊ ထိုပစ္စန္တရစ်တိုင်းကျပ်မင်းသည်နေ့အနေ့သ၌

ဤသို့ကြံ၏၊ အကယ်၍ကား ငါ့အား တိုင်းပြည်ဗိုလ်ပါ ဆင်မြင်းသူရဲကား နည်းလှစွာ၏၊ ပညာသော်ကား ငါနှင့်တူမည့်သူ ဇမ္ဗူဒီပါဝယ် ရှာသော် ရှား၏၊ ပညာအားဖြင့် အလုံးစုံသော ဤဇမ္ဗူဒီပါကျွန်း၌ မင်းအဖြစ်ကို ယူခြင်းငှာ တတ်ကောင်း၏ဟုကြံ၍ အနီးဖြစ်သော တိုင်းကြီးပြည်ကြီးရှင် မင်းအား သံကိုစေလွှတ်၏၊ "ခုနစ်ရက်အတွင်းဝယ် ငါ့အား တိုင်းပြည်ကို တည်း ပေးအပ်မည်လော၊ ယင်းသို့မဟုတ် စစ်တည်းပြိုင်ဆိုင် ထိုးနိုင်မည်လော"ဟု စေလိုက်၏၊ ယင်းသို့ စေလိုက်ပြီးသည်မှ နောက်ကာလ၌ ထို ပစ္စန္တရစ်မင်းသည် မိမိမှူးမတ်တို့ကိုခေါ်၍ "ငါသည် အစ်ကိုတို့အား မပန်ကြားပဲ မလွှဲမဆိုင် အနိုင်အထက်အမှုကို ပြုမိချေပြီ၊ ဤမည်သော မင်းအား စကားကို စေမိချေပြီ၊ သို့မဖွတ်မရာ စေမိရာဝယ် အဘယ်သို့ ပြုရအံ့နည်း" ဟုဆို၏၊ ထိုအခါ မှူးမတ်တို့က "အရှင်မင်းကြီး....ထိုတမန်ကို လျင်မြန်စွာ လိုက်သိမ်းသော် "မတော်ပါလော"ဟု လျှောက်ကုန်သော် မှူးတော မတ်တော်တို့ကို 'တမလွန်သွားသည်ကားကာလရှည်လျားလေပြီ၊လိုက်သိမ်းသော်လည်း တော်မည်မဟုတ်'ဟု မိန့်တော်မူ၏၊ "ယင်းသို့ လိုက်သိမ်းခြင်းငှာ မတတ်ကောင်းသည်ဖြစ်အံ့၊ အရှင်မင်းကြီးသည် ငါတို့တိုင်းပြည် အလုံးစုံကို အကုန်ဖျက်ဆီးအပ်သည် မည်၏"ဟုလျှောက်ကုန်၏၊ ဖျက်ဆီး အပ်သည်ဖြစ်စေ၊ စေမိ၍ ရှိပြီကို အစ်ကိုတို့ ဘယ်သို့ပြုကြမည်နည်း"ဟု မေးတော်မူ၏၊ အရှင်မင်းကြီး....ယင်းသို့တပြီးကား သူတပါး၏ လက်၌ သေးသံတချင်း သေရခြင်းသည် ဆင်းရဲ၏၊ ငါတို့သည် အချင်းချင်းပုတ်ခတ်ကြ၍ သေကုန်အံ့၊ ကိုယ့်ကိုယ်ကို ကိုယ်ထိုး၍ သေကုန်အံ့၊ အထက်၌ ကြိုးဆွဲ၍ သေကုန်အံ့၊ အဆိပ်ကိုစား၍ သေကုန်အံ့"ဤသို့ အမတ်တို့တွင် တယောက်သည် တယောက်အား သေခြင်းကိုသာ ချီးမွမ်း၏၊ထို့နောက်မှ မင်းသည်"မှူးတော်မတ်တော်တို့....ဤသေခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ငါတို့အား သူရဲကား အဘယ်မျှရှိသနည်း"ဟုမေးတော်မူ၏၊ထိုအခါ အရှင်မင်းကြီး....အကျွန်ုပ်ကား သူရဲတည်း, အကျွန်ုပ်ကား သူရဲတည်း"ဟု သူရဲတထောင်တို့သည် ထကြကုန်၏၊ထို့နောင်မှ မင်းသည် သူရဲတထောင်တို့ကို စုံစမ်းအံ့ဟု အကြံပြု၍ကြီးစွာသောမီးပုံကို စီရင်ပြီးလျှင်"အချင်းတို့ ငါကား ဤအနိုင်အထက်အမှုကို ပြုမိ၍ရှိချေပြီ၊ငါ့အမှုကို ငါ၏မှူးမတ်တို့သည် မြည်တွန် တောက်တီးကြကုန်၏၊ ငါသည် ဤမီးပုံတွင်းသို့ ဆင်း၍ သေတော့အံ့၊ အဘယ်သူရဲတို့သည် ငါနှင့်အတူတကွ သေဝံ့ကြမည်နည်း၊ အဘယ်သူရဲတို့သည် ငါ့အား အသက်ကို စွန့်ကြမည်နည်း"ဟု မေးတော်

မူ၏၊ ယင်းသို့ မေးတော်မူသည်ရှိသော် ထိုတထောင်အနက်က တဝက် ငါးရသော သူရဲတို့သည် ငါတို့ကား အရှင်မင်းကြီးနှင့်တကွ မီးပုံတွင်းသို့ ဆင်း၍ သေကုန်အံ့ဟု ထကုန်၏၊ ထို့နောက်မှ မင်းသည် ကြွင်းသောသူရဲငါးရာတို့ကို "အမောင်တို့....သင်တို့ကား ယခုအခါဝတ် အဘယ်သို့ပြုကြကုန်အံ့နည်း"ဟု မေးတော်မူ၏၊ ထိုအခါ ငါးရာသော သူရဲတို့သည် "အရှင်မင်းကြီး....ဤအမူအရာကား ကြီးမြတ်သော ယောကျ်ားတို့၏ အမူအရာမဟုတ်၊ ယုတ်နိမ့်သော မိန်းမတို့၏ အမူအရာသာဖြစ်သည်၊ စင်စစ်မူကား အရှင်မင်းကြီးသည် အကြင်ရန်သူမင်းအား တမန်ကို စေအပ်၏၊ ထိုရန်သူမင်းနှင့် ငါတို့သည် တကြိမ်တခါ စစ်ပြိုင်ဆိုင်၍ မနိုင်သည့် ကာလမှ ကြံကြိုက်ရာ ကြံကြကုန်အံ့"ဟု လျှောက်ကုန်၏၊ ထို့နောက်မှ မင်းလည်း မီးတွင်းသို့ ဆင်းအံ့ဟု ဆိုသော ငါးရာသော သူရဲတို့ကို "အမောင်တို့ကား ငါ့အား အသက်ကိုစွန့်အပ်လေပြီ၊ ထိုသူရဲ ငါးရာတို့နှင့်တကွ ပေါင်း၍ တိုက်ရမည်"ဟု အင်္ဂါလေးပါးရှိသော စစ်သည် ရဲမက်ကို ဖွဲ့၍ ထိုသူရဲတထောင်ဖြင့် ခြံရံလျက် မိမိနိုင်ငံ အပိုင်းအခြားသို့ သွား၍ နေနှင့်၏၊ တိုင်းကြီးပြည်ကြီးအရှင်ဖြစ်သောရန်သူမင်းလည်း တိုင်းကျပ်မင်းပစ္စန္တရစ်မင်း၏စကားကိုကြားလျှင်"အချင်းတို့.... ဤတိုင်းစုတ် ပြည်စုတ်ခုဒ္ဒကမင်းသည်ငါ့ကျွန်တယောက်ကိုမျှလည်း မလောက်ပဲနှင့် ငါ့အားပြစ်မှားလေသည်တကား"ဟုအမျက်ထောင်းထောင်းထလျက်သက်နက် လူသူစုရုံးပြီးမှ အလုံးစုံသော ဗိုလ်ပါကို ယူ၍ စစ်ထိုးခြင်းငှာ ထွက်သာ၏၊ တိုင်းကျပ်ပစ္စန္တရစ်မင်းလည်း စစ်ထိုးခြင်းငှာရှေးရှုဘက်လာသောတိုင်းကြီးပြည်ကြီးရှင် မင်းကို မြင်လျှင် မိမိဗိုလ်ပါ သူရဲတို့ကို ဤသို့ဆို၏၊ "အမောင်တို့= ငါတို့ကားမများလွန်းကုန်၊ သူအားကိုစာလျှင် ငါတို့ကိုက အလွန်ပင်အားနည်းသည်၊ သို့ဖြစ်၍ သုံးကြောင်းသုံးဖြာ မစိတ်မဖြာပဲ သူရဲတထောင်လုံးသည်ရုံးစုပြီးလျှင်သန်လျက်ထားကိုမြဲမြံစွာ ကိုင်ပြီးမှလျှင်မြန်စွာရန်သူမင်းရှေ့သို့ ဖြောင့်ဖြောင့်သွားကြကုန်လော့"ဟုဆို၏၊ တထောင်သောသူရဲမင်းတော်တို့လည်း မိမိတို့သခင် အရှင်မင်းဆိုတိုင်း မဆိုင်းမဆုတ် အားထုတ်လုံ့လပြုကြကုန်၏။

တေ တထာ အကံသု။

(ခဂ္ဂဝိသာဏ အဋ္ဌကထာ)

တေ၊ ထိုဟာတောင်သောသူရဲဘော်တို့သည်။ တထာ၊ ထိုသို့မိမိတို့သခင် အရှင်မင်းဆိုတိုင်း။ အကံသု၊ မဆိုင်းမဆုတ်အားထုတ် လုံ့လပြုကြကုန်၏၊

အဓိပ္ပါယ်ကား-မိမိတို့သခင်အရှင်သည် ရှေးရှေးသောဘဝက ဩတ္တပ္ပ သံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍ မုသာဝါဒမှ ကြဉ်ခဲ့ရကားယုံကြည်အပ်သော စကားရှိသောကြောင့် မိမိအခြံအရံတို့သည် မိမိစကားကို နားထောင် လိုက်နာ၍ ပြုကြကုန်၏ ဟူလိုသည်။

ယင်းသို့ ရန်သူမင်းတို့ရှေးရှုပြေးသွားသောအခါ ရန်သူမင်းစစ်သည်တို့ နှစ်ဖြာကွဲ၍ သူရဲတထောင်အားအကြားအပေါက်ကို ပေးကုန်၏၊ ယင်းသို့ ပေးကုန်လျှင် တထောင်သော သူရဲတော်တို့သည် ရန်သူမင်းကို အရှင်ဖမ်း ကုန်၏၊ အသိန်းအသန်းမကသော ရန်သူမင်း၏ သူရဲတို့ကား ကိုယ်လွတ် ခွာ၍ တပိုတပါး ပြေးသွားလေကုန်၏၊ ယင်းသို့ မိမိရဲမက်တော်တို့ ဖမ်းမိ လျှင် အရှင်ဖြစ်သော တိုင်းကျပ် ပစ္စန္တရစ်မင်းသည် ရန်သူမင်းကို သတ်အံ့ တု ရှေးရှုပြေးလာ၏၊ထိုအခါ ရန်သူမင်းက "အသက်ကို မသတ်ပါလင့်၊ ချမ်းသာပေးပါ"ဟုတောင်းမဲ့တောင်းပန်၏၊ ယင်းသို့တောင်းပန်လျှင်အသက် ကို မသတ်ပဲ ချမ်းသာပေးပြီးမှ သစ္စာရေတိုက်၍ မိမိလူပြုပြီးလျှင် ထိုရန်သူ မင်းနှင့်တကွ မင်းတပါးသို့ ရှေးရှုသွား၍ ထိုမင်း၏ နိုင်ငံ အပိုင်းအခြား၌ တည်လျက်စာမန်စေလိုက်၏၊"ခုနစ်ရက် အတွင်းတွင် စစ်သော်တည်းထိုး မည်လော၊ ယင်းသို့မဟုတ် ပြည်ကိုသော်တည်း ပေးမည်လော၊ အရေး စကား သိသာအောင်လျှောက်"ဟု စေလိုက်၏၊ထိုမင်းလည်း၎င်းမင်းသည် ရှေးအခါ မိမိ၏သူရဲထောင်မျှနှင့် ရောဇတိုင်းပြည်ကြီးကို ရအောင်ယူနိုင် သေးသည်၊ယခုမှာ နှစ်ပြည်ထောင်ပေါင်း၍ လာသည်ကို ငါခံနိုင်ချိမ့်မည် မဟုတ်၊တိုင်းပြည်ကို အပ်မှသင့်တော့မည်"ဟု ကြံ၍ "စစ်မပြိုင်ဆိုင်ဝံ့ပါ၊ အလိုရှိရာယူပါတော့"ဟု တိုင်းပြည်ကို ပေးအပ်လေ၏၊ ယင်းသို့ ပေးအပ် လျှင် မင်းနှစ်ပါးတို့သည် ...ရေးပြီးကြလေ၏၊ ဤသို့သောနည်းဖြင့် ဇမ္ဗူ ဒီပါ ကျွန်း၌ အလုံးစုံ တရာသောမင်းတို့ကိုသိမ်းယူပြီးမှ အဆုံးစွန်နောက် ကာလဝယ် ဗာရာဏသီမင်းကိုလည်း သိမ်းယူလေ၏၊ ထိုပစ္စန္တရစ် တိုင်း ကျပ် မင်းသည် တရာ့တယောက်သော မင်းအပေါင်းခြံရံလျက် အလုံးစုံ သောဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ကေရာဇ်မင်းအဖြစ်သို့ ရောက်၍ တိုင်းပြည် ကို ဆုံးမလျက် ဤသို့ကြံ၏၊ငါသည်ရှေးအခါ ငယ်စွာသောမင်းဖြစ်လျက် ယခုအခါ ငါ၏ဉာဏ်နှင့်ပြည့်စုံခြင်းကြောင့် အလုံးစုံသော ဇမ္ဗူဒီပါကျွန်း ထက်၌ တုသက်မဲ့မင်းဖြစ်ရသည်၊ လောကီလုံ့လနှင့်ယှဉ်သော အကြင် ငါ၏ဉာဏ်သည်ဝဋ်ဆင်းရဲ၌ ငြိးငွေ့ခြင်းငှာ,တပ်ခြင်းကင်းခြင်းငှာမဖြစ်ပါ သေး၊ဤဉာဏ်ဖြင့် ငါသည်လောကုတ္တရာတရားကို ရှာရပါမူကားကောင်း

လေစွဲ၍ကြံ၏၊ ယင်းသို့ ကြံပြီးသည့်နောက် ဘရာ့တယောက်သောမင်းတို့အား အသီးအသီး မိမိတို့တိုင်းပြည်ကိုပေးအပ်၍ မိမိသားမယားကိုလည်း မိမိဇနပုဒ်သို့ လွှတ်လိုက်ပြီးလျှင် ရှင်ရဟန်း၏ အဖြစ်ကို ဆောက်တည်၍ ဝိပဿနာတရားကို အားထုတ်လေလျှင် မကြာခင် ပစ္စေက ဗောဓိဉာဏ်ကို မျက်မှောက်ပြုရလေသတည်း။

ဤ၌ ပစ္စေကဗုဒ္ဓါ၏ အလောင်းဖြစ်သောပစ္စန္တရစ် တိုင်းကျပ်မင်းသည် ရှေးရှေးသော ဘဝတ ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ မဟုတ်မမှန် ပြောဆိုခြင်းဟူသောမုသာဝါဒမှ ကြဉ်ခဲ့ဖူးသောကံထူး၏ အကျိုးကြောင့် ယုံကြည်အပ်သော စကားရှိရကား မိမိ၏ အခြံအရံတို့သည် မိမိစကားကို နားထောင်လိုက်နာ၍ ပြုလျှင် ဇမ္ဗူဒိပါကျွန်းတွင် အတုမရှိသောကေရာဇ်မင်း၏အဖြစ်သို့ ရောက်လေသတည်း၊ အခြံအရံ ကျွန်ကျေး သားမယားတို့ လိုက်နာသော စကားရှိသောအဖြစ်, ယုံအပ်သော စကားရှိသော အဖြစ်ကား မုသာဝါဒမှ ကြဉ်ခြင်း၏ အကျိုးတည်း။

သုဿူသလ ပရိဇနတာ အာဒေယျဝစနတာ မုသာဝါဒါ
ဝေရမဏိယာ ဖလံ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

သုဿူသလ ပရိဇနတာ၊ ဆိုသောစကားကို နားထောင်လိုက်နာသော အခြံအရံ ကျွန်ကျေး သားမယားရှိသော အဖြစ်သည်လည်းကောင်း။ အာဒေယျ ဝစနတာ၊ ယုံအပ်သော စကားရှိသော အဖြစ်သည်လည်းကောင်း၊ မုသာဝါဒါဝေရမဏိယာ၊ မုသာဝါဒမှ ကြဉ်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။

ဤ ပစ္စေကဗုဒ္ဓါ၏အလောင်းကို တိုင်းကျပ် ပစ္စန္တရစ်မင်းကဲ့သို့အခြံအရံ ကျွန်ကျေး သားမယားတို့နားထောင်လိုက်နာသော စကားရှိသောအဖြစ်ကို အလိုရှိကုန်မူ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ဤပစ္စေကဗုဒ္ဓါ အလောင်း တိုင်းကျပ် ပစ္စန္တရစ်မင်းကဲ့သို့ ဩတ္တပ္ပ သံဝေဂတရားကို နှလုံးထား၍မုသားဆိုခြင်း တည်းဟူသော မုသာဝါဒမှ ဝေးစွာ ရှောင်ကြဉ်ကုန်ရာသတည်း။

---

## ၄၃-ဩတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် မုသာဝါဒမှ ကြဉ်ရှောင်ခဲ့ဖူး၍ ခံတွင်းမှကြာညိုနံ့ မွှေးပျံ့သောမထေရ်ဝတ္ထု

ဘုရားမြတ်စွာသည်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ကိန်းအောင်း

မွေလျော် စံနေတော်မူသောအခါ သာဝတ္ထိပြည်၌အမျိုးသမီးတယောက်၏ယောကျ်ားဖြစ်သော လင်သည် သဗ္ဗညုဘုရား၏ တရားဒေသနာတော်ကိုကြားရလျှင် အယင့်အားဖြင့် နှလုံးထားမိသည်နှင့်အညီ ငါသည်ဤတရားကို လူဖြစ်လျက် အသက်ထက်ဆုံးဖြည့်ကျင့်ခြင်းငှာ မတတ်နိုင်ရာ၊ ရဟန်းပြု၍ ဖြည့်ကျင့်ခြင်းငှာ သင့်ရာ၏ဟု နှလုံးထား၍ မယားကို ပန်ပြီးလျှင် အညတရဖြစ်သော ပိဏ္ဍပါတိက မထေရ်၏ အထံဝယ် ရဟန်းပြုလေ၏။

အညတရဿ ပိဏ္ဍပါတ်ိကတ္ထေရဿ သန္တိကေ ပဗ္ဗဇိ။

(အင်္ဂုတ္တရ အဋ္ဌကထာ)

အညတရဿ၊ ခမှတ်မရှိသော။ ပိဏ္ဍပါတိကတ္ထေရဿ၊ ပိဏ္ဍပါတိကမထေရ်၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိ၊ ရဟန်းပြုလေ၏။

ယင်းသို့ ရဟန်းပြုလေလျှင်ထိုအရှင်၏မယားဟောင်းကိုဤမိန်းမကားလင်မဲ့မယားတည်းဟု သိ၍ ပသေနဒီ ကောသလမင်းသည် နန်းတော်အိ့သွင်း၍ ကိုယ်လုပ်မောင်းမ ပြုလေ၏၊ ထိုမိန်းမလည်း နန်းတော်တွင်းမှာကိုယ်လုပ်အရာနှင့် နေလေ၏၊ တနေ့သ၌ မင်း၏ ဥယျာဉ်ရေကန်မှများစွာသော ကြာညိုပန်းစည်းတို့ကို ယူဆောင်ပြီးလျှင် ပသေနဒီ ကောင်သလမင်းအား ဆက်လာကုန်၏၊ ပသေနဒီ ကောသလမင်းလည်း မောင်းမမိဿံကိုယ်လုပ်တို့အား များစွာသော ကြာညိုစည်းတို့ကို ဝေဖန်သည်ရှိသော်နှစ်စည်းသော ကြာညိုတို့သည် ထိုရဟန်း၏ မယားဟောင်းဖြစ်သောမင်းမောင်းမလက်သို့ ရောက်လေ၏၊ ထိုမောင်းမလည်းနှစ်စည်းသော ကြာညိုပန်းတို့ကို ရသည်ဟု ရွှင်ပျရယ်မောသော အခြင်းအရာကို ထင်စေပြီးမှနှာခေါင်းဝဖြင့် ထိုကြာညိုပန်းကို နမ်းပြီးလျှင် လင်ရဟန်းကိုအောက်မေ့ရကားငိုအားသည်းစွာ ငိုရှာလေ၏၊ ထိုအခါ ပသေနဒီ ကောသလမင်းကရယ်မော၍ တဖန်ငိုဖြန်သော အခြင်းအရာကို မြင်သော် ထိုမောင်းမကိုခေါ်တော်မူ၍ "သင်သည်ယခုပင်ရယ် မောပြီးမှ နောက်တဖန်ငိုပြန်သည်၊ အကြောင်းကား မည်သို့နည်း" ဟု မေးတော်မူ၏၊ မင်း မောင်းမလည်း "အရှင်မင်းကြီး....အကျွန်ုပ်အား အခြားမောင်းတို့နှင့် အတူအမျှကြာပန်းရသောကြောင့် ဝမ်းမြောက်လှ၍ ရယ်မောပြုံးရွှင်ပါသည်၊ထိုကြာပန်းကိုနမ်းပြန်လျှင် ငယ်လင်ဖြစ်သော မောင်ယောကျ်ား၏ ခံတွင်းနံ့နှင့်မွှေးပျံ့ချင်းတူ၍ အောက်မေ့ သတိုးနွမ်း ငမ်းပန်း ကွဲသောကြောင့် ငိုပါသည်" ဟု လျှောက်၏၊ ပသေနဒီ ကောသလမင်းလည်း ထိုစကား များများ ခယုံရကား သုံးကြိမ်တိုင်အောင် ခြိမ်းခြောက်လျက် မေးမြန်း စီစစ်တော်မူ၏၊

မောင်းမလည်းမိမိဆိုတိုင်း မဖောက်မပြန်မှန်ကန်သောကြောင့် မကြောက်မရွံ့ဝံ့ဝံ့ရဲရဲပင်လျှောက်၏၊ယင်းသို့သုံးကြိမ်တိုင်အောင်လျှောက်ထားသော်လည်း မယုံကြည်သောကြောင့် ပသေနဒီ ကောသလမင်းသည် အလုံးစုံသောမင်းနန်းတော်၌ပြန်းနံ့သာနံ့သာပျောင်းအစရှိသောကောင်းသောအနံ့တို့ကိုပယ်ရှား၍ ဘုရားအမှူးရှိသော သံဃာတော်အား ထိုက်တန်လျှောက်ပတ် ကောင်းမြတ်သော နေရာတို့ကို ခင်းပြီးလျှင် ကြီးစွာသောအလှူကိုပေး၍ဆွမ်းစားပြီးသောအဆုံး၌ ထိုမိန်းမကို "သင်၏လင်ဟောင်းဖြစ်သော မထေရိကားအဘယ်မထေရ်နည်း" ဟုမေး၏၊ထိုမိန်းမကပြလတ်သော် ဘုရားသဗ္ဗညုကိုရှိခိုး၍ "ဘုန်းတော်ကြီးလှသော ဘုရား....အရှင်ဘုရားတို့နှင့်တကွ သံဃာတော်အပေါင်းမှာ ကျောင်းသို့ ကြွတော်မူပါ၊ ဤအမည်ရှိသော မထေရ်သည် ဆွမ်းအနုမောဒနာပြုတော်မူပါလိမ့်မည်" ဟု လျှောက်၏၊ သဗ္ဗညုဘုရားလည်း ထိုရဟန်းကို ထားခဲ့၍ သံဃာတော်အပေါင်းနှင့်တကွ ကျောင်းသို့ ပြန်တော်မူ၏၊ မထေရ်လည်း ဆွမ်း အနုမောဒနာပြုခြင်းငှာ အားထုတ်၍နှုတ်ခံတွင်းကို ဖွင့်ကာမျှ၌ အလုံးစုံသောမင်းနန်းတော်သည် နံ့သာကြုတ်ကဲ့သို့ဖြစ်၍ အလွန်မွှေးကြိုင်၏၊ ပသေနဒီကောသလမင်းလည်း ထိုအကြောင်းကို သိတော်မူလတ်သော် ဩော်....အံ့ဖွယ်ရှိစွ၊ ထိုမိန်းမသည် မှာသောစကားကို ဆိုပေသည်ဟု ကြည်ညို၍ တနေ့ မိုးသောက် ရောက်လတ်သောအခါ ဆရာတော်ဖြစ်သော သဗ္ဗညုဘုရားအားထိုအကြောင်းကိုမေးလျှောက်၏၊ ဘုရားသဗ္ဗညုလည်း "မင်းကြီး ဤရဟန်းကားလွန်လေပြီးသောအခါတရားတော်ကိုကြားနာရသည်ရှိသော် သာဓုသာဓု....ဟု ကောင်းချီးကိုဖြစ်စေလျက်အရိုအသေ ကြားနာ၏၊ ယင်းသို့ ကောင်းချီးပေးခြင်းလျှင် အကြောင်းရှိသော စာသိုလ်ကံကြောင့် ဤသို့ ခံတွင်းအနံ့ မွှေးပျံ့ခြင်းတည်းဟူသော အကျိုးကိုရသည်" ဟု မိန့်တော်မူ၏။

သဒ္ဓမ္မံ ဒေသနာကာလေ,သာဓုသာဓူတိ ဘာသာတော၊
မုခတော ဇာယတေ ဂန္ဓော, ဥပ္ပလံဝ ယထောဒကေ။
(အင်္ဂုတ္တရ အဋ္ဌကထာ)

သဒ္ဓမ္မံ၊သူတော်ကောင်းတရားကို။ဒေသနာတာလေ၊ဟောကြားသောကာလ၌။ သာဓု သာဓူတိ၊ ကောင်း၏ ကောင်း၏ဟူ၍။ ဘာသတော၊ ဆိုညွှန်စာပေ- ၂၆။

သောသူ၏။မုခတော၊ခံထွင်းမှ။ ဂန္ဓော၊ မွှေးသောအနံ့သည်။ ဇာယတေ၊ ဖြစ်၏၊ ယ ထာကိံ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ဥပ္ပလံဝ၊ ကြာညိုသည် လည်း။ ဥဒကေ၊ ရေ၌။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့တည်း။

ဤ၌ ခံတွင်းနံ့ မွှေးပျံ့သော ရဟန်းသည် ရှေးရှေးသော ဘဝက သြတ္တပ္ပသံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍ မုသာဝါဒမှ ကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးကြောင့် ခံတွင်း၌မွှေးပျံ့သည့်အပေါ်မှာ သူတော်ကောင်းတို့ တရားကိုနာကြားသည့်ကာလသာဓုသာဓုဟု ကောင်းချီးပေးသောကုသိုလ် ကံသည် ထပ်မံပြန်သောကြောင့်တရားဟောအံ့ဟု အားထုတ်၍နှုတ်ခံတွင်း ကိုဖွင့်လျှင်ပင် အထင်အရှား တနန်းတော်လုံး နံ့သာကြုတ်ကဲ့သို့ မွှေးပျံ့ သင်းလှိုင်ခြင်းအကျိုးကို ရလေသည်၊ သမ္ဗုဒ္ဓဘုရားလည်း ထင်ရှားသော အမျိုးကုသိုလ်ကံကို ရည်၍သာ သူတော်ကောင်းတရားကိုကြားနာသော အခါ သာဓုသာဓုဟုကောင်းချီးပေးသော ကုသိုလ်ကံကြောင့်ဤသို့ခံတွင်း အနံ့မွှေးပျံ့ခြင်းတည်းဟူသော အကျိုးကိုရသည်ဟုပသေနဒီကောသလ မင်းအား မိန့်တော်မူသည်၊ အကြောင်းရင်းဖြစ်သော မုသာဝါဒမှ ကြဉ် ခြင်းကို မိန့်တော်မမူလေ၊ ယင်းသို့မိန့်တော်မမူသော်လည်း-

ဥပ္ပလဂန္ဓမုခတာ မုသာဝေါဒါ ဝေရမဏိယာ ဖလံ။

ဥပ္ပလဂန္ဓမုခတော၊ ကြာညိုနံ့ကဲ့သို့ မွှေးပျံ့သောခံတွင်းရှိသောအဖြစ် သည်။ မုသာဝါဒါ ဝေရမဏိယာ၊ မုသာဝါဒမှ ကြဉ်ခြင်း၏။ဖလံ၊အကျိုး တည်း။

ဤသို့ခုဒ္ဒကပါဌအဋ္ဌကထာ မိန့်မှာသည်နှင့်အညီ မုသာဝါဒမှကြဉ်ခြင်း တည်းဟူသော ကုသိုလ်ကံ အကြောင်းရင်းခံသောကြောင့် ခံတွင်းအနံ့ မွှေးပျံ့သည်ဟု မှတ်ရမည်။

ဤရဟန်းတော်ကဲ့သို့ ခံတွင်းအနံ့ မွှေးပျံ့ခြင်းကို အလိုရှိကုန်မူ ယခု အခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ဤရဟန်းကဲ့သို့ သြတ္တပ္ပ သံဝေဂတရားကို နှလုံးထား၍ မုသားဆိုခြင်း တည်းဟူသော မုသာဝါဒမှ ကြဉ်ရှောင်ပြီးလျှင် သူတော်ကောင်းတရားကို ကြားနာသည့်ကာလ သာဓုသာဓုဟု ကောင်းချီးပေးကုန်ရာ၏၊ ဤကားသြတ္တပ္ပသံဝေဂနှင့်ပြည့်စုံ သည်ဖြစ်၍ မုသားဆိုခြင်း တည်းဟူသော မုသာဝါဒမှ ကြဉ်ရှောင်ကြ ကုန်သောသူတို့၏ ဝတ္ထုသက်သေတည်း။

(သုရာမေရယ)

၄၄-ဩတ္တပ ၁ သံဝေဂ ဖြည့်စုံသဖြင့်
သုရာမေရယမှု ကြဉ်၍ အကျိုးရှိ မရှိကို
သိနိုင်ခြင်း အကျိုးကိုရသော သိကြားမင်း ဝတ္ထု

ဘုရားမြတ်စွာသည် ဝေသာလီပြည် မဟာဝုန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ သိကြားမင်းကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ လွန်လေပြီးသောအခါ မဂဓတိုင်း မစလရွာ၌ "မဃ"အမည်ရှိသော လုလင်သည် ရွာလယ် အမှုပြုရာ အရပ်သို့ သွားပြီးလျှင် မိမိတည်ရာအချပ်ကို ခြေဖျားဖြင့် မြေမှုန့် အမှိုက်တို့ကိုယက်ပြီးလျှင် သာယာမွေ့လျော်ဖွယ်ရှိသည်ကိုပြု၍ ရပ်၏၊ ထိုအခါ လူတယောက်လာပြီးလျှင် မဃလုလင်ကို ထိုအရပ်မှလက်ရုံးဖြင့် ပယ်ရှား၍ မိမိကား ထိုအရပ်တွင် ရပ်လေ၏၊ မဃလုလင်လည်း ထိုသူ့အား အမျက်မထွက်ပဲ ခွာရှဲ၍ တပါးသော အရပ်ကို မွေ့လျော်ဖွယ် ရှိအောင် ပြု၍ ရပ်ပြန်၏၊ တဖန်လည်း လူတယောက်လာပြန်၍ မဃလုလင်ကို ပယ်ရှားပြီးမှ မိမိကား ထိုအရပ်တွင် ရပ်ပြန်လေ၏၊ မဃလုလင်သည် ထို့သူ့အားလည်းအမျက်မထားတပါးသော အရပ်ကိုသာ မွေ့လျော်ဖွယ် ရှိအောင်ပြု၍ရပ်၏၊ဤသို့လျှင် မဃလုလင်ကို ထိုထိုအိမ်မှထွက်လာသောယောကျ်ားတို့သည် လက်ရုံးဖြင့် ပယ်ရှားပြီး ျင် သန့်စင်သော အရပ်ဝယ် မိမိတို့တည်ကြကုန်၏၊ မဃလုလင်လည်း အလုံးစုံသောဤသူတို့သည်ငါပြုသော အမှုဖြင့် ချမ်းသာရကားငါ့အားချမ်းသာသော အကျိုးကို ပေးတတ်သော ကောင်းမှုတရားသည် ဖြစ်ပွားရာ၏ဟု အကြံပြု၍ နက်ဖြန်နံနက်မိုးသောက်လျှင် ပေါက်တူး,တူးရွင်းကိုင်လျက် ထိုအရပ်ဝယ် စင်ကြယ်သန့်ရှင်းအောင် တလင်းပြုလေ၏ ထိုအခါရွာသားအားလုံးတို့သည်မွေ့လျော်ဖွယ်ရှိရကား သွား၍ တည်ကြကုန်၏၊ ထို့နောင်မှထိုသူတို့အား ချမ်းအေးသောဆောင်းအခါ၌ ကြီးစွာသော မီးပုံကိုပြု၍ ပေး၏၊ထို့နောင်မွေ့လျော်ဖွယ်ရှိသော အရပ်ဟူသည်ကို လူရှင်ခပ်သိမ်းတို့သည် ချစ်အပ်၏၊ တစုံတယောက်သော သူ၏ မချစ်ခြင်းသည်မရှိ၊

ရမဏီယဋ္ဌာနံနာမ သဗ္ဗေသံ ပိယံ၊ ကဿစိ အပ္ပိယံနာမ နတ္ထိ၊
(သုတ်မဟာဝါ အဋ္ဌကထာ)

ရမဏီယဋ္ဌာနံ နာမ၊ မွေ့လျော်ဖွယ်ရှိသော အရပ် မည်သည်ကား။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော လူရှင်တို့သည်။ ပိယံ၊ ချစ်အပ်၏။ ကဿစိ၊

တစုံတယောက်သောသူ၏။ အပ္ပိယံနာမ၊ မချစ်အပ်သော မည်သည်။ နတ္ထိ၊ မရှိ။

ဤနေ့မှစ၍ ငါသည် ခရီးလမ်းကြောင်းကို ကောင်းမွန်ညီညွတ်အောင် ပြုသဖြင့် လှည့်လည်ခြင်းငှာ သင့်၏ဟု ကြံလျက် နံနက်စောစောကထွက်၍ ခရီလမ်းကြောင်းကို ကောင်းမွန်ညီညွတ်အောင်ပြုလျက် မြေကို တူးဆွ၍ ပယ်အပ်သော သစ်ပင် သစ်ခက်တို့ကို ပယ်လျက် လှည့်လည် သွားလာ၏၊ ထိုအခါ မဃလုလင်ကို သဘောတူလူတယောက်မြင်လတ်သော် ''အဆွေ သင်ကား အဘယ်အမှုကို ပြုသနည်း'' ဟု မေး၏၊ ''အဆွေ....ငါကား နတ်ရွာသို့ သွားကြောင်း လမ်းခရီးသုတ်သင်ခြင်းကိုပြုသည်'' ဟုဆို၏၊ ''ယင်းသို့တပြီးကားအဆွေ....ငါသည် သင်၏အဘော်ဖြစ်ပါအံ့''ဟုဆို၏၊ ''ဖြစ်လော့အဆွေ....နတ်ရွာလမ်းမည်သည်ကို များစွာသော လူအပေါင်း တို့သည်နှစ်သက်အပ်၏၊ ချမ်းသာများကြောင်း ကောင်းသောခရီးတည်း'' ဟုဆိုပြီးလျှင် ထိုအခါမှ စ၍ နှစ်ယောက်သာတူတကွ သုတ်သင်ကြ၏၊ ဤနည်းအတူ နောက်လည်း တယောက် ပေါ်လာပြန်၏၊ နောက်လည်း တယောက် ပေါ်လာပြန်၏၊ အလုံးစုံ ပေါင်း သုံးကျိပ် သုံးယောက် ဖြစ် သတည်း။

(ဇာတ် အဋ္ဌကထာ)

သဗ္ဗေပိ တေတ္တိံသဇနာ ဇာတာ။

သဗ္ဗေပိ၊ အလုံးစုံသော သူတို့သည်လည်း။ တေတ္တိံသဇနာ၊ သုံးကျိပ် သုံးယောက်သော သူတို့သည် ဇာတာ၊ ဖြစ်ကုန်၏။

အလုံးစုံ သုံးကျိပ် သုံးယောက်တို့သည် ပေါက်တူး စသည် လက်စွဲ ကုန်လျက် ခရီးလမ်းကြောင်းကို ကောင်းမွန် ညီညွတ်အောင်ပြုကုန်လျက် တယူဇနာ နှစ်ယူဇနာသော အရပ်သို့သွားကြကုန်၏၊ သုံးကျိပ်သုံးယောက် သားတို့ကို ရွာစားသည် မြင်လေလျှင် ဤသူတို့ကား မသင့်ရာယ် လုံ့လပြု ကုန်၏၊ အကယ်၍ ဤသူတို့သည် တောမှ ငါး အမဲ စသည်တို့ကို ဆောင် ကုန်ငြားအံ့၊ သေအရက်ကို ချက်၍ သောက်ကုန်ငြားအံ့၊ သည်မှ တပါး တထူးထူးအပြားပြားသောအမှုကို ပြုကုန်ငြားအံ့၊ ငါ့အားတစုံတခုရရာ၏ ဟုကြံ၏၊ ယင်းသို့ကြံပြီ သည့်နောက် ထိုသုံးကျိပ် သုံးယောက်သားတို့ကို ခေါ်ဆောင်၍''အမောင်တို့သည် အဘယ်အမှုကို ပြုကုန်လျက် လှည့်လည် သွားလာကြသနည်း''ဟု မေး၏၊''သခင်ရွာစား အကျွန်ုပ်တို့ကား နတ်ရွာ

လမ်းကြောင်းကို ကောင်းမွန်ညီညွတ်အောင် သုတ်သင်သည့်'ဟု ဆိုကုန်၏၊ "အမောင်တို့....အိမ်၌နေသောသူသည် ဤအမှုကို ပြုခြင်းငှာ မသင့်၊ တောမှ ငါးအမဲစသည်တို့ကိုဆောင်ခြင်းငှာ, သေအရက်သောက်ခြင်းငှာ, သည့်မှတပါး အထူးထူးအပြားပြားသော အမှုကိုပြုခြင်းငှာ သင့်၏"ဟု ဆို၏၊ ထိုသုံးကျိပ် သုံးယောက်သားတို့လည်း ရွာစားအလိုကို ပယ်ကုန်၏၊ ထိုရွာစားသည် ထပ်ကာထပ်ကာ ဆိုပါသော်လည်း အလိုသို့ မလိုက်သည်ဖြစ်၍ အမျက်ထွက်ရကား မင်းအား ကုန်းတိုက်၍ သတ်စေအံ့ဟု ကြံပြီးမှ မင်းထံသို့သွား၍ "အရှင်မင်းကြီး....သုံးကျိပ်သုံးယောက်သော ခိုးသားတို့သည် ရွာပြည်တို့ကိုအပေါင်းအစုပြုလျက် ဖျက်ဆီးသည်တို့ကို မြင်ပါ၏" ဟု လျှောက်၏၊ "ယင်းတို့တပြီးကား သွား၍ ဖမ်းချေ"ဟုစေလျှင်ကိုယ်တိုင် ဖမ်း၍ ရွာစားသည် မင်းအားပြလေ၏၊ မင်းလည်းမစုံစမ်းမဆင်ခြင်ပဲ "ဆင်နှင့် သင်းတို့ကို နင်းစေ"ဟု စေ၏၊ မဃလုလင်လည်း သည့်ပြင် သုံးကျိပ်နှစ်ယောက်သော သူတို့အား "အဆွေတို့....ငါတို့အား မေတ္တာကို ထား၍ အခြားကိုးကွယ်ရာမရှိပြီ၊ သင်တို့သည်တစုံတယောက်အား အမျက် မထွက်ပဲမင်း၌လည်းကောင်း,ရွာစား၌လည်းကောင်း,ဆင်၌လည်းကောင်း ကိုယ်၌လည်းကောင်း မေတ္တာစိတ်ကိုအမျှထားကြကုန်"ဟု အဆုံးအမပေး၏၊ ကြွင်းသုံးကျိပ် နှစ်ယောက်သားတို့လည်း မဃလုလင်၏စကားကို နားထောင်လိုက်နာကုန်၏၊ ထိုအခါ ထိုသူတို့၏ မေတ္တာအာနုဘော်ကြောင့် ဆင်သည် ကပ်ခြင်းငှာ မဝံ့ရကား မင်းအား လျှောက်ကြကုန်၏၊ မင်းလည်း ထိုအကြောင်းကိုကြား၍ "လူများသောကြောင့် မနင်းဝံ့ဟန်ရှိသည်၊ ပျားဖုံး၍နင်းစေ"ဟု စေ၏၊ မင်းချင်းတို့လည်း မင်းစေတိုင်းပြု ကြကုန်၏၊ ယင်းသို့ပြုသော်လည်း ဆင်သည် မနင်းဝံ့ရကား မင်းအား လျှောက်ပြန်၏၊ မင်းလည်း ထိုအကြောင်းကိုကြား၍ ဆင်မနင်းရာဝယ် စုံစမ်းဖွယ်အကြောင်း ရှိကောင်းရာ၏ဟု ထိုသူတို့ကို ခေါ်ပြီးလျှင် "အမောင်လုလင်တို့....သင်တို့သည် ငါ့ကိုမှီ၍အဘယ်ကိုမှရကြကုန်သနည်း"ဟုမေး၏၊ "အရှင်မင်းကြီး....အကြောင်းအသို့နည်း"သူ လျှောက်ကုန်သော်"သင်တို့သည် အပေါင်းအစုဖွဲ့ကုန်လျက် ရွာပြည်တို့ကိုဖျက်ဆီးသည်မဟုတ်လေ"ဟု မေး၏၊ "အရှင်မင်းကြီးအား ဘယ်သူလျှောက်ပေသနည်း"ဟု မေးကုန်သော် "ရွာစားလျှောက်သည်"ဟု ဆို၏၊ "အရှင်မင်းကြီး-အကျွန်ုပ်တို့ကားသူခိုးမဟုတ်ပါကုန်၊မိမိတို့၏နတ်ရွာလမ်းကြောင်းကောင်းမှုကုသိုလ်ကို ရှာကုန်သည်ဖြစ်၍ လှည့်လည်ပါကုန်သည်၊ ရွာစား

သည် အကျွန်ုပ်တို့ကို မကောင်းမှု၌ တိုက်တွန်း၍ မလိုက်နာသောကြောင့် အမျက်ထွက်ရကား ပျက်စီးစေလို၍ ကုန်းတိုက်ခြင်းသာ ဖြစ်ပါသည်”ဟု လျှောက်ကုန်၏၊ မင်းလည်း ထိုစကားကိုကြား၍ “အမောင်တို့=တိရစ္ဆာန် ဖြစ်သော ဆင်စင်လျက် သင်တို့၏ ကျေးဇူးအထူးကိုသိပေသည်၊ ငါကား လူဖြစ်လျက်ပင် သင်တို့၏ ကျေးဇူးအထူးကို သိခြင်းငှာမစွမ်းနိုင်လေ၊ငါ့ အပြစ်ကို သည်းခံပါ”ဟု ဆိုပြီးမှ ရွာစားကို သားမယားနှင့်တကွ ကျွန်ပြု စိမ့်သောငှာ,ဆင်ကိုလည်း စီးနင်းစိမ့်သောငှာ,မစလရွာကိုလည်း အသုံး ကံကျွေးပြုစိမ့်သောငှာ ထိုသူတို့အား အပိုင်စားပေးလေ၏၊ ထို သုံးကျိပ် သုံးယောက်သားတို့လည်း ငါတို့ပြုအပ်သော ကောင်းမှု၏ အကျိုးအာနိ သင်ကို ယခုပစ္စက္ခပင် မြင်ရပြီ၊သံဃာရာဝယ် ဆိုဖွယ်အဘယ်ရှိအံ့နည်း”ဟု ဝမ်းမြောက်ဝမ်းသာ ကုန်သည်ဖြစ်၍ ထိုဆင်ကို အလှည့်အလည်အားဖြင့် စီးသွားလျက် ယခုအခါ ငါတို့သည် အတိုင်းထက်အလွန် ကောင်းမှုကို ပြုကုန်အံ့ဟု တိုင်ပင်ကြကုန်၏၊ “အဘယ်ကောင်းမှုကို ပြုမည်နည်း”ဟု တိုင်ပင်ကြကုန်သော် ခရီးလေးဆုံတွင် ထာဝရပြု၍ လူအပေါင်း၏ အပင် အပန်းဖြေရာ ကြီးစွာသောဇရပ်ကို ဆောက်ကုန်အံ့ဟု လက်သမားကို ခေါ်၍ ဇရပ်ဆောက်စေကုန်၏၊မာတုဂါမတို့၌တပ်ခြင်းကင်းရကား မာတု ဂါမတို့အား ဇရပ်၌အဖို့ကို မပေးကုန်၊ မဃလုလင်၏အိမ်၌ကား—သုနန္ဒာ, သုစိတ္တာ, သုဓမ္မာ, သုဇာတာဟူ၍ မယားလေးယောက်တို့သည် ရှိကုန်၏၊ထို လေးယောက်တို့တွင် သုဓမ္မာသည် လက်သမားနှင့် တိုင်ပင်ပြီးလျှင်“မောင် ကြီး....ဤဇရပ်၌ ငါ့ကို အကြီးပြုလော့”ဟု တန်ဆိုးလက်ဆောင်ပေး၏၊ လက်သမားလည်း“ကောင်းပြီ”ဟုဝန်ခံ၍ ရှေးဦးကပင် အချက်အလို့ငှာ သစ်သားကိုဖြတ်၍ ဖေါက်တွင်းပြီးမှအချက်ကိုပြီးစေ၍ ဤဇရပ်ကား“သု ဓမ္မာ”ဟု အက္ခရာရေးမှတ်လျက် ပုဆိုးဖြင့်ရစ်ပတ်၍ထား၏၊ ထိုအခါ ဇရပ် ပြီး၍ အခြင်တင်သောနေ့၌ လက်သမားက“အမောင်တို့ ငါကား ပြုဖွယ် အမှုတခုကို မေ့ကျန်လေသည်”ဆို၏၊ “အဘယ်အမှုနည်း”ဟု မေးသော် ‘အချက်’ဟုဆိုလျှင် “ယင်းသို့တပြီးကား ဆောင်ချေမည်” ဟုဆိုကုန်၏၊ “အမောင်တို့=ယခု ခုတ်သစ်သော သစ်စိုဖြင့်ပြုခြင်းငှာ မတတ်ကောင်း၊ ရှေးမဆွကပင် ပြုပြင်၍ထားသော သစ်ခြောက်မှ ကောင်းသည်”ဟုဆို၏၊ “ယင်းသို့သော် ယခုအခါဝယ်အဘယ်သို့ပြုအံ့နည်း”ဟု ဆိုကုန်လျှင်“တစုံ တယောက်သော သူ၏ အိမ်၌ ရောင်းအပ်သော အချက်သည် အကယ်၍ ရှိငြားအံ့၊ ရှာကြကုန်”ဟု ဆို၏၊ ထိုသူတို့ ရှာကြလေရာ သုဓမ္မာ၏ အိမ်

အချက်ကိုတွေ့၍ အဖိုးတထောင် ပေးသော်လည်း မရောင်း၊ ဇရပ်၌ ကောင်းမှုအဖို့ကို အကယ်၍ငါ့အားပေးဝေပြားအံ့၊ အလကားပေးမည်” ဟုဆိုလျှင် “ငါတို့ကား မာတုဂါမတို့အား ကောင်းမှုအဖို့ကို မဝေလိုကုန်”ဟု ဆိုကြကုန်၏၊ ထိုအခါ လက်သမားက “အမောင်တို့....သင်တို့သည် ဗြဟ္မာ့ပြည်ကို ထား၍တပါးသောဘုံတို့၌ မာတုဂါမနှင့် ယင်းသည်ကို ကြားဖူးကုန်သလော၊ အဘယ်အမှုသည်မာတုဂါမနှင့်ကင်းနိုင်အံ့နည်း၊ အချက်ကိုသာ ယူပါကုန်၊ ယင်းသို့ယူက ငါတို့ကိစ္စပြီးလိမ့်မည်”ဟု ဆို၏၊ ထိုသူတို့လည်း ကောင်းပြီဟု အချက်ကိုယူစေပြီးမှ ဇရပ်ကိုပြီးစေကုန်လျက် တဖို့ကား အစိုးရသော သူတို့နေရာ,တဖို့ကား သူဆင်းရဲတို့နေရာ, တဖို့ကား သူနာတို့နေရာဟု သုံးစုခွဲဝေကုန်၏၊ ယင်းသို့ခွဲဝေပြီးလျှင် သုံးကျိပ်သုံးယောက်သားတို့သည် သုံးဆယ့်သုံးချပ်သော ပျဉ်ချပ်တို့ကိုခင်း၍ ဆင်အားအမှတ်ပေးကုန်၏၊ အာဂန္တုဧည့်သည်လာ၍အကြင်သူ၏ ပျဉ်၌ထိုင်၏၊ ထိုဧည့်သည်ကို ခေါ်၍ ပျဉ်ချပ်ရှင်အိမ်သို့ပို့စေ၏၊ ထိုဧည့်သည်အားခြေ၌ဆုပ်ခြင်း,ကျော၌ကြေးတွန်းခြင်း, ထမင်းခဲဖွယ်ဘောဇဉ်တို့ကို ပျဉ်ချပ်ရှင်ဝန်ပြုဟုဆင်အား အမှတ်ပေး၍ထားကုန်၏၊ ဆင်လည်းလာတိုင်း လာတိုင်းသော ဧည့်သည် အာဂန္တုကိုခေါ်၍ ပျဉ်ချပ်ရှင်အိမ်သို့ ပို့ပေး၏၊ပျဉ်ချပ်ရှင်လည်း ဧည့်သည်အာဂန္တု နေသမျှကာလပတ်လုံး ပြုဖွယ်ကိစ္စဟူသမျှကို ပြုရ၏၊ မဃလုလင်လည်း ဇရပ်နှင့် အနီးအပါးဝယ် ပင်လယ်ကသစ်ပင်စိုက်၍သစ်ပင်ရင်းတွင် ကျောက်ဖျာခင်း၏၊ တံခွန်ကုက္ကားစိုက်၏၊ ဇရပ်သို့ဝင်သမျှ လူအပေါင်းတို့သည် အချက်ကို မော်ကြည့်၍ အက္ခရာတို့ကို ဖတ်ပြီးလျှင် “ဤဇရပ်ကား သုဓမ္မာ ဇရပ်”ဟု ဆိုကြကုန်၏၊ သုံးကျိပ်သုံးယောက်တို့၏အမည်သညာကားမထင်ရှားလေ၊ ထိုအခါသုနန္ဒာသည် ဤသူတို့သည် ငါတို့အား အဖို့ကိုမပြုကုန်ပဲ ဇရပ်ဆောက်ကုန်၏၊ သုဓမ္မာမူကား မိမိ၏ လိမ္မာသည်၏ အဖြစ်ကြောင့် အဖို့ကို ရချေ၏၊ ငါလည်း တစုံတခုကောင်းမှု၏ အဖို့ကို ဝင်ခြင်းငှာတတ်ကောင်း၏ဟုကြံ၏၊ယင်းသို့ကြံပြီးမှ ဇရပ်သို့လာကုန်,လာကုန်သောသူတို့အားသောက်ရေကို ရခြင်းငှာတတ်ကောင်း၏ဟုကြံ၍ ရေကန်ကိုတူးစေ၏၊ သုစိတ္တာလည်း သုဓမ္မာကား အချက်ကိုပေးအပ်လေပြီ၊သုနန္ဒာကား ရေကန်ကိုတူးအပ်လေပြီ၊ ငါလည်း တစုံတခုကောင်းမှုကိုပြုအံ့ဟုကြံ၍ ဇရပ်သို့လာပြီးလျှင်ရေသောက်၍ရေချိုးသွားသောကာလ ပန်းပန်ခြင်းငှာသင့်၏ဟု ပန်းအာရာမ်ကိုပြုစေ၏၊ ထိုပန်းအာရာမ်၌ များသောအားဖြင့် အသီးအပွင့်ကို ဆောင်သော သစ်ပင်

တို့တွင် ဤမည်သော သစ်ပင်သည် မရှိဟု ဆိုစရာ မရှိသည်သာတည်း၊ သုဇာတာမှုကား ငါသည် မဃလုလင်၏ဦးရီးသမီး မောင်တော် နှမတော် လည်းဖြစ်သည်၊ ခြေရင်း၌ အလုပ်အကျွေးမယားလည်းဖြစ်သည်၊ ထိုသူ ပြုသမျှကောင်းမှုကား ငါပြုသည်နှင့်အတူသာတည်းဟု ကြံ၍ တစုံတခု သော ကောင်းမှုကိုမပြုပဲ ကိုယ်တိုင်သာ တန်ဆာဆင်ယင်၍ ကာလကိုလွန် စေ၏၊ မဃလုလင်သည် မိဘအားလုပ်ကျွေးခြင်း,အမျိုး၌ ကြီးသောသူတို့ အား အရိုအသေပြုခြင်း, ကုန်းတိုက် ချောပစ်သော စကားကို မဆိုခြင်း, မစ္ဆေဝန်တိုမပေးလိုခြင်း ဖျောက်ခြင်း, အမျက်မထွက်ခြင်း-ဤခုနစ်ပါး သော သိကြားကျင့်ဝတ်တို့ကို ဖြည့်၍ အသက်၏အဆုံးဝယ်တာဝတိံသာ နတ်ပြည်၌ သိကြားနတ်မင်း ဖြစ်လေ၏။

လုပ်ကျွေးမိဘ၊ ဇေဋ္ဌရိုသေ၊ မိန့်ထွေသစ္စာ၊ ဖရုသာနှင့်၊ ပိသုဏာ ပစ်၊ မစ္ဆေဝန်တို၊ မရှိလိုပဲ၊ မျက်ကိုရှောင်ရှား၊ ခုနစ်ပါးကို၊ သိကြားကျင့်ဝတ် အမြဲမှတ်။

သုံးကျိပ်နှစ်ယောက်သော အဖော်တို့လည်း မဃလုလင်နှင့်အတူတကွ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြကုန်၏။

တေပိဿ သဟာယာ တတ္ထေဝ နိဗ္ဗတ္တိံသု။

(ဓမ္မပဒ အဋ္ဌကထာ)

အဿ၊ ထိုမဃလုလင်၏။ တေပိ သဟာယာ၊ ထိုသုံးကျိပ် နှစ်ယောက် သော အဖော်တို့သည်လည်း။ တတ္ထေဝ၊ ထိုတာဝတိံသာ နတ်ပြည်၌သာ လျှင်။ နိဗ္ဗတ္တိံသု၊ ဖြစ်ကြကုန်၏။

ဇရပ်ဆောက်သော လက်သမားကား ဝိသုကြုံနတ်သားဖြစ်၏၊ မဃ လုလင်အား ဇရပ်၏အကျိုးကြောင့် ယူဇနာတထောင်ရှိသော ဝေဇယန္တာ ပြာသာဒ်သည် ပေါက်၏၊ ကသစ်ပင်စိုက်ခြင်း၏အကျိုးကြောင့် ထက်ဝန်း ကျင်မှ ယူဇနာတရာရှိသော ပင်လယ်ကသစ်ပင်ပေါက်၏၊ ကသစ်ပင်ရင်း၌ ကျောက်ဖျာခင်းခြင်းကြောင့် အလျားယူဇနာ ခြောက်ဆယ်,အနံယူဇနာ ငါးဆယ်, ထု တဆယ့်ငါးယူဇနာရှိသော ကျောက်ဖျာ ဖြစ်လာ၏၊ ဆင် ကား ဧရာဝဏ်နတ်သားဖြစ်လာ၏၊ ထိုအခါ တာဝတိံသာ နတ်ပြည်၌ အသုရာနတ်တို့သည် နေကြကုန်၏၊ ထိုအသုရာနတ်တို့သည် "အသစ်ဖြစ် သော နတ်သားတို့သည် ဖြစ်လာကုန်၏" ဟု နတ်၏ အဖျော်ကို စီရင်ကုန် ၏၊ သိကြားလည်း မိမိပရိသတ်တို့အား "အဖျော်ကို မသောက်လင့်" ဟု

အမှတ်ပေး၏၊အသုရာတို့ကား အဖျော်ကိုသောက်ကုန်သည်ဖြစ်၍ ယစ်ကုန်၏၊သိကြားမင်းလည်း ငါ့အားဤသူတို့နှင့်ဆက်ဆံသောမင်း၏ အဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိမိပရိသတ်အား အမှတ်ပေးပြီးသျှင် ထိုအသုရာတို့ကိုခြေတို့၌ကိုင်စေ၍ သမုဒ္ဒရာ၌ပစ်ချလေ၏၊ ထိုအသုရာတို့သည် ဦးခေါင်းစောက် ထိုးခြေကားမိုးမျှော်မြင်းမိုရ်တောင်အောက်သို့ ကျလေသော် တောင်လယ်သို့ရောက်မှ သတိ သညာကို ရ၍ "ချစ်သားတို့....ငါတို့ကား သေကို မသောက်ကုန်ပြီ" ဟု ဆိုကုန်၏၊ ထိုအခါမှစ၍ အသုရာဟူသော အမည်တို့သည် ဖြစ်ကုန်၏။

တေ သိနေရုဝေမဇ္ဈကာလေ သညံ့ လဘိတွာ တာတာ, န သုရံ ပိဝိမှာ တိ အာဟံသု တတော ပဋ္ဌာယ အသုရာနာမ ဇာတာ။

(သံယုတ် အဋ္ဌကထာ)

တေ၊ထိုအသုရာတို့သည်။သိနေရုဝေမဇ္ဈကာလေ၊ မြင်းမိုရ်တောင်လယ်သို့ရောက်သောအခါ၌။သညံ၊အမှတ်ကို။ လဘိတွာ၊ ရကုန်၍။ တာတာ၊ အမောင်တို့၊မယ်၊ငါတို့သည်။ သုရံ၊ သေကို။ နပိဝိမှာ၊ မသောက်ကြကုန်အံ့။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ တတော၊ ထို ဆိုသောအခါမှ။ ပဋ္ဌာယ၊စ၍။အသုရာနာမ၊အသုရာဟူသော အမည်ရှိကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏၊

ဤ၌ သိကြားမင်းသည် ဩတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ မိမိပရိသတ်နှင့်တကွ သေသောက်ခြင်းမှကြဉ်ရကား ဤ အမှုကိုပြုသည်ရှိသော် ဤသို့မှုသောအကျိုးသည်ရှိ၏၊ဤအမှုကိုပြုသည်ရှိသော် ဤသို့သောအကျိုးသည် မရှိဟု အကျိုးရှိသည် မရှိသည်၌ လိမ္မာသည်၏ အဖြစ်ကြောင့် အသုရာတို့နှင့် အတူတကွနေရသဖြင့် အကျိုးမရှိဟု အသုရာတို့ကို မြင်းမိုရ်တောင်အောက်သို့ ဆွဲပစ်၍ မိမိချည်းသာ တာဝတိံသာ နတ်ပြည်၌ မင်းအဖြစ်ကို ရလေ၏၊ အကျိုးရှိ အကျိုးမဲ့၌ လိမ္မာသော အဖြစ်သည် သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ခြင်း၏ အကျိုးပင်တည်း။

အတ္တာနတ္ထကုသလတာ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ ဖလံ။ (ခုဒ္ဒကပါဌ အဋ္ဌကထာ)

အတ္တာနတ္ထကုသလတာ၊ အကျိုးရှိ အကျိုးမဲ့၌ လိမ္မာသော အဖြစ်သည်။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဤ သိကြားနတ်မင်းကဲ့သို့ အကျိုးရှိအကျိုးမဲ့၌ လိမ္မာသောအဖြစ်ကို အလိုရှိကုန်မူ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်း တို့သည် ထိုသိကြားနတ်မင်းကဲ့သို့ သြတ္တပ္ပ သံဝေဂ တရားကို နှလုံးထား၍ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ရှောင် ကုန်ရာ၏။

၄၅-သြတ္တပ္ပ သံဝေဂ ပြည့်စုံသဖြင့် သုရာမေရယမှ ကြဉ်၍ ယသဂဓုနတရား ခုနစ်ပါးနှင့်ပြည့်စုံသော ကုမ္ဘဃောသက ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်း အောင်း မွေ့လျော်စံနေတော်မူသောအခါ ကုမ္ဘဃောသက သဌေးကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ရာဇဂြိုဟ်ပြည် ဝယ် သဌေး၏အိမ်၌ ယဉ်းအနာသည် ဖြစ်၏ ထိုယဉ်းအနာသည် ဖြစ်သည် ရှိသော် ထိုအိမ်၌ ယင်ကိုကို အစပြု၍ နွားတိုင်အောင် တိရစ္ဆာန်တို့သည်

ရှေးဦးစွာ သေကုန်၏၊ထိုနောင်မှ အခြံအရံကျွန်ကျေးအမှုလုပ်တို့သည် သေကုန်၏၊ ထို့နောင်မှ အိမ်ရှင်လူတို့သည် သေကုန်၏၊ ထို့ကြောင့်ထို ယဉ်းအနာသည် အလုံးစုံသော သူတို့၏နောက်၌ သဌေးလင်မယားတို့ကို ယူ၏၊ ထိုသဌေး လင်မယားတို့သည် အနာဖြင့် နှိပ်စက်ကုန်ရကား အနီး အပါး၌ တည်သောသားကို ကြည့်လျက် မျက်ရည်ပြည့်သော မျက်စိတို့ဖြင့် သားကိုဆိုကုန်၏၊''ချစ်သား-ဤအိမ်၌ အနာဖြစ်သည်ရှိသော် အိမ်နံရံကို လှန်ဖျက်၍ အကြင်သူတို့သည် ပြေးကုန်၏၊ ထိုသူတို့သား အသက်ကိုရကုန် ၏၊ ထို့ကြောင့်ချစ်သား....သင်လည်း ငါတို့ကို မငဲ့ပဲ ပြေး၍ အသက်ရှင် သည်ရှိသော် တဖန်ပြန်လာ၍ ဤမည်သော အရပ်ဝယ် ကုဋေလေးဆယ် သော ဥစ္စာကို ငါတို့မြှုပ်ထားအပ်၏၊ထိုဥစ္စာကိုဖေါ်ထုတ်လျက် အသက် မွေးလေလော့''ဟု ဆို၏၊သားလည်း မိဘတို့စကားကိုကြားလျှင် ငိုယိုပြီးမှ မိဘတို့ကို ရှိခိုး၍ သေဘေးမှကြောက်ရကား အိမ်နံရံကို လှန်ဖျက်၍ တွက် ပြေးပြီးလျှင် တောတောင်သို့သွား၍ တဆယ့်နှစ်နှစ်တို့ပတ်လုံး ထိုအရပ်၌ နေပြီးမှပြန်လာ၏၊ ထိုသဌေးသားကို ငယ်စဉ်ကာလကသွား၍ဆံမုတ်ဆိတ် ပေါက်ရောက်မှ ပြန်လာသောကြောင့် တစုံတယောက်သောသူသည် မသိ၊ ထိုသဌေးသားသည် မိဘတို့ ပေးအပ်သော အမှတ်ဖြင့် ဥစ္စာထားရာအရပ် သို့ သွား၍ ကြည့်လျှင် ဥစ္စာ၏ အနာမရှိသောအဖြစ်ကို သိ၍ ဤသို့ကြံ၏၊

ငါ့ကို တစုံတယောက်သော သူသည် မသိ၊ ယင်းသို့ မသိပဲလျက် ငါသည် ဤဥစ္စာကို ဖော်ထုတ်၍ သုံးဆောင်ငြားအံ့၊ လူဆင်းရဲ တယောက်သည် ငွေအိုးကို ခိုး၍ဖော်သည်ဟု ငါ့ကိုညှဉ်းဆဲကုန်ရာ၏၊ အကယ်၍ ငါကား အခစားပြု၍ သက်မွေးရသော် တော်၏ဟု ကြံ၏၊ ယင်းသို့ ကြံပြီးသည်မှ နောက်ကာလ၌ ပုဆိုးကြမ်းစုတ်ကိုဝတ်ပြီးလျှင် "အခစားဖြင့် အလိုရှိသော တစုံတယောက်သောသူသည် ရှိပါသလော"ဟု မေးမြန်းလျက် သူခစား လမ်းခရီးကိုလည်၏၊ ထိုတခါကုမ္ဘဃောသကကို အခစားဖြင့် အလိုရှိသော သူတို့သည် မြင်၍ "သင်သည် အကယ်၍ ငါတို့ အမှုတခုကို ပြုနိုင်သည် ဖြစ်အံ့၊ သင့်အား ထမင်းရိက္ခာ ပေးပါမည်"ဟု ဆိုကုန်သော် "အဘယ် အမှုနည်း"ဟု မေး၍ "စောစောနိုးအောင် နိုးသော အမှု"ဟု ဆို၍ "သင်သည် အကယ်၍ တတ်နိုင်ငြားအံ့၊ နံနက်စောစောထ၍ အမောင်တို့ ထကြကုန်လော့၊ လှည်းများ ထွန်များကို နွားတို့နှင့် ကကြကုန်လော့၊ တိုက်ချိန် ထွန်ချိန်တန်ပြီ၊ ဆင်စာ မြင်းစာ မြက် ရေ အလို့ငှာ သွားချိန် တန်ပြီ၊ အမိတို့ ထကြကုန်လော့၊ သင်တို့သည်သည်း ယာဂု၊ ထမင်း၊ ဟင်း ချက်ချိန်တန်ပြီ၊ ချက်ကြကုန်လော့ဟု လှည့်လည်၍ ကြားလော့"ဟု ဆို၏၊ "ကောင်းပြီ"ဟု ဝန်ခံသော် ထိုသူအား နေရာ အိမ်တခုကို ပေးကုန်၏၊ ထိုသူလည်း နေ့တိုင်ပင် ထိုအမှုကိုပြု၏။

ထိုအခါ ဗိမ္ဗိသာရမင်းသည် တနေ့သ၌ ထိုသူ၏အသံကို ကြားလေ၏၊ ထိုမင်းကား သတ္တဝါခပ်သိမ်းတို့၏ ဆိုးကောင်းသောအသံကို သိတတ်၏၊ ထို့ကြောင့် ဤအသံသည် လူဆင်းရဲ၏ အသံမဟုတ်။ ဥစ္စာရှိသော သူ၏ အသံတကားဟု မိန့်ဆိုလေ၏၊ ထိုအခါမင်း၏ အပါးတော်စေ ကိုယ်လုပ် တော် တယောက်သည် ငါတို့သခင် အရှင်မင်းကား ဟူးဟူးငြားငြားသော စကားကို မဆို၊ ငါတို့မင်းဆိုက ယုံကြည်ရသော စကားရှိသည်၊ ငါသည် ဤအကြောင်းကို သိခြင်းငှာ တတ်ကောင်း၏ဟု ကြံ၍ စုံစမ်းသော် ကုမ္ဘဃောသကကိုမြင်၍ "အရှင်မင်းကြီး-ဤသူကား အခစားလုပ် လူ ဆင်းရဲတည်း"ဟု လျှောက်၏၊ မင်းလည်း ထိုကိုယ်လုပ်တော်၏ စကားကို ကြားသော် ဆိတ်ဆိတ်နေလျက် နှစ်ရက်မြောက်၌လည်းကောင်း၊ သုံးရက် မြောက်၌လည်းကောင်းထိုသူ၏အသံကိုကြား၍နည်းတူသာ မိန့်တော်မူ၏၊ ကိုယ်လုပ်တော်လည်း နည်းတူအထပ်ထပ်စုံစမ်း၍ "အထီးကျန်သူလူဆင်းရဲ ပါ"ဟု လျှောက်၏ ယင်းသို့လျှောက်သော်လည်း မင်းသည် မယုံရကား

ထပ်ကာထပ်ကာ "ဥစ္စာရှိသောယောကျာ်း၏အသံတကား" ဟု မိန့်ဘော်၏၊ ထိုသို့ မိန့်တော်မူသော်ကိုယ်လုပ်ငေ ဘ်ကဤအရာဝယ်စုံစမ်းဖွယ်အကြောင်း ရှိကောင်းရာ၏၊ ဤအကြောင်းကို မဖောက်မပြန် အမှန်သိခြင်းငှာ တတ်ကောင်း၏ဟုကြံ၍ မင်းအားလျှောက်၏၊ "အရှင်မင်းကြီး=အကျွန်ုပ်ကား တထောင်မျှလောက်သော ဥစ္စာကိုရပါသော် သမီးတော်ကို ခေါ်၍သွားပြီးမှ ထိုသူ၏ဥစ္စာဟူသမျှအလုံးစုံကို အကုန် မင်းနန်းတော်သို့သွင်းပါအံ့" ဟုလျှောက်၏၊ ဗိမ္ဗိသာရမင်းလည်း ကောင်းပြီဟု တထောင်မျှလောက်သော ဥစ္စာထုပ်ကို ကိုယ်လုပ်တော်အား ပေးစေ၏၊ ထို ကိုယ်လုပ်တော်လည်း ဥစ္စာတထောင်ကိုယူပြီးမှ သမီးအားအဝတ်နွမ်းကိုဝတ်စေ၍သမီးနှင့်တကွ မင်းအိမ်မှထွက်ပြီးသော် ခရီးသွားအဟန် သူခစား လမ်းခရီးသို့ သွားပြီးလျှင် အိမ်တအိမ်သို့ဝင်၍ "အိမ်ရှင်မတို့....ငါတို့ကား ခရီးသွား ဖြစ်ပါကုန်သည်၊ ညည်းတို့အိမ်၌တရက်နှစ်ရက်အပင်ပန်းဖြေပြီးမှ သွားပါကုန်အံ့" ဟုဆို၏၊ ထိုအခါအိမ်ရှင်တို့က "ရှင်မတို့....ဤအိမ်၌ အိမ်သူအိမ်သား များလှပါသည်၊ နေရာမဆံ့ခဲ့၊ ကုမ္ဘဃောသကမှာ အိမ်ဘည်အိမ်နေ လူတယောက်တည်းသာဖြစ်၍ ကျယ်ဝန်းပါသည်၊ ထိုအိမ်သို့သာ သွားပါလော့" ဟု ဆိုကုန်၏၊ ထိုကိုယ်လုပ်တော်လည်း သမီးနှင့်တကွ ကုမ္ဘဃောသကအိမ်သို့ သွား၍ "အမောင် အိမ်ရှင်....ငါတို့ကား ခရီးသွား ဖြစ်ပါသည်၊အမောင့်အိမ်တွင် တရက် နှစ်ရက်မျှ အပင်ပန်းဖြေ၍ နေပါရစေကုန်" ဟုဆိုလျှင် ထိုကုမ္ဘဃောသကသည် အလိုမရှိရကား အထပ်ထပ်ပယ်၏၊ ယင်းသို့ပယ်သော်လည်း ထိုကိုယ်လုပ်တော်သည် နက်ဖြန်နံနက်စောစောထွက်ပါအံ့၊ယနေ့တရက်မျှသာ နေပါရစေ" ဟုဆို၍ မသွားလိုပဲ စွတ်ဆဲ့နေလေ၏၊ ယင်းသို့ နေပြီးသည့်နောက် မိုးသောက်လျှင် ထိုကုမ္ဘဃောသက တောသို့သွားမည့်ကာလ သင့်ဖို့ ရိက္ခာပေးခဲ့ပါ၊ အာဟာရ ချက်ပြုတ်၍ ထားပါမည်" ဟုဆို၏၊ ယင်းသို့ ဆိုသော်လည်း ထိုကုမ္ဘဃောသကသည် အလိုမရှိရကား "ငါစားဖွယ်ကို ငါကိုယ်တိုင်ပင် ချက်ပြုတ်၍ စားမည်" ဟု ဆိုသော်လည်း ထိုကိုယ်လုပ်တော်က ထပ်ကာ ထပ်ကာ ဆိုရကား အားပါးနာသောကြောင့် ရိက္ခာပေး၍ သွားလေ၏၊ ကိုယ်လုပ်တော်လည်း ထိုရိက္ခာကိုယူကာမျှပြု၍ အိမ်ဈေးမှ သလေးဆန်တို့ကို ဝယ်ပြီးလျှင် မင်းအိမ်တွင် ချက်သော နည်းဖြင့် ကောင်းမွန် စင်ကြယ်စွာ ချက်၍ နှစ်ခွက် သုံးခွက်သော စားမဲ့ ဟင်းလျာနှင့်တကွ ထိုသူ တောမှ လာသည့်ကာလ ပေး၏၊ ထိုထမင်းဟင်းကို စား၍ စိတ်ကား နူးညံ့သော

အဖြစ်သို့ ရောက်လေ၏၊ "အိမ်ရှင်အမောင်....ငါတို့ကား ပင်ပန်းအားကြီးလှသည်၊ နှစ်ရက်သုံးရက်မျှ နေပါရစေဦး"ဟု ဆိုသော် "ကောင်းပြီ"ဟု ဝန်ခံလေ၏၊ ကိုယ်လုပ်တော်လည်း ကုမ္ဘဃောသကအား ညချမ်း နံနက် နည်းတူပင် ချက်၍ ပေး၏ ထိုထမင်းကိုစား၍ နူးညံ့သော စိတ်ရှိသည်၏ အဖြစ်ကိုသိရကား ထက်စွာသော ထားနှင့် ကုမ္ဘဃောသက၏ ညောင်စောင်းအပေါင်ကို ထိုထိုအရပ်၌ ဖြတ်၍ထား၏၊ ကုမ္ဘဃောသက လာ၍ အိပ်ကာမျှပင် ညောင်စောင်းသည် တွဲလွဲဆွဲ၍ လည်းလေ၏၊ "အဘယ်သူသည် ဤညောင်စောင်းကို ဖြတ်၍ ထားသနည်း"ဟု ကုမ္ဘဃောသက မေးလေသော် "အမောင်....သူငယ်တို့သည် ထိုထိုအိမ်မှ များစွာ လာ၍ ကစားကြသည်၊ တားမြစ် ပါသော်လည်း မနိုင်"ဟု ဆို၏၊ "ရှင်မတို့.... ရှေးအခါ ငါသည် အရပ်တပါးသို့သွားသည်ရှိသော အိမ်တံခါးကိုပိတ်၍ ထားခဲ့ရသည်၊ သင်တို့ကြောင့် ယခုမှာ မပိတ်သာ၊ ငါ၏ ဤဆင်းရဲကား သင်တို့ကိုမှီ၍သာ ဖြစ်သည်"ဟု ဆိုသော "အမောင်....သူငယ်တို့အား တားမြစ်ခြင်းငှာ မနိုင်သည်ကို အဘယ်သို့ ပြုရမည်နည်း"ဟု ဆို၏။

ကိုယ်လုပ်တော်လည်း ဤသို့သောနည်းဖြင့် နှစ်ရက်သုံးရက်ဖတ်၍သာလျှင် ကုမ္ဘဃောသကသည် စောင်းမြှောင်း ရှုတ်ချလျက် အမျက်နှင့်ဆိုပါသော်လည်း နည်းတူသောစကားပြန်၍ တဖန် တချောင်း နှစ်ချောင်းသော ကြိုးတို့ကိုထား၍ ကြွင်းသမျှကို အကုန်ဖြတ်၏၊ ထိုနေ့၌ ကုမ္ဘဃောသက လာ၍ထိုင်ကာမျှပင် မြေတွင် ညောင်စောင်းပြုတ်၍ ကျချေ၏၊ ပုဆစ်နှင့် ဦးခေါင်းပေါင်းမိ၍ ထိလေ၏၊ ကုမ္ဘဃောသကလည်း ထ၍ "ယခုအခါ အဘယ်သို့သွားရအံ့နည်း၊ အိပ်သောညောင်စောင်း၏ အရှင်မျှမဖြစ်ရလေအောင် ငါ့ကိုသင်တို့ ပြုကြသည်"ဟု ဆို၏၊ ထိုအခါ ကိုယ်လုပ်တော်က "သူငယ်များကို တားမြစ်၍ မနိုင်သည်ကို အဘယ်သို့ ပြုရ အံ့နည်း၊ ထိုသို့ဖြစ်စေ၊ ဤညအခါဝယ် အဘယ်သို့ အမောင် သွားမည်နည်း"ဟု သမီးကိုခေါ်ပြီးလျှင် "ရှင်မ....သင့်မောင်၏ အိပ်ရာကို ပြုပါလော့"ဟု ဆိုသော ထိုသမီးသည် နံပါးတဘက်မှာ အိပ်ရာခင်းပြီးမှ "လာလော့သခင် သည်တွင်အိပ်ပါ"ဟု ဆို၏။

ကိုယ်လုပ်တော်လည်း "ချစ်သား သွားချေ၊ မောင်နှမနှင့် အတူတကွ အိပ်ချေလော့"ဟု ဆို၏၊ ကုမ္ဘဃောသကလည်း ထ၍သွားပြီးမှ သမီးနှင့် အတူတကွအိပ်လေလျှင် ထိုနေ့တွင်ပင် ပေါင်းဖော်ကြလေ၏၊ သမီးလည်း ပေါင်းဖော်ပြီးလျှင်ထ၍ငိုလေ၏၊ထိုအခါ အမိက "ချစ်သမီး....အသို့နည်း"

ဟုမေးသော် "ဤမည်သောအမှုသည် ဖြစ်ခဲ့၏"ဟု ဆို၏၊ "ချစ်သမီး.... ယင်းသို့ဖြစ်စေ၊ ဖြစ်သည်ကို အသူတတ်နိုင်အံ့နည်း၊ သင်လည်း လင်တယောက်ကို ရခြင်းငှာ, ဤသူလည်း မယားတယောက်ကို ရခြင်းငှာ တတ်ကောင်း၏"ဟု ဆိုပြီးလျှင် ထိုကိုယ်လုပ်တော်သည် ကုမ္ဘဃောသက ကို သမက်ဖမ်းလေ၏၊ ထိုသမီးယောက္ခမသုံးယောက်တို့သည် အညီအညွတ် နေကြကုန်၏။

ထို့နောင်နှစ်ရက် သုံးရက် လွန်လတ်သော် ကိုယ်လုပ်တော်သည် မိမ္မိသာရမင်းအားသတင်းစကားကြားလျှောက်၏ "အရှင်မင်းကြီးသူခစား လမ်းခရီးတွင် သဘင်ပြုပါစေ၊ အကြင်သူ၏အိမ်တွင် သဘင်မပြု၊ ထိုသူအား "ဤမည်သောဒဏ်ကိုထားလေဟုစေတော်မူပါ"ဟုလျှောက်၏၊ မင်းလည်း ကိုယ်လုပ်တော်လျှောက်တိုင်း ပြုစေ၏၊ ထိုအခါ ယောက္ခမကသမက်ကို "ချစ်သား....သူခစား လမ်းခရီးတွင် သဘင်ခံရမည်ဟု မင်းအာဏာဖြင့်စေလာသည်၊ အဘယ်သို့ပြုမည်နည်း"ဟု မေး၏၊ "မိခင်ပါကားအခစားပြု၍ အသက်မွေးရသည်ကို သဘင်ခံခြင်းငှာ အဘယ်မှာတတ်နိုင်အံ့နည်း"ဟုဆိုသော် ကိုယ်လုပ်တော် ယောက္ခမက "ချစ်သား အိမ်ယာထောင်သောလူ၏ ထောင်၍နေသော သူတို့သည်ကား မြီကြွေးကိုသော်လည်း ချေးယူရကုန်၏၊ မင်းအာဏာကို မဖီဆန်သာ၊ မြီမှာမူကား တစုံတခုသော အကြောင်းဖြင့် ဆပ်ပေးခြင်းငှာ တတ်ကောင်း၏၊ သွား၍ တကျပ် နှစ်ကျပ်မျှကို ရအောင် ရှာချေ"ဟု ဆို၏၊ သမက်လည်း စောင်းမြောင်း ရှုတ်ချလျက် သွား၍ မြှုပ်ထားရာ ကုဋေလေးဆယ်မှ တကျပ်မျှကိုသာ ဆောင်ခဲ့၏။

ကိုယ်လုပ်တော်လည်း ထိုငွေတကျပ်ကို မင်းအား ဆက်ပြီးလျှင် မိမိငွေတကျပ်ဖြင့် သဘင်ခံ၍ တဖန် နှစ်ရက် သုံးရက်လွန်လေလျှင် နည်းတူပင် မင်းအား လျှောက်ထားပြန်၏၊ မင်းလည်း ရှေးနည်းပင် စေပြန်၏၊ တဖန် ယောက္ခမက သမက်ကိုဆိုပြန်သော် သမက်ကလည်း သွား၍ နှစ်ကျပ် သုံးကျပ်သောငွေကို ဆောင်ယူလေ၏၊ ယောက္ခမကလည်း နှစ်ကျပ် သုံးကျပ် သောငွေကို မင်းအားဆက်ပြီးလျှင် နည်းတူပင် သဘင်ခံ၍ တဖန်နှစ်ရက် သုံးရက် လွန်လတ်သော် "ယခုအခါ မင်းချင်းတို့ကို စေ၍ခေါ်ယူပါ"ဟု မင်းအား လျှောက်ထား၏၊ မင်းလည်း လျှောက်ထားသည့် အတိုင်း ခေါ်စေ၏၊ မင်းချင်းယောကျ်ားတို့သည် သွား၍ ကုမ္ဘဃောသကဟူသည် အဘယ်သူနည်းဟု ရှာကုန်လျှင် ထိုသူကိုပင် မြင်၍ "လာလော့ အချင်း.... မင်းသည် သင့်ကိုခေါ်တော်မူသည်" ဟုဆိုကုန်၏၊ ကုမ္ဘဃောသကလည်း

မင်းသည် ငါ့ကို သိတော်မမူ၊ လူလျှပ်ဘိသာ ဖြစ်တန်ရာ၏၊ ဤသို့ အစ ရှိသော စကားတို့ကို ဆို၍ လိုက်လိုသောသဘော မရှိ၊ ယင်းသို့မရှိလျှင် မင်းချင်းတို့သည် ကုမ္ဘဃောသကကို အနိုင်အထက် လက် အစရှိသည်တို့၌ ဆွဲငင်ကြကုန်၏၊ ယင်းသို့ ဆွဲငင်ကြသည်ကို ယောက္ခမ ကိုယ်လုပ်တော် မြင်လေသော် "ဟယ်-အဆုံးအမခက်သည့် လူပျက် မင်းချင်းတို့-နင်တို့ သည် ငါ့သမက်ကို လက်အစရှိသည်၌ ကိုင်ခြင်းငှာ မထိုက်ဘျောက်"ဟု ခြိမ်းခြောက်၍ "အမောင်လာ၊ ဘာမျှမကြောက်လင့်၊ မင်းကိုမြင်မူ သင်၏ လက်၌ ကိုင်သောသူတို့၏ လက်ကိုဖြတ်စေအံ့"ဟု ဆို၍ သမီးကို ခေါ်ပြီးမှ ရှေ့ကသွားနှင့်၍ မင်း၏နန်းတော်သို့ ဝင်ပြီးလျှင် အသွင်ကို ဖောက်ပြန် လျက် အတွေ့ထွေအထူးထူးသော တန်ဆာတို့ကို ဆင်ယင်ပြီးမှ တင့်အပ် လျောက်ပတ်သော အရပ်က ရပ်၏၊ ကုမ္ဘဃောသကကိုလည်း အတင်း ဆွဲခေါ်၍နန်းတော်သို့ ဆောင်ခဲ့ကုန်၏၊ ရှိခိုး၍ရပ်သော ကုမ္ဘဃောသက ကို မြင်လျှင် ရှင်ဘုရင်က "ကုမ္ဘဃောသက ဟူသည် သစ်ပင်လော" ဟု မေးတော်မူ၏၊ ဟုတ်ကြောင်းကို လျှောက်လျှင် "အဘယ်ကြောင့် ဥစ္စာ အများကို ဝှက်ထား၍ မစားမသောက်နေသနည်း"ဟု မေးတော်မူ၏၊ "အရှင်မင်းကြီး....အကျွန်ုပ်အား ဥစ္စာများသော အဖြစ်သည် အဘယ်မှာ ရှိအံ့နည်း၊ အခစားပြုလျက် အသက်မွေးရပါသည်"ဟု လျှောက်၏၊ "အမောင်သို့မဆိုလင့်၊ ငါ့ကို အဘယ်ကြောင့် လှည့်စားသနည်း"ဟု မိန့်တော်မူ၏၊ "အရှင်မင်းကြီး-မလှည့်စားပါ၊ ဥစ္စာမရှိ၍သာ လျှောက် ပါသည်"ဟု ဆို၏၊ ထိုအခါ မင်းက ကိုယ်လုပ်တော် ဆက်လာသော အသပြာတို့ကို ပြ၍ "ဤအသပြာတို့ကား အသူ့ဥစ္စာနည်း"ဟု မေးတော် မူ၏၊ ကုမ္ဘဃောသကလည်း အသပြာတို့ကိုသိ၍ ငါသည် ပျက်စွတကား၊ အဘယ်သို့သော အခြင်းအရာဖြင့် ဤအသပြာတို့သည် မင်း၏ လက်သို့ ရောက်ကုန်သနည်း"ဟု ဤမှထိုမှ ကြည့်လတ်သော် တန်ဆာ ဆင်လျက် တိုက်ခန်းတံခါး၌ ရပ်သော သားအမိတို့ကိုမြင်လေလျှင် ဤအမှုသည် ဝန်လေးစွတကား၊ ဤသားအမိသည် မင်းအား ယှဉ်စေအပ်သည်ဖြစ်ရာ၏ ဟု ကြံ၏၊ ထိုအခါမင်းက "အချင်း အမှန်ကိုဆိုလော့၊ အဘယ်ကြောင့် ဤသို့ ပြုသနည်း"ဟုမေးတော်မူ၏၊ "အရှင်မင်းကြီး၊ အကျွန်ုပ်အားမှီခိုရာ မရှိပါ"ဟု လျှောက်၏၊ ငါသို့သော မင်းသည် မှီခိုရာမဟုတ်လော....''ဟု မိန့်တော်မူ၏၊ အရှင်မင်းကြီးသည် အကယ်၍ အကျွန်ုပ်အား မှီခိုရာဖြစ်ပါ အံ့၊ ကောင်းပါပြီ"ဟု လျှောက်၏၊ "ကောင်းပြီ၊ ငါ့ခင် မှီခိုရာ ဖြစ်စေ၊

ဥစ္စာကား အဘယ်မျှရှိသနည်း”ဟု မေးတော်မူ၏၊ “ကုဋေ လေးဆယ် ရှိပါ၏၊ လျှောက်၏၊ “အဘယ်ကို ရခြင်းငှာ တတ်ကောင်းသနည်း” ဟု မေးတော်မူသော် “လှည်းတို့ကို ရခြင်းငှာ တတ်ကောင်းပါ၏”ဟု လျှောက်၏၊မင်းလည်းများစွာသော လှည်းတို့ကိုပေး၍ ဆောင်စေပြီးလျှင် မင်းရင်ပြင်၌ ပုံစေပြီးမှ ရာဇဂြိုဟ် ပြည်သားတို့ကိုခေါ်၍ ဤပြည်ဝယ် အဘယ်သူ့အား ဤမျှလောက် ဥစ္စာများသနည်း”ဟု မေးတော်မူလျှင် “အရှင်မင်းကြီး=မရှိပါ”ဟု လျှောက်လတ်သော်“ဤသူ့အား အဘယ်သို့ ပြုခြင်းငှာ သင့်အံ့နည်း”ဟုမေးတော်မူလျှင် “ပူဇော်သက္ကာရ ပြုခြင်းငှာ သင့်ပါ၏” လျှောက်ကုန်၏၊ ဗိမ္ဗိသာရမင်းလည်း များစွာသော ပူဇော် သက္ကာရဖြင့် ကုမ္ဘဃောသကကို သဌေးအရာ၌ ထားပြီးမှ သမီးတော်ကို လည်း ကုမ္ဘဃောသကအားပင် ပေးဝေမူ၍ ထိုကုမ္ဘဃောသကနှင့်တကွ ဘုရားသခင်အထံသို့ သွားပြီးလျှင် “ဘုန်းတော်ကြီးလှသော ဘုရား=ဤ ယောက်ျားကို ရှုတော်မူပါ၊ ဤယောက်ျားကဲ့သို့ တည်ကြည်သော စိတ်ရှိ သောစ သူသည် လူတွင် ထင်ရှား၏၊ ကုဋေလေးဆယ် ကြွယ်ဝလျက် ပေါ် လွင်ခြင်းမရှိ၊ငါဟူသောမာနကို မပြု၊ အထီးကျန်သကဲ့သို့ ပုဆိုးစုတ်ကိုဝတ် လျက် သူခစား လမ်းခရီးဝယ် အခစား ပြုလုပ်၍ အသက်မွေးသည်ကို အကျွန်ုပ်သည် ဤမည်သော ဥပါယ်အကြောင်းဖြင့် သိအပ်၏၊ သိသော ကြောင့် ခေါ်၍ ဥစ္စာရှိသောအဖြစ်ကို ဝန်ခံစေပြီးမှ ထိုဥစ္စာကိုဆောင်၍ သဌေးအရာဝယ် ထားပြီးလျှင် သမီးကိုလည်း ထိုသူ့အားပင် ပေးအပ်၏၊ ဘုန်းတော်ကြီးလှစွာသော ဘုရား....ဤယောက်ျားကဲ့သို့ တည်ကြည်သော သူကို အကျွန်ုပ် မမြင်စဖူးပါ”ဟု လျှောက်၏၊ ထိုစကားကို ကြားတော်မူ သော် ဘုရားသဗ္ဗညုလည်း “မင်းကြီး.... ဤသို့ အသက်မွေးသော သူ၏ အသက်ရှင်ခြင်းကား တရားနှင့်ယှဉ်သော အသက်ရှင်ခြင်းမည်၏၊ ခိုးခြင်း စသောအမှုသည်ကား ဤပစ္စုပ္ပန်လောက၌လည်း ကိုယ်ကိုလည်းကောင်း, သူတပါးကို လည်းကောင်း နှိပ်စက်သည်မည်၏၊ တမလွန်လောက၌ လည်း ထိုခိုးခြင်းစသော အကြောင်းကြောင့် ချမ်းသာမည်သည် မရှိ၊ ဆင်းရဲအတိသာ ဖြစ်သတည်း၊ ယောက်ျားအား စီးပွားဥစ္စာ ပျက်စီးသည့်ကာလ လယ်ထွန်အမှုကိုလည်းကောင်း အခစားအမှုကိုလည်း ကောင်း ပြု၍ အသက်မွေးသည်သာ တရားနှင့် လျော်စွာ အသက် မွေးခြင်းမည်၏၊ ဤသို့သဘောရှိသော ထကြွလုံ့လနှင့် ပြည့်စုံသော သတိတရားနှင့်ပြည့်စုံသော ကိုယ်နှုတ်တို့ဖြင့် စင်ကြယ်သောအမှုရှိသော

ပညာဖြင့်ဆင်ခြင် ပြုလေ့ရှိသော ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် စောင့်ရှောက်သော၊ တရားနှင့်လျော်စွာအသက်မွေးသောမမေ့မလျော့သော၏ခုနစ်ပါးသော ယသဓနုနတရားနှင့် ပြည့်စုံသောသူအားစည်းစိမ်ချမ်းသာ အခြံအရံ အစိုးရခြင်းဟုဆိုအပ်သော ပရိဝါရယသ၊ အကျော်အစောဟုဆိုအပ်သော ကိတ္တိယသတရားနှစ်ပါးသည် ပွားများသည်သာတည်း”ဟု မိန့်တော်မူ၏။

ဥဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော၊
သညတဿစ ဓမ္မဇီဝိနော၊အပ္ပမတ္တဿယသော အဘိ ဝဍ္ဎတိ၊

ဟူသောဓမ္မပဒဂါထာကို ဟောတော်မူ၏။

ဥဋ္ဌာနဝတော၊ထကြွလုံ့လရှိသော သူအားလည်းကောင်း။သတိမတော၊ သတိရှိသောသူအားလည်းကောင်း၊သုစိကမ္မဿ၊စင်ကြယ်သော ကိုယ်နှုတ်အမှုရှိသော သူအားလည်းကောင်း။ နိသမ္မကာရိနော၊ အကျိုးအပြစ်ကို ဆင်ခြင်၍ ပြုလေ့ရှိသော သူအားလည်းကောင်း။ သညတဿစ၊ ကိုယ်နှုတ်ဖြင့် စောင့်စည်းသောသူအားလည်းကောင်း။ ဓမ္မဇီဝိနော၊ တရားသဖြင့် အသက်မွေးသောသူအားလည်းကောင်း။ အပ္ပမတ္တဿ၊မမေ့မလျော့သော သူအားလည်းကောင်း၊ယသော၊ ပရိဝါရယသ၊ ကိတ္တိယသတရားနှစ်ပါးသည်။ အဘိဝဍ္ဎတိ၊ လွန်စွာပွားများ၏။

ဂါထာ၏အဆုံး၌ ကုမ္ဘဃောသကသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ သည်မှတပါး များစွာသောသူတို့သည်လည်း အကျတ်တရားရကြကုန်၏။

ဤ၌ ကုမ္ဘဃောသကသည် ရှေးရှေးသောဘဝက ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သုရာငါးပါး၊ မေရယငါးပါးကို သောက်စားခြင်းမှ ကြဉ်ရှောင် ခဲ့ဖူးသော ကံထူး၏အကျိုးကြောင့် ဥဋ္ဌာနဝန္တစသော ယသဝဍ္ဎနတရား ခုနစ်ပါးနှင့် ပြည့်စုံရကား ပရိဝါရယသ၊ကိတ္တိယသ နှစ်ပါးတို့သည် လွန်စွာပွားကုန်၏၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ ကြဉ်သောသူအားသာ ဤယသဝဍ္ဎနတရား ခုနစ်ပါးနှင့် ပြည့်စုံကောင်း၏၊ မကြဉ်သောသူအား မပြည့်စုံကောင်း။

ရတ္တိန္ဒိဝံ မတန္ဒိတာ သဒါ ဥပဋ္ဌိတ သတိတာ ဉာဏဝန္တတာ
အပ္ပမတ္တတာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏိယာ ဖလာနိ။
(ခုဒ္ဒကပါဌ အဋ္ဌကထာ)

ရတ္တိန္ဒိဝမတန္ဒိတာ၊နေ့ညဉ့်ပတ်လုံးမပျင်းမရိသောအဖြစ်သည်လည်းကောင်း သဒ္ဓါဥပဋ္ဌိတ သတိတာ၊ အခါခပ်သိမ်းထင်သော သတိရှိသောအဖြစ်သည် လည်းကောင်း။ ဉာဏဝန္တတာ၊ ဉာဏ်ပညာနှင့်ပြည့်စုံသော အဖြစ်သည် လည်းကောင်း။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏိယာ၊ သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနမှ ကြဉ်ခြင်း၏။ ဖလာနိ၊ အကျိုးတို့တည်း။

ဤအဋ္ဌကထာ၌ ရတ္တိန္ဒိဝ မတန္ဒိတာဟူသောပါဠိဖြင့် ဥဋ္ဌာနဝန္တ ဟူသော ယသဝဍ္ဎနတရား၏ ပြည့်စုံခြင်းကို ပြတော်မူသည်၊သဒ္ဓါ ဥပဋ္ဌိတ သတိတာ ဟူသောပါဠိဖြင့် သတိမန္တဟူသော ယသဝဍ္ဎန တရား၏ ပြည့်စုံခြင်းကို ပြတော်မူသည်၊ ဉာဏဝန္တတာ ဟူသော ပါဠိဖြင့် နိသမ္မကာရီ ဟူသော ယသဝဍ္ဎန တရား၏ပြည့်စုံခြင်းကို ပြတော်မူသည်၊ အပ္ပမတ္တတာဟူသောပါဠိဖြင့်အပ္ပမတ္တတာဟူသော ယသဝဍ္ဎနတရား၏ ပြည့်စုံခြင်းကို မုချနိတတ္ထ အားဖြင့် ပြတော် မူသည်၊ သုစိကမ္မ, သညတ, ဓမ္မဇီဝိ ဟူသော ယသဝဍ္ဎန တရား သုံးပါး၏ ပြည့်စုံခြင်းကိုကား ဥပစာရ နေယျတ္ထအားဖြင့် ပြတော် မူသည်။

ဤငါးပါးသီလ၏အကျိုး၌ ခုဒ္ဒကပါဌအဋ္ဌကထာဟုမှာရာ၌ ခုဒ္ဒကပါဌ အဋ္ဌကထာမှာ ဤကျမ်း၌ မှာဆိုသည့် ပါဠိ အတိုင်း မလာမရှိ၊ ငါးပါးသီလ၏အကျိုးကို များစွာ ဆိုရသောကြောင့် ထိုနှင့်လျော်စွာ ရှေ့နောက်အစဉ်လိုက်ဝုစ်ရှိသည်၊ဤကျမ်း၌မှာကား လိုရာအကျိုးကို ခုဒ္ဒကပါဌ အဋ္ဌကထာမှ ထုတ်မှာရသောကြောင့် ထိုနှင့်လျော်စွာ ပါဠိပါဌ်ကို ပြင်၍ရေးရသည်၊ယင်းသို့ရေးရလျက် ကို ခုဒ္ဒကပါဌ အဋ္ဌကထာဟု ဆိုသည်မှာ အဋ္ဌကထာ လာသည့် အဓိပ္ပာယ်အတိုင်း မှာဆိုရသောကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာပင် နှလုံးသွင်း၍ မှာဆိုခြင်းဖြစ်သည်၊မဆိုင်ရာ ကိုပယ်၍ ဆိုင်ရာကိုသာ ယူခြင်း,ရှေ့နောက်အစဉ်လွှဲခြင်း ဝုစ်ကွဲခြင်းမျှသာထူးသည်၊ကြွင်း သည်မှာ အဋ္ဌကထာအတိုင်းပင်။

ဤကုမ္ဘဃောသကသဌေးကဲ့သို့ ယသပ္ပဝဍ္ဎနတရား ခုနစ်ပါးနှင့် ပြည့်စုံ ခြင်းကို အလိုရှိကုန်မူ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့

သည်လည်း ကုမ္ဘဃောသကသဋ္ဌေးကဲ့သို့ ဩတ္တပ္ပ သံဝေဂတရားကို နှလုံးထား၍ ယစ်မူးမေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက် သောက်ခြင်းဟု ဆိုအပ်သော သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏။

ဤကား ဩတ္တပ္ပသံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ရှောင်ကြကုန်သောသူတို့၏ ဝတ္ထုသက်သေတည်း။

ဩတ္တပ္ပသံဝေဂ ပြီး၏။

ဩတ္တပ္ပသံဝေဂစိတ်ဖြင့် မှတ်အပ်သော
သံဝေဂဝတ္ထုဒီပနီကျမ်း၏ ဒုတိယကဏ္ဍကား
ဤတွင်ရွေ ပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## တတိယတွဲ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊**

## (ဉာဏသံဝေဂ)

### ၄၆–ဉာဏသံဝေဂအရာ၌ ဇာတိဒုက္ခစသော သံဝေဇနီယဝတ္ထု ရှစ်ပါးတို့၌ သံဝေဂဉာဏ်ဖြစ်စေနိုင်သော သတ္တဝါကား နည်း၍ မဖြစ်စေနိုင်သောသတ္တဝါသာ များကြောင်းကို ဇမ္ဗုဒီပ ပေယျာလသုတ်ဖြင့် ထုတ်ပြခြင်း

ယခုအခါ အကြွင့်ကြောင့် ဉာဏသံဝေဂကို ဆိုရာအခွင့်အစဉ်ရောက်ပြီ၊ ထို့ကြောင့် ဉာဏသံဝေဂကို ဆိုပေအံ့သတည်း၊ ထိုဉာဏသံဝေဂကား သတ္တဝါခပ်သိမ်းတို့အား မဖြစ်နိုင်၊ ဖြစ်သော သတ္တဝါကား အနည်းသာ ဖြစ်၍ မဖြစ်သောသတ္တဝါသာ များသည်၊ ယင်းသို့ ဉာဏ သံဝေဂဖြစ်သော သတ္တဝါအနည်းသာဖြစ်၍ မဖြစ်သောသတ္တဝါသာ များကြောင်းကို ဤဆို လတ္တံ့သောကေနိပါတ် အင်္ဂုတ္တိုရ် ဇမ္ဗုဒီပ ပေယျာလသုတ်ကို ထောက်၍ သိအပ်၏။

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကံ ဣမသ္မိံ ဇမ္ဗုဒီပေ အာရာမ ရာမဏေယျကံ ဝနရာမဏေယျကံ ဘူမိရာမဏေယျကံ ပေါက္ခရဏီ ရာမဏေယျကံ၊ အထခေါ ဧတဒေဝ ဗဟုတရံ၊ ယဒိဒံ ဥက္ကူလဝိကူလံ နဒီဝိဒုဂ္ဂံ ခါဏုကဏ္ဋကဋ္ဌာနံ ပဗ္ဗတဝိသမံ၊ ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ သံဝေဇနီယေသု ဌာနေသု သံဝိဇ္ဇန္တိ၊ အထခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ သံဝေဇနီယေသု ဌာနေသု န သံဝိဇ္ဇန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ဤတသောင်း သချာ ယူဇနာဖြင့် ကျယ်စွာသော ဇမ္ဗူဒီပါကျွန်း၌။ အာရာမ ရာမဏေယျကံ၊ သစ်သီးအာရာမ်၊ ပန်းအာရာမ်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ ဝနရာမဏေယျကံ၊ သရက်တော သပြေတောဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ ဘူမိရာမဏေယျကံ၊ မြေအပြင်ဖြင့် မွေ့လျော်ဖွယ်ရှိသောအရပ်သည်းလည်းကောင်း။ ပေါက္ခရဏီရာမဏေယျကံ၊ လေးထောင့်ကန်တဘက်ဆည်ကန်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ အပ္ပမတ္တကံ၊ အနည်းငယ်သာတည်း။ အထခေါ၊ စင်စစ်သော်ကား။ ယဒိဒံ ယံ ဣဒံ ဥက္ကူလ ဝိကုလံ၊ အကြင်မြင့်ရာအရပ်နိမ့်ရာအရပ်သည်လည်းကောင်း။ ယဒိဒံ နဒီဝိဒုဂ္ဂံ၊ အကြင်မြစ်ကြောင်းချောက်မြောင်ဖြင့်ကျဉ်းမြောင်းခဲယဉ်းသော အရပ်သည်လည်းကောင်း။ ယဒိဒံ ခါဏုကဏ္ဍကဋ္ဌာနံ အကြင်သစ်ငုတ်ခလုတ်ဆူးငြောင့်တို့၏ တည်ရာ အရပ်သည်လည်းကောင်း၊ ယဒိဒံ ပဗ္ဗတ ဝိသမံ၊ အကြင်တောင်တို့ဖြင့် မညီမညွတ်သော အရပ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တတောဧဝ၊ ထိုအရပ်သည်သာလျှင်။ ဗဟုတရံ၊ အထူးသဖြင့် များ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ သံဝေဇနီယေသု၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဌာနေသု၊ ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌။ သံဝိဇ္ဇန္တိ၊ ထိတ်လန့်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထခေါ၊ စင်စစ်သော်ကား။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ သံဝေဇနီယေသု၊ ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော။ ဌာနေသု၊ ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌။ နသံဝိဇ္ဇန္တိ၊ မထိတ်လန့်ကုန်။ တေဧဝ သတ္တာ၊ ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ အလွန်များကုန်၏။

အဓိပ္ပာယ်ကား ချစ်သားတို့- ယူဇနာတသောင်း ကျယ်သော ဤဇမ္ဗူဒီပါကျွန်း၌ သစ်သီးအာရာမ် ပန်းအာရာမ်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်, သစ်သီးတော, ပန်းတောဖြင့် မွေ့လျော်ဖွယ်ရှိသောအရပ်, သာယာသောမြေပြင်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်, လေးထောင့်ကန် တဖက်ဆည်ကန်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည် အနည်းငယ်သာ၊ စင်စစ်မှာမူကား မြင့်စူခမောက်မို့ နိမ့်ဝှမ်းရှိုင်းနက်သော

အရပ်, မြစ်ကြောင်း ချောက်မြောင်းဖြင့် ခဲယဉ်း ကျဉ်းမြောင်းသောအရပ် သစ်ငုတ် ခလုတ် ဆူးငြောင့်တို့၏တည်ရာဖြစ်စေသော အရပ်, တောင်ကြီး တောင်ငယ်တို့ဖြင့်မညီမညွတ်သောအကြင်အရပ်သည် ရှိ၏၊ ထိုအရပ်သည် သာ လွန်စွာများသကဲ့သို့ ဤအတူ သာလျှင် ချစ်သား ရဟန်းတို့....အကြင် သတ္တဝါတို့သည် ထိတ်လန့်ခြင်းကို ဖြစ်စေတတ် ကုန်သော ဇာတိ ဒုက္ခ စသော ရှစ်ပါးသောအကြောင်းတို့၌ ထိတ်လန့်ကုန်၏၊ထိုသတ္တဝါတို့ကား အနည်းငယ်သာ၊ အကြင်သတ္တဝါတို့သည် ထိတ်လန့်ခြင်းကို ဖြစ်စေတတ် ကုန်သော ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌ မထိတ်လန့် ကုန်၊ ထိုသတ္တဝါတို့သည် လွန်စွာများကုန်၏ ဟူလို။

**အဓိပ္ပာယ် အကျဉ်းကား** ယူဇနာတသောင်းကျယ်သော ဇမ္ဗူဒီပါကျွန်း၌သာယာ မွေ့လျော်ဖွယ်ရှိသောအရပ်သည် အနည်းငယ်သာဖြစ်၍ သာယာမွေ့လျော်ဖွယ် မရှိသော အရပ်သာများသကဲ့သို့ ဤအတူသတ္တဝါအနန္တတို့တွင် ဉာဏသံဝေဂကိုဖြစ်စေတတ်သော သတ္တဝါ တား အနည်းငယ်သာဖြစ်၍ မဖြစ်သော သတ္တဝါသည်လွန်စွာများ၏ဟု ဆိုလိုသည်။

---

၄၇-သံဝေဇနီယဝတ္ထု၊ရှစ်ပါးတို့၌ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို ဖြစ်စေနိုင်သော သတ္တဝါတို့တွင်သော်လည်း အသင့်အားထုတ်သောသတ္တဝါနည်းပါး၍ အားမထုတ်သူ များကြောင်းကို ဇင်းဇမ္ဗုဒီပ ပေယျာလသုတ်ဖြင့် ထုတ်ပြခြင်း

ဉာဏသံဝေဂကို ဖြစ်စေတတ်သော သတ္တဝါတို့တွင်လည်း သံဝေဂ ဖြစ်လျက် အသင့်အားဖြင့် တရားကို အားမထုတ်သော သတ္တဝါတို့သာ များသည်ဖြစ်၍ အားထုတ်သောသတ္တဝါ နည်းသည်ကို ဆိုလတ္တံ့သော ဇင်းအင်္ဂုတ္တိုရ်ပါဠိဖြင့် သိအပ်၏။

ဝေမေဝံ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ သံဝိဂ္ဂါ ယောနိသော ပဒဟန္တိ၊ အထခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ သံဝိဂ္ဂါ ယောနိသော န ပဒဟန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧမေဝ ခေါ၊ ဤဇမ္ဗူဒီပါကျွန်း အတူသာ လျှင်။ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ သံဝိဂ္ဂါ၊ ထိတ်လန့်ကုန် သည်ဖြစ်၍။ ဝါ၊ ထိတ်လန့်ကုန်သောကြောင့်။ ယောနိသော၊ အသင့်အား ဖြင့်။ ပဒဟန္တိ၊ အားထုတ်ကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊

နည်းကုန်၏၊ အထခေါ်၊ စင်စစ်သော်ကား၊ ယေ သတ္တာ၊ အကြင် သတ္တဝါ တို့သည်။ သံဝိဂ္ဂါ၊ ထိတ်လန့်ကုန်လျက်။ ယောနိသော၊ အယင့်အားဖြင့်။ န ပဒဟန္တိ၊ အားမထုတ်ကုန်။ တေဝ သတ္တာ၊ ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ လွန်စွာများကုန်၏။

အဓိပ္ပာယ်ကား ချစ်သား ရဟန်းတို့....ဇမ္ဗူဒိပါကျွန်း၌သာယာမွေ့လျော်ဖွယ်ရှိသော အရပ်ကား အနည်းငယ်သာဖြစ်၍ သာယာမွေ့လျော်ဖွယ်မရှိသော အရပ်သည်သာ လွန်စွာ များသကဲ့သို့ ဤအတူ အကြင်သတ္တဝါတို့သည် ထိတ်လန့်ကုန်သောကြောင့် အသင့် အားဖြင့် တရားကို အားထုတ်ကုန်၏၊ ထိုသတ္တဝါတို့ကား အနည်းငယ်သာ ဖြစ်၍ အကြင် သတ္တဝါတို့သည် ထိတ်လန့်ကုန်လျက် အသင့်အားဖြင့် တရားကို အားမထုတ်ကုန်၊ ထိုသတ္တဝါတို့သည်သာ လွန်စွာများကုန်၏ ဟူလိုသည်။

ထိုနှစ်သုတ်တို့တွင် ပထမသုတ်၌ဒေသကဖြစ်တော်မူသောသဗ္ဗညုဘုရား၏ အလိုတော်ကား ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌ ဉာဏသံဝေဂကို ဖြစ်စေသော သတ္တဝါတို့ကား အနည်းငယ်သာဖြစ်၍ ဉာဏသံဝေဂကို မဖြစ်စေသော သတ္တဝါတို့သာ များသည်၊ ထို့ကြောင့် ယခုအခါ သင်တို့မှာ တိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိဒုက္ခ စသော သံဝေဂတရား ရှစ်ပါးတို့၌ ကြိုးစား၍ ဉာဏသံဝေဂကို ဖြစ်ကြစေဟု နေတ္တိ ဒေသနာဟာရ နည်း အာဏတ္တိကို ပြတော်မူသည်၊ ဒုတိယသုတ်၌ ထိတ်လန့်ခြင်းကို ဖြစ်စေလျက် အသင့်အားဖြင့် တရားကို အားထုတ်သော သတ္တဝါကား အနည်းငယ်မျှသာဖြစ်၍ အားမထုတ်သော သတ္တဝါတို့သာ များကုန်သည်၊ ထို့ကြောင့် ယခုအခါ သင်တို့မှာ ထိတ်လန့်ခြင်းကို ဖြစ်စေလျက် ကြိုးစား၍ အသင့် အားဖြင့် တရားကို အားထုတ်ကြကုန်ဟု နှိုးဆော်တိုက်တွန်းခြင်း ဒေသနာ ဟာရနည်း အာဏတ္တိကို ပြတော်မူသည်။

---

၄၈-ယခင်ထုတ်ဆောင်အပ်သော ဇမ္ဗုဒိပ ပေယျာလသုတ် ပါဠိတော်နှစ်ရပ်အရ ဇမ္ဗူဒိပါကျွန်း၏ မညီမညွတ်ရာ၌ တုတ်ပြအပ်သော ရှင်သာရိပုတ္တရာအလောင်း ဒိသာပါမောက္ခဆရာ ဝတ္ထု

ယခင်ပါဠိတော်၌ ဟောတော်မူအပ်သော ဇမ္ဗူဒိပါကျွန်း၏မညီညွတ်သော အဖြစ်ကို ဤဆိုလတ္တံ့သော ဇာတ်ဖြင့်လည်း သိအပ်၏၊ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်၌ ကိုန်းအောင်း

မွေ့လျော် စံနေတော်မူသောအခါ ရှင်သာရိပုတ္တရာ ကိုအကြောင်းပြုလျက် တခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏၊ ရှင်သာရိပုတ္တရာသည်မိမိ အထံသို့ ရောက်လာကုန်သော သီလမရှိကုန်သော တံငါ,မုဆိုး အစရှိသော မြင်တိုင်းသော သူတို့အား ''သီလကို ခံယူလော့၊ သီလကို ခံယူလော့''ဟု သီလကိုသာ ပေး၏၊ ထိုတံငါ မုဆိုး အစရှိကုန်သော ဒုဿီလတို့သည် အလေးပြုအပ်သည်၏ အဖြစ်ကြောင့် မထေရ်၏စကားကို ပယ်ရှားခြင်းငှာ မတတ်နိုင်ရကား သီလကို ခံယူကုန်၏၊ ယင်းသို့ ခံယူကုန်သော်လည်း ခံယူ ပြီး၍ကား မစောင့်ရှောက်ကုန်၊ မိမိတို့ ပြုမြဲတိုင်းဖြစ်သော ဒုဿီလအမှုကို သာ ပြုကုန်၏၊ ထိုအခါ အရှင် သာရိပုတ္တရာသည် တပည့်တို့ကို ခေါ် တော်မူ၍ ''ငါ့အရှင်တို့....ဤလူတို့သည် ငါ၏အထံမှသီလကို ခံယူကုန်၏၊ ခံယူပြီး၍ကား မစောင့်ရှောက်ကုန်၊ အဘယ့်ကြောင့် ဤသို့ ပြုကြကုန် သနည်း''ဟု မေးတော်မူ၏၊ ''အရှင်ဘုရားတို့သည် ထိုသူတို့၏ အလိုမရှိ သောအားဖြင့် သီလကို ပေးတော်မူကုန်၏၊ ထိုသူတို့သည် အရှင်ဘုရားတို့ စကားကို ပယ်ရှားခြင်းငှာ မဝံ့သောကြောင့်သာ သီလကို ခံယူကုန်သည်၊ စောင့်ရှောက်လိုသောကြောင့် မဟုတ်ကုန်၊ဤအခါမှစ၍ ဒုဿီလတို့အား သီလကို မပေးပါလင့်''ဟု လျှောက်ကြားကြကုန်၏၊ မထေရ်အား နှလုံး မသာယာ ဖြစ်လေ၏၊ ထိုအကြောင်းကိုကြား၍ တရားသဘင်၌ ''ငါ့ရှင် တို့....သာရိပုတ္တရာအရှင်သည် မြင်တိုင်းမြင်တိုင်းသော ဒုဿီလတို့အား သီလကိုပေးသည်''ဟု စကားကိုဖြစ်စေကုန်၏၊ ဘုရားသဗ္ဗညုလည်း ကြွ လာတော်မူ၍ မေးတော်မူလျှင် ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ ''ချစ်သားတို့....ယခုအခါ၌သာ သာရိပုတ္တရာသည် မြင်တိုင်းမြင်တိုင်းသော သူတို့အား မတောင်းပဲ သီလကိုပေးသည်မဟုတ်၊ ရှေး၌လည်း ပေးသည် သာတည်း''ဟု မိန့်တော်မူ၏ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု သည်ရှိသော် ဘုရားအလောင်းတော်သည် ပုဏ္ဏားအမျိုး၌ ဖြစ်၍ အမည် အားဖြင့်''ကောရဏ္ဍိယ''လုလင်ဟု တွင်၏၊ ထိုကောရဏ္ဍိယ လုလင်သည် အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်ဝယ် ဒိသာပါမောက္ခဆရာ ၏ တပည့်ကြီး ဖြစ်၏၊ ထိုအခါ ဒိသာပါမောက္ခ ဆရာသည် မြင်တိုင်း မြင်တိုင်းသော သူတို့အား မတောင်းခံပဲ သီလကို ပေး၏၊ ထိုသူတို့သည် သီလကိုဆရာ့ထံ၌ ခံယူ၍ မစောင့်ရှောက်ကုန်၊ ဆရာသည် ထိုအကြောင်း

ကို တပည့်အားကြား၏၊ တပည့်တို့လည်း "ဆရာ....သင်တို့သည် ထိုသူတို့၏ အလိုမရှိပဲသီလကို ပေးကုန်၏၊ ယင်းသို့အလိုမရှိပဲ ပေးသောကြောင့် သီလကို ဖျက်ကုန်သည်၊ ဤအခါမှစ၍ သီလကိုတောင်းသော သူတို့အား သာပေးတော်မူပါ၊မတောင်း သောသူတို့အား၊ မပေးပါလင့်"ဟု လျှောက်ကုန်၏၊ ယင်းသို့ လျှောက်လျှင် ဆရာအား နှလုံးမသာမယာ ဖြစ်လေ၏၊ ထိုသို့ ဖြစ်သော်လည်း မရှောင်မကြဉ်၊ မြင်တိုင်းမြင်တိုင်းသော သူတို့အား သီလကို ပေးသည်သာတည်း။

ဝံ သန္တေပိ ဒိဋ္ဌဒိဋ္ဌာနံ သီလံ ဒေတိယေဝ။

(ဇာတ်အဋ္ဌကထာ)

ဝံ သန္တေပိ၊ ဤသို့ နှလုံးမသာယာသော်လည်း။ ဒိဋ္ဌဒိဋ္ဌာနံ၊ မြင်တိုင်းမြင်တိုင်းသော အရပ်၌။ သီလံ၊ သီလကို။ ဒေတိယေဝ၊ ပေးသည်သာတည်း။

ထိုအခါ ရွာတရွာမှ တနေ့သ၌ လုလင်တို့သည် လာကုန်၍ ပုဏ္ဏားတို့၏ ဖတ်ရွတ်ခြင်း အကျိုးငှာ ဆရာကို ဖိတ်ကုန်၏၊ ထိုအခါ ဆရာသည် ကောရဏ္ဍိယလုလင်ကိုခေါ် "အမောင်....ငါကား မသွားနိုင်၊ သင်သည် ဤငါးရာသော လုလင်တို့ကိုခေါ်၍ ထိုရွာသို့သွားပြီးလျှင် ပုဏ္ဏားတို့၏ ဖတ်ရွတ်သော အကျိုးအာနိသင်ကိုခံယူ၍ ငါတို့၏ အဖို့ကို ဆောင်ချေ" ဟု စေ၏၊ ကောရဏ္ဍိယလုလင်လည်း ဆရာစေတိုင်း သွား၍ ဆောင်ယူကာ ပြန်လာလတ်သော် ခရီးအကြားတွင် ချောက်တခုကို မြင်၍ ငါတို့ ဆရာသည် မြင်တိုင်းမြင်တိုင်းသော သူတို့အား မတောင်းခံပဲ သီလကို ပေး၏၊ ဤအခါမှစ၍အကြင်အခြင်းဖြင့် တောင်းသောသူတို့အားသာပေး၏၊ ထိုအခြင်းဖြင့် ပြုအံ့ဟု ကြံ၍ ကြွင်းသော လုလင်တို့သည် ချမ်းသာစွာ ထိုင်နေကြကုန်စဉ် ထပြီးလျှင် ကြီးစွာသော ကျောက်ကို ကောက်ပြီး၍ ချောက်ထဲသို့ ပစ်ချ၏၊ ထိုအခါ လုလင်တို့က ထ၍ "ဆရာ ဆရာ....အဘယ် အကျိုးငှာ ဤသို့ပြုသနည်း"ဟု မေးကြကုန်၏၊ ယင်းသို့မေးကြကုန်သော်လည်း စကားတုံ့မပေးပဲ ချောက်ထဲသို့သာ ကျောက်ကို ကောက်ယူ၍ အဖန် တလဲလဲပစ်၏၊ ထိုလုလင်တို့လည်း လျင်မြန်စွာ သွား၍ ဆရာအား အကြောင်းကိုကြားကုန်၏၊ ဆရာလည်း လျင်မြန်စွာ လာ၍ တပည့်အား "ကောရဏ္ဍိယ လုလင်....အသင်သည် အဘယ်ကြောင့် ကြီးစွာသော ကျောက်ကို ကောက်၍ ချောက်ထဲသို့ ပစ်ချသနည်း၊ ဤကျောက်ခဲကို ကောက်၍ ချောက်ထဲသို့ပစ်ချခြင်း၌ သင့်အား အဘယ်အကျိုးရှိသနည်း" ညွှန်းစာပေ-၂၉။

ဟု မေး၏၊ တပည့်လည်း ဆရာအားအကြောင်းကို သိစေလိုသောကြောင့် ''ဆရာ....ငါကား သမုဒ္ဒရာတို့ဖြင့် ပိုင်းခြားအပ်သော ယူဇနာတသောင်း ကျယ်သော ဇမ္ဗူဒီပါ မြေအပြင်ကို မြေမှုန့်တောင်, ကျောက်တောင်တို့ကို ဖြိုပြီးလျှင်ညီညွတ်အောင်ပြုအံ့၊ ထိုကြောင့် ချောက်ထဲသို့ ကျောက်ကို ပစ်ချသည်''ဟု ဆို၏၊ ဆရာလည်း တပည့်စကားကို ကြား၍ ''အမောင်ကောရဗျကိုယလုလင်....သမုဒ္ဒရာဖြင့် ပိုင်းခြားအပ်သော ယူဇနာတသောင်း ကျယ်သော ဤဇမ္ဗူဒီပါ မြေအပြင်ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်အောင် တစ်ယောက်သောသူသည် ပြုခြင်းငှာမထိုက်၊ မညီညွတ်သော ချိုင့်ကုန်း တောင်ကြီး တောင်ငယ် ထူထဲစွာသော ဤဇမ္ဗူဒီပါကျွန်း မြေအပြင်ကို ထားဘိဦး၊ ယခုအဖို့သော ချောက်တခုကို ပြည့်စေခြင်းငှာ ကျောက်တို့ကို ရှာလျက်ပင် သင်သည် အသက်ရှင်သော လူ့လောကကို စွန့်ရလိမ့်မည် ငါထင်၏''ဟု ဆရာက ဆို၏။

အဟံ မညာမိ တိဋ္ဌတု ပထဝီ၊ ဣမဒေဝ ကော်ဒရိံ ဇိဂိံသံ
ပူရဏတ္ထာယ ဝါယမန္တော သိလာနိ ပရိယေသန္တော ဥပါယံ
စိန္တေန္တော တွံ ဣမံ ဇီဝလောကံ ဟာယသိ ဇဟိဿသိ၊
မရိယဿသိတို အတ္ထော။

(ဇာတ်အဋ္ဌကထာ)

ပထဝီ၊ တသောင်းသချာ ကျယ်ဝန်းစွာသော မြေပြင်သည်၊ တိဋ္ဌတု၊ တည်စေဦး။ ဣမဒေဝ ကော်ဒရိံ၊ ဤချောက်တခုကို ပင်လျှင်။ ဇိဂိံသံ ပူရဏတ္ထာ ဝါယန္တော၊ ပြည့်စုံစေခြင်းငှာ လုံ့လပြုလျက်။ (ဇိဂိံသံကို ပူရဏတ္ထာယ ဝါယမန္တော ဟု ဖွင့်သည်။) သိလာနိ၊ ကျောက်တို့ကို။ ပရိယေသန္တော၊ အဖန်တလဲလဲ ရှာလျက်။ ဥပါယံ၊ ချောက်ပြည့်ခြင်း၏ အကြောင်းကို။ စိန္တေန္တော၊ ကြံလျက်သာလျှင်။ တွံ၊ သင် ကောရဗျကိုယ လုလင်သည်၊ဣမံဇီဝလောကံ၊ ဤအသက်ရှင်သော ဇီဝလောကကို။ ဟာယသိ ဇဟိဿသိ၊ စွန့်ရလတ္တံ့။ပရိဿတိ၊သေရလတ္တံ့။ ဣတိ၊ဤသို့။အဟံ၊ငါ သည်။ မညာမိ၊ မှတ်ထင်၏၊ ဣတိ အတ္ထော၊ ဤကားအနက်။

ဆရာဆိုသောစကားကို တပည့်ကြားလျှင် ''ဆရာ....အကယ်၍ငါသည် ဤမြေပြင်ကို တယောက်လည်း ညီညွတ်အောင် မတတ်နိုင်သည် ဖြစ်ငြားအံ့၊ ဤ အတူ ဆရာလည်းအဘယ်မှာလျှင် ဤအထူးထူးသောအယူရှိသော လူတို့ကို သီလ၌ တည်အောင် ဆောင်နိုင်လတ္တံ့နည်း၊ ပညာရှိသော သူသည် ဓါတ္တာဆိပ္ပါတကို အကုသိုလ်ဟု ယူသည်၊ သံဆစရှ မေ့ာစကာ



အာဠဝီပြည်သို့ ကြွတော်မူ၍ အာဠဝကဘီလူးကို သောတာပတ္တိဖိုလ်၌ တည်စေပြီး....၁၉၅

အစရှိသော မိစ္ဆာဒိဋ္ဌိတို့သည်ကား ကုသိုလ်ဟု အယူရှိကုန်သည်၊ ယင်းသို့ ဖြစ်၍ ထိုသူတို့ကို အဘယ်မှာလျှင် ဆရာသည် သီလဒွိတည်အောင် ဆောင်နိုင်လတ္တံ့နည်း။ ထို့ကြောင့် ဤအခါမှစ၍ မြင်မြင်သမျှသော လူတို့အား သီလကိုမပေးပါလင့်၊ တောင်းခံသော သူတို့အားသာ ပေးတော်မူပါ” ဟုဆို၏၊ ဆရာလည်း [တပည့်ဆိုသော စကားကိုကြား၍ ငါ့တပည့်ကား အမှန်ကိုဆိုပေသည်ဟု ထိုအခါမှစ၍ တောင်းခံသော သူအားသာ သီလကို ပေး၏၊ မြင်မြင်သမျှလူတို့အား မပေး။

ဘုရားဖြစ်စွာသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ထိုအခါ ဆရာ ပုဏ္ဏားကားယခုအခါ သာရိပုတ္တရာဖြစ်လာ၏၊ ကောရဏ္ဍိယ လုလင်ကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏၊ ယခင်ဟောတော်မူအပ်သော ဇမ္ဗုဒီပ ပေယျာလသုတ်နှင့် ဤဇာတ်တော် ဒေသနာသည် ညီညွတ်ကြသည်ဖြစ်၍ ဒေသနာနုသန္ဓိဟု ဆိုအပ်သော စတုဗျူဟဟာရ နေတ္တိနည်းကို ပြလို၍ ဤဇာတ်ဝတ္ထုကို ဆောင်သည်။

---

၄၉-လူ့ဘုံနတ်ဘုံမှ စုတေ၍ အပါယ်ဘုံ၌သာ များစွာဖြစ်ကြသည်ဟု ဟောတော်မူသော ဇမ္ဗုဒီပပေယျာလသုတ်ဖြင့် ဉာဏသံဝေဂ မဖြစ်သေးသည်ကို ဖြစ်အောင်ဖြစ်ပြီးသူလည်း အသင့် အားထုတ်အောင် ပြဆိုခြင်း

ထိုသို့ဖြစ်နိုင်ခဲလှစွာသော ဉာဏသံဝေဂ ဖြစ်အောင် ဆင်ခြင်ရာ သောသုတ္တန်တို့ကို စိုးစဉ်း ထုတ်ပြပေအံ့။

ဝေဲမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿာ စုတာ ဒေဝါ စုတာ မနုဿေသု ဒေဝေသု ပစ္စာဇာယန္တိ၊ အထခေါ တေဝ သတ္တာ ဗဟုတရာ၊ ယေ မနုဿာ စုတာ ဒေဝါ စုတာ နိရယေ တိရစ္ဆာနယောနိယံ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (ကေနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊ လေးသုတ်ကို တပေါင်းတည်း ချုံး၍ရေးသည်။)

**တိက္ခဝေ**၊ ရဟန်းတို့။ ဝေဲမခေါ၊ ဤဇမ္ဗူဒီပါကျွန်း အတူသာလျှင်။ မနုဿာ၊ လူ့ဘုံမှ။ စုတာ၊ စုတေကုန်လော၊ ဒေဝါ၊ နတ်ဘုံမှ၊ စုတာ၊ စုတေကုန်လော။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ မနုဿေသု၊ လူ့ဘုံတို့၌။ ဒေဝေသု၊ နတ်ဘုံတို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏၊ တေသတ္တာ၊ ထို

သတ္တဝါတို့သည်၊ အပ္ပကာ၊ နည်းကုန်၏၊ အထခေါ၊ စင်စစ်သော်ကား။
မနုဿာ။ လူ့ဘုံမှ၊ စုတာ၊ စုတေကုန်သော၊ ဒေဝါ၊ နတ်ဘုံမှ၊ စုတာ၊
စုတေကုန်သော။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ နိရယေ၊ ငရဲ၌။
တိရစ္ဆာန ယောနိယံ၊တိရစ္ဆာန်အမျိုး၌။ပေတ္တိဝိသယေ၊ ပြိတ္တာဘုံ၌။ ပစ္စာ
ဇာယန္တိ၊ ဖြစ်ကုန်၏။ တေဝ သတ္တာ၊ ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟု
တရာ၊ အထူးသဖြင့် များကုန်၏။

အုမိပ္ပာယ်ကား ချစ်သား ရဟန်းတို့.... ယူဇနာ တသောင်းကျယ်သော
ဤဇမ္ဗူဒီပါကျွန်း၌ သာယာ မွေ့လျော်ဖွယ် ရှိသော
အရပ်သည် အနည်းငယ်သာဖြစ်၍ သာယာမွေ့လျော်ဖွယ် မရှိသောအရပ်
သာ များသကဲ့သို့ ဤအတူ အကြင်သတ္တဝါတို့သည် လူ့ဘုံ, နတ်ဘုံမှ
စုတေ၍ လူ့ဘုံ နတ်ဘုံ၌ဖြစ်ကုန်၏။ ထိုသတ္တဝါတို့ကား အနည်းငယ်သာ၊
စင်စစ်မှာမူ အကြင် သတ္တဝါတို့သည် လူ့ဘုံ, နတ်ဘုံမှ စုတေ၍ ငရဲ
တိရစ္ဆာန်, ပြိတ္တာဘုံ၌ ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည်သာ လွန်စွာ များ
ကုန်၏ ဟုလိုသည်။

ဤသို့ဟောတော်မူအပ်သော သုတ္တန်ဒေသနာတော်များကို ကြားနာ
ရ၍ အသင့်အားဖြင့် ဆင်ခြင်မှု မဖြစ်သေးသော ဉာဏသံဝေဂသည်လည်း
ဖြစ်ကောင်းဖွယ် ရှိ၏၊ ဖြစ်ပြီးသော ဉာဏသံဝေဂ ရှိသော သူသည်လည်း
အသင့်အားဖြင့် တရားကိုအားထုတ်ဖွယ် ရှိ၏၊

## ၅၀-လူ့ဘုံ နတ်ဘုံမှ စုတေ၍ အပါယ်ဘုံ၌သာ များစွာဖြစ်ကြကုန်သည်ဟု ဟောတော်မူသော သုတ်ပါဠိတော်နှင့်အညီ လူ့ပြည်မှစုတေ၍ အပါယ်၌ဖြစ်ကြသည်ကို ထုတ်ပြသော ကဏှာဇာတ်ဝတ္ထု

သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိဟု ဆိုအပ်
သော မဟာပဒေသလေးပါးတို့တွင် လူ့ဘုံမှ စုတေ၍ နတ်ဘုံ၌ ဖြစ်သော
သတ္တဝါတို့ကား အနည်းငယ်သာ၊ ငရဲ,တိရစ္ဆာန် ပြိတ္တာဘုံ၌ ဖြစ်သော
သတ္တဝါတို့သာ များကုန်၏ဟု ဟောတော်မူအပ်သော သုတ်နှင့် သေတိုင်း
သေတိုင်းသော သတ္တဝါတို့သည် အပါယ်ဘုံ၌ဖြစ်ကုန်၏ဟူသော အာစရိ
ယဝါဒ အဋ္ဌကထာတို့ နှီးနှောကြသောကြောင့် ဉာဏသံဝေ ဖြစ်ကောင်း
ဖွယ်ရှိသည်ကို ဤဆိုလတ္တံ့သော ဇာတ်ဝတ္ထုဖြင့် သိအပ်၏။

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌
ကိန်းအောင်း မွေ့လျော် စံနေတော်မူသော အခါ လောကတ္ထစရိယကို

အကြောင်းပြု၍ တခုသော ဓမ္မဒေသနာတို့ ဆောင်တော်မူ၏၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ နေကုန်လျက်"ငါ့အရှင်တို့....ဘုရားမြတ်စွာ သည် ကိုယ်တော်၏ ချမ်းသာနေခြင်းကို ပယ်ရှား၍ များစွာသော လူ အပေါင်း၏ ကောင်းသော အကျိုးစီးပွားကိုသာ ကျင့်ရှာတော်မူ၏၊မြတ် သော သမ္ဗုဒ္ဓတည်ဏ်သို့ ရောက်တော်မူလျှင် ကိုယ်တိုင်တော် သပိတ် သင်္ကန်းတို့ကို ယူကိုင်၍ ဗောဓိမဏ္ဍိုင်နှင့် တဆယ့်ရှစ်ယူဇနာ ကွာသော ဗာရာဏသီပြည်သို့ ကြွတော်မူပြီးလျှင် ပဉ္စဝဂ္ဂီ ငါးယောက်တို့အား ဓမ္မ စကြာတရားကို ဟောကြားပြီးမှ ဝါဆိုလပြည့်ကျော် ငါးရက်နေ့တွင် အနတ္တလက္ခဏ သုတ္တန်ဒေသနာမြတ်ဖြင့် အရဟတ္တဖိုလ်ချမ်းသာကို ပေး တော်မူ၏၊ ဥရုဝေလတောသို့ ကြွတော်မူ၍ ရသေ့ညီနောင်, သုံးယောက် တို့အား တထောင့်ငါးရာသော ယမိုက်ပြာဋိဟာကိုကို ပြ၍ ဂယာသီသ၌ အာဒိတ္တ ပရိယာယ သုတ္တန်ဒေသနာတော်မြတ်ဖြင့် အရဟတ္တဖိုလ် ချမ်း သာကို ပေးတော်မူ၏၊ အရှင်မဟာကဿပအား သုံးဂါဝုတ် ကွာသော ခရီးက ဆီးကြိုလျက် သုံးပါးသော အဆုံးအမဖြင့် ဥပသမ္ပဒ၏ အဖြစ်ကို ပေးတော်မူ၏၊ တရံသောအခါက သာဝတ္ထိပြည်မှ ညချမ်းသောအခါ လေး ဆယ့်ငါးယူဇနာကွာသော ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ပက္ကုသာတိ အမျိုးသားကို အနာဂါမိဖိုလ်၌ တည်စေ၏၊ မဟာကပ္ပိနမင်း, အနောဇာ မိဖုရားတို့အား သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော ခရီးက ကြိုဆိုလျက် အရဟတ္တဖိုလ် ချမ်းသာကို ပေးတော်မူ၏၊ သာဝတ္ထိပြည်မှ ညချမ်းသောအခါ ယူဇနာ သုံးဆယ်ကွာသော ခရီးသို့ ကြွတော်မူ၍ ကြမ်းတမ်းခက်ထန်သော အင်္ဂုလိမာလ ခိုးသူကြီးကို အရဟတ္တဖိုလ်၌တည် စေ၏၊ သာဝတ္ထိပြည်မှ ငုင်း ညချမ်းသောအခါ ယူဇနာသုံးဆယ်ကွာသော အာဠဝီပြည်သို့ ကြွတော်မူ၍ အာဠဝက ဘီလူးကို သောတာပတ္တိဖိုလ်၌ တည်စေပြီးမှမင်းသား၏ ချမ်းသာခြင်းကို ပြုတော်မူ၏၊ တာဝတိံသာနတ် ပြည်၌ ဝါကပ်တော်မူ၍ ကုဋေရှစ်ဆယ်မျှလောက်သော နတ်ဗြဟ္မာတို့ အား အကျွတ်တရားကို ရစေတော်မူ၏၊ ဗြဟ္မာ့ပြည်သို့ ကြွတော်မူ၍ ဗက ဗြဟ္မာမင်း၏ မိစ္ဆာအယူကို ပယ်ရှားတော်မူလျက် တသောင်းသော ဗြဟ္မာ တို့အား အရဟတ္တဖိုလ် ချမ်းသာကို ပေးတော်မူ၏၊ နှစ်တိုင်း နှစ်တိုင်း အဝန်းသုံးပါးတို့၌ ဒေသစာရီ ချီးမြင့်ခြင်းကို ပြု၍ ဥပနိဿယနှင့်ပြည့်စုံကုန် သော သူတို့အား သရဏဂုံ, သီလ ဖိုလ်တို့ကို ပေးတော်မူ၏ သည်မှ

တဇါး နဂါး, ဂဠုန်စသော တိရစ္ဆာန်တို့၏ အကျိုးစီးပွားကိုသော်လည်း များစွာကျင့်တော်မူ၏၊ ဤသို့ သဗ္ဗညုဘုရား၏ လောကတ္ထစရိယ ဂုဏ်ကို ချီးမွမ်းလျက် နေကြကုန်၊ ထိုအခါ ဘုရားမြတ်စွာသည် ကြွလာတော်မူ၍ အကြောင်းကို မေးတော်မူလျှင် လျှောက်ကြကုန်၏၊ ''ချစ်သားတို့.... ယခုအခါ ငါဘုရားသည် ရာဂကင်းလျက် လောကတ္ထစရိယကို ကျင့်သည်မှာ အံ့ဖွယ်မရှိသေး၊ ရှေးအခါ ရာဂရှိလျက် လောကတ္ထစရိယကို ကျင့်သည်မှာ သာလွန်၍ အံ့ဖွယ်ရှိ၏ဟု ဟောတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ကဿပဘုရားသာသနာတော်၌ ဗာရာဏသီပြည်ဝယ် ''ဥသိနကမင်း''သည် မင်းပြု၏၊ ကဿပ ဘုရားသခင်သည် စတုသစ္စဒေသနာဖြင့် များစွာသောလူအပေါင်းတို့ကို ကိလေသာဟူသော အနှောင်အဖွဲ့မှလွတ်ပြီးလျှင် နိဗ္ဗာန်ပြည်မြတ်ကိုပြည့်စေ၍ ပရိနိဗ္ဗာန်စံလွန်တော်မူလေသော် ရှည်စွာသော ကာလကိုလွန်သဖြင့် သာသနာတော်သည် ရှေ့လျော၏၊ ရဟန်းယောကျ်ား,ရဟန်းမိန်းမတို့သည် ကုလဒူသက ရှစ်ပါး, အနေသန နှစ်ဆယ့်တပါးဖြင့် အသက်မွေးကုန်လျက် လူတို့နှင့် နီးနှောကြကုန်ရကား သားသမီးတို့ဖြင့်ပြန့်ပွားကုန်၏၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမ, မင်း, ပုဏ္ဏား, ကုန်သည်တို့သည် မိမိတို့တရားကို မိမိတို့စွန့်ကြကုန်၏၊ လူတို့သည် များသောအားဖြင့် ဆယ်ပါးသော အကုသိုလ် ကမ္မပထတရားကို ဆောက်တည်၍ ကျင့်ကြကုန်၏၊ သေတိုင်း သေတိုင်းသော သူတို့သည် အပါယ်လေးပါးတို့၌ ပြည့်ကြကုန်၏၊ နတ်ရွာလမ်းခရီးတို့သည် အချည်းနှီးဖြစ်ကြကုန်၏။

မတာ မတာ အပါယေသု ပရိပူရိံသု၊ သဂ္ဂမဂ္ဂါ တုစ္ဆန္တိ။
(ဇာတ် အဋ္ဌကထာ)

မတာ မတာ၊ သေတိုင်း သေတိုင်းသော လူတို့သည် အပါယေသု၊ အပါယ်ဘုံတို့၌။ ပရိပူရိံသု၊ ပြည့်ကုန်၏။ သဂ္ဂမဂ္ဂါ၊ နတ်ရွာ လမ်းခရီးတို့သည်။ တုစ္ဆန္တိ၊ အချည်းနှီးဆိတ်ကုန်၏။

ထိုအခါ သိကြားနတ်မင်းသည် အသစ်အသစ် ဖြစ်သော နတ်သား နတ်သမီးတို့ကို မမြင်ရကာလူ့ ပြည်ကိုကြည့်လျှင် လူတို့၏ အပါယ်ဘုံတို့၌ များစွာသော အဖြစ်ကို မြင်၍ သဗ္ဗညုဘုရား သာသနာတော် ဆုတ်ယုတ်သော အဖြစ်ကို သိရကား....အဘယ်သို့ ပြုရအံ့နည်းဟု ကြံဖက်သော်

အကြောင်းတခုသည် ရှိ၏၊ လူအပေါင်းတို့ကြောက်စေပြီးလျှင် ကြောက်မှန်း သိသည့်နောက်မှ သက်သာရာကို ရစေ၍ လျှောကျသော သာသနာတော်ကို ချီးမြှောက်လျက် ထိုထက် အလွန် အနှစ်တထောင် တည်အောင် ပြုအံ့ဟုဆုံးဖြတ်၍ မာတလိနတ်သားကိုခေါ်ပြီးလျှင် ငှက်ပျောဖူးပမာဏ အစွယ်ရှိသော အစွယ် လေးချောင်းတို့မှ ထွက်သော အရောင်တို့ဖြင့် ကြောက်မက်ဖွယ်သော အာဇာနည်မြင်း ပမာဏရှိသော ခွေးနက်ကြီး အဟန်ဖန်ဆင်း၍ ခြေလေးချောင်း, ခါးဟုဆိုအပ်သော ငါးပါးသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့ပြီးလျှင် နီသောပန်းကို နားစယ်ပန်ဆင်လျက် ကြိုးစွန်း၌ကိုင်၍, မိမိကား ဖန်ရည်စွန်းသော ပုဆိုးနှစ်ထည်ကိုဝတ်ပြီးလျှင် သျှောင်ထုံးငါးသွယ်ဖွဲ့ထုံးပြီးလျှင် နီသောပန်းကို ပန်ပြီးသော်တင်အပ်သောသန္တာအဆင်းနှင့်တူသော အဆင်းရှိသော လေးညှို့တပ်သော လေးကြီးကိုကိုင်လျက် ဝဇီရစိန်စဉ်းသွားတပ်သော မြားကိုလက်သည်းဖြင့်ဖြန်းလျက် တောမုဆိုးအသွင်ကိုယူပြီးသော် မြို့တော်မှ တယူဇနာအတိုင်းအရှည်ရှိသော အရပ်၌ သက်၍ "နဿတိ လောကော နဿတိ လောကော" ဟူသောအသံကို သုံးကြိမ်တိုင်တိုင်ကြွေးစေလျက် လူတို့စိတ်ကို ထိတ်လန့်စေပြီးမှ မြို့ဥပစာသို့ ရောက်လာပြီးလျှင် တဖန် အသံပြု၏၊ လူတို့သည် ခွေးနက်ကြီးကိုမြင်သော်ထိတ်လန့်ကုန်ကြသည်ဖြစ်၍မြို့တွင်းသို့ ဝင်ပြီးလျှင် အရှင်မင်းကြီး အားထို အကြောင်းကိုကြားကုန်၏၊ ဥသိနကမင်းလည်းလျှင် စွာသွား၍မြို့တံခါးကို ပိတ်ကြကုန်ဟု ဆင့်ဆို၍ ထိုသို့တံခါးတို့ကို ပိတ်စေ၏၊သိကြားမင်းလည်း တဆယ့်ရှစ်တောင်ရှိသော မြို့တံခါးကို ခုန်လွှား၍ ခွေးနှင့်တကွမြို့တွင်း၌တည်၏၊ လူအပေါင်းတို့သည်လွန်စွာ ကြောက်ကုန်ရကား ပြေးသွားကုန်ပြီးလျှင် အိမ်သို့ဝင်၍ ပုန်းကုန်၏၊ ခွေးနက်ကြီးလည်း မြင်တိုင်းမြင်တိုင်းသောလူတို့ကို ပြေးလာ၍တုတ်လန့်စေပြီးလျှင် မင်းအိမ်သို့ဝင်လာ၏၊ မင်းရင်ပြင်ဝယ် လူတို့ကား ကြောက်အားကြီးသောကြောင့် ပြေးသွားကုန်လျက် မင်းအိမ်ထက်သို့တက်၍ တံခါးကို ပိတ်ကုန်၏၊ ဥသိနကမင်းလည်း မောင်းမအပေါင်းကိုခေါ်လျက် ပြာသာဒ်ထက်သို့ တက်ပြေးလေ၏၊ခွေးနက်ကြီးလည်းရှေ့ခြေနှစ်ချောင်းကိုချီပြီးလျှင်လေသောက်တံခါးမှရပ်လျက် ပြင်းစွာသော အသံဖြင့် ဟောင်၏၊ ထိုခွေးနက်ကြီး၏ အသံကား အောက်ကို အဝီစိသို့, အထက်ကို ဘဝဂ်သို့ရောက်၍ ယူဇနာ စာသန်း နှစ်သိန်း သုံးထောင့် လေးရာ့ငါးဆယ် ကျယ်သော စကြဝဠာတိုက်အလုံးသည် တပြိုင်နက် ပဲ့တင်ထပ်၏။

ဝိဓုရဇာတ်၌ ပုဏ္ဏကဘီလူး၏ အသံ, ကုသဇာတ်၌ ကုသမင်း၏ အသံ, ဘူရိဒတ်ဇာတ်၌ သုဒဿန နဂါးမင်း၏အသံ, ဤမဟာကဏှဇာတ်၌ ခွေးနက်ကြီး၏ အသံ-ဤအသံ လေးပါးတို့ကား-ဇမ္ဗူဒိပါ ကျွန်းအလုံး ကြားသော အသံကြီး လေးပါးတို့တည်း။ သုတ္တနိပါတ် အဋ္ဌကထာ, သံယုတ်အဋ္ဌကထာတို့၌ကား သုဒဿန နဂါးမင်း၏ အသံအရာဝယ် အာဠဝကဘီလူး၏အသံကို ထည့်၍ အသံကြီးလေးပါးဟု ဆို၏-

ဗာရာဏသီ မြို့သူမြို့သားတို့သည် အလွန်ကြောက်ရကား တယောက်သော ယောကျ်ားမျှလည်း သိကြားမင်းနှင့် ထွက်ပြိုင်၍စကားဆိုနိုင်သူမရှိ၊ မင်းမှာမူကား လူများအရှင်ဖြစ်၍မနေသာသောကြောင့်ကောင်းစွာသတိထားပြီးလျှင် လေသောက်တံခါးကို မှီလျက်သိကြားမင်းကိုခေါ်ပြီးလျှင် "အချင်းမုဆိုး....အဘယ်ကြောင့် သင်၏ခွေးနက်ကြီးသည် ပြင်းစွာဟောင်သနည်း"ဟု မေး၏၊ "အရှင်မင်းကြီး....မွတ်သိပ် ဆာလောင်၍ ဟောင်သည်"ဟု ဆို၏၊ "ယင်းသို့တပြီးကား သင့်ခွေးအား စားဖွယ်ထမင်းကို ပေးစေအံ့"ဟုဆို၍ ထမင်းကိုပေးစေ၏၊ခွေးနက်ကြီးလည်း အလုံးစုံသော ထမင်းကို တလုတ်တည်းကဲ့သို့ ပြု၍ ဟောင်မြဲ ဟောင်ပြန်၏၊ မင်းလည်း တဖန်မေးပြန်သော် "ငါ့ခွေးကား အဆာမပြေလေသေး"ဟု ဆိုသောကြောင့် ဆင် မြင်း အစရှိသည်တို့ကို ချက်သောထမင်းအစာ အလုံးစုံကို အကုန်ဆောင်၍ ပေးစေ၏၊ ခွေးလည်း ထိုအလုံးစုံကို တလုတ်တည်းကဲ့သို့ ပြုလတ်သော် ပြည်အလုံး၌ချက်သော ထမင်းအိုးကိုခူး၍ ပေးစေ၏၊ ထို ထမင်းအလုံးစုံကို အကုန်စားပြီးလျှင် ဟောင်မြဲဟောင်ပြန်၏၊ မင်းလည်း ဤခွေးကား ခွေးစစ်မမှန်၊ ကေန်ဘီလူးဖြစ်လတ္တံ့၊ လာခြင်း၏အကြောင်းကို မေးအံ့ဟုကြံ၍ ကြောက်ရွံ့တုန်လှုပ်လျက် "အချင်းမုဆိုး....သင့်ခွေးသည် စား၍ မဝ၊ ဟောင်လွန်းလှပါသည်တကား၊ အဘယ်အကျိုးငှာ လာသနည်း"ဟု မေး၏၊ ထိုစကားကိုကြား၍ သိကြားမင်းလည်း "ဥသိနကမင်း....ငါ့ခွေးကား သမင် သားငါးအလို့ငှာလာသည်မဟုတ်၊ စင်စစ်မှာမူ လူသားကို စားမည်လာသည်"ဟုဆို၏၊ ထိုအခါမင်းက "အချင်းမုဆိုး— သင့်ခွေးကားလူမြင်သမျှတို့၏ အသားကိုစားမည်လော၊ ယင်းသို့မဟုတ်မူ၍ ရန်သူတို့၏ အသားကို စားမည်လော"ဟု မေးသော် "ရန်သူတို့၏ အသားကိုသာ စားပါမည်"ဟု ဆိုလေလျှင် "ဤလူအပေါင်း တို့တွင်

သင်၏ ရန်သူကား အဘယ်သူတို့နည်း”ဟု မေး၏၊ ဥသိနကမင်း....လူအပေါင်းတို့တွင် အဓမ္မ ကျင့်သူ ဝိသမ ကျင့်သူတို့ကား ငါ့ရန်သူတည်း”ဟု ဆိုလျှင် “ထိုရန်သူတို့ကို ငါ့အားကြားပါ”ဟု မင်းကဆို၏၊ ထိုအခါ သိကြားမင်းက ဆို၏၊ “ဒုဿီလအမှုကို ပြုကြသောသူတို့ကား ငါ့ရန်သူတို့တည်း”ဟုဆိုလျှင် “ဤသူတို့ကား ငါ့ရန်သူ”ဟု ထိုထိုအဓမ္မကို ကျင့်သောသူတို့ကို မြေးသွား ခုန်လွှား၍ စားလိုသကဲ့သို့ ပြ၏၊ ယင်းသို့ ပြု၍လူအပေါင်းတို့ကြောက်ကြလျှင်ခွေးနက်ကြီးကိုဆွဲငင်၍ထားဘိသကဲ့သို့ မုဆိုးအသွင်ကို ကွယ်ဖျောက်၍ ထို့နောက်မှ သိကြားမင်း အသွင်ဖြင့် ကောင်းကင်၌တောက်ပစွာရပ်လျက်“မင်းကြီး....ငါကားသိကြားနတ်မင်းတည်း၊ ဤလောကသည် ပျက်လှသောကြောင့်ငါလာသည်၊ များစွာသော လူအပေါင်းတို့သည် မေ့လျော့ကုန်လျက် အဓမ္မကို ကျင့်ကြ၍ သေတိုင်း သေတိုင်းသော လူတို့သည် အပါယ်ဘုံတို့ကို ပြည့်စေကြကုန်၏၊ နတ်ပြည်ကား အချည်းနှီးကဲ့သို့ ဖြစ်၏။

မတာ မတာ အပါယေ ပူရေန္တိ၊ ဒေဝလောကော တုစ္ဆောဝိယ ဇာတော။

(ဇာတ်အဋ္ဌကထာ)

မတမတာ၊သေတိုင်းသေတိုင်းသောလူတို့သည်။ အပါယေ၊ အပါယ်ဘုံတို့ကို။ပုရေန္တိ၊ပြည့်စေကုန်၏၊ဒေဝလောကော၊ နတ်ပြည်သည်။ တုစ္ဆောဝိယ၊ အချည်းနှီးကဲ့သို့။ ဇာတော၊ ဖြစ်၏။

“ဤအခါမှ စ၍ အဓမ္မကျင့်သော လူတို့အား ခွေးစားစေအံ့” သင်မင်းကြီးမှာ မမေ့မလျော့ပါလင့်”ဟု “သတာရဟ” လေးဂါထာတို့ဖြင့် မင်းအား တရားဟော၍ လူတို့အား ဒါနသီလတို့၌တည်စေ၍ ဆုတ်ယုတ်လျော့ကျလေသော သာသနာတော်ကို အနှစ် တထောင် တိုင်အောင် တည်စေခြင်းငှာ စွမ်းနိုင်သည်ကိုပြု၍ မာတလိနတ်သားနှင့်တကွ သိကြားနေရာ တာဝတိံသာနတ်ပြည်သို့ပြန်လေ၏၊ ထိုအခါမှစ၍ လူများတို့သည် ဒါနသီလစသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်၌ ဖြစ်ကြကုန်၏၊ သဗ္ဗညု ဘုရားလည်း ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ထိုအခါ မာတလိ နတ်သားကား ယခုအခါ အာနန္ဒာဖြစ်လာ၏၊ သိကြားကား ငါဘုရား ဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဤ၌ သေတိုင်း သေတိုင်းသောလူတို့သည် အပါယ်ဘုံ၌ဖြစ်ကုန်၏

ဟူသော အာစရိယဝါဒ အဋ္ဌကထာ စကားနှင့် လူ့ဘုံမှ စုတေ၍ လူ့ဘုံ နတ်ဘုံတို့၌ဖြစ်သော သတ္တဝါတို့ကား အနည်းငယ်သာ၊ အပါယ်ဘုံမှာ ဖြစ်သော သတ္တဝါတို့သာ များကုန်၏ဟု ဟောတော်မူအပ်သော သုတ်၏ နှီးနှော ညီညွတ်သော အဖြစ်ကို ဆင်ခြင်ထောက်ထားသော် ညဏသံဝေဂ ကား အလွန်ဖြစ်ကောင်းဖွယ် ရှိသတည်း။

၅၁-လူ့ဘုံ, နတ်ဘုံမှ စုတေ၍ အပါယ်ဘုံ၌သာ များစွာဖြစ်ကြကုန်သည်ဟု ဟောတော်မူသော သုတ် ပါဠိတော်နှင့်အညီ နတ်ပြည်မှ- စုတေ၍ အပါယ်ဘုံ၌ဖြစ်ကြသည်ကို ထုတ်ပြအပ်သော သုဗြဟ္မာနတ်သား ဝတ္ထု

တာဝတိံသာနတ်ပြည်၌ "သုဗြဟ္မာ"အမည်ရှိသော နတ်သားသည် နတ်သမီးတထောင်ခြံရံလျက် နန္ဒဝန်ဥယျာဉ်သို့ အပျော်အပါး ဥယျာဉ် ကစားခြင်းငှာ သွားလေသော် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားသော နေရာ၌ နေ၏။

(နတ်ပြည်ခြောက်ထပ်၌ပင် နန္ဒဝန်ဥယျာဉ်ကား ရှိသည်ချည်း။)

သဗ္ဗဒေဝလောကေသု နန္ဒနံဝနံ အတ္ထိယေဝ။

(ဇာတတ္တကီဇာတ်နိဒါန်း)အပဒါန် အဋ္ဌကထာလည်း နည်းတူမိန့်၏။

သဗ္ဗဒေဝ လောကေသု၊ ခပ်သိမ်းသော နတ်ပြည်ခြောက်ထပ်တို့၌။ နန္ဒနဝနံ၊ နန္ဒဝန်ဥယျာဉ်သည်။ အတ္ထိယေဝ၊ ရှိအပ်သည်ချည်းသာတည်း။

ထိုအခါ ငါးရာသော နတ်သမီးတို့သည် နတ်သားကိုခြံရံလျက်နေကုန် ၏၊ ငါးရာသော နတ်သမီးတို့ကား သစ်ပင်ထက်သို့ တက်ကြကုန်၏။

> ယူဇနာတရာရှိသော သစ်ပင်သော်လည်း နတ်တို့၏စိတ်အလို အားဖြင့် ညွတ်ကိုင်းလျက် လက်သို့ ရောက်လာသည်မဟုတ်လော၊ အဘယ့်ကြောင့် ထိုနတ်သမီးငါးရာတို့သည်သစ်ပင်အထက်သို့တက် ကုန်သနည်းဟူမူ-မြူးထူးပျော်ပါးကစားလိုသောကြောင့်တက်ကြ ကုန်သည်။

တက်ပြီး၍ကား သာယာစွာသော သီချင်းသံကို သီကုန်လျက် သစ်ပင် ထက်၌ရှိသော ပန်းတို့ကိုခြွေချကုန်၏။ ယင်းသို့ ခြွေချ၍ ကျလာသမျှ သော ပန်းတို့ကို ကောက်ယူပြီးလျှင် အောက်၌နေသော နတ်သမီးငါးရာ တို့သည် ပွင့်ညှာ တဘက်ဆိုင်သော မန်းကုံး, ပွင့်ညှာ နှစ်ဘက်ဆိုင်သော

ပန်းကုံးအစရှိသည်တို့၏ အစွမ်းဖြင့် သီကုံးလျက် သုပြဟ္မာ နတ်သားကို တန်ဆာဆင်ကြကုန်၏၊ မိမိတို့လည်း အသီးအသီး ကိုယ်စီကိုယ်ငှ တန်ဆာဆင်ကြကုန်၏၊ ထိုအခါ သစ်ပင်ထက်သို့ တက်ကုန်သော ငါးရာသော နတ်သမီးတို့သည် တခုသော ဥပစ္ဆေဒက ကံ၏ အစွမ်းကြောင့် တပြိုင်နက် တချက်တည်းသေကုန်၍ အဝီစိငရဲ၌ ဖြစ်ကုန်ပြီးလျှင် ကြီးစွာသော ဆင်းရဲကို ခံရကုန်၏။

> အထ ရုက္ခံ အဘိရူဠှာ ဥပစ္ဆေဒက ကမ္မဝသေန ဧကပ္ပဟာရေနေဝ ကာလံ ကတွာ အဝီစိမှိ နိဗ္ဗတ္တာ မဟာဒုက္ခံ အနုဘဝန္တိ။
>
> (သံယုတ် အဋ္ဌကထာ)

အထ၊ ထိုအခါ၌။ ရုက္ခံ၊ သစ်ပင်ကို။ အဘိရူဠှာ၊ တက်ကုန်သော နတ်သမီးငါးရာတို့သည်။ ဥပစ္ဆေဒက ကမ္မဝသေန၊ ဥပစ္ဆေဒကကံ၏ အစွမ်းဖြင့်၊ ဝါ၊ ကြောင့်။ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက်အားဖြင့်သာလျှင်။ ကာလံ ကတွာ၊ သေကုန်၍။ အဝီစိမှိ၊ အဝီစိငရဲ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်လျက်၊ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘဝန္တိ၊ ခံစားကုန်၏။

ထိုအခါကာလ ကြာမြင့်လတ်သော် သုပြဟ္မာနတ်သားသည် သစ်ပင်ထက်သို့ တက်ကုန်သော နတ်သမီးတို့၏ အသံကိုလည်း မကြားရ, ကြွေကျသောပန်းထိုကိုလည်း မမြင်ရဘား ငါးရာသောနတ်သမီးတို့သည် အဘယ်သို့ သွားကြကုန်သနည်းဟု ဆင်ခြင်လေလျှင် အကုန်သေ၍ ငရဲ၌ဖြစ်သော အဖြစ်ကို မြင်လေသော် ချစ်ခင်သော ဝတ္ထုနှင့် ကွေကွင်းခြင်းကြောင့် ဖြစ်သော စိုးရိမ်ခြင်းဖြင့် ကြံမှိုင်လေ၏၊ ထိုနတ်သမီးငါးရာတို့ကား မိမိတို့ကံအား လျော်စွာ သွားရှာကြလေကုန်ပြီ၊ ငါ၏ အာယုသင်္ခါရကား အဘယ်မျှ ကြာမြင့်ဦးမည်နည်းဟု ကြည့်ရှုဆင်ခြင်လျှင် ထိုသုပြဟ္မာနတ်သားသည် ငါလည်းသစ်ပင်ရင်း၌ ကြွင်းကျန်သော နတ်သမီးတို့နှင့်တကွ ခုနစ်ရက် မြောက်သော နေ့၌ သေ၍ အဝီစိငရဲ၌ပင် ဖြစ်ရမည် တကားဟု မြင်သောကြောင့် အားကြီးသော စိုးရိမ်ခြင်းဖြင့်ဖောက်ပြန်ခြင်းသို့ရောက်လေ၏၊ ထိုသုပြဟ္မာ နတ်သားသည် ငါ၏ ဤစိုးရိမ်ခြင်းကို နတ်နှင့်တကွသော လူတွင် ဘုရားသခင်ကို ထား၍တပါးသောဖျောက်ခြင်းငှာစွမ်းနိုင်သောသူမည်သည် မရှိဟု နှလုံးထား၍ ဘုရားသခင် အထံသို့ သွားပြီးလျှင် အကြောင်းကို လျှောက်ထား၏၊ သဗ္ဗညုဘုရားသည်း နတ်သား၏စိုးရိမ်

ခြင်းကို ဖျောက်ခြင်းငှာ ဒေသနာအမြွက်ကို တိုက်ကျေးတော်မူ၏၊ စတုသစ္စ ဒေသနာအမြွက်ကို တိုက်ကျွေးတော် မူသော အဆုံး၌ နတ်သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤ၌လည်းနတ်ဘုံမှ ငါးရာလုံး တထောင်လုံးသောနတ်သား နတ်သမီး တို့သည် တပြိုင်နက် တချက်တည်း စုတေကုန်၏၊ ငရဲ၌ဖြစ်ကြကုန်၏ဟူသော အာစရိယဝါဒ အဋ္ဌကထာစကားနှင့် နတ်ဘုံမှ စုတေ၍ လူ့ဘုံ နတ်ဘုံ၌ ဖြစ်သော သတ္တဝါကိုကား အနည်းငယ်သာ၊ အပါယ်လေးဘုံမှာ ဖြစ်ရ သော သတ္တဝါတို့သာ လွန်စွာ များကုန်၏ဟု ဟောတော်မူအပ်သော သုတ်နှင့်နှိုးနှောညီညွတ်သော အဖြစ်ကို ဆင်ခြင်ထောက်ထားသော် ဇာတိ ဒုက္ခ စသော သံဝေဂဝတ္ထုတရား ရှစ်ပါးတို့၌ ဉာဏသံဝေဂကား အလွန်ဖြစ်ကောင်းဖွယ် ရှိသတည်း။

၅၂-အပါယ်ဘုံမှ စုတေ၍ အပါယ်ဘုံ၌သာ များစွာ ဖြစ်ကြသည်တု ဟောတော်မူသော ဇမ္ဗုဒီပပေယျာလသုတ်ကို ထုတ်ဆောင်၍ ထိတ်လန့်ခြင်း ဉာဏသံဝေဂဖြစ်အောင် ပြဆိုခြင်း

ဧဝမေဝခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ နိရယာ စုတာ တိရစ္ဆာန ယောနိယာ စုတာ ပေတ္တိဝိသယာ စုတာ မနုဿေသု ဒေဝေသု ပစ္စာဇာယန္တိ၊ အထခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ နိရယာ စုတာ တိရစ္ဆာန ယောနိယာ စုတာ ပေတ္တိဝိသယာ စုတာ နိရယေ တိရစ္ဆာန ယောနိယံ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ၊ (ကေနိပါတ် ဧင်္ဂုတ္တိုရ်ပါဠိတော် ခြောက်သုတ်ကို တပေါင်း တည်း အကျဉ်းချုံး၍ ရေးသည်။)

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤဇမ္ဗုဒီပါကျွန်း အတူသာလျှင်၊ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ နိရယာ၊ ငရဲမှ။ စုတာ၊ စုတေကုန်သည် ဖြစ်၍။ တိရစ္ဆာန ယောနိယာ၊ တိရစ္ဆာန်အမျိုးမှ။ စုတာ၊ စုတေကုန်သည် ဖြစ်၍၊ ပေတ္တိဝိသယာ၊ ပြိတ္တာဘုံမှ။ စုတာ၊ စုတေကုန်သည်ဖြစ်၍။ မနုဿေသု၊ လူ့ဘုံ တို့၌။ ဒေဝေသု၊ နတ်ဘုံတို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထခေါ၊ ဝင်စစ်သော်ကား၊ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ နိရယာ၊ ငရဲမှ။ စုတာ၊ စုတေကုန်သည်ဖြစ်၍။ တိရစ္ဆာန ယောနိယာ၊ တိရစ္ဆာန်အမျိုးမှ။

စုတာ၊ စုတေကုန်သည်ဖြစ်၍။ ပေတ္တိဝိသယာ၊ ပြိတ္တာဘုံမှ၊ စုတာ၊ စုတေကုန်သည်ဖြစ်၍။ နိရယေ၊ ငရဲ၌။ တိရစ္ဆာန ယောနိယံ၊ တိရစ္ဆာန်အမျိုး၌။ ပေတ္တိဝိသယေ၊ ပြိတ္တာဘုံ၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ ယေ တေဝါ သတ္တာ၊ ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ လွန်စွာများကုန်၏။

အဓိပ္ပာယ်ကား ချစ်သား ရဟန်းတို့.... ယူဇနာ တသောင်းကျယ်သော ဤဇမ္ဗူဒီပါကျွန်း၌ သာယာမွေ့လျော်ဖွယ် ရှိသော အရပ်သည် အနည်းငယ်သာဖြစ်၍ သာယာမွေ့လျော်ဖွယ်မရှိသော အရပ်သာလွန်စွာများကုန်သကဲ့သို့ ဤအတူအကြင်သတ္တဝါတို့သည် ငရဲတိရစ္ဆာန် ပြိတ္တာဘုံတို့မှ စုတေ၍ လူ့ဘုံ နတ်ဘုံ၌ဖြစ်ကုန်၏၊ ထို သတ္တဝါတို့ကား အနည်းငယ်သာ၊ စင်စစ်မှာမူ အကြင်သတ္တဝါတို့သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာဘုံမှ စုတေ၍ ငရဲ တိရစ္ဆာန် ပြိတ္တာဘုံတို့၌ ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည်သာလျှင် လွန်စွာ များကုန်၏ ဟူလိုသည်။

ဤသို့ ဟောတော်မူအပ်သော သုတ္တန်ဒေသနာတော်များကိုကြားနာရ၍ အသင့်အားဖြင့် ဆင်ခြင်မူ ဇာတိဒုက္ခစသော သံဝေဂတရား ရှစ်ပါး၌ မဖြစ်သေးသော ဉာဏသံဝေဂသည်လည်း ဖြစ်ကောင်းဖွယ်ရှိ၏၊ ဖြစ်ပြီးသော ဉာဏသံဝေဂ ရှိသောသူသည်လည်း အသင့်နှလုံးသွင်းသော အားဖြင့် တရားကို အားထုတ်ဖွယ်ရှိ၏။

---

## ၅၃-လူ့ဘုံ၌ဖြစ်သော သတ္တဝါနည်း၍ အပါယ်လေးဘုံ၌ဖြစ်သော သတ္တဝါသာ အလွန်များသဖြင့် ထိတ်လန့်ခြင်း ဉာဏသံဝေဂ ဖြစ်ကောင်းဖွယ်ရှိသည်ကို ပြခြင်း

ဒေသအားဖြင့် သတ္တဝါတို့တွင် လူသတ္တဝါ နတ်သတ္တဝါတို့ကား ကြည်းကုန်းမှာသာ ဖြစ်ကုန်သည်၊ အပါယ်သတ္တဝါတို့ကား ကြည်းကုန်း, ရေဟုဆိုအပ်သော ဒေသနှစ်ပါး၌ပင် ဖြစ်ကုန်သည်။

ဧဝမေဝခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ထလဇာ၊ အထခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ ဥဒကာ။

ဟူသော သုတ်တပါးဖြင့် အကြင်သတ္တဝါတို့သည်ကြည်း၌ ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့ကား အနည်းငယ်သာ၊ စင်စင်မှာမူ အကြင်သတ္တဝါတို့သည် ရေ၌ ဖြစ်ကုန်၏၊ ထို သတ္တဝါတို့သည် သာ လွန်စွာများကုန်၏ဟု ဟောတော်

မှုအပ်သည်နှင့်အညီ ကြည်းကုန်း၌ဖြစ်သော လူနတ်တို့ထက် ရေ၌ဖြစ်သော အပါယ်သတ္တဝါတို့ လွန်စွာများကုန်သည်၊ ယင်းသို့ များကုန်လျှင် ဓရေ တိရစ္ဆာန် ပြိတ္တာဘုံမှ စုတေ၍ ငရဲတိရစ္ဆာန် ပြိတ္တာဘုံ၌ဖြစ်သော သတ္တဝါ တို့သာ လွန်စွာများကုန်၏ဟူသော သုတ်၏အနက်သည် အလွန်ထင်ရှား သည်၊ ကြည်းကုန်း၌ဖြစ်သော သတ္တဝါတို့ထက် ရေ၌ဖြစ်သော သတ္တဝါတို့ များသည်ကို အင်္ဂုတ္တရ အဋ္ဌကထာ၌ လာသည်ကား ဤသိန်းခိုကျွန်းမှ သုဝဏ္ဏဘူမိမည်သော ရာမညတိုင်း သထုံပြည်သည် ယူဇနာ ခုနစ်ရာကွာ ဝေးသည်၊ သိန်းခိုပြည်မှ လှင့်သောသင်္ဘောသည် လေမုတ်သုန် ဖြောင့် သဖြင့် သွားမူ တနေ့ကို ယူဇနာတရာ သွားသည်ဖြစ်၍ ခုနစ်ညဉ့် တို့ဖြင့် သုဝဏ္ဏဘူမိသို့ ကပ်သည်၊ တရံ တခါ ဤသို့ လေမုတ်သုန် ဖြောင့်သဖြင့် သွားသော လှေသင်္ဘောသည် ခုနစ်ရက်ပတ်လုံး နန္ဒိယာဝဋ္ဋ မည်သော ငါး၏ကျောက်ကုန်းဖြင့် သွားရသည်ဟုဆို၏၊ ဤအဋ္ဌကထာ၌ ရေသတ္တဝါ အများတို့တွင် ငါးတခု၏သာ များသောအဖြစ်ကို ပြသည်၊ ငါးတွင်လည်း နန္ဒိယာဝဋ္ဋမည်သော ငါးတမျိုး၏သာ များသောအဖြစ်ကို ပြသည်၊ ကြွင်း သော ငါးမျိုး, ကြွင်းသော သတ္တဝါတို့မှာ ဆိုရာမရှိကောင်းပြီ၊ အလွန်ပင် များသည်၊ ဤသို့ ကြည်းကုန်း၌ဖြစ်သော သတ္တဝါတို့ထက် ရေ၌ဖြစ်သော သတ္တဝါတို့၏ များသောအဖြစ်ကို သိအပ်၏။

**တနည်းသော်ကား** ဤလောက ၏ ကြည်းကုန်း နည်းသည်၏ အဖြစ်, ရေနေများသည်၏ အဖြစ်ကြောင့် ကြည်းကုန်း၌ ဖြစ်သော သတ္တဝါတို့ထက် ရေ၌ဖြစ်သော သတ္တဝါ များသည်၏ အဖြစ်ကို သိအပ်၏၊ ဥပမာကား....ကြီးစွာသော တဘက်ဆည် ကန်၌ တခုသော ကြာရုံသည် ပေါက်ရောက်ရာ၏၊ ထိုကြာရုံ၏ လေးမျက်နှာအရပ်၌ အရွက် ကြီး လေးရွက်, အရွက်ငယ် နှစ်ထောင်တို့ သည်လည်းကောင်း, အလယ်၌ တခုသော ကြာငုံသည်လည်းကောင်း ပေါက်ရောက် ရာ၏၊ ဤအတူ လေးမျက်နှာ၌ အရွက်ကြီး လေးရွက်ကဲ့သို့ ကျွန်းကြီး လေးကျွန်းတို့ကို မှတ်အပ်၏၊ အရွက်ငယ်နှစ်ထောင်တို့ကဲ့သို့ အရံ ကျွန်းငယ်နှစ်ထောင်တို့ကို မှတ်အပ်၏၊ အလယ်၌ တခုသော ကြာငုံကဲ့သို့ စကြာဝဠာ၏ အလယ်၌ မြင်းမိုရ်တောင်ကို မှတ်အပ်၏၊ ကြွင်းသော ရေကဲ့သို့ ရေဖြင့် ခြံရံအပ်၏၊ ထိုရေ၏များသော အဖြစ်သည်ကား တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့အား ထင်ရှား၏၊ ကောင်းကင်လမ်းခရီးဖြင့် ကြွသွားကုန်သော တန်ခိုးကြီးသော

ပုဂ္ဂိုလ်တို့အား လေးမျက်နှာ ကျွန်းကြီး လေးကျွန်းတို့သည် ကြာရွက်ကြီး လေးချပ်တို့ကဲ့သို့ ထင်ကုန်၏၊ အရံကျွန်းငယ်နှစ်ထောင်တို့သည် ကြာရွက်ငယ် နှစ်ထောင်တို့ကဲ့သို့ ထင်ကုန်၏၊ အလယ်၌ မြင်းမိုရ် တောင်သည် ကြာရုံလယ်၌ကြာငုံကဲ့သို့ထင်၏၊ ကြွင်းသောအရပ်ကား ရေပြင်သာထင်၏၊ ဤသို့ ရေနေအရပ်များသည်၏အဖြစ်ကြောင့်လည်းကြည်းကုန်း၌ဖြစ်သော သတ္တဝါတို့ထက် ရေနေဖြစ်သော သတ္တဝါတို့၏ များသောအဖြစ်ကို သိအပ်၏၊ ရေ၌ဖြစ်သော သတ္တဝါတို့၏ များသည်၏ အဖြစ်ကို သိသဖြင့်လည်း လူနတ်တို့ထက် အပါယ်သတ္တဝါတို့၏ များသောအဖြစ်ကို သိအပ်၏၊ အပါယ်သတ္တဝါတို့၏များသောအဖြစ်ကို သိသဖြင့်လည်းထိုအပါယ်၌ ဖြစ်ရသောဇာတိဒုက္ခစသော သံဝေဂဝတ္ထုတရားရှစ်ပါးတို့၌ ဉာဏသံဝေဂ ဖြစ်ကောင်းဖွယ်ရှိ၏၊ ဉာဏသံဝေဂ ဖြစ်သောသူအား အသင့်အားဖြင့် တရားကို အားထုတ်ဖွယ်ရှိ၏။

ဤသို့ ဖြစ်နိုင်ခဲလှစွာသော ဉာဏသံဝေဂ ဖြစ်အောင် စိုးစဉ်းသော သုတ္တန်ပါဠိတို့ကို အနက်အဓိပ္ပာယ်နှင့် တကွ ထုတ်ပြဘည်။ သည်မှတပါး သမ္ဗုဒ္ဓဘုရား၏ တရားဒေသနာတော်ကို ကြားနာရ၍ အသင့်အားဖြင့် နှလုံးသွင်းသောသူအား ဉာဏသံဝေဂဖြစ်ကောင်းဖွယ် မရှိသော ဒေသနာမည်သည်မရှိ၊ သစ္စာလေးပါး လက္ခဏာရေးသုံးပါးမှလွတ်သော ဒေသနာမည်သည် မရှိသောကြောင့် ဉာဏသံဝေဂ ဖြစ်ကောင်း သည်သာတည်း၊ ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ စသည်၌....

စတုသစ္စ ဝိနိမုတ္တာ ဒေသနာ နာမ နတ္ထိ....ဟူ၍လည်းကောင်း, အနိစ္စာဒိလက္ခဏ ဝိနိမုတ္တာ ဒေသနာနာမ နတ္ထိ....ဟူ၍လည်း ကောင်း သိအပ်၏။

စတုသစ္စ ဝိနိမုတ္တာ၊ သစ္စာလေးပါးမှ လွတ်သော။ ဒေသနာ နာမ၊ ဒေသနာတော်မည်သည်။ နတ္ထိ၊ မရှိ။ အနိစ္စာဒိ လက္ခဏ ဝိနိမုတ္တာ၊အနိစ္စ စသော လက္ခဏာရေးသုံးပါးမှ လွတ်သော။ ဒေသနာနာမ၊ မြတ်စွာဘုရား၏ ဒေသနာတော်မည်သည်။ နတ္ထိ၊ မရှိ။

### ၅၄-ထိတ်လန့်ခြင်း ဉာဏသံဝေဂ ဖြစ်ခြင်း အကြောင်းဖြစ်သော သံဝေဇနိယ ဝတ္ထု ရှစ်ပါး၏ အရ သရုပ်အကျဉ်းချုပ်

ဤအကျိုးပစ္စယုပ္ပန် အာရမ္မဏိက ဖြစ်သော ဉာဏ သံဝေဂသည် အကြောင်းပစ္စည်း အာရုံဖြစ်သော သံဝေဂဝတ္ထု တရားရှစ်ပါးနှင့်ကင်း၍ မဖြစ်နိုင်၊ ထို့ကြောင့် အကြောင်းပစ္စည်း အာရုံဖြစ်သော သံဝေဂ ဝတ္ထု တရားရှစ်ပါးကို အကျယ်အားဖြင့် ပြပေအံ့၊ ထိုသံဝေဂဝတ္ထုတရားရှစ်ပါးကား....အောက်၌ ပြဆိုအပ်ပြီးသော နည်းဖြင့် ပါဠိတော် လာရင်း ဖြစ်သော။

(၁) ဇာတိဒုက္ခ (၂) ဇရာဒုက္ခ (၃) ဗျာဓိဒုက္ခ (၄) မရဏဒုက္ခ အားဖြင့်လေးပါး။

(၅) အဋ္ဌကထာ ဆရာမြတ်တို့ ငါးခုမြောက်ပဉ္စမပြု၍ ယူဆောင်မှုအပ်သော အပါယဒုက္ခတပါး။

(၆) ခြောက်ခုမြောက် ဆဋ္ဌပြု၍ ယူတော် မူအပ်လော အတီတေ ဝဋ္ဋမူလက ဒုက္ခတပါး။

(၇) ခုနစ်ခုမြောက်သတ္တမပြု၍ ယူတော်မူအပ်သောအနာဂတေ ဝဋ္ဋမူလက ဒုက္ခတပါး။

(၈) ရှစ်ခုမြောက် အဋ္ဌမပြု၍ ယူတော်မူအပ်သော ပစ္စုပ္ပန္နေအာဟာရ ပရိယေသနမူလက ဒုက္ခတပါး ဤရှစ်ပါးတို့တည်း။

---

### ၅၅-ထိုသံဝေဇနိယ ဝတ္ထုရှစ်ပါးတို့တွင် ဇာတိဒုက္ခ ဟူသောပါဠိ၌ ဇာတိဟူသော ပုဒ်တစိတ်၏ အဓိပ္ပာယ်နှင့်တကွ လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်းတို့ကို ပြခြင်း

ထိုရှစ်ပါးတို့တွင် ဇာတိဒုက္ခကား ဝိဘင်းပါဠိတော်၌—

တတ္ထ ကတမာ ဇာတိ၊ ယာ တေသံတေသံ သတ္တာနံ တမှိတမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံပါတု ဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဇာတိ။ဟု အကျယ်လာ၏။

တတ္တ၊ထိုဇာတိစသည်တို့တွင်။ ဇာတိ၊ဇာတိသည်။ ကတမာ၊အဘယ်နည်း။ တေသံတေသံ သတ္တာနံ၊ ထိုထိုသောသတ္တဝါတို့၏။ တမှိတမှိ သတ္တနိကာယေ၊ ထိုထိုသောသတ္တဝါအပေါင်းထို၌။ ယာဇာတိ၊အကြင်ဖြစ်ခြင်းသည်။ ယာ သဉ္ဇာတိ၊ အကြင် ပြည့်စုံသော။ အာယတန၏ အစွမ်းဖြင့် ကောင်းမွန်စွာဖြစ်ခြင်းသည်။ ယာဩက္ကန္တိ၊ အကြင်ဥခွံအတွင်းသူငယ်အိမ်တွင်းသို့ဝင်၍ ဖြစ်ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊ အကြင်သံသေဒဇ ဥပပါတ်၏အစွမ်းဖြင့်ထင်ရှားဖြစ်ခြင်းသည်။ ခန္ဓာနံ၊ တခု၊လေးခု၊ငါးခုသောခန္ဓာတို့၏။ ယောပါတုဘာဝေါ၊ အကြင်ထင်ရှားဖြစ်ခြင်းသည်။ အာယတနာနံ၊ အာယတနတို့ကို။ ယောပဋိလာဘော၊ အကြင်ရခြင်းသည်။ အတ္ထိ၊ရှိ၏။ အယံ၊ ဤဖြစ်ခြင်းအစရှိသည်ကို။ဇာတိ၊ဇာတိဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤပါဠိတော်၌.... တေသံတေသံ သတ္တာနံ ဟူသော ဝိစ္ဆာသဒ္ဒါဖြင့်သတ္တဝါအလုံးစုံကို အကုန်နှံ့စေ၍ အကျဉ်းအားဖြင့် သတ္တဝါအများတို့နှင့် ဆက်ဆံခြင်းကို ပြတော်မူသည်၊ တမှိတမှိ သတ္တနိကာယေဟူသော ဝိစ္ဆာသဒ္ဒါဖြင့် ဂတိဇာတ၏အစွမ်းဖြင့် နှံ့စေ၍ သတ္တဝါအများတို့နှင့် ဆက်ဆံခြင်းကို ပြတော်မူသည်။ ဇာတိဟူသောပါဠ်ဖြင့် အာယတနနှင့် မပြည့်မစုံဖြစ်ခြင်း သာမညကို ပြတော်မူသည်၊ သဉ္ဇာတိဟူသောပါဠ်ဖြင့် အာယတနနှင့် အပြည့်အစုံ ကောင်းစွာဖြစ်ခြင်းကို ပြတော်မူသည်၊ ဩက္ကန္တိ ဟူသော ပါဠ်ဖြင့် အဏ္ဍဇ, ဇလာဗုဇသတ္တဝါတို့၏ဥခွံတွင်း သူငယ်အိမ်တွင်းသို့ ဝင်ရသကဲ့သို့ ဖြစ်ခြင်းကိုပြတော်မူသည်၊ အဘိနိဗ္ဗတ္တိဟူသော ပါဠ်ဖြင့် သံသေဒဇ ဩပပါတိက သတ္တဝါတို့၏ ကိုယ်ဆင်ရှားဖြစ်ခြင်းကိုပြတော်မူသည်။ ခန္ဓာနံ ပါတုဘာဝေါ ဟူသော ပါဠ်ဖြင့် ပရမတ္ထအားဖြင့် သတ္တဝါတို့ထင်ရှားဖြစ်သည် မဟုတ်ကုန်၊ ခန္ဓာတို့သာ ထင်ရှား ဖြစ်ကုန်၏ ဟူသော အနက်ကို ပြတော်မူသည်၊ အာယတနာနံ ပဋိလာဘော ဟူသော ပါဠ်ဖြင့် ထိုထိုဘဝ၌ ဖြစ်သော အာယတနတို့၏ အစွမ်းဖြင့် အတ္တဘောကို ရခြင်းကိုပြတော်မူသည်။

ထိုဇာတိသည် ထိုထိုဘဝ၌ ရှေးဦးစွာ ဖြစ်ခြင်းလက္ခဏာ ရှိ၏၊ ထိုထိုဘဝ၌ ဆောင်နှင်းခြင်းကိုစွရှိ၏၊ အတိတ်ဘဝမှ ငုပ်၍ ဤပစ္စုပ္ပန် ဘဝ၌ ညွှန့်စာပေ- ခုသ။

ပေါ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကမ္မဘဝလျှင် နီးစွာသော အကြောင်းရှိ၏။

၁၆-ဇာတိဒုက္ခဟူသောပါဠိဝယ် ဒုက္ခဟူသော ပုဒ်တစ်ခု၏အရ
ဒုက္ခဒုက္ခစသော ဒုက္ခအပြား ခုနစ်ပါးနှင့်တကွ
ဇာတိဒုက္ခဟူသည် ပရိယာယဒုက္ခဖြစ်သည်ကို ပြခြင်း

ဇာတိဒုက္ခဟူသော ပါဠိ၌ ဒုက္ခသည် ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ, ပရိယာယဒုက္ခ, နိပ္ပရိယာယဒုက္ခ-ဟူ၍ ခုနစ်ပါးအပြားရှိ၏။

ဣဓ ဒုက္ခံ နာမ အနေကံ နာနပ္ပကာရံ၊ သေယျထိဒံ....
ဒုက္ခဒုက္ခံ ဝိပရိဏာမဒုက္ခံ သင်္ခါရဒုက္ခံ ပဋိစ္ဆန္နဒုက္ခံ အပ္ပဋိစ္ဆန္နဒုက္ခံ
ပရိယာယဒုက္ခံ နိပ္ပရိယာယဒုက္ခန္တိ။

(ဝိဘင်းအဋ္ဌကထာ)

ဟိသစ္စာ၊မှန်၏။ ဣဓ ဒုက္ခံနာမ၊ဤဒုက္ခမည်သည်ကား။ အနေကံ၊တပါးမက များ၏၊ နာနပ္ပကာရံ၊အထူးထူးအပြားပြားရှိ၏။ ဣဒံ၊ဤတပါးမက အထူးထူးအပြားပြား များသော အပြားရှိသော ဒုက္ခသည်။ သေယျထာ ကတမံ၊ အဘယ်သည်နည်းဟူမူကား။ ဒုက္ခဒုက္ခံ၊ဒုက္ခဒုက္ခရင်း။ ဝိပရိဏာမ ဒုက္ခံ၊ရင်း။ သင်္ခါရ ဒုက္ခံ၊ရင်း။ ပဋိစ္ဆန္န ဒုက္ခံ၊ရင်း။ အပ္ပဋိစ္ဆ ဒုက္ခံ၊ရင်း။ ပရိယာယ ဒုက္ခံ၊ရင်း။နိပ္ပရိယာယဒုက္ခံ၊ရင်း။ဣတိအယံ၊ဤခုနစ်ပါးတည်း။

ထိုခုနစ်ပါးတို့တွင် ဒေါသမူဒွေ, ဒုက္ခသဟဂုတ် ကာယဝိညာဉ်နှင့် ယှဉ်သောဒုက္ခဝေဒနာသည်သဘောအားဖြင့်လည်းကောင်း,အမည်အားဖြင့် လည်းကောင်း ဒုက္ခဖြစ်သည်၏ အဖြစ်ကြောင့် ဒုက္ခဒုက္ခ မည်၏။

သုခဝေဒနာခြောက်ဆယ့်သုံးခုသည် ဖောက်ပြန်သဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် ဝိပရိဏာမဒုက္ခမည်၏။

ဥပေက္ခာဝေဒနာ ငါးဆယ့်ငါးသည်လည်းကောင်း, ဥပေ ာဝေဒနာမှကြွင်းသော တေဘူမကသင်္ခါရတို့သည် လည်းကောင်း ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် သင်္ခါရဒုက္ခမည်ကုန်၏။

ထိုသို့ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်ခြင်းကား တေဘူမက သင်္ခါရ အားသာမဟုတ်၊ မဂ်ဖိုလ်တို့အားလည်း ရှိပါသလျှင်ထတည်း။

တထာ ပီဠနံ မန မဂ္ဂလာနံပိ အတ္ထိယေဝ။

(ထေးမူလာဟာ မိခါနုသခနီ အဋ္ဌကထာ)

တထာဂတ်မိဋ္ဌန် ပန၊ ထိုသို့ ဖြစ်ခြင်းပျက်ခြင်းဖြင့်နှိပ်စက်ခြင်းသည်ကား။ မဂ္ဂဖလစနိပိ၊ မဂ်ဖိုလ်တို့အားလည်း။ အတ္တိယေဝ၊ ရှိသည်သာလျှင်တည်း။ ထို့ကြောင့် မဂ်ဖိုလ်တို့အားလည်း သင်္ခါရဒုက္ခမည်ကုန်၏။

နားထိုးကျင့်ခြင်း,သွားထိုးကျင့်ခြင်း,ရာဂကြောင့်ဖြစ်သောပူပန်ခြင်း ဒေါသကြောင့်ဖြစ်သော ပူပန်ခြင်း အစရှိသော ကိုယ်စိတ်၌ဖြစ်သောအနာ သည် မေး၍ သိအပ်သောကြောင့်လည်းကောင်း,လုံ့လ၏ မထင်ရှားသော ကြောင့်လည်းကောင်း ပဋိစ္ဆန္နဒုက္ခ မည်၏။ (အပါကဋဒုက္ခ ဟူ၍လည်း ဆိုအပ်၏။)

သုံးဆယ့်နှစ်ပါးသော ကမ္မကရဏ အစရှိသည်ကြောင့်ဖြစ်သောအနာ သည် မမေးမမြန်းပဲ အမြင်အားဖြင့် သိအပ်သောကြောင့်လည်းကောင်း, လုံ့လ၏ ထင်ရှားသောကြောင့် လည်းကောင်း အပ္ပဋိစ္ဆန္နဒုက္ခ မည်၏။ (ပါကဋဒုက္ခဟူ၍လည်း ဆိုအပ်၏။)

ဒုက္ခဒုက္ခ တခုကို ထား၍ကြွင်းသော ဒုက္ခသစ္စာ၏ ပိဘင်း၌လာသော ဇာတိ အစရှိသော အလုံးစုံသော ဒုက္ခသည် ထိုဒုက္ခသစ္စာ၏ တည်ရာ၏ အဖြစ်ကြောင့် ပရိယာယ ဒုက္ခမည်၏။

ဒုက္ခဒုက္ခသည် နိပ္ပရိယာယ ဒုက္ခမည်၏။

ထိုခုနစ်ပါးသော ဒုက္ခတို့တွင် ဇာတိဒုက္ခဟူသည်ကား ပရိယာယဒုက္ခ တည်း။ (ထိုဇာတိဒုက္ခအဖြစ်ကို နောက်၌ပြအံ့)

---

### ၅၇-ဇာတိဒုက္ခ ဟူသောပါဠ်ဝယ် ဇာတိပုဒ် တစိတ်အရ ထိုဇာတိနှင့် မကင်း၍ ပဋိသန္ဓေနေရသော သတ္တဝါအပေါင်းတို့၏ ယောနိလေးပါးကို ပြခြင်း

ထိုဇာတိနှင့် မကင်း၍ ပဋိသန္ဓေနေရသောသူတို့၏ လေးပါးသောအစု အဖို့ ရှိသည်ကို သင်္ဂီတိသုတ် ပါဠိတော်၌....

စတဿော ယောနိယော အဏ္ဍဇယောနိ ဇလာဗုဇယောနိ သံသေဒဇယောနိ ဩပပါတိကယောနိ....ဟု ရှင်သာရိပုတ္တရာ ဟောတော်မူ၏။

ယောနိယော၊ ယောနိတို့သည်။ အဏ္ဍဇယောနိ၊ အဏ္ဍဇယောနိလည်း ကောင်း။ ဇလာဗုဇယောနိ၊ ဇလာဗုဇယောနိ လည်းကောင်း။ သံသေဒဇ

ယောနိ၊ သံသေဒဇယောနိ လည်းကောင်း၊ ဩပပါတိကယောနိ၊ ဩပပါတိက ယောနိလည်းကောင်း။ ဣတိ၊ ဤသို့ စတဿော၊ လေးပါးတို့ တည်း။ ထိုလေးပါးတို့၏ အထူးကား....

အဏ္ဍေ ဇာတာတိ အဏ္ဍဇာဟူသော ပါဠိတော်၊ အဋ္ဌကထာပါဠိ ဝစနတ္ထနှင့်အညီ အဉ္ဆ၌ ဖြစ်သော ငှက်၊ မြွေ အစရှိသော သတ္တဝါ တို့သည် အဏ္ဍဇမည်ကုန်၏၊ ဇလာဗုမှိ ဇာတာတိ ဇလာဗုဇာဟူ သော ရှင်းအဋ္ဌကထာပါဠိ ဝစနတ္ထနှင့်အညီ သူငယ်အိမ်၌ဖြစ်သော လူအစရှိသော သတ္တဝါတို့သည် ဇလာဗုဇမည်ကုန်၏၊ သံသေဒေ ဇာတာတိ သံသေဒဇာ ဟူသော ရှင်းအဋ္ဌကထာပါဠိ ဝစနတ္ထနှင့် အညီ အညှီ၌ဖြစ်သော ပိုးလောက် အစရှိသော သတ္တဝါတို့သည် သံသေဒဇ မည်ကုန်၏၊ ဝေဂေန အာဂန္တွာ ဥပပတိတာ ဝိယ ဇာတိ ဩပပါတိကာ ဟူသော ရှင်းအဋ္ဌကထာပါဠိ ဝစနတ္ထနှင့် အညီ လျင်သော အဟုန်ဖြင့် လာ၍ကျသကဲ့သို့ ဖြစ်ကုန်သော နတ် အစ ရှိသော သတ္တဝါတို့သည် ဩပပါတိက မည်ကုန်၏။

ထို ယောနိ လေးပါး တို့၏ သတ္တဝါတို့၌ ဖြစ်ဟန်ကို လက်သန်း အဋ္ဌကထာတို့၌ လာသည်ကား—

ဘုမ္မဝဇ္ဇေသု ဒေဝေသု, ပေတေ နိဇ္ဈာမ တဏှိကေ၊
နိရယေသု စ သမ္ဘောတိ, ယောနေကာဝေါပပါတိကာ။
(နာမရူပပရိစ္ဆေဒ)

ဘုမ္မဝဇ္ဇေသု၊ဘုမ္မစိုးနတ်သည် ကြဉ်အပ်ကုန်သော၊ ဒေဝေသု၊ နတ်တို့ ၌လည်းကောင်း။ နိဇ္ဈာမ တဏှိကေ၊ နိဇ္ဈာမတဏှိကအမည်ရှိသော။ ပေ တေ၊ ပြိတ္တာ၌လည်းကောင်း။ နိရယေသုစ။ ငရဲတို့၌လည်းကောင်း။ ဩ ပပါတိကာ၊ ဩပပါတိက အမည်ရှိသော။ ဧကာဝ၊ တခုသာလျှင် ဖြစ် သော။ ယောနိ၊ ယောနိသည်။ သမ္ဘောတိ၊ ဖြစ်၏။ (ဂါထာ၏အဓိပ္ပာယ် ထင်ရှား၏။)

ဘုမ္မဒေဝ မနုဿေသု, တိရစ္ဆာနေ ပရေတထာ၊
ပေတေသုစာဝ်သေသေသု, စတဿောပိစ ယောနိယော။
(ရှင်းလက်သန်းအဋ္ဌကထာ)

ဘုမ္မဒေဝ မနုဿေသု၊ ဘုမ္မစိုးနတ်, လူတို့၌လည်းကောင်း။ တထာ၊ ထိုမှတပါး အပရေ၊ တပါးသော။ တိရစ္ဆာနေ၊ တိရစ္ဆာန်၌လည်း

ကော္ဂင်း။ အဝသေသေသု၊ နိဗ္ဗာမတကို က ပြိတ္တာမှ ကြွင်းကုန်သော။ ပေတေသုံစ၊ ပြိတ္တာ တို့၌လည်းကောင်း၊ စတသောာပိစ၊ လေးပါးလည်း ဖြစ်ကုန်သော။ ယော္ဂနိယော၊ ယောနိတို့သည်။ သမ္ဗော ဂန္တိ၊ ဖြစ်ကုန်၏။ '(ရင်းဂါထာ၏ အဓိပ္ပါယ်လည်း ထင်ရှား၏) ထိုဂါထာတို့၏ အဓိပ္ပါယ်ကိုယူ၍ အကျဉ်းအားဖြင့် ဆရာမြတ်တို့ မှတ်ကြသည်ကား—

ဘုမ္မစိုးပယ် ကြွင်းဝယ်များစွာ၊ နတ်ဓာကာနှင့်၊ နိဗ္ဗာမတကိုက၊
နိရယတို့၊ နေကြလေရာ၊ ယောနိမှာ၊ တခုသာမှတ်၊ ဥပပါတ်။
ဘုမ္မစိုး=လူ၊ ထို့တူများစွာ၊ တိရစ္ဆာနှင့်၊ နိဗ္ဗာပယ်ချင်၊
ကြွင်းသည်ပြိတ္တာ၊ ယောနိမှာ၊ နေရာမှလပ်၊ လေးပါးမှတ်=ဟု
ဆိုကုန်၏။

ဤသို့ လာသော လက်သန်း အဋ္ဌကထာနှင့် အညီ လူတို့သည် ယောနိလေးပါးတို့ဖြင့်မင် ပဋိသန္ဓေနေကုန်သည်ဟု သိရာ၏။

---

၅၈–ထိုယောနိ လေးပါးတို့တွင် လူသတ္တဝါတို့၏ အဏ္ဍဇယောနိဖြင့် ပဋိသန္ဓေနေရာ၌ ထုတ်ဆောင်အပ်သော သုဝဏ္ဏဘူမိပြည်
သီဟရာဇာ မင်းညီနောင် ဝတ္ထု

ထို ယောနိ လေးပါးတို့တွင် အဏ္ဍဇယောနိဖြင့် ပဋိသန္ဓေ နေကုန်သော လူတို့၏ ဝတ္ထုသက်သေသည် ကျမ်းဂန်ဝယ် မထင်ရှား၊ ဗာရာဏသီ အိမ်ရှေ့မင်းသားနှင့် နဂါးတို့ ပေါင်းဖော်ကြရာ သမုဒ္ဒရာနား၌ သာဂရ မင်းသားနှင့် သမုဒ္ဒဇာ မင်းသမီးတို့ကို ဖွားမြင်သည်ဟု ဘူရိဒတ် ဇာတ် အဋ္ဌကထာ၌ လာသည်၊ နဂါးမ၏ သားသမီးဖြစ်လျက် ဥမှပေါက်ဖွား သည်ဟု ရင်းဇာတ်အဋ္ဌကထာ၌ မလာ၊ ဆရာအချို့က နဂါးမ၏သားသမီး မှန် ချင် အဏ္ဍဇသာ ဖြစ်ရမည်ဟု ဆိုကုန်သည်၊ ထိုစကားသည် ကေန် မဟုတ်၊ အဘယ်ကြောင့်နည်းဟူမူကား–နဂါးမ၏ သားသမီး လူကို မဆို လင့်ဦး၊ နဂါးကိုယ်ပင်လည်း ယောနိလေးပါးဖြင့် ပဋိသန္ဓေ နေရကြောင်း ကို သံယုတ်ပါဠိတော်၌ ဟောတော်မူသည်။

တတ္ထ ဘိက္ခဝေ အဏ္ဍဇာ သုဝဏ္ဏာ အဏ္ဍဇေ နာဂေ ဟရန္တိ၊
နဇလာဗုဇေ နသံသေဒဇေ နဩပပါတိကေ။
(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုနဂါး ဂဠုန်တို့တွင်။ အဏ္ဍဇာ၊ အဏ္ဍဇ

ဖြစ်ကုန်သော။ သုပဏ္ဏာ၊ ဂဠုန်တို့သည်၊ အဏ္ဍဇေ၊ အဏ္ဍဇ ဖြစ်ကုန်သော။ နာဂေ၊နဂါးတို့ကို။ ဟနန္တိ၊ သတ်ကုန်၏။ ဇလာဗုဇေ၊ ဇလာဗုဇဖြစ်ကုန်သော။ နာဂေ၊နဂါးတို့ကို။ နဟနန္တိ၊ မသတ်နိုင်ကုန်။ သံသေဒဇေ၊ သံသေဒဇ ဖြစ်ကုန်သော။ နာဂေ၊နဂါးတို့ကို နဟနန္တိ၊မသတ်နိုင်ကုန်။ ဩပပါတိကေ၊ ဩပပါတိကဖြစ်ကုန်သော။ နာဂေ၊နဂါးတို့ကို။ နဟနန္တိ၊ မသတ်နိုင်ကုန်။

ထို့ကြောင့် နဂါးမ၏ သားသမီးမှန်က အဏ္ဍဇဖြစ်ရမည်ဟု ဆိုသော စကားသည် ကေန်မဟုတ်ကြောင်းကို သိသာသည်။

လူတို့ အဏ္ဍဇပဋိသန္ဓေနေကြောင်းကို ရှေးစာဟောင်း စာတမ်းများ၌ လာသည်ကား....

လူသုံးပါးတို့၏ ပဏ္ဍုမြားဥသျှောင် ငါးမှာရိအောင် ဖြစ်တော်မူသော သမ္ဗုဒ္ဓဘုရားသည် ထင်ရှားပွင့်တော်မမူမီ ကာလအတန်ကြာက ကရဏ္ဍက တိုင်း သုဘိန္ဒမြို့၌ တိဿရာဇာ အမည်ရှိသော မင်းသည် သိရိကပ္ပါ အမည်ရှိသော မိဖုရားနှင့်တကွ မင်းပြု၏၊ ထိုအခါ မင်း၏ သားတော် အကြီး တိဿကုမာရနှင့် ညီငယ် ဇလကုမာရ မင်းညီနောင် နှစ်ပါးတို့ သည် လူ၏အဖြစ်ကို ရခဲခြင်း မနုဿတ္တ ဒုလ္လဘတရားကို နှလုံးထား၍ သံဝေဂတရားကို ပွားစေသဖြင့် တောထွက်ပြီးလျှင် သမုဒ္ဒရာ အနီးအပါး ဇယ် ရသေ့ရဟန်းပြုပြီးသော် သမထ သမ္ဗဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြစ်း အားထုတ်လျက် နေကြကုန်၏၊ မင်းညီနောင် နှစ်ပါး တို့သည် မျှစးမကြာမီ ဈာန်သမာပတ် အဘိညာဉ်တို့ကို ရကြကုန်၏၊ ထို အခါ နောင်တော်ရသေ့က ညီတော်နှင့်ငါ အတူတကွနေလျှင် ဂဏသင်္ဂဏိက တရားပွားများ၍ပြမာဒတရားသာ အားကြီးသဖြင့်မကောင်းမှု အကုသိုလ် သာ များလေတော့မည်၊သို့ဖြစ်၍ညီတော်နှင့်ငါသည် မီးကိုအမှတ်ပြုလျက် မီးမမြင်မှ တယောက်အထံသို့ တယောက်လာစတမ်းဟု ကတိကဝတ် ပြု၍ သမုဒ္ဒရာနှင့် မနီးမဝေး ဂင္ဇဂိရိ ကျောက်တောင်၌ နေကြ လေကုန်သည်၊ ယင်းသို့ ကာလရှည်ကြာ နေကြရာတွင် သမုဒ္ဒရာဝ၌သဲသောင်ထွန်း၍ကျွန်း ပေါ်လာသည်၊ သဲတို့သည် ပုလဲအဆင်းကဲ့သို့ ဖြူစင်ကုန်သည်၊ သဲသောင် ပတ်လည်၌ သစ်ပင်တို့သည် ပေါက်ရောက်၍ အသီးအပွင့်နှင့် ပြည့်စုံရကား အလွန်ရှုချင်ဖွယ်ရှိ၏၊ ယင်းသို့ရှုချင်ဖွယ် ရှိသည်ကို နဂါးပြည်က နဂါးမ တို့ ဓာက်လာ၍မြင်လျှင် လူ့အသွင်ဖန်ဆင်း၍ ရွှင်းမြူးပျော်ပါးကစား ကြကုန်၏၊ ထိုအခါ ဝိဇ္ဇာဓိုရ်လုလင်နှင့်တွေ့၍ နဂါးမတယောက်နှင့်ဆက်ဆံ

ကြရာတွင် နဂါးမ၌ ကိုယ်ဝန်ပဋိသန္ဓေ စွဲလေ၏၊ ကိုယ်ဝန်စွဲသည့်ကာလ နဂါးမတို့ သဘောသည် လူ့ပြည်ထွင် ကိုယ်ဝန်စွဲလျှင် ကိုယ်ဝန်ကိုမချွဲပဲ နှင့် နဂါးပြည်သို့ ပြန်နိုင်သော သဘောမရှိရကား ရပိတန်ငံ့လင့်၍ နေ၏၊ ယင်းသို့နေပြီးမှ နဂါးမတို့ အချိန်ရောက်သည့်ကာလ သဲပြင်တွင် ဥနှစ်လုံး ကို ဥ၍ စွန့်ပစ်ခဲ့ပြီးလျှင် နဂါးပြည်သို့ ပြန်သွားလေသည်၊ တဖန်လာ၍ မိမိဥကို ငှရှုမကြည့်ပြီ၊ ဥထဲ၌စွဲနေသော သူငယ်နှစ်ယောက်၏ ဘုန်းကံ အာနုဘော်ကြောင့် နောင်တော်ရသေ့သည် မြစ်နား၌ ရေချိုးမည်ဟု လာ ရာတွင် သဲပြင်၌ အဥကိုမြင်၍ ရှင်ပြခြင်းနှင့်တကွ ဆောင်ယူ၍ သွားရာ ကျောင်းသခ်မ်းသို့ ရောက်လေလျှင် ညီတော်လာခိုက်နှင့် ကြုံ၍မေးရကား "မည်သည့် ဥဖြစ်သည်ကို မသိ၊ သဲပြင်တွင် ရ၍ ဆောင်ခဲ့သည်" ဟု နောင်တော်ကဆိုလျှင် ညီတော်က "အကျွန်ုပ်အားလည်း သနားပါ" ဟု တောင်းသောကြောင့် ဥတလုံးကို ညီတော်အား ပေးလေလျှင် ညီတော် လည်း မိမိကျောင်းသို့ဆောင်ယူသွား၍ ထားရာကိုစုံစမ်းပြီးလျှင် အမှိုက် သုတ်သင်သည့်ကျင်း၌ အုပ်ဖုံး၍ ထားလေသည်၊ နောင်တော်လည်း ညီတော်နည်းတူပင် ထားသည်၊ ပေါက်မြဲ အချိန်တန်လျှင် ပေါက်ဖွား၍ လူယောကျ်ားညီနောင် နှစ်ယောက်ဖြစ်လာသည်၊ ရသေ့မင်းညီနောင် နှစ်ပါးသည်၊ အားရဝမ်းသာ အကြောင်းကို ပြန်ပြောရာတွင် "ဤသူငယ် နှစ်ယောက်သည် ရှေးရှေးသော ဘဝက ငါတို့သားမြေး ဖြစ်ခဲ့ဖူးသော ကြောင့် ကံဆုံ၍ ဖြစ်လာသည်၊ ညီတော်လည်း လက်ညှိုးကို နို့အမှတ်ဖြင့် သစ္စာဓိဋ္ဌာန်ပြု၍တိုက်လော့၊ ငါလည်း ထိုကဲ့သို့ တိုက်မည်" ဟု ဆိုပြီးလျှင် လက်ညှိုးကို သစ္စာဓိဋ္ဌာန်ပြု၍ နို့အမှတ်ဖြင့် တိုက်သော် သူငယ်တို့၏ ဘုန်းကံပါရမီကြောင့် လက်ညှိုးမှ နို့ရည်ထွက်၍ သူငယ်နှစ်ယောက် ဝလောက်အောင် သောက်ရလေသည်၊ ယင်းသို့ လက်ညှိုးမှ ထွက်သော နို့ရည်ကိုသောက်၍ သူငယ်နှစ်ယောက် လူလားမြောက်လေလျှင် ညီတော် အငယ်သည် ဆယ်နှစ်ရှယ်တိုင်မှ ကျောက်ရောဂါနှင့် ကံကုန်ရှာလေ သည်၊ ထို့နောက် မဗ္ဗိမတိုက်သောဋ္ဌသ နဂိုရ်တွင် မိတ္တိလာပြည်၌ လူဖြစ်၍ ခုနစ်နှစ်ရှယ်ရှိလျှင် ထိုအခါ ငါတို့ သဗ္ဗညုဘုရားပွင့်တော်မူ၍ လူနတ်တို့ အား တရားအမြိုက်တိုက်ကျွေးတော်မူလျှင် ထိုသူငယ်သည် ရဟန္တာ ဖြစ်၍ ဂဝမ္ပတိမထေရ်ဟု ထင်ရှားကျော်စောလေသည်။

နောင်တော် ရသေ့အထံ၌ ကြီးပွားသော သူငယ်နောင်တော်ကား တဆယ့်ငါးနှစ်တိုင် ရောက်လျှင် ရှင်ရသေ့သည်း အသက်အရွယ်ကြီးရင့်

သည်နှင့် ငါသည်အနိစ္စနှင့် မကင်း၍ သေခြင်းသို့ ရောက်ရလေသည် ရှိသော် "ငါ့သားတော် သူငယ်သည် တောလယ်မှာ တယောက်ထီးတည်းသာ ရှိရစ်ရှာတော့မည်" ဟု ရှင်ရသေ့သည် စိုးရိမ်ခြင်းများစွာနှင့်မျက်နှာ မလှရှိ၍ အထက်ကပင် သိကြားမင်းသည်လပြည့်လကွယ် တပက္ခကိုတခါ တရားနာလာမြဲအတိုင်း လာရာတွင် ရှင်ရသေ့မျက်နှာမလှရှိသောကြောင့် သိကြားမင်းက မေးလတ်သော် "တကာတော် သိကြားမင်း....ငါကား အသက်အရွယ်ကြီးရင့်ပြီ၊ အနိစ္စနှင့်မကင်း၍ သေမင်းနောက်သို့ ပါရလေသော် ငါ့သားတော်သူငယ်သည် ဤတောလယ်မှာ ကိုယ်တခုနှင့်သာရှိရစ် ရှာတော့မည်ကိုစိုးရိမ်၍မျက်နှာမလှရှိရတော့သည်" ဟုဆိုလျှင် သိကြားက "စကားမစပ်သောကြောင့်သာ အကျွန်ုပ်မလျှောက်ဖြစ်လေသည်၊ သူငယ်သည် ပါရမီကြီးရင့်သောသူငယ်ဖြစ်သည်၊ အသက်တဆယ့်ခုနစ်တိုင်ရောက်လျှင် ကျောင်းတော်၏ အရှေ့ မဝေးမနီးတွင် သုဝဏ္ဏဘူမိမြို့ဟူ၍ နေရာနန်းပြာသာဒ်ကို နတ်ဗိမာန်တမျှ ဖန်ဆင်းပြီးလျှင် ရွှေ, ငွေ, ဖန်, မှန်, ကြေးနီ, ကြေးဖြူ, သလွဲဟု မြို့ခုနစ်ထပ်လုပ်ဆောင်စီမံ၍ တယူဇနာခရီးကသာယာနာပျော်ဖွယ်ရှိသော အသံတို့ကိုဖြစ်စေ၍ လူများသခင် အရှင်မင်းဟု ထင်ရှားကျော်စောခြင်းနှင့်တကွ သီဟရာဇာ ဟူသော အမည်ဖြင့် အဘိသိက်ခံ၍ မင်းအဖြစ်သို့ရောက်အောင် အကျွန်ုပ်ဆောင်မရတော့မည်" ဟု သိကြားမင်းကဆိုလျှင် ရှင်ရသေ့လည်း ဝမ်းမြောက်ဝမ်းသာကောင်းပါပြီဟု ဝန်ခံလေသည်၊ အသက်တဆယ့်ခုနစ်နှစ်တိုင် ရောက်လျှင် သိကြားမင်းလည်း မိမိဆိုတိုင်း မြို့နန်းဖန်ဆင်းပြီးသော် သီဟရာဇာ ဟူသော အမည်နှင့် အဘိသိက်ခံ၍ မင်းပြုစေသည်။

ဤ၌ အဏ္ဏဇ ပဋိသန္ဓေနေသော လူတို့၏ ဝတ္ထုသည်ကျမ်းဂန်ဝယ် မထင်ရှားသောကြောင့် ရှေးစာဟောင်း စာတမ်းလာရှိသည် အတိုင်း ထုတ်ပြရသည်၊ မင်းညီနောင်နှစ်ပါးတို့သည် ဥမှ ပေါက်ဖွား၏ဟူသော စာဟောင်းစာတမ်းစကားနှင့်ကျမ်းဂန်တွင် လူတို့ အဏ္ဏဇပဋိသန္ဓေနေ၏ ဟူသော စကားသည်မဆန့်ကျင်ရကား မှတ်သားရမည်၊ လူ အဏ္ဏဇ ပဋိသန္ဓေ နေသည်ကိုသာ ပြလိုရင်း ဖြစ်သည်၊ ယင်းသို့သော်လည်း စာဟောင်းစာတမ်းအမိန့်အဆို သေချာလှသည်နှင့်သုတမယညာဏ် ဖြစ်ပွားစိမ့်သောငှာ အပြည့်အစုံစာဟောင်းစာတမ်းရှိသည့်အတိုင်းရေးသားအပ်သည်။

၅၉-သာရတ္ထသင်္ဂဟ ကျမ်းအလို ကုဋ္ဌ ကိန္နရီမ၏ သား
အတ္တဇဇယောနိဖြင့် ပဋိသန္ဓေနေသော တိဿ သုမိတ္တ မထေရ်ညီနောင်
နှစ်ယောက် ဝတ္ထုနှင့်တကွ ဇလာဗုဇ ယောနိအကြောင်း

ရှေးအခါဝယ် ပါဠိလိပုတ်ပြည်၌ တောလည် မုဆိုး တယောက်သည် တော၌ လှည့်ပတ်သော် ကုဋ္ဌ အမည်ရှိသော ကိန္နရီမနှင့် ပေါင်းဖော်ခြင်းကိုပြု၏၊ ထိုကိန္နရီမသည် မုဆိုးနှင့် ပေါင်းဖော်ခြင်းကို စွဲ၍ သား နှစ်ယောက်ကိုဖြစ်စေ၏၊ အကြီးကား တိဿမည်၏၊ အငယ်ကား သုမိတ္တ မည်၏၊ ထိုညီနောင် နှစ်ယောက်တို့သည် အရွယ်ရောက်သော အခါ မဟာဝရုဏ မထေရ်၏အထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန် သည်ဟု မဟာဝင်၌ဆိုသည်၊ ထိုညီနောင် နှစ်ယောက်တို့သည် ငှက်မ၏ သားဖြစ်သောကြောင့် ဥမှ ဖွားတန်ရာ၏ ဟူသော အတွေး အထင်ဖြင့် သာရတ္ထသင်္ဂဟ၌....

သာ တေန သံဝါသ မန္ဝာယ ဒွေအဏ္ဍာနိ ဝိဇာယိ—ဟုဆိုသည်။
သာ—ထို ကိန္နရီမသည်။ တေန၊ ထိုမုဆိုးနှင့်။ သံဝါသံ၊ ပေါင်းဖက် ခြင်းကို။ အန္ဝာယ၊စွဲ၍။ ဒွေအဏ္ဍာနိ၊ နှစ်လုံးသော ဥတို့ကို။ ဝိဇာယိ၊ ဖွား၏။

ငှက်မ၏ သားဖြစ်သော်လည်း အဏ္ဍဇ ဖြစ်ကြောင်းကို မဟာဝင်၌ မလာ၊ "သာ ပုတ္တေ ဇနယိ ဒုဝေ" ဟု သာမညသာ လာသောကြောင့် အဏ္ဍဇဟု ကေန်မသိသာ၊ (လူတို့ ဇလာဗုဇ ယောနိဖြင့် ပဋိသန္ဓေနေသည် မှာ ထင်ရှားလှသည်ဖြစ်၍ ဝတ္ထုသက်သေ မပြသာပြီ။)

---

၆၀-ယောနိလေးပါးတို့တွင် သတ္တဝါတို့၏ သံသေဒဇယောနိဖြင့်
ပဋိသန္ဓေနေရာ၌ ထုတ်ဆောင်အပ်သော ပဒုမဝတီ မိဖုရားနှင့်
သားတော်ငါးရာတို့ ဝတ္ထု

လူတို့ သံသေဒဇ ပဋိသန္ဓေ နေသည်မှာ....လွန်လေပြီးသော အခါဝယ် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ ဘုရားသခင်သည် လူဟွင်ထင်ရှား ဘုရား ဖြစ်တော် မူသေ‌းအခါ ဟံသာဝတီပြည်၌ အမျိုးသမီး တယောက်သည် သဗ္ဗညု ဘုရားတရားတော်ကို ကြားနာရတွင် ဘုရားသခင်သည် ဘိက္ခုနီမ တယောက်ကို တန်ခိုးကြီးသော အရာ၌ တေဒဂ် ထားတော်မူသည်ကို

မြင်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသောသံဃာတော်အား အလှူကြီးကို ပေး၍ ထိုဗုဒ္ဓမန္တအရာထူးကို ဆုတောင်း၏၊ ထိုအမျိုးသမီးသည် ထိုဘဝ၌ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြု၍ ကမ္ဘာတသိန်း ပတ်လုံး လူနတ်တို့၌ ကျင်လည်ပြီးမှ ဤဘဒ္ဒကပ်ကမ္ဘာ၀ယ် ကကုသန်, ကောဏာဂုံ ဘုရားနှစ်ဆူတို့နောက် ကဿပဘုရား လက်ထက်တော်၌ ဗာရာဏသီပြည်တွင် ကိကီအမည်ရှိသော မင်း၏အိမ်၌ ပဋိသန္ဓေယူ၍ ညီအစ်မခုနစ်ယောက်တွင် အကျုံး၀င်လျက် အနှစ် နှစ်သောင်းပတ်လုံး ကောမာရဗြဟ္မစရိယကို ဖြည့်ကျင့်၍ ရဟန်း၊ သံဃာတော်အား ပရိဝုဏ်ကို ပြုပြင်ပြီး၍ နတ်ပြည်၌ ဖြစ်လေ၏။

ကိကီမင်း၏ သမီးတော် ခုနစ်ယောက်၏ အမည်ကို ဝေဿန္တရာဇာတ် အပဒါန် ပါဠိတို့၌ လာသည်ကား....

သမဏီ သမဏဂုတ္တာစ, ဘိက္ခုနီ ဘိက္ခုဒါယိကာ၊
ဓမ္မာစေဝ သုဓမ္မာစ, သတ္တမီ သံဃဒါယိကာ။

ဟု လာ၏၊ အနက်ကား သိသာ၏။

ငါတို့ဘုရား လက်ထက်တော်၌ ထိုမင်းသမီး ခုနစ်ယောက်တို့၏အမည်ကား....

ခေမာ ဥပ္ပလဝဏ္ဏာစ, ပဋာစာရီစ ဂေါတမီ၊
ဓမ္မဒိန္နာ မဟာမာယာ, ဝိသာခါစာပိ သတ္တမီ....ဟု လာ၏၊
(အနက်သိသာ၏။)

ထိုအမျိုးသမီးသည် နတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ လာသည်ရှိသော် ရွာတခု၌ လက်အမှုဖြင့် အသက်မွေးသော အမျိုး၌ ဖြစ်၏၊ တနေ့သ၌ လယ်စောင့်ယာတဲသို့ သွားသည်ရှိသော် ခရီးအကြား၀ယ် အိုင်တခုတွင် နံနက်စောစော ပွင့်သော ပဒုမာကြာပန်းကို မြင်လျှင် ထိုအိုင်သို့ ဆင်း၍ ကြာပန်းကိုလည်းကောင်း,ပေါက်ပေါက်ထည့်ခြင်းအကျိုးငှာ ပဒုမာကြာဖက်ဘူ့ကိုလည်းကောင်းယူ၍လယ်၌ သလေးနှံတို့ကိုဖြတ်ပြီးလျှင် တဲ၌ထိုင်၍ ပေါက်ပေါက်တို့ကို ပေါ့်ပြီးမှ ငါးရာသောပေါက်ပေါက်တို့ကိုရေတွက်၍ နေ၏၊ ထိုအခါ ဂန္ဓမာဒနတောင်၌နိရောဓသမာပတ်မှ ထသော ပစ္စေကဗုဒ္ဓါတဆူသည်လာ၍ထိုဒါယိကာမ၏အနီး၌ရပ်၏၊ဒါယိကာမလည်းပစ္စေကဗုဒ္ဓါကိုမြင်လျှင် ရှင်လန်းသဖြင့် ပန်းပေါက်ပေါက် တို့နှင့်တကွ ပဒုမာ

ကြာပန်းကိုယူ၍ လယ်ထဲမှ ထွက်ပြီးလျှင် အရှင် ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထည့်၍ ပဒုမ္မာကြာပန်းဖြင့် သပိတ်ကိုဖုံး၍လှူ၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါသည် အတန်ငယ် ကြွပြီးမှ ဒါယိကာမအား အကြံ ဖြစ်သည်ကား ရဟန်းတို့ မည်သည် ပန်းဖြင့် အလိုမရှိကုန်၊ ငါသည် ကြာပန်းကို ယူ၍ ပန်အံ့ဟု အကြံဖြစ်၍ ပစ္စေကဗုဒ္ဓါ၏ လက်မှ ကြာပန်းကိုယူ၍ တဖန် ကြံပြန်၏၊ အကယ်၍ အရှင်သည် ကြာပန်းဖြင့် အလိုမရှိငြားအံ့၊ သပိတ်ပေါ်ဝယ် တင်ထားခြင်းငှာ မပေးရာ၊မချွတ်လျှင် အရှင်ဘုရားအား ကြာပန်းကား အကျိုးရှိသည်ဖြစ်လတ္တံ့ဟုကြံ၍ တဖန်ယူပြီးမှ သပိတ်ပေါ်တွင်တင်ထား ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါအား ကန်တော့၍ ''အရှင်ဘုရား....ဤပေါက် ပေါက်တို့ကို လှူရသော အကျိုးအားဖြင့် ပေါက်ပေါက် အရေအတွက် အားဖြင့် အကျွန်ုပ်အား သားတို့သည် ဖြစ်ပါစေကုန်, ပဒုမ္မာကြာပန်း လှူရသော အကျိုးအားဖြင့် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ ဖဝါးလှမ်းတိုင်း လှမ်းတိုင်း ပဒုမ္မာကြာပန်းတို့သည် အကျွန်ုပ်အား ပေါက်ပါစေ ကုန်သတည်း''ဟု ဆုတောင်း၏။

ဣမေသံ မေ ဘန္တေ လာဇာနံ နိဿန္ဒေန လာဇ ဂဏနာယ
ပုတ္တာ အဿု၊ ပဒုမပုပ္ဖနိဿန္ဒေန နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ပဒေ ပဒေ
ပဒုမ ပုပ္ဖာနိ ဥဋ္ဌဟိံသူတိ ပတ္ထနမကာသိ။

(အင်္ဂုတ္တရအဋ္ဌကထာ)

ဘန္တေ၊အရှင်ဘုရား။ မေ၊အကျွန်ုပ်အား။ ဣမေသံ လာဇာနံ၊ ဤ ပေါက်ပေါက် ငါးရာတို့၏။ နိဿန္ဒေန၊ အကျိုးဆက်အားဖြင့်။ လာဇ ဂဏနာယ၊ ပေါက်ပေါက် အရေအတွက်အားဖြင့်။ ပုတ္တာ၊ သားတို့သည်။ အဿု၊ဖြစ်ပါစေကုန်။ ပဒုမပုပ္ဖနိဿန္ဒေန၊ ပဒုမ္မာကြာပန်း၏ အကျိုးဆက်အားဖြင့်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ ပဒေပဒေ၊ ဖဝါးလှမ်းတိုင်း လှမ်းတိုင်း၊ပဒုမပုပ္ဖာနိ၊ပဒုမ္မာကြာပန်းတို့သည်။ဥဋ္ဌဟိံသု၊ ပေါက်ပါစေကုန်။ ဣတိ၊ဤသို့။ ပတ္ထနံ၊ဆုတောင်းခြင်းကို။ အကာသိ၊ ပြု၏။

ပစ္စေကဗုဒ္ဓါအရှင်လည်း ထိုဒါယိကာမကို မြင်စဉ်ပင်လျှင် ကောင်းကင် ဖြင့် ဂန္ဓမာဒနတောင်သို့ကြွသွား၍ ထိုပဒုမ္မာကြာပန်းကို နန္ဒမူလိုဏ်ကျောင်း ဝယ် ပစ္စေကဗုဒ္ဓါတို့၏ နင်းရာ စောင်းတန်း အနီးအပါး၌ ခြေသုတ်ပြု၍ ထား၏။

ထိုဒါယိကာမသည်လည်း ထိုကောင်းမှု၏ အကျိုးအာနိသင်ကြောင့် နတ်ပြည်တွင် ပဋိသန္ဓေ နေ၍၊ ဖြစ်သောကာလမှ စ၍ ထိုဒါယိကာမ၏ ဘဝါးလှမ်းတိုင်းလှမ်းတိုင်း ပဒုမာကြာပန်းသည် ပေါက်၏၊ ထိုဒါယိကာမ သည် နတ်ပြည်မှစုတေလေသော် တောင်ခြေတွင် ပဒုမာကြာအိုင်တခုဝယ် ပဒုမာကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေနေ၏၊ ထိုကြာအိုင်ကိုမှီ၍ ရသေ့ တယောက်လည်းနေ၏။ ထိုရသေ့သည် နံနက် စောစော မျက်နှာသစ်အံ့ သောငှာ ကြာအိုင်သို့သွားလေလျှင် ထိုကြာပန်းကို မြင်၍ ဤပန်းကား အခြားပန်းတို့ထက် ကြီးသည်၊ အခြားပန်းတို့ကား ကားကားစွင့်စွင့် ပွင့် လေပြီ၊ ဤပန်းကား ငုံလျက်သာရှိ၏။ တစုံတခု အကြောင်းဖြစ်ကောင်းရာ၏ ဟု ကြံ၏၊ ယင်းသို့ကြံပြီးမှ ရေသို့ဆင်း၍ ထိုပန်းကို ယူ၏၊ ရှင်ရသေ့သည် ယူကာမျှဖြင့် ပွင့်ရာ၊ ကြာတိုက်အတွင်း၌ အိပ်နေသော သူငယ်မကို မြင်လေ ၏။ မြင်သောကာလမှစ၍ သမီး၏ ချစ်ခြင်းကို ရ၍ ပဒုမာကြာပန်းနှင့်တကွ သင်္ခမ်းသို့ဆောင်၍ ညောင်စောင်း၌လျောင်းအိပ်စေ၏။ ထိုအခါ သတို့ သမီး ၏ ကောင်းမှုအာနုဘော်ကြောင့် ရသေ့၏ လက်ချောင်းမှ နို့ ရည်ထွက်၏၊ ရှင်ရသေ့လည်း ထိုပန်းညှိုးလျှင် သည့်ပြင် အသစ်ပန်းကို ယူဆောင်၍ သတို့သမီးကိုအိပ်စေ၏။ ထိုအခါ သတို့သမီး၏ ရွှေ ရှုခပြုးခြင်း ထိုမှ ဤမှပြေး ခြင်းဖြင့် ကစားမြူးထူးခြင်းငှာ စွမ်းနိုင်သောကာလမှစ၍ ဘဝါးလှမ်းတိုင်း လှမ်းတိုင်း ပဒုမာကြာပန်းပေါက်၏၊ ဆုန်းမှုန့် အစုကဲ့သို့ ထိုသတို့သမီး၏ ကိုယ်အဆင်းရှိ၏။ ထိုသတို့သမီးသည် အရွယ်သို့ရောက်သည်ရှိသော် လူတို့၏ အဆင်းကိုလွန်လျက် နတ်၏အဆင်းနှင့်တူသော အဆင်းရှိ၏၊ ထိုသတို့သမီး သည် အဖရသေ့ သစ်သီးကြီးငယ်အလို့ငှာ သွားသော် သင်္ခမ်းကျောင်း၌ နေရစ်၏။ ထိုအခါ တနေ့သ၌ သတို့သမီး၏ အရွယ်ရောက်သည့်ကာလ အဖရသေ့ သစ်သီးရှာသွားသည့်နောက် မုဆိုးတယောက် ရောက်လာ၍ သတို့သမီးကိုမြင်လျှင် လူဟူ၍ ဤသို့အဆင်းလှသောသူမည်သည် မရှိ စုံစမ်း အံ့ဟုကြံ၍ ရသေ့လာခြင်းကို ငံ့လင့်လျက်နေ၏၊ သတို့သမီးလည်း အဖ လာလျှင် ခရီးရင်ဆိုင် သွား၍ အဖ၏ လက်မှ ထမ်းပိုး,ကရားတို့ကိုယူ၏။ လာ၍ထိုင်သော အဖအား မိမိသည် ပြုအပ်သော ဝတ်ကို ပြု၏။ ထိုအခါ မုဆိုးသည် လူ၏အဖြစ်ကိုသိ၍ ရသေ့အား ရှိခိုးလျက်နေ၏။ ရသေ့လည်း မုဆိုးကို သစ်သီး, သောက်ရေတို့ဖြင့် ဖိတ်၍ "အိုဒါယကာကြီး....ဤ တောထဲ၌နေလတ္တံ့လော၊ ယင်းသို့မဟုတ် သွားမည်လော" ဟု မေး၏။ "သွားပါမည်အရှင်၊ ဤတွင်နေ၍ အဘယ်အကျိုးရှိအံ့နည်း" ဟု လျှောက်

၏၊ သင်သည် မြင်အပ်သော ဤအကြောင်းကို သူတပါးတို့အား မကြားမူ၍ စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်ပါမည်လော”ဟု မေး၏၊ “အကယ်၍ အရှင်ဘုရားအလိုရှိငြားအံ့၊ အဘယ့်ကြောင့်ကြားအံ့နည်း၊ စောင့်ရှောက်ပါအံ့”ဟု ဆို၍ရှင်ရသေ့ကိုရှိခိုးပြီးလျှင် ပြန်၍လာသောအခါ ခရီးအမှတ်ကို သိစေခြင်းငှာ သစ်ခက် သစ်ပင်အမှတ်ကိုပြုလျက် ပြန်ခဲ့၏၊ မုဆိုးလည်း ဗာရာဏသီပြည်သို့သွား၍ မင်းအား ဖူးမြင်လေသော် မင်းက“အဘယ့်ကြောင့် လာသနည်း”ဟု မေးလျှင် “အရှင်မင်းကြီး....အကျွန်ုပ်ကား တောသွားမုဆိုးပါ၊ တောင်ခြေတွင် အရှင်မင်းကြီးတို့နှင့် ထိုက်သော အံ့ဖွယ်သရဲရှိသောမိန်းမရတနာကို တွေ့မြင်ခဲ့ပါသည်”ဟု အကြောင်းကို မင်းအားလျှောက်၏၊ မင်းလည်း ထိုစကားကို ကြားသော် လျင်မြန်စွာ တောင်ခြေသို့သွား၏၊ ရသေ့သင်္ခမ်း အနီးအပါး၌ သစ်တပ် တည်ပြီးလျှင် မုဆိုးနှင့်တကွ ရသေ့ထံသို့သွား၍ စကားပြောဟောလျက် သင့်တင့်ရာ အရပ်ကနေ၏၊ မင်းလည်း အရှင်ရသေ့အား များစွာသော ရသေ့ပရိက္ခရာတို့ကို ခြရင်း၌ထား၍ “အရှင်ဘုရား.... ဤ တောအရပ်ဝယ် အဘယ် ပြုအံ့နည်း၊ သွားကုန်အံ့”ဟု ဆို၏၊ “သွားတော့”ဟု ရသေ့ကဆိုသော် မင်းလည်း “အရှင်ဘုရား.... အကျွန်ုပ်မူကား သွားပါအံ့၊ အရှင်ဘုရား၏ အနီး၌ ဝိသဘာဂပရိသတ်ရှိ၏ဟု ကြားပါသည်၊ ဤပရိသတ်သည် ရဟန်းရသေ့တို့အားမလျော်ကပ်ပါ၊ တကာကော်နှင့် အတူတကွ လိုက်ပါစေ” ဟု ဆို၏၊ “မင်းကြီး....လူတို့၏စိတ်မည်သည်ကား ပျက်၏၊ များစွာသော လူတို့၏ အလယ်တွင် ဤသူငယ်မသည် အဘယ်သို့ နေရလတ္တံ့နည်း”ဟု ဆို၏၊ မင်းလည်း“အရှင်ဘုရားတို့ အလိုရှိသော ကာလမှစ၍ ကြွင်းသော မိန်းမတို့၏အကြီးအရာဝယ် ဤသူငယ်မကို ထားပါအံ့”ဟု ဆို၏၊ရှင်ရသေ့လည်း မင်း၏စကားကိုကြားလျှင် ငယ်စဉ်ကာလကမှည့်အပ်သော အမည်နာမ၏ အစွမ်းဖြင့် ပဒုမဝတီဟု သမီးကိုခေါ်၏၊ သမီးလည်း တခွန်းသော စကားဖြင့် ကျောင်းသင်္ခမ်းမှ ထွက်လာ၍ အဖကို ရှိခိုးလျက် တည်၏၊ ထိုအခါ အဖရသေ့က သမီးကို“ချစ်သမီး....သင်သည် ဤတောအရပ်တွင် မင်းမြင်သောကာလမှစ၍ နေခြင်းငှာမသင့်၊ မင်းနှင့်တကွ လိုက်လော့”ဟု ဆို၏၊ သမီးလည်း အဖစကားကိုဝန်ခံ၍ အဖကိုရှိခိုးပြီးလျှင် ငိုယိုလျက်သာ လိုက်ရှာလေ၏၊ မင်းလည်း ဤသဘို့သမီး၏ ဖခင်စိတ်ကို နှစ်သက်စေအံ့ဟု နှလုံးပြု၍ ထိုတောအရပ်၌ပင် အပြောစုထက် တင်ထား၍ အဘိသိက် သွန်းခြင်းကိုပြု၏၊ ထိုသတို့သမီးကိုယူ၍ မိမိပြည်သို့ပြန်လာပြီးလျှင် ရောက်

သောအခါမှစ၍ တပါးသော မိန်းမတို့အား မငဲ့မကြည့်ပဲ ထိုသတို့သမီးနှင့်သာ မွေ့လျော်ပျော်ပါး၏၊ ယင်းသို့ ပျော်ပါးလျှင် ထိုမိန်းမတို့သည် ပြုစုစောင့်ရှောက်ရ မြောင်းရကား မင်း၏အကြား၌ ထိုသတို့သမီးကို ကုန်းတိုက်၍ ဖျက်ဆီးလိုသောကြောင့် "အရှင်မင်းကြီး....ဤသူကား လူစစ် မဟုတ်၊ လူတို့အား သွားရာဝယ် ပဒုမ္မာကြာပန်း ပေါက်ရောက်သည်ကို အဘယ်တွင် အရှင်မင်းကြီးတို့ မြင်ဖူးသနည်း၊ မချွတ်လျှင် ဤသူကား လူမဟုတ်၊ ဘီလူးမတည်း၊ ထိုသူ့ကိုနှင်ထုတ်ပါ" ဟု ဆိုကြကုန်၏၊ မင်းလည်းထိုမိန်းမတို့ စကားကိုကြား၍ မည်သို့မျှမဆိုပဲ ဆိတ်ဆိတ်သာနေ၏၊ နောင်အခါ ထိုမင်းအား ပစ္စန္တရစ်သောင်းကျန်း ပုန်ကန်သောကြောင့် ရင့်မာသော ကိုယ်ဝန်ရှိသော ပဒုမဝတီကို နန်းဝယ်ထားပြီးလျှင် ပစ္စန္တရစ်ကို စစ်ချီလေ၏၊ ထိုအခါ ထိုမိန်းမတို့သည် ပဒုမဝတီ၏ အလုပ်အကျွေး အထိန်းအား တံဆိုးလက်ဆောင် ပေးပြီးလျှင် "သင်၏ သခင်မ သားဖွားကာမျှဝယ် သားငယ်ကိုပယ်၍ သစ်တုံးတခုကို သွေးဖြင့် လိမ်းကျံလျက် သခင်မ အထံဝယ် ထားလော့" ဟု ဆိုကုန်၏၊ ပဒုမဝတီလည်း မကြာမြင့်ခင် သားဖွားလေ၏၊ မဟာပဒုမမင်းသား တယောက်သာ ဝမ်းမှာ ဇလာဗုဇ် ပဋိသန္ဓေနေသည်၊ ကြွင်းသော တယောက်ယုတ် ငါးရာတို့ကား မဟာပဒုမမင်းသား အမိဝမ်းမှဖွား၍ အိပ်သောကာလ သံသေဒဇ ပဋိသန္ဓေနေလျက် ဖြစ်ကုန်၏။

မဟာပဒုမ ကုမာရော ဧကကောဝ ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ၊ အဝသေသာ ဧကူန ပဉ္စသတာ ဒါရကာ မဟာပဒုမ္မ ကုမာရဿ မာတုကုစ္ဆိတော နိက္ခမိတွာ နိပန္နကာလေ သံသေဒဇာ ဟုတွာ နိဗ္ဗတ္တိံသု။

(ထေရီအဋ္ဌကထာ)

မဟာပဒုမ ကုမာရော၊ မဟာပဒုမ မင်းသားသည်။ ဧကကောဝ၊ တယောက်အထီးတည်းသာလျှင်။ ကုစ္ဆိယံ၊ အမိဝမ်း၌။ ပဋိသန္ဓိံ၊ ဇလာဗုဇ ပဋိသန္ဓေကို။ ဂဏှိ၊ ယူ၏၊ အဝသေသာ၊ ကြွင်းကုန်သော။ ဧကူန ပဉ္စသတာ၊ တယောက်ယုတ် ငါးရာကုန်သော။ ဒါရကာ၊ သူငယ်တို့သည်။ မဟာပဒုမ ကုမာရဿ၊ မဟာပဒုမ မင်းသား၏၊ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမိတွာ၊ ထွက်၍၊ နိပန္နကာလေ၊ လျောင်းသောကာလ၌။ သံသေဒဇာ၊ သံသေဒဇ ပဋိသန္ဓေနေကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။

ထိုအခါ ဤပဒုမဝတီသည် သတိမရသေးဟု သိ၍ အလုပ်အကျွေး အထိန်းသည် သစ်တုံးတခုကိုသွေးဖြင့်လိမ်းကျံပြီးမှအနီး၌ထား၍ထိုမိန်းမ တို့အား အမှတ်ကိုပေး၏။ ထိုငါးရာသော မိန်းမတို့သည်လည်း အသီး အသီး သူငယ် တယောက်တယောက်ကို ယူပြီးလျှင် ပန်းပွတ်သမားအထံ သို့စေ၍ ကြုတ်ကို ဆောင်ယူစေပြီးသော် မိမိတို့ယူသော သူငယ်တို့ကို ကြုတ်၌အိပ်စေ၍ အပ၌တံဆိပ်ခတ်ပြီးမှ ထားကြကုန်၏။ ပဒုမဝတီလည်း သတိရ၍ အလုပ်အကျွေး အထိန်းကို "အဘယ်ဖွားသနည်း ရှင်မ"ဟု မေး၏။ ထိုအထိန်းလည်းခြိမ်းပြီးလျှင် "သင့်အားသူငယ်သည် အဘယ်မှာ ရအံ့နည်း"ဟုဆို၍ "ဤသည်ကား သင့်ဝမ်းမှဖွားသောသူငယ်တည်း"ဟု သွေးလိမ်းကျံ၍ထားသောသစ်သားတုံးကိုရွှေ့၍ထား၏။ ပဒုမဝတီလည်း သစ်တုံးကို မြင်လျှင် နှလုံးမသာယာခြင်းသို့ ရောက်ရကား "လျင်မြန်စွာ ခွဲ၍ မီးထဲ၌ပစ်ပါချေ၊ အကယ်၍ တစုံတယောက်သောသူသည် မြင်ငြား အံ့၊ ငါ့အား ရှက်ဖွယ်သာ"ဟုဆို၏။ ထိုအထိန်းလည်း ပဒုမဝတီ၏ စကား ကိုကြား၍ အစီးအပွားကို အလိုရှိသကဲ့သို့ သစ်တုံးကိုခွဲပြီးလျှင် မီးထဲ၌ ထည့်လေ၏။ မင်းလည်း ပစ္စန္တရစ်မှ ပြန်လာ၍ အခါနက္ခတ် မြော်၍ မြို့တော်မှ အစာယ် သစ်တပ်ဖွဲ့လျက်နေ၏။ ထိုအခါ ငါးရာသောမိန်းမ တို့လည်း မင်းအားခရီးဦးကြိုဆိုလာ၍ လျှောက်ကုန်၏။ "အရှင်မင်းကြီး၊ သင်ကား ငါတို့စကားကိုမယုံ၊ ငါတို့ကား အကြောင်းမဲ့ဆိုသကဲ့သို့ရှိ၏။ ပဒုမဝတီ အထိန်းကိုခေါ်၍ မေးတော်မူပါ။ အရှင်မင်းကြီး၏ မိဖုရားကား သစ်တုံးကို ဖွားသည်"ဟု လျှောက်ကုန်၏။ မင်းလည်း ထိုအကြောင်းကို မစုံစမ်းပဲ ဘီလူးမအစစ်ဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပဒုမဝတီကို မင်းအိမ်မှ နှင်ထုတ်၏။ ပဒုမဝတီအား မင်းအိမ်မှ ဆင်းသွားသည်နှင့် တကွ ပဒုမာ ကြာပန်းတို့သည် ကွယ်ကုန်၏။ ကိုယ်ရေ အဆင်းလည်း မထင်မရှားသာ ဖြစ်၏။ ပဒုမဝတီလည်း တယောက်ထီးတည်း ခရီးအကြား၌ သွားရှာ၏။ ထိုအခါ အရွယ်တန်ပြီးဖြစ်သော အမယ်ကြီးတယောက်သည် ပဒုမဝတီကို မြင်၍ ချစ်ခင်သောစိတ်ကို ဖြစ်စေလျက် "ချစ်သမီး.... အဘယ်သွားမည် နည်း"ဟုမေး၏။ "မိခင် အာဂန္တုပါ၊ တည်းခိုရာအိမ်တခုကိုကြည့်ရှုလျက် လှည့်လည်ပါသည်"ဟု ဆို၏။ "ယင်းသို့တပြီးကား ချစ်သမီး....ဤအိမ်သို့ လာပါ"ဟုဆို၍ တည်းခိုရာပေးပြီးလျှင် ထမင်းခဲဖွယ်ဖြင့်ကျွေး၏။

ပဒုမဝတီအား ဤသို့သောအမှတ်ဖြင့် ထိုအရပ်၌ နေသည်ရှိသော် ထို ငါးရာသောမိန်းမတို့သည် တူသောစိတ်ရှိရကား မင်းအား လျှောက်ကား

ကုန်၏။ အရှင်မင်းကြီး သခင်မင်းကြီးတို့သည် စစ်ချီသွားကုန်သည်ရှိသော် ငါတို့သည် ဂင်္ဂါနတ်အား အကယ်၍ ငါတို့မင်းသည် အောင်အပ်သော စစ်မြေရှိသည်ဖြစ်၍ ပြန်လာငြားအံ့၊ သင့်အား ဗလိနတ်စာပေး၍ရေကစား ခြင်းကိုပြုပါကုန်အံ့ဟု ဝန်ခံအပ်သော ပဋိညာဉ်သည် ရှိ၏။ ထိုပဋိညာဉ်ကို ဖြေပါကုန်အံ့ဟု လျှောက်ကုန်၏။ မင်းလည်း ထိုမိန်းမတို့၏ စကားဖြင့် နှစ်သက်ရကား ဂင်္ဂါမြစ်ဝယ် ရေကစားခြင်းငှာ သွားလေ၏။ ထိုမိန်းမတို့ လည်းမိမိတို့ယူအပ်သောကြုတ်တို့ကို ဖုံးအုပ်၍ယူပြီးလျှင် မြစ်ပြင်ရေထဲ၌ စွန့်ပစ်ကြကုန်၏။ ထိုငါးရာသော ကြုတ်တို့သည်လည်း အတူတကွမျော သွား၍အောက်အကြောဝယ် ဖြန့်အပ်သော ကွန်ရက်၌ ငြိကုန်၏။ ရေကစား ပြီး၍ မင်းသည် ရေမှတက်သောအခါ ကွန်ရက်ကို ရုပ်ကုန်သည် ရှိသော် ထိုကြုတ်တို့ကိုမြင်၍ မင်းအားဆက်ကုန်၏။ မင်းလည်း ကြုတ်ကိုမြင်၍ "အချင်းတို့.... ကြုတ်တို့ဝယ် အဘယ်နည်း"ဟု မေး၏။ "မသိပါကုန်"ဟု လျှောက်လတ်သော် မင်းလည်း ကြုတ်တို့ကို ဖွင့်စေ၍ ကြည့်လေလျှင် ရှေးဦးစွာ မဟာပဒုမမင်းသား၏ ကြုတ်ကို ဖွင့်စေ၏။ ထိုငါးရာသော မင်းသားတို့၏ ကြုတ်တို့ဝယ် အိပ်စေအပ်သောနေ့၌ပင် ပုညိဒ္ဓိ အားဖြင့် လက်မှနို့ရည်ထွက်၏။ သိကြားမင်းလည်း မင်း၏ယုံမှားကင်းစိမ့်သောငှာ ကြုတ်တွင်းမှာ အက္ခရာတို့ကိုရေးစေ၏။ "ဤမင်းသားတို့ကား ပဒုမဝတီ မိဖုရားဝမ်းတွင်း၌ ဖြစ်ကုန်သော ဗာရာဏသီမင်း၏ သားတော်တို့တည်း။ ထိုအခါ ထိုမင်းသားတို့ကို ပဒုမဝတီ၏ရန်သူ လင်တူ မယားဖြစ်ကုန်သော ငါးရာသော မိန်းမတို့သည် ကြုတ်တို့၌ထည့်၍ ရေတွင်ပစ်ချကုန်၏။ ဤ အကြောင်းကို မင်းသည် ယုံမှားမရှိစေသတည်း"ဟု အက္ခရာတို့ကို ရေးစေ၏၊ မင်းလည်း ကြုတ်တို့ကိုဖွင့်စေကာမျှ၌ အက္ခရာတို့ကို ဖတ်စေ၍ သူငယ်တို့ကို မြင်လျှင် မဟာပဒုမမင်းသားကိုချီ၍ "လျင်မြန်စွာ ရထား၌ မြင်းများကို ကကြကုန်၊ ငါကား ယနေ့ မြို့တွင်းသို့ဝင်ပြီးလျှင် အချို့ သောမိန်းမတို့အား ဆုပေးရမည်"ဟုဆို၍ မြို့တွင်းသို့ဝင်ပြီးမှ ပြာသာဒ် ထက်သို့ တက်ပြီးသော် ဆင်ကျောက်ကုန်း၌ အသပြာ ထောင်ထုပ်ကို တင်ပြီးလျှင် 'အကြင်သူသည် ပဒုမဝတီကိုမြင်၏၊ ထိုသူတို့သည် အသပြာ ထောင်ထုပ်ကို ယူစေ"ဟု စည်လည်စေ၏။ ထိုစကားကို ကြား၍ ပဒုမဝတီသည် အမိအား "မိခင်.... ဆင်ကျောက်ကုန်းမှ အသပြာ ထောင်ထုပ်ကိုယူပါ"အမှတ်သညာကိုပေး၏။ "ချစ်သမီး....ငါကား ဤသို့ သဘောရှိသော ဥစ္စာထုပ်ကို ယူခြင်းငှာ မဝံ့ပါ"ဟု ဆို၏။ ထိုနည်းတူ

နှစ်ကြိမ်မြောက် သုံးကြိမ်မြောက် လည်းကောင်း ပဒုမဝတီကို ဆိုလတ်သော် "အဘယ်သို့ ဆို၍ ယူရမည်နည်း"ဟု မေး၏၊ "ငါ့သမီးသည် ပဒုမဝတီကိုမြင်၏ဟုယူ၍ဆိုပါ"ဟုဆို၏၊အမယ်ကြီးလည်းဟူးဟူးငြားငြား ဖြစ်လိုရာ ဖြစ်စေတော့ဟု သွား၍ အသပြာ ထောင်ထုပ်ကို ယူလေ၏၊ ထိုအခါ အမယ်ကြီးကို လူတို့က "မိခင်သည် ပဒုမဝတီကို မြင်၏လော"ဟု မေးကုန်၏၊ "ငါကားမမြင်၊ ငါ့သမီးမြင်ပါ၏"ဟု ဆို၏၊ "သင်၏သမီးကား အဘယ်မှာနည်း"ဟု မေးပြီးလျှင် ထိုအမယ်ကြီးနှင့် တကွ သွားသော် ပဒုမဝတီမိဖုရားတည်းဟု သိ၍ အမယ်ကြီး၏အမှုသည် ဝန်လေးစွတကား မင်း၏မိဖုရားဖြစ်လျက် ဤသို့ သဘောရှိသော အရပ်၌ အစောင့်အရှောက် ကင်း၍နေသည်ဟု ဆို၏၊မင်းချင်းတို့လည်း ပဒုမဝတီ၏ အိမ်ကို တင်းထိမ် ကန့်လန့်ကာတို့ဖြင့် ကာရံစေ၍ တံခါး၌ အစောင့်အရှောက် ထားပြီးလျှင် မင်းအား ကြားလျှောက်ကုန်၏၊ မင်းလည်း ရွှေထမ်းစင်ကိုစေ၏၊ပဒုမတီလည်း "ဤသို့ဆိုကားမျှဖြင့် ငါမလိုက်၊ ငါ၏နေရာ အိမ်မှစ၍ မင်းအိမ်တိုင်အောင် ဤအတွင်း၌ မြတ်သော ဆန်းကြယ်သောအခင်းကို ခင်းစေ၍ အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ပုဆိုးဗိတာန်ကို ဖွဲ့လျက် တန်းဆာဆင်ခြင်းငှာ အလုံးစုံသော တန်းဆာတို့ကို စေအပ်သည်ရှိသော် ခြေဖြင့်သာ သွားအံ့၊ယင်းသို့သွားသည်ရှိသော် ပြည်သူတို့သည် ငါ့စည်းစိမ်ချမ်းသာကိုမြင်ရကုန်လတ္တံ့"ဟု ဆို၏၊မင်းလည်း "ပဒုမဝတီအလိုရှိတိုင်းပြုလော့"ဟု မင်းချင်းတို့ကိုစေ၏၊ထို့နောင်မှ ပဒုမဝတီသည်အလုံးစုံသော တန်းဆာတို့ဖြင့် တန်းဆာဆင်လျက် မင်းအိမ်သို့ သွားအံ့ဟု လမ်းခရီးကို သွား၏၊ ထိုအခါ ပဒုမဝတီ၏ နင်းရာအရပ်၌ မြတ်သော ပုဆိုးအခင်း ဆန်းကြယ်သော ပုဆိုးအခင်းတို့ကို ထွင်းဖောက်လျက် ပဒုမာကြာပန်းတို့သည် ပေါက်ကုန်၏၊ ပဒုမဝတီလည်း လူအပေါင်းတို့အား မိမိစည်းစိမ်ချမ်းသာကိုပြလျက် မင်းအိမ်သို့ တက်၍ အလုံးစုံသော အခင်းတို့ကို ထိုအမယ်ကြီးအား မွေးကျေးဇူး အဖိုးအခပြု၍ ပေး၏၊ မင်းလည်း ငါးရာသောမိန်းမတို့ကို ခေါ်စေ၍ "ဤမိန်းမတို့ကို သင့်အား ကျွန်ပြုစေခြင်းငှာ ငါပေး၏"ဟု ဆို၏၊ "အရှင်မင်းကြီး....ကောင်းပါပြီ၊ ဤမိန်းမတို့ကို ကျွန်တော်မအား ပေးအပ်သော အဖြစ်ကို အလုံးစုံသော တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့အား သိကြားပါစေ"ဟု ဆိုသော် မင်းလည်း ပဒုမဝတီအား ဖြစ်မှားသော ငါးရာသော မိန်းမတို့ကို ပဒုမဝတီအား

ကျွန်ပြုစေခြင်းငှာ ငါ့ပေးတော်မူ၏”ဟု တိုင်းပြည်၌ စည်လည်စေ၏၊ ပဒုမဝတီလည်း ထိုမိန်းတို့၏ ကျွန်အဖြစ်ကို မှတ်ကြပြီဟု သိ၍ “အရှင်မင်းကြီး....အကျွန်ုပ်၏ ကျွန်မတို့ကို တော်လှန်ခြင်းငှာ ရပါမည်လော”ဟု မေး၏၊ “မိဖုရား.... သင်၏ အလိုအားဖြင့် ပြုလော့” ဟု ဆိုသော် “ယင်းသို့တပြီးကား ထိုစည်လှည့်သမားကိုပင် ခေါ်တော်မူ၍ ပဒုမဝတီသည် မိမိအား ကျွန်ပြုစေခြင်းငှာ ပေးအပ်သော ငါးရာသောမိန်းမတို့ကို တော်လှန်ခြင်းငှာပြုအပ်၏ဟု တဖန် စည်လည်ပြန်ပါစေ” ဟု ဆို၏၊ မင်းလည်း စည်လည်ပြန်စေ၏၊ ပဒုမဝတီလည်း ထိုမိန်းမတို့အားတော်လှန်ခြင်းကို ပြုပြီးမှ တယောက်ယုတ် ငါးရာသော သားတော်ကို ထိုမိန်းမတို့အား မွေးကျွေးစေခြင်းငှာ အသီးအသီး ပေးအပ်၍ မိမိမူကား မဟာပဒုမ မင်းသားကိုယူ၏၊ နောက်အခါ ထိုမင်းသား ငါးရာတို့၏ ကစားနိုင်သော အရွယ်သို့ ရောက်လတ်သော် ခမည်းတော် ဗာရာဏသီမင်းသည် ဥယျာဉ်၌ အထူးထူးအပြားပြားသော ကစားရာဌာနတို့ကိုစီရင်တော်မူ၏၊ ထိုမင်းသားတို့လည်း မိမိတို့၏တဆယ့်ခြောက်နှစ်ရွယ်သို့ရောက်သောအခါ၌ တပေါင်း တစုတည်း ဥယျာဉ်ဝယ် ပဒုမာ ကြာဖြင့် ဖုံးလွှမ်းအပ်သော မင်္ဂလာ ရေကန်၌ ကစားကုန်လျက် အသစ်ဖြစ်သော ပဒုမာကြာတို့၏ ပွင့်ခြင်း, အဟောင်းဖြစ်သော ပဒုမာကြာတို့၏ ညှိုးနွမ်းခြင်းကို မြင်၍ အနုပါဒိန္နကဖြစ်သော ဤကြာပန်းအားလည်း ဤသို့ သဘောရှိသော ဇရာတရားသည် ရောက်တုံသေး၏၊ ဥပါဒိန္နကဖြစ်သော ငါတို့ကိုယ်အားကား ဆိုရာအဘယ်ရှိအံ့နည်း။

ဣမဿပိ တာဝ အနုပါဒိန္နကဿ ဧဝရူပါ ဇရာ ပါပုဏာတိ၊ ကိမင်္ဂပန အမှာကံ သရီရဿ။

(အင်္ဂုတ္တိုရ အဋ္ဌကထာ)

အနုပါဒိန္နကဿ၊ ဥပါဒိန္နက မဟုတ်သော။ ဣမဿပိ၊ ဤကြာပန်းအားလည်း ဧဝရူပါ၊ ဤသို့သဘောရှိသော။ ဇရာ၊ အိုခြင်းတရားသည်။ တာဝ ပါပုဏာတိ၊ရောက်တုံသေး၏။ အမှာကံ၊ငါတို့၏။ သရီရဿ ပန၊ ဥပါဒိန္နကခန္ဓာကိုယ်အားကား။ ကိမင်္ဂ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ဤ ဥပါဒိန္နက ခန္ဓာကိုယ်သည်လည်း အနုပါဒိန္နက ကြာပန်းနှင့် အလားတူ သည်သာလျှင်တည်းဟု အာရုံကို ယူ၍ အလုံးစုံ ငါးရာသော မင်းတို့သည် ပစ္စေကဗောဓိဉာဏ်ကိုဖြစ်စေလျက် ထ၍ထ၍ ပဒုမာကြာချက်တို့၌ တက်ဝယ်ဘွဲ့ခွေသဖြင့် နေကြကုန်၏၊ ထိုအခါ မင်းသားငါးရာတို့နှင့်

တကွ လာကြကုန်သော မင်းချင်းတို့သည် မိုးချုပ်သည်ကို သိ၍ "အရှင့်သားတို့— အချိန်ကာလကို ကြည့်ကြပါကုန်"ဟု ဆိုကုန်၏၊ မင်းသားတို့လည်း စကားမဆိုပဲ ဆိတ်ဆိတ်သာ နေကြကုန်၏၊ မင်းချင်းတို့လည်း "အရှင်မင်းကြီး.... သားတော်တို့ကား ပဒုမာကြာချက်တို့၌ နေကုန်လျက် အကျွန်ုပ်တို့စကားဆိုကုန်သော်လည်း နှုတ်မြွက်ခြင်းကို မပြုကြပါကုန်"ဟု မင်းကြီးအား ကြားကုန်၏၊ မင်းကြီးလည်းသားတော်တို့အား အလိုရှိတိုင်း နေခြင်းငှာ ပေးကြကုန်ဟု မိန့်တော်မူ၏၊ မင်းသားငါးရာတို့လည်း ညဉ့်၌ ယူအပ်သော အစောင့်အရှောက် ရှိကုန်သည်ဖြစ်၍ ပဒုမာကြာချက်တို့၌ ထိုင်သော အမှတ်ဖြင့်သာ နေအရုဏ်ကို တက်စေ၏၊ မင်းချင်းတို့လည်း မိုးသောက်လျှင် တဖန် ထပ်၍ "အရှင့်သားတို့.... သွားချိန်တန်ပြီ" ဟု ဆိုကြကုန်၏၊ ထိုအခါ "ငါတို့ကား မင်းသားမဟုတ်ကုန်၊ ပစ္စေကဗုဒ္ဓါတို့တည်း"ဟု ဆိုကုန်သော် "အရှင့်သားတို့ သင်တို့ကား ဝန်လေးသော စကားကို ဆိုကြကုန်၏၊ ပစ္စေကဗုဒ္ဓါတို့ မည်သည်ကား အရှင့်သားတို့နှင့် မတူကြကုန်၊ ကိုယ်၌ပရိက္ခရာရှစ်ပါး စွပ်ကုန်လျက် လက်နှစ်သစ်ခန့်သော ဆံကို ဆောင်ကုန်သည်"ဟု ဆိုသော် ထိုမင်းသားတို့လည်း လက်ယာလက်ဖြင့် ဦးခေါင်းကို သုံးသပ်ကုန်၏၊ ထိုခဏ၌ပင် လူ၏အသွင်သည် ကွယ်ပျောက်၍ ပရိက္ခရာရှစ်ပါးတို့သည် ကိုယ်၌စွပ်လျက် တည်ကုန်၏။ ထို့နောင်မှ လူအပေါင်းတို့မြင်စဉ် ကောင်းကင်ဖြင့် နန္ဒမူလိုဏ်ကျင်းသို့ ကြွတော်မူကြကုန်၏။

မယ်တော် ပဒုမဝတီလည်း သားများသောအမိဖြစ်လျက်နှင့် သားမဲ့ဖြစ်ရသည်ဟု နှလုံးစိုးရိမ်ခြင်းသို့ ရောက်၍ထိုစိုးရိမ်ခြင်းဖြင့်သာ သေလွန်သောကြောင့် ရာဇဂြိုဟ်ပြည် တံခါးရွာ၌ လက်ဖြင့် အမှုကိုပြု၍ အသက်မွေးသော အမျိုး၌ဖြစ်လေ၏၊ နောက် အခါအရွယ်ရောက်၍ လင့်နောက်သို့ ပါရသော်တနေ့သ၌ လယ်ထွန်သော လင်အား ယာဂုထမင်းကိုပို့ခြင်းငှာ သွားရာတွင် မိမိ၏သားဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့၏ အတွင်း၌ အကျုံးဝင်ကုန်သော ရှစ်ယောက်သော ပစ္စေက ဗုဒ္ဓါတို့ကို ဆွမ်း အလို့ငှာ ကောင်းကင် ခရီးဖြင့် သွားသည်ကို မြင်၍ လျင်မြန်စွာ သွားပြီးလျှင် "အမောင်.... ပစ္စေကဗုဒ္ဓါတို့ကို ရှုပါကုန်လော၊ ထို ပစ္စေက ဗုဒ္ဓါ တို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေးပါ ကုန်အံ့"ဟု ဆို၏၊ လင်လည်း "အဘယ်.... ဤ ရဟန်းအပေါင်းတို့ကား တပါးသော အရပ်၌လည်း ဤနည်းအတူ လှည့်လည် သွားလာကုန်၏၊ ထိုသူတို့ကား ပစ္စေကဗုဒ္ဓါ မဟုတ်ကုန်"ဟု

ဆို၏၊ ယင်းသို့ လင်မယားနှစ်ယောက်တို့၏ စကားဆိုစဉ်ပင် အရှင်ပစ္စေကဗုဒ္ဓါတို့လည်း အနီး၌ သက်ဆင်းကုန်၏၊ ထိုမိန်းမလည်း ထိုနေ့၌ မိမိ၏ ထမင်းခဲဖွယ် ဘောဇဉ်ကို အရှင်ပစ္စေကဗုဒ္ဓါတို့အား လှူပြီး၍ "နက်ဖြန်လည်း အရှင်ဘုရားရှစ်ပါးတို့သည် တပည့်တော်မ၏ ဆွမ်းကို ခံတော်မူကြပါကုန်ဟု လျှောက်၏၊ "ကောင်းပြီ ဥပါသိကာမ၊ သင်၏ပူဇော်သက္ကာရသည် ဤမျှရှစ်ပါးစသော ဖြစ်စေ၊ နေရာလည်းရှစ်ခုစသောဖြစ်စေကုန်၊ ငါတို့မှတပါး များစွာသော ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ သင်၏စိတ်သည် ကြည်ညိုရာ၏"ဟု ဆိုကုန်၏၊ ထိုဥပါသိကာမလည်း မိုးသောက်လျှင်ရှစ်ခုသောနေရာတို့ကို ခင်း၍ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ဖို့ ပူဇော်သက္ကာရ စီရင်လျက်နေ၏၊ ဖင့်ဖိတ်အပ်သော ပစ္စေကဗုဒ္ဓါရှစ်ပါးတို့သည် "အရှင်တို့.... ယနေ့တပါးသော အရပ်ကိုမသွားမူ၍ အလုံးစုံသော သင်တို့သည် မိခင်အား ချီးမြှောက်ခြင်းကို ပြုကြပါကုန်"ဟု ကြွင်းသော ပစ္စေကဗုဒ္ဓါတို့အား အမှတ်ပေးကုန်၏၊ ထိုစကားကိုကြား၍ အလုံးစုံ ငါးရာသော ပစ္စေကဗုဒ္ဓါတို့သည် တကွနက် ကောင်းကင်ခရီးဖြင့် လာပြီးလျှင် မိခင်၏ အိမ်တံခါး၌ ထင်ရှားဖြစ်ကုန်၏၊ မိခင်လည်း ရှေးဦးမဆွကပင် သညာအမှတ်ကို ပေးအပ်သည်၏ အဖြစ်ကြောင့် များစွာသော ပစ္စေကဗုဒ္ဓါတို့ကို မြင်သော်လည်း တုန်လှုပ်ခြင်းမရှိ၊ အလုံးစုံသောပစ္စေကဗုဒ္ဓါကို တို့အိမ်သို့ သွင်း၍ နေရာ၌နေစေ၏၊ ထိုပစ္စေကဗုဒ္ဓါတို့လည်း အစဉ်အတိုင်း ထိုင်ကုန်သည် ရှိသော် ကိုးယောက် မြောက်သော ပစ္စေကဗုဒ္ဓါသည် အကြွင်းမျှလောက် နေရာတို့ကို ပွားကုန်၏၊ ထိုမျှလောက်နေရာဘို့ကို ဖန်ဆင်း၍ မိမိသည်နေရာ၌ထိုင်၏၊ ဤသို့ ပစ္စေကဗုဒ္ဓါတို့သည် ထိုင်ကုန်သည် ရှိသော် ထိုမိန်းမသည် ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ကို စီရင်အပ်သော ပူဇော်သက္ကာရကို ငါးရာသော ပစ္စေကဗုဒ္ဓါ တို့အား အလိုရှိတိုင်း လှူ၍ ရှစ်ခုသော ကြာညိုလက်တို့ကို ဆောင်ပြီးလျှင် ပင့်ဖိတ်ရင်းဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါတို့၏ ခြေရင်း၌ထား၍ "အရှင်ဘုရားတို့၊ အကျွန်ုပ်၏ဖြစ်လေတိုင်းသောဘဝတို့၌ ကိုယ်အဆင်းသည် ဤကြာညိုတို့၏ အတွင်းတိုက်အဆင်းနှင့်တူသည် ဖြစ်ပါစေ"ဟု ဆုတောင်း၏၊ ပစ္စေကဗုဒ္ဓါတို့လည်း အမိအား အနုမောဒနာပြုပြီးလျှင် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကြကုန်၏။

ထိုမိန်းမလည်း ထိုဘဝ၌ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ထိုဘဝမှစုတေသော် နတ်ပြည်၌ဖြစ်၍ ငါတို့ဘုရား လက်ထက်တော်ဝယ်

သာဝတ္ထိပြည်တွင် သဌေးအိမ်၌ ပဋိသန္ဓေယူလေ၏၊ ထိုသူတို့သမီးအား ကြာညိုတို့က်နှင့် တူသော အဆင်းရှိသည်၏ အဖြစ်ကြောင့် ဥပ္ပလဝဏ် ဟူသောအမည်ကို မှည့်ကြကုန်၏။ ထိုသတို့သမီး အရွယ်ရောက်သောအခါ ဇမ္ဗူဒိပါ၌ အလုံးစုံသော မင်းတို့သည်သဌေးထံသို့ သမီးကို ငါတို့အား ပေးပါဟု တမန်စေကုန်၏။ မင်း, သဌေးစသည်တို့တွင် တစုံတယောက်မျှ မစေရောက်သောသူ မည်သည်မရှိ။

အပ္ပဟိဏန္တော နာမ နာဟောသိ။

(အင်္ဂုတ္တရ အဋ္ဌကထာ)

အပ္ပဟိဏန္တောနာမ၊ မစေသောသူ မည်သည်။ နာဟောသိ၊ မဖြစ်လေ။

ထိုအခါ သဌေးသည်ကြံ၏၊ ငါကား သူခပ်သိမ်းတို့စိတ်ကို ယူခြင်းငှာ မတတ်နိုင်ရာ၊ အကြောင်းတခုကိုပြုအံ့ဟုကြံ၍သမီးကိုခေါ်ပြီးလျှင် "ရှင်မ ချစ်သမီး....ရဟန်းပြုခြင်းငှာ စွမ်းနိုင်ပါမည်လော" ဟုမေး၏။ သမီးလည်း အဆုံးစွန်သော ဘဝနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ဖခင်၏ စကားကို ကြားလျှင် အကြိမ်တရာ ချက်အပ်သော ဆီထောပတ်ကို ထိပ်ထက်၌ လောင်းဘိသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် "ဖခင်....ကျွန်ုပ်ကား ရဟန်း ပြုပါအံ့" ဟု အဖကိုဆို၏။ အဖလည်း သမီးအား များစွာသော ပူဇော် သက္ကာရကိုပြုပြီးလျှင် ဘိက္ခုနီမကျောင်းသို့ဆောင်၍ရဟန်းပြုစေ၏။

ထို ဥပ္ပလဝဏ် ရဟန်းမကား ရဟန်းပြု၍ များမကြာမီ ဥပုသ်အိမ်၌ သုတ်သင်သော အလှည့်သည် ရောက်၏။ ဥပ္ပလဝဏ်ရဟန်းမလည်း ဆီမီး ညှိထွန်း၍ ဥပုသ်အိမ်ကို တံမြက်လှည်းလျက် ဆီမီးလျှံ၌ နိမိတ်ကို ယူ၍ အဖန်တလဲလဲကြည့်သော် တေဇောကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ဖြစ်စေ၍ ထိုဈာန်ကို အခြေပြုပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရဟတ္တဖိုလ်နှင့်တကွ တန်ခိုးဖန်ဆင်းခြင်း၌ လေ့လာသော ဝသီသည် ဖြစ်၏။ ထို ဥပ္ပလဝဏ် ရဟန္တာမသည် နောက်အခါ သဗ္ဗညု ဘုရား၏ ယမကပါဋိဟာရိယကို ပြတော်မူသော နေ့၌ "ဘုန်းတော်ကြီးလှသော ဘုရား.... အကျွန်ုပ်ကား တန်ခိုးပြာဋိဟာပြအံ့ဟုမကြောက်မရွံ့ရဲဝံ့သော စကားကို ဆိုလျှောက်၏။ သဗ္ဗညုဘုရားလည်းထိုအကြောင်းကို အတ္ထုပ္ပတ္တိ ပြုတော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေလျက် အစဉ်အတိုင်း ဘိက္ခုနီမ တို့ကို ဌာနန္တရ၌ ထားတော်မူသည် ရှိသော် ဤဥပ္ပလဝဏ် ထေရီမကို ဣဒ္ဓိမန္တအရာ၌ အလွန်အကဲ ထားတော်မူ၏။

ဤသို့ လူတို့ သံသေဒဇ ပဋိသန္ဓေ နေကြသည်ကို ပြလိုရင်းဖြစ်၏။ မယ်တော်လည်း ကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေနေသည်။ မဟာပဒုမမင်းသားမှ ကြွင်းသော တယောက်ယုတ် ငါးရာတို့လည်း အညီ၌ သံသေဒဇ ပဋိသန္ဓေ နေကြကုန်သည်။

## ၆၁-ယောနိလေးပါးတို့တွင် လူသတ္တဝါတို့ ဩပပါတိကယောနိဖြင့် ပဋိသန္ဓေ နေရာ၌ ထုတ်ဆောင်အပ်သော အမ္ဗပါလိကာ

## ရဟန္တာ ထေရီ ဝတ္ထု။

လူတို့၏ ဥပပါတ် ပဋိသန္ဓေနေသည်မှာ ကမ္ဘာဦးလူတို့ အထင်အရှားဖြစ်၍ သိသာသည်။ အထူးအားဖြင့် အမ္ဗပါလီအမည်ရှိသောပြည့်တန်ဆာမသည် ရှေးရှေးသော ဘုရားရှင်တို့၌ ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသည်ဖြစ်၍ ထိုထိုဘဝတို့၌ ဝဋ်ဆင်းရဲကင်းခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးလတ်သော် ဤကမ္ဘာမှသုံးဆယ့်တကမ္ဘာထက်၌ သိခီ မြတ်စွာဘုရား၏ သာသနာတော်ဝယ် ရဟန်း ပဉ္စင်း ပြု၍ ဘိက္ခုနီမတို့၏ သိက္ခာပုဒ်ကို မကျိုးမပေါက် ဆောက်တည်၍ကျင့်လျက် နေလတ်သော် တနေ့သ၌ များစွာသော ဘိက္ခုနီမတို့နှင့် တကွ စေတီပုထိုးရှိခိုးပူဇော်၍ လက်ယာရစ်လှည့်ကြရာ မိမိရှေ့ကသွားသော ရဟန္တာထေရီမသည် ခြေဆတ် သောကြောင့် တံတွေး ပေါက်သည် စေတီပြင်ဝယ်စဉ်ကျသည်ကို ရဟန္တာထေရီမကို မမြင်ရကား နောက်နားက မိမိလိုက်လျက်တံတွေးပေါက်ကိုမြင်လျှင် အဘယ်မည်သော ပြည့်တန်ဆာမသည် ဤသို့သဘောရှိသော စေတီပြင်ဝယ် တံတွေးပေါက်ကို ထွေးချလေဘိသနည်းဟုဆဲရေးမြည်တွန်၏။ ထိုဘိက္ခုနီမသည် အခါခပ်သိမ်းသီလကိုစောင့်ရှောက်လျက် အမိဝမ်းတိုက်၌ ပဋိသန္ဓေနေရခြင်းကို စက်ဆုပ်ရကား ဥပပါတ် ပဋိသန္ဓေနေခြင်း၌ စိတ်ကိုညွတ်စေ၏။ ထို့ကြောင့် ထိုဘိက္ခုနီမသည် အဆုံးအစွန်ဘဝ၌ ဝေသာလီပြည်ဝယ် မင်းဥယျာဉ်အတွင်း သရက်ပင်ရင်း၌ ဥပပါတ်ပဋိသန္ဓေနေလေ၏။

တေန စရိမတ္တဘာဝေ ဝေသာလိယံရာဇုယျာနေ အမ္ဗရုက္ခမူလေ ဩပပါတိကာ ဟုတွာ နိဗ္ဗတ္တိ။

(ထေရီအဋ္ဌကထာ)

တေန၊ ထိုသို့ ဂဗ္ဘသေယျ ပဋိသန္ဓေ နေခြင်း၌ စက်ဆုပ်သောကြောင့်။ စရိမတ္တဘာဝေ၊ အဆုံးစွန် အတ္တဘော၌၊ ဝေသာလိယံ၊ ဝေသာလီပြည်၌။

ရာဇုယျာနေ ၊မင်း၏ဥယျာဉ်၌။ အမ္ဗရုက္ခမူလေ၊သရက်ပင်ရင်း၌။ ဩပဝါ တိကာ၊ ဥပပါတ် ပဋိသန္ဓေနေသည်။ ဟုတ္ဝာ၊ဖြစ်၍။ နိဗ္ဗတ္တိ၊ဖြစ်၏။

ယင်းသို့ သရက်ပင်ရင်း၌ ဥပပါတ် ပဋိသန္ဓေနေသည်ကို တွေ့လျှင် ဥယျာဉ်စောင့်သည် မြို့သို့ ဆောင်၍ လိစ္ဆဝီမင်းသားတို့အား ဆက်လေ၏၊ သရက်ပင်ရင်း၌ ဖြစ်သည်၏ အဖြစ်ကြောင့် ထိုသူငယ်မကို အမ္ဗပါလီဟု အမည်မှည့်ကြကုန်၏၊ ထိုအခါ ဥပပါတ် သန္ဓေနေသည်၏ အဖြစ်ကြောင့် အလွန်အဆင်းလှသော ရှုချင်ဖွယ်, ကြည်ညိုဖွယ်ရှိသော တင့်တယ် စံပယ် ခြင်း စသော ဂုဏ်နှင့်ပြည့်စုံသော သူငယ်မကို မြင်သော် များစွာသော လိစ္ဆဝီမင်းသားတို့သည် မိမိ, မိမိတို့ သိမ်းဆည်း လိုကုန်သည် ဖြစ်၍ အချင်းချင်း ငြင်းခုံ ရန်ဖြစ်ကြကုန်၏၊ ထိုလိစ္ဆဝီမင်းသားတို့ကို အချင်း ချင်း ငြင်းခုံရန်စစ်ငြိမ်းစေခြင်းငှာလည်းကောင်း, ထိုသူငယ်မ၏ ရဟန္တာ မထေရ်မအား ဆဲရေးခဲ့ဖူးသော အကုသိုလ်ကံသည် တိုက်တွန်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း တရားဆုံးဖြတ်တတ်သော တရားသူကြီးတို့ သည် အလုံးစုံသောသူတို့နှင့်ဆက်ဆံသည်ဖြစ်စေဟု ပြည့်တန်ဆာမအရာ၌ ထားစေကုန်၏၊နောင်အခါ ပြည့်တန်ဆာမသည် သဗ္ဗညုဘုရား၌ သဒ္ဓါ ကြည်ညိုခြင်းကို ရသောကြောင့် မိမိဥယျာဉ်၌ ကျောင်းဆောက်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်း၏၊ ထို့နောက် ကာလ လျှားလတ်သော် မိမိသားဖြစ်သော ဝိမလာကောဏ္ဍညမထေရ်၏ အထံ၌ တရားတော်ကို ကြားနာရသောကြောင့် ရဟန်းပြု၍ ဝိပဿနာတရားကို အားထုတ်လေလျှင် မကြာမြင့်ခင် ရဟန္တာမ ဖြစ်လေသတည်း၊

အမ္ဗပါလီ၏ ဥပပါတ် ပဋိသန္ဓေ နေကြောင်းကို အပဒါန် ပါဠိတော် ၌လည်း—

ပစ္ဆိမေဘဝသမ္ပတ္တေ, အဟောသိံ ဩပပါတိကာ။
အမ္ဗသာခန္တရေ ဇာတာ, အမ္ဗပါလီတိ တေနဟံ....ဟုလာ၏။

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ အဆုံးစွန်သော ဘဝသို့ ရောက်သည်ရှိသော်။ အဟံ၊ငါသည်။ ဩပပါတိကာ၊ဥပပါတ်ပဋိသန္ဓေနေသည်။ အဟောသိံ၊ ဖြစ်ပြီ။ အမ္ဗသာခန္တရေ၊ သရက်ခက်ကြား၌။ ဇာတာ၊ဖြစ်၏။ တေန၊ ထို သို့ သရက်ခက်ကြား၌ ဖြစ်သောကြောင့်။ အဟံ၊ငါသည်။ အမ္ဗပါလီတိ အမ္ဗပါလီနာမ၊အမ္ဗပါလီမည်၏။ (အမ္ဗပါလီတိ၌ ဣတိသဒ္ဒါကား နာမ ဝါစက။)

## ၆၂-ယောနိလေးပါးတို့တွင် သံသေဒဇ ဩပပါတိက ယောနိ နှစ်ပါးတို့၏ အထူး

သံသေဒဇ ပဋိသန္ဓေနေသော သူတို့နှင့် ဩပပါတိကပဋိသန္ဓေနေသော သူတို့၏ အထူးကား- သံသေဒဇ ပဋိသန္ဓေနေသော သူတို့မှာ နည်းကုန် ယုတ်ကုန်သည်ဖြစ်၍ အစဉ်အတိုင်း ကြီးပွားလျက် ဖြစ်ကုန်၏၊ ဥပပါတိ ပဋိသန္ဓေနေသောသူတို့မှာ တဆယ့်ခြောက်နှစ်အရွယ်ရှိသည်ဖြစ်၍ ဖြစ်ကုန်၏၊ ထို့ကြောင့် ပါဠိတော်၌ အဋ္ဌကထာ၌....

> တတ္ထ ဒေဝမနုဿေသု သံသေဒဇ ဩပပါတိကာနံ အယံ ဝိသေသော၊ သံသေဒဇာ မန္ဒာ ဒဟရာ ဟုတွာ နိဗ္ဗတ္တန္တိ၊ ဩပပါတိကာ သောဠသဝဿုဒ္ဒေသိကာ ဟုတွာ....ဟု မိန့်အပ်၏။

တတ္ထ၊ ထိုသတ္တဝါတို့တွင်။ ဒေဝမနုဿေသု၊ နတ်လူတို့၌။ သံသေဒဇ ဩပပါတိကာနံ၊ သံသေဒဇဩပပါတိက ပဋိသန္ဓေနေကုန်သောသူတို့၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝိသေသော၊ အထူးတည်း၊ သံသေဒဇာ၊ သံသေဒဇပဋိသန္ဓေနေကုန်သော သတ္တဝါတို့သည်။ မန္ဒာ၊ နည်းကုန်သည်။ ဒဟရာ၊ ယုတ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဩပပါတိကာ၊ ဥပပါတ်ပဋိသန္ဓေ နေကုန်သော သတ္တဝါတို့သည်။ သောဠသဝဿုဒ္ဒေသိကာ၊ တဆယ့်ခြောက်နှစ်သော အရွယ်ဖြင့် ညွှန်းအပ်သော အရွယ်ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

## ၆၃-အဏ္ဍဇ ဇလာဗုဇ ယောနိနှစ်ပါးဖြင့် ပဋိသန္ဓေနေကုန်သော သတ္တဝါတို့၏ ပဋိသန္ဓေယူနိုင်ခြင်းအကြောင်း ရှစ်ပါး

ထိုယောနိလေးပါးတို့တွင် အဏ္ဍဇ ဇလာဗုဇ ပဋိသန္ဓေနေကြကုန်သော သတ္တဝါတို့သည်....

၁။ မိဘတို့၏ မေထုန်ဟု ဆိုအပ်သော အဇ္ဈာစာရ ကြောင့်လည်း နေကြကုန်သည်။

၂။ ကိုယ်လက်နှိုးနှော့ခြင်း=ကာယသံသဂ္ဂကြောင့်လည်းကောင်း။

၃။ ပုဆိုးဖြင့် သုက်သွေးကို ယူခြင်း= စောဠဂ္ဂဟဏကြောင့် လည်းကောင်း။

၄။ သုက်သွေးကို သောက်ခြင်း=အသုစိပါနကြောင့်လည်းကောင်း။
၅။ ချက်ကိုသုံးသပ်ခြင်း-နာဘိပရာမသနကြောင့် လည်းကောင်း။
၆။ အဆင်းကိုမြင်ခြင်း-ရူပဒဿနကြောင့် လည်းကောင်း။
၇။ အသံကိုကြားခြင်း=သဒ္ဒသဝနကြောင့် လည်းကောင်း။
၈။ အနံ့ကိုနမ်းခြင်း=ဂန္ဓဃာယနကြောင့် လည်းကောင်း နေကြကုန်သည်။

ဤရှစ်ပါးသော အကြောင်းကြောင့် ပဋိသန္ဓေ နေကြကုန်သည် ဟု ဝိနည်း အဋ္ဌကထာ၌ လာသည်။

အဇ္ဈာစာရ၊ သိသဂ္ဂနှင့်၊ စော်ဥ္ဥ-အသုစိ၊ နာဘိ=ရူပ၊ သဒ္ဒဂန္ဓာ၊
ဤရှစ်ဖြာကြောင့်၊ စွဲလှာကိုယ်ဝန်၊ ဖြစ်သည်မှန်၏။

သာရတ္ထဒီပနီ၌လည်း....

မေထုနံ စောဠဂ္ဂါဟဏံ, တနုသံသဂ္ဂေါစ နာဘိအာမသနံ၊
ပါနံ ဒဿနံ သဝနံ ဃာယနံ= မိတိဂဗ္ဘဟေတဝေါ အဋ္ဌ။

ဟု သာဓက ဂါထာကို မိန့်၏။

မေထုနံ၊ မေထုန်စပ်ခြင်း လည်းကောင်း။ စောဠဂ္ဂါဟဏံ၊ ပုဆိုးဖြင့် သုက်သွေးကို ယူခြင်းလည်းကောင်း။ တနုသံသဂ္ဂေါစ၊ ကိုယ်လက်နှီးနှော ခြင်းလည်းကောင်း။နာဘိအာမသနံ၊ ချက်ကိုသုံးသပ်ခြင်းလည်းကောင်း။ ပါနံ၊ သုက်သွေးကို သောက်ခြင်း လည်းကောင်း။ ဒဿနံ၊ အဆင်းကို မြင်ခြင်းလည်းကောင်း။သဝနံ၊အသံကိုကြားခြင်းလည်းကောင်း။ဃာယနံ၊ အနံ့ကို နမ်းခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဂဗ္ဘဟေတဝေါ၊ကိုယ်ဝန် ယူခြင်း၏အကြောင်းတို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့တည်း။

**ကာယသံသဂ္ဂ** ထိုရှစ်ပါးတို့တွင် ဤလောက၌ အချို့သောမိန်းမတို့သည် ဥတုလာသောအခါ၌ ဆန္ဒရာဂဖြင့် ပြင်းစွာတပ်ကုန်သည် ဖြစ်၍ ယောကျ်ားတို့ လက်ကိုကိုင်ခြင်း, ဆံထုံးကိုကိုင်ခြင်း, အင်္ဂါကြီးငယ် ကို သုံးသပ်ခြင်းကို သာယာကုန်သည်ရှိသော် ပဋိသန္ဓေ ကိုယ်ဝန်ကိုယူကုန် ၏၊ ဤသို့ ကာယသံသဂ္ဂကြောင့် ပဋိသန္ဓေနေသည်။

ရှင်ဥဒါယီသည်ရဟန်းယောကျ်ား၌ရဟန်းပြုသည်ရှိသော်

**စောဠဂ္ဂဟဏ** မယားဟောင်းသည် ဘိက္ခုနီမတို့၏ ကျောင်း၌ရဟန်းပြု လေ၏၊ ရှင်ဥဒါယီသည် မယားဟောင်း ဖြစ်သော ဘိက္ခုနီမ၏ အထံ၌

ညွှန်စာပေ-၃၄။

နေ့တိုင်းပြေတ်ဆွမ်းစား၏၊ ဘိက္ခုနီမလည်း ရှင်ဥဒါယီထံသို့ မပြတ်လာ၏၊ တရံသောအခါ ရှင်ဥဒါယီသည် ဘိက္ခုမ၏အထံ၌ ဆွမ်းစားလတ်သော် ထိုသူနှစ်ဦးတို့သည် လူစဉ်ကပင် ကျင်လည်ရင်းဖြစ်၍ အရှက် မဲ့ရကား တယောက်အား တယောက်သည် အင်္ဂါကြီးငယ်တို့ကိုပြလျက် နေကြကုန်၏၊ ယင်းသို့နေကြကုန်လျှင် ရှင်ဥဒါယီအား သုက်လွှတ်လေ၏၊ သုက်လွှတ်သောကြောင့် သင်းပိုင်ကို လူးရကား "ဖွပ်လျှော်ပါ"ဟု မယားဟောင်းဖြစ်သော ဘိက္ခုနီမအား ပေးအပ်လေ၏၊ ထိုဘိက္ခုနီမလည်း သုက်နှင့်တကွသော သင်းပိုင်ကိုယူပြီးလျှင် အချို့သောသုက်ကို ခံတွင်းဖြင့် စုတ်သည်၊ အချို့သော သုက်ကို သင်းပိုင်နှင့်တကွ အင်္ဂါစပ်၌ ထည့်၏၊ ထိုဘိက္ခုနီမသည် ပုဆိုးနှင့်တကွ သုက်ကို အင်္ဂါစပ်၌ ထည့်ခြင်းကြောင့် ကိုယ်ဝန်ယူလေ၏၊ ထိုအကြောင်းကို သဗ္ဗညုဘုရား ကြားတော်မူလျှင် သင်းပိုင်ဟောင်းကို ဘိက္ခုနီမအား မဖွပ်မလျှော်စေအပ်ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ထိုသူ နှစ်ယောက်တို့၏ ဝတ္ထုစကားကို ကြားရလျှင် လောကီလူအများတို့အား ပင်သော်လည်း အလွန်ရှန့်ရင်း ကြမ်းတမ်း၏၊ ယင်းသို့ပင် ရှန့်ရင်းကြမ်းတမ်းသော်လည်း ဆိုရေးဆိုခွင့်ရှိက ဆိုရတော့သည်၊ သဗ္ဗညုဘုရားလည်း ရှန့်ရင်းကြမ်းတမ်းသော စကားကိုကြားတော်မူလျှင် ရှန့်ရင်းကြမ်းတမ်းသည် စကားဟု လျစ်လျူနေတော်မမူ၊ မဟာကရုဏာတော်ကို ရှေ့ထား၍ သိက္ခာပုဒ်ကို ပညတ်တော်မူသည်၊ သည်ကို ရည်၍ ရှေးပညာရှိတို့လည်း....

ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမ ယောကျ်ား၊ လူ့စကားဖြင့်၊

မကြားစတောင်း၊ မဆိုကောင်းကို၊ အကြောင်းနည်းသေး၊ ဆိုတုံသေး၏၊ ဆိုရေးရှိက၊ ဆိုအပ်လှလျက်၊ ဆိုစမျှားလျှား၊ ထားပချေဘိ၊ ငါ့ဝန်ရှိခဲ့၊ ပြီးမိပြီးစေ၊ ဆိုလျှင်ပေ့အံ့....ဟု စပ်ဆိုကုန်သည်။

ယင်းသို့ လောကီလူများအားပင်သော်လည်း အလွန်ရှန့်ရင်း ကြမ်းတမ်း နားမချမ်းသော စကားကိုလျက် ဆိုတော်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူသော သဗ္ဗညုဘုရား၏ မဟာကရုဏာတော်သည်ကား အလွန်အံ့ဩဖွယ် ရှိကောင်းစွ။

ထို ဘိက္ခုနီမသည် ကိုယ်ဝန်မှင့်လျှင် ကုမာရကဿပကို ဖွားသည်ဟု မိလိန္ဒပဉှာ၌ ဆိုသည်၊ ဇာတ်အဋ္ဌကထာ၌ကား ရာဇဂြိုဟ်မြို့တွင်



အိမ်သို့လာပြီးလျှင် ဒိဋ္ဌမင်္ဂလိကာကို ဤသို့မှာဆို၏....၂၃၄

ရဟန်းမပြုမီ လူစဉ်က ပဋိသန္ဓေ နေရသော ဘိက္ခုနီမက ရှင်ကုမာရ ကဿပကို ဖွားသည်ဟုဆိုသည်၊ ဤသို့ ပုဆိုးဖြင့် သုက်သွေးကိုယူခြင်း ကြောင့်ပဋိသန္ဓေ နေသည်ကို သိအပ်၏။

**အသုစိပါန** မိဂသိင်္ဂ ရသေ့၏ အမိဖြစ်သော သမင်မသည် ဥတုလာ သောအခါ၌ ဘုရားလောင်း ရှင်ရသေ့၏ ပဿာ ဝကုဋိသို့ လာပြီးလျှင် ရှင်ရသေ့၏ သုက်သွေးနှင့်တကွသော ကျင်ငယ်ကို သောက် ၏၊ ယင်းသို့ သောက်သောကြောင့် ထိုသမင်သည် ပဋိသန္ဓေယူ၍ မိဂ သိင်္ဂရသေ့ကို ဖွားသည်ဟု ဇာတ်အဋ္ဌကထာ၌ လာသည်၊ ဤသို့ သုက် သွေးကို သောက်ခြင်းကြောင့် ပဋိသန္ဓေနေသည်ကို သိအပ်၏။

**နာဘိပရာမသန** ဘုရားလောင်း သုဝဏ္ဏသာမ၏ မယ်တော် ခမည်းတော် ဖြစ်ကုန်သော ဒုကူလ ပါရိကာ ရသေ့ဘို့အား စက္ခု ယုတ်လတ္တံ့သည်ကိုသိ၍ သိကြားမင်းသည် ထိုရသေ့ဘို့အား သားပေးလို ရကား ဒုကူလပညာရှိကို "အရှင်တို့အား မေထုန်အကျင့် အပ်မည်လော" ဟု မေး၏၊ ဒုကူလပညာရှိလည်း "အပ်သည်ဖြစ်စေ၊ မအပ်သည်ဖြစ်စေ၊ ငါတို့ကား မေထုန်အကျင့်ဖြင့် အလိုမရှိသောကြောင့် ရဟန်းပြုသည်" ဟု ဆို၏၊ ယင်းသို့တပြီးကား ဤပါရိကာ ရသေ့၏ ဥတုလာသောအခါတွင် ရှင်ရသေ့၏ လက်မဖြင့် ချက်ကို သုံးအပ်ပါဟု မှာဆိုခဲ့၏၊ ဒုကူလ ပညာရှိ လည်း သိကြားမင်း မှာဆိုသည့်အတိုင်း ပါရိကာရသေ့မ၏ ဥတုလာသော အခါ လက်မဖြင့် ချက်ကို သုံးသပ်လေ၏၊ ယင်းသို့ သုံးအပ်ခြင်းကြောင့် ထိုပါရိကာရသေ့မ ပဋိသန္ဓေကိုယ်ဝန်ယူ၍ ဘုရားလောင်း သုဝဏ္ဏသာမ ကို ဖွားသည်ဟု ဇာတ်အဋ္ဌကထာတွင် လာသည်။

သာ တေန ဂဗ္ဘံ ဂဏှိတွာ သာမ တာပသ ဒါရကံ ဝိဇာယိ။
(ဓိနည်းအဋ္ဌကထာ)

သာ၊ ထိုပါရိကာသည်။ တေန၊ ထိုသို့ ချက်ကို သုံးသပ်ခြင်းကြောင့်။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှိတွာ၊ ယူ၍။ သာမ တာပသ ဒါရကံ၊ သုဝဏ္ဏသျာမ် ရသေ့ငယ်ကို။ ဝိဇာယိ၊ ဖွား၏။

ဤသို့ ချက်ကို သုံးသပ်ခြင်းကြောင့် ပဋိသန္ဓေနေသည်ကို သိအပ်၏၊ ဤနည်းဖြင့်မဏ္ဍဗျသတို့သား၏ဝတ္ထု၊ စဏ္ဍပဇ္ဇောတမင်း၏ ဝတ္ထုတို့ကိုလည်း သိရမည်ဟု ဝိနည်းအဋ္ဌကထာ၌ မှာသည်၊ မဏ္ဍဗျသတို့သား၏ ဝတ္ထုကား

ဘုရားအလောင်းတော် ဒွန်းစဏ္ဍားမာတင်္ဂသည် ဒိဋ္ဌမင်္ဂလိကာအမည် ရှိသော သဌေးသမီးကို ဥပါယ်အကြောင်းဖြင့် ရအောင်ဘောင်း၍ ရလေလျှင် မြို့ပြင်ဒွန်းစဏ္ဍားရွာသို့ ဆောင်ပြီးသော် နှစ်ရက်သုံးရက် အားဖြည့်တင်းပြီးမှ အမျိုးသမီးကောင်းသည် ငါ့ကြောင့် မပျက်စီးလေကောင်းဟု ကြံ၍၊ ဒိဋ္ဌမင်္ဂလိကာကို အိမ်၌ထား၍ မိမိကား တောသို့သွားပြီးသော် သမထတရားကို အားထုတ်၍ များမကြာမီ နှစ်ရက်သုံးရက် အတွင်း၌ပင် ဈာန်သမာပတ် အဘိညာဉ်တို့ကို ဖြစ်စေ၍ အိမ်သို့လာပြီးလျှင် ဒိဋ္ဌမင်္ဂလိကာကို ဤသို့မှာဆို၏၊ "ငါ၏လင်ကား ဒွန်းစဏ္ဍားမာတင်္ဂ မဟုတ်၊ မဟာ ဗြဟ္မာကြီးတည်း၊ ဤလဆန်းရှစ်ရက်နေ့မှစ၍ ခုနစ်ရက် လပြည့်နေ့တိုင်လျှင် ကောင်းကင်မှ လ,ဝန်းကိုခွဲ၍ လာလတ္တံ့ဟု ပရိသတ်၏ အလယ်၌ မကြောက်မရွံ့ ဝံ့ဝံ့ရဲရဲသာ ပြောဆိုပါလော့"ဟု မှာထားခဲ့၍ မိမိကား တောထဲသို့သွားပြီးလျှင် ခုနစ်ရက်မြောက်၍ လပြည့်နေ့ တိုင်သည့်ကာလ ညနေဝင်လျှင် အရှေ့လောကဓာတ်မှ ထွက်လာသော လပြည့်ဝန်းသည် ကောင်းကင်အလယ်သို့ ရောက်သောအခါ နှစ်ဖြာခွဲ၍ထွက်လာပြီးမှ ဒိဋ္ဌမင်္ဂလိကာ၏ အထံသို့လာ၍ ဥတုလာခိုက်နှင့် ကြုံရကား ဒိဋ္ဌမင်္ဂလိကာ၏ ချက်ကို လက်ဖြင့်သုံးသပ်လျှင် မဏ္ဍဗျသတို့သားဝင်၍ ပဋိသန္ဓေ နေလေ၏၊ ထိုအခါဒိဋ္ဌမင်္ဂလိကာကို ဗာရာဏသီပြည်၏ အလယ်၌ မဏ္ဍပ်ကြီးစွာ ဆောက်၍ထားရကား မဏ္ဍပ်၌ သတို့သားကို ဖွားလေ၏၊ ထို့ကြောင့် မဏ္ဍဗျသတို့သားဟု အမည်အားဖြင့် ခေါ်ကြသတည်း။

မဏ္ဍပေ ဇာတော မဏ္ဍဗျော....ဝစနတ္ထဝိဂ္ဂဟ်ပြု။

မဏ္ဍပေ၊ မဏ္ဍပ်၌။ ဇာတော၊ ဖွားသည်တည်း။ မဏ္ဍဗျော၊ မဏ္ဍပ်၌ ဖွားသည်။

ဤသတို့သားလည်း သုဝဏ္ဏသာမ သတို့သားကဲ့သို့ ချက်ကို သုံးသပ်ရာတွင် ပဋိသန္ဓေနေသည်။

**စဏ္ဍပဇ္ဇောတမင်း၏** တရံသောအခါ စဏ္ဍပဇ္ဇောတမင်း၏ မယ်တော်သည်

**ဝတ္ထုကား** အိပ်ရာ ထက်ဝယ် ပက်လက် လျောင်း၍ နေ၏၊

ယင်းသို့ နေသည့်ကာလ ကင်းမြီးကောက်တကောင် တက်ပြီးလျှင် ချက်ဝယ် ဝပ်၍နေ၏၊ ယင်းသို့ နေသည်ကို ထိုမာတုဂါမသည် ဆန္ဒ ရာဂဖြင့် သာယာရကား သုက်သွေး လှုပ်သောကြောင့် စဏ္ဍပဇ္ဇောတမင်းသည် ပဋိသန္ဓေနေ၍ ဖွားမြင်သည်ဟု သာရတ္ထဒီပနီဋီကာ၌

ဆိုသည်၊ ထိုဝတ္ထုသည်လည်း ချက်၌ကင်းမြီးကောက် ဝပ်သည်ကိုသာယာ သောကြောင့် နာသိပရာမသန္၌ ဝင်လေသည်။

ဓေတေနေဝ်နယေန မဏ္ဍဗျဿစ စဏ္ဍပဇ္ဇောတဿစဝတ္ထုဝေဒိတဗ္ဗံ။
(ဋီကနည်းအင်္ဂကထာ)

ဓေတေနေဝ နယေန၊ ဤသုဝဏ္ဏသာမ သတ္တိသား၏ နည်းဖြင့်သာလျှင်။ မဏ္ဍဗျဿစ၊ မဏ္ဍဗျ သတ္တိသား၏ လည်းကောင်း။ စဏ္ဍပဇ္ဇောတဿစ၊ စဏ္ဍပဇ္ဇောတမင်း၏လည်းကောင်း။ ဝတ္ထု၊ ဝတ္ထုကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤလောက၌ အချို့သော မိန်းမသည် ဥတုလာသောအခါ

**ရူပဒဿန**

ယောကျ်ားတို့နှင့် ပေါင်းဖော်ခြင်းကို မရရကား ဆန္ဒရာဂ၏ အစွမ်းဖြင့် အိမ်တွင်းတိုက်ခန်း၌ တည်လျက်ပင် ယောကျ်ားကို တစိန်းစိန်း ကြည့်ရှု၏၊ ယင်းသို့ ကြည့်ရှုသောကြောင့် ထိုမိန်းမသည် ပဋိသန္ဓေ ကိုယ်ဝန်ယူလေ၏၊ သီဟိုဠ်ကျွန်းဝယ် အမှတ်မရှိသော မင်း မောင်းမ တယောက်သည် မင်းချင်းယောကျ်ားတယောက်နှင့် ပေါင်းဖော်လိုလျက် မပေါင်းဘက်သာသောကြောင့် အိပ်ရာတိုက်ခန်းတွင်း၌ တည်လျက်ပင် ထိုမင်းချင်းယောကျ်ားကို ဆန္ဒရာဂ၏ အစွမ်းဖြင့် တစိန်းစိန်း ကြည့်ရှု၏၊ ယင်းသို့ကြည့်ရှုသောကြောင့် ထိုမင်းမောင်းမအား ပဋိသန္ဓေ ကိုယ်ဝန် ရသည်ဟု သာရတ္ထဒီပနီဋီကာ၌ ဆိုသည်၊ ဤသို့အဆင်းကိုမြင်ခြင်းကြောင့် ပဋိသန္ဓေနေသည်ကို သိအပ်၏။

ဗျိုင်းတို့၌ ယောကျ်ား အဖို မည်သည်ကား မရှိ၊ ထိုဗျိုင်းတို့

**သဒ္ဒသဝန**

သည် ဥတုလာသောအခါမိုးသံကိုကြား၍ များစွာပဋိသန္ဓေ နေကြကုန်၏၊ များစွာသောကြက် မတို့သည်လည်း ရံခါတခုသောကြက်ဖ၏ တွန်သံကိုကြား၍ များစွာ ပဋိသန္ဓေကိုယ်ဝန်ယူကြကုန်၏၊ ထို့အတူများစွာသော နွားမတို့သည်လည်း တခုသော နွားလားဥသဘ၏ တွန်သံကို ကြားသောကြောင့် ပဋိသန္ဓေနေသည်ကို သိ အပ်၏။

များစွာသောနွားမတို့သည်လည်းရံခါ တခုသောနွားလား

**ဂန္ဓဃာယန**

ဥသဘ၏ အနံ့ကိုနမ်း၍ များစွာ ပဋိသန္ဓေ ကိုယ်ပန်ကို ယူကြကုန်၏၊ ဤသို့ အနံ့ကိုနမ်းသောကြောင့် ပဋိသမန္ဓနေသည်ကိုသိအပ် ၏ဟု ဋီနည်းအဋ္ဌကထာ၌ လာသည်။

ထိုရှစ်ပါးတို့တွင် ကာယသံသဂ္ဂနှင့် နာဘိပရာမသန၏ အထူးကား မိန်းမယောကျာ်းနှစ်ပါးစုံတို့၏ ဆန္ဒ ရာဂ၏ အစွမ်းဖြင့် ကာယသံသဂ္ဂကို ဆိုအပ်၏၊ မိန်းမ၏အစွမ်းဖြင့်သာ နာဘိပရာမသနကို ဆိုအပ်၏။

ဥဘယေသံ ဆန္ဒရာဂဝဲသေန ကာယသံသဂ္ဂေါ ဝုတ္တော၊ ဣတ္ထိယာ ဧဝ ဆန္ဒရာဂ ဝဲသေန် နာဘိပရာမသနံ။

(သာရတ္ထဒီပနီ)

ဥဘယေသံ၊ မိန်းမ ယောကျာ်း နှစ်ပါးစုံတို့၏။ ဆန္ဒ ရာဂ ဝသေန၊ ဆန္ဒရာဂ၏အစွမ်းဖြင့်။ ကာယသံသဂ္ဂေါ၊ ကာယသံသဂ္ဂကို။ ဝုတ္တော၊ ဆိုအပ်၏။ ဣတ္ထိယာ ဧဝ၊ မိန်းမ၏သာ လျှင်။ ဆန္ဒရာဂဝသေန၊ ဆန္ဒရာဂ၏ အစွမ်းဖြင့်။ နာဘိပရာမသနံ၊ နာဘိပရာမသနကို။ ဝုတ္တံ၊ ဆိုအပ်၏။

တနည်းလည်း ဝတ္ထု၏ အစွမ်းဖြင့်သာ နာဘိပရာမသနကို ကာယ သံသဂ္ဂမှ အသီးဆိုသည်ဟု မှတ်အပ်၏။

ဝတ္ထုဝဲသေနေဝ ဝါ ဧတေနာဘိပရာမသနံ ကာယသံသဂ္ဂတော ဝိသုံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ (ဝိမတိဝိနောဒနီ)

ဝါ၊တနည်းကား။ ဝတ္ထုဝသေနေဝ၊ ဝတ္ထု၏အစွမ်းအားဖြင့်သာလျှင်။ ဧတံနာဘိပရာမသနံ၊ ဤနာဘိပရာမသနကို။ ကာယသံသဂ္ဂတော၊ ကာယ သံသဂ္ဂမှ။ ဝိသုံ၊အသီး။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

စောဒ္ဒဂဟဏနှင့် အသုစိပါနလည်း မထူးလှန်း၊ ဝတ္ထု၏ အစွမ်းဖြင့် အသီးအခြား တပါးစီ ဆိုသည်မှတ်အပ်၏၊ ကာယသံဂ္ဂစသော ခုနစ်ပါး သော ကိုယ်ဝန်ယူခြင်း၌ အဘယ်သို့လျှင် မိဘတို့၏ သုက်သွေး၏ ဖြစ်သင့် ခြင်းသည်ရှိအံ့နည်းဟူမူ ဆန္ဒရာဂဖြစ်ခြင်း၏အစွမ်းဖြင့် မာတုဂါမ၏သုက် အစုသည် လှုပ်၏၊ ထိုသို့လှုပ်သော သုက်အစုသည် ကိုယ်ဝန် တည်ခြင်း၏ အကြောင်းဖြစ်၏၊

ဆန္ဒရာဂုပ္ပတ္တိဝသေန ဣတ္ထိယာ သုက္ကကောဋ္ဌာသော စလိတော ဟောတိ၊ သောပိ ဂဗ္ဘ သဏ္ဌာနာယ ပစ္စယော မှဟာတိတိ အဓိပ္ပါယော။ (သာရတ္ထဒီပနီ)

ဆန္ဒရာဂုပ္ပတ္တိဝသေန၊ ဆန္ဒရာဂ ဖြစ်ခြင်း၏ အစွမ်းဖြင့်။ ဣတ္ထိယာ၊ မိန်းမ၏။ သုက္ကကောဋ္ဌာသော၊ သုက်အစုသည်။ စလိတော၊ လှုပ်သည်၊ ဟောတိ၊ ဖြစ်၏၊ သောပိ၊ ထိုလှုပ်သောသုက်သည်လည်း၊ ဂဗ္ဘသဏ္ဌာနာယ၊ ကိုယ်ဝန်တည်ခြင်း၏၊ ပစ္စယော၊ အကြောင်းသည်၊ ဟောတိ၊ ဖြစ်၏။

ဣတိ အယံ၊ ဤသည်လျှင်။ အဓိပ္ပါယော။ အဋ္ဌကထာဆရာ၏ အလိုတော် တည်း။

ဂဏ္ဌိသုံးစောင်တို့၌ ကာယသံသဂ္ဂ စသော ခုနစ်ပါးသောအပြားဖြင့် ကိုယ်ဝန် ယူရာငယ် အဖ၏ သုက်အစုကို ကြည့်၍ ဆန္ဒရာဂ၏ အစွမ်းဖြင့် အမိ၏ ဖောက်ပြန်ခြင်းသို့ ရောက်သော သွေးသည်သာ ကိုယ်ဝန်တည် ခြင်း၏ အကြောင်းဖြစ်သည်ဟု ဆိုသည်။

ကာယသံသဂ္ဂါဒိနာ သတ္တပ္ပကာရေန ဂဗ္ဘဂ္ဂဟဏေ ပိတု သုက္က ကောဋ္ဌာသံ ဝိနာ ဆန္ဒရာဂဝသေန မာတု ဝိကာရပ္ပတ္တံ လောဟိတ မေဝ ဂဗ္ဘသဏ္ဌာနဿ ပစ္စယော ဟောတိ။

(ဂဏ္ဌိသုံးစောင်ပါဌ်)

ကာယသံသဂ္ဂါဒိနာ၊ ကာယသံသဂ္ဂစသော။ သတ္တပ္ပကာရေန၊ ခုနစ်ပါး အပြားအားဖြင့်။ ဂဗ္ဘဂ္ဂဟဏေ၊ ကိုယ်ဝန်ယူခြင်း၌။ ပိတု၊ အဖ၏။ သုက္က ကောဋ္ဌာသံ၊ သုက်အစုကို။ ဝိနာ၊ ကြည့်၍။ ဆန္ဒ ရာဂ ဝသေန၊ ဆန္ဒရာဂ၏ အစွမ်းဖြင့်။ မာတု၊ အမိ၏။ ဝိကာရပ္ပတ္တံ၊ ဖောက်ပြန်ခြင်းသို့ရောက်သော။ လောဟိတမေဝ၊ သွေးသည်သာလျှင်။ ဂဗ္ဘသဏ္ဌာနဿ၊ ကိုယ်ဝန် တည် ခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ၌ သာရတ္ထဒီပနီ အလိုကား....ဣတ္ထိယာ သုက္ကကောဋ္ဌာသော စလိတော ဟု ဆိုသောကြောင့် မာတုဂါမအား သုက်ရှိသည်ဟု အဓိပ္ပာယ်ရောက်သည်၊ ဂဏ္ဌိသုံးစောင်တို့အလိုမူ မာတုဝိကာရပ္ပတ္တံ လောဟိတမေဝ ဟု ဆိုသောကြောင့် မာတုဂါမအား သုက် မရှိ၊ သွေးသာရှိ၏ဟု အဓိပ္ပာယ်ရောက်သည်။

သဒ္ဒန္တရတ္ထာပေါဟန ဝသေန သဒ္ဒေါ အတ္ထံ ဝဒတိ....ဟူသော ဥဒါန်းအဋ္ဌကထာ ပရိဘာသာ လာသည်နှင့် အညီ သဒ္ဒါတပါး၏ အနက်ကို ပယ်သည်၏အစွမ်းဖြင့် သဒ္ဒါသည် အနက်ကို ဟော၏ ဟု ဆိုရကား လောဟိတမေဝ ဟူသော ဂဏ္ဌိ သုံးစောင် ပါဌ်၌ လောဟိတသဒ္ဒါသည် သုက္ကသဒ္ဒါ၏ အနက်ဖြစ်သော သုက်ကို ပယ်၍ သွေးကိုသာ ဟောသည်၊ ဝသဒ္ဒါကား.... ပိတု သုက္က ကောဋ္ဌာသံ ဝိနာစ-ဟု ဆိုသောကြောင့် အဖ သုက်ကို ကန့်သည်၊ မာတုဂါမအား သုက်၌ မရှိကို ပြောဆိုသောကြောင့် ဋီကာ ၈ စတ္တိ

တို့ကို သဒ္ဒါနည်းနှင့်တကွ ဆုံးဖြတ်ရှုပြသည်၊ သဘောကျအောင် ဆင်ခြင်လေ။

အကြင်ယောက်ျားနှင့် ကိုယ်လက် နှီးနှောခြင်း စသည်ကို သာယာ၍ အမိသည် သားကို ရ၏၊ ထိုသားသည် နောင်အခါ အကယ်၍ ထို ယောက်ျားကို အဖဟု မသိသောကြောင့် သတ်မိငြားအံ့၊ ပိတုဃာတက မည်သည်သာတည်းဟု သာရတ္ထဒီပနီဆို၏။

အဠ္ဌာစာရ ထိုရှစ်ပါးတို့တွင် မေထုန်ဟု ဆိုအပ်သော အဠ္ဌာစာရဖြင့် ပဋိသန္ဓေယူသည်ကို ရည်၍....

မာတာ ပိတရောစ သန္နိပတိတာ ဟောန္တိ၊ မာတာစ ဥတုနီ ဟောတိ၊ ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတော ဟောတိ၊ ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿာ ဝက္ကန္တိ ဟောတိ။

ဟူသောစကားကို သဗ္ဗညုဘုရား ဟောတော်မူသည်။

မာတာပိတရောစ၊ အမိအဖတို့သည်လည်း။ သန္နိပတိတာ၊ မေထုန်ဟု ဆိုအပ်သော အဠ္ဌာစာရ၏ အစွမ်းဖြင့် တကွနက် အညီအညွတ် စည်းဝေး ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ မာတာစ၊ အမိသည်လည်း။ ဥတုနီ၊ သွေးဟု ဆိုအပ်သော ဥပုလာသည်၊ ဟောတိ၊ ဖြစ်၏၊ ဂန္ဓဗ္ဗောစ၊ ကပ်အပ်သော ဘဝရှိသော သတ္တဝါသည်လည်း။ ပစ္စုပဋ္ဌိတော၊ ရှေးရှု ထင်သည်၊ ဟောတိ၊ ဖြစ်၏၊ ဧဝံ၊ ဤသို့၊ တိဏ္ဏံ၊ သုံးပါးကုန်သောအကြောင်း တို့၏။ သန္နိပါတာ၊ အညီအညွတ်စည်းဝေးခြင်းကြောင့်၊ ဂဗ္ဘဿ၊ သူငယ်၏၊ အဝက္ကန္တိ၊ အမိဝမ်းသို့ သက်ဝင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏၊

ဤပါဠိတော်၌ မာတာ ပိတရောစ သန္နိပတိတာ ဟောန္တိ ဟူသောပါဌ်ဖြင့် သုက်ဖြစ်ခြင်းကို ပြသည်၊ မာတာစ ဥတုနီ ဟောတိ ဟူသော ပါဌ်ဖြင့် ဥတုဟု ဆိုအပ်သော သွေး၏ဖြစ်သင့် ခြင်းကို ပြသည်။

မာတာပိတရောစ သန္နိပတိတာ ဟောန္တီတိ ဣမိနာ သုက္ကဿ သမ္ဘဝံ ဒီပေတိ၊ မာတာစ ဥတုနီ ဟောတီတိ ဣမိနာ သောဏိတဿ၊

(ဝိမတိဝိနောဒနီ)

မာတာပိတရောစ သန္နိပတိတာ ဟောန္တီတိ ဣမိနာ၊ မာတာပိတရောစ သန္နိပတိတာ ဟောန္တိ ဟူသော ဤပါဌ်ဖြင့်။ သုက္ကဿ၊ သုက်၏။ သမ္ဘဝံ၊ ဖြစ်သင့်ခြင်းကို။ ဒီပေတိ၊ ပြတော်မူ၏။ မာတာစ ဥတုနီ ဟောတီတိ ဣမိနာ၊

မာတာစ ဥတုနီ ဟောတိ ဟူသော ဤပါဌ်ဖြင့်။ သောကာတဿ၊ သွေး၏။ သမ္ဘဝံ၊ ဖြစ်သင့်ခြင်းကို။ ဒီပေတိ၊ ပြ၏။

ဂန္ထမ္ဘောစ ပစ္စုပဋ္ဌိတော ဟောတိ-ဟူသော ပါဌ်ဖြင့် ကပ်အပ်သော ဘဝရှိသော သတ္တဝါ၏ ရှေးရှုထင်ခြင်းကို ပြသည်၊တကြိမ် ပေါင်းဖော်သော မိဘ၏ သုက်သွေးသည် ခုနစ်ရက်တိုင်အောင် ကိုယ်ဝန်တည်ခြင်း၏ ခေတ်ဖြစ်သည်ဟု အာရုတ္တဒီပနီ၌ ဆိုသည်၊ ဝိမတိဝိနောဒနီ၌ကားလခွဲ တဆယ့်ငါးရက်တိုင်အောင် ခေတ်ဖြစ်သည်ဟု ဆိုသည်၊ မာတာစ ဥတုနီ ဟောတိ-ဟူသောပါဌ်၏ အဓိပ္ပါယ်ကား....မာတုဂါမအား ဥတုလာသောအခါ ကိုယ်ဝန်တည်ရာအရပ်ဟုဆိုအပ်သော သူငယ်အိမ်၌ရှိသောအဆင်းရှိသော နှစ်ခု သုံးခုသော အိုင်းအမာဖုသည် ပေါက်ကုန်၍ ခုနစ်ရက် ပတ်လုံး ကြီးပွားပြီးမှ ပေါက်ကွဲကုန်၏၊ ထိုပေါက်ကွဲရာ အရပ်မှ သွေးသည် ယိုစီး၏၊ ထိုသွေး၏ ဥတုဟူသော အမည်သည်လည်း ကောင်း,ပုပ္ဖဟူသော အမည်သည်လည်းကောင်း ဖြစ်၏၊ ထိုသွေးသည် အကြင်မျှလောက် အားကြီးသည်ဖြစ်၍ များစွာ ယိုကျ၏၊ ထိုမျှလောက် ပေးအပ်သော်လည်း ပဋိသန္ဓေသည် မတည်၊သွေးဟုဆိုအပ်သော ဒေါသသည် ထွက်ကျ ယိုစီးပြီးမှ ကိုယ်ဝန်တည်ရာ အရပ်သည်စင်ကြယ်သန့်ရှင်းသည်ရှိသော် ပေးအပ်သော ပဋိသန္ဓေသည် လျင်မြန်စွာတည်၏။

ဒေါသေ ပန ပဂ္ဃရိတေ သုဒ္ဓေ ဝတ္ထုမှိ ဒိန္နာ ပဋိသန္ဓိခိပ္ပံ ပတိဋ္ဌာတိ။

(ဝိနည်းအဋ္ဌကထာ)

ဒေါသေ၊ သွေးဟုဆိုအပ်သော ဒေါသသည်။ ပဂ္ဃရိတေ၊ လျှောကျ ယိုစီးသည်ရှိသော်။ ဝတ္ထုမှိ၊ သူငယ်တည်ရာ အရပ်သည်၊ သုဒ္ဓေ၊စင်ကြယ်သည်ရှိသော်။ဒိန္နာ၊ပေးအပ်သော။ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ခိပ္ပံ လျင်စွာ။ ပတိဋ္ဌာတိ၊တည်၏။

ညွှန်းစာပေ- ၃၅။

## ၆၄-ဂဗ္ဘသေယျကပဋိသန္ဓေနေကုန်သော သတ္တဝါတို့၏ ဂဗ္ဘာဝက္ကန္တိ လေးပါးကို ပြခြင်း

ထိုသို့ အမိဝမ်းတွင်းသို့ သက်ဝင်၍ ပဋိသန္ဓေ နေရသော သတ္တဝါ၏ ဂဗ္ဘာဝက္ကန္တိ လေးပါး အပြားရှိသည်ကို အရှင်သာရိပုတြာ မထေရ် ဟောတော်မူသည်ကား....

စတဿော ဂဗ္ဘာဝက္ကန္တိယော၊ ဣဓာ ဝုသော ဧကစ္စော အသမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမတိ၊ အသမ္ပဇာနော မာတုကုစ္ဆိသ္မိံ ဌာတိ၊ အသမ္ပဇာနော မာတုကုစ္ဆိမှာ နိက္ခမတိ၊ အယံ ပဌမာ ဂဗ္ဘာဝက္ကန္တိ။

ပုနစပရံ အာဝုသော ဣဓေကစ္စော သမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမတိ၊ အသမ္ပဇာနော မာတုကုစ္ဆိသ္မိံ ဌာတိ၊ အသမ္ပဇာနော မာတုကုစ္ဆိမှာ နိက္ခမတိ၊ အယံ ဒုတိယာ ဂဗ္ဘာဝက္ကန္တိ၊

ပုနစပရံ အာဝုသော ဣဓေကစ္စော သမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမတိ၊ သမ္ပဇာနော မာတုကုစ္ဆိသ္မိံ ဌာတိ၊ အသမ္ပဇာနော မာတုကုစ္ဆိမှာ နိက္ခမတိ၊ အယံ တတိယာ ဂဗ္ဘာဝက္ကန္တိ။

ပုနစပရံ အာဝုသော ဣဓေကစ္စော သမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမတိ၊ သမ္ပဇာနော မာတုကုစ္ဆိသ္မိံ ဌာတိ၊ သမ္ပဇာနော မာတုကုစ္ဆိမှာ နိက္ခမတိ၊ အယံ စတုတ္ထာ ဂဗ္ဘာဝက္ကန္တိ။

(သင်္ဂီတိသုတ်ပါဠိတော်)

(၁) ဂဗ္ဘာဝက္ကန္တိယော၊ အမိဝမ်းတွင်းသို့ သက်ဝင်၍ ပဋိသန္ဓေနေခြင်းတို့သည်။ စတဿော၊ လေးပါးတို့တည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ အသမ္ပဇာနော၊ ပညာအဆင်အခြင်မရှိသည်ဖြစ်၍။ ဝါ၊ ပြင်းစွာ တွေဝေသည်ဖြစ်၍။ မာတုကုစ္ဆိံ၊ အမိဝမ်းသို့။ ဩက္ကမတိ၊ ပဋိသန္ဓေ၏။ အစွမ်းဖြင့် ဝင်ရ၏။ အသမ္ပဇာနော၊ ပညာအဆင်အခြင်မရှိသည်ဖြစ်၍။ မာတုကုစ္ဆိသ္မိံ၊ အမိဝမ်း၌။ ဌာတိ၊ တည်ရ၏။ အသမ္ပဇာနော၊ ပညာအဆင်အခြင် မရှိသည်ဖြစ်၍၊ မာတုကုစ္ဆိမှာ၊ အမိဝမ်းမှ။ နိက္ခမတိ၊ ထွက်ရ၏။ ဝါ၊ ဖွားရ၏။ အယံ၊ ဤပညာအဆင်အခြင် မရှိပဲ ဝင်ခြင်း,နေခြင်း,ဖွားခြင်းသည်။ ပဌမာ၊ ရှေးဦးစွာသော။ ဂဗ္ဘာဝက္ကန္တိ၊ အမိဝမ်းတွင်းသို့ သက်ဝင်၍ ပဋိသန္ဓေနေခြင်း မည်၏။

ဤ ဗဋ္ဌမ ဂဗ္ဘာဝက္ကန္တိကိုကား ပကတိလောကီလူအပေါင်းကို ရည်၍ ဟောတော်မူသည်။ လောကီလူအပေါင်းသည် အမိဝမ်းတွင်းသို့ ဝင်ခြင်း, အမိဝမ်းတွင်း၌ တည်ခြင်း, အမိဝမ်းတွင်းမှထွက်ခြင်းသုံးပါး၌ပင် ပညာအဆင်အခြင်မရှိ ပြင်းစွာတွေဝေလျက် ဝင်ရ,တည်ရ,ထွက်ရသည်။ ဤသို့ ပြင်းစွာတွေဝေလျက် ကြီးစွာသောဆင်းရဲကို ခံစားရကား ဉာဏသံဝေဂကို ဖြစ်စေသောအားဖြင့် အမိဝမ်းတွင်းဝယ် ပဋိသန္ဓေ နေရခြင်း၌ အလွန်ငြီးငွေ့ခြင်းငှါ သင့်သည်သာတည်း။ အလွန်တပ်ခြင်း ကင်းခြင်းငှာ သင့်သည်သာတည်း။

(၂) ပုနစပရံ၊တပါးထို။ အာဝုသော၊ငါ့ရှင်တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော သူသည်။ သမ္ပဇာနော၊ ပညာအဆင်အခြင်ရှိသည် ဖြစ်၍။ ဝါ၊မတွေဝေပဲ။ မာတုကုစ္ဆိံ၊ အမိဝမ်းသို့၊ ဩက္ကမတိ၊ ပဋိသန္ဓေ၏ အစွမ်းဖြင့်ဝင်ရ၏။ အသမ္ပဇာနော၊ ပညာအဆင်အခြင် မရှိသည် ဖြစ်၍။ မာတုကုစ္ဆိသ္မိံ၊အမိဝမ်း၌။ ဌာတိ၊တည်ရ၏။ ဝါ၊နေရ၏။ အသမ္ပဇာနော၊ ပညာအဆင်အခြင်မရှိသည် ဖြစ်၍။ မာတုကုစ္ဆိမှာ=အမိဝမ်းမှ။ နိက္ခမတိ၊ ထွက်ရ၏။ ဝါ၊ဖွားရ၏။ အယံ၊ ဤပညာအဆင်အခြင်ရှိလျက် ဝမ်းတွင်းသို့ ဝင်၍ ပညာအဆင်အခြင်မရှိပဲ ဝမ်းတွင်း၌ တည်ရခြင်း, ဝမ်းတွင်းမှဖွားခြင်းသည်။ ဒုတိယာ၊ နှစ်ခုမြောက်သော။ ဂဗ္ဘာဝက္ကန္တိ၊ အမိဝမ်းတွင်းသို့ သက်ဝင်၍ ပဋိသန္ဓေ နေရခြင်း မည်၏။

ဤ ဒုတိယ ဂဗ္ဘာဝက္ကန္တိ ကိုကား အသီတိ မဟာသာဝက ထေရ်တို့ကို ရည်၍ ဟောတော်မူသည်။ ထိုအသီတိ မဟာသာဝက မထေရ်တို့သည် မတွေဝေပဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းတွင်းသို့ သက်ဝင်ရကုန်၏။ အမိဝမ်း၌တည်ကုန်, အမိဝမ်းမှဖွားကုန်သည် ရှိသော် ပညာအဆင်အခြင်မရှိပဲ တွေဝေလျက် တည်ရ,ဖွားရကုန်၏။ ဤသို့အသီတိ မဟာသာဝက မထေရ်တို့စင်လျက် ပြင်းစွာတွေဝေ၍ ကြီးစွာသောဆင်းရဲကိုခံစားရကား ဉာဏသံဝေဂကို ဖြစ်စေသောအားဖြင့် အမိဝမ်းတွင်းဝယ် ပဋိသန္ဓေနေရခြင်း၌အလွန်ငြီးငွေ့ခြင်းငှာ တတ်ကောင်းသည် သာတည်း။ အလွန်တပ်ခြင်းကင်းခြင်းငှာ တတ်ကောင်းသည်သာတည်း။

(၃) ပုနစပရံ၊ တပါးတို။ အာဝုသော၊ငါ့ရှင်တို့။ ဣဓ၊ဤလောက၌။ ဧကစ္စော၊ အချို့သော သူသည်။ သမ္ပဇာနော၊ မတွေဝေပဲ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိံ၊အမိဝမ်းသို့။ ဩက္ကမတိ၊ပဋိသန္ဓေ

၏အစွမ်းဖြင့် သက်ဝင်ရ၏။ သမ္ပဇာနော၊ မတွေဝေပဲ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိံ၊ အမိဝမ်းတွင်း၌။ ဌာတိ၊ တည်ရ၏။ အမ္ပဇာနော၊ ပြင်းစွာ တွေဝေလျက် ပညာအဆင်အခြင် မရှိပဲ။ မာတုကုစ္ဆိမှာ၊ အမိဝမ်းမှ။ နိက္ခမတိ၊ ထွက်ရ ဖွားရ၏။ အယံ ဤမတွေဝေပဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းသို့ သက်ဝင်ရခြင်း, အမိဝမ်း၌တည်ရခြင်း, ပညာအဆင်အခြင်မရှိပဲ ပြင်းစွာတွေဝေလျက် အမိဝမ်းမှဖွားရခြင်းသည်။ တတိယာ၊ သုံးခုမြောက်သော။ ဂဗ္ဘာဝက္ကန္တိ၊ အမိဝမ်းတွင်းသို့ သက်ဝင်၍ ပဋိသန္ဓေနေရခြင်းမည်၏။

ဤတတိယာ ဂဗ္ဘာက္ကန္တိကိုကား အဂ္ဂသာဝကအလောင်းနှစ်ယောက် ပစ္စေက ဗောဓိ ဘုရားလောင်းတို့ကို ရည်၍ ဟောတော်မူသည်။ ထိုသို့ အဂ္ဂသာဝက အလောင်းနှစ်ယောက်, ပစ္စေကဗောဓိ ဘုရားလောင်းတို့သည် မတွေဝေပဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းတွင်းသို့ သက်ဝင်ရကုန်၏။ မတွေဝေပဲ ပညာအဆင်အခြင်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ အမိဝမ်းတွင်း၌တည်ရကုန်၏။ ဖွားသည့်ကာလ အမိ၏ ကမ္မဇလေတို့သည် ဦးခေါင်းစောက်ထိုး ခြေကားမိုးမြော် အသူတရာ မကနက်လှစွာသော ချောက်၌ ပစ်ချအပ်ကုန်သကဲ့သို့ ယောနိဝ၌ ပစ်ချအပ်ကုန်သည်ရှိသော် ကျဉ်းလှစွာသော သံကောက်ပေါက်ဖြင့် ဆင်ပြောင်ကြီးသည် ထွက်ရသကဲ့သို့ ကျဉ်းလှစွာသော ယောနိဝဖြင့် ထွက်ရကုန်သည်ရှိသော် အဆုံးမရှိသော ဆင်းရဲသို့ရောက်ကုန်၏။ ထို့ကြောင့် ထိုအဂ္ဂသာဝက အလောင်းနှစ်ယောက်, ပစ္စေကဗောဓိ ဘုရားလောင်းတို့အား ငါတို့ကား အမိဝမ်းမှ ဖွားကုန်ပြီဟု ပညာ အဆင်အခြင် မရှိပဲ ပြင်းစွာ တွေဝေရသတည်း၊ ဤသို့ ဖြည့်ပြီးသော ပါရမီရှိသော အဂ္ဂသာဝကလောင်း, ပစ္စေကဗုဒ္ဓါဓိ ဘုရားလောင်း တို့အားလည်း ဤသို့ သဘောရှိသော အရာဝယ်ကြီးစွာသော ဆင်းရဲကို ခံစားရတုံသေး၏ဟု နှလုံးပြု၍ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့အား ဉာဏသံဝေဂကို ဖြစ်စေသောအားဖြင့် အမိဝမ်းတွင်းဝယ် ပဋိသန္ဓေ နေရခြင်း၌ အလွန်ငြီးငွေ့ခြင်းငှာ မျှော်ကိပတ်သည်သာတည်း၊ အလွန်တပ်ခြင်း ကင်းခြင်းငှာလျှောက်ပတ်သတည်း။

ဇဝံ ပူရိတပါရမိနံပိစ သတ္တာနံ ဝေရူပေ ဌာနေ မဟန္တံ ဒုက္ခ ဥပ္ပဇ္ဇတီတိ အလမေဝ ဂဗ္ဘာဝါသေ နိဗ္ဗိန္ဒိတုံ အလမေဝ ဝိရဇ္ဇိတုံ။
(သမ္မောဒနီယသုတ် အဋ္ဌကထာ)

ဇေဝ၊ ဤသို့။ ပူရိတပါရမီနံ၊ ဖြည့်အပ်ပြီးသော ပါရမီရှိကုန်သော။ သတ္တာနံပိစ၊ အဂ္ဂသာဝက အလောင်း ပစ္စေကဗောဓိ ဘုရားလောင်း ဖြစ်ကုန်သော သတ္တဝါတို့အားလည်း။ ဇေဝရူပေ၊ ဤသို့ သဘောရှိသော။ ဌာနေ၊ ပဋိသန္ဓေနေရသော အရာ၌။ မဟန္တံ၊ ကြီးစွာသော။ ဒုက္ခံ၊ဆင်းရဲသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တုံသေး၏။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးပိုက်၍။ ဂဗ္ဘဝါသေ၊ အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေရခြင်း၌။ နိဗ္ဗိန္ဒိတုံ၊ငြီးငွေ့ခြင်းငှာ။ အလမေဝ၊ သင့်သည်သာလျှင်တည်း။ ဝိရဇ္ဇိတုံ၊ တပ်ခြင်းကင်းခြင်းငှာ။ အလမေဝ၊ သင့်သည်သာတည်း။

(၄) ပုနစပရံ၊ တပါးတုံ။ အာစုံသော၊ ငါ့အရှင်တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ သမ္ပဇာနော၊ မတွေဝေပဲ ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိံ၊ အမိဝမ်းသို့။ ဩက္ကမတိ၊ ပဋိသန္ဓေ၏ အစွမ်းဖြင့် သက်ဝင်ရ၏။ သမ္ပဇာနော၊ မတွေဝေပဲ ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိသ္မိံ၊ အမိဝမ်း၌။ ဌာတိ၊ တည်ရ နေရ၏၊ သမ္ပဇာနော၊ မတွေဝေပဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိမှာ၊ အမိဝမ်းမှ၊ နိက္ခမတိ၊ ထွက်ရ ဖွားရ၏၊အယံ၊ ဤမတွေဝေပဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းသို့ ဝင်ရခြင်း, အမိဝမ်း၌တည်ရခြင်း, အမိဝမ်းမှဖွားရခြင်းသည်။ စတုတ္ထာ၊လေးခုမြောက်သော။ ဂဗ္ဘာဝက္ကန္တိ၊ အမိဝမ်းတွင်းသို့ဝင်၍ ပဋိသန္ဓေ နေရခြင်း မည်၏။

ဤစတုတ္ထ ဂဗ္ဘာဝက္ကန္တိ ကိုကား သဗ္ဗညုဘုရား အလောင်းတော်ကို ရည်၍ ဟောတော်မူသည်၊ ထိုသဗ္ဗညုဘုရားအလောင်းတို့သည် အမိဝမ်း၌ ပဋိသန္ဓေ နေကုန်သော်လည်း ငါတို့ကား အမိဝမ်း၌ ပဋိသန္ဓေနေသည်ဟု သိကုန်၏၊ အမိဝမ်း၌ တည်ကုန်သော်လည်း ငါတို့ကား အမိဝမ်း၌ တည်သည်ဟု သိကုန်၏၊ အမိဝမ်းမှဖွားသော အခါ၌လည်း ထိုသဗ္ဗညုဘုရားလောင်းတို့ကို အမိ၏ ကမ္မဇလေတို့သည် ဦးခေါင်းစောက်ထိုး ခြေကားမိုးမျှော် ယောနိဝသို့ ပစ်ချခြင်းငှာ မတတ်နိုင်ကုန်၊ လက်နှစ်ချောင်း ခြေချောင်းကို ဆန့်တန်း၍ မျက်စိတို့ကိုဖွင့်ပြီးလျှင်ရပ်လျက်သာ အမိဝမ်းမှ ဖွားတော်မူကြကုန်၏၊ အထက်သို့ဘဝဂ်,အောက်၌ အဝီစိ အနန္တ စကြာဠာ ဖိလာထုတ်ချင်း ဤအရပ်၏ အတွင်း၌သဗ္ဗညုဘုရားလောင်းတို့ကို ထား၍ တပါးသောသူသည် အမိဝမ်းသို့ သက်ဝင်ခြင်း, အမိဝမ်း၌ တည်ခြင်း,

အမိဝမ်းမှ ဖွားခြင်း ဤသုံးပါးသော ကာလတို့၌မတွေဝေပဲ ပညာအဆင်အခြင်နှင့်ပြည့်စုံသောသူ မည်သည်မရှိ၊ ထို့ကြောင့်သာလျှင် သဗ္ဗညုဘုရားလောင်းတို့၏ အမိဝမ်းသို့ သက်ဝင်သောကာလ၌ လည်းကောင်း, အမိဝမ်းမှ ဖွားသောကာလ၌လည်းကောင်း, တသောင်းသော လောကဓာတ်သည် ချာချာပတ်ပတ် ချားရဟတ်ကဲ့သို့ တုန်လှုပ်၏၊ အထက်အောက်လည်း တုန်လှုပ်၏။

တေနေဝ နေသံ မာတုကုစ္ဆိံ ဩက္ကမနကာလေစ နိက္ခမနကာလေစ ဒသသဟဿိလောကဓာတု ကမ္ပတိ။

(ပါထေယျ အဋ္ဌကထာ)

တေနေဝ၊ ထိုသို့ ကာလသုံးပါး၌ အဆင်အခြင်နှင့်ပြည့်စုံသောကြောင့်သာလျှင်။ နေသံ၊ထိုသဗ္ဗညု ဘုရားလောင်းတို့၏။ မာတုကုစ္ဆိံ၊ မယ်တော်ဝမ်းသို့။ ဩက္ကမနကာလေစ၊ သက်ဝင်တော်မူသော ကာလ၌လည်းကောင်း။ မာတုကုစ္ဆိမှာ၊ မယ်တော်ဝမ်းမှ။ (ဝိဘတ်ပြန်၍ လိုက်စေ) နိက္ခမနကာလေစ၊ ဖွားတော်မူသောကာလ၌လည်းကောင်း၊ ကမ္ပတိ၊ တုန်လှုပ်၏။

ဤသို့ အတိုင်းမသိ အဆုံးမရှိသော ပါရမီတော်ကို ဖြည့်ပြီးသော ပါရမီရှိသောသဗ္ဗညုဘုရားလောင်းတို့ စင်လျက်လည်း အမိဝမ်း၌ပဋိသန္ဓေနေရခြင်း မကင်း၍ ဆင်းရဲရတုံသေး၏၊ ငါတို့အားကား ဆိုဖွယ်ရာ အဘယ်ရှိအံ့နည်းဟု ဉာဏသံဝေဂကို ဖြစ်စေသောအားဖြင့် အမိဝမ်းဝယ် ပဋိသန္ဓေနေရခြင်း ဇာတိ၌ အလွန်ငြီးငွေ့ခြင်းငှာ တတ်ကောင်းသည်သာတည်း၊ အလွန်တပ်ခြင်း ကင်းခြင်းငှာ သင့်သည်သာတည်း။

ဤ ဂဗ္ဘာဝက္ကန္တိ လေးပါးတို့၌ အကျဉ်း အဓိပ္ပါယ်ကား........ပထမ ဂဗ္ဘာဝက္ကန္တိကို လောကီ လူအပေါင်းကို ရည်၍ ဟောတော် မူသည်၊ ထိုလောကီလူအပေါင်းကား အမိဝမ်းသို့ ဝင်ခြင်း, အမိဝမ်း၌ တည်ခြင်း အမိဝမ်းမှဖွားခြင်း သုံးပါးလုံးကိုပင် မသိ၊ ဒုတိယဂဗ္ဘာဝက္ကန္တိကို အသီတိ မဟာသာဝကတို့ကို ရည်၍ ဟောတော်မူသည်၊ ထိုအသီတိ မဟာသာဝကိုတို့ကား အမိဝမ်းသို့ဝင်ခြင်းကိုသိကုန်၏၊ အမိဝမ်း၌ တည်ခြင်း, အမိဝမ်းမှ ဖွားခြင်း နှစ်ပါးကိုကား မသိကုန်၊ တတိယဂဗ္ဘာဝက္ကန္တိကို အဂ္ဂသာဝက အလောင်းနှစ်ပါး,ပစ္စေကဗုဒ္ဓါ အလောင်းတို့ကိုရည်၍ ဟောတော်မူသည်၊ ထိုအလောင်းတို့ကား အမိဝမ်းသို့ သက်ဝင်ခြင်း, အမိဝမ်း၌ တည်ခြင်း

နှစ်ပါးကို သိကြကုန်၏၊ အမိဝမ်းမှ ဖွားခြင်းကိုကား မသိကုန်၊ စတုတ္ထ ဂဗ္ဘာဝက္ကန္တိကိုကား သဗ္ဗညုဘုရားလောင်းတို့ကိုရည်၍ ဟောတော်မူသည်၊ ထိုသဗ္ဗညုဘုရားလောင်းတို့ကားအမိဝမ်းသို့ဝင်ခြင်း, အမိဝမ်း၌တည်ခြင်း, အမိဝမ်းမှဖွားခြင်းသုံးပါးလုံးကိုသိကုန်သည်။

ထိုသို့အရာဝယ် သဗ္ဗညုဘုရားလောင်းတို့သည် စုတိစိတ် ပဋိသန္ဓေစိတ်တို့ကို သိကုန်၏လောဟူမူ စုတိစိတ် ပဋိသန္ဓေစိတ်တို့ကို မသိကုန်၊ စုတိသောခဏ, ပဋိသန္ဓေနေသောခဏ၌ စုတေခြင်း, ပဋိသန္ဓေနေခြင်းတို့ကိုသာ သိကုန်၏ ဟူပေ။

> စုတိစိတ္တံ နဇာနာတိ၊ စုတိက္ခဏေပန စ ဝါမိတိ ဇာနာတိ၊ ပဋိသန္ဓိစိတ္တံ နဇာနာတိ၊ အသုကသ္မိံ မေ ဌာနေ ပဋိသန္ဓိ ဂဟိတာတိ ဇာနာတိ။
>
> (သုတ်မဟာဝါ အဋ္ဌကထာ)

စုတိစိတ္တံ၊ စုတိစိတ်ကို။ နဇာနာတိ၊ မသိ။ စုတိက္ခဏေပန၊ စုတိခဏ၌ကား။ စ ဝါမိတိ၊ စုတေ၏ဟု။ ဇာနာတိ၊ သိ၏။ ပဋိသန္ဓိ စိတ္တံ၊ ပဋိသန္ဓေစိတ်ကို။ နဇာနာတိ၊ မသိ။ အသုကသ္မိံ ဌာနေ၊ ဤအမည်ရှိသော အရပ်၌။ မေမယာ၊ ငါသည်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဟိတာတိ၊ ယူအပ်၏ဟု။ ဇာနာတိ၊ သိ၏။

---

## ၆၅-ယောနိလေးပါးတို့ဖြင့် ပဋိသန္ဓေနေကုန်သော သတ္တဝါလေးမျိုးတို့၏ ပဋိသန္ဓေနှင့် တပြိုင်နက် ရအပ်သော ခန္ဓာတို့ကို ရေတွက်၍ ပြဆိုခြင်း

ဤသို့အောက်၌ ပြဆိုအပ်ပြီးသော ယောနိလေးပါးဖြင့် ပဋိသန္ဓေနေကြကုန်သော သတ္တဝါတို့တွင် အဏ္ဍဇ, ဇလာဗုဇဖြင့် ပဋိသန္ဓေ နေကြကုန်သော သတ္တဝါတို့အား ခန္ဓာငါးပါးတို့သည် ပဋိသန္ဓေ ခဏ၌ မရှေးမနှောင်း တပြိုင်နက် တချက်တည်း ထင်ရှား ဖြစ်ကြကုန်၏၊ ထို ပဋိသန္ဓေ ခဏ၌ ထင်ရှားဖြစ်သော ကလလရေကြည်ဟု ဆိုအပ်သော ရုပ် အစဉ်လည်း ယင်ငယ်သည် တကြိမ်သော လုံ့လဖြင့် သောက် လောက်ရုံမျှ အတိုင်းအရှည် ရှိသည်ဖြစ်၍ နည်းလှစွာ၏၊ ဤသို့ ဆိုအပ် ပြီး၍ တဖန် ဤယင်ငယ် သောက်လောက်ရုံမျှ ပမာဏ ရှိသော ကလလ ရေကြည်သည် အလွန်များသေး၏ဟု ပယ်ပြီး၍ သိမ်မွေ့ နူးညံ့လှစွာသော

အပ်ကို ဆိဒ္ဓ ချ၍ ဆယ်အပ်သည် ရှိသော် ယိုစီးလျက် အပ်ဖျားဝယ် တည်သော ဆီပေါက်ပမာဏ ရှိ၏ဟုဆို၏၊ ထိုအပ်ဖျား၌ တည်သော ဆီပေါက်ပမာဏရှိသော ကလလရေကြည်သည် အလွန်များသေး၏ ဟု ပယ်ပြီး၍ ဆံပင်တချောင်းဆိဒ္ဓချ၍ ဆယ်အပ်သည်ရှိသော်ယိုစီးလျက် ဆံဖျားဝယ် တည်သော ဆီပေါက်ပမာဏရှိသည်ဟု ဆိုအပ်၏၊ထိုဆံဖျား၌ တည်သော ဆီပေါက်ပမာဏရှိသော ကလလ ရေကြည်သည် အလွန်များသေး၏ဟု ပယ်ပြီး၍ ဇမ္ဗူဒီပ ကျွန်းသူတို့၏ ဆံပင်ကို ရှစ်စိတ်ခွဲပြီးလျှင် ထိုရှစ်စိတ်မှ တစိတ်ပမာဏသည် ဥတ္တရကုရု ကျွန်းသူတို့၏ဆံပင်တည်း၊ ထိုဥတ္တရကုရုကျွန်းသူတို့၏ ဆံကို ကြည်စွာသော ဆိဒ္ဓချ၍ ဆယ်အပ်သည်ရှိသော် ယိုစီးလျက် ဆံဖျားဝယ်တည်သော ဆီပေါက်ပမာဏ ရှိ၏ဟုဆိုအပ်၏၊ထိုဆံဖျား၌တည်သော ဆီပေါက်ပမာဏရှိသော ကလလ ရေကြည်သည် အလွန်များသေး၏ဟု ပယ်ပြီးမှ ဇာတိဥဏ္ဏာ မည်သော သား၏ အမွေးသည် အလွန်သိမ်မွေ့၏၊ ထိုဇာတိဥဏ္ဏာမည်သော သား၏ အမွေးတချောင်းကို ကြည်စွာသော ဆိဒ္ဓချ၍ ဆယ်အပ်သည် ရှိသော် ယိုစီးလျက် အမွေးဖျားဝယ်တည်သော ဆီပေါက်ပမာဏရှိ၏ဟုဆိုအပ်၏၊

ယင်ငယ် သောက်လောက်၊ ထိုနောက်အပ်ဖျား၊ တောင်ကျွန်းသား၏၊ ဆံဖျားတသွယ်၊ မြောက်ဝယ် ကျွန်းသား၊ ဆံဖျားတင်ရှိ၊ ဇာတိဥဏ္ဏာ၊ သားမြတ်စွာ၏၊ မွေးမှာတမျှင်၊ အဖျားတွင်၌၊ တင်သည့်ဆီမျှ၊ ပမာဏသည်....ကလလရုပ်၏ အတိုင်းအရှည်တည်း။

ထိုကလလ ရေကြည်ကား အလွန် ကြည်လင်၏၊ နောက်ကျုခြင်းမရှိ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော ကြည်စွာသော ဆီပေါက်နှင့် တူသော အဆင်းရှိ၏၊ ထို့ကြောင့်....

တိလတေလဿ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော၊
ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊ ကလလံ သမ္ပဝုစ္စတိ။

ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူကုန်၏။

တိလတေလဿ၊ နှမ်းဆီ၏၊ ဗိန္ဒု၊ ယထာ၊ အပေါက်ကဲ့သို့။ အနာဝိလော။ နောက်ကျုခြင်း မရှိသော။ သပ္ပိမဏ္ဍော၊ ယထာ၊ ထောပတ် ကြည်ကဲ့သို့။ ဧဝံ၊ ထိုအတူ။ ကလလံ၊ ကလလ ရေကြည်ကို။ ဝဏ္ဏပ္ပဋိဘာဂံ၊ တူသော အဆင်းသဏ္ဌာန်ရှိ၏ ဟူ၍ သမ္ပဝုစ္စတိ၊ ကောင်းစွာ အပြားအားဖြင့် ဆိုအပ်၏။

ဤသို့ နည်းစုံသော ကလလရုပ်အစဉ်၏ ဝတ္ထုဒသကတခု, ကာယဒသကတခု, မိန်းမအား ဣတ္ထိန္ဒြေ, ယောကျ်ားအားပုရိသိန္ဒြေ၏အစွမ်းဖြင့် ဘာဝဒသကတခု ဤသုံးခုသော ရုပ်အစဉ် အဦးတို့သည် ဖြစ်ကုန်၏၊ ထိုသုံးခုသော ရုပ်အစဉ်အဦးတို့တွင် ဝတ္ထုရုပ်တခု, ထိုဝတ္ထုရုပ်၏ မှီရာဖြစ်ကုန်သော မဟာဘုတ်လေးခု, ထိုမဟာဘုတ်ကိုမှီကုန်သော ဝဏ္ဏ ဂန္ဓ ရသ ဩဇာလေးခု, ဇီဝိတိန္ဒြေတခု, ဤရုပ်ဆယ်ခုအပေါင်းသည်ဝတ္ထုဒသကမည်၏၊ကာယပသာဒတခု, ထိုကာယပဒတခု၏ မှီရာဖြစ်ကုန်သော မဟာဘုတ်လေးခု, ထိုမဟာဘုတ်ကို မှီကုန်သော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ လေးခု, ဇီဝိတိန္ဒြေတခု၊ ဤရုပ်ဆယ်ခု အပေါင်းသည် ကာယဒသကမည်၏၊ မိန်းမအား ဣတ္ထိဘာဝရုပ် ယောကျ်ားအား ပုရိသဘာဝရုပ်တခု, ထိုဘာဝရုပ်၏ မှီရာ ဖြစ်ကုန်သော မဟာဘုတ်လေးခု, ထိုမဟာဘုတ်ကို မှီကုန်သော ဝဏ္ဏ ဂန္ဓ ရသ ဩဇာလေးခု ဇီဝိတိန္ဒြေတခု၊ ဤဆယ်ခုသော ရုပ်အပေါင်းသည် ဘာဝဒသကမည်၏၊ ဤသို့ အဏ္ဍဇ ဇလာဗုဇ သတ္တဝါတို့အား ပဋိသန္ဓေအခါ၌ ယှဉ်သော အပိုင်းအခြားအားဖြင့် အမျှသုံးဆယ်သော ကမ္မဇရုပ်တို့လည်း ရူပက္ခန္ဓာ မည်ကုန်၏၊အကယ်၍နပုံး ပဏ္ဍုက် ပဋိသန္ဓေဖြစ်ငြားအံ့၊ ဘာဝဒသကသည် ယုတ်၏၊ ဝတ္ထုဒသက, ကာယဒသက နှစ်ပါးတို့၏ အစွမ်းအားဖြင့် အမျှနှစ်ဆယ်သောကမ္မဇရုပ်တို့သည် ရူပက္ခန္ဓာမည်ကုန်၏၊ ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းကုန်သော စေတသိက် တို့သည် သင်္ခါရက္ခန္ဓာ မည်ကုန်၏၊ ပဋိသန္ဓေ စိတ်သည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့ အဏ္ဍဇ ဇလာဗုဇသတ္တဝါတို့အား ပဋိသန္ဓေခဏ၌ ဤခန္ဓာငါးပါးတို့သည် အပြည့်အစုံ ဖြစ်ကုန်၏။

ပြည့်စုံသော အာယတန ရှိကုန်သော သံသေဒဇ ဩပပါတိက သတ္တဝါတို့အား ပဋိသန္ဓေ ခဏ၌ အောက် အဏ္ဍဇ, ဇလာဗုဇ၌ ဆိုအပ်ကုန်ပြီးသော သုံးပါးသော ဒသကတို့လည်းကောင်း, စက္ခုသောတ ဃာန ဇိဝှါဟုဆိုအပ်ကုန်သောလေးပါးသောဒသကတို့လည်းကောင်း ဤခုနစ်ပါးသောရုပ်အစဉ် အဦးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုခုနစ်ပါးသော ဒသကတို့တွင် စက္ခုသောတ ဇိဝှါဒသကတို့သည် ကာယဒသကနှင့်တူကုန်၏၊ ကာယ၏အရာ၌ စက္ခုကိုထည့်၍ စက္ခုဒသက, သောတကိုထည့်၍ သော

တဒသက, ဃာနကိုထည့် ဃာနဒသက, ဇိဝှါကိုထည့်၍ ဇိဝှါဒသကဟု ဆိုသည့်အကယ်၍နုပ်ပုံးပဏ္ဍုက်ဖြစ်ငြားအံ့၊ဘာဝဒသကမရှိ၊ ဤသို့ပြည့်စုံသော အာယတန ရှိကုန်သော သံသေဒဇ ဩပပါတိက သတ္တဝါတို့အား အမျိုးနုစ်ဆယ်သော ကမ္မဇရုပ်တို့သည်လည်းကောင်း, အမျိုးခြောက်ဆယ်သော ကမ္မဇရုပ်တို့သည်လည်းကောင်း ရှုပကျွန္ဒာမည်ကုန်၏၊ ဝေဒနာကျွန္ဒာစသည်တို့ကား ရှေးအကျွဇ် ဇလာဗုဇတို့နှင့် တူကုန်၏၊ ဤသံသေဒဇ ဩပပါတိက သတ္တဝါတို့အား ပဋိသန္ဓေခဏ၌ ခန္ဓာငါးပါးတို့သည် အပြည့်အစုံဖြစ်ကုန်၏၊ ဤကား ကာမသတ္တဝါတို့၏ အစွမ်းဖြင့် ဇာတိဒုက္ခကို ပြသည်။

---

### ၆၆-ဂဗ္ဘသေယျက ပဋိသန္ဓေနေသော သတ္တဝါတို့ ကလလ ရေကြည်မှစ၍ ဖွားမြင်သည် တိုင်အောင်သော ကာလအတွင်း ဖြစ်ပုံအစဉ်ကို ပြခြင်း

တရံသောအခါ ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဣန္ဒကူဋတောင်ဝယ် ဣန္ဒက အမည်ရှိသော ဘီလူး၏ ဗိမာန်၌ နေတော်မူ၏၊ ထိုအခါ ဣန္ဒက ဘီလူးသည် ဘုရားသခင်သို့ကပ်၍ လျှောက်ပတ်ရာ အရပ်က နေပြီးလျှင် ဤဂါထာဖြင့် လျှောက်၏။

ရူပံ န ဇီဝန္တိ ဝဒန္တိ, ဗုဒ္ဓါ ကထံ ဝိန္ဒတိ မံ သရီရံ၊
ကုတဿ အဋ္ဌိ ယကပိဏ္ဍမေတိ, ကတံ နွယံ သဇ္ဇတိ ဂဗ္ဘရသ္မိန္တိ၊
(သံယုတ်ပါဠိတော် ဆယ်တလုံးဖွဲ့ ဂါထာ)

ဘဂဝါ၊ ဘုန်းတော်ကြီးသော၊ ဘန္တေ၊ အရှင်ဘုရား။ ရူပံ၊ ရုပ်ကို။ ဇီဝန္တိ၊ အသက်ဟူ၍။ ဝါ၊ သတ္တဝါ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ နဝဒန္တိ၊ ဟောတော်မမူကုန်။ အထ၊ ထိုသို့ ရုပ်ကို သတ္တဝါဟု မဟောကုန်သည် ရှိသော်။ (အထကား ထည့်သည်)ကထံ၊ အသို့သော အကြောင်းဖြင့်။အယံ သတ္တော၊ ဤသတ္တဝါသည်။ဣမံသရီရံ၊ ဤခန္ဓာကိုယ်ကို။ဝိန္ဒတိ၊ ဝိန္ဒတိနု၊ ရလေသနည်း။ အဿ၊ ထိုသတ္တဝါ၏။ အဋ္ဌိ၊ သုံးရာသော အရိုးသည်ရင်း။ ယကပိဏ္ဍံ၊ ကိုးရာသော အသားဆိုင် အသားခဲ အသားတုံး သည်ရင်း။ ကုတော၊ အဘယ်မှ။တေ့၊ လာသနည်း။ကထံ၊အဘယ်သို့သောအကြောင်းဖြင့်။ အယံသတ္တော၊ ဤသတ္တဝါသည်။ ဂဗ္ဘရသ္မိံ၊ အမိ ဝမ်းတိုက်၌။ သဇ္ဇတိနု၊ ကပ်ရ,ငြိရ, တည်ရသနည်း၊ ဣတ္ထံဣမာယ ဂါထာယ၊ ဤဂါထာဖြင့်။ အဇ္ဈာဘာသိ၊ မေးလျှောက်၏။

အမိပွာယ်ကား အကယ်၍ ရုပ်သည် သတ္တဝါ မဟုတ် မူ၍ ရုပ်တခြား သတ္တဝါတခြား ဖြစ်အံ့၊ ဤသတ္တဝါသည် ဤခန္ဓာကိုယ်ဟု ဆိုအပ်သော ရုပ်ကို အဘယ်မှ ရချေသနည်း၊ ထိုသတ္တဝါ တို့အား သုံးရသော အရိုး, ကိုးရသော အသားတစ်သည် အဘယ်မှ လာရောက်သနည်း၊ သတ္တဝါမဟုတ်သော ရုပ်သည် အမိဝမ်းတိုက်ဝဲယ် ဘယ့်နှယ် တည်နိုင်အံ့နည်း၊ ဤရုပ်သည်အကယ်၍ သတ္တဝါမဟုတ်ငြားအံ့၊ အမိသည် စားအပ်သော ငါးအမဲ အစ်ရှိသည်တို့သည် တည၌နေသဖြင့် ကြေပျောက်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ကြေပျောက်ခြင်းသို့ ရောက်ရာ၏၊ သတ္တဝါဖြစ်၍ ကံကြောင့်သာ မကြေရာသည်ဟု ဆိုလိုသည်၊ ဤဣန္ဒကဘီလူးကား ရုပ်ကို ပုဂ္ဂိုလ် သတ္တဝါဟု အယူရှိသတတ်၊ တပြိုင်နက် တချက်တည်း အပြည့်အစုံသာလျှင်သတ္တဝါသည် အမိဝမ်း၌ ဖြစ်၏ဟုအယူရှိ၍ မေးသည်။

ထိုအခါ ဣန္ဒကဘီလူးအား ဘုရားသမ္ဗုဒ္ဓသည် တပြိုင်နက် တချက်တည်း အပြည့်အစုံသာ သတ္တဝါသည် အမိဝမ်း၌ဖြစ်သည်မဟုတ်၊ စင်စစ်မှာမူကား အစဉ်အားဖြင့်သာကြီးပွားရသည်ဟု ပြတော်မူလိုသောကြောင့်

ပဌမံ ကလလံ ဟောတိ, ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယာတေ ပေသိ, ပေသိ နိဗ္ဗတ္တတီ ဃနော၊
ဃနာ ပသာခါ ဇာယန္တိ, ကေသာ လောမာ နခါပိစ၊
ယဉ္စဿ ဘုဉ္ဇတိ မာတာ, အန္နံ ပါနဉ္စ ဘောဇနံ၊
တေန သော တတ္ထ ယာပေတိ, မာတုကုစ္ဆိဂတော နရော။

ဟူသော အခွဲနှင့်တကွ သုံးဂါထာကို ဟောတော်မူ၏။

(သံယုတ် ပါဠိတော်)

(ဤဂါထာတို့တွင် ပဌမဂါထာစတုတ္ထပါဒ၌ ဆန်းဂိုဏ်းကိုစောင့်ခြင်းငှာ ပေသိ နိဗ္ဗတ္တတီဟု တီ၌ဒီဃနှင့်ရွတ် "ကာမတော ဇာယတိ သောကော၊ ကာမတော ဇာယတိ ဘယံ" ဟူသော ဓမ္မပဒပါဠိတော်၌ ဆန်းဂိုဏ်းကို စောင့်ခြင်းငှာ တီဟု ဒီဃနှင့်ရွတ်ရမည် ဆိုသော ရူပသိဒ္ဓိနည်းတည်း၊ ဒုတိယဂါထာ ဘုဉ္ဇတိ မာတာ၌လည်း ဤနည်းတူ မှတ်အပ်၏၊ အချို့ပါဠိတော်၌ နိဗ္ဗတ္တတေ ဃနော ဟု သေရနှင့်ရှင်း, နိဗ္ဗတ္တဘိဃနောဟု ဝွဒ္ဓေးဘော်နှင့်ရှင်းရှိ၏၊ယင်းသို့ရှိသော်လည်း ဆန်းသဒ္ဒါနည်းနှစ်ပါးပင်မပျက်ရကားကောင်း၏၊

များစွာသောဓမ္မပဒ ပါဠိတော်တို့၌လည်း "ဇာယတေ သောကော, ဇာယတေ ဘယံ" ဟု သေရနှင့်ရင်း "ဇာယတိသောကော, ဇာယတိဘ္ဘယံ" ဟု ဿဒွေးဘော်, ဗ္ဗဒွေးဘော်နှင့်ရင်း ရှိသည်၊ ရူပသိဒ္ဓိကား....ဤပါဠိကိုနှလုံးမထားမူ၍ဒီဃအပြုကိုစီရင်ဟန်ရှိ၏၊ သုတနည်းသေးသောသူတို့သည် ပါဠိရင်းတိုင်အောင်မလိုက်နိုင်ပဲ ဆရာတို့ဆောင်အပ်သော ထိုထိုကျမ်း၌ တွေ့သော ဂါထာကိုသာ လေ့ကျက်၍ ဆန်း, သဒ္ဒါ အနက် ပျက်သည် များသောကြောင့် အသေအချာ သဒ္ဒါနည်း ဆန်းနည်းနှင့်တကွ ပြလိုက်သည်။အချို့စာ၌"ပေသိနိဗ္ဗတ္တတော ဃနာ" ဟု ဩသရနှင့် ရှိ၏၊ အဋ္ဌကထာနှင့် မညီရကား ပါဠ်ပျက်။)

ပဌမံ၊ ရှေးဦးစွာသော ဝဠ္ဍိသန္တေ ဝိညာဉ်ဖြင့်။ ဝါ၊ ရှေးဦးစွာသော သတ္တာဟဝတ်လုံး။ ကလလံ၊ ကလလ ရေကြည်သည်။ ဟောတိ၊ ဖြစ်၏၊ ကလလာ၊ ကလလရေကြည်မှ။ သတ္တာဟစ္စယေန၊ ခုနစ်ရက် လွန်သဖြင့်။ (သတ္တာဟစ္စယေနကား ထည့်သည်) အဗ္ဗုဒံ၊ သားဆေးရည် အဆင်းရှိသော အမြှုပ်သည်။ ဟောတိ၊ ၏။ အဗ္ဗုဒါ၊ အမြှုပ်မှ သတ္တာဟစ္စယေန၊ ခုနစ်ရက်လွန်သဖြင့်။ ပေသိ၊ ကြည်စွာသော သလွဲနှင့်တူသော သားတစ်သည်။ ဇာယတေ၊ဖြစ်၏။ ပေသိ၊ သားတစ်မှ။ သတ္တာဟစ္စယေန၊ခုနစ်ရက်လွန်သဖြင့်။ ဃနော၊ ကြက်ဥသဏ္ဍာန် ရှိသော အသားခဲသည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ဃနာ၊အသားခဲမှ။သတ္တာဟစ္စယေန၊ ခုနစ်ရက်လွန်သဖြင့်။ပသာခါ၊ လက်နှစ်ချောင်း ခြေနှစ်ချောင်း ဦးခေါင်းအကျိုးငါး ငါးဖြာသော အိုင်းအဖုတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ကေသာစ၊ ဆံတို့သည်ရင်း။ လောမာစ၊ အမွေးတို့သည်ရင်း။ နခါပိစ၊ လက်သည်း ခြေသည်းတို့သည်ရင်း။ ဇာယန္တိ၊ ကုန်၏။

အဿ၊ ထိုသူငယ်၏။ မာတာ၊ အမိသည်။ ယဉ္စအန္နံ၊ အကြမ်းထမင်းကိုရင်း။ ယဉ္စပါနံ၊အကြင်အဖျော်ကိုရင်း။ ယဉ္စဘောဇနံ၊အကြဉ်ဘောဇဉ်ကိုရင်း။ ဘုဉ္စတိ၊ စား၏။ တေန၊ ထိုအမိစားသောထမင်းအဖျော်ဘောဇဉ်ဖြင့်။ မာတုကုစ္ဆိဂတော၊ အမိဝမ်း၌တည်သော။ သောနရော၊ ထိုသတ္တဝါသည်။ တတ္ထ၊ ထိုအမိဝမ်း၌။ ယာပေတိ၊ မျှ၏။

"ပဌမန္တိ ပဌမေန ပဋိသန္ဓိ ဝိညာဏေန"ဟု အဋ္ဌကထာဆိုသောကြောင့် ပဌမံ၌ ပစ္စတ္တဝိဘတ်ကိုကရဏတ္ထ၌သက်၊ "ပေသိ နိဗ္ဗတ္တတိ

ဃနော်တိ တတော ပေသိတော သတ္တာဟစ္စယေန်”ဟု အဋ္ဌကထာ ဆိုသောကြောင့် ပေသိ၌ ပစ္စတ္တဝိဘတ်ကို နိယကထ္တ၌ သက်။

**အစိပ္ပါယ်ကား** ရှေးဦးစွာ ဘသတ္တာဟပက်လုံး ကလလရေကြည် ဖြစ်သည်၊ ကလလ ရေကြည်ကား အဘိဓမ္မာ အဋ္ဌကထာ အလိုမူ အောက်၌ ပြဆိုအပ်ပြီးသော နည်းဖြင့် ဇာတိဥဏ္ဏာ မည်သော သား၏ အမွေးဖျား၌ ဂါသော ဆီပေါက်ပမာဏ ရှိသည်ဟု ဆိုသည်၊ သံယုတ်အဋ္ဌကထာ၌ကား ဇာတိဥဏ္ဏာမည်သောသား၏အမွေးသုံးချောင်း တို့ဖြင့် ကျစ်အပ်သော ချည်၏အဖျား၌ ပါသော ဆီပေါက်ပမာဏရှိသည် ဟု ဆိုသည်။

တိဟိ ဇာတိဥဏ္ဏံသူဟိ ကတသုတ္တဂ္ဂေ သဏ္ဌိတ တေလေ
ဗိန္ဒုပ္ပမာဏံ ကလလံ ဟောတိ။

(သံယုတ်အဋ္ဌကထာ)

တိဟိ၊ သုံးချောင်းကုန်သော။ ဇာတိဥဏ္ဏံသူဟိ၊ ဇာတိဥဏ္ဏာမည်သော သားအမွေးတို့ဖြင့်၊ ကတသုတ္တဂ္ဂေ၊ ပြုအပ်သော ချည်ချောင်း အဖျား၌။ သဏ္ဌိတ တေလဗိန္ဒုပ္ပမာဏံ၊ ယိုစီး၍တည်သောသောဆီပေါက်ပမာဏရှိသော။ ကလလံ၊ ကလလရေကြည်သည်။ ဟောတိ၊ ၏။

ကလလသတ္တာဟကို လွန်သဖြင့် သားဆေးရည် အဆင်းသဏ္ဌာန် ရှိသော အမြှုပ်သည် နှစ်ခုမြောက်သော သတ္တာဟပတ်လုံးဖြစ်၏၊ အဗ္ဗုဒ သတ္တာဟကို လွန်သဖြင့် ကြည်လင်စွာသော သလွဲနှင့်တူသော အဆင်း သဏ္ဌာန်ရှိသော သားတစ်သည် သုံးခုမြောက်သော သတ္တာဟ ပတ်လုံး ဖြစ်၏၊ ထိုသားတစ်ကို ရေတ်တင်လဲ ဥပမာဖြင့် ပြအပ်၏၊ ရွာသူ သားငယ်တို့သည် ကောင်းစွာမှည့်သော ရော်သီးတို့ကိုယူပြီးလျှင် ပုဆိုး တွင်း၌ ထုပ်သည်ကို ပြုပြီးမှ ညှစ်၍ အရည်ကြည်ကို ယူပြီးသည် ရှိသော် အိုးကင်း၌ထည့်၍ နေပူ၌ထားကုန်၏၊ ထို ရေတ်ရည်သည် ခြောက်သည် ရှိသော် ထက်ဝန်းကျင်သော အဖို့တို့ဖြင့် အိုးကင်းမှလွတ်၏၊ သားတစ်ကား ဤရေတ်တင်လဲနှင့် အလားတူ၏၊ ပေသိသတ္တာဟကို လွန်သဖြင့် ကြက်ဥ သဏ္ဌာန်ရှိသော ဃနမည်သော အသားစိုင်သည် လေးခုမြောက် သော သတ္တာဟပတ်လုံးဖြစ်၏။

ယထာ ကုက္ကုဋိယာ အဏ္ဍံ, သမန္တာ ပရိမဏ္ဍလံ၊
ဧဝံ ဃနဿ သဏ္ဌာနံ, နိဗ္ဗတ္တံ ကမ္မပစ္စယာ။

(သံယုတ်အဋ္ဌကထာ)

သန္တာ၊ ထက်ဝန်းကျင်မှ။ ပရိမဏ္ဍလံ၊ အညီအညွတ် လုံးသော။ ကုက္ကုဋ္ဌိယာ၊ ကြက်ဉ၏။ အကွံ၊ဥသည်။ နိဗ္ဗတ္တံယထာ၊ ဖြစ်သကဲ့သို့၊ ဧဝံတထာ၊ ထို့အတူ။ ဃနသ်၊ အသားခဲ၏။ သဏ္ဌာနံ၊ လုံးသောသဏ္ဌာန်သည်။ ကမ္မပစ္စယာ၊ ကံဟူသော အကြောင်းကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်၏။

ဃနသတ္တာဟကိုလွန်သဖြင့် လက်နှစ်ချောင်း,ခြေနှစ်ချောင်း,ဦးခေါင်း၏အကျိုးငှာငါးဖြာသောအိုင်းအဖုတို့သည် ငါးခုမြောက်သော သတ္တာဟပတ်လုံး ဖြစ်ကုန်၏၊ထိုငါးခုသောအိုင်းအဖုကိုရည်၍ သဗ္ဗညုဘုရားသည်း–

ပဉ္စမေ ဘိက္ခဝေ သတ္တာဟေ ပဉ္စပီဠကာ သဏ္ဌဟန္တိ ကမ္မတော၊ ဟူသော စကားကို ဟောတော်မူ၏။

(သံယုတ်အဋ္ဌကထာ သာရတ္ထပါဠိ)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စမေ၊ ငါးခုမြောက်သော။ သတ္တာဟေ၊ သတ္တာဟ၌။ ပဉ္စပီဠကာ၊ငါးခုသော အဖုတို့သည်။ ကမ္မတော၊ကံကြောင့်။ သဏ္ဌဟန္တိ၊ တည်ကုန်၏။

ထို့နောက် ဆဋ္ဌသတ္တာဟ၌ သူငယ်သည် ရင့်ခြင်းသို့ ရောက်၏။

တတော ပဉ္စမသတ္တာဟာတိက္ကမေန ဆဋ္ဌ သတ္တဟံ ဂဗ္ဘော ပရိပါကံ ဂစ္ဆတိ။

(သင်္ခေပဝဏ္ဏနာ)

တတော၊ ထို ခက်မင့်ါးဖြာ ဖြစ်သည်မှ။ ပဉ္စမသတ္တာဟာတိက္ကမေန၊ ဧဉ္စမသတ္တာဟကို လွန်သဖြင့်။ ဆဋ္ဌ သတ္တာဟံ၊ ခြောက်ခုမြောက် သတ္တာဟပတ်လုံး။ ဂဗ္ဘော၊ သူငယ်လည်း။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ထို့နောင် သတ္တမသတ္တာဟ၌ စက္ခုဒသက,အဋ္ဌမသတ္တာဟ၌ သောတဒသက, နဝမသတ္တာဟ၌ ဃာနဒသက, ဒသမသတ္တာဟ၌ ဇိဝှါဒသက တို့သည် အစဉ်အားဖြင့် ဖြစ်ကြကုန်၏။

တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒိနိစ ပါတုဘဝန္တိ။

(အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာ)

တတော၊ ထိုပဋိသန္ဓေ အခါမှ။ ပရံ၊ နောက်၌။ ပဝတ္တိကာလေ၊ ပဝတ္တိကာလ၌။ ကမေန၊ အစဉ်အားဖြင့်။ စက္ခုဒသကာဒိနိစ၊ စက္ခုဒသက အစရှိသည်တို့သည်လည်း။ ဝါ၊ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသကတို့သည်လည်း။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။

ဤကား သံယုတ်အဋ္ဌကထာ,အဘိဓမ္မာအဋ္ဌကထာတို့၏ အလိုအားဖြင့် ဆိုအပ်သော စကားတည်း၊ အဘိဓမ္မာဋီကာ၏ အလိုအားဖြင့် ကလလ နှစ်သတ္တာဟ, အဗ္ဗုဒနှစ်သတ္တာဟ, ပေသိနှစ်သတ္တာဟ, ဃနနှစ်သတ္တာဟ, ပဉ္စပသာခါနှစ်သတ္တာဟ ဖြစ်သည်၊ ပရိပါကသတ္တာဟ၊ မရှိ၊ ထို့နောင် ကောဒသမ သတ္တာဟ၌ ကေသ္ဓပသာဒဖြစ်သည်ဟုဆိုသည်၊ ထို့ကြောင့် အဘိဓမ္မတ္ထ ဝိဘာဝိနီ,အဘိဓမ္မတ္ထ ပကာသနီ အမည်ရှိသောလက်သန်း ဋီကာကျမ်းတို့၌....

ပဝတ္တိကာလေတိ သတ္တမသတ္တာဟေ၊ ဋီကာကာရမတေန ကောဒသမေ သတ္တာဟေဝါ....ဟု ဆိုတော်မူကုန်၏။

ပဝတ္တိကာလေတိ၊ ပဝတ္တိကာလေ ဟူသည်ကား။ သတ္တမသတ္တာဟေ၊ အဋ္ဌကထာတို့အလိုအားဖြင့် သတ္တမသတ္တာဟ၌။ဝါ၊ တနည်းကား။ ဋီကာ ကာရမတေန၊ အဘိဓမ္မာ ဋီကာကိုပြုသော ရှင်အာနန္ဒာ ဆရာ၏ အလို အားဖြင့်၊ ကောဒသမေ သတ္တာဟေ၊ကောဒသမ သတ္တာဟ၌။

ဋီကာဆရာ၏အလိုအားဖြင့် စက္ခု,သောတ, ဃာန, ဇိဝှါတို့ကိုလည်း နှစ်သတ္တာဟစိပင် ယူလေ၊ ဆံ,အမွေး, လက်သည်း, ခြေသည်း တို့သည် ကား လေးဆယ့်နှစ်ခုမြောက်သောသတ္တာဟ, ကိုးလကျော် ဆယ်လတွင်း သို့,တဆယ့်နှစ်ရက် သုံးရက်အဝင်တွင် ဖြစ်ကြကုန်၏။

ကေသာ လောမာ နခါပိစာတဲ ဒွါစတ္တာလီသေ သတ္တာဟေ တောနိ ဇာယန္တိ ။

(သံယုတ်အဋ္ဌကထာ)

ကေသာ လောမာ နခါဝိစာတိ၊ကေသာ လောမာ နခါပိစဟူသည် ကား။ဒွါစတ္တာလီသေ၊လေးဆယ့်နှစ်ခုမြောက်သော။သတ္တာဟေ၊ သတ္တာ ဟ၌။တောနိ၊ထိုဆံအမွေး ခြေသည်း လက်သည်း တို့သည်။ ဇာယန္တိ၊ ပေါက်ရောက်ဖြစ်ပွားကုန်၏။

ဒုတိယဂါထာ၌ အမိသည် ဆားမဟုတ်၊ သားသည်လည်းအမိမဟုတ်၊ အမိတခြားသားတခြား ဖြစ်သောကြောင့် အမိစားသော ထမင်းအဖျော် ဘောဇဉ်ဖြင့် အမိဝမ်း၌တည်သော သတ္တဝါသည် အဘယ်သို့လျှင် အမိ ဝမ်း၌မျှနိုင်အံ့နည်းဟူငြားအံ့၊သူငယ်၏ချက်မှပေါက်သော ချက်တံသည် အမိဝမ်းရေနှင့် တစပ်တည်းဖြစ်၏၊ထိုချက်တံသည် ကြာရိုးကဲ့သို့အပေါက် ကြီး အပေါက်ငယ်ရှိ၏၊ ထိုအပေါက်ကြီး, အပေါက်ငယ်ဖြင့် အာဟာရ

ရသသည် သက်ဝင်ပျံ့နှံ့၍ အာဟာရ သမုဋ္ဌာနရုပ်ကိုဖြစ်စေ၏၊ ဤသို့လျှင် ထိုသူငယ်သည်ဆယ်လပတ်လုံး အမိဝမ်း၌ မျှလေ၏။

> တေန သော တတ္ထ ယာပေတိတိ တဿ ဟိ နာဘိတော ဥဋ္ဌိတော နာဠော မာတု ဥဒရပဋလေန ဧကာဗဒ္ဓေါ ဟောတိ၊ သော ဥပ္ပလဒဏ္ဍကော ဝိယ ဆိဒ္ဒါဝဆိဒ္ဒေါ၊ တေန အာဟာရ ရသော သံသရိတွာ အာဟာရသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ၊ ဧဝံ သော ဒသ မာသေ ယာပေတိ။

(သံယုတ်အဋ္ဌကထာ)

တေန သော တတ္ထ ယာပေတီတိ၊တေန သော တတ္ထ ယာပေတိ ဟူသည်ကား။ ဟိ ဝိတ္ထာရေမိ၊ ချဲ့အံ့၊တဿ၊ ထိုသူငယ်၏။ နာဘိတော၊ ချက်မှ။ဥဋ္ဌိတော၊ပေါက်သော။ နာဠော၊ ချက်တံသည်။မာတု၊ အမိ၏။ ဥဒရပဋလေန၊ ဝမ်းရေလွှာနှင့်။ ဧကာဗဒ္ဓေါ၊ တစပ်တည်း စပ်သည်။ ဟောတိ၊ ၏။သော၊ထိုချက်တံသည်။ဥပ္ပလဒဏ္ဍကော ဝိယ၊ ကြာရိုးကဲ့သို့။ ဆိဒ္ဒါဝဆိဒ္ဒေါ၊အပေါက်ကြီး အပေါက်ငယ်ရှိ၏။ တေန၊ ထိုအပေါက်ကြီး အပေါက်ငယ်ဖြင့်။အာဟာရရသော၊ အာဟာရရသသည်။ သံသရိတွာ၊ ပျံ့နှံ့သက်ဝင်၍။အာဟာရ သမုဋ္ဌာနရူပံ၊အာဟာရသမုဋ္ဌာနရုပ်ကို။ သမုဋ္ဌာပေတိ၊ဖြစ်စေ၏။ ဧဝံ၊ဤသို့။သော၊ထိုသူငယ်သည် ဒသမာသေ၊ ဆယ်လတို့ ပတ်လုံး။ ယာပေတိ၊မျှ၏။

၆၇-သံယုတ်အဋ္ဌကထာ၌ ဂဗ္ဘသေယျက ပဋိသန္ဓေနေသော သတ္တဝါတို့အား ဆယ်လဖြင့် ဖွားမြင်သည်ဟူသော စကားသည် ယေဘုယျသာဖြစ်၍ ခုနစ်လ, ရှစ်လ, တဆယ့်တလ, တဆယ့်နှစ်လ တို့သည်လည်း ဖွားမြင်သည်ကို ပြခြင်း

ဤ အဋ္ဌကထာ၌ ဒသမာသေ ဟူသောစကားကို ယေဘုယျ အားဖြင့် ဆိုသည်ဟု မှတ်အပ်၏၊ အဘယ်ကြောင့် နည်းဟူမူကား-မဟာပဒါန သုတ်၌....

> အညာ ဣတ္ထိကာ နဝ ဝါ ဒသ ဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ ပရိဟရိတွာ ဝိဇာယန္တိ....ဟု ဟောတော်မူသောကြောင့်တည်း။

အညာ၊ဘုရားအလောင်း မယ်တော်မှ တပါးကုန်သော။ ဣတ္ထိကာ၊ မိန်းမတို့သည်။ နဝ မာသေ၊ ကိုးလတို့ပတ်လုံး ၎င်း။ ဒသဝါမာသေ၊

ဆယ်လတို့ပတ်လုံးရှင်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊ ဆောင်ကုန်၍။ ဝိဇာယန္တိ၊ ဖွားကုန်၏။

ဤပါဠိတော်၌'နဝဝါ ဒသဝါမာသေ'ဟု ဟောတော်မူသောကြောင့် ဆယ်လသာ မဟုတ် ကိုးလလည်း ပဋိသန္ဓေနေ၏ဟု မှတ်ရမည်၊ ဤ၌ ဝါသဒ္ဒါကို သမုစ္စယဝိကပ်ယူပြန်လျှင် ကိုးလ, ဆယ်လသာမဟုတ်၊ခုနစ်လ, ရှစ်လ, တဆယ့်တလ, တဆယ့်နှစ်လ ထို့ထက် အလွန်လည်း ပဋိသန္ဓေ နေ၏ဟု မှတ်ရမည်။

နဝဝါ ဒသဝါတိ ဧတ္ထ ဝါသဒ္ဒေဿ ဝိပ္ပနဝသေန သတ္တဝါ အဋ္ဌဝါ ဧကာဒသဝါ ဒွါဒသဝါတိ ဧဝမာဒီနံပိ သင်္ဂဟော ဝေဒိတဗ္ဗော။

(သုတ်မဟာဝါ အဋ္ဌကထာ)

နဝဝါဒသဝါတိ ဧတ္ထ၊ နဝဝါဒသဝါဟူသော ပါဠိတော်၌။ ဝါသဒ္ဒဿ၊ ဝါသဒ္ဒါ၏။ ဝိကပ္ပနဝသေန၊ သမုစ္စယ ဝိကပ်၏ အစွမ်းဖြင့်။ သတ္တဝါ၊ ခုနစ်လတို့ ပတ်လုံးရှင်း။ အဋ္ဌဝါ၊ ရှစ်လတို့ ပတ်လုံးရှင်း။ ဧကာဒသဝါ၊ တဆယ့်တလတို့ ပတ်လုံးရှင်း၊ ဒွါဒသဝါ၊ တဆယ့်နှစ်လတို့ ပတ်လုံးရှင်း။ ဣတိဧဝမာဒီနံပိ၊ ဤသို့အစရှိသည်တို့ကိုလည်း၊ သင်္ဂဟော သင်္ဂြိုဟ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ထိုတွင် ခုနစ်လနှင့်ဖွားသော သူငယ်သည် အသက်ရှင်၏၊ အချမ်းအပူကို ကား သည်းမခံနိုင်၊ ရှစ်လနှင့် ဖွားသော သူငယ်သည် အသက်မရှင်။

တတ္ထ သတ္တမာသဇာတော ဇီဝတိ၊ သီတုဏှက္ခမော ပန န ဟောတိ၊ အဋ္ဌမာသဇာတော နဇီဝတိ။

(မဟာပဒါန သုတ်အဋ္ဌကထာ)

တတ္ထ၊ ထိုခုနစ်လ ရှစ်လနှင့် ဖွားသော သူငယ်တို့တွင်၊ သတ္တမာသ ဇာတော၊ ခုနစ်လနှင့်ဖွားသော သူငယ်သည်။ ဇီဝတိ၊ အသက်ရှင်၏။ ပန၊ ထိုသို့ အသက်ရှင်သော်လည်း။ သီတုဏှက္ခမော၊ အလွန် သိမ်မွေ့သည်၏ အဖြစ်ကြောင့် အချမ်းအပူကို သည်းခံနိုင်သည်။ နဟောတိ၊ မဖြစ်။ အဋ္ဌ မာသဇာတော၊ ရှစ်လနှင့် ဖွားသော သူငယ်သည်၊ နဇီဝတိ၊ အသက်မရှင်။

(ကြွင်းသော ကိုးလစသည်နှင့် ဖွားသောသူငယ်တို့ကား အသက် ရှင်ကုန်သည်ချည်း။)

အဝသေသာ ဇီဝန္တိ။

(ရှင်းအဋ္ဌကထာ)

ညွှန်းစာပေ- ၃၄။

အာဝသေဿာ၊ ထိုသို့ ခုနစ်လ ရှစ်လမှ ကြွင်းသော ကိုးလစသည်နှင့် ဖွားသော သူငယ်သည်။ ဇီဝန္တိ၊ အသက်ရှင်ကုန်၏။

ခုနစ်လသားပင် အသက် ရှင်လျက်ကို ရှစ်လသားမှာ အဘယ့်ကြောင့် အသက်မရှင်သနည်းဟူမူ....အချို့ကုန်သော အရေ အရပ်တို့သည် ကြီးပွား ခြင်းသို့ ရောက်ကုန်သည်ရှိသော် ယောနိဝနှင့် ထိခိုက်ခြင်းကို သည်းမခံနိုင် ကုန်၊ ထို့ကြောင့် ရှင်လသားသည် အသက်မရှင်၊ ခုနစ်လသားမှာမူကား ထိုအရေ, အရပ်တို့သည် မဖြစ်ကုန်သေး၊ထို့ကြောင့် ယောနိဝနှင့် ထိခိုက် ခြင်းကို သည်းခံနိုင်ရကား အသက်ရှင်လေသည်။

> အဋ္ဌမာသဇာတော ကာမံ သတ္တမာသဇာတတော ဗုဒ္ဓိဝယဝါ၊ ကေစွေ ပန စမ္မပ္ပဒေသာ ဗုဒ္ဓိံ ပါပုဏန္တာ ဃဋ္ဋနံ နသဟန္တိ၊ တေန သော နဇီဝတိ၊ သတ္တမာသဇာတဿ ပန နတာဝ တေ ဇာတာတိ ဝဒန္တိ။
>
> (သုတ်မဟာဝါဋီကာ)

အဋ္ဌမာသဇာတော၊ ရှစ်လနှင့် ဖွားသော သူငယ်သည်။ သတ္တမာသ ဇာတတော၊ ခုနစ်လနှင့်ဖွားသော သူငယ်ထက်။ဗုဒ္ဓိဝယဝါ၊ကြီးမားသော အရွယ်ရှိသည်။ ကာမံဟောတု၊ အကယ်၍ကား ဖြစ်ပါစေ့ရှင့်။ ပန္တထာပိ၊ ထိုသို့ဖြစ်သော်လည်း။ ကေစွေ၊အချို့ကုန်သော။စမ္မပ္ပဒေသာ၊ အရေအရပ် တို့သည်။ ဗုဒ္ဓိံ၊ ကြီးပွားခြင်းသို့။ ပါပုဏန္တာ၊ ရောက်ကုန်သည် ရှိသော်၊ ဃဋ္ဋနံ၊ ယောနိဝနှင့် ထိခိုက်ခြင်းကို။ နသဟန္တိ၊ သည်းမခံနိုင်ကုန်၊ တေန၊ ထိုသို့သည်းမခံနိုင်သောကြောင့်။သော၊ ထိုရှစ်လနှင့်ဖွားသောသူငယ်သည်။ နဇီဝတိ၊ အသက်မရှင်။ သတ္တမာသဇာတဿပန၊ ခုနစ်လနှင့် ဖွားသော သူငယ်အားကား။ တေ၊ ထိုအရေ အရပ်တို့သည်၊ နတာဝဇာတာ၊ မဖြစ် ကုန်သေး။ ဣတိ၊ ဤသို့။ဝဒန္တိ၊ ဆိုကုန်၏။ (ဋီကာကား ရဲရဲမဆို၊ ဝဒန္တိဟု ဆိုသောကြောင့် ထိုကိုအား ကြုပ်ကြုပ် ရဟန်မရှိ။)

---

### ၆၈-အကုသိုလ်၏ အကျိုးဆက်ကြောင့် ခုနစ်နှစ်နှင့်, ခုနစ်ရက်ပတ်လုံး ပင်ပန်းဆင်းရဲစွာ ကိုယ်ဝန်ဆောင်၍ ဖွားမြင်ရသော သုပ္ပဝါသာမင်းသမီး, သီဝလိထေရ်တို့ ဝတ္ထု

ရှင်သီဝလိ, သုပ္ပဝါသာ သားအမိတို့ကဲ့သို့ အကုသိုလ်ကံ၏ အကျိုးကို ခံရသော သူတို့မှာ ခုနစ်နှစ်နှင့် ခုနစ်ရက်ပတ်လုံးပင် ကိုယ်ဝန်ဆောင်၍ ဖွားရသည်၊ ထိုအကြောင်း အတီနည်း ဟူမူကား........ဘုရားမြတ်စွာသည်

ကုဏ္ဍိကအမည်ရှိသော မြို့ဝယ် ကုဏ္ဍဓာန အမည်ရှိသောတော၌ နေတော်မူ၏၊ ထိုအခါ သုပ္ပဝါသာအမည်ရှိသောကောလိယမင်းသမီးသည်ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်၍ ခုနစ်ရက်ပတ်လုံး နှောက်ရှက်တွေဝေသော ကိုယ်ဝန်ရှိရကား ထက်စွာသောဆင်းရဲ ဝေဒနာတို့ဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ သုံးပါးသော အကြံတို့ဖြင့် သည်းခံ၏။

သမ္မာသမ္ဗုဒ္ဓေါ ဝတ ဘဂဝါ၊ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝက သံဃော၊ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

သုသုခံ ဝတ နိဗ္ဗာနံ၊ ယတ္ထိဒံ ဝေရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။

(သုံးပါးသောအကြံအရ ဥဒါန်းပါဠိတော်)

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဝေရူပဿ၊ ဤသို့သဘောရှိသော။ ဣမဿ ဒုက္ခဿ၊ ဤဆင်းရဲကို။ ပဟာနာယ၊ စွန့်ခြင်းငှာ။ ဓမ္မံ၊ တရားကို၊ ဒေသေတိ။ ဟောတော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူစွတကား။

ယော သာဝက သံဃော၊ အကြင်တပည့်သား သံဃာတော်သည်။ ဝေရူပဿ၊ ဤသို့ သဘောရှိသော။ ဣမဿ ဒုက္ခဿ၊ ဤဆင်းရဲကို။ ပဟာနာယ၊ပယ်ခြင်းငှာ။ ပဋိပန္နော၊ ကျင့်တော်မူ၏။တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏၊ သောသာဝကသံဃော၊ ထိုတပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နောဝတ၊ ကောင်းသောအကျင့် ရှိတော်မူစွတကား။

ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ယတ္ထိဒံ ယံဣဒံ ဒုက္ခံ၊ အကြင်ဆင်းရဲသည်။ န သံဝိဇ္ဇတိ၊ မရှိ။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သုသုခံဝတ၊ အလွန်ချမ်းသာစွတကား။

(ဤဝိုတက် ဥဒါန်းသုံးပါးပါဌ်အနက်ကို သူခပ်သိမ်းတို့ နှုတ်တက်းဆောင်ကောင်းစွ။)

ထိုအခါ သုပ္ပဝါသာအမည်ရှိသော ကောလိယမင်းသမီးသည် လင်ဖြစ်သော ကောလိယမင်းသားကို ခေါ်၍ အကြောင်းကို သဗ္ဗညုဘုရားအား လျှောက်ထားပါချေဟု စေ၏၊ လင်ဖြစ်သော ကောလိယမင်းသားသည် သုပ္ပဝါသာစကားကို ကောင်းပြီဟု ဝန်ခံ၍ ဘုရားသဗ္ဗညု အထံသို့ကပ်ပြီးလျှင် "ဘုန်းတော်အလွန်ကြီးလှသော ဘုရား....သုပ္ပဝါသာအမည်ရှိသော

ကောလိယမင်းသမီးသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်၍ ခုနစ်ရက်ပတ်လုံး နှောင့်ယှက်တွေဝေသော ကိုယ်ဝန်ရှိရကား ထက်စွာသောဆင်းရဲဝေဒနာတို့ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သုံးပါးသောအကြံတို့ဖြင့် သည်းခံရသည်''ဟု လျှောက်၏၊ ထိုအခါ ဘုရားသဗ္ဗညုက ''သုပ္ပဝါသာအမည်ရှိသော ကောလိယမင်းသမီးသည်အနာမရှိသည်ဖြစ်၍ ချမ်းသာစေ၊ အနာမရှိသောသားကို ဖွားမြင်စေ''ဟု မိန့်တော်မူ၏။

သုခိနီ ဟောတု သုပ္ပဝါသာ ကောလိယ ဓိတာ အရောဂါ အရောဂံ ပုတ္တံ ဝိဇာယတူတိ။

(ဥဒါန်းပါဠိတော်)

သုပ္ပဝါသာ၊ သုပ္ပဝါသာအမည်ရှိသော။ ကောလိယ ဓိတာ၊ ကောလိယမင်းသမီးသည်။ အရောဂါ၊ အနာမရှိသည်ဖြစ်၍။ သုခိနီ၊ ချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အရောဂံ၊ အနာမရှိသော။ ပုတ္တံ၊ သားကို။ ဝိဇာယတု၊ ဖွားစေသတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

သဗ္ဗညုဘုရား၏ မိန့်တော်မူသော စကားနှင့်တကွ သုပ္ပဝါသာအမည်ရှိသော ကောလိယမင်းသမီးသည် အနာမရှိ ချမ်းသာသည်ဖြစ်၍ အနာမရှိသောသားကို ဖွား၏၊ လင်ဖြစ်သောကောလိယမင်းသားလည်း သဗ္ဗညုဘုရားအား လျှောက်ထား၍ မိမိအိမ်သို့ ပြန်သွားလေလျှင် အနာမရှိ ချမ်းသာသည်ဖြစ်၍ အနာမရှိသောသားကို ဖွားသော သုပ္ပဝါသာအမည်ရှိသော ကောလိယမင်းသမီးကိုမြင်သော် အလွန်အံ့ဩသော စိတ်ရှိရကား သဗ္ဗညုဘုရားအား ချီးမွမ်းအံ့ဩ၏၊ ထိုအခါ သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် လင်ဖြစ်သော ကောလိယမင်းသားကို ခေါ်ပြီးလျှင် ''အရှင်သား....သွားချေ၊ သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် အနာမရှိ ချမ်းသာသည်ဖြစ်၍ အနာမရှိသောသားကို ဖွားရကား ဘုရားအမှူးရှိသော သံဃာတော်အား ခုနစ်ရက်ပတ်လုံးဆွမ်းကျွေးလိုပါသည်၊ တပည့်သံဃာနှင့်တကွ ခုနစ်ရက်ပတ်လုံး ဆွမ်းကို သာယာတော်မူပါ''ဟု လျှောက်ချေဟုစေ၏၊ လင်ဖြစ်သော ကောလိယမင်းသားလည်း 'ကောင်းပြီ'ဟု ဝန်ခံ၍ သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီး ဆိုတိုင်း သဗ္ဗညုဘုရားအား လျှောက်၏၊ ထိုအခါ အမှတ်မရှိသော ဥပါသကာတယောက်သည် ဘုရားအမှူးရှိသော သံဃာတော်

ကို နက်ဖြန် အလို့ငှာ ဆွမ်းဖြင့် ဖိတ်အပ်၏၊ ထို ဥပါသကာ ကား အရှင်မောဂ္ဂလာန်၏ အလုပ်အကျွေးတည်း၊ ထိုအခါ ဘုရားသခင်က ရှင်မောဂ္ဂလာန်ကိုခေါ်တော်မူ၍ "မောဂ္ဂလာန်....သွားချေ၊ ထိုဥပါသကာကိုဆိုလေ၊တကာ....သုပ္ပဝါသာ အမည်ရှိသော ကောလိယ မင်းသမီးသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်၍ ခုနစ်ရက်ပတ်လုံး ခွောင့်ယှက်တွေ့ဝေသော ကိုယ်ဝန်ရှိ၏၊ ထို သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် ယခုအခါ အနာမရှိချမ်းသာသည်ဖြစ်၍ အနာမရှိသော သားကိုဖွားရကား ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းကျွေးလို၏၊သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေဦး၊ခုနစ်ရက်လွန်မှ တကာကျွေးရလတ္တံ့"ဟု ဆိုချေ၊ ထို ဥပါသကာသည် သင်၏ အလုပ်အကျွေးတည်း"ဟု မိန့်တော်မူ၏။

တုယော့သော ဥပဋ္ဌာကောတိ။
(ဥဒါန်းပါဠိတော်)

သော၊ ဤဥပါသကာသည်။ တုယှံ၊ သင်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးတည်း။ဣတိ၊ဤသို့။အဝေါစ၊ မိန့်တော်မူ၏၊

ရှင်မောဂ္ဂလာန်လည်း "ကောင်းပါပြီဘုရား"ဟုဝန်ခံ၍ ဘုရားအမိန့်တော်အတိုင်း ဥပါသကာကိုဆိုလေ၏၊ထိုအခါ ဥပါသကာက "အကယ်၍ အရှင်မောဂ္ဂလာန်သည် အကျွန်ုပ်အား စည်းစိမ်,အသက်,သဒ္ဓါတရား-ဤ သုံးပါးကို မပျက်စီးရအောင် ဝန်ခံသည်ဖြစ်အံ့၊ သုပ္ပဝါသာအမည်ရှိသော ကောလိယမင်းသမီးသည်ခုနစ်ရက်ပတ်လုံးဆွမ်းလှူပါစေ၊နောက်မှအကျွန်ုပ်လှူပါအံ့"ဟု ဆို၏၊ထိုအခါ အရှင်မောဂ္ဂလာန်က "စည်းစိမ်အသက်မှာ ငါတာဝန်ရှိစေ၊ သဒ္ဓါတရားမှာ သင့်တာဝန် ရှိစေ"ဟု မိန့်တော်မူ၍ ထိုဥပါသကာလည်း ဆိုလွယ်သော စကားရှိရကား "အရှင်ဘုရားသည် စည်းစိမ်,အသက်နှစ်ပါးကို ဝန်ခံမူ သုပ္ပဝါသာအမည်ရှိသော ကောလိယ မင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဆွမ်း လှူပါစေတော့၊ အကျွန်ုပ်ကား နောက်မှလှူပါတော့အံ့"ဟုဆို၏၊ ထိုအကြောင်းကိုအရှင်မောဂ္ဂလာန်သည် ဘုရားသဗ္ဗညုအား ပြန်၍ လျှောက်ထား၏၊ ထိုအခါ သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်ကိုဆွမ်းလှူ၏၊ မိမိသားသူငယ်ကိုလည်း ရှိခိုးစေ၏၊ထိုအခါ အရှင်သာရိပုတြာက "သူငယ်.... သင့်အား ခံ့ကျန်းမှုတရားပါ၏လော၊ တစုံ

တခုသောဆင်းရဲသည် မရှိလော” ဟု မေးတော်မူ၏ “အရှင်ဘုရား.... အကျွန်ုပ်ကား ဘယ်မှာ ခံ့ကျန်းမျှတခြင်းသည် ရှိပါအံ့နည်းအကျွန်ုပ်သည် ခုနစ်နှစ်ပတ်လုံး သွေးအိုင်၌နေအပ်၏” ဟု လျှောက်၏ ထိုအခါ သုပ္ပဝါသာအမည်ရှိသော ကောလိယမင်းသမီးသည် ငါ့သားကား ရှင်သာရီပုတြာနှင့် စကားပြောသည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိလေ၏။

ဓမ္မပဒ အဋ္ဌကထာ၌ကား....ဖွားသောနေ့မှစ၍ ဓမကရိဏ်ကို ယူပြီးလျှင် သံဃာတော်အား ရေစစ်၍ကပ်သည်ဟူ၏။

ပုတ္တော ဝိဿာ ဇာတ ဒိဝသတော ပဋ္ဌာယ ဓမကရဏမာဒါယ သံဃဿ ဥဒကံ ပရိဿာဝေတိ။

(ဓမ္မပဒအဋ္ဌကထာ)

အဿာ၊ထိုသုပ္ပဝါသာအမည်ရှိသောကောလိယမင်းသမီး၏။ ပုတ္တောပိ၊ သားသည်လည်း။ဇာတဒိဝသတော၊ဖွားသောနေ့မှ။ ပဋ္ဌာယ၊စ၍။ ဓမကရဏံ၊ဓမကရိဏ်ကို။ အာဒါယ ယူ၍၊သံဃဿ၊သံဃာတော်၏။ ဥဒကံ၊ ရေကို။ ပရိဿာဝေတိ၊စစ်၏။

ထိုအခါ သဗ္ဗညုဘုရားက သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးကို “သည်မှတပါး ဤသို့သဘောရှိသော သားကို အလိုရှိသေး၏လော” ဟု မေးတော်မူ၏၊ “ဘုန်းတော်ကြီးသော ဘုရား....ဤသို့သဘောရှိသောသားကိုရမူကား တရာလောက်ပင် လိုချင်ပါ၏” ဟု လျှောက်၏။

ဣစ္ဆေယျာမဟံ ဘဂဝါ အညာနိပိ ဧဝရူပါနိ သတ္တပုတ္တာနီတိ။

ဘဂဝါ၊ဘုန်းတော်ကြီးသောဘုရား၊အဟံ၊အကျွန်ုပ်သည်။ အညာနိပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဧဝရူပါနိ၊ဤသို့ သဘောရှိကုန်သော၊ သတ္တပုတ္တာနိ၊တရာသောသားတို့ကို။ဣစ္ဆေယျာမိ၊ အလိုရှိပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊လျှောက်၏။

(အချို့စာ၌ သတ္တပုတ္တာနိ ဟု ရှိ၏၊ယင်းသို့ရှိမူ သတ္တ ပုတ္တာနိ၊ ခုနစ်ယောက်သော သားတို့ကိုဟု သုမှန်။)

ထိုအခါ မာတုဂါမ၏ ပုတ္တလောလတာ၏ အစွမ်းဖြင့် လျှောက်သော စကားကိုကြားတော်မူ၍ သဗ္ဗညုဘုရားသည် ဥဒါန်းကျူးရင့်တော်မူ၏၊ မယ်တော်ကား သဗ္ဗညုဘုရား၏ မြတ်သော အလုပ်အကျွေး ဖြစ်သော ပုဏ္ဏိကာ ဒါယိကာ သာဝိကာမတို့ထက် မြတ်သောအရာ၌ ထားအပ်သော

သောတာပန်အရိယာ သာဝိကာမတည်း သားတော်ကား မဟာသာဝက ဖြစ်တော်မူသော လာဘဂ္ဂအရာ၌ ဧတဒဂ်ထားတော်မူအပ်သော သီဝလိ မထေရ်တည်း။

ထို သီဝလိ မထေရ်အား အဘယ်သို့လျှင် ခုနစ်နှစ် ပတ်လုံး အမိ ဝမ်းတိုက်၌ နေခြင်း ဆင်းရဲ,ခုနစ်ရက်ပတ်လုံး ယောနိဝ၌ တွေဝေသော အဖြစ်သို့ရောက်ခြင်း ဆင်းရဲ,မယ်တော်ဖြစ်သော အရိယာ သာဝိကာမ၏ ထိုဆင်းရဲကို ခံစားရခြင်း ဖြစ်သနည်း ဟူမူကား........လွန်လေပြီးသော အခါ ဘုရား အလောင်းတော် ကာသိကရာဇ် မင်းသည် ဗာရာဏသီ ပြည်၌ မင်းပြုသည်ရှိသော် တယောက်သော ကောသလမင်းသည် များစွာ သောဗိုလ်ပါဖြင့် ဗာရာဏသီပြည်သို့လာပြီးလျှင် မင်းကိုဖမ်း၍ သတ်ပြီးမှ ထိုမင်း၏မိဖုရားကို မိမိ မိဖုရားပြုလေ၏၊ဗာရာဏသီမင်း၏သားကား အဘ ကို သတ်သောကာလ၌ ပြွန်ပေါက်တံခါးဖြင့်ရှောင်ရှား ထွက်ပြေးပြီးလျှင် မိမိအဆွေအမျိုး အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူတို့ကို တပေါင်းတစုတည်း ပြု၍ အစဉ်သဖြင့် ဗိုလ်ပါတို့ကို စုရုံးပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်လာ၍ မြို့၏အနီး၌ ကြီးစွာသော သစ်တပ် ဖွဲ့ပြီးသော် ကောသလမင်းအား ''စစ်သော်တည်း ထိုးမည်လော၊ပြည်ကိုသော်တည်းပေးမည်လော၊ အရေး သိလာအောင်ဆို''ဟု မှာလိုက်လေ၏။ မင်းသားမှာလိုက်သော စကားကို မယ်တော်ကြားလျှင် ''စစ်ထိုးသဖြင့် ပြုဖွယ်အမှုမရှိ၊ အလုံးစုံသောအရပ် လေးမျက်နှာ, အရပ်ရှစ်မျက်နှာတို့၌ သွားလေရာ လမ်းခရီး ပြတ်သည်ကို ပြု၍ ဗာရာဏသီပြည်အလုံးကို ဝန်းရံလေ၊ယင်းသို့ ရံသောကြောင့် ထင်း, ရေ ထမင်းရိက္ခာဖြင့်ပင်ပန်းရကား မြို့သူမြို့သားအပေါင်းတို့သည်စစ်ထိုး ခြင်းနှင့်ကင်း၍ မင်းကို ဖမ်းပြီးလျှင် အရှင်ဆက်သကုန်လတ္တံ့''ဟု လျှို့ဝှက် သော သတင်းစကားကို သားအား စေ၏၊မင်းသားလည်း အမိစကားကို ကြားလျှင် တံခါးကြီးလေးခုတို့ကို အလုံပိတ်၍ စောင့်ရှောက်လျက် ခုနစ် နှစ်ပတ်လုံး ဗာရာဏသီမြို့ကို ဝန်းရံလေ၏၊မြို့သူမြို့သားတို့သည် တံခါးငယ် မလွယ်ပေါက်ဖြင့် ထွက်၍မြက် ထင်း ရေတို့ကို ဆောင်ကြကုန်၏၊ သည်မှ တပါး ကြွင်းသမျှ ကိစ္စအလုံးစုံကို အကုန်ပြုကြ၏၊ ထိုအခါ မင်းသား မယ်တော်က ထိုအကြောင်းကို ကြား၍ ''ငါ့သားသည် မိုက်စွတကား၊ ဥပါယ်အကြောင်းကိုမျှ မသိရှာလေ၊ တံခါးငယ် မလွယ်ပေါက်ကိုလည်း အလုံပိတ်ဆို့၍ ဗာရာဏသီမြို့အလုံးကို နွားခြံကဲ့သို့ ဝန်းရံလေလော့''ဟု သားတော်အားလျှို့ဝှက်သောစကားကိုမှာကြားလိုက်ပြန်၏၊ သားတော်

လည်း မယ်တော်စကားကိုကြားလျှင်ခုနှစ်ရက်ပတ်လုံး မယ်တော်မှာတိုင်း ပြု၏၊မြို့သူမြို့သားတို့သည် အပသို့ ထွက်ခြင်းငှာ အခွင့် မရကြကုန်ရကား ခုနစ်ရက်မြောက်သောနေ့၌ ထိုကောသမင်း၏ ဦးခေါင်းကို ယူပြီးလျှင် မင်းသားအား ဆက်သကုန်၏၊ မင်းသားလည်း မြို့သို့ဝင်ပြီးလျှင် မင်းပြု တော်မူ၏။

ထို သီဝလိ အလောင်းဖြစ်သော မင်းသားသည် ထိုအခါ ခုနစ်နှစ် ပတ်လုံး မြို့ထက်ဝန်းကျင်မှပိတ်ဆို့ဝန်းရံသော ကံ၏ အကျိုးဆက်ကြောင့် ယခုအခါဝယ် ခုနစ်နှစ်ပတ်လုံး မယ်တော်ဝမ်းတိုက်ဟုဆိုအပ်သော သေွး အိုး၌နေရသည်၊ကြွင်းသော ခုနစ်ရက်ပတ်လုံး မြို့ကို ပိတ်ဆို့ဝန်းရံသော ကံ၏ အကျိုးဆက်ကြောင့် ယခုအခါ ခုနစ်ရက်ပတ်လုံး ယောနိဝ၌ ဖီလာ ကန့်လန့်အိပ်လျက် မဟဒုက္ခ၏ အဖြစ်သို့ ရောက်ရသည်၊ ဤကား ဥဒါန်း အဋ္ဌကထာ၏အလို၊ ဓမ္မပဒအဋ္ဌကထာ၌လည်း....

သတ္တဒိဝသာဓိကာနိ သတ္တဝဿာနိ နံ ဂရိဥပရုန္ဓိ....ဟု လာ၏၊ ဓမ္မပဒနှင့်ဥဒါန်းညီ၏၊ ဇာတအဋ္ဌကထာ၌ကား ခုနစ်ရက်ပတ်လုံး မြို့ကို ပိတ်ဆို့ဝန်းရံ၍ ယူသောကံ၏ အကျိုးဆက်ကြောင့် ခုနစ်နှစ် ပတ်လုံး အမိဝမ်းတိုက်ဟုဆိုအပ်သောသေွးအိုး၌ နေရ၍ခုနစ်ရက် ပတ်လုံး မဟဒုက္ခသို့ ရောက်ရသည်ဟု ဆို၏။

ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌"လာဘ်ရသော ပုဂ္ဂိုလ် တို့ထက်မြတ်သည်ဖြစ်လို၏"ဟုအလှူကြီးကိုပေး၍ အကြင်ဆုတောင်းခြင်း ကိုပြု၏၊ ဝိပဿီမြတ်စွာဘုရား၏လက်ထက်တော်၌လည်း ဗန္ဓုမတီ မြို့သူ မြို့သားတို့နှင့်တကွ တထောင်သော ပျားတင်လဲ နို့ဓမ်းအိုးတို့ကို လှူ၍ အကြင်လာဘ်အဂ္ဂအရာကိုဆုတောင်း၏၊ထိုဆုတောင်းသော ကောင်းမှု၏ အာနုဘော်ကြောင့် လာဘီပုဂ္ဂိုလ်တို့ထက်မြတ်သည်ဖြစ်၏၊ မယ်တော်ဖြစ် သော သုပ္ပဝါသာ အမည်ရှိသော ကောလိယ မင်းသမီးသည်လည်း မြို့ကို ပိတ်ဆို့ဝန်းရံ၍ယူပါဟု သားအား စေအပ်သည်၏အဖြစ်ကြောင့်ခုနစ်နှစ် ပတ်လုံး သူငယ်ကို ဝမ်းဖြင့်ဆောင်၍ ခုနစ်ရက်ပတ်လုံး မဟဒုက္ခဖြစ်ရသည်၊ ဤသို့ ထိုသားအမိတို့သည် မိမိ၏ ကံအားလျော်စွာ ဤသို့သဘောရှိသော ဆင်းရဲကို ခံစားရကုန်သည်၊ဤသို့ရှင်သီဝလိ,သုပ္ပဝါသာ သားအမိတို့ ကဲ့သို့ အကုသိုလ်ကံ၏ အကျိုးကို ခံစားရသော သူတို့မှာ ခုနစ်လ,ရှစ်လ, ကိုးလ,ဆယ်လ,တဆယ့်တလ,တဆယ့်နှစ်လသာမက ခုနစ်နှစ် ခုနစ်ရက်

ပတ်လုံးပင် ဝမ်းတွင်း၌ နေရခြင်း, ဝမ်းဖြင့်ဆောင်ရခြင်း ဒုက္ခကို ခံစားရကုန်သည်ကို ထောက်လျှင် ဇာတိဒုက္ခကား ကြောက်ဖွယ် ရှိကောင်းစွဟု ဉာဏသံဝေဂကို ဖြစ်စေအပ်ကုန်၏။

---

## (ဇာတိဒုက္ခ)

### ၆၉-သံဝေဇနိယ ဝတ္ထုရှစ်ပါးအနက် ဇာတိဟူသည် သုဂတိ ဒုဂ္ဂတိ ဘုံ၌ဖြစ်သော ဒုက္ခခပ်သိမ်းစုံတို့၏ တည်ရာဖြစ်သည်ကို ပြခြင်း

ဤသို့ ဇာတိ၏အရကို ပြဆိုပြီး၍ ယခုအခါ ဇာတိဒုက္ခသဘောကို ပြဆိုပေအံ့၊ ဤဇာတိသည် မိမိကား ဒုက္ခမဟုတ်၊ စင်စစ်မူကား ဒုက္ခ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်သာ ဒုက္ခဟူ၍ ဟောတော်မူအပ်သည်၊ ဤဇာတိသည် အဘယ်ဒုက္ခ၏ အကြောင်း ဖြစ်သနည်း ဟူမူ.... ဥပရိပဏ္ဏာသ ဗာလပဏ္ဍိတသုတ် အစရှိသည်တို့၌ မြတ်စွာ ဘုရားသည် ဥပမာ၏အစွမ်းဖြင့် ပြတော်မူအပ်သော အပါယ်၌ ဖြစ်သော အကြင် ဒုက္ခသည် ရှိ၏၊ သုဂတိဘုံတွင် လူ့ပြည်၌ အမိဝမ်းတွင်းသို့ လက်ဝင်ခြင်း အရင်းရှိသော ဒုက္ခ, အမိဝမ်းဖြင့် ဆောင်ခြင်းလျှင် အရင်းရှိသော ဒုက္ခ, ကိုယ်ဝန်ပျက်စီးခြင်းလျှင် အရင်းရှိသော ဒုက္ခ, အမိဝမ်းမှ ဖွားခြင်းလျှင် အရင်းရှိသော ဒုက္ခ, အမိဝမ်းမှ အပသို့ ထွက်ခြင်းလျှင် အရင်းရှိသော ဒုက္ခ, မိမိလုံ့လလျှင် အရင်းရှိသော ဒုက္ခ, သူတပါး၏ လုံ့လလျှင် အရင်း ရှိသောဒုက္ခ ဤအလုံးစုံသော အကြင်ဒုက္ခသည် ရှိ၏၊ ဤဇာတိသည်ကား ထိုအလုံးစုံသော ဒုက္ခ၏ တည်ရာပင်ဖြစ်သည်။

တဿ သဗ္ဗဿပိ သော ဝတ္ထု၊
(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

သော၊ ဤဇာတိသည်။ သဗ္ဗဿပိ၊ အလုံးစုံလည်း ဖြစ်သော။ တဿ၊ ထိုဒုက္ခ၏၊ ဝတ္ထု၊ တည်ရာ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

(ထိုဒုက္ခတို့တွင်အပါယ်ကဒုက္ခကိုကား နောက်ပဋ္ဌမဖြစ်သော အပါယဒုက္ခ သံဝေဂဝတ္ထု၌ အကျယ် ပြမည်။)

ညွှန်းစာပေ- ၃၀၀

## ၇၀-ဇာတိနှင့် မကင်း၍ သုဂတိလူ့ဘုံ၌ ပဋိသန္ဓေနေရကုန်သော သတ္တဝါတို့၏ တွေ့ကြုံခံစားရသော ဂဗ္ဘောက္ကန္တိက မူလက ဒုက္ခစသော ဒုက္ခခုနစ်ပါးတို့ကို ပြခြင်း

၁ ဂဗ္ဘောက္ကန္တိက မူလကဒုက္ခ,
၂ ဂဗ္ဘပရိဟာရဏ မူလကဒုက္ခ,
၃ ဂဗ္ဘဝိပတ္တိ မူလကဒုက္ခ,
၄ ဝိဇာယန မူလကဒုက္ခ,
၅ ဗဟိနိက္ခမန မူလကဒုက္ခ,
၆ အတ္တူပက္ကမ မူလကဒုက္ခ,
၇ ပရူပက္ကမ မူလကဒုက္ခအားဖြင့် ခုနစ်ပါးရှိ၏၊ ထိုခုနစ်ပါး တို့တွင် ဤဆိုလတ္တံ့သည်ကား ဂဗ္ဘောက္ကန္တိက မူလကဒုက္ခတည်း။

**ဂဗ္ဘောက္ကန္တိက မူလကဒုက္ခ** ဤသတ္တဝါသည် အမိ ဝမ်းတိုက်၌ ဖြစ်ထိုက်သည့် အလျောက် ဖြစ်ရသည်ရှိသော် ကြာညို, ကြာနီ,ကြာဖြူ, ပဒုမာ ပုဏ္ဍရိက် အစရှိသည် တို့၌ ဖြစ်ရသည် မဟုတ်၊ စင်စစ်သော်ကား အစာသစ်အိမ်၏ အောက်, အစာကျက်အိမ်၏ အထက် နှစ်ဘက်သော စမ်းပျဉ်းလွှာ ကျောက်ဆူးရိုးတို့၏ အလယ် အလွန်းကျဉ်း မြောင်းသော တခဲနက် ထက်သော အမိုက်တိုက်ရှိသော အထူးထူးသော ပိုးလောက်တို့၏အနံ့ဖြင့် ထုံအပ်သော မစင်မကြယ် အလွန်စက်ဆုပ်ရွံရှာ ဖွယ်သော အနံ့တို့၏ ညှီနံ ညှော်လှောင်း မကောင်းသော သွားလာရာ ဖြစ်သော အလွန်စက်ဆုပ်ဖွယ်ရှိသော အမိဝမ်းတိုက်၌ ငါးပုပ်, အမဲပုပ်, မုယောပုပ်စတီးကျင်းအစရှိသည်တို့၌ ပိုးလောက်အများတို့သည် ကံအား လျော်စွာ ဆင်း၍ဖြစ်ရကုန်သကဲ့သို့ ဖြစ်ရ၏၊ ထိုအမိဝမ်းခေါင်း၌အောင်း ရသော သတ္တဝါတို့သည် ဆယ်လပတ်လုံး အမိဝမ်း၌ဖြစ်သော ပူစွာသော သုက်သွေးဖြင့် ချက်ပြုတ်အပ်သော ထမင်းထုပ်ကဲ့သို့, ပေါင်းအပ်သော မုံ့ညက်စိုင်ကဲ့သို့ကွေးခြင်း,ဆန့်ခြင်းထိုမှဤမှရွေ့လျောခြင်းအစရှိသည်တို့ မှ ကင်းလျက် ပြင်းပြသောဆင်းရဲကို အမြဲခံစားရ၏၊ ဤဆင်းရဲကားပစ္ဆိမ ဘဝိကဘုရားအလောင်းတော်တို့မှတပါး ခပ်သိမ်းသော သတ္တဝါတို့အား ဖြစ်သည်သာတည်း။

သံဃာတော်အား ကျောင်းဆောက်၍ လှူဖူးသော သတ္တဝါတို့အား ဇာတိနှင့် မကင်း၍ အမိဝမ်းတွင်း၌ ပဋိသန္ဓေ နေရသော်လည်း အမိဝမ်းခေါင်းသည် ကျဉ်းမြောင်းခြင်းမရှိ၊ တဆယ့်နှစ်တောင် တိုက်ခန်း၌ နေရသကဲ့သို့ ဖြစ်သည်ဟု ဥဒါန်းအဋ္ဌကထာ သံယုတ် အဋ္ဌကထာတို့၌ ဆိုသည်၊ ကောင်းမှုအထူးရှိသောသတ္တဝါတို့အား ကောင်းမှု၏ အကျိုးကို ခံစားရသောအားဖြင့် ဖြစ်သောကြောင့် တပါးသတ္တဝါတို့လောက် ဆင်းရဲမရှိသည်ကိုသာ ရည်၍ဆိုသည်၊ ထိုဒုက္ခအချင်းခပ်သိမ်း မရှိသောကြောင့် ဆိုသည်မဟုတ်၊ ချမ်းသာစွာ နေ့ရခြင်း အကျိုးငှာ ဘုရား အလောင်းတော်ကို မယ်တော် ကြည့်သည်ရှိသော် ထက်ဝယ် ဖွဲ့ခွေနေသော ဘုရား အလောင်းတော်ကို မယ်တော်မြင်၏ဟု ဆိုရကား တပါးသတ္တဝါတို့ကဲ့သို့ မဆင်းရဲ ချမ်းသာစွာ နေရသည်။

သုခဝ်ါသတ္ထံ ဗောဓိသတ္တံ ဩလောကိယမာနာ ပလ္လင်္ကံ မာဘုဇိတွာ နိသိန္နံ ဗောဓိသတ္တံ ပဿတိ။

(သံုတ်မဟာဝါ အဋ္ဌကထာ)

သုခဝါသတ္ထံ၊ ချမ်းသာစွာ နေရခြင်းအကျိုးငှာ ဗောဓိသတ္တံ၊ ဘုရားအလောင်းကို။ ဩလောကိယမာနာ၊ ကြည့်အပ်သည်ရှိသော်။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွစ၊ ဖွဲ့ခွေ၍။ နိသိန္နံ၊ ထိုင်သော။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ပဿတိ၊ မြင်၏။

ဘုရားလောင်းမှ တပါး အခြားသော သတ္တဝါတို့သည် အမိဝမ်း၌ တည်ကုန်သည်ရှိသော် အစာကျက် အိမ်ပေါ်ဝယ် ထိုင်လျက်, အစာသစ်အိမ်ကို ရွက်လျက်, အမိဝမ်းပျဉ်လွှာကိုကျောပေးလျက်, ကျောက်ဆူးရိုးကို ရှေးရှုလျက် ဆောင့်ကြောင့် ထိုင်ပြီးလျှင် နှစ်ခုသော လက်ဆုပ်တို့၌ မေးကိုထား၍ မိုးရွာသည်ရှိသော် သစ်ခေါင်း၌ မျောက်တို့ကဲ့သို့ နေရကုန်၏။

အညေ အန္တောကုစ္ဆိဂတာ ပက္ကာသယံ အဇ္ဈောတ္ထရိတွာ အာမာသယံ ဥက္ခိပိတွာ ဥဒရပဋလံ ပိဋ္ဌိတော ကတွာ ပိဋ္ဌိကဏ္ဍကံ နိဿာယ ဥက္ကုဋိကာ ဒွီသု မုဋ္ဌီသု ဟနုကံ ဌပေတွာ ဒေဝေ ဝဿန္တေ ရုက္ခသုသိရေ မက္ကဋာ ဝိယ နိသီဒန္တိ။

(မဟာပဒါနသုတ် အဋ္ဌကထာ)

အညော၊ ဘုရားအလောင်းမှ တပါးကုန်သော သတ္တဝါတို့သည်။ အန္တေဝါ ကုစ္ဆိဂတာ၊ အမိဝမ်း၌ တည်ကုန်သည်ရှိသော်။ ပက္ကာသယံ၊ အစာကျက် အိမ်ကို။ အဝတ္ထရိတွာ၊ ဘိစီး၍။ အာမသယံ၊ အစာသစ်အိမ်ကို။ ဥက္ခိပိတွာ၊ ရွတ်၍၊ ဥဒရပဋလံ၊ အမိဝမ်းပျဉ်လွှာကို။ ပိဋ္ဌိတောကတ္ဝာ၊ နောက်မှီပြု၍။ ပိဋ္ဌိကဏ္ဋကံ၊ ကျောက်ဆူးရိုးကို။ နိဿာယ၊ ရှေ့မှီ ပြု၍။ ဥက္ကုဋိကာ၊ ဆောင့်ကြောင့် ထိုင်ကုန်လျက်၊ ဒွီသု၊ နှစ်ပါးကုန်သော။ မုဋ္ဌီသု၊ လက်ဆုပ်တို့၌။ ဟနုကံ၊ မေးကို။ ဌပေတွာ၊ ထား၍။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ရုက္ခသုသိရေ၊ သစ်ခေါင်း၌။ မက္ကဋာဝိယ၊ မျောက်တို့ ကဲ့သို့။ နိသီဒန္တိ၊ နေကုန်၏။

ဘုရားအလောင်းတော်မှာမူကား အမိ၏ ကျောက်ဆူးရိုးတို့ကို ကျောမှီ ပြု၍ တရားဟောပလ္လင်၌ တရားဟောသော ပုဂ္ဂိုလ်ကဲ့သို့ ထက်ဝယ်ဖွဲ့ ခွေ၍ အမိဝမ်းပျဉ်လွှာသို့ ရှေးရှုပြု၍ နေတော်မူ၏။

ဗောဓိသတ္တော ပန မိဋ္ဌိတောကတွာ ဓမ္မာသနေ ဓမ္မကထိကကောဝိယ
ပလ္လင်္ကံ မာဘုဇိတွာ ပုရတ္ထာဘိမုခေါ နိသီဒတိ။

(သုတ်မဟာဝါ အဋ္ဌကထာ)

ဗောဓိသတ္တောပန၊ ဘုရားလောင်းသည်ကား။ ပိဋ္ဌိတော ကတွာ၊ အမိ၏ ကျောက်ဆူးရိုးကို ကျောမှီပြု၍။ ဓမ္မာသနေ၊ တရားဟောပလ္လင်၌။ ဓမ္မကထိ ကော ဝိယ၊ တရားဟောပုဂ္ဂိုလ်ကဲ့သို့။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ပုရတ္ထာဘိမုခေါ၊ အမိ၏ ရှေ့အရပ်သို့ရှေးရှု၍။ နိသီဒတိ၊ ထိုင် တော်မူ၏။ (ဤသည်ကား ဂဗ္ဘောက္ကန္တိက မူလ ၈ ဒုက္ခတည်း။)

ဂဗ္ဘပရိဟရဏ ထို အမိဝမ်းခေါင်း၌ အောင်းရသော သတ္တဝါတို့သည်
မူလကဒုက္ခ အမိ၏ အဆောတလျင် ချော်ချွတ်ခြင်း, သွားခြင်း, ထိုင် ခြင်း, ထခြင်း, ပြန်လှန်ခြင်း အစရှိသည်တို့၌ သေသောက် ကြူး၏ လက်သို့ရောက်သော ဆိတ်ငယ်ကဲ့သို့ လည်းကောင်း အလမ္ပါယ် မြွေသမား၏ လက်တွင်းသို့ ဆင်းမိသော မြွေကဲ့သို့လည်းကောင်း ရှေးရှု ငင်ခြင်း, ထက်ဝန်းကျင် ထိုမှဤမှ ငင်ခြင်း, အောက်သို့နှိပ်ခြင်း,အထက်သို့ လှန်ခြင်း အစရှိသော လို လဖြင့်ပြုအပ်သော ဆင်းရဲကိုလည်း ခံစားရ၏၊ အမိ၏ အေးမြသောရေကို သောက်သောကာလ အေးမြသော နရက်ငရဲ၌ ကျသကဲ့သို့ ပူသော ယာဂုထမင်း အစရှိသည်ကို စားမျိုသော ကာလ

အခိုးအလျှံ ကင်းသော စီးကျိုးထဲသို့ ဆွဲကာငင်ကာ ပစ်ချသကဲ့သို့ အငန့်, အချဉ်အစရှိသည်ကိုစားမျိုသော ကာလ၊လှုံ့နှင့်ဆွဲ၍ဆားမံခြင်း အစရှိသော ကမ္မကရဏာသို့ ရောက်သကဲ့သို ထက်စွာသော အကြင် ဆင်းရဲကိုလည်း ခံစားရ၏၊ ဤဆင်းရဲသည် ကိုယ်ဝန်ဆောင်ခြင်းလျှင် အကြောင်းရှိသော ဆင်းရဲမည်၏။

ဂဗ္ဘဝိပတ္တိ မူလကဒုက္ခ — တွေဝေ နှောက်ယှက်သော ကိုယ်ဝန်ရှိသော အမိ၏ အဆွေ အမျိုးအဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ အစရှိသည်တို့ သည် မြင်ခြင်းငှာ မထိုက်သော ဆင်းရဲဖြစ်ရာအရပ်၌ ဖြတ်ခြင်း ခွဲခြင်း အစရှိသည်တို့ကြောင့် အကြင် ဒုက္ခသည်ဖြစ်၏၊ ဤဒုက္ခသည် ကိုယ်ဝန်ပျက်စီးခြင်းလျှင် အရင်းရှိသော ဒုက္ခမည်၏။

ဝိဇာယန မူလကဒုက္ခ — သားဖွားသော အမိ၏ ကမ္မဇလေတို့သည် အောက်ထက် ပြန်လှန်၍ နရက်ချောက်သို့ ဦးစောက်ချသကဲ့သို့ အလွန် ကြောက်မက်ဖွယ်သော ယောနိစသို့ ပစ်ချအပ်သော ကျဉ်းမြောင်းစွာသော သံကောက ပေါက်ဖြင့်တောင်လောက် ပမာဏကြီးမြင့်လှသော ဆင်ပြောင်ကြီးကို ငင်သကဲ့သို့ အလွန်တရာကျဉ်းမြောင်း လှစွာသော ယောနိစဖြင့် ငင်အပ်သော နရက်ငရဲ၌ ကျသော သတ္တဝါအား အရှေ့,အနောက်,တောင်,မြောက်မှလာသော တောင်ကြီးလေးလုံးတို့ဖြင့် မုန့်မုန့်ညက်ညက် ပြုအပ်သကဲ့သို့သော သတ္တဝါ၏ အကြင်ဆင်းရဲသည် ရှိ၏၊ဤဆင်းရဲသည် အမိဝမ်းမှဖွားခြင်းလျှင်အရင်း ရှိသောဆင်းရဲမည်၏။

ဗဟိနိက္ခမန မူလကဒုက္ခ — အမိဝမ်းမှဖွားပြီးသော နုံသောအမှာနှင့် တူသော အလွန် သိမ်မွေ့သောကိုယ်ရှိသောသတ္တဝါအား လက်ဖြင့်ကိုင်ခြင်း ရေဖြင့် ဆေးကြောခြင်း,ပုဆိုးဖြင့်သုတ်ခြင်း အစရှိသည်ကို ပြုသောကာလ၌ ထက်လှစွာသော အသွားရှိသောအပ်ဖျား,သင်ဓုန်းသွား တို့ဖြင့် ထိုးခြင်း ခွဲခြင်း ဖြတ်ခြင်းနှင့်တူသော အကြင်ဒုက္ခသည် ဖြစ်၏၊ ဤဒုက္ခသည် အမိဝမ်းမှ အပသို့ထွက်ခြင်လျှင် အရင်းရှိသောဒုက္ခမည်၏။

အတ္တူပက္ကမ မူလကဒုက္ခ — အမိဝမ်းမှ အပသို့ ထွက်သည့်နောက် ပဝတ္တိအခါ၌မိမိသည် ပင်မိမိကိုယ်ကို သတ်သော သတ္တဝါအားရင်း အစေသာ အကျင့် အစရှိသည်တို့၏အစွမ်းဖြင့် လွန်စွာ ပူပန်စေခြင်း, ထက်ဝန်ကျင် ပူပန်စေခြင်း၌ အဖန်တလဲလဲ အားထုတ်ခြင်း လုံ့လ

ပြုသော သတ္တဝါအားရင်း,အမျက်၏ အစွမ်းဖြင့် မစားသောသူအားရင်း သေဆွဲမှုသောသူအားရင်း အကြင်ဒုက္ခသည်ဖြစ်၏၊ ဤဒုက္ခသည်မိမိလုံ့လ လျှင် အရင်းရှိသော ဒုက္ခမည်၏။

> ယံ တတော ပရံ ဗဝတ္တိယံ အတ္တနာဝ အတ္တာနံ ဝဓန္တဿ အစေလက ဝတာဒိဝသေန အာတာပန ပရိတာပနံ့ာ နုယောဂ မနုယုတ္တဿ ကောဓဝသေန အဘုဉ္ဇန္တဿ ဥဗ္ဗန္ဓဿစ ဒုက္ခံ ဟောတိ၊ဣဒံ အတ္တူပက္ကမ မူလကံ ဒုက္ခံ။
>
> (ဝိဘင်းအဋ္ဌကထာ)

တတော၊ ထိုအမိဝမ်းမှ ထွက်ပြီးသည်မှ၊ ပရံ၊နောက်၌။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။အတ္တနာဝ မိမိသည် ပင်လျှင်။အတ္တာနံ မိမိကိုယ်ကို။ ဝဓန္တဿစ၊သတ်သောသူအားရင်း။အစေလက ဝတာဒိဝသေန၊ အဝတ် မဝတ်ပဲ ကျင့်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်။ အာတာပန ပရိဘာနော နုယောဂံ၊ လွန်စွာပူပန်စေခြင်း, ထက်ဝန်းကျင်ပူပန်စေခြင်း၌အဖန်တလဲလဲ အားထုတ်ခြင်းကို။ အနုယုတ္တဿစ၊ အဖန်တလဲလဲအားထုတ်သော သူ အားရင်း။ကောဓဝသေန၊အမျက်၏ အစွမ်းဖြင့်၊ အဘုဉ္ဇန္တဿ၊ မစား သောသူအားရင်း။ဥဗ္ဗန္ဓဿစ၊အထက်၌ ကြိုးဖွဲ့၍ ကြိုးဆွဲချသောသူအား ရင်း။ယံဒုက္ခံ၊အကြင်ဒုက္ခသည်။ ဟောတိ၊ဖြစ်၏။ဣဒံဒုက္ခံ၊ ဤဒုက္ခသည်။ အတ္တူပက္ကမ မူလကံ၊မိမိလုံ့လလျှင် အကြောင်းရှိသော၊ ဒုက္ခံ၊ဒုက္ခမည်၏။

**ပရူပက္ကမ မူလကဒုက္ခ** သူတပါးမှ သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသည်တို့ကို ခံစား ရသောသူ၏ အကြင်ဒုက္ခသည် ဖြစ်၏၊ ဤဒုက္ခသည်သူတပါး လုံ့လလျှင်အကြောင်းရှိသောဒုက္ခမည်၏။

> ယံ ပန ပရတော ဝဓဗန္ဓနာဒီနိ အနုဘဝန္တဿ ဒုက္ခံဥပ္ပဇ္ဇတိ၊ ဣဒံ ပရူပက္ကမ မူလကံ ဒုက္ခံ၊
>
> (သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ပရတော၊သူတပါးမှ၊ဝါ၊ သူတပါးကြောင့်။ဝဓဗန္ဓနာဒီနိ၊ သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသည်တို့ကို၊ အနုဘဝန္တဿ၊ ခံစားသောသူ၏၊ ယံမန ဒုက္ခံ၊အကြင်ဒုက္ခသည်ကား၊ဥပ္ပဇ္ဇတိ၊ဖြစ်၏။ဣဒံ ဒုက္ခံ၊ ဤဒုက္ခသည်။ပရူ ပက္ကမမူလကံ၊သူတပါးလုံ့လလျှင် အကြောင်းရှိသော။ ဒုက္ခံ၊ ဒုက္ခမည်၏။



အရှင်ဘုရား၏ သာသနာတော်၌ မွေ့လျော်ပျော်ပါးသော တပည့်သားတော်သည်…၂၇၀

ထိုမာရ်နတ်သား လျှောက်ထားသော ခဏ၌ပင် အရှင်ဂေါမိကလည်း ဓားလက်နက်ကို ဆောင်လေ၏။

ဤဇာတိသည် ယင်းသို့ဆိုအပ်ပြီးသော အလုံးစုံသော ဒုက္ခ၏ တည်ရာ အကြောင်းဖြစ်၏။

ဣတိ ဣမဿ သဗ္ဗဿာပိ ဒုက္ခဿ အယံဇာတိ ဝတ္ထုမေဝ ဟောတိ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ဣတိ ဣမဿ! ဤသို့ ဆိုအပ်ပြီးသော။ သဗ္ဗဿာပိ၊ အလုံးစုံလည်း ဖြစ်သော။ ဒုက္ခဿ၊ ဒုက္ခ၏။ အယံဇာတိ၊ ဤဇာတိသည်။ ဝတ္ထုမေဝ၊ တည်းရာ အကြောင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသို့ သဗ္ဗညုဘုရား၏ ဉာဏ်တော်ဖြင့် သော်လည်း ထုတ်ဖေါ် ပိုင်းခြား၍ ရေတွက်ခြင်းငှာ အရာမဟုတ်သော များစွာသောဒုက္ခ၏တည်ရာ ဖြစ်သောကြောင့်—

ဇာတိယေဝ ဒုက္ခံ ဒုက္ခာနံ ဝတ္ထုတ္တာတိ ဇာတိဒုက္ခံ။

ဟူသော ပဝနနှင့်အညီ ဇာတိသည်ပင် များစွာသော ဒုက္ခတို့၏ တည်ရာ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် ဖလူပစာရတ္တ အဒးဖြင့် ဇာတိဒုက္ခ မည်သတည်း။

ဇာတိယေဝ၊ ဇာတိသည်သာလျှင်။ ဒုက္ခာနံ၊ များစွာသော ဒုက္ခတို့၏။ ဝတ္ထုတ္တာ၊ တည်ရာအကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခမည်၏။

ဤသို့ အဆုံးမရှိသော ဒုက္ခ၏ တည်ရာဖြစ်သော ဇာတိဒုက္ခဟူသော သံဝေဂ ဝတ္ထု တရားကို အာရုံ ပြု၍ ဉာဏ သံဝေဂကို ဖြစ်စေရမည် သူတော်ကောင်း အပေါင်းတို့....။

ဇာတိနှင့်မကင်း၍ တွေ့ကြုံခံစားရသော
အတ္တူပက္ကမမှုလကဒုက္ခအရာ၌ မိမိကိုယ်ကို မိမိ ဓား လက်နက်
ဆောင်၍ သေသော အရှင်ဂေါမိကထေရ်ဝတ္ထု

ထိုဒုက္ခတို့တွင် အတ္တူပက္ကမမှုလက ဒုက္ခ၌ဘုရားမြတ်စွာသည်ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်း၌ ကျိန်းအောင်း မွေ့လျော် စံနေတော် မူလျက် အရှင်ဂေါမိက မထေရ်၏ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်းကို အကြောင်းပြု၍ တခုသော မွေဒေသနာတော်ကို ဟောတော်မူ၏၊ အရှင်ဂေါမိကသည

ဣသိဂိလိတောင်ယံ နံပါးဝယ် ကာဠ အမည်ရှိသော ကျောက်လိုဏ်ဂူ၌ နေလျက် မမေ့မလျော့ ကိလေသာတို့ကို လွန်စွာပူပန်စေတတ်သောလုံ့လ ရှိသည်၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ ဝင်စားဆဲတွင် ဆန့်ကျင်ဘက်မှလွတ်သော လောကီသမာပတ်ဟုဆိုအပ်သော သာမာယိက စေတောမုတ္တိကို ရ၍ တခုသော သလိပ် သည်းခြေ လေ ကိန်းအောင်းသော အနာ၏အစွမ်းကြောင့် ထိုသာမာယိက စေတောဝိမုတ္တိမှ ယုတ်၏၊ ထိုအရှင်ဂေါဓိကသည် နှစ်ကြိမ်ရင်း, သုံးကြိမ်ရင်း, လေးကြိမ်ရင်း, ငါးကြိမ်ရင်း, ခြောက်ကြိမ်ရင်း စျာန်ကို ဖြစ်စေပြီးမှ လျှောကျချေ၏၊ ခုနစ်ကြိမ်မြောက်၌ စျာန်ကိုဖြစ်စေ၍ ဤသို့ကြံ၏၊ ငါသည် ခုနစ်ကြိမ် တိုင်အောင် စျာန်မှ လျှောကျ၏၊ စျာန်မှ လျှောကျသော ငါ့အား လားရာဂတိသည် မမြဲသည်သာတည်း၊ ယခုအခါ၌ပင် ငါသည် ဓား လက်နက်ကို ဆောင်အံ့ဟု ကြံ၏၊ ယင်းသို့ကြံပြီး၍ ဆံချသော သင်ဓုန်းဓားကို ကိုင်ပြီးလျှင် လည်တိုင်၌ ဖြတ်ခြင်းငှာ ညောင်စောင်းဝယ် လျောင်းအိပ်၏၊ ထိုအခါ မာရ်နတ်သားသည် အရှင်ဂေါဓိက၏ စိတ်ကိုသိ၍ ဤရဟန်းသည် ဓား လက်နက်ကို ဆောင်လို၏၊ လက်နက်ကို ဆောင်လိုသော သူတို့သည်ကား ကိုယ်အသက်၌ ငဲ့ကွက်ခြင်း ကင်းကုန်၏၊ ထိုလက်နက်ဆောင်သော ရဟန်းတို့သည် ဝိပဿနာ တရားကို ပွားစေ၍ အရဟတ္တဖိုလ်သို့ သော်လည်း ရောက်ကုန်၏၊ အကယ်၍ ငါသည် ထိုရဟန်းအား တားမြစ်ငြားအံ့၊ ငါ့စကားကို မလိုက်နာရာ၊ ထိုရဟန်းအားသဗ္ဗညုဘုရားကို တားမြစ်စေအံ့ဟု ကြံပြီးလျှင် မထင်ရှားသောအသွင်ဖြင့် ရှင်တော်ဘုရားသို့ ကပ်၍ ဤသို့ လျှောက်ထား၏၊ “ကြီးသော လုံ့လကြီးသော ပညာရှိတော် မူသော တန်ခိုးအခြံအရံ အကျော်အစောဖြင့် တောက်ပတော်မူသော ခပ်သိမ်းသော ရဟန်းအပေါင်းကို လွန်တော်မူသော ငါးပါးသောစက္ခုနှင့်ပြည့်စုံတော်မူသော ဘုရား....အရှင်ဘုရား၏ခြေတော်တို့ကို အကျွန်ုပ်ရှိခိုးပါ၏၊ ကြီးသောလုံ့လရှိတော်မူသော ဘုရား၊ အရှင်ဘုရား၏ တပည့်သားတော်သည် သေခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ သေခြင်းကို အလိုရှိဘိ၏၊ ဂုဏ်အရောင်ကို ဆောင်တော်မူတတ်သော ဘုရား၊ ထိုတပည့်အား တားမြစ်တော်မူပါ၊ အရှင်ဘုရား၏ သာသနာတော်၌ မွေ့လျော် ပျော်ပါးသော တပည့်သားတော်သည် အရဟတ္တဖိုလ်သို့ မရောက်၊ သေက္ခသာ ဖြစ်၍ သေ၏ဟု အဘယ့်ကြောင့် လူတွင်ထင်ရှားစေအံ့နည်း”ဟု လျှောက်၏၊

တသ္မိံ ခဏေ ထေရော သတ္ထံ အာဟရိတံ ဟောတိ။

(ဓမ္မပဒ အဋ္ဌကထာ)

တသ္မိံ ခဏေ၊ ထိုမာရ်နတ်သား လျှောက်ထားသောခဏ၌။ ထေရော၊ ဂေါမိကမထေရ်သည်။ သတ္ထံ၊ ဓားလက်နက်ကို။ အာဟရိတံ၊ ဆောင်အပ်သည်။ ဟောတိ၊ ဖြစ်၏။

သဗ္ဗညုဘုရားလည်း ဤသူကား မာရ်နတ်သားတည်းဟု သိတော်မူ၍ "မာရ်နတ်....ဤသို့လျှင် ပညာရှိတို့သည် ပြုကြကုန်၏၊ အသက်ကို အလို မရှိကုန်၊ အမြစ်နှင့်တကွ တဏှာကိုနုတ်၍ ဂေါမိကကား ပရိနိဗ္ဗာန်ပြုလေပြီ"ဟု မိန့်တော်မူ၏၊ ထိုအခါ ဘုရားမြတ်စွာလည်း များစွာသော ရဟန်းတို့နှင့်တကွ ဂေါမိက မထေရ်၏ လက်နက်ကိုဆောင်၍ လျောင်းရာသို့ ကြွတော်မူ၏၊ ထိုခဏ၌ မာရ်နတ်သားသည် ဂေါမိက၏ ဝိညာဉ်တည်ရာကို ရှာ၏၊ သဗ္ဗညုဘုရားလည်း "ချစ်သားတို့....ဤမာရ်နတ်သားကားဂေါမိက၏ ဝိညာဉ်တည်ရာကို ရှာသတည်း"ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်း "ဘုန်းတော်ကြီးလှသော ဘုရား....ဂေါမိက အမျိုးသား၏ ဝိညာဉ်ကား အဘယ်အရပ်မှာ တည်ရှာလေသနည်း"ဟုမေးလျှောက်ကုန်၏၊ "ချစ်သား တို့ ဂေါမိက အမျိုးသားကား ပရိနိဗ္ဗာန် ပြုလေပြီ"ဟု မိန့်တော်မူ၏၊ မာရ်နတ်သားလည်း ဂေါမိက အမျိုးသား၏ ဝိညာဉ်တည်ရာကို ရှာ၍ မတွေ့ရကား သူငယ်၏ အသွင်ကို ဖန်ဆင်း၍ ဥသျှစ်မှည့် အဆင်းရှိသော စောင်းကိုယူပြီးလျှင် ဘုရားရှင်သို့တပ်၍"ဘုန်းတော်ကြီးလှသောဘုရား.... အရပ် ဆယ်မျက်နှာ၌ ရှာ၍မတွေ့၊ ဂေါမိက အမျိုးသားကား အဘယ်သို့ သွားရှာလေသနည်း"ဟု မေးလျှောက်၏၊ "မာရ်နတ်....ဂေါမိက အမျိုး သားကား ပရိနိဗ္ဗာန်ပြုလေပြီ"ဟု မိန့်တော်မူ၏၊ ယင်းသို့ မိန့်တော်မူလျှင် မာရ်နတ်သားသည် နှလုံးမသာ ယာရကား ထိုအရပ်၌ပင် ကွယ်လေ၏၊ "သဗ္ဗညုဘုရားလည်း မာရ်နတ်....သင်ကဲ့သို့သောသူ အရာအထောင်ပင် ာသော်လည်း ဂေါမိကအမျိုးသား၏ ဖြစ်ရာအရပ်ကို မြင်ခြင်းငှာမတတ် နိုင်ရာ"ဟု မိန့်တော်မူ၏။

ဤ၌ပစ္စိမဘာဝိကဖြစ်သော ဂေါမိကအမျိုးသားတို့မှသော်လည်း ဇာတိ တည်းဟူသော တရားကြောင်းရင်း ခံသောကြောင့် ဒုက္ခနှင့်မကင်း ဓား လက်နက်ဆောင်၍ မိမိကိုယ်ကို မိမိသတ်ရခြင်း တည်းဟူသော ဆင်းရဲကို ခံရသည်၊ ဇာတိမရှိလျှင် ဒုက္ခကိုမခံရ ဇာတိရှိသောကြောင့်သာ ခံရသည်၊

ထို့ကြောင့် ဇာတိဟူသော တရားယုတ်ကား စက်ဆုပ်ဖွယ် တကားဟု နှလုံးထား၍ ဇာတိဒုက္ခ ဟူသော သံဝေဂဝတ္ထု တရား၌ ဉာဏသံဝေဂ တရားကို ပွားများစေကုန်ရာ၏။

## ၇၂-အတ္တူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိမိကိုယ်ကို မိမိ ခေါးလက်နက်ဆောင်၍ သေကြကုန်သော ရဟန်းငါးရာတို့ ဝတ္ထု

ဘုရားမြတ်စွာသည် ဝေသာလီပြည် မဟာဝုန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ ရဟန်းတို့အား များစွာသော အကြောင်းဖြင့် အသုဘစကားကို ဟောကြားတော်မူ၏။

ဘဂဝါ ဘိက္ခူနံ အနေက ပရိယာယေန အသုဘ ကထံ ကထေသိ။

(စီနည်း ပါဠိတော်)

ဘဂဝါ၊ သည်။ ဘိက္ခူနံ၊ တို့အား၊ အနေက ပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ အသုဘကထံ၊ အသုဘစကားကို။ ကထေသိ။ ဟောတော်မူ၏။

ဤ အသုဘစကားဟူသည် အဘယ်နည်းဟူမူ....

အတ္ထိဣမသ္မိံ ကာယေ ကေသာ၊ လောမာ၊နခါ၊ ဒန္တာ၊တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ကိလောမကံ၊ ပိဟကံ၊ပပ္ဖါသံ၊အန္တံ၊အန္တဂုဏံ၊ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ=ဟူသည်တည်း။

အနက် အဓိပ္ပာယ် အကျယ်မဆိုသာ၊ အကျဉ်းအားဖြင့် ချစ်သား ရဟန်းတို့....ဤတလံမျှလောက်သော ခန္ဓာကိုယ်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သည်ရှိသော် တစုံတယောက်သော သူသည် တစုံတခုသော ပတ္တမြားကိုရင်း, ကြောင်မျက်ရွဲကိုရင်း, စန္ဒကူးကိုရင်း, မာလာကျိုကျုကိုရင်း, ပရုတ်ကိုရင်း, ထိုအပ်သော နံ့သာမှုန့် စသည်ကိုရင်း အနုမြူမျှလည်းသန့်ရှင်းစင်ကြယ်သောအဖြစ်ကိုမမြင်၊စင်စစ်မှာမူကား အလွန်မကောင်းသော အနံ့ရှိသော စက်ဆုပ်ဖွယ်သော အသရေမရှိသည် ဖြစ်၍ ရှုချင်ဖွယ်မရှိသော ဆံ အမွေးအစရှိသည်ဖြင့်အထူးထူး အပြားပြား မသန့်ရှင်း မစင်ကြယ်သော ဝတ္ထုကိုသာ မြင်၏၊ ထို့ကြောင့် ချစ်သားတို့ ဤတလံမျှလောက်သော ခန္ဓာကို၌ တပ်ခြင်း နှစ်သက်ခြင်းကို မပြုအပ်၊

ဦးခေါင်း၌ ပေါက်ရောက်ကုန်သော အကြွင်ဆံတို့သည် ရှိကုန်၏၊ ထိုဆံတို့သည်လည်း မတင့်တယ် မစင်ကြယ်ကုန်၊ စက်ဆုပ်ရွံရှာဖွယ် ရှိကုန်၏၊ ထိုဆံတို့၏ မတင့်တယ် မစင်ကြယ် စက်ဆုပ် ရွံရှာဖွယ်ရှိသော အဖြစ်ကို အဆင်းအားဖြင့် လည်းကောင်း, သဏ္ဍာန်အားဖြင့် လည်းကောင်း အနံ့အားဖြင့်လည်းကောင်း,ဖြစ်ရာအားဖြင့်လည်းကောင်း, တည်ရာအရပ်အားဖြင့်လည်းကောင်း-ဤငါးပါးသော အကြောင်းတို့ဖြင့် သိအပ်၏၊ အမွေးစသည်တို့ကိုလည်း ဤအတူပင် သိအပ်ကုန်၏၊ ဤသို့ များစွာသော အကြောင်းဖြင့် အသုဘစကားကို ဟောကြားတော်မူ၏။

ယင်းသို့ ဟောကြားတော် မူပြီးလျှင် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားတို့.... ငါဘုရားကား လခွဲပတ်လုံး တယောက် အထီးတည်း ကိန်းစက်ခြင်းကို အလိုရှိတော်မူ၏၊ ဆွမ်း မျက်သစ်ရေ ဒန်ပူ ဆောင်ယူသောသူကို ထား၍ တပါးသောသူသည် ငါဘုရားသို့ မကပ်အပ်"ဟု မိန့်တော်မူ၏၊ အဘယ့်ကြောင့် ဤသို့ မိန့်တော်မူသနည်းဟူမူ....

လွန်လေပြီးသောအခါ ငါးရာသော သားမုဆိုးတို့သည် များစွာသော လှံကံပိုက်ကွန်တို့ဖြင့် တောသို့ဝင်ပြီးလျှင် ရှင်လန်းနှစ်သက်ကုန်သည်ဖြစ်၍ အသက်ထက်ဆုံး တပေါင်းတည်း [illegible]ပြီးလျှင် သားငှက်တို့ကို သတ်ခြင်းအမှုဖြင့် အသက်မွေးကြကုန်လျက် အသက်၏အဆုံးဝယ် ငရဲ၌ဖြစ်ကုန်၏၊ ထိုငါးရာသောမုဆိုးတို့သည် ငရဲ၌ကျကုန်၍ ရှေး၌ပြုအပ်သော တစုံတခုသော ကောင်းမှုကြောင့် လူ့ပြည်၌ဖြစ်ကုန်ရကား သပ္ပုရိသူပနိဿယ၏ အစွမ်းဖြင့် အလုံးစုံသော မုဆိုးသား ငါးရာတို့သည် ဘုရားသခင်အထံတော်၌ ရဟန်းပြုကြကုန်၏၊ ထိုရဟန်းတို့အား ထိုအကုသိုလ် ကံလျှင် အကြောင်းရှိသော အကုသိုလ်ကံကြောင့် မရင့်သေးသော အကျိုးရှိသော အပရာပရိယ စေတနာသည် ထိုလခွဲ၏ အတွင်း၌ မိမိ လို့လဖြင့်လည်းကောင်း သူတပါးလို့လဖြင့် လည်းကောင်း အသက်ပြတ်ခြင်းငှာ အခွင့်ကိုပြု၏၊ ထိုအကြောင်းကို ဘုရားသခင်မြင်တော်မူ၍ ကံ၏အကျိုးမည်သည်ကို တစုံတယောက်သော သူသည် တားမြစ်ခြင်းငှာ မတတ်နိုင်၊ ထိုငါးရာသော ရဟန်းတို့တွင် အချို့ကားပုထုဇဉ်,အချို့ကား သောတာပန်,အချို့ကား သကဒါဂါမ်, အချို့ကား အနာဂါမ်, အချို့ကား ရဟန္တာတည်း၊ ထိုပုဂ္ဂိုလ်ဘို့တွင် ရဟန္တာတို့ကား ပဋိသန္ဓေနေခြင်း မရှိကုန်၊ ဤမှတပါး

သာရိပုတြာ....ငါ့အားခံ့ကျန်းမျှတသောအရာအဘယ်မှာရှိအံ့နည်း၊ငါ၏ပြင်းစွာသောအနာတို့သည်နောက်သို့ မဆုတ်ရှေ့ရှေ့သို့ ပွားများကုန်၏၊ ထိုဝေဒနာတို့၏ နောက်သို့ဆုတ်ရွေ့ခြင်းကားမရှိ၊ ရှေ့သို့ပွားများခြင်းသာရှိသည်"ဟုဆို၏၊ယင်းသို့ဆိုပြီးလျှင်"ငါ့ရှင်သာရိပုတြာ....ငါကား ဓားလက်နက်ကို ဆောင်တော့အံ့၊အသက်ရှင်ခြင်းကို ငါအလိုမရှိပြီ" ဟုဆို၏၊ ထိုအခါရှင်သာရိပုတြာက "ငါ့ရှင်ဆန္န=ဓားလက်နက်ကို မဆောင်ပါလင့် အရှင်ဆန္နသည်မျှစေချင်၏၊ ငါတို့ကားအရှင်ဆန္နကိုမျှသည်ကိုအလိုရှိကုန်၏၊အကယ်၍ အရှင်ဆန္နအားလျောက်ပတ်သော ဘောဇဉ်ဆေးတို့သည် မရှိကုန်ငြားအံ့၊ငါသည် အရှင်ဆန္နအား လျောက်ပတ်သော ဘောဇဉ်ဆေးတို့ကို ရှာပါအံ့၊ အကယ်၍ အရှင် ဆန္နအား လျောက်ပတ်သော အလုပ်အကျွေးသည် မရှိငြားအံ့၊ငါ လုပ်ကျွေးပါမည်၊ အရှင်ဆန္နသည် ဓားလက်နက် မဆောင်ပါနှင့်ဦး"ဟု ဆို၏၊ "ငါ့ရှင် သာရိပုတြာ.... ငါ့အား လျောက်ပတ်သော ဘောဇဉ်ဆေးအလုပ်အကျွေးတို့သည် ရှိပါကုန်၏၊စင်စစ်မူကား ဆင်းရဲဝေဒနာ ပြင်းလှသည်"ဟု ဆို၏၊ ယင်းသို့ မေးမြန်းပြောဆို၍ မထေရ်နှစ်ပါးတို့ ကြွသွားလေလျှင် အရှင်ဆန္နသည် ဓားလက်နက်ကိုဆောင်လေ၏၊ထိုအခါ အရှင်သာရိပုတြာသည် သဗ္ဗညုဘုရားအား"ဘုန်းတော်ကြီးလှသောဘုရား....ဆန္နကား ဓားလက်နက်ကို ဆောင်အပ်ပြီး၊ အရှင်ဆန္န၏ လားရာဂတိ တမလွန်သည်အဘယ်နည်း"ဟု လျှောက်၏။

အာယသ္မတာ ဘန္တေ ဆန္နေန သတ္ထံ အာဟရိတံ၊ တဿ ကာဂတိ ကော အဘိသမ္ပရာယောတိ။

(ဥပရိပဏ္ဏာသပါဠိတော်)

ဘန္တေ၊ အရှင်ဘုရား။ အာယသ္မတာဆန္နေန၊အရှင်ဆန္နသည်။ သတ္ထံ၊ ဓားလက်နက်ကို။ အာဟရိတံ၊ဆောင်အပ်ပြီ။ တဿ၊ ထိုအရှင်ဆန္န၏၊ ဂတိ၊လားရာသည်။ ကာ၊အဘယ်နည်း၊ အဘိသမ္ပရာယော၊ တမလွန်သည်။ ကော၊ အဘယ်နည်း။ ဣတိ၊ဤသို့၊ အဝေါစ၊လျှောက်၏။

သဗ္ဗညုဘုရားလည်း "ဆန္နကား ပရိနိဗ္ဗာန်ပြုလေပြီး"ဟုမိန့်တော်မူ၏၊ အရှင်ဆန္နအား ဓားလက်နက်ကိုဆောင်သောခဏ၌ သေဘေးမှကြောက်ခြင်းသို့ရောက်လေ၏၊ဂတိနိမိတ်ထင်၏ ထိုအခါမိမိ၏ ပုထုဇဉ်၏အဖြစ်ကို သိ၍ ထိတ်လန့်ရကား ဝိပဿနာတရားကို ဖြစ်စေလျက် သင်္ခါရတရားကို

သိမ်းဆည်း၍ အရဟတ္တဖိုလ်သို့ ရောက်ရာသော သမသီသီ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ပြုလေ၏။

အရဟတ္တံ ပတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ။
(ဥပရိပဏ္ဏာသ အဋ္ဌကထာ)

အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ သမသီသီ၊ သမသီသီ ရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် ပြုလေ၏။

ဤဆန္နကား ဘုရားအလောင်း တောထွက်တော်မူသောအခါ နောက်တော်ပါ ဆန္နမဟုတ်၊ ဥပရိပဏ္ဏာသ ဆန္နောဝါဒသုတ်၌ လာသော ဆန္နတည်း။

ဤ၌သမသီသီကား.... ဣရိယာပထ သမသီသီ,ရောဂသမသီသီ, ဇီဝိတ သမသီသီဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် အကြင်ပုဂ္ဂိုလ်သည် ရပ်ခြင်း အစရှိသော ဣရိယာပုထ်တို့တွင် အမှတ်မထင်သော ဣရိယာပုထ်ကို ဆောက်တည်၍ ငါသည် ဣရိယာပုထ်ကို မပျက်စေမူ၍ အရဟတ္တ ဖိုလ်သို့ ရောက်အံ့ဟု ဝိပဿနာကိုဖြစ်စေ၏၊ ထိုအခါထိုပုဂ္ဂိုလ်၏ အရဟတ္တ ဖိုလ်သို့ရောက်ခြင်းသည်၎င်း, ဣရိယာပုထ်၏ ပျက်ခြင်းသည်၎င်း တပြိုင်နက် သာ ဖြစ်၏၊ဤပုဂ္ဂိုလ်သည် ဣရိယာပထ သမသီသီပုဂ္ဂိုလ်မည်၏။

အကြင်ပုဂ္ဂိုလ်သည် စက္ခုရောဂါအစရှိသည်တို့တွင် အမှတ်မထင်သော အနာဖြစ်လတ်သော် ငါသည် ဤအနာမှ မထမြောက်မီ အရဟတ္တဖိုလ်သို့ ရောက်အံ့ဟု ဝိပဿနာကိုဖြစ်စေ၏၊ ထိုအခါထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်၎င်း, အနာမှ ထမြောက်ခြင်းသည်၎င်း တပြိုင်နက်သာ ဖြစ်၏၊ ဤပုဂ္ဂိုလ်သည် ရောဂသမသီသီပုဂ္ဂိုလ် မည်၏။

အကြင်ပုဂ္ဂိုလ်အား အာသဝေါတရား၏ကုန်ခြင်းသည်၎င်း, အသက်၏ ကုန်ခြင်းသည်၎င်း တပြိုင်နက်သာဖြစ်၏၊ ဤပုဂ္ဂိုလ်သည် ဇီဝိတသမသီသီ ပုဂ္ဂိုလ်မည်၏၊ ဤဇီဝိတ သမသီသီ ပုဂ္ဂိုလ်ကို ရည်၍ ပုဂ္ဂလပညတ် ပါဠိ တော်၌....

ယဿ ပုဂ္ဂလဿ အပုဗ္ဗံ အစရိမံ အာသဝပရိယာဒါနဉ္စ ဟောတိ ဇီဝိတပရိယာဒါနဉ္စ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သမသီသီတိ။

ဟု ဟောတော်မူ၏။

ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ အပုဗ္ဗံအစရိမံ၊မရှေးမနှောင်း။ အာသဝပရိယာဒါနဉ္စ၊ အာသဝေါတရား၏ ကုန်ခြင်းသည်၎င်း။ ဇီဝိတပရိယာဒါနဉ္စ၊ အသက်၏ကုန်ခြင်းသည်၎င်း။ ဟောတိ၊ ၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သမသီသီတိ၊ သမသီသီပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဇီဝိတသမသီသီ၌ ပဝတ္တိသီသ ကိလေသသီသ ဟူ၍နှစ်ပါးအပြား ရှိ၏၊ ထိုနှစ်ပါးတို့တွင် ဇီဝိတိန္ဒြေသည် ပဝတ္တိသီသမည်၏၊ အဝိဇ္ဇာသည် ကိလေသသီသမည်၏၊ ထိုနှစ်ပါးတို့တွင် စုတိစိတ်သည် ဇီဝိတိန္ဒြေကို ကုန်စေ၏၊ မဂ်စိတ်သည် အဝိဇ္ဇာကို ကုန်စေ၏။

တေသု ဇီဝိတိန္ဒြိယံ စုတိစိတ္တံ ခေပေတိ၊ အဝိဇ္ဇံ မဂ္ဂစိတ္တံ။
(သံယုတ် အဋ္ဌကထာ)

တေသု၊ ထိုနှစ်ပါးသော သီသတို့တွင်။ ဇီဝိတိန္ဒြိယံ၊ ပဝတ္တိသီသ ဖြစ်သော ဇီဝိတိန္ဒြေကို။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ခေပေတိ၊ ကုန်စေ၏။ အဝိဇ္ဇံ၊ ကိလေသသီသဖြစ်သော အဝိဇ္ဇာကို။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ခေပေတိ၊ ကုန်စေ၏။

ဇီဝိတိန္ဒြေကို ကုန်စေသောစိတ်ကား စုတိစိတ်,အဝိဇ္ဇာကို ကုန်စေသော စိတ်ကား မဂ်စိတ်၊ ဤသို့တခြားစီဖြစ်၍ စိတ်နှစ်ခုတို့၏ တကွနက် ဖြစ်ခြင်း မရှိရကား အဘယ်သို့ သမဖြစ်နိုင်အံ့နည်းဟူမူ ဝါရသမျှသည်၏အဖြစ်ကြောင့် သမဖြစ်၏ဟူပေ၊ အကြင်ဝါရ၌ မဂ်ဟု ဆိုအပ်သော ထမြောက်ခြင်းသည် ဖြစ်၏၊ သောတာပတ္တိမဂ်၌ ပစ္စဝေက္ခဏာငါး ဝီထိ, သကဒါဂါမိမဂ်၌ ပစ္စဝေက္ခဏာငါးဝီထိ,အနာဂါမိမဂ်၌ ပစ္စဝေက္ခဏာငါးဝီထိ,အရဟတ္တမဂ်၌ပစ္စဝေက္ခဏာ လေးဝီထိ ဤတခုယုတ်နှစ်ဆယ်မြောက်သော ပစ္စဝေက္ခဏာဉာဏ်၌တည်၍ ဘဝင်ဟု သက်ပြီးမှ ပရိနိဗ္ဗာန်ပြု၏၊ ဤသို့ ဝါရမျှသည်၏ အဖြစ်ကြောင့် ဤနှစ်ပါးစုံသောသီသ၏ ကုန်ခြင်းသည် မျှသည်မည်၏။

ဣမာယ ဝါရသမတာယ ဣဒံ ဥဘယသီသ ပရိယာဒါနံ သမံ ဟောတိနာမ။
(ပုဂ္ဂလပညတ် အဋ္ဌကထာ)

ဣမာယ ဝါရသမတာယ၊ဤ ဝါရသမျှသည်၏ အဖြစ်ကြောင့်။ ဣဒံ၊ ဥဘယသီသပရိယာဒါနံ၊ ဤနှစ်ပါးသော သီသ၏ ကုန်ခြင်းသည်။ သမံ၊ မျှသည်။ ဟောတိနာမ၊ ဖြစ်သည်မည်၏။ (သဘောကျနိုင်ခဲ၏)

အဝိဇ္ဇာကို ကုန်စေသော အရဟတ္တမဂ်, ထိုမဂ်၏ အခြားမဲ့ဘဝင်, ထိုဘဝင်မှထ၍ ပစ္စဝေက္ခဏာဉာဏ်, ထိုဉာဏ်၌စည်လျက် ဘဝင်သို့ သက်ပြီးမှ ပရိနိဗ္ဗာန်ပြု၏၊ တပြိုင်နက်ကား မဟုတ်၊ စိတ်တို့၏ လျင်မြန်သည်၏ အဖြစ်ကြောင့် အာသဝေါ ကုန်ခြင်း, အသက်ကုန်ခြင်းသည် တပြိုင်နက်သော ခဏ၌ကဲ့သို့ ထင်ရသည်။

စိတ္တာနံ ပန လဟုပရိဝတ္တိတာယ အာသဝက္ခယောစ ဇီဝိတ ပရိယာဒါနဉ္စ ဧကက္ခဏေဝိယ ပညာယတိ။

(သံယုတ် အဋ္ဌကထာ)

စိတ္တာနံပန်၊ စိတ်တို့၏ကား။ လဟုပရိဝတ္တိတာယ၊ လျင်သော ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်။ အာသဝက္ခယောစ၊ အာသဝေါ တရား၏ ကုန်ခြင်းသည်လည်း။ ဇီဝိတပရိယာဒါနဉ္စ၊ အသက်၏ ကုန်ခြင်း သည်လည်း။ ဧကက္ခဏေဝိယ၊ တပြိုင်နက်သော ခဏ၌ကဲ့သို့။ ပညာယတိ၊ ထင်၏။

(ပါဠိ အဋ္ဌကထာ၌ သိနိုင်ခဲသော အရာဖြစ်၍ သတိရအောင် ပြလိုက်သည်။)

ဤ ပစ္ဆိမဇာတိက ဖြစ်သော သဗ္ဗညုဘုရား၏ တပည့်သားတော်များပင် သော်လည်း ဇာတိ တည်းဟူသော တရားအကြောင်းရင်း ခံသောကြောင့် ဒုက္ခနှင့်မကင်း မိမိကိုယ်ကို မိမိပင်သတ်၍ သေရခြင်းတည်းဟူသော အတ္တူပက္ကမ မူလက ဆင်းရဲကို ခံရသေးသည်၊ ဇာတ်မရှိသော် ထိုဆင်းရဲသည် မရှိ၊ ဇာတိရှိသောကြောင့်သာ ရှိသည်၊ ထို့ကြောင့် ဇာတိဒုက္ခဟူသော တရားယုတ်ကား စက်ဆုပ်ရွံရှာဖွယ် တကားဟု နှလုံးထား၍ ထိတ်လန့်ခြင်းကို ဖြစ်စေသော အားဖြင့် ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ ဉာဏသံဝေဂကို ပွားများစေကုန်ရာ၏။

---

၃၄-အတ္တူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိမိကိုယ်ကို မိမိ ဓား လက်နက်ဆောင်၍ သေသော အရှင်ဝက္ကလိထေရ်ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်း ပွေ့လျော်စံနေတော်မူသောအခါ အရှင်ဝက္ကလိသည် ဝါကျွတ်၍ ဘုရားသခင်အစေး ဖူးမြင်ခြင်းငှါလာရာ ရာဇဂြိုဟ်မြို့တွင်းအလယ်၌ပြင်းစွာ နာသည်ဖြစ်၍ ခြေကိုမျှမကြွနိုင်ခဲ့ရကား ညောင်စောင်းထမ်းစင်ဖြင့် ထမ်း

၍ အိုးထိန်းဇရပ်သို့ ဆောင်ကုန်၏၊ ထိုအခါ ဝက္ကလိသည် အလုပ်အကျွေး တို့ကို ''ငါ့အရှင်တို့....ငါ၏ ပြင်းနာစွာသော အဖြစ်ကို သဗ္ဗညုဘုရားအား လျှောက်ထား၍ ဘုန်းတော်ကြီးလှသော ဘုရားသည် အစဉ် သနားသဖြင့် အရှင်ဝက္ကလိ နေရာသို့ ကြွလာတော်မူပါဟု လျှောက်ချေ''ဟု စေ၏၊ အလုပ်အကျွေးတို့လည်း ကောင်းပြီဟုဝန်ခံ၍ သဗ္ဗညုဘုရားအား လျှောက် ထားကုန်၏၊ သဗ္ဗညုဘုရားလည်း လျှောက်ထားသည့်အတိုင်း အစဉ်သနား သဖြင့် ကြွတော်မူ၍ ခင်းအပ်သော နေရာ၌နေပြီးသော် အရှင်ဝက္ကလိကို မေးတော်မူ၏၊ ''ဝက္ကလိ အသို့နည်း၊ ခံ့ကျန်းမျှတပါ၏လော၊ ဆင်းရဲဝေဒနာ တို့သည် မတိုး မပွား ဆုတ်ရှား ပါကုန်၏လော၊ ထိုဆင်းရဲ ဝေဒနာတို့၏ မတိုးမပွား ဆုတ်ရှားခြင်းသည် ထင်ပါ၏လော''ဟု မေးတော်မူ၏၊ ''ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်အား ခံ့ကျန်းမျှတသောအရာ သည် အတိမှာရှိအံ့နည်း၊ အကျွန်ုပ်အား ပြင်းစွာသော ဝေဒနာတို့သည် မဆုတ်မရှား တိုးပွားကုန်၏၊ ထိုဆင်းရဲဝေဒနာတို့၏ မဆုတ်မရှား တိုးပွား ခြင်းသည်သာ ထင်၏''ဟု လျှောက်၏၊ ဝက္ကလိ....အသို့နည်း၊ သင့်အား တစုံတခုသော ကုက္ကုစ္စသည် မရှိလော၊ တစုံတခုသော ဝိပ္ပဋိသာရသည် မရှိလော''ဟု မေးတော်မူ၏၊ ''ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ် အားစင်စစ်အားဖြင့် ကုက္ကုစ္စများ၏၊ ဝိပ္ပဋိသာရကား အနပ္ပကတည်း''ဟု လျှောက်ထား၏၊ ''ဝက္ကလိ—သီလ၌ ကုက္ကုစ္စ ဝိပ္ပဋိသာရ ရှိသလော''ဟု မေးတော်မူ၏၊ ''မဟုတ်ပါ''ဟု လျှောက်၏ ''သို့သော် အဘယ်၌ရှိသနည်း'' ဟု မေးတော်မူ၏၊ ''ဘုန်းတော်ကြီးလှသောဘုရား အကျွန်ုပ်ကားကြာမြင့် သော ကာလမှ စ၍ ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ အလိုရှိ၏၊ အကြင်မျှ လောက် အကျွန်ုပ်သည် ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ ကပ်ရာ၏၊ ထိုမျှ လောက် အကျွန်ုပ်အား ဤကိုယ်၌ အားခွန်ဗလသည်မရှိခဲ့''ဟု လျှောက်၏၊ ''ဝက္ကလိ....သင်သည် မြင်အပ်သော ငါဘုရား၏အကောင်ပုပ်ဖြင့် သင့်အား အကျိုးမရှိ၊ ဝက္ကလိ....အကြင်သူသည် တရားကိုမြင်၏၊ ထိုသူသည်ငါဘုရား ကို မြင်သည်မည်၏၊ အကြင်သူသည် ငါဘုရားကိုမြင်၏၊ ထိုသူသည်တရား ကိုမြင်၏၊ ဝက္ကလိ....တရားကိုမြင်သောသူသည် ငါဘုရားကို မြင်၏။

အလံ ဝက္ကလိ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊ ဓမ္မံ ဟိ ပဿန္တော မံ ပဿတိ။

(သံယုတ်ပါဠိတော်)

ဝက္ကလိ၊ ဝက္ကလိ၊ အလံ၊ မသင့်၊ ဒိဋ္ဌေန၊ မြင်အပ်သော။ ဣမိနာပူတိကာယေန၊ ဤ ငါဘုရား၏ အကောင်ပုပ်ဖြင့်။ တေ' သင့်အား။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိ၊ ခေါ၊ စင်စစ်။ ယော၊အကြင်သူသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏။ ယော၊ အကြင်သူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏၊ သော၊ ထိုသူသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ မြင်၏။ ဟိ သစ္စံ၊ မှန်၏။ ဓမ္မံ၊ တရားကို။ ပဿန္တော၊ မြင်သောသူသည်။ မံ၊ ငါဘုရားကို ပဿတိ၊ မြင်၏။

"ဝက္ကလိ....ခန္ဓာငါးပါးသည် နိစ္စလော,အနိစ္စလော"ဟုမေးတော်မူ၏၊ "အနိစ္စပါ"ဟု လျှောက်၏၊ "အကြင် ခန္ဓာငါးပါးသည် အနိစ္စဖြစ်၏၊ ထိုအနိစ္စဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခလော, သုခလော"ဟုမေးတော်မူ၏ 'ဒုက္ခပါ'ဟု လျှောက်၏၊"အကြင်ခန္ဓာငါးပါးသည် အနိစ္စ,ဒုက္ခ,ဝိပရိဏာမဖြစ်၏၊ ထိုခန္ဓာငါးပါးကို ဤခန္ဓာငါးပါးကားငါ၏ ဥစ္စာတည်း၊ ဤခန္ဓာငါးပါးသည် ငါဖြစ်၏၊ဤခန္ဓာငါးပါးသည် ငါ၏ကိုယ်တည်းဟုရှုခြင်းငှာ သင့်ပါမည်လော"ဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးလှသော ဘုရား.... မသင့်ချေ"ဟု လျှောက်၏၊"ဤအကိုင်းမှတ်"ဟု သဗ္ဗညုဘုရားသည်အရှင်ဝက္ကလိကို ဤအဆုံးအမဖြင့် ဆုံးမတော်မူ၍ နေရာမှထပြီးလျှင် ဂိဇ္ဈကုဋ်တောင်သို့ ကြွတော်မူ၏၊ ထိုအခါ သဗ္ဗညုဘုရား ကြွသွား၍ မကြာမြင့်မီအရှင်ဝက္ကလိသည် အလုပ်အကျွေးတို့ကိုခေါ်၍"ငါ့ရှင်တို့.... လာကြကုန်၊ ငါ့ကိုဣသိဂိလိ တောင်ယံသို့ ပို့ပါကုန်၊ ငါသို့ သဘောရှိသောသူသည် ရွာတွင်းဝယ် သေခြင်းငှါ မလျှောက်ပတ်"ဟုဆို၏၊ အလုပ်အကျွေးတို့လည်း အရှင် ဝက္ကလိဆိုတိုင်း ဣသိဂိလိတောင်ယံ ကာဠ ကျောက်ဂူသို့ဆောင်ကုန်၏၊ ထိုအခါ သဗ္ဗညုဘုရားလည်း ထိုနေ့ ထိုညဥ့်ပတ်လုံးဂိဇ္ဈကုဋ်တောင်၌ နေတော်မူ၏၊ ထိုအခါ နတ်သားနှစ်ယောက်တို့သည်ညဥ့်ဦးယာမ်လွန်၍ သန်းခေါင်ယာမ် အခါ၌လာပြီးလျှင်သဗ္ဗညုဘုရားကိုဤသို့လျှောက်ထား၏၊နတ်သားတယောက်က'ဘုန်းတော်ကြီးလှသောဘုရား ရှင်ဝက္ကလိကား မဂ်ဖိုလ်အကျိုးငှာ အားထုတ်သည်'ဟု လျှောက်၏၊ နတ်သားတယောက်ကလည်း"အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိဖြင့် လွတ်သည်ဖြစ်၍ လွတ်လတ္တံ့"ဟုလျှောက်၏၊ ထိုနတ်သားတို့လည်း ထိုစကားကိုလျှောက်ထား၍ကွယ်ကြလေကုန်၏၊ထိုအခါသဗ္ဗညုဘုရားရှင်လည်းထိုညဥ့်လွန်မြောက်၍ မိုးသောက်လျှင် ရဟန်းတို့ကိုခေါ်တော်မူ၍"ရဟန်းတို့....

သင်တို့သည် ဝက္ကလိကိုဆိုကြလေကုန်၊ ငါ့အရှင်ဝက္ကလိ နတ်သားနှစ်ယောက်တို့သည် သမ္ဗုဒ္ဓဘုရားအား ဤသို့ လျှောက်ထား လာကုန်၏၊ နတ်သားတယောက်က "ဘုန်းတော်ကြီးလှသောဘုရား...အရှင်ဝက္ကလိအား မဂ်ဖိုလ်အကျိုးငှာ စေ့ဆော်သည်" ဟု လျှောက်၏၊ နတ်သားတယောက်ကလည်း "အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိဖြင့် လွတ်သည်ဖြစ်၍လွတ်လတ္တံ့" ဟု လျှောက်၏၊ သမ္ဗုဒ္ဓဘုရားလည်း 'သင်ဝက္ကလိ မကြောက်လင့်၊ သင့်အားမယုတ်မာသော သေခြင်းသည် ဖြစ်လတ္တံ့'ဟု မိန့်တော်မူသည်ဟု ဆိုကြလေကုန်" ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်းသွားကုန်၍ "ဘုရားအမိန့်တော်ကိုပြန်မည်လာရလည်" ဟု အရှင်ဝက္ကလိအားဆိုကုန်၏၊ အရှင်ဝက္ကလိလည်း အလုပ်အကျွေးတို့ကိုခေါ်၍ "ငါ့အရှင်တို့....ငါ့ကို ညောင်စောင်းမှချကြပါကုန်၊ ငါသို့ သဘောရှိသော သူသည် မြင့်သောနေရာ၌ နေ၍ သမ္ဗုဒ္ဓဘုရား၏ စကားတော်ကို အဘယ့်ကြောင့် နာရအံ့နည်း" ဟု ဆို၏၊ အလုပ်အကျွေးတို့လည်း အရှင်ဝက္ကလိဆိုတိုင်း ညောင်စောင်းအောက်သို့ ချကုန်၏၊ ထိုရဟန်းတို့လည်း ဘုရားအမိန့်တော်မြွတ်အတိုင်း အရှင်ဝက္ကလိအား ကြားကုန်၏၊ အရှင်ဝက္ကလိလည်း "ငါ့ရှင်တို့ ယင်းသို့ တပြီးကားငါ့စကားဖြင့် ဘုရားမြွတ်စွာ၏ ခြေတော်စုံကို ရှိခိုးလျက် ဤစကားကို လျှောက်ထားကျပါကုန်၊ ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား အရှင်ဘုရားမိန့်တော်မူတိုင်း ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, ဝိပရိဏာမ သဘောဖြင့်ယုံမှားမရှိသည်ဖြစ်၍ တပ်ခြင်း ဆန္ဒရာဂမရှိပါဟု လျှောက်ပါလေကုန်၏၊ ထိုအခါ ရဟန်းတို့သွား၍ မကြာမြင့်မီ အရှင် ဝက္ကလိသည် ဓားလက်နက်ကို ဆောင်လေ၏။

အထခေါ အာယသ္မာ ဝက္ကလိ အစိရပက္ကန္တေသု တေသု ဘိက္ခူသု သတ္ထံ အာရဟိ။

(သံယုတ် ပါဠိတော်)

အထခေါ၊ ထိုအခါ၌။ အာယသ္မာ ဝက္ကလိ၊ အရှင် ဝက္ကလိသည်။ တေသု ဘိက္ခူသု၊ ထိုအမိန့်တော်ပြန်ရဟန်းတို့သည်။ အစိရပက္ကန္တေသု၊ ဖဲ၍မကြာမြင့်မီ၊ သတ္ထံ၊ ဓားလက်နက်ကို။ အာဟာရသိ၊ ဆောင်လေ၏။

ထိုရဟန်းတို့လည်း အရှင်ဝက္ကလိ မှာလိုက်တိုင်း သမ္ဗုဒ္ဓဘုရားအား လျှောက်ထားကုန်၏၊ ထိုအခါ ဘုရားသမ္ဗုဒ္ဓဘုရားလည်း "ချစ်သားတို့.... လာကြကုန်၊ အကြင်အရပ်၌ ဝက္ကလိ အမျိုးသားသည် ဓားလက်နက်ကို

ဆောင်အပ်၏၊ ထိုအရပ်သို့ သွားကြကုန်အံ့''ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်း ကောင်းပြီဟု သမ္ဗုဒ္ဓဘုရား စကားကို ဝန်ခံကုန်၏၊ ဘုရားမြတ်စွာလည်း များစွာသော ရဟန်း အပေါင်း ခြံရံလျက် ဣသိဂိလိတောင်ယံ ကာဠ ကျောက်ဂူသို့ ကြွတော်မူ၏၊ ထိုအခါ ရဟန်းတို့က "ဘုန်းတော်ကြီးလှသော ဘုရား.... ဝက္ကလိ အမျိုးသား၏ လားရာဂတိ ထမလွန်သည် အဘယ်နည်း''ဟု လျှောက်ကြကုန်၏၊ "ချစ်သားတို့ ဝက္ကလိအမျိုးသားကား ပရိနိဗ္ဗာန်ပြုလေပြီ''ဟု မိန့်တော်မူ၏။

ဝက္ကလိကုလပုတ္တော ပရိနိဗ္ဗုတောတိ။

(သံယုတ်ပါဠိတော်)

ဝက္ကလိကုလပုတ္တော၊ဝက္ကလိအမျိုးသားသည်။ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုလေပြီ။ ဣတိ၊ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤ၌လည်း ဧတဒဂ်မဘာဝိက ဖြစ်တော်မူသော သမ္ဗုဒ္ဓဘုရား၏ တပည့်သားတော်တို့မှ သော်လည်း ဇာတိတည်းဟူသော တရားကြောင်းရင်း ခံသောကြောင့် ဒုက္ခနှင့်မကင်း မိမိကိုယ်ကို မိမိသတ်၍ သေရခြင်းတည်းဟူသော အတ္တူပက္ကမမူလက ဆင်းရဲကို ခံရတုံသေးသည်၊ ဇာတိမရှိသော် ထိုဆင်းရဲကို မခံရ၊ ဇာတိ ရှိသောကြောင့်သာ ခံရသည်၊ ထို့ကြောင့် ဇာတိကင်းရာ ချမ်းသာသောနိဗ္ဗာန်ကိုတောင့်တလျက်ဇာတိဒုက္ခဟူသော တရားယုတ်ကား စက်ဆုပ် ရွံရှာဖွယ်တကားဟု ထိတ်လန့်ခြင်းကို ဖြစ်စေသောအားဖြင့် ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထု တရား၌ ဉာဏသံဝေဂကို ပွားများစေကုန်ရာ၏။

၇၅-အတ္တူပက္ကမမူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သေဆွဲမှု၍ သေသော မိန်းမနှစ်ယောက်တို့၏ ဝတ္ထု

မိန်းမတယောက်သည် လင်နှင့် အချင်းများ ခိုက်ရန်ပွားသောကြောင့် ငါ့အားနှိပ်စက်သည်ဟု အမျက်ရှိရကား အထက်၌ ကြိုးဖွဲ့၍ သေတော့အံ့ဟု လည်ပင်းကို ကြိုးကွင်းတွင် စွပ်လျက် အထက်မှ တွဲလျားချ၏၊ ထိုအခါ အမှတ်မရှိသော ယောကျ်ားတယောက်သည် အောက်က ပဲခွပ်သွေးလျက် နေရကား ထိုမိန်းမ၏ အခြင်းအရာ ကိုမြင်၍ လျင်မြန်စွာ ကြိုးကိုဖြတ်လို

သောကြောင့်''မကြောက်လင့် မကြောက်လင့်''ဆို၍ ထိုမိန်းမကို နှစ်သိမ့်စေလျက် ရှေးရှုပြေးလာ၏၊ ထိုအခါကြိုးခွေသည် မြွေဖြစ်လျက် တည်၏။

ရဇ္ဇု အာသိဝိသော ဟုတွာ အဋ္ဌာသိ။

(သုတ်မဟာဝါ အဋ္ဌကထာ)

ရဇ္ဇု၊ကြိုးသည်၊ အာသိဝိသော၊မြွေသည်၊ ဟုတွာ၊ဖြစ်၍။ အဋ္ဌာသိ၊တည်၏၊

ထိုယောကျ်ားသည် ကြောက်ရကား ပြေးသွားလေ၏၊ မိန်းမကား ထိုအရပ်၌သာ သေရှာလေ၏။

ဤနည်းအတူ မိန်းမတယောက်လည်း နေ့အခါသေမှု လူသူတို့ နှောင့်ယှက်မည်စိုးသောကြောင့် ကြိုးရှာပြီးလျှင်ညဥ့်အခါမှသေအံ့ဟု ကြိုးခွေကို အိပ်ရာနံပါး၌ ချထားလျက် ပက်သက် လျောင်းသော် အိပ်ပျော်ခြင်းသို့ ရောက်လေ၏ ထိုအခါ ခိုးသူတယောက်သည် ဥစ္စာကိုခိုးခြင်းငှာ ထိုအိမ်သို့ တက်၍ရှာဖွေပြီးလျှင် ရသမျှသော ရွှေ,ငွေ,အထည်ပုဆိုးများကိုကြိုးဖြင့် ထုပ်ပိုး၍ ယူအံ့ဟု ကြိုးကိုကြည့်လေသော် ထိုကြိုးခွေကိုမြင်၍ ယူလေလျှင် ကြိုးခွေပင် မြွေဟောက်ဖြစ်၍ ကြောက်ရကား ရှောင်ရှား ထွက်ပြေးလေ၏၊ ခိုးသူပြေးခဲ့လျှင် အိမ်ရှင်မိန်းမလည်း အိပ်ရာမှနိုး၍ ထိုကြိုးဖြင့် လည်ပင်း၌စွပ်လျက် အထက်မှချ၍ သေလေ၏၊ ဤမိန်းမတို့သည်လည်း ဇာတိတည်းဟူသော တရားကြောင်းရင်း ခံသောကြောင့် ဒုက္ခနှင့်မကင်း မိမိတို့ကိုယ်ကို မိမိတို့ကြိုးကွင်းစွပ်၍သေရခြင်းတည်းဟူသော အတ္တုပက္ကမ မူလက ဆင်းရဲကို ခံကြရကုန်၏၊အကယ်၍ ဇာတိမရှိသည်ဖြစ်အံ့၊ထိုဆင်းရဲကို မခံကြရကုန်ပြီ၊ ဇာတိရှိသောကြောင့်သာ ခံကြရကုန်သည်၊ထို့ကြောင့် ဇာတိဒုက္ခဟူသော တရားယုတ်ကား စက်ဆုပ် ရွံရှာဖွယ်တကားဟု နှလုံးထား၍ ထိုဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ ထိတ်လန့်ခြင်းကို ဖြစ်စေသောအားဖြင့် ဉာဏသံဝေဂ တရားကို ပွားစေအပ်၏။

ဇာတိဒုက္ခအများတို့တွင် အတ္တုပက္ကမ မူလကဒုက္ခတစိတ်ဖြင့်

မှတ်အပ်သော သံဝေဂဝတ္ထုဒီပနီ ကျမ်း၏

တတိယကဏ္ဍကား ဤတွင်ရွေ့ပြီးပြီ၊

သံဝေဂဝတ္ထုဒီပနီကျမ်းတတိယတွဲပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## စတုတ္ထတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
၇၆-အတ္တုပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
မိမိကိုယ်ကို မိမိ အစာငတ်ခံ၍ သေသော

### ဝတ္ထုလေးရပ်

ယခုအခါ အတ္တုပက္ကမမူလက တစိတ်မှစ၍ ဇာတိဒုက္ခ၌ ၁-ဆေတ္တာသည် ဝတ္ထုအမြွက်ကို ပြပေအံ့၊ ဘုရားမြတ်စွာသည်ဝေသာလီ

သားဝတ္ထု

ပြည် မဟာဝုန် ကျောင်း၌ ကိန်းအောင်းမွေ့လျော်စံနေတော်မူလျက် ဝေသာလီပြည်ဝယ် ပေါက်ဖွားသော ဆေတ္တာသည် သားတယောက်ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကိုဟောတော်မူ၏၊ ထိုသူ၏ အဖဆေတ္တာသည်သည်မင်း,မင်း၏ မောင်းမ,မင်းသား,မင်းသမီးတို့၏ မုတ်ဆိတ် ကျင်စွယ် ဆံပင်တို့ကိုပြုပြင်ခြင်း, ကောင်းစွာ ထားခြင်းအစရှိသော အလုံးစုံသော ကိစ္စတို့ကို ပြု၏၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာသုံးပါးကို ကိုးကွယ်ခြင်းသို့ ရောက်၏၊ ဆောက်တည်အပ်သော ငါးပါးသီလရှိ၏၊အကြားအကြား၌သဗ္ဗညုဘုရား တရားတော်ကိုနာလျက် ကာလကို လွန်စေ၏၊ ထိုဆေတ္တာသည်သည် တနေ့သ၌ မင်းအိမ်သို့ အမှုပြုခြင်းငှာ သွားလတ်သော် မိမိသားကိုခေါ်၍သွားလေ၏၊ ထိုဆေတ္တာသည်သားသည် မင်းအိမ်၌ တယောက်သောနတ်သသမီးနှင့် တူသော တန်ဆာဆင်ခြင်းနှင့် စပ်သော လိစ္ဆဝီမင်းသမီးငယ်ကို မြင်ချေသော် ကိလေသာ၏အစွမ်းဖြင့် တပ်သောစိတ်ရှိရကား မရပ်မတည်ပဲ အဖနှင့်တကွမင်းအိမ်မှ ထွက်ခဲ့ပြီး၍ ဤသတို့သမီးကို ရပါမှကား ငါအား အသက်ရှင်ဆတ္တံ့၊မရပါ

မှုကား ငါ့အား ဤအရပ်တွင်ဖင် သေစေတော့ဟု နှလုံးပြု၍ အာဟာရကို ဖြတ်လျက် ညောင်စောင်းကို ဖက်၍အိပ်၏၊ ထိုအခါ အဖကသားသို့ကပ်၍ "ချစ်သား....အရာမဟုတ်သည်၌ တပ်ခြင်း ဆန္ဒရာဂကို မပြုပါလင့်၊ သင်ကား ယုတ်သော ဇာတ်ရှိသော ဆေတ္တာသည် သားတည်း၊ လိစ္ဆဝီမင်းသမီးကား မြတ်သော ခတ္တိယဇာတ်နှင့်ပြည့်စုံ၏၊ထိုလိစ္ဆဝီမင်းသမီးကား သင့်အား အရာမဟုတ်၊ သင်နှင့်အမျိုးအနွယ်တူသော တပါးသော သတို့သမီးကို ဆောင်၍ ပေးပါအံ့" ဟု ဆို၏၊ ထိုဆေတ္တာသည်သားသည် အဖစကားနားမထောင်၊ထိုအခါသူ၏ အမိ,မိကြီး မိထွေး,ဘကြီး, ဘထွေးတို့သည်၎င်း, သည်မှတပါး အလုံးစုံသော အဆွေအမျိုး အဆွေခင်ပွန်းချစ်ကျွမ်းဝင်သော သူတို့သည်၎င်း အညီအညွတ်စည်းဝေးကုန်လျက် သိစေကုန်သော်လည်း မတတ်နိုင်ကုန်၊ထိုဆေတ္တာသည်သားသည် ထိုအရပ်၌ပင် ခြောက်တပ်လျက် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

သော တတ္ထေဝ သုဿိတွာ မရတိ။

(ဇာတ်အဋ္ဌကထာ)

သော၊ ထိုဆေတ္တာသည်သားသည်၊ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ သုဿိတွာ၊ ခြောက်တပ်၍။ မရတိ၊ သေ၏။

ထိုအခါ ဆေတ္တာသည်သား၏ အဖသည် သရီရကိစ္စ,ပေတကိစ္စ, တို့ကို ပြုပြီး၍စိုးရိမ်ခြင်းခေါင်းပါးလတ်သော်ဘုရားသဗ္ဗညုကို ရှိခိုးအံ့ဟုများစွာသောပန်းနံ့သာနံ့သာပျောင်းတို့ကိုယူပြီးလျှင်ဘုရားသခင်သို့ကပ်၍ပူဇော်ရှိခိုး၍ တင့်အပ် လျောက်ပတ်အပ်သော အရပ်၌ နေလေသော်"ဥပါသကာ များစွာသော နေ့တို့ပတ်လုံးမမြင် အကြောင်းကားအဘယ်သို့နည်း"ဟု မေးတော်မူလေလျှင် ဘုရားသခင်အား ထိုအကြောင်းကို ကြား၏၊သဗ္ဗညုဘုရားသည်"ဥပါသကာ သင်၏သားသည် ယခုအခါ၌သာ အရာမဟုတ်သည်၌ တပ်ခြင်း ဆန္ဒရာဂကို ဖြစ်စေ၍ သေရသည်မဟုတ်၊ ရှေး၌လည်း သေဖူးသည်သာတည်း"ဟု မိန့်တော်မူ၏။

၂-မိန်းမယယ်တယောက် ကာဠဒီဃဝါပိအရပ်၌ နေသော ပဥ္စင်းငယ်တဦးသည် ဒွါရဝိဟာရသို့ ပါဠိသင်ခြင်းငှာ လာ၏။ ဝဏ္ဏ ဆရာသည် ပဥ္စင်းငယ်၏ အန္တရာယ်ကို မြင်သောကြောင့်ပါဠိသင်ခြင်းငှာခွင့်မပြု၊ ပဥ္စင်းငယ်သည်အထပ်ထပ်တောင်းပန်၏၊ ဆရာလည်း အကယ်၍ သင်သည် ရွာတွင်း၌ မလှည့်လည်သည် ဖြစ်အံ့၊ သင့်အားပါဠိသင်ခြင်းကို ခွင့်ပြုအံ့"ဟု ဆို၏၊ပဥ္စင်းငယ်လည်းကောင်းပြီဟု

စန်ခံ၍ ပါဠိသင်ကြား၏၊ ယင်းသို့ သင်းကြား၍ပြီးသောအခါ ဆရာကို ရှိခိုးသွားသော် ငါ့ဆရာကား ငါ့အား ဤရွာတွင်း၌ လှည့်လည်ခြင်းငှာ မပေး၊ အကြောင်းကား အသို့နည်းဟု သက်န်းကိုရုံပြီးလျှင် ရွာတွင်းသို့ စင်၏၊ အမျိုးသမီးတယောက်သည် ရွေသောအဝတ်ကို ဝတ်၍ အိမ်တံခါး၌ ရပ်လျက် ပဉ္စင်းငယ်ကို မြင်သော် တပ်ခြင်းဖြစ်ရကား တယောက်ချို့ လောက်သော ယာဂုကို ပဉ္စင်းငယ်သပိတ်၌ လောင်းပြီးလျှင် ပြန်၍ညောင် စောင်းပေါ်တွင် လျောင်း၏၊ ထိုအခါ မိဘတို့က သမီးကို ''အသို့နည်း ချစ်သမီး''ဟု မေးကြကုန်၏၊သမီးလည်း ''တံခါးဖွင့်သွားသောပဉ္စင်းငယ် ကိုအကယ်၍ရငြားအံ့၊ ငါ့အားအသက်ရှင်၏၊ မရသော် အသက်မရှိပြီ''ဟု ဆို၏၊ ထိုစကားကိုကြား၍ မိဘတို့လည်း လျင်မြန်စွာ လိုက်လတ်သော် ရွာတံခါးတွင် ပဉ္စင်းကိုမှီ၍ ရှိခိုးပြီးလျှင်''အရှင်ဘုရား....ပြန်၍ဆွမ်းခံတော် မူပါဦးလော့''ဟုလျှောက်၏၊ပဉ္စင်းငယ်က''တန်ပြီ''ဟု ဆိုသော် ''အရှင် ဘုရား....အကြောင်းကားဤသို့တည်း''ဟု အထပ်ထပ်တောင်းပန်၍''ငါတို့ အိမ်တွင် ဥစ္စာကား ဤမျှလောက်ရှိ၏၊ သမီးကား တယောက်တည်းသာ သင်သည် ငါတို့သားအကြီးအရာ၌ တည်၍ချမ်းသာစွာအသက်ရှင်ခြင်းငှာ စာတ်ကောင်း၏''ဟု ဆိုကုန်၏၊ပဉ္စင်းငယ်လည်း ''ငါ့အား'ဤပလိဗောဓ ဖြင့် အလိုမရှိ''ဟု ဆို၍ ဖဲသွားလေ၏၊မိဘတို့လည်းသွား၍ သမီးကိုချစ်'' သမီး....ငါတို့ကား ပဉ္စင်းငယ်ကိုတောင်းပန်၍မရနိုင်ကုန်၊သင်သည်အကြင် လင်ကို အလိုရှိ၏၊ ထိုလင်ကိုရလတ္တံ့၊ ထ၍ စားပါသောက်ပါ''ဟု ဆိုကြ ကုန်၏၊ ထိုသတို့သမီးသည် အလိုမရှိရကား ခုနစ်ရက်ပတ်လုံး အစာမစား သည်ဖြစ်၍ သေခဲ့၏၊

သာ အနိစ္ဆန္တီ သတ္တာဟံ နိရာဟာရာ ဟုတွာ ကာလမကာသိ။
(မူလပဏ္ဏာသ အဋ္ဌကထာ)

သာ၊ ထိုသတို့သမီးသည် အနိစ္ဆန္တီ၊ အလိုမရှိသည်ဖြစ်၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။နိရာဟာရာ၊ အစာမစားသည်။ ဟုတွာ၊ ဖြစ်၍။ ကာလ မကာသိ၊ သေခဲ့၏။

၃-သုဇာတာသူကြွယ်သား ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ သုဇာတ အမည်ရှိသော သူကြွယ်သည် ချဉ်ဆားမှီဝဲခြင်းငှာ ရောက်လာကုန်သော ငါးရာသော ရသေ့တို့ကို မိမိဥယျာဉ်ဝယ် နေစေလျက်လုပ်ကျွေး၏၊ ထိုသုဇာတ ညွှန့်စာပေ- ၄၀။

သူကြွယ်၏ အိမ်၌လည်း မပြတ်လျှင် ငါးရာ အတိုင်းအရှည်ရှိသောဆွမ်းသည်ဖြစ်၏၊ ထိုအခါ ငါးရာသော ရသေ့တို့သည် ရံခါ ဇာနပုဒ်၌လည်း ဆွမ်းအလို့ငှာ လှည့်လည်ကုန်၏၊ ရံခါလည်း မဟာဇမ္ဗုသပြေသီးကို ဆောင်၍စားကုန်၏၊ ထိုရသေ့တို့၏ သပြေသီးကိုဆောင်၍ စားသောအခါ သုဇာတ သူကြွယ်သည် ယနေ့ မလာကုန်သော အရှင်ကောင်းတို့အား သုံးရက်ရှိပြီ၊ အဘယ်သို့ သွားကြကုန်သနည်းဟုကြံ၏၊ ယင်းသို့ကြံပြီးလျှင် ထိုသုဇာတ သူကြွယ်သည် မိမိသားသူငယ်ကို လက်ဝဲယ်ဆွဲစေလျက် ရသေ့တို့၏ ဆွမ်းစားသောအခါ ထိုဥယျာဉ်သို့သွား၏၊ ထိုအခါ အကြီးဖြစ်ကုန်သော ရသေ့တို့၏ ခံတွင်းကို ဆေးသောကာလရေကိုပေးလျှင် သံဃာငယ်သည် သပြေသီးကိုစားခြင်းငှာ အားထုတ်၏၊ သုဇာတ သူကြွယ်လည်း ရသေ့တို့ကိုရှိခိုး၍နေလျက် ''အရှင်ဘုရားတို့သည် အဘယ်ကိုခဲကြသနည်း'' ဟု မေး၏၊ ''သူကြွယ်တကာ....ငါတို့ကား မဟာဇမ္ဗုသပြေသီးကို စားသည်''ဟု ဆိုကုန်၏၊ ထိုစကားကိုကြား၍ သူကြွယ်သားသည် စားချင်ခြင်းအာသာကို ဖြစ်စေ၏၊ ထိုအခါသူငယ်အား ဂိုဏ်း၏အကြီးဖြစ်သောရသေ့သည် အတန်ငယ် ပေးစေ၏၊ သူကြွယ်သားလည်း ထိုသပြေသီးကို စား၍ ချိုမြိန် ကောင်းမြတ်သော အရသာဖွဲ့ရကား ''ငါ့အား သပြေသီးပေး သပြေသီးပေး''ဟု အဖန်တလဲလဲ တောင်း၏၊ သုဇာတသူကြွယ်လည်း စာရုံးနာလျက် ''ချစ်သား....မတောင်းပါလင့်၊ အိမ်သို့ရောက်မှ စားစိမ့်မည်''ဟု လှည့်ပတ်ဆို၏၊ ယင်းသို့ဆိုသော်လည်း ထိုသူကြွယ်သားသည် မနေ အဖန်ဖန်လဲလဲ တောင်းရကား ဤသူငယ်ကိုမှီ၍ အရှင်ကောင်းတို့သည် ငြီးငွေ့ဆန့်ကျင်ကုန်ရာ၏ဟု နှလုံးပြု၍ ထိုသူငယ်ကို နှစ်သိမ့်ရောင့်ရဲစေလျက် ရသေ့အပေါင်းအား မပန်ကြားခဲ့ပဲ အိမ်သို့ပြန်လာ၏၊ အိမ်သို့ရောက်သောကာလမှစ၍ ထိုသူကြွယ်၏သားငယ်သည် ငါ့အားသပြေသီးပေး၊ သပြေသီးပေးဟု ခြေခါလက်ခတ် မတတ်နိုင်အောင် ငိုကြွေးလျက် တောင်း၏၊ အဖဖြစ်သော သုဇာတသူကြွယ်လည်း ဤအကြောင်းကို ရသေ့တို့အားကြားမှသာ သင့်တော့မည်ဟုနှလုံးပြု၍ ဥယျာဉ်သို့တဖန်သွားပြန်သော် ထိုရသေ့တို့လည်း ငါတို့အား အရပ်တွင်နေကြသည်မှာ ကြာမြင့်ကုန်ပြီဟု ဟိမဝန္တာသို့သာ သွားကြကုန်၏၊ အာရာမ်ဥယျာဉ်တွင် ရသေ့တို့ကို မမြင်ရကား သပြေ သရက် ပိန္နဲသီး အစရှိသည်တို့၏ အသားကို ပျား သကြား သကာမှုန့်တို့နှင့် နယ်ကုန်လျက်ပေး၏၊ ထိုသပြေ သရက် ပိန္နဲစသည်တို့သည်ထိုသူငယ်၏ လျှာဖျားဝယ် ထားကာမျှတို့သည်သာလျှင်

လတ်တလော သေစတတ်သော အဆိပ်နှင့် တူကုန်၏၊ ထိုသူငယ်သည် ခုနစ်ရက် ပတ်လုံး အစာမစ ,းသည် ဖြစ်ရကား အသက် ကုန်ခြင်းသို့ ရောက်လေ၏။

သော သတ္တာဟံ နိရာဟာရော ဟုတွာ ဇီဝိတက္ခယံ ပါပုဏိ၊
(ဇာတ်အဋ္ဌကထာ)

သော၊ ထိုသုဇာတ သူကြွယ်သား သူငယ်သည်။ သတ္တာဟံ၊ ခုနစ်ရက် ပတ်လုံး။ နိရာဟာရော၊ အစာမစားသည်။ ဟုတွာ၊ ဖြစ်၍။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပုဏိ၊ ရောက်လေ၏။

**၄-သုဇာတသူကြွယ် ဝတ္ထု**

ထိုသူငယ်၏ အဖ သုဇာတသူကြွယ်သည် ထိုငါးရာ သောရသေ့ဘို့၏ မဟာဇမ္ဗုသပြေသီးကို စားသော ကာလမှ စ၍ မကြွလာခြင်းကို သိသော ကြောင့် အဘယ်အကြောင်းဖြင့် မကြွလာကြကုန်သနည်း၊ အကယ်၍အရပ်တပါးသို့ သွားကုန်သည်ဖြစ်အံ့၊ သိရစေ၊ မသွားကုန်သည်ဖြစ်အံ့၊ ယင်းသို့မသွား ကုန်သည်ရှိသော် ထိုရသေ့တို့၏ အထံဝယ် တရားနာအံ့ဟု နှလုံးပြု၍ ဥယျာဉ်သို့ သွားပြီးလျှင် ရသေ့အပေါင်းကိုရှိခိုး၍ဂိုဏ်း၏ အကြီးဖြစ်သော ရသေ့၏အထံ၌ တရားနာလျက် နေလတ်သော် နေသည်ဝင်သောကြောင့် ရသေ့များက သွားလော့ဟု လွှတ်ပါသော်လည်း ယနေ့ မပြန်သာပြီ၊ ဤမှာပင် အိပ်တော့အံ့ဟု ဆို၍ ရသေ့အပေါင်းကို ရှိခိုးပြီးလျှင် ကျောင်း တွင်းသို့ ဝင်၍ အိပ်၏၊ ညဉ့်သန်းခေါင် တိုင်လတ်က သိကြားနတ်မင်း သည် နှစ်ကုဋေ ငါးသန်းသော နတ်သမီးအပေါင်း ခြံရံလျက် မိမိအလုပ် အကျွေးတို့နှင့်တကွ ရသေ့အပေါင်းကိုရှိခိုးခြင်းငှာ လာ၏၊ အလုံးစုံသော ဥယျာဉ် အရံသည် တပြိုင်နက် ထက်ဝန်းကျင်မှ အလျှံ ပြောင်ပြောင် တောက်၏၊ သုဇာတသူကြွယ်သည် ဤကား အသူနည်းဟု ထ၍ ကျောင်း ပေါက်ဖြင့် ကြည့်လတ်သော် ရသေ့အပေါင်းကို ရှိခိုးခြင်းငှာ လာသော အလုံးစုံသော နတ်သမီးအပေါင်း ခြံရံအပ်သော သိကြားမင်းကို မြင်၍ နတ်သမီးကို မြင်သည်နှင့်တကွ သုဇာတ သူကြွယ်အား ရာဂဖြင့် တပ်ခြင်း သည် ဖြစ်လေ၏၊ သိကြားမင်းလည်းတရားနာပြီးလျှင်မိမိနေရာသို့နတ်သမီး များနှင့်တကွ ပြန်သွားလေ၏၊ သုဇာတ သူကြွယ်သည် နံနက်လင်း၍ မိုးသောက်လတ်သော် ရသေ့အပေါင်းကို ရှိခိုးလျက် "အရှင်ဘုရားတို့.... ညဉ့်အဖို့တွင် အရှင်ဘုရား တို့အား ရှိခိုးခြင်းငှာ လာသည်ကား ဆသူ

နည်း''ဟုမေး၏၊ ရသေ့များက 'သီကြား'ဟုဆိုလတ်သော်''ထိုသီကြားကို ခြံရံ၍ နေသူတို့ကား အဘယ်အမည်ရှိကုန်သနည်း ''ဟု မေး၏၊ ''ထိုသူတို့ကား ဒေဝစ္ဆရာ နတ်သမီးမည်ကုန်၏''ဟု ဆိုအံ၊ ထိုသုဇာတ သူကြွယ်လည်း ရသေ့အပေါင်းကို ရှိခိုးပြီးလျှင် အိမ်သို့ပြန်သွားသော် ရောက်သောကာလမှစ၍''ငါ့အား အစ္ဆရာပေး၊ ငါ့အား အစ္ဆရာပေး''ဟု မြည်တမ်း၏၊ ဆွေမျိုးအပေါင်းတို့လည်း ဝန်းရံကုန်လျက် တစ္ဆေမြေဘုတ်ဝင်သလောဟု လက်ဖြစ်ကို တီးကုန်၏၊ သုဇာတသူကြွယ်လည်း 'ငါကား ဤလက်နှစ်ခုကို ရွေးရှုခတ်တီးခြင်းဟု ဆိုအပ်သော ဟတ္ထစ္ဆရာကိုမလို၊ ကြည်သော မျက်နှာရှိသော နတ်သမီးဟု ဆိုအပ်သော ဒေဝစ္ဆရာကိုသာ ငါလိုသည်''ဟုဆို၏၊ ထိုအခါဆွေမျိုးတို့က မိမိမယားကိုလည်းကောင်း ပြည့်တန်ဆာမအစရှိသည်ကိုလည်းကောင်း နတ်သမီးကဲ့သို့တန်ဆာဆင်ပြီးလျှင် ''ဤသူကားအစ္ဆရာမဟုတ်၊ ဘီလူးမတို့တည်း''ဟု ဆို၍ ''ငါ့အား ဒေဝစ္ဆရာကိုသာ ပေးပါ'' ဟု ငိုကြွေးမြည်တမ်းလျက် အစာမစားပဲ ထိုအရပ်၌သာ အသက်ကုန်ခြင်းသို့ ရောက်ရှာလေ၏။

နိရာဟာရော ဟုတွာ တတ္ထေဝ ဇီဝိတက္ခယံ ပါပုဏိ၊
(ဇာတ်အဋ္ဌကထာ)

နိရာဟာရော၊ အစာ မစားသည်။ ဟုတွာ၊ ဖြစ်၍။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပုဏိ၊ ရောက်လေ၏။

ဤဆေတ္ထာသည်ကား သတ္တိသမီးသုဇာတသူကြွယ်သား အဖဘို့လည်း ဇာတိတည်းဟူသော တရားကြောင်းရင်းခံသောကြောင့် ဒုက္ခနှင့်မကင်း။ မစားမသောက်ပဲ အစာငတ်နေ၍ မိမိဘို့ကိုယ်ကို မိမိတို့ အသေခံရခြင်း တည်းဟူသောဆင်းရဲကိုခံကြရကုန် ...ည်၊ အကယ်၍ ဇာတိမရှိသည်ဖြစ်အံ့၊ ထိုဆင်းရဲကို မခံကြရကုန်ပြီ၊ ဇာတိရှိသောကြောင့်သာ ခံကြရကုန်သည်။ ထို့ကြောင့်ဇာတိဒုက္ခဟူသော တရားယုတ်ကား စက်ဆုပ်ရွံရှာဖွယ်ဘကား ဟုနှလုံးထား၍ ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ ထိတ်လန့်ခြင်းကို ဖြစ်စေသောအားဖြင့် ဉာဏသံဝေဂတရားကို ပွားများစေကုန်ရာ၏။

## ၄၄-အတ္ထုပ္ပတ္တိ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေသို့ဆင်း၍ သေကြသော ဝတ္ထုနှစ်ရပ်

၁-ပူရဏကဿပ ဝတ္ထု

သဗ္ဗညုဘုရားသည် ဘုရား ဖြစ်တော်မူသည်မှ နောက် ခြောက်ဝါ အလွန်ခုနစ်ဝါဆိုတော်မမူမီ ဝါဆိုလပြည့်နေ့၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ တန်ခိုး ပြာဋိဟာတို့ကို ပြတော်မူသည်ရှိသော် တိတ္ထိ အပေါင်းတို့သည် မိမိ မိမိတို့၏ ရှေးရှုရာရာ အရပ်တို့သို့ ပြေးကြကုန်သောအခါ ပူရဏကဿပ၏ အလုပ် အကျွေး လယ်ထွန် တယောက်သည် ယခုအခါ ငါ၏အရှင်ကောင်း ဖြစ်ကုန်သော ပူရဏကဿပ အစရှိသည်တို့၏ တန်ခိုးပြာဋိဟာကို ပြခါ အချိန်တန်ပြီ၊ ငါကားသွား၍ ငါ့ဆရာ၏ တန်ခိုးပြာဋိဟာကိုကြည့်ပါအံ့ဟု နှလုံးပြု၍ နွားတို့ကို ထွန်မှချွတ်၍ လွှတ်ခဲ့ပြီးလျှင် နံနက်စောစောကပင် လယ်တောသို့ ဆောင်ယူခဲ့အပ်သော ယာဂု ထမင်းအိုး ကြိုးလွန်တို့ကို ယူ၍ တန်ခိုး ပြာဋိဟာ ပြရာသို့ လာလတ်သော် ဆရာဖြစ်သော ပူရဏကဿပကို ထိုအခြင်းအရာဖြင့် ပြေးသွားသည်ကိုမြင်၍ "အရှင်ဘုရား.... အကျွန်ုပ်အား၊ အရှင်ဘုရားတို့၏ တန်ခိုးပြာဋိဟာကို ကြည့်ပါမည် ဟု လာပါသည်း အရှင်ဘုရားတို့ကား အဘယ်အရပ်သို့ ထွက်ပြေးရှောင်ရှားမည်နည်း" ဟု မေး၏၊ ထိုအခါ "တကာ.... သင့်အား ဤတန်ခိုးပြာဋိဟာဖြင့်အဘယ် အကျိုးရှိအံ့နည်း၊ ငါအားဤယာဂုအိုး ကြိုးလွန်တို့ကိုသာပေးပါ" ဟုဆို၏ ပူရဏကဿပလည်း ထိုအလုပ်အကျွေး ပေးအပ်သောယာဂုအိုးကြိုးလွန်တို့ကို ယူပြီးမှ မြစ်ကမ်းပါးသို့သွား၍ ထိုအိုးကိုကြိုးဖြင့်မိမိလည်၌ဖွဲ့၍ ရေသို့ဆင်းပြီး ဟျှင်ရေပွက်တို့ကို ထ၍လျက် သေ၍ အဝီစိငရဲ၌ဆင်းရဲကို ခံစားရ၏

၂-ဒုဒ္ဒါဘဇာတ်ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် အညတိတ္ထိတို့ကို အကြောင်းပြု၍ တခုသော ဓမ္မ ဒေသနာကို ဆောင်တော်မူ၏၊ တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော်၏အနီး ထိုထို အချပ်၌ဆူးကိုအမှီပြု၍ အိပ်ကုန်၏၊ လေးမျက်နှာ၌မီးပုံလေးခု အထက်၌ 'နေ' အားဖြင့် ငါးပါးသောအပူကိုပူပန်စေကုန်၏၊ သည်မှတပါးအထူးထူး အပြားပြားသောမိစ္ဆာအကျင့်ကို ကျင့်ကြကုန်၏၊ ထိုအခါ များစွာသော ရဟန်းတို့သည် သာဝတ္ထိပြည်၌ဆွမ်းအလို့ငှာ လှည့်လည်၍ ဇေတဝန်

ကျောင်းတော်သို့ လာကုန်သော် အကြားတွင် ထိုမိစ္ဆာ အကျင့်ကို ကျင့်ကုန်သော တိတ္ထိတို့ကိုမြင်၍ သွားပြီးလျှင် သဗ္ဗညုဘုရားသို့ ကပ်၍ "ဘုန်းတော်ကြီးလှသော ဘုရား....အသျှ တိတ္ထိတို့၏ ထိုအကျင့်ကို ဆောက်တည်ခြင်း၌အနှစ်ရှိသလော"ဟု မေးလျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း "ချစ်သားတို့....ထိုတိတ္ထိတို့၏အကျင့်ကို ဆောက်တည်ခြင်း၌ အနှစ်သည် ၎င်း, အထူးသည်၎င်း မရှိ၊ ထိုတိတ္ထိတို့၏ အကျင့်သည် ယုန်၏ ဒုဒ္ဒုဘ ဟူသော အသံနှင့်တူ၏"ဟု မိန့်တော်မူ၏၊ ထိုအခါ ရဟန်းတို့က "ဘုန်းတော်ကြီးလှသောဘုရား.... ထိုတိတ္ထိတို့၏ အကျင့်သည် ယုန်၏ ဒုဒ္ဒုဘ ဟူသော အသံနှင့်တူသည်၏ အဖြစ်ကို အကျွန်ုပ်တို့မသိပါကုန်၊ အကျွန်ုပ် တို့အား ဟောကြားတော်မူပါ"ဟု လျှောက်ကုန်၏၊ ထိုအခါ သဗ္ဗညု ဘုရားလည်း အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားအလောင်းတော်သည် ခြင်္သေ့အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တော၌နေ၏၊ ထိုအခါ အနောက်သမုဒ္ဒရာနား၌ ဥသျှစ် ပင်နှင့်ရောနေသော ထန်းတောသည်ရှိ၏၊ထိုထန်းတော၌ ယုန်ငယ်တခုသည် ဥသျှစ်ပင်၏ အရင်း ထန်းပင်ငယ်၏ အောက်၌ ဝပ်၏၊ တနေ့သ၌ ထိုယုန် ငယ်သည် ကျက်စားရာမှလာ၍ ထန်းရွက်၏အောက်၌ ဝပ်လျက် "အကယ် ၍ ဤမြေကြီးသည် ပြိုငြားအံ့၊ငါကားအဘယ်အရပ်သို့သွားရအံ့နည်း"ဟု ကြံ၏၊ယင်းသို့ ကြံသောခဏ၌လျှင် ဥသျှစ်ပင်မှ ဥသျှစ်သီးမှည့်တလုံးသည် ထန်းရွက်၏အထက်၌ကြွေကြ၏၊ ထိုယုန်ငယ်သည် ဥသျှစ်သီးကြွေကျ၍ မြည်သော ထန်းရွက်၏အသံဖြင့်မချွတ်လျှင်ဤမြေကြီးသည်ပြိုခဲ့၏တကား ဟု ခုန်လွှား၍ နောက်သို့မကြည့်ပဲ ပြေးလေ၏၊ သေဘေးမှကြောက်သော ကြောင့် လျင်စွာပြေးသွားသော ထိုယုန်ကို အခြားယုန်ငယ်တခု မြင် လျှင်"အချင်း....သင်သည် အလွန်လျှင် ကြောက်သည်ဖြစ်၍ ပြေးသွား၏၊ အကြောင်းကား အသို့နည်း"ဟု မေးသော်"အချင်း....မမေးပါလင့်"ဟု ဆို၏၊ ထိုယုန်ငယ်လည်း "အချင်း....အဘယ်နည်း"ဟု ထပ်ကာ ထပ်ကာ မေးသော်လည်း ပြေးယင်း ယုန်ငယ်လည်း နောက်သို့ ပြန်၍မကြည့်ပဲ "ဤအရပ်တွင် မြေပြို၏"ဟုဆို၏၊မေးသော ယုန်လည်း ပြေးယင်း ယုန်၏ နောက်သို့ လိုက်ရှောက်၍ ပြေးလေ၏၊ဤသို့မြင်တိုင်းမြင်တိုင်းသော ယုန် အရာအထောင်အသောင်းသည် တပေါင်းတည်းပြုရ၍ပြေး၏၊ ထိုယုန်တို့ကို တခုသော သမင်သည် မြင်၍ တခုသော ဝက်သည်, တခုသော စိုင်သည်

တခုသော ကျွဲသည်, တခုသော နွားနောက်သည်, တခုသော ကြံ့သည်, တခုသော ကျားသည်,တခုသော ခြင်္သေ့သည်, တခုသောဆင်သည်မြင်၍ "ဤအကြောင်းကား အဘယ်နည်း" ဟုမေးသော် "ဤအရပ်တွင် မြေပြို သည်"ဟုဆိုလျက်ပြေး၏၊ ဤသို့လျှင် အစဉ်သဖြင့် ယူဇနာအတိုင်းအရှည် ရှိသော တိရစ္ဆာန်ဗိုလ်ထုသည် ဖြစ်၏၊ ထိုအခါ ဘုရားအလောင်း ခြင်္သေ့ မင်းသည် ထိုသို့ပြေးကုန်သော ဘိရစ္ဆာန်ဗိုလ်ထုကို မြင်၍ "အကြောင်း ကား အသို့နည်း" ဟု မေးမြန်းသော် "ဤအရပ်တွင် မြေပြို၏" ဟူသော စကားကိုကြား၍ ကြံ၏၊မြေပြိုခြင်း မည်သည်ကား တရံတဆစ်မျှ မဖြစ် စဖူး၊ မချွတ်လျှင် ထိုသူတို့တွင် တစုံတယောက်သော သူသည် မကောင်း သဖြင့်ကြားအပ်သည်ဖြစ်လတ္တံ့၊ ငါသည် အားထုတ်ခြင်းသို့မရောက်သည် ရှိသော် ဤသတ္တဝါ အားလုံးတို့သည် အကုန်သေကြေ ပျက်စီးကုန်လတ္တံ့၊ ထိုသတ္တဝါတို့အား အသက်ဟူသောအလှူကို ငါပေးအံ့ဟုကြံ၍ ခြင်္သေ့၏ ဒဟုန်ဖြင့် ရှေ့ဖြစ်သော တောင်ခြေသို့ သွားပြီးလျှင် သုံးကြိမ်တိုင် အောင် ခြင်္သေ့ အသံကို ဟောက်၏၊ ထို သတ္တဝါတို့သည် ခြင်္သေ့ မှ ကြောက်ရကား လည်၍ အပေါင်းအစုပြုလျက် တည်ကုန်၏၊ ခြင်္သေ့မင်း လည်း ထိုသတ္တဝါတို့၏ အကြားသို့ ဝပ်သွားပြီးလျှင် "အဘယ်။ကြောင့် ပြေးကုန်သနည်း"ဟု မေးသော် "မြေပြိုသောကြောင့်"ဟု ဆိုကုန်၏။ "အဘယ်သူသည် မြေပြိုသည်ကို မြင်အပ်သနည်း"ဟု မေးလျှင် 'ဆင်တို့ သည် သိကုန်လတ္တံ့'ဟု ဆိုသောကြောင့် ဆင်ကိုမေးသော် "ငါတို့ကား မသိကုန်၊ ခြင်္သေ့တို့သည် သိကုန်၏"ဟု ဆိုကုန်၏၊ ခြင်္သေ့တို့ကို မေးကုန် သော် "ငါတို့ကား မသိကုန်၊ ကျားတို့သည် သိကုန်၏၊ ကျားတို့လည်း ကြံ့တို့သည် သိကုန်၏၊ ကြံ့တို့လည်း နွားနောက်တို့သည်, နွားနောက်တို့ လည်း ကျွဲတို့သည်, ကျွဲတို့လည်း စိုင်တို့သည်, စိုင်တို့လည်း ဝက်တို့သည်, ဝက်တို့လည်း သမင်တို့သည်, သမင်တို့လည်း ယုန်တို့သည် သိကုန်၏"ဟု ဆိုသောကြောင့် ယုန်တို့ကို မေးသော်"ဤယုန်ဆိုသည်"ဟုပြေးရင်းယုန်ကို ပြကုန်၏။

ဆင်, ခြင်္သေ့, ကျား, ကြံ့, နွား, ကျွဲ, စိုင်၊ နောက်ဆိုင် ဝက်ပင်၊
သမင်နှင့်ယုန်၊ ဤဆယ်စုံကို၊ အကုန်စဉ်တိုင်း သတည်း။

ထိုအခါ ခြင်္သေ့မင်းက ထိုယုန်ငယ်ကို "အဆွေ....မြေပြိုသည်ကိုအသင် မြင်အပ်သလော" ဟု မေး၏၊ "အိမ်း....သခင် ငါမြင်၏"ဟု ဆိုသော်

"အဘယ်အရပ်၌နေလျက် မြင်သနည်း"ဟုမေး၏၊ အနောက် သမုဒ္ဒရာနား တွင် ဥသျှစ်ပင်နှင့် ရောသော ထန်းတောဝယ် မြင်၏၊သခင် ငါသည် ထို ထန်းတော၌ ထန်းရွက်အောက်တွင် ဝပ်လျက် အကယ်၍ ဤမြေသည် ပြိုငြားအံ့၊ ငါကား အဘယ်သို့ ပြေးရအံ့နည်းဟုကြံ၏၊ ယင်းသို့ကြံသော ခဏ၌ပင် မြေပြိုသံကိုကြားရကာ ပြေးသွားခဲ့သည်"ဟု ဆို၏၊ ထိုအခါ ခြင်္သေ့မင်းက ဤသို့ကြံ၏၊မချွတ်လျှင် ထန်းရွက်၏ အထက်၌ ဥသျှစ်မှည့် သည် ကြွေကျ၍ ဒုဒ္ဒုဘ ဟူသောအသံကို ပြုရာ၏၊ ဤယုန်သည် ထိုအသံ ကိုကြားရကား မြေပြို၏ ဟူသော အမှတ်ကိုဖြစ်စေ၍ ပြေးသည် ဖြစ် လတ္တံ့"ဟုကြံ၏၊ယင်းသို့ကြံပြီ မှထိုအကြောင်းကိုအမှန်အားဖြင့်သိခြင်းငှါ တတ်ကောင်း၏ဟုနှလုံးပြု၍ယုန်ငယ်ကို ခေါ်ပြီးလျှင် သားအပေါင်းကို နှစ်သိမ့်စေ၍"ငါသည် ဤယုန်ငယ်မြင်ရာအရပ်၌ မြေပြိုသည် မပြိုသည်ကို အမှန်အားဖြင့်သိအောင်ပြု၍လာအံ့၊ ငါလာသည်တိုင်အောင်သင်တို့သည် ဤအရပ်က ငံ့လင့်ကြပါကုန်"ဟု ဆိုပြီးလျှင် ထိုယုန်ငယ်ကိုကျော၌တင်၍ ခြင်္သေ့၏ အဟုန်အားဖြင့် ပြေးသွား၍ ထန်းတောဝယ် ယုန်ငယ်ကိုချပြီးမှ "လာလှည့် ချစ်သား....သင်သည် မြင်အပ်သော အရပ်ကို ပြလော့"ဟု ဆို၏၊"မပြဝံ့ပါသခင်"ဟုဆိုသောကြောင့်"မကြောက်လင့်၊ ပြသာပြ"ဟု ဆိုသော် ထိုယုန်ငယ်သည် ဥသျှစ်ပင်ရင်းတိုင်အောင် မကပ်ဝံ့ပဲ အနီး၌ ရပ်လျက်"သခင်...ဤကားဒုဒ္ဒုဘဟု မြည်သံအရပ်တည်း"ဟု ဆိုသော် ခြင်္သေ့မင်းလည်း ဥသျှစ်ပင်ရင်းသို့သွား၍ ထန်းရွက်အောက်၌ယုန်ငယ်၏ အိပ်ရာ၌ရင်း, ထန်းရွက်ထက်၌ ကြွေကျသော ဥသျှစ်သီးမှည့်ကိုရင်း မြင် လေလျှင် မြေကြီး၏မပြိုသောအဖြစ်ကို အမှန်အားဖြင့်သိပြီးမှ ယုန်ငယ်ကို ကျောဝယ်တင်၍ ခြင်္သေ့၏အဟုန်ဖြင့်လျှင်မြန်စွာ သားအပေါင်း၏အထံ သို့ ကပ်ပြီးလျှင် အလုံးစုံသော အကြောင်းကို ကြား၍ "သင်တို့ကား မကြောက်ကြကုန်လင့်"ဟု သားအပေါင်းတို့ကို နှစ်သိမ့်စေ၍လွှတ်လိုက်၏၊ ထိုအခါ အကယ်၍ ဘုရားအလောင်းတော် မရှိငြားအံ့၊ အလုံးစုံသော သားတို့သည် သမုဒ္ဒရာသို့ဆင်း၍သေကုန်ရာ၏၊ဘုရားအလောင်းကိုအမှီပြု၍ ကား သားအပေါင်းတို့သည် အသက်ကို ရကြကုန်၏။

သစေ ဟိ တဒါ ဗောဓိသတ္တော နာဘဝေဿ၊ သဗ္ဗေ သမုဒ္ဒံ ပဝိသိတွာ နဿေယျုံ၊ ဗောဓိသတ္တံ ပန နိဿာယ သဗ္ဗေ ဇီဝိတံ လဘိံသု။

(ဇာတ်အဋ္ဌကထာ)

တဒါ၊ ထိုတောသား အလုံး ရှန်းရင်းဆန်ခတ်ပြေးသွားသောအခါ၌။ ဗောဓိသတ္တော၊ ဘုရားအလောင်းသည်။ သစေဟိ နုဘဝေယျ၊ အကယ်၍ မရှိသည်ဖြစ်ငြားအံ့။ သဗ္ဗေ၊ အလုံးစုံသော သားတို့သည်။ သမုဒ္ဒံ၊ သမုဒ္ဒရာသို့။ ပဝိသိတွာ၊ ဝင်ကုန်၍ နေသေယျုံ၊ ပျက်စီးကုန်ရာ၏၊ ဗောဓိသတ္တံပန၊ ဘုရားအလောင်းကိုကား။ နိဿာယ၊ မှီ၍။ သဗ္ဗေ၊ အလုံးစုံသော တောသားတို့သည်။ ဇီဝိတံ၊ အသက်ကို၊ လဘိံသု၊ ရကြကုန်၏။

ဤအဋ္ဌကထာ၌ စကားကျအားဖြင့်ထိုတောသားအားလုံးရှန်းရင်းဆန်ခတ်ပြေးလွှားသောအခါ အကယ်၍ ဘုရားလောင်း မရှိငြားအံ့၊ အလုံးစုံသော တောသားတို့သည် သမုဒ္ဒရာသို့ ဆင်း၍ သေကုန်ရာ၏၊ ယခုမှာ ဘုရားလောင်းကြောင့်သာ တချို့တဝက်သာ သမုဒ္ဒရာရေသို့ ဆင်းသေ၍ အလုံးစုံမသေ ရှိရတော့သည်ဟု အဓိပ္ပာယ် စကားကျကို သိရသည်၊ ကျမ်းတပါး၌မူကား ထိုအခါ အချင်းချင်း တိုးဝှေ့မိ၍ သေသူသမုဒ္ဒရာသို့ ဆင်း၍ သေသူအများပင် ရှိသည်ဟု ဆို၏။

ဤပူရဏ္ဏကဿပမိစ္ဆာဒိဋ္ဌိတောသား အပေါင်းတို့သည်လည်း ဇာတိတည်းဟူသော တရားကြောင်းရင်း ခံသောကြောင့် ဒုက္ခမကင်း၊ မိမိတို့ အလိုအလျောက်ပင် ရေတွင်ဆင်း၍ သေခြင်းတည်းဟူသော ဆင်းရဲကို ခံရကုန်သည်၊ အကယ်၍ ဇာတိမရှိသည်ဖြစ်အံ့၊ ထိုဆင်းရဲကို မခံကြရပြီ၊ ဇာတိရှိသောကြောင့်သာ ခံရကုန်သည်၊ ထို့ကြောင့် ဇာတိဒုက္ခဟူသော တရားယုတ်ကား စက်ဆုပ်ရွံရှာဖွယ်တကားဟု နှလုံးထား၍ ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ ထိတ်လန့်ခြင်းကို ဖြစ်စေသော အားဖြင့် ဉာဏသံဝေဂကို ပွားများစေကုန်ရာ၏။

ဤ၌ မိမိကိုယ်ကို မိမိဓားလက်နက်ဆောင်၍ သေခြင်း, ကြိုးဆွဲချ၍ သေခြင်း, အစာမစားပဲနေ၍ သေခြင်း, ရေတွင်ဆင်း၍ သေခြင်းတို့ကား အတ္တူပက္ကမ မူလက ဒုက္ခချည်းတည်း။

---

### ၇၈-အတ္တုပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော အာတာပန ပရိတာပနအကျင့်ဖြင့်မိမိကိုယ်ကို မိမိများစွာ ပင်ပန်းဆင်းရဲစေသော ဝတ္ထုခြောက်ရပ်

၁-လောမဟံသဇာတ် ဘုရားမြတ်စွာသည် ဝေသာလီပြည်ကို အမှီစုရားလော်င်းရသေဝတ္ထု ပြု၍ ပဋိကာရုံ ကျောင်း၌ နေတော်မူလျက် သုနက္ခတ္တကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ တရံသောအခါ သုနက္ခတ္တသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၍ သပိတ်သင်္ကန်းတို့ကို ယူလျက် လှည့်လည်သော် ကောရခတ္တိယ၏ အကျင့်တရားကို နှစ်သက်၍ မြတ်စွာဘုရား၏ သပိတ်သင်္ကန်းတို့ကို ပေးအပ်ပြီးလျှင် ကောရခတ္တိယကို အမှီပြုလျက်နေ၏၊ ထိုကောရခတ္တိယ၏ ကာဠကဉ္စိက အသုရာအမျိုး၌ ဖြစ်သောအခါ လူထွက်၍ ရဟန်းဂေါတမအား ဥတ္တရိမနုဿဓမ္မမရှိ၊ မိမိဉာဏ်အထင်ကိုသာ ဟော၏ဟု ဝေသာလီပြည်ဝယ် တံတိုင်းသုံးထပ်တို့၏ အတွင်း၌ လှည့်လည်၍ သမ္ဗုဒ္ဓဘုရား၏ ကျေးဇူးမဲ့တို့ကိုဆို၏၊ ထိုအခါ အရှင်သာရိပုတ္တရာသည် သုနက္ခတ္တ၏ ကျေးဇူးမဲ့ကိုဆိုသော စကားကိုကြား၍ သမ္ဗုဒ္ဓဘုရားအား လျှောက်ထား၏၊ သမ္ဗုဒ္ဓဘုရားလည်း "ချစ်သား သာရိပုတ္တရာ သုနက္ခတ္တ မောဃပုရိသကား ငါ၏ဂုဏ်ကျေးဇူးကို မသိ၍ဆိုလေသည်၊ သာရိပုတ္တရာ ငါ့အား ခြောက်ပါးသော အဘိညာဉ်သည်ရှိ၏၊ ငါ၏ အဘိညာဉ်ခြောက်ပါးလည်း ဥတ္တရိမနုဿဓမ္မပင်၊ ငါ့အား ဆယ်ပါးသော ဒသဗလဉာဏ်တို့သည်ရှိကုန်၏၊ လေးပါးသော ဝေသာရဇ္ဇဉာဏ်တို့သည် ရှိကုန်၏၊ လေးပါးသော ယောနိပရိစ္ဆေဒဉာဏ်တို့သည် ရှိကုန်၏၊ ငါးပါးသော ဂတိပရိစ္ဆေဒဉာဏ်တို့သည် ရှိကုန်၏၊ ဤဉာဏ်တို့သည်လည်း ဥတ္တရိမနုဿဓမ္မပင်၊ ဤသို့ ဥတ္တရိမနုဿဓမ္မတို့နှင့် ပြည့်စုံသော ငါ့ကို အကြင်သူသည် ရဟန်းဂေါတမအား ဥတ္တရိမနုဿဓမ္မမရှိဟုဆိုရာ၏၊ ထိုသူသည် ထိုစကားကို မပယ်သည်ရှိသော်, ထိုစိတ်ကိုမပယ်သည်ရှိသော်, ထိုအယူကိုမစွန့်သည်ရှိသော် ဆောင်၍ ထားအပ်သော ဝတ္ထုကဲ့သို့ ဤအတူ ငရဲ၌ထားအပ်၏၊ ဤသို့ မိမိအား ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မ၏ ဂုဏ်ကို ဆိုတော်မူ၍ "သာရိပုတ္တရာ.... သုနက္ခတ္တကား ကောရခတ္တိယ၏ ဒုက္ကရ ကာရိက ဖြစ်သော မိစ္ဆာအကျင့်၌ ကြည်ညို၏၊ မိစ္ဆာအကျင့်၌ ကြည်ညိုသောသူသည် ဤသို့ငါ၌ ကြည်ညိုခြင်းငှာသင့်၏"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏၊

"သာရိပုတ္တရာ...ငါသည် ဤကမ္ဘာမှ ကိုးဆယ့် တကမ္ဘာထက်၌ ဤစိတ္တာ အကျင့်၌ အနှစ်သည် ရှိသလောဟု ဗာဟိရာ ဖြစ်သော မိစ္ဆာအကျင့်ကို စုံစမ်းလျက် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဖြဟ္မစရိယကိုသုံးလျက်နေ၏၊ ပူပန်သည့်ထက် အလွန်ပူပန်၏၊ခေါင်းပါးသည့်ထက် အလွန်ခေါင်းပါး၏၊ စက်ဆုပ် သည့်ထက် အလွန်စက်ဆုပ်၏၊ ဆိတ်ငြိမ် သည့်ထက် အလွန် ဆိတ်ငြိမ်၏"ဟု မိန့်တော်မူသောကြောင့် ရှင်သာရိပုတ္တရာ တောင်းပန် ရကား အတိတ်ကို ဆောင်တော်၏။

လွန်လေပြီးသောအခါ ကိုးဆယ့်တကမ္ဘာထက်၌ ငါဘုရားအလောင်း တော်သည် ဗာဟိရကဖြစ်သော အကျင့်ကို စုံစမ်းအံ့ဟု အာဇီဝက ပဗ္ဗဇ္ဇ အဖြစ်ဖြင့် ရဟန်းပြု၍ အဝတ်မဝတ်ပဲ ကြေး, ချေးစေးတို့ဖြင့် ကပ်ငြိ သည်ဖြစ်၏၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ တယောက်အထီးတည်း နေလေ့ရှိ၏၊ လူတို့ကိုမြင်မူ တောသမင်ကဲ့သို့ ပြေးသွား၏၊ ကြီးစွာဖောက် ပြန်သော အစာရှိသည်ဖြစ်၍ ဝက်ချေး, နွားချေး အစရှိသည်တို့ကိုသာ စား၏၊ မမေ့မလျော့ နေခြင်းအကျိုးငှာ တောဝယ် ကြောက်မက်ဖွယ် ရှိသော တခုသော တောအုပ်၌ နေ၏၊ ထိုတောအုပ်၌ နေသော်လည်း ဆီးနှင်း ပြင်းထန်စွာ ကျသော အခါ တပို့တွဲလ၏ အဆုံးလေးရက်, တပေါင်းလ၏ အစ လေးရက်, ဤရှစ်ရက်ဟု ဆိုအပ်သော အန္တရဋ္ဌကာ၌ ညဉ့်အခါ တောအုပ်မှ ထွက်၍ လွင်တီးခေါင်၌ နေ၏၊ နေထွက်သော် တောအုပ်သို့ဝင်၏၊ ထိုအစေလကသည် ညဉ့်အခါလွင်တီးခေါင်၌ ဆီးနှင်း ရေတို့ဖြင့် စွတ်သကဲ့သို့ ထို့အတူ နေ့အခါ တောအုပ်မှ လျှောကျသော ရေတို့ဖြင့် စွတ်၏၊ ဤသို့ နေ့ညဉ့်ပတ်လုံး ချမ်းအေးသောဆင်းရဲကိုခံစား ၏၊နွေလတို့၏အဆုံးဖြစ်သောလဝယ် နေ့အခါလွင်တီးခေါင်၌နေ၏၊ ညဉ့် အခါတောအုပ်သို့ဝင်၏၊ ထိုအစေလကသည် နေ့အခါ လွင်တီးခေါင်၌ နေပူဖြင့် ပူပန်ခြင်းသို့ ရောက်သကဲ့သို့ အတူ ညဉ့်အခါ လေဆိတ်သော တောအုပ်၌ ပူပန်ခြင်းသို့ရောက်၏၊ ကိုယ်မှ ချွေးရည် ချွေးစက် တို့သည် ထွက်ကျကုန်၏၊ ဤသို့အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဖြဟ္မစရိယကိုကျင့်၍ ဘုရားလောင်းသည် သေခါနီးကာလတွင် ထင်သော နိရယနိမိတ်ကိုမြင်၍ ဤပူပန်သော အကျင့်ကို ဆောက်တည်ခြင်းသည် အချည်းအနှီးသာတည်း ဟု သိသောကြောင့် သေခါနီး ခဏ၌ပင် ထိုအယူကိုဖျက်၍ သမ္မာဒိဋ္ဌိအယူ ကို ယူပြီးလျှင် နတ်ပြည်တွင် ဖြစ်လေ၏။

သဗ္ဗညု ဘုရားကား ဤ ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ထို အာဇီဝကကား ငါဘုရားပင်တည်းဟု မိန့်တော်မူ၏၊ ဤ၌ဘုရားလောင်း သည် မိစ္ဆာတပ ဖြစ်သော အစေလက အာဇီဝက အကျင့်ကို ကျင့်၍ ဆင်းရဲများစွာခံရ၏။

> ဓမ္မသင်္ဂဏီ အဋ္ဌကထာတွင် ဥပေက္ခာပါရမီ အထူးအားဖြင့် ဖြည့်သော အရာဝယ် လောမဟံသ ဇာတကေ=ဟု လာ၏၊ ဇာတ်တော် ငါးရာ့ငါးဆယ်တွင် ဤဇာတ်မှတပါး လောမဟံသဇာတ် မရှိ၊ လောမဟံသဇာတ်ကား ဤဇာတ်ပင်တည်း၊ ဤဇာတ်၌လည်း ဥပေက္ခာပါရမီကို ဖြည့်သော အရာမပါ၊ မိစ္ဆာအကျင့်ကို ကျင့်သော အရာသာပါ၏တကားဟူမူ ဓမ္မသင်္ဂဏီ အဋ္ဌကထာကား.... ငါးရာ့ ငါးဆယ်၌လာသော လောမဟံသ ဇာတ်ကို ရည်သည် မဟုတ်၊ စရိယပိဋက၌လာသော လောမဟံသဇာတ်ကို ရည်သည်။

ထိုအကြောင်း အတိနည်းဟူမူ.... ဘုရားအလောင်းတော်သည် ထိုအခါ များမြတ်သော စည်းစိမ်ရှိသောအမျိုး၌ဖြစ်၍ ဒိသာပါမောက္ခဆရာ့အထံ ၌ နေလျက် အလုံးစုံသော အတတ်၏အပြီးအဆုံးသို့ ရောက်၍ အမျိုးအိမ် သို့ ပြန်လာပြီးလျှင် မိဘတို့လွန်သဖြင့် ဆွေမျိုးအပေါင်းတို့က ဥစ္စာအစုကို တည်ပါစေဟု တောင်းပန်သော်လည်း အနိစ္စ၏အဖြစ်ကို နှလုံးသွင်းသဖြင့် ခပ်သိမ်းသော ဘဝတို့၌ သံဝေဂကို ရရကား ကိုယ်၌လည်း အသုဘ ဟူသော အမှတ်ကိုရ၍ ဃရာဝါသပလိဗောဓဖြင့်နှိပ်စက်အပ်သော ကိလေ သာ ဟူသော တောအုပ်သို့ မသက်ဝင်ပဲသာလျှင် ကြာမြင့်စွာသော ကာလပတ်လုံး လေ့ကျက် အပ်သော နေက္ခမ္မဇ္ဈာသယကို ပွားစေလျက် များစွာသော စည်းစိမ်အစုကို ပယ်၍ ရဟန်းပြုလိုရကား တဖန်ကြံပြန်၏၊ အကယ်၍ ငါသည် ရဟန်းပြုငြားအံ့၊ ရဟန်း ဂုဏ်ဖြင့် ချီးမွမ်းအံ့သြ၍ ကျော်စောထင်ရှားသည် ဖြစ်လတ္တံ့၊ ငါကား လာဘသက္ကာရကို စက်ဆုပ် သည်ဖြစ်၍ ရဟန်းအဖြစ်သို့ မကပ်ပဲ လာဘအစရှိသည်တို့၌ ဖေါက်ပြန် ခြင်းမရှိသည်ကို ပြုခြင်းငှာ တတ်နိုင်၏ဟုမိမိကိုယ်ကိုယုံကြည်ရကား အထူး အားဖြင့် သူတပါးနှိပ်စက်ခြင်း၏ ယုတ်သော အကျင့်ဖြင့် ဖြည့်စေလျက် ဥပေက္ခာပါရမီကို အထွတ်အထိပ်သို့ ရောက်စေအံ့ဟု ဝတ်မြဲတိုင်းသော ပုဆိုးဖြင့်သာလျှင် အိမ်မှထွက်၍ အလွန်ခေါင်းပါးသော အကျင့်ရှိလျက် မမိုက်သော်လည်း မိုက်သကဲ့သို့ သူတပါးတို့၏ စိတ်အလိုအား နှိပ်စက်အပ်

သည်ဖြစ်၍ ရွာနိဂုံးမင်းနေပြည်တို့၌ တည့်စသည် နေခြင်းဖြင့်သာလှည့်လည်၏၊ အကြင်အရပ်၌ များစွာ နှိပ်စက်ခြင်းကိုရ၏၊ ထိုအရပ်၌ကြာမြင့်စွာလည်း နေ၏။

ယတ္ထ မနံ မဟန္တံ ပရိဗ္ဗဝံ လဘိ၊ တတ္ထ စိရံပိ ဝသတိ။

(စရိယာပိဋက အဋ္ဌကထာ)

ယတ္ထပန၊အကြင်အရပ်၌ကား။မဟန္တံ၊များစွာသော၊ ပရိဗ္ဗဝံ၊နှိပ်စက်ခြင်းကို။ လဘိ၊ ရ၏၊ တတ္ထ၊ ထိုအရပ်၌။ စိရံပိ ကြာမြင့်စွာလည်း။ ဝသတိ၊ နေ၏။

ဝတ်မြဲတိုင်းသော ပုဆိုးသည် ဆွေးမြည့် စုတ်ပြတ်သည်ရှိသော် ပုဆိုးကြမ်း စုတ်ဖြင့်, ထိုပုဆိုးကြမ်းပိုင်းသည် ဆွေးမြည့်ပြန်သည် ရှိသော် တစုံတယောက်သောသူသည် ပေးအပ်သော်လည်း မယူပဲ အင်္ဂါဇာတ်ကိုလုံခြုံမျှ ဖြစ်သော ပုဆိုးဖြင့်သာလျှင် လှည့်လည်၏၊ ဤသို့ ကြာမြင့်သောအခါ နိဂုံးရွာတခုသို့ သွားလေ၏၊ထိုရွာ၌ သေသောက်ကြူးသူ လှည့်စားသူအစရှိကုန်သော များစွာကုန်သော လူဟော့ရမ်း, လူကြော့ကြမ်း, လူသော့သွမ်း,လူသရမ်း,လူပျက်တို့သည်အခါခပ်သိမ်းမြူးတူးပျော်ပါးကစားခြင်းများကုန်သည်ဖြစ်၍ လှည့်လည်ကုန်၏၊ လူဆင်းရဲ လူအို အစရှိကုန်သော များစွာကုန်သော မိန်းမယောကျ်ားတို့ကို သွားစဉ် မြင်သော် ပြာမှုန့်ဖြင့် ကျောခွ၌လိုက်၍ ကြဲကုန်၏၊ ဆပ်သွားရွက်တို့ကို လက်ကတီးကြား၌ ဆွဲကုန်၏၊ထိုဖောက်ပြန်ခြင်းဖြင့် နောက်သို့ပြန်၍ကြည့်သည်ရှိသော် အဖြစ်အဖုံးလျော်စွာ ကစားခြင်းကိုပြု၍ပြင်းစွာရယ်ကြကုန်၏၊ဘုရားအလောင်းတော်သည် ထိုနိဂုံးသို့ ရောက်သည်ရှိသော်ထိုသေသောက်ကြူးသူလှည့်စား အစရှိသောလူဟော့ရမ်း, လူကြော့ကြမ်း,လူသော့သွမ်းလူသရမ်း,လူပျက်တို့ကို မြင်သဖြင့် ယခုအခါ ငါကား ဥပေက္ခာပါရမီ၏ ပြည့်ခြင်းအကြောင်းကို ကောင်းစွာရအပ်ပြီဟု ကြံ၍ ထိုနိဂုံး၌ နေတော်မူ၏၊ ထိုလူပျက် တို့သည် ဘုရားလောင်းကိုမြင်လျှင်ဖောက်ပြန်ခြင်းကို ပြုခြင်းငှာ အားထုတ်ကုန်၏၊ ဘုရားလောင်းသည်း ထိုသူတို့ပြုသောအမှုကို သည်းမခံနိုင်သကဲ့သို့ ထိုသူတို့မှ ကြောက်ဘိ သကဲ့သို့ ထ၍သွား၏။ ထိုလူပျက်တို့လည်းဘုရားလောင်းကို အစဉ်လိုက်ကုန်၏၊ထိုလပျက်ဘို့သည်အစဉ်လိုက်ရကား ဘုရားလောင်းသည် ဤအရပ်၌ တားမြစ်တတ်သော တစုံတယောက်သောသူသည် မရှိဟု သုသာန်သို့သွားပြီးလျှင် လူရိုးကို ခေါင်းအုံးလျက်အိပ်၏၊ရွာသူသားငယ်

လူပျက်တို့သည် ဘုရားလောင်းအိပ်ရာသို့ သွားပြီးလျှင် ထုံထွေးထွေးခြင်း နှပ်ညှစ်ခြင်း အစရှိသော အထူးထူးအပြားပြားသော ဖောက်ပြန်ခြင်းအမှုကိုပြု၍ ဖဲ့ကြကုန်၏၊ ဤသို့ နေ့တိုင်းပြေက်သွား၍ ကစားကုန်၏၊ အကြင်ယောကျ်ားတို့သည် သိကြားလိမ္မာ ပညာရှိကုန်၏၊ ထိုယောကျ်ားတို့သည် လူသွမ်းလူပျက်တို့ကို တားမြစ်၍ ဤသူကား ကြီးမားသောအာနုဘော်ရှိ၏ အကျင့်နှင့်ပြည့်စုံ၏၊ မြတ်သော ယောဂီပုဂ္ဂိုလ် တကားဟု သိ၍ မွန်မြတ်သော ပူဇော်သက္ကာရကို ပြုကြကုန်၏၊ ဘုရားလောင်းကား ထိုသူအလုံးစုံတို့၌ အမျှတူ လျစ်လျူရှု၍သာ နေတော်မူ၏။

မဟာသတ္တော ပန သဗ္ဗတ္ထကေသဒိသော၀ ဟောတိမဇ္ဈတ္တ ဘူတော။

(စရိယပိဋက အဋ္ဌကထာ)

မဟာသတ္တောပန၊ ဘုရားလော င်းသည်ကား။ သဗ္ဗတ္ထ၊ အလုံးစုံသော ရှုတ်ချခြင်း, ပူဇော်ခြင်းတို့၌၊ ကေသဒိသော၀၊ စင်စစ် တူသည်သာလျှင်။ မဇ္ဈတ္တဘူတော၊ လျစ်လျူဖြစ်၍ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဤဇာတ်ကိုကား ဘုရားလောင်း၏ အာတာပန ပရိတာပန ဖြစ်သော မိစ္ဆာအကျင့်ကို ကျင့်သောကြောင့် ပြသည်မဟုတ်၊ လောမဟံသချင်း တူသောကြောင့်သာ ပြသည်၊ ငါးရာ့ငါးဆယ် ဇာတ်တော်လာ လောမဟံသမှာ မိစ္ဆာအကျင့်ကို ကျင့်၍ အတ္တပက္ကမ မူလကဒုက္ခကို ခံစားရသည်၊ စရိယပိဋကကျမ်းလာ လောမဟံသမှာမူကား ဥပေက္ခာပါရမီ၏ အထွက်ကိုယူအံ့ဟု ကျင့်တော်မူသည်။

တရံရော အခါ ဘုရား မြက်စွာသည် ဂယာရှာ

၂-ဂယာသီသရလေ့တို ဂယာဆိပ်၏ အနီး ဂယာသီသ ကျောက်ဖျာ၌ ဝတ္ထု နေတော်မူ၏၊ ထိုအခါ များစွာသော ရသေ့တို့သည် ဆောင်းအခါ ညဉ့်ကာလ၌ နောက်က ပြဆိုခဲ့ပြီးသော ဆန္တရဋ္ဌက ရက်တွင် ဆီးနှင်းကျသောအခါ အချို့သော ရသေ့တို့သည် ဂယာမြစ်၌ တကြိမ်ပေါ်ခြင်းဖြင့်သာ မကောင်းမှုမှ စင်ကြယ်၏ဟု အယူရှိကုန်၏၊ ထိုရသေ့တို့သည် တကြိမ်ငုပ်၍သာ ပေါ်ကုန်၏၊ အကြင်ရသေ့တို့သည်လည်း တကြိမ်ငုပ်ခြင်းဖြင့်သာမကောင်းမှုမှစင်ကြယ်၏ဟုအယူရှိကုန်၏၊ ထိုရသေ့တို့သည် တကြိမ်သာငုပ်ပြီးသော်ပေါ်၍ ဖဲကုန်၏၊ အကြင် ရသေ့ တို့သည်ကား ထိုဂယာဆိပ်၌ ငုပ်ခြင်းဖြင့်သာလျှင် မကောင်းမှုမှ စင်ကြယ်၏ ဟု

အယူရှိကုန်၏၊ ထိုရသေ့တို့လည်း ဂယာဆိပ်၌ ငုပ်ပြီးသော် ထွက်သက်စင်သက်တို့ကို ပိတ်ဆို့၍ တောင်ကမ်းပြတ်၌ ကျသကဲ့သို့ ထိုဂယာဆိပ်၌ ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။

ယေ ပန တသ္မိံ တိတ္ထေ နိမုဇ္ဇနေနေဝ ပါပသုဒ္ဓိ ဟောတီတိ ဧဝံ ဒိဋ္ဌိကာ၊ တေ တတ္ထ နိမုဇ္ဇိတွာ အဿာသ ပဿာသေ သန္နိရုမ္ဘိတွာ ပဗ္ဗတ ပပါတ ပတိတာဝိယ တတ္ထေဝ ဇီဝိတက္ခယံ ပါပုဏန္တိ။ (ဥဒါန်းအဋ္ဌကထာ)

ယေပန၊ အကြင် ရသေ့တို့သည်ကား။ တသ္မိံတိတ္ထေ၊ ထိုဂယာဆိပ်၌။ နိမုဇ္ဇနေနေဝ၊ငုပ်ခြင်းဖြင့်သာလျှင်။ ပါပသုဒ္ဓိ၊မကောင်းမှုမှစင်ကြယ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဣတိဧဝံဒိဋ္ဌိကာ၊ဤသို့ အယူရှိကုန်၏။ တေ၊ ထိုရသေ့တို့သည်။ တတ္ထ၊ ထို ဂယာဆိပ်၌။ နိမုဇ္ဇိတွာ၊ငုပ်၍။ အဿာသပဿာသေ၊ ထွက်သက်ဝင်သက်တို့ကို။ သန္နိရုမ္ဘိတွာ၊ ပိတ်ဆို့၍။ ပဗ္ဗတပပါတ ပတိတာဝိယ၊တောင်ကမ်းပြတ်၌ ကျကုန်သကဲ့သို့။ တတ္ထေဝ၊ ထိုဂယာဆိပ်၌သာလျှင် ဇီဝိတက္ခယံ၊အသက်ကုန်ခြင်းသို့။ ပါပုဏန္တိ၊ ကုန်၏။

တပါးသော ရသေ့တို့သည် အဖန်တလဲလဲ ငုပ်ခြင်း ပေါ်ခြင်းကိုပြု၍ ရေချိုးမှုသာ မကောင်းမှုမှ စင်ကြယ်၏ဟု အယူရှိကုန်၏၊ ထိုရသေ့တို့သည် အဖန်တလဲလဲ ငုပ်ခြင်း ပေါ်ခြင်းကိုပြုကုန်၏၊အကြင်ရသေ့တို့သည် ဂယာမြစ်ဆိပ်ရေကို လက်ဖြင့်ယူ၍ အိုးဖြင့်ခပ်၍ မိမိကိုယ် ဦးခေါင်း၌ လောင်းသည်ရှိသော် မကောင်းမှုမှ စင်ကြယ်၏ဟု အယူရှိကုန်၏၊ ထိုရသေ့တို့သည် ဂယာမြစ်ဆိပ်ရေကို လက်ဖြင့်ယူ၍,အိုးဖြင့်ခပ်၍ မိမိကိုယ် ဦးခေါင်း၌ လောင်းကုန်၏၊ အကြင်ရသေ့တို့သည် ဂယာမြစ်ဆိပ်၌ မီးပူဇော်သည်ရှိသော် မကောင်းမှုမှ စင်ကြယ်၏ဟု အယူရှိကုန်၏၊ ထိုရသေ့တို့သည် မီးပူဇော်ကုန်၏၊ ယင်းသို့ အရာမဟုတ် အုတ်အုတ်ကျက်ကျက်သော ရသေ့တို့၏ အသံကို ကြားတော်မူ၍ သဗ္ဗညုဘုရားသည်ဥဒါန်းကျူးတော်မူ၏၊ဤရသေ့တို့လည်း ဇာတိဒုက္ခမကင်းသောကြောင့် အာတာပန ပရိတာပန ဟုဆိုအပ်သော အတ္တပရိက္ကမ မူလကဒုက္ခကို ခံစားရကုန်၏။

အနွယ်အားဖြင့် ကဿပဟု အမည်တွင်သော မိစ္ဆာဒိဋ္ဌိ

၇-ပူရဏကဿပ သည် အမှတ်မရှိ တဦးသော အမျိုး၏ တယောက်ယုတ်

ဝတ္ထု တရာသောကျွန်ကိုပြည့်စေလျက် ဖွားရကား ပူရေတီတိ ပူရဏော၊ ပူရတိ အနေနာတိဝါ ပူရဏော၊ ဟူသော ဝစနတ္ထံနှင့် အညီ

တယောက်ယုတ် ကျွန်တရာကို ပြည့်စေတတ်သောကြောင့်ရင်း တယောက်ယုတ် ကျွန်တရာ၏ ပြည့်ကြောင်း ဖြစ်သောကြောင့်ရင်း ပူရဏ ဟူသော အမည်ကိုတပ်၍ အနွယ်နှင့်စပ်လျက် ပူရဏကဿပဟု အမည်တွင်၏၊ ထို ပူရဏကဿပအား မင်္ဂလာကျွန် ဖြစ်ရကား ကောင်းသဖြင့် ပြုအပ်၏၊ မကောင်းသဖြင့် ပြုအပ်၏ဟု ဆိုသူမရှိ၊ မပြုပဲပင် နေသော်လည်း "သင်သည် မပြုပါတကား"ဆိုသူမရှိ၊ အမှုမဲ့ပင် နေရ၏၊ ထိုပူရဏကဿပသည် ဤအရပ်မှာ ကျွန်အရာနှင့် ငါနေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း ဟု သခင်ကို မပန့်မကြား ရှောင်ရှားထွက်ပြေးလေ၏၊ ထိုအခါ ခိုးသူတို့သည် ပူရဏကဿပ ကျွန်၏ အဝတ်ပုဆိုးတို့ကို လုယက်ကုန်၏။

အထဿ စောရာ ဝတ္ထာနိ အစ္ဆိန္ဒိံသု။ (သီလက္ခန်အဋ္ဌကထာ)

အထ၊ ထိုသခင်ကို မပန်မကြား ရှောင်ရှားထွက်ပြေးသော အခါ၌။ စောရာ၊ ခိုးသူတို့သည်။ အဿ၊ ထိုပူရဏကဿပကျွန်း၏။ ဝတ္ထာနိ၊ ပုဆိုးအဝတ်တို့ကို။ အစ္ဆိန္ဒိံသု၊ လုယက်ကုန်၏။

ယင်းသို့ လုယက်ကုန်လျှင် ထိုပူရဏကဿပ ကျွန်သည် ကိုယ်ကို မြက်သစ်ရွက်ဖြင့် ဖုံးလွှမ်းခြင်းငှာလည်း မလိမ္မာရကား မွေးဖွားတိုင်းသော အသွင်ဖြင့်သာ ရွာ တရွာသို့ ဝင်လေ၏၊ လူတို့သည် ထိုပူရဏကဿပ ကျွန်ကို မြင်သောအခါ အဝတ်မပါရကား ဤရဟန်းသည် ရဟန္တာဖြစ်၍ အလိုနည်းသောကြောင့်သာ အဝတ်မပါသည်၊ ဤရဟန်းနှင့် တူသူ လူတွင် မရှိဟု နှလုံးသွင်း၍ထမင်းမုန့် အစရှိသည်တို့ကိုယူလျက် ကပ်ကုန်၏၊ ယင်းသို့ ကပ်ကုန်လျှင် ထိုပူရဏကဿပ ကျွန်သည် ငါ့အား အဝတ် မကပ်သောကြောင့်သာ ဤလာဘ်သည်ဖြစ်၏ဟု ထိုအခါမှစ၍ ပုဆိုးအဝတ် ရသော်လည်း မယူ မဝတ်ပြီ၊ ထိုအချည်းစည်း နေခြင်းတည်းဟူသော အစေလကပဗ္ဗဇ္ဇကိုသာ ယူရှာလေ၏၊ ထိုပူရဏပူကဿပ အထံ၌ တပါးသော ငါးရာသော လူတို့သည်လည်း ထိုအစေလက ပဗ္ဗဇ္ဇ၏အဖြစ်ဖြင့် ရဟန်းပြုကုန်၏။

၄-မက္ခလိဂေါသာလဝတ္ထု

နွားတင်ကုပ်ဝယ် ဖွားသောကြောင့် "ဂေါသာလေ ဇာတော ဂေါသာလော"ဟူသော ဝစနတ္ထနှင့် အညီ ဂေါသာလဟု အမည်မှည့် အပ်သော ကျွန်တယောက်သည် နောက်အခါ ဆီညွန်ဖြင့် ချော်ချွတ်သော မြေအပြင်မှာ ဆီအိုးထမ်းလျက် သွားသည်ကို အရှင်က "အမောင်....မချော်စေလင့်၊ မာခလိ"ဟု ဆို၏၊ ယင်း ဆိုအပ်သော မာခလိဟူသော အာချာတ်သည်

သညာကို ဆိုလိုသော အရာဖြစ်ရကား အာချာတ်သဘော ကွယ်ပျောက်၍ နောက်အခါ နာမ်အရာတွင်မကွာလိဟုအမည်တပ်လျက်နှစ်သက်မည်ကိုစပ်၍ မကွာလိဂေါသာလဟု အမည်တွင်၏။ ထိုမကွာလိ ဂေါသာလသည် မေ့လျော့သဖြင့် ချော်ချွတ်၍ လဲသောကြောင့် ဆီအိုးကွဲရကား အရှင်အား ကြောက်သဖြင့်ပြေးခြင်းငှာ အားထုတ်၏။ ယင်းသို့ပြေးခြင်းငှာအားထုတ်သည်ကို မြင်လျှင် အရှင်သည် ပြေးလာ၍ ပုဆိုးစွန်ကို ဆွဲလေ၏။ ထိုသို့ဆွဲလျှင် ပုဆိုးကိုချွတ်၍ အလွတ်ကိုချည်းသာ ပြေးရှာလေ၏၊ ယင်းသို့ပြေး၍ ရွာတရွာသို့ဝင်လျှင် ရဟန္တာဖင် မှတ်ပြန်ရကား ရွှေးပူရဏကဿပကဲ့သို့ဗင် အသက်ထက်ဆုံး အစေလကအကျင့်ကို ကျင့်သတည်း။

ဤမိစ္ဆာဒိဋ္ဌိတို့လည်း ဇာတိဒုက္ခ မကင်းသောကြောင့် အစေလကအကျင့်ကို ကျင့်၍ ဤပစ္စုပ္ပန်ဘဝ၌လည်း အသက်ထက်ဆုံးဆင်းရဲခံရခြင်းတည်းဟူသော အာတာပန ပရိတာပန အတ္တူပက္ကမ မူလကဒုက္ခကို ခံစားရချေကုန်၏။ နောင်သံသရာ တမလွန်၌လည်း အဝီစိငရဲ၌ ဆင်းရဲပြင်းစွာခံကြရလေကုန်၏။

၅။ ကောရခတ္တိယ တရံသောအခါ ဘုရားမြတ်စွာသည် ထုလုဇနပုဒ်တို့၌ ဝတ္ထု ဥတ္တရက အမည်ရှိသောနိဂုံးသည်ရှိ၏၊ ထိုနိဂုံးကို ဆွမ်းခံအမှီပြု၍ ေ နတော်မူ၏။ ထိုအခါ နံနက် စောစောသင်းပိုင်ကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူပြီးလျှင်လိစ္ဆဝီမင်းသားဖြစ်သော သုနက္ခတ္တကိုနောက်လိုက်ရဟန်းပြုတော်မူ၍ ဥတ္တရကနိဂုံးသို့ဆွမ်းအလို့ငှာ ဝင်တော်မူ၏။ ထိုအခါ အဝတ်မှစည်း အချည်းစည်းနေသောခွေးကဲ့သို့ နမ်းပြီးမှ စားခြင်း, ခုံလောက်ကြား၌ အိပ်ခြင်း။ သည်မှတပါခွေး၏ အမူအရာကိုသာပြုသည်ဖြစ်၍ ဆောက်တည်အပ်သော ခွေးအကျင့်ရှိသော ပုဆစ်နှစ်ဘက် တံတောင်နှစ်ဘက် တို့ကို မြေ၌ထား၍ သွားလာလှည့်ဗတ်သော အတွင်းသို့ ကောက်သောခြေရှိသော ကောရခတ္တိယသည်မြေ၌ထားအပ်သောအစာကိုခွေးကဲ့သို့ ခံတွင်းဖြင့်ငုံ၍ စား၏။ ထိုကောရခတ္တိယကို လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ဘုရား နောက်တော်ကလိုက်လျက်ပင်မြင်လေ၏။ ယင်းသို့မြင်လျှင် သုနက္ခတ္တအား ဤရဟန်းကားကောင်းသော သဘောရှိစွ။ အလိုနည်းသည်၏ အဖြစ်ကြောင့် ခွေးကဲ့သို့ကျင့်၏ဟု ကြံ၏၊ ထိုအကြံကို၊ သဗ္ဗညုဘုရားသိတော်မူ၍' မောဃပုရိသ.... သင်သည် ငါဘုရား၏ နောက်ကလိုက်လျက် ယုတ်မာသောအကြံကို ကြံညွှန့်ဓာပေ- ၄၃။

သည်း’’ဟု မိန့်တော်မူ၏။ ‘‘အဘယ်နည်း အရှင်ဘုရား’’ဟု လျှောက်လတ်သော်‘‘သင်သည် ခွေးကဲ့သို့ ကျင့်သော ကောရခတ္တိယကို မြင်၍ ဤရဟန်းသည် မြတ်စွတကားဟု ကြံသည်မဟုတ်လော’’ဟု မိန့်တော်မူ၏။‘‘ဟုတ်ပါ၏ အရှင်ဘုရား။ အရှင်ဘုရားကား သူတပါး၏ အရဟတ္တဖိုလ်ကို ဝန်တိုတော်မူသည်’’ဟု လျှောက်၏။ ‘‘မော-ဃပုရိသ....ငါကား သူတပါး၏ အရဟတ္တဖိုလ်ကို ဝန်မတို။ စင်စစ်မှာမူ ငါဘုရားသည် နတ်နှင့်တကွသော သူ့အပေါင်း၏ အရဟတ္တဖိုလ် ရခြင်းကိုသာ တောင့်တ၏။ ထိုနတ်နှင့်တကွသော လူ့အပေါင်း၏ အရဟတ္တဖိုလ် ရခြင်းအကျိုးငှာသာ ငါဘုရားသည် ပြုနိုင်ခဲသော စွန့်ခြင်းကြီး ငါးပါးတို့ကိုစွန့်တော်မူ၍ပါရမီဆယ်ပါးတို့ကို ဖြည့်တော်မူအပ်၏။စင်စစ်မူကား သင့်အားယုတ်မာသော မိစ္ဆာအယူရှိသည်ဖြစ်၏၊ ထိုအယူကိုစွန့်လော့၊သင့်အားနေ့ညဥ့်ရှည်စွာဆင်းရဲခြင်းငှာမဖြစ်စေလင့်။ သုနက္ခတ္တ....အကြင်ကောရ ခတ္တိယကို ရဟန္တာဟု သင်မှတ်ထင်၏၊ ထိုကောရခတ္တိယသည် ခုနစ်ရက်မြောက်သော နေ့၌ အစာမကျေသော အနာဖြင့်သေ၍ ကာဠကဉ္စိက အသုရာအမျိုး၌ဖြစ်လတ္တံ့။ထိုကောရခတ္တိယ၏ အလောင်းကောင်ကို ပြိတ်မြက်ချုံရောက်သော သုသာန်၌ စွန့်ပစ်ကုန်လတ္တံ့။ အလိုရှိမူကား ကောရခတ္တိယ....သင်သည် လားရာဂတိကို သိ၏လောဟု ကပ်၍ မေးလေ။ သင့်အား ကြားလတ္တံ့ဟု မိန့်တော်မူ၏။ ထိုအခါသုနက္ခတ္တသည် ကောရခတ္တိယသို့ ကပ်၍ ငါ့ရှင် ကောရခတ္တိယ.... ရဟန်းဂေါတမသည် အစေလကကောရခတ္တိယကား ခုနစ်ရက်မြောက်သော နေ့၌ အစာမကျေသောအနာဖြင့် သေလတ္တံ့။ သေပြီးကား ကာဠကဉ္စိက အမည်ရှိသော အသုရာ အမျိုး၌ ဖြစ်လတ္တံ့။ ထိုကော ခတ္တိယ၏ အလောင်းကောင်ကို ပြိတ်မြက်ချုံ ရောက်သော သုသာန်၌ ပစ်စွန့်လတ္တံ့ဟု ကြားအပ်၏၊ ရဟန်းဂေါတမ၏ စကား ချို့ယွင်းအောင် ပညာဖြင့် ဆင်ခြင်၍ စားသောက်ပါဟု ဆိုလာ၏။ ထိုသို့ဆိုလာသော်ကောရခတ္တိယသည် ခွေးကဲ့သို့ ခုံလောက်ကြား၌ အိပ်လျောင်းလျက် ဦးခေါင်းကို ‘မ’ ပြီးသော်မျက်စိတို့ကို ဖွင့်၍ကြည့်လျက် ‘‘အသို့ဆိုသနည်း၊ ရဟန်းဂေါတမသည်ငါတို့နှင့် သဘောမတူ ရန်သူတကား။ ရဟန်းဂေါတမဖြစ်ထွန်းသော ကာလမှစ၍ ငါတို့သည် နေထွက်သောအခါ ပိုးစုန်းကြူးနှင့် တူကုန်၏။ ရဟန်းဂေါတမသည် ငါတို့ကို ဤသို့သော အခြင်းအရာ အားဖြင့်ရင်း, တပါးသော အခြင်းအရာအားဖြင့်ရင်းဆို၏။ ရန်သူ့စကားမည်သည်ကား မှန်သည်ဟုမရှိ။ သင်သည် သွားလေ။ ဤအရာဝယ် ငါသိ၏’’ဟု ဆို၍



ကဠာသမန္တက အမည်ရှိသော တက္ကတွန်းသည် ဝဇ္ဇီရဋ္ဌ တွင် လာဘဂ္ဂ ယသဂ္ဂသို့ရောက်သည်ဖြစ်၍....၃၀၇

တဖန် အိပ်မြဲတိုင်းသော အိပ်၏၊ သုနက္ခတ္တလည်း သဗ္ဗညုဘုရား စကားတော်ကို မယုံရကား တရက် နှစ်ရက်စသည်ဖြင့် လက်ချိုး၍ ခုနစ်ရက်ကို ရေတွက်၏၊ တနေ့သုံးကြိမ်လည်း ကောရခတ္တိယသို့ကပ်၍ ''တရက်လွန်ပြီ နှစ်ရက်လွန်ပြီ''ဟု ကြား၏၊ ထိုအခါ ကောရခတ္တိယသည် သုနက္ခတ္တ၏ စကားကိုကြား၍ ခုနစ်ရက်ပတ်လုံး အစာမစားပဲ နေလေ၏၊ ထို့နောက်မှ ကောရခတ္တိယ၏ အလုပ်အကျွေးတယောက်သည် ခုနစ်ရက်မြောက်သော နေ့၌ ငါတို့ ကုလူပကရဟန်း၏ အိမ်သို့မကြွလာသည်ကား ယနေ့ခုနစ်ရက် ရှိပြီ၊ တစုံတခုသော မချမ်းသာခြင်းသည် ဖြစ်လေသလောဟု တွေးတော ယုံမှားလျက် ငက်သားကိုကောင်းမွန်စွာ ချက်ပြုတ်၍ ထမင်းနှင့်တကွ ယူခဲ့ပြီးသော် ကောရခတ္တိယ၏ရှေ့ မြေးကြီးပေါ်ဝယ်စုံပုံ၏၊ ထိုအခါ ကောရခတ္တိယသည် ရဟန်းဂေါတမ၏ စကားမှန်သည်ဖြစ်စေ, မမှန်သည် ဖြစ်စေ အာဟာရကို စား၍ ဝပြောလျက်သေရခြင်းကား မြတ်သောသေရခြင်း''ဟု ကြံ၏၊ ယင်းသို့ ကြံပြီးလျှင် တံထောင်ဆစ် နှစ်ဘက်တို့ကို မြေဝယ်ထားလျက် ခွေးကဲ့သို့ သွား၍ ဝမ်းပြည့်အောင် စား၏၊ ထို ကောရခတ္တိယသည် ညဉ့်အခါ အစာကိုကျေစေခြင်းငှာ မတတ်နိုင်ရကား အစာမကျေသော အနာဖြင့် သေရှာလေ၏၊ သေ၍ကား ဘုရားမိန့်တော်မူသည့်အတိုင်း ကာဠကဉ္စိက အသုရာမျိုး၌ ဖြစ်လေ၏၊ ထိုအခါ အဖော်ဖြစ်သော တိတ္ထိတို့သည် ကောရခတ္တိယအား သေပြီဟု ကြားသောကြောင့် နေ့တို့ကို ရေတွက်၍ ရဟန်းဂေါတမ၏ ဤစကားသည် ရှေးဦးစွာမှန်စေဦးတော့၊ ယခုအခါ ထိုကောရခတ္တိယ၏ အလောင်းကောင်ကို အခြားသော သုသာန်၌ စွန့်ပစ်ပြီးမှ ရဟန်းဂေါတမကို မုသာဝါဒဖြင့် နှိပ်ကုန်အံ့ဟု ကြံ၍ သွားပြီးလျှင် ကောရခတ္တိယအလောင်းကို နွယ်ဖြင့် ဆွဲကုန်လျက် ဤသုသာန်၌ပစ်ကုန်အံ့,ဤသုသာန်၌စွန့်ကုန်အံ့ဟုသွားကြကုန်၏၊ ရောက်ရာ ရောက်ရာ အရပ်သည် အပြင်သာဖြစ်၏၊ ထိုတိတ္ထိတို့သည် ကောရခတ္တိယ၏ အလောင်း ကောင်ကို ဆွဲငင်ကုန်လျက် သုသာန်၏ ရောက်ကုန်သော် ပြိတ်မြက်ချုံရောက်သော သုသာန်၏အဖြစ်ကို သိရကား တပါးသုသာန်၌ ပစ်ကုန်အံ့ဟု ဝိုင်းဝန်း ညီညာ၍ ဆွဲကုန်၏၊ ထိုအခါ ဖွဲ့သောနွယ်ကြိုးသည် ပြတ်ခဲ့၏၊ သူကောင်ကိုကား လှုပ်ရှားစေခြင်းငှာ မတတ်နိုင်ကုန်၊ ယင်းသို့ မတတ်နိုင်ရကား စွန့်ပစ်၍ သွားကြကုန်၏၊ ထိုအခါ သုနက္ခတ္တသည် ဤသို့ ကြံ၏၊ကြွင်းသောရဟန်းဂေါတမ၏စကားသည်မှန်စေဦးတော့၊ သေသော သူအားထ၍ သူတပါးနှင့်စကားဆိုခြင်းမည်သည်မရှိ၊ ယခုအခါငါသွား၍

မေးအံ့၊ အကယ်၍ စကားဆိုငြားအံ့၊ ကောင်း၏၊ မဆိုငြားအံ့ ရဟန်း ဂေါတမကို မုသာဝါဒဖြင့်နှိပ်အံ့ဟုကြံ၏၊ ယင်းသို့ကြံပြီးလျှင် ပြိတ်မြက်ချုံ ရောက်သော သုသာန်တို့သွား၍ ကောရခတ္တိယ၏ အလောင်းကောင်ကို သုံးကြိမ် လက်ဖြင့် ခေါက်ပြီးလျှင် "ကောရခတ္တိယ....သင်သည် မိမိ၏ လားရာ ဂတိကို သိ၏လော" ဟု မေး၏၊ ထိုအခါ ကောရခတ္တိယ၏ အလောင်းကောင်းသည် လက်ဖြင့် ကျော-ကို သုတ်ပြီးလျှင် ထ၍ "ငါ့ရှင် သုနက္ခတ္တ....ငါကား လားရာဂတိကိုသိ၏၊ ကာဠကဥ္စိက အသုရာမျိုးမှာ ငါဖြစ်၏" ဟုဆို၍ ထိုအရပ်ပင် ပက်လက်လဲလေ၏၊ သေသော သူသည် ထ၍ စကားဆို၏ ဟူသောအကြောင်းကို အဘယ်သို့ သိအပ် သနည်းဟူမူ ဘုရားအာနုဘော်တော်အားဖြင့် သိအပ်၏၊ ဘုရားမြတ်စွာ သည် ကောရခတ္တိယကို အသုရာမျိုးမှဆောင်၍ မိမိကိုယ်၌ ငုပ်စေပြီးလျှင် စကားဆို၏၊ တနည်းမှာလည်း ထိုအလောင်းကောင်ကိုပင် စကားဆိုစေ ၏၊ ဘုရားအရာကို မကြံအပ်သည်သာတည်း။

ဘဂဝါကိရ ကောရခတ္တိယံ အသုရယောနိတော အာနေတွာ သရီရေ အဓိမောစေတွာ ကထာပေသိ၊ တမေဝဝါ သရီရံ ကထာ ပေသိ၊ အစိန္တေယျော ဟိ ဗုဒ္ဓဝိသယော။

(ပါထေယျ အဋ္ဌကထာ)

ဘဂဝါ၊ သည်။ ကောရခတ္တိယံ၊ ကောရခတ္တိယကို။ အသုရယောနိတော ကာဠကဥ္စိက အသုရာ အမျိုးမှ။ အာနေတွာ၊ ဆောင်၍။ သရီရေ၊ မိမိ အလောင်း၌။ အဓိမောစေတွာ၊ ငုပ်စေ၍၊ ကထာပေသိကိရ၊ဆိုစေသတတ် ဝါ၊ တနည်းကား။ တမေဝသရီရံ၊ ထိုကိုယ်ကိုလျှင်၊ ကထာပေသိကိရ၊ ဆိုစေသတတ်။ ဗုဒ္ဓဝိသယော၊ ဘုရားရှင်၏အရာကို။အစိန္တေယျောဟိ မကြံ အပ်သည်သာလျှင်တည်း

ထိုအခါ သုနက္ခတ္တသည် သဗ္ဗညုဘုရားသို့ကပ်ပြီးလျှင် လျောက်ပတ်ရာ အရပ်၌ရှိခိုး၍နေ၏၊ သဗ္ဗညုဘုရားလည်း "သုနက္ခတ္တ....အကြင်အခြင်းဖြင့် အစေလက ကောရခတ္တိယကို ငါဘုရားသည် ကြားအပ်၏၊ ထိုအခြင်းဖြင့် မှန်၏လော" ဟု မေးတော်မူ၏၊ သုနက္ခတ္တလည်းမှန် ကြောင်းကို လျှောက် ၏၊ ဤအရာတွင်သဗ္ဗညုဘုရား၏၊တန်ခိုးပြာဋိဟာတို့ကိုပေါင်းအပ်ကုန်၏။ ခုနစ်ရက်မြောက်၌ သေလတ္တံ့ဟု မိန့်တော်မူသည့်အတိုင်း မှန်သည်ကား ရှေးဦးစွာသော ပဌမပါဋိဟာရိယ။

အစာမကျေသောအနာကြောင့် သေလတ္တံ့ဟု မိန့်တော်မူတိုင်းမှန်သည်ကား နှစ်ကြိမ်မြောက်သော ဒုတိယပါဋိဟာရိယ။

ကာဠကဥ္စိက အသုရာ အမျိုး၌ ဖြစ်လတ္တံ့ ဟု မိန့်တော်မူသည့် အတိုင်းမှန်သည်ကား သုံးကြိမ်မြောက်သော တတိယပါဋိဟာရိယ။

ပြိတ်မြက်ချုံ ရောက်သော သုသာန်၌ ပစ်စွန့်ကုန်လတ္တံ့ဟု မိန့်တော်မူသည့်အတိုင်းမှန်သည်ကား လေးကြိမ်မြောက်သော စတုတ္ထပါဋိဟာရိယ။

ဖြစ်ရာအရပ်မှလာ၍ သုနက္ခတ္တနှင့် စကားဆိုလတ္တံ့ဟု မိန့်တော်မူသည့် အတိုင်းမှန်သည်ကား ငါးကြိမ်မြောက်သော ပဉ္စမပါဋိဟာရိယ ဤငါးပါး တို့တည်း။

သဗ္ဗာနေဝဟေတာနိ ပဉ္စပါဋိဟာရိယာနိ ဟောန္တိ။
(ပါထေယျအဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဧတာနိ ပါဋိဟာရိယာနိ၊ ဤတန်ခိုး ပြာဋိဟာ တို့သည်။ ပဉ္စ၊ ငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ခုနစ်ရက်မှာ၊ အစာမကျေ၊ ဖြစ်လေဥ္စိက်၊ ပြိတ်ချုံရောက်ရာ၊
လာ၍စကား၊ ဆိုတုံငြား၊ ငါးပါးပါဋိဟာရိယ။

၆–ကင်္ခါရမန္နက ဝတ္ထု

တရံသောအခါ ဘုရားမြတ်စွာသည် ဝေသာလီပြည် မဟာဝုန်ကျောင်း၌ ကိန်းအောင်းမွေလျော် နေတော်မူ၏၊ ထိုအခါ ကြောင်သောမျက်စိ, ထွက်သော သွားရှိသောကြောင့် ကင်္ခါရမန္နက အမည်ရှိသော တက္ကတွန်းသည် ဝဇ္ဇီရွာတွင် လာဘဂ္ဂ ယသဂ္ဂသို့ ရောက်သည်ဖြစ်၍ ဝေသာလီပြည်၌နေ၏၊ ထိုကင်္ခါရမန္နကတက္ကတွန်းအား ခုနစ်ပါးသော အကျင့်ဝတ်တို့ကို ဆောက်တည်အပ်ကုန်၏။

တဿ သတ္တဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ ဟောန္တိ။
(ပါထေယျပါဠိတော်)

တဿ၊ ထိုကင်္ခါရမန္နကအား။ သတ္တဝတပဒါနိ၊ ခုနစ်ပါးသော အကျင့်ဝတ်တို့ကို။ သမတ္တာနိ၊ ပြည့်စုံစေအပ်ကုန်သည်။ သမာဒိန္နာနိ၊ ဆောက်တည်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ငါသည် အသက်ထက်ဆုံး အဝတ်မဝတ်ပဲ တက္ကတွန်း လုပ်ပါအံ့၊ အသက်ထက်ဆုံး မေထုန်မမှီဝဲပဲ ဗြဟ္မစရိယကို ကျင့်ပါအံ့၊ အသက်ထက်ဆုံး ထမင်းမုယောကို မစားပဲ သေအမဲဖြင့်သာ မျှပါအံ့၊ ဝေသာလီပြည်မှ အရှေ့၌ဥတေနစေတီ, တောင်၌ဂေါတမကစေတီ, အနောက်၌သတ္တမ္ဗစေတီ မြောက်၌ ဗဟုပုတ္တက စေတီသည် ရှိ၏၊ ထိုစေတီတို့ကို အသက်ထက်ဆုံး မလွန်ပါအံ့၊ဤခုနစ်ပါးသော အကျင့်ဝတ်တို့ကို ဆောက်တည်အပ်ကုန်၏။

အဝတ်မဆောင်၊ မေထုန်ရှောင်ခြင်း၊ ထမင်းမမှီ၊ဝေသာလီ၏
ရှေ့ဆီဥတေ၊ တောင်နေဂေါတမ၊ နောက်မှသတ္တမ်၊ မြောက်မှန်
ဗဟု၊ ဤလေးခုကို၊ မလွန်လိုဟု၊ ဝတ်ကိုသက်ဆုံး ကျင့်သတည်း။

ထိုကဠာရမဋ္ဋကသည် ဤ ခုနစ်ပါး ကုန်သော အကျင့်ဝတ် တို့ကို ဆောက်တည်ခြင်းကြောင့် ဝဇ္ဇီရွာ၌ လာဘဂ္ဂ ယသဂ္ဂသို့ ရောက်၏၊ထိုအခါ သနက္ခတ္တသည် ကဠာရမဋ္ဋကသို့ကပ်၍ နက်နဲသော လက္ခဏာရေး သုံးပါး နှင့်စပ်သော ပြဿနာကိုမေး၏။

ပဉှံ ပုစ္ဆိတိ ဂမ္ဘီရံ တိလက္ခဏာဟဋ္ဌံ ပဉှံ ပုစ္ဆိ။
(ပါထေယျအဋ္ဌကထာ)

ပဉှံပုစ္ဆိတိ၊ ပဉ္စံပုစ္ဆိ ဟူသည်ကား၊ ဂမ္ဘီရံ၊ နက်နဲသော။ တိလက္ခဏာဟဋ္ဌံ၊ လက္ခဏာရေးသုံးပါးနှင့်စပ်သော။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆိ၊ မေး၏။

ထိုအခါ ကဠာရမဋ္ဋကသည် ပြည့်စုံစွာ မဖြေနိုင်ရကား ပြောက်ကျားသော မျက်စိတို့ကို ပြန်လှန်၍ ကြည့်လျက် မသင့်အပ်သော သူ၏အထံ၌ နေ၍ ရဟန်းတို့ကို အရာမဟုတ်သည်၌ပြဿနာကိုမေးလျက်လှည့်လည်၏၊ ''ဖဲလော့၊ ဤအရပ်၌ မတည်ပါလင့်''ဟု ဆိုလျက် အမျက်ထွက်ခြင်း, ပြစ်မှားခြင်း, မနှစ်သက်ခြင်းကို ထင်စွာပြု၏၊ ယင်းသို့ပြုသောအခါ သုနက္ခတ္တလည်း ငါသည် ကောင်းသော သဘောရှိသော ရဟန်းကို ချုတ်ချယ်ခြင်းကို ပြုမိတုံ၏၊ ငါ့အား နေ့ညဉ့်ရှည်စွာ ဆင်းရဲခြင်းငှာ မဖြစ်ပါစေလင့် ဟု အကြံဖြစ်၏၊ ယင်းသို့ကြံပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် ''အကျွန်ုပ်၏ အပြစ်ကို သည်းခံပါ''ဟု ကန်တော့၏ ထိုအခါ ကဠာရမဋ္ဋက က''ယနေ့မှစ၍ တပါးသော တစုံတခုသော ပြဿနာကို မေးဦးမည်လော''ဟု ဆို၏၊မမေးဝံ့ပါပြီဟုဝန်ခံသော်''အကယ်၍ မမေးဝံ့သည် ဖြစ်အံ့၊ သွားလေတော့ ငါသည်းခံ၏''ဟု ဆို၍ လွှတ်လိုက်၏၊ ထိုအခါ

သုနက္ခတ္တသည် ဘုရားရှင်သို့ကပ်လျက် ရှိခိုး၍ သင့်တင့်ရာကနေ၏၊ ဘုရားသဗ္ဗညုလည်းသုနက္ခတ္တကို "မောဃပုရိသ....သင်စင်လျက်လည်း သာကီဝင်မင်းသား ရဟန်းဟု ဝန်ခံဘိ၏"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား....အဘယ်နည်း"ဟု မေးလျှောက်သော် မောဃပုရိသ....သင်သည် အစေလက ကင္ဒြာရမန္ဒကကို ပြဿနာကိုမေး၍ မဖြေနိုင်ရကား သင့်အားအမျက်ထွက်လတ်သော် ငါသည် ရဟန္တာကို ချုတ်ချယ်မိ၏ တကား....ငါ့အားနှေ့ညရှည်စွာ ဆင်းရဲခြင်းငှာ မဖြစ်စေလင့်ဟု ကြံသည်မဟုတ်လော"ဟုမိန့်တော်မူ၏၊ အရှင်ဘုရားကြံပါ၏၊ အရှင်ဘုရားသည် သူတပါးတို့၏အရဟတ္တဖိုလ်ကို ဝှန်တိုတော်မူ၏၊ မောဃပုရိသ ငါကား သူတပါးတို့၏ အရဟတ္တဖိုလ်ကို ဝန်မတို၊ နတ်နှင့်တကွလူအပေါင်းတို့၏ အရဟတ္တဖိုလ်ကိုရခြင်းကိုသာ ငါအလိုရှိသည်၊ စင်စစ်သော်ကား သင့်အားသာ ယုတ်မာသော မိစ္ဆာအယူဖြစ်သည်၊ ထိုမိစ္ဆာအယူကိုစွန့်လော့၊ သင့်အားနှေ့ည၌ရှည်စွာ ဆင်းရဲခြင်းငှာမဖြစ်စေလင့်ဟု မိန့်တော်မူ၍ သုနက္ခတ္တ အကြင်အစေလက ကင္ဒြာရမန္ဒကကို ရဟန္တာဟု သင်မှတ်ထင်၏၊ ထိုအစေလက ကင္ဒြာရမန္ဒကသည် မကြာမြင့်မီ ပုဆိုးအဝတ်ကို ဝတ်သည်ဖြစ်၍ မယားနှင့်တကွ လှည့်လည်လျက် ထမင်းမုယောမုန့်ကို စားသည်ဖြစ်၍ အလုံးစုံသောဝေသာလီပြည်၏ စေတီတို့ကိုလွန်လျက် လာဘဂ္ဂ ယသဂ္ဂ ပျက်စီးသည်ဖြစ်၍ သေလတ္တံ့ဟု မိန့်တော်မူ၏၊ ယင်းသို့မိန့်တော်မူလျှင် မိန့်တော်သည့်အတိုင်း အစေလက ကင္ဒြာရမန္ဒကသည် ပျက်စီး၍ သေလေ၏၊ သုနက္ခတ္တလည်းသေကြောင်းကို ကြားလေ၏၊ ထိုအခါ သုနက္ခတ္တသည် သဗ္ဗညုဘုရားသို့ကပ်လျက်ရှိသေစွာ ရှိခိုး၍ သင့်တင့်ရာအရပ်က နေလေ၏၊ သဗ္ဗညုဘုရားလည်း သုနက္ခတ္တ....အကြင်အခြင်းဖြင့် အစေလက ကင္ဒြာရမန္ဒကကို ငါဘုရားသည် ကြားအပ်၏၊ ထိုအခြင်းဖြင့် မှန်၏လောဟုမေးတော်မူ၏၊ သုနက္ခတ္တလည်းမှန်ကြောင်းကို လျှောက်၏။

ဤ၌ ခုနစ်ပါးသော အကျင့် ဝတ်တို့ကို လွန်သော အားဖြင့် ခုနစ်ပါးသော တန်ခိုးပြာဋိဟာတို့ကို သိအပ်ကုန်၏။

ဤသို့ ပြဆိုအပ်ပြီးသော အစေလက မိစ္ဆာဒိဋ္ဌိတို့သည်လည်း ဇဲ့ာတိတည်းဟူသော တရားအကြောင်းရင်း ခံသောကြောင့် အသက်ထက်ဆုံး အဝတ်မဝတ်ပဲ အချဉ်း, အပူ, ခြင်, မှက်, မြွေ, ကင်း, သန်းတို့အတွေ့တို့ကို သည်းခံလျက် ဆင်းရဲစွာသော အာတာပန မရိတာပန အတ္တပုပက္ကမ

မူလကဒုက္ခကို ခံစားရကုန်သည်၊ အကယ်၍ ဇာတိမရှိသည်ဖြစ်အံ့၊ ထိုဒုက္ခကိုမခံစားရပြီ၊ ဇာတိရှိသောကြောင့်သာ ခံစားရကုန်သည်၊ ထို့ကြောင့် ဇာတိဟူသောတရားယုတ်ကား စက်ဆုပ်ရွံရှာဖွယ်တကားဟု နှလုံးထား၍ ထိုဇာတိဒုက္ခ၏ ကင်းလွတ်ရာ ချမ်းသာသော နိဗ္ဗာန်ကိုတောင့်တလျက် ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ ထိတ်လန့်ခြင်းကို ဖြစ်စေသောအားဖြင့် ဉာဏသံဝေဂကို ပွားများစေကုန်ရာ၏။

ဤကား အတ္တုပက္ကမ မူလကဒုက္ခ၌ ဝတ္ထုသက်သေ အမြွက်တည်း။

---

## (ပရူပက္ကမ မူလကဒုက္ခ)

၇၉-ဇာတိဒုက္ခအရာဝယ် ဇာတိနှင့်မကင်း၍ ပဋိသန္ဓေနေရကုန်သော သတ္တဝါတို့၏ တွေ့ကြုံခံစားရသော ဒုက္ခခုနစ်ပါးအနက် ခုနစ်ခုမြောက် ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သူတပါးလက်နက်ဖြင့် သေရသော နန္ဒဂေါပါလက ဝတ္ထု

ပရူပက္ကမမူလဒုက္ခ၌ ဝတ္ထုသက်သေ အမြွက်ကား ဘုရားသဗ္ဗညုသည် ကောသလဇနပုဒ်၌ နေတော်မူလျက် နန္ဒဂေါပါလကကို အကြောင်းပြု၍ တခုသောဒေသနာကိုဟောတော်မူ၏၊ သာဝတ္ထိပြည်၌ အနာထပိဏ်သဋ္ဌေး၏ နန္ဒ အမည်ရှိသော နွားကျောင်းသားသည် နွားအပေါင်းကို ကျောင်းသည်ဖြစ်၍ ထိန်းသိမ်း စောင့်ရှောက်လျက် နေ၏၊ ကြွယ်ဝ မြားမြောင်သော ဥစ္စာစည်းစိမ်ရှိ၏၊ ထိုနန္ဒဂေါပါလကသည် ဝိနည်း, သုတ္တန်ပါတ်တို့၌ လာသော ကေဏိယဇဋိလသည် ရဟန်းအသွင်ဖြင့် ဥစ္စာစည်းစိမ်ကို စောင့်ရှောက်သကဲ့သို့ ဤအတူ နွားကျောင်းသား၏အသွင်ဖြင့် မင်းနှိပ်စက်ခြင်းကိုပယ်လျက် မိမိဥစ္စာစည်းစိမ်ကို စောင့်ရှောက်၏၊ ထိုနန္ဒဂေါပါလကသည် အခါမပြတ်ငါးပါးသောနွားနို့အရသာတို့ကို ယူလျက် အနာထပိဏ်သဋ္ဌေးအိမ်သို့ လာပြီးလျှင် သဗ္ဗညုဘုရားအား ဖူးမြင်၏၊ တရားတော်ကိုလည်း နာ၏၊ မိမိနေရာ ဌာနသို့ ကြွစိမ့်သောငှာလည်း သဗ္ဗညုဘုရားရှင်ကို တောင်းပန်၏၊ သဗ္ဗညုဘုရားသခင်လည်း ထိုနန္ဒ ဂေါပါလက၏ ဉာဏ်ရင့်ခြင်းကိုငံ့လင့်တော်မူလျက် ကြွတော်မမူပဲ ဉာဏ်ရင့်သောအဖြစ်ကို သိတော်မူမှ တနေ့သ၌ များစွာသော ရဟန်းအပေါင်းခြံရံလျက်ဒေသစာရီ

လှည့်လည်တော် မူသည်ရှိသော် ခရီးမှ ဖဲတော်မူ၍ ထိုနန္ဒဂေါပါလက၏ နေရာအနီးဖြစ်သော တခုသော တောအုပ်၌ အမှတ်မရှိသော သစ်ပင်ရင်း ဝယ် နေတော်မူ၏၊ နန္ဒဂေါပါလကလည်း သဗ္ဗညုဘုရား အထံသို့လာပြီး လျှင် ရှိခိုး၍ စကား အစေ့အစပ်ကိုပြုလျက် သဗ္ဗညုဘုရားကို တပည့်သား သံဃာတော်တို့နှင့်တကွပင့်ဖိတ်ပြီးသော်ခုနစ်ရက်ပတ်လုံးဘုရားအမှူးရှိသော သံဃာတော်အားမွန်မြတ်သော ငါးပါးသော နွားနို့အရသာကို လှူ၏၊ သဗ္ဗညုဘုရားလည်း ခုနစ်ရက် မြောက်သောနေ့၌ အနုမောဒနာပြုတော် မူ၍ ဒါနကထာစသော အစဉ်သော တရားစကားကိုဟောကြားတော်မူ၏၊ ဟောကြားတော်မူသော အဆုံး၌နန္ဒဂေါပါလကသည်သောတာပတ္တိဖိုလ်၌ တည်၍ သဗ္ဗညုဘုရား၏ သပိတ်တော်ကို ယူလျက်သဗ္ဗညုဘုရားကို အစဉ်လိုက်၍ ပို့သော် ဝေးသောအရပ်သို့ လိုက်၍ "ရပ်ခလော့ ဥပါသကာ ပြန်ပါလော့"ဟု ဘုရားက လွှတ်တော်မူလျှင် ရှိခိုး၍ပြန်လေ၏၊ ထိုအခါ နန္ဒဂေါပါလကကို တယောက်သော မုဆိုးသည်ထိုးပစ်၍ သေစေ၏။

အထ နံ ကောလုဒ္ဒကော ဝိဇ္ဈိတွာ မာရေသိ။
(ဓမ္မပဒ အဋ္ဌကထာ)

အထ၊ ထိုအခါ၌၊ နံ၊ ထိုနန္ဒဂေါပါလကကို။ ကောလုဒ္ဒကော၊ မုဆိုး တယောက်သည်။ ဝိဇ္ဈိတွာ၊ ထိုးပစ်၍။ မာရေသိ၊ သေစေ၏။

ထိုအခါ နောက်မှ လိုက်ကုန်သော ရဟန်းတို့သည် ထိုနန္ဒဂေါပါလက ၏ အလောင်းကို မြင်၍ သဗ္ဗညုဘုရားရှင်အား လျှောက်ထားကြကုန်၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....နန္ဒဂေါပါလကကား အရှင်ဘုရားတို့၏ ဤအရပ်သို့ ရောက်တော်မူလာသည်၏အဖြစ်ကြောင့် ကြီးစွာသော အလှူ ကိုပေးပြီးလျှင် ပို့၍အပြန်တွင် အရှင်လတ်လတ် သတ်အပ်လေသည်၊ အကယ်၍ အရှင်ဘုရားတို့သည် မကြွလာ ကုန်သည် ဖြစ်အံ့၊ ထိုနန္ဒ ဂေါပါလက ကား သေခြင်းသည်မဖြစ်ရာဟု လျှောက်ကြကုန်၏၊ သဗ္ဗညု ဘုရားလည်း "ချစ်သားတို့ ငါဘုရားသည် ကြွလာတော် မူသော်လည်း ကောင်း၊ မကြွလာတော် မူသော်လည်းကောင်း၊ ထိုနန္ဒဂေါပါလကအား အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာသို့ သွားငြားသော်လည်း သေခြင်း တရားမှ လွတ်ခြင်း မည်သည် မရှိ၊ အကြင် သေခြင်းအမှုကို သူခိုးတို့သည် လည်းကောင်း, ရန်သူတို့သည် လည်းကောင်း, ပြုသည် ညွှန်စာပေး ၄၄။

မဟုတ်ကုန်၊ ထိုသေခြင်းကို ဤသတ္တဝါတို့၏ မိမိ၌ ဖြစ်သောမကောင်းသဖြင့် ဆောက်တည် အပ်သော စိတ်သည်သာပြု၏" ဟု မိန့်တော်မူ၏။

ဤနန္ဒ ဂေါပါလကသည် ဇာတိ တည်းဟူသောတရား ကြောင်းရင်းခံသောကြောင့် ဒုက္ခနှင့်မကင်း၊ သူတပါးလုံ့လဖြင့် သေရခြင်း တည်းဟူသော ပရူပက္ကမ မူလကဒုက္ခကို ခံစားရလေ၏၊ အကယ်၍ ဇာတိမရှိသည်ဖြစ်အံ့၊ ထိုဒုက္ခကို မခံစားရပြီ၊ ဇာတိရှိသောကြောင့်သာ ခံစားရသည်၊ ထို့ကြောင့် ဇာတိဟူသော တရားယုတ်ကား စက်ဆုပ် ရွံရှာဖွယ်တကားဟု နှလုံးထား၍ ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ ထိတ်လန့်ခြင်းကို ဖြစ်စေသောအားဖြင့် ဉာဏသံဝေဂတရားကို ပွားများစေကုန်ရာ၏။

### ၈၀-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓား လက်နက် စသည်ဖြင့်သတ်ဖြတ်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့်သေရသောမဟာကာဠဥပါသကာဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူလျက် တယောက်သောမဟာကာဠအမည်ရှိသောသောတာပန် ဥပါသကာကို အကြောင်းပြု၍ တခုသောဓမ္မဒေသနာကိုဟောတော်မူ၏၊ ထိုဥပါသကာသည် တလကို ရှစ်ကြိမ် ဥပုသ်သုံးသည်ဖြစ်၍ ကျောင်း၌ ညဉ့်သုံးယာမ် ပတ်လုံး တရားတော်ကို နာလျက်နေ၏၊ ထိုအခါ မဟာကာဠ ဥပါသကာကို ညဉ့်အခါ သူခိုးတို့သည် တခုသောအိမ်၌ ခြံစပ်ကို ဖြတ်ဖောက်၍ဥစ္စာကိုရှာလေလျှင် ကြေးခွက်ကို တိုက်ခိုက်မိသော အသံကြောင့်အိမ်ရှင်တို့ နိုးကုန်သော် အိမ်ရှင်လူတို့သည် အစဉ်လိုက်ကုန်ရကား ယူတိုင်းသော ဥစ္စာကို စွန့်ပစ်၍ ပြေးကြကုန်၏၊ ဥစ္စာရှင်တို့သည် သူခိုးတို့ကို အစဉ်လိုက်ကုန်သည်ရှိသော် သူခိုးတို့သည် ဖရိုဖရဲ ကွဲကုန်သည်ဖြစ်၍ ထိုထိုအရပ်သို့ ပြေးသွားကုန်၏၊ သူခိုးတယောက်ကား ပြေးသွားသည်ရှိသော် ကျောင်းလမ်းခရီးကိုယူ၍ မဟာကာဠ ဥပါသကာ၏ ညဉ့်အခါ တရားစကားကို ကြားနာ၍ နံနက်စောစော သာလျှင်ထ၍ ရေးထောင့်ကန်၌ မျက်နှာသစ်သည်ရှိသော် ရှေ့ တွင်ဥစ္စာထုပ်ကို ပစ်ထား

၍ပြေးသွားလေ၏၊ သူခိုးတို့ကို အစဉ်လိုက်၍ လာကုန်သော ဥစ္စာရှင်တို့သည် ဥစ္စာထုပ်ကို မြင်ကုန်လျှင် သင်ကား ငါတို့အိမ်၌ ခြံစပ်ကို ဖြတ်ဖေါက်၍ ဥစ္စာကို ခိုးယူဝှက်ထားပြီးမှ တရားနာဟန်ပြု၍ လှည့်လည်၏ဟု ဆိုပြီးလျှင် ထိုမဟာကာဠ ဥပါသကာကို ဆွဲငင်၍ ပုတ်ခတ် ထောင်းသတ်ပြီးလျှင် အသက်ကိုပင် ဆုံးအောင် စီရင်ပြီးမှ အကောင်ကို ပစ်ထား၍ သွားလေကုန်၏။

တံ ဂဟေတွာ ပေါထေတွာ မာရေတွာ ဆဍ္ဍေတွာ အဂမံသု။
(ဓမ္မပဒအဋ္ဌကထာ)

တံ၊ ထိုမဟာကာဠ ဥပါသကာကို။ ဂဟေတွာ၊ ဖမ်း၍။ ပေါထေတွာ၊ ပုတ်ခတ် ထောင်းသတ်၍။ မာရေတွာ၊ သေစေ၍။ ဆဍ္ဍေတွာ၊ စွန့်၍။ အဂမံသု၊ သွားကြကုန်၏။

ထိုအခါ နံနက်စောစော ရောက်လျှင် သောက်ရေအိုးကို ယူ၍သွားသော ပဥ္စင်းငယ် သာမဏေတို့သည် မဟာကာဠ ဥပါသကာ၏ အလောင်းကို မြင်ကုန်လျှင် ကျောင်း၌ တရားနာ၍ အိပ်သော ဥပါသကာသည် မသင့်သော သေခြင်းကိုရ၏ဟု ဆို၍ သဗ္ဗညု မြတ်စွာဘုရားအား လျှောက်ထားကုန်၏၊ သဗ္ဗညု ဘုရားလည်း "ချစ်သားရဟန်းတို့....ဤဘဝ၌ မဟာကာဠ ဥပါသကာအား မသင့်သောသေခြင်းကို ရသည်မှန်၏၊ ရှေး၌ မိမိပြုအပ်သော ကံ၏အစွမ်းဖြင့် ထိုဥပါသကာအား သေခြင်းကို ရခြင်းသည် သင့်သည်သာတည်း"ဟု မိန့်တော်မူ၏၊ ယင်းသို့ မိန့်တော်မူလျှင် ထိုဥပါသကာပြုအပ်သော ကံသည် အဘယ်နည်းဟု လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏နိုင်ငံတွင် တခုသောပစ္စန္တရစ် ရွာ၏ တောအုပ်၌ ခါးပြသူခိုးတို့သည် လမ်းသွားလူတို့ကိုလုယက်ဖျက်ဆီးကုန်၏၊ ထိုအခါ မင်းသည် ထိုပစ္စန္တရစ်တောအုပ်ဝ၌ မင်းချင်းတယောက်ကိုထား၏၊ ထိုမင်းချင်းယောကျ်ားသည် အခကိုယူ၍ လူအပေါင်းကို ဤမှာဘက်မှ ထိုမှာဘက်သို့ပို့၏၊ ထိုမှာဘက်မှ ဤမှာဘက်သို့ပို့ဆောင်၏၊ ထိုအခါ လူတယောက်သည် အလွန်အဆင်းလှသော မိမိမယားကို ယာဉ်ငယ်ဖြင့် တင်၍ တောအုပ်ဝသို့ ရောက်လာ၏၊ မင်းချင်းယောကျ်ားလည်း ထိုမိန်းမကို မြင်လျှင် တပ်နှစ်သက်ခြင်း ဖြစ်ရကား ထိုယောကျ်ားသည် "သခင်.... ငါတို့အား တောအုပ်ကို လွန်ပါစေလော့"ဟု ဆိုငြားသော်လည်း "ယခု

ကား အခါမဟုတ်ပြီ၊ နက်ဖြန် နံနက်စောစော ဤတောအုပ်ကိုလွန်စေအံ့” ဟု ဆို၏၊ ထိုယောကျ်ားလည်း “စောပါသေး၏ သခင်၊ ယခုပင် ငါတို့ကို လွှန်ပါစေလော့”ဟု ဆို၏၊ “အချင်းယောကျ်ား ပြန်လေ၊ ငါတို့အိမ်၌သာ သင့်အား ထမင်းရိက္ခာ နေရာဖြစ်လတ္တံ့”ဟု ဆို၏၊ ထိုယောကျ်ားသည် လည်း ပြန်ခြင်းငှာအလိုမရှိ၊မင်းချင်းယောကျ်ားလည်း မိမိအချင်းတို့အား အမှတ်ပေး၍ ယာဉ်ကို နစ်စေပြီးလျှင် ထိုယောကျ်ား၏ အလိုမရှိစဉ်ပင် တံခါးမုခ်၌ နေရာပေး၍ ထမင်းဟင်းကိုစီရင်စေ၏၊ထိုမင်းချင်းယောကျ်ား ၏ အိမ်၌ ပတ္တမြား ရတနာတခုသည် ရှိ၏၊ ထိုမင်းချင်း ယောကျ်ားသည် ထိုပတ္တမြားရတနာကို ထိုယောကျ်ား၏ယာဉ်ကြား၌ထားစေ၍ မိုးသောက် လျှင် သူခိုးတို့ ဝင်သောအသံကို ပြုစေ၏၊ ထိုအခါ မင်းချင်းယောကျ်ား၏ အချင်းတို့သည် “သခင်.... သူခိုးတို့သည် ပတ္တမြားရတနာကို ခိုးယူအပ် လေပြီ” ဟု ကြားကုန်၏၊ ထိုမင်းချင်း ယောကျ်ားသည် ရွာတံခါးတို့၌ အစောင့်အရှောက်ကို ထား၍ ရွာတွင်းမှ ထွက်သော လူတို့တို့ စူးစမ်းကြ ကုန်လော့ဟုဆို၏၊ခရီးသွားသော ယောကျ်ားလည်း နံနက်စောစောကပင် ယာဉ်ကိုကု၍ သွားလေ၏၊ ထိုအခါ ထိုယောကျ်ား၏ ယာဉ်ကို သုတ်သင် ကြည့်ရှုသော် မိမိသည်ပင် ထားအပ်သော ပတ္တမြားရတနာကို မြင်လျှင် ထိုယောကျ်ားကို ခြိမ်းခြောက်၍ “သင်ကား ပတ္တမြားရတနာကို ခိုး၍ ထွက်ပြေးသည်”ဟု ပုတ်ခတ် ထောင်းသတ်၍ ဖမ်းပြီးလျှင် “သခင် ဤသူကား သူခိုးတည်း”ဟု ဆို၍ ရွာစားအား ပြကုန်၏၊ရွာစားမင်းချင်း လည်း “ဤယောကျ်ားကို ငါသည် အိမ်၌နေရာပေး၍ ထမင်းကျွေးအပ်၏၊ ထိုကျေးဇူးကို နှလုံးမထား ပတ္တမြားကို ခိုး၍သွားခဲ့သည်၊ ထိုယောကျ်ား ယုတ်ကို ဖမ်းကုန်လော့”ဟု ဆိုပြီးလျှင် ထောင်းထုပုတ်ခတ်ဂျက် သတ်၍ အလောင်းကောင်ကိုစွန့်စေ၏။

ဤသည်လျှင် ထိုမဟာကာဠ ဥပါသကာ၏ ရှေးမကောင်းမှုတည်း၊ ထိုမင်းချင်း ယောကျ်ားသည် ထိုဘဝမှ စုတေသော် အဝီစိငရဲ၌ဖြစ်၍ ထို အဝီစိငရဲ၌ရှည်စွာသော နေ့ညဉ့်ပတ်လုံးကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်း ဖြင့် အတ္တဘောတရာ၌ ထိုနည်းတူ ပုတ်ခတ်၍သာ သေခြင်းသို့ ရောက်ရ၏၊ ဤသို့လျှင် ဘုရားမြတ်စွာသည် မဟာကာဠ ဥပါသကာ၏ ရှေးမကောင်းမှု ကိုပြ၍ “ချစ်သားတို့....သတ္တဝါတို့အား မိမိပြုအပ်သော မကောင်းမှုသည် သာလျှင် မိမိကို အပါယ်လေးတံ့ဘို့၌ နှိပ်စက်အပ်၏”ဟု မိန့်တော်မူ၏။

၏ ဥပါသကာမဟာကာ,ငွ ခရီးသွားယောကျ်ားတို့လည်း ဇာတိမကောင်းသောကြောင့် သူတပါးလုံ့လဖြင့် သေရခြင်း တည်းဟူသော ပရူပက္ကမမူလကဒုက္ခကို ခံစားမိကုန်၏။

### ၈၁-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓားလက်နက်ဖြင့် သတ်ဖြတ်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဝေဒဗ္ဗပုဏ္ဏား, ခိုးသားတထောင်တို့ ဝတ္ထု

ဘုရား မြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူလျက် ဒုဗ္ဗစ ရဟန်းကို အကြောင်းပြု၍ တခုသောဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုရဟန်းကိုဘုရားမြတ်စွာသည် "ရဟန်း....သင်ကား ယခု၌သာ ဆိုဆုံးမ ခက်သည်မဟုတ်၊ ရှေး၌လည်း ခက်သည်သာတည်း၊ ယင်းသို့ ဆိုဆုံးမ ခက်သောကြောင့်သစလျှင် ပညာရှိတို့၏စကားကို နားမထောင်မူ၍ ထက်စွာသော သန်လျက်ဓားဖြင့်ပိုင်းဖြတ်ပြီးလျှင် လမ်းစပ်ခရီးဝယ်ပစ်လေ၏၊ သင်တယောက်ကို အမှီပြု၍လည်း ယောကျ်ားတထောင်လုံးသည် ဆုံးရှုံးပျက်စီးလျက် အသက်ကုန်ခြင်းသို့ ရောက်လေကုန်၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် အမည် ရှိသော မင်းသည်၊ ပြုသည် ရှိသော် တခုသော ရွာငယ်၌ အမှတ် မရှိသော ပုဏ္ဏားတယောက်သည် ဝေဒဗ္ဗမည်သော မန္တာန်ကို တတ်၏။

ဓုံဝိဝိ ဒဗ္ဗ ဝိဒဗ္ဗံ၊ ။အထူးထူး အပြားပြားသော ဥစ္စာရစေဒဗ္ဗသဒ္ဒါကား ဥစ္စာဟော။

ဝိဒဗ္ဗံ ဇနေတီတိ ဝေဒဗ္ဗံ။ မန္တာန်ရစေ၊ မန္တာန်သာ၊ မုချဝေဒဗ္ဗမည်ရင်း။ပုဏ္ဏားကား ထိုမန္တာန်ကိုတတ်သောကြောင့် ဥပစာအားဖြင့် ဓေဒဗ္ဗဟု အမည်ရသည်။

ထိုမန္တာန်ကားအဖိုးအတိုင်းမသိ မျှားစွာ ထိုက်သတတ်၊ နက္ခတ်နှင့်ယှဉ်ခြင်းကို ရသည်ရှိသော် ထိုမန္တာန်ကို ရွတ်လှန်၍ ကောင်းကင်သို့ မော်ကြည့်လေလျှင် ကောင်းကင်မှ ရတနာခုနစ်ပါးမိုးရွာ၏၊ ထိုအခါ ဘုရားအလောင်းတော်သည် ထိုဝေဒဗ္ဗပုဏ္ဏား၏ အထံမှာအတတ်ပညာကို သင်၏၊ ထိုအခါတနေ့သ၌ ဝေဒဗ္ဗပုဏ္ဏားသည် ဘုရားအလောင်းကို ခေါ်ပြီး

သော် တစုံတခုသော ပြုဖွယ် ကိစ္စဖြင့် မိမိနေရာ ရွာငယ်မှထွက်၍ စေတတိုင်းသို့ သွားလေ၏၊ ခရီးအကြား၌လည်း တခုသော တောအရပ်မှာ ငါးရာသော ပေသနက စောရမည်သော ဒမြသူခိုးတို့သည် လမ်းခရီး၌ လူယက်ဖျက်ဆီးခြင်းကို ပြုလျက်နေကုန်၏၊ ထိုငါးရာသော သူခိုးဒမြတို့သည် တပည့်ဖြစ်သော ဘုရားလောင်းနှင့်တကွ ဆရာဖြစ်သော ဝေဒဗ္ဗပုဏ္ဏားကို ဖမ်း၍ ချုပ်ကုန်၏။

အဘယ့်ကြောင့် ထိုသူခိုး ဒမြတို့သည် ပေသနကစောရဟူသော အမည်ကို ရကြကုန်သနည်းဟူမူကား ထို ငါးရာသောဒမြသူခိုးတို့သည် နှစ်ယောက်သော သူတို့ကို ဖမ်းပြီးလျှင် တယောက်ကို ချုပ်ထား၍ တယောက်ကို ဥစ္စာဆောင်ခြင်းငှာစေခိုင်းကုန်၏၊ ထို့ကြောင့် ထိုငါးရာသော သူခိုးဒမြတို့သည် ပေသနက စောရမည်ကြ ကုန်သတည်း၊ "ပေသေန္တီတိ ပေသနာ၊ ပေသနာဝေ ပေသနကာ၊ ပေသနကာ-စတေ စောရာစေတိ ပေ သနကစောရာ" ဟူသော စေနတ္ထကြောင့် ပေသနက စောရမည်ကြကုန်၏ဟု ဆိုလိုသည်။

ထိုငါးရာသော ဒမြ သူခိုးတို့သည် သားအဖ တို့ကို ဖမ်းပြီးလျှင် သားကို ချုပ်ကိုင်၍ "သင်သည် ငါတို့ဖို့ ဥစ္စာကိုဆောင်ပြီးလျှင်သားကို ရွေးနုတ်၍ သွားလော့"ဟုဆိုကုန်၏၊ ဤသို့သောနည်းဖြင့်သမီးနှင့်အမိတို့ကို ဖမ်းပြီးလျှင် သမီးကို ချုပ်ကိုင်၍ အမိကိုလွှတ်ကုန်၏၊ ညီနှင့်အစ်ကို တို့ကို ဖမ်းပြီးလျှင် ညီကို ချုပ်ကိုင်၍ အစ်ကိုကို လွှတ်ကုန်၏၊ ဆရာနှင့် တပည့်တို့ကို ဖမ်းပြီးလျှင် ဆရာကိုချုပ်ကိုင်၍ တပည့်ကို လွှတ်ကုန်၏၊ ထိုငါးရာသော သူခိုးတို့သည် ထိုအခါ ဆရာတပည့်ကို ဖမ်းပြီးလျှင် ဆရာဖြစ်သော ဝေဒဗ္ဗပုဏ္ဏားကို ချုပ်ကိုင်၍ တပည့်ဖြစ်သော ဘုရားလောင်းကို လွှတ်ကုန်၏၊ ဘုရားလောင်းသည် ဆရာကို ရှိခိုးပြီးလျှင် "ဆရာ....ငါသည် တချက်နှစ်ရက် လွန်သဖြင့်လာအံ့၊ ဆရာတို့သည်မကြောက်ကုန်လင့်၊ စင်စစ်မူကား ငါ့စကားကို လိုက်နာပါ၊ ယနေ့ ဥစ္စာကို မိုးရွာစေဘတ်သော နက္ခတ်နှင့် ယှဉ်ခြင်းသည် ဖြစ်လတ္တံ့၊ ဆရာတို့သည် ဆင်းရဲကို သည်းမခံနိုင်ရကား မန္တာန်ကို ပြန်လှန်၍ ဥစ္စာမိုးကို မရွာပါစေလင့်၊ အကယ်၍ ရွာစေ ငြားအံ့၊ ဆရာတို့သည် လည်း ကောင်း၊ ဤ ငါး ရာ သော သူခိုးတို့သည် လည်းကောင်း။ ပျက်စီးခြင်းသို့ ရောက် ကုန် လတ္တံ့"

ဤသို့ ဆရာကိုဆုံးမခဲ့၍ ဥစ္စာဆောင်ခြင်းငှာ သွားလေ၏၊ သူခိုးတို့လည်း နေဝင်လျှင်ပုဏ္ဏားကို ဖွဲ့ချည်၍ အိပ်စေကုန်၏၊ ထိုအခါ၌ပင်လျှင် အရှေ့ လောကဓာတ်မှ 'လပြည့်ဝန်းသည် တက်၍ပုဏ္ဏားလည်း နက္ခတ်ကို မေ၍ ကြည့်လတ်သော် ဥစ္စာမိုးကိုရွာစေတတ်သော နက္ခတ်နှင့် ယှဉ်ခြင်းကိုရအပ်၏၊ ဆင်းရဲခံစားသဖြင့် ငါ့အားအဘယ်အကျိုးရှိအံ့နည်း၊ မန္တာန်ကို ပြန်လှန်လျက်ဥစ္စာမိုးကို ရွာစေပြီးလျှင် ခိုးသူတို့အားပေး၍ ချမ်းသာစွာ သွားအံ့ဟု ကြံ၍ ခိုးသူတို့ကိုမေး၏၊ 'အချင်းခိုးသူတို့....သင်တို့သည်ငါ့ကို အဘယ်အကျိုးငှာ ဖမ်းကြကုန်သနည်း'ဟု မေးလေသော် 'ဥစ္စာအကျိုးငှာဖမ်းသည်'ဟု ဆိုလျှင် 'အကယ်၍သင်တို့သည် ဥစ္စာဖြင့် အလိုရှိကုန်ပြားအံ့၊ငါ့အားလျှင်မြန်စွာ လွှတ်၍ ဦးခေါင်းနှင့်တကွ ရေချိုးစေပြီးလျှင် အစာမကြေသော ပုဆိုးကို ဝတ်စေပြီးသော်နံ့သာတို့ဖြင့်လိမ်းကျံစေပြီးမှ ပန်းတို့ကို ပန်ဆင်လျက် ထားကြကုန်လော့'ဟု ဆို၏၊သူခိုးတို့လည်း ပုဏ္ဏားစကားကို ကြားလျှင် ပုဏ္ဏားဆိုတိုင်း ပြုကြကုန်၏၊ ပုဏ္ဏားလည်း နက္ခတ်နှင့် ယှဉ်ခြင်းကိုသိလေလျှင် မန္တာန်ကို ပြန်လှန်၍ကောင်းကင်ကို မေ၍ကြည့်၏၊ ထိုခဏ၌ပင် ကောင်းကင်မှ ရတနာမိုးတို့သည်-ရွာကုန်၏၊ သူခိုးတို့လည်း ထိုဥစ္စာအားလုံးကိုစုရုံး၍ ကိုယ်ဝတ်တို့ဖြင့် ထုပ်ပြီးလျှင် သွားကြကုန်၏၊ ပုဏ္ဏားလည်း ထိုသူတို့၏ နောက်၌ပင် လိုက်၍သွား၏၊ ထိုအခါ ငါးရာသော သူခိုးတို့ကို ငါးရာသော သူဝှက်တို့သည် လုယက်ဖမ်းဆီးပြန်ကုန်၏၊ 'အဘယ်အကျိုးငှာငါတို့ကို ဖမ်းဆီးကြကုန်သနည်း' ဟု မေးလျှင် ဥစ္စာအလို့ငှာဟုဆိုကြကုန်၏၊ 'ယင်းသို့တပြီးကားအချင်းသူဝှက်တို့....ဥစ္စာဖြင့် အကယ်၍ အလိုရှိပြားအံ့၊ ဤပုဏ္ဏားကို ဖမ်းကြစေကုန်၊ ဤပုဏ္ဏားသည် ကောင်းကင်ကို မေ၍ကြည့်၍ ဥစ္စာမိုးကို ရွာစေတတ်၏၊ ဤဥစ္စာကို ငါတို့အား ဤပုဏ္ဏားပေးအပ်၏'ဟု ဆိုကုန်၏၊ သူဝှက်တို့လည်း သူခိုးတို့ကိုလွှတ်ပြီးလျှင်''အရှင်ပုဏ္ဏား....ငါတို့အားလည်း ဥစ္စာကိုပေးအပ်ပါကုန်''ဟုဆို၍ချုပ်ကိုင်၏၊ ပုဏ္ဏားလည်း ''ငါသည် သင်တို့အား ဥစ္စာကိုပေးရာ၏၊ ဥစ္စာမိုးကို ရွာစေသော နက္ခတ်နှင့် ယှဉ်ခြင်း သည်ကား ဤနှစ်မှ တနှစ်၏ အထက်၌ဖြစ်လတ္တံ့၊ အကယ်၍ သင်တို့သည် ဥစ္စာဖြင့် အလိုရှိကုန်ငြားအံ့၊ တနှစ်မျှ သည်းခံကြပါကုန်၊ နောင်နှစ်ခါ ဥစ္စာမိုးကို ရွာစေအံ့''ဟုဆို၏။ ထိုအခါ ငါးရာသောသူဝှက်တို့သည်အမျက်ထွက်ကုန်ရကား''ဟယ် ပုဏ္ဏားပျက်....အထက်ဖြစ်သော ငါးရာသော သူခိုးတို့အား

ယခုပင် ဥစ္စာမိုးကို ရွာစေပြီးမှ ငါတို့ကိုကား တနှစ်မျှ ငံ့လင့်ပါဟု သင်ဆိုသည်၊ သင့်ဟာ ဟုတ်သလော”ဟု ထက်စွာသော သန်လျက်ဖြင့် ပုဏ္ဏားကို နှစ်ပိုင်းဖြတ်ပြီးလျှင် ခရီးတွင် စွန့်ပစ်၍ လျင်သော အဟုန်ဖြင့် အစဉ်လိုက်ပြီးသော် ထိုငါးရာသော သူခိုးတို့နှင့်စစ်ထိုး၍ အကုန်သတ်ပြီးလျှင် ဥစ္စာကို ယူ၍သွားကြပြီးသော် တဖန်နှစ်စုကွဲပြန်၍ အချင်းချင်းစစ်ထိုးလျက် နှစ်ရာငါးဆယ်သော ယောကျ်ားတို့ကိုသတ်၍ ဤသို့သော နည်းဖြင့် အကြင်မျှလောက် နှစ်ယောက်သော သူတို့သည် ကြွင်းကုန်၏၊ ထိုမျှ လောက် အချင်းချင်းသတ်ကြကုန်၏၊ ဤသို့လျှင် ထိုဥစ္စာကို အမှီပြု၍ ယောကျ်ား တထောင်လုံးသည် ဆုံးပါးပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။

(ဇာတ်အဋ္ဌကထာ)]

ဧဝံ တံဓနံ နိဿာယ ပုရိသ သဟဿံ ဝိနာသံ ပတ္တံ။

ဧဝံ၊ ဤသို့၊ တံဓနံ။ ထိုဥစ္စာကို။ နိဿာယ၊ အမှီပြု၍၊ ပုရိသသဟဿံ၊ ယောကျ်ား တထောင်လုံးသည်။ ဝိနာသံ၊ ဆုံးပါး ပျက်စီးခြင်းသို့။ ပတ္တံ၊ ရောက်လေ၏။

ထိုနှစ်ယောက်သော သူခိုးတို့လည်း ဥပါယ် အကြောင်းဖြင့်ထိုဥစ္စာကို ဆောင်၍ ရွာတခု၏အနီးအစပ်ချုံကြား၌ ဥစ္စာထုပ်ကို ဖုံးလွှမ်းပြီးလျှင် တယောက်ကားသန်လျက်ကိုစွဲကိုင်၍ ဥစ္စာကို စောင့်ရှောက်လျက်နေ၏၊ တယောက်မူကား ဆန်ကိုယူပြီးလျှင် ထမင်းချက်အံ့သောငှာ ရွာတွင်းသို့ ဝင်လေ၏၊ ဤလောဘမည်ကား ပျက်စီးခြင်း၏ အကြောင်ိသာလျှင် တည်း၊ ယင်းသို့ ဖြစ်သောကြောင့် ဥစ္စာစောင့်သော ယောကျ်ားသည် ဥစ္စာ၏ အနီး၌ နေလျက်ကြံ၏။

လောဘောစ နာမေသ ဝိနာသမူလမေဝါတိ ဓနသန္တိကေ

နိသိန္နော စိန္တေသိ။

(ဇာတ်အဋ္ဌကထာ)

သေသော လောဘောစနာမ၊ ဤလောဘ မည်သည်ကား။ ဝိနာသ မူလမေဝ၊ ပျက်စီးခြင်း၏ အကြောင်းသာလျှင်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓနသန္တိကေ၊ ဥစ္စာ၏အနီး၌။ နိသိန္နော၊ နေလျက်။ စိန္တေသိ၊ ကြံ၏။

ထိုသူလာသည်ရှိသော် ဤဥစ္စာသည် နှစ်ဖြာကွဲလတ္တံ့၊ အကယ်၍ကား ငါသည် ထိုသူ့ ကို လာကာမျှပင် သန်လျက်ဖြင့် ခုတ်ဖြတ်၍ သတ်အံ့ဟု ကြံလျက် သန်လျက်အိမ်မှချွတ်ပြီးလျှင်ထိုသူ၏လာခြင်းကို ငံ့လင့်ကြည့်ရှုလျက်နေ၏၊ ထမင်းချက်သွားသောယောကျ်ားလည်း ထိုဥစ္စာသည်နှစ်ဖြာ

ဖြစ်လတ္တံ့။ အကယ်၍ကား ငါသည် ထမင်းဝယ် အဆိပ်ခတ်ပြီးလျှင် ထို ယောကျ်ားကိုစားစေ၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးမှ တယောက် အထီးတည်းသာ ထိုဥစ္စာကို ယူအံ့ဟု ကြံ၏။ ထမင်းချက် သွားသော ယောကျ်ားလည်းထမင်းကျက်လျှင်မိမိစား၍အကြွင်းကိုကား အဆိပ်ထည့် ပြီး၊ သော်ထမင်းကိုယူ၍ပြန်လာ၏။ထမင်းကိုချ၍ရပ်ကာမျှပင်ထိုယောကျ်ား ကိုဥစ္စာစောင့်သော ယောကျ်ားသည် ဓားသန်လျက်ဖြင့် နှစ်ပိုင်းဖြတ်၍ ချုံစပ်ဖုံးကွယ်ရာတွင်အကောင်ကိုစွန့်ပစ်၍ထိုထမင်းကိုစားလျှင်မိမိလည်း အသက်ဆုံးခြင်းသို့ရောက်လေ၏။ ထိုသို့လျှင် ဥစ္စာကို အမှီပြု၍ အလုံးစုံ သော သူတို့သည် ပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။

ဝေဠု ဓနံ နိဿာယ သဗ္ဗေဝ ဝိနာသံ သမ္ပာပုဏိံသု။

(ဇာတ်အဋ္ဌကထာ)

ဝေဠု၊ ဤသို့လျှင်။ ဓနံ၊ ဥစ္စာကို။ နိဿာယ၊ အမှီပြု၍။ သဗ္ဗေဝ၊ အလုံးစုံ သော သူတို့သည်သာလျှင်။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ သမ္ပာပုဏိံသု၊ ရောက် ကြကုန်၏။

ဘုရားလောင်းသည်တရက် နှစ်ရက်လွန်သဖြင့်ဥစ္စာကိုယူ၍လာလတ် သော် လမ်းခရီးတွင် ဆရာကိုမမြင်ပဲ ဖရိုဖရဲသောဥစ္စာကို မြင်ရကား ဆရာသည် ငါ့စကားကို မလိုက်နာပဲ ဥစ္စာမိုးကို ရွာစေသည် ဖြစ်လတ္တံ့၊ အလုံးစုံသောသူတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်သည်ဖြစ်ရာ၏ဟုကြံ၍ ကျယ်စွာသောခရီးမဖြင့် သွား၏။ယင်းသို့သွားသည်ရှိသော်ဆရာကိုခရီးမ၌ နှစ်ပိုင်းဖြတ်လျက်ခုတ်သတ်သည်ကို မြင်ရကား ငါ့စကားကို နားမထောင် သောကြောင့် သေရှာလေ၏ဟု ထင်းတို့ကိုစုပုံပြီးလျှင် ဆရာ့အလောင်းကို မီးသင်္ဂြိုဟ်၍ ထိုတော၌ ရှိသော ပန်းတို့ဖြင့် ပူဇော်လျက် သွားလေသော် အသက်ကုန်ခြင်းသို့ ရောက်သော ငါးရာသော သူခိုးတို့ကို မြင်၍ ရှေ့သို့ သွားလေသော်နှစ်ရာငါးဆယ်သောလူသေကောင်တို့ကိုမြင်၍ အစဉ်သဖြင့် အဆုံးနောက်၌ နှစ်ယောက်ယုတ်သော အသက်ကုန်ခြင်းသို့ ရောက်သော လူတို့ကိုမြင်၍ ကြံ၏။ ဤနှစ်ယောက်ယုတ် တထောင်သောယောကျ်ားတို့ ကားပျက်စီးခြင်းသို့ ရောက်ကြလေကုန်ပြီ။ နှစ်ယောက်သာ ကျန်တော့ သည်။ထိုနှစ်ယောက်တို့သည်လည်း မြဲမြံခိုင်ခံ့ခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့. ထိုနှစ်ယောက်တို့ကား အဘယ်သို့ သွားကြကုန်သနည်းဟု လိုက်လေသော် ထိုနှစ်ယောက်တို့၏ ဥစ္စာကိုယူ၍ တောချုံအရပ်သို့ ဝင်သောခရီးကို မြင်ရ

ကား လိုက်သွားလေသော် ဥစ္စာထုပ်ကို စုပုံလျက် ထမင်းခွက်ကို ဖိ၍ သေသော အလောင်းကို မြင်၏။ ထို့နောင်မှ ဤမည်သော အမှုကိုထိုသူတို့ ပြုလတ္တံ့ဟု အလုံးစုံကိုသိ၍ ယောကျ်ားတယောက်ကား အဘယ်သို့ သွားသနည်းဟု ထိုမှဤမှ စူစမ်းရှာဖွေလျှင် ချုံအောက်တွင် စွန့်ပစ်အပ်သော အကောင်ကိုမြင်၍ ငါ့ဆရာကား ငါ့စကားကို နားမထောင်သည် ဖြစ်၍ မိမိ၏ ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့် မိမိလည်း ပျက်စီးခြင်းသို့ရောက်ရလေ၏။ ယောကျ်ား တထောင်ကိုလည်း ဆရာသည်ပင် ပျက်စီးခြင်းသို့ ရောက်စေအပ်၏။ အကြောင်းမဟုတ်သဖြင့် မိမိ၏အစီးအပွားကိုတောင့်တသောသူသည်ငါတို့ဆရာကဲ့သို့ ကြီးစွာသောပျက်စီးခြင်းသို့ရောက်ရလတ္တံ့ဟု တောအလုံးကို ပဲ့တင်ထပ်စေလျက် နတ်အပေါင်းတို့သည် ကောင်းချီးပေးကုန် လတ်သော် တရားတော်ကို ဟော၍ ထိုဥစ္စာအလုံးစုံကို ဥပါယ်အကြောင်းဖြင့် မိမိအိမ်သို့ ဆောင်ပြီးမှ ဒါနသီလစသော ကောင်းမှုတို့ကို ပြုလျက် အသက်ထက်ဆုံး တည်၍ အသက်၏ အဆုံး၌ နတ်ရွာ ခရီးကို ပြည့်စေလျက် သွား၏။ ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ ထိုအခါ ဆရာဝေဒဗ္ဗ ပုဏ္ဏားကား ယခုအခါ ဒုဗ္ဗစရဟန်းဖြစ်လာ၏။ တပည့်ကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဤဝေဒဗ္ဗ ပုဏ္ဏား, တထောင်သော ယောကျ်ားတို့သည်လည်း ဇာတိမကောင်းသောကြောင့် သူတပါး လုံ့လဖြင့် သေရခြင်း တည်းဟူသော ဗရူပက္ကမ မူလကဒုက္ခကို ခံစားရကုန်၏။

---

ဂ၂-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဆိပ်လူးမြှားဖြင့် ပစ်သတ်ခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် သေရသော ဆတ္တမာဏဝ ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူ၏။ ထိုအခါ သေတဗျမြို့၌ အမှတ်မရှိသော ပုဏ္ဏားတယောက်၏ ဆင်းရဲငြိုငြင်သဖြင့် ရအပ်သော သားဟုဆိုအပ်သော ဆတ္တအမည်ရှိသော ပုဏ္ဏား လုလင်သည် ရှိ၏။ ထိုဆတ္တ အမည်ရှိသော ပုဏ္ဏား လုလင်သည် အရွယ်သို့ ရောက်သောအခါ အဖ ပုဏ္ဏားသည် စေခိုင်း အပ်သည်ဖြစ်ရကား ဥက္ကဋ္ဌမြို့သို့သွား၍ပေါက္ခရသာတိပုဏ္ဏား၏အထံ၌ အတတ်ပညာ သင်လတ်သော် ဉာဏ်ပညာ ထက်သန်သည်၏ အဖြစ်ကြောင့်ရင်း,

ပျင်းရိခြင်းမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, မကြာမြင့်မီသာလျှင် ပေဒင်တို့ကိုလည်းကောင်း, သည်မှတပါးသော အတတ်တို့ကိုရင်း သင်၍ ပုဏ္ဏားတို့၏အတတ်၌အပြီးအဆုံးသို့ ရောက်၏၊ ထိုဆတ္တအမည်ရှိသော ပုဏ္ဏားလုလင်သည်ဆရာဖြစ်သောပေါက္ခရသာတိပုဏ္ဏားကိုရှိခိုး၍ "ဆရာ.... ငါကား သင်တို့၏အထံ၌ အတတ်ကိုသင်အပ်၏၊ ဆရာ့အား အဘယ်မည်သော ဂရုဒက္ခိဏာကိုပေးရအံ့နည်း" ဟု ဆို၏။

ဒါတဗ္ဗာဘိ ဒက္ခိဏာ၊ ဂရုနော ဒက္ခိဏာ ဂရုဒက္ခိဏာ....ဟူသော ဝစနတ္ထနှင့်အညီ ဆရာ့အား ပေးအပ်သော အမြတ်ဥစ္စာကို 'ဂရုဒက္ခိဏာ' ဟုဆိုသည်။

ဆရာဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားလည်း ဂရုဒက္ခိဏာမည်သည် ကား "အနန္တဝါသိက၏ စည်းစိမ်အားလျော်စွာ အသပြာ တထောင်တန်သည် နှစ်ထောင်တန်သည် ဆောင်ချေ" ဟု ဆို၏၊ ဆတ္တအမည်ရှိသော ပုဏ္ဏားလုလင်သည် "ကောင်းပြီ" ဟုဆရာကိုရှိခိုး၍ သေတဗျမြို့သို့ လာပြီးသော် ရောက်လျှင် မိဘတို့ကိုရှိခိုး၍ မိဘတို့သည် နှစ်သက်ရှားပြုအပ်သောစကားအစဉ်အစပ်ရှိသည်ဖြစ်၍ ထိုအကြောင်းကိုမိဘတို့အား ကြားလျက် 'ငါ့အားပေးဖွယ်ကိစ္စကို ပေးပါ၊ ယနေ့ပင်သွား၍ ဆရာအား ပေးပြီးလျှင် ပြန်လာအံ့' ဟု ဆို၏၊ မိဘတို့လည်းချစ်သား ယနေ့ကား အခါ ဟုတ်ပြီ၊ နက်ဖြန်သွားရလတ္တံ့" ဟုဆိုပြီးလျှင် အသပြာတို့ကို တိုက်မှထုတ်၍ အထုပ်ဖွဲ့ပြီးသော် ထားကုန်၏၊ သူခိုးတို့လည်း ထိုအကြောင်းကိုကြား၍ ဆတ္တအမည်ရှိသော ပုဏ္ဏားလုလင်၏ လာရာလမ်းခရီးတွင် အမှတ်မထင်သော တောအုပ်၌ လုလင်ကိုသတ်ပြီးလျှင် အသပြာတို့ကိုယူအံ့ဟု ပုန်းကွယ်ရှောင်ရှား၍ နေကြကုန်၏၊ ဘုရားမြတ်စွာလည်း မိုးသောက်ထအခါ မဟာကရုဏာ သမာပတ်မှထ၍ လောကကို ကြည့်တော်မူသည်ရှိသော် ဆတ္တအမည်ရှိသော ပုဏ္ဏားလုလင်၏သရဏဂုံသီလတို့၌တည်ခြင်းကိုလည်းကောင်း သူခိုးတို့ သတ်အပ်သည်ဖြစ်၍နတ်ပြည်၌ရှိရကားဆိုနတ်ပြည်မှဗိမာန်နှင့်တကွ ဆင်းလာသော ဆတ္တနတ်သား၏လည်းကောင်း,ဆတ္တအမည်ရှိသောပုဏ္ဏားလုလင်ကို သတ်ရာအရပ်တွင် စည်းဝေးသော ပရိသတ်၏ လည်းကောင်း အကျွတ်တရား ရလတ္တံ့သည်ကို မြင်တော်မူ၍ ရှေးဦးမဆွကပင် ကြွလာတော်မူ၍ ထိုဆတ္တအမည်ရှိသော ပုဏ္ဏားလုလင်၏ သွားရာလမ်းခရီးတွင် အမှတ်မထင်သော သစ်ပင်ရင်း၌ နေတော်မူ၏၊ ပုဏ္ဏားလုလင်လည်း ဆရာ့

အဖို့ကိုယူပြီးလျှင်၊ သေတဗျမြို့မှ ဥက္ကဋ္ဌမြို့သို့ ရှေးရှုသွားလေသော် ခရီးအကြား၌ဘုရားမြတ်စွာထိုင်လျက် နေတော်မူသည်ကို မြင်လျှင် အနီးသို့ကပ်၍ရပ်၏၊ "အဘယ်အရပ်သို့ သွားမည်နည်း" ဟု သုရားမြတ်စွာက မေးတော်မူသည် ရှိသော်'အရှင်ဂေါတမ....ဥက္ကဋ္ဌမြို့သို့ အကျွန်ုပ်၏ ဆရာပေါက္ခရသာတိ ပုဏ္ဏားအား ဂရုဒက္ခိဏာကိုပေးခြင်းငှာ သွားပါအံ့'ဟုဆို၏၊ ထိုအခါ ဘုရားမြတ်စွာက "လုလင်....သင်ကား သရဏဂုံသုံးပါး,ငါးပါးသီလတို့ကို သိ၏လော"ဟု မေးတော်မူသော် ပုဏ္ဏားလုလင်က "အရှင်ဂေါတမ....အကျွန်ုပ်ကား မသိပါ၊ ထိုသရဏဂုံ,သီလတို့သည် အဘယ်ရှိကုန်သနည်း၊ အဘယ်သို့ သဘောရှိကုန်သနည်း" ဟု မေးလျှောက်လေလျှင် သရဏဂုံ သီလတို့ကား ဤသို့အကျိုးရှိ၏၊ ဤသို့သဘောရှိ၏ဟု သရဏဂုံ၏ လည်းကောင်း သီလကို ဆောက်တည်ခြင်း၏လည်းကောင်း အကျိုးရင်း အကျိုးဆက်တို့ကိုထင်ရှားပြ၍ "လုလင် သရဏဂုံ အစီအရင်ကို သင်လော" ဟု မိန့်တော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....အရှင်ဘုရားသည် ကြားတော်မူပါ၊ အကျွန်ုပ်ကား ကောင်းစွာ သင်ပါမည်" ဟု ထိုပုဏ္ဏားလုလင်သည် တောင်းပန်အပ်သည် ရှိသော်လုလင်၏ အလိုအားလျော်စွာ ဂါထာဗန္ဓ၏ အစွမ်းဖြင့် သရဏဂုံ အစီအရင်ကို ပြတော်မူလိုရကား....

> ယော ဝဒတံ ပဝရော မနုဇေသု, သကျမုနီ ဘဂဝါ ကတကိစ္စော၊
>
> ပါရဂတော ဗလ ဝီရိယမင်္ဂီ, တံ သုဂတံ သရဏတ္ထမုပေဟိ။
>
> ရာဂ ဝိရာဂ မနေဇ မသောကံ, ဓမ္မ မသင်္ခတ မပ္ပဋိကူလံ၊
>
> မဓုရ မိမံ ပဂုဏံ သုဝိဘတ္တံ, ဓမ္မမိမံ သရဏတ္ထ မုပေဟိ။
>
> ယတ္ထစ ဒိန္နမဟပ္ဖလ မာဟု, စတူသု သုစီသု ပုရိသယုဂေသု၊
>
> အဋ္ဌစ ပုဂ္ဂလ ဓမ္မဒသာ တေ, သံဃမိမံ သရဏတ္ထ မုပေဟိ။

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

သုံးဂါထာတို့ကားဘဂိုဏ်းသုံးခု, ဂရုနှစ်လုံးဖြင့် မှတ်အပ်သော ဒေါဓက ဂါထာချည်းတည်း၊ ပဌမဂါထာ သကျမုနိ၌ "နိ" ဟု ဒီဃနှင့်ရွတ်၊ ဒုတိယဂါထာ တတိယပါဒ၌ အစ "မ"ကို ပယ်၍ ဂိုဏ်းစစ် တလုံးပိုသည်၊တတိယဂါထာ ဒိန္န၌ နိဂ္ဂဟိတ်ကျေ၊ ဒုတိယ ပါဒစတူသု၌ "စ" လုံးကိုပယ်၍ ဂိုဏ်းစစ် တလုံးပိုသည်၊ပုဂ္ဂလ၌

အင္ဂုကထာအလိုမှု ရသာ, သဒ္ဒနီတိအလိုမှု အဝိဘတ္တိက နိဒ္ဒေသ၊ ဣသုံးဂါထာကား သမ္ဗုဒ္ဓဘုရား၏ ရွှေနှုတ်တော်ထွက် သရဏဂါထာဖြစ်၍ သူခပ်သိမ်းတို့ အာဂုံနှုတ်တက်လေ့ကျက်ဆောင်ရွက်အပ်သည်သာတည်း၊ သူတပါးအား သင်ကြား ဆောက်တည်စေသည်ကာလ "မုပေဟိ" ဟု ပါဠိတော်ရှိသည့်အတိုင်း သင်ကြားဆောက်တည်စေ၊ မိမိသင်ကြားဆောက်တည်သည့်ကာလ မုပေမိ ဟုး "မိ" ဝိဘတ်နှင့် သင်ကြား ဆောက်တည်ရသည်။

မာဓာဝ၊ ဆတ္တလုလင်။ ယောသုဂတော၊အကြင်မြတ်စွာ
**အနက်ကား** ဘုရားသည်။ မနုဇေသု လူတို့တွင်။ ဝဒတံ၊သတ္တာလေးပါးကို ဟောကြားတတ်သော သူတို့ထက်၊ ပဝရော၊ မြတ်တော်မူ၏။ သကျမုနိ၊ သာကီဝင်မင်းတို့၏ အထွတ်အမြတ်ဖြစ်သော မုနိဖြစ်တော်မူ၏၊ ဘဂဝါ၊ ခြောက်ပါးသော ဘုန်းတော်နှင့် ပြည့်စုံတော်မူ၏။ ကတကိစ္စော၊ ပြုအပ်ပြီးသော ဘုရားကိစ္စရှိတော်မူ၏။ ပါရဂတော၊ နိဗ္ဗာန်တည်းဟူသောကမ်းတဘက်သို့ ရောက်တော်မူ၏။ ဗလ ဝီရ သမင်္ဂီ၊ ကာယဗလ, ဉာဏဗလ သမ္ပပ္ပမာန် လုံ့လနှင့် ပြည့်စုံတော်မူ၏။ တံသုဂတံ၊ ထိုမြတ်စွာဘုရားကို။ သရဏတ္ထံ၊ ကိုးကွယ်ခြင်းငှာ။ ဥပေတိ၊ ဆည်းကပ်လေလော့။

မာဓာဝ၊ ဆတ္တလုလင်။ရာဂဝိရာဂံ၊ ရာဂဖြင့် တပ်ခြင်းကင်းကြောင်းဖြစ်သော။ ဣမံဓမ္မံ၊ ဤမဂ်တရားကို လည်းကောင်း။ အနေဇံ၊ တဏှာကင်းထသော၊ အသောကံ၊ စိုးရိမ်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာငြိမ်းသည်၏ အဖြစ်ကြောင့် စိုးရိမ်ခြင်းမရှိထသော။ဣမံဓမ္မံ၊ ဤ ဖိုလ်တရားကို လည်းကောင်း။ အသင်္ခတံ၊အကြောင်းတရားတို့သည်မပြုပြင်အပ်ထသော။ အပ္ပဋိကူလံ၊တစုံတခုစက်ဆုပ်ဖွယ်မရှိထသော။ ဣမံဓမ္မံ၊ ဤနိဗ္ဗာန်တရားကို လည်းကောင်း။ မဓုရံ၊ချိုမြိန်ကောင်းမြတ်စွာသော။ပဂုဏံ၊မပြတ်လေ့လာအပ်ထသော။ သုဝိဘတ္တံ၊ ကောင်းစွာ ဝေဖန်အပ်ထသော။ဣမံဓမ္မံ၊ ဤ ပရိယတ္တိဓမ္မကိုလည်းကောင်း။ ဣမံဓမ္မံ၊ ဤအလုံးစုံသော တရားဆယ်ပါးကို၊ သရဏတ္ထံ၊ ကိုးကွယ်ခြင်းငှာ။ ဥပေဟိ၊ ဆည်းကပ်လေလော့။

မာဓာဝ၊ဆတ္တလုလင်။ ဓတူသု၊ လေးပါးကုန်သော။ သုစိသု၊စင်ကြယ်ကုန်သော။ပုရိသယုဂေသု၊ ယောကျ်ားအစုံဖြစ်ကုန်သော။ယတ္ထစ ယေသု အရိယ သံဃေသု၊ အကြင်အရိယာ သံဃာတော်တို့၌လည်း။ဒိန္နံ၊ လှူအပ်သော ဒါနဝတ္ထုကို၊မဟပ္ဖလံ၊ကြီးသောအကျိုးရှိ၏ဟု၊ အာဟု၊ဆိုကုန်ပြီ။

အဌ၊ ရှစ်ယောက် ကုန်သော။ တေစ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ် တို့သည်လည်း။ ဓမ္မဒသာ၊ သစ္စာလေးပါးတရား နိဗ္ဗာန်တရားကို မြင်ကုန်၏။ ဣမံသံဃံ၊ ဤသံဃာတော်ကို။ သရဏတ္ထံ၊ ကိုးကွယ်ခြင်းငှာ၊ ဥပေဟိ၊ဆည်းကပ်လေလော့။

ဤသို့သရဏဂုံအစီအရင်ကိုပြုတော်မူသည်၏အခြားမဲ့၌ငါးပါးသီလကို သရုပ်အားဖြင့် လည်းကောင်း, အကျိုးရင်း အကျိုးဖျားအားဖြင့်လည်းကောင်း ထင်ရှားပြတော်မူ၍ ဆောက်တည်ခြင်း အစီအရင်တို့ကို ဟောတော်မူ၏၊ ဆတ္တ အမည်ရှိသော ပုဏ္ဏားလုလင်သည် ထိုသရဏဂုံ သီလ အစီအရင်ကို ကောင်းစွာ မှတ်သား၍ ကြည်ညိုသော စိတ်ရှိရကား "ဘုန်းတော်ကြီးလှသောဘုရား....အကျွန်ုပ်ကားယခုအခါသွားပါအံ့ "ဟု လျှောက်၍ ရတနာသုံးပါး၏ဂုဏ်ကိုသာ အောက်မေ့လျက်ထိုခရီးကိုသွား၏။ သဗ္ဗညုဘုရားလည်း ဤလုလင်အား ဤမျှသော ကုသိုလ်သည် နတ်၌ ဖြစ်ခြင်းငှာသင့်ပြီဟုနှလုံးပြုတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ပြန်တော်မူ၏၊ သရဏဂုံသီလတို့၌တည်၍ ရတနာသုံးပါးဂုဏ်ကို အောက်မေ့လျက် သွားသော လုလင်အား ခရီး၌သူခိုးတို့သည် ထကုန်၏၊လုလင်လည်း ထို သူခိုးတို့ကို မရေတွက်ပဲ ရတနာသုံးပါး၏ ဂုဏ်ကိုသာ အောက်မေ့လျက် သွား၏၊ ယင်းသို့သွားသော လုလင်ကို သူခိုးတယောက်သည် ချုံကြားကို မှီ၍ ရပ်လျက် အဆိပ်လူးသောမြှားဖြင့် အဆောတလျင်ပစ်၍ အသက် ကုန်ခြင်းသို့ ရောက်စေပြီးသော် အသပြာထုတ်ကိုယူ၍ မိမိအဖော်တို့နှင့် တကွ ဖဲလေ၏။

တဒ္ဓေကော စောရော ဂုမ္ဗန္တရံ အပဿာယ ဌိတော ဝိသပ္ပိတေန
သရေန သဟသာဝ ဝိဇ္ဈိတွာ ဇီဝိတက္ခယံ ပါပေတွာ ကဟာပဏ
ဘဏ္ဍိကံ ဂဟေတွာ အတ္တနော သဟာယေဟိ သဒ္ဓိံ ပက္ကမိ။

(ဝိမာနဝတ္ထု၊အဌကထာ)

တံ၊ ထိုဆတ္တလုလင်ကို။ ဧကော၊ တယောက်သော။ စောရော၊ သူခိုး သည်။ ဂုမ္ဗန္တရံ၊ ချုံကြားကို။ အပဿာယ၊ မှီ၍။ ဌိတော၊ ရပ်လျက်။ ဝိသပ္ပိတေန၊ အဆိပ်ကိုဆောက်သော။ သရေန၊ မြှားဖြင့်။ သဟသာဝ၊ အဆောတလျင်သာလျှင်၊ဝိဇ္ဈိတွာ၊ပစ်၍။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေတွာ၊ရောက်စေ၍။ကဟာပဏဘဏ္ဍိကံ၊အသပြာထုပ်ကို။ ဂဟေတွာ၊

ယူ၍ အတ္တနော၊မိမိ၏။ သဟာယေတ္တိ၊အဖော်တို့နှင့်။ သဒ္ဓိံ၊တကွ။ ပက္ကမိ၊ ဖဲလေ၏။

လုလင်ကား သေ၍ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ သုံးဆယ်ရှိသော ဗိမာန်၌ ဖြစ်လေ၏၊ ထိုနတ်သား ဗိမာန်၏ အရောင်သည် အလွန်နှင့်တကွသော ယူဇနာနှစ်ဆယ်တို့ကိုနှံ့၍ တည်၏၊ ထိုအခါ လုလင် သေခြင်းကို မြင်၍ သေတဗျ မြို့သားတို့သည် သေတဗျမြို့သို့သွား၍ လုလင်၏ မိဘတို့အား, ဥက္ကဋ္ဌမြို့သားတို့ သည်လည်း ဥက္ကဋ္ဌမြို့သို့သွား၍ ပေါက္ခရသာတိပုဏ္ဏားအား အကြောင်းကို ပြောကြကုန်၏၊ ထိုစကားကို ကြား၍ မိဘဆွေမျိုးတို့သည် လည်းကောင်း, ပေါက္ခရသာတိ ပုဏ္ဏားသည် လည်းကောင်း အခြံအရံနှင့်တကွ ငိုယိုကဲ့နှပ်လျက် ထိုအရပ်သို့ ရောက်လာကုန်၏၊သည်မှတပါးများစွာသောအားဖြင့်သေတဗျမြို့သား,ဥက္ကဋ္ဌမြို့သား, ဣစ္ဆာနင်္ဂလ မြို့သားတို့သည် စည်းဝေးကြကုန်၏၊ များစွာသော အစည်းအဝေးသည် ဖြစ်၏၊ ထိုအခါ လုလင်၏ မိဘတို့သည် ခရီး၏အနီးအပါး၌ ထင်းပုံကိုစီရင်ကုန်လျက် အလောင်းကို မီးတိုက်ခြင်းငှာ အားထုတ်ကုန်၏၊ ထိုအခါ ဘုရားမြတ်စွာသည် "ငါသည် ကြွသွားတော်မူသည်ရှိသော် ဆတ္တလုလင်သည် ငါ့ကိုရှိခိုးခြင်းငှာလာလတ္တံ့၊ လာသော ဆတ္တလုလင်ကိုလည်းမိမိပြုအပ်သော ကောင်းမှုကိုဆိုစေလျက်ကံ၏အကျိုးကို မျက်မှောက်ပြုစေ၍ တရားဟောအံ့၊ဤသို့ဟောသည်ရှိသော် များစွာသောလူအပေါင်းအား အကျွတ်တရားရခြင်းသည် ဖြစ်လတ္တံ့" ဟု ကြံတော်မူ၏၊ ယင်းသို့ကြံတော်မူပြီးမှ များစွာသော ရဟန်းအပေါင်းနှင့်တကွ ထိုအရပ်သို့ကပ်၍ အမှတ်မရှိသောသစ်ပင်ရင်း၌ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်ကို လွှတ်လျက် နေတော်မူ၏၊ထိုအခါ ဆတ္တလုလင်သည်လည်း မိမိ၏ စည်းစိမ်ကို ဆင်ခြင်လျက် ထိုစည်းစိမ်၏အကြောင်းကို စူးစမ်းသော် သရဏာဂုံသီလဆောက်တည်ခြင်းကို မြင်၍ အံ့ဩသော သဘောရှိလျက် သဗ္ဗညုဘုရား၌ကောင်းစွာဖြစ်သော ကြည်ညိုခြင်း မြတ်နိုးခြင်းရှိရကား ယခုငင်လျှင် ငါသည်သွား၍ဘုရားမြတ်စွာကိုလည်းကောင်း,ရဟန်းသံဃာကိုလည်းကောင်း ရှိခိုးအံ့၊ ရတနာသုံးပါး၏ ဂုဏ်ကိုလည်း များစွာသော လူအပေါင်းအား ထင်ရှားအောင် ပြုအံ့ဟု ကတည်ုတတရားကို အမှီပြု၍ အလုံးစုံသော တောအရပ်ကို တပြိုင်နက် ထွန်းပခြင်းကို ပြုလျက် ဗိမာန်နှင့်တကွလာ၍ ဗိမာန်မှဆင်းပြီးသော် များစွာသော အခြံအရံနှင့်တကွ ထင်သောအသွင်ရှိ

သည်ဖြစ်၍ ကပ်လျက် သဗ္ဗညုဘုရား၏ခြေတော်တို့၌ ဦးဖြင့်ဝပ်၍ ရှိခိုးပြီးမှ လက်အုပ်ချီလျက် သင့်တင့်ရာအရပ်မှ ရပ်၏၊ ထိုနတ်သားကိုမြင်၍ များစွာသောလူအပေါင်းတို့သည်ဤသူကား နတ်လော၊ ဗြဟ္မာလောဟုတွေးတော အံ့အဲသော စိတ်ရှိလျက် အနီးသို့ကပ်၍ သဗ္ဗညုဘုရားကို ခြံရံကုန်၏၊ သဗ္ဗညုဘုရားလည်း လူအပေါင်းအား ထင်ရှားစိမ့်သောငှာ "အဘယ်.... ကောင်းမှုကြောင့် မြတ်သော နတ်၏စည်းစိမ်ကို ရသနည်း" ဟု မေးတော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား လမ်းကြားဝယ် အရှင်ဘုရား ပေးတော်မူအပ်သော သရဏဂုံသီလ၏ အစွမ်းကြောင့် ရပါသည်" ဟု လျှောက်၏၊ သဗ္ဗညုဘုရားလည်း တရားဟောတော်မူ၏၊ များစွာသော လူအပေါင်းတို့လည်း အကျိုးတရား ရကြကုန်၏၊နတ်သား လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ယင်းသို့ သောတာပတ္တိဖိုလ်၌ တည်လျှင် သံဃာတော် အပေါင်းနှင့်တကွ ဘုရားသခင်အား ရှိခိုး၍ မိမိ နေရာ နတ်ပြည်သို့ပြန်လေ၏၊သဗ္ဗညုဘုရားလည်း ရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၏၊ လုယင်မိဘ, ဆရာဖြစ်သော ပေါက္ခရသာတိမှဏ္ဏားမှစ၍ အလုံးစုံသော လူအပေါင်းသည် သဗ္ဗညုဘုရားကိုပို့လိုက်၍ ပြန်လေ၏၊ သဗ္ဗညုဘုရားလည်း ဇေတဝန်ကျောင်းတော်သို့ ရောက်၍ စည်းဝေး လာသော ပရိသတ်အား ဤစကားကို အကျယ် ဟောတော်မူ၏။

ထိုဒေသနာတော်သည် များစွာသော လူအပေါင်းတို့အား အကျိုး စီးပွားရှိသည်သာ ဖြစ်၏၊ ဤ ဆတ္တ အမည်ရှိသော ပုဏ္ဏားလုလင်လည်း ဇာတိမကောင်းသောကြောင့် ခိုးသူတို့သတ်၍ သူတပါးလုံ့လဖြင့် သေရခြင်း တည်းဟူသော ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

၈၃-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
ခား လက်နက် စသည်ဖြင့် သတ်ဖြတ်ခြင်း တည်းဟူသော
သူတပါးလုံ့လဖြင့် သေရသော အညတရ သူကြွယ်ဝတ္ထု

ဘုရားမြတ်စွာသည်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူလျက် အမ္ဗပေတကို အကြောင်းပြု၍ တခုသော ဓမ္မ ဒေသနာတော်ကို ဟောတော်မူ၏၊ သာဝတ္ထိပြည်၌အမှတ်မရှိသောသူကြွယ် တယောက်သည် ပျက်စီးသော စည်းစိမ်ဥစ္စာရှိ၏၊ ထိုသူကြွယ်အား မယား လည်း သေခဲ့၍သမီးတယောက်သာရှိ၏၊ထိုသူကြွယ်သည်သမီးကိုမိမိအဆွေ

ခင်ပွန်းအိမ်၌သာ ထား၍ မြို့ကြေး၏ အစွမ်းဖြင့် ယူအပ်သော အသပြာ စာရာဖြင့် ကုန်ထုပ်ဥစ္စာကို ဝယ်ပြီးသော် အဖော်ဖြစ်သောလှည်းကုန်သည် များနှင့်တကွ ကုန်သွယ်ခြင်းငှာ သွား၍ အရင်း ဥစ္စာနှင့်တကွ အပွားဖြစ် သော ငါးရာသော အသပြာတို့ကိုရ၍လှည်းသမားအဖော်တို့နှင့်တကွပင် ပြန်လာ၏၊ ယင်းသို့ပြန်လာရာတွင် ခရီးအကြားဝယ် ဒမြသူခိုးတို့သည် ခရီးကိုပိတ်ဆို့လျက် လှည်းကုန်သည်တို့ကိုလုယက်ဖျက်ဆီးကုန်၏၊ လှည်း သား ကုန်သည်တို့သည်လည်းအမှတ်မရှိသောချုံတခုမှာ အသပြာထုပ်ကို ဝှက်ထား၍ အနီးအပါးတွင်ပင် ပုန်း၏၊ သူခိုးဒမြတို့လည်း သူကြွယ်ကို ဖမ်းယူလျက် အသက်မှ ချကုန်၏။

စောရာ တံ ဂဟေတွာ ဇီဝိတာ ဝေါရောပေသုံ။

(ပေတဝတ္ထု အဋ္ဌကထာ),

စောရာ၊ ခိုးသူဒမြတို့သည်။ တံ၊ ထိုကုန်သည်သူကြွယ်ကို၊ ဂဟေတွာ၊ ဖမ်းယူ၍။ ဇီဝိတာ၊ အသက်မှ၊ ဝေါရောပေသုံ၊ ချကုန်၏။

ကုန်သည်သူကြွယ်လည်း ဥစ္စာ၌တပ်သောကြောင့် ထိုအရပ်၌ပင်ပြိတ္တာ ဖြစ်လေ၏၊ လှည်းသားကုန်သည်တို့သည်သာဝတ္ထိပြည်သို့ ရောက်၍အဖ၏ အကြောင်းကို သမီးအားကြားကုန်၏၊ သမီးလည်း အဖ၏သေခြင်းကြောင့် လည်းကောင်း, မိဘမရှိသော သားသမီးတို့အား ဆင်းရဲပင်ပန်းသောအား ဖြင့် အသက်ရှင်ရသောကြောင့် လည်းကောင်းအလွန်လျှင်နှလုံးမသာယာ ခြင်းဖြစ်ရကား ပြင်းစွာ ငိုကြွေး၏၊ထိုအခါ အဖ၏အဆွေခင်ပွန်းဖြစ်သော သူကြွယ်သည် ထိုသမီးကို "ချစ်သမီး....အိုထိန်းသည်တို့၏အိုးသည် ကွဲပျက် ခြင်း အဆုံးရှိသကဲ့သို့ ဤအတူ သတ္တဝါတို့၏အသက်သည် ပျက်စီးခြင်း အဆုံးရှိ၏၊ ဤသေခြင်းတရားမည်သည်ကားသင့်အား သာမဟုတ်၊ သူငါ အများနှင့်ပင်ဆက်ဆံ၏၊ဆေးကုခြင်းငှာ မတတ်ကောင်း၊ယင်းသို့ဖြစ်သော ကြောင့် ချစ်သမီးသည်အဖ၌ ပြင်းစွာမစိုးရိမ်မငိုကြွေးပါလင့်၊ ငါသည် ချစ်သမီး၏ အဖပင်၊သင်လည်း ငါ့သမီးသာမစိုးရိမ်ပါလင့်၊ငါကား ချစ် သမီး၏ သမီးကိစ္စကိုပြုမည်၊သင်သည် အဖ၏အိမ်၌ နေသကဲ့သို့ ဤငါ့အိမ်၌ ဝမ်းမြောက် ရွှင်လန်းစွာနေပ၊" ဟုဆို၍ နှစ်သိမ့်စေ၏၊ ထိုသမီးလည်း သူကြွယ်၏စကားဖြင့် ငြိမ်းပြီးသော သောကရှိရကား အဖ၌ကဲ့သို့ သူကြွယ်၌ များစွာရိုသေမြတ်နိုးခြင်းရှိသည်ဖြစ်၍မိမိအထီးကျန်သည်၏ အဖြစ်ကြောင့် ထိုသူကြွယ်၏အမှုကြီး ငယ်ကိုပြုလျက် အဖကိုရည်၍ပေတကိစ္စကိုပြုလိုရကား

ညွှန်စာပေ- ၄၆။

ယာဂုကို ကျိုပြီးလျှင် ဆေးဖန်း မြင်းသိလာ အဆင်းဖြင့် ဝင်းဝင်း ဝါဝါ ကောင်းစွာ မှည့်ကုန်သော ချိုမြိန်သော သရက်သီးတို့ကို ရွေးခွက်၌ထည့်၍ ယာဂုသရက်သီးတို့ကို ကျွန်မကိုယူစေပြီးလျှင် ကျောင်းသို့သွား၍ ဘုရားသဗ္ဗညုကို“ဘုန်းတော်ကြီးလှသောဘုရား....အကျွန်ုပ်၏ အလှူကို ခံတော်မူသဖြင့် အကျွန်ုပ်အားသနားသဖြင့် ချီးမြှောက်ခြင်းကိုပြုတော်မူပါလော့” ဟု လျှောက်၏၊ ဘုရားမြတ်စွာလည်း မဟာကရုဏာတော်ဖြင့် နှိုးဆော်တိုက်တွန်းသော စိတ်ရှိတော်မူရကား ထိုသတို့သမီး၏ နှလုံးအလိုကို ပြည့်စေလျက် ထိုင်လိုသော အခြင်းအရာကို ပြုတော်မူ၏၊ ထိုသတို့သမီးလည်း ရွှင်လန်းနှစ်သက်သောစိတ်ရှိရကား ဘုရားမြတ်စွာ၏ ခင်းအပ်သောနေရာကိုမိမိသည် ဆောင်အပ်သောစင်ကြယ်သောအဝတ်ကိုခင်း၍ပေး၏၊ဘုရားမြတ်စွာလည်းခင်းအပ်သောနေရာ၌ထိုင်တော်မူ၏၊ထိုအခါသတို့သမီးသည် မြတ်စွာဘုရားအား ယာဂုကိုကပ်၏၊ ဘုရားမြတ်စွာလည်းခံတော်မူ၏၊ ထိုနောင်မှ သံဃာတော်ကိုရည်၍ ရဟန်းတို့အား ယာဂုကိုလှူပြီးသော် တဖန် သရက်သီးတို့ကို ဘုရားမြတ်စွာအား ကပ်၏၊ဘုရားမြတ်စွာလည်း သရက်သီးတို့ကို ဘုန်းပေးတော်မူ၏၊ သတို့သမီးလည်း သဗ္ဗညုဘုရားကို ရှိခိုးလျက် “ဘုန်းတော်ကြီးလှသောဘုရား အကျွန်ုပ်၏ ဤအခင်း,ယာဂု,သရက်သီးအလှူ၏အစွမ်းဖြင့် ဖြစ်လေသောဒါနသည် အကျွန်ုပ်ဖခင်အား ရောက်ပါလေစေ”ဟု အမျှဝေ၏၊သဗ္ဗညုဘုရားလည်း ဤသို့တောင့်တသည့်အတိုင်း ပြည့်စေဟု မိန့်တော်မူ၍ အနုမောဒနာ ပြုတော်မူ၏၊ ထိုသတို့သမီးလည်း သဗ္ဗညုဘုရားကိုရှိခိုးလျက် လက်ျာရစ်လည်၍သွားလေ၏၊ ထိုသတို့သမီးသည် အလှူ၏အဖို့ကိုအမျှဝေသောမျှဖြင့် အဖဖြစ်သောပြိတ္တာသည်သရက်ဥယျာဉ်, ဗိမာန်,ပဒေသာပင်နှင့် ရေကန်တို့ကိုလည်းကောင်း,သည်မှတပါး များစွာသော နတ်၏ စည်းစိမ် ချမ်းသာကို လည်းကောင်းရ၏၊နောက်အခါ ထိုကုန်သည်တို့သည်ပင် အခါတပါး ကုန်သွယ်ခြင်းငှာ သွားပြန် ကုန်သည်ရှိသော် ထိုခရီးကိုပင်လျှင် သွားကုန်၍ရှေးနေသော အရပ်၌ပင် ညအခါ တည်းနေကြကုန်၏၊ ဝိမာနပြိတ္တာလည်း ထိုကုန်သည်တို့ကိုမြင်၍ ဥယျာဉ်ဗိမာန် အစရှိသည်တို့နှင့်တကွ မိမိကိုယ်ကိုထိုကုန်သည်တို့အားပြ၏၊ ထိုကုန်သည်တို့လည်းထိုအလုံးစုံကိုမြင်ရကားဤဥယျာဉ်ဗိမာန်အစရှိသောစည်းစိမ်ကို အဘယ့်ကြောင့်ရအပ်သနည်းဟု ဝိမာန ပြိတ္တာအား မေးကြကုန်၏၊ ဝိမာန ပြိတ္တာလည်း “ငါ့သမီးသည် သဗ္ဗညုဘုရားအား အခင်း, ယာဂု, သရက်သီးတို့ကို လှူ၍ ငါ့အား အလှူ ဒါနကို အမျှဝေသောကြောင့်

ရသည်" ဟု ဆို၏၊ ထိုသို့ဆိုပြီး၍ ထို ဝိမာန် ပြိတ္တာသည် ကုန်သည်တို့အား 'ငါးရာသော အသပြာတို့ကို ပြ၍ အသပြာငါးရာမှ ထက်ဝက်ကို သင်တို့ယူပါ။ ထက်ဝက်မှာမူကား ငါယူသော မြိုကြွေးကိုပေးဆပ်၍ကြွင်းသမျှနှင့်ချမ်းသာစွာအသက်မွေးဟုဆို၍ငါ့သမီးအား ပေးပါလေ"ဟု မှာလိုက်၏။ ကုန်သည်တို့လည်း အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ သမီးအား ကြားပြီးလျှင် ထိုဝိမာနပြိတ္တာသည် မိမိတို့အား ပေးအပ်သော အဖို့ကိုလည်း ထိုသမီးအားပင် ပေးကုန်၏၊ သူကြွယ်လည်း ထိုဥစ္စာကို သတို့သမီးအား ပြန်ပေး၍ ချွေးမ ပြုလေ၏။ သမီးလည်း မြီကြွေးကို အတိုးအပွားနှင့်တကွ မြီရှင်တို့အားပေးဆပ်ခြင်းမှ ကြွင်းသမျှကို အဖ ပြု၍ မွေးစားသော သူကြွယ်အား ဆောင်နှင်း၏။ ထိုသတို့သမီးလည်း မိမိအဖ၏ အကြောင်းအလုံးစုံတို့ကိုသဗ္ဗညုဘုရားအား လျှောက်ထား၏။ သဗ္ဗညုဘုရားလည်း ထိုအကြောင်းကို အဌုပ္ပတ္တိပြု၍ ရောက်လာသော ပရိသတ်တို့အား တရားဟောတော်မူ၏။ ထိုတရားသည် လူအပေါင်းအား များစွာအကျိုးရှိ၏၊ ဤကုန်သည် သူကြွယ်လည်း ဇာတိမကောင်းသောကြောင့် သူတပါး လုံ့လဖြင့် သူခိုးတို့သတ်၍ သေရခြင်း တည်းဟူသော ပရူပက္ကမ မူလကဒုက္ခကို ခံစားရ၏။

---

၁၄-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓားလက်နက်ဖြင့် ပုတ်ခတ်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော တိဿထေရ် ဝတ္ထု

သာဝတ္ထိပြည်၌ တိဿအမည်ရှိသော သူကြွယ်၏ သားသည် မိဖတို့ သေလွန်လျှင် ကုဋေလေးဆယ်သော ရွှေငွေတို့ကို မိမိညီငယ်အား ဆောင်နှင်းပြီးလျှင် တောထွက်၍ ရဟန်းပြုပြီးသော် ရဟန်းတရားကို အားထုတ်လျက် ရွာငယ်တို့တွင် နေသေ၏၊ ထိုအခါ ညီငယ်၏ မယားသည် တိဿမထေရ်ကား ရဟန်းတရား၌ မမွေ့လျော်သောကြောင့် တဖန်လူထွက်၍ လာပြန်ခဲ့သော် ဤဥစ္စာတို့သည် နှစ်ဖြာဖြစ်ကုန်လတ္တံ့ဟု ဥစ္စာကိုခွဲဝေရအံ့ သည်မှ ကြောက်သောကြောင့် ငါးရာသောသူခိုးတို့ကို တံစိုးလက်ဆောင် ပေးပြီးလျှင်"သွားချေ၊တိဿထေရ်ကို ဇီဝိတိန္ဒြေမှ ချချေကုန်"ဟု စေ၏၊ သူခိုးတို့လည်း ကောင်းပြီဟု ဥစ္စာကိုယူပြီးလျှင် မထေရ်၏နေရာ ရွာငယ်သို့ သွား၍ မထေရ်အား ဝန်းရံစိုင်းဆီးကုန်၏၊ မထေရ်လည်း သူခိုးဘို့ကိုမြင်လျှင် "ဥပါသကာတို့....အဘယ်အကျိုးငှာလာကြကုန်သနည်း"ဟုမေး၏။

သူခိုးတို့လည်း "သင်ရဟန်းကို ဇီဝိတိန္ဒြေမှ အသေသတ်မည်လာသည်" ဟု ဆိုကုန်၏။

တံ ဇီဝိတာ ဝေါရောပေဿာမာတိ။

(သတိပဋ္ဌာနသုတ် အဋ္ဌကထာ)

တံ၊သင်ရဟန်းကို။ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ဝေါရောပေဿာမ၊ချကုန်အံ့။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။

မထေရ်လည်း "ဥပါသကာတို့........ငါ့အား ဝန်ခံခြင်းကိုယူ၍ ယနေ့ တညဉ့်တရက်တာမျှ အသက်ရှင်ခြင်းကို ပေးပါကုန်" ဟု ဆို၏၊ သူခိုးတို့ လည်း "ရှင်ရဟန်း....ဤအရပ်ဝယ် အဘယ်သူသည် ရှင်ရဟန်းအား ဝန်ခံ လတ္တံ့နည်း" ဟု ဆိုကုန်၏၊ မထေရ်လည်း ကြီးစွာသော ကျောက်ကို ကောက်ယူပြီးလျှင် နှစ်ဖက်သော ပေါင်းရိုးတို့ကိုချိုးလျက် "ဥပါသကာ တို့....ဤဝန်ခံခြင်းသည်သင့်ပြီလော" ဟုဆို၏၊ထိုငါးရာသောသူခိုးတို့လည်း အတန်ငယ်ဖဲပြီးလျှင် စင်္ကြံဦးတွင် မီးဖို၍အိပ်ကြကုန်၏။ ဆင်းရဲဝေဒနာကို ခွာ၍ သီလကို ဆင်ခြင်သော တိဿ မထေရ်အား သီလကိုအမှီပြု၍ ပီတိ ပါမောဇ္ဇသည်ဖြစ်၏၊ ထိုနောင်မှ အစဉ်သဖြင့် ဝိပဿနာတရားကို ပွားစေ လျက်ညဉ့်သုံးယာမ် ပတ်လုံး ရဟန်းတရားကို အားထုတ်၍ အရုဏ်တက် လတ်သော် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးတော်မူ၏။ သူခိုးတို့လည်း မိုးသောက်လျှင် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာ တိဿ မထေရ်မြတ်ကို သတ်၍ သွားလေကုန်၏။ ဤတိဿမထေရ် ရဟန်းမြတ်လည်း ဇာတိမကောင်းသောကြောင့် သူခိုးတို့ သတ်၍ သူတပါးလို့လဖြင့်သေရခြင်း တည်းဟူသော ပစ္ဆုပက္ကမမူလကဒုက္ခ ကို ခံစားရချေ၏။

---

၁၅-ပစ္ဆုပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
ရိုက်နှက်ခြင်း မီးတိုက်ခြင်း ဟူသော သူတပါးလို့လဖြင့် သေရသော
မောဂ္ဂလ္လာန်ထေရ်, ထိုမထေရ်၏ အတိတ်ဘဝက
မိဖ, ခိုးသားငါးရာ, တိတ္ထိငါးရာတို့ ဝတ္ထု

ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ရွှေကျောင်း၌ကိန်းအောင်း မွေ့လျော်စံနေတော်မူလျက် အရှင်မောဂ္ဂလာန်ထေရ်၏ ပရိနိဗ္ဗာန်ပြုတော်

မူခြင်းကို အကြောင်းကိုပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ တရံသောအခါ တိတ္ထိတို့သည်စည်းဝေး၍ တိုင်ပင်ကြကုန်၏၊ ငါရှင်တို့.... အဘယ်အကြောင်းကြောင့် ရဟန်းဂေါတမအား လာဘသက္ကာရ ပေါ များသည်ဖြစ်၍ ဖြစ်သနည်း၊သိကြကုန်သလော''ဟုဆိုကုန်၏၊ ငါတို့ကား အကြောင်းကိုမသိကြကုန်၊ သင်တို့ကားသိကြကုန်သလော''ဟုအချို့သော တိတ္ထိတို့က ဆိုကြကုန်သော် သိကုန်၏၊ ''မောဂ္ဂလာန် အမည်ရှိသော သာဝက တယောက်ကို အမှီပြု၍သာ လာဘသက္ကာရသည် ဖြစ်၏၊ ထို မောဂ္ဂလာန်သည် နတ်ပြည်သို့သွား၍ နတ်တို့သည် ပြုအပ်သောကောင်းမှု ကိုမေးမြန်းပြီးလျှင် ဤအမည်ရှိသော ကောင်းမှုကိုပြုသောကြောင့် ဤသို့ သဘောရှိသော စည်းစိမ်ချမ်းသာကို ရကုန်၏ဟု လူတို့အား ကြားကုန်၏၊ ငရဲ၌ဖြစ်ကုန်သော သတ္တဝါတို့၏ အကုသိုလ်ကံကိုလည်း မေးမြန်းပြီးလျှင် လူ့ပြည်သို့လာ၍ ဤမည်သော မကောင်းမှုကို ပြုသောကြောင့် ဤသို့ သဘောရှိသောဆင်းရဲကိုခံစားရသည်ဟု လူတို့အားကြားကုန်၏၊ ယင်းသို့ ကြားကုန်လျှင် လူတို့သည် ထိုမောဂ္ဂလာန်၏ စကားကိုကြား၍ အားထုတ် ကုန်လျက် များစွာသော လာဘသက္ကာရကို ရဟန်းဂေါတမအား ဆောင်ကုန်၏၊ အကယ်၍ ထိုမောဂ္ဂလာန်ကို သတ်ခြင်းငှာ တတ်နိုင်ကုန် ငြားအံ့၊ ငါတို့အားလည်း ထိုလာဘသက္ကာရသည် ဖြစ်လတ္တံ့''ဟု ဆိုကြ ကုန်၏၊ တိတ္ထိတို့လည်း ဤအကြောင်းသည် ကောင်း၏ဟု အလုံးစုံသော တိတ္ထိတို့သည် တူသောဆန္ဒ ရှိကြကုန်သည်ဖြစ်၍ တစုံတခုကိုပြု၍ မောဂ္ဂ လာန်ကို သတ်ကြကုန်အံ့ဟု မိမိတို့၏ အလုပ်အကျွေးတို့ကို နှိုးဆော် တိုက်တွန်းသော် အသပြာ တထောင်လောက်ကိုရ၍ လူသတ်သော အမှု ကိုပြုလျက် လှည့်လည်ကုန်သော ခိုးသူတို့ကို ခေါ်ပြီးလျှင် ''အရှင်မောဂ္ဂ လာန်သည် ကာဠသိလိတောင်ယံ ကာဠလိုဏ်ဂူ၌နေ၏၊ ထိုလိုဏ်ဂူသို့သွား၍ မောဂ္ဂလာန်ကို သတ်ကြလေကုန်''ဟု ဆိုပြီးလျှင် ထိုခိုးသူ ငါးရာတို့အား အသပြာ တထောင်ကို ပေးကုန်၏၊ ဤကား ဓမ္မပဒ အဋ္ဌကထာ၏အလို၊ ဇာတ်အဋ္ဌကထာ၌ကား သမဏဂုတ္တက အမည်ရှိသော ခိုးသူတယောက် အား အသပြာတထောင် ပေးသည်ဟု ဆို၏း

သမဏဂုတ္တကာသော နာမ စောရဿ သဟာဘ မဒံသု။

(ဇာတ် အဋ္ဌကထာ)

ငါးရာသော ခိုးသူတို့လည်း ဥစ္စာ၌တပ်မက်မောရကား 'ကောင်းပြီ'ဟု ဝန်ခံ၍မောဂ္ဂလာန်ကိုသတ်ကုန်အံ့ဟု သွားပြီးလျှင် မောဂ္ဂလာန်မထေရ်၏ နေရာအရပ်ကို ဝိုင်းရံကုန်၏၊ မထေရ်သည်း ခိုးသူတို့ ဝန်းရံသောအဖြစ်ကို သိလျှင် သံကောက်ပေါက်ဖြင့် ထွက်၍ ဖဲလေ၏၊ ခိုးသူတို့လည်း ထိုနေ့၌ မထေရ်ကို မမြင်ရကား တနေ့သ၌ လာ၍ဝိုင်းပြန်၏၊ မထေရ်လည်း သိရကား အချက်ဝန်းကို ဖောက်ပြီးလျှင် ကောင်းကင်ဖြင့် ပျံထွက်လေ၏၊ ဤသို့လျှင် ထိုခိုးသူတို့သည် ရှေးဦးစွာသော လ၌ရင်း, အလယ်ဖြစ်သော လ၌ရင်း, မထေရ်ကို ဖမ်းယူခြင်းငှာ မတတ်နိုင်လေကုန်၊ အဆုံး ဖြစ်သော လသို့ရောက်သည်ရှိသော် မထေရ်သည် မိမိပြုအပ်သော ကံ၏ ငင်ဆွဲသော အဖြစ်ကိုသိ၍ မဖဲနိုင်လေ၊ မကောင်းမှုကံ၏ အကျိုးကြောင့် မထေရ်သည် ကောင်းကင်သို့ ပျံတက်ခြင်းငှာ မစွမ်းနိုင်လေ၊ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမခြင်းငှာ စွမ်းနိုင်သော, ဝေဇယန္တာ နန်းပြာသာဒ်ကို တုန်လှုပ်ခြင်းငှာ စွမ်းနိုင်သော မထေရ်၏ တန်ခိုးသည်လည်း ကံ၏ အစွမ်းကြောင့် အားနည်းသော အဖြစ်သို့ ရောက်လေ၏၊ ခိုးသူတို့လည်း သွား၍ မထေရ်ကိုဖမ်းပြီးလျှင် မထေရ်၏ အရိုးတို့ကို ဆန်ကျိုး ဆန်ကွဲ အတိုင်းအရှည် ရှိသည်ကို ပြုကုန်လျက် ချိုးကုန်၏။

စောရာ ဂန္တွာ ထေရံ ဂဟေတွာ တဏ္ဍုလ ကဏမတ္တာနိသာ အဋ္ဌီနိ ကရောန္တာ ဘိန္ဒိံသု။

(ဓမ္မပဒ အဋ္ဌကထာ)

စောရာ၊ခိုးသူတို့သည်၊ ဂန္တွာ၊ သွားကုန်၍။ ထေရံ၊မောဂ္ဂလာန်ထေရ်ကို၊ ဂဟေတွာ၊ ဖမ်း၍။ အဿ၊ ထိုမထေရ်၏။ တဏ္ဍုလကဏမတ္တာနိ၊ ဆန်ကျိုး ဆန်ကွဲ အတိုင်းအရှည်ရှိကုန်သော။ အဋ္ဌီနိ၊အရိုးတို့ကို။ ကရောန္တာ၊ ပြုကုန်လျက်။ ဘိန္ဒိံသု၊ ချိုးကုန်၏။

ထို့နောင်မှ မထေရ်ကိုသေပြီဟူသောအမှတ်ဖြင့်ချုံတခု၏အပေါ်တွင် ပစ်တင်၍ ဖဲကြလေကုန်၏၊ မထေရ်သည်း သဗ္ဗညုဘုရားကိုပန်ကြားဖူးမြင်၍သာ ပရိနိဗ္ဗာန် ပြုအံ့ဟုကြံ၍ အတ္တဘောကို ဈာန်တည်းဟူသော ရစ်ပတ်ကြောင်း အဝတ်ပုဆိုးဖြင့် ရစ်ပတ်၍ မြဲမြံ ခိုင်ခံ့သည်ကို ပြုလျက် ကောင်းကင်ဖြင့် သဗ္ဗညုဘုရားအထံသို့လာ၍ သဗ္ဗညုဘုရားကိုရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား ပရိနိဗ္ဗာန်ပြုပါအံ့" ဟု လျှောက်၏၊ "မောဂ္ဂလာန်....သင်သည် ပရိနိဗ္ဗာန် ပြုလတ္တံ့လော" ဟု

မေးတော်မူသော် မှန်ကြောင်းကို လျှောက်လေလျှင် "အဘယ်အရပ်သို့ သွား၍ ပရိနိဗ္ဗာန်ပြုမည်နည်း"ဟု မေးတော်မူ၏၊ "ကာလသိဂိလိတောင်ယံ ကာဠကျောက်ဂူသို့သွား၍ ပရိနိဗ္ဗာန်ပြုပါအံ့"ဟု လျှောက်၏၊ "ယင်းသို့ တပြီးကား မောဂ္ဂလာန်....ငါအား တရားဟော၍သွားလော့၊ သင်ကဲ့သို့ သဘောရှိသော သားဝကအား ယခုအခါ ငါဘုရားအားမြင်ရခြင်းမရှိပြီ"ဟု မိန့်တော်မူ၏၊ မောဂ္ဂလာန်မထေရ်လည်း "အမိန့်တော်အတိုင်း ပြုပါအံ့၊ သုန်းတော် ကြီးလှသောဘုရား"ဟု လျှောက်ပြီးလျှင် သဗ္ဗညုဘုရားကို ရှိခိုးပြီး၍ကောင်းကင်ပျံတက်ပြီးလျှင် ဖရိနိဗ္ဗာန်ပြုသောနေ့၌ ရှင်သာရိပုတ္တ ရာမှထေရ်ကဲ့သို့ အထူးထူးအပြားပြားသော တန်ခိုးပြာဋိဟာတို့ကိုပြလျက် တရားဟောပြီးလျှင် သဗ္ဗညုဘုရားကို ရှိခိုး၍ ကာလသိဂိလိတောင်ယံ ကာဠကျောက်ဂူ တောအုပ်သို့ သွားပြီးလျှင် ပရိနိဗ္ဗာန် ပြုလေ၏၊ မောဂ္ဂလာန် မထေရ်ကို ခိုးသူတို့ သတ်၏ ဟူသော စကားသည်လည်း အလုံးစုံသော ဇမ္ဗူဒိပ ါကျွန်းအပြင်ထက် အထင်အရှားပျံ့နှံ့၏။

ထေရံ ကိရ စောရာ မာရေသုန္တိ အယံပိ ကထာ သကလ ဇမ္ဗုဒီပံ ပတ္ထရိ။

(ဓမ္မပဒအဋ္ဌကထာ)

ထေရံ၊ မောဂ္ဂလာန်ထေရ်ကို။ စောရာ၊ ခိုးသူတို့သည်။ မာရေသုံကိရ၊ သတ်ကုန်သတတ်။ ဣတိအယံပိ ကထာ၊ ဤစကားသည်လည်း။ သကလ ဇမ္ဗူဒိပံ၊ အလုံးစုံသော ဇမ္ဗူဒိပါကျွန်းကို။ ပတ္ထရိ၊ ပျံ့နှံ့၏။

အဇာတသတ် မင်းသည် ခိုးသူတို့ကို ဖမ်းခြင်းငှာ သူလျှိုဖြစ်သော မင်းချင်းတို့ကိုစေ၏၊ ထိုါးရာသော ခိုးသူတို့သည်လည်း သေတင်းကုပ်၌ သေသောက်ကုန်သည်ရှိသော် ခိုးသူတယောက်သည် ခိုးသူတယောက်၏ ကျောကို ပုတ်ခတ် ထောင်းထုလျက် ပက်လက် လဲစေ၏၊ လဲသော ခိုးသားလည်း ထ၍ ထိုခိုးသားကို ခြိမ်းပြီးလျှင် "ဟယ် ဆုံးမခက်သည့် သူပျက်ငမိုက်သား....သင်သည် အဘယ်ကြောင့် ငါ့ ကျောစောင်းကို ထောင်းသနည်း"ဟု မေး၏၊ "ဟယ်အချင်း ခိုးသူပျက် ငါသည် မဟာ မောဂ္ဂလာန်မထေရ်ကို ရှေးဦးစွာ ရိုက်နှက်ပုတ်ခတ်သတ်အပ်သည် မဟုတ်လော"ဟု ဆိုသော်"ငါလည်း ရိုက်နှက်ပုတ်ခတ် သတ်အပ်သော အဖြစ်ကို သင် မသိသလော"ဟု ဆို၏၊ ဤသို့လျှင် "ငါသည် ပုတ်ခတ်အပ်၏၊ ငါ

သည် ပုတ်ခတ်အပ်၏''ဟု ငြင်းခုံရန်စစ် ဖြစ်ကြသော ခိုးသူတို့ စကားကို ကြား၍ မင်းချင်းယောကျ်ား သူလျှိုတို့သည် အလုံးစုံသော ခိုးသူတို့ကို ဖမ်းပြီးလျှင် အဇာတသတ်မင်းအား ပြကုန်၏၊ အဇာတသတ်မင်းလည်း 'ဆင်တို့သည် မောဂ္ဂလာန်မထေရ်မြတ်ကို သတ်အပ်သလော'ဟု စစ်ကြော မေးမြန်းတော်မူ၏၊ ခိုးသူတို့လည်း ''အရှင်မင်းကြီး....ကျွန်ုပ်တို့ပင် မထေရ်မြတ်ကို သတ်ပေသည်''ဟု လျှောက်ကြကုန်၏၊ ''ဘယ်သူစေ၍ သတ်ကြကုန်သနည်း အလိုအလျောက်ပင် သင်တို့ သတ်ကြကုန်သလော''ဟု စစ်ကြော မေးမြန်းတော်မူ၏၊ ''အရှင်မင်းကြီး....အကျွန်ုပ်တို့သည် အလိုအလျောက်ပင် သတ်ရသည် မဟုတ်ပါ၊ အဝတ်မတည်း အချည်းစည်းသော ရဟန်းယုတ်တို့စေ၍ သတ်ရပါသည်''ဟု လျှောက်ကုန်၏၊ အဇာတသတ်မင်းလည်း ငါးရာသော တက္ကတွန်းယုတ်တို့ကို ဖမ်းပြီးလျှင် ငါးရာသော ခိုးသူတို့နှင့်တကွ မင်းရင်ပြင်ဝယ် ချက်အတိုင်းအရှည် ရှိကုန်သော တွင်းတို့၌ မြှုပ်စေ၍ ကောက်ရိုးတို့ဖြင့် ဖုံးလွှမ်း စေပြီးလျှင် မီးတိုက်စေ၏၊ ထိုနောက်မှ ခိုးသူတထောင်တို့၏ မီးလောင်သော အဖြစ်ကိုသိ၍ သံထွန်သွားတို့ဖြင့် ထွန်စေလျက် အလုံးစုံသော သူတို့ကို အပိုင်းအပိုင်း ပြု၏၊ တရားသဘင်၌လည်း ''ငါ့ရှင်တို့............သံဝေဂ ဖြစ်ကောင်းဖွယ် ရှိစွ၊ မဟာမောဂ္ဂလာန်မထေရ်သည်မိမိအား မလျောက်ပတ်သော သေခြင်းသို့ ရောက်၏''ဟု စကားကိုဖြစ်စေ၏၊ သဗ္ဗညုဘုရားလည်း ကြွတော်မူလာ၍ ''အဘယ်အကြောင်းကြောင့် စည်းဝေးကြကုန်သနည်း'ဟု မေးတော်မူလေလျှင် အကြောင်းကို လျှောက်ကုန်၏၊ ''ချစ်သားတို့........ယခု၌သာ မဟာ မောဂ္ဂလာန်သည် ဤအတ္တဘော အားသာ မလျောက်ပတ်သော သေခြင်းသို့ ရောက်ရသည်မဟုတ်၊ ရှေး၌လည်း ဤမောဂ္ဂလာန်သည်ပြုအပ်သော ကံအား လျောက်ပတ်သည်သာလျှင်ဖြစ်သော သေခြင်းသို့ရောက်ရလေ၏''ဟု မိန့်တော်မူသော် ''ဘုန်းတော်ကြီးလှသော ဘုရား.........အရှင်မောဂ္ဂလာန်၏ ရှေးမကောင်းမှုကံသည် အဘယ်နည်း''ဟု မေးလျှောက်လေလျှင် ဘုရားရှင်လည်း အကျယ်ဟောတော်မူ၏။

လွန်လေ ပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် တယောက်သော အမျိုးသားသည် မိမိကိုယ်တိုင် ပင်လျှင် မောင်းထောင်းခြင်း, ရေခပ်ခြင်း, ထမင်းချက်ခြင်း အစရှိသည်တို့ကို ပြုလျက် မိဘတို့ကို လုပ်ကျွေး၏၊ ထို အမျိုးသား၏ အမိအဖ တို့သည် သားကို ဆိုကုန်၏၊ ''ချစ်သား........သင်တယောက်တည်း သာလျှင် တော၌ရင်း, အိမ်၌ရင်း အမှု

ကို ပြုရသောကြောင့် ပင်ပန်း၏၊ သင့်ဖို့ သတ္တိသမီး တယောက်ကို ဆောင်ကုန်အံ့''ဟု ဆိုသော် အမျိုးသားသည် မိခင် ဖခင် တို့အား ''ဤသို့ သဘောရှိသောအမှုဖြင့် အလိုမရှိ၊ အကြင်မျှလောက် မိခင်ဖခင်တို့သည် အသက် ရှင်ကုန်၏၊ ထိုမျှလောက် ငါသည် မိမိ လက်ဖြင့်သာ လုပ်ကျွေးပါအံ့''ဟု ဆို၏၊ ယင်းသို့ဆို၍ ထို အမျိုးသားသည် ပယ် အပ်လျက်လည်း မိဖတို့သည် အဖန်တလဲလဲ တောင်းပန်၍ သတ္တိသမီး တယောက်ကို ဆောင်ကုန်၏၊ ထိုသတ္တိသမီးသည် တရက်နှစ်ရက်သာလျှင် ကောင်းစွာ လုပ်ကျွေး၍ နောင်အခါ ယောက္ခမတို့အား မြင်ခြင်းကိုပင် လည်း အလိုမရှိရကား သင်၏မိဖတို့နှင့် အတူတကွ တအိမ်တည်းနေခြင်းငှာ ငါသည် မတတ်နိုင်ဟု စောင်းမြောင်း၍ ဆိုပါသော်လည်း ထိုအမျိုး သားသည် မိမိစကားကိုနားမထောင်သော် ထိုအမျိုးသား၏အိမ်မှ အပသို့ သွားသော အခါ ယာဂုံ, သင်ပန်း လျှော်မျှင်တို့ကို ယူ၍ အရပ် ထိုထိုဝယ် ဖရိုဖရဲကြဲလျက် ထိုအမျိုးသားပြန်လာ၍ ''ဤအမှုကား အဘယ်နည်း''ဟု မေးလတ်သော် ''ထိုအမှုကားထိုသူကန်းအိုတို့အမှုတည်း''ဟု အလုံးစုံသော အိမ်ကို ညစ်နွမ်းသည်ကိုပြုကုန်လျက် လှည့်လည်ရကား ထိုသူကန်းအိုတို့ နှင့်တကွ တအိမ်တည်းနေခြင်းငှာ ငါသည်မတတ်နိုင်''ဟု ဆို၏၊ ယင်းသို့ ထိုမိန်းမသည် အဖန်တလဲလဲ ဆိုလတ်သော် ထိုသို့သဘောရှိသော ဖြည့် အပ်ပြီးသော ပါရမီရှိသော အဂ္ဂသာဝက အလောင်းစင်လျက်လည်း မိခင် ဖခင်တို့နှင့် နှလုံးဝမ်းပန်းသည် ဖြန်းဖြန်းကွဲခဲ့၏၊ ထိုအမျိုးသားသည် ယင်းသို့ဖြစ်စေ ထိုသူကန်းအိုတို့အား ပြုဖွယ်အမှုကို သိရအံ့ဟု မိဖတို့ကို ထမင်း ကျွေးမွေးပြီးလျှင် ''မိခင်ဖခင်တို့....ဤမည်သော အရပ်၌ ဆွေမျိုး တို့သည် မိခင်ဖခင်တို့၏ လာခြင်းကို တောင့်တကုန်၏။ ထိုအရပ်သို့သွား ကုန်အံ့'' ဟု ဆို၍ မိဖတို့ကို ယာဉ်သို့ တင်ပြီးလျှင် ခေါ်၍သွားလေသော် တောအုပ်လယ်သို့ ရောက်သည်ကာလ ''ဖခင်....ကြိုးတို့ကို ကိုင်ပါ၊ နွားတို့ သည် နှင်တံအမှတ်ဖြင့် သွားကုန်လတ္တံ့၊ ဤအရပ်၌ ခိုးသူတို့သည် နေကြ ကုန်၏၊ ငါလည်း ယာဉ်မှဆင်းအံ့''ဟု ဆိုပြီးလျှင် ဖခင်၏လက်၌ ကြိုးတို့ကို ပေး၍ ယာဉ်မှ ဆင်းသက်၍ သွားလတ်သော် အသံကိုဖောက်ပြန်စေလျက် ခိုးသူတို့၏ ထသောအသံကို ပြု၏၊ မိခင်ဖခင်တို့သည် အသံကိုကြား၍ သူခိုးဒမြတို့သည် ထကုန်၏ဟူသော အမှတ်ဖြင့် 'ချစ်သား ငါတို့ကား အိုမင်းကုန်ပြီ၊ သင်ချစ်သားသည် မိမိကိုယ်ကိုသာ စောင့်ရှောက်ပါ''ဟု

ဆိုကုန်၏၊ ထို အမျိုးသားလည်း ထိုသို့မြည်တမ်းကုန်စဉ်ပင် မိခင်ဖခင်တို့ကို သူခိုးဒမြ အသံကိုကြားလျက် ထောင်းထု ရိုက်ခတ်၍ သတ်ပြီးလျှင် တောအုပ်တွင် ပစ်၍ ပြန်သွားလေ၏။

ကောဋ္ဋေတွာ မာရေတွာ အဋဝိယံ ခိပိတွာ ပစ္စာဂမိ။

(ဓမ္မပဒ အဋ္ဌကထာ)

ကောဋ္ဋေတွာ၊ ထောင်းထုရိုက်ခတ်၍။ မာရေတွာ၊ သတ်၍။ အဋဝိယံ၊ တောအုပ်၌။ ခိပိတွာ၊ ပစ်၍။ ပစ္စာဂမိ၊ ပြန်လာ၏။

ဇာတ်အဋ္ဌကထာ၌ကား ငါသည် ဤသို့ ပုတ်ခတ်သော်လည်း ငါ၏ အကျိုးငှာသာ မြည်တမ်းရှာ၏၊ ငါသည်မသင့်တင့်သောအမှုကို ပြုမိသည်ဟု မိဖတို့ကို အသေမသတ်ပဲ အိမ်သို့ပြန်၍ ဆောင်ခဲ့သည်ဟု ဆိုသည်။

ပုန အတ္တနော ဂေဟမေဝ အာနေသိ။

(ဇာတ်အဋ္ဌကထာ)

ပုန၊ တဖန်။ အတ္တနော၊ မိမိ၏။ ဂေဟမေဝ၊ အိမ်သို့သာလျှင်။ အာနေသိ၊ ဆောင်ခဲ့၏။ ဝါ၊ ခေါ်ခဲ့၏။

သမ္ဗုဒ္ဓဘုရားလည်း ရှင်မောဂ္ဂလာန်၏ ဤပုဗ္ဗကံကို ဟောတော်မူပြီးလျှင် "ချစ်သား....မောဂ္ဂလာန်ကား ဤမျှသော မကောင်းမှုကိုပြု၍ များစွာသော နှစ်အသောင်း အသိန်းတို့ ပတ်လုံး ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် အတ္တဘော တရာတို့၌ ဤကဲ့သို့ ပုတ်ခတ်၍ မုန့်မုန့်ညက်ညက်ပြုလျက် သေခြင်းသို့ ရောက်လေ၏၊ ဤသို့ မောဂ္ဂလာန်သည် မိမိကံအားလျောက်ပတ်စွာ သေခြင်းကိုရရှာလေ၏၊ ငါးရာသော ခိုးသားတို့နှင့်တကွ ငါးရာသော တိတ္ထိ တက္ကတွန်းတို့သည်လည်း မပြစ်မှားအပ်သော ငါ့သား မောဂ္ဂလာန်၌ ပြစ်မှား၍ ကံအားလျောက်ပတ်စွာသေခြင်းကိုရကြကုန်၏" ဟု မိန့်တော်မူ၏၊ ရှင်မောဂ္ဂလာန်သည်လည်းကောင်း, ရှေးဘဝ၌ မိမိတို့သည်လည်းကောင်း ဇာတိမကင်းသောကြောင့် သူတပါးလုံ့လဖြင့် ဒမြ သူခိုးတို့သတ်၍ သေရခြင်းတည်းဟူသော ပရူပက္ကမ မူလကဒုက္ခကို ခံစားရကုန်၏၊ တထောင်သော သူခိုး တိတ္ထိတက္ကတွန်း တို့သည်လည်း ဇာတိမကင်းသောကြောင့်သူတပါးလုံ့လဖြင့် အဇာတသတ်မင်းမီးလောင်တိုက် သွင်း၍ သေရခြင်းတည်းဟူသော ပရူပက္ကမ မူလကဒုက္ခကို ခံစားရကုန်၏။

(၃၄၄)....ဗွ်ဆ ဍုင်ယလညာ်လးဂွ် ဗြဂၠိုဝ်ယးဒှ်မြဂှ်ယ ဍုင်လးဂွ် ကောဲဒှ်ဆောဝ်ဒှ်ကြ



### ၈၆-ပရုပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဓားလက်နက်ဖြင့် သက်ဖြတ်ခြင်း သူတပါးလို့လဖြင့် သေရသော စူဠဓနုဂ္ဂဟ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်းကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူလျက် စူဠဓနုဂ္ဂဟဗဏ္ဍိတကို အကြောင်းပြု၍ တခုသောဓမ္မဒေသနာကိုဟောတော်မူ၏၊စဥ္စင်းငယ်တယောက်သည် စာရေးတံတင်းကုပ်၌ မိမိအား ရောက်သောစာရေးတံကို ယူ၍ စာရေးတံ ယာဂုကိုခံပြီးလျှင် ဆွမ်းစားဇရပ်သို့သွား၍သောက်၏၊ထိုဆွမ်းစားဇရပ်၌ရေကိုမရရကား ရေအလို့ငှာ တခုသောအိမ်သို့သွား၏၊ထိုအိမ်၌ပဥ္စင်းငယ်ကိုအရွယ်ရောက်ပြီးသောသတို့သမီးတယောက်သည်မြင်၍ချစ်ခင်ရကား'အရှင်ဘုရားတဖန်လည်းရေဖြင့်အလိုရှိမူ ဤအိမ်သို့သာ ကြွသာပါ''ဟု လျှောက်၏၊ ပဥ္စင်းငယ်သည်းထိုနေ့မှစ၍ အကြင်အခါ သောက်ရေကိုမရ၊ ထိုအခါ ထိုအိမ်သို့သွား၏၊သတို့သမီးလည်း ပဥ္စင်းငယ်၏ သပိတ်ကိုယူပြီးလျှင် သောက်ရေကိုပေး၏၊ ယင်းသို့လျှင် ကာလ ရှည်လျားလတ်သော် ယာဂုကိုလည်းလှူ၍ တဖန် တနေ့ သ၌ မိမိအိမ်၌နေစေ၍ ဆွမ်းကိုလည်းလှူ၏၊ ပဥ္စင်းငယ်အနီး၌ ထိုင်၍ "အရှင်ဘုရား....ဤအိမ်၌ တစုံတခုမျှ မရှိသည် မဟုတ်၊ ရှိသည်သာတည်း၊ စင်စစ်မှာသော် ကျွန်တော်မတို့သည် စီရင်တဘ်သောစယောကျ်ားကိုသာ အလိုရှိပါကုန်၏''ဟု ဖြားယောင်းသော စကားတို့ဖြစ်စေ၏၊ပဥ္စင်းငယ်လည်းသတို့သမီး၏စကားကိုကြားလျှင်နှစ်ရက်သုံးရက်လွန်သဖြင့် ဆန့်ကျင်၏၊ ထိုအခါ ပဥ္စင်းငယ်ကို တနေ့သ၌ အာဂန္တုကရဟန်းတို့သည်မြင်ကုန်၍'"ငါ့ရှင်....သင်ကားအဘယ်ကြောင့်ကြုံသနည်း'' ဟု မေးမြန်းသော် ''တပည့်တော်ကား လူထွက်ချင်သောကြောင့်''ဟု ဆိုလျှင်ဆရာဥပဇ္ဈာယ်တို့၏ အထံသို့ဆောင်ကုန်၏ ဆရာဥပဇ္ဈာယ်တို့လည်း သဗ္ဗညုဘုရား၏ အထံတော်သို့ ဆောင်၍ ထိုအကြောင်းကို သဗ္ဗညုဘုရားအား လျှောက်ထားကုန်၏၊ သဗ္ဗညုဘုရားလည်း ''ရဟန်း........သင်သည် လူထွက်ချင်၏ဟူသည် မှန်သလော''ဟု မေးတော်မူ၏၊ မှန်ကြောင်းကို လျှောက်လျှင် ''ရဟန်း....သင်သည်အဘယ်ကြောင့် ငါသို့ သဘောရှိသော ဘုရား၏သာသနာတော်၌ ရဟန်းပြုလျက် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဟု မိမိကိုယ်ကို မဆိုစေပဲ လူထွက်ချင်သော ရဟန်းတည်းဟု ဆိုစေဘိသနည်း၊ သင်၌အမှုကား ဝန်လေးစွ''ဟု မိန့်တော်မူ၍ ''အဘယ့်

ကြောင့် လူထွက်ချင်သနည်းဟု မေးတော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....မိန်းမတယောက် သည် ဖြူးယောင်းသောကြောင့်"ဟု လျှောက် လေလျှင် "ရဟန်း........ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ယခု၌သာ ပြုသည်မဟုတ်၊ရှေး၌လည်း သင်သည် ဤမိန်းမကိုအမှီပြု၍ သန်လျက် ခား ဖြင့် သင်၏ ဦးခေါင်းသည် တောင်းတောင်းပြတ်လေပြီ"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသေအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားအလောင်းတော်သည် သိကြားမင်းဖြစ်လေ၏၊ ထိုအခါ ဗာရာဏသီပြည်၌ တယောက်သော ပုဏ္ဏားလုလင်သည် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်တို့ကို သင်သော် လေးအတတ်၌ အပြီးဆုံးသို့ ရောက်ရကား စူဠဓနုဂ္ဂဟပဏ္ဍိတဟု ထင်ရှားကျော်စော၏၊ ထိုအခါလုလင် အား ဆရာသည် ဤသူကား ငါနှင့်တူစွာ အတတ်ကိုသင်ပေ၏ဟု မိမိသမီး ကိုပေး၏၊လုလင်သည် ဆရာ့သမီးကိုယူပြီးလျှင်ဗာရာဏသီပြည်သို့ ပြန်အံ့ဟု ခရီးကိုသွား၏၊ ထိုအခါခရီးအကြားတွင် ဆင်တကောင်သည် ထိုအရပ်ကို ဆိတ်အောင်ပြု၏၊ ထိုအရပ်သို့ရောက်လျှင် လူအပေါင်းသည် ကူးသန်း ခြင်းငှာမဝံ့၊စူဠဓနုဂ္ဂဟပဏ္ဍိတမူကား လူအပေါင်းတို့တားမြစ်စဉ်ပင်မယား ကိုခေါ်၍ တောအုပ်သို့ဝင်၏၊ တောအုပ်အလယ်သို့ရောက်လျှင် ဆင်သည် ထ၏၊ ထိုလုလင်လည်း ဆင်ကိုဦးကင်း၌ မြားဖြင့် ပစ်သော် မြားသည် ထိုက်ချင်းလျှိုဖောက်၍ နောက်အဖို့သို့ ထွက်လေ၏၊ ဆင်လည်း ထိုအရပ် တွင်ပင် လဲလေ၏၊ စူဠဓနုဂ္ဂဟပဏ္ဍိတလည်း ထိုအရပ်ကို ဘေးမရှိသည် ပြု၍ ရှေ့၌ တခုသော တောအုပ်သို့ရောက်ပြန်၏၊ ထိုတောအုပ်၌လည်း ငါးကျိပ်သော ခိုးသူတို့သည် ခရီး၌နေလျက် လုယက်ဖျက်ဆီးကုန်၏၊ စူဠ ဓနုဂ္ဂဟ ပဏ္ဍိလည်း လူအပေါင်းတို့ တားမြစ်လျက်ပင် ထိုတောအုပ် သို့ ဝင်၍ သမင်ကို သတ်ပြီးလျှင် ခရီးအပါး၌ အသားကို ချက်ပြုတ်၍ စားသော ခိုးသားငါးကျိပ်တို့၏ နေရာအရပ်သို့ ရောက်လေ၏၊ ထိုခိုးသား ငါးကျိပ်တို့လည်း တန်ဆာ ဆင်ယင်ခြင်းနှင့် စပ်သော မယားနှင့်တကွ လာသော စူဠဓနုဂ္ဂဟ ပဏ္ဍိတကို မြင်လျှင် ဖမ်းအံ့ဟု အားထုတ် ကုန်၏၊ ခိုးသူကြီးကား ယောကျ်ား လက္ခဏာ၌ လိမ္မာသောကြောင့် ထို စူဠဓနုဂ္ဂဟ ပဏ္ဍိတကို ကြည့်လျက်ပင် ဤသူကား မြင့်မြတ်သော ယောကျ်ားတည်းဟု သိ၍ တစုံတယောက်သော သူခိုး ဒမြအား ထခြင်းငှာ မပေး၊ စူဠဓနုဂ္ဂဟပဏ္ဍိတလည်းမယားကို"အဘယ်....သွားချေ၊

ငါတို့အားလည်း အမဲသားတစ်စိတ်ကို ပေးပါဟုဆို၍ တောင်းချေ”ဟု စေ၏၊ မယားလည်းသွား၍“မောင်ကြီးတို့....အကျွန်ုပ်တို့အားလည်းအမဲသားကို သနားပါ”ဟု တောင်း၏၊ ခိုးသူကြီးလည်း ဤယောကျ်ားကား အနဋ္ဌ အာဇာနည်ဟု ဆိုပြီးလျှင် အမဲတစ်စိတ်ကို ပေးစေ၏၊ ခိုးသူတို့လည်း ငါတို့ကား ကျက်ပြီးသော အမဲသားကို စားကုန်အံ့ဟု မကျက်သေးသော အမဲတစ်စိတ်ကို ပေးကုန်၏၊ စူဠဓနုဂ္ဂဟပဏ္ဍိတလည်း မိမိကိုယ်ကို ချီးမြှောက်၍ ငါ့အား မကျက်သေးသောအမဲကို ပေးရာသလောဟုခိုးသူတို့အား အမျက်ထွက်၏၊ ခိုးသူတို့လည်း အမောင်တယောက်သာ ယောကျ်ားလော၊ ငါတို့ ငါးကျိပ်လုံးကား မိန်းမချည်းသာလောဟု ကြုံးဝါး၍ ထကြွကုန်၏၊ စူဠဓနုဂ္ဂဟ ပဏ္ဍိတလည်း ထ၍ တစင်းယုတ် ငါးဆယ်သော မြားတို့ဖြင့် တယောက်ယုတ် ငါးကျိပ်သော ခိုးသားတို့ကို ပစ်၍ လဲစေ၏၊ ခိုးသူကြီးကို ပစ်ခြင်းငှာ မြားကားမရှိရှာလေ၊ ထိုလုလင်၏ မြားကျည်တောက်၌ အမျှ ငါးဆယ်သောမြားတို့သာပါကုန်၏၊ ထိုငါးဆယ်သော မြားတို့တွင် တစင်းဖြင့် ဆင်ကိုပစ်လေပြီ၊ ကြွင်းသော လေးဆယ့်ကိုးစင်းတို့ဖြင့် လေးကျိပ် ကိုးယောက်သော ခိုးသားတို့ကိုပစ်လေပြီ၊ထို့ကြောင့်ခိုးသူကြီးအား မြားဖြင့်ပစ်စရာ မရှိသတည်း၊ ယင်းသို့မရှိလျှင် ခိုးသူကြီးကို ဥသျှောင်၌ ကိုင်း၍လဲစေပြီးမှ ခိုးသူကြီးရင်ပေါ်ဝယ်ထိုင်လျက် သန်လျက်ဖြင့် ခိုးသူကြီး၏ ဦးခေါင်းကို ဖြတ်အံ့ဟု မယား၏လက်မှ သန်လျက်ဓားကိုတောင်း၏၊ မယားလည်း ထိုခဏတွင် မြင်အပ်သော ခိုးသူ၌တပ်ခြင်းကိုပြု၍ ခိုးသူ၏လက်၌အရိုး, လင်၏လက်၌ကား အသွားကိုထား၍ ပေး၏၊ ခိုးသူကြီးလည်း အရိုးကို ကိုင်ပြီးလျှင် သန်လျက်ကို အအိမ်မှထုတ်၍ စူဠဓနုဂ္ဂဟ၏ ဦးခေါင်းကို ဖြတ်လေ၏။

စောရော ထရုဒ္ဓက္ကံ၊ ပရာမသိတွာ အသိံ နိဗ္ဗာဟရိတွာ ဓနုဂ္ဂဟဿ သီသံ ဆိန္ဒိ။

(ဇာတ် အဋ္ဌကထာ)

စောရော၊ ခိုးသူသည်။ ထရုဒ္ဓက္ကံ သန်လျက်အရိုးကို။ ပရာမသိတွာ၊ သုံးသပ်၍။ အသိံ၊ သန်လျက်ကို။ နိဗ္ဗာဟရိတွာ၊ အိမ်မှထုတ်၍၊ ဓနုဂ္ဂဟဿ၊ စူဠဓနုဂ္ဂဟ၏၊ သီသံ၊ ဦးခေါင်းကို၊ ဆိန္ဒိ၊ ဖြတ်၏။

ခိုးသူကြီးလည်း စူဠဓနုဂ္ဂဟပဏ္ဍိတကို သတ်ပြီးလျှင် မယားကို ယူသွားလျက် ဇာတ်ကိုမေး၏၊ မယားလည်း “ငါကား တက္ကသိုလ် ပြည်သယ် ဒိသာပါမောက္ခဆရာ၏ သမီးတည်း”ဟု ဆို၏၊ “အဘယ်သို့လျှင် သင့်ကို

ဤယောကျ်ားသည် ရအပ်သနည်း''ဟု မေးသော် ''ငါ၏ အဖသည် ဤသူကား ငါနှင့်တူသည်ကို ပြု၍ အတတ်ကို သင်ပေးသည်ဟု နှစ်သက်၍ မိမိအား ပေးစားသော လင်ကို သတ်စေသည်''ဟုဆို၏၊ ခိုးသူကြီးလည်း ဤမိန်းမကား အမျိုးပေးစားသော လင်ကို စင်လျက် သတ်စေတုံသေး၏၊ ငါမှတပါးအခြားသူကိုမြင်ပြန်သော် ငါ့ကိုလည်း ဤအတူဖင်သတ်စေပြန်ရာ၏၊ ငါသည်စွန့်ခြင်းငှာ တတ်ကောင်း၏ဟု ကြံ၍သွားသော် ခရီးကြားတွင် ထိုခဏ၌လာသော ရေဖြင့်ပြည့်သော မြစ်တိမ်တခုကိုမြင်၍ ''အဘယ် ဤမြစ်ဝယ် မိချောင်းကား ကြမ်းတမ်းလှ၏၊ အဘယ်သို့ ပြုရအံ့နည်း''ဟု ဆိုသော် ''သခင်....ဤအလုံးစုံသော တန်ဆာတို့ကို ငါ၏ကိုယ်ဝတ်ဖြင့်ထုပ်ပြီးသော် ထိုမှာဘက်ကမ်းသို့ ပို့ပြီးမှ တဖန်ပြန်၍ ငါ့ကိုယူပါ''ဟု ဆို၏၊ ခိုးသူကြီးလည်း ကောင်းပြီဟု ဝန်ခံ၍ အလုံးစုံသော တန်းဆာကို ယူ၍ မြစ်သို့ဆင်းပြီးလျှင် ကူးသကဲ့သို့ ထိုမှာဘက်ကမ်းသို့ ရောက်သော် ထိုမိန်းမကိုစွန့်၍ သွားလေ၏၊ ထိုမိန်းမလည်း စွန့်၍သွားသော ခိုးသူကြီးကို မြင်လျှင် ''သခင်....အဘယ့်ကြောင့်ငါ့ကိုစွန့်၍ သွားသနည်း၊လာပါ၊ငါ့ကို ယူသွားပါ''ဟုဆို၏၊ ခိုးသူကြီးလည်းသင်သည်သူတပါး၌ကြိုက်ချစ်သော် အမျိုးပေးစားသော လင်ကိုစင်လျက် သတ်တုံသေး၏၊ ငါ့ကိုကားဆိုဖွယ် အဘယ်ရှိအံ့နည်း၊ ငါကားသင်မှကြောက်လှသည်၊ နေရစ်ပါ၊ ဝေးစွာငါသွားအံ့ဟု ဆိုပြီးလျှင်ထိုမိန်းမပြည်တမ်းစဉ်ပင် တန်ဆာထုပ်ကိုယူ၍ ပြေးလေ၏၊ ထိုမိန်းမလည်း မိမိ၏ အလွန် အလိုကြီးသည်၏ အဖြစ်ကြောင့် ဤသို့သဘောရှိသော ပျက်စီးခြင်းသို့ရောက်ရကား ကိုးကွယ်ရာမဲ့သည်ဖြစ်၍အနီး၌ တစုံတခုသောနေဇာသမန်းမြက်ချုံသို့ကပ်၍ငိုလျက်နေ၏၊ ထိုခဏ၌ သိကြားမင်းသည် လောကကိုကြည့်လတ်သော် အလွန်အလိုကြီးသည်၏ အဖြစ်ကြောင့် သင်တို့မှယုတ်ရကား ငိုလျက်နေသော ထိုမိန်းမကိုနှိပ်လျက် ရှက်စေ၍ လာအံ့ဟု ကြံပြီးလျှင် မာတလိနတ်သား ပဉ္စသိခနတ်သားတို့ကို ခေါ်ပြီးသော် ထိုအရပ်သို့လာ၍ မြစ်ကမ်း၌ ရပ်လျက် 'မာတလိ.... သင်ကား ငါးလုပ်, ပဉ္စသိခ....သင်ကား စွန်လုပ်, ငါကားမြေခွေးလုပ်ပြီးလျှင် ခံတွင်းဖြင့် အမဲတုံးကိုချီယူ၍ ထိုမိန်းမရှေးရှုအရပ်သို့ လာအံ့၊ သင်မာတလိသည် ထိုအရပ်သို့ ငါရောက်လတ်သော် ရေမှခုန်လွှား၍ ငါ၏ရှေ့နားဝယ် ကျလော့ ထိုအခါ ငါသည် ခံတွင်းဖြင့်ချီအပ်သော အမဲတုံးကို ချထား၍ ငါးကိုဖမ်းခြင်းငှာ ပြေးလာအံ့၊ ထိုအခါ သင်ပဉ္စသိခသည် ထိုအမဲတုံးကို ထိုးပြီးလျှင် ကောင်းကင်သို့ ပျံလော့၊ မာတလိ ဒေါလည်း

ရေနားသို့ဆင်း၍ ပြေးလော့"ဟု စေ၏၊ "ကောင်းပြီ သိကြားမင်းကြီး" ဟု ဝန်ခံ၍ မာတလိ နတ်သားလည်း ငါးအဟန် ဖန်ဆင်း၏၊ ပဉ္စသိခ နတ်သားလည်း စွန်အဟန် ဖန်ဆင်း၏၊သိကြားမင်းလည်း မြေခွေးအဟန် ဖန်ဆင်းလျက် အမဲတုံးကိုခံတွင်းဖြင့် ချီပြီးသော် ထိုမိန်းမ၏ ရှေးရှုလာ၏၊ မာတလိငါးလည်း ရေမှခုန်လွှား၍ သိကြားမြေခွေး၏ ရှေ့၌ကျ၏၊မြေခွေးလည်း ခံတွင်းဖြင့် ချီအပ်သော အမဲတုံးကိုချထား၍ ငါးကို ဖမ်းခြင်းငှာ ပြေးလာ၏၊ ငါးလည်းခုန်ပြီးလျှင် ရေတွင်ဆင်း၏၊ ပဉ္စသိခစွန်လည်း အမဲတုံးကို ချီပြီးလျှင် ကောင်းကင်သို့ပျံ တက်လေ၏၊ မြေခွေးလည်း အမဲ,ငါး နှစ်ပါးလုံးကိုပင် မရရကား နေဇာသမန်း မြက်ချုံကို ကြည့်လျက် နှလုံး မသာ နေရှာလေ၏၊ ယင်းသို့ နှလုံးမသာနေသော မြေခွေးကိုမြင်၍ မိန်းမယုတ်သည် မြေခွေးကား ငါးကိုလည်းမရ၊ အမဲကိုလည်းမရ၊ နှစ်ပါး လုံးမှ ရှုံးစွတကားဟု အိုးကိုရိုက်ခွဲသကဲ့သို့ ပြင်းစွာရယ်၏၊ ယင်းသို့ ရယ် သံကို ကြားရကား သိကြားမင်း မြေခွေးသည် "ဤနေဇာသမန်းမြက်ချုံ ၌ပြင်းစွာရယ်သော မိန်းမကား အဘယ်မိန်းမနည်း၊ဤအရပ်ဝယ် ရယ်ဖွယ် ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းသည် မရှိပါတကား၊ ယင်းသို့ကို လျက် ပြင်းစွာရယ်သည်ကား အဘယ်မိန်းမလုပေနည်း"ဟု ဆို၏၊ ထို စကားကိုကြား၍ ထိုမိန်းမလည်း "ပညာနည်းပါး အမိုက်များ၍ သားတို့ အောက်ယုတ်သော ဟယ် မြေခွေး....သင်းကား နည်းပါးသောပညာရှိ၏၊ ခံတွင်းဖြင့် ချီအပ်သော အမဲတုံးကိုချထား၍ ဤငါးကိုဖမ်းသည်၊ အမဲ လည်းဆုံး, ငါးလည်းဆုံး နှစ်ပါးလုံးမှရှုံးသည်ဖြစ်၍ ဥစ္စာတထောင်ရှုံး သော ယောကျ်ားကဲ့သို့ ကြံမှိုင်၍ တကား"ဟု ဆို၏၊ ထိုနောင်မှ မြေခွေး လည်း ယုတ်မာသော သဘောရှိသော မိန်းမ....သင်သည် သူများအပြစ် ကိုကား မြင်လွယ်၏၊ မိမိအပြစ်ကိုကားမမြင်၊ငါ့မှာမူကား ငါ၏အစာကို ရှာသော် ရလွယ်၏၊ သင်မှာမူကား အလွန်အလိုကြီးသည်၏ အဖြစ်ကြောင့် ထိုခဏတွင်မြင်သော သူခိုး၌တပ်ခြင်းကိုဖြစ်စေ၍အမျိုးပေးစားသောလင် ကို သတ်စေ၏၊ လင်ကြီး လင်ငယ် နှစ်ယောက်စလုံးမှ ရှုံးသော သင်သည် ကား ငါ့ကိုထက်၍ အဆတထောင်လောက်ပင်ကြံမှိုင်ရ၏ဟု အရှက် ကို ရစေလျက် ဆို၏၊ ထိုမိန်းမလည်းမြေခွေးစကားကို ကြားလျှင်"သား တို့၏ မင်းဖြစ်သော မြေခွေး....အကြင်အခြင်းဖြင့် သင်ဆို၏၊ ထိုအခြင်းဖြင့် မှန်လှပေသည် အကယ်၍ကား ငါသည် ဤအရပ်မှသွား၍ လင်တယောက် ကို ရသည်ဖြစ်အံ့၊ ထိုလင်၏ အလိုသို့သာ လိုက်ပါအံ့"ဟု ဆို၏၊ ထိုဒုဿီလ

အနာဓာရ မိန်းမ၏စကားကိုကြား၍ သိကြားမြေခွေးလည်း ''မိန်းမယုတ်စကားကို ဘယ်သူယုံအံ့ ပြုနေကျမိန်းမကား ဤအတူပင် တဖန်ပြုလတ္တံ့.'' ဟု ဆို၍ နတ်ပြည်သို့ ပြန်လေ၏။

ဘုရားမြတ်စွာလည်း ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာလေးပါးကို ပြတော်မူ၏၊ သစ္စာလေးပါးကို ပြတော်မူသည်၏ အဆုံး၌ လူထွက်ချင်သော ရဟန်းကား သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုအခါ စူဠဓနုဂ္ဂဟပဏ္ဍိတကား ဆန့်ကျင်သော ရဟန်းဖြစ်လာ၏၊ ထိုမိန်းမကား ယခုအခါ ဤမိန်းမပင် ဖြစ်လာ၏၊ သိကြားကား ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။ ဤစူဠဓနုဂ္ဂဟပဏ္ဍိတလည်း ဇာတိကောင်းသော ကြောင့် မယားအကောက်ကြံသဖြင့် ခိုးသူတို့သတ်၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလကဒုက္ခကို ခံစားရချေ၏။

---

## ၇၇-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မားလှက်နက်ဖြင့် ခုတ်ဖြတ်ခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဗာရာဏသီမင်း ပရန္တပကျွန်တို့ ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူလျက် ဒေဝဒတ်၏ သတ်ခြင်းငှာ လုံ့လပြုခြင်းကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုအခါ တရားသဘင်၌ ''ငါ့ရှင်တို့....ဒေဝဒတ်ကား ဘုရားရှင်အား သတ်ခြင်းငှာ လုံ့လပြု၏၊ လေးသမား စေ၏၊ ကျောက်ကို လှိမ့်၏၊ နာဠာဂိရိဆင်ကိုလွှတ်၏၊ သဗ္ဗညုဘုရားပျက်စီးခြင်း၏ အကြောင်းကိုသာ ပြု၏'' ဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညုဘုရားလည်း ကြွလာတော်မူ၍ အကြောင်းကို မေးတော်မူသော် လျှောက်ကြကုန်၏၊ ''ချစ်သားတို့....ယခုအခါ၌သာ ငါ့ကိုသတ်ခြင်းငှာ လုံ့လပြုသည်မဟုတ်၊ ရှေး၌လည်း ငါ့အား သတ်ခြင်းငှာ လုံ့လပြုသည်သာတည်း၊ ယင်းသို့ ပြုသော်လည်း ငါ့အား ထိတ်လန့်ခြင်းကိုမျှ ပြုခြင်းငှာ မစွမ်းနိုင်၊ စင်စစ်မူကား မိမိသာ ဆင်းရဲကိုခံစားရ၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍အရွယ်

သို့ရောက်လတ်သော်တက္ကသိုလ်ပြည်၌ အလုံးစုံသောအတတ်တို့ကို သင်၏၊ အထူးအားဖြင့် အလုံးစုံသော သတ္တဝါတို့၏ မြည်သံကိုသိသော 'သဗ္ဗရုဒဇာနနမန္တန်' ကို သင်၏၊ ဘုရားလောင်းသည် ဆရာ့အား အနုယောဂကို ပေးပြီး၍ ဗာရာဏသီပြည်သို့လာ၏၊ ယင်းသို့လာလျှင် အဖသည်အိမ်ရှေ့အရာ၌ထား၏၊ အကယ်၍ကား အိမ်ရှေ့အရာ၌ ထား၏ရှင့်၊ ယင်းသို့ပင်ထားသော်လည်း ဘုရားလောင်းကို သတ်ခြင်းငှာအလိုရှိသည်ဖြစ်၍ ကြည့်ခြင်းငှာမျှလည်း အလိုမရှိ၊ ထိုအခါ မြေခွေးမ တကောင်သည် သားငယ်နှစ်ကောင်ကို ခေါ်ပြီးသော် ညဉ့်အခါ လူတို့သည် အိပ်စက် ကုန်သည်ရှိသော် မြို့တွင်းသို့ဝင်လာ၏၊ ဘုရားလောင်း ပြာသာဒ်အိပ်ရာတိုက်ခန်း၏နံပါး၌ဇရပ်တခုသည်ရှိ၏၊ ထိုဇရပ်၌ ခရီးသွားလူတယောက်သည် ဖိနပ်တို့ကို ချွတ်ပြီးလျှင် ခြေ၏ အနီးအပါး မြေ၌ထား၍ တခုသောပျဉ်ချပ်၌အိပ်၏၊ ပျော်ခြင်းသို့ကား မရောက်သေး၊ ထိုအခါ မြေခွေးမ၏သားငယ်နှစ်ကောင်သည် ဆာလောင်ရကား မြည်တမ်းကုန်၏၊ ယင်းသို့မြည်တမ်းကုန်လျှင် အမိမြေခွေးမသည် "ချစ်သားတို့....အသံမပြုကြကုန်လင့်၊ ဤဇရပ်၌ လူတယောက်ဖိနပ်တို့ကို ချွတ်ပြီးလျှင် မြေ၌ချထား၍ ပျဉ်ချပ်ဝယ်အိပ်၏၊ ပျော်ခြင်းသို့ကားမရောက်သေး၊ ထိုလူ အိပ်ပျော်သော ကာလထိုဖိနပ်တို့ကို ဆောင်၍ သင်တို့အားစားစေအံ့"ဟု မိမိဘာသာဖြင့်ဆို၏၊ ဘုရားလောင်းလည်း မန္တန်၏ အာနုဘော်အားဖြင့် ထိုမြေခွေးမ၏ဘာသာကို သိ၍ အိပ်ပျော်ရာ တိုက်ခန်းမှထွက်ပြီးလျှင် လေသာ တံခါးကို ဖွင့်၍ "ဤဇရပ်၌ အသူနည်း"ဟု မေးတော်မူ၏၊ ခရီးသွား ယောကျ်ားလည်း "အရှင်မင်းသား....အကျွန်ုပ်ကား ခရီးသွား လူတည်း"ဟု လျှောက်၏၊ "သင်၏ ဖိနပ်ကား အဘယ်မှာနည်း"ဟု မေးတော်မူသော် "မြေမှာ အရှင်မင်းသား"ဟု လျှောက်ထား၏၊ "အထက်၌ဆွဲ၍ထား၊ ခွေးစားလိမ့်မည်"ဟု မိန့်တော်မူ၏၊ ထိုစကားကိုကြား၍ မြေခွေးမသည်ဘုရားလောင်းအား အမျက်ထွက်၏၊ တနေ့သ၌ ထိုမြေခွေးမသည်ပင် တဖန် နည်းတူမြို့တွင်းသို့ဝင်လာပြန်၏၊ ထိုအခါ အရက်ယစ်သော လူတယောက်သည် ရေသောက်အံ့ဟု ရေကန်သို့ ဆင်းသော် လျှောကျ၍ နစ်ရကား အသက်ရှူနိုင်သောကြောင့် သေ၏၊ ထိုလူသေအား ဝတ်သော ပုဆိုးနှစ်ထည်တို့သည်လည်းကောင်း၊ ခါးပိုက်တွင်း၌ အသပြာတထောင်တို့သည် လည်းကောင်း, လက်ချောင်း၌ စွပ်သောလက်စွပ်သည် လည်းကောင်း ရှိ၏စာပေ-၄၈။

ရှိ၏၊ ထိုအခါလည်း မြေခွေးမသည် ဆာလောင်၏ဟု မြည်တမ်းသော သားငယ်နှစ်ကောင်တို့ကို "အမောင်တို့.... မမြည်ကြကုန်လင့်၊ဤရေကန်၌ လူတယောက်သည် ဦးစောက်ကျ၍ သေလေ၏၊ ဤမည် ဤမည်သော ဝတ္ထုလည်းရှိ၏၊ ထိုလူကားသေ၍ရေကန်စောင်းတန်း၌ လျောင်း၏၊ ဤလူကောင်ကို သင်တို့အား စားစေအံ့"ဟု ဆို၏၊ ဘုရားလောင်းလည်း ထိုစကားကို ကြား၍ လေသာ တံခါးကို ဖွင့်ပြီးသော် ဤဇရပ်ဝယ် ဘယ်သူရှိသနည်းဟု မေးလျှင် လူတယောက်ကထ၍ "အရှင်မင်းသား ဘုရားကျွန်တော်ရှိသည်"ဟုဆိုသော် "သွားချေ၊ ဤရေကန်ဝယ် လူသေ၏ ပုဆိုး,အသပြာ,လက်စွပ်တို့ကိုယူ၍ ထိုသူ၏ အကောင်သည် အကြင် အခြင်းဖြင့် မပေါ်၊ ထိုအခြင်းဖြင့် ရေမှာကောင်းစွာနှစ်"ဟု မိန့်တော်မူ၏၊ထိုယောကျ်ားလည်း မင်းသားဆိုတိုင်းပြု၏၊ထိုမြေခွေးမသည် တဖန်လည်း အမျက်ထွက်ပြန်၍ "ရှေးနေ့၌ငါ့သားငယ်တို့အား ဖိနပ်ကို စားခြင်းငှာမပေး၊ယခုလည်း လူသေကိုစားခြင်းငှာမပေး၊ ယင်းသို့ဖြစ်စေ ယခုအခါ ဤနေ့မှစ၍ သုံးရက် မြောက်သော နေ့၌ တယောက်သော သာမန္တရာဇ်မင်းသည် လာ၍ ဗာရာဏသီပြည်ကို ဝန်းရံလတ္တံ့၊ ထိုအခါ အဖသည် ထိုမင်းသားကို စစ်ထိုးခြင်းငှာ စေလတ္တံ့၊ထိုစစ်မြေပြင်၌သင်၏ ဦးခေါင်းကို ဖြတ်ကုန်လတ္တံ့၊ ထိုအခါ စင်စစ် သွေးကို သောက်၍ရန်ကို ငြေအံ့၊ သင်မင်းသားသည် ငါနှင့်ရန်ငြိုးဖွဲ့၏ သိရစေ"ဟု မြည်တမ်း၍ ဘုရားလောင်းအား ခြိမ်းပြီးသော် သားငယ်တို့ကို ခေါ်၍ ထွက်လေ၏၊ မြေခွေးဆိုတိုင်း သုံးရက်မြောက်သောနေ့၌ တယောက်သောသာမန္တရာဇ်မင်းသည် လာ၍ ဗာရာဏသီပြည်ကို ဝန်းရံလေ၏၊ မင်းလည်း ဘုရားအလောင်းကိုခေါ်၍ အမောင်....သွားချေ၊ ထိုမင်းနှင့် စစ်ထိုးချေ"ဟု စေ၏၊ "အရှင်မင်းကြီး....အကျွန်ုပ်သည် မြင်အပ်သော တခုသော နိမိတ်ဆိုးသည်ရှိ၏၊ သွားခြင်းငှာမဝံ့ပါ၊ အသက်၏အန္တရာယ်မှ ကြောက်ပါ၏၊ ဟု ဆို၏၊ မင်းလည်း သင်သည် သေသော်လည်းကောင်း,ရှင်သော်လည်းကောင်း ငါ့အား ပွားခြင်းယုတ်ခြင်းသည် အဘယ်ရှိအံ့နည်း၊ သင်သည် သွားသာသွား"ဟု ဆို၏၊ အိမ်ရှေ့မင်းလည်း "ကောင်းပြီအရှင်မင်းကြီး" ဟု ဝံ့နှံခံပြီးလျှင် မိမိပရိသတ်ကိုယူ၍ ရန်သူမင်းတည်သော တံခါးဖြင့် မထွက်ပဲ စာပါးသောတံခါးကိုဖွင့်၍ ထွက်၏၊ ထိုအိမ်ရှေ့မင်းသည် ထွက်သွားသော် အလုံးစုံသော ဗာရာဏသီပြည်သည် အချည်းနှီးကဲ့သို့ ရှိ၏၊ အလုံးစုံသော ပြည်သားပြည်သူတို့သည် အိမ်ရှေ့မင်းနှင့်တကွ ထွက်ကြကုန်

၏၊ အိမ်ရှေမင်းလည်းတခုသော သင့်တင့်သောအရပ်၌ သစ်တပ်ဖွဲ့၍နေ၏၊ ယင်းသို့ နေလေလျှင် မင်းသည် ကြံ၏၊ အိမ်ရှေမင်းသည် ပြည်အလုံးကို အချည်းနှီးရှိသည်ကိုပြုလျက် ဗိုလ်ပါဘို့ကိုယူ၍ ထွက်ပြေး၏၊ သာမန္တရာဇ် မင်းလည်း မြို့ကိုဝန်းရံလျက်တည်၏၊ဤယခုအခါငါ၏ အသက်သည်မရှိပြီ၊ ငါ့ကား အသက်ကိုစောင့်ရှောက်အံ့ဟု နှလုံးပြု၍ မိဖုရားကိုလည်းကောင်း, ပုရောဟိတ်ပုဏ္ဏားကိုလည်းကောင်း, ပရန္တပ အမည်ရှိသော ကျွန်ကိုလည်း ကောင်းခေါ်ပြီးလျှင် ညဉ့်အခါ မသင်မရှားသော အသွင်ဖြင့်ပြေး၍တော သို့ဝင်၏၊အိမ်ရှေမင်းလည်း မင်းထွက်ပြေးသော အဖြစ်ကိုသိသောကြောင့် မြို့သို့ဝင်ပြီးလျှင်စစ်ထိုး၍ ရန်သူမင်းကိုပြေးစေပြီးသော် မင်းအဖြစ်ကိုယူ၏၊ အိမ်ရှေမင်း၏ အဖဖြစ်သောမင်းလည်း တခုသောမြစ်ကမ်း၌သင်္ခမ်းကို ပြု စေ၍ သစ်သီးကြီးငယ်ဖြင့်မျှတလျက်နေ၏၊မင်းနှင့်ပုဏ္ဏား သစ်သီးကြီးငယ် အလို့ငှာသွား၏၊ ပရန္တပကျွန်ကား မိဖုရားနှင့်တကွ သင်္ခမ်းဝယ်နေရစ်၏၊ မင်းကိုစွဲ၍ မိဖုရားစမ်းတွင်ကိုယ်ဝန်ရှိ၏၊ ထိုမိဖုရားသည်မပြတ်ရောနှော ခြင်းအစွမ်း ဖြင့်ပရန္တပကျွန်နှင့်တကွအတိစာရကိုကျင့်၏၊ မိဘုရားသည်တနေ့ သ၌ ပရန္တပကျွန်ကို ဆို၏၊"မင်းသည် အကယ်၍သိငြားအံ့၊သင့်အားလည်း ကောင်း, ငါ့အားလည်းကောင်း, အသက်မရှိပြီ၊ ဘို့ဖြစ်၍ မသိခင် မင်းကို သတ်လော့''ဟု ဆို၏ "အဘယ်သို့သတ်ရမည်နည်း"ဟု ကျွန်ကမေးသော် "သင့်အားသန်လျက်ကိုပေး၍ ရေသနုပ်ကိုလည်း ယူစေ၍ရေချိုး ရေ ချိုးခြင်းငှာသွား၏၊ ထိုရေချိုးရာအရပ်၌ မင်းမေ့လျော့ခြင်းကို သိ၍ သန် လျက်ဖြင့် ဦး ခေါင်း ကို ဖြတ် ပြီး သော် ကိုယ်ကို အပိုင်း ပိုင်းပြု၍ မြေဝယ်မြှုပ်ထားလော့" ဟု ဆို၏၊ ပရန္တပကျွန်လည်း 'ကောင်းပြီ'ဟုဝန်ခံ၏၊ ထိုအခါ တနေ့သ၌ပုရောဟိတ်ပုဏ္ဏားသည် သစ် သီးကြီးငယ် အလို့ငှါ သွား၍မင်းရေချိုးသောဆိပ်၏အနီး၌တခုသောသစ် ပင်သို့တက်၍သစ်သီးကြီးငယ်ကိုဆွတ်၏၊မင်းလည်းရေချိုးအံ့ဟုပရန္တပကျွန် အားသန်လျက်ကိုနှင့်, ရေသနုပ်ကို ယူစေ၍ မြစ်ကမ်းပါးသို့သွား၏၊ မြစ်ကမ်းပါး၌ ရေချိုးသောကာလ မေ့လျော့ခြင်းသို့ ရောက်သောမင်းကို သတ်အံ့ဟု ပရန္တပကျွန်သည် လက်ဖြင့်ယူအပ်သော သန်လျက်ကိုချီ၏။ မင်း လည်း သေဘေးမှ ကြောက်သောကြောင့်အော်၏၊ ပုရောဟိတ်ပုဏ္ဏားလည်း ထိုအသံကိုကြား၍ကြည့်လတ်သော် မင်း ကိုသတ်သောပရန္တပကျွန်ကိုမြင်၍ ကြောက်လန့်ဘကြားဖြစ်ရကား သစ်ပင်မှလျောဆင်း၍ချုံတခုသို့ ဝင်ပြီး လျှင် ပုန်း၏၊ ပရန္တပကျွန်လည်း ပုဏ္ဏား၏ သစ်ခက်ကိုစွန့်သော အသံကို

ကြား၍ မင်းကိုသတ်ပြီးလျှင် မြေမြှုပ်၍ ဤအရပ်ဝယ် သစ်ခက်စွန်သော အသံကိုကြား၏၊ ဤအရပ်ဝယ် အဘယ်သူနည်းဟု စူးစမ်းသော် တစုံ တယောက်ကို မမြင်ရကား ရေချိုး၍ သွား၏၊ ပရန္တပကျွန် သွားသော ကာလ ပုရောဟိတ်ပုဏ္ဏားသည် ပုန်းရာမှထွက်၍ မင်းကို အပိုင်းပိုင်းဖြတ် လျက် တွင်း၌မြှုပ်သောအဖြစ်ကို သိရကား မိမိအားသတ်ခြင်းမှကြောက် သောကြောင့် သူကန်းအသွင်ကိုယူ၍ ကျောင်းသခ်မ်းသို့ပြန်လာ၏၊ပုဏ္ဏား ကိုမြင်၍ ပရန္တပကျွန်သည် "အဘယ်နည်းပုဏ္ဏား" ဟု မေး၏၊ ပုဏ္ဏား လည်း မသိသကဲ့သို့ 'အရှင်မင်းကြီး....အကျွန်ုပ်၏ မျက်စိတို့သည်တောင်မို့ တွင်းက မြွေသည် နှာခေါင်းလေဖြင့် လွှတ်သောကြောင့် ကန်းခဲ့"ဟု ဆို၏။ ပရန္တပကျွန်လည်းပုဏ္ဏားသည်ငါ့ကိုမသိသောကြောင့် မင်းမှတ်၍ ဆို၏၊ ပုဏ္ဏားကို နှစ်သိမ့်စေအံ့ဟုကြံ၍ "ပုဏ္ဏား....မစိုးရိမ်လင့်၊ ငါသည် သင့်ကိုလုပ်ကျွေးအံ့"ဟုဆို၍သစ်သီးကြီးငယ်တို့ဖြင့် ရောင့်ရဲစေ၏၊ ထိုအခါ မှစ၍ ပရန္တပကျွန်သည် သစ်သီးကြီးငယ်တို့ကို ဆောင်၏၊ မိဖုရားလည်း သားဖွား၏၊မိဖုရားသည် သားကြီးလတ်သော် တနေ့သ၌ မိုးသောက်ထ အခါချမ်းသာစွာနေကြကုန်သည်ရှိသော်တိုးတိုးပရန္တပကျွန်ကို 'သင်သည် မင်းကို သတ်သောကာလ တစုံတယောက်သောသူသည် မြင်အပ်သလော' ဟု မေး၏၊တစုံတယောက်သူသည် မမြင်၊ စင်စစ်မူကား သစ်ခက်လှုပ်သော အသံကိုကြား၏၊ ထိုသစ်ခက်၌လူသည်လည်းကောင်း, တိရစ္ဆာန်သည်လည်း ကောင်းလှုပ်သည်ကိုမသိ၊ ရံခါငါ့အား ဘေးရောက်သည်ရှိသော်ထိုသစ် ခက်လှုပ်ရာမှရောက်ရာ၏ဟု ဆို၏၊နောက်အခါမင်းသားသည် အရွယ်သို့ ရောက်၍တဆယ့်ခြောက်နှစ်ရှိ၏၊ ထိုအခါပုဏ္ဏားသည် မင်းသားကိုတောင် ဝှေးစွန်း၌ကိုင်စေ၍ရေချိုးဆိပ်သို့သွားပြီးသော်မျက်စိတို့ကိုဖွင့်လျက်ကြည့် ၏၊မင်းသားက"ပုဏ္ဏား သင်သည် ကန်းသည်မဟုတ်လော" ဟု မေး၏၊ "မင်းသား....ငါကား မကန်း၊ ဤသို့သောအကြောင်းဖြင့်ကန်းယောင်မူ၍ အသက်ကိုစောင့်ရသည်"ဟု ဆိုပြီးလျှင် "သင်၏အဖကို သိ၏လော" ဟု မေး၏၊ "ဤပရန္တပကျွန်သည် ငါ၏ အဖ မဟုတ်လော"ဟု ဆိုသော် "ဤပရန္တပကျွန်ကားသင်၏အဖမဟုတ်၊ သင်၏အဖကား ဗာရာဏသီမင်း တည်း။သင်တို့၏ ဤပရန္တပကျွန်သည် သင့်အမိ၌ဖောက်ပြန်သောအကျင့်ကို ကျင့်၍ ဤအရပ်တွင် သင်၏အဖကို သတ်၍ မြှုပ်သည်"ဟု အရိုးတို့ကို ထုတ်၍ ပြ၏၊ မင်းသားအား များစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏၊ ထိုနောက်မှ မင်းသားက "ယခုအခါအဘယ်သို့ ပြုမည်နည်း" ဟု မေး၏၊

"ထိုဗရန္တပကျွန်သည် ဤရေဆိပ်၌ သင့်အဖအား အကြင်အမှုကို ပြု၏၊ ထိုအမှုကိုပင် သင်လည်းပြုလော့"ဟု အလုံးစုံသောအကြောင်းကိုကြား၍ မင်းသားအား နှစ်ရက် သုံးရက် လေးအတတ်ကို သင်စေ၏၊ ထို့နောက်မှ တနေ့သ၌ ဆန်လျက်ကိုလည်းကောင်း, ရေသနုပ်ကိုလည်းကောင်း ယူ၍ "ရေချိုးခြင်းငှာ သွားကုန်အံ့ သခင်"ဟု ဆို၏၊ ဗရန္တပကျွန်လည်းကောင်း ပြီဟု မင်းသားနှင့်တကွ သွားကြလေ၏၊ ထိုအခါ ဗရန္တပကျွန်၏ ရေချိုးခြင်းငှာသက်သောကာလမင်းသား၏လက်ယာလက်ဖြင့်သန်လျက်ကို, လက်ဝဲလက်ဖြင့်ဥသျှောင်ကိုကိုင်၍သင်သည်ဤရေဆိပ်၌ပင်ငါ့ဖခင်ကိုဥသျှောင်၌ ကိုင်လျက်မြည်တမ်းစဉ်ပင် သတ်သကဲ့သို့ငါလည်းထို့အတူပင်သင့်ကို သတ်အံ့"ဟုဆို၏၊ဗရန္တပကျွန်လည်း သေဘေးမှကြောက်ရကားပြင်းစွာငိုကြွေး၏၊ယင်းသို့ငိုကြွေးစဉ်ပင် ဗရန္တပကျွန်ကိုသတ်၍မြုပ်ပြီးလျှင်သစ်ခက်တို့ဖြင့် ဖုံးဖိ၍ သန်လျက်ကို ဆေးပြီးမှရေချိုးပြီးသော် သခ်မ်းသို့သွား၍ ပုဏ္ဏား အား အကြောင်းကို ကြားပြီးလျှင် မယ်တော်ကိုလည်း မြည်တွန်တောက် တီး၍ ဤအရပ်ဝယ် အဘယ်ပြုအံ့နည်း ဟု သုံးယောက် သားတို့သည် ဗာရာဏသီပြည်သို့ ပြန်လာကုန်၏၊ ဘုရားလောင်းလည်း ညီတော်အား အိမ်ရှေ့အရာကိုပေး၍ ဒါနအစရှိသော ကောင်းမှုကိုပြုပြီးလျှင်နတ်ပြည်သို့ လားလေ၏၊ သဗ္ဗညုဘုရားလည်း ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ အဖမင်းကား အခုအခါ ဒေဝဒတ်ဖြစ်လာ၏၊ မင်းသားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။ ဤဗာရာဏသီမင်းလည်း ဇာတိ မကောင်းသောကြောင့် မယား အကောက်ကြံ၍ သူတပါးလက်ဝယ် သွေးသံတချင်း သေရခြင်း တည်းဟူသော ပဍ္ဍုပက္ကမ မူလကဒုက္ခကိုခံစား ရချေ၏။

---

### ၈၈-ပဍ္ဍုပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သယောက်ထင်ယ်က သတ်ခြင်း တည်းဟူသော သူတပါး လို့လဖြင့် သေရသော ယောကျ်ားတယောက် ဝတ္ထု

တယောက်သော ယောကျ်ားသည် အစ်ကို၏ မယား မရှိးနှင့် မိစ္ဆာ စာရကို ကျင့်၏၊ ထိုမိန်းမအားလည်း မိမိလင်ကြီးထက် လင်ငယ်ဖြစ်သော မတ်ကိုသာ ချစ်မြတ်နိုး၏၊ ထိုမိန်းမသည် လင်ငယ်ဖြစ်သော မတ်ကို ဤသို့ ဆို၏၊ "ဤငါတို့ပြုသော အမှုကား လူများအား ထင်ရှားလတ်သော် များစွာ ကဲ့ရဲ့ဖွယ်သည် ဖြစ်လတ္တံ့၊ ယင်းသို့ ဖြစ်သောကြောင့် သင်၏

အစ်ကိုကို သတ်ပေတော့''ဟု ဆို၏၊ ညီငယ်လည်း ''ပျက်လေ သူယုတ်မ။ ဤစကားကို တဖန်မဆိုလင့်''ဟု ခြိမ်းခြောက်၏၊ ထိုမိန်းမလည်း မတုန်မလှုပ်နေ၍ နှစ်ရက်သုံးရက်လွန်လတ်သော် ထိုနည်းတူပင် တဖန်ဆိုပြန်၏၊ ထို ယောကျ်ား၏ စိတ်သည် နှစ်ခွ၏ အဖြစ်သို့ ရောက်၏၊ ထို့နောင်မှ သုံးကြိမ်မြောက် တဖန်ဆိုပြန်သော် ''အဘယ်သို့လျှင် သတ်ခွင့်ကိုရပါအံ့နည်း''ဟုဆို၏၊ ထိုအခါ မိန်းမက ယောကျ်ားအား ဥပါယ်အကြောင်းကို ဆို၍''သင်သည်ငါဆိုတိုင်းပြုလော့။ ဤမည်သောအရပ်ဝယ်ရေခံတတ်ပင်၏အနီး၌ ရေဆိပ်သည်ရှိ၏၊ ထိုရေဆိပ်၌ ထက်စွာသောအရိုးတပ်သော ပဲခွပ်ကို ကိုင်လျက် တည်လေလော့၊ ငါသည် သင့်အစ်ကိုအား ထိုအရပ်သို့ လှည့်ဖြား၍ လွှတ်လိုက်မည်''ဟုဆို၏၊ညီဖြစ်သော လင်ငယ်ထိုယောကျ်ားလည်း မယားဆိုတိုင်း သွား၍ ထိုအရပ်၌ တည်၏၊ လင်ငယ်ဖြစ်သော ထိုယောကျ်ား၏ အစ်ကိုကြီးလည်း တော၌ပြုဖွယ်အမှုကို ပြု၍ အိမ်သို့ပြန်လာ၏။ ထိုအခါ မိန်းမလည်း လင်ကြီး၌ နူးညံ့သောစိတ်ရှိသကဲ့သို့ဖြစ်၍ ''လာလော့သခင်....သင်၏ ဆံပင်တို့ကို ဖြီးအံ့''ဟု ဆို၍ ဆံပင်ကိုဖြီးသော် ''သင်၏ဆံပင်တို့ကား ညစ်နွမ်း၏။ဦးခေါင်းကိုလျှော်ပါချေ''ဟုရှိရှားသီးတို့ကိုပေး၍ 'ဤမည်သောအရပ်ဝယ် ဦးခေါင်းလျှော်၍ လာလော့''ဟု စေ၏။ အစ်ကိုဖြစ်သော လင်ကြီးလည်း မယားဆိုအပ်သော ရေဆိပ်သို့ သာလျှင်သွား၍ ရှိရှားသီးဖြင့် ဦးခေါင်းကိုလိမ်းပြီးလျှင် ရေသို့ဆင်း၍ အောက်သို့သုတ်လျက် ဦးခေါင်းကိုဆေး၏၊ ထိုအခါညီငယ်သည် သစ်ပင်ကြားမှထွက်ပြီးလျှင် အစ်ကိုကို ဇီဝိတိန္ဒြေမှ ချ၍ အိမ်သို့ပြန်လာ၏။

အထ နံ ဇာတရော ရုက္ခန္တရတော နိက္ခမိတွာ ဇီဝိတာ ဝေါရော ပေတွာ ဂေဟံ အဂမာသိ။

(အင်္ဂုတ္တိုရ အဋ္ဌကထာ)]

အထ'ထိုအခါ၌။ နံ၊ထိုအစ်ကိုကို။ ဇာတရော၊ ညီသည်။ ရုက္ခန္တရတော၊ သစ်ပင်ကြားမှ၊နိက္ခမိတွာ၊ထွက်၍။ ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ဝေါရောပေတွာ၊ ချ၍။ ဂေဟံ၊ အိမ်သို့။ အဂမာသိ၊ ပြန်လာ၏။

အစ်ကိုလည်း မယား၌ စွန့်ခြင်းငှာ မတတ်နိုင်ရကား ထို အိမ်၌ပင် ကျိုင်းကောင်မြွေဖြစ်၏။ ထိုမြွေသည် ညီနှင့် အတူနေကြသော မယား၏ ကိုယ်ပေါ်တွင် ကျလေ၏။ ထိုအခါ မြွေကား ထိုလင်ကြီးသည်ပင် ဖြစ်လတ္တံ့ဟု သဘ်စေပြန်၏။ ထိုမြွေလည်း တဖန် မယား၌ ချစ်ခြင်းဖြင့် ထိုအိမ်၌ပင် ခွေးဖြစ်လေ၏၊ ထိုခွေးလည်းခြေဖြင့် သွားတတ်သော ကာလ

မှစ၍ ထိုမိန်းမ၏နောက်၌သာ လှည့်လည်သွားလာ၏။ တောသို့သွားသော်လည်းထိုမိန်းမနှင့်သာအတူတကွသွား၏။ ယင်းသို့ သွားသည်ကိုမြင်ရကား လူများတို့သည် "ခွေးမုဆိုးကား ယခုထွက်လေပြီ၊ အဘယ်တော၌ဝယ် လှည့်လည်လတ္တံ့နည်း"ဟု ပြက်ရယ်ပြုကြကုန်၏၊ ယင်းသို့ပြက်ရယ်ပြုသော် ထိုမိန်းမသည် ခွေးကို တဖန် သတ်စေပြန်၏၊ ထိုခွေးလည်း ထိုမိန်းမ၌ ချစ်ခြင်းဖြင့် ထိုအိမ်၌ပင် နွားဖြစ်ပြန်ချေ၏၊ နွားငယ်လည်း ထိုမိန်းမ၏ နောက်သို့ပင် တကောက်ကောက် လိုက်ပြန်၏၊ ယင်းသို့ လိုက်သည်ကို မြင်လျှင် လူတို့သည် "နွားကျောင်းမကား ထွက်ရှာလေပြီ၊ယနေ့ အဘယ် အရပ်မှာ နွားကို ကျောင်းလတ္တံ့နည်း"ဟု ပြက်ရယ်ပြုကြလေကုန်၏၊ ယင်းသို့ ပြုကုန်လျှင် ထိုအရပ်၌ပင် နွားငယ်ကို သတ်စေပြန်၏။

သာ ပုန တသ္မိံ ပိ ဌာနေ တံ ဃာတာပေသိ။

(အင်္ဂုတ္တရ အဋ္ဌကထာ)

သာ၊ထိုမိန်းမသည်။ ပုန၊ ဖန်၊ တသ္မိံပိဌာနေ၊ ထိုအရပ်၌လည်း။ တံ၊ ထိုနွားငယ်ကို။ ဃာတာပေသိ၊ သတ်စေ၏။

ထိုအခါလည်း နွားငယ်သည်ထိုမိန်းမ၌ ချစ်ခြင်းကို မဖြတ်နိုင်ရကား လေးကြိမ်မြောက်၌ ထိုမိန်းမ၏ ဝမ်း၌သာ ပဋိသန္ဓေနေ၍ ဇာတိဿရဉာဏ်ကိုရသည်ဖြစ်၏၊ ထိုသူငယ်သည်အစဉ်အတိုင်းလေးဘဝတို့၌ ထိုမိန်းမသည် သတ်အပ်သောအဖြစ်ကိုမြင်၍ "ဤသို့ သဘောရှိသော ရန်သူမ၏ ဝမ်း၌ ပဋိသန္ဓေနေရဘိ၏တကား"ဟု ထိုအခါမှစ၍ ထိုမိန်းမ၏လက်ဖြင့်လည်း ထိခြင်းငှာမိမိကိုယ်ကိုမပေး။ အကယ်၍ အမိသည် သားကို ထိငြားအံ့ ပြင်းစွာငို၏၊ ယင်းသို့ ငိုသောကြောင့် ထိုသားငယ်ကို အဖွားသည်သာ ကျွေးမွေးသုတ်သင်ရ၏၊နောက်အခါ ကြီးသောအရွယ်သို့ ရောက်သော မြေးအား အဖွားသည် "ချစ်သား....အဘယ့်ကြောင့် သင်သည် အမိ၏ လက်ဖြင့် မိမိကိုယ်ကို ထိခြင်းငှာမျှ မပေးသနည်း၊ အကယ်၍ မိခင်သည် သင့်ကိုထိငြားအံ့၊သင်ကား ပြင်းစွာငိုဘိ၏"ဟုဆို၏၊ "အဖွား....ဤမိန်းမ ကား ငါ၏ မိခင်မဟုတ်၊ ဤမိန်းမသည် ငါ၏ရန်သူသည်း"ဟုဆို၍ မိမိ အား လေးဘဝ တို့၌ သတ်ခဲ့ခြင်းဟု ဆိုအပ်သော အလုံးစုံသော အကြောင်းကို အဖွားအား ကြား၏၊ အဖွားလည်း မြေးကိုဖက်ပြီးလျှင် ငိုယို၍"ချစ်သား လာလှည့်၊ငါတို့အားဤသို့ သဘောရှိသောလူ့ဘောင်

ဝယ် နေဖွယ်ကိစ္စမရှိကောင်းပြီ''ဟု မြေးကိုခေါ်ပြီးလျှင် အိမ်မှထွက်၍ တခုသောကျောင်းသို့သွားပြီးသော်ရဟန်းပြုကုန်၍မြေးအဖွားနှစ်ယောက် တို့သည်ထိုကျောင်း၌နေကုန်လျက်အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏၊ ဤယောကျ်ားလည်း ဇာတ္တိမကင်းသောကြောင့် မယားသည် အကောက် ကြံရကား သူတပါးလက်ဝယ် သေဒ္ဒသုံတချင်း သတ်၍ သေရခြင်း တည်းဟူသော ပစ္ဆုပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

ဂ၉-ပစ္ဆုပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မင်း၏ ဝတ်ပန်းကိုခိုး၍ တံကျင်တင်ခံရသော သူဆင်းရဲယောကျ်ား ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်း အောင်းမွေ့လျော်နေတော်မူလျက် ဆန်ကျင်သော ရဟန်းတယောက်ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏။ ထိုရဟန်းကို သဗ္ဗညုဘုရားက''ရဟန်း....သင်သည် ဆန့်ကျင်၏ဟူသည်မှန်သလော'' ဟု မေးတော်မူ၏၊ မှန်ကြောင်းကိုလျှောက်လျှင်'' သင့်ကို အသယ်သူသည် ဆန့်ကျင်စေသနည်း''ဟု မေးတော်မူသော် ''မယားဟောင်းသည် ဆန့် ကျင် စေအပ်၏''ဟု လျှောက်ပြီးလျှင် ''ဘုန်းတော်ကြီးလှသောဘုရား.... ထိုမိန်းမကား ချိုမြိန် ကောင်းမြတ်သော လက်ရှိ၏၊ ထိုမိန်းမနှင့် ကင်း၍ နေခြင်းငှာ မတတ်နိုင်ပါ''ဟု လျှောက်၏၊ ထိုအခါ ထိုရဟန်းကိုသဗ္ဗညု ဘုရားက'ရဟန်း....ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုခြင်းသည်ကား ယခုအခါ၌သာ မဟုတ်၊ ရှေး၌လည်း သင်သည် ထိုမိန်းမကို အမှီပြု၍ တံကျင်၌ တင်အပ်သော်လည်း ထိုမိန်းမကို တောင့်တလျက်သာသေရှာ သောကြောင့် ငရဲ၌ဖြစ်ရလျက် ယခုအခါ ထိုမိန်းမကို အဘယ့်ကြောင့် တောင့်တ ပြန်သနည်း''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော် မူ၏၊

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားအလောင်းတော်သည် ကောင်းကင်၌ တည်သော အာကာသဋ္ဌနတ် ဖြစ်တော်မူ၏၊ထိုအခါ ဗာရာဏသီပြည်၌ ကြတ္တိကာ နက္ခတ်နှင့်ယှဉ်သော ပွဲသဘင်သည်ဖြစ်၍ ဗာရာဏသီပြည်အလုံးကိုနတ်ပြည် ကဲ့သို့ တန်ဆာဆင်ကုန်၏၊အလုံးစုံသော ပြည်သူအပေါင်းသည် သဘင် ကစားခြင်း၌ မွေ့၏၊ ထိုအခါ တယောက်သော သူဆင်းရဲအား ထူထဲသော

ပုဆိုးကြမ်းတစုံသာရှိ၏၊ ထိုသူဆင်းရဲသည်ထိုပုဆိုးကြမ်းတစုံကိုကောင်းစွာ ဖွပ်းလျှော်၍ ခေါက်လျက်အရာအထောင်သော အတွန့်အလိမ်ကို ထင်စေ၍ ထား၏၊ ထိုအခါ သူဆင်းရဲယောကျ်ားကို မယားဆင်းရဲမသည် ဤသို့ဆို၏၊ ''သခင်........ငါ့ကား တထည်သော ဝတ်ပန်း ပုဆိုးကို ဝတ်လျက် တထည်သော ဝတ်ပန်းပုဆိုးကိုရုံပြီးသော် သခင်၏ လည်တွင် ကပ်ငြိလျက် ကြတ္တိကာ နက္ခတ်သဘင်ကို ကစားခြင်းငှာ အလိုရှိ၏'' ဟု ဆို၏၊ ထိုအခါ လင်ဆင်းရဲက''အဘယ်မိန်းမ....ဆင်းရဲ၍ အထီးကျန်ကုန်သော ငါတို့အား ဝတ်ပန်းပုဆိုးကား အဘယ်မှာ ရနိုင်အံ့နည်း၊ စင်ကြယ်သော ဤပုဆိုးကို ဝတ်၍သာ ကစားပါလော့''ဟုဆို၏၊ဝတ်ပန်းပုဆိုးရသော်ကားငါနက္ခတ် သဘင် ကစားမည်၊ ဝတ်ပန်းပုဆိုးမရသော် ငါမကစား၊ သင်သည် ငါမှတပါး အခြားမိန်းမကိုရှာ၍ ကစားပါလေ''ဟု ဆို၏၊''အဘယ်မိန်းမ.... ဆင်းရဲလှသော ငါ့ကို အဘယ်ကြောင့်နှိပ်စက်ဘိသနည်း၊ ဆင်းရဲစွာသော ငါတို့အား ဝတ်ပန်းပုဆိုးကိုကား အဘယ်မှာရနိုင်အံ့နည်း''ဟုဆို၏၊ ယင်းသို့ ဆိုသော် ထိုမိန်းမသည် ''သခင်....ယောကျ်ားအား အလိုရှိသည် ဆိုသော် အဘယ်သည် မရပဲရှိနိုင်အံ့နည်း၊ မင်း၏ ဝတ်ပန်းခင်းဝယ် ဝတ်ပန်းတို့ သည် များစွာရှိကုန်သည် မဟုတ်လော''ဟု ဆို၏၊ ''အဘယ်မိန်းမ....ထို အရပ်ကား ဒကရက္ခိုသ်စောင့်သော လေးထောင့်ကန်နှင့်တူ၏၊ အထပ်ထပ် မပြတ်စောင့်ရှောက်ရကား ကပ်ခြင်းငှာမတတ်ကောင်း၊သင့်အားဝတ်ပန်း ကို မနှစ်သက်ပါလင့်၊ ရတိုင်းသော အာတ်ဖြင့်သာ ရွှေင့်ရဲပါလော့''ဟု ဆို၏၊ ''သခင်....ညဥ့်အခါ အမိုက်တိုက် ဖြစ်လတ်သော် ယောကျ်ားအား သွားနိုင်သော အရာမည်သည်မရှိ''ဟု ဆို၏၊ ယင်းသို့လျှင် ထိုမယားသည် အထပ်ထပ်ဆိုရကားထိုယောကျ်ားသည် ကိလေသာ၏ အစွမ်းဖြင့် မယား စကားကို နားထောင်၍''အဘယ်မိန်းမ....ယင်းသို့တပြီးကားမစိုးရိမ်လင့်'' ဟုဆို၍ မယားကိုနှစ်သိမ့်စေပြီးလျှင် ညဥ့်အခါ အသက်ကိုစွန့်လျက် မြို့မှ ထွက်ပြီးသော် မင်း၏ ဝတ်ပန်းခင်းသို့ သွား၍ စောင်ရန်းကို နင်းပြီးလျှင် ယာတွင်းသို့ဝင်၏၊ ထိုအခါ အစောင့်ရှောက် လူတို့သည် စောင်ရန်း သံကိုကြား၍ သူခိုးဟုဝန်းရံဖမ်းဆီးပြီးလျှင် ထောင်းထု ပုတ်ခတ်ရိုက်နှက် ချည်နှောင်၍ ညဥ့်မိုးသောက် လင်းလတ်သော် မင်းအားပြလေ၏၊ မင်း လည်း''သွားလေကုန်၊ ထိုသူကို သံကျင်ဝယ် တင်ကြလေကုန်''ဟု ဆို၏၊ ထိုအခါ ထိုသူကို လက်ပြန် ဖွဲ့ချည်လျက် သတ်စည် သတ်မောင်း ဖြင့်

သောင်းသောင်းညံညံ တီးမှုတ်၍ မြို့မှထုတ်ပြီးသော်သုသာန်ဝယ် သံကျင်၌ တင်ကုန်၏၊ ဆင်းရဲဝေဒနာတို့သည် ပြင်းစွာ ဖြစ်ကုန်၏၊ ကျီးအပေါင်းတို့သည် ဦးခေါင်း၌ နားကုန်လျက် သံချွန်ငယ်နှင့် တူကုန်သော နှုတ်သီးတို့ဖြင့် မျက်စိတို့ကို ထိုးဆွကုန်၏၊ ထိုယောကျ်ားလည်း ထိုသို့သဘောရှိသော ဆင်းရဲကို နှလုံးထဲ၌မထား၊ မိမိ၏မယားကို အောက်မေ့လျက် တခဲနက်သော ဝတ်ပန်းဖြင့် ဆိုးအပ်သော အဝတ်ဝတ်သော, ရင်လယ်ဝယ် ဆွဲအပ်သော လက်မောင်းအစုံရှိသော ထိုမိန်းမနှင့်တကွ နက္ခတ်သဘင် ပျော်ရွှင်ကစားခြင်းမှ ယုတ်ရသည်ဟု ငိုကြွေးမြည်တမ်းလျက်သာ သေရှာ၍ ငရဲ၌ဖြစ်ရလေ၏။

သော ဧဝံ မာတုဂါမံ အာရဗ္ဘ ဝိလပန္တော ကာလံကတွာ နိရယေ နိဗ္ဗတ္တိ။

(ဇာတ် အဋ္ဌကထာ)

သော၊ ထိုသူသည်။ ဧဝံ၊ ဤသို့။ မာတုဂါမံ၊ မာတုဂါမကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိလပန္တော၊ မြည်တမ်းလျက်သာလျှင်။ ကာလံကတွာ၊ သေ၍၊ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

သဗ္ဗညုဘုရားလည်း ဤဓမ္မဒေသနာတို့ ဆောင်တော်မူ၍ ထိုအခါ လင်မယားတို့ကား ယခုအခါလင်မယားပင် ဖြစ်လာကုန်၏၊ ထိုအကြောင်းကို မျက်မှောက်ထင်ထင်မြင်၍ ကောင်းကင်ဝယ်တည်သော နတ်သားကား ငါဘုရားဖြစ်လာ၏ဟူ၍ဇာတ်တော်ကိုပေါင်း၏၊ဤယောကျ်ားလည်း ဇာတိမကောင်းသောကြောင့် မယားသည် အရာမဟုတ်ရာဝယ် စေခိုင်း၍ မယားစကားကို နားထောင်ရကာ သူတပါးတို့ သတ်၍သေရခြင်း တည်းဟူသော ဖရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

## ၉၀-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော လာဇာနတ်သမီး ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ကိန်းအောင်းမွေ့လျော်နေတော်မူလျက် လာဇာနတ်သမီးကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည် ညောင်ကြွတ်ပင်ရောက်သော လိုဏ်ဂူ၌ နေတော်မူလျက် ဈာန်ကိုဝင်စား၍ ခုနစ်ရက် မြောက်သောနေ့၌ ဈာန်မှထ၍ ဒိဗ္ဗစက္ခုအသိဉာဏ်ဖြင့် ဆွမ်းခံ

ရာ ဌာနကို ကြည့်လတ်သော် သလေးခင်းလယ်ကို စောင့်သော,သလေးနှံတို့ကိုယူ၍ ပေါက်ပေါက်တို့ကို လှော်သော မိန်းမတယောက်ကို မြင်တော်မူ၍ ဤမိန်းမကား သဒ္ဓါတရားနှင့် ပြည့်စုံ၏လော, မပြည့်စုံ၏လော ဟု စုံစမ်းတော်မူလျှင်ပြည့်စုံသည်ကိုသိ၍ ငါ့အားချီးမြှောက်ခြင်းကိုပြုခြင်းငှာ တတ်နိုင်လတ္တံ့လော, မတတ်နိုင်လတ္တံ့လောဟု စုံစမ်းတော်မူလျှင် ရဲရင့်တည်ကြည်သောအမျိုးသမီးပင်ဖြစ်သည်၊ငါ့အားချီးမြှောက်ခြင်းကိုပြုခြင်းငှာ တတ်နိုင်လတ္တံ့၊ ချီးမြှောက်ခြင်းကိုပြု၍ကား များစွာသောစည်းစိမ်ကို ရလတ္တံ့ဟု သိတော်မူသောကြောင့် သင်္ကန်းရုံပြီးလျှင် သပိတ်ကိုယူတော်မူ၍ သလေးလယ်၏ အနီး၌ရပ်တော်မူ၏၊အမျိုးသမီးလည်း မထေရ်ကိုမြင်လျှင် ကြည်လင်သောစိတ်ရှိရကား ငါးပါးသောပီတိဖြင့် ပျံ့နှံ့သောကိုယ်ရှိလျက်''အရှင်ဘုရား....ရပ်တော်မူပါ''ဟု ဆိုပြီးလျှင် ပေါက်ပေါက်တို့ကို ယူ၍ လျင်မြန်စွာ လာပြီးမှ မထေရ်၏ သပိတ်၌ လောင်း၍ ငါးပါးသော ရှိခိုးခြင်းဖြင့် ရိုသေစွာ ရှိခိုးပြီးသော် ''အရှင်ဘုရား....အရှင် ဘုရားတို့သည် မြင်အပ်သောတရား၏ အဖို့ရှိသည် ဖြစ်ရပါလို၏''ဟု ဆုတောင်း၏၊ မထေရ်လည်း တောင်းတိုင်းပြည့်စုံစေဟု အနုမောဒနာပြု၍ ကြွတော်မူ၏၊ ထိုအမျိုးသမီးလည်းမထေရ်ကိုရှိခိုး၍မိမိသည်လှူအပ်သောဒါနကိုဆင်ခြင်လျက် ပြန်လေ၏ ထိုအမျိုးသမီး၏လယ်အပိုင်းအခြား၏ သွားရာလမ်းခရီးတွင် တခုသောတွင်း၌ ကြမ်းသောအဆိပ်ရှိသော မြွေတကောင်သည် အိပ်၏၊ ထိုမြွေသည် မထေရ်၏ သင်္ကန်းဖြင့် ဖုံးလွှမ်းသော ခြင်းခေါင်းကိုကိုက်ခြင်းငှာမတတ်နိုင်လေ၊ အမျိုးသမီးကား အလှူဒါနကို ဆင်ခြင်အောက်မေ့လျက် ပြန်သော် ထိုမြွေရှိရာအရပ်သို့ ရောက်လေ၏၊ မြွေလည်း တွင်းမှ ထွက်ပြီးလျှင် ထိုအမျိုးသမီးကို ကိုက်၍ ထိုအရပ်၌ပင် လဲစေ၏။

သပ္ပေါ ဗိလာ နိက္ခမိတွာ တံ ဍံသိတွာ တတ္ထေဝ ပါတေသိ။
(ဓမ္မပဒ အဋ္ဌကထာ)

သပ္ပေါ၊ မြွေသည်။ ဗိလာ၊ တွင်းမှ။ နိက္ခမိတွာ၊ ထွက်၍။ တံ၊ ထိုအမျိုးသမီးကို။ ဍံသိတွာ၊ ကိုက်၍။ တတ္ထေ၊ ထိုအရပ်၌သာလျှင်။ ပါတေသိ၊ လဲစေ၏။

အမျိုးသမီးလည်းအရှင်မဟာကဿပ၌ ကြည်ညိုသောစိတ်ဖြင့်သေလွန်၍ တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်၌ အိပ်ပျော်သော သူသည် နိုးသကဲ့သို့ အလုံးစုံသော တန်ဆာ တို့ဖြင့်

တန်ဆာဆင်အပ်သော သုံးဂါဝုတ်မျှလောက်သော အတ္တဘောဖြင့် ဖြစ်၏၊ ထိုနတ်သမီးသည် တဆယ့်နှစ်ယူဇနာရှိသော နတ်ပုဆိုးတထည်ကို ဝတ်၍ တထည်ကို ချုံပြီးလျှင် နတ်သမီးတထောင်ခြံရံလျက် ရွှေးကံ၏ထင်ရှားခြင်းအကျိုးငှာ ရွှေပေါက်ပေါက်ဖြင့်ပြီးသော တဲ့လွဲဆွဲသော ရွှေခွက်ဖြင့် တန်ဆာဆင်အပ်သော ဗိမာန်တံခါး၌ရပ်လျက် မိမိ၏စည်းစိမ်ကိုကြည့်၍ ငါ့အား အဘယ်ကောင်းမှုကိုပြု၍ ဤစည်းစိမ်ကို ရအပ်သနည်းဟု နတ်မျက်စိဖြင့် စုံစမ်းဆင်ခြင်သော် အရှင်မဟာကဿပအား ပေါက်ပေါက်လှူသော အကျိုးဆက်ကြောင့် ငါသည် ဤစည်းစိမ်ကို ရအပ်၏ဟု သိလေ၏၊ ထိုနတ်သမီးသည် ဤသို့ အနည်းငယ်သော ကောင်းမှုကြောင့် ဤသို့ သဘောရှိသော စည်းစိမ်ကိုရ၍ ငါသည် မေ့လျော့ခြင်းငှာမသင့်၊ အရှင်မဟာကဿပ၏ ဝတ်ကြီးဝတ်ငယ်ကိုပြု၍ ဤစည်းစိမ်ကို မြဲမြံခိုင်ခံ့သည်ကို ပြုအံ့ဟုကြံလျက် နံနက် စောစောကပင် ရွှေဖြင့်ပြီးသော တံမြက်ဆုပ်, အမှိုက်တောင်းကို ယူ၍လာပြီးလျှင် မထေရ်၏ ပရိဝုဏ်ကို တံမြက်လှည်းလျက် သောက်ရေ, သုံးဆောင်ရေတို့ကို တည်ထား၏၊ မထေရ်လည်း ထိုအခြင်းအရာကိုမြင်၍ တစုံတယောက်သော ပဉ္စင်းငယ် သာမဏေငယ်တို့သည် ဤဝတ်ကို ပြုအပ်ကုန်သည် ဖြစ်လတ္တံ့ဟု မှတ်တော်မူ၏၊ ထိုနတ်သမီးသည်လည်း နှစ်ရက်မြောက်သောနေ့၌လည်း နည်းတူပင်ပြု၏၊ မထေရ်လည်း နည်းတူပင် မှတ်တော်မူ၏၊ သုံးရက်မြောက်သော နေ့၌ကား မထေရ်သည် ထိုနတ်သမီး၏ တံမြက် သံကို နားထောင် လျက် သံကောက်ပေါက် အစရှိသည်တို့ဖြင့်လည်း ဝင်လာသော ကိုယ်ရောင်ကို မြင်သော် တံခါးကိုဖွင့်၍ "တံမြက်လှည်းသောဤသူကား အဘယ်သူနည်း" ဟု မေးတော်မူ၏၊ နတ်သမီးလည်း "အရှင်ဘုရား....အကျွန်ုပ်ကား အရှင်ဘုရား၏အလုပ်အကျွေးဖြစ်သော လာဇာနတ်သမီးတည်း"ဟုလျှောက်၏၊ မထေရ်လည်း "ငါ့အား ဤသို့ အမည်ရှိသော အလုပ်အကျွေး နတ်သမီးသည် မရှိပါတကား"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်ကား သလေးခင်းကို စောင့်ရှောက်လျက် ပေါက်ပေါက်တို့ကို လှူ၍ ကြည်ဖြူရွှင်လန်းသော စိတ်ရှိလျက် ပြန်သွားလေသော် မြွေသည် ခဲအပ်သောကြောင့် သေလေလျှင် တာဝတိံသာနတ်ပြည်၌ ဖြစ်၏၊ အကျွန်ုပ်သည် အရှင်ဘုရားကို အမှီပြုလျက် ဤစည်းစိမ်ကို ရအပ်၏၊ ယခုအခါသည်း အရှင်ဘုရားတို့၏ ဝတ်ကြီးဝတ်ငယ်ကိုပြုလျက် ဤစည်းစိမ်ကို မြဲမြံခိုင်ခံ့သည်ကို ပြုအံ့ဟု လာပါသည် အရှင်ဘုရား"ဟု လျှောက်၏၊ "ယမန်နေ့

ဓာမြန်နေ့၌လည်း သင်သည်သာ ဤအရပ်ကို တံမြက် ခတ်အပ်သလော၊ သင်သည်သာ သောက်ရေ သုံးဆောင်ရေကို တည်ထားအပ်သလော" ဟု မေးတော်မူသော် ဟုတ်ပါ၏ဟု လျှောက်၏၊ "နတ်သမီး ဆုတ်ရှား ဖယ်သွားလေ၊ သင်ပြုအပ်ပြီးသော ဝတ်မှာ ပြုအပ်သည်ပင်ဖြစ်စေ၊ ဤနေ့မှ စ၍ ဤအရပ်ကို တဖန် မလာလင့်" ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား အကျွန်ုပ်ကို မပျက်ပါစေလင့်၊ အရှင်ဘုရားတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြု၍ ဤစည်းစိမ်ကို မြဲမြံ ခိုင်ခံ့အောင် ပြုပါရစေ"ဟု လျှောက်၏၊ "နတ်သမီး ဖယ်သာဖယ်လေ၊ နောင်အခါ ငါ့အား ဆန်းကြယ်သော ယပ်ကိုကိုင်၍ ထိုင်ကုန်သော တရားဟော ပုဂ္ဂိုလ်တို့သည် အရှင်မဟာကဿပ မထေရ်အား နတ်သမီး တယောက်သည် လာ၍ ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးလျှင် သောက်ရေသုံးဆောင်ရေတို့ကို တည်ထားသတတ်ဟု ဆိုအပ်သောအပြစ် ကို မပြုပါစေလင့်၊ ဤနေ့မှစ၍ ဤအရပ်သို့ တဖန် မလာပါလင့်" ဟု မိန့်တော်မူ၏၊ နတ်သမီးလည်း "အရှင်ဘုရား....အကျွန်ုပ်ကို မပျက်ပါ စေလင့်" ဟု အဖန်တလဲလဲတောင်းပန်၏၊မထေရ်လည်းဤနတ်သမီးကား ငါ့စကားကို နားမထောင်ဟု ကြံ၍ သင်၏ ပမာဏကို သင်သည် မသိဟု လက်ဖျစ်ကို တီးတော်မူ၏၊ နတ်သမီးသည် ထိုအရပ်၌ တည်ခြင်းငှာ မတတ်နိုင်ရကား ကောင်းကင်သို့ ပျံတက်၍ လက်အုပ်ချီပြီးလျှင် "အရှင် ဘုရား........အကျွန်ုပ် ရအပ်သော စည်းစိမ်ကို မပျက်ပါစေလင့်" ဟု ငိုကြွေး မြည်တမ်းလျက် ကောင်းကင်၌ တည်၏၊ ဘုရားမြတ်စွာလည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်၌ နေတော်မူလျက်ပင် ထိုနတ်သမီး၏ ငိုကြွေးသံကိုဒိဗ္ဗသောတ နားဖြင့်ကြားတော်မူသောကြောင့် အရောင်တော်ကို လွှတ်တော်မူလျက် နတ်သမီး၏ ရှေး၌ ထိုင်တော်မူ၍ တရားဟောသကဲ့သို့ "နတ်သမီး....စောင့်ရှောက်ခြင်းကို ပြုခြင်းသည်ကား ငါ့သားကဿပ၏ဝန်၊ ဤကောင်းမှုကား ငါတို့အား အကျိုးရှိ၏ဟုမှတ်၍ ကောင်းမှုကို ပြုခြင်းသည်ကား ကောင်းမှုဖြင့် အလိုရှိကုန်သော သူတို့၏ ဝန်သာတည်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းသည်ကား ဤ ပစ္စုပ္ပန် ဘဝ၌ လည်းကောင်း,တမလွန်ဘဝ၌လည်းကောင်း ချမ်းသာ သည်သာတည်း" ဟု မိန့်တော်မူ၏၊ဤလာဇာနတ်သမီးသည်ဇာတိမကင်းသောကြောင့်ပြေခဲ ၍သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ဇရူပက္ကမမူလကဒုက္ခကို ခံစားရချေ၏။

## ၈၇-ပရှပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဝေဠုကပိတာ ရသေ့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူလျက် ဒုဗ္ဗစရဟန်းကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုရဟန်းကို ဘုရားမြတ်စွာလည်း "ရဟန်း.......သင်သည် ဆိုနိုင်ခက်၏ ဟူသည် မှန်သလော" ဟု မေးတော်မူသော် မှန်ကြောင်းကို လျှောက်လေလျှင် "သင်သည် ယခု၌သာ ဆိုနိုင်ခက်သည်မဟုတ်၊ ရှေး၌လည်း ဆိုနိုင်ခက်သည်သာတည်း၊ ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့်သာလျှင် ပညာရှိတို့၏ စကားကို နားမထောင်သောကြောင့် မြွေ၏ခံတွင်း၌ အသက်ကုန်ခြင်းသို့ ရောက်၏" ဟုမိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရား အလောင်းတော်သည် ကာသိတိုင်း ကာသိရွာဝယ် များစွာသော စည်းစိမ်ရှိသော အမျိုး၌ဖြစ်၍ သိကြားလိမ္မာသော အရွယ်သို့ရောက်သော အခါ ကာမဂုဏ်တို့၌ အပြစ်ကို,တောထွက် ခြင်း၌လည်း အကျိုးကိုမြင်၍ ကာမဂုဏ်တို့ကိုပယ်ပြီးလျှင် ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်း၏အဖြစ်ဖြင့် ရဟန်းပြုပြီးသော် ကသိုဏ်းပရိကံကိုစီးဖြန်းအားထုတ်၍အသိဉာဉ်ငါးပါး, သမာပတ် ရှစ်ပါးတို့ကို ရလေလျှင်ဈာန်ချမ်းသာဖြင့် ကာလကို လွန်စေလျက် နေသောအခါ များစွာသော အခြံအရံရှိသည်ဖြစ်၍ ငါးရာသောရသေ့တို့ဖြင့် ခြံရံလျက်ဂိုဏ်း၏ဆရာပြု၍ နေ၏၊ ထိုအခါ မြွေတကောင်သည် မိမိတို့ သဘောအားဖြင့် ကျက်စား လှည့်လည် လတ်သော် အမှတ်မရှိသော ရသေ့တယောက်၏ ကျောင်းသခ်မ်းသို့ ရောက်လေ၏၊ ရသေ့လည်း မြွေငယ်၌ သားဟူသော အမှတ်ကို ဖြစ်စေ၍ ထိုမြွေငယ်ကို တခုသော ဝါးလုံးခေါင်း၌ ကိန်းအောင်းစေလျက်သုတ်သင်စောင့်ရှောက်၏၊ ထိုမြွေငယ်အား ငါးလုံးခေါင်း၌ ကိန်းအောင်းခြင်းကြောင့် "ဝေဠုမှိသယတိတ္တဝေဠုကော" ဟူသော ဝစနတ္ထနှင့် အညီ ဝေဠုကဟူသောအမည်ကိုမှည့်ကုန်၏၊ ထိုမြွေငယ်ကို သားဟူသောအမှတ်ဖြင့် သုတ်သင်ကျွေးမွေးခြင်းကြောင့်ရသေ့အားကား "ဝေဠုကဿ ပိတာ ဝေဠုကပိတာ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဠုကပိတာ ဟူသော အမည်

ကို မှည့်ကြကုန်၏၊ထိုအခါ ဆရာကြီးဖြစ်သော ဘုရားလောင်းသည် ရသေ့ တယောက်သည် မြွေဟောက်ကို စောင့်ရှောက် သုတ်သင်သည်ဟု ကြား သောကြောင့် ထိုရသေ့ကို ခေါ်စေပြီးလျှင် ''သင်သည် မြွေဟောက်ကို စောင့်ရှောက် သုတ်သင်၏ဟူသည်မှန်သလော''ဟုမေးမြန်းသော် မှန်၏ဟု ဆိုသောကြောင့် ထိုရသေ့အား''မြွေဟောက်နှင့်တကွ အကျွမ်းဝင်ကောင်း သော မည်သည်မရှိ၊ဤသို့မပြုလင့်''ဟု ဆိုဆုံးမ၏၊ ရသေ့လည်း ''ဆရာ.... ထိုမြွေကား ငါ၏သားတည်း၊ ထိုသားနှင့်ကင်း၍ နေခြင်းငှာ မတတ်နိုင်'' ဟု ဆို၏၊ ယင်းသို့ တပြီးကား သင်သည် ထိုမြွေဟောက်၏ အထံမှသာ အသက်ကုန်ခြင်းသို့ ရောက်လတ္တံ့''ဟု ဆို၏၊ ရသေ့ကား ဘုရားလောင်း စကားကို နားမထောင်၊ မြွေဟောက်ကို စွန့်ခြင်းငှာ မတတ်နိုင်လေ၊ ထို နောက်မှ နှစ်ရက် သုံးရက်လွန်သဖြင့် အလုံးစုံသောရသေ့တို့သည် သစ်သီး ကြီးငယ်အလို့ငှာ သွားကုန်လတ်သော် ရောက်ရာအရပ်၌ သစ်သီးကြီးငယ် တို့၏ ရလွယ်သောအဖြစ်သို့ မှတ်ကုန်လျက် နှစ်ရက် သုံးရက်တို့ပတ်လုံး ထိုအရပ်၌သာ နေကြကုန်၏၊ ဝေဠုကပိတာလည်း ထိုရသေ့တို့နှင့် တကွ သွားလတ်သော် ထိုမြွေဟောက်ကို ဝါးလုံးခေါင်း၌ ကိန်းအောင်း စေ၍ သာ သွား၏၊ ထိုဝေဠုကပိတာ ရသေ့ကား တပါးသော ရသေ့တို့နှင့်တကွ နှစ်ရက် သုံးရက် လွန်သဖြင့်လာ၍ ဝေဠုကအား အစာပေးအံ့ဟု ဝါးလုံး ခေါင်းကို ဖွင့်ပြီးလျှင် ''လာလှည့်ချစ်သား....သင်ကား ဆာမွတ်လှပြီ''ဟု လက်ကို ဆန့်တန်း၏၊ မြွေဟောက်လည်း နှစ်ရက် သုံးရက်ပတ်လုံး အစာ မစားရသောကြောင့် အမျက်ထွက်ရကား ရသေ့၏ဆန့်တန်းသောလက်ကို ကိုက်ပြီးလျှင် ထိုအရပ်၌ပင် ရသေ့အား အသက်ကုန်ခြင်းသို့ ရောက်စေ၍ တောသို့ဝင်လေ၏။

တာပသံ တဋ္ဌေဝ ဇီဝိတက္ခယံ ပါပေတွာ အရညံ ပါဝိသိ။
(ဇာတ်အဋ္ဌကထာ)

တာပသံ၊ဝေဠုကပိတာ အမည်ရှိသော ရသေ့ကို၊ တဋ္ဌေဝ၊ ထိုအရပ်၌ သာလျှင်။ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေတွာ၊ ရောက်စေ၍။ အရညံ၊ တောသို့၊ ပါဝိသိ၊ ဝင်လေ၏။

ယင်းသို့ ဝေဠုကပိတာသေသည်ကို ရသေ့တို့မြင်ရကား ဘုရားလောင်း အား ကြားကုန်၏၊ဘုရားလောင်းလည်း ထိုရသေ့၏အလောင်းကိုကောင်း မွန်စွာသင်္ဂြိုဟ်ပြီး၊မှရသေ့အပေါင်း၏ အလယ်၌နေလျက် ထိုရသေ့တို့အား

ဆုံးမသည်၏ အစွမ်းဖြင့်"အကြင်သူသည် အကျိုးစီးပွားကို အလိုရှိသော သူသည် ဆုံးမအပ်လျက် ဆုံးမခက်သည်၏ အစွမ်းအားဖြင့် စကားကိုနား မထောင်၊ ထိုသူကား ဤဝေဠုကပိတာ ရသေ့ကဲ့သို့ ပျက်စီးရလိမ့်မည်" ဟု မိန့်တော်မူ၏၊ ဘုရားလောင်းသည် ရသေ့အပေါင်းအား ဤသို့ ဆုံးမပြီး၍ ဗြဟ္မဝိဟာရ တရားလေးပါးတို့ကို ပွားစေလျက် အသက်၏ အဆုံး၌ဗြဟ္မာ့ ပြည်သို့ လားလေ၏၊ဘုရားမြတ်စွာလည်း ဤဓမ္မဒေသနာကို ဆောင်တော် မူ၍ ထိုအခါဝေဠုကပိတာရသေ့သည် ယခုအခါ ဒုဗ္ဗစ ရဟန်းဖြစ်လာ၏၊ ကြွင်းသော ရသေ့တို့ကား ငါဘုရား၏ ပရိသတ်ဖြစ်လာကုန်၏၊ ဂိုဏ်း၏ ဆရာကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏၊ ဤဝေဠုက ပိတာ ရသေ့လည်း ဇာတိ မကင်းသောကြောင့် မြွေကိုက်၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

၆၂-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြွေခဲခြင်းတည်းဟူသော သူတပါးလုံ့လဖြင့်သေရသော နွားကျောင်းသား ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း မွေလျော် စံနေတော်မူ၏၊ ထိုအခါ ရာဇဂြိုဟ်ပြည်၌ မထင်ရှားသော နွား ကျောင်းသားတယောက်သည် နံနက်စာအကျိုးငှာ ရဟန်းတို့ ဆွမ်းခံချိန် အခါ၌ ပုဆိုးကြမ်းဖြင့် အထုပ်ဖွဲ့အပ်သော မယောမုန့်ကိုယူ၍ မြို့မှထွက်ပြီး သော် နွားတို့၏ ကျက်စားရာဖြစ်သော ဂေါစရမြေသို့ ရောက်လေ၏၊ ထို နွားကျောင်းသားကို အရှင်မောဂ္ဂလာန်သည် ဤသူကား ယခုပင်လျှင် သေလတ္တံ့၊ ငါ့အား နှစ်သက်ဖွယ်သော လေးခုသော မုယောမုန့်ကို လှူ၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်လတ္တံ့ဟု သိတော်မူသောကြောင့် ထို နွား ကျောင်းသား၏ အနီးအပါးသို့ ကြွတော်မူ၏၊ ထိုနွားကျောင်းသားလည်း အခါကိုရှုတ်၍ကြည့်ပြီးသော်အရှင်မောဂ္ဂလာန်အားမုယောမုန့်ကိုလှူခြင်း ငှာအလိုရှိ၏၊ထိုအခါ နွားတသင်းတို့လည်းပဲခင်းသို့ဝင်ကြကုန်၏၊ ယင်းသို့ ဝင်သောအခါနွားကျောင်းသားသည်'အသို့နည်း-ရှေးဦးစွာမထေရ်အား မုယောမုန့်ကိုလည်းလှူရမည်လော,ယင်းသို့မဟုတ် နွားတို့ကိုတည်းပဲခင်းမှ ထုတ်ရဦးမည်လော" ဟု ကြံ၏၊ထိုနောက်မှ နွားကျောင်းသားအားအကြံ ဖြစ်သည်ကား ပဲခင်းရှင်တို့သည်စင်စစ်အကြင်အမှုကိုငါ့အားအလိုရှိကုန်၏၊

ထိုအမှုကို ပြုစေကုန်။ မထေရ်ဘုရားသည် ကြွသွားခဲ့သော် ငါ့အားမုဃောမုန့်လှူခြင်း အန္တရာယ်သည် ဖြစ်ရာ၏။ ယခုငါသည် ရှေးဦးစွာမထေရ်အား မုဃောမုန့်ကိုလှူအံ့ဟုကြံ၏။ ယင်းသို့ကြံပြီး၍ထိုမုဃောမုန့်ကို မထေရ်အား ကပ်လှူလေ၏။ မထေရ်လည်း ထိုနွားကျောင်းသားအား အစဉ်သနားခြင်းကို ပြု၍ မုဃောမုန့်ကိုစံတော်မူ၏။ ထိုနောင်မှနွားတို့ကိုပဲခင်းမှထုတ်ခြင်းငှာ ဘေးရန်ကို မကြည့်ပဲ လျင်မြန်သော အဟုန်ဖြင့် ပြေးသွားလေသော် ခြေဖျားဖြင့် ခတ်မိရကား မြွေဟောက်သည် စိတ်ပေါက်၍ ကိုက်၏။

ပါဒေန ဖုဋ္ဌော အာသီဝိသော ဍံသိ။

(ဝိမာနဝတ္ထု အဋ္ဌကထာ)

ပါဒေန၊ခြေဖြင့်။ ဖုဋ္ဌော၊ ခတ်မိသော၊ အာသီဝိသော၊ မြွေဟောက်သည်။ ဍံသိ၊ ကိုက်၏။

အရှင်မောဂ္ဂလာန် မထေရ်လည်းထိုနွားကျောင်းသားကိုအစဉ်သနားသဖြင့် ထိုမုဃောမုန့်ကို ဖုန်းပေးခြင်းငှာ အားထုတ်၏။ နွားကျောင်းသားလည်း နွားတို့ကိုပဲခင်းမှ ထုတ်၍ပြန်လာလတ်သော်မုဃောမုန့်ကို ဖုန်းပေးသော မထေရ်ကို မြင်၍ ကြည်လည် ရွှင်လန်းသော စိတ်ရှိရကား များစွာသော ပီတိသောမနဿကို ခံစားလျက်နေ၏၊ ယင်းသို့နေသော ခဏ၌ပင် နွားကျောင်းသား၏ ကိုယ်အလုံးကိုမြွေဆိပ်သည်ဖုံးလွှမ်းချေ၏။ တမဟုတ်ပင် လျင်မြန်သော အဟုန်ဖြင့် မြွေဆိပ်သည် ထိပ်သို့ ရောက်သည်ရှိသော် သေခဲ့၏။

မုဟုတ္တမေဝ ဝေဂေန မုဒ္ဓပတ္တော ကာလမကာသိ။

(ဝိမာနဝတ္ထု အဋ္ဌကထာ)

မုဟုတ္တမေဝ၊တမဟုတ်ပင်လျင်။ ဝေဂေန၊လျင်မြန်သော အဟုန်ဖြင့်။ မုဒ္ဓပတ္တော၊မြွေဆိပ်သည် ထိပ်သို့ ရောက်သည်ရှိသော်။ ကာလမကာသိ၊ သေခဲ့၏။

သေပြီး၍ကားတာဝတိံသာနတ်ပြည်ဝယ် တဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ ဖြစ်လေ၏။ ထို နတ်သားကို အရှင် မဟာမောဂ္ဂလာန် နတ်ပြည်သို့ ရောက်၍ မြင်တော်မူသောကြောင့် ''နတ်သား....သင်သည် အဘယ်ကောင်းမှုကြောင့် မြတ်သော နတ်၏ စည်းစိမ်ကို ရသနည်း''ဟု မေးတော်မူ၏။ ''အရှင်ဘုရား....အကျွန်ုပ်ကား ရှေးဘဝက ရာဇဂြိုဟ်ပြည်တွင် နွားကျောင်းသားဖြစ်၍ အရှင်ဘုရားအားမုဃောမုန့်လှူသောကြောင့်

ဤမြတ်သော နတ်၏ စည်းစိမ်ကိုရပါ၏၊ အရှင်ဘုရားအားမုယောမုန့်လှူ၍ နွားအပေါင်းကိုပဲခင်းမှ ထုတ်မည်ဟုသွားသော လမ်းကြားတွင် မြွေကိုက်၍သေလျှင်ဤနတ်ပြည်တွင်ဖြစ်ရပါသည်''ဟုလျှောက်၏။ ရှင်မောဂ္ဂလာန်လည်း နတ်သားအား တရားဟောခဲ့ပြီး၍ လူ့ပြည်သို့ ပြန်လာသော် ထိုအကြောင်းကို သဗ္ဗညုဘုရားရှင်အား လျှောက်ထား၏။ သဗ္ဗညုဘုရားလည်း ထိုအကြောင်းကို အတ္ထုပ္ပတ္တိပြုတော်မူ၍ ရောက်လာသောပရိသတ်တို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၏။ ပရိသတ် အပေါင်းလည်း အကျွတ်တရား ရကြကုန်၏။ ဤဂေါပါလကနတ်သားလည်း ဇာတိမကောင်းသောကြောင့် မြွေခဲ၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလက ဒုက္ခကို ခံစားရချေ၏။

၄၃-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ရဟန်းနှင့် ရသေ့တို့ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူလျက် မြွေခဲ၍ သေသော အမှတ်မရှိသော ရဟန်းတယောက်ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏။ ထိုရဟန်းကို ဇရုံးအိမ်တံခါး၌ ထင်းတို့ကို ခွဲသည်ကိုသစ်ဆွေးကြားမှ ထွက်၍ မြွေတခုသည် ခြေချောင်းစွန်း၌ ကိုက်၏။ ယင်းသို့ ကိုက်လျှင် ထိုရဟန်းသည် ထိုအရပ်၌ပင်သေလေ၏။

ကော သပ္ပေါ ပါဒင်္ဂုလိယံ ဍံသိ။ သော တတ္ထေဝ မတော။

(ဇာတ်အဋ္ဌကထာ)

ကော သပ္ပေါ၊ မြွေတကောင်သည်၊ ပါဒင်္ဂုလိယံ၊ ခြေချောင်း၌။ ဍံသိ၊ ကိုက်၏။ သော၊ ထိုရဟန်းသည်။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ မတော၊ သေလေ၏။

ထိုရဟန်း၏ မြွေခဲ၍ သေသော အဖြစ်သည် အလုံးစုံသော ဇေတဝန်ကျောင်းတိုက်၌ ထင်ရှားဖြစ်၏၊ တရားသဘင်၌ ရဟန်းတို့သည် ''ငါ့ရှင်တို့....ဤအမည်ရှိသော ရဟန်းကို ဇရုံးအိမ်တံခါး၌ ထင်းတို့ကိုခွဲသည်ကို မြွေသည် ကိုက်အပ်၏။ ထိုခဏ၌ပင် သေရှာလေ၏''ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုဘုရားလည်း ကြွလာတော်မူ၍မေးလျှင် အကြောင်း ကို

လျှောက်လတ်သော်=''ချစ်သားတို့....အကယ်၍ ထိုရဟန်းသည် လေးပါးသော မြွေမင်းတို့ကို အာရုံပြု၍ မေတ္တာတရားကို ပွားစေငြားအံ့၊ မြွေသည် မကိုက်ရာ၊ ရှေးပညာရှိတို့သည် ဘုရားသည် ပွင့်တော် မမူသော်လည်း လေးပါးသော မြွေမင်းတို့၌ မေတ္တာတရားကို ပွားစေ၍ ထိုထိုသော မြွေမင်းတို့ကို အမှီပြု၍နေသော ဘေးရန်မှ လွတ်ကြကုန်၏''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားအလောင်းတော်သည် ကာသိတိုင်း ကာသိရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကာမဂုဏ်တို့ကို ပယ်၍ ရသေ့ရဟန်း အဖြစ်ဖြင့် ရဟန်းပြုပြီးလျှင် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာအရပ်ဝယ် တခုသော ဂင်္ဂါမြစ်ကွေ့၌ ကျောင်းသင်္ခမ်းကို ဖန်ဆင်း၍ ဈာန် တည်းဟူသော ကစားခြင်းဖြင့် ကစားလျက် ရသေ့အပေါင်းခြံရံအပ်သည်ဖြစ်၍နေ၏၊ ထိုအခါ ဂင်္ဂါမြစ်ကမ်းနား၌ အထူးထူး အပြားပြားသော ကျောက်ရှည်မျိုးတို့သည် ရသေ့အပေါင်းတို့ကို နှောင့်ယှက် ကုန်လျက် များသောအားဖြင့် ရသေ့တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။

ယေဘုယျေန ဣသယော ဇီဝိတက္ခယံ ပါပုဏန္တိ။

(ဇာတ်အဋ္ဌကထာ)

ယေဘုယျေန၊ များသော အားဖြင့်။ ဣသယော၊ ရသေ့တို့သည်။ ဇီဝိတက္ခယံ၊ မြွေခဲ၍အသက်ကုန်ခြင်းသို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။

ဤရသေ့တို့သည် ထိုအကြောင်းကို ဘုရားလောင်းအားကြားကုန်၏၊ ဘုရားလောင်းသည်း အလုံးစုံသော ရသေ့တို့ကို စည်းဝေးစေ၍ ''သင်တို့သည် အကယ်၍ လေးပါးသော မြွေမင်းတို့၌ မေတ္တာတရားကိုပွားများစေကုန်ငြားအံ့၊ သင်တို့အား မြွေတို့သည် မကိုက်ကုန်ရာ၊ ထိုကြောင့် ဤအခါမှစ၍ လေးပါးသော မြွေမင်းတို့၌ ဤသို့မေတ္တာတရားကို ပွားစေကြကုန်''ဟုဆိုပြီးလျှင်''ဝိရူပက္ခေဟိ မေ မေတ္တံ''စသော ပရိတ်ကို ဖွဲ့၍ ပေးတော်မူ၏၊ ထိုအခါမှစ၍ ရသေ့အပေါင်းတို့သည် ဘုရားလောင်း၏ အဆုံးအမ၌တည်၍ မေတ္တာတရားကို ပွားစေ၏၊ ယင်းသို့ ပွားစေသည်ရှိသော် အလုံးစုံသော ကျောက်ရှည်မျိုး ဖြစ်ကုန်သော မြွေတို့သည် ဖဲကြလေကုန်၏၊ ဘုရားလောင်းနှင့် တကွ ရသေ့အပေါင်းလည်း ဗြဟ္မဝိဟာရ

တရားတို့ကို ပွားစေ၍ ပြဟ္မာ့ပြည်သို့ လာကြကုန်၏၊ ဘုရားမြတ်စွာ သည် ဤခမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါရသေ့အပေါင်းတို့ကား ယခုအခါ ဘုရား၏ ပရိသတ် ဖြစ်လာကုန်၏၊ ဂိုဏ်းဆရာကား ငါဘုရား ဖြစ်တော်မူလာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤရဟန်း ဤရသေ့တို့ လည်း ဇာတိနှင့်မကင်းသောကြောင့် မြွေခဲ၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရကုန်၏။

---

## ၉၄-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြွေခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဝိမာန ပေတ ဝတ္ထု

အစိန္တေယျ လောကတန်ဆောင် ငါးမာရ်အောင် ဖြစ်တော် မူသော သဗ္ဗညုဘုရားသည် ပွင့်တော်မမူမီ အနှစ်ခုနှစ်ရာအထက်၌ သာဝတ္ထိပြည်၏ အနီး အမှတ်မရှိသော ရွာငယ်တခု၌ အမှတ်မရှိသော သူငယ်တယောက် သည် တဆူသော ပစ္စေကဗုဒ္ဓါဘုရားကို ခစားလုပ်ကျွေး၏၊ ထိုသူငယ်၏ အမိသည် သူငယ်အား ငယ်သို့ရောက်လတ်သော် သူငယ်၏အကျိုးငှာ စည်း စိမ်ဥစ္စာတူသော အမျိုးမှ အမှတ်မရှိသော သတို့သမီးတယောက်ကိုဆောင် ၏၊ ထိမ်းမြားသော နေ့၌ပင် ဤသတို့သားသည် များစွာသော သူငယ် ဖော်တို့နှင့်တကွ ရေချိုးခြင်းငှာ သွားလေသော် မြွေခဲရကား သေခဲ့၏၊

အဟိနာ ဒဋ္ဌော ကာလမကာသိ။

(ပေတဝတ္ထု အဋ္ဌကထာ)

အဟိနာ၊မြွေသည်။ ဒဋ္ဌော၊ ခဲအပ်သည်ဖြစ်၍။ ကာလမကာသိ၊ သေခဲ့၏။

ထိုသူငယ်သည် ပစ္စေကဗုဒ္ဓါအား ခစားလုပ်ကျွေးသဖြင့် များစွာသော ကောင်းမှုကုသိုလ်ကိုပြု၍ တည်သော်လည်း ထိုသတို့သမီး၌တပ်သောစိတ် ရှိရကား ဝိမာနပြိတ္တာဖြစ်လေ၏၊ ကြီးသောတန်ခိုးအာနုဘော်ရှိ၏၊ထိုအခါ ဝိမာနပြိတ္တာသည် ထိုသတို့သမီးကို မိမိဗိမာန်သို့ ဆောင်လိုရကား အဘယ် သို့သောအကြောင်းဖြင့် ဤသတို့သမီးသည် ဒိဋ္ဌဓမ္မဝေဒနီယကံကိုပြု၍ငါနှင့် တကွဤဗိမာန်ပေါ်ဝယ်မွေ့လျော်ပျော်ပါးစေရအံ့နည်းဟုဆိုသတို့သမီး၏ နတ်၏စည်းစိမ်ခံစားခြင်း၏အကြောင်းကို စူးစမ်းလတ်သော် ပစ္စေကဗုဒ္ဓါ အရှင်ကို သက်န်းချုပ်သည်ကိုမြင်၍ လူ၏အသွင်ဖြင့် လာပြီးလျှင် အရှင်

ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ "အရှင်ဘုရား....ချည်ဖြင့် အလိုမရှိပါလော"ဟု မေး၏၊ "ဥပါသကာ....ငါကား သင်္ကန်းချုပ်ခြင်း အမှုကို ပြုသည်"ဟု ဆိုလျှင် "အရှင်ဘုရား—ယင်းသို့ တကြိမ်ကား ဤမည်သော အရပ်ဝယ်ချည် ဆွမ်းအလို့ငှာ လှည့်လည်တော်မူပါ"ဟု ဆို၍ ထိုသတို့သမီး၏အိမ်ကိုပြ၏၊ ပစ္စေကဗုဒ္ဓါ ဘုရားလည်း ထိုအရပ်သို့ သွား၍ အိမ်တံခါး၀၌ ရပ်လေ၏၊ ယင်းသို့ ရပ်သောအခါ ထိုသတို့သမီးသည် ပစ္စေကဗုဒ္ဓါကိုမြင်၍ကြည်လင် သောစိတ်ရှိရကား ငါ၏အရှင်ဘုရားသည် ချည်ဖြင့် အလိုရှိ၏ဟု သိသော ကြောင့်တခုသောချည်လုံးကိုလှူ၏၊ ထို့နောင်မှ ထိုဝိမာနပြိတ္တာသည်လူ၏ အသွင်ဖြင့်သတို့သမီး၏အိမ်သို့သွားပြီးလျှင်သတို့သမီး၏ မိခင်ကိုတောင်း၍ ထို သတို့သမီးနှင့်တကွ နှစ်ရက် သုံးရက် နေပြီးမှ သတို့သမီး၏ အမိအား ချီးမြှောက်ခြင်းငှာ ထိုအိမ်၌ အလုံးစုံသော အိုးခွက်တို့ကို ရွှေငွေဖြင့် ပြည့် စေ၍ အလုံးစုံသော အိုးခွက်၏ အထက်၌ "ဤဥစ္စာကား နတ်ပေးသော ဥစ္စာတည်း၊တစုံတယောက်သောသူသည် မယူအပ်"ဟု အမည် ကမ္ပည်းကို ရေးစေ၏၊ ထိုသတို့သမီးကိုလည်း ခေါ်ဆောင်၍ မိမိဗိမာန်သို့သွားလေ၏၊ ထိုသတို့သမီး၏မိခင်ကားများစွာသော ဥစ္စာကိုရသောကြောင့် မိမိဆွေမျိုး တို့အားလည်းကောင်း,အထီးကျန်, ခရီးသွားတို့အားလည်းကောင်း ပေး ကမ်း၍ မိမိလည်းသုံးဆောင်စားသောက်၍ သေလေသော်"ငါ့သမီးသည် အကယ်၍လာခဲ့သော် ဤဥစ္စာကိုပြပါလေ"ဟု ဆွေမျိုးတို့အား မှာထား ၍ သေခဲ့၏၊ ယင်းသို့သေပြီးမှ အနှစ်ခုနစ်ရာ လွန်သဖြင့်ငါတို့ဘုရားမြတ်စွာ သည် လောက၌ ပွင့်တော်မူ၍ မြတ်သော ဓမ္မစကြာတရားကို ဟောတော်မူ ပြီးသည်ရှိသော် အစဉ်သဖြင့် သာဝတ္ထိပြည်၌ နေတော်မူ၏၊ ထိုအခါဝိမာန ပြိတ္တာနှင့်အတူတကွ နေရသော ထိုမိန်းမအား မပျော်မွေ့ငြီးငွေ့သော အားဖြင့်ဆန့်ကျင်ခြင်းသည်ဖြစ်၏၊ ထိုမိန်းမသည် ဝိမာနပြိတ္တာလင်ကို "အရှင့်သား ငါကား ပစ္စေကဗုဒ္ဓါအား ချည်လှူသောကြောင့် သင်၏ထံ၌ ဤဗိမာန်ဝယ်များစွာသောနတ်စည်းစိမ်ကိုရ၏၊ယခုတဖန်လူ့ပြည်သို့ပြန်၍ ကုသိုလ်ကောင်းမှု ပြုပါရစေဦး၊ ငါ့ကိုလူ့ပြည်သို့ပို့ပါ"ဟုဆို၏၊ထိုစကား ကိုကြား၍ ဝိမာနပြိတ္တာသည် ထိုမိန်းမ၌ တပ်သောစိတ်ရှိသည်ဖြစ်၍ အစဉ် သနားရကား သွားခြင်းကို အလိုမရှိသောကြောင့် "အဘယ်မိန်းမ....... သင်ကား ဤဗိမာန်သို့လာသည်မှာ အနှစ်ခုနစ်ရာရှိပြီ လူ့ပြည်ဝယ် အိုမင်း ကြီးရင့်သည် ဖြစ်လတ္တံ့၊ အလုံးစုံသော သင်၏ ဆွေမျိုးတို့သည်လည်း

သေလွန်ကုန်ပြီ၊ ထိုလူ့ပြည်သို့ သွားသဖြင့် အဘယ် ပြုလတ္တံ့နည်း''ဟု ဆို၏၊ ဤသို့ဝိမာနပြိတ္တာသည်ဆိုအပ်သည်ရှိသော် ထိုမိန်းမသည် ထိုဝိမာန ပြိတ္တာ၏ စကားကို မယုံရကား ''အရှင်သား—ငါကား ဤဗိမာန်သို့လာ၍ နတ်၏ စည်းစိမ်ချမ်းသာကို ခံစားသည်ကား အနှစ်ခုနစ်ရာရှိပြီ၊ ယခုတဖန် လူ့ပြည်သို့ ပြန်၍ ကုသိုလ်ကောင်းမှု ပြုပါအံ့၊ ငါ့ကို လူ့ပြည်သို့သာ ဆောင်ခဲ့ပါ''ဟု ဆို၏၊ ဤသို့ ထိုမိန်းမသည် ဆိုအပ်သော် ထိုဝိမာန ပြိတ္တာသည် အထူးထူးအပြားပြားအားဖြင့် ထိုမိန်းမကို ဆုံးမသွန်သင်၍ ''သင်ကား ယခုလူ့ပြည်မှာ ခုနစ်ရက်ထက် အသက်မရှင်ပြီ၊ သင်၏ အမိ သည် သင့်အဖို့ ထားအပ်သော ငါပေးသော အကြင်ဥစ္စာသည် ရှိ၏၊ ထိုဥစ္စာကို ရဟန်း ပုဏ္ဏားတို့အား ပေးလှူ၍ ဤဗိမာန်၌ ဖြစ်ခြင်းကိုသာ တောင့်တပါ''ဟု ဆိုပြီး လျှင် ထိုမိန်းမကိုလက်မောင်း၌ကိုင်၍ ရွာလယ်တွင် ထားပြီးမှ ''အဘယ်မိန်းမ........ဤလူ့ပြည်၌ တပါးသော လူတို့ကိုလည်း မိမိအားနှင့်လျော်စွာ ဒါန သီလစသော ကောင်းမှုတို့ကိုပြုကြကုန်လော့ဟု ဆိုဆုံးမပါ''ဟု မှာထား၍ သွားလေ၏၊ ယင်းသို့ ထိုသူ သွားခဲ့သော် ထိုမိန်းမသည် မိမိဆွေမျိုးတို့ နေရာအိမ်သို့သွား၍ဆွေမျိုးတို့အား မိမိကိုယ် ကို သိစေပြီးမှ ထိုဆွေမျိုးတို့သည် ပေးအပ်သော ဥစ္စာတို့ကိုယူ၍ ရဟန်း ပုဏ္ဏားတို့အား လှူဒါန်းလျက် မိမိထံသို့ ရောက်လာ ရောက်လာတိုင်းသော သူတို့အား ''ငါကား နတ်စည်းစိမ်ကို မျက်မှောက် ထင်ထင် မြင်ရသည်၊ သင်တို့သည် နတ်၏စည်းစိမ်ကို ခံစားရခြင်းအကျိုးငှာကုသိုလ်ကောင်းမှုကို ပြုပါ''ဟု အဆုံးအမပေးလေ၏၊ ဤသို့ ဆုံးမသည်ဖြစ်၍ ရဟန်းပုဏ္ဏား စသည်တို့အား ခုနစ်ရက် ပတ်လုံး ကြီးစွာသော အလှူကို ပေးပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ သေ၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏၊ ရဟန်းတို့သည် ထိုအကြောင်းကို သမ္ဗုဒ္ဓဘုရားအားကြားလျှောက်ကုန်၏၊ သမ္ဗုဒ္ဓဘုရားလည်း ထိုအကြောင်းကို အတ္ထုပ္ပတ္တိပြု ရောက်လာသော ပရိသတ်တို့အား တရားဟောတော်မူ၏၊ ထိုတရားကိုကြား၍ များစွာသော လူအပေါင်းသည် ကောင်းသော ဝန်တိုခြင်း ရှိသည်ဖြစ်၍ ဒါန စသော ကောင်းမှု၌ မွေ့လျော်ကုန်၏၊ ဤ ဝိမာနပြိတ္တာလည်း ဇာတိမကောင်းသော ကြောင့် မြွေခဲ၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလက ဒုက္ခကို ခံစားရ ချ၏။

၆၅-ပရုပက္ကမ မူလကာဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဖုဋ္ဌဝိသမြွေထိပါးခြင်း ဘည်းဟူသော သူတပါးလုံ့လဖြင့် ဆောရသော ရှင်ဥပသေနမထေရ် ဝတ္ထု

တရံသောအခါ ရှင်သာရိပုတ္တရာ, ရှင်ဥပသေန ညီတော် နောင်တော် နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည် သီတဝန အမည်ရှိသော သုသာန်တောဝယ် မြွေပါးပျဉ်းနှင့်တူသော လိုဏ်ဂူ၌ နေတော်မူကြကုန်၏၊ ထိုအခါညီတော် ဖြစ်သော ရှင်ဥပသေန မထေရ်သည် ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိလတ်သော် လိုဏ်ဂူရိပ်၌ ဖြည်းညှင်းသာယာစွာသော လေဖြင့် ယပ်လေ ခံလျက်နေ၍ နှစ်ထပ်သောသင်းပိုင်၌ အပ်ချုပ်ခြင်းအမှုကိုပြု၏၊ ထိုခဏ၌ လိုဏ်ဂူရိပ်၌ နှစ်ကောင်သော မြွေဟောက်တို့သည် ကစားကြကုန်လျှင် တကောင်သော မြွေဟောက်သည် လွတ်၍ ဥပသေနမထေရ်၏ ပခုံးစွန်း ထက်၌ ကျလေ၏။

တေသု ဧကော ပတိတွာ ထေရဿ အံသကူဋေ အဝတ္ထာသိ။
(သံယုတ် အဋ္ဌကထာ)

တေသု၊ ထိုနှစ်ကောင်သော မြွေတို့တွင်။ ဧကော၊ တကောင်သည်။ ပတိတွာ၊ ကျ၍။ ထေရဿ၊ ဥပသေနမထေရ်၏။ အံသကူဋေ၊ ပခုံးစွန်း၌။ အဝတ္ထာသိ၊ ဖိမိ၏။

ထိုမြွေကားဒဋ္ဌဝိသမြွေ, ဒိဋ္ဌသမြွေ, ဖုဋ္ဌဝိသမြွေ, ဝါတဝိသမြွေလေးမျိုး တို့တွင် ဖုဋ္ဌဝိသမြွေတည်း၊ ထို့ကြောင့် ကျရာအရပ်ကစ၍ ရှင်ဥပသေန၏ ကိုယ်ကို ဆီမီးလျှံသည် ဆီမီးစာကို လောင်စေသကဲ့သို့ လောင်စေလျက် သက် သေ အဆိပ်၏ သွားခြင်းကို မထေရ်သည်မြင်၍ ထိုအဆိပ်သည်ကျကာမျှ သည်သာလျှင် အပိုင်းအခြားအားဖြင့်အကယ်၍ကား သွား၏ရှင့်၊ ယင်းသို့ ပင် သွားသော်လည်း မိမိ၏ဟန်ခိုးအားဖြင့် ဤကိုယ်သည် လိုဏ်တွင်း၌ မပျက်စေသတည်းဟု အဓိဋ္ဌာန်၍ ရဟန်းတို့ကို ခေါ်ပြီးလျှင် "ငါ့ရှင်တို့ ဤငါ၏ကိုယ်သည် ဖရိုဖရဲမကြဲမီ ငါ့ကိုညောင်စောင်းငယ်သို့ တင်၍ လွင်ပ သို့ ထုတ်ကြပကုန်"ဟု ဆို၏၊ ယင်းသို့ဆိုသောအခါအရှင်သာရိပုတ္တရာက ရှင်ဥပသေနကို "ရှင်ဥပသေန....သင်၏ ကိုယ်ဝယ် ဖောက်ပြန်သောအခြင်း အရာ မထင်ပါ။ ယင်းသို့ မထင်ပဲလျက်ကို ဆိုခဲ့သည်"ဟု ဆို၏၊ ထိုသို့ ဆိုစဉ်ပင် ရဟန်းတို့သည် ဥပသေနမထေရ်ကို ညောင်စောင်းငယ်သို့တင်၍ လိုဏ်ပြင်သို့ ထုတ်ကြကုန်၏၊ ထိုအခါ ရှင်ဥပသေန၏ ကိုယ်သည် ထိုအရပ်

၌ပင် ဖွဲ့ကဲ့သို့ ဖရိုဖရဲကြဲလေ၏၊ ဤအသီတိမဟာသာဝက အဝင် ရှင်ဥပသေန ထေရ်ဂေရဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်၏ တပည့်တော်ကြီးများသည်လည်း ဇာတိမကင်းသောကြောင့် မြွေခဲ၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏၊ ထိုဒုက္ခကား ဇာတိမရှိသော် မရှိ၊ ဇာတိရှိသောကြောင့်သာ ထိုဒုက္ခရှိ၏၊ ထို့ကြောင့် ဇာတိဒုက္ခဟူသော တရားယုတ်ကား စက်ဆုပ်ရွံရှာဖွယ် တကားဟု ဇာတိဒုက္ခဟူသော သံဝေဂ ဝတ္ထုတရား၌ ထိတ်လန့်ခြင်းကို ဖြစ်စေသောအားဖြင့် ဉာဏသံဝေဂကို ပွားများကုန်ရာ၏။

---

## ၉၆-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ကျားခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေကြရသော ရဟန်းတို့ ဝတ္ထု

သုံးကျိပ်မျှလောက်ကုန်သော ရဟန်းတို့သည် သဗ္ဗညုဘုရား၏ အထံတော်မှကမ္မဋ္ဌာန်းကိုယူပြီးလျှင် တောကျောင်း၌ ဝါကပ်ကုန်လျက် သံဃာ့ထေရ်က "ငါ့ရှင်တို့....သင်တို့သည် သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရား၏အထံတော်မှ ကမ္မဋ္ဌာန်းကိုယူ၍ လာကုန်သည်ဖြစ်လျက် မေ့လျော့သဖြင့် နေခြင်းငှာ မတတ်ကောင်း၊ ညဉ့်သုံးယာမ်ပတ်လုံး ရဟန်းတရားကိုသာ အားထုတ်အပ်၏၊တယောက်၏အထံသို့ တယောက်မလာစတမ်း"ဟု အဆုံးအမပေး၍ မိုးသောက်ထစောစောအခါ၌ ငိုက်မျဉ်းကုန်စဉ်တွင်သုံးကျိပ်ကုန်သော ထိုရဟန်းတို့အား ကျားတကောင်သည်လာပြီးလျှင်ရဟန်းတယောက် တယောက်ကို လည်ကုပ်၌ကိုက်ချီ၍ ပြေးလေ၏၊တစုံတယောက်သော ရဟန်းသည် ငါ့ကိုကျားချီသည်ဟု မြည်တမ်းဟစ်အော်ကြွေးကြော်သော စကားမမြွက်၊ ဤသို့လျှင် ထိုသုံးကျိပ်မျှလောက်သော ရဟန်းတို့တွင် တကျိပ်ငါးယောက်မျှသောရဟန်းတို့အားကျားခဲကုန်ပြီးသည်ရှိသော် ဥပုသ်နေ့၌ သံဃာ့ထေရ်က "ငါ့ရှင်တို့.... ၁၅-ကျိပ်ငါးယောက်သော ရဟန်းတို့သည် အဘယ်သို့ သွားလေကုန်သနည်းဟု မေးလေလျှင် "အရှင်ဘုရား....ကျားစားလေကုန်ပြီ"ဟု ဆိုသော် ထိတ်လန့်ခြင်းဖြစ်၍ "ငါ့ရှင်တို့....ကျားစားယူမိသမျှမှာ ယူစေ၊ ကြွင်းသေသူတို့ကား မြဲမြံစွာနေကြ" ဟုဆို၍ နေကြကုန်၏၊ယင်းသို့နေကြကုန်သော ရဟန်းတကျိပ်ငါးယောက်

တို့တွင် အမှတ်မထင်သော ပဥ္စင်းငယ်တယောက်ကို ကျားသည် ရွှေးနည်းအားဖြင့် ဖမ်းပြန်လေ၏၊ ပဥ္စင်းငယ်လည်း "အရှင်ဘုရားတို့....ကျားလာသည်"ဟု ဆို၏၊ ယင်းသို့ဆိုလျှင် ထိုထိုရဟန်းတို့သည် ဝါး,တောင်ဝှေး, မီးရှူးတို့ကို ကိုင်၍ ရဟန်းငယ်ကို လွှတ်စေကုန်အံ့ဟု အစဉ်လိုက်ကြကုန်၏၊ ကျားလည်း ရဟန်းတို့မလိုက်သာသော ကမ်းပြတ်အရပ်သို့ တက်ပြေးပြီးသော် ထိုပဥ္စင်းငယ်ကိုချထားပြီးလျှင် ခြေမဖျားမှစ၍ စားခြင်းငှာအားထုတ်၏၊ ဤမှတပါး တကျိပ် လေးယောက်သော ရဟန်းတို့သည်လည်း "သူတော်ကောင်း....ယခုအခါ ငါတို့ကား ပြုဖွယ်ကိစ္စမရှိပြီ၊ ရဟန်းကောင်းတို့၏ အထူးမည်သည်ကား ဤသို့ သဘောရှိသော အရာဝယ်ထင်ရှား၏"ဟု ဆိုကြကုန်၏၊ပဥ္စင်းငယ်လည်းကျား၏ရွှေ့လျှောင်းလျက်ပင် ထိုဆင်းရဲဝေဒနာကို ခွါ၍ ဝိပဿနာတရားကို ပွားစေလျက်ဖမျက်တိုင်အောင် ခဲသောအခါ သောတာပန်ဖြစ်လေ၏ ပုဆစ်တိုင်အောင် ခဲသောအခါ သကဒါဂါမ်ဖြစ်လေ၏၊ချက်တိုင်အောင် ခဲသောအခါ အနာဂါမ်ဖြစ်လေ၏၊ဟဒယရုပ်ကို မခဲမီသာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ဤဥဒါန်းကို ကျူးရင့်တော်မူ၏၊ဥဒါန်းမှာအရာမရောက်လွန်း၍ မရေးပြီ။

ဟဒယရူပေ အခါဒိတေယေဝ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတွာ ဣမံ ဥဒါန် ဥဒါနေသိ။

(သုတ်မဟာဝါ အဋ္ဌကထာ)

ဟဒယရူပေ၊ ဟဒယရုပ်ကို။အခါဒိတေယေဝ၊ မခဲမီသာလျှင်။ ပဋိသမ္ဘိဒါဟိ၊ပဋိသမ္ဘိဒါတို့နှင့်။သဟ၊ တကွ။ အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍၊ ဣမံဥဒါန်၊ဤဥဒါန်းကို။ဥဒါနေသိ၊မြွက်ဆို၏။

ဤရဟန်းတို့သည် ဇာတိ မကောင်းသောကြောင့် ကျားခဲ၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေကုန်၏။

၉၇-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ကျားခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော သဒ္ဓိဝလုလင် ဝတ္ထု

ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ရွှေကျောင်း၌ကိန်းအောင်းမွေ့လျော် နေတော်မူလျက် အဇာတသတ်မင်း၏ သူတော်မဟုတ်သူယုတ်

အား ချီးမြှောက်ခြင်းကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကိုဟော တော်မူ၏၊ ထိုအဇာတသတ် မင်းသည် သဗ္ဗညုဘုရား၏ ဆန့်ကျင်ဘက် ဆူးငြောင့်ဖြစ်၍ ဖြစ်သော ယုတ်မာသော သဘောရှိသော ဒေဝဒတ်၌ ကြည်ညိုသဖြင့် သူတော်မဟုတ်သော သူယုတ်ကို ချီးမြှောက်၍ ဒေဝဒတ် အား ပူဇော်သက္ကာရကို ပြုအံ့ဟု များစွာသောဥစ္စာကို စွန့်ပြီးလျှင် ဂယာ သီသ၌ ကျောင်းဆောက်၍ထိုဒေဝဒတ်၏စကားကိုသာ နားထောင်ပြီးလျှင် သောတာပန်အရိယာသားဝါ ခမည်းတော် အစစ်ဖြစ်သော ဓမ္မရာဇ်ကို သတ်သောကြောင့် မိမိ၏သောတာပတ္တိမဂ်၏ ဥပနိဿယကိုဖျက်ဆီးလျက် ကြီးစွာသော ပျက်စီးခြင်းသို့ရောက်လေ၏၊ အဇာတသတ်မင်းသည် "ဆရာ ဖြစ်သောဒေဝဒတ်ကား မြေသို့ဝင်လေပြီ" ဟု ကြားသော် "အသို့နည်း.... ငါ့ကိုလည်း မြေကြီးသည် မျိုရာအံ့လော" ဟု ကြောက်လန့်တကြား ဖြစ်ခဲ့ ရ၏ ။ မင်း၏ချမ်းသာကိုမရ၊ အိပ်ခြင်း၌ သက်သာရာကို မရ၊ ထက်စွာ သော ကမ္မကရဏတို့ဖြင့် ထိုးအပ်သော ပြိတ္တာကဲ့သို့ပြင်းစွာတုန်လှုပ်လျက် လှည့်လည်ရ၏၊ ထိုအဇာတသတ်မင်းသည် မြေကြီးသည်ကွဲသကဲ့သို့အဝီစိ ငရဲမီးလျှံသည် မြေမှ ထွက်သကဲ့သို့ မြေကြီးသည် မိမိကိုယ်ကို မျိုသကဲ့သို့ ပြောင်ပြောင်တောက်သော သံမြေထက်၌ ပက်လက်အိပ်စေ၍ သံတံကျင် တို့ဖြင့် ထိုးဘိသကဲ့သို့ထင်၏၊ ထိုကြောင့် အဇာတသတ်မင်းအားပုတ်ခတ် အပ်သော ကြက်ကဲ့သို့ တခဏမျှလည်း အမြဲတည်ခြင်းသည်မရှိ၊ ထိုအဇာ တသတ်မင်းသည် သဗ္ဗညုဘုရားကို ဖူးမြင်လိုသည် ကန်တော့လိုသည်ပြဿ နာ မေးလိုသည်ဖြစ်၏၊ ယင်းသို့ဖြစ်သော်လည်း မိမိ၏ အပြစ်ကြီးသည်၏ အဖြစ်ကြောင့် သဗ္ဗညုဘုရားသို့ကပ်ခြင်းငှာမစံ့လေ၊ထိုအခါရာဇဂြိုဟ်ပြည် ၌ တန်ဆောင်မုန်းလကြတ္တိကာနက္ခတ်နှင့်ယှဉ်သော ညဥ့်အလှည့်သို့ရောက် လတ်သော် မြို့တော်ကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်၍ ပြာသာဒ်ထက်၌ အမတ်အပေါင်း ခြံရံလျက် ရွှေနေရာ၌နေသော အဇာတသတ်မင်းအား အနီး၌နေသော ကောမာရဘစ္စဇီဝကကိုမြင်၍ ဤသို့သောအကြံသည်ဖြစ် ၏၊ဇီဝကကိုခေါ်၍သဗ္ဗညုဘုရားအထံသို့သွားအံ့၊ယင်းသို့သွားသော်လည်း 'အဆွေဇီဝက....ငါကားဘုရားသဗ္ဗညုအထံသို့ အလိုအလျောက်သွားခြင်း ငှာမစံ့၊လာလော့၊ငါ့ကိုဘုရားသဗ္ဗညုအထံသို့ ဆောင်လော့'ဟု ငါသည် ဖြောင့်ဖြောင့်ဆိုခြင်းငှာမတတ်ကောင်း၊ ပရိယာယ်အားဖြင့်ကားထိုဇီဝက အားညဥ့်၏ပြည့်စုံခြင်းကိုချီးမွမ်း၍ ယနေ့ငါတို့အား အကြွင်ရဟန်းပုဏ္ဏား သို့ ဆည်းကပ်သည်ရှိသော် စိတ်သည်ကြည်လင်ရာ၏၊ အဘယ်မည်သော

ရဟန်းပုဏ္ဏားသို့ဆည်းကပ်ရအံ့နည်း" ဟုဆိုအံ့၊ ယင်းသို့ဆိုသော်ထိုစကား ကိုကြား၍ အမတ်တို့သည် မိမိ မိမိတို့၏ ဆရာတို့၏ ကျေးဇူးကို ဆိုကုန် လတ္တံ့။ ဇီဝကလည်း ဘုရားသဗ္ဗညု၏ကျေးဇူးကို ဆိုလတ္တံ့၊ ထိုအခါဇီဝက ကိုခေါ်၍ သဗ္ဗညုဘုရား အထံသို့ သွားအံ့ဟု ကြံ၏၊ ယင်းသို့ ကြံပြီး၍ ထိုအဇာတသတ်မင်းသည် "အချင်းတို့........အပြစ်ကင်းသော ညဉ့်သည် အမှတ်နှင့် ပြည့်စုံစွတကား, အညွန့် အဆင်းလှစွာသကား, ရှုချင်ဖွယ် ရှိစွ တကား,ကြည်ညိုဖွယ် ရှိစွတကား, မေ့လျော်ဖွယ်ရှိစွ တကားဟု ဥဒါန်းပုဒ်တို့ဖြင့် ညဉ့်ကိုချီးမွမ်း၍ "ယနေ့ အကြင်ရဟန်းပုဏ္ဏားသို့ ဆည်းကပ် သော် ငါတို့၏စိတ်သည် ကြည်လင်ရာ၏၊ အဘယ်မည်သောရဟန်းပုဏ္ဏား သို့ ဆည်းကပ်ရအံ့နည်း"ဟုဆို၏၊ထိုအခါ အမတ်တယောက်သည် ပူရဏ ကဿပ၏ ဂုဏ်ကို,တယောက်သော အမတ်သည် မက္ခလိဂေါသာလ၏ ဂုဏ်ကို, တယောက်သော အမတ်သည် အဇိတကေသကမ္ဗလ၏ ဂုဏ်ကို, တယောက်သောအမတ်သည် ပကုဓကစ္စာယန၏ဂုဏ်ကို, တယောက်သော အမတ်သည် သဉ္စယဗေလဋ္ဌပုတ္တ၏ ဂုဏ်ကို, တယောက်သော အမတ်သည် နိဂဏ္ဌနာဋပုတ္တ၏ဂုဏ်ကို ဆို၏၊ အဇာတသတ်မင်းလည်း ထို အမတ်တို့၏ စကားကိုကြား၍ မည်သို့မဆိုဆိတ်ဆိတ်သာနေ၏၊ အဇာတသတ်မင်းကား ဇီဝကအမတ်၏ စကားကိုသာ တောင့်တသတည်း၊ ဇီဝက အမတ်လည်း မင်းသည် ငါ့ကို အကြောင်းပြု၍ ဆိုအပ်သော်သာ ငါသိအံ့ဟု အနီး၌ ဆိတ်ဆိတ်သာနေ၏၊ ထိုအခါ မင်းသည် ဇီဝကအမတ်ကို "အချင်းဇီဝက သင်ကား အဘယ့်ကြောင့် ဆိတ်ဆိတ်သာ နေသနည်း"ဟုမေး၏၊ထိုခဏ၌ ဇီဝကသည် နေရာမှ ထ၍ အကြင်အရပ်၌ ဘုရားမြတ်စွာ နေတော်မူ၏၊ ထိုအရပ်သို့ လက်အုပ်ကို ညွှတ်စေလျက် "အရှင်မင်းကြီး........အရဟံသမ္မာ သမ္ဗုဒ္ဓ စသော ဂုဏ်နှင့်ပြည့်စုံတော်မူသော ဤမြတ်စွာဘုရားသည်ငါတို့၏ သရက်ဥယျာဉ်တော၌ တထောင့်နှစ်ရာ ငါးကျိပ်သော ရဟန်းတို့နှင့်တကွ နေတော်မူ၏ ထို မြတ်စွာဘုရား၏ ကောင်းသော ကျော်စော သံသည် ပျံ့နှံ့၍တက်၏"ဟု အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့ကိုဆို၍ ဖွားတော်မူသည်မှစ၍ ပုဗ္ဗနိမိတ်စသည် အပြားရှိသော မြတ်စွာဘုရား၏ အာနုဘော်တို့ကို ပြပြီးလျှင် "အရှင်မင်းကြီးသည် ထိုမြတ်စွာဘုရားကို ဆည်းကပ်တော်မူပါ၊ တရားတော်ကိုနာပါ၊ပြဿနာကို မေးတော်မူပါ" ဟု လျှောက်၏၊ အဇာတသတ်မင်းလည်း ပြည့်စုံသော နှလုံးအလိုသည် ဖြစ်၍ "ယင်းသို့ တပြီးကား အချင်းဇီဝက ဆင်ယာဉ်တို့ကို ကလော့"ဟု

ဆို၍ ယာဉ်တို့ကို ကစေပြီးသော် ကြီးစွာသော အာနုဘော်ဖြင့် ဇီဝက၏ သရက်ဥယျာဉ်တော်သို့ သွား၍ ထိုဥယျာဉ်တွင် စည်းဝေးရာတန်ဆောင်း၌ ရဟန်းအပေါင်းခြံရံလျက် နေတော်မူသောဘုရားရှင်ကို မြင်သော်တုန်လှုပ် ခြင်းမရှိသော ရဟန်းအပေါင်းကိုလည်း ဤမှုထိုမှ ကူရှုတစောင်းကြည့်၍ ဤသို့သဘောရှိသော ပရိသတ်ကို ငါသည် မမြင်စဖူးဟု ဥုဒါန်းကျူးရင့်ကာ ကြည်ညိုသောကြောင့် လက်အုပ်ချီလျက် ရှိခိုးခြင်းကို ပြုပြီးသော်ရှိခိုး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ နေလျက် သာမညဖလ ပြဿနာကို မေးလျှောက်၏၊ ထိုအခါ အဇာတသတ် မင်းအား မြတ်စွာ ဘုရားသည် နှစ်ဘာဏဝါရတို့ဖြင့် တန်ဆာ ဆင်အပ်သော သာမညဖလ သုတ်ကို ဟောတော်မူ၏၊ ထို အဇာတသတ်တို့မင်းသည် သုတ်၏အဆုံး၌ဝမ်းမြောက် သည်ဖြစ်၍မြတ်စွာဘုရားကို ကန်တော့ပြီးလျှင် နေရာမှထ၍ လက်ယာရစ် လည်ခြင်းကို ပြုပြီးသော် ဖဲလေ၏၊ ဘုရားသဗ္ဗညုလည်း အဇာတသတ်မင်း ဖဲ၍ မကြာမြင့်မီ ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သား ရဟန်းတို့........ ဤအဇာတသတ် မင်းသည် မိမိကိုယ်ကို မိမိတူးဖြိုးအပ်စွ၊ မိမိကိုယ်ကို မိမိ ဖျက်ဆီးအပ်စွ၊ ချစ်သားရဟန်းတို့ အကယ်၍ ဤအဇာတသတ် မင်းသည် စည်းစိမ်ဟူသော အကြောင်းကြောင့် တရားစောင့်သော ခမည်းတော် ဓမ္မရာဇ်ကို အသက်မှ မချွတ်ငြားအံ့၊ ဤသာမညဖလသုတ်ကို နာသောနေရာ၌ ပင်မြူကင်းသော, အညစ်အကြေး ကင်းသော သောတာပတ္တိ မဂ်သည် ဖြစ်ရာ၏၊ ဒေဝဒတ်ကို အမှီပြုလျက် သူယုတ်မာအား ချီးမြှောက် ခြင်းကို ပြု၍ သောတာပတ္တိမဂ်မှ ယုတ်ရသည်"ဟု မိန့်တော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ "ငါရှင်တို့....အဇာတသတ် မင်းသည်ကား မသူတော်အား ချီးမြှောက်ခြင်းကို ပြု၍ ဒေဝဒတ်ကို အမှီ ပြုလျက် ပိတုဃာတက ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် သောတာပတ္တိ ဖိုလ်မှ ယုတ်၏၊ ဒေဝဒတ်သည် အဇာတသတ်မင်းကို ဖျက်ဆီးအပ်၏" ဟု စကားကို ဖြစ်စေ ကြကုန်၏၊ ထိုအခါ ဘုရားမြတ်စွာ ကြွလာတော်မူ၍ မေးသောကြောင့် အကြောင်းကို လျှောက်လတ်သော် "ချစ်သားတို့ယခု၌ သာ အဇာတသတ် မင်းသည် မသူတော်အား ချီးမြှောက်ခြင်းကို ပြု၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရသည် မဟုတ်၊ ရှေးအခါ၌လည်း ဤ အဇာတသတ်မင်းသည် မသူတော်အား ချီးမြှောက်သဖြင့် သာလျှင် မိမိကိုယ်ကို ဖျက်ဆီး၏"ဟုမိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားအလောင်းတော်သည် များသော စည်းစိမ် ရှိသော ပုဏ္ဏား အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ် ပြည်သို့ သွား၍ အလုံးစုံသော အတတ်တို့ကို သင်ပြီးလျှင် ဗာရာဏသီပြည် ဒိသာ ပါမောက္ခဆရာဖြစ်၍ ငါးရာသော တပည့်လုလင်တို့ကို အတတ်ပညာ သင်စေ၏၊ ထိုငါးရာသော လုလင်တို့တွင် သဥ္စိဝ အမည်ရှိသော လုလင် သည်ရှိ၏၊ ဘုရားလောင်းသည် ထိုသဥ္စိဝ လုလင်အား အသေကောင်ကို ထစေတတ်သော မန္တန်ကိုပေး၏၊ ထိုသဥ္စိဝလုလင်သည် ထစေတတ်သော မန္တန်ကိုသာ သင်၍ တားမြစ်တတ်သော မန္တန်ကို မသင်ရမီ သာလျှင် တနေ့သ၌ လုလင်တို့နှင့်တကွ ထင်းအလို့ငှာ တောသို့ သွားလေသော် ကျားသေကောင်တခုကို တွေ့၍ လုလင်အပေါင်းတို့ကို "အချင်းတို့....ဤ ကျားသေကောင်ကို ထအောင် ငါပြုအံ့"ဟု ဆို၏၊ လုလင်တို့လည်း "သင် ကား မတတ်နိုင်လတ္တံ့"ဟု ဆိုကြကုန်၏၊ "သင်တို့ မြင်ကုန်စဉ်ပင်လျှင် ထိုကျားသေကောင်ကို ထအောင် ငါပြုအံ့"ဟု ဆိုသော် "အကယ်၍ တတ်နိုင်ငြားအံ့၊ ထစေလော့"ဟု ဆိုကုန်၏၊ယင်းသို့ဆို၍ ထိုလုလင်တို့သည် သစ်ပင်ထက်သို့ တက်ကြကုန်၏၊ သဥ္စိဝလုလင်လည်း မန္တန်ကိုပြန်လှန်၍ ကျားသေကောင်ကို ကျောက်စရစ်နှင့် ပစ်ခတ်၏၊ ကျားသည် ထ၍ လျှင် မြန်စွာ လာပြီးလျှင် သဥ္စိဝလုလင်ကို လည်တိုင်၌ ကိုက်ပြီးသော် အသက် ကုန်ခြင်းသို့ ရောက်စေ၍ ထိုအရပ်၌ပင် လဲလေ၏၊ သဥ္စိဝ လုလင်လည်း နည်းတူပင် လဲလေ၏၊ လုလင်နှင့် ကျား နှစ်ပါးသော သတ္တဝါတို့သည် လည်း တခုသောအရပ်၌ပင် သေ၍ အိပ်ကုန်၏။

ဉဘောပိ ဧကဋ္ဌာနေယေဝ မတာ နိပဇ္ဇိံသု။

(ဇာတ် အဋ္ဌကထာ)

ဉဘောပိ၊ လုလင်နှင့်ကျား နှစ်ပါးသော သတ္တဝါ တို့သည်လည်း။ ဧကဋ္ဌာနေယေဝ၊ တခုသော အရပ်၌သာလျှင်။ မတာ၊သေကုန်သည်ဖြစ်၍။ နိပဇ္ဇိံသု၊ အိပ်ကုန်၏။

လုလင်သည် ထင်းတို့ကိုယူ၍ လာပြီးလျှင် ဆရာအား ထိုအကြောင်း ကို ကြားကုန်၏၊ ဆရာလည်း လုလင်တို့ကို ခေါ်ပြီးလျှင် "အမောင်တို့ မသူတော်အား ချီးမြှောက်ခြင်းကို ပြုကုန်သော, မသင့်သော အရာ၌ပူဇော် ခြင်း မြတ်နိုးခြင်းကိုပြုကုန်သောသူတို့သည် ဤသို့သဘောရှိသောဆင်းရဲကို ရကုန်သည်သာတည်း"ဟု ဆို၍....

အသန္တံ ယော ပဂ္ဂဏှာတိ, အသန္တ့ စုပသေဝတိ၊
တမေဝ ဃာသံ ကုရုတေ, ဗျဂ္ဃော သဒ္ဓိဝိကော ယထာ။
ဟူသော ဂါထာကို ဆိုတော်မူ၏။

ယော၊ အကြင်သူသည်။ အသန္တံ၊ သူတော်မဟုတ် ယုတ်မာသောသူကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ အသန္တံ၊ သူတော်မဟုတ် ယုတ်မာသောသူကို။ ဥပသေဝတိ၊ မှီဝဲဆည်းကပ်၏၊ တမေဝ၊ ထိုချီးမြှောက် မှီဝဲသော သူကိုပင်လျှင်။ သော၊ ထိုသူတော်မဟုတ် ယုတ်မာသောသူသည်၊ ဃာသံ၊ စားခြင်းကို။ ကုရုတေ၊ ပြု၏။ ယထာကိံ၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ သဒ္ဓိဝိကော၊ တဖန်ရှင်သော ဗျဂ္ဃော၊ ကျားသည်၊ သဒ္ဓိဝံ၊ သဒ္ဓိဝလုလင်ကို။ ဃာသံ၊ စားခြင်းကို။ ကုရုတေ ယထာ၊ ပြုသကဲ့သို့တည်း။

သမ္မာသမ္ဗုဒ္ဓဘုရားလည်း ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ကျားသေကောင်ကို ထစေသော သဒ္ဓိဝလုလင်ကား ယခုအခါ အဇာတသတ်မင်း ဖြစ်လာ၏၊ ကြွင်းသောလုလင်တို့ကား ငါဘုရားပရိသတ် ဖြစ်လာကုန်၏၊ ဒိသာပါမောက္ခ ဆရာကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤသဒ္ဓိဝ လုလင်လည်း ဇာတိ မကောင်းသောကြောင့် ကျားခဲ၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလက ဒုက္ခကို ခံစားရချေ၏၊

---

## ၉၀-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ကျားခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော အလောင်းတော် ပြဟ္မရသေ့ ဝတ္ထု၊

ဘုရားအလောင်းတော်သည် သံသရာဝဲ့ယံ ကျင်လည်သော အခါ အမှတ်မရှိသော ဘဝ၌ နတ်ပြည်မှ စုတေ၍ မာဂဓတိုင်း ဟာလိဒ္ဒမည်သော ပုဏ္ဏားရွာတွင် ပုဏ္ဏားအကြီး၏ အိမ်၌ ပဋိသန္ဓေနေလေ၏၊ ထိုသူသည်အမိဝမ်းမှ ဖွားကာမျှသည်သာလျှင် ပြဟ္မာ အဆင်းနှင့်တူသော အဆင်းရှိ၏၊ ထို့ကြောင့် ထိုသူအား အမည်မှည့်အံ့သောနေ့၌ ပြဟ္မသဘ္ဘီသားဟုအမည်မှည့်ကြကုန်၏၊ ထိုပြဟ္မသတ္တိသားသည် အရွယ်သို့ရောက်လျှင် တပါးသော အမှုကိုမပြုပဲ ပုဏ္ဏားတို့၏ အတတ်ကိုသာ သင်၏၊ ထိုပြဟ္မသဘ္ဘီသားအား ပညာဉာဏ်၏ထက်သန် ကြီးရင့်သည်၏ အဖြစ်ကြောင့်လည်းကောင်း,ပျင်း

ရှိခြင်းမရှိသည်၏အဖြစ်ကြောင့်လည်းကောင်းတဆယ့်ခြောက်နှစ်၏အတွင်း၌ပင်ဗေဒင်သုံးပုံ၏ရှင်း၊ တဆယ့်ရှစ်ပါးသော အတတ်မျိုးတို့၏လည်းကောင်း အပြီးအဆုံးသို့ရောက်၏၊ ထိုအခါ ပြဟ္မသတ္တိသား၏အထံ၌ ငါးရာသော လုလင်တို့သည် အတတ်ပညာသင်ကြကုန်၏၊ နောင်ခါပြဟ္မသတ္တိသားအား မိဘတို့သေလွန်ကြကုန်၏၊ ထိုပြဟ္မသတ္တိသားသည်မိဘတို့အား ပေတာကိစ္စကို ပြု၍ ငါးရာသောပုဏ္ဏားလုလင်တို့ကို ခေါ်ပြီးလျှင် အလုံးစုံသင်ကြားအပ်သော အတတ်ကိုသင်ပြီးမှ မိမိအိမ်၌ အလုံးစုံသောဥစ္စာတို့ကို ငါးရာသောပုဏ္ဏားလုလင်တို့အား ပေးပြီးလျှင် ထိုသူတို့သည်တားမြစ်အပ်သော်လည်းမနေပဲ၊ တယောက်အထီးတည်း မုဏ္ဍာတောင်ခြေသို့သွား၍ရသေ့ရဟန်း၏အဖြစ်ဖြင့်ရဟန်းပြုလေ၏၊ ထိုပြဟ္မသတ္တိသားရဟန်းဖြစ်သောအခါမှစ၍ တပါးသောများစွာသော အမျိုးသားတို့သည်လည်းပြဟ္မသတ္တိသား၏ အထံ၌ ရဟန်းပြုကြကုန်၏၊ ထိုငါးရာသော ပုဏ္ဏားလုလင်တို့သည်လည်း အစဉ်သဖြင့် မိမိ မိမိတို့၏ မိဘစသည်တို့သည် သေလွန်သည်ရှိသော် ပြဟ္မသတ္တိသား၏ အထံ၌ ရဟန်းပြုကြကုန်၏၊ ထိုရသေ့အပေါင်းတို့သည်လည်း ပြဟ္မရသေ့၏ အထံ၌ ကသိုဏ်းပရိကံကို သင်၍ မိမိတို့ နှစ်သက်အပ်သော အရပ်သို့ သွားပြီးလျှင် ကသိုဏ်းပရိကံကိုပွား၍ ဈာန်အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေကုန်၏၊ ငါးရာသော ပုဏ္ဏားရသေ့တို့သည်မူကား ပြဟ္မရသေ့အား ရှေး၌ ချစ်ခြင်းဖြင့် ပြဟ္မရသေ့နှင့်သာ အတူတကွ နေကြကုန်၏၊ ထိုအခါ ငါးရာသော ပုဏ္ဏားရသေ့တို့၏အကြီးဖြစ်သော ဘုရားအလောင်း၏ တပည့်ကြီးကားမေတ္တေယျဘုရားအလောင်းတော်တည်း၊ ဘုရားအလောင်းသည် တနေ့သ၌ အလုံးစုံသော ရသေ့တို့သည် သစ်သီးကြီးငယ် အလို့ငှာ အထူးထူးသော အရပ်သို့ သွားကြကုန်သည်ရှိသော် တပည့်ကြီးကိုခေါ်၍ မုဏ္ဍာတောင်ထိပ်သို့ တက်ပြီးလျှင် တပည့်ကြီးနှင့်တကွ သစ်သီးအလို့ငှာ လှည့်ပတ်၍ရှာသော် တစုံတခုကိုမျှ မရမူ၍ တောင်ခြေဖြင့် ကြည့်၏၊ ထိုအခါ ကျားမ တကောင်သည် သားငယ်ကိုတို့ ဖွား၍ သုံးရက် ပတ်လုံး မွတ်သိပ်ခြင်းကို သည်းမခံနိုင်ရကား မိမိနှင့်အတူတကွ ကစားကုန်သော သားငယ်တို့ကို စားလိုသော အခြင်းအရာကိုပြု၏၊ ဘုရားလောင်းသည် မိမိ၏ သားငယ်တို့ကိုစားလိုသော အခြင်းအရာကိုပြုသော ကျားမကိုမြင်သော် ဤသို့ကြံ၏၊ ဤသံသရာ၏ ဖြစ်ခြင်းကား စက်ဆုပ်ဖွယ် အလွန်ကောင်းစွ၊ ဤကျားမသည် မိမိ၏ အသက်ကို စောင့်ရှောက်ခြင်းငှာ မိမိ၏ အသွေးအသားမှဖြစ်သောသားငယ်တို့ကို စားလိုဘိ၏ဟုကြံ၏၊ ယင်းသို့ကြံပြီးသော်

တပည့်ကြီးကိုခေါ်၍ 'အဆွေအလုံးစုံသော ဤတောင်ခြေ၌ရွာ၍ အကယ်၍ ခြင်္သေ့၏စားကြွင်းကို လည်းကောင်း, ငှက်ဆင်၏စားကြွင်းကို လည်းကောင်း တစုံတခုသောအသားကို ရသည်ဖြစ်အံ့၊လျင်မြန်စွာဆောင်ယူလာခဲ့၊ ဤကျားမအား ပေးကုန်အံ့'ဟု ဆို၏၊ တပည့်ကြီးလည်းဆရာဆိုတိုင်း သွား၍ အလုံးစုံသော တောင်ခြေ၌ရွာဖွေသော် တစုံတခုကိုမျှ မရလေ၊ဆရာလည်း တပည့်မလာမီ အကြံဖြစ်သည်ကား ဤငါ၏ ကိုယ်သည် ဇာတိတည်းဟူသောဘေးဖြင့် ကြောက်ဖွယ်ရှိ၏၊ ဇရာတည်းဟူသော ခိုးသူဖြင့်လုယက်ဖျက်ဆီး၏၊ဗျာဓိတည်းဟူသောတောသားကျားအပေါင်းတို့၏ ကိန်းအောင်းရာ နေရာဖြစ်၏၊သေမင်းတည်းဟူသော တောင်ကြီးဖြင့် ဖိစီးနှိပ်စက်၏၊သောကတည်းဟူသော မီးဖြင့် ဟူးဟူးပြောင်ပြောင် လောင်၏၊ ပရိဒေဝတည်းဟူသော မိုးဖြင့်စွတ်စို၏၊ ဒုက္ခတည်းဟူသော နှောင်အိမ်ဖြင့် ထက်ဝန်းကျင် ကာဆီး၏၊ ဒေါမနဿတည်းဟူသောဘေးဖြင့် နှောင်ယှက်၏၊ ဥပါယာသတည်းဟူသော နေပူဖြင့်မပြတ်ပူလောင်၏၊ ရာဂတည်းဟူသော ဆင်ပြောင်ကြီး၏ နေရာဖြစ်၏၊ ဒေါသ တည်းဟူသော မြွေဟောက်၏ တရာဖြစ်၏၊ မောဟတည်းဟူသော မိကျောင်း၏ ကိန်းအောင်းရာ ဖြစ်၏၊ ဤသို့ မိမိကိုယ်ကို ဆင်ခြင်လျက် တပည့်၏လာခြင်းကို ငံ့လင့်၍ နေသော် တဖန် စိတ်အကြံဖြစ်ပြန်၏၊ ဤသို့များစွာသော ဆင်းရဲတို့ကို ခံစားရကုန်သော သတ္တဝါတို့ကို အဘယ်တရားဖြင့် ဆင်းရဲ လွတ်စေရာတုံအံ့နည်းဟု ဆင်ခြင်သော် ရှေး၌ မပြတ်လေ့ကျက်သည်၏ အစွမ်းဖြင့် ဗုဒ္ဓကာရကတရားကိုမြင်လေ၏၊ ယင်းသို့မြင်ပြီးကား ဤဘုရားအဖြစ်ကို ပြုတတ်သော တရားမည်သည်ကား ပြုနိုင်ခဲသောအမှုကို မပြုပဲ, စွန့်နိုင်ခဲသော ဝတ္ထုကို မစွန့်ပဲ, ပေးနိုင်ခဲသော ဝတ္ထုကို မပေးပဲ, သည်းခံနိုင်ခဲသော အမှုကို သည်းမခံပဲ, ဘုရားဖြစ်ခြင်းငှာ မတတ်ကောင်း၊ ယင်းသို့ဖြစ်သောကြောင့် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို အလိုရှိသော ငါသည် ဘုရားဖြစ်ခြင်းအကျိုးငှာ ပြုနိုင်ခဲသောအမှုကိုပြု၍, စွန့်နိုင်ခဲသောဝတ္ထုကို စွန့်၍, ပေးနိုင်ခဲသောဝတ္ထုကိုပေး၍,သည်းခံနိုင်ခဲသော အမှုကို သည်းခံ၍ ငါ၏အသက်ကို မငဲ့ကွက်ပဲ ဤငါ၏ကိုယ်ကို ကျားမအားပေးအံ့ဟု ကြံ၍ မိမိစိတ်အတွင်း၌ ဤကောင်းမှုကြောင့် နောင်အခါ ငါသည် ဘုရားဖြစ်စေသော။သံသရာဝဋ်ဆင်းရဲမှ သတ္တဝါတို့ကို ငါသည်နိဗ္ဗာန်တာခွင် ဘေးမဲ့လွင်သို့ တင်နိုင်စေသောဟု တရားဆုကို တောင်း၍ အကြင်မျှလောက် တပည့်သည် မလာသေး၊ ထိုမျှလောက် မုဏ္ဍတောင်ထိပ်မှ မိမိကိုယ်ကို ခုန်ချ၍

ကျားမ၏ ရှေ့၌ ဆင်း၏။ ကျားမလည်း တောင်ထိပ်မှ ကျလာသော ဘုရားလောင်းကို မြင်၍ မိမိသားငယ်တို့ကို စွန့်ပြီးလျှင် ဘုရားလောင်း၏ အသားကို စားလေ၏။

ဗျဂ္ဃီ စဗ္ဗတမတ္ထကတော ပတန္တံ ဗောဓိသတ္တဿ သရီရံ ဒိသွာ
အတ္တနော ပုတ္တကေ ဆဍ္ဍေတွာ ဗောဓိသတ္တဿ မံသံ ခါဒိ။

(သောတတ္တကီ၊)

ဗျဂ္ဃီ၊ကျားမသည်။ ပဗ္ဗတမတ္ထကတော၊တောင်ထိပ်မှ။ ပတန္တံ၊လျော ကျသော။ဗောဓိသတ္တဿ၊ဘုရားလောင်း၏။ သရီရံ၊ကိုယ်ကို။ ဒိသွာ၊ မြင်၍။ အတ္တနော၊မိမိ၏။ပုတ္တကေ၊သားငယ်တို့ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ဗောဓိသတ္တဿ၊ဘုရားလောင်း၏။မံသံ၊ အသားကို။ ခါဒိ၊ခဲ့၏။

ဘုရားလောင်းသည် ကျားမအား မိမိအသားကိုပေး၍ ထိုဘဝမှစုတေ လေသော် နတ်ပြည်၌ဖြစ်လေ၏။ဤဘုရားလောင်းသည် ဇာတိ မကောင်း သောကြောင့် ကျားခဲ၍ သေရခြင်းတည်းဟူသော ပရူပက္ကမမူလကဒုက္ခကို ခံစားရချေ၏။

ဤဝတ္ထုကားသင်္ဂါယနာဝင် ကျမ်းကြီး ကျမ်းခိုင်တို့၌လာသည် မဟုတ်။သောတတ္တကီ စသော ရှေးစာဟောင်း စာတမ်း တို့၌သာ လာသည်ဖြစ်၍ မခိုင်မာလှန်း။ယင်းသို့ မခိုင်မာ လှန်းသော်လည်း သံဝေဂဉာဏ်ကို ဖြစ်စေခြင်းငှာ ဤအရာတွင် သွင်း၍ ပြသည်။ ဇာတိဒုက္ခအများတို့တွင် ပရူပက္ကမ မူလကဒုက္ခ တစိတ်ဖြင့် မှတ်အပ်သော

သံဝေဂဝတ္ထု ဒီပနီကျမ်း၏ စတုတ္ထကဏ္ဍကား
ဤတွင်ရွေ့ပြီးပြီ။

သံဝေဂဝတ္ထု ဒီပနီကျမ်း စတုတ္ထတွဲပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## ပဉ္စမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
၉၉-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော
ဏ္ဍုန္ဒသမာန ဂေါတ္တ ရသေ့ ဝတ္ထု

ယခုအခါ ပရူပက္ကမ မူလက တစိတ်မှစ၍ ဇာတိဒုက္ခ၌ ဝတ္ထုအမြွက်ကို ပြဆိုပေအံ့။ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူလျက် ဒုဗ္ဗစရဟန်း တယောက်ကို အကြောင်းပြု၍ တခုသောဓမ္မဒေသနာကိုဆောင်တော်မူ၏။ သဗ္ဗညုဘုရား သခင်သည်"ရဟန်း....သင်ကားယခုဘဝ၌သာ ဆိုနိုင်ခက်သည်၏ မဟုတ်၊ ရှေး၌လည်း ဆိုနိုင်ခက်သည် သာတည်း၊ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့် ပညာရှိတို့ စကားကိုနားမထောင်ရကား အမုန်းယစ်သောဆင်၏ခြေတို့ဖြင့် မုန့်မုန့်ညက်ညက် ပျက်စီးခြင်းသို့ ရောက်လေ၏"ဟု မိန့်တော်မူ၍ အတိတ် ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားလောင်းသည် ပုဏ္ဏားအမျိုး၌ဖြစ်၍ အရွယ်သို့ ရောက် လေလျှင် အိမ်ရာထောင်ခြင်းကိုပယ်၍ ရသေ့ရဟန်း၏ အဖြစ်ဖြင့် ရဟန်း ပြုပြီးသော် ငါးရာသော ရသေ့တို့၏ ဂိုဏ်းဆရာဖြစ်၍ ဟိမဝန္တာတောဝယ် နေခြင်းကိုပြု၏။ ထိုအခါ ငါးရာသော ရသေ့တို့တွင် ဏ္ဍုန္ဒသမာန ဂေါတ္တ အမည်ရှိသော ရသေ့ တယောက်သည် ရှိ၏။ ဆိုနိုင်ခက်၏။ ဆုံးမခြင်းငှာ မလွယ်၊ ထိုဏ္ဍုန္ဒသမာန ဂေါတ္တရသေ့သည် ဆင်ငယ်တကောင်ကို မွေးကျွေး

သုတ်သင်၏၊ ဘုရားလောင်းသည် ထိုအကြောင်းကိုကြား၍ ခေါ်ပြီးသော် "ဆင်ငယ်ကို မွေးကျွေး သုတ်သင်၏ ဟူသည် မှန်သလော" ဟု မေးမြန်းတော်မူ၏။ "ဆရာ....အမိသေသော ဆင်ငယ်ကို မွေးကျွေးသည်မှန်၏" ဟု လျှောက်၏။ ယင်းသို့ လျှောက်လေလျှင် "ငါ့ရှင်....ဆင် မည်သည်ကား မွေးကျွေးသောသူတို့ကိုသတ်ဟာတ်၏၊ယင်းသို့ဖြစ်သောကြောင့် ဆင်ငယ်ကို မကျွေးမွေးလင့်" ဟု ဆုံးမပါသော်လည်း ထိုရသေ့သည် "ဆရာ....ငါကဲ့သို့ ငါ့သားဖြစ်သော ဆင်ငယ်နှင့်ကင်း၍ နေခြင်းငှာ မတတ်နိုင်" ဟု ဆို၏။ "ယင်းသို့ တပြီးကား မိမိအမှုဖြင့် မိမိအား ထင်ရှားခြင်း ဖြစ်လတ္တံ့" ဟု ဆိုတော်မူ၏။ ထိုဆင်ငယ်လည်း ထိုရသေ့သည် ကျွေးမွေး စောင့်ရှောက်သောကြောင့် နောက်အခါ ကြီးပွားသော ကိုယ်ရှိလေ၏။ တရံသောအခါ ရသေ့အပေါင်းတို့သည် သစ်သီးကြီးငယ်အလို့ငှာ ဝေးသောအရပ်သို့သွားကြကုန်လျက် နှစ်ရက်,သုံးရက်ပတ်လုံးထိုအရပ်၌နေကြကုန်၏။ ဆင်လည်း အထက်လက်ယာ နားစွန်းမှ ကျသဖြင့်ပေါက်ပြဲ အက်ကွဲသော မုန်ရှိသည် ဖြစ်၍ ထိုဇမ္ဗုသမာနဂေါတ္တရသေ့၏ သခ်မ်းကျောင်းကို မုန့်မုန့်ညက်ညက် ဖျက်ဆီးပြီးလျှင် သောက်ရေသုံးဆောင်ရေအိုးတို့ကိုခွဲ၍ကျောက်ခဲပျဉ်ချပ်ကို ချီ၍ တံကဲပျဉ်ချပ်ကိုနုတ်၍ ရသေ့ကိုသတ်ပြီးမှ သွားအံ့ဟု တခုသော ချုံသို့ဝင်၍ ထိုရသေ့၏လာခြင်းကိုငံ့လင့်ကြည့်ရှုလျက်တည်၏။ ဇမ္ဗုသမာန ဂေါတ္တ ရသေ့လည်း ဆင်စာကို ယူပြီးလျှင် ခပ်သိမ်းသော ရသေ့တို့၏ ရှေးဦးစွာ လာလတ်သော် ဆင်ကိုမြင်၍ပြကတေ့သောအမှတ်ဖြင့်သာလျှင် ထိုဆင်၏ အထံသို့ သွားလေ၏။ ထိုအခါဆင်သည်ရှင်ရသေ့ကို တောချုံမှ ထွက်ပြီးလျှင် နှာမောင်းဖြင့်သုံးသပ်၍ မြေကြီး၌ယ် ပုတ်ခတ်ပြီးမှဦးခေါင်း ကို ခြေဖြင့် နင်း၍ အသက် ကုန်ခြင်းသို့ ရောက်စေပြီးသော် နင်းနယ်၍ ကြိုးကြာသံနှင့် တူသောအသံ ကို မြည်ပြီးလျှင် တောသို့ဝင်လေ၏။

သောဏ္ဍာယ ပရာမသိတ္ဝာ ဘူမိယံ ပေါထေတွာ သီသံ ပါဒေန
အက္ကမိတွာ ဇီဝိတက္ခယံ ပါပေတွာ မဒ္ဒိတွာ ကောဉ္စနာဒံ ကတွာ
အရညံ ပါဝိသိ။

(ဇာတ် အဋ္ဌကထာ)

သောဏ္ဍာယ၊နှာမောင်းဖြင့်။ပရာမသိတွာ၊သုံးသပ်၍။ဘူမိယံ၊ မြေ၌။ ပေါထေတွာ၊ပုတ်ခတ်၍။သီသံ၊ဦးခေါင်းကို၊ပါဒေန၊ခြေဖြင့်။ အက္ကမိတွာ၊ နင်း၍။ဇီဝိတက္ခယံ၊အသက်ကုန်ခြင်းသို့။ပါပေတွာ၊ရောက်စေ၍။ မဒ္ဒိတွာ၊

နှင်းနယ်၍၊ ကောဋ္ဌနာဒံ၊ ကြိုးကြာသံနှင့် တူသော အသံကို၊ ကတွာ၊ ပြု၍၊ အရည်၊ တောသို့၊ ပါဝိသိ၊ ဝင်လေ၏။

ကြွင်းသော ရသေ့တို့လည်း ထိုအကြောင်းကို ဘုရားလောင်းအား ကြားကုန်၏။ ဘုရားလောင်းလည်း ယောကျ်ားယုတ်နှင့်ပေါင်းဖော်ရခြင်းသည်ကား ဆင်းရဲ၏ဟု ရသေ့အပေါင်းအား အဆုံးအမကို ပေး၍ ဗြဟ္မဝိဟာရတရားကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့လားစေ၏၊ ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာတော်ကိုဆောင်တော်မူ၍ ထိုအခါ ဣန္ဒသမာနဂေါတ္တ ရသေ့သည် ယခုအခါ ဒုဗ္ဗစရဟန်းဖြစ်လာ၏။ ကြွင်းသောရသေ့တို့ကား ယခုအခါငါဘုရားပရိသတ်ဖြစ်လာကုန်၏။ ဂိုဏ်းဆရာကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။ ဤဣန္ဒသမာနဂေါတ္တ ရသေ့ကား ဇာတိ မကောင်းသောကြောင့် ဆင်နင်း၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့်ပရူပက္ကမမူလကဒုက္ခကို ခံစားရချေ၏။

### ၁၀၀-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော သဗ္ဗဒါဌ မြေခွေး ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် ဒေဝဒတ်ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏။ ဒေဝဒတ်သည် အဇာတသတ်မင်းကို ကြည်ညိုစေ၍ ဖြစ်စေအပ်သော လာဘသက္ကာရကို ကြာမြင့်စွာ တည်အောင်ပြုခြင်းငှာ မတတ်နိုင်လေ၊ နာဠာဂိရိဆင်ကိုလွှတ်ခြင်း၌ပြတော်မူအပ်သော တန်ခိုးပြာဋိဟာကို မြင်သောကာလမှစ၍ ထိုဒေဝဒတ်၏ လာဘသက္ကာရသည် ကွယ်ပျောက်လေ၏။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့....ဒေဝဒတ်သည် လာဘသက္ကာရကို ဖြစ်စေ၍ ကြာမြင့်စွာ တည်အောင်ပြုခြင်းငှာ မတတ်နိုင်လေဟု စကားကို ဖြစ်စေကုန်၏၊ ဘုရားမြတ်စွာသည် ကြွလာ၍ မေးတော် မူသောကြောင့် အကြောင်းကို လျှောက်သော် ''ချစ်သားတို့ ဒေဝဒတ်ကား ယခုအခါ၌သာ မိမိအား ဖြစ်စေအပ်သော လာဘသက္ကာရကိုကွယ်ပျောက်စေသည်မဟုတ်၊ ရှေးအခါ၌လည်း ကွယ်ပျောက်စေသည် သာတည်း''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားအလောင်းတော်သည် ထိုမင်း၏ ပုရောဟိတ် ဖြစ်တော် မူ၏၊ ဗေဒင်သုံးပုံ, တဆယ့်ရှစ်ပါးသော အတတ်မျိုးတို့၏ ကမ်းတဖက်သို့ ရောက်တော်မူ၏၊ အထူးအားဖြင့် ဘုရားလောင်းသည် ပထဝီဇယမန္တန် မည်သည်ကို တတ်၏ ပထဝီဇယမန္တန် ဟူသည်ကား အလည်လည် အထပ် ထပ် အပတ်ပတ်ရှုပ်၍ နှုတ်တက်နိုင်ခဲသော မန္တန်တည်း။

ပထဝီဇယမန္တောတိ အာဝဋ္ဋနမန္တော ဝုစ္စတိ။
(ဇာတ်အဋ္ဌကထာ),

ပထဝီဇယမန္တောတိ၊ ပထဝီဇယမန္တန်ဟူသည်ကား။ အာဝဋ္ဋနမန္တော၊ အလည်လည် အပတ်ပတ် ရှုပ်ယှက်ခတ်သောမန္တန်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအဋ္ဌကထာပါဠိဖြင့် မန္တန်၏ အာနုဘော်ကို ပြသည်မဟုတ်၊ မန္တန်၏ ရွတ်အံ့ပြန်လှန်ခြင်းငှာ ခက်သော သဘောကိုပြသည်။

ပထဝီဇိနာတိ တေနာတိ ပထဝီဇယော၊ပထဝီဇယောစ သော မန္တောစာတိ ပထဝီဇယမန္တော....ဟူသော ဝစနတ္ထနှင့်လျော်စွာ အမည်သည်သာအားဖြင့် အာနုဘော်ကို မှတ်အပ်၏။

ထိုအခါ တနေ့သ၌ ဘုရားလောင်းသည် ထိုမန္တန်ကို ပြန်လှန် သရဇ္ဈာယ်အံ့ဟု တခုသော အပြင်ဝယ် ကျောက်ဖျာပေါ်၌ ထိုင်၍ ရွတ် အံ သရဇ္ဈာယ်ခြင်းကို ပြု၏၊ ထိုမန္တန်ကား တပါးကို နှလုံးသွင်းလျက် တည်ကြည်ခြင်းလုံ့လမှ ကင်းသောသူသည် ပြီးစေခြင်းငှာ မတတ်နိုင်၊ ထို့ကြောင့် ထိုမန္တန်ကို ဘုရားလောင်းသည် ထိုသို့ သဘော ရှိသော အရပ်ဝယ် သရဇ္ဈာယ် ရသတည်း၊ ထိုအခါ ဘုရားလောင်း မန္တန်ကို သရဇ္ဈာယ်သောကာလ မြေခွေးတကောင်သည် တခုသော တွင်းခေါင်း၌ အောင်းလျက် ထိုမန္တန်ကိုကြား၍လေ့လာခြင်းကို ပြု၏၊ ထိုမြေခွေးသည် အခြားမဲ့ လွန်လေပြီးသောဘဝ၌ လေ့လာအပ်သော ပထဝီဇယမန္တန် ရှိသော ပုဏ္ဏားတယောက်သည် ဖြစ်ခဲ့ဖူးသတတ်၊ ဘုရားလောင်းလည်း သရဇ္ဈာယ်ခြင်းကို ပြုပြီးသော် ထ၍ ငါကား ဤမန္တန်ကို ကေန်စင်စစ် လေ့လာအပ်ပြီဟု ဆို၏၊ ထိုအခါမြေခွေးသည် တွင်းမှထွက်၍“အချင်း ပုဏ္ဏား....ငါကား ဤမန္တန်ကို သင့်ထက် အဆတရာ လေ့လာအပ်၏” ဟု ဆို၍ ပြေးလေ၏၊ ဘုရားလောင်းလည်း ဤမြေခွေးကား များစွာ မကောင်းမှုကို ပြုလတ္တံ့ဟု နှလုံးသွင်း၍ “အချင်းတို့....မြေခွေးကို

ဖမ်းလော့ ဖမ်းလော့''ဟုဆို၍ အတန်ငယ်အစဉ်လိုက်၏၊ မြေခွေးလည်း ပြေးသွား၍ တောထဲသို့ ဝင်လေ၏၊ ထိုမြေခွေးသည် သွား၍ မြေခွေးမ တကောင်ကို အတန်ငယ် ကိုယ်ဝယ် ကိုက်လေ၏၊ မြေခွေးမက ''သခင် အကြောင်းအသို့နည်း''ဟု ဆိုသော် ''ငါ့အား သိ၏လော''ဟု မေး၏၊ ထိုမြေခွေးမလည်း ''အိမ်း....သိ၏ သခင်''ဟု ဝန်ခံ၏၊ ထို မြေခွေးသည် ပထဝီဇယမန္တန်ကို ပြန်လှန်ဆောင်၍ များစွာသော အရာမကသော မြေခွေး တို့ကိုစေ၍ အလုံးစုံသော ဆင်,မြင်း, ခြင်္သေ့, သစ်, ကျား, ဝက်, သမင် အစရှိကုန်သော အခြေလေးချောင်း သားအပေါင်းတို့ကို မိမိအထံ၌ ခြံရံ သည်တို့ကိုပြု၏၊ ယင်းသို့ပြုပြီး၍ကား သဗ္ဗဒါဌ အမည်ရှိသော မင်းဘွဲ့ အမည်ကိုခံ၍ တခုသော မြေခွေးမကို မိဖုရားကြီးပြုလေ၏၊ ဆင်နှစ်ကောင် တို့၏ ကျောအလယ်တွင် ခြင်္သေ့သည် တည်ရ၏၊ ခြင်္သေ့၏ ကျောလယ်၌ သဗ္ဗဒါဌ အမည်ရှိသော မြေခွေး မင်းသည် မိမိ မိဖုရားကြီး ဖြစ်သော မြေခွေးမနှင့် အတူတကွစီးကြ၏၊ အခြံအရံကား အလွန်များ၏၊ထိုမြေခွေး သည်ယသမဒဖြင့် မာန်ယစ်သောကြောင့် မေ့လျော့၍ မာနတည်းဟူသော တံခွန်ကို မိုးစွန်ရောက်အောင် ထောင်ထားလျက် ငါကား ဗာရာဏသီ ပြည်ကို ယူအံ့ဟုဆို၍ အလုံးစုံသော အခြေလေးချောင်း သားအပေါင်း ခြံရံလျက် ဗာရာဏသီပြည်၏ အနီးအရပ်သို့ ရောက်လာ၏၊ ထိုသဗ္ဗဒါဌ ဘွဲ့အမည်ရှိသော မြေခွေးမင်း၏ ပရိသတ်ကားတဆယ့်နှစ်ယူဇနာပမာဏ ရှိ၏၊ ထိုသဗ္ဗဒါဌ မြေခွေးမင်းသည်''စစ်သော်တည်းထိုးမည်လော၊ ပြည်ကို သော်တည်း ပေးမည်လော ကြိုက်သည့်အရေးကိုဆို''ဟု ဗာရာဏသီမင်း အား စေလာ၏၊ မင်းနှင့်တကွသော ဗာရာဏသီပြည်သူ ပြည်သားတို့သည် ကြောက်လန့်တကြား ဖြစ်ရကား တံခါးကို အလုံပိတ်၍ နေကြကုန်၏၊ ပုရောဟိတ်ပုဏ္ဏားဘုရားအလောင်းလည်း မင်းသို့ကပ်၍''အရှင်မင်းကြီး.... ကြောက်တော်မမူလင့်၊ သဗ္ဗဒါဌ အမည်ရှိသော မြေခွေးမင်းနှင့် စစ်ထိုး ခြင်းကား အကျွန်ုပ်၏ တာဝန်တည်း၊ အကျွန်ုပ်ကို ထား၍ တပါးသော သူသည် ထိုသဗ္ဗဒါဌ အမည်ရှိသော မြေခွေးမင်းနှင့် စစ်ထိုးခြင်းငှာစွမ်းနိုင် သောသူမည်သည်မရှိ''ဟု ဆို၏၊ ယင်းသို့လျှင် ပုဏ္ဏားသည် မင်းကိုလည်း ကောင်း,တိုင်းသား ပြည်သူလူတို့ကိုရင်း သက်သာရာရစေပြီးမှ အဘယ်သို့ ပြု၍သဗ္ဗဒါဌအမည်ရှိသော မြေခွေးမင်းသည်ဗာရာဏသီပြည်ကို ယူလတ္တံ့ နည်း၊မြေခွေးမင်းကိုမေးဦးအံ့ဟု တံခါးပစ္စင်ထက်သို့တက်ပြီးလျှင်'အချင်း

သဗ္ဗဒါဌမြေခွေးမင်း....အဘယ်သို့ပြု၍ ဤဗာရာဏသီပြည်ကို ယူလတ္တံ့နည်းဟု မေး၏၊ ခြင်္သေ့ကို ဟောက်စေ၍ များစွာသောလူအပေါင်းကို ခြင်္သေ့အသံဖြင့် ကြောက်ထိတ်လန့်စေပြီးမှ ယူအံ့”ဟု ဆို၏၊ ဘုရားလောင်းလည်း မြေခွေးဆိုသော ဤအကြောင်းသည် ရှိကောင်းချေ၏ တကားဟု သိ၍ ပြအိုး, ပစ္စင်မှဆင်းပြီးသော် အလုံးစုံ တဆယ့်နှစ်ယူဇနာရှိသောဗာရာဏသီပြည်သူပြည်သားတို့သည် နားပေါက်တို့ကို ပဲမှုန့်ဖြင့် ပိတ်ဆို့ကြစေကုန်ဟု စည်လည်စေ၏။ လူအပေါင်းလည်း စည်လည်သံဖြင့် မင်းအာဏာကို ကြားသော်အယုတ်အားဖြင့် ကြောင်တို့ကိုအစပြု၍ အလုံးစုံသောအခြေလေးချောင်း သားအပေါင်းတို့၏ လည်းကောင်း, မိမိတို့၏လည်းကောင်း နားပေါက်တို့ကို အကြင်အခြင်းဖြင့် ပိတ်ဆို့သည် ရှိသော် သူတပါး၏ အသံကို ကြားခြင်းငှာ မတတ်ကောင်း။ ထိုအခြင်းဖြင့်ပဲမှုန့်ဖြင့်ပိတ်ဆို့ကုန်၏၊ ထို့နောင်မှ တဖန်ဘုရားလောင်းသည် ပြအိုး ပစ္စင်ထက်သို့ တက်ပြီးသော် မြေခွေးမင်းကို ခေါ်ပြန်၏၊ အဘယ်နည်းပုဏ္ဏားဟု မြေခွေးမင်းက အသံပြုသော် ဤဗာရာဏသီပြည်ကို အဘယ်သို့ပြု၍ ယူလတ္တံ့နည်း”ဟု မေးပြန်၏၊ “ငါ့ရဲမက်တော်ဖြစ်သော ခြင်္သေ့ကို ဟောက်စေ၍ လူတို့ကို ကြောက်လန့်စေလျက် အသက်ကုန်ခြင်းသို့ရောက်စေပြီးမှ ယူအံ့”ဟု ဆို၏။ “သင်သည် ခြင်္သေ့ကို ဟောက်စေခြင်းငှာ မတတ်နိုင်ရာ။ ကောင်းသောဇာတ်နှင့် ပြည့်စုံကုန်သောအလွန်နီသော လက်ခြေရှိသော ကေသရခြင်္သေ့တို့သည် သင်သို့သဘောရှိသော မြေခွေးယုတ်၏ အာဏာကို မလိုက်ကုန်လတ္တံ့ဟု ဆို၏၊ ယင်းသို့ဆိုလျှင် ထိုမြေခွေးမင်းသည်မာနထောင်လွှားသည်ဖြစ်၍ “တပါးသော ခြင်္သေ့တို့သည် တည်ကုန်စေဦး။ အကြင်ခြင်္သေ့၏ ကျောဝယ် ငါမြေခွေးမင်းသည်ထိုင်၏၊ ထိုခြင်္သေ့ကိုပင်ဟောက်စေအံ့”ဟု ဆို၏၊ “ယင်းသို့တပြီးကား အကယ်၍ တတ်နိုင်ငြားအံ့။ ဟောက်ပါစေ” ဟု ဆိုတော် ထိုမြေခွေးမင်းသည် အကြင်ခြင်္သေ့၏ ကျောပေါ်ဝယ် မိမိနေ၏· ထိုခြင်္သေ့အား‘‘ဟောက်လော့’’ဟုခြေဖြင့် အမှတ်ကိုပေး၏၊ ခြင်္သေ့လည်း ဆင်ဦးကင်း၌ ခံတွင်းပါးစပ်ကိုနှိပ်၍သုံးကြိမ်တိုင်အောင်မကြောက်မရွံ့သောခြင်္သေ့အသံကို ဟောက်၏၊ အောက်ကဆင်တို့ သည်ကြောက်လန့်ကုန်သည်ဖြစ်၍ မြေခွေးမင်းကို ခြေရင်း၌ ကျစေပြီးလျှင် ထိုမြေခွေး၏ ဦးခေါင်းကိုနင်းလျက်ညက်ညက်မုန့်မုန့်ပြုကုန်၏၊ သဗ္ဗဒါဌဘွဲ့အမည်ခံသော မြေခွေးမင်းလည်း ထိုအရပ်တွင်ပင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ဟတ္ထိ သန္တာသံ ပတ္တာ ဟုတွာ သိင်္ဃလံ ပါဒမူလေ ပါတေတွာ ပါဒေနဿ သီသံ အက္ကမိတွာ စုဏ္ဏဝိစုဏ္ဏံ မကာသိ။ သဗ္ဗဒါဌော တတ္ထေဝ ဇီဝိတက္ခယံ ပတ္တော။

(ဇာတ် အဋ္ဌကထာ)

ဟတ္ထိ၊ဆင်တို့သည်။ သန္တာသံပတ္တာ၊ ထိတ်လန့်ခြင်းသို့ ရောက်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။သိင်္ဃလံ၊မြေခွေးမင်းကို။ပါဒမူလေ၊ခြေရင်း၌။ ပါတေတွာ၊ ကျစေ၍၊ ပါဒေန၊ခြေဖြင့်။ အဿ၊ ထိုမြေခွေးမင်း၏။သီသံ၊ ဦးခေါင်းကို။ အက္ကမိတွာ၊ နင်း၍။ စုဏ္ဏဝိစုဏ္ဏံ၊ မှုန့်မှုန့် ညက်ညက်ကို။ အကာသိ၊ပြုကုန်၏။ သဗ္ဗဒါဌော၊သဗ္ဗဒါဌအမည်ရှိသော မြေခွေးမင်းသည်။ တတ္ထေဝ၊ထိုအရပ်၌သာလျှင်၊ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့၊ ပတ္တော။ ရောက်လေ၏။

ထိုဆင်တို့သည်လည်း ခြသေ့်သံကို ကြား၍ သေဘေးမှ ကြောက်ကုန်ရကား အချင်းချင်းဟိုးဝှေ့၍ ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ရောက်ကုန်၏။ ခြသေ့်တို့ကိုထား၍ သမင် ဝက် အစ ယုန်ကြောင်အဆုံးရှိသောအလုံးစုံသော အခြေ လေးချောင်း သားအပေါင်းတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏၊ ခြသေ့်တို့ကား ပြေးသွား၍ တောသို့ ဝင်ကုန်၏။ တဆယ့်နှစ်ယူဇနာ အတိုင်းအရှည်ရှိသော အရပ်သည် အမဲစုသာဖြစ်၏၊ ဘုရားလောင်းလည်းမစွင်ပြအိုးမှဆင်း၍မြို့တံခါးကို ဖွင့်ပြီးလျှင်အလုံးစုံသောလူတို့ကိုမိမိ၏နားတို့၌ပဲမှုန့်ကိုပယ်စေ၍ အမဲဖြင့်အလိုရှိကုန်သော သူတို့သည် အမဲကိုဆောင်ကြကုန်ဟု ပြည်၌ စည်လည်စေ၏။ လူတို့ကားအချို့သော အမဲသားကို စားကုန်၍အကြွင်းကားအခြောက်လှန်းကုန်၏၊ ထိုကာလမှ စ၍ လောက၌အမဲခြောက်ပြုခြင်းသည် ထင်ရှားဖြစ်သတဲ့ဟု ဆိုကြကုန်၏။

တသ္မိံ ကိရ ကာလေ ဝလ္လူရကရဏံ ဥဒပါဒီတိ ဝဒန္တိ။

(ဇာတ်အဋ္ဌကထာ)

တသ္မိံကာလေ၊တိုအခါ၌။ ဝလ္လူရကရဏံ၊အမဲခြောက်ကိုပြုခြင်းသည်။ ဥဒပါဒိကိရ၊ ထင်ရှားဖြစ်သတဲ့။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

သဗ္ဗညုဘုရားလည်း ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ မြေခွေးကားယခုအခါဒေဝဒတ်ဖြစ်လာ၏၊ မင်းကား သာရိပုတ္တရာဖြစ်လာ၏။ ပုရောဟိတ်ပုဏ္ဏားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤသဗ္ဗဒါဌဟူသော ဘွဲ့အမည်ကို ခံရသော မြေခွေးမင်းသည်လည်း

ဇာတိမကောင်းသောကြောင့် ဆင်နင်း၍ သေရခြင်းတည်းဟူသော သူတပါး လုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

### ၁၀၁-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဆင်နင်းခြင်း,ကျဲခတ်ခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသော မျောက်ပျက် ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်း မွေ့လျော်နေတော်မူလျက် လျှပ်ပေါ် လော်လည်သော မျောက်တခုကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကိုဟောတော်မူ၏၊သာဝတ္ထိပြည်တွင် တဦးသောအမျိုး၏အိမ်၌ မွေးကျွေးအပ်သောမျောက်တကောင်သည် ဆင်တင်းကုပ်သို့ သွားပြီးလျှင် သီလနှင့်ပြည့်စုံသော ဆင်တကောင်၏ ကျော၌ ကျင်ကြီးကျင်ငယ်ကို စွန့်၏၊ ကျော၌ စကြံသွား၏၊ ဆင်သည်မိမိ၏ သီလနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် သည်းခံခြင်းနှင့်ပြည့်စုံရကား မျောက်အား အမျက်မထွက်၊ တစုံတခုကိုမျှ မပြု၊ ထိုအခါ တနေ့သ၌ ထိုသီလဝန္တဆင်၏ နေရာ၌ ဆင်ဆိုးတခုသည် လာ၍နေ၏၊မျောက်လည်း ဤဆင်ကား ထိုသီလဝန္တဆင်ပင်တည်းဟု မှတ်ထင်သောကြောင့် ဆင်ဆိုး၏ ကျောထက်သို့တက်၏၊ ယင်းသို့ တက်သောအခါ ထိုမျောက်ကို လျင်မြန်စွာ နှာမောင်းဖြင့် ဖမ်း၍ မြေ၌ ပုတ်ခတ်ပြီးလျှင် ခြေဖြင့်နင်း၍မှုန့်မှုန့်ညက်ညက် ကြေစေ၏။

> အထ နံ ဝေဂေန သောဏ္ဍာယ ဂဟေတွာ ဘူမိယံ ထပေတွာ ပါဒေ အက္ကမိတွာ သံစုဏ္ဏေသိ။
>
> (ဇာတ်အဋ္ဌကထာ)

အထ၊ထိုအခါ၌။ နံ၊ထိုမျောက်ကို။ ဝေဂေန၊လျင်သောအဟုန်ဖြင့်။ သောဏ္ဍာယ၊နှာမောင်းဖြင့်။ ဂဟေတွာ၊ဖမ်း၍။ ဘူမိယံ၊မြေ၌၊ ထပေတွာ၊ထား၍။ ပါဒေန၊ခြေဖြင့်။ အက္ကမိတွာ၊နင်း၍၊သံစုဏ္ဏေသိ၊မှုန့်မှုန့်ညက်ညက်ပြု၏။

ထိုအကြောင်းသည် ရဟန်းအပေါင်းအား ထင်ရှားဖြစ်၏၊ ထိုအခါ တနေ့သ၌ တရားသဘင်တွင် 'ငါ့ရှင်တို့-လျှပ်ပေါ် လော်လည်သောမျောက်သည် သီလဝန္တဆင်အမှတ်ဖြင့် ဆင်ဆိုး၏ကျောထက်သို့ တက်၏၊ ယင်းသို့ တက်သောကြောင့် ထိုမျောက်ကို ဆင်ဆိုးသည် အသက်ကုန်ခြင်းသို့ရောက်စေ၏'ဟု စကားကို ဖြစ်စေကြကုန်၏၊ ဘုရားမြတ်စွာသည် ကြွလာတော်

မူ၍ အကြောင်းကို မေးတော်မူသောကြောင့် လျှောက်လတ်သော် "ချစ်သားတို့....ဤမျောက်ကား ယခု၌သာ လျှပ်ပေါ် လော်လည်သည်မဟုတ်၊ ရှေး၌လည်း လျှပ်ပေါ် လော်လည်သည်သာလျှင်တည်း၊ ယခုအခါ၌သာ လျှပ်ပေါ် လော်လည် သောကြောင့် အသက်ကုန်ခြင်းသို့ ရောက်သည် မဟုတ်၊ ရှေး၌လည်း ရောက်သည်သာလျှင်တည်း"ဟုမိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားအလောင်းတော်သည် ဟိမဝန္တာတောထဲဝယ် တောကျဲ အမျိုး၌ဖြစ်တော်မူ၍ အရွယ်သို့ ရောက်လတ်သော် ခွန်အားစွမ်းပကားနှင့် ပြည့်စုံလျက် ကြီးသော ကိုယ်ရှိသည်ဖြစ်၍ တောင်ခြေကျင်းလိုဏ်တောင်မြောင် ချောက်ကြား တောအုပ်တို့၌ လှည့်လည် သွားလာသည် ရှိသော် တခုသော ချမ်းအေးသော သစ်ပင်ကိုမြင်၍ ကျက်စားပြီးသော် နေ့အခါ ထိုသစ်ပင်ရင်း၌ တည်၏၊ ထိုအခါ လျှပ်ပေါ် လော်လည်သော မျောက်တကောင်သည် သစ်ပင်မှ ဆင်းသက်၍ ကျွဲ၏ ကျောကို တက်ပြီးသော် ကျင်ကြီး ကျင်ငယ်တို့ကို စွန့်၍ ချိုတို့၌ ကိုင်ပြီးလျှင် တွဲလွဲဆွဲလျက်အမြီး၌ ကိုင်ပြီးလျှင် ဟီးလေးလွဲလျက် ကစား၏၊ဘုရားလောင်း ကျွဲမင်းလည်း သည်းခံခြင်း၊ ကရုဏာနှင့်ပြည့်စုံရကား ထိုမျောက်၏ အနာစာရအမှုကို နှလုံးမပြု၊မျောက်လည်း အဖန်တလဲလဲ နည်းတူပင်ပြု၏၊ ထိုအခါ တနေ့သ၌ သစ်ပင်စောင့်နတ်သည်သစ်ခွ၌ ရပ်လျက် "ကျွဲမင်း....အဘယ့်ကြောင့် ဤမျောက်ပျက်၏ မထီမဲ့မြင်ပြုခြင်းကိုသည်းခံသနည်း၊ချိုနှင့်သော်လည်း ခတ်ကော်၍,ခြေနှင့်သော်လည်း နင်း၍ပစ်ပါလော့" ဟုဆို၏၊ ထိုစကားကိုကြား၍ ဘုရားလောင်း ကျွဲမင်းလည်း "နတ်မင်း....ငါသည် အကယ်၍ ဤမျောက်ပျက်၏ အနာစာရ အမှုကို သည်းမခံသည် ဖြစ်အံ့၊ ယင်းသို့ သည်းမခံသည်ရှိသော် ငါ၏နှလုံးအလိုသည် အဘယ်မှာပြည့်နိုင်အံ့နည်း၊ ဤမျောက်သည် ငါကဲ့သို့ပင်မှတ်ထင်ပြား၍ တပါးသော ကျွဲတို့ကိုလည်း ဤအတူပြုလတ္တံ့၊ယင်းသို့ပြုသောအခါတပါးသောကျွဲတို့သည်ဤမျောက်ကို သတ်ကုန်လတ္တံ့၊ယင်းသို့ သူတပါးတို့ သတ်သောအခါ ငါ့အား မကောင်းမှုမှ လွတ်ပါလတ္တံ့"ဟုဆို၏၊ထို့နောင်မှ နှစ်ရက် သုံးရက် လွန်သဖြင့် ဘုရားလောင်း ကျွဲမင်းသည် အရပ်တပါးသို့ သွားလေ၏၊ တပါးသော ကျွဲကြမ်းသည် သစ်ပင်အောက်သို့ လာ၍တည်၏၊ထိုအခါလျှပ်ပေါ် လော်လည်သောမျောက်လည်းဤကျွဲကားထိုရှေးကျွဲပင်တည်းဟူ၍ကျွဲကြမ်း

၏ ကျောသို့တက်ပြီးလျှင် ရှေးအတူပင် အနာခံရအမှုကို ပြု၏၊ထိုအခါ မျောက်ကိုထိုကျွဲကြမ်းသည် ခါပြီးလျှင် မြေ၌ ကျစေ၍ချိုဖြင့် ရင်ဘတ်ကို ခတ်ပြီးလျှင် ခြေဘို့ဖြင့်နင်း၍ မှုန့်မှုန့်ညက်ညက်ပြု၏။

အထ နံသော ဝိဓုနန္တော ဘူမိယံ ပါတေတွာ သိင်္ဂေန ဟဒယံ
ဝိဇ္ဈိတွာ ပါဒေဟိ မဒ္ဒိတွာ သံစုဏ္ဏေသိ။

(ဇာတ်အဋ္ဌကထာ)

အထ၊ထိုအခါ၌။နံ၊ ထိုမျောက်ပျက်ကို။ သော၊ ထိုကျွဲကြမ်းသည်။ ဝိဓုနန္တော၊ခါလှုပ်။ ဘူမိယံ၊ မြေ၌။ ပါတေတွာ၊ ကျစေ၍။ သိင်္ဂေန၊ ချိုဖြင့်။ ဟဒယံ၊ရင်ဘတ်ကို၊ဝိဇ္ဈိတွာ၊ ထိုးခတ်၍။ ပါဒေဟိ၊ ခြေတို့ဖြင့်။ မဒ္ဒိတွာ၊နင်း၍။သံစုဏ္ဏေသိ၊ မှုန့်မှုန့်ညက်ညက်ပြု၏။

ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ကျွဲကြမ်းကား ယခုအခါဆင်ကြမ်းဖြစ်လာ၏၊လျှပ်ပေါ် လော်လည်သော မျောက်ပျက်လည်း ယခုအခါ မျောက်ပျက်ပင် ဖြစ်လာ၏၊ သီလရှိသော ကျွဲနွားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ဤဝတ္ထု၌ ပစ္စုပ္ပန်ဖြစ်သော မျောက်ပျက်သည် ဇာတိမကောင်းသောကြောင့် ဆင်နင်း၍ သေရခြင်း,အတိတ်ဖြစ်သောမျောက်ပျက်လည်း ဇာတိမကောင်းသောကြောင့် ကျွဲခတ်၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလက ဒုက္ခကို ခံစားရချေ၏။

---

### ၁၀၂-ပရူပက္ကမ မူလက ဒုက္ခအရာ၌ထုတ်ဆောင်အပ်သော ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဇမ္ဗုကမြေခွေး ဝတ္ထု

ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ရွှေကျောင်း၌ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် ဒေဝဒတ်သည် ဂယာသီသ၌ ဘုရား၏ အသွင်အယောင် အတုကို ပြုခြင်းကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏'ဒေဝဒတ်သည် ဈာန်မှယုတ်သည်ရှိသော်. လာဘသက္ကာရ မှ ယုတ်သည်ရှိသော် အကြောင်း တခုသည် ရှိ၏ဟု ကြံ၍ သဗ္ဗညုဘုရားကို ငါးပါးသော ဝတ္ထုတို့ကို တောင်းသည် ရှိသော် မရရကား နှစ်ပါးသော အဂ္ဂသာဝကတို့၏ ရဟန်းပြုသစ်စ ဖြစ်ကုန်သော သုတ်,အဘိဓမ္မာ,ဝိနည်း၌ မလိမ္မာကုန်သေးသော ငါးရာသော သဒ္ဓိဝိဟာရိက ရဟန်းတို့ကို ခေါ်၍ ဂယာသီသသို့ သွားပြီးလျှင် သံဃာတော်ကို သင်းခွဲ၍ တစုသော သိမ်၌

၏ ကျောသို့တက်ပြီးလျှင် ရှေးအတူပင် အနာစာရအမှုကို ပြု၏၊ထိုအခါ မျောက်ကိုထိုကျွဲကြမ်းသည် ခါပြီးလျှင် မြေ၌ ကျစေ၍ချိုဖြင့် ရင်ဘတ်ကို ခတ်ပြီးလျှင် ခြေဘို့ဖြင့်နင်း၍ မုန့်မုန့်ညက်ညက်ပြု၏။

အထ နံသော ဝိဓုန္ဒွော ဘူမိယံ ပါတေတွာ သိင်္ဂေန ဟဒယံ
ဝိဇ္ဈိတွာ ပါဒေဟိ မဒ္ဒိတွာ သံစုဏ္ဏေသိ။

(ဇာတ်အဋ္ဌကထာ)

အထ၊ထိုအခါ၌။နံ၊ ထိုမျောက်ပျက်ကို။ သော၊ ထိုကျွဲကြမ်းသည်။ ဝိဓုနိတွာ၊ခါလှုပ်။ ဘူမိယံ၊ မြေ၌။ ပါတေတွာ၊ ကျစေ၍။ သိင်္ဂေန၊ ချိုဖြင့်။ ဟဒယံ၊ရင်ဘတ်ကို၊ ဝိဇ္ဈိတွာ၊ ထိုးခတ်၍။ ပါဒေဟိ၊ ခြေတို့ဖြင့်။ မဒ္ဒိတွာ၊နင်း၍။သံစုဏ္ဏေသိ၊ မုန့်မုန့်ညက်ညက်ပြု၏။

ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ကျွဲကြမ်းကား ယခုအခါဆင်ကြမ်းဖြစ်လာ၏၊လျှပ်ပေါ် လော်လည်သော မျောက်ပျက်လည်း ယခုအခါ မျောက်ပျက်ပင် ဖြစ်လာ၏၊ သီလရှိသော ကျွဲနွားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ဤဝတ္ထု၌ ပစ္စုပ္ပန်ဖြစ်သော မျောက်ပျက်သည် ဇာတိမကောင်းသောကြောင့် ဆင်နင်း၍ သေရခြင်း,အတိတ်ဖြစ်သောမျောက်ပျက်လည်း ဇာတိမကောင်းသောကြောင့် ကျွဲခတ်၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလက ဒုက္ခကို ခံစားရချေ၏။

---

၁၀၂-ပရူပက္ကမ မူလက ဒုက္ခအရာ၌ထုတ်ဆောင်အပ်သော
ဆင်နင်းခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော
ဇမ္ဗုကမြေခွေး ဝတ္ထု

ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် ဒေဝဒတ်သည် ဂယာသီသ၌ ဘုရား၏ အားယောင် အတုကို ပြုခြင်းကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ဒေဝဒတ်သည် ဈာန်မှယုတ်သည်ရှိသော်, လာဘသက္ကာရ မှ ယုတ်သည်ရှိသော် အကြောင်း တခုသည် ရှိ၏ဟု ကြံ၍ သဗ္ဗညုဘုရားကို ငါးပါးသော ဝတ္ထုတို့ကို တောင်းသည် ရှိသော် မရရကား နှစ်ပါးသော အဂ္ဂသာဝကတို့၏ ရဟန်းပြုသစ်စ ဖြစ်ကုန်သော သုတ်,အဘိဓမ္မာ,ဝိနည်း၌ မလိမ္မာကုန်သေးသော ငါးရာသော သဒ္ဓိဝိဟာရိက ရဟန်းတို့ကို ခေါ်၍ ဂယာသီသသို့ သွားပြီးလျှင် သံဃာတော်ကို သင်းခွဲ၍ တစုသော သိမ်၌

ဟိမဝန္တာတောဝယ် တခုသော ရွှေဂူ၌ နေတော်မူ၏၊ ထိုခြင်္သေ့မင်းသည် တနေ့သ၌ ရွှေဂူမှထွက်၍စံပယ်လျက် အရပ်လေးမျက်နှာကို ကြည့်ပြီးသော် ခြင်္သေ့သံကို ဟောက်သံပေးလျက် ကျက်စားခြင်းငှာသွားသော် တောကျွဲကြီးတခုကိုသတ်၍ မြတ်သောအသားကိုစားပြီးမှအိုင်တခုကိုဆင်းပြီးလျှင် မြအဆင်းရှိသောရေဖြင့် ဝမ်းကိုပြည့်စေပြီးသော် မိမိနေရာရွှေဂူကိုရည်၍ ပြန်လာ၏၊ ထိုအခါ မြေခွေးတကောင်သည်ကျက်စားခြင်းဖြင့်လေ့ကျက်သည်ဖြစ်၍ အဆောတလျင်ခြင်္သေ့မင်းကိုမြင်သော် ပြေးခြင်းငှာမတတ်နိုင်ရကားခြင်္သေ့မင်း၏ ရှေ့ဝယ် ခြေတို့၌ ဝပ်လျက် အိပ်၏၊ ခြင်္သေ့မင်းက "အဘယ်နည်းဇမ္ဗုက" ဟု မေးလတ်သော် "အရှင်....ငါကား အရှင်၏ ခြေရင်းဝယ် ဝပ်စင်းခစားလို၏" ဟုဆို၏၊ ခြင်္သေ့မင်းလည်း "ကောင်း၏၊ လာလော့၊ ငါ့ကို ခစားလော့၊ သင့်အား များမြတ်သော အသားတို့ကို စားစေမည်" ဟုဆို၍ မြေခွေးကို ယူပြီးလျှင် ရွှေဂူသို့ ပြန်လေ၏၊ မြေခွေးလည်း ထိုအခါမှစ၍ ခြင်္သေ့မင်းအားခစားလျက် ခြင်္သေ့မင်း၏ စားကြွင်းကို စားရ၏၊ ထိုမြေခွေးသည် နှစ်ရက် သုံးရက် လွန်သဖြင့် ဆူဖြိုးသောကိုယ်ရှိ၏၊ ထိုအခါ မြေခွေးကို ခြင်္သေ့မင်းသည် ဂူ၌ လျောင်းလျက်ပင် "ဇမ္ဗုက....သွားချေ၊ တောင်ထွတ်၌ ရပ်လျက် တောင်ခြေ၌ လှည့်ပတ်သွားလာကုန်သော ဆင်၊ မြင်း၊ ကျွဲ အစရှိသည်တို့တွင် အကြင်သတ္တဝါ၏ အသားကို စားလို၏၊ ထိုသတ္တဝါကို ကြည့်ပြီးသော် လာ၍ ဤမည်သော သတ္တဝါ၏ အသားကို စားလိုပါသည်ဟုဆိုပြီးလျှင် အရှင် စံပယ်တော်မူပါတော့ဟုဆို၊ ငါသည် ထိုသတ္တဝါကိုသတ်၍ ကောင်းမြတ်သောအသားကို စားပြီးလျှင် သင့်အားလည်း အကြွင်းကိုပေးမည်" ဟု ဆို၏၊ မြေခွေးလည်း တောင်ထွတ်သို့ တက်ပြီးလျှင် ခြင်္သေ့မင်းဆိုတိုင်း အထူးထူးအပြားပြားသော သားတို့ကို ကြည့်၍ အကြင်သတ္တဝါ၏ အသားကို စားလို၏၊ ထိုသတ္တဝါကို ရွှေဂူသို့ ဝင်ပြီးလျှင် ခြင်္သေ့မင်းအား ကြား၍ ခြေတို့၌ ဝပ်လျက် "စံပယ်လော့သခင်" ဟု၏၊ ခြင်္သေ့မင်းလည်း လျင်သောအဟုန်ဖြင့် ခုန်ပြေး၍ အကယ်၍ အမုန်ယိုသော ဆင်ပြောင်ဖြစ်ငြားအံ့၊ ယင်းသို့ဖြစ်သော်လည်း ထိုဆင်ကို ထိုအရပ်၌ပင် အသက်ကုန်စေ၍ မိမိလည်း မြတ်သော အသားကို စား၏၊ အကြွင်းကိုလည်း မြေခွေးအား ပေး၏၊ မြေခွေးလည်း ဝမ်းပြည့်အောင် အသားကို စားပြီးလျှင် ဂူသို့ ဝင်၍ အိပ်၏၊ မြေခွေးလည်းခြင်္သေ့စားကြွင်းကို စား၍ ကာလ ရှည်လျားလတ်

သော် မာနကိုပွားစေ၍ငါလည်းအခြေလေးချောင်းပင်၊ ခြသေ့်နှင့်မှင်ဆံမရှိသည့်သာထူး၏၊ အဘယ့်ကြောင့် နေ့တိုင်း နေ့တိုင်း ငါသည့်သူတာပါးမွေးကျွေးအပ်သည်ဖြစ်၍ နေအံ့နည်း၊ ဤအခါမှစ၍ ငါလည်းဆင်အစရှိသည်ကိုကို သတ်၍စားအံ့၊ သားတို့၏မင်းဖြစ်သော ခြသေ့်ကား "ဝိရောစ သာမိ"ဟု ဆိုအပ်သော ဝါကျပုဒ်ကိုသာ မှီ၍လျှင် ဆင်တို့တို့ သတ်၏၊ ငါလည်း ခြသေ့်ကို "ဝိရောစ ဇမ္ဗုက"ဟု ဆိုစေ၍ ဆင်တကောင်ကို သတ်ပြီးလျှင်အသားကိုစားအံ့ဟုကြံ၍မြေခွေးသည်ခြသေ့်သို့ကပ်ပြီးသော် "သခင်....ငါကားရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး သခင်တို့သတ်အပ်သော ဆင်သားကို စားအပ်ပြီ၊ ငါလည်း ဆင်တကောင်ကို သတ်ပြီးလျှင် အသားကိုစား၍ သခင်အား အကြွင်းကိုပေးလို၏၊ ထို့ကြောင့် သခင်တို့၏ အိပ်ရာရွှေဂူ၌ အိပ်အံ့၊ သခင်တို့သည် တောင်ခြေ၌ လှည့်လည်သောဆင်ကိုကြည့်၍ ငါ၏အထံသို့ လာပြီးလျှင် 'အရှင်ဇမ္ဗုက....စံပယ်လော့'ဟု ဆိုပါ၊ ဤမျှဆိုခြင်း၌ဝန်တိုခြင်းကို မပြုပါလင့်"ဟု ဆို၏၊ ထိုအခါခြသေ့်မင်းက "ဇမ္ဗုက....သင်သည် ဆင်တို့ကိုသတ်ခြင်းငှာ စွမ်းနိုင်သော အမျိုး၌ ဖြစ်သည်မဟုတ်၊ ဆင်ကိုသတ်၍ အသားကို စားခြင်းငှာ စွမ်းနိုင်သော မြေခွေးမည်သည် လောက၌မရှိ၊ သင့်အား ဤသို့မနှစ်သက်လင့်၊ ငါသတ်အပ်သော ဆင်တို့၏ အသားကိုသာ စား၍ နေပါ"ဟု ဆို၏၊ ယင်းသို့ ဆိုသော်လည်း ထိုမြေခွေးသည် ကြဉ်ရှောင်ခြင်းငှာ အလို မရှိရကား ကြိမ်များဖန်ဖန် တောင်းပန်၏၊ ခြသေ့်မင်းလည်း ထိုမြေခွေးယုတ်အား တားမြစ်ခြင်းငှာ မတတ်နိုင်ရကား ကောင်းပြီဟု ဝန်ခံ၍ "ယင်းသို့ တပြီးကား ငါ့နေရာသို့ ဝင်၍အိပ်လော့"ဟု ဆို၍ မြေခွေးကို ရွှေဂူ၌ အိပ်စေပြီးလျှင် မိမိကား တောင်ခြေ၌ အမုန်ယစ်သောဆင်ကိုမြင်၍ ဂူဝသို့ လာပြီးလျှင် "ငါ့ရှင်ဇမ္ဗုက....စံပယ်လော့"ဟု ဆို၏၊ မြေခွေးလည်း ဂူမှထွက်၍ စံပယ်လျက် အရပ်လေးမျက်နှာတို့ကို ကြည့်ပြီးသော် သုံးကြိမ် မြေခွေး၏ အသံကို ဟောင်ပြီးလျှင် ဆင်၏ဦးကင်း၌ ကျအံ့ဟု ခုန်လွှားသော် လွဲချော်၍ ဆင်၏ခြေရင်းဝယ် ကျလေ၏၊ ဆင်ပြောင်လည်းလက်ယာခြေကို ကြွချီ၍ မြေခွေး၏ ခေါင်းဝယ် နင်း၏၊ ဦးခေါင်းရိုးတို့သည် မုန့်မုန့်ညက်ညက် ကြေကုန်၏။

ဝါရဏော ဒက္ခိဏမါဒ္ဒံ ဥက္ခိပိတွာ ကာဿ သီသံ အက္ကမိ၊
သီသဋ္ဌိနိ စုဏ္ဏဝိစုဏ္ဏာနိ အဟေသုံ၊ (ဇာတ် အဋ္ဌကထာ)

ဝါရဏဘာသာ ဆင်ပြောင်သည်။ ဒက္ခိဏပါဒ်၊ လက်ယာခြေကို။ ဥက္ခိပိတွာ၊ ကြွ၍။ တဿ၊ ထိုမြေခွေး၏။ သီသံ၊ ဦးခေါင်းကို။ အက္ကမိ၊ နင်း၏။ သီသဋ္ဌိနိ၊ ဦးခေါင်းရိုးတို့သည်။ စုဏ္ဏဝိစုဏ္ဏာနိ၊ မုန့်မုန့် ညက်ညက် ကြေကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

ထိုအခါ ဆင်ပြောင်သည် မြေခွေး၏ အကောင်ကို ခြေဖြင့် စုရုံး၍ အထက်၌ ဆင်ချေးတုံးကို ချပြီးလျှင် ကြိုးကြာအသံနှင့် တူသောအသံကို ဟစ်အော်လျက် တောသို့ ဝင်လေ၏။ ခြင်္သေ့မင်း ဘုရားလောင်းလည်း ဤအကြောင်းကိုမြင်၍ "ယခုအခါ စိတ်ပယ်ပါဦးလော့" ဟု ဆို၍ ပြက်ရယ်ပြု၏၊ ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ မြေခွေးကား ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ခြင်္သေ့မင်းကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤမြေခွေးလည်း ဇာတိနှင့် မကင်းသောကြောင့် ဆင်နင်း၍သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

၁၁၃-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ကျွဲခတ်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော တမ္ဗဒါဌိက ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ကိန်းအောင်းမွေ့လျော် နေတော်မူလျက် တမ္ဗဒါဌိက အမည်ရှိသော ခိုးသတ်ယောကျ်ား ထောင်မှူးသားကို အကြောင်းပြု၍ ယခုဟောသောဓမ္မဒေသနာကို ဟောတော်မူ၏။ တယောက်ယုတ် ငါးရာသော ခိုးသူတို့သည် ရွာဖျက်ခြင်း အစရှိသည်တို့ကို ပြုကုန်လျက် အသက်မွေးကုန်သတတ်။ ထိုအခါ ထုတ်ချင်း လျှိုထွင်းသော ကြောင်သော မျက်စိ၊နီသော ကျင်စွယ်ရှိသော ယောကျ်ား တယောက်သည် ထိုတယောက်ယုတ် ငါးရာသောခိုးသူတို့အထံသို့ လာပြီးလျှင် "ငါလည်း သင်တို့နှင့်တကွ အသက်ရှင်ပါအံ့" ဟု ဆို၏။ ထိုအခါ ထိုသူကို ခိုးသူကြီးအားပြ၍ "ဤသူသည် ငါတို့အထံဝယ်နေလိုသတဲ့" ဟု ဆိုကုန်၏၊ ယင်းသို့ဆိုကုန်လျှင် ထိုသူကို ခိုးသူကြီးကကြည့်၍ "ဤသူသည် အမိ၏ သားမြတ်ကိုသော်လည်း ဖြတ်၍ အဖ၏ လည်ချောင်းသွေးကို သော်လည်း ထုတ်၍ ခဲခြင်းငှာ စွမ်းနိုင်သော အလွန် ကြမ်းကြုတ်သော သူတည်း" ဟု သိ၍ ငါတို့အထံ၌ ထိုသူ၏ နေခြင်းကိစ္စသည် မရှိဟုပယ်၏။ ယင်းသို့ ပယ်သော်လည်း ထိုသူသည် အထပ်ထပ်လာ၍ ထိုခိုးသူကြီး၏

အန္တေ၀ါသိက တယောက်အား ခေါ်းလျက် နှစ်သက်စေ၏။ "အန္တေဝါသိ ကလည်းထိုသူကိုယူလျက်ခိုးသူကြီးသို့ကပ်၍ ဤသို့ဆို၏"အရှင်-ဤသူကား ကောင်းသော သဘောရှိ၏။ ငါတို့အား ကျေးဇူးများလတ္တံ့။ ထိုသူ့ကို ချီးမြှောက်ပါ"ဟုတောင်းပန်၍ခိုးသူကြီးကိုဝန်ခံစေ၏။ ထိုအခါတနေ့သ၌ မြို့သူမြို့သားတို့သည် မင်းချင်းယောက်ျားတို့နှင့်တကွတပေါင်းတည်းဖြစ်၍ ထိုငါးရာသော ခိုးသူတို့ကို ဖမ်းယူ၍ တရားဆုံးဖြတ်သော အမတ်တို့၏ အထံသို့ ဆောင်ကုန်၏၊ အမတ်တို့လည်း ထိုသူတို့အား ဓားဖြင့် လည်၌ ဖြတ်ခြင်းကို စေကုန်၏။ ထိုနောင်မှ အဘယ်သူသည် ဤခိုးသူတို့ကို သတ် လတ္တံ့နည်းဟု ရှာကုန်သော် ထိုသူတို့ကို သတ်ခြင်းငှာ အလိုရှိသော တစုံတယောက်သော သူကိုမြင်သောကြောင့် ခိုးသူကြီးကို ' သင်သည် ဤခိုးသူငယ်တို့ကိုသတ်၍ မိမိ၏ အသက်ကိုလည်းကောင်း, ဆုလာဘ်ကို လည်းကောင်း ရလတ္တံ့။ ထို ခိုးသူငယ်တို့ကို သင်ပင် သတ်လော့"ဟု ဆိုကုန်၏၊ခိုးသူကြီးလည်း မိမိကိုမှီ၍ နေအပ်သည်၏ အဖြစ်ကြောင့်ထိုခိုးသူ ငယ်တို့ကို သတ်ခြင်းငှာ အလိုမရှိ။ ဤသို့သော အကြောင်းဖြင့် တယောက် ယူတ် ငါးရာသောခိုးသူတို့ကို မေးကုန်သော် အလုံးစုံသော သူတို့ပင် အလို မရှိကုန်။ အလုံးစုံသောသူတို့နောက်မှ ထိုထုတ်ချင်းလျှို့ထွင်းသောကြောင့် သော မျက်စိရှိသော ကျင်စွယ်တို့ကို မေးကုန်၏။ ထို တမ္ဗဒါဌိကသည် ကောင်း၏ဟု ဝန်ခံ၍ ထိုအလုံးစုံသော ခိုးသူတို့ကို သတ်သောကြောင့် မိမိ၏ အသက်ကိုလည်းကောင်း, ဆုလာဘ်ကိုလည်းကောင်း ရ၏၊ ဤသို့ သောအကြောင်းဖြင့် မြို့၏ တောင်အရပ်မှာလည်း ငါးရာသော ခိုးသူတို့ကို ဆောင်၍ အမတ်တို့အား ပြလျှင် ထိုအမတ်တို့သည် ထိုခိုးသူတို့၏ဦးခေါင်း ဖြတ်ခြင်းကို စေအပ်သည်ရှိသော် ခိုးသူကြီးကို အစပြုမေးကုန်လျှင် တစုံ တယောက်မျှ သတ်ခြင်းငှာ အလိုမရှိသည်ကိုသိ၍ ရှေးနေ့၌ ယောက်ျား တယောက်သည် ငါးရာသော ခိုးသူတို့ကို သတ်၏။ "ထိုသူကား ယခု အဘယ်မှာနည်း"ဟု မေးကုန်၏။ 'ဤမည်သောအရပ်မှာ ငါတို့ မြင်အပ်၏' ဟု ဆိုလျှင် ထိုသူကို ခေါ်စေ၍"ဤခိုးသူတို့ကို သတ်လော့။ ဆုလာဘ်ကို သင်သည် ရလတ္တံ့"ဟု ဆို၍ သတ်စေ ကုန်၏။ ထိုတမ္ဗဒါဌိကလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ထိုအလုံးစုံသောသူတို့ကို သတ်သော် ဆုလာဘ် ရ၏။ ထို့နောင်မှ တမ္ဗဒါဌိကကို ဤယောက်ျားကား လူသတ်ကောင်း၏၊ မပြတ်လျှင် ခိုးသတ်အမှုကို ထိုသူ့အား ဝန်ပြုစေအံ့ဟု တိုင်ပင်၍ ထို

တမ္ဗဒါဌိကအား ခိုးသတ်အရာထူးကို ပေး၍ မြတ်နိုးခြင်းကို ပြုကုန်၏၊ ထိုတမ္ဗဒါဌိကသည် မြို့၏အနောက်အရပ်၌ မြောက်အရပ်မှ ဆောင်အပ်ကုန်သော ငါးရာသော ခိုးသူတို့ကိုလည်း သတ်သည် သာလျှင်တည်း၊ ဤသို့ မြို့၏ လေးမျက်နှာတို့မှ ဆောင်အပ်ကုန်သော နှစ်ထောင်သော ခိုးသူတို့ကို သတ်ပြီးလျှင် ထိုအခါမှစ၍ နေ့တိုင်းနေ့တိုင်း ဆောင်အပ်ကုန်သော တယောက် နှစ်ယောက် သုံးယောက်သော ခိုးသူတို့ကိုလည်း သတ်၍ ငါးဆယ့် ငါးနှစ်တို့ပတ်လုံး ခိုးသတ်အမှုကိုပြု၏၊ ထိုတမ္ဗဒါဌိကသည် အိုမင်းကြီးရင့်သောအခါ တချက်ခြင်းဖြင့် ဦးခေါင်းကို ဖြတ်ခြင်းငှာ မတတ်နိုင်ရကား နှစ်ကြိမ်သုံးကြိမ်တိုင်အောင် ပုတ်ခတ်သည်ဖြစ်၍လူတို့ကို ပင်ပန်းစေ၏၊ မြို့သူတို့သည်ကြံကြကုန်၏၊ တပါးသော ခိုးသတ်ယောကျ်ားသည်လည်း ဖြစ်လတ္တံ့၊ ဤသူကား အလွန်လျှင် သူတို့ကို ပင်ပန်းစေ၏၊ ဤသူဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု တမ္ဗဒါဌိက၏ ခိုးသတ်အရာထူးကို စယ်ကုန်၏၊ ထိုတမ္ဗဒါဌိကသည် ရှေး၌ ခိုးသတ်အမှုကို ပြုရသောကြောင့် အစာမကြေသော ပုဆိုးကိုဝတ်ခြင်းငှာ, ဆီဦးထောပတ်ဖြင့်နို့ရည်ယာဂုကို သောက်ခြင်းငှာ, မုလေးပန်းတို့ကို ပန်ဆင်ခြင်ငှာ, နံ့သာတို့ကိုလိမ်းခြင်းငှာ ဤလေးပါးတို့ကိုမရ၊ ထိုတမ္ဗဒါဌိကသည် အရာကျသောနေ့၌ နို့ရည်ယာဂုကို ငါ့ဖို့ချက်ကုန်လော့ဟုဆို၍ အစာမကြေသော ပုဆိုး, မုလေးပန်း, နံ့သာပျောင်းတို့ကိုဆောင်စေပြီးလျှင်မြစ်သို့သွား၍ရေချိုးပြီးသော် အစာမကြေသော ပုဆိုးတို့ကို ဝတ်လျက် မုလေးပန်းတို့ကို ပန်ဆင်၍ နံ့သာပျောင်းတို့ဖြင့် လိမ်းကျံပြီးသော် အိမ်သို့လာ၍နေ၏၊ ထိုအခါ ထောပတ်သစ်ဖြင့် စီရင်အပ်သော နို့ရည်ယာဂုကို ရှေ့၌ထားလျက် လက်ဆေးရေတို့ကို ဆောင်ကုန်၏၊ ထိုခဏယ် ရှင်သာရိပုတ္တရာမထေရ်သည် သမာပတ်မှ ထ၍ အဘယ်အရပ်သို့ ယနေ့ငါသည် သွားအပ်သနည်းဟု မိမိဆွမ်းခံရာကို ကြည့်လတ်သော် တမ္ဗဒါဌိက၏ အိမ်၌ နို့ရည်ယာဂုကိုမြင်၍ ငါ့အား ထိုယောကျ်ားသည် ချီးမြှောက်ခြင်းငှာ တတ်နိုင်ပါမည်လောဟု စူးစမ်းသော် ငါ့ကိုမြင်က ငါ့အားချီးမြှောက်ခြင်းကို ပြုလတ္တံ့၊ ပြု၍ကားဤအမျိုးသားသည် များစွာသောစည်းစိမ်ကို ခံစားရလတ္တံ့ဟု သိတော်မူသောကြောင့် သင်္ကန်းကို ရုံပြီးလျှင် သပိတ်ကိုပိုက်၍ ထိုတမ္ဗဒါဌိက၏ အိမ်တံခါး၌ ရပ်လျက် ကိုယ်တော်ကိုပြ၏၊ ထိုတမ္ဗဒါဌိကလည်း မထေရ်ကိုမြင်၍ ကြည်လင်ရွှင်လန်းသော စိတ်ရှိရကား ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ညွန်စာပေ- ၅၄။

ခိုးသတ်အမှုကိုပြုအပ်၏၊ များစွာသောလူတို့ကို သတ်အပ်ကုန်၏၊ ယခုအခါ ငါ၏ အိမ်၌ ယာဂုကို စီရင်အပ်၏၊ မထေရ်လည်း ကြွလာ၍ ငါ၏ အိမ်တံခါး၀၌ ရပ်၏၊ ယခုအခါ ငါသည် အရှင်ဘုရားအား ဒေယျဓမ္မကို လှူခြင်းငှာ သင့်၏ဟု ကြံ၏၊ ယင်းသို့ ကြံပြီးမှ ရှေ့တွင် ထားအပ်သော ယာဂုကိုပယ်၍ မထေရ်သို့ ကပ်ပြီးလျှင် ရှိခိုးလျက် အိမ်တွင်း၌ နေစေ၍ သပိတ်၌ ယာဂုကို ထည့်ပြီးလျှင် အသစ်သော ထောပတ်ကို လောင်းပြီးသော် မထေရ်ကိုယပ်ခတ်လျက်တည်၏၊ ထိုအခါတမ္ဗဒါဋ္ဌိကအား များစွာသော နေ့ညဉ့်တို့ပတ်လုံး မရဖူးသည်၏ အဖြစ်ကြောင့် နို့ရည်ယာဂုကို သောက်ခြင်းငှာ အားကြီးသော အလိုသည်ဖြစ်၏၊ မထေရ်လည်း တမ္ဗဒါဋ္ဌိက၏ အလိုကိုသိ၍ "ဥပါသကာ....သင်လည်း မိမိယာဂုကို သောက်လော့"ဟု မိန့်တော်မူ၏၊ တမ္ဗဒါဋ္ဌိကလည်း သူတပါး၏လက်၌ ယပ်ကို ပေး၍ ယာဂုသောက်၏၊ မထေရ်လည်း ယပ်ခတ်သောယောကျ်ားကို "သွား လေ၊ ဥပါသကာကိုသာ ခတ်ချေ"ဟု ဆိုတော်မူ၏၊ တမ္ဗဒါဋ္ဌိကလည်း ယပ် လေခံလျက်ဝမ်းပြည့်အောင် ယာဂုကိုသောက်၍လာပြီးသော် မထေရ်အား ယပ်ခတ်လျက်တည်၍ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စရှိသော မထေရ်၏ သပိတ်ကိုယူ၍ မထေရ်လည်း ထိုသူ့အား တရားအနုမောဒနာကို ပြုတော်မူ၏၊ ထိုတမ္ဗဒါဋ္ဌိကသည် မိမိ၏စိတ်ကို မထေရ်၏ ဓမ္မဒေသနာသို့ အစဉ် လိုက်သည်ကို ပြုခြင်းငှာ မတတ်နိုင်၊ မထေရ်လည်း ထိုသူ၏အခြင်းအရာကို မှတ်၍ "ဥပါသကာ....အဘယ့်ကြောင့် စိတ်ကို ဒေသနာသို့ အစဉ်လိုက် သည်ကို ပြုခြင်းငှာ မတတ်နိုင်သနည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရား.... အကျွန်ုပ်ကား ရှည်စွာသော နေ့ညဉ့်ပတ်လုံး ကြမ်းကြုတ်သော အမှုကို ပြုအပ်သည်ဖြစ်၍ များစွာသောလူတို့ကို သတ်အပ်ကုန်၏၊ အကျွန်ုပ်သည် မိမိ၏ ထိုမကောင်းမှုကို အောက်မေ့အပ်သည်ဖြစ်၍ စိတ်ကို အရှင်ဘုရား၏ ဒေသနာတော်ကို အစဉ်လိုက်သည်ကိုပြုခြင်းငှာ မတတ်နိုင်ပါ"ဟု လျှောက်၏၊ မထေရ်လည်း ထိုသူ့ကို လှည့်ပတ်အံ့ဟု ကြံတော်မူ၍ "ဥပါသကာ.... သင်သည် မိမိအလိုအားဖြင့် ပြုသလော, တပါးသော သူတို့သည် စေခိုင်း အပ်သည်ဖြစ်၍ ပြုသလော"ဟု မေးတော်မူ၏၊ 'အရှင်ဘုရား....မင်းသည် အကျွန်ုပ်ကိုပြုစေ၏"ဟု ဆိုသော် "ယင်းသို့ဖြစ်ပြီးကား ဥပါသကာ....သင့် အား မကောင်းမှုဖြစ်ရသလော"ဟု မိန့်တော်မူ၏၊ တမ္ဗဒါဋ္ဌိကသည် ပညာ နည်းသော သဘောရှိရကား မထေရ်၏သို့ဆိုကာမျှ၌ ငါ့အားမကောင်းမှု

မရှိဟု မှတ်ထင်၍ "ယင်းသို့ တပြီးကား အရှင်ဘုရား.... တရားတော်ကို ဟောတော်မူပါ"ဟု လျှောက်၏၊ ထို တမ္ဗဒါဌိကသည် မထေရ်သည် အနုမောဒနာ ပြုအပ်သည်ရှိသော် တည်ကြည်သော စိတ်ရှိသည် ဖြစ်၍ တရားကို ကြားနာလျက် သောတာပတ္တိမဂ်၏ အတွင်းမှ အနုလောမိက ခန္တိဝိပဿနာဉာဏ်ကိုဖြစ်စေ၏၊ မထေရ်လည်း အနုမောဒနာပြု၍ကြွတော်မူ၏၊ မထေရ်ကို လိုက်ပို့၍ အပြန်တွင် ဥပါသကာ၏ ရန်သူ ဖြစ်သော ဘီလူးမတယောက်သည် သားငယ်ရှိသော နွားမ၏ အသွင်ဖြင့်ပြေးလာပြီး လျှင် ရင်ဘတ်ကို တိုက်ခတ်၍ သတ်လေ၏။

ဥပါသကံ ထေရံ အနုဂန္တွာ နိဝတ္တမာနံ ဧကာ ယက္ခိနီ ဓေနု
ဝေသေန အာဂန္တွာ ဥရေ ပဟရိတွာ မာရေသိ။
(ဓမ္မပဒ အဋ္ဌကထာ)

ထေရံ၊ သာရိပုတ္တရာမထေရ်ကို။ အာနုဂန္တွာ၊ လိုက်ပို့၍။ နိဝတ္တမာနံ၊ ပြန်သော။ ဥပါသကံ၊ ဥပါသကာကို။ ဧကာ ယက္ခိနီ၊ ဘီလူးမတယောက်သည်။ ဓေနုဝေသေန၊ နွားမ၏ အသွင်ဖြင့်။ အာဂန္တွာ၊ လာ၍။ ဥရေ၊ ရင်၌၊ ပဟရိတွာ၊ ပုတ်ခတ်၍။ မာရေသိ၊ သတ်လေ၏။

တမ္ဗဒါဌိကလည်း သေ၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏၊ ရဟန်းတို့လည်း တရားသဘင်၌ "ငါ့ရှင်တို့....ခိုးသတ် ယောကျ်ားကား ငါးဆယ် ငါးနှစ်တို့ပတ်လုံးကြမ်းကြုတ်သောအမှုကို ပြု၍ ယနေ့ပင် ခိုးသတ်အမှုမှ လွတ်၏၊ ယနေ့ပင် သာရိပုတ္တရာမထေရ်အား ဆွမ်းလှူ၍ ယနေ့ပင် သေရှာလေ၏၊ အဘယ်အချပ်မှာ ဖြစ်ရှာလေသနည်း"ဟု စကားကို ဖြစ်စေကုန်၏၊ ဘုရား မြတ်စွာလည်း ကြွတော်မူ၍ မေးတော် မူသောကြောင့် အကြောင်းကို လျှောက်သော်"ချစ်သားတို့....တမ္ဗဒါဌိက ကား တုသိတာ နတ်ပြည်၌ဖြစ်၏"ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်း "ဘုန်းတော် ကြီးလှသော ဘုရား....ဤမျှသော ကာလပတ်လုံး ဤမျှသော လူတို့ကို သတ်၍ တုသိတာနတ်ပြည်၌ အဘယ်သို့ ဖြစ်နိုင် ပါအံ့နည်း"ဟု လျှောက်၏၊ "ချစ်သားတို့....ထိုတမ္ဗဒါဌိကကား မြတ်သောကလျာဏ မိတ္တကိုရအပ်၏၊ ထိုတမ္ဗဒါဌိကသည် သာရိပုတ္တရာ၏ ဓမ္မဒေသနာကိုနာ၍ အနုလောမဉာဏ်ကို ဖြစ်စေသောကြောင့် ဤလူ့ပြည်မှ စုတေသော် တုသိတာ နတ်ပြည်၌ ဖြစ်လေ၏"ဟု မိန့်တော်မူ၏၊ ဤတမ္ဗဒါဌိက စောရဃာတကကား ဇာတိ မကောင်းသောကြောင့်နွားဝှေ့၍ သေခြင်းတည်းဟူသောသူတပါးလုံ့လဖြင့် ပဍ္စုပက္ကမမူလာဒုက္ခကို ခံစားရချေ၏။

## ၁၀၄-ပရူပက္ကမ မူလက်ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝေ့၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော သုပ္ပဗုဒ္ဓဝတ္ထု

ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည် ဝေဠုဝန်ရွှေကျောင်း၌ကိန်းအောင်းမွေ့လျော်စံနေတော်မူ၏၊ ထိုအခါရာဇဂြိုဟ်ပြည်၌ သုပ္ပဗုဒ္ဓအမည်ရှိသော လူနူသူဆင်းရဲသည် ရှိသတတ်၊ ထိုအခါ များစွာသော ပရိသတ်အပေါင်း ခြံရံလျက် တရားဟောတော်မူသော မြတ်စွာဘုရားကို သုပ္ပဗုဒ္ဓ အမည်ရှိသော လူနူသူဆင်းရဲသည် မြင်လတ်သော် ဤအရပ်၌ တစုံတခုသော ခဲဖွယ် စားဖွယ်တို့ကို ဝေဖန်သည်ဖြစ်လတ္တံ့၊ ထိုအရပ်သို့ သွားသော် ငါ့အားလည်း အနည်းငယ်မျှသော ခဲဖွယ်ဘောဇဉ်ကို ပေးလတ္တံ့’’ဟု ကြံ၍ ပရိသတ်သို့ ကပ်လေ၏၊ ယင်းသို့ကပ်သော် ထိုအရပ်၌ ခဲဖွယ်ဘောဇဉ်ကို ဝေဖန်မည်မဟုတ်၊ သဗ္ဗညုဘုရား တရားဟောတော်မူသည်ကို မြင်လျှင် သုပ္ပဗုဒ္ဓ လူနူသူဆင်းရဲလည်း သင့်တင့်ရာအရပ်က ထိုင်လျက် တရားနာလေ၏၊ ယင်းသို့နာလျှင် သောတာပတ္တိဖိုလ်သို့ ရောက်၍ မိမိသည် ရအပ်သော ဂုဏ်ကို သဗ္ဗညုဘုရားအား ကြားလိုရကား ပရိသတ်ခလေးပါး၏ အလယ်သို့ ဝင်ခြင်းငှာ မဝံ့သောကြောင့်လူအပေါင်း၏ သဗ္ဗညုဘုရားကို လိုက်ပို့၍ ပြန်သောအခါဝယ် ကျောင်းသို့သွားလေ၏၊ ထိုခဏ၌ သိကြားမင်းသည် ဤသုပ္ပဗုဒ္ဓ လူနူသူဆင်းရဲကား မိမိရအပ်သော ဂုဏ်ကို သဗ္ဗညုဘုရားအားထင်ရှားပြလို၏ဟု သိ၍ စုံစမ်းအံ့ဟုလာပြီးလျှင် ကောင်းကင်၌ ရပ်လျက် ‘‘သုပ္ပဗုဒ္ဓ သင်ကားလူဆင်းရဲ အထီးကျန်သောသူတည်း၊ ငါသည် သင့်အား အပိုင်းအခြားမရှိသော ဥစ္စာကို ပေးအံ့၊ ဘုရားသည် ဘုရားမဟုတ်, တရားသည် တရားမဟုတ်, သံဃာသည် သံဃာမဟုတ်၊ ငါ့အား ဘုရား,တရား,သံဃာဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုခလော့၊ သင့်အား များစွာသော ဥစ္စာတို့ကို ရလိမ့်မည်’’ဟု ပြောဆို၏၊ ထိုအခါ သိကြားမင်းကို သုပ္ပဗုဒ္ဓ လူနူ သူဆင်းရဲက ‘‘သင်ကား အသူနည်း’’ဟု မေး၏၊ ‘‘ငါကားမြင့်မိုရ်ဖျားဝယ် သိကြားမင်းတည်း’’ဟု ဆိုလျှင် ‘‘အလွန်မိုက်လျက် အရှက်ကင်းသည့်သိကြားမင်း....သင်ကား ငါနှင့်တကွ စကားဆိုခြင်းငှာ မသင့်၊ သင်သည် ငါ့ကို လူဆင်းရဲ အထီးကျန်သူဟု ဆို၏၊ ငါကားလူဆင်းရဲ အထီးကျန်သူမဟုတ်၊ များမြတ်သော ဥစ္စာရှိသည်ဖြစ်၍ ချမ်းသာခြင်းသို့ ရောက်သောသူတည်းဟု ဤဂါထာကို ဆို၏။

သဒ္ဓါဓနံ သီလဓနံ, ဟိရိဩတ္တပ္ပိယံ ဓနံ၊
သုတဓနဉ္စ စာဂေါစ, ပညာ ဝေ သတ္တမံ ဓနံ။
ယဿ ဧတေ ဓနံ အတ္ထိ, ဣတ္ထိယာ ပုရိသဿဝါ၊
အဒလိဒ္ဒေါတိ တံ အာဟု, အမောဃံ တဿ ဇီဝိတံ။

သဒ္ဓါဓနံ၊ သဒ္ဓါဟူသော ဥစ္စာ လည်းကောင်း၊ သီလဓနံ၊ သီလဟူသော ဥစ္စာလည်းကောင်း၊ ဟိရိဩတ္တပ္ပိယံဓနံ၊ ဟိရီ ဟူသော ဥစ္စာဩတ္တပ္ပဟူသော ဥစ္စာလည်းကောင်း၊ သုတဓနဉ္စ၊ သုတဟူသော ဥစ္စာလည်းကောင်း၊ စာဂေါစ၊ စာဂဟူသော ဥစ္စာလည်းကောင်း၊ ဝေ၊ စင်စစ်။ သတ္တမံ၊ ခုနစ်ခု မြောက်သော။ ပညာဓနံ၊ ပညာဟူသော ဥစ္စာလည်းကောင်း။

ယဿ ဣတ္ထိယာဝါ၊ အကြင်မိန်းမအား လည်းကောင်း။ ယဿ ပုရိသဿဝါ၊ အကြင်ယောကျ်ားအား လည်းကောင်း။ ဧတေဓနံ၊ ဤခုနစ်ပါးသော ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမိန်းမယောကျ်ားကို။ အဒလိဒ္ဒေါတိ၊ မဆင်းရဲသောသူဟူ၍။ အာဟု၊ ဆိုကုန်ပြီ၊ တဿ၊ ထိုမိန်းမယောကျ်ား၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ အမောဃံ၊ အချည်းနှီးမဟုတ်။

ဤဂါထာကိုဆိုပြီးလျှင် "သိကြားမင်း.... ငါ့အား ဤခုနစ်ပါးသော သူတော်ကောင်းဥစ္စာတို့သည်ရှိကုန်၏၊ အကြင်သူတို့အား ဤခုနစ်ပါးသော သူတော်ကောင်း ဥစ္စာတို့သည် ရှိကုန်၏၊ ထိုသူတို့ကို ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့သည် လူဆင်းရဲဟူ၍ မဆိုကုန်"ဟု ဆို၏၊ သိကြားမင်းလည်း သုပ္ပဗုဒ္ဓ၏စကားကိုကြားလျှင် ထိုသုပ္ပဗုဒ္ဓကို ခရီးကြား၌ ထားခဲ့၍သဗ္ဗညု ဘုရားအထံသို့လာပြီးသော် ထိုအကြောင်းကို ကြားလျှောက်၏၊ ထိုအခါ သိကြားမင်းကို ဘုရားမြတ်စွာသည် "သိကြားမင်း.... သင်ကဲ့သို့သော သူ အရာ အထောင် အသောင်း အသိန်းပင်သော်လည်း သုပ္ပဗုဒ္ဓလူနူသူဆင်းရဲ ကို ဘုရား,တရား,သံဃာ မဟုတ်ဟု ဆိုစေခြင်းငှာမစွမ်းနိုင်ရာ"ဟုမိန့်တော် မူ၏၊ သုပ္ပဗုဒ္ဓလူနူသူဆင်းရဲလည်း သဗ္ဗညုဘုရားထံသို့လာပြီး လျှင် သဗ္ဗညု ဘုရားသည် ပြုအပ်သော အစေ့အစပ်ရှိသည်ရှိဖြစ်၍ ဝမ်းမြောက်ဝမ်းသာ မိမိသည်ရအပ်သောဂုဏ်ကို ကြားပြီးလျှင် ထ၍သွားလေ၏၊ ယင်းသို့သွား လေလျှင် မကြာမီ ထိုသုပ္ပဗုဒ္ဓကို သ းငယ်ရှိသော နွားမသည် ဟိုးဇော့၍ အသက်မှ ချ၏။

အထခေါ ဘိက္ခူ ရပက္ကန္တ သုပ္ပဗုဒ္ဓကုဋ္ဌိံ ဂါဝီ တရုဏဝစ္ဆာ
အဓိပါတေတွာ ဇီဝိတာ ဝေါရောပေသိ၊ (ဥဒါန်း ပါဠိတော်)၊

အထခေါ၊ ထိုအခါ၌။ အစိရပက္ကန္တံ၊ ဖွဲ့၍မကြာသေးသော။ သုပ္ပဗုဒ္ဓံ၊ သုပ္ပဗုဒ္ဓအမည်ရှိသော။ ကုဋ္ဌိံ၊ အနူကို။ တရုဏာဂစ္ဆာ၊ နုသော သားငယ်ရှိသော။ ဂါဝီ၊ နွားမသည်။ အဓိပါတေတွာ၊ တိုးဝှေ့ခုန်နှင်း၍၊ ဇီဝိတာ၊ အသက်မှ၊ ဝေါရောပေသိ၊ ချ၏။ (ဓမ္မပဒအဋ္ဌကထာ၌နည်းတူဇာင်မိန့်၏။)

ရဟန်းတို့လည်း ထိုသုပ္ပဗုဒ္ဓ၏ သေခြင်းကို မြတ်စွာဘုရားအား ကြား လျှောက်၍ "ထိုသုပ္ပဗုဒ္ဓ၏ လားရာဂတိ ဘာ အဘယ်နည်း၊ အဘယ် အကြောင်းကြောင့် နူသောအဖြစ်သို့ ရောက်ရှာ လေသနည်း"ဟု မေး လျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း ထိုသုပ္ပဗုဒ္ဓ၏ သောတာပတ္တိ ဖိုလ်သို့ ရောက်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်သော အဖြစ်ကိုလည်းကောင်း၊ တဂ ရသိခီအမည်ရှိသော ပစ္စေကဗုဒ္ဓါကို မြင်သော်ဤသူကား တပါးသောသူနှင့် အဝတ်အရုံမတူ၊ ကိုယ်အလုံးကို ဖန်ရည်စွန်းသော အဝတ်ဖြင့် ခြုံရုံသည်၊ ကိုယ်၌နူနာရှိယောင်တကားဟု တံတွေးထွေးပြီးလျှင် မိမိကိုယ်ကိုလက်ယာ ထားသည်ကို ပြုသောကြောင့် ရှည်စွာသော နေ့ည၌ ငရဲ၌ ကျက် ပြီးမှ အကျိုးအကြွင်း၏အစွမ်းဖြင့်ယခုအခါ နူသောအဖြစ်သို့ ရောက်ခြင်း ကိုလည်းကောင်း ရဟန်းတို့အားကြား၍ တရားဆုံးမ သြဝါဒ ပေးတော်မူ ၏၊ ဤသုပ္ပဗုဒ္ဓအမည်ရှိသော လူနူ သူဆင်းရဲသည် ဇာတိမကောင်းသော ကြောင့် နွားဝှေ့၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္က မမူလာ ဒုက္ခကို ခံစားရချေ၏၊

---

၁၀၅-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှေ့ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ဒါရုစိရိကရဟန္တာ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်း အောင်း မွေ့လျော် စံတော်မူလျက် ဒါရုစိရိက အမည်ရှိသော မထေရ် ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊တရံသော အခါ များစွာသော လူတို့သည် သင်္ဘောလှေဖြင့် မဟာ သမုဒ္ဒရာသို့ ပြေးဝင်ရကား, မဟာသမုဒ္ဒရာ၏ အတွင်း၌ လှေပျက်သောကြောင့်ငါးလိပ် တို့၏ အစာဖြစ်ကုန်၏၊ ဤလူအပေါင်းတို့တွင် တယောက်သော သူသည် ပျဉ်ချပ်တခုကို ယူလျက် အားထုတ်သောကြောင့် သုပ္ပါရက သင်္ဘော ဆိပ် ကမ်းသို့ ရောက်လေ၏၊ ထိုလူ့အား လူမူကား ကမ်းသို့ တက်နိုင်၏၊

အဝတ်အရုံကားမရှိ၊ ထိုသူသည် တပါးသော တစုံတခုသောဝတ်ရုံဖွယ်ကို မမြင်ရကား ခြောက်သော သစ်သား ပျဉ်ချပ်တို့ကို မရိုးလျှော်မျှင်တို့ဖြင့် သီကုံး၍ အဝတ်အရုံကို ပြုပြီးလျှင် နတ်ကွန်းစင်မှ ခွက်တခုကို ယူ၍ သင်္ဘောဆိပ်သို့ သွားလေ၏၊ လူတို့သည် ထိုသူ့ကိုမြင်ကြရကား များစွာသော ယာဂုထမင်း စသည်တို့ကို ပေးကမ်း၍ ဤသူကား ရဟန္တာ တယောက် ပင်တည်းဟု ချီးမွမ်း ကြကုန်၏၊ ထိုသူသည် အဝတ် တို့ကို ဆောင်၍ ပေးငြားသော်လည်း အကယ်၍ ငါသည် အဝတ်အရုံကိုဝတ်ရုံငြားအံ့၊ ငါ့အား လာဘသက္ကာရသည် ယုတ်လတ္တံ့ဟု နှလုံးပြု၍ ထိုအဝတ်အရုံတို့ကို ပယ်ပြီးလျှင် မရိုးလျှော်ဖြင့် သီကုံးအပ်သော သစ်သားပျဉ်ချပ်တို့ကိုသာ ဆောင်၏၊ ထိုအခါ များစွာသော လူတို့သည် ရဟန္တာဟု ချီးမွမ်းအပ်ရကား ထိုသူအား ဤသို့သော စိတ်အကြံသည်ဖြစ်၏၊ အကြင်အမှတ်မရှိကုန်သော သူတို့သည် လောက၌ ရဟန္တာဖြစ်ကုန်၏၊ အရဟတ္တမဂ်သို့လည်း ရောက်ကုန်၏၊ ငါကား ထိုသူတို့တွင် တယောက်ပင်တည်းဟု အကြံဖြစ်၏။

ယေ ခေါကေစိ လောကေ အရဟန္တောဝါ အရဟတ္တမဂ္ဂံဝါ

သမာပန္နာ၊ အဟံ တေသမညတရောတိ။ (ဥဒါန်းပါဠိတော်)

ယေခေါကေစိ၊ အကြင်အမှတ်မရှိသောခပ်သိမ်းကုန်သော သူတို့သည်။ လောကေ၊ လောက၌။ အရဟန္တောဝါ၊ ရဟန္တာတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ အရဟတ္တမဂ္ဂံဝါ၊ အရဟတ္တမဂ်သို့လည်း။ သမာပန္နာ၊ ရောက်ကုန်၏။ တေသံ၊ ထိုသူတို့တွင်။ အဟံ၊ ငါကား။ အညတရော၊ တယောက်ပင်တည်း။ ဣတိ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။

ယင်းသို့ ဖြစ်သောအခါ ပုရာဏသာလောဟိတ ဖြစ်သော ဗြဟ္မာ တယောက်သည် ကြံ၏။

ဤ၌ ပုရာဏ သာလောဟိတ ဗြဟ္မာဟူသည်ကား....ရှေး၌အတူ တကွ ရဟန်းတရားကို အားထုတ်ဖူးသော သူတည်း။ ရှေးအခါ ကဿပဘုရား၏ သာသနာတော်သည် ရွေ့လျော့ဆုတ်ယုတ်သည် ရှိသော် သာမဏေ အစရှိသည်တို့၏ ဖောက်ပြန်ခြင်းကို မြင်၍ ခုနစ်ယောက်သော ရဟန်းတို့သည် ထိတ်လန့်ခြင်းသို့ ရောက်ကုန်ရကား အကြင်မျှလောက် သာသနာတော်သည် မကွယ်မပျောက် သေး၊ ထိုမျှလောက် မိမိ၏ တည်ရာကို ပြုကုန်အံ့ဟု ကဿပဘုရား

မြတ်စွာ၏ ရွှေစေတီတော်ကို ရှိခိုးပူဇော်ပြီးသော် တောသို့ဝင်ကုန်၍ တောင်တခုကိုမြင်လျှင် အသက်၌ ငဲ့ကွက်ခြင်းရှိကုန်သောသူတို့သည် ပြန်ကြကုန်၊ ငဲ့ကွက်ခြင်းမရှိကုန်သော သူတို့သည် ဤတောင်သို့ တက်ကုန်လော့ဟု ဆို၍ လှေကားကို ဖွဲ့ကုန်လျက် အလုံးစုံသော ရဟန်းခုနစ်ယောက်တို့သည် ထိုတောင်သို့ တက်ကုန်ပြီးလျှင် လှေကားကိုလှဲ၍ ရဟန်းတရားကို အားထုတ်ကြကုန်၏၊ ထိုခုနစ်ယောက်သော ရဟန်းတို့တွင် သံဃာ့ထေရ်ကား တညဉ့်လွန်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏၊ ထို သံဃာ့ထေရ်သည် နာဂလတာဟူသော ဒန်ပူကို ခဲပြီးလျှင် အနောတတ်အိုင်၌ မျက်နှာသုံးသပ်၍ ဥတ္တရ ကုရုကျွန်းမှ ဆွမ်းကိုဆောင်ပြီးသော်ကြွင်းခြောက်ယောက်သော ရဟန်းတို့ကို "ငါ့အရှင်တို့....ဤဒန်ပူကိုခဲ၍ဤရေဖြင့်မျက်နှာသစ်ပြီးလျှင် ဤဆွမ်းကို စားကြကုန်လော့"ဟုဆို၏၊ "အရှင်ဘုရား အ...င် ရဟန်းသည် ရှေးဦးစွာ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထို ထိုရဟန်းသည် ဆောင်အပ်သောဆွမ်းကိုကြွင်းသောရဟန်းတို့သည် စားကုန်လတ္တံ့ဟု အကျွန်ုပ်တို့သည် ဤသို့သော ကတိကဝတ်ကို ပြုအပ်သလော"ဟု ဆိုကုန်၏။ ငါ့ရှင်တို့.... ဤသို့ကား ကတိကဝတ် မပြုချေ"ဟု ဆို၏၊ "ယင်းသို့တပြီးကား အကယ်၍ အကျွန်ုပ်တို့သည်လည်း အရှင်ဘုရားတို့ကဲ့သို့ တရားအထူးကိုဖြစ်စေနိုင်ကုန်အံ့၊ ကိုယ်တိုင်ဆောင်၍ စားကုန်အံ့"ဟု ဆို၍ အလိုမရှိကြကုန်၊ နှစ်ရက်မြောက်သော နေ့၌ ဒုတိယထေရ်သည် အနာဂါမိဖိုလ်သို့ ရောက်လေ၏၊ထိုဒုတိယထေရ်လည်း နည်းတူပင် ဆွမ်းကိုဆောင်၍ ကြွင်းသောရဟန်းတို့ကို ဖိတ်၏၊ ထိုရဟန်းတို့သည်လည်း "အရှင်ဘုရား.... အကျွန်ုပ်တို့သည် မဟာထေရ်သည် ဆောင်အပ်သော ဆွမ်းကိုမစားပဲ အနုထေရ်သည် ဆော..င်အပ်သော ဆွမ်းကိုစားကုန်အံ့ဟု ဤသို့သော ကတိကဝတ်ကို ပြုကုန်သလော"ဟု ဆိုကုန်၏၊ "ငါ့ရှင်တို့....ဤသို့ ကတိကဝတ်ပြုခြင်းကား မရှိချေ"ဟုဆို၏၊ "ယင်းသို့ မပြုသော် အရှင်ဘုရားတို့ကဲ့သို့ အကျွန်ုပ်တို့သည်လည်း တရားအထူးကို ဖြစ်စေ၍ မိမိ၏ ယောကျ်ားဟူသော အခြင်းအရာဖြင့် စားခြင်းငှာ တတ်နိုင်ကုန်သည်ရှိသော် စားကုန်အံ့"ဟု ဆို၍ အလိုမရှိကြကုန်၊ ထိုခုနစ်ယောက်သောရဟန်းတို့တွင်အရဟတ္တဖိုလ်

သို့ ရောက်သော ရဟန်းကား ပရိနိဗ္ဗာန်ပြုလေ၏၊ အနာဂါမ်ရဟန်းကား ဗြဟ္မာပြည်သို့ လားလေ၏၊ ဤမှတပါး ငါးယောက်သော ရဟန်းတို့ကား တရားအထူးကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်သောကြောင့် ခြောက်ကပ်၍ ခုနစ်ရက်မြောက်သောနေ့၌ သေကုန်ပြီးသော် နတ်ပြည်၌ဖြစ်ကုန်၏။ ဤငါတို့ဘုရား လက်ထက်တော်၌ နတ်ပြည်မှ စုတေပြီးလျှင် ထိုထို အမျိုးအိမ်၌ ဖြစ်ကြကုန်၏၊ ထို ငါးယောက်တို့တွင် တယောက်ကား ပုက္ကုသာတိမင်း ဖြစ်လာ၏၊ တယောက်ကား ရှင်ကုမာရကဿပ ဖြစ်လာ၏၊ တယောက်ကား ဒါရုစိရိကမှထေရ် ဖြစ်လာ၏၊ တယောက်ကား မလ္လာမင်းသား ရှင်ဒဗ္ဗဖြစ်လာ၏၊ တယောက်ကား သဘိယ ပရိဗိုဇ် ဖြစ်လာ၏၊ ထိုခုနစ်ယောက်သော သူတို့တွင် အကြင်ရဟန်းသည် ဗြဟ္မာ့ပြည်၌ ဖြစ်၏၊ ထိုရဟန်းကိုရည်၍ "ပုရာဏ သာလောဟိတ ဗြဟ္မာ"ဟူ၍ ဆိုအပ်၏။

ထိုပုရာဏ သာလောဟိတဖြစ်သောဗြဟ္မာအား ဤသို့သောအကြံသည် ဖြစ်၏၊ ဤသူကား ငါနှင့်တကွ လှေကားဖွဲ့၍ တောင်သို့ တက်ပြီးလျှင် ရဟန်းတရားကို အားထုတ်၏၊ ယခုအခါ ဤအယူကိုယူ၍ လှည့်လည်သော် ပျက်စီးရာ၏၊ ငါသည်ထိုသူ့ကို ထိတ်လန့်စေအံ့ဟုအကြံဖြစ်၏၊ ထိုနောက်မှ ထိုသူသို့ကပ်၍ "ဗာဟိယ....သင်သည် ရဟန္တာလည်း မဟုတ်၊ အရဟတ္တမဂ်သို့လည်းမရောက်၊ အကြင် အကျင့်ဖြင့် သင်သည် ရဟန္တာမူလည်း ဖြစ်ရာ၏၊ အရဟတ္တမဂ်သို့ မူလည်း ရောက်ရာ၏၊ ထိုအကျင့် သည်လည်း သင့်အားမရှိ"ဟု ဆို၏၊ ဗာဟိယလည်း ကောင်းကင်၌ ရပ်၍ ဆိုသော မဟာဗြဟ္မာကို မြင်၍ကြံ၏၊ "ငါသည် ဝန်လေးသောအမှုကို ပြုအပ်၏၊ ငါကား ရဟန္တာဖြစ်၏"ဟု ကြံ၏၊ ဤဗြဟ္မာသည်လည်းငါ့ကို "သင်ကား ရဟန္တာလည်းမဟုတ်၊အရဟတ္တမဂ်သို့လည်းမရောက်"ဟု ဆို၏၊ လောက၌ ငါမှတပါး ရဟန္တာသည် ရှိလေသလောဟု ကြံ၏၊ ထိုအခါ ဗြဟ္မာကို "ယခုအခါ နတ်နှင့်တကွသော လောက၌ ရဟန္တာ သည်လည်းကောင်း, အရဟတ္တမဂ်သို့ ရောက်သော သူသည်လည်းကောင်း ရှိသေးသလော"ဟု မေး၏၊ ထိုအခါ ဗာဟိယအား ဗြဟ္မာသည် "ဗာဟိယ....မြောက်ဖြစ်သော ဇနပုဒ်တို့၌ သာဝတ္ထိမည်သော ပြည်သည်ရှိ၏၊ ထိုသာဝတ္ထိမည်သောပြည်၌

ယခုအခါ အရဟံ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် နေတော်မူ၏၊ ဗာဟိယ........ထို မြတ်စွာဘုရားသည် ရဟန္တာလည်းဖြစ်၏၊ ရဟန္တာဖြစ်ခြင်းငှာလည်း တရားကိုဟော၏”ဟု ဆို၏။ ဗာဟိယသည် ည အဖို့၌ပြဟ္မာ၏စကားကိုကြား၍ ထိတ်လန့်သောစိတ်ရှိရကား ထိုခဏ၌ပင် သုပ္ပါရကသင်္ဘောဆိပ်မှထွက်ခဲ့၍ အလုံးစုံသော အရပ်တို့၌တညနေ သ ဖြင့် သာဝတ္ထိပြည်သို့ ရောက်လေ၏၊ အလုံးစုံသော ယူဇနာတရာ့နှစ်ဆယ် သောခရီးကိုတညဥ့်မျှ နေခြင်းဖြင့်သာလျှင် သာဝတ္ထိပြည်သို့ရောက်လေ၏၊ သွားသော်လည်း ပြဟ္မာ၏အာနုဘော်,ဘုရား၏အာနုဘော်အားဖြင့် သွား ၏၊ ထိုအခါ ဘုရားမြတ်စွာသည် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာဝင်တော် မူ၏၊ ဗာဟိယလည်း နံနက်စာစားပြီး၍ ကိုယ်၏ပျင်းရိခြင်းမှ ကင်းလွတ် ခြင်းငှာ လွင်တီးခေါင်၌ စင်္ကြံသွားကုန်သော များစွာသော ရဟန်းတို့ကို “ယခုအခါ ဘုရားမြတ်စွာသည် အဘယ်မှာနည်း”ဟု မေး၏၊ ရဟန်း တို့လည်း “သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူသည်”ဟု ဆို၍ ထိုဗာဟိယကို “သင်ကား အဘယ်အရပ်မှ လာသနည်း”ဟု မေးကြကုန် ၏၊ “သုပ္ပါရက သင်္ဘောဆိပ်မှ လာသည်”ဟု ဆိုသော် “အဘယ်အခါ ထွက်ခဲ့သနည်း”ဟု မေးကုန်၏၊ “ယမန်နေ့ ညချမ်းသောအခါ ထွက်လာ ခဲ့သည်”ဟု ဆိုသော်“ သင်ကား ဝေးသောအရပ်မှလာခဲ့၏၊ ထိုင်ဦးလော့၊ ခြေတို့ကို ဆေးပြီးမှဆီဖြင့်နယ်၍ အတန်ငယ် အပင်ပန်း ဖြေဦးလော့၊ မြတ်စွာဘုရားကို ကြွတော်မူသောအခါ ဖူးမြင်ရလတ္တံ့”ဟု ဆိုကုန်၏၊ ဗာဟိယလည်း “အရှင်ဘုရားတို့.... အကျွန်ုပ်သည် ဘုရားမြတ်စွာ၏ လည်းကောင်း, အကျွန်ုပ်၏လည်းကောင်း အသက်အန္တရာယ်ကို မသိပါ၊ တည်ဖြင့် သာလျှင် တစုံတခုသော အရပ်၌ မရပ်မနေပဲ လျင်သော အဟုန်ဖြင့် ပြေးသွား၍ ယူဇနာတရာ့နှစ်ဆယ် ဝေးသော ခရီးကိုရောက် လာ၏၊ ဘုရားမြတ်စွာကို ဖူးမြင်ရမှသာ အပင်ပန်း ဖြေပါအံ့”ဟု ဆို၏၊ ဗာဟိယလည်း ဤသို့ဆို၍လျင်မြန်စွာ သာဝတ္ထိပြည်တွင်းသို့ ဝင် လေသော် နှိုင်းရှည့်စရာ ဥပမာမရှိသော ဘုရားအသရေတော်ဖြင့် ဆွမ်းခံ ကြွသွားတော်မူသော သဗ္ဗညု ဘုရားကို မြင်၍ ငါသည် ကြာမြင့်သော ကာလမှ ဂေါတမ မြတ်စွာဘုရားကို မြင်အပ်၏ဟု မြင်ရာအရပ်မှ စ၍ ညွတ်သောကိုယ်ရှိလျက်သွား၍ခရီးကြား၌သာ ငါးပါးသောရှိခိုးခြင်းဖြင့် ရှိခိုးပြီး၍ ဖမျက်တို့၌ မြဲမြံစွာကိုင်ပြီးသော် “ဘုန်းတော်ကြီးလှသော ဘုရား

အရှင်ဘုရားသည် အကြင်တရားကိုဟောတော်မူ၍ အကျွန်ုပ်အားများစွာ သောနေ့ည ပတ်လုံး စီးပွား ချမ်းသာခြင်းငှာ ဖြစ်ရာ၏၊ ထို တရားကို ဟောကြားတော်မူပါ၊ ထိုတရားကို လာခြင်းကောင်းတော်မူသော ဘုရား သည် ဟောကြားတော်မူပါ''ဟု လျှောက်၏၊ထိုအခါ ဗာဟိယကိုဘုရား မြတ်စွာသည် ''ဗာဟိယ—အခါမဟုတ်သေး၊ ရွာတွင်းသို့ ဆွမ်းခံဝင်သော အခါတကား''ဟု ပယ်တော်မူ၏၊ ထိုစကားကိုကြား၍ ဗာဟိယသည် ''ဘုန်းတော်ကြီးလှသော ဘုရား သံသရာ၌ကျင်လည်ရသဖြင့် ကဗဠီကာရ အာဟာရကို မရဖူးသော မည်သည်မရှိ၊ အရှင်ဘုရား၏ လည်းကောင်း, အကျွန်ုပ်၏လည်းကောင်း အသက်အန္တရာယ်ကို မသိပါ၊ အကျွန်ုပ်အား တရားကိုသာ ဟောတော်မူပါ''ဟုလျှောက်၏၊ ဘုရားမြတ်စွာသည်နှစ်ကြိမ် မြောက်လည်း ပယ်တော် မူသည်သာတည်း၊ ဘုရားမြတ်စွာအား ဤသို့ သောအကြံတော်ဖြစ်သတတ်၊ငါ့ကိုမြင်သောကာလမှစ၍ ဤသူ၏ အလုံးစုံ သော ကိုယ် သည် ပီတိဖြင့် အခြားမရှိ လွှမ်းမိုးအပ်သော ကိုယ်ရှိ၏၊ ထို အားကြီးသော ပီတိအဟုန်ဖြင့်တရား ကိုနာ၍သည်း ထိုးထွင်း၍ သိခြင်းငှာ မတတ်နိုင်လတ္တံ့၊ လျစ်လျူရှုခြင်းဖြင့် တည်စေဦး၊ တည၌ဖြင့် သာလျှင် ယူဇနာ တရာ့နှစ်ဆယ်သော ခရီးကို လာရသည်၏ အဖြစ်ကြောင့် ထိုသူ အား ပူပန်ခြင်းကား အားကြီး၏၊ ထိုပူပန်ခြင်းသည်လည်း ငြိမ်းစေဦးဟု အကြံတော်ဖြစ်၏၊ ထို့ကြောင့် နှစ်ကြိမ်မြောက် ပယ်တော်မူပြီး၍ သုံးကြိမ် မြောက် တောင်းပန်လတ်သော် ခရီးအကြား၌ ရပ်တော်မူလျက်ပင်—

> တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
> ဘဝိဿတိ အစရှိသော နည်းဖြင့် တရားဟောတော်မူ၏။

ဗာဟိယသည်း သဗ္ဗညုဘုရား၏ တရားတော်ကို နာလျက်ပင် အလုံး စုံသော အာသဝေါတရားတို့ကို ကုန်စေ၍ ပဋိသမ္ဘိဒါတို့နှင့်တကွအရဟတ္တ ဖိုလ်သို့ ရောက်လေ၏၊ ယင်းသို့ရောက်သော ခဏ၌ပင်လျှင် သဗ္ဗညုဘုရား အား ရဟန်းအဖြစ်ကို တောင်းလေ၏၊ သင့်အား ''သပိတ်သင်္ကန်းပြည့်စုံ ပြီလော''ဟု မေးတော်မူသော် ''မပြည့်စုံသေးပါ''ဟု လျှောက်၏၊ ထို့နောင်မှ ဗာဟိယကို သဗ္ဗညုဘုရားလည်း 'ယင်းသို့တပြီးကား သပိတ် သင်္ကန်းရှာလေဦး''ဟု မိန့်တော်မူ၍ ဖဲတော်မူ၏၊ ထိုဗာဟိယဒါရုစီရိက သည် ကဿပဘုရား သာသနာတော်၌ အနှစ် နှစ်သောင်းပတ်လုံး ရဟန်း တရားကို အားထုတ်လတ်သော် ရဟန်းမည်သည်ကား မိမိအား ပစ္စည်း

တို့ကိုရမူ သူတပါးကို မငဲ့ပဲ မိမိသည်သာ သုံးဆောင်ခြင်းငှာ သင့်၏ဟူသော အယူဖြင့် တယောက်သော ရဟန်းအားလည်း သပိတ်တလုံးသက်န်းတထည်ဖြင့် ချီးမြှောက်ခြင်းကို မပြုလေ၊ ထို့ကြောင့် ဗာဟိယအား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည် မပြည့်စုံလတ္တံ့ဟု သိတော်မူသောကြောင့် ဧဟိဘိက္ခု အဖြစ်ဖြင့် ရဟန်းအဖြစ်ကို ပေးတော်မမူသည်။

ဤကား အဋ္ဌကထာကြီးတို့အလို၊ ဘုရားဆိတ်သော ကာလ၌ သူခိုးကြီးဖြစ်၍ ပစ္စေကဗုဒ္ဓါကို လေးနှင့်ပစ်၍ သပိတ်သင်္ကန်းကို ယူဖူးသောကြောင့် သပိတ် သင်္ကန်း မပြည့်စုံကြောင်းကို ကေစိဆရာတို့ ဆိုကုန်သည်ဟု ဥဒါန်းအဋ္ဌကထာ၌ ကေစိဝါဒကိုပြ၏။

သပိတ် သင်္ကန်း ရှာလျက် လှည့်လည်သော ဗာဟိယ ဒါရုစိရိကကို တယောက်သော ဘီလူးမသည် နွားမ၏ အသွင်ဖြင့်လာ၍ လက်ဝဲပေါင်၌ ဝှေ့တိုက်သောကြောင့် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

တံပိ ပတ္တစီဝရ ပရိယေသနံ စရမာနမေ၀ ကောယက္ခိနီ ဓေနုရူပေန အာဂန္တွာ ဝါမဦရုမှိ ပဟရိတွာ ဇီဝိတက္ခယံ ပါပေသိ။

(ဓမ္မပဒ အဋ္ဌကထာ)

တံပိ၊ ထိုဗာဟိယ ဒါရုစိရိကကိုလည်း။ ပတ္တစီဝရ ပရိယေသနံ၊ သပိတ်သင်္ကန်း ရှာခြင်းငှာ။ စရမာနမေ၀၊ လှည့်လည်စဉ် သာလျှင်။ ကောယက္ခိနီ၊ ဘီလူးမတယောက်သည်။ ဓေနုရူပေန၊ နွားမ၏ အသွင်ဖြင့်။ အာဂန္တွာ၊ လာ၍။ ဝါမဦရုမှိ၊ လက်ဝဲပေါင်၌။ ပဟရိတွာ၊ တိုက်ဝှေ့၍။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။

သဗ္ဗညုဘုရားလည်း ဆွမ်းခံလှည့်လည်၍ ဆွမ်းစားခြင်းကိစ္စပြီးလတ်သော် များစွာသောရဟန်းတို့နှင့်တကွ မြို့မှထွက်တော်မူလျှင် တံမြက်မှိုက်စုပုံရာတွင် ထိုဗာဟိယ၏အလောင်းကောင်ကို မြင်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ညောင်စောင်းကို ဆောင်စေ၍ ဤဗာဟိယအလောင်းကို တင်၍ မြို့မှထုတ်၍ မီးသင်္ဂြိုဟ်ပြီးလျှင် စေတီ တည်ကြကုန်ဟု စေတော်မူ၏၊ ရဟန်းတို့လည်း ဘုရားအမိန့်တော်အတိုင်း ပြုကြကုန်၏၊ ပြုပြီး၍ကားကျောင်းသို့ သွားပြီးလျှင် ဘုရားသဗ္ဗညုသို့ကပ်၍ မိမိတို့၏ ကိစ္စကိုကြားပြီးသော် ထိုဗာဟိယ၏ လားရာ တမလွန်ကို မေးမြန်း လျှောက်ထားကုန်၏၊ ယင်းသို့ လျှောက်ထားသောအခါ ရဟန်းတို့အား မြတ်စွာဘုရားလည်း ထိုဗာဟိယ၏ ပရိနိဗ္ဗာန်ပြုသောအဖြစ်ကို ကြားတော်မူ၍-

စေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစိရိယော=ဟု မိန့်တော်မူ၍ တေဒဂ်အရာ၌ ထားတော်မူ၏။

ဤဗာဟိယဒါရုစိရိယကလည်း ဇာတိနှင့်မကင်းသောကြောင့် နွားဝှေ့၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

## ၁၀၆-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှေ့ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ပုက္ကုသာတိအမျိုးသား ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ မဇ္ဈိမဒေသ မဂဓတိုင်းရာဇဂြိုဟ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရမင်းနှင့် ပစ္စန္တရစ် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ကို အစိုးရသော ပုက္ကုသာတိမင်းတို့သည် စပ်ကြားတွင် ကုန်သည်များကို အမှီပြု၍ အဒိဋ္ဌသဟာယ၏အဖြစ်ဖြင့်အဆွေခင်ပွန်းဖွဲ့ကြ၍အဆွေခင်ပွန်း ဖြစ်လေလျှင် မဇ္ဈိမဒေသ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရမင်းက "မဇ္ဈိမဒေသ၌ ဘုရား, တရား, သံဃာ ရတနာသုံးပါးဖြစ်ထွန်း၍ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို နိဗ္ဗာန်ပြည်မြတ်သို့ ပို့ဆောင်ကယ်တင်ကြောင်းကို ပစ္စန္တရစ် ဂန္ဓာရတိုင်းကို အစိုးရသော ပုက္ကုသာတိမင်းအား ကြားလိုက်လျှင် ပုက္ကုသာတိမင်းသည် ဤလောက၌ ဘုရား၏ ဖြစ်ခြင်းကို အလွန်ရခဲသည်ဟု နှလုံးပြု၍တိုင်းပြည်ကို စွန့်ပြီးလျှင် သဗ္ဗညုဘုရားကို ရည်၍ ရဟန်းပြုလျက် မဇ္ဈိမဒေသသို့လာခဲ့သော် သာဝတ္ထိပြည်ကို လွန်၍ ယူဇနာတရာ့နှစ်ဆယ်ကွာသော ရာဇဂြိုဟ်ပြည်သို့ နောင်သောအခါ ရောက်လာ၍ ဘုရားမြတ်စွာသည် အဘယ်မှာနေသနည်းဟု မေး၏၊ အရှင်ဘုရား....အဘယ်မှ ကြွလာသနည်းဟု မေးသော် မြောက်အရပ်မှ လာကြောင်းကိုဆိုလျှင် "အရှင်ဘုရား ကြွလာသော လမ်းခရီး၌ ဤရာဇဂြိုဟ်ပြည်မှ လေးဆယ့် ငါးယူဇနာ၏ အထက်၌ သာဝတ္ထိပြည်သည် ရှိ၏၊ ထိုပြည်၌ သဗ္ဗညုဘုရား နေတော်မူသည်"ဟု ဆိုလျှင်ပုက္ကုသာတိအမျိုးသားသည် ယခုကား သွားရခြင်းငှာအခါမဟုတ်ပြီ၊ ယနေ့ ဤအရပ်တွင် နေပြီးလျှင် နက်ဖြန်မှ သဗ္ဗညုဘုရားအထံသို့ သွားအံ့ဟု ကြံ၏၊ ယင်းသို့ကြံပြီးမှ

အခါမဟုတ်သည်၌ ရောက်လာသော ရဟန်းတို့သည် အဘယ် အရပ်၌ နေကြကုန်သနည်းဟု မေး၏၊ ဤအိုးထိန်းဇရပ်၌ နေကြကုန်သည်ဟု ဆိုသော် ထိုပုက္ကုသာတိ အမျိုးသားသည်အိုးထိန်းသည်ကို တောင်းပြီးလျှင် အိုးထိန်းဇရပ်၌ နေခြင်းငှာ ဝင်၍ ထိုင်၏၊ ဘုရားမြတ်စွာလည်း ထိုနေ့ မိုးသောက်သောသခါ၌ လောကကိုကြည့်တော်မူသည်ရှိသော် ပုက္ကုသာတိ အမျိုးသားကိုမြင်၍ ကြံတော်မူ၏၊ ဤအမျိုးသားသည်အဆွေသည်စေအပ်သော ကမ္မည်းစာကို ဖတ်၍ ယူဇနာတရာမက ကျယ်သော တိုင်းပြည်ကို စွန့်ပြီးလျှင် ငါ့ကိုရည်၍ ရဟန်းပြုလျက်ယူဇနာတရာ့ဘဆယ်သော ခရီးကို လွန်၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လတ္တံ့၊ ငါဘုရားသည် မသွားသည်ရှိသော် သုံးပါးသော အောက်ဖိုလ်တို့ကို ထိုးထွင်း၍ မသိပဲ တည်နေသဖြင့် ကိုးကွယ်ရာမဲ့ သေလတ္တံ့၊ ငါဘုရားသည် သွားသည်ရှိသော် သုံးပါးသော အောက်ဖိုလ်ဘို့ကို ထိုးထွင်း၍ သိလတ္တံ့၊ လူတို့အားချီးမြှောက်ခြင်းငှာ ငါဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်းပတ်လုံး ပါရမီတို့ကိုဖြည့်အပ်ကုန်၏၊ ထိုပုက္ကုသာတိ အမျိုးသားအားချီးမြှောက်ခြင်းကိုပြုအံ့ဟု ကြံလျက် နံနက်စောစော ကိုယ်တော်ကို သုတ်သင်ခြင်းပြု၍ ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်၌ ဆွမ်းခံတော် မူ၍ ဆွမ်းစားဇရပ်မှ ဖဲတော်မူသည်ရှိသော် ဂန္ဓကုဋီ တိုက်တော်ကို ဝင်၍ တခဏမျှ ဆွမ်းဆိ ယစ်ခြင်းကို ငြိမ်းစေပြီးသည်ရှိသော် ညချမ်းသောအခါ ကြွတော်မူလျှင် လေးဆယ့်ငါး ယူဇနာ ရှိသော ခရီးကိုလွန်၍ နေဝင်ခါနီး၌ ပုက္ကုသာတိ အမျိုးသားသည် ဇရပ်သို့ ဝင်ကာမျှပင် ကိုယ်တော်လည်း အိုးထိန်းသည် ဇရပ်သို့ ဝင်တော်မူ၏၊ ယင်းသို့ဝင်တော်မူလျှင်အမျိုးသားအား အကြင်မျှလောက် ခရီးသွားခြင်းကြောင့် ဖြစ်သော ပူပန်ခြင်းသည်မငြိမ်းသေး၊ ထိုမျှလောက် တရားကိုနာခံခြင်းငှာမတတ်နိုင်လတ္တံ့ဟု သမာပတ်ကို ဝင်စား၍နေတော်မူ၏၊ ထို့နောင် သမာပတ်မှထတော်မူ၍ရွှေမိမာန်၌ပတ္တမြားခြသေ့ခံသော လေသေ ာက်တံခါးကို ဖွင့်သကဲ့သို့ ငါးပါးသော ပသာဒတို့ဖြင့် တန်ဆာ ဆင်အပ်သော မျက်စိတို့ကို ဖွင့်၍ ကြည့်တော်မူ၏၊ ယင်းသို့ ကြည့်တော် မူသော အခါ အမျိုးသား၏လက်လှုပ်ခြင်း၊ ခြေလှုပ်ခြင်း၊ ဦးခေါင်းလှုပ်ခြင်း မှ ကင်းသော ကောင်းစွာ စိုက်အပ်သော တံခါးတိုင်ကဲ့သို့ တုန်လှုပ်ခြင်း၊ ပျံ့လွင့်ခြင်းမရှိသော ရွှေဆင်းတုကဲ့သို့ နေထိုင်သော အမျိုးသားကိုမြင်၍ ကြည့်တော်မူသဖြင့် မေးမြန်းတော်မူပြီးလျှင် ပုက္ကုသာတိ အမျိုးသားအား "ဆ ဓာတုယော အယံပုရိသော" အစရှိသည်ဖြင့် ဓာတုဝိဘင်္ဂ သုတ္တန်

ဒေသနာတော် မြတ်ကို ဟောတော်မူ၏၊ ယင်းသို့ ဟောတော်မူလျှင် ပုက္ကုသာတိ အမျိုးသားသည် သုံးပါး ကုန်သော အောက်ဖိုလ် တို့ကို ထိုးထွင်း၍ သိလေ၏၊ ယင်းသို့ သိလျှင် "ဘုန်းတော်ကြီးလှသော ဘုရား အကျွန်ုပ်ကား အရှင်ဘုရား၏ အထံတော်၌ ရဟန်းပဉ္စင်း၏အဖြစ်ကို ရပါ လို၏"ဟု လျှောက်၏၊ ဘုန်းတော်ကြီးလှသော ဘုရားလည်း "သင့်အား သပိတ် သင်္ကန်းပြည့်စုံပြီလော"ဟု မေးတော်မူ၏၊ "မပြည့်စုံသေးပါ"ဟု လျှောက်လတ်သော်"သပိတ် သင်္ကန်းရှာလေဦး"ဟု မိန့်တော်မူ၍ ဇေတဝန် ကျောင်းတော်သို့ ပြန်တော်မူ၏၊ ထိုအခါ သပိတ် သင်္ကန်း ရှာခြင်းငှာ သွားသောအမျိုးသားကို လှည့်ပတ်သွားလာသော နွားမသည် အသက်မှ ချလေ၏။

> အထခေါ အာယသ္မန္တံ ပုက္ကုသာတိံ ပတ္တစီဝရ ပရိယေသနံ
> စရန္တံ ဝိဗ္ဘန္တာ ဂါဝီ ဇီဝိတာ ဝေါရောပေသိ။
>
> (ဥပရိမဏ္ဏာသ ပါဠိတော်)

အထခေါ၊ ထိုအခါ၌။ ပတ္တစီဝရပရိယေသနံ၊ သပိတ်သင်္ကန်းကို ရှာခြင်းငှာ။ စရန္တံ၊ လှည့်လည်သော။ အာယသ္မန္တံ ပုက္ကုသာတိံ၊ အရှင်ပုက္ကုသာတိကို။ ဝိဗ္ဘန္တာ၊ လှည့်ပတ် သွားလာသော။ ဂါဝီ၊ နွားမသည်။ ဇီဝိတာ၊ အသက်မှ၊ ဝေါရောပေသိ၊ ချ၏။

ခရီးပင်ပန်း၍ ဆာလောင်မွတ်သိပ်သော ကိုယ်ရှိသောအမျိုးသားသည် နွားမပြေးလာ၍ ချိနှင့်ကော်လျှင် ကောင်းကင်၌ပင် အသက်ကုန်ခြင်းသို့ ရောက်၍ မြေ၌ကျလေ၏။

> ဆာတကဇ္ဈတ္တော ကုသပုတ္တော အာကာသေယေဝ အာယုက္ခယံ
> ပတ္တော ပတိတော။
>
> (ဥပရိပဏ္ဏာသ အဋ္ဌကထာ)

ထာတကဇ္ဈတ္တော၊ မွတ်သိပ် ဆာလောင်သော ကိုယ်ဝန်ရှိသော။ ကုလ ပုတ္တော၊ ဒ*မျိုးသားသည်။ အာကာသေယေဝ၊ ကောင်းကင်၌သာလျှင်။ အာယုက္ခယံ အသက်ကုန်ခြင်းသို့။ ပတ္တော၊ ရောက်၍။ ပတိတော၊ ကျလေ၏။

ယင်းသို့ကျသော အမျိုးသား၏ကိုယ်သည် တံမြက်မှိုက်စုရာ၌မှောက်ခုံ ထားအပ်သော ရွှေဆင်းတုနှင့်တူ၏၊ သေပြီးမှကား အဝိဟာ မည်သော သုဒ္ဓါဝါသ ပြဟ္မာ့ပြည်၌ ဖြစ်လေ၏၊ ဖြစ်ကာမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

နိဗ္ဗတ္တမတ္တာဝ အရဟတ္တံ ပါပုဏိ။
(ခေတုဝိဘာဂ်သုတ် အဋ္ဌကထာ)

နိဗ္ဗတ္တမတ္တာဝ၊ ဖြစ်ကာမျှသည်သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်လေ၏။

သုဒ္ဓါဝါသဘုံ၌ ရောက်ကာမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်ခုနစ်ယောက်ကို ထေရီအဋ္ဌကထာ၌ ဤသို့လာ၏။

ဥပကော သလဘဏ္ဍောစ, ပုက္ကုသာတိစ တေ တယော၊
ဘဒ္ဒိယော ကဏ္ဍဒေဝေါစ, ဗာဟုတဂ္ဂိစ သိင်္ဂိယော။
တေ ဟိတွာ မာနုသံ ယောဂံ, ဒိဗ္ဗယောဂံ ဥပဇ္ဈဂုံ။

ဥပကော၊ ဥပကလည်းကောင်း။ သလဘဏ္ဍောစ၊ သလဘဏ္ဍကလည်းကောင်း။ ပုက္ကုသာတိစ၊ ပုက္ကုသာတိလည်းကောင်း။ ဣတိ၊ ဤသို့။ တေ တယော၊ ထိုသုံးယောက်သော အမျိုးသားတို့လည်းကောင်း။ ဘဒ္ဒိယော၊ ဘဒ္ဒိယလည်းကောင်း။ ကဏ္ဍဒေဝေါစ၊ ကဏ္ဍဒေဝလည်းကောင်း။ ဗာဟုတဂ္ဂိစ၊ ဗာဟုတဂ္ဂိလည်းကောင်း။ သိင်္ဂိယော၊ သိင်္ဂိယလည်းကောင်း။ ဣတိ၊ သို့။ တေ၊ ထိုခုနစ်ယောက်သော အမျိုးသားတို့သည်။ မာနုသံ ယောဂံ၊ လူ၌ဖြစ်သော ပဋိသန္ဓေကို။ ဟိတွာ၊ စွန့်ကုန်၍။ ဒိဗ္ဗယောဂံ၊ ဗြဟ္မာ၌ဖြစ်သော ပဋိသန္ဓေကို။ ဥပဇ္ဈဂုံ၊ ကပ်ကုန်၏။

ဥပကဟု၊ သလဘဏ္ဍ၊ ပုက္ကုသာတိ၊ ဘဒ္ဒိ-ကဏ္ဍ၊ ဗာဟုတနှင့်၊
သိင်္ဂိယမြောက်၊ ခုနစ်ယောက်မှာ၊ ဗြဟ္မာထုတ်ခြောက်၊ ရောက်ခြင်း
ခဏ၊ ရဟန္တာစစ်၊ ဖြစ်တုံလစ်၏။

(ဤပုက္ကုသာတိ အမျိုးသား၏ဝတ္ထုကား ဤ၌အကျဉ်းသာ၊အကျယ် မှာ ဥပရိပဏ္ဏာသ ဓာတုဝိဘင်သုတ်၌ လာ၏။)

ဤပုက္ကုသာတို့အမျိုးသားလည်း ဇာတိမကောင်းသောကြောင့် နွားဝှေ့၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလကဒုက္ခကို ခံစားရချေ၏။

ဤ၌ တမ္ဗဒါဌိက အမျိုးသား, သုပ္ပဗုဒ္ဓအမျိုးသား, ဒါရုစိရိကအမျိုး သား,ပုက္ကုသာတိအမျိုးသား ဤအမျိုးသားလေးယောက်တို့ကိုနွားဝှေ့၍ သေကုန်၏ဟူသည်မှာ နွားစစ်မဟုတ်၊ ရန်သူဖြစ်သော ဘီလူးမသည် နွား သားအမိယောင်ဆောင်၍ ဝှေ့သတ်သည်၊ ထိုဘီလူးမသည်ဤအမျိုးသား လေးယောက်တို့အား များစွာသော ဘဝတို့၌ နွားမယောင် ဆောင်၍



ရှင်မောဂ္ဂလာန်သည် ‘များစွာသော အခြံအရံနှင့် တကွ ငါ့အား ရှိခိုးလာသည်ကား  အဘယ်သူနည်း....၄၀၉

ဘဝ၌ သင်္ဘေသားဖြစ်ကြ၍ တယောက်သော ပြည့်တန်ဆာမကိုဥယျာဉ်သို့ ဆောင်ပြီးလျှင် တနေ့ပတ်လုံး စည်းစိမ်ကိုခံစား၍ နေအားနည်းမှုညချမ်းသောအခါ၌ ဤသို့ တိုင်ပင်ကြကုန်၏။ ဤအရပ်မှ သိသူမြင်သား တပါးသောသူသည်မရှိ။ ဤမိန်းမအား ငါတို့ပေးအပ်သော အသပြာတထောင်ကိုလည်းကောင်း, အလုံးစုံသော တန်ဆာ ဘဏ္ဍာကို လည်းကောင်း ယူ၍ ဤမိန်းမကို သတ်ပြီးမှ သွားကြကုန်အံ့ဟု တိုင်ပင်ကုန်၏။ ယင်းသို့ သင်္ဘေသားလေးယောက်တို့၏ တိုင်ပင်ကြသော စကားကို ပြည့်တန်ဆာမ ကြားလေသော် ဤသူလေးယောက်တို့ကား အရှက်မရှိကုန်။ ငါနှင့် တနေ့ပတ်လုံး မွေ့လျော်ပြီးမှ ယခုအခါ ငါ့ကို သတ်လိုကုန်သည်။ ထိုသူတို့အား ပြုဖွယ်ကိစ္စကို သိရကုန်အံ့ဟု ထိုပြည့်တန်ဆာမသည် ထို သင်္ဘေသားလေးယောက်တို့ သတ်အပ်သည်ရှိသော် ငါသည် ဘီလူးမဖြစ်၍ အကြင်အခြင်းဖြင့် ငါ့ကို သင်တို့သတ်ကြကုန်၏။ ထိုအခြင်းဖြင့် သင်တို့ကိုလည်း သတ်ခြင်းငှာ ငါသည် စွမ်းနိုင်လို၏ ဆုတောင်း၏။ ယင်းသို့ တောင်းအပ်သောဆုသည် ပြည့်လေရကား ထိုအမျိုးသား လေးယောက်တို့ကို ဘီလူးမသည် ဘဝများစွာ သတ်ရလေသတည်း။ ထိုအမျိုးသား လေးယောက်တို့သည် မိမိတို့ ပြုအပ်သော မကောင်းမှု အကျိုးကို မိမိတို့ ခံကြရသည်ကို ကြားသိရလျှင် သူတော်ကောင်းတို့အား အလွန်လျှင် သံဝေဂ ဖြစ်ကောင်းရာသတည်း။

၁၀၇-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော နွားဝှေ့ခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် သေရသော စဏ္ဍာလိဝတ္ထု၊

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်နေတော်မူလျက်မိုးသောက်ထအခါ ဘုရားမြတ်စွာတို့၏ လေ့လာမြဲဖြစ်သော မဟာကရုဏာ သမာပတ္တိဉာဏ်ကို ဝင်စားတော်မူပြီးလျှင် ထ၍ လောကကို ကြည့်သည်ရှိသော် ထိုရာဇဂြိုဟ် ပြည်၌ပင်ဒွန်းစဏ္ဍားရွာ၌ နေသော ကုန်ပြီးသော အသက်ရှိသော ငရဲ၌ ဖြစ်စေတတ်သော ကံကိုပြု၍ တည်သော ဒွန်းစဏ္ဍား မိန်းမအို တယောက်ကို

ညွှန်းစာပေ- ၅၆။

မြင်တော်မူလျှင် ဘုရားမြတ်စွာသည် မဟာကရုဏာတော်ဖြင့် တိုက်တွန်းအပ်သည်ဖြစ်၍ နတ်ပြည်၌ဖြစ်စေတတ်သောကောင်းမှုကံကို ပြုစေပြီးလျှင် ထိုကောင်းမှုကံဖြင့် ထိုဒွန်းစဏ္ဍားမ စဏ္ဍာလီအားငရဲ၌ ဖြစ်စေတတ်သော အကုသိုလ်ကံကို တားမြစ်၍ နတ်ပြည်၌ တည်စေအံ့ဟု ကြံတော်မူပြီးလျှင် များစွာသော ရဟန်း အပေါင်းတို့နှင့် တကွ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ ဒွန်းစဏ္ဍားမ စဏ္ဍာလီသည် လှံတံ, တောင်ဝှေးကို ထောက်၍ မြို့မှထွက်လတ်သော်သံဃာတော် အပေါင်းတို့နှင့်တကွကြွတော်မူလာသော ဘုရားရှင်ကိုမြင်လေလျှင် ရှေးရှုရပ်၍ တည်၏။ ဘုရားမြတ်စွာလည်း ထိုဒွန်းစဏ္ဍားမ စဏ္ဍာလီ၏ သွားခြင်းကို တားဘိသကဲ့သို့ ရှေ့မှရပ်တော်မူ၏၊ ယင်းသို့ရပ်တော်မူသောအခါ အရှင်မဟာမောဂ္ဂလာန်သည် သဗ္ဗညုဘုရား၏ စိတ်တော်ကို လည်းကောင်း, ဒွန်းစဏ္ဍားမ စဏ္ဍာလီ၏ အသက်ကုန်ခြင်းကို လည်းကောင်း သိတော်မူသောကြောင့် သဗ္ဗညုဘုရားအား ရှိခိုးစိမ့်သောငှာတိုက်တွန်းတော်မူလိုရကား “ဒွန်းစဏ္ဍားမစဏ္ဍာ လီ.... သင်သည်များစွာသောအခြံအရံ အကျော်အစော ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလော့။ သင့်ကို အစဉ် သနားတော်မူသောကြောင့် မြတ်သောညသိဖြစ်တော်မူသော သဗ္ဗညုဘုရားသည် လမ်းကြား၌ရပ်တော်မူ၏။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာဖြစ်တော်မူသော သဗ္ဗညုဘုရား၌ သင်၏စိတ်ကိုလွန်စွာကြည်ညိုစေလော့။ လျင်စွာလက်အုပ်ချီ၍ရှိခိုးလော့။ သင်၏ အသက်ကား နည်းပါးလှပြီ”ဟု မိန့်တော်မူ၏။ ဒွန်းစဏ္ဍားမ စဏ္ဍာလီသည် ရှင်မောဂ္ဂလာန် မိန့်တော်မူသော စကားကို ကြားလျှင် အလွန်ထိတ်လန့်ခြင်းသည် ဖြစ်၍ဘုရားမြတ်စွာ၌ ကြည်ညိုသောစိတ်ရှိရကား ငါးပါးသောရှိခိုးခြင်းဖြင့်ရှိခိုး၍ လက်အုပ်ချီလျက် ဘုရား၌ ဖြစ်သောပီတိဖြင့်တည်ကြည်သောစိတ်ရှိသည်ဖြစ်၍တည်၏။ ဘုရားမြတ် စွာသည် ဤမျှငါ၌ ရှိခိုးခြင်းကောင်းမှုသည် ဤဒွန်းစဏ္ဍားမ စဏ္ဍာလီအား နတ်ပြည်၌ ဖြစ်ခြင်းငှာ သင့်ပြီဟု နှလုံးပြုတော်မူလျက် ရဟန်းသံဃာတော် အပေါင်းနှင့်တကွ မြို့သို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ ဒွန်းစဏ္ဍားမ စဏ္ဍာလီကို ပျိနုသော သားငယ်ရှိသော နွားမသည် ရှေးရှု ပြေးလာပြီးလျှင် ချိုဖြင့် ဝှေ့ကော်လျက် အသက်ကုန်ခြင်းသို့ရောက်စေ၏။

အထန် ကောဂါဝီ တရုဏာဝစ္ဆာ တတောဇဝ အဘိမာဝဇန္တိ သိင်္ဂေန ပဟာရိတွာ ဇီဝိတာ ဝေါရောပေသိ။

(ဝိမာနဝတ္ထုအဋ္ဌကထာ)

အထ၊ထိုအခါ၌၊ နံ၊ ထိုဒွန်းစက္ကားမ စက္ကာလီကို။ တရုဏာဝစ္ဆာ၊ နုပျိုသော သားငယ်ရှိသော။ကော ဂါဝီ၊ နွားမတကောင်သည်။ တတော ဧဝ၊ ထိုအရပ်မှသာလျှင်။အဘိမာဝစ္ဆိ၊ရှေးရှုပြေးလာသည်ဖြစ်၍။သိင်္ဂေန၊ ချိုဖြင့်။ ပဟရိတွာ၊ တိုးဝှေ့ တိုက်ခေါ်၍။ဇီဝိတာ၊ အသက်မှ။ဝေါရောပေသိ ချ၏။

ယင်းသို့ နွားဝှေ့သောကြောင့် သေလျှင် ထိုဒွန်းစက္ကားမ စက္ကာလီသည် ဘုရား၌ ရှိခိုးအပ်သော စေတနာကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးတထောင် အခြံအရံရှိသည် ဖြစ်၍ ဖြစ်လေ၏၊ ယင်းသို့ဖြစ်သော နေ့၌ပင် ဗိမာန်နှင့်တကွ ဆင်းလာ၍ ဗိမာန်မှသက်ပြီးလျှင် ရှင်မောဂ္ဂလာန်သို့ ကပ်၍ရှိခိုး၏၊ ထိုသို့ရှိခိုးသောနတ်သမီးကိုရှင်မောဂ္ဂလာန်သည်မြင်တော်မူလျှင် "များစွာသော အခြံအရံနှင့်တကွ ငါ့အား ရှိခိုးလာသည်ကား အဘယ်သူနည်း" ဟု မေးတော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်ကား အရှင်ဘုရားသည် သမ္ဗုဒ္ဓဘုရား၏ ခြေတော်စုံကိုရှိခိုးလော့ဟု စေခိုင်းအပ်သော ဒွန်းစက္ကားမ စက္ကာလီဖြစ်ပါသည်၊ အရှင်ဘုရား တိုက်တွန်းသောကြောင့် သမ္ဗုဒ္ဓဘုရား၏ ခြေတော်စုံကို ရှိခိုး၍ရပ်သော အကျွန်ုပ်အား နွားဝှေ့၍ သေလေလျှင် တာဝတိံသာနတ်ပြည်၌ နတ်သမီးတထောင် အခြံအရံနှင့် တကွဖြစ်ရပါသည်၊ အရှင်ဘုရား တိုက်တွန်းတော်မူသောကြောင့်သာလျှင် ဤနတ်စည်းစိမ်ကို ရရကား အရှင်ဘုရားသည် ကျေးဇူးရှင်ဖြစ်ပေသော ကြောင့် ရှိခိုးခြင်းငှာလာပါသည်" ဟုလျှောက်၏၊ အရှင်မဟာမောဂ္ဂလာန်လည်း ကောင်း၏ဟု မိန့်တော်မူပြီးလျှင် တရားဟော၍ လွှတ်တော်မူ၏၊ ဤအကြောင်းကို အရှင်မဟာမောဂ္ဂလာန်သည် သမ္ဗုဒ္ဓဘုရားအား ကြားလျှောက်၏၊ သမ္ဗုဒ္ဓဘုရားသည်း ထိုအကြောင်းကို အဋ္ဌုပ္ပတ္တိပြုတော်မူ၍ ရောက်လာသော ပရိသတ်တို့အား တရားဟောတော်မူ၏၊ ပရိသတ်တို့လည်း အကျိုးတရား ရကြကုန်၏။

ထိုဒွန်းစက္ကားမ စက္ကာလီသည် ဇာတိမကောင်းသောကြောင့် နွားဝှေ့၍ သေရခြင်း တည်းဟူသော သူတပါးလုံ့ဖြင့် ပဋ္ဌဝက္ကမ မူလက ဒုက္ခကို ခံစားရချေ၏၊ အဘယ်၍ ဇာတိဒုက္ခ မရှိသည်ဖြစ်အံ့၊ ထိုဆင်းရဲကိုမခံစားရပြီ၊ ဇာတိဒုက္ခရှိသောကြောင့်သာ ခံစားရသည်၊ ထို့ကြောင့် ဇာတိဒုက္ခ ဟူသော တရားယုတ်ကား စက်ဆုပ် ရွံရှာဖွယ်တကားဟု နှလုံးထား၍

ဇာတိဒုက္ခ ဟူသော သံဝေဂဝတ္ထုတရား ထိတ်လန့်ခြင်းကို ဖြစ်စေသော အားဖြင့် ဉာဏသံဝေဂတရားကို ပွားများစေအပ်၏။

---

### ၁၀၈-ပစ္ဆိမကံ မူလက် ဒုက္ခအရာ၌ ဝက်ပက်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသည်ကို ထုတ်ပြအပ်သော ဝစ္စကိသူကရ ဇာတ်ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း မွေလျော်နေတော်မူလျက် မနုဂ္ဂဟ တိဿ အမည် ရှိသော မထေရ်ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ပသေနဒီကောသလမင်း၏ ခမည်းတော်ဖြစ်သော မဟာကောသလမင်းသည်မိမိ့သာရမင်းအား သမီးတော်ဖြစ်သော ဝေဒေဟီ အမည်ရှိသော ကောသလမိဖုရားကို ပေးသည်ရှိသော် သမီးတော်အား ရေချိုးကသယ်မှုန့်အဖိုးဖြစ်သော အခွန်တသိန်းထွက်သော ကာသိရွာကို လက်ဖွဲ့တော်မူ၏၊ နောက်အခါ အဇာတသတ်မင်းသည် အဖကိုသတ်သည်ရှိသော် ဝေဒေဟီ အမည်ရှိသော ကောသလ မိဖုရားလည်း သောကတရားတို့ဖြင့် နှိပ်စက်သောကြောင့် များမကြာခင် သေခဲ့၏၊ ထို့နောင်မှ ပသေနဒီကောသလမင်းသည် အဇာတသတ်သည် အဖကို သတ်အပ်၏၊ ငါ့နှမ ဖြစ်သော ဝေဒေဟီမိဖုရားလည်း လင်သေသော သောကဖြင့် နှိပ်စက်ရကား များမကြာမီ သေခဲ့၏၊ အဖသတ် သူခိုးအား ငါကား ကာသိရွာကို မပေးဟု ကြံ၏၊ ယင်းသို့ကြံပြီးမှ ပသေနဒီကောသလမင်းသည် အဇာတသတ်အား ထိုကာသိရွာကို မပေး၊ ယင်းသို့ မပေးလျှင် ထိုရွာကို အမှီပြု၍ တဦးရီး ဖြစ်သော မင်းနှစ်ပါးတို့ကား အကြား အကြား၌ ရံခါရံခါ စစ်ထိုးကြ၏၊ အဇာတသတ်မင်းသည် ပျိုနုသည်ဖြစ်၍ အားခွန်ဗလနှင့်ပြည့်စုံ၏၊ပသေနဒီကောသလမင်းကားကြီးရင့်သောကြောင့်အားခွန်ဗလနည်း၏ ထို့ကြောင့် ပသေနဒီကောသလမင်းသည် မပြော်ရှုံး၏၊ ယင်းသို့ ရှုံးလျှင် ပသေနဒီကောသလမင်းသည် "ငါတို့ကားမပြော်ရှုံးကုန်၏၊အဘယ်သို့ ပြုရအံ့နည်း" ဟု အမတ်တို့ကိုမေး၏၊ အမတ်တို့လည်း "အရှင်မင်းကြီး....ရဟန်းတို့သည် အတိုင်အပင်၌ လိမ္မာကြကုန်၏၊ ဇေတဝန် ကျောင်းတော်သို့ သွား၍ ရဟန်းတို့၏ စကားကို နားထောင်ခြင်းငှာ သင့်၏" လျှောက်ကုန်၏ ပသေနဒီကောသလမင်းလည်း "ယင်းသို့ တပြီးကား ရဟန်းတို့ပြောသော

စကားကို သွား၍ နားထောင်ချေ’’ဟုသူလျှိုမင်းချင်းတို့ကိုစေ၏၊မင်းချင်းတို့လည်း မင်းဆိုတိုင်းသွား၍ နားထောင်ကြကုန်၏၊ ထိုအခါ မထေရ်အိုနှစ်ပါးတို့သည် ကျောင်းစွန်းနားဝယ် သစ်ခက်မိုးသော သခ်မ်း၌ နေကြကုန်၏၊ တယောက်ကား ဒတ္တဟုအမည်တွင်၏၊ တယောက်ကား တိဿဟုအမည်တွင်၏၊ ထိုနှစ်ပါးသော မထေရ်အိုတို့တွင် ဓနုဂ္ဂဟ တိဿမည်သော မထေရ်အိုသည် ပထမယာမ်, မဇ္ဈိမယာမ်၌အိပ်၍ ပစ္ဆိမယာမ်၌ စောစော ထ၍ မီးစတို့ကို သုတ်သင်ပြီးသော် မီးကိုညှိ၍ထိုင်လျက် ‘‘အရှင်ဒတ္တ’’ ဟု ခေါ်၏၊ ‘‘အဘယ်နည်း အရှင်တိဿ’’ဟု ဆိုသော် ‘‘အိပ်၍သာ နေတော့မည်လော’’ဟု မေး၏၊ ‘‘မအိပ်သော် အဘယ်ပြုဖွယ်ရှိသနည်း’’ ဟု ဆိုလျှင် ‘‘ထ၍ထိုင်ပါဦး’’ဟုဆို၏။ အရှင်ဒတ္တသည် ထ၍ထိုင်ပြီးသော် ‘‘အရှင်တိဿ....ငါကား ထ၍ ထိုင်ပြီ’’ဟု ဆို၏။ ထိုအခါ အရှင်တိဿက ‘‘အရှင်ဒတ္တ....ဝမ်းခေါင်း ဝမ်းဝကျယ်လှသော ဤပသေနဒီကောသလမင်းသည် စားသမျှသောအစာကိုပုပ်သိုးခြင်းကိုသာ ပြု၏၊ စစ်ဆင်ခြင်းကိုကား တစုံတခုကိုမျှမသိ။ ရှုံးခြင်းသို့ရောက်၏’’ဟု ဆို၏၊ ‘‘ထိုသို့သော် အဘယ်သို့ပြုခြင်းငှာ သင့်သနည်း’’ဟုမေး၏။ ယင်းသို့ပြောဆိုကြသော ခဏ၌သူလျှိုမင်းချင်းယောကျ်ားတို့သည် ထိုမထေရ်နှစ်ပါးတို့၏ စကားကို နားထောင်လျက်ရပ်ကုန်၏၊ဓနုဂ္ဂဟတိဿမထေရ်သည် စစ်ဆင်ခြင်းကိုစီရင်၏၊ ‘အရှင်ဒတ္တ....စစ်ဆင်ခြင်းတို့သည်ကား ပဒုမဗျူဟာ, စက္ကဗျူဟာ, သကဋဗျူဟာဟူ၍ သုံးပါးအပြားရှိကုန်၏။အဇာတသတ်မင်းကို ဖမ်းလိုမူ ဤမည်သော တောင်ဝှမ်းဝယ် နှစ်ဖက်သော တောင်နံရံတို့၌ လူတို့ကို ဝှက်ထား၍ ရှေ့နားက အားနည်းသော စစ်သည် တို့ကိုပြ၍ တောင်ကြားသို့ ဝင်သော အဖြစ်ကို မသိစေပဲဝင်သောခရီးကို ရှေ့မှလည်းကောင်း, နောက်မှလည်းကောင်းပိတ်ဆို့၍နှစ်ဘက်သောတောင်နံရံတို့၌ ဟစ်အော်ကြွေးကြော်၍ပိုက်ကွန်၌ထည့်အပ်သော ငါးကဲ့သို့,လက်ဆုပ်၏အတွင်း၌ ထည့်အပ်သောငုံးကဲ့သို့ပြု၍အဇာတသတ်မင်းကိုဖမ်းယူခြင်းငှာတတ်ကောင်း၏’’ဟုဆို၏။သူလျှိုမင်းချင်းယောကျ်ားတို့လည်း ထိုအကြောင်းကို မင်းအား ကြားကုန်၏။ ပသေနဒီကောသလမင်းလည်း ထိုစကားကြား၍ စစ်မြေအရပ်၌ လှည့်လည်သော မောင်းစည်ကို လည်စေ၍သွားပြီးလျှင် သကဋဗျူဟာ စစ်ဆင်ခြင်းကို ပြု၍ အဇာတသတ်မင်းကို အရှင်ဖမ်းပြီးသော် ဝဇီရကုမာရီ အမည်ရှိသော မိမိ၏သမီးကိုမိမိ၏တူဖြစ်သောအဇာတသတ်မင်း အား ပေးပြီးလျှင်

ကာသိ ရွာကိုလည်း ကိုသမီးအား ရေချိုးကသယ်မှုန့်ဖိုးပြု၍ ပေးပြီးသော် လွှတ်လိုက်၏၊ ထိုအကြောင်းသည် ရဟန်းအပေါင်း၌ ထင်ရှားဖြစ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်တွင် "ငါ့ရှင်တို့....ပသေနဒီကောသလမင်းသည် မနုဂ္ဂဟတိဿမထေရ်၏ အစီအရင်ဖြင့် အဇာတသတ်မင်းကို အောင်၏"ဟု စကားကို ဖြစ်စေကုန်၏။ ဘုရားမြတ်စွာလည်း ကြွလာ တော်မူ၍ မေးသောကြောင့် အကြောင်းကို လျှောက်လတ်သော် "ရဟန်းတို့.... ယခုအခါ၌သာ ဓနုဂ္ဂဟကိဿ မထေရ်သည် စစ်ဆင်ခြင်း၌ လိမ္မာသည်မဟုတ်။ ရှေး၌လည်း လိမ္မာသည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားအလောင်းတော်သည် တော၌ ရုက္ခစိုးနတ် ဖြစ်တော်မူ၏။ ထိုအခါ ဗာရာဏသီပြည်ကို မှီ၍ နေသော လက်သမားရွာမှ လက်သမားတယောက်သည် သစ်တိုင် အလို့ငှာ တောသို့ သွားသော် တွင်း၌ကျသောဝက်ငယ်တခုကို မြင်လျှင်ထိုဝက်ငယ်ကို အိမ်သို့ဆောင်၍ မွေးကျွေး၏၊ထိုဝက်ငယ်သည် ကြီးပွားခြင်းသို့ရောက်လတ်သော်ကြီးသော ကိုယ်ရှိ၏၊ ကောက်သော အစွယ်ရှိ၏။ အကျင့် သီလနှင့် ပြည့်စုံ၏။ လက်သမားသည် ကျွေးမွေးအပ်သည်၏ အဖြစ်ကြောင့် ဝဍ္ဎကီ သူကရဟု အမည်အားဖြင့် ထင်ရှား၏။ လက်သမား၏ သစ်ရွေသောကာလ နှုတ်သီးဖြင့် သစ်ကိုပြန်လှန်၏၊ ခံတွင်းဖြင့် ကိုက်၍ ပဲခွပ်၊ ပုဆိန်၊ ဆောက်ရိုက်တို့ကို ဆောင်၏၊ တံမျဉ်းကြိုးစွန်း၌ကိုင်၏။ ထိုအခါလက်သမားကတစုံတယောက်သောသူသည် ဤဝက်ကိုစားရာ၏ဟု ကြောက်သဖြင့် ဆောင်၍ တော၌ လွှတ်၏။ ထိုဝဍ္ဎကီသူကရလည်း တောသို့ဝင်၍ ဘေးမဲ့ချမ်းသာသောတော အရပ်ကိုကြည့်လတ်သော် တခုသောတောင်ကြား၌ ကြီးစွာသော တောင်ချောက်ကို မြင်လေ၏၊ ပြည့်စုံသော အမြစ်အဖု အသီးရှိ၏။ ချမ်းသာစွာ နေရာအရပ်တည်း။ များစွာသော ဝက်အပေါင်းတို့ဖြင့် ပြွမ်း၏။ ထိုဝက်တို့ သည် ဝဍ္ဎကီသူကရကိုမြင်၍ ထိုဝဍ္ဎကီသူကရ၏ အထံသို့ လာကြကုန်၏။ ဝဍ္ဎကီသူကရလည်း ထိုဝက်တို့ကို "ငါသည် သင်တို့ကို ရှာလျက် လှည့်လည်၏၊ စင်စစ်သော်ကား ဤအရပ်သည် မွေ့လျော်ဖွယ်ရှိ၏။ ငါသည် ယခုအခါ ဤအရပ်၌သာ နေအံ့"ဟုဆို၏။ "ဤအရပ်သည် မွေ့လျော်ဖွယ် ရှိသည်မှန်၏၊ ယင်းသို့မှန်သော်လည်း ဤအရပ်၌ တခုသော ဘေးရန်သည် ရှိ၏"ဟုဆိုကုန်၏။ ငါသည် သင်တို့ကိုမြင်၍ ဤသို့ကျက်စားရာနှင့် ပြည့်စုံ

သောအရပ်၌နေကုန်သော ထိုဝက်တို့၏ကိုယ်၌ အသားအသွေးသည် မရှိ ဟု အောက်မေ့၏၊ ''ဤအရပ်၌ သင်တို့၏ဘေးရန်သည် အဘယ်နည်း''ဟု မေးသော် ''ကျားတကောင်သည် နံနက်စောစော လာပြီးလျှင် မြင်တိုင်း ဟူးဟူးညားညားသော ဝက်ကို ယူသွားသည်''ဟု ဆိုကုန်၏၊ ''ထိုကျား သည် မပြတ်ပင်လာ၍ယူသလော၊ ယင်းသို့မဟုတ် ရံခါရံခါ လာ၍ ယူ သလော''ဟု မေးသော် ''မပြတ်ပင် လာ၍ ယူသည်''ဟု ဆိုကုန်၏၊ ''ထို ကျားတို့ကား အတီမျှတို့နည်း''ဟု မေးသော် ''တကောင်မျှသာ''ဟု ဆိုကုန်၏၊''ဤမျှလောက် များပြားကုန်သောသင်တို့သည် ကျားတကောင် အား စစ်ထိုးခြင်းငှာ မတတ်နိုင်ကုန်သလော''ဟုမေးသော်''အေး....မတတ် နိုင်''ဟု ဆိုကုန်၏၊ ''ငါကား ထိုကျားကိုဖမ်းမည်၊ စင်စစ်မှာ သင်တို့ ငါ့ စကားကို နားထောင်ကုန်လော့၊ ထိုကျားသည် ယခုအခါဝယ် အဘယ် အရပ်၌ နေသနည်း''ဟု မေးသော် ''တခုသော တောင်၌ နေသည်''ဟု ဆို၏၊ ထိုဝဍ္ဍကီသူကရသည် ညဉ့်သာ ဝက်တို့ကို ကျက်စားစေ၍ စစ်ဆင် ခြင်းကို စီရင်လျက် စစ်ဆင်ခြင်းကား ပဒုမဗျူဟာ, စက္ကဗျူဟာ,သကဋ ဗျူဟာ၏ အစွမ်းဖြင့် သုံးပါးအပြားရှိသည်ဟု ဆိုပြီး၊ သော် ပဒုမဗျူဟာ၏ အစွမ်းဖြင့် စစ်စီရင်၏၊ ထိုဝဍ္ဍကီသူကရသည် မြေ၏ဦးခေါင်းကို သိ၏၊ ထို့ကြောင့် ဤအရပ်၌စစ်ထိုးခြင်းငှာ သင့်၏ဟု အကြီးမိဘဖြစ်သော ဝက် တို့ကို ထိုဝက်တို့၏ အလယ်၌ထား၏၊ ထိုအကြီးဖြစ်သော ဝက်တို့ကိုလှည့်၍ အလယ်တွင် ဝက်မတို့ကို ထား၏၊ ထိုဝက်မတို့ကို လှည့်၍ ဝက်ပျိုတို့ကို, ထိုဝက်ပျိုတို့ကို လှည့်၍ ဝက်အိုတို့ကို, ထိုဝက်အိုတို့ကို လှည့်၍ အစွယ် ရှိသောဝက်တို့ကို, ထိုဝက်တို့ကို လှည့်လည်၍ စစ်ထိုးခြင်းငှာ စွမ်းနိုင်သော အလွန်အားကြီးသော ဝက်ဘိုကို ထိုယူအရပ်၌ ဆယ်ကောင်စီ, အကောင် နှစ်ဆယ်စီ ဗိုလ်စုပြု၍ထား၏၊ မိမိတည်ရာ ရပ်၏ ရှေ့မှာကား တခုသော တွင်းဝန်းကို တူးစေ၏ နောက်မှာကား တခုသောကမ်းပြတ်သဏ္ဌာန်ရှိသော အစဉ်အတိုင်း နိမ့်သောချိုင့်နှင့် တူသော တွင်းကို တူးစေ၏၊ ထိုဝဍ္ဍကီ သူကရ၏ ခြောက်ဆယ် ခုနစ်ဆယ် အတိုင်းအရှည်ရှိသော ဝက်သူရဲတို့ကို ခေါ်၍ ထိုထိုအရပ်တို့၌ မကြောက်ကြကုန်လင့်ဟု စစ်အမှုကို စီရင်စဉ် နေအရုဏ် တက်၏၊ ကျားလည်း ထ၍ အခါတန်ပြီဟု သိလျှင် သွား၍ ထိုဝက်တို့၏ ရှေးရှုဖြစ်သော တောင်အပြင်၌ရပ်၍ မျက်စိတို့ကိုဖွင့်ပြီးလျှင် ဝက်တို့ကိုကြည့်၏၊ ဝဍ္ဍကီသူကရလည်း ထိုကျားကို ကြည့်တုံ့ကြည့်ကြကုန် ဟု စီရင်လျက် ဝက်တို့အား အမှတ်ကို ပေး၏၊ ဝက်တို့လည်း ကြည့်တုံ့

ကြည့်ကြကုန်၏၊ ကျားသည် မျက်နှာကို တွန့်လိမ်၍ ကြည့်၏၊ ဝက်တို့လည်း ထို့အတူ ပြုကြကုန်၏၊ ကျားသည် ကျင်ငယ်ကိုစွန့်၏၊ ဝက်တို့လည်းစွန့်ကြကုန်၏၊ ယင်းသို့လျှင် အကြင်အကြင်အမှုကို ထိုကျားသည် ပြု၏၊ ထိုထိုအမှုကို ဝက်တို့လည်း အတုလိုက်၍ ပြုကြကုန်၏၊ ယင်းသို့ပြုလျှင် ကျားသည် ကြံ၏၊ ရှေးအခါ ငါသည် ဝက်တို့ကို ကြည့်သောကာလ ပြေးကြကုန်၏၊ ယင်းသို့ ပြေးကြသော်လည်း ခြေခိုင်၍ပြေးခြင်းငှာမတတ်နိုင်ကုန်၊ ယနေ့ကား မပြေးပဲ ငါ၏ရန်သူဖြစ်၍ ငါပြုတိုင်း အတုကိုသာ ပြုကုန်၏၊ ထိုမြေဦး၌တည်၍ ထိုဝက်တို့အား စီရင်တတ်သော တစုံတယောက်သော သူသည်ရှိ၏၊ ယနေ့သွားသော် ငါ့အားအောင်အံ့သော အခြင်းအရာမထင်ပါတကားဟု ကြံ၏၊ ယင်းသို့ကြံပြီးလျှင် ကျားသည် မိမိနေရာသို့ပြန်သွား၏၊ ထိုကျားသည် ယူအပ်သော အသားကိုစားသော တယောက်သော ရသေ့စဉ်းလဲသည်ရှိ၏၊ ထိုရသေ့စဉ်းလဲသည် လက်ပယ်မပါ အချည်းစည်း ပြန်လာသော ကျားကိုမြင်သော် "သင်သည် ရှေးအခါ ထိုဝက်တို့တွင် ဆူနိုးရာရာထင်သော ဝက်ကိုစား၍ ယခုကားအချည်းစည်း ပြန်လာသည် သင့်အား ခွန်အားဗလ ကုန်လေသလော"ဟု ဆို၏၊ ထိုစကားကိုကြား၍ ကျားသည် "ရှေးအခါ ဝက်တို့သည်ငါ့ကိုမြင်သော် ပြေးကြကုန်၏၊ယနေ့မူကား မပြေး၊ ငါ၏ရန်သူဖြစ်၍ ငါပြုတိုင်းအတုကိုသာပြု၍နေကုန်သည်၊ ယနေ့ ငါ့အား အောင်အံ့သော အခြင်းအရာ မထင်သောကြောင့် ပြန်လာသည်"ဟု ဆို၏၊ ထိုအခါ ရသေ့စဉ်းလဲသည်ကျားအားအားထုတ်ခြင်းကို ဖြစ်စေလျက် "မကြောက်လင့်၊ သွားချေ၊ သင်သည်ဟုန်း၍ပြေးထွက်လျှင် ဝက်အပေါင်းတို့ကွဲ၍ ပြေးကုန်လတ္တံ့"ဟု ဆို၏၊ကျားလည်း ရသေ့စဉ်းလဲက အားထုတ်ခြင်းကို ဖြစ်စေသော် ရဲရင့်သည်ဖြစ်၍ တဖန်သွားပြီးလျှင် တောင်ဒးပြင်၌တည်၏၊ ဝဍ္ဎကီသူကရလည်း တွင်းနှစ်ခုတို့၏ အကြား၌ တည်၏၊ ဝက်တို့လည်း "သခင်.... သူခိုးကြီးသည် တဖန်လာပြန်သည်" ဟု ဆိုကုန်၏၊ "မကြောက်ကြကုန်လင့်၊ ယခုအခါ ငါဖမ်းမည်"ဟု ဆို၏၊ ကျားသည် ဟုန်း၍ ဝဍ္ဎကီသူကရ၏ အထက်၌ခုန်၏၊ ဝက်လည်း ကျား၏ မိမိအထက်သို့ကျသောကာလ ပြန်လှန်၍ လျင်မြန်သော အဟုန်ဖြင့်ဖြောင့်ဖြောင့် တူးသောတွင်းသို့ဆင်း၏၊ ကျားလည်း အဟုန်ကို တည်စေခြင်းငှာ မတတ်နိုင်ရကား အထက်အဖို့အားဖြင့် သွား၍ ကမ်းပြတ်ဝ၌ ကျသကဲ့သို့ ဖီလာကန့်လန့် တူးအပ်သော တွင်း၏ အလွန် ကျဉ်းသောအဝ၌ ကျ၍ လက်အုပ်ချီသကဲ့သို့ ဖြစ်၏၊ ဝက်လည်း တွင်းမှတက်၍ ထက်မြက်သော

အဟုန်ဖြင့် လာပြီးလျှင် ကျားကိုပေါင်ကြား၌ အစွယ်ဖြင့်ကော်၍ အညို့ အရပ်တိုင်အောင်ခွဲပြီးမှ ငါးပါးသော ချိုမြိန်ကောင်းမြတ်သော အသားကို အစွယ်ဖြင့် ရစ်လျက် ကျား၏ ထိပ်ချက်၌ ချ၍ချ၍ ပတ်ပတ် လှည့်ပြီးမှ သင်တို့၏ ရန်သူကို ယူကြကုန်ဟု ချီမ၍တွင်းပသို့ တင်လိုက်၏၊ ရှေးဦးစွာ ပြေးလာသော ဝက်တို့သည်သာ ကျား၏ အသားကို စားကြရကုန်၏၊ နောက်မှ ပြေးလာသော ဝက်တို့ကား ကျားသား အဘယ်သို့ သဘောရှိ သနည်းဟု ရှေးဦးဝက်တို့၏ခံတွင်းနှုတ်ခမ်းကိုနမ်းကြရကုန်၏၊ ဝက်တို့သည် မနှစ်သက်ကုန်လှသေး၊ ဝဇ္ဇကိသူကရလည်း ထိုဝက်တို့၏ အခြင်းအရာကို မြင်၍'သင်တို့သည် အသို့နည်း၊ငါ့အမှုကို မနှစ်သက်ကြကုန်သေးသလော' ဟုမေး၏၊ 'သခင်....ထိုကျားသည်ခဲအပ်သဖြင့် အဘယ်ဖြစ်လောက်သနည်း၊ စင်စစ်မူကား တပါးသော ကျားကိုစေခိုင်းတတ်သော ရသေ့စဉ်းလဲသည် ရှိသေးသည်သာလျှင်တည်း''ဟုဆိုကုန်၏၊ ''ဤသူကား အဘယ်သူနည်း'' ဟု မေးသော် ''သီလမရှိသောရသေ့စဉ်းလဲတည်း''ဟု ဆိုလျှင် ''ကျားကို သော်လည်း ငါသည် သတ်အပ်သေး၏၊ ထိုရသေ့စဉ်းလဲကား ငါ့အား အဘယ်လောက်အံ့နည်း၊ လာကြကုန်၊ ရသေ့စဉ်းလဲကို ဖမ်းကုန်အံ့''ဟု ဝက်အပေါင်းနှင့်တကွ သွားကြလေ၏၊ ရသေ့စဉ်းလဲလည်း ကျားသည် မလာပဲ ကြာမြင့်လတ်သော် အဖို့နည်း ဝက်တို့သည် ကျားကိုဖမ်းကြကုန် သလောဟု တွေးတောပြီးလျှင် ခရီးရင်ဆိုင် လာလတ်သော် ထိုဝက်တို့ကို ရှေးရှုလာသည်ကို မြင်လျှင် မိမိပရိက္ခရာတို့ကို ယူ၍ပြေးသောကြောင့် ထို ဝက်တို့သည် အစဉ်လိုက်ရကား ပရိက္ခရာများကို ပယ်စွန့်၍ လျင်မြန်သော အဟုန်ဖြင့် ရေသဖန်းပင်သို့တက်၏၊ ဝက်တို့လည်း ''သခင်.... ယခုအခါ ငါတို့ပျက်ကုန်ပြီ၊ ရသေ့ကား ပြေးသွား၍ သစ်ပင်ထက်သို့တက်လေပြီ''ဟု ဆိုကုန်၏၊ ''အဘယ်သစ်ပင်နည်း''ဟု မေးလျှင် 'ရေသဖန်းပင်တည်း''ဟု ဆိုသော် ထိုဝဇ္ဇကိသူကရသည် ''ဝက်မတို့မှာ ရေဆောင်ပါကုန်၊ ဝက်မျို တို့ကား မြေကိုတူးကြကုန်၊ အစွယ်ရှည်သော ဝက်တို့ကား သစ်မြစ်များကို ဖြတ်ကြကုန်၊ ကြွင်းသောဝက်တို့ကား ဝန်းရန်၍စောင့်ရှောက်ကြကုန်''ဟု စီရင်၍ ထိုဝက်တို့သည် ဝဇ္ဇကိသူကရ ဆိုတိုင်း ပြုကြကုန်သည် ရှိသော် မိမိကား ရေသဖန်းပင်၏ အောက်သို့ ဖြောင့်ဖြောင့် ဆင်းသော မြစ်မကို ပုဆိန်ဖြင့်ဖြတ်ခွဲကဲ့သို့ ချက်ချင်းဖြတ်ခွဲ၍ ရေသဖန်းပင်ကို လဲစေ၏၊ ဝန်းရံလျက်တည်ကုန်သော ဝက်တို့သည် ရသေ့စဉ်းလဲကို မြေ၌လှဲ

အပိုင်းပိုင်းပြုလျက် အရိုးတိုင်အောင်ခွဲပြီးလျှင် ဝနကီသူကရကို ရေသဖန်းတုံးပေါ်၌နေစေ၍ ရသေ့စဉ်းလဲ၏ အသုံးအဆောင်ဖြစ်သော ခရုသင်းဖြင့်ရေကိုဆောင်ပြီးလျှင် ဘိသိက်သွန်း၍ မင်းမြှောက်ကုန်၏၊ တကောင်သောဝက်ပျိုမကိုလည်း ထိုဝနကီသူကရ၏ မိဖုရားကြီး ပြုကုန်၏၊ ထိုအခါမှစ၍ယနေ့ထက်တိုင် မင်းတို့ကို ရေသဖန်းပျဉ်ထက်၌ နေစေ၍ သုံးလုံးသောခရုသင်းတို့ဖြင့် ရေကို သွန်းကုန်၏၊ ထိုတောအုပ်ကို စိုးအုပ်၍ နေသောနတ်မင်းတို့သည် ထိုအံ့ဖွယ်သရဲကို မြင်၍ ဝက်အပေါင်းအားကောင်းချီးပေး၏၊ ဘုရားမြတ်စွာလည်း ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါဝနကီသူကရကား ယခုအခါ ဓနုဂ္ဂဟတိဿမထေရ် ဖြစ်လာ၏၊ ရုက္ခစိုးနတ်ကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏၊ ဤကျားဤရသေ့စဉ်းလဲတို့သည်လည်း ဇာတိမကောင်းသောကြောင့် ဝက်ပက်၍သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပစ္စုပက္ကမမူလကဒုက္ခကို ခံစားရချေကုန်၏။

---

### ၁၀၉-ပစ္စုပက္ကမ မူလက ဒုက္ခအရာ၌ ခွေးကိုက်ခြင်း, မြွေခဲခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသော ကောကမုဆိုး ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူလျက် ကောကအမည်ရှိသော ခွေးမုဆိုးကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုခွေးဆိုးကောကသည် တနေ့သ၌ နံနက်အခါ လေးမြား တောင့်တို့ကို ယူ၍ ခွေးအပေါင်းခြံရံလျက် တောသို့ထွက်သော် ခရီးလမ်းကြား၌ ဆွမ်းအလို့ငှါရွာသို့ဝင်သော ရဟန်းကိုမြင်၍ အမျက်ထွက်ရကား သူယုတ်မ သားကိုငါသည်မြင်အပ်၍ မင်္ဂလာမရှိရကား ငါ့အား ယနေ့ တစုံတခုသည် မရလတ္တံ့ဟုကြံလျက် ထွက်သွား၏၊ မထေရ်လည်း ရွာ၌ ဆွမ်းခံ ပုည့်လည်၍ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စရှိလတ်သော် ကျောင်းသို့ တဖန်ပြန်လာ၏၊ ခွေးမုဆိုး ကောကလည်း တော၌လှည့်လည်၍ တစုံတခုကိုမျှ မရရကားအိမ်သို့ပြန်လာသော် တဖန်မထေရ်ကို မြင်ပြန်၍ ယနေ့ငါကား ဤသူယုတ်ကိုမြင်သောကြောင့် တောတွင်တစုံတခုမျှ မရ၊ ယခုတဖန်လည်း ငါ၏မျက်မှောက်သို့ လာပြန်သည်၊ ခွေးတို့ကို ထိုသူယုတ်အား စားစေမည်ဟုအမှတ်မပေး၍ ခွေးတို့ကိုလွှတ်၏၊ မထေရ်လည်း "ဥပါသကာ....ဤသို့

မပြုကောင်း”ဟု တောင်းပန်၏၊ “ယခုနေ့ငါသည် နံနက်အခါတွင် သင့်ကို မြင်အပ်သည်၏အဖြစ်ကြောင့် တစုံတခုကိုမျှ မရ၊ ယခုတဖန်လည်း ငါ၏ မျက်မှောက်သို့ လာပြန်သည်၊ ယင်းသို့ဖြစ်သောကြောင့် သင့်ကို ငါ့ခွေး တို့အား စားစေအံ့သာလျှင်ကတည်း”ဟု ဆို၍ ခွေးတို့ကို တဖန်ဆူးဆူးဟု တိုက်ပြန်၏၊ ယင်းသို့ ဆူးတိုက်လျှင်မထေရ်သည်မြန်စွာသွားပြီးလျှင် သစ်ပင် ထက်သို့တက်၍ လက်ခုပ်တဖေါင်မျှသော အရပ်၌နေ၏၊ ခွေးတို့လည်း သစ်ပင်ကို ဝိုင်းရံကုန်၏၊ မုဆိုးကောကလည်းလာ၍ သစ်ပင်ကိုပင် သင် တက်ငြားသော်လည်း သင့်အား လွတ်ခြင်းမရှိဟုဆို၍ မြားနှုတ်သီးဖြင့် ခြေဖဝါးအပြင်၌ထိုး၏၊ မထေရ်သည်း‘ ဥပါသကာ....ဤသို့မပြုကောင်း” ဟု တောင်းပန်သည်သာတည်း၊ ယင်းသို့ တောင်းပန်ပါသော်လည်း ခွေး မုဆိုးကောကသည် မထေရ်၏စကားကို နားမထောင်ပဲ အဖန်တလဲလဲ ထိုးသည်သာတည်း။ မထေရ်လည်း ခြေဖဝါးတဖက်ကိုဆူးသော် အခေါ် သို့ ထိုခြေကိုတင်၍ သည့်ပြင်ခြေကို တွဲလျားဆွဲ၏၊ ထိုခြေကိုပင် တဖန် ထိုးပြန်သော် အခပေါ်သို့မ၍ တင်ပြန်၏၊ ယင်းသို့လျှင် ထိုမုဆိုး ကောက သည် မထေရ်၏ သာယာခြင်း တောင်းပန်သော စကားကိုနားမထောင်ပဲ သာလျှင် ခြေဖဝါးနှစ်ဘက်ကို ထက်စွာသော မြားနှင့်ထိုး၏၊ မထေရ်၏ ကိုယ်အလုံးသည်မီးရှူးမီးတောက်ဖြင့် မြိုက်သကဲ့သို့ ဖြစ်၏၊ ထိုမထေရ်သည် ဝေဒနာသို့ အစဉ်လိုက်သည်ဖြစ်၍ သတိကို ထင်စေခြင်းငှာ မတတ်နိုင်၊ ကိုယ်မှ ကိုယ်ရုံသင်္ကန်းလျှောကျသည်ကိုလည်း မသိ၊ သင်္ကန်းသည် လျှော ကျသော် ကောကမုဆိုး၏ဦးခေါင်းမှစ၍ခြုံရုံလျက်ကျလေ၏၊ ခွေးတို့သည် မထေရ်ကျလာ၏ဟုသော အမှတ်ဖြင့် သင်္ကန်းကြားသို့ ဝင်ပြီးလျှင် မိမိတို့ သခင်ကို နုတ်၍စားကုန်လျက် အရိုးများကိုသာ ကြွင်းသည်ကို ပြုကုန်၏။

သုနခါ ထေရဿ ပတိတောတိ သညာယ စီဝရန္တရံ ပဝိသိတွာ အတ္တနော သာမိကံ လုဉ္စိတွာ ခါဒန္တာ အဋ္ဌိမတ္တာဝသေသံကရိံသု။

(ဓမ္မပဒ အဋ္ဌကထာ)

သုနခါ၊ခွေးတို့သည်။ ထေရဿ၊ မထေရ်သည်။ ပတိတော၊ ကျလာ၏။ ဣတိသညာယ၊ ဤသို့သော အမှတ်ဖြင့်။ စီဝရန္တရံ၊ သင်္ကန်းကြားသို့။ ပဝိသိတွာ၊ ဝင်ကုန်၍။ အတ္တနော၊ မိမိ၏။ သာမိကံ၊ သခင်ကို။ လုဉ္စိတွာ၊ နုတ်၍။ ခါဒန္တာ၊ ခဲကုန်လျက်။ အဋ္ဌိမတ္တာဝ၊ အရိုးမျှကိုသည်သာလျှင်။ သေသံ၊ ကြွင်းသည်ကို။ ကရိံသု၊ ပြုကုန်၏။

ခွေးတို့သည် သက်နှင်းကြားမှထွက်ကြ၍ အပဥ္စတည်ကုန်၏၊ ထိုအခါ ခွေးတို့အား မထေရ်သည် သစ်ခက်ခြောက်ကို ချိုး၍ပစ်၏၊ ခွေးတို့သည် မထေရ်ကို မြင်ကုန်လျှင် သခင်ကိုလည်း စားအပ်ကုန်ပြီဟု သိသောကြောင့် တောသို့ဝင်ကုန်၏၊ မထေရ်သည်း ငါ၏သက်နှင်းကြားသို့ ဝင်သောကြောင့် ဤသူသည် ပျက်စီးလေ၏၊ ငါ၏သီလသည် အနာမရှိသလောဟု ကုက္ကုစ္စကို ဖြစ်စေ၏၊ ယင်းသို့ဖြစ်စေပြီးလျှင် သစ်ပင်မှဆင်း၍ သမ္ဗုဒ္ဓဘုရားအထံသို့ သွားပြီးလျှင် အရင်းမှစ၍ အကြောင်းအလုံးစုံကို အကုန်သမ္ဗုဒ္ဓဘုရားအားလျှောက်ထားပြီးသော် "ဘုန်းတော်ကြီးလှသော ဘုရား....ဤသူကား အကျွန်ုပ်သက်နှင်းကို အမှီပြုလျက် သေရှာလေ၏၊ အကျွန်ုပ်၏ သီလသည် အနာမရှိလေသလော၊ အသို့နည်း....အကျွန်ုပ်၏ ရဟန်း၏ အဖြစ်သည် ရှိပါဦးမည်လော" ဟုမေး၏၊ သမ္ဗုဒ္ဓဘုရားလည်း ထိုရဟန်း၏ စကားကို ကြားတော်မူလျှင် "ရဟန်း....သင်၏သီလကားအနာမရှိပကတိပင်၊ သင်၏ ရဟန်းအဖြစ်ကား ပြည့်စုံပါ၏၊ ထိုသူသည် မပြစ်မှားအပ်သော သူအား ပြစ်မှားသောကြောင့် ပျက်စီးခြင်းသို့ ရောက်လေ၏၊ စင်စစ်သော်ကား ဤသူသည် ယခုအခါ၌သာ မပြစ်မှားအပ်သော သူအား ပြစ်မှားသောကြောင့် ပျက်စီးခြင်းသို့ ရောက်သည်မဟုတ်၊ ရှေးအခါ၌လည်း ရောက်ဖူးသည်သာတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ တယောက်သော ဆေးသမားသည် ဆေးကုစားခြင်းငှာ ရွာနိဂုံတို့၌ လှည့်လည်၍ တစုံတခုကိုမျှ မရသောကြောင့် ဆာလောင် မွတ်သိပ်သော ကိုယ်ရှိရကား ရွာမှထွက်သွား၍ ရွာတံခါး၌ များစွာသော သူငယ်တို့ ကစားသည်ကို မြင်လေသော် ဤသူငယ်တို့ကို မြွေဖြင့်ကိုက်စေလျက် ဆေးကုခြင်းပြုရသော် တစုံတခုသော အာဟာရကို ရလတ္တံ့ဟုနှလုံးပြု၍တခုသောသစ်ခေါင်း၌ဦးခေါင်းထုတ်၍အိပ်သော မြွေကိုပြလျက် "အချင်းသူငယ်တို့.... ဤသည်ကား ဆက်ရက်ငယ်တည်း၊ ထိုဆက်ရက်ငယ်ကို ဖမ်းကြကုန်လော့" ဟုဆို၏၊ ထိုအခါ ရဲရင့်စွာသော သူငယ်တယောက်သည် သစ်ပင်ထက်သို့တက်လေ၍ မြွေကိုလည်၌မြဲမြံစွာ ကိုင်ပြီးလျှင် ငင်ထုတ်လျက် ထိုသတ္တဝါသည် မြွေ၏ အဖြစ်ကို သိရကား ကြောက်လန့်တကြား ဟစ်အော်ပြီးလျှင် အနီး၌ရပ်နေသော ဆေးသမား၏ထိပ်ထက်၌ ပစ်ချ၏၊ မြွေလည်းဆေးသမား၏ ပခုံးရိုးကို ရစ်ပတ်လျက် အချက်ကျပြင်းစွာကိုက်၍ ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ရောက်စေ၏။

သပ္ပေါ ဝေဇ္ဇာသဲ ခန္ဓင်္ဂိကံ ပရိက္ခိပိတွာ ဒင်္ဂုံ ခုံသိတွာတတ္တော၀ ဇီဝိတက္ခယံ ပါပေသိ။

(ဓမ္မပဒ အဋ္ဌကထာ)

သပ္ပေါ၊ မြွေသည်။ ဝေဇ္ဇာသံ၊ ဆေးသမားမ၏။ ခန္ဓင်္ဂိကံ၊ ပခုံးရိုးကို။ ပရိက္ခိပိတွာ၊ ရစ်ပတ်၍။ ဒင်္ဂံ၊ မြဲစွာ၊ ဍုံသိတွာ၊ ကိုက်၍။ တတ္တော၀၊ ထို အရပ်၌သာလျှင်ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။

''ရဟန်း....ဤသို့လျှင် ခွေးမုဆိုးကောကသည် ရှေး၌လည်း မပြစ်မှား အပ်သောသူအား ပြစ်မှားသောကြောင့် ပျက်စီးခြင်းသို့ ရောက်သည်သာ လျှင်တည်း''ဟုမိန့်တော်မူ၏၊ဤကောကမုဆိုးလည်းဝစ္စကုပ္ပ၌ဇာတိမကင်း သောကြောင့် ခွေးကိုက်၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလကဒုက္ခကို ခံစားရချေ၏၊ အတိတ်၌လည်း မြွေကိုက်၍သေရ ခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစား ရချေ၏။

---

၁၁၀-ပရူပက္ကမ မူလကဒုက္ခအရာ၌ ကြွက်ခဲခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် သေရသည်ကို ထုတ်ပြအပ်သော ဓမ္မိကမြေခွေး အင်္ဂုတ္တ ဘာရဒွါဇ မြေခွေးတို့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် ကုဟကရဟန်းတယောက်ကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုအခါ ဘုရားမြတ်စွာသည် ထိုရဟန်း၏ အံ့ဖွယ်သရဲ စဉ်းလဲကောက်ကျစ်သော အဖြစ်ကို ကြားတော် မူလတ်သော်''ရဟန်းတို့.... ယခုအခါ၌သာ ဤရဟန်းသည်အံ့ဖွယ်သရဲ စဉ်းလဲစဉ်းစားများသည်မဟုတ်၊ ရှေးအခါ၌လည်းအံ့ဖွယ်သရဲစဉ်းလဲစဉ်း စားများသည်သာတည်း''ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်းသည်မင်းပြုလတ် သော် ဘုရားအလောင်းသည် ကြွက်မျိုး၌ဖြစ်၍ ကြီးပွားခြင်းသို့ ရောက်ရ ကား ဝက်ငယ်မျှလောက် ကြီးသော ကိုယ်ရှိသည်ဖြစ်၍ အရာမကသော ကြွက်အပေါင်းဖြင့်ခြံရံလျက်တော၌နေ၏၊ ထိုအခါ မြေခွေးတကောင်သည် ထိုမှဤမှ လှည့်လည် လတ်သော် ကြွက်အပေါင်းကိုမြင်၍ ဤကြွက်တို့ကို လှည့်စား၍ ငါးစားအံ့ဟု ကြံပြီးလျှင် ကြွက်အပေါင်းဘို့ နေရာ၏ အနီး၌ နေသို့ ရှေးရှု လေကိုသောက်လျက် ခြေတချောင်းဖြင့် ရပ်လျက် တည်၏၊

ဘုရားအလောင်းကြွက်လည်း ကျက်စားခြင်းငှာ လှည့်လည်လတ်သော် ထို မြေခွေးကိုမြင်၍ဤမြေခွေးကား သီလရှိသည်ဖြစ်လတ္တံ့ဟု မြေခွေးအထံသို့ သွား၍ "အရှင်....သင်ကားအဘယ်အမည်ရှိသနည်း" ဟုမေး၏၊ငါ့အမည်ကား ဓမ္မိကတည်း" ဟု ဆိုသော် "မြေပေါ်ဝယ် ခြေလေးချောင်းလုံး မထောက်ပဲ တချောင်းတည်း အဘယ့်ကြောင့်ထောက်သနည်း" ဟုမေး၏၊ "ငါသည် ခြေလေးချောင်းလုံး မြေပေါ်ဝယ်ထောက်သည်ရှိသော်မြေကြီး သည် ရွက်ဆောင်ခြင်းငှာမတတ်နိုင်၊ထို့ကြောင့် ငါသည်လေးချောင်းတစုံ အကုန် မထောက်ပဲ တချောင်းတည်း ထောက်သည်" ဟု ဆိုသော် "ခံတွင်းကို မပိတ်ပဲ အမြဲဟလျက် အဘယ်ကြောင့် တည်သနည်း" ဟု မေး၏၊ "ငါကား တပါးကိုမစား၊ လေကိုသာ စားသည်ဟု ဆိုသော် "ယင်းသို့တပြီးကား နေသို့ရှေးရှု အဘယ့်ကြောင့်ရပ်သနည်း" ဟု မေး၏၊ "နေကို ရှိခိုးသည်" ဟု ဆိုလျှင် ဘုရားလောင်းလည်း မြေခွေးစကားကို ကြားသော် ဤမြေခွေးကား သီလရှိသည် ဖြစ်လတ္တံ့ဟု ထိုအခါမှ စ၍ ကြွက်အပေါင်းနှင့်တကွ ညနံနက် မပြတ်ရအောင် ဆည်းကပ် ခံစား၏၊ ထိုအခါ ကြွက်အပေါင်း၏ခစားခြင်းငှာ လာသောကာလ၌ မြေးခွေးသည် အလုံးစုံတို့၏ နောက်ဖြစ်သော ကြွက်၏အသားကို စား၍မျိုပြီးလျှင်ခံတွင်း ကို သုတ်၍တည်၏၊ အစဉ်သဖြင့် ကြွက်အပေါင်းသည် နည်းပါးလေ၏၊ ကြွက်တို့လည်းရှေးအခါကငါတို့အားဤနေရာသည်မလောက်၊တစပ်တည်း ကည်ကုန်သည်၊ ယခုကား လျော့သည်၊ ယင်းလျော့လျက် နေရာသည် မပြည့်၊ အကြောင်းကား အသို့နည်း၊ ဘုရားလောင်းအား ထိုအကြောင်း ကို ကြားကုန်၏၊ ဘုရားလောင်းလည်း အဘယ်အကြောင်းကြောင့် ကြွက် တို့သည် နည်းပါးခြင်းသို့ ရောက်ကုန်သနည်းဟု ကြံသော် မြေးခွေး၌ရှိရာ ခြင်းကို ဖြစ်စေ၍ မြေခွေးကို စုံစမ်းအံ့ဟု ဆည်းကပ် ခစားသော ကာလ ကြွင်းသော ကြွက်တို့ကို ရှေ့ထား၍ မိမိကား နောက်ကလိုက်၏၊ မြေခွေး လည်းဘုရားလောင်း၏အထက်၌ ခုန်လျက်ကျလာ၏၊ဘုရားလောင်းလည်း မိမိအား ဖမ်းယူခြင်းငှာ ပြေးလာသော မြေခွေးကို မြင်သော် ပြန်၍ "အိုမြေခွေး....သင်၏ အကျင့်ကို ဆောက်တည်ခြင်းသည်ကား တရား၏ ကောင်းသောတရားဖြစ်သောကြောင့် ဆောက်တည်ခြင်းမဟုတ်၊ စင်စစ် မူကား သူတပါးအား ညှဉ်းဆဲခြင်းငှာ တရားတည်းဟူသော တံခွန်ကို ရှေ့ထား၍ သွားလာလှည့်ပတ်သည်" ဟု ဆိုပြီးလျှင် ခုန်၍မြေခွေး၏လည်၌

ကျပြီ မှ အောက်သည်ချောင်းရိုး၌ ကိုက်၍ လည်တိုင်ကိုခဲ့ပြီးလျှင်အသက်ကုန်ခြင်းသို့ ရောက်စေ၏။

ဟန္နကဿ ဟေဋ္ဌာ အန္တော ဂလနာဠိယံ ဍံသိတွာ ဂလနာဠိံ ဖါလေတွာ ဇီဝိတက္ခယံ ပါပေသိ။

(ဇာတ်အဋ္ဌကထာ)

ဟန္နကဿ၊ မေး၏။ ဟေဋ္ဌာ၊ အောက်၌။ အန္တောဂလနာဠိယံ၊ အတွင်းလည်တိုင်၌။ ဍံသိတွာ၊ ကိုက်၍။ ဂလနာဠိံ၊ လည်ချောင်းကို။ ဖါလေတွာ။ ခွဲ၍။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။

ကြွက်အပေါင်းလည်း ပြန်၍မြေခွေးကို မြုံ့မြုံ့ခဲပြီး မှသွားကြလေ၏၊ ရှေးဦးစွာရောက်လာသော ကြွက်တို့သည်သာ မြေခွေး၏အသားကိုရကုန်၏၊ နောက်ကျသောကြွက်တို့ကား မရကြကုန်၊ ထိုအခါမှစ၍ကြွက်အပေါင်းသည် ဘေးရန်မရှိ ငြိမ်းလေဘိ၏၊ ဘုရားမြတ်စွာသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ ထိုမြေခွေးကား ကုဟကရဟန်း ဖြစ်လာ၏၊ ကြွက်မင်းကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်၏။

ဤဇာတ်နှင့်နည်းတူ လွန်လေပြီးသောအခါဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားအလောင်းတော်သည် ကြွက်မင်းဖြစ်၍ တော၌နေ၏၊ ထိုအခါ မြေခွေးတကောင်သည် တောမီးလောင်လတ်သော် ထ၍ ပြေးခြင်းငှာ မတတ်နိုင်ရကား သစ်ပင်တခု၌ ခေါင်းဆိုက်၍တည်၏၊ မြေခွေး၏ကိုယ်၌ အမွေးတို့သည် မီးမြိုက်ကုန်၏၊ သစ်ပင်ကိုခေါင်းဆိုက်၍ တည်ရာထိပ်၌ အမွေးတို့သာ ဦးစွန်းကဲ့သို့ တည်ကုန်၏၊ ထိုမြေခွေးသည် တနေ့သ၌အိုင်ခြောက်ဝယ် ရေသောက်ရာတွင် အရိပ်ကိုကြည့်၍ဦးစွန်းကိုမြင်သော် ယခုအခါ ငါ့အား အရှင်၊ဥစ္စာ ကျန်ပါသေး၏ဟု နှလုံးပြု၍ တော၌ လှည့်လည်လျက် ကြွက်အပေါင်းကိုမြင်သော် ငါကား ဤကြွက်များကို လှည့်စား၍ စားအံ့ဟုကြံလျက် အထက်ဆိုအပ်ပြီးသော နည်းဖြင့် ရပ်၏၊ ထိုအခါမြေခွေးကို ဘုရားလောင်းကြွက်သည် ကျက်စားခြင်းငှာ လှည့်လည်ရာတွင် မြင်၍ မြေခွေးကား သီလရှိ၏ဟု မှတ်သဖြင့် ကပ်ပြီးလျှင် "သင်ကား အဘယ်အမည်ရှိသနည်း"ဟု မေး၏၊ ငါကား အဂ္ဂိကဘာရဒွါဇမည်၏"ဟု ဆိုသော် "အဘယ်ကြောင့်လာသနည်း"ဟု မေး၏၊ သင်တို့ကို စောင့်ရှောက်ခြင်းငှာ လာသည်ဟု ဆိုလျှင် "အဘယ်သို့ ပြု၍ ငါတို့ကိုစောင့်ရှောက်လတ္တံ့နည်း"ဟုမေး၏၊ "ငါကားမြီးဒုံးရေတွက်ခြင်း

အတတ်မည်သည်ကို သိ၏၊ သင်တို့အား စောစောနံနက်ထွက်၍ ကျက်စား ခြင်းငှာ သွားသောကာလ ဤမျှရှိ၏ဟု ရေတွက်၍ ပြန်လာသောအခါ လည်း နည်းတူပင် ရေတွက်အံ့၊ ဤသို့ညနံနက် ရေတွက်၍ စောင့်ရှောက် အံ့”ဟုဆိုသော် “ယင်းသို့တပြီးကားဦးရိုးမင်း....စောင့်ရှောက်လော့”ဟု ဆို၏၊ ထိုအခါမြေခွေးလည်း ကောင်းပြီဟု ဝန်ခံလျက် ထွက်သောကာလ တကောင်, နှစ်ကောင်, သုံးကောင်ဟု ရေတွက်၍ ပြန်လာသောကာလ လည်း နည်းတူပင်ရေတွက်ပြီးမှအလုံးစုံတို့၏နောက်ဆုံးကြွက်မင်းကိုဖမ်း၍ စား၏၊ အကြွင်းကား ရှေးနည်းပင် ဤဇာတ်၌ကား ကြွက်မင်းသည်ပြန်၍ “အဂ္ဂိကဘာရဒွါဇ....သင်၏ ဦးစွန်းထားခြင်းကား ဓမ္မ၏ သုဓမ္မဖြစ်သော ကြောင့် ထားသည်မဟုတ်၊ စင်စစ်မူကား ဝမ်းဟူသော အကြောင်းကြောင့် ထားသည်”ဟု ဆိုပြီး လျှင် ကိုက်ခဲ၍သေစေ၏၊ဤမြေခွေးတို့လည်း ဇာတိ နှင့်မကင်းသောကြောင့် ကြွက်ခဲ၍ သေရခြင်းတည်းဟူသော သူတပါး လုံ့လဖြင့် ပရူပက္ကမ မူလကကို ခံစားရချေ၏။

---

၁၁၁-ပရူပက္ကမ မူလကဒုက္ခအရာ၌ မိးရှို့တိုက်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေရသည်ကို ထုတ်ပြအပ်သော သာမာဝတီမိဖုရား မောင်းမငါးရာ ဝတ္ထု

ဘုရားမြတ်စွာ ပွင့်တော်မမူမီ ဘဒ္ဒဝတီပြည်၌ ဘဒ္ဒဝတီ သဌေးသည် ဃောသက သဌေး၏ မမြင်ဖူးသော အဆွေခင်ပွန်းဖြစ်၏၊ ဘဒ္ဒဝတီပြည်မှ လာကုန်သော ကုန်သည်တို့၏ အထံမှဃောသကသဌေး၏ စည်းစိမ်အရွယ် ကို ကြား၍ ထိုဃောသကသဌေးနှင့်တကွ အဆွေခင်ပွန်းအဖြစ်ကို အလိုရှိ ရကား လက်ဆောင်စေ၏၊ ဃောသက သဌေးကလည်း ထိုနည်းအတူ စေ၏၊ ဤသို့လျှင် သဌေးနှစ်ယောက်ဘို့သည် အချင်းချင်း မမြင်ဖူးသော အဆွေခင်ပွန်းဖြစ်၍ နေကုန်၏၊ နောက်ကာလ ဘဒ္ဒဝတီသဌေး၏ အိမ်၌ ယဉ်းအနာသည်ကျရောက်၏၊ ထိုအနာကျရောက်ဟန်ကို ကုမ္ဘဃောသက ဝတ္ထု၌ ဆိုအပ်ပြီးသောနည်းဖြင့်သိအပ်၏၊)ထိုအခါသဌေးသဌေး၏မယား သမီး ဤသားအမိ သားအဖ သုံးယောက်တို့သည် ထွက်ပြေး၍ဃောသက သဌေးကို တောင့်တကုန်လျက် ကောသမ္ဗီပြည်သို့ သွားကုန်၏၊ထိုသားအမိ သားအဖသုံးယောက်တို့သည် လမ်းကြား၌အစာရိက္ခာကုန်၍ လေ,နေပူ, မွတ်သိပ်ခြင်း တို့ကြောင့် ပင်ပန်းသော ကိုယ်ရှိ ကုန်လျက် ငြိုငြင်သဖြင့် ကောသမ္ဗီပြည်သို့ ရောက်ကုန်သော် ရေဖြင့်ချမ်းသာသော အရပ်၌ရေချိုး၍

မြို့တံခါး၏ အနီးအပါးတွင် တခုသော ဇရပ်သို့ ဝင်ကြကုန်၏၊ ထိုဇရပ်၌ နေလျက် သဒ္ဒေးသည် မယားကိုဆို၏၊ 'အဘယ်....ဤသို့အထီးကျန်ခြင်းဖြင့် လာကုန်သော သူတို့အား မွေးဖွားသော အမိသည်လည်း မနှစ်သက်၊ ငါ၏ အဆွေဖြစ်သော ဃောသကသဌေးသည် ခရီးသွားအထီးကျန် အစရှိသည် တို့အား နေ့တိုင်းနေ့တိုင်း တထောင်မျှလောက်သောဥစ္စာတို့ကိုစွန့်၍အလှူ ပေး၏၊ ထိုအလှူ တင်းကုပ်သို့ သမီးကိုစေ၍ အာဟာရကို ဆောင်စေပြီးမှ တရက်နှစ်ရက် ဤဇရပ်တွင် ကိုယ်ကိုရောင့်ရဲစေ၍ အဆွေကို ဖူးမြင်ကုန်အံ့' ဟုဆို၏၊ မယားလည်း''ကောင်းပြီသခင်''ဟု ဆို၍ ထိုသားအမိ သားအဖ သုံးယောက်တို့သည် ဇရပ်၌နေကြကုန်၏၊ မိုးသောက်၍ အခါကိုကြားလျှင် ခရီးသွား အထီးကျန် စသော သူတို့သည် အာဟာရအကျိုးငှာလာကြကုန် သော် မိဘတို့သည်''ချစ်သမီး....သွားချေ၊ ငါတို့ဖို့ အာဟာရ ဆောင်ချေ လော့''ဟုသမီးကိုစေကုန်၏၊မျိုးသောစည်းစိမ်ရှိသောအမျိုး၏သမီးသည် ပျက်စီးခြင်းကြောင့် အရှက်မပြတ်သေးရကား ရှက်နိုးလှလျက်ပင် ထမင်း ခွက်ကိုယူ၍ အထီးကျန် ခရီးသွား လူတို့နှင့် တကွ အာဟာရ အကျိုးငှာ သွားရှာလေ၏၊ အဘယ်မျှသော သူတို့၏ အစာကို ယူမည်နည်း အမိဟု မေးလတ်သော် သုံးယောက်စာပေးပါဟု ဆိုသောကြောင့် သုံးယောက်စာ ပေးကုန်၏၊ သမီးလည်း ထမင်းတောင်းရာမှ ပြန်လာသော် သားအမိသား အဖသုံးယောက်တို့သည် အတူတကွ ထမင်းကို စားကြကုန်၏၊ ထိုအခါ သားအမိတို့က သဌေးကိုဆို၏၊ ''အရှင်.... ပျက်စီးခြင်း မည်သည်ကား မျိုးမြတ်သော အမျိုးတို့အားလည်းဖြစ်၏၊အလုံးစုံသော ပြည့်စုံခြင်းသည် ပျက်စီးခြင်းသာ အဆုံးရှိ၏၊ ယင်းသို့ ဖြစ်ကြောင့် ငါတို့ကို မငဲ့ပါနှင့်၊ စားပါ မကျန်ပါစေလင့်''ဟု အထူးထူး အပြားပြား တောင်းပန်၍ စားစေကုန်၏၊ သဌေးလည်းများစွာစား၍အစာကိုကြေစေခြင်းငှာမတတ် နိုင်ရကား အရုဏ်တက်သော် အသက်ဆုံးခဲ့၏၊ သားအမိ နှစ်ယောက်တို့ လည်း အထူးထူး အပြားပြားတို့ဖြင့် မြည်တမ်းငိုကြွေးကုန်၏၊သမီးလည်း နံနက်မိုးသောက်လတ်သော် ငိုယို၍ရှာလျက် အာဟာရ အကျိုးငှာ သွား၍ ဘယ်နှစ်ယောက်စာ ယူမည်နည်းဟု မေးလျှင် နှစ်ယောက်စာ ပေးပါဟု ဆိုသောကြောင့် နှစ်ယောက်စာပေးကုန်၏၊ သမီးလည်းထမင်းကို ဆောင် ပြီးလျှင် အမိအား အထူးထူး အပြားပြား တောင်းပန်၍ စားစေ၏၊ အမိ လည်း များစွာစား၍ အစာကို ကြေခြင်းငှာ မတတ်နိုင်ရကား ထိုနေ့၌ပင် သေရှာလေ၏၊ သမီးလည်းတယောက်အထီးတည်း ငိုကြွေးမြည်တမ်းလျက် ညွန့်စာပေ- ၅၈။

နံနက် မိုးသောက်လတ်သော် ထမင်း အလို့ငှာ သွားရှာလေ၏၊ ဘယ် နှစ်ယောက်စာ ယူမည်နည်း မိခင်ဟု မေးသော် တယောက်စာဟု ဆို၏၊ ထမင်းပေးသော မိတ္တသူကြွယ်လည်း ထိုသတို့သမီးကို သုံးရက် ပတ်လုံး ထမင်းတောင်းလာသောကြောင့် သိရကား "ပျက်လေသူယုတ်မ....ယနေ့မှ သင့်ဝမ်း၏ ပမာဏကို သင်သိသည်"ဟု ဆို၏၊ အရှက် အကြောက်နှင့် ပြည့်စုံသော အမျိုးသမီးသည် ရှေးရှုရင်ဘတ်ကို လှံနှင့်ထိုးသကဲ့သို့, အမာ ဝယ် ဆပ်ပြာရည်ဖြင့် လောင်းဘိသကဲ့သို့ ဖြစ်၍ "အသို့နည်းသခင်"ဟု မေး၏၊ "သင်သည် တမြန်နေ့က သုံးယောက်စာ ယူအပ်၏၊ ယမန်နေ့က နှစ်ယောက်စာယူအပ်၏၊ ယနေ့မှ တယောက်စာယူသည်ဖြစ်၍ သင့်ဝမ်း၏ ပမာဏကို ယနေ့မှ သင်သိသည် မဟုတ်လော"ဟု ဆို၏၊ "သခင်.... ကျွန်တော်မကို မိမိတကျိုးငှာ ယူရှာသည်ဟု မမှတ်ပါလင့်"ဟု ဆိုသော် "သို့လျှင် အဘယ်အကျိုးငှာ ယူသနည်း"ဟု မေး၏၊ တမြန် နေ့၌ကား သုံးယောက်, ယမန်နေ့ကား နှစ်ယောက်, ယနေ့ကား တယောက်သာ တည်းဟု ဆို၏၊ ထိုမိတ္တသူကြွယ်လည်း အဘယ်အကြောင်းကြောင့်နည်း'ဟု မေးသော် ထိုသတို့သမီးသည် အရင်းမှစ၍ အကြောင်း အလုံးစုံကို အကုန် ပြန်ကြားပြီးလျှင် မျက်ရည် တို့ကို မဆည်နိုင်ရကား များစွာ ငိုကြွေး၍ "ချစ်သမီး—ယင်းသို့ ဖြစ်သော် မကြောင့်ကြလင့်၊ ဘဒ္ဒတိ သဌေး၏ သမီးကား အဖသေလွန်သောအခါမှစ၍ ငါ့သမီးပင်တည်း"ဟုဆို၍ထိပ်၌ နမ်းပြီးလျှင် အိမ်သို့ဆောင်၍သမီးကြီးအရာဝယ်ထားလေ၏၊ ထိုသတို့သမီး သည် အလှူတင်းကုပ်၌ ပြင်းသောအသံ, ကျယ်သောအသံကို ကြားလျှင် "ဖခင် အဘယ်ကြောင့် ဤလှူအပေါင်းအား အသံရမ်ရှိသည်ဖြစ်၍ အလှူကို မပေးသနည်း"ဟု မေး၏၊ "ချစ်သမီး အသံမရှိသည်ကို ပြုခြင်းငှာ မတတ် နိုင်' ဟု ဆိုလျှင် "သခင် တတ်နိုင်ကောင်း၏"ဟု ဆိုသော် "အဘယ်သို့ ပြုမည်နည်း ချစ်သမီး"ဟု မေးလျှင် "ဖခင် အလှူတင်းကုပ်ကိုစောင်ရန်း ကာ၍ တယောက် တယောက်၏ ဝင်လောက်ရုံ ပမာဏဖြင့် တံခါးနှစ်ခု ပြုပြီးလျှင် တပေါက်ဖြင့်ဝင်၍ တပေါက်ဖြင့် ထွက်စေလော့၊ ယင်းသို့ပြုမူ အသံဆိတ်သည်ဖြစ်၍ ယူကုန်လတ္တံ့"ဟု ဆို၏၊ ထိုစကားကို မိတ္တ သူကြွယ် ကြား၍ ဤအကြောင်းကားကောင်း၏ချစ်သမီးဟုဆိုပြီးလျှင်ထိုအတိုင်းကို ပြုလေ၏၊ သတို့သမီးသည် ရှေးအခါ ရွှေဝါသော အဆင်း ရှိရကား သာမာဟုတွင်၏၊နောက်အခါအလှူတင်းကုပ်၌ဆောင်ရန်းကိုပြုစေသည်၏ အဖြစ်ကြောင့် ဝတီဟု အမည်ထပ်ပြန်၍ သာမာဝတီဟု တွင်၏။

သာပိ ပုဗ္ဗေ သာမာနာမ၊ ဝတိယာ ပန ကာရိတတ္တာ သာမာဝတီနာမ ဇာတာ။

(ဓမ္မပဒ အဋ္ဌကထာ)

သာပိ၊ ထိုသတို့သမီးသည်လည်း။ ပုဗ္ဗေ၊ ရှေးအခါ၌။ သာမာနာမ၊ သာမာ မည်၏။ ဝတိယာပန၊ စောင်ရန်းကိုကား။ ကာရိတတ္တာ၊ပြုစေအပ်သည်၏ အဖြစ်ကြောင့်။ သာမာဝတီနာမ၊သာမာဝတီမည်သည်။ ဇာတာ၊ ဖြစ်၏။

သာမံ တေိယာ အတ္ထိတိ သာမာ။ သတို့သမီး ရစေ။ ဝရတိ အား ဝရတီတိ ဝဘိ။ ဝရာဘိ အာဝရဟိ တောယာတိ ဝါ ဝတိ။ စောင်ရန်းကားမုချ၊ သတို့သမီးကား ဖလူပစာရရစေ။သာမာယေ ဝ တေိတိ သာမာဝတီဟုပြုလေဆိုလိုသည်။ ကစ္စည်းကျမ်း၌သာမာဝတီဟု လာသည်မှာ ဝဇိပုဒ် မဟုတ်။ ဝန္တုပစ္စည်းဖြင့် ပြီးသည်ကို ပြသည်။

ထိုအခါမှစ၍ အလှူတင်းကုပ်ဝယ် အုတ်အုတ် ကျက်ကျက်သောအသံသည် ပြတ်လေ၏။ ဃောသက သဌေးကား ရှေး၌ထိုအသံကို ကြားသော် ငါ့အလှူတင်းကုပ်၌အုတ်အုတ်ကျက်ကျက်သော အသံတည်းဟု နှစ်သက်၏။ နှစ်ရက်သုံးရက် ထိုအသံကို မကြားရကား မိမိအား ခစားလာသော မိတ္တသူကြွယ်ကို''ခရီးသွား အထီးကျန် အစရှိသည်တို့အား အလှူကိုပေး၏လော''ဟု မေး၏၊ ''ပေးပါ၏ သခင်'ဟု ဆိုသော် ''အသံကို မကြားသည်ကား နှစ်ရက် သုံးရက်ရှိပြီ၊ အကြောင်းကား အသို့နည်း''ဟုမေး၏။ အကြင်အခြင်းဖြင့် ပြုသော် အသံမရှိသည်ကိုပြု၍ ယူဘုန်၏။ ထိုအခြင်းဖြင့် အကြောင်းကို ကောင်းစွာ အကျွန်ုပ် ပြုအပ်၏ဟု ဆိုသော် ရှေး၌ကား အဘယ်ကြောင့် မပြုသနည်းဟု မေး၏။ မသိသောကြောင့် မပြုသည်ဟု ဆိုလျှင် ယခုကား သင့်အား အဘယ်သူ သင်သနည်းဟု မေး၏။ အကျွန်ုပ် သမီး သင်သည်ဟု ဆိုလျှင် သင့်အား ငါမသိသော သမီ မရှိပါတကားဟု ဆိုသော် ထိုမိတ္တသူကြွယ်သည်လည်း ယဉ်းအနာ ဖြစ်သည်မှစ၍ ဘဒ္ဒဝတိ သဌေး၏ အကြောင်း အလုံးစုံကို အကုန်ကြား၍ ထိုသဘို့သမီးအားမိမိ၏ သမီးကြီးအရာ၌ ထားအပ်သော အဖြစ်ကိုကြား၏၊ ထိုအခါ ဃောသက သဌေးက မိတ္တသူကြွယ်ကို ယင်းသို့ဖြစ်သော် ငါ့အား အဘယ်ကြောင့် မဆိုသနည်း။ ငါ့အဆွေ၏သမီးကားငါ့သမီးပင်တည်းဟုထိုသာမာဝတီကိုခေါ်စေ၍ ''မိခင်....သင်သည်ဘဒ္ဒဝတီသဌေးသမီ'လော''ဟုမေး၏၊ ''ဟုတ်ပါ

၏သခင်''ဟုဆိုသော်''ယင်းသို့တပြီးကား မစိုးရိမ်လင့်။ ငါ့သမီးဖြစ်စေ''ဟု ထိုသာမာဝတီကိုထိပ်၌နမ်းပြီးလျှင် အခြံအရံအလို့ ငှါ ငါးရာသော မိန်းမ တို့ကို သာမာဝတီအား ပေး၍ မိမိ သမီးအကြီးအရာ၌ ထား၏။ ထိုအခါ တနေ့သ၌ထိုကောသမ္ဗီပြည်ဝယ်နက္ခတ်သဘင်ကိုကြွေးကြော်၏။ ထိုနက္ခတ် သဘင်၌ အပသို့ မထွက်ကြသော အမျိုးသမီးတို့သည် မိမိတို့ အခြံအရံနှင့် တကွ အပသို့ထွက်၍ ခြေဖြင့်သာ မြစ်သို့ သွားပြီးလျှင် ရေချိုးကုန်၏။ ထို့ ကြောင့် ထိုနေ့၌ သာမာဝတီလည်း ငါးရာသော မိန်းမတို့နှင့်တကွမင်းရင် ပြင်ဖြင့်သာ ရေချိုးခြင်းငှာ လာ၏။ ဥတေနမင်းလည်း ခြသည့် ခံသော လေသာနန်းတံခါး၌ ရပ်လျက် သာမာဝတီကိုမြင်သော်''ဤမိန်းမတို့ကား အဘယ်သူ၏ကချေသည်မတို့နည်း''ဟုမေး၏။ ''အရှင်မင်းကြီး....ဤမိန်းမ တို့ကား တစုံတယောက်သော သူ၏ ကချေသည်မတို့ မဟုတ်ကုန်''ဟု ဆိုသော်''အဘယ်သူ၏ သမီးတို့နည်း''ဟု မေး၏။ ''ဃောသက သဋ္ဌေး၏ သမီးတည်း။ ဤသတို့သမီးကား သာမာဝတီမည်၏''ဟု ဆိုသော် ဥတေန မင်းသည် သာမာဝတီကို မြင်လျှင် ချစ်ခင်သော သဘောရှိရကား သဋ္ဌေး အား သမီးကို ငါတို့ထံသို့ စေပါဟု သတင်းစကားကိုကြားသေ၏''အရှင် မင်းကြီး....မစေသာ''ဟု ဆိုသော် ''သဋ္ဌေးကြီး....သို့ မပြုပါလင့်'' ဟု ဆို၏။ ''အရှင်မင်းကြီး....ငါတို့သူကြွယ် မည်သည်ကား သတို့သမီး တို့ကို ပုတ်ခတ် ညည်းဆဲ၍ ဆွဲငင်ခြင်းမှ မကြောက်ကုန်''ဟု ဆိုသော် ထိုဥတေန မင်းကား သဋ္ဌေးအား အမျက်ထွက်၍ အိမ်ကို တံဆိပ်ခတ်ပြီးလျှင်သဋ္ဌေး လင်မယားကို လက်၌ကိုင်၍ အပ၌ ပြုစေ၏၊ သာမာဝတီလည်း ရေချိုး၍ ပြန်လားလျှင် အိမ်သို့ ဝင်ခြင်းငှာ အခွင့်မရရကား အဖအား အကြောင်း အသို့နည်းဟု မေး၏။ ''ချစ်သမီး....ဥတေနမင်းကား သင်၏ အကြောင်း ကြောင့် စေလာသည်၊ ထိုအခါ ငါတို့က သင့်ကို မပေးကုန်ဟု ဆိုသော ကြောင့် အိမ်ကို တံဆိပ်ခတ်ပြီးလျှင် ငါတို့ကို အပ၌ ပြုစေ၏''ဟုဆို၏။ ဖခင်....သင်တို့ အမှုကား ပန်လေးစွ။ မင်းသည် ဆောင်းလျက် မပေး ကောင်းဟု မဆိုသာ၊ စင်စစ်မှာမူ အကယ်၍ ငါ့သမီးကို အခြံအရံနှင့်တကွ ယူငြားအံ့၊ ပေးရာည်ဆိုပါ''ဟု အဖသဋ္ဌေးအား သင်ကြား၏။ သဋ္ဌေးလည်း ''ချစ်သမီး....ယင်းသို့ တပြီးကား ကောင်းပြီ သင်အလိုရှိသော် ပြုအံ့''ဟု သမီးဆိုတိုင်း မင်းအား သတင်းစကားလျှောက်ထား၏။ ဥတေနမင်းလည်း ကောင်းပြီဟု ဝန်ခံ၍ အခြံအရံနှင့်တကွ သာမာဝတီကို ဆောင်စေပြီးလျှင် အဘိသိက်သွန်း၍ မိဖုရားကြီးအရာ၌ထားလေ၏။ ကြွင်းသောမိန်းမတို့ကား

သာမာဝတီမိဖုရား၏ အခြံအရံ ဖြစ်ကုန်၏၊ ဥတေနမင်း၏ မိဖုရားကား သာမာဝတီသာ မဟုတ်၊ စဏ္ဍပဇ္ဇောတ မင်းသမီး ဝါသုလ ဒတ္တာလည်း တယောက်, မာဂဏ္ဍိ ပုဏ္ဏား၏ သမီး မာဂဏ္ဍီလည်း တယောက်....ဤသို့ သုံးယောက်ဖြစ်သတည်း၊နောက်အခါ သမ္ဗုဒ္ဓဘုရား ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူသည့်ကာလ သာမာဝတီမိဖုရားအမှူးရှိသော ငါးရာသော မိန်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ မာဂဏ္ဍိ မိဖုရားသည် သမ္ဗုဒ္ဓဘုရား၌ ဖွဲ့အပ်သော ရန်ငြိုးရှိရကား သမ္ဗုဒ္ဓဘုရား၏ အလုပ် အကျွေးဖြစ်သောသာမာဝတီမိဖုရားအမှူးရှိသော ငါးရာသောမိန်းမတို့၏ အိမ်ကိုပိတ်ဆို့ပြီးလျှင် ဥတေနမင်း ဥယျာဉ်သို့ ထွက်သည့်အခိုက် မီးတိုက် ၏၊ ယင်းသို့ မီးတိုက်သောအခါ သာမာဝတီမှုကြွင်းသော မိန်းမတို့အား "ရှင်မတို့....အစမထင်သော သံသရာ၌ ကျင်လည်သွားလာရသောကြောင့် မီးဖြင့်လောင်၍ သေရကုန်သော ငါတို့အား ဘုရားဉာဏ်တော်ဖြင့် သော် လည်း ထုတ်ဖော်ပိုင်းခြား၍ မဟောနိုင်၊ ယင်းသို့ဖြစ်၍ မမေ့မလျော့ကြ ကုန်လင့်" ဟု အဆုံးအမ ပေး၏၊ ထိုမိန်းမတို့သည် မီးလောင် ကုန်သည် ရှိသော် ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းကို နှလုံးသွင်း ကုန်လျက် အချို့သော မိန်းမတို့ကား သကဒါဂါမိဖိုလ်သို့ရောက်၍ သေကုန်၏၊အချို့သောမိန်းမ တို့ကား အနာဂါမိဖိုလ်သို့ ရောက်၍ သေကုန်၏။

သန္တေတ္ထ ဘိက္ခဝေ ဥပါသိကာယော သောတာပန္နာသန္တိ
သကဒါဂါမိနိယော သန္တိ အနာဂါမိနိယော။
(ဥဒါန်း ပါဠိတော်)

ဘိက္ခဝေ၊တို့။ ဧတ္ထ၊ ဤငါးရာသော မိန်းမတို့တွင်။ သောတာပန္နာ၊ သောတာပန် ဖြစ်ကုန်သော။ ဥပါသိကာယော၊ ဥပါသိကာမ တို့သည်။ သန္တိ၊ ရှိကုန်၏၊ သကဒါဂါမိနိယော၊ သကဒါဂါမိ ဖြစ်ကုန်သော။ ဥပါသိကာယော၊တို့သည်။သန္တိ၊ ရှိကုန်၏၊ အနာဂါမိနိယော၊ အနာဂါမ် ဖြစ်ကုန်သော။ ဥပါသိကာယော၊တို့သည်။ သန္တိ၊ ရှိကုန်၏။

ထိုငါးရာသော ဥပါသိကာမတို့တွင် အနာဂါမ်မိန်းမတို့ကား သုဒ္ဓါ ဝါသဘုံ၌ ဖြစ်ကုန်၏၊ သောတာပန်, သကဒါဂါမ် မိန်းမ တို့ကား တာဝတိံသာ စသော ကာမာဝစရ နတ်ပြည် ငါးထပ်တို့၌ ဖြစ်ကြကုန်၏။

တတ္ထ အနာဂါမိနိယော သုဒ္ဓါဝါသေသု ဥပပန္နာ။

(ဥဒါန်းအဋ္ဌကထာ)

တတ္တ၊ ထိုငါးရာသော မိန်းမသို့တွင်။ အနာဂါမိနိယော၊ အနာဂါမ် မိန်းမတို့သည်။ သုဒ္ဓါဝါသေသု၊သုဒ္ဓါဝါသဘုံတို့၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။

ဥတေနမင်းလည်း သာမာဝတီအိမ်ကို မီးလောင်သတဲ့ဟု ကြားသော ကြောင့် လျင်မြန်စွာလာပါသော်လည်း မမီလိုက်ရကား လောင်ပြီးသော အိမ်ကို ငြိမ်းစေပြီးမှ ပြင်းစွာ နှလုံးမသာယာသည်ဖြစ်၍ အမတ်အပေါင်း ခြံရံလျက် သာမာဝတီ၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ရကား အဘယ် သူသည် ဤအမှုကိုပြုလေသနည်းဟု ကြံသော် မာဂဏ္ဍီ၏ အတတ်ဖြစ်ရာ၏ ဟု သိသောကြောင့် ခြိမ်းခြောက်၍မေးသော် မဆိုပေလတ္တံ့၊ ဖြည်းညှင်း သာယာစွာသော ဥပါယ်အကြောင်းအားဖြင့် မေးအံ့ဟုကြံ၍အမတ်တို့ကို ဆို၏ "အမတ်တို့....ငါကားဤမှရှေးကာလ၌ကြောက်ရွံ့လျက်သာနေရ၏၊ သာမာဝတီသည် အမြဲလျင်ငါ့အားအပေါက်ကိုရှာ၏၊ ယခုမူကားငါ့အား စိတ်၏ ငြိမ်းခြင်းသည် ဖြစ်လတ္တံ့၊ ချမ်းသာသဖြင့် အိပ်ခြင်းငှာရလတ္တံ့ဟု ဆို၏၊အမတ်တို့က အရှင်မင်းကြီး....အဘယ်သူသည် ဤအမှုကို ပြုသနည်း ဟု မေးကုန်၏၊ ဥတေနမင်းလည်း ငါ၌ချစ်သော တစုံတယောက်သော သူသည် ပြုအပ်သည်ဖြစ်လတ္တံ့"ဟု ဆို၏ ထိုအခါ မာဂဏ္ဍီသည် အနီး၌ တည်ရကား ထိုစကားကိုကြားသော် ကျွန်တော်မှတပါး အခြားသူသည် မတတ်နိုင်လတ္တံ့၊အကျွန်ုပ်သည် ဘထွေးကိုစေ၍ပြုစေသည်ဟုဆို၏၊မိခင်.... သင့်ကိုထား၍ သင်မှတပါး ငါ့အားချစ်သူမည်သည်မရှိ၊ ကြည်ညိုရကား သင့်အားငါဆုပေးအံ့၊သင်၏ဆွေမျိုးအပေါင်းတို့ကိုခေါ်ပါစေ"ဟုဆို၏၊ မာဂဏ္ဍီလည်းဆွေမျိုးတို့အား မင်းသည်ကြည်ညိုရကားငါ့အားဆုပေး၏၊ လျင်မြန်စွာ လာကြကုန်ဟု စေ၏၊ဥတေနမင်းလည်း လာတိုင်းသောသူတို့ အား များစွာသော ဆုလာဘ်ကို ပေး၏၊ ယင်းသို့ပေးသည်ကို မြင်လျှင် မာဂဏ္ဍီနှင့် ဆွေမျိုးမတော်သူ တို့သည်လည်း မာဂဏ္ဍီအား တံစိုးပေး၍ ငါတို့ကား မာဂဏ္ဍီနှင့် ဆွေမျိုးပေါက်ဖော်စပ်သောသူတို့တည်းဟုဆို၍ လာကြကုန်၏၊ဥတေနမင်းလည်း ထိုအလုံးစုံသောသူတို့ကို ဖမ်းစေ၍မင်း ရင်ပြင်ဝယ် ချက်ပမာဏရှိသော တွင်းတို့ကို တူးစေ၍ပြီးလျှင် ထိုတွင်း၌ အလုံးစုံသော သူတို့ကို နေစေ၍မြေဖို့ပြီးလျှင်အထက်၌ ကောက်ရိုးဖြူး၍ မီးတိုက်စေ၏၊ အရေမြိုက်သည့်ကာလ သံထွန်သွားတို့ဖြင့် ထွန်စေ၍အပိုင်း ပိုင်း အမျှင်မျှင်တို့ကိုပြုစေ၏၊မာဂဏ္ဍီကိုယ်၌လည်း ထက်စွာသော ဓါး ဖြင့် အသားထူရာဝယ်လှီးစေ၍သံအိုးကင်းသို့ တင်ပြီးလျှင် မုန့်ကဲ့သို့ကြော် ပြီးမှ မာဂဏ္ဍီကိုပင်စားစေ၏။ဤသာမာဝတီအမှုးရှိသော ငါးရာသော

မိန်း၂ဘို့သည် ဇာတိမကောင်းသောကြောင့် မီးလောင်၍ သေရခြင်း တည်း ဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလက ဒုက္ခကို ခံစားရကုန်၏၊ မာဂဏ္ဍိ၏ဆွေမျိုးတစုဘို့လည်း ဇာတိမကောင်းသောကြောင့်မီးလောင်တိုက် သွင်း၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလကဒုက္ခ ကို ခံစားရကုန်၏။

## ၁၁၂-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မီးလောင်၍ သေရသော မထေရ် ဝတ္ထု

သိန်းဃိုး၌ကျွန်း၌ မထေရ်တပါးကို သူခိုးတို့သည် ဆင်သမန္ဒယ်ဖြင့် ဖွဲ့ချည်၍ အိပ်စေကုန်၏၊ ထိုမထေရ်သည် တောမီးလောင်၍ လာသည် ရှိသော် နွယ်ကိုမဖြတ်ပဲ ဝိပဿနာကိုဖြစ်စေ၍ သမသီသီ ရဟန္တာဖြစ်ပြီး လျှင် ပရိနိဗ္ဗာန်ပြုလေ၏။

သော ဝနဒါဟေ အာဂစ္ဆန္တေ ဝလ္လိံ အစ္ဆိန္ဒိတွာဝ ဝိပဿနံ ပဋ္ဌပေတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

သော၊ထိုမထေရ်သည်။ ဝနဒါဟေ၊ တောမီးသည်။ အာဂစ္ဆန္တေ၊ လာသည်ရှိသော်၊ ဝလ္လိံ၊နွယ်ကို။ အစ္ဆိန္ဒိတွာ၀၊ မဖြတ်ပဲလျှင်၊ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ သမသီသီ၊ သမသီသီ ရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုလေ၏။

ဒီဃဘာဏက အဘယ မထေရ်သည် ရဟန်း ငါးရာတို့နှင့် တကွ တောလည် သွားလတ်သော် မထေရ်၏ အလောင်းကို မြင်၍ မီးသင်္ဂြိုဟ် ပြီးလျှင် စေတီတည်၏၊ ဤမထေရ်လည်း ဇာတိ မကောင်း သောကြောင့် မီးလောင်၍ သေရခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏၊

## ၁၁၃-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မီးလောင်၍ သေရသော ကျီးနှင့်နွားတို့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်း အောင်း မွေ့လျော် စံနေတော်မူသော၊ ခါ များစွာကုန်သော ရဟန်းတို့ သည် သဗ္ဗညု ဘုရားအား ဖူးမြင်ခြင်းငှာလာကြကုန်သည်ရှိသော်တခုသော

ရွာသို့ ဆွမ်းအလို့ငှာ ဝင်ကြကုန်၏၊ ရွာသူရွာသားတို့သည် ထိုရဟန်းတို့၏ သပိတ်တို့ကို ယူ၍ ဆွမ်းစားစရပ်၌နေစေ၍ ယာဂုခဲဖွယ်လှူ၍ ဆွမ်းအခါကို ငံ့လင့်ကုန်လျက်တရားကိုနာ၍နေကြကုန်၏၊ ထိုခဏ၌ထမင်းချက်ပြီး၍ အမဲဟင်းလျာကို ချက်သောတယောက်သော မိန်းမ၏ ခုံလောက်မှ မီးလျှံသည် ထ၍အမိုးကိုယူ၏၊ ထိုမီးလျှံထရာမှ တခုသော မြက်ကရွတ်ခွေသည် ထ၍ အလျှံနှင့်တကွ ကောင်းကင်သို့ ပျံလေ၏၊ ထိုခဏ၌ ကျီးတကောင်သည် ကောင်းကင်သို့ပျံသွားသော် မြက်ကရွက်ခွေ၌ လည်ကိုစွပ်မိ၍ မြက်နွယ် ရစ်ပတ်လျက်လောင်သောကြောင့်ရွာလယ်တွင်ကျ၍သေခဲ့ပြီ၊ ရဟန်းတို့လည်း ထိုကျီးကိုမြင်၍ "ဩော်ဝန်လေးစွ ငါ့ရှင်တို့ ဤကျီးအား ရောက်အပ်သော ဖောက်ပြန်ခြင်းကို ရှုကြပါကုန်၊ ဤကျီးသည် ပြုခဲ့ဖူးသော အမှုကို သဗ္ဗညုဘုရားမှတပါး အဘယ်သူသည် သိလတ္တံ့နည်း၊ သဗ္ဗညုဘုရားအား ဤကျီး၏ အမှုကို မေးလျှောက်ကုန်အံ့"ဟု ကြံ၍ သွားကြကုန်သော် ဘုရားအထံတော်သို့ရောက်၍ ရှိခိုးပြီးလျှင်မိမိတို့ မြင်အပ်သော ထိုအကြောင်းကိုလျှောက်ထားကုန်၏၊ သဗ္ဗညုဘုရားလည်း "ချစ်သားတို့.... ထိုကျီးသည် မိမိပြုခဲ့ဘူးသောကံ၏အကျိုးကိုသာခံစားရရှာ၏၊ ထိုကျီးသည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လယ်ထွန်ယောက်ျားဖြစ်၍ မိမိနွားကိုဆုံးမသည်ရှိသော်ဆုံးမခြင်းငှာမတတ်နိုင်၊ ထိုလယ်ထွန်ယောကျ်ား၏ ထိုနွားသည် အတန်ငယ်သွားပြီးလျှင် အိပ်၏၊ ပုတ်ခတ်ရိုက်နှက်၍ ထစေသော်လည်း အတန်ငယ် သွားပြီးလျှင် တဖန် အိပ်မြဲတိုင်း အိပ်ပြန်၏၊ ထိုလယ်ထွန် ယောကျ်ားသည် အားထုတ်၍ ထိုနွားကို ဆုံးမပါသော်လည်း ဆုံးမခြင်းငှာမတတ်နိုင်သည်ဖြစ်၍အမျက်ပြင်းစွာ ထွက်ရကား ဤအခါမှစ၍ သင်သည်ချမ်းသာစွာအိပ်ရလတ္တံ့ဟုဆို၍ ထိုနွား၏လည်၌ကောက်ရိုးတို့ဖြင့် ရစ်ပတ်ပြီးလျှင် မီးတိုက်၏၊ နွားသည် ထိုအရပ်၌ပင် မီးလောင်၍ သေလေ၏၊ ချစ်သားတို့ ထိုအခါ ထိုယောကျ်ားသည် ထိုမကောင်းမှုကို ပြုအပ်၏၊ ထိုယောကျ်ားသည် ထိုမကောင်းမှု၏ အကျိုးအားဖြင့် ရှည်စွာသော နေ့ညည့်ပတ်လုံး ငရဲ၌ ကျက်၍ အကျိုးကြွင်း၏ အစွမ်းဖြင့် ခုနစ်ကြိမ် ကျီးအမျိုး၌ဖြစ်၍ ဤနည်းအတူသာ ကောင်းကင်၌ မီးလောင်၍ သေရသတည်း"ဟု မိန့်တော်မူ၏။

သတ္တက္ခတ္တုံ ကာကယောနိယံ နိဗ္ဗတ္တိတွာ ဧဝမေဝ အာကာသေ ဈာယိတွာဝ မတောတိ။

(ဓမ္မပဒ အဋ္ဌကထာ)

သတ္တကနွတ္တု၊ ခုနစ်ကြိမ်ကာကယောနိယံ၊ ကျီးအမျိုး၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဝေမေဝ၊ ဤနည်းအတူသာလျှင်။ အာကာသေ၊ ကောင်းကင်၌။ ဈာယိတွာဝ၊ မီးလောင်၍သာလျှင်။ မတော၊ သေရလေ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ (အချို့စာ၌ သတကနွတ္တုံဟု ရှိ၏၊ ဤသို့ ရှိမူ အကြိမ်များစွာဟု အနက်ပေးလေ။)

ဤကျီး ဤနွားတို့သည် ဇာတိ မကင်းသောကြောင့် မီးလောင်၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ဗဇ္ဈပက္ကမ မူလကာဒုက္ခကို ခံစားရကုန်၏။

---

### ၁၁၄-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေနစ်၍ သေသော မိန်းမတယောက်နှင့် ခွေးတခုဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော်နေတော်မူသည်ရှိသော်သဗ္ဗညုဘုရားကိုဖူးမြင်ခြင်းငှာ လှေစီး၍ လာကုန်သော ရဟန်းတို့၏ ပေှသည် သမုဒ္ဒရာ၌ မရွေ့မရှား မသွားပဲ အမြဲတည်၏၊သင်္ဘောသားတို့လည်းဤလှေအမေါင်းတို့၌ သူယုတ် ပါသည်ဟု သူယုတ်စာရေးတံကိုစီရင်ကြကုန်၏၊ သင်္ဘောသူကြီး၏မယားသည် ပဌမအရွယ်၌တည်၏၊ အလွန်အဆင်းလှသည်ဖြစ်၍ ရှုချင်ဖွယ်ရှိ၏၊ စာရေးတံသည် ထိုမိန်းမအား ရောက်လေ၏၊ စာရေးတံကိုတဖန်ထပ်၍ စီရင်ကြဦးလော့ဟု ဆိုသောကြောင့် သုံးကြိမ်တိုင်အောင် စီရင်ကုန်၏၊ သုံးကြိမ်လုံးလည်း ထိုမိန်းမအားသာ ရောက်လေကုန်၏၊ သင်္ဘောသားတို့ လည်း အသို့နည်း သခင်ဟု သင်္ဘောသူကြီး၏မျက်နှာကိုကြည့်ကြကုန်၏။ သင်္ဘောသူကြီးလည်းထိုမိန်းမတယောက်၏အတွက်ကြောင့် များစွာသော လူတို့ မပျက်စီးကောင်း၊ ယင်းသို့ဖြစ်သောကြောင့် ရေတွင် ထိုမိန်းမကို ပစ်ချကြကုန်လော့ဟုဆို၏၊ထိုမိန်းမသည်း ရေ၌ချမည်ဟုကိုင်သည်ရှိသော် သေဘေးမှကြောက်ရကားဖေါက်ပြန်သောအသံကိုပြု၏၊ဖေါက်ပြန်သော အသံကိုကြား၍ သင်္ဘော သူကြီးလည်း ဤမိန်းမအား အဝတ်တန်ဆာ တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အလုံးစုံသောတန်ဆာတို့ကိုချွတ်ပြီးလျှင် တခုသောပုဆိုးကြမ်းကိုဝတ်စေပြီးမှ ပစ်ချပါကုန်လော့၊ငါကားရေအပြင် ဝယ် မျောသွားသော ငါ့မယားကိုမြင်ခြင်းငှာ မတတ်နိုင်၊ ထို့ကြောင့် အကြင်အခြင်းဖြင့် ထိုမိန်းမကို ငါမမြင်၊ထိုအခြင်းဖြင့် သဲအိုးကို လည်ဝယ်

ဖွဲ့၍သမုဒ္ဒရာ၌ ချကုန်လေ၏ဟုဆို၏၊သင်္ဘောသားတို့လည်း သင်္ဘောသူကြီး ဆိုတိုင်းပြုကုန်၏၊ ထိုမိန်းမကျရာ အရပ်၌ပင် ငါးလိပ်တို့သည် လုယက်၍ စားကြကုန်၏၊ လှေစီးရဟန်းတို့လည်းထိုအကြောင်းကိုမြင်၍ သဗ္ဗညုဘုရား မှတပါး အဘယ်သူသည် ထိုမိန်းမ၏ကံကို သိနိုင်လတ္တံ့နည်း၊ သဗ္ဗညု ဘုရားအား မေးလျှောက်ကုန်အံ့ဟု အလိုရှိရာအရပ်သို့ရောက်၍ လှေမှ သက်ခဲ့ကြကုန်ပြီးသော်ဇေတဝန်ကျောင်းတော်သို့ရောက်၍ သဗ္ဗညုဘုရား အားလျှောက်ထားကြကုန်၏၊သဗ္ဗညုဘုရားလည်း ''ချစ်သားတို့....ထိုမိန်းမ ကား မိမိပြုအပ်သောကံ၏အကျိုးကို မိမိခံစားရ၏။ထိုမိန်းမသည်လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်တယောက်၏ မယားဖြစ်၍ ရေခပ်ခြင်း,မောင်းထောင်းခြင်း အစရှိသော အလုံးစုံသော ကိစ္စတို့ကို မိမိလက်ဖြင့်သာပြု၏၊ထိုမိန်းမ၏ တခုသောခွေးသည် အိမ်၌အလုံးစုံသော ကိစ္စတို့ကိုပြုသောထိုမိန်းမကိုကြည့်လျက်သာနေ၏၊လယ်၌ထမင်းပို့ခြင်းငှာ လည်းကောင်း,ထင်း ဟင်းရွက် စသည်တို့၏ အကျိုးငှာလည်းကောင်း တောသို့သွားသော် ထိုမိန်းမနှင့်အတူတကွသွား၏၊ ယင်းသို့သွားသည်ကို ရွာသားသူငယ်တို့မြင်၍ အချင်းတို့....ခွေးမုဆိုးကား ထွက်သွားလေပြီ ယနေ့ ငါတို့ အမဲဟင်းဖြင့် စားကုန်အံ့ဟု ပြက်ရယ်ပြုကြကုန်၏ ထိုမိန်းမ သည် ထိုသူတို့၏စကားကိုကြား၍ ရှက်ရကား ခွေးကိုခဲလုံ တံစသည်တို့ဖြင့် ပစ်ခတ်၍ပြေးစေ၏၊ ခွေးသည် ပြန်၍တဖန် လိုက်မြဲလိုက်၏၊ ထိုခွေးကား သုံးခုမြောက်သော ဘဝတွင် ထိုမိန်းမ၏ လင်ဖြစ်ဘူး၏၊ ထို့ကြောင့် ထို မိန်းမ၌ ချစ်ခြင်းကို မစွန့်နိုင်သတည်း၊ အစမတင်သော သံသရာတွင် လင်မယား မဖြစ်ဖူးသောသူမည်သည် အကယ်၍ကား မရှိ၏ရှင့်၊ ယင်းသို့ မရှိသော်လည်း အနီးဖြစ်သော ဘဝ၌ ဆွေမျိုးတို့၌သာ အလွန်ချစ်ခြင်း ဖြစ်၏၊ ထို့ကြောင့် ထိုခွေးသည် ထိုမိန်းမ၌ ချစ်ခြင်းကို မစွန့်နိုင်သတည်း။

ကိဥ္စာပိ ဟိ အနမတဂ္ဂေ သံသာရေ ဇာယာဝါ ပတိဝါ
အဘူတပုဗ္ဗာနာမ နတ္ထိ၊အဝိဒူရေ ပန အတ္တဘာဝေ ဉာတကေသု
အဓိမတ္တော သိနေဟော ဟောတိ။

(ဓမ္မပဒ အဋ္ဌကထာ)

ဟိသစ္စံ၊မှန်၏။ အနမတဂ္ဂေ၊ မသိအပ်သော အစရှိသော။ သံသာရေ၊ သံသရာ၌။ ဇာယာဝါ၊ မယားသည်လည်းကောင်း၊ ပတိဝါ၊ လင်သည် လည်းကောင်း၊ အဘူတပုဗ္ဗာ နာမ၊ မဖြစ်ဖူးသော သူမည်သည်ကုန်သည်၊

ကိစ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိကုန်ဧ်ရှင့်၊ ပနတထာပိ၊ ထိုသို့ရှိကုန်သော်လည်း။ အဝိဒူရေ၊ အနီးဖြစ်သော။ အတ္တဘာဝေ၊ အတ္တဘော၌။ ဉာတကေသု၊ ဆွေမျိုးတို့၌။ အမိမတ္တော၊ လွန်သော အတိုင်း အရှည်ရှိသော သိနေ့ဟော၊ ချစ်ခြင်းသည်။ ဟောတိ၊ ၏။

ထိုမိန်းမသည် ခွေးအား အမျက်ထွက်ရကားလင်အား လယ်၌ယာဂုကို ပို့ခြင်းငှာ သွားရာတွင်ကြိုးကိုဆောင်ယူ၍သွားလေ၏၊ ခွေးလည်းထိုမိန်းမနှင့် အတူတကွပင် လိုက်လေ၏၊ ထိုမိန်းမလည်း လင်အား ယာဂုကိုပေးပြီးလျှင် အချည်းနှီးသောယာဂုအိုးကိုယူ၍ ရေရှိရာအရပ်၌ အိုးကိုသဲဖြင့်ပြည့်စေ၍ အနီး၌ကြည့်လျက် ရပ်သောခွေးအား အသံကိုပြု၏၊ ခွေးလည်း ကြားမြင့်မှ ငါ့အား စကား၊သာယာစွာကို ယနေ့ရအပ်ဧ်ဟု မြီးဒူးကို လှုပ်လျက် ထိုမိန်းမသို့ကပ်၏၊ ထိုမိန်းမလည်း ခွေးကိုလည်၌ မြဲမြံစွာကိုင်၍ တခုသောကြိုးစွန်းဖြင့် အိုးကိုဖွဲ့၍ တခုသောကြိုးစွန်းကို ခွေးလည်၌ဖွဲ့၍ အိုးကိုရေသို့ ရှေးရှုလိမ့်စေ၏၊ခွေးလည်း အိုးသို့အစဉ်လိုက်လျက်ရေနစ်၍ ထိုအရပ်တွင်ပင် သေရှာလေ၏။

သုနခေါ ဃဋ္ဋံ အနုပန္နေန္တော ဥဒကေ ပတိတွာ တတ္ထေဝ ကာလမကာသိ။

(ဓမ္မပဒ အဋ္ဌကထာ)

သုနခေါ၊ ခွေးသည်။ ဃဋ္ဋံ၊ အိုးသို့။ အနုပန္နေန္တော၊ အစဉ်လိုက်လျက်။ ဥဒကေ၊ ရေ၌။ ပတိတွာ၊ ကျ၍။ တတ္ထေဝ၊ ထိုရေ၌ သာလျှင်။ ကာလမကာသိ၊ သေလေ၏။

မိန်းမသည် ထိုမကောင်းမှု၏ အကျိုးအားဖြင့် ရှည်စွာသော နေ့ညဉ့် ၈တ်လုံး ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏အစွမ်းအားဖြင့် များစွာသောဘဝတို့၌ သဲအိုးကို လည်တွင်ဖွဲ့ပြီးလျှင် ရေ၌ပစ်ချ၍ သေရလေ၏၊ ဤမိန်းမ ဤခွေးတို့လည်း ဇာတိမကင်းသောကြောင့် ရေနစ်၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမမူလကဒုက္ခကို ခံစားရကုန်၏။

---

၁၁၅-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရေနစ်၍ သေသော သတော်သား ခုနစ်ရာတို့ ဝတ္ထု

သဗ္ဗညုဘုရား ထင်ရှား ရှိတော်မူစဉ် ခုနစ်ရာသော သတော်သား ကုန်သည်တို့သည် သင်္ဘောလှေဖြင့် မဟာသမုဒ္ဒရာသို့ ကုန်ကူး၏၊ထိုသူတို့၏

သင်္ဘောသည် လွှတ်အပ်သော မြားအဟုန်ကဲ့သို့ ဖြောင့်စွာ သွားသည်ရှိသော် ခုနစ်ရက်မြောက်သော နေ့၌ သမုဒ္ဒရာအလယ်တွင် ကြီးစွာသော လှိုင်းတံပိုးတို့သည် ထ၍ သင်္ဘောကို ရေဖြင့်ပြည့်စေကုန်၏၊ သင်္ဘောသည် ရေ၌နစ်လတ်သော် သင်္ဘောသား အပေါင်းတို့သည် မိမိတို့ကိုးကွယ်သော နတ်တို့၏ အမည်တို့ကိုယူ၍ တောင်းပန်ခြင်း အစရှိသည်တို့ကို ပြုလျက် ငိုကြွေးကုန်၏၊ ထိုသူတို့၏ အလယ်တွင် တယောက်သောသူသည် ဤသို့ သဘောရှိသော ဘေးရန်ရောက်သောအခါ တည်ရာမှီရာသည် ငါ့အား ထင်ရှားရှိပါသလောဟု တွေးတော ဆင်ခြင်လတ်သော် မိမိ၏စင်ကြယ်သော သရဏဂုံသီလတို့ကိုမြင်၍ ယောဂီပုဂ္ဂိုလ်ကဲ့သို့ ပလ္လင်ကို ထက်ဝယ်ဖွဲ့၍နေ၏၊ထိုသူ့အား တပါးသော သင်္ဘောသားတို့သည် မကြောက်ခြင်း၏ အကြောင်းကို မေးကုန်၏၊ထိုယောကျ်ားလည်း သင်္ဘောသားတို့အား "အချင်းတို့....ငါကား လှေသို့တက်သည့်နေ့၌ ရဟန်းသံဃာအား အလှူကို ပေးပြီးလျှင်သရဏဂုံသီလကိုခံယူ၏၊ထို့ကြောင့်ငါ့အားကြောက်ခြင်းမရှိ" ဟု ဆို၏၊"အရှင်....သရဏဂုံသီလတို့ကို သူတပါးအား ပေးခြင်းငှာမအပ်ကုန်လော" ဟုဆိုသော်"အပ်ကုန်၏" ဟုဆို၏၊ ယင်းသို့ တပြီးကား ငါတို့အားလည်း သီလကို ပေးပါလော့ဟု ဆိုသောကြောင့် ထိုယောကျ်ားသည် သင်္ဘောသား ခုနစ်ရာတို့ကို ခုနစ်စုံတရာစီပြုပြီးလျှင် ငါးပါးသောသီလကို ပေး၏၊ထိုသင်္ဘောသားခုနစ်ရာတို့တွင် ရှေးဦးစွာတရာသော သင်္ဘောသားသည် ဖမျက် အတိုင်းအရှည်ရှိသော ရေ၌တည်၍ သီလကိုခံယူ၏၊ဒုတိယ သင်္ဘောသား တရာသည် ပုဆစ် အတိုင်း အရှည်ရှိသော ရေ၌, တတိယ သင်္ဘောသားတရာသည် ခါးအတိုင်းအရှည်ရှိသော ရေ၌ စတုတ္ထသင်္ဘောသားတရာသည် ချက်အတိုင်းအရှည်ရှိသောရေ၌, ပဥ္စမသင်္ဘောသားတရာသည် သားမြတ်အတိုင်းအရှည်ရှိသောရေ၌, ဆဋ္ဌသင်္ဘောသားတရာသည် လည် အတိုင်းအရှည်ရှိသောရေ၌, သတ္တမသင်္ဘောသားတရာသည် ခံတွင်းဖြင့် ဆားငန်ရေ ဝင်သောအခါ၌ သီလကို ခံယူ၏၊ ထိုသရဏဂုံ သီလတည်သော ဥပါသကာ ယောကျ်ားလည်း သင်္ဘောသား ခုနစ်ရာတို့အား သီလကို ပေးပြီးသော် သင်တို့အား သီလမှတပါး အခြား ကိုးကွယ်ရာ မရှိပြီ သီလကိုသာ ဆင်ခြင်ပါဟု ကြွေးကြော်၏၊ ထိုခုနစ်ရာသောသင်္ဘောသားတို့သည် သမုဒ္ဒရာ၌ သေကုန်၍ သေခါနီးကာလ၌ ယူအပ်သော သီလကို မှီလျက် တာဝတိံသာ နတ်ပြည်၌ တည်ကုန်၏။

တာနိ သတ္တသတာနိ တတ္ထ ကာလံကတွာ အာသန္နကာလေ
ဂဟိတသီလံ နိဿာယ တာဝတိံသ ဘဝနေ နိဗ္ဗတ္တိံသု။
(သံယုတ် အဋ္ဌကထာ)

တာနိ သတ္တသတာနိ၊ ထိုခုနစ်ရာသော သတော်သားတို့သည်။ တတ္ထ၊ ထိုသမုဒ္ဒရာ၌။ ကာလံကတွာ၊ သေကုန်၍။ အာသန္နကာလေ၊ သေခါနီးကာလ၌။ ဂဟိတသီလံ၊ ယူအပ်သောသီလကို။ နိဿာယ၊ မှီ၍။ တာဝတိံသ ဘဝနေ၊ တာဝတိံသာနတ်ပြည်၌၊ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။

ထိုခုနစ်ရာသော နတ်သား တို့အား အပေါင်း၏ အစွမ်းဖြင့် ဗိမာန်တို့သည် ဖြစ်ကုန်၏၊ ခပ်သိမ်းသော သူတို့၏ အလယ်၌ ဆရာ့အား ယူဇနာ တရာရှိသော ရွှေဗိမာန်သည် ဖြစ်၏၊ ကြွင်းကုန်သော နတ်သားတို့သည် ဆရာ၏ အခြံအရံဖြစ်ကုန်၍ အလုံးစုံ အောက် ယုတ်သော ဗိမာန်သည် တဆယ့်နှစ်ယူဇနာရှိ၏၊ ဤသို့ ထိုခုနစ်ရာသော နတ်သားတို့သည် သူတော်ကောင်းတို့၏ တရားကို ဆောက်တည်သည်၏အစွမ်းဖြင့် သူတော်ကောင်းတို့ကို ချီးမြှောက်ပြောဆို၍ နတ်ပြည်၌ ဖြစ်ကုန်ရကား သတုလ္လပကာယိက နတ်သားတို့ဟူ၍ ထင်ရှားကုန်၏၊ ဤနတ်သားတို့လည်း ဇာတိမကောင်းသော ကြောင့် ရေနစ်၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့်ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

၁၁၆-ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
ရေနစ်၍ သေကုန်သော ဝိဋ္ဋူဘ စသောသူတို့ ဝတ္ထု

သာဝတ္ထိပြည်၌ ဝိဋ္ဋူဘသည် ဒီဃကာရာယန စစ်သူကြီး၏ အကြံ အစည်ဖြင့် မင်းအဖြစ်သို့ ရောက်လျှင် အလုံးစုံသော သာကီဝင် မင်းတို့ကို သတ်အံ့ဟု များစွာသော စစ်သည်ဗိုလ်ပါဖြင့် ထွက်၏၊ ထိုနေ့၌ ဘုရား မြတ်စွာသည် မိုးသောက်ထအခါ လောကကို ကြည့်တော်မူသည်ရှိသော် ဆွေမျိုးအပေါင်း၏ ပျက်စီးခြင်းကို မြင်တော်မူ၍ ဆွေမျိုးတို့အား သင်္ဂြိုဟ် ခြင်းငှာ သင့်၏ဟု ကြံတော်မူလျက် နံနက်အခါ ဆွမ်းခံရွာမှ ဖဲပြီးသော် ဂန္ဓကုဋီတိုက်၌ သီဟသေယျကို ပြုတော်မူ၍ ညချမ်းသောအခါ ကောင်း ကင်ဖြင့် ကြွသွားတော် မူပြီးလျှင် ကပိလဝတ်ပြည်၏ အနီး တခုသော ကြဲသော အရိပ်ရှိသော သစ်ပင်ရင်း၌ နေတော်မူ၏၊ ဝိဋ္ဋူဘ၏ ပြည် အပိုင်းအခြား၌ထူထဲသော အရိပ်ရှိသော ပညောင်ပင်သည်၊ ဝိဋ္ဋူဘ လည်း သဗ္ဗညုဘုရားကို မြင်သော် ကပ်၍ ရှိခိုးပြီးလျှင် "အရှင်ဘုရား....

အဘယ့်ကြောင့် ဤသို့ပူသောအခါ၌ ကြဲသော အရိပ်ရှိသော သစ်ပင်ရင်း ဝယ်နေသနည်း၊ဤထူထဲသော အရိပ်ရှိသောပညောင်ပင်ရင်း၌နေကောင်း ပါသည်မဟုတ်လော''ဟု လျှောက်၏၊''မင်းကြီး....ဆွေမျိုးတို့၏အရိပ်မည် သည်ကားချမ်းအေး၏''ဟု မိန့်တော်မူသော် ဆွေတော် မျိုးတော်တို့ကို စောင့်ရှောက်ခြင်းငှာ ကြွလာသည်ဖြစ်လတ္တံ့ဟု သိ၍သဗ္ဗညုဘုရားကိုရှိခိုး ပြီးလျှင် သာဝတ္ထိပြည်သို့သာ ပြန်လေ၏၊ ဘုရားလည်းကောင်းကင် သို့ ပျံတက်၍ ဇေတဝန် ကျောင်းတော်သို့ ကြွတော်မူ၏၊ ဝိဋူဍဘလည်း သာကီဝင် မင်းတို့၏ အပြစ်ကို အောက်မေ့၍ နှစ်ကြိမ်မြောက် တဖန် ထွက်ပြန်သော် ထိုအရပ်၌ပင် သဗ္ဗညု ဘုရားကို တွေ့၍ ပြန်လေ၏၊ သုံးကြိမ်မြောက်လည်း နည်းတူပင် ပြန်လေ၏၊လေးကြိမ်မြောက် ထွက်ပြန် သော် သဗ္ဗညု ဘုရားလည်း ထိုသာကီဝင် မင်းတို့၏ ရှေးမကောင်းမှုကို ကြည့်တော်မူလျှင် ထိုသာကီဝင် မင်းတို့၏ မြစ်၌ ငါးဆေး ခတ်သော မကောင်းမှုကို မတားမြစ်နိုင်သောအဖြစ်ကို သိ၍ လေးကြိမ်မြောက်ကား ကြွသွားတော်မမူ၊ ဝိဋူဍဘလည်း သာကီဝင်တို့ကို သတ်အံ့ဟု များစွာ သော ဗိုလ်ပါနှင့်တကွ ထွက်၏၊သဗ္ဗညုဘုရား၏ ဆွေမျိုးတော်တို့မည်သည် ကားမိမိတို့ပင်သေကုန်သော်လည်း သူတပါးတို့အား ဇီဝိတိန္ဒြေမှ မချကုန်၊ သာကီဝင်မင်းတို့ ကြံကြသည်ကား သင်အပ်ပြီးသော လေးအတတ်, လေ့ ကျက်အပ်ပြီးသော မြားအတတ်ရကုန်၏၊ ယင်းသို့ရှိကုန်သော်လည်း ငါတို့ သည် သဗ္ဗညုဘုရား၏ ဆွေတော်မျိုးတော်ဖြစ်ကုန်လျက်သူတပါးတို့အား သတ်ခြင်းငှာ မတတ်ကောင်း၊ ငါတို့အတတ်ကိုပြ၍ ပြေးစေအံ့ဟု ကြံပြီးမှ ထိုသာကီဝင် မင်းတို့သည် ဖွဲ့အပ်သော စစ်ဝတ်တန်းဆာ ရှိကုန်လျက် ထွက်၍ စစ်ထိုးခြင်းငှာ အားထုတ်ကုန်၏၊ သာကီဝင်မင်းတို့ ပစ်အပ်သော မြားတို့သည် ဝိဋူဍဘ၏ စစ်သည်တို့ အကြားအကြားဖြင့် သွားကုန်၏၊ ကာကြား,နားပေါက်ကြား အစရှိသည်တို့မှ ထွက်ကုန်၏၊ ဝိဋူဍဘလည်း ထိုအကြောင်းကိုမြင်၍ ''အချင်းတို့....သာကီဝင် မင်းတို့သည် ငါတို့ကား သတ္တဝါကို မသတ်ဟုဆိုကုန်၏၊ ယင်းသို့ဆို ကုန်လျက် ယခု ငါ၏စစ်သည် တို့ကို သတ်သည်''ဟု ဆို၏၊ထိုအခါ ဝိဋူဍဘကို ယောကျ်ားတယောက်က အရှင်တို့၏ စစ်သည်သည် တယောက်မျှ မသေတကားဟု ဆို၏၊ ယင်းသို့ သော် စစ်သည်တို့ကို ရေတွက်ဟုဆို၍ ရေတွက်စေသော် တယောက်မျှ ပျက်စီးသည်ကိုမမြင်၊ဝိဋူဍဘသည် ထိုအရပ်မှပြန်၍ ''အချင်းတို့....အကြင်

အကြင်သူတို့သည် ငါတို့ကားသာကီဝင်မင်းဟု ဆိုကုန်၏၊ ထိုအလုံးစုံသောသူတို့ကို သတ်လေကုန်၊ ဘိုးတော်ဖြစ်သော မဟာနာမသာကီဝင်၏ အထံ၌ တည်သော သူတို့အားသာ အသက်ပေးကုန်လော့”ဟု ဆို၏၊ သာကီဝင်မင်းတို့သည် ယူအပ်သော အကြောင်းကို မမြင်ကုန်ရကား တချို့တို့သည် မြက်ကိုကိုင်၍ အချို့တို့သည် ကျူကိုကိုင်၍တည်ကုန်၏၊ သင်တို့သာကီဝင်လောဟု မေးသော် အကျင့်ကြောင့်သေကုန်သော်လည်း မုသားမဆိုကုန်၊ ထို့ကြောင့် မြက်ကိုကိုင်၍တည်ကုန်သော သာကီဝင်မင်းတို့သည် တိဏ္ဏဟု ဆိုကုန်၏၊ ကျူကိုကိုင်၍ တည်ကုန်သော သာကီဝင် မင်းတို့သည် နဠဟု ဆိုကုန်၏၊ယင်းသို့ တိဏ နဠဟု ဆိုကုန်သောသာကီဝင် မင်းတို့သည်လည်းကောင်း,မဟာနာမသာကီဝင်၏အထံ၌တည်ကုန်သောသာကီဝင်မင်းတို့သည်လည်းကောင်းအသက်ကိုရကုန်၏၊ ထိုသာကီဝင်မင်းတို့တွင်မြက်ကို ကိုင်၍တည်ကုန်သောသာကီဝင်တို့ကား နဠသာကီဝင်မည်ကုန်၏၊မဟာနာမ သာကီဝင်အထံ၌ တည်ကုန်သော သာကီဝင်တို့ကား ပကတိသာကီဝင်မည်ကုန်၏၊ကြွင်းသော သာကီဝင်တို့ကိုနို့စို့မျှမချန် အကုန်သတ်စေ၍သွေးချောင်းစီးခြင်း တည်းဟူသော မြစ်ကို ဖြစ်စေကျက်ထိုသာကီဝင်မင်းတို့သည် လည်ချောင်းသွေးဖြင့် နေရာအင်ပျဉ်ကို ဆေး၏၊ ဤသို့ သာကီဝင် မင်းတို့၏ အနွယ်သည် ဝိဋ္ဋူဘကြောင့် ပြတ်လေ၏၊ ဝိဋ္ဋူဘလည်း မဟာနာမ်အမည်ရှိသော် ဘိုးတော် သာကီဝင်ကို ယူစေပြန်လတ်သော်နံနက်စာ စားချိန်၌ နံနက်စာ စားအံ့ဟု တခုသော အရပ်၌ တပ်ချ၍ ဘောဇဉ်ကို ဆောင်လတ်သော် ဘိုးသော်နှင့်အတူတကွ စားအံ့ဟု ဘိုးတော် မဟာနာမ်ကိုခေါ်စေ၍ မင်းတို့မည်သည်ကား အသက်ကိုစွန့်ရကုန်သော်လည်း ကျွန်မသားတို့နှင့်အတူတကွ မစားကုန်၊ ထို့ကြောင့် မဟာနာမ်သည် အိုင်တခုကိုမြင်၍ချစ်သား....ညစ်နွမ်းသောကိုယ်ရှိရကား ရေချိုးအံ့ဟုဆို၏၊ကောင်းပြီဘိုးတော် ရေချိုးပါဟု ဆိုသော် ထိုမဟာနာမ်မင်းသည် ဤသူကားအတူတကွ ထမင်းစားသော် ငါ့ကို သတ်လတ္တံ့၊ သူသတ်သောထက် ငါ့အလိုလိုပင် သေရခြင်းသည် မြတ်၏ဟု ဆံတို့ကို ဖြေပြီးလျှင် အဖျား၌ ထုံး၍ဆံတို့၌ ခြေမတို့ကို စွပ်ပြီးလျှင်ရေ၌ငုပ်၏၊ ထိုမဟာနာမ်၏ ဂုဏ်တန်ခိုးကြောင့် နဂါးမင်း၏ဗိမာန် ညည်ပူသောအခြင်းအရာကိုပြ၏၊ နဂါးမင်းသည် အကြောင်းကား အသို့နည်းဟု စုံစမ်းပြီးလျှင် မဟာနာမ် အထံသို့ လာ၍မိမိပါးပျဉ်း၌နေစေပြီးမှ နဂါးပြည်သို့ ဆောင်၏၊ မဟာနာမ်သည်တဆယ့်

နှစ်နှစ်ပတ်လုံးထိုနဂါးပြည်၌ပင် နေရ၏၊ဝိဋ္ဋူဘသည်လည်း ငါ့ဘိုးတော်ကား ယခုပင်လာလတ္တံ့၊ ယခုပင်လာလတ္တံ့ဟု ငံ့လျက်နေသော် ထိုမဟာနာမ်သည် အလွန်ကြာမြင့်ရကား ရေအိုင်ကိုစူးစမ်းစေ၍ ဆီမီးအရောင်ဖြင့်အဝတ်ပုဆိုးတို့ကိုသော်လည်း မမြင်သောကြောင့်ထွက်ပြေးသည်ဖြစ်လတ္တံ့ဟုဆို၍ဖဲလေ၏၊ဝိဋ္ဋူဘလည်း ပြန်သွား၍ အစိရဝတီမြစ်သို့ ရောက် လျှင်သစ်တပ်ဖွဲ့၍ နေစေ၏၊ စစ်သည် အချို့တို့သည် မြစ်တွင်းသဲပြင်၌ အိပ်ကုန်၏၊ စစ်သည်အချို့တို့သည် အပကုန်းထိပ်၌အိပ်ကုန်၏၊ မြစ်တွင်း၌အိပ်ကုန်သော သူတို့တွင်လည်း အကြင်သူအား ရှေး၌ပြုအပ်သောမကောင်းမှုမရှိကုန်၊ အပကုန်းထိပ်၌ အိပ်ကုန်သော သူတို့တွင်လည်း ရှေး၌ပြုအပ်သော မကောင်းမှုရှိကုန်၏၊ ထိုသူတို့၏အိပ်ရာတို့၌ ပိုးရွတို့သည် ထကုန်၏၊ထိုသူတို့သည် ငါ့အိပ်ရာ၌ ပိုးရွတို့လည်း တက်ကုန်၏၊ ငါ့အိပ်ရာ၌ပိုးရွတို့သည် တက်ကုန်၏ဟု ဆိုပြီးလျှင် ပြုအပ်သောမကောင်းမှု မရှိသောသူတို့သည် မြစ်မှ တက်၍ ကြည်းကုန်း၌ အိပ်ကုန်၏၊ ပြုအပ်သော မကောင်းမှုရှိကုန်သော သူတို့သည် ကုန်းမှဆင်း၍ မြစ်တွင်းသဲပြင်၌ အိပ်ကုန်၏၊ ထိုခဏ၌ ကြီးစွာသောမိုးသက်၍ တခဲနက်ရွာ၏၊ မြစ်ရေအယဉ်သည်လာပြီးမှ ဝိဋ္ဋူဘကို ပရိသတ်နှင့်တကွသမုဒ္ဒရာသို့ ရောက်စေ၏၊အလုံးစုံသောသူတို့သည် ထိုသမုဒ္ဒရာ၌ ငါးလိပ်တို့၏ အစာ ဖြစ်ကုန်၏။

နဒိယာ ဩဃော အာဂန္တွာ ဝိဋ္ဋူဘံ သဒ္ဓိံ ပရိသာယ သမုဒ္ဒမေဝ ပါပေသိ၊ သဗ္ဗေ တတ္ထ မစ္ဆကစ္ဆပ ဘက္ခာ အဟေသုံ။

(ဓမ္မပဒ အဋ္ဌကထာ)

နဒိယာ၊ အစိရဝတီမြစ်၏။ ဩဃော၊ ရေအယဉ်သည်။ အာဂန္တွာ၊ လာ၍။ ဝိဋ္ဋူဘံ၊ ဝိဋ္ဋူဘကို။ ပရိသာယ၊ ပရိသတ်နှင့်။ သဒ္ဓိံ၊ တကွ။ သမုဒ္ဒမေဝ၊ သမုဒ္ဒရာသို့သာလျှင်။ ပါပေသိ၊ ရောက်စေ၏။ သဗ္ဗေ၊ အလုံးစုံသော သူတို့သည်။ တတ္ထ၊ ထိုသမုဒ္ဒရာ၌။ မစ္ဆကစ္ဆပ ဘက္ခာ၊ ငါးလိပ်အစာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

လူအပေါင်းသည် သာကီဝင်မင်းတို့၏သေခြင်းကားမလျောက်ပတ်ဟု စကားကိုဖြစ်စေ၏၊ထိုစကားကိုသဗ္ဗညုဘုရားကြားတော်မူလျှင်"ချစ်သားတို့....ဤဘဝ၌ သာကီဝင်မင်းတို့၏ သေရခြင်းကား အကယ်၍မလျောက်ပတ်၏ရှင့်၊ ယင်းသို့သော်လည်း ရှေး၌ပြုအပ်သော မကောင်းမှုကံ၏အစွမ်းဖြင့် လျောက်ပတ်သည်သာတည်း"ဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးလှ

သောဘုရား....ထိုသူတို့ကား အဘယ်မကောင်းမှုကို ပြုဖူးလေကုန်သနည်း’ ဟု လျှောက်ကုန်၏၊ ‘ချစ်သား.... .... ထိုသူတို့ကား တကွ စုပေါင်း၍ မြစ်ချောင်းထုံးအိုင်၌ ငါးဆေးခတ်ခြင်းကို ပြုဖူးကုန်၏’ ဟု မိန့်တော်မူ၏။ ဤသို့ ဝိဋ္ဋမူ့ဘ အမှုး ရှိသော လူအပေါင်းတို့လည်း ဇာတို့ မကင်းသော ကြောင့် ရေနစ်၍ သေရခြင်း တည်းဟူသော သူတမါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

### ၁၁၇-ပရူပက္ကမ မူလကဒုက္ခအရာ၌ ဝက်မှက်ခြင်း တည်းဟူသော မိုးကြိုးကျ၍ သေသော ဘဒ္ဒဇိထေရီ အလောင်းရသေ့ ဂန္ဓောဒကိယ ထေရီအလောင်း သူကြွယ်, ဌိတဥလိယထေရီအလောင်း မုဆိုးတို့ ဝတ္ထု

ဤကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာတသိန်းထက်၌ ဘဒ္ဒဇိမထေရ်၏ အလောင်းသည် ရသေ့ဖြစ်၍ အစာအလို့ငှာရေကန်သို့ဆင်းပြီးသော်ကြာ စွယ်တို့ကိုနုတ်၏၊ ထိုအခါပဒုမုတ္တရဘုရားသခင်သည် ကောင်းကင်ဖြင့်ကြွ တော်မူသည်ကို မံ့သုကူသ ကိန်း၏ အသံကိုကြားသောကြောင့်မော်၍ကြည့် လျှင်ရှင်ရသေ့သည်မြင်ရကား ‘ဘုန်းတော်ကြီးလှသောဘုရား....အကျွန်ုပ်၏ ကြာစွယ်ကို ခံတော်မူပါ’ ဟု တောင်းပန်၏။ ယင်းသို့တောင်းပန်လေလျှင် ပဒုမုတ္တရ ဘုရားသခင်သည် အစဥ်သနားသဖြင့် ခံတော်မူ၍ ချမ်းသာစေဟု အနုမောဒနာပြုတော်မူ၏။ ရှင်ရသေ့လည်း ကြာစွယ်ကိုယူ၍ မိမိသခ်မ်းသို့ ပြန်လာပြီးလျှင်သစ်ပင်၌ကြာစွယ်ကိုဆွဲ၍ထားပြီးမှ မိမိဒါနကိုဝမ်းမြောက် ဝမ်းသာအောက်မေ့လျက်နေ၏။ ထိုအခါလေရော မိုးပါ ပြင်းထန်စွာရွာ၍ ရှင်ရသေ့၏ ထိပ်ထက်၌ မိုးကြိုးကျသဖြင့် အနိစ္စသို့ ရောက်လေ၏။

တတော မေ အသနိပါတော, မတ္ထကေ နိပတိ တဒါ။
သောဟံ နိသိန္နကော သန္တော, ကတ္တ ကာလကတော အဟံ။
(အပဒါန်ပါဠိတော်)

တတော၊ထိုလေရောမိုးပါပြင်းစွာလာခြင်းကြောင့်။ တဒါ၊ထိုအခါ၌။ မေ၊ငါ၏။ မတ္ထကေ၊ ထိပ်ထက်၌။ အသနိပါတော၊ မိုးကြိုးသည်။ နိပတိ၊ ကျပြီ။ သော အဟံ၊ ထိုငါသည်။ နိသိန္နကော သန္တော၊ ထိုင်သည်ဖြစ်လျက်။ တတ္တ၊ ထိုသခ်မ်း၌။ ကာလကတော၊ သေပြီ။ (အဟံကား နဲပါတဲမျှသာ။) ညွှန်းစာပေ- ၆၀။

ရှင်ရသေ့ကား သေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ကိုယ်ကား သခ်ႋုင်းထက်၌ ပက်လက်ကျလေ၏။

ဂန္ဓောဒကိယမထေရ်၏ အလောင်းတော်သည်လည်း ကမ္ဘာတသိန်း ထက်ဝယ် သူကြွယ်ဖြစ်၍ ပဒုမုတ္တရဘုရားသခင်၏ဗောဓိပင်ကို ပူဇော်သော ပွဲဖြစ်သောအခါ ဆန်းကြယ်စွာသော အိုးကိုယူ၍ နံ့သာရည်ဖြင့်ဗောဓိပင် ကို သွန်းလောင်း၏။ ယင်းသို့သွန်းလောင်းစဉ်မိုးသည်ပြင်းစွာရွာ၍မိုးကြိုး ထစ်လတ်သော် မိုးကြိုးသည် ထိပ်ထက်၌ ကျရကား ထိုမိုးကြိုးအဟုန်ဖြင့် သေ၍ နတ်ပြည်၌ ဖြစ်လေ၏။

စေတနေ့ဝဲ ါသနိ မဝဂေန, တတ္ထ ကာလင်္ကတော အဟံ။

(အပဒါန်ပါဠိတော်)

တေနေဝ ါသနိ ဝေဂေန၊ ထိုမိုးကြိုး အဟုန်ဖြင့် သာလျှင်။ တတ္ထ၊ ထို ဗောဓိပင်ကို ရေသွန်းလောင်းရာ၌။ အဟံ၊ ငါသည်။ ကာလင်္ကတော၊ သေခဲ့၏။

နတ်ပြည်၌ တည်လျက် မိမိအလောင်း ပက်လက် ကျသည်ကို မိမိပင် မြင်ရ၏။

ဝိတဏ္ဍိယမထေရ်၏ အလောင်းတော်သည်လည်း ကိုးဆယ့်နှစ်ကမ္ဘာ ထက်၌ မုဆိုးဖြစ်၍ တောၶလှည့်လည်လတ်သော် ဖုဿဘုရားရှင်ကို မြင်၍ လက်အုပ်ချီလျက် ရပ်၏။ ယင်းသို့ရပ်၍ ဖဲသည်မှ နောက်၌ မိုးကြိုးသည် ထိပ်ထက်၌ ကျရကား သေ၍ နတ်ပြည်၌ ဖြစ်လေ၏။

တတော မေ အသနိပါတော, မတ္ထကေ နိပတိံ တဒါ။

(အပဒါန်ပါဠိတော်)

တတော၊ လက်အုပ်ချီ၍ ရပ်သည်မှနောက်၌။ အသနိပါတော၊ မိုးကြိုး သည်။ မေ၊ ငါ၏။ မတ္ထကေ၊ ထိပ်ထက်၌။ တဒါ၊ ထိုအခါ၌။ နိပတိံ၊ ကျပြီ။

ဤရသေ့, ဤသူကြွယ်, ဤမုဆိုးတို့ သည်လည်း ဇာတိ မကောင်းသော ကြောင့်မိုးကြိုးကျ၍ သေရခြင်းတည်းဟူသော သူတပါး လုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေကုန်၏။

## ၁၁၈-ပဉ္စပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိုးကြိုးကျ၍ သေသော ဆိတ်ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်၌ ကိန်းအောင်းဗမ္မလျော် နေတော်မူလျက် မတကဘတ်ကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏၊ ထိုအခါလူတို့သည်များစွာသော ဆိတ်,ဝက်,ကြက် အစရှိသော သတ္တဝါတို့ကို သတ်၍ သေလွန်ကုန်သော ဆွေမျိုးတို့ကို ရည်မှတ်ပြီးလျှင် မတကဘတ်ကို ပေးလှူကုန်၏၊ ရဟန်းတို့လည်း ထိုသို့သော အခြင်းအရာအားဖြင့် ပြုကုန်သော သူတို့ကို မြင်၍ 'ဘုန်းတော်ကြီးလှသောဘုရား....ယခုလူတို့သည် များစွာသော သတ္တဝါတို့ကိုသတ်၍ မကတဘတ်ကို ပေးကုန်၏၊ ဤသို့ပေးရာ၌ အစီးအပွားရှိပါသလော'ဟု သဗ္ဗညုဘုရားအား လျှောက်ထားကုန်၏၊ သဗ္ဗညုဘုရားလည်း 'ချစ်သားတို့....မတကဘတ်ပေးအံ့ဟု သူ့အသက်ကိုသတ်ရာ၌ တစုံတခုမျှ အစီးအပွားသည် မရှိ၊ ရှေးအခါ၌ ပညာရှိတို့သည် ကောင်းကင်၌နေ၍ တရားဟောလျက် ဤသူ့အသက်ကိုသတ်၍ မတကဘတ်ပေးရာ၌အပြစ်ကို ဆိုပြီးလျှင် ဤဇမ္ဗူဒီပါကျွန်း အပြင်၌ နေကုန်သော သူတို့ကို ဤအမှုကို စွန့်စေကုန်၏၊ ယခုကား ဘဝဖုံးလွှမ်းသောကြောင့် ထင်ရှား ဖြစ်လာပြန်သတည်း'ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဗေဒင်သုံးပုံတို့၏ ကမ်းတဘက်သို့ရောက်သော ဒိသာပါမောက္ခ ဆရာပုဏ္ဏားတယောက်သည် မတကဘတ်ကိုပေးအံ့ဟု ဆိတ်တကောင်ကို ယူစေပြီးလျှင် တပည့်တို့ကို 'အမောင်တို့....ဤဆိတ်ကိုမြစ်သို့ဆောင်ပြီးလျှင် ရေချိုး၍ လည်၌ပန်းပန်၍ နံ့သာဖြင့် လက်ငါးချောင်းရာပေး၍တန်ဆာဆင်ပြီးလျှင် ဆောင်ခဲ့ကုန်'ဟုဆို၏၊ တပည့်တို့သည်း ကောင်းပြီဟုဝန်၍ ဆိတ်ကိုယူပြီး လျှင် မြစ်သို့သွား၍ ရေချိုးပြီးမှ လည်၌ပန်းပန်၍ မြစ်ကမ်းပါး၌ ထားကုန်၏၊ ထိုဆိတ်သည် မိမိ၏ရှေးမကောင်းမှုကိုမြင်၍ ငါကား ဤသို့သဘောရှိသောဆင်းရဲမှလွတ်အံ့ဟု ဝမ်းမြောက်သည်ဖြစ်၍မြေအိုးကို ရိုက်ခွဲသကဲ့သို့ ပြင်းစွာရယ်လျက် တဖန် ဤပုဏ္ဏားကား ငါ့ကို သတ်၍ ငါသည် ရအပ်သောဆင်းရဲကို ခံစားရလတ္တံ့ဟု ပုဏ္ဏား၌ သနားခြင်းကို ဖြစ်စေ၍ ပြင်းစွာသော အသံဖြင့် ငို၏၊ ထိုအခါ ဆိတ်ကို လုလင်တို့က 'အဆွေဆိတ် သင်ကား ပြင်းစွာ ရယ်လည်း ရယ်၏၊ ငိုလည်း ငို၏၊

ရယ်ခြင်း,ငိုခြင်းအကြောင်းကား အဘယ်နည်း’ဟုမေးကုန်၏၊သင်တို့သည် ဤအကြောင်းကို ဆရာ၏ အထံ၌ ငါ့ကိုမေးကုန်လော့ဟု ဆို၍ ထိုလုလင်တို့သည် ဆိတ်ကိုယူပြီးလျှင် သွား၍ ဆရာအားကြားကုန်၏၊ ဆရာလည်း တဖည့်တို့ စကားကိုကြား၍ ရယ်ခြင်း, ငိုခြင်း၏အကြောင်းကား အဘယ်နည်းဟု ဆိတ်ကိုမေး၏၊ ဆိတ်လည်း မိမိပြုအပ်သောအမှုကို ဇာတိဿရဉာဏ်ဖြင့် အောက်မေ့၍ ပုဏ္ဏားအား ဆိုပေ၏၊ ‘ပုဏ္ဏား ငါကား ရှေးအခါ သင်ကဲ့သို့ ဗေဒင် သရဇ္ဈာယ်သော ပုဏ္ဏားဖြစ်၍ မကတဘတ်ပေးအံ့ဟု ဆိတ်တခုကို သတ်ပြီးလျှင် မတကဘတ်ကို ပေး၏၊ ထိုငါသည် ဆိတ်တခုကို သတ်မိသောကြောင့် တခုယုတ် ငါးရာသော ဘဝတို့၌ ဦးခေါင်းပြတ်ခြင်းသို့ ရောက်၏၊ ယခုသည်ကား ငါ၏ အဆုံးစွန်တည်သော ငါးရာမြောက်သော ဘဝတည်း၊ ထိုငါသည် ယနေ့ ဤသို့သဘောရှိသောဆင်းရဲမှ လွတ်အံ့ဟု ဝမ်းမြောက်သည်ဖြစ်၍ ငါရယ်သည်၊ ငိုသည်မှာကား ငါသည် ရှေးဦးစွာ ဆိတ်တခုကိုသတ်၍ ဘဝငါးရာတို့ပတ်လုံး ဦးခေါင်းပြတ်သောဆင်းရဲသို့ ရောက်ရ၏၊ ယနေ့ငါ့မှာ ထိုဆင်းရဲမှ လွတ်တော့အံ့၊ ဤပုဏ္ဏားကား ငါ့ကိုသတ်၍ ငါကဲ့သို့ပင် ဘဝငါးရာတို့ပတ်လုံး ဦးခေါင်းပြတ်သောဆင်းရဲ ခံစားရလတ္တံ့ဟု သင့်အား သနားသဖြင့် ငါငိုသည်’ဟု ဆို၏၊ ‘ဆိတ်မင်း မကြောက်လင့်၊ ငါသည် သင့်ကို မသတ်’ဟု ဆိုသော် ‘ပုဏ္ဏား အသို့ ဆိုဘိသနည်း၊ သင်သတ်သော် လည်းကောင်း, မသတ်သော် လည်းကောင်း ယနေ့ ငါသည် သေခြင်းမှ လွတ်ခြင်းငှာ မတတ်ကောင်း’ဟု ဆို၏၊ ‘ဆိတ်မင်း မကြောက်လင့်၊ ငါသည် သင့်အား အစောင့်အရှောက်ကို ယူ၍ သင်နှင့် တကွသာ လှည့်သည်ပါအံ့’ ဟု ဆိုသော် ‘ပုဏ္ဏား သင်၏ အစောင့်အရှောက်ကား အနည်းငယ်သာ၊ ငါပြုအပ်သော မကောင်းမှုကား အားကြီး၏’ဟု ဆို၏၊ ပုဏ္ဏားလည်း ဆိတ်ကို လွှတ်ပြီးလျှင် ဤဆိတ်ကို တစုံတယောက်အား သတ်ခြင်းငှာ မပေးလင့်ဟု တပည့်တို့ကိုခေါ်၍ ဆိတ်နှင့်တကွသာလျှင် လှည့်လည်၏၊ ဆိတ်လည်း လွှတ်ကာမျှပင် တခုသော ကျောက်ဖျာကိုမှီ၍ ပေါက်သော ချုံ၌ လည်မ,၍ သစ်ရွက်တို့ကို ခဲခြင်းငှာ အားထုတ်၏၊ ဆိုခဏ၌ပင် ကျောက်ဖျာ အပြင်၌မိုးကြိုးကျရကား တခုသော ကျောက်လွှာကျောက်ထပ်သည် ကွာပြတ်၍ ဆိတ်၏ ဆန့်တန်းသော လည်၌ ကျသောကြောင့် ဦးခေါင်းပြတ်လေ၏။

တံခါကည္သေဝ တသ္မိံ ဝိဋ္ဌိပါသာဏေ အသနိ ပတိတာ ကော
ပါသာဏပပ္ပဋ္ဋိကာ ဆိဇ္ဇိတွာ ငွေကဿ ပသာရိတဂိဝါယ ပတိတွာ
သီသံ ဆိန္ဒိ။

(ဇာတ်အဋ္ဌကထာ)

တံခါကည္သေဝ၊ ထိုခဏ၌သာလျှင်။ တသ္မိံဝိဋ္ဌိပါသာဏေ၊ထိုကျောက်ဖျာ၌၊ အသနိ၊ မိုးကြိုးသည်။ ပတိတာ၊ကျ၏။ ဝါ၊ကျသေးစကြောင့်။ ကော၊ တခုသော၊ပါသာဏပပ္ပဋ္ဋိကာ၊ကျောက် လွှာကျောက်ထပ်သည်။ ဆိဇ္ဇိတွာ၊ ပြတ်၍။ ငွေကဿ၊ဆိတ်၏။ ပသာရိတဂိဝါယ၊ ဆန့်တန်းသော လည်၌။ ပတိတွာ၊ကျ၍။ သီသံ၊ဦးခေါင်းသည်။ ဆိန္ဒိ၊ပြတ်လေ၏။

ထိုအကြောင်းကြောင့် လူအပေါင်းတို့လည်း များစွာ စည်းဝေး၏။ ဘုရားလောင်းသည် ထိုအခါ ရုက္ခစိုးနတ်ဖြစ်၍ လူအပေါင်း၏ မြင်စဉ် နတ်တို့၏ အာနုဘော်ဖြင့်ကောင်းကင်၌ထက်ဝယ်နေ၍ တရားဟောပေ၏။ ဘုရားလောင်း၏ တရားဒေသနာကိုကြားကြ၍ ငရဲဘေးမှ ကြောက်ရွံ့ရသော လူတို့သည်ပါဏာတိပါတအမှုမှကြဉ်ကြကုန်၏။ ထိုအခါတရားဟောသော ရုက္ခစိုး နတ်ကား ယခုအခါ ဘုရားမြတ်စွာ ငါဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။ ဤဆိပ်လည်း ဇာတိမကင်းသောကြောင့် မိုးကြိုးကျ၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလက ဒုက္ခကို ခံစားရကုန်၏။ (မိုးကြိုးကားထိပ်ထက်၌တိုက်ရိုက်မကျ။ အကြောင်း မျှသာ။)

---

## ၁၁၉ – ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိုးကြိုးကျ၍ သေသော ညီနောင် နှစ်ယောက်နှင့် နွားလေးခုတို့ ဝတ္ထု

တရံသောအခါ ဘုရားမြတ်စွာသည် အာတုမမြို့၏ အနီး ကောက်နယ်တလင်း ကောက်ရိုးအုံ၌ နေတော်မူ၏။ ထိုအခါ မိုးသည် ပြင်းစွာရွာလတ်သော် မိုးကြိုးထစ်ကြဲရကား ကောက်နယ်တလင်း ကောက်ရိုးအုံ၏အနီး၌ လယ်ထွန် ညီနောင် နှစ်ပါး, နွားလား လေးကောင်တို့သည် သေကုန်၏။ ထိုအခါ အာတုမမြို့သား များစွာသော လူအပေါင်းသည် လယ်ထွန် ညီနောင်နှစ်ပါး, နွားလား လေးကောင်တို့ကို ကြည့်ကြကုန်၏။ သဗ္ဗညု ဘုရားလည်း သမာပတ်မှထ၍ကောက်နယ်တလင်း ကောက်ရိုးအုံ၏တံခါး

လှင်တီးခေါင်၌ စကြုံကြွတော်မူ၏။ ထိုအခါ ယောကျ်ား တယောက်ကို သဗ္ဗညုဘုရားက "လူအပေါင်းကား များစွာ စည်းဝေး၏၊ အကြောင်း အဘယ်သို့ရှိသနည်း" ဟုမေးတော်မူ၏။ "ဘုန်းတော်ကြီးလှသောဘုရား.... ယခုအခါ မိုးသည် ပြင်းစွာ ရွာလတ်သော် ထစ်ကွဲသော မိုးကြိုးသည် လယ်ထွန်ညီနောင် နှစ်ပါးနှင့် နွားလား လေးကောင်တို့ကို သတ်အပ်ကုန် ၏" ဟု လျှောက်၏။

အသနိယာ ဖလန္တိယာ ဒွေ့ ကဿကာ ဘာတရော ဟတာ၊
စတ္တာရောစ ဗလီဗဒ္ဒါ။

ဖလန္တိယာ၊ ထစ်ကွဲသော။ အသနိယာ၊ မိုးကြိုးသည်။ ကဿကာ၊ လယ်ထွန်ဖြစ်ကုန်သော။ ဒွေ့ဘာတရော၊ ညီနောင် နှစ်ယောက်တို့ကို လည်း ကောင်း။ စတ္တာရော၊ လေးကောင် ကုန်သော။ ဗလီဗဒ္ဒါစ၊ နွားလား တို့ကို လည်းကောင်း။ ဟတာ၊ သတ်အပ်ကုန်၏။

ဤလယ်ထွန်ညီနောင် နှစ်ပါး နွားလား လေးကောင်တို့သည် ဇာတိ မကောင်းသောကြောင့်မိုးကြိုးကျ၍သေရခြင်းတည်းဟူသောသူတပါးလုံ့လ ဖြင့် ပရူပက္ကမမူလက ဒုက္ခကို ခံစားရ ချေကုန်၏။

ဤ၌ မိုးကြိုးတို့သည် အသညာ မိုးကြိုး, ဝိစက္ကာ, သံတေရာ, ဂဂ္ဂရာ, ကပိသီသာ, မစ္ဆဝိလောဠိတာ, ကုက္ကုဋကာ, ဒဏ္ဍမဏိကာ, သုက္ခာသနိ မိုးကြိုး ဟူ၍ ကိုးပါး အပြားရှိကုန်၏။ ထိုကိုးပါးတို့ တွင်....

အသညံ ကရောတီတိ အသညော၊ ဟူသော ဝစနတ္ထနှင့် အညီ မိုးကြိုး၏တန်ခိုးအသံဖြင့်သညာကင်းခြင်းကိုပြုတတ်သောကြောင့် အသညာ မိုးကြိုးမည်၏။

ဝိသေသေန စက္ကံ ကရောတီတိ ဝိစက္ကာ၊ ဟူသော ဝစနတ္ထနှင့် အညီ အထူးအားဖြင့် တခုသော စက်အဝန်းကို ပြုတတ်သော ကြောင့် ဝိစက္ကမိုးကြိုးမည်၏။

သံကာရံ တီရေန္တီပရိစ္ဆိဇ္ဇန္တိဝိယ ပတတီတိသံတေရာ ဟူသော ဝစနတ္ထနှင့်အညီ အမှိုက်ကိုပိုင်းဖြတ်သကဲ့သို့ကျတတ်သောကြောင့် သံတေရာမိုးကြိုးမည်၏။

ဂဂ္ဂရာတိသဒ္ဒါ တေဿာ အတ္ထီတိ ဂဂ္ဂရာဟူသော ဝစနတ္ထ နှင့်အညီ ဂဂ္ဂရာဟူသောအသံရှိသောကြောင့် ဂဂ္ဂရာမိုးကြိုးမည်၏။

ကဝိသိသာကာရော ဧတိဿ အတ္တိတိ ကဝိသိသာ-ဟူသော ဝစနတ္ထနှင့်အညီ မျောက်ဦးခေါင်း အခြင်းအရာ ရှိသောကြောင့် ကဝိသိသာ မိုးကြိုးမည်၏။

မစ္ဆောဝိယ ဝိလောဠိတောဧ တိဿာ အတ္တိတို မစ္ဆဝိလောဠိတာ-ဟူသော ဝစနတ္ထနှင့်အညီ တုန်လှုပ်သော ငါးကဲ့သို့ နှောက်နှည်သော အခြင်းအရာ ရှိသောကြောင့် မစ္ဆဝိလောဠိတာမိုးကြိုးမည်၏။

ကုက္ကုဋ္ဌောဝိယဿတိ ကုက္ကုဋကာ-ဟူသော ဝစနတ္ထနှင့် အညီ ဖြန့်အပ်သော အတောင်ရှိသော ကြက်နှင့်တူသောကြောင့်ကုက္ကုဋကာ မိုးကြိုးမည်၏။

ဒဏ္ဍမဏိဝိယာတိ ဒဏ္ဍမဏိကာ-ဟူသော ဝစနတ္ထနှင့် အညီ ထွန်တုံးနှင့် တူသောကြောင့် ဒဏ္ဍမဏိကာ မိုးကြိုးမည်၏၊ (ဤ၌ ဒဏ္ဍမဏိ သဒ္ဒါကား ထွန်တုံးဟော၏)

သုက္ခာ ဖသနိတိ သုက္ခာသနိ-ဟူသောဝစနတ္ထနှင့်အညီမိုးရွာ လျက်ပင်လည်း အလုံ့နှင့်တကွ ဖြစ်သည်၏အဖြစ်ကြောင့် ရေဖြင့် မစွတ်ရကား ခြောက်သော မိုးကြိုးဖြစ်သောကြောင့် သုက္ခာသနိ မိုးကြိုးမည်၏။

ဤကားအကျဉ်းမျှသာ၊ အကျယ်ကို သုတ်မဟာဝါအဋ္ဌကထာ, ဋီကာတို့မှ ယူအပ်၏။

သညာ,စပ္ပာ၊ သံတေရနှင့်၊ ဂဂ္ဂ,ကပိ၊ မစ္ဆဝိဟု၊ ကုက္ကု, ဒဏ္ဍ၊ သုက္ခာသယည်....နဝမိုးကြိုး အမည်တည်း၊

---

၁၂၀-ပဋ္ဌပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြားမုန်၍သေသော ဘုရားအလောင်း မျောက်မင်း သားအမိ သုံးယောက်,မြေမျို၍ မိုးကြိုးလောင်မီးကျ၍ သေရသော ပုဆိုးနှင့် သားမယားတို့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် ဒေဝဒတ်ကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊တနေ့သ၌ ရဟန်းတို့သည် တရား

သဘင်၌ "ငါ့ရှင်တို့....ဒေဝဒတ်သည် ခက်ထန် ကြမ်းကြုတ်၏၊ အနိုင်အထက်ပြုတတ်၏၊ သမ္မာသမ္ဗုဒ္ဓဘုရား၌ လေးသမားတို့ကို စေ၏၊ ကျောက်ကို လှိမ့်၏၊ နာဠာဂိရိဆင်ကိုလွှတ်၏၊ ဒေဝဒတ်အား သမ္ဗုဒ္ဓဘုရား၌ ခန္တီမေတ္တာ ကရုဏာမျှလည်းမရှိ" ဟု စကားကို ဖြစ်စေကုန်၏၊ သမ္ဗုဒ္ဓဘုရားလည်း ကြွလာ၍ မေးတော်မူလျှင် အကြောင်းကိုလျှောက်ကုန်၏၊ "ချစ်သားတို့.... ဒေဝဒတ်အား ယခု၌သာ ကရုဏာမရှိသည်မဟုတ်၊ ရှေး၌လည်းမရှိသည် သာတည်း" ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော်ဘုရားအလောင်းတော်သည်မျောက်အမျိုး၌ဖြစ်၍ မဟာနန္ဒိယ ဟု အမည်တွင်၏၊ ညီငယ်ကား စူဠနန္ဒိယဟု အမည်တွင်၏၊ ထိုညီနောင် နှစ်ယောက်တို့သည် မျောက်အပေါင်း ရှစ်သောင်း တို့ဖြင့် ခြံရံလျက် ဟိမဝန္တာတော၌ အမိမျက်မမြင်ကို လုပ်ကျွေး၍ နေကုန်၏၊ ထိုညီနောင် နှစ်ယောက်တို့သည် အမိကို အိပ်ရာချုံ၌ နေစေ၍ တောသို့ ဝင်ပြီးလျှင် ချိုမြိန်ကောင်းမြတ်သော သစ်သီးတို့ကို အမိအား ပို့စေကုန်၏၊ ပို့သော မျောက်တို့ကား အမိကို မပေးကုန်၊ အမိသည် မွတ်သိပ်ခြင်းဖြင့်နှိပ်စက် ရကား အသားမရှိ အရိုးအရေမျှသာ ကြွင်း၏၊ ထိုအခါသားက "မိခင်.... သင့်ဖို့ငါသည် များစွာသော သစ်သီးတို့ကို ပို့စေလျက် အဘယ့်ကြောင့် ပိန်ခြောက်ရသနည်း" ဟုမေးသော် "ချစ်သား....ငါကား မရပါ" ဟုဆို၏၊ ထိုအခါ ဘုရားလောင်းကြီးသည်ကား ငါသည် မျောက် အပေါင်းကို ဆောင်သည်ရှိသော် ငါ့အမိသည် သေလွယ်လတ္တံ့၊ မျောက်အပေါင်းကို ပယ်၍ အမိကိုသာ ကျွေးမွေးအံ့ဟု ကြံ၏၊ ယင်းသို့ကြံပြီးသော် စူဠနန္ဒိယ ကို ခေါ်၍ "ချစ်သား....သင်ကားမျောက်အပေါင်းကို ဆောင်လေလော့ ငါကား အမိကို ကျွေးမွေးမည်" ဟုဆို၏၊ ညီလည်း "နောင်တော်....ငါ ကား မျောက်အပေါင်းကို မဆောင်လို၊ အစ်ကိုကဲ့သို့အမိကိုသာကျွေးမွေး ပါအံ့" ဟုဆို၏၊ ယင်းသို့ ညီနောင်နှစ်ပါးသည် အလိုအားဖြင့် တူရကား မျောက်အပေါင်းကိုပယ်၍ အမိကို ယူပြီးလျှင် ဟိမဝန္တာမှ သက်ခဲ့၍ ပစ္စန္တရစ် အစွန်တွင် ပညောင်ပင်၌ ထား၍ အမိအား ကျွေးမွေးကုန်၏၊ ထိုအခါ ဗာရာဏသီပြည်သား ပုဏ္ဏားလုလင် တယောက်သည်တက္ကသိုလ် ပြည် ဒိသာပါမောက္ခ ဆရာ၏ အထံ၌ အလုံးစုံသော အတတ်တို့ကို သင် ပြီး၍ ပြန်အံ့" ဟု ဆရာကိုပန်၏၊ ဆရာလည်း အင်္ဂဝိဇ္ဇာ၏ အစွမ်းတော်ဖြင့်



အိုယောကျ်ား....အမိအား မပစ်ပါလင့်၊ ငါသည် အမိအား ဇီဝိတဒါနကို ပေးပါအံ့....၄၄၈

ထိုလုလင်၏ ခတ်ထန် ကြမ်းကြုတ်လျက်အနိုင်အထက် ပြုတတ်သောအဖြစ်ကိုသိ၍ "အမောင်လုလင်....သင်ကား ခက်ထန် ကြမ်းကြုတ်လျက် အနိုင်အထက် ပြုတတ်သော သဘောရှိ၏၊ ဤသို့ သဘော ရှိသော သူတို့အား အခါခပ်သိမ်းကား လူသည်ဖြစ်၍ မပြည့်စုံ၊ ကြီးစွာသော ပျက်စီးခြင်း ဆင်းရဲခြင်းသို့ ရောက်လတ္တံ့၊ သင်သည် မခက်ထန် မကြမ်းကြုတ်သင့်၊ နောင်တ ပူပန်ခြင်း၏ အကြောင်းဖြစ်သော အမှုကို မပြုလင့်" ဟု ဆုံးမ၍ လွှတ်လိုက်၏၊ ထိုလုလင်သည် ဆရာကိုရှိခိုး၍ ဗာရာဏသီပြည်သို့ သွားပြီးလျှင် မယားသားရ၍ တပါးသော အတတ်တို့ဖြင့် အသက် မွေးခြင်းငှာ မစွမ်းနိုင်ရကား လေးမြားကိုမှီလျက် အသက်မွေးအံ့ဟု ကြံ၍ ဗာရာဏသီ ပြည်မှ ထွက်ပြီးလျှင် ပစ္စန္တရစ်ရွာစွန်၌ နေလျက် လေးလက်နက် စွဲပြီးလျှင် တောသို့ဝင်၍ သမင်စသော အထူးထူးသော သတ္တဝါတို့ကို သတ်ပြီးလျှင် အမဲရောင်းလျက် အသက်မွေး၏၊ တနေ့သ၌ ထိုလုလင်သည် တောတွင် တစုံတခုကိုမျှ မရခဲ့ပဲ ပြန်လာလတ်သော် တောစပ်တွင် ပညောင်ပင်ကို မြင်၍ ဤပညောင်ပင်ဝယ် ရဖွယ်တစုံတခု ရှိကောင်းရာ၏ဟု ပညောင်ပင်သို့ ရှေးရှုလာ၏၊ ထိုခဏ၌ ညီနောင်နှစ်ပါးတို့သည် အမိအား သစ်သီးကို စားစေလျက် ရှေ့ထား၍ သစ်ခွကြား၌ နေကြကုန်လျှင် လာသောမုဆိုးကို မြင်သော် ငါတို့အမိကို အဘယ်သို့ ပြုလတ္တံ့နည်းဟု သစ်ခွကြား၌ ပုန်း၏၊ မုဆိုးလည်းသစ်ပင်ရင်းသို့ လာပြီးလျှင် ဇရာဒုဗ္ဗလဖြစ်သော အမိမျက်မမြင် ကို တွေ့၍ ယနေ့ငါ့အား လက်ချည်းသွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤမျှောက်မကိုမြားဖြင့်ပစ်ပြီးလျှင် ယူ၍သွားအံ့ဟု လေးကိုတင်၏၊ ယင်းသို့ တင်သည်ကို မြင်သော နောင်တော် မဟာနန္ဒိယသည် "အမောင် စူဠနန္ဒိယ ဤယောကျ်ားသည် မိခင်အား သတ်လို၏၊ ငါသည် အမိအား အသက် အလှူကို ပေးအံ့၊ သင်သည် ငါလွန်သဖြင့် အမိကို မွေးရစ်ပါလော့" ဟု ဆိုလျက် သစ်ခက်ကြားမှ ထွက်၍ "အို ယောကျ်ား....ငါ့အမိအား မသတ် ပါလင့်၊ ဤအမိကား ဇရာဒုဗ္ဗလဖြင့် နှိပ်စက်သော မျက်မမြင်တည်း၊ သင် သည် ငါ့အား သတ်ပါလော့၊ ငါ့အမိအား အသက်အလှူကို ပေးပါ" ဟု ဆိုပြီးလျှင် မြား၏အနီး၌ နေ၏၊ ဂရုဏာမဲ့သောထိုယောကျ်ားလည်း ဘုရား အလောင်းကိုပစ်၍ကျစေပြီးလျှင် မိခင်အား ပစ်အံ့ဟု လေးကို တဖန်တင် ပြန်၏၊ ယင်းသို့ တဖန်တင်ပြန်သည်ကမြင်၍ စူဠနန္ဒိယလည်း ဤယောကျ်ား သည် အမိအား ပစ်ပြန်လို၏၊ ငါ၏အမိသည် တရက်မျှလည်း အသက်

ရှင်သည် ရှိသော် အသက်ရှင်သည်သာ မည်၏၊ဇီဝိတဒါနကို အမိအား ပေးအံ့ဟု နှလုံးပြုလျက် သစ်ခက်ကြားမှထွက်၍ အိုယောကျ်ား....အမိအား မပစ်ပါလင့်၊ ငါသည် အမိအား ဇီဝိတဒါနကိုပေးအံ့၊ သင်သည် ငါ့ကိုပစ်၍ ငါတို့ ညီနောင် နှစ်ယောက်ကို ယူပြီးလျှင် မိခင်အား အသက် အလှူကို ပေးပါ”ဟု ဆို၍ မြွား၏အနီး၌ နေ၏၊ ထိုယောကျ်ားသည် စူဠနန္ဒိယကို လည်းပစ်၍ ကျစေပြီးလျှင် မိခင်ကိုလည်း ပစ်၍ ထမ်းပိုးဖြင့် သားအမိ သုံးကောင်တို့ကိုထမ်း၍ အိမ်သို့ရှေးရှုပြန်လာ၏၊ထိုအခါ ယောကျ်ားယုတ် ၏ အိမ်ကို မိုးကြိုးလောင်မီးကျ၍ မယားသားငယ်နှစ်ယောက်ကို အိမ်နှင့် တကွ ကျွမ်းစေ၏၊ထုတ်လျှောက်မျှသာကြွင်း၏၊ထိုအခါ ယောကျ်ားယုတ် အား ရွာတံခါး၌ လူတယောက် တွေ့၍ ထိုအကြောင်းကို ကြား၏၊ ထို ယောကျ်ားယုတ်သည် သားမယား၌စိုးရိမ်ခြင်းဖြင့်နှိပ်စက်ရကားရွာတံခါး ၌ပင် အမဲထမ်းပိုး, လေးတို့ကို စွန့်လွှတ်လျက် အဝတ်ကိုလည်း ပယ်၍ အချည်းစည်း လက်ကိုမြှောက်ပြီးလျှင် ငိုကြွေးလျက် အိမ်သို့ဝင်၏၊ထိုအခါ အိမ်တိုင်ပြို၍ ထို ယောကျ်ား၏ ထိပ်ထက်၌ ထုတ်လျှောက်ကျ၍ ဦးခေါင်း ကွဲလေ၏၊မြေကြီးလည်း ဟင်းလင်းပွင့်၍ အပေါက်ကို ပေး၏၊ အဝီစိငရဲမှ မီးလျှံထ၏။

ပထဝီ ဝိဝရံ အဒါသိ၊ အဝီစိတော ဇာလာ ဥဋ္ဌဟိ။
(ဇာတ် အဋ္ဌကထာ)

ပထဝီ၊ မြေကြီးသည်။ ဝိဝရံ၊ အပေါက်ကို။ အဒါသိ၊ပေး၏။ အဝီစိ တော၊ အဝီစိငရဲမှ။ ဇာလာ၊ မီးလျှံသည်။ ဥဋ္ဌဟိ၊ထ၏။

ထိုယောကျ်ားသည် မြေမျိုသည့် ကာလမှ ဆရာ၏ အဆုံးအမကိုသတိ ရ၍ ဤအကြောင်းကိုမြင်သောကြောင့် ငါ့ဆရာသည် ငါ့အား အဆုံးအမ ကို ပေးသည်တကားဟု ငိုကြွေးလျက် မြေသို့ဝင်၍ အဝီစိငရဲကြီး၌ ဖြစ်ရ လေ၏။

ပရိဒေဝန္တော ပထဝိံ ပဝိသိတွာ အဝီစိမဟာနိရယေ နိဗ္ဗတ္တိ။
(ဇာတ် အဋ္ဌကထာ)

ပရိဒေဝန္တော၊ ငိုကြွေးလျက်၊ ပထဝိံ၊မြေသို့။ပဝိသိတွာ၊ဝင်၍။ အဝီစိ မဟာနိရယေ၊အဝီစိငရဲကြီး၌။ နိဗ္ဗတ္တိ၊ဖြစ်ရ၏။

သဗ္ဗညုဘုရားလည်း ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ကြမ်းကြုတ်စွာသော လုလင်ကား ဒေဝဒတ်,ဒိသာပါမောက္ခ ဆရာကာ

သာရိပုတ္တရာ, စူဠနန္ဒိယကား အာနန္ဒာ, မယ်တော်ကား မဟာပဇာပတိ ဂေါတမီ, မဟာနန္ဒိယကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။ ဤ၌ သားအမိသုံးယောက်တို့လည်း ဇာတိမကောင်းသောကြောင့် မြားထိ၍ သေရခြင်း, မုဆိုးမယား သားအမိတို့လည်း အိမ်ကိုလောင်မီးမိုးကြိုးကျ၍ သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေကုန်၏၊ ကရုဏာမဲ့သော ယောကျ်ားလည်း ဇာတိမကောင်းသောကြောင့် မြေမျို၍ သေရခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် ပရူပက္ကမ မူလက် ဒုက္ခကို ခံစားရချေ၏။

---

## ၁၂၁-ပရူပက္ကမ မူလက်ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြေမျို၍ သေသော ဦးရီးတော် သုပ္ပဗုဒ္ဓဝတ္ထု

ဘုရားမြတ်စွာသည် ကပိလဝတ်ပြည် နိဂြောဓရုံ ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူလျက် သုပ္ပဗုဒ္ဓ အမည်ရှိသော ဦးရီးတော် သာကီဝင်မင်းကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုသုပ္ပဗုဒ္ဓသည် ဤသိဒ္ဓတ် မင်းသားကား ငါ့သမီးကို စွန့်ပစ်လျက် တောထွက်ပြီးလျှင် ငါ့သားကိုလည်း ရန်သူအရာ၌ ထား၏ဟု ဘုရားသဗ္ဗညု၌ ဖွဲ့အပ်သော ရန်ငြိုးရှိသည်ဖြစ်၍ တနေ့သ၌ ဤသိဒ္ဓတ်မင်းသားအား ပင့်ဖိတ်ရာအရပ်သို့ သွား၍ စားခြင်းငှာ ငါမပေးဟု လမ်းခရီးကို ပိတ်ဆို့ပြီးလျှင် ခရီးကြား၌ သေအရက်ကို သောက်လျက်နေ၏၊ ထိုအခါ သဗ္ဗညုဘုရားသည် တပည့်သားအပေါင်း ခြံရံလျက် ထိုအကွက်သို့ရောက်လတ်သော် ဘုရားမြတ်စွာသည် ကြွလာ၏ဟု သုပ္ပဗုဒ္ဓအား ကြားကုန်၏၊ ထိုသုပ္ပဗုဒ္ဓသည် ရှေ့သို့သွားလော့ဟု သိဒ္ဓတ်မင်းသားအား ဆိုလေ၊ ဤသိဒ္ဓတ်မင်းသားသည် ငါ့အောက် ငယ်၏၊ ငါကား သိဒ္ဓတ်မင်းသားအား လမ်းခရီးကို မပေးဟုဆို၏၊ အဖန်တလဲလဲ တောင်းပန်သော်လည်း နည်းတူသာ ဆို၍နေ၏၊ သဗ္ဗညုဘုရားသည် ဦးရီးအထံမှ လမ်းခရီးကိုမရရကား ထိုအရပ်မှ ပြန်လေ၏၊ ဦးရီးတော် သုပ္ပဗုဒ္ဓမင်းလည်း "သွားချေ၊ သိဒ္ဓတ်မင်းသား၏စကားကိုနားထောင်ချေ"ဟုသူလျှိုတယောက်ကိုစေ၏၊ သဗ္ဗညုမြတ်စွာဘုရားလည်း ပြန်သွားလျက် ပြုံးတော်မူသောကြောင့် အာနန္ဒာ မထေရ်က "ဘုန်းတော်ကြီးလှသောဘုရား....ပြုံးတော်မူခြင်း၏အကြောင်းကား အဘယ်နည်း'ဟု မေးလျှောက်သော် 'အာနန္ဒာ သုပ္ပဗုဒ္ဓကို မြင်၏

လော’ဟု မိန့်တော်မူ၏၊ ‘မြင်ပါ၏ ဘုရား’ ဟု လျှောက်လေသော် ‘အာနန္ဒာ သုပ္ပဗုဒ္ဓ ပြုအပ်သောအမူသည် ဝန်လေး၏၊ ငါ့သို့သဘော ရှိသော ဘုရားအား လမ်းခရီးကို မပေးသဖြင့် ဤနေ့မှ ခုနစ်ရက်မြောက် သောနေ့၌ ပြာသာဒ်အောက် စောင်းတန်းခြေဝယ် မြေသို့ဝင်ရလတ္တံ့’ဟု မိန့်တော်မူ၏၊ သူလျှိုယောကျ်ားလည်းထိုစကားကိုကြား၍ သုပ္ပဗုဒ္ဓ၏အထံ သို့ ပြန်သွားသော် ‘ငါ၏တူတော်သည် ပြန်သွားသဖြင့် အဘယ်စကားကို ဆိုသနည်း’ဟု မေးလျှင် ဘုရားမိန့်တော်မူတိုင်းကြား၏၊ ဦးရီးတော်သုပ္ပဗုဒ္ဓ မင်းလည်း တူတော်သဗ္ဗညုဘုရားစကားကိုကြားလျှင် ယခုအခါ တူတော် ၏ စကား၌ အပြစ်ကား မရှိ၊ မချွတ်လျှင် အကြင်စကားကို ငါ့တူတော် သည် ဆို၏၊ ထိုစကားသည် ဆိုတိုင်းမှန်သည်သာတည်း၊ ယင်းသို့ မှန်သော် လည်း ယခုအခါ မုသာဝါဒဖြင့် တူတော်ကို နှိပ်စက်အံ့၊ စင်စစ်မှာမူ ငါ့တူတော်သည် ငါ့ကို ခုနစ်ရက်မြောက်၌ မြေမျိုလတ္တံ့ဟု အမှတ်မဲ့သာ မဆို၊ ပြာသာဒ်အောက် စောင်းတန်းခြေ၌မြေမျိုလတ္တံ့ဟု ဆို၏၊ ဤအခါမှ စ၍ ငါသည် ထိုစောင်းတန်းခြေသို့မသွားအံ့၊ ထိုစောင်းတန်းခြေ၌မြေမျို သည်ရှိသော် ငါ့တူတော်ကို မုသာဝါဒဖြင့် နှိပ်စက်အံ့ဟု ကြံလျက် မိမိ၏ အတွင်းအပအသုံးအဆောင်ကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အထက်သို့တင် ၍စောင်းတန်းကိုပယ်၍တံခါးကိုပိတ်၍ တခုတခုသောတံခါး၌နှစ်ယောက် နှစ်ယောက်သော လက်ပမ်းသည် လက်ဝှေ့သတ်တို့ကို ထားပြီးလျှင် အကယ်၍မေ့လျော့သောအားဖြင့် ငါသည် ပြာသာဒ်အောက်သို့ သက်လို အံ့၊ ငါ့ကိုမြစ်ကြကုန်ဟုဆို၍ ခုနစ်ဆင့်သော ပြာသာဒ်ပြင်ဝယ် အသရေ ရှိသော တိုက်ခန်း၌ နေ၏၊ သဗ္ဗညုဘုရားလည်း ထိုအကြောင်းကိုကြား၍ ‘ချစ်သားတို့ဦးရီးတော်သုပ္ပဗုဒ္ဓသည် သက်သက် ပြာသာဒ်ထက် ဟင်းလင်း အပြင်၌ လည်းကောင်း, ကောင်းကင်၌ လည်းကောင်း နေသည်ဖြစ်စေ, သမုဒ္ဒရာသို့ ပြေးဝင်သည်ဖြစ်စေ တောင်ခေါင်း၌ ပုန်းအောင်းသည်ဖြစ်စေ ဘုရားတို့၏စကား၌ နှစ်ဖြာဖြစ်သောမည်သည် မရှိ၊ ငါဆိုအပ်သောအရပ် ၌သာ ဦးရီးတော်သည် မြေသို့ ဝင်ရလတ္တံ့’ဟု မိန့်တော်မူ၏၊ ခုနစ်ရက် မြောက်သော နေ့၌ သဗ္ဗညုဘုရား ဆွမ်းခံလမ်းခရီးမှ ပြန်သောအခါဝယ် ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓမင်း၏မင်္ဂလာမြင်းသည် ထိတ်လန့်၍ တိုက်နံရံ ကို တိုး၏၊ သုပ္ပဗုဒ္ဓမင်းလည်း ပြာသာဒ်ထက်၌ နေလျက်ပင် မြင်းမြည်သံကို ကြား၍ ဤအသံကား အဘယ်နည်းဟုမေးသော် မင်္ဂလာမြင်းလန့်သည်ဟု

ဆို၏၊ ထိုမြင်းကား သုပ္ပဗုဒ္ဓမင်းကို မြင်မှသာ ငြိမ်သက်စွာနေ၏၊ ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် မြင်းကိုကိုင်လို၍ ထိုင်ရာမှထ၍ တံခါးရှိရာသို့ ရှေးရှုလာ၏၊ တံခါးတို့သည် အလိုလိုသာပွင့်ကုန်လျက် စောင်းတန်းလည်း မိမိအရာ၌သာ တည်၏၊ တံခါး၌ တည်ကုန်သော လက်ဖမ်းသည်တို့သည်လည်း ထိုသုပ္ပဗုဒ္ဓကို လည်၌ကိုင်၍ အောက်သို့သာ ရှေးရှုပစ်ကုန်၏၊ ဤသို့သော နည်းဖြင့် ခုနစ်ခုသော ပြာသာဒ် အပြင်တို့၌ တံခါးတို့သည် အလိုလိုသာ ပွင့်ကုန်လျက် စောင်းတန်းတို့သည်လည်း တည်မြဲတိုင်းသော အရပ်တို့၌သာ တည်ကုန်၍ ထိုထိုတံခါးတည်ကုန်သော လက်ပမ်းသည်တို့သည် သုပ္ပဗုဒ္ဓကို လည်၌သာ ကိုင်ကုန်၍ အောက်သို့ ရှေးရှုသာ ပစ်ကုန်၏၊ ထိုအခါ ပြာသာဒ်အောက်၌ စောင်းတန်းခြေရင်းသို့ရောက်သောသုပ္ပဗုဒ္ဓကို မြေကြီးသည် ဟင်းလင်းပွင့်လျက် ကွဲ၍ခံ၏၊ သုပ္ပဗုဒ္ဓလည်း သွား၍ အဝီစိငရဲ၌ ဖြစ်ရလေ၏။

မဟာပထဝီ ဝိဝ္ရမာနာ ဘိဇ္ဇိတွာ သမ္ပဋိစ္ဆိ၊ သော ဂန္တွာ အဝီစိမှိ နိဗ္ဗတ္တိ။

(ဓမ္မပဒ အဋ္ဌကထာ)

မဟာပထဝီ၊ မြေကြီးသည်။ ဝိဝရမာနာ၊ ဟင်းလင်း ပွင့်လျက်။ ဘိဇ္ဇိတွာ၊ ကွဲ၍။ သမ္ပဋိစ္ဆိ၊ ခံ၏။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ ဂန္တွာ၊ သွား၍။ အဝီစိမှိ၊ အဝီစိငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။

ဤသဗ္ဗညုဘုရား၏ဦးရီးတော်ဖြစ်သောသုပ္ပဗုဒ္ဓမင်းလည်းဇာတိမာနကြောင့် မြေမျို၍ သေရခြင်း တည်းဟူသော သူတပါး လို့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

### ၁၁၂-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မြေမျို၍ သေသော စိဉ္စမာဏဝိကာ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်းမွေ့လျော်စံနေတော်မူလျက် စိဉ္စမာဏဝိကာပရိဗိုဇ်မကိုအကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ ပထမဗောဓိ၌ မြတ်စွာဘုရား၏ များစွာသော သာဝက ဖြစ်ကုန်သော နတ်လူဘို့သည် အရိယဘုံသို့ သက်ဝင်ကုန်သည်ရှိသော် ဂုဏ်တော်အပေါင်းသည် ပျံ့နှံ့ရကား များစွာသော လာဘသက္ကာရသည် ထင်ရှားဖြစ်၏၊ တိတ္ထိတို့သည် နေထွက်သည့်အခါ ပိုးစုန်းကြူးကဲ့သို့ ပျက်သော လာဘသက္ကာရရှိကုန်၏၊ ထိုတိတ္ထိ

တို့သည် ခရီးအကြား၌ရပ်၍ 'အသို့နည်း.... ရဟန်းဂေါတမသော် ဘုရားလော၊ ငါတို့လည်း ဘုရားပင်၊ ရဟန်းဂေါတမအား လှူခြင်းသာ အကျိုးကြီးမြတ်သလော၊ ငါတို့အား လှူခြင်းသည်လည်း အကျိုးကြီးမြတ်ပါ၏၊ ငါတို့အားလည်း လှူလော့'ဟု လူတို့ကို တောင်းကုန်သော်လည်း လာဘသက္ကာရကို မရရကား ဆိတ်ငြိမ်ရာ၌ စည်းဝေး၍ အဘယ် သို့သော အကြောင်းဖြင့်ရဟန်းဂေါတမ၏ကျေးဇူးမဲ့ကို လူတို့၏အကြား၌ဖြစ်စေ၍ လာဘသက္ကာရကို ဖျက်ဆီးရအံ့နည်းဟု ကြံကုန်၏၊ ထိုအခါသာဝတ္ထိပြည်၌ စိဥ္စမာဏဝိကာအမည်ရှိသော ပရိဗိုဇ်မတယောက်သည် မြတ်သောအဆင်းကို ဆောင်၏၊ တင့်တယ်ခြင်းသို့ ရောက်သော နတ်သမီးကဲ့သို့ ပရိဗိုဇ်မ၏ ကိုယ်မှ အရောင်တို့သည် ထွက်ကုန်၏၊ ထိုအခါ ကြမ်းသော အတိုင်အပင်ရှိသော တိတ္ထိတယောက်သည် စိဥ္စမာဏဝိကာကိုစွဲ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေ၍ လာဘသက္ကာရကို ဖျက်ဆီးကုန်အံ့ဟု ဆို၏၊ တိတ္ထိတို့လည်း ဤအကြောင်းကား ကောင်း၏ဟု ဝန်ခံကုန်၏၊ ထိုအခါ စိဥ္စမာဏဝိကာသည် တိတ္ထိအရံသို့လာ၍ ရှိခိုးလျက်တည်၏၊ တိတ္ထိတို့သည် စိဥ္စမာဏဝိကာနှင့် စကားမဆိုကုန်၊ စိဥ္စမာဏဝိကာသည်'သုံးကြိမ်မြောက်အောင် ရှိခိုးပါ၏၊ အရှင်တို့ ဆို၍ အကျွန်ုပ်၏ အပြစ်ကား အဘယ်နည်း၊ အဘယ့်ကြောင့် အကျွန်ုပ်နှင့်တကွ စကားမဆိုကြသနည်း'ဟု မေး၏၊ ''နှမ....ငါတို့အား ညှဉ်းဆဲလျက် ပျက်စီးသော လာဘသက္ကာရ ရှိသည်ကို ပြု၍ လှည့်လည်သော ရဟန်းဂေါတမကို မသိသလော' ဟု ဆိုသော် 'အရှင်တို့ ငါကားမသိ၊ ဤအရာဝယ် ဘယ်သို့ပြုရပါအံ့နည်း'ဟု ဆို၏၊ 'နှမ—အကယ်၍ သင်သည် ငါတို့၏ ချမ်းသာခြင်းကို အလိုရှိငြားအံ့၊ မိမိကိုယ်ကိုစွဲ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုဖြစ်စေလျက် ပျက်စီးသော လာဘသက္ကာရ ရှိသည်ကို ပြုလော့'ဟု ဆိုသော် ကောင်းပြီ အရှင်တို့.... ဤသည်ကား ငါ့ဝန်သာ၊ မကြံပါလင့်ဆို၍ဖဲပြီးလျှင် မိန်းမမာယာ၌လိမ္မာရကား ထိုအခါမှစ၍ သာဝတ္ထိ ပြည်သူတို့သည် တရားနာ၍ ဇေတဝန်ကျောင်းတော်မှထွက်သောအခါပိုးပရန်အဆင်းရှိသော အဝတ်ကိုခြုံလျက် လက်၌ ပန်းနံ့သာ အစရှိသည်တို့ကို ကိုင်ပြီးလျှင်ဇေတဝန် ကျောင်းတော်သို့ ရှေးရှုသွား၏၊ ဤအခါဝယ် ဘယ်သို့ရှင်မ သွားမည်နည်းဟု မေးသော် သင်တို့အား ငါသွားရာဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆို၍ ဇေတဝန်ကျောင်းတော်၏ အနီးအပါး တိတ္ထိတို့ အရံ၌ နေ၍ နံနက် စောစော

ဦးအောင်ရှိခိုးအံ့ဟု မြို့မှထွက်သော ဥပါသကာ အပေါင်းသည် ဇေတဝန် ကျောင်း၌နေ၍ မြို့သို့ဝင်သကဲ့သို့လာသော စိဋ္ဌမာဏဝိကာကို အဘယ်၌ နေသနည်းဟု မေးသည်ရှိသော် သင်တို့အား ငါ့နေရာဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ဆို၍ လခွဲတလကို လွန်သဖြင့် မေးမြန်းသည်ရှိသော် ဇေတဝန် ကျောင်းတော်၌ ရဟန်းဂေါတမနှင့်တကွ တခုသော ဂန္ဓကုဋိတိုက်၌ နေရ သည်ဟု ဆို၏၊ ပုထုဇဉ်တို့အား မှန်သလော, မှားသလောဟု တွေးတော ယုံမှားခြင်းကို ဖြစ်စေ၍ သုံးလေးလ လွန်သဖြင့် ပုဆိုးကြမ်းတို့ဖြင့်ဝမ်းကို ရစ်ပတ်ပြီးလျှင် ကိုယ်ဝန်ဆောင်၏ အသွင်ကိုပြုလျက် အထက်၌ နီသော ပုဆိုးကို ရုံပြီးသော် ရဟန်းဂေါတမကို စွဲ၍ ငါ၌ ကိုယ်ဝန်ပဋိသန္ဓေနေသည် ဟု သူမိုက်တို့အား သိကြားစေပြီးမှ ရှစ်,လ ကိုးလ လွန်သဖြင့် ဝမ်း၌ သစ်သားပျဉ်ချပ်ကို ဖွဲ့ပြီးလျှင် အထက်၌ ပုဆိုးရုံလျက် လက်ခြေတို့ကို နွားမေးရိုးဖြင့်ထုနှက်၍ အထက်၌ အသားတက်ကြွသည်ကိုပြုလျက် ပင်ပန်း သော ဣန္ဒြေရှိသည်ဖြစ်၍ ညချမ်းသောအခါ ဘုရားရှင်သည် တန်ဆာ ဆင်အပ်သော တရားဟောပလ္လင်ထက်၌ ထိုင်တော်မူလျက် တရားဟော တော်မူသည်ရှိသော် တရားသဘင်သို့လာ၍ ဘုရားမြတ်စွာ၏ ရှေ့တော်၌ ရပ်လျက် 'ရဟန်းကြီး....လူအပေါင်းအား တရားဟောသည်မှာ သာယာ နာပျော်ဖွယ်သော အသံရှိစေ၏၊နှုတ်ခမ်းပါးစပ်စေ့စပ်ပေ၏၊ငါ့မှာမူကား သင့်ကိုစွဲ၍ ကိုယ်ဝန် ရသောကြောင့် ပြည့်စုံသော ကိုယ်ဝန်ရှိ၏၊ ငါ၏ သားဖွားရာအိမ်ကိုလည်း မသိ၊ ထောပတ်ဆီ အစရှိသည်တို့ကိုလည်းမသိ၊ ကိုယ်တိုင်ပင်မပြုသော်လည်းအလုပ်အကျွေးတို့တွင်ထင်ရှားသော ကောသ လမင်းကိုလည်းကောင်း,အနာထပိဏ်သဌေးကိုလည်းကောင်း, ဝိသာခါဒါ ယိကာမကိုလည်းကောင်း ဤစိဋ္ဌမာဏ္ဏဝိကာအား ပြုဖွယ်ကိစ္စကိုပြုကြပါဟု မဆို၊ အလိုအတိုင်း မွေ့လျော်ခြင်းကိုသာ သိရှာ၏၊ ကိုယ်ဝန် အစောင့် အရှောက်ကိုကား မသိရှာလေ'ဟု မစင်တုံးကိုကိုင်ပြီးမှ လပြည့်ဝန်းကို ဖျက်ဆီးလို၍ လုံ့လပြုသကဲ့သို့ ပရိသတ် လေးပါးအလယ်တွင် ရှင်တော် ဘုရားကို ဆဲရေး၏၊ သဗ္ဗညုဘုရားလည်း တရားစကားကို တန့်ရပ်တော် မူပြီးလျှင် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းလျက် 'နှမ.... သင်သည် ဆိုအပ်သော စကား၏ ဟုတ်မှန်သော ချွတ်ယွင်းသော အဖြစ်ကို သင်နှင့်ငါသာ သိ၏' ဟု မိန့်တော်မူ၏၊ 'အိမ်း ရဟန်းကြီး....သင်နှင့်ငါသာ သိသာ၏ အဖြစ် ကြောင့်ဤအမှုသည်ဤသို့ဖြစ်သည်'ဟုဆို၏၊ ထိုခဏ၌ဝယ်သိကြားမင်းနေရာ သည် ပူသောအခြင်းအရာကိုပြ၏၊ သိကြားမင်းလည်း ဆင်ခြင်လတ်သော်

စိဥ္စမာဏဝိကာသည် ဘုရားရှင်ကို မဟုတ်မမှန်ပဲ ဆဲရေး၏ ဟု သိ၍ ဤ ဝတ္ထုယုတ်ကို သုတ်သင်အံ့ဟု နတ်သားလေးယောက်နှင့်တကွလာ၏၊

နတ်သား လေးယောက်တို့သည် ကြွက်ငယ် အဟန် ဖန်ဆင်းပြီးလျှင် သစ်သား ပျဉ်ချပ်ဝန်း၌ ဖွဲ့သော ကြိုးဆက်ကို တပြိုင်နက်ကိုက်ဖြတ်ကုန်၏၊ ရှိသောပုဆိုးကို လေသည် အထက်သို့ ပင့်၏၊ သစ်သား ပျဉ်ချပ်ဝန်းသည် အောက်သို့ ကျသည်ရှိသော် စိဥ္စမာဏဝိကာ၏ ခြေဖမိုးထက်၌ ကျရကား ခြေဖျားနှစ်ဖက်တို့သည် ပြတ်ကုန်၏၊ တရားနာသောလူတို့လည်း သူယုတ်မ ကား ဘုရားမြတ်စွာကိုဆဲရေးသည်ဟု ထိုစိဥ္စမာဏဝိကာ၏ ဦးခေါင်းထက်၌ တံတွေးထွေးကုန်လျက် လက်ခြေ လုံ့တန် အုတ်ခဲတို့ဖြင့် ပုတ်ခတ်ရိုက်နှက်၍ ဇေတဝန် ကျောင်းတော်မှ ထွက်စေကုန်၏၊ ထိုအခါ စိဥ္စမာဏဝိကာ၏ သဗ္ဗညုဘုရား မြင်တော်မူရာကို လွန်သည့်ကာလ မြေကြီးသည် နှစ်ဖြာကွဲ၍ အပေါက်ကိုပေး၏၊ အဝီစိငရဲမှ မီးလျှံသည် ထ၏၊ ထိုစိဥ္စမာဏဝိကာသည် အမျိုးတို့ ပေးအပ်သော ကမ္ဗလာကို ခြုံဘိသကဲ့သို့ သွား၍ အဝီစိငရဲ၌ ဖြစ်လေ၏။

သာ ကုလဒတ္တိယ ကမ္ဗလံ ပါရုပိယမာနာဝိယ ဂန္တွာ အဝီစိမှိနိဗ္ဗတ္တိ။

(ဓမ္မပဒ အဋ္ဌကထာ)

သာ၊ ထိုစိဥ္စမာဏဝိကာသည်။ ကုလဒတ္တိယ ကမ္ဗလံ၊ဆွေမျိုးတို့ပေးအပ်သော ကမ္ဗလာကို။ ပါရုပိယမာနာဝိယ၊ ရုံအပ်သကဲ့သို့။ ဂန္တွာ၊ သွား၍။ အဝီစိမှိ၊ အဝီစိငရဲ၌၊ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။

တိတ္ထိတို့အား လာဘသက္ကာရကား ဈေးထက် ယုတ်လေ၏၊ သဗ္ဗညု ဘုရားအား အတိုင်းအထက်အလွန် ပြန့်ပွားလေ၏၊ ဤစိဥ္စမာဏဝိကာ ပရိဗိုဇ်မလည်း ဇာတိမကင်းသောကြောင့် မြေမျို၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

### ၁၂၃-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မိမိမွေးဖွားသည့်သားတို့ သတ်ခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် သေကုန်သော ဗိမ္ဗိသာရမင်း စသော မင်းငါးယောက်တို့ ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ အဇာဘောယေ၀ ပိတုရညောသတ္တု အဇာတသတ္တု-ဟူသော ဝစနတ္ထနှင့်အညီ မဖွားမီကပင် အဖမင်း၏ ရန်သူ ဖြစ်သောကြောင့် အဇာတသတ် အမည်ရှိသော မင်းသည် အမိဝမ်း၌ ပဋိသန္ဓေ

နေသည်ရှိသော် မယ်တော်မိဖုရားအား 'ငါသည် မင်း၏ လက်ယာမောင်း သွေးကို သောက်ရပါမူကား ကောင်းလေစွ'ဟု ချင်ခြင်းသည် ဖြစ်၏။ မိဖုရားသည် ငါ့အား စန်လေးသော အရာ၌ ချင်ခြင်းဖြစ်ရကား သူတပါး အားမကြားကောင်းဟုထိုချင်ခြင်းကိုဆိုခြင်းငှာမဝံ့သည်ဖြစ်၍ကြုံလှီလျက် အဆင်းမလှဖြစ်၏။ ယင်းသို့ဖြစ်သည်ကို ဗိမ္ဗိသာရမင်းမြင်၍'အဘယ်မိဖုရား သင့်အား ပကတိသော အဆင်းမဟုတ်။ အကြောင်းကား အသို့နည်း'ဟု မေးသော် 'အရှင်မင်းကြီး....မမေးပါလင့်'ဟု ဆို၏၊'မိဖုရား၊ သင်၏အလိုကို ငါ့အား မဆိုသော် အဘယ်သူအား ဆိုလတ္တံ့နည်း။ ဆိုလော့'ဟု နှိပ်၍ စေ၏။ ဆို၍ ကြားသော် 'အမိုက်မ....ဤအရာဝယ် အဘယ်သည် ဆင့်အား စန်လေးသနည်း'ဟု ဆေးသမားကို ခေါ်ပြီးလျှင် ရွှေဓားဖြင့် လက်ရုံးကို ဖေါက်စေ၍ ရွှေခွက်ဖြင့် သွေးကိုခံယူပြီးလျှင်ရေနှင့်ရော၍ သောက်စေ၏။ နိမိတ်ဖတ်တတ်သောသူတို့သည် ထိုအကြောင်းကိုမြင်၍ ဤသူငယ်ကား မင်း၏ ရန်သူဖြစ်၍ မင်းကိုသတ်လတ္တံ့ဟု နိမိတ်စကားကို ကြားကုန်၏။ ငါ၏ဝမ်းမှဖွားသော သူငယ်ကား မင်းအားသတ်လတ္တံ့သတတ်ဟု မိဖုရား ကြားသော် ကိုယ်ဝန်ကို ကျစေလိုရကား ဥယျာဉ်သို့သွား၍ဝမ်းကိုနယ်၏။ ထိုအရပ်သည် ယခုထက်တိုင်အောင် 'မဒ္ဒကုစ္ဆိအရပ်'ဟု တွင်၏။ ကိုယ်ဝန် သည် မကျ၊ မိဖုရားလည်း တဖန်တလဲလဲ သွား၍ နည်းတူပင် ပြုသော် မင်းသည် သိရကား အဘယ်ကြောင့် ဤမိဖုရားသည် ဥယျာဉ်သို့ မပြတ် အထပ်ထပ် သွားသနည်းဟု စုံစမ်းလျှင် ထိုအကြောင်းကိုသိ၍ 'မိဖုရား.... သင်၏ဝမ်းဝယ်သားယောကျ်ားဟူ၍လည်းကောင်း၊သားမိန်းမဟူ၍လည်း ကောင်း မထင်။ သို့ကိုစင်လျက်မိမိရင်၌ဖြစ်သောသားကိုဤသို့ပြုဘိ၏။ ငါ တို့၏များစွာသော ကျေးဇူးမဲ့သည် ဤဇမ္ဗူဒီပါကျွန်းအပြင်ဝယ် အထင် အရှားဖြစ်လတ္တံ့။ သင်သည်မပြုပါလင့်'ဟု မြစ်၍အစောင့်အရှောက်ကိုပေး ၏။ မိဖုရားလည်း ဖွားသောအခါမှ သတ်အံ့ဟုကြံ၏၊ ထိုအခါ၌လည်း အစောင့်အရှောက်သူတို့သည်သူငယ်ကိုပယ်၍ဝှက်ထားကုန်အံ့၏။ ထိုနောင်မှ ကြီးပွားသောအရွယ်သို့ရောက်သောမင်းသားကိုမိဖုရားအားပြကုန်၏၊ မိဖု ရားလည်းသားကိုမြင်လျှင်ချစ်ခင်သောစိတ်ရှိရကားသတ်ခြင်းငှာမတတ်နိုင် လေ။ မင်းလည်းအစဉ်အားဖြင့် သားတော်ကိုအိမ်ရှေ့အရာကို ပေး၏။ ထို အခါ ဒေဝဒတ်သည်သာရိပုတ္တရာ၏ပရိသတ်၊ မဟာကဿပ၏ ပရိသတ်သည် များ၏၊ ဤသို့လျှင်ဤသူတို့သည်အသီးအသီးဂိုဏ်းဆောင်ကုန်၏၊ ငါလည်း

ဂိုဏ်းကိုဆောင်အံ့ဟု ကြံလေ၏။ လာဘ်သပ်များခြင်းနှင့်ကင်း၍ ပရိသတ်ကို ဖြစ်စေခြင်းငှာ မတတ်ကောင်း။ ယခုအခါ ငါသည်လာဘ်သပ်ကို ဖြစ်စေအံ့ဟုကြံ၍ ခန္ဓကဥ္စလာသော နည်းဖြင့်အဇာတသတ်မင်းအားမြွေခါးကြိုးကိုပြခြင်းတည်းဟူသော တန်ခိုးပြာဋိဟာဖြင့် ကြည်ညိုစေ၍ ညနံနက်ရထားငါးရာတို့ဖြင့် ဆည်းကပ်ခစားလာသော အဇာတသတ်မင်းသားကို အကျွမ်းဝင်ရကား တနေ့သ၌ ဤသို့ဆို၏။ 'မင်းသား....ရှေးအခါ လူတို့ကား အသက်ရှည်ကုန်၏။ ယခုအခါ တိုကုန်ပြီ။ ယင်းသို့ဖြစ်သေ ကြောင့် မင်းသားလည်း ခမည်းတော်ကိုသတ်၍ မင်းလုပ်လေ။ ငါကား ဘုရားကို သတ်၍ဘုရားလုပ်မည်'ဟုဆို၍ မင်းသားကို အဖသတ်အမှု၌ တိုက်တွန်း၏။ မင်းသားလည်း ရှင်ဒေဝဒတ်ကား ကြီးသော တန်ခိုးအာနုဘော် ရှိ၏။ ရှင်ဒေဝဒတ်အား မသိသောအရာမည်သည်မရှိဟုနှလုံးပိုက်လျက် ပေါင်၌ သန်လျက်ကိုဖွဲ့၍ နေမွန်းတည့်အခါ ကျောက်ရွှံ့ရှာလျက်နန်းတော်တွင်းသို့ဝင်၍ ဆိုအပ်သော အပြားရှိသော ဖောက်ပြန်ခြင်းကို ပြု၏။ ထိုအခါ အမတ်တို့သည် မင်းသားကိုဖမ်း၍မေးမြန်းစီစစ်ပြီးလျှင်မင်းသားကိုလည်းကောင်း, ဒေဝဒတ်ကိုလည်းကောင်း သတ်အပ်၏။ ရဟန်းအလုံးစုံကိုပင် အကုန်သတ်အပ်၏ဟု တိုင်ပင်ပြီးလျှင် မင်း၏ အာဏာဖြင့် ပြုကုန်အံ့ဟု မင်းအားကြားလျှောက်ကုန်၏။ မင်းလည်းအကြင်အမတ်တို့သည် သတ်လိုကုန်၏။ ထိုအမတ်တို့ကို အရာအထူးမှနုတ်၍ အကြင်အမတ်တို့သည် မသတ်လိုကုန်။ ထိုအမတ်တို့ကိုအရာထူး၌ထား၍ မင်းသားကို 'သင်သည် အဘယ်ကြောင့် ငါ့ကို သတ်လိုသနည်း'ဟု မေးတော်မူ၏။ 'မင်းအဖြစ်ကို အလိုရှိသောကြောင့်'ဟု ဆိုသော် ခမည်းတော်သည် မင်းအဖြစ်ကို သားအား ပေးတော်မူ၏။ အဇာတသတ် မင်းသားလည်း 'အကျွန်ုပ်၏ နှလုံး အလိုကားပြီးပြီ'ဟု ဒေဝဒတ်အားကြား၏။ ထို့နောင်မှ ဒေဝဒတ်က မင်းသားကို 'သင်သည် ခွေးကို အတွင်းထားလျက် စည်းကျပ်သော ယောကျ်ားကဲ့သို့ ငါ့ကိုစွပြီးပြီဟု မှတ်ထင်၏။ နှစ်ရက် သုံးရက်လွန်သဖြင့် သင့်ခမည်းတော်သည် သင်၏ပြုအပ်သော မထိမဲ့မြင်ကို ကြံဆင်ခြင်လျက် ကိုယ်ပင်မားလုပ်လတ္တံ့'ဟု ဆို၏။ ယင်းသို့ဆိုသော် အရှင်အဘယ်သို့ ပြုရမည်နည်း။ အရင်းပြတ်အောင် သတ်ရမည်လော။ ဖခင်အားဓားဖြင့် မသတ်ကောင်းသည် မဟုတ်လော' ဆိုသော် 'အာဟာရကိုဖြတ်၍ သတ်လော့'ဟု ဆို၏။ မင်းသားလည်း ခမ[illegible]းတော်ကို နှောင်အိမ်၌ ထားပြီး၍

ငါ့မယ်တော်မှတပါး အခြားသူအား မြင်ခြင်းငှာ မပေးလင့်ဟု ထောင်မှူး အာဏာသား တို့ကို ဆင့်ဆို၏။ မယ်တော် မိဖုရားလည်း စားတော်ကို ရွှေခွက်၌ထည့်၍ ခါးပိုက်ဖြင့် ယူဆောင်လျက် ထောင်တွင်းကြေးတိုက်သို့ ဝင်တော်မူ၏၊ မင်းလည်းထိုထမင်းကိုစား၍ မျှတတော်မူ၏၊ မင်းသားလည်း ခမည်းတော်သည် အဘယ်ဖြင့် မျှတသနည်းဟု မေး၍ ထိုအကြောင်းကို ကြားသော် 'ငါ့မယ်တော်အား ခါးပိုက်၌ စားတော်ကိုထား၍ မဝင်စေလင့်'ဟု ဆင့်ဆို၏၊ ထိုအခါမှစ၍ မိဖုရားသည် သင်းကျစ်၌ စားတော်ကို ထည့်၍ဝင်၏၊ ထိုအကြောင်းကိုလည်း ကြား၍ သင်းကျစ်ဖွဲ့လျက်မဝင်စေလင့်ဟု ဆင့်ဆို၏၊ ထို့နောင်မှ ရွှေခြေနင်းတို့၌ စားတော်ထမင်းကို ထည့်ပြီးလျှင် ပိတ်၍ ခြေနင်းစီးလျက် ဝင်၏၊ မင်းသားလည်း ထိုအကြောင်းကို တဖန်ကြားပြန်သော် မယ်တော်ကို ခြေနင်းစီးဖြင့် မဝင်စေလင့်ဟု ဆိုပြန်၏၊ ထိုအခါမှစ၍ မိဖုရားသည် နံ့သာရေချိုးပြီးလျှင် ကိုယ်အလုံးကို စတုမဓုဖြင့် သုတ်လိမ်း၍ အဝတ်ပုဆိုး ခြုံရုံလျက်ဝင်၏၊ မင်းလည်း မိဖုရား၏ ကိုယ်ကို လျက်၍ အသက်ကိုမျှတစေ၏၊ တဖန်မေး၍ ထိုအကြောင်းကို ကြားသော် 'ငါ့မယ်တော်ကို ဤနေ့မှစ၍ မပင်စေလင့်'ဟု ဆင့်ဆိုလာ၏၊ ထိုအခါမှစ၍ မိဖုရားသည် တံခါးရင်း၌ ရပ်လျက် 'ကျွန်တော်မ သခင် အရှင်ဗိမ္ဗိသာရမင်းကြီး....ဤသားမိုက်ကို ငယ်သောအခါ၌ သတ်ခြင်းငှာ မပေး၊ ကိုယ့်ရန်သူကို ကိုယ်ပင် မွေးခဲ့သည်၊ ယခုအခါ အရှင်မင်းကြီးအား ကျွန်တော်မ၏ မြင်ခြင်းကား အဆုံးစွန်ပင်သည့်ပြင် မမြင်ရပြီ၊ အကယ်၍ ကျွန်တော်မအား အပြစ်ရှိငြားအံ့၊ သည်းခံသော်မူစေ'ဟုဆို၍ ငိုကြွေးမြည်တမ်းပြီးလျှင် ပြန်လေ၏၊ ထိုအခါမှစ၍ မင်းအား အာဟာရမည်သည်မရှိ၊ မင်းလည်း မဂ်ချမ်းသာ ဖိုလ်ချမ်းသာယှဉ်သောစင်္ကြံသွားခြင်းဖြင့်မျှတ၏၊ အလွန်လျှင် မင်း၏ကိုယ်တော်သည် တင့်တယ်၏၊ မင်းသားလည်း ငါ့ခမည်း တော်ကား အဘယ်ဖြင့်မျှတသနည်းဟုမေးသော်စင်္ကြံသွားခြင်းဖြင့် မျှတ၏၊ အလွန်လျှင် ခမည်းတော်၏ အတ္တဘောသည် တင့်တယ်၏ဟုဆိုလျှင် ယခုအခါ စင်္ကြံသွားခြင်းကိုပယ်အံ့ဟုကြံ၍ ငါ့ခမည်းတော်အား သင်ဝှန်းမားဖြင့်ခြေတို့ကိုခွဲလျက် ဆီနှင့်ချက်သော ဆားဖြင့် လိမ်းကျံ၍အခိုးအလျှံကင်းသော ရှားမီးခဲရဲရဲမှာ ကင်ကြလေလော့ဟု ဆတ္တာသည်တို့ကို ဆင့်ဆို၏၊ ယင်းသို့ ဆင့်ဆို၍ ဆတ္တာသည်တို့လာသည်ကိုမြင်သော် ငါ့သားတော်ကို တစုံတယောက်သော သူသည် ဆုံးမသွန်သင်၍ ငါ့အား ဆံမုတ်ဆိတ်ကို

ပြုခြင်းငှာ ဤဆတ္တာသည်တို့လာကုန်သည်ထင်၏ဟုကြံ၏။ ဆတ္တာသည် တို့လည်းသွား၍ မင်းအား ရှိခိုးလျက် ရပ်ကုန်၏။ အဘယ်ကြောင့်လာကုန် သနည်းဟု မေးတော်မူသော် အကြောင်းကိုလျှောက်ကုန်၏၊ သင်တို့မင်း၏ အလိုအတိုင်း ပြုကုန်လော့ဟု ဆိုသော် 'အရှင်မင်းကြီး....ထိုင်တော်မူပါ' ဟု ဆို၍ မင်းကိုရှိခိုးပြီးလျှင် 'အရှင်မင်းကြီး....ကျွန်တော်တို့ကား မင်း၏ အာဏာကို လိုက်နာရဖါကုန်သည်။ ကျွန်တော်တို့အား အမျက်မထွက်ပါ ကုန်လင့်၊ အမျက်ထွက်ခြင်းသည် သင်မင်းကြီးတို့ကဲ့သို့ သောတာပန်အစစ် ဓမ္မရာဇ်ဖြစ်တော်မူသော မင်းအား မလျောက်ပတ်'ဟု ဆို၍ လက်ဝဲလက် ဖြင့် ဖမျက်တို့ကိုကိုင်ပြီးမှ လက်ယာလက်ဖြင့် သင်ခုန်းကိုကိုင်ပြီးလျှင် ဖဝါး အပြင်တို့ကိုခွဲ၍ ဆားနှင့်ရောသော ဆီဖြင့် သုတ်လိမ်းလျက် အခိုးအလျှံ ကင်းသော ရှားမီးခဲ ရဲရဲတို့ဖြင့် ကင်ကုန်၏။

ခဒိရင်္ဂါရေဟိ ဝိတစ္စိတေဟိ ပစိံသု။

(သီလက္ခန် အဋ္ဌကထာ)

ဝိတစ္စိတေဟိ၊အခိုးအလျှံကင်းကုန်သော၊ခဒိရင်္ဂါရေဟိ၊ရှားမီးခဲတို့ဖြင့်။ ပစိံသု၊ ကင်ကုန်၏။

အဘယ့်ကြောင့်သောတာပန်မင်းသည် ဤသို့သောကမ္မာဂရဏ ကို ခံရသနည်းဟူမူ ရှေးအခါ စေတီပြင်ဝယ် ဖိနပ်စီးလျက် သွား ဖူး၏၊ သံဃာတော် ထိုင်ခြင်းအကျိုးငှာ ခင်းအပ်သောသဖေါ့ဖျာ တို့ကိုလည်း မဆေးသော ခြေတို့ဖြင့် နင်းဖူး၏၊ ထိုမကောင်းမှု၏ အကျိုးဆက်တည်းဟု ဆိုကုန်၏။

မင်းအားသည်းထန်စွာသောဝေဒနာသည်ဖြစ်၏၊ထိုဗိမ္ဗိသာရမင်းသည် အဟောဇုဒ္ဓေါ, အဟောဓမ္မော, အဟောသံဃောဟု အောက်မေ့လျက် စေတီပြင်ဝယ် ပစ်အပ်သော ပန်းကဲ့သို့ ညှိုးနွမ်း၍သေပြီးလျှင် စတုမဟာ ရာဇ် နတ်ပြည်၌ ဇေယဝဏ်နတ်မင်း၏ အလုပ်အကျွေး ဇနဝသဘအမည် ရှိသော နတ်သားဖြစ်လေ၏၊ဤသို့လျှင်ဗိမ္ဗိသာရမင်းသည် အိမ်နိမ့် ၁၅ နှစ် မင်းစည်းစိမ် ၅၂ နှစ်၊ စုစုပေါင်း ၆၇ နှစ်၊သဗ္ဗညုဘုရားလည်း သက်တော် ၇၂ နှစ် ရှိသော် နတ်ရွာစံလေ၏၊ ထိုမင်း သားတော် အဇာတသတ်မင်း လည်း မင်းအဖြစ်သို့ရောက်၍ သုံးဆယ့်နှစ် နှစ်ရှိလျှင် သားတော် ဥဒယ ဘဒ္ဒ သတ်၍ လေ၏၊ ဥဒယဘဒ္ဒလည်း မင်းအဖြစ်သို့ ရောက်၍ တဆယ့် ခြောက်နှစ်ရှိလျှင် သားတော်မုဏ္ဍ သတ်၍သေလေ၏၊ မုဏ္ဍမင်းလည်း မင်း

အဖြစ်သို့ရောက်၍ လေးနှစ်ရှိလျှင် သားတော်အနုရုဒ္ဓါသတ်၍ သေလေ၏၊ အနုရုဒ္ဓါမင်းလည်း မင်းအဖြစ်သို့ရောက်၍ လေးနှစ်လည်းကောင်း ရှိလျှင် သားတော် နာဂဒါသသတ်၍ သေလေ၏၊ ဤမင်း ငါးဆက် တို့လည်း ဇာတိမကင်းသောကြောင့်သားသတ်၍သေရခြင်းတည်းဟူသော သူတပါး လုံ့လဖြင့် မရှုပက္ကမ မူလကဒုက္ခကို ခံစားရချေကုန်၏။

---

၁၂၄-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သားက ပုဆိန်ဖြင့် ပုတ်ခတ်၍ သေသော လက်သမား ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု လတ်သော် ဘုရားအလောင်းတော်သည် ကုန်သည်အမျိုး၌ဖြစ်၍ကုန်သွယ် လျက် အသက်မွေး၏၊ ထိုအခါ ကာသိတိုင်းဇယ်တခုသော ပစ္စန္တရစ်ရွာ၌ များစွာသော လက်သမားတို့သည် နေကြကုန်၏၊ ထိုလက်သမားတို့တွင် ဦးပြည်းသော လက်သမားတယောက်သည် သစ်ရွေ၍နေ၏၊ ထိုအခါမှက် တကောင်သည် ထိုလက်သမား၏ကြေးနီခွက်ကျောနှင့်တူသော ဦးခေါင်း၌ နားလျက် လှံမြဖြင့် ထိုးဘိသကဲ့သို့ ဦးခေါင်း၌ နှုတ်သီးဖြင့် ထိုး၏၊ ထို လက်သမားသည် မိမိ၏သားကိုခေါ်ပြီးသော် “ချစ်သား....ငါ၏ဦးခေါင်း ထက်၌ မှက်သည် လှံဖြင့် ထိုးဘိသကဲ့သို့ နှုတ်သီးဖြင့် ထိုး၏၊ ထိုမှက်ကို ခြောက်ပါ”ဟု ဆိုကုန်၏၊ ‘ဖခင် ငြိမ်ငြိမ်သာခံပါ၊ တချက်ခြင်းဖြင့်သာ လျှင် ငါသည် ထိုမှက်ကို အသေသတ်အံ့’ဟု ဆို၏၊ ထိုအခါဘုရားလောင်း လည်းမိမိဥစ္စာကိုရှာလျက် ထိုရွာသို့ ရောက်လာ၍ ထိုလက်သမား ဇရပ်၌ နေ၏၊ အဖလက်သမားလည်း သားကို မှက်ခြောက်ပါဟု ဆိုသောကြောင့် ထိုသားလည်း ‘ခြောက်အံ့ ဖခင်’ဟု ဆိုပြီးလျှင် ထက်စွာသော ပုဆိန်ကို ချီမ၍ အဖ၏ နံပါး၌ရပ်လျက် မှက်ကို ပုတ်ခတ်အံ့ဟု နှလုံးပြု၍ အဖ၏ ဦးခေါင်းကို ထက်ခြမ်းခွဲလေ၏၊ အဖလက်သမားလည်း ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ဝဓိကိ တတ္ထေဝ ဇီဝိတက္ခယံ ပတ္တော။

(ဇာတ် အဋ္ဌကထာ)

ဝဓိကိ၊ အဖလက်သမားသည်။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ဇီဝိ တက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပတ္တော၊ ရောက်လေ၏။

ဘုရားအလောင်းလည်းထိုအခြင်းအရာကို မြင်၍ ပညာရှိလျှင်ရန်သူပင်သော်လည်းမြတ်သေး၏၊ပညာမဲ့မှုကားသားပင်ဖြစ်သော်လည်းမကောင်းဟု လူအပေါင်းအား တရားဟောတော်မူ၏၊ ဤလက်သမားလည်း ဇာတိမကင်းသောကြောင့် သားသတ်၍ သေရခြင်း တည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

### ၁၂၅-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သမီးက ကျည်ပွေ့ဖြင့် ရိုက်၍သေသော မိန်းမအို ဝတ္ထု

အနာထပိဏ်သဌေးအား ရောဟိနီအမည်ရှိသော ကျွန်မတယောက်သည် ရှိသတဲ့၊ ထိုကျွန်မ၏ စပါးထောင်းရာသို့ လာ၍ အမိဖြစ်သော မိန်းမအိုသည် အိပ်၏၊ ထိုမိန်းမအိုကို မှက်, ခြင်, ယင်တို့သည် ဝန်းရံ ကုန်လျက် အပ်ဖြင့်ထိုးသကဲ့သို့ ကိုက်ခဲကုန်၏၊ ထိုအမယ်ကြီးသည်သမီးကိုခေါ်ပြီးလျှင် 'ချစ်သမီး....မှက် ခြင် ယင်တို့သည်ရိုးတွင်းခြင်ဆီတိုင်အောင်ငါ့ကိုခဲကုန်၏၊ ထိုမှက် ခြင် ယင်တို့ကိုခြောက်ပါ'ဟုဆို၏၊ သမီးလည်းခြောက်အံ့မိခင်ဟု ဆိုပြီးလျှင် ကျည်ပွေ့ကိုချီမ၍ မိခင်ကိုယ်၌ ကိုက်ခဲသော မှက် ခြင် ယင်တို့ကို သတ်အံ့ဟု နှလုံးပြု၍ အမိကို ကျည်ပွေ့ဖြင့် ပုတ်ခတ်လျက် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

မာတရံ မုသလေန ပဟရိတွာ ဇီဝိတက္ခယံ ပါပေသိ။
(ဇာတ်အဋ္ဌကထာ)

မာတရံ၊ အမိကို။ မုသလေန၊ ကျည်ပွေ့ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။

ယင်းသို့ အသက်ကုန်သည်ကိုမြင်၍ ငါ၏အမေသည် သေခဲ့ပြီတကားဟု ငိုအားသည်းစွာ ငိုရှာလေ၏၊ ထိုအကြောင်းကို သဌေးကြားသော် သဌေးလည်း သရီရကိစ္စကို ပြု၍ ကျောင်းသို့ သွားပြီးလျှင် ထိုအလုံးစုံကို သဗ္ဗညုဘုရားအား ကြားလျှောက်၏၊ သဗ္ဗညုဘုရားလည်း သဌေးကြီး၏ ကျွန်မနှင့်တူစွာ ရှေးအခါ ဗာရာဏသီ သဌေး၏ ကျွန်မလည်း အမိကို ကျည်ပွေ့နှင့်ရိုက်၍ သတ်ဖူး၏ဟု မိန့်တော်မူ၏၊ ဤမိန်းမအို အမယ်ကြီးလည်း ဇာတိမကင်းသောကြောင့် သမီးရိုက်ခတ်၍ သတ်သဖြင့် သေရခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မလကဒုက္ခကို ခံစားရချေ၏။

## ၁၂၆-ပရူပက္ကမ မူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော သေသောက်ကြူးတို့သတ်၍ သေသော သုန္ဒရီပရိဗိုဇ်မ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူလျက် သုန္ဒရီအမည်ရှိသော ဖရိဗိုဇ်မကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောတော်မူ၏၊ တပည့်သား သံဃာတော်နှင့်တကွ သဗ္ဗညုဘုရားအားများစွာသော လာဘသက္ကာရဆို သည် ငါးစင်းသော မြစ်ကြီးတို့သည် ယိုစီးကုန်သကဲ့သို့ အလွန်ပေါများ၍ တိတ္ထိတို့အား လာဘသက္ကာရ ရှားပါးလတ်သော် စုဝေး၍တိုင်ပင်ကြကုန်၏၊ ငါတို့သည် ရဟန်းဂေါတမ ဖြစ်ထွန်းသောကာလမှစ၍ ပျက်စီးသော လာဘ်ပူဇော်သက္ကာရ ရှိကုန်၏၊ တစုံတယောက်သော သူသည် ငါတို့၏ ရှိသောအဖြစ်ကိုမသိရှာလေ၊ အဘယ်သူနှင့်အတူပေါင်း၍ ရဟန်းဂေါတမ ၏ ကျေးဇူးမဲ့ကိုဖြစ်စေလျက်ပျက်စီးသောလာဘ သက္ကာရရှိသည်ကို ပြုရ ကုန်အံ့နည်း'ဟု တိုင်ပင်သော် သုန္ဒရီပရိဗိုဇ်မနှင့်အတူ ပေါင်းဖက်၍ ပျက်စီးသော လာဘသက္ကာရ ရှိသည်ကိုပြုကုန်အံ့ဟု ဆိုကုန်၏၊ ယင်းသို့ ဆိုပြီးလျှင် သုန္ဒရီပရိဗိုဇ်မကို အောက်ကပြဆိုအပ်ပြီးသော စိဥ္စမာဏဝိကာ နှင့် နည်းတူ စေခိုင်းကုန်၏၊ သုန္ဒရီလည်း စိဥ္စမာဏဝိကာနှင့် နည်းတူပင် ဗဿညုဘုရား၏ကျေးဇူးမဲ့ကို ဖြစ်စေ၏၊ယင်းသို့ဖြစ်စေ၍ နှစ်ရက်သုံးရက် ရှိလျှင် တိတ္ထိတို့သည် သေသောက်ကြူးတို့အား အသပြာ ပေးပြီးလျှင် 'သွားကြကုန်၊ သုန္ဒရီကို သတ်ပြီးလျှင် ရဟန်းဂေါတမ ဂန္ဓကုဋိတိုက်၏ အနီးအပါး ပန်းမှိုက်ကြား၌ ပစ်ထား၍ လာခဲ့ကြကုန်'ဟု ဆိုကုန်၏၊ သောက်ကြူးတို့လည်း အဖိုးအခ ရရကား တိတ္ထိတို့ဆိုတိုင်း ပြုကုန်၏။ ထို့နောင်မှ တိတ္ထိတို့သည် သုန္ဒရီကို မမြင်ကုန်ဟု အုတ်အုတ်ကျက်ကျက် ပြုကုန်လျက် မင်းအားကြားကုန်၏၊ မင်းက သင်တို့အား အဘယ်မှာ ရှာ သနည်းဟု မေးသော် ဤနေ့တို့တွင် ဇေတဝန် ကျောင်းတော်၌ နေ၏၊ ထိုကျောင်း၌ သုန္ဒရီ၏ အကြောင်းကို ငါတို့မသိကုန်ဟုဆိုသဖြင့် ယင်းသို့ တပြီးကား သွား၍ရှာကုန်လော့ဟုမင်းအခွင့်ပြုသော်မိမိတို့အလုပ်အကျွေး တို့ကိုခေါ်၍ ဇေတဝန်ကျောင်းတော်၌စုံစမ်းကုန်လျှင် ပန်းမှိုက်ကြားတွင် သုန္ဒရီကိုမြင်၍ ညောင်စောင်းသို့အလောင်းကိုတင်ပြီးမှ မြို့သို့သွင်း၍ရဟန်း ဂေါတမ၏တပည့်တို့သည်ဆရာပြုအပ်သောအမှုယုတ်ကိုဖုံးအုပ်ထားခြင်းငှာ သုန္ဒရီကိုသတ်ပြီးလျှင် ပန်းမှိုက်ကြားတွင်ပစ်ထားကုန်၏ဟုမင်းအားကြစေ

ကုန်၏၊ မင်းလည်း ပညာမဲ့ရကား သွားကြကုန်၊ မြို့အလုံး၌ လှည့်လည် ကြကုန်ဟု ဆို၏၊ ထိုတို့လည်း မြို့လမ်းခရီးတို့၌ 'သာကီဝင် မင်းသား ရဟန်းတို့၏အမှုကို ရှုကြပါကုန်' စသည်ဖြင့် ဆို၍ လှည့်လည် ပြီးလျှင် မင်းအိမ်တံခါးသို့ တဖန်ပြန်လာကုန်၏၊ မင်းလည်းသုန္ဒရီ၏အလောင်းကို သုသာန်၌ ငြမ်းဆောက်၍ စောင့်ရှောက်လျက် တင်ထားစေ၏၊ အရိယာ သာဝကတို့ကို ထား၍ သာဝတ္ထိပြည်သားတို့လည်း များသော အားဖြင့် 'သာကီဝင် မင်းသားရဟန်းတို့၏ အမှုကိုရှုကြပါကုန်' အစရှိသောစကား တို့ကို ဆိုကုန်လျက် မြို့တွင်းမြို့ပြင် မြင်မြင်သမျှသော လူအပေါင်း တို့သည် ရဟန်းတို့ကို ဆဲရေးကုန်လျက် လှည့်လည်ကုန်၏၊ ရဟန်းတို့လည်း ထို အကြောင်းကို သဗ္ဗညုဘုရားအားကြားလျှောက်၏၊ သဗ္ဗညုဘုရားလည်း 'ချစ်သားတို့...ယင်းသို့ တပြီးကား သင်ချစ်သားတို့လည်း ထိုလူတို့ကို ဤသို့ပြန်၍ စောဒနာ လှန်လေ'ဟု မိန့်တော်မူ၏။

အဘူ တဝါဒီ နိရယံ ဥပေတိ,ယောစာပိ ကတွာ နကရောမိစ္စာဟ၊
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ, နိဟီနကမ္မာ မနုဇာ ပရတ္ထ။
ဟူသော ဂါထာကို မိန့်တော်မူ၏။

အဘူတဝါဒီ၊ သူတပါးအား မဟုတ်မမှန်ပဲ စွပ်စွဲပြောဆိုလေ့ရှိသော သည်။ နိရယံ၊ ငရဲသို့။ ဥပေတိ၊ ရောက်ရ၏။ ယောစာပိ၊ အကြင်သူသည် လည်း။ ကတွာ၊ ပြုလျက်။ နကရောမိတိ၊ ငါမပြုဟု။ အာဟ၊ ဆို၏။ သောစ၊ ထိုသူသည်လည်း။ နိရယံ၊ သို့။ ဥပေတိ၊ ၏။ တေဥဘောပိ၊ ထိုသူနှစ်ယောက် တို့သည်လည်း။ ပေစ္စ၊ တမလွန်ဘဝသို့ ရောက်၍။ သမာ၊ နိရယဂတိ အားဖြင့် တူမျှသော အလားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ နိဟီနကမ္မာ။ ယုတ်မာသော အမှုရှိကုန်သော။ မနုဇာ၊ လူတို့သည်။ ပရတ္ထ၊ တမလွန် ဘဝ၌။ သမာ၊ တူမျှကုန် သည်။ ဘဝန္တိ၊ ကုန်၏။

ရဟန်းတို့လည်း ဤဂါထာဖြင့် လူတို့ကိုပြန်၍ စောဒနာ လှန်ကုန်၏၊ မင်းလည်း သုန္ဒရီအနေး သူတပါးသတ်သော အဖြစ်ကိုသိကြကုန်ဟု ဆို၍ သူလျှိုမင်းချင်းတို့ကို စေ၏၊ ထိုအခါသေသောက်ကြူးတို့လည်း သုန္ဒရီကို သတ်ခရသော အသပြာတို့ဖြင့် သေသောက်ကုန်လျက် အချင်းချင်းငြင်းခုံ ရန်စစ်ဖြစ်ကြကုန်၏၊ တယောက်သည် တယောက်ကို ဤသို့ဆို၏၊ သင်သည် သုန္ဒရီကို တချက်ချင်းအသေရိုက်၍ ပန်းမှိုက်ကြား၌ထားပြီးမှအခရသော

အသပြာတို့ဖြင့် ဆေးအရက်ကို သောက်သည်ဟု ဆို၏။ သူလျှိုမင်းချင်းတို့လည်း ယင်းသို့ အချင်းများသော သေသောက်ကြူးတို့ကို ဖမ်းလျက် မင်းအား ဆက်ကုန်၏။ ထိုအခါ မင်းက သုန္ဒရီကို သင်တို့ သတ်သလောဟု စစ်ကြော မေးမြန်းသော် သတ်ပေ၏ ဟု လျှောက်၏။ အဘယ်သူတို့သည် သတ်စေအပ်ကုန်သနည်း၊ သင်တို့အလိုအလျောက်ပင်သတ်ကုန်သလောဟု စစ်ကြောမေးမြန်းသော် သာသနာတော်မှအပ တိတ္ထိတို့သည် သတ်စေအပ်ကုန်၏ဟုလျှောက်ကုန်၏။ မင်းလည်းထိုတိတ္ထိတို့ကိုခေါ်တော်မူ၍ 'သင်တို့သည် သွားကြကုန်၊ ဤသုန္ဒရီကို ရဟန်းဂေါတမအားကဲ့ရဲ့မဲ့ ကိုစောင်လို၍ ငါတို့သည် သတ်စေအပ်ကုန်၏၊ တပည့်သားနှင့် တကွသော ရဟန်း ဂေါတမအားကား အပြစ်မရှိပေ၊ ငါတို့၏ အပြစ်သာဟု ဆို၍ မြို့ကို လှည့်လည် ကုန်လော့'ဟု ဆို၏။ တိတ္ထိတို့လည်း မင်းအမိန့်တော်အတိုင်း ပြုရကုန်၏၊ လူအပေါင်းအားလည်း ထိုအခါမှ ယုံမှားကင်းကုန်၏။ တိတ္ထိတို့သည် လည်းကောင်း,သေသောက်ကြူးတို့သည် လည်းကောင်း လူသတ်ဒဏ်ကို ခံရကြကုန်၏။

တိတ္ထိယာပိ ဓုတ္တာပိ ပုရိ ဝဓဒဏ္ဍံ ပါပုဏိံသု။
(ဓမ္မပဒအဋ္ဌကထာ)

တိတ္ထိယာပိ၊ တိတ္ထိတို့သည်လည်းကောင်း။ ဓုတ္တာပိ၊ သေသောက်ကြူးတို့သည် လည်းကောင်း။ ပုရိသဝဓဒဏ္ဍံ၊ လူသတ်ဒဏ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ (ဥဒါန်းအဋ္ဌကထာ၌ကား 'တိတ္ထိယာ မနုဿဝဓဒဏ္ဍံ ပါပုဏိံသု' ဟု ရှိ၏၊ သေသောက်ကြူးမပါ။

ထိုအခါမှစ၍ သဗ္ဗညုဘုရားအား လာဘသက္ကာရကား သာလွန်၍ ပေါများ၏။ ဤသုန္ဒရီပရိဗိုဇ်မလည်းဇာတိမကင်းသောကြောင့်သေသောက်ကြူးတို့ သတ်၍ သေရခြင်းတည်းဟူသော သူတပါး လုံ့လဖြင့် ပဋ္ဌပက္ကမမူလကဒုက္ခကို ခံစားရချေ၏။

### ၁၂၇-ပဋ္ဌပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ကြံခင်းရှင် ပုဏ္ဏား ရိုက်၍ သေသော ကြံခင်းစောင့် ယောကျ်ား ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းဝမ္မ လျော်စံနေတော်မူသောအခါ ရဟန္တာမထေရ်သုံးပါးတို့သည် ရွာငယ်၌ ဝါကပ်ကုန်၏၊ ထိုမထေရ်တို့သည် ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသော် ညွန့်စာပေ- ၆၃။

ဘုရားရှင်ကို ဖူးမြင်ကုန်အံ့ဟု ရာဇဂြိုဟ်ပြည်ကို ရည်၍ လာကုန်လျှင် ခရီး ကြားတွင် ညချမ်းသောအခါ ရွာငယ်တခု၌ အမှတ်မရှိသော မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား၏ ကြံခင်းအနီးအပါးသို့သွား၍ ကြံခင်းစောင့်ကို 'တကာ....ယနေ့ ရာဇဂြိုဟ်ပြည်သို့ ရောက်ပါဦးမည်လော'ဟု မေးကုန်၏။ မရောက်နိုင်ပြီ အရှင်ဘုရားတို့။ ထိုရာဇဂြိုဟ်ပြည်ကား ဤမှယူဇနာခွဲထက်၌တည်၏။ ယနေ့ ဤအရပ်တွင် နေပြီးမှနက်ဖြန်စောစောကြွတော်မူကြကုန်'ဟု လျှောက်၏။ 'ဤအရပ်၌ ရဟန်းတို့နေခြင်းငှာ လျောက်ပတ်သောနေရာ ရှိပါသလော တကာ'ဟု ဆိုသော်'မရှိပါ အရှင်ဘုရားတို့၊ အကျွန်ုပ်ကား အရှင်ဘုရား တို့၏ နေရာကိုပြုပါအံ့'ဟု မထေရ်တို့ကို သည်းခံစေကုန်၏။ ကြံခင်းစောင့် လည်း တည်တိုင်းသောကြံပင်တို့၌ သစ်ခက်မိုးသောမဏ္ဍပ်အသွင်ဖြင့် လှံတံ တို့ကိုဖွဲ့လျက် ကြံရွက်တို့ဖြင့် အထက်က မိုး၍ ကောက်ရိုး အောက်က ခင်းပြီးလျှင် မထေရ်တပါးအားပေး၏။ သုံးခုသော ကြံချောင်းတို့ကိုလှံတံ သုံးခွအသွင်ဖြင့်ဖွဲ့လျက် မြက်ဖြင့် အထက်ကမိုး၍ အောက်ကလည်း မြက် ဖြင့် ခင်းလျက် မထေရ်တပါးအား ပေး၏။ တပါးအားကား မိမိကုဋီမှ နှစ်ခုသုံးခုသော လှံတံ သစ်ခက်တို့ကိုထုတ်၍ သက်န်းဖြင့်မိုးလျက် သင်္ကန်း ကုဋီပြု၍ ပေး၏။ မထေရ်သုံးပါးတို့လည်း ကြံခင်းစောင့်ပြု၍ ပေးသော တဲတို့၌ပင် နေကြကုန်၏။ ညဉ့်မိုးသောက်လျှင် နံနက်စောကပင် ဆွမ်း ချက်၍ဒန်းပူ မျက်နှာသစ်ရေတို့ကို ကပ်ပြီးမှကြံရည်နှင့်တကွဆွမ်းကိုလှူ၏။ ထိုဆွမ်းကိုစား၍ အနုမောဒနာပြုပြီးလျှင် သွားကုန်သော မထေရ်တို့အား ငါ့အဖို့သည် ဖြစ်လတ္တံ့ဟု ကြံတချောင်းစီ လှူ၏။ ကြံခင်းစောင့်လည်း သွားသော မထေရ်တို့ကိုလိုက်ပို့၍ပြန်သော် မိမိ၏ဝေယျာဝစ္စ ကုသိုလ်ကို အာရုံပြု၍ ဝမ်းမြောက်သော ပီတိ်သောမနဿကို ပွားစေလျက် နေ၏။ ကြံခင်းရှင် ပုဏ္ဏားလည်းမထေရ်တို့ကို ခရီးရင်ဆိုင်အားဖြင့်လာလတ်သော် ရဟန်းတို့လက်၌ ကြံကိုမြင်၍ 'အရှင်တို့သည် အဘယ်မှ ရကုန်သနည်း ဟု မေးလျှင်'ကြံခင်းစောင့် လှူသည်'ဟု ဆိုကုန်၏။ ထိုစကားကို ကြား၍ ပုဏ္ဏားသည် အမျက်ထွက်ရကား ဖျစ်ဖျစ်မည်လျက် အမျက် နှိပ်စက်သော ကြောင့် ကြံခင်းစောင့်၏ နောက်မှ ပြေးလာပြီးလျှင် ဆောက်ပုတ်ဖြင့် တချက်ခြင်း ရိုက်ခတ်လျက် အသက်မှချ၏၊

မုဂ္ဂရေန တံ ပဟရန္တော ကေပ္ပဟာရေနေဝ ဇီဝိတာ စေါရော ပေသိ။

(ဝိမာနဝတ္ထုအဋ္ဌကထာ)

မုဂ္ဂရေန၊ဆောက်ပုတ်ဖြင့်။တံ၊ထိုကြံခင်းစောင့်ကို။ပဟာရန္တော၊ပုတ်ခတ်လျက်။ကေပ္ပဟာရေနေဝ၊တချက်ခြင်းဖြင့်သာလျှင်။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ၊ ဝေါရောပေသိ၊ ချ၏။

ကြံခင်းစောင့်လည်း မိမိပြုသောကောင်းမှုကိုအောက်၌မေ့လျက်သေ၍ သုဓမ္မနတ်သဘင်၌ နတ်သားဖြစ်၏၊ထိုနတ်သား၏ ကောင်းမှု အာနုဘော်ကြောင့်ကိုယ်လုံးဖြူသော နတ်ဆင်သည်ဖြစ်၏၊ကြံခင်းစောင့်သေကြောင်းကိုကြား၍ အမိအဘတို့သည်လည်းကောင်း, အဆွေအမျိုး အဆွေခင်ပွန်းတို့သည်လည်းကောင်းငိုယိုလျက် ထိုအရပ်သို့ ရောက်လာကုန်၏၊ အလုံးစုံသော ရွာသားအပေါင်းတို့သည် စည်းဝေးကြကုန်၏၊ မိဘဆွေမျိုးတို့သည် ကြံခင်းစောင့်၏အလောင်းကို သင်္ဂြိုဟ်ခြင်းငှာ အားထုတ်ကုန်၏၊ထိုခဏ၌ နတ်သားသည် နတ်ဆင်ကို စီးပြီးလျှင် ကောင်းကင်၌ ထင်သော အသွင်အပြင်ရှိသည်ဖြစ်၍ တည်လာ၏၊ ထိုအခါ ပညာရှိယောကျ်ားတယောက်သည် နတ်သားကို'ကောင်းကင်၌ ဆင်ဖြူစီးလျက် တည်သည်ကားအသူနည်း၊ နတ်လော, သိကြားလော,ဟု မေး၏၊ 'ငါကား ကြံခင်းစောင့်ယောကျ်ားတည်း၊မထေရ်သုံးပါးတို့အား အိပ်ရာနေရာနှင့်တကွ ဆွမ်း,ကြံတို့ဖြင့် လှူ၍ သေလွန်လျှင် သုဓမ္မာနတ်သဘင်၌ ဖြစ်သည် ဟု ဆိုပြီးလျှင် ရတနာသုံးပါး၏ဂုဏ်ကို လူအပေါင်းတို့အား ထင်ရှားအောင် ပြပေ၏၊ ယင်းသို့ပြပြီးလျှင် နတ်ပြည်သို့ ပြန်လေ၏၊ လူအပေါင်းတို့လည်း ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်၍ သရဏဂုံသီလ၌တည်ပြီးလျှင် အလှူကောင်းမှုပြုကြကုန်၏၊ဤ ကြံခင်းစောင့်သော ယောကျ်ားလည်း ဇာတိမကောင်းသောကြောင့် ပုဏ္ဏားရိုက်ခတ်၍ သေရခြင်း တည်းဟူသော သူတပါး လုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

---

၁၂၈-သံဝေဇနီ ယ ဘ ဘွဲ့ ရှစ်ပါးအနက်
ဇာတိဒုက္ခအရာဝယ် ဇာတိနှင့်မကောင်း၍ ပဋိသန္ဓေနေရကုန်သောသူတို့
တွေ့ကြုံခံစားရသော ဒုက္ခခုနစ်ပါးတွင် ခုနစ်ခုမြောက်
ပရူပက္ကမ မူလက ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော
သတ်ပုတ်နှောင်ဖွဲ့ခြင်း ဒုက္ခကိုခံရသော ရင်္ဂမြာလာကျန်မ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ဂယာရွာတွင်အမှတ်မထင်သော ပုဏ္ဏားတယောက်၏ ဆမီးကို ထိုရွာ၌ပင် အမှတ်မထင်သော ပုဏ္ဏားလုလင်

တယောက်အား ပေးစားအပ်သည်ဖြစ်၍ လင့်နောက်သို့ လိုက်ရလေလျှင် လင့်အိမ်၌အစိုးတရ နေရလေ၏၊ ထိုပုဏ္ဏားမသည် လင့်အိမ်၌ လင့်ပါကျွန်မ ၏ သမီးကို သည်းခံခြင်း မရှိ၊ မြင်သောကာလမှ အမျက်ဖြင့် ဖျစ်ဖျစ်မြည် လျက် ဆဲရေးဆိုမြည်၏၊ လက်သီးလက်ဆုပ် တုတ်နှင့်တံတို့ဖြင့်ပုတ်ခတ်၏၊ အကြင်အခါ ကျွန်မ၏သမီးသည် ကြီးသောအရွယ်သို့ ရောက်သဖြင့် ကိစ္စ အမှုကို ရွက်ဆောင်နိုင်၏၊ ထိုအခါ ကျွန်မကို ပုဆစ်, တတောင် လက်သီး, လက်ဆုပ်တို့ဖြင့် ပုတ်ခတ်သည့် သာတည်း။

တဒါ နံ ဇဏ္ဏု ကပ္ပရ မုဋ္ဌိဟိ ပဟရ်တေ၀။

(ဝိမာနဝတ္ထုအဋ္ဌကထာ)

တဒါ၊ ထိုကြီးသော အရွယ်သို့ ရောက်သောအခါ၌။ နံ၊ ထိုကျွန်မကို။ ဇဏ္ဏုကပ္ပရမုဋ္ဌိဟိ၊ ပုဆစ် တတောင် လက်သီး လက်ဆုပ်တို့ဖြင့်။ ပဟရ တေ၀၊ ပုတ်ခတ်သည့်သာလျှင်တည်း။

အဘယ်ကြောင့် ပုတ်ခတ်သနည်းဟူမူ....ရှေးဘဝ၌ ရအပ်သောရန်ငြိုး ဖွဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း၊ ထိုကျွန်မသည် ကဿပဘုရားရှင် လက်ထက်သော်၌ ပုဏ္ဏားမ၏ သခင်မဖြစ်၍ ပုဏ္ဏားမာ ကျွန်မဖြစ်ဖူး၏၊ ထိုသခင်မသည် ကျွန်မကို ခဲ လုံးတံ့သည့်တို့ဖြင့်ပုတ်နှိပ်စက်ညှဉ်းပန်း၏၊ ယင်းသို့ ညှင်းပန်းသောကြောင့် ကျွန်မသည် မိမိအားနှင့်လျော်စွာ ဒါန စသော ကောင်းမှုတို့ကိုပြု၍ဆုတောင်း၏၊ 'နောင်အခါ ငါသည်ဤမိန်းမ၏ အရှင်သခင်ဖြစ်၍ သင့်အား နှိပ်စက်ညှဉ်းပန်း ရလို၏'ဟု ဆုတောင်း၏၊ ယင်းသို့ဆုတောင်း၍ ထိုကျွန်မသည် ဘဝအဆက်ဆက် ကျင်လည်ရသည် ရှိသော် ဤငါတို့ ဘုရားလက်ထက်တော်၌ ဆိုအပ်ပြီးသောနည်းဖြင့် ဂယာ ရွာ၀ယ်ပုဏ္ဏားအမျိုး၌ ဖြစ်၍အိမ်သို့ရောက်၏၊ အရှင်မသည်လည်းထိုပုဏ္ဏား မ၏ ကျွန်မ ဖြစ်သာ၏၊ ဤသို့ရှေးဘဝ၌ရအပ်သောရန်ငြိုးဖွဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့် သခင်မသည် ကျွန်မကို နှိပ်စက်ညှဉ်းပန်းသတည်း၊ ယင်းသို့ ညှင်းဆဲသည်ရှိသော် အကြောင်းမရှိပဲလျှင် ဆံပင်တို့၌ ကိုင်၍ လက်ခြေ တို့ဖြင့်ပြင်းစွာ ပုတ်ခတ်၏၊ ကျွန်မလည်း ဆာတ္တာသည်ဇရပ်သို့သွားပြီးလျှင် သင်ဝုန်းဖြင့် ဦးပြည်းရိတ်၍လာ၏၊ သခင်မလည်း 'ဟယ်ကျွန်မ....ဦးပြည်း ကာမျှဖြင့် သင်သည် လွတ်မည် ထင်သလော'ဟု ဆိုပြီးလျှင် ကြိုးကို ဦးခေါင်း၌ ဖွဲ့၍ ထိုကြိုး၌ ကိုင်ပြီးလျှင် အောက်သို့ညွတ်၍ ပုတ်ခတ်၏၊ ထိုကြိုးကိုစင် ပယ်ခြင်းငှာလည်း မပေး၊ ထိုအခါမှစ၍ ထိုကျွန်မအားကြိုး တည်းဟူသော ပန်းရှိရကား ရဇ္ဇုမာလာဟု အမည်တွင်၏။

တတော ပဋ္ဌာယ ဒါသိယာ ရဋ္ဌပါလာတိနာမံ အဟောသိ။
(ဝိမာနဝတ္ထု အဋ္ဌကထာ)

တတော၊ ထိုကြိုးဖွဲ့သောအခါမှ။ ပဋ္ဌာယ၊ စ၍။ ဒါသိယာ၊ ကျွန်မ၏။ ရဋ္ဌပါလာတိနာမံ၊ ရဋ္ဌပါလာဟူသောအမည်သည်။ အဟောသိ၊ ဖြစ်၏။

ထိုအခါ တနေ့သ၌ ဘုရားမြတ်စွာသည် နံနက်စောစောအခါ မဟာကရုဏာ သမာပတ်မှထ၍လောကကို ကြည့်တော်မူလတ်သော် ရဋ္ဌပါလာ၏ သောတာပတ္တိ ဖလူပနိဿယကို လည်းကောင်း, သခင် ပုဏ္ဏေးမ၏ သရဏဂုံ သီလတို့၌ တည်ခြင်းကိုလည်းကောင်း မြင်တော်မူ၍ တောသို့ ဝင်ပြီးလျှင် အမှတ်မထင်သော သစ်ပင်ရင်း၌ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်တို့ကိုလွှတ်လျက်နေတော်မူ၏၊ ရဋ္ဌပါလာလည်း နေ့တိုင်း နေ့တိုင်း သခင်မသည်နှိပ်စက်ရကား ငါ့အား ဤသို့ ဆင်းရဲ ငြိုငြင်သော အသက်ရှည်ခြင်းဖြင့် အဘယ်မှုစအံ့နည်း၊ သေတော့အံ့ဟု နှလုံးပြု၍အိုးကို ယူပြီးလျှင် ရေဆိပ်သို့ သွားသကဲ့သို့ အိမ်မှထွက်၍ အစဉ်သဖြင့်တောသို့ ဝင်ပြီးသော် သဗ္ဗညုဘုရား နေတော်မူသော သစ်ပင်၏အနီးတွင် အမှတ်မထင်သော သစ်ပင်၏ အခက်၌ကြိုးကိုဖွဲ့ပြီးလျှင်အတွင်းပြုလျက် အထက်မှ ချ၍ သေလိုရကားဤမှသိုမှကြည့်လတ်သော် ဘုရားသခင်ကိုမြင်လေ၏၊ မြင်ပြီး၍ကား ဘုရား၌ဖြစ်သော ရိုသေခြင်း၏ အစွမ်းဖြင့် ငင်အပ်သော စိတ်နှလုံး ရှိသည်ဖြစ်၍ ငါသည် အကြင်တရားကို ကြားနာ၍ ဤဆင်းရဲ ငြိုငြင်သော အသက်ရှင်ခြင်းမှလွတ်ရာ၏၊ ထိုတရားကို ဘုရားမြတ်စွာသည် ငါ့အား ဟောတော်မူရာအံ့လောဟု ကြံ၏၊ ထိုအခါ သဗ္ဗညုဘုရားလည်း ရဋ္ဌပါလာ၏စိတ်အကြံကို သိတော်မူ၍ ရဋ္ဌပါလာဟု ခေါ်တော်မူ၏၊ ရဋ္ဌပါလာလည်း ထိုစကားကြား၍ အမြိုက်ရေဖြင့်သွန်းဘိသကဲ့သို့ ပီတိဖြင့် အခြားမရှိသောကိုယ်ရှိသည်ဖြစ်၍ သဗ္ဗညုဘုရားမြတ်စွာသို့ကပ်လျက် ရှိခိုး၍ရပ်၏၊ သဗ္ဗညုဘုရားလည်း ရဋ္ဌပါလာအား အစဉ်ဖြစ်သော တရားစကားကို ဟောတော်မူသည်ရှိသော် ရဋ္ဌပါလာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

သဗ္ဗညုဘုရားရှင်လည်းရဋ္ဌပါလာအား ဤမျှသောချီးမြှောက်ခြင်းဖြင့်တော်ပြီ၊ ယခုအခါ ရဋ္ဌပါလာကို တစုံတယောက် သူသည် မညှဉ်းဆဲအပ်ဟု သိတော်မူ၍ တောမှ ထွက်တော်မူပြီးလျှင် ရွာ၏အနီး တခုသော သစ်ပင်ရင်း၌ နေတော်မူ၏၊ ရဋ္ဌပါလာလည်း မိမိကိုယ်ကို မိမိသတ်ခြင်း

၄၅ မထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ခန္တီမေတ္တာကရုဏာနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်လည်းကောင်း, ပုဏ္ဏေးမသည် ငါ့ကိုသတ်လိုမှုလည်း သတ်စေ, ညှဉ်းဆဲလိုမှုလည်း ညှဉ်းဆဲစေဟုနှလုံးပြု၍ အိုးဖြင့်ရေကို ခပ်ပြီးလျှင် အိမ်သို့ပြန်လာ၏၊ အိမ်ရှင်ပုဏ္ဏားလည်း အိမ်တံခါး၌ ရပ်လျက် ရဇ္ဇုမာလာကိုမြင်၍ သင်သည် ရေဆိပ်သို့သွားပြီးလျှင် ကြာမြင့်မှ လာ၏၊ သင်၏မျက်နှာ အဆင်းလည်း အလွန်ကြည်လင်၏၊ သင်သည် တပါးသော အခြင်းအရာဖြင့်ထင်၏၊ အကြောင်းကား အသို့နည်းဟုမေး၏၊ ရဇ္ဇုမာလာလည်း ပုဏ္ဏားအား ထိုအကြောင်းကိုကြား၏၊ ပုဏ္ဏားလည်းရဇ္ဇုမာလာ၏ စကားကိုကြား၍နှစ်သက်ရကားအိမ်သို့သွားပြီးလျှင်ရဇ္ဇုမာလာ၏အထက် ၌သင်သည် တစုံတခုသောအမှုကို မပြုအပ်ဟုဆို၍လျှင်မြန်စွာသမ္ဗုဒ္ဓဘုရား အထံသို့သွားပြီးလျှင် ရှိသေခြင်းနှင့်တကွ ပြုအပ်သော အစေ့အစပ်ရှိသည် ဖြစ်၍ သမ္ဗုဒ္ဓဘုရားကို ပင့်ဖိတ်ပြီးလျှင် အိမ်သို့ဆောင်၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့်လုပ်ကျွေး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ နေလေ၏၊ ချွေးမလည်းနည်းတူပင်ရှိကုန်၏၊ ဂယာရွာသားပုဏ္ဏား သူကြွယ်တို့လည်းထိုအကြောင်းကိုကြား၍ဘုရားသဗ္ဗညုသို့ကပ်ပြီးလျှင် အချို့ကား ရှိခိုး၍နေကုန်၏၊ အချို့ကား ဝမ်းမြောက်ဝမ်းသာပြောဟော၍နေကုန်၏၊ သဗ္ဗညုဘုရားလည်း ရဇ္ဇုမာလာ, ပုဏ္ဏေးမတို့၏ ရှေးဘဝ၌ ပြုအပ်သော ကံကိုအကျယ်အားဖြင့် ဟောတော်မူ၏၊ ထိုစကားကိုကြား၍ပုဏ္ဏေးမသည် လည်းကောင်း, ကြွင်းသော်လူအများတို့သည်လည်းကောင်း သရဏဂုံသီလတို့၌တည်ကုန်၏၊ သဗ္ဗညုဘုရားလည်းနေရာမှထ၍ သာဝတ္ထိပြည်သို့ ကြွတော်မူ၏၊ ပုဏ္ဏားလည်း ရဇ္ဇုမာလာကိုသမီးအရာ၌ထား၏၊ ချွေးမလည်း ရဇ္ဇုမာလာကိုချစ်သောမျက်စိဖြင့်ကြည့်ရှုလျက်အသက်ထက်ဆုံးရှက်ဆောင် ၏၊ ရဇ္ဇုမာလာလည်း နောင်အခါ သေလွန်၍ တာဝတိံသာနတ်ပြည်၌ဖြစ်လေ၏၊ ဤရဇ္ဇုမာလာလည်း ဇာတိမကင်းသောကြောင့် သတ်ပုတ်ညှဉ်းဆဲ နှောင်ဖွဲ့ခြင်းတည်းဟူသော သူတပါးလုံ့လဖြင့် ပရူပက္ကမ မူလကဒုက္ခကို ခံစားရချေ၏။

ဤသည်ကား ဇာတိတရား ကြောင်းရင်းခံသောကြောင့် အတ္တူပက္ကမ မူလကဒုက္ခ, ပရူပက္ကမမူလက ဒုက္ခကို ခံစားရကုန်သောသူတို့၏ ဝတ္ထု သက်သေ အမြွက်တည်း။

## ၁၂၉-သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် ဇာတိဟူသည် သင်္ခတ ဒုက္ခတို့အားလုံးနှင့် ဆက်ဆံသမျှသော ခပ်သိမ်းစုံတို့၏ တည်ရာဖြစ်သည်ကို အဋ္ဌကထာဆရာမြတ်တို့ ပြဆိုအပ်သော ဩဝါဒဂါထာတော်ဖြင့် နိဂုံးချုပ်၍ပြရာ

ထိုဒုက္ခ နှစ်ပါးကို ခံစားရကုန်သော သူတို့၏ ဝတ္ထုသက်သေသာ ကျမ်းဂန်ဝယ် အများထင်ရှား၏၊ ယင်းသို့ထင်ရှားတိုင်း ပြရမူကျမ်းသည် အလွန်ကျယ်၍ အဘယ်နံခါ အပြီးအဆုံးသို့ ရောက်နိုင် လတ္တံ့နည်း၊ ထို့ကြောင့် ယခုအခါ ဇာတိဒုက္ခ၌ အဋ္ဌကထာဆရာမြတ်တို့ ပြအပ်သော ဂါထာကို အဆုံးချုပ်လျက် နိဂုံးအုပ်ရပေအံ့သတည်း။

ဇာယေထ နော စေ နရကေသု သတ္တော,
တတ္ထ အဂ္ဂိဒါဟာဒိက မပ္ပသယှံ၊
လဘေထ ဒုက္ခံ နု ကုဟိံ ပတိဋ္ဌံ,
ဣစ္စာဟ ဒုက္ခာတိ မုနီဓ ဇာတိံ။

(တဆယ့်တလုံးဘွဲ့ ဇူန္နဝဇီရာဂါထာ)

နရကေသု၊ ငရဲကြီးငရဲငယ် တရာ့သုံးဆယ်ခြောက်ပါးတို့၌။ သတ္တော၊ သတ္တဝါသည်။ နော စေ ဇာယေထ၊ အကယ်၍ မဖြစ်ငြားအံ့။ ဇေံသတိ၊ ဤသို့မဖြစ်သည်ရှိသော်။ (ထည့်၊)တတ္ထ၊ ထိုငရဲကြီးငရဲငယ် တရာသုံးဆယ့်ခြောက်ပါးတို့၌။ အဂ္ဂိဒါဟာဒိကံ၊မီးလောင်ခြင်း အစရှိသော။ အပ္ပသယှံ၊ သည်းမခံနိုင်သော။ ဒုက္ခံ၊ဆင်းရဲသည်။ ကုဟိံ၊အဘယ်၌။ ပတိဋ္ဌံ၊တည်ရာကို။ လဘေထနု၊ ရနိုင်အံ့နည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မုနိ၊ မြတ်စွာဘုရားသည်။ ဣဓ၊ဤဇာတိ အစရှိသည်တို့တွင်။ ဇာတိံ၊ ဇာတိကို။ ဒုက္ခာတိ၊ဒုက္ခ ဟူ၍။ အာဟာ၊ ဟောတော်မူ၏။

ဒုက္ခံ တိရစ္ဆေသု ကသာပဟာရ,
ဒဏ္ဍာဘိဃာတာဒိဘဝံ အနေကံ၊
ယံ တံ ကထံ တတ္ထ ဘဝေယျ ဇာတိံ,
ဝိနာ တဟိံ ဇာတိ တတောပိ ဒုက္ခာ။

(ငှင်းဇူန္နဝဇီရာဂါထာ)

တိရစ္ဆေသု၊ တိရစ္ဆာန်တို့၌။ ကသာပဟာရ ဒဏ္ဍာဘိဃာတာဒိဘဝံ၊ ကြိမ်လုံးဖြင့် ပုတ်ခတ်ခြင်း, လှံတံဖြင့် သတ်ခတ်ရိုက်နှက်ခြင်း အစရှိသည်

တို့ကြောင့် ဖြစ်သော။ အနေကံ၊ တပါးမကများစွာသော။ ယံဒုက္ခံ၊အကြင်ဒုက္ခသည်။ အတ္ထိ၊ ရှိ၏။ တံ ဒုက္ခံ၊ ထိုဒုက္ခသည်။ တတ္ထ၊ ထိုတိရစ္ဆာန်တို့၌။ ဇာတံ၊ ဇာတ်ကို။ ဝိနာ၊ ကြဉ်၍။ ကထံဘဝေယျ၊ အဘယ်သို့ ဖြစ်နိုင်ရာအံ့နည်း။ တတောပိ၊ ထို့ကြောင့်လည်း။ တဟိ၊ ထိုတိရစ္ဆာန်တို့၌။ ဇာတိံ၊ ဇာတ်ကို။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ မုနိ၊ မြတ်စွာဘုရားသည်၊ အာဟ၊ ဟောတော်မူ၏။ (မုနိ၊အာဟကား ရှေ့ဂါထာမှ လိုက်သည်။)

ပေတေသု ဒုက္ခံ ပန ခုပ္ပိပါသ·
ဝါတာတပါဒိပ္ပဘဝံ ဝိစိတ္တံ၊
ယသ္မာ အဇာတဿ န တတ္ထ အတ္ထိ,
တသ္မာပိ ဒုက္ခာ မုနိ ဇာတိမာဟ။
(ဂုဏ်းဇူနွဝဇိရာဂါထာ)

ပန၊ ထိုမှတပါး။ ပေတေသု၊ပြိတ္တာတို့၌။ ခုပ္ပိပါသဝါတာတပါဒိပ္ပဘဝံ၊ ထမင်းမွတ်ခြင်း, ရေသိပ်ခြင်း, လေနေပူ အစရှိသည်တို့ကြောင့်ဖြစ်သော။ ဝိစိတ္တံ၊ဆန်းကြယ်သော။ ဒုက္ခံ၊ ဆင်းရဲသည်။ ယသ္မာ၊ ကြောင့်။ အတ္ထိ၊၏။ အဇာတဿ၊ ဇာတ်မရှိသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအား။ တတ္ထ၊ ထိုပြိတ္တာတို့၌။ နအတ္ထိ၊မရှိ။ တသ္မာပိ၊တို့ကြောင့်လည်း။ မုနိ၊မြတ်စွာဘုရားသည်။ ဇာတိံ၊ ဇာတ်ကို။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ အာဟ၊ ဟောတော်မူ၏။

တိဗ္ဗန္ဓကာရေစ အသဲယှသီတေ,
လောကန္တရေ ယံ အသုရေသု ဒုက္ခံ,
န တံ ဘဝေ တတ္ထ ဝိနာဿ ဇာတိံ,
ယတော အယံ ဇာတိ တတောပိ ဒုက္ခာ။
(ထဆယ့်တလုံးတွဲ ဥပဇာတိဂါထာ)

တိဗ္ဗန္ဓကာရေ၊ ထက်သော အမိုက်တိုက်ရှိသော။ အသယှသီတေ၊ သည်းမခံနိုင်အောင် အေးချမ်းသော။ လောကန္တရေစ၊ လောကန္တရက်ငရဲ၌လည်းကောင်း။ အသုရေသုစ၊ ကာဠကဉ္စိကအသုရာတို့၌လည်းကောင်း။ ယံဒုက္ခံ၊ အကြင်ဒုက္ခသည်။ အတ္ထိ၊ ၏။ တံဒုက္ခံ၊ ထိုဒုက္ခသည်။ တတ္ထ၊ ထိုလောကန္တရက်ငရဲ, ကာဠကဉ္စိက အသုရာတို့၌။ ဇာတိံ၊ ဇာတိကို။ ဝိနာ၊ ကြဉ်၍။ အဿ၊ ထိုသတ္တဝါအား။ ယတော၊ အကြင့်ကြောင့်။ နဘဝေ၊ မဖြစ်ရာ။ ထဲတောပိ၊ ထို့ကြောင့်လည်း။ အယံ၊ ဇာတိသည်။ ဒုက္ခာ၊ ဒုက္ခမည်၏။

ယဥ္စာပိ ဂူထနုရုကေ၀ိယ မာတုဂဗ္ဘေ,
သဏ္ဍော ၀သံ စိရမတော ဗဟိ နိက္ခမဥ္စ။
ပပ္ပေါတိ ဒုက္ခ မတိဃောရမိဒံပိ နတ္ထိ,
ဇာတိံ ပိနာ ဣတိပိ ဇာတိ အယံ ဟိ ဒုက္ခာ။
(တဆယ့်လေးလုံးဖွဲ့ ဧသိန္တ်တိလကဂါထာ)

ဂူထနုရကေ၊ ဘင်ပုပ်ငရဲ၌။ သဏ္ဍော၊ ငရဲသူ သတ္တ၀ါသည်။ စိရံ၊ ကြာမြင့်စွာ။ ၀သံ ၀သန္တော ၀ိယ၊ နေရသကဲ့သို့၊ မာတု ဂဗ္ဘေ၊ အမိ၀မ်းတိုက်၌။ သဏ္ဍော၊ သတ္တ၀ါသည်။ စိရံ၊ ကြာမြင့်စွာ။ ၀သံ ၀သန္တော၊ နေရသည်။ ဟောတိ၊ ဖြစ်၏။ အတော၊ ထိုအမိ၀မ်းတိုက်မှ။ ဗဟိ၊ အပသို့။ နိက္ခမံ၊ ထွက်ရခြင်းတည်း ဟူသော၊ အတိဃောရံ၊ အလွန် ကြမ်းတမ်း စွာသော။ ယဥ္စာပိ ဒုက္ခံ၊ အကြင် ဆင်းရဲသို့လည်း၊ ပပ္ပေါတိ၊ ရောက်၏။ ဣဒံပိ ဒုက္ခံ၊ ဤဆင်းရဲသည်လည်း။ ဇာတိံ၊ ဇာတိကို။ ၀ိနာ၊ ကြဉ်၍။ နတ္ထိ၊ မရှိ။ ဣတိပိ၊ ထို့ကြောင့်လည်း။ အယံဇာတိ၊ ဤဇာတိသည်။ ဒုက္ခာ၊ ဒုက္ခမည်၏။ (ဟိ, စတ္တိကား ပဒပူရဏမျှသာ။)

ကိံ ဘာ၀သိတေန ဗဟုနာ နနုယံ ကုဟိဥ္စိ,
အတ္ထိဓ ကိဉ္စိရပိ ဒုက္ခမိဒံ ကဒါစိ,
နေ၀တ္ထိ ဇာတိဝိရဟေ ယဒတော မဟေသိ,
ဒုက္ခေါတိ သဗ္ဗပဌမံ ဣမမာဟ ဇာတိန္တိ။
(ငုင်း၀သန္တတိလကဂါထာ)

ဗဟုနာ၊ များစွာ။ ဘာသိတေန၊ ဆိုသဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဣဓ၊ ဤလောက၌။ ကုဟိဥ္စိ၊ အမှတ်မရှိသော ဘ၀၌။ ယံဒုက္ခံ၊ အကြင်ဒုက္ခသည်။ အတ္ထိနနု၊ ရှိသည်မဟုတ်လော။ ကိဉ္စိရပိ၊ စိုးစဉ်းလည်းဖြစ်သော။ ဣဒံဒုက္ခံ၊ ဤဒုက္ခသည်။ ကဒါစိပိ၊ တရံတဆစ်မျှလည်း။ ဇာတိ၀ိရဟေ၊ ဇာတိ၏ကင်းရာဖြစ်သော နိဗ္ဗာန်၌။ ယံယသ္မာ၊ အကြင့်ကြောင့်။ နေ၀တ္ထိ၊ မရှိသည်သာတည်း။ အတော တသ္မာ၊ ထို့ကြောင့်။ မဟေသိ၊ မြတ်စွာဘုရားသည်။ သဗ္ဗပဌမံ၊ ခပ်သိမ်းသော ဇရာစသည်တို့၏ ရှေးဦးစွာ။ ဣမံဇာတိံ၊ ဤဇာတိကို၊ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ အာဟ၊ ဟောတော်မူ၏။ ဣတိ၊ ဤသည်လျှင် ဇာတိဒုက္ခ အပြီးတည်း။

ညွှန်းစာပေ- ၆၄။

ဤသို့ ဆိုအပ်ပြီးသော ဝတ္ထုသက်သေ အမြွက်ကို မှတ်သားလျက် အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သော ဂါထာကို လေ့လာ ဆောင်ရွက်၍ အသင့်အားဖြင့် နှလုံးသွင်းမှု ဇာတိဒုက္ခ ဟူသော သံဝေဂဝတ္ထု တရား၌ ဉာဏသံဝေဂကား ဖြစ်ကောင်းဖွယ် ရှိ၏။ ဉာဏ သံဝေဂ ဖြစ်သော သူအား ဇာတိဒုက္ခ၏ ကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှာ အသင့်အားဖြင့် တရားကို အားထုတ်ဖွယ် ရှိ၏။ ဇာတိဒုက္ခ ဟူသော သံဝေဂ ဝတ္ထု တရားကား ပြီး၏။

ဇာတိဒုက္ခအများတို့တွင် ပရူပက္ကမမူလက ဒုက္ခတစိတ်ဖြင့်
မှတ်အပ်သော သံဝေဂဝတ္ထု ဒီပနီကျမ်း၏ ပဥ္စမကဏ္ဍကား
ဤတွင်ရွေ့ ပြီး၏။

သံဝေဂဝတ္ထု ဒီပနီကျမ်း ပဥ္စမတွဲ ပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## ဆဋ္ဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

(ဇရာဒုက္ခ)

၁၃၀-သံဝေဇနီယဝတ္ထုရှစ်ပါးအနက် ၂-ခု မြောက်
ဇရာဒုက္ခအရာဝယ် ဇရာဒုက္ခဟူသောပါဠိ၌ ဇရာဟူသော
ပုဒ်တစ်စိတ်၏ အဓိပ္ပါယ်နှင့်တကွ ဇရာအပြား, လက္ခဏာ ရသ,
ပစ္စုပဋ္ဌာန်ပဒဋ္ဌာန် တို့ကို ပြရာ

ဤသို့သံဝေဂဉာဏ် ဖြစ်စေခြင်းငှာ ဇာတိဒုက္ခဟူသော သံဝေဂဝတ္ထုကို အကျယ်ပြပြီး၍ ယခုအခါ ဇရာဒုက္ခဟူသော သံဝေဂဝတ္ထုကို အကျယ်ပြပေအံ့သတည်း၊ ထိုဇရာဒုက္ခကို ဝိဘင်းပါဠိတော်၌....

တတ္ထ ကတမာ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ....

ဟု အကျယ်ဟောတော်မူအပ်၏။

တတ္ထ၊ ထိုဇာတိ အစရှိသည်တို့တွင်။ ကတမာ၊ အဘယ် တရားသည်။ ဇရာ၊ ဇရာမည်သနည်း။ တေသံ တေသံ သတ္တာနံ။ ထိုထိုသော သတ္တဝါတို့၏။ တမှိ တမှိသတ္တနိကာယေ၊ ထိုထိုသောသတ္တဝါအပေါင်း၌။ ယာဇရာ၊ အကြင် အရွယ်မှ ယုတ်ခြင်းသည်။ ယာဇီရဏတာ၊ အကြင် အရွယ်မှ ယုတ်သော အဖြစ်သည်။ ယံခဏ္ဍိစ္စံ အကြင် လက်သည်း ခြေသည်း သွားတို့၏ ကျိုးသောအဖြစ်သည်။ ယံပါလိစ္စံ၊ အကြင် ဆံအမွေးတို့၏ဖြူသော အဖြစ်သည်။ ယာ ဝလိတ္တစတာ၊ အကြင်အရေ၏ တွန့်လိပ်သော အဖြစ်သည်။ အာယုနော၊ အသက်၏။ ယာ သံဟာနိ၊ အကြင် ယုတ်ခြင်းသည်။

ဝါ၊ယုတ်ကြောင်းသည်။ဣန္ဒြိယာန်၊စက္ခု အစရှိသော ဣန္ဒြေတို့၏။ ယော ပရိပါကော၊အကြင်ရင့်ခြင်းသည်။ဝါ၊အကြင်ရင့်ကြောင်းသည်။ အတ္တိ၊ ၏။ အယံ၊ဤအရွယ်မှ ယုတ်ခြင်း အစရှိသည်ကို။ ဇရာ၊ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်၌ တေသံ တေသံ သတ္တာနံ ဟူသော ဝိစ္ဆာသဒ္ဒါဖြင့် ဤဇရာကို ဒေဝဒတ်၏ဇရာ, သောမဒတ်၏ဇရာအစရှိသည်ဖြင့် သတ္တဝါ၏ အမည်နာမကို ထုတ်ဖေါ်၍ ဆိုအပ်သည်ရှိသော် ရက် လနှစ်များစွာပင် ဆိုသော်လည်း ကုန်နိုင်ရာသော သဘော မရှိသောကြောင့် ဤနှစ်ပုဒ်ဖြင့် သတ္တဝါအလုံးစုံကို ကုန်စေ၍ သတ္တဝါအများနှင့် ဆက်ဆံခြင်းကိုပြတော်မူသည်။

တမှိ တမှိ သတ္တနိကာယေ ဟူသော ဝိစ္ဆာသဒ္ဒါဖြင့် ဒုက္ခသဘော အားဖြင့် များစွာသော သတ္တဂါတို့နှင့် ဆက်ဆံခြင်းကို ပြတော်မူသည်။

ဇရာ ဟူသောပါဌ်၌ ဤဇရာကို အသီးသောသဘောဖြင့် ပြအပ်၏။

ဇီရဏတာ ဟူသောပါဌ်ဖြင့် အခြင်းအရာအားဖြင့် ပြအပ်၏။

ခဏ္ဍိစ္စံ ဟူသောပါဌ်ဖြင့် မျိုနိုးသော အရွယ်ကာလကို လွန်သည်ရှိသော် သွား,လက်သည်း,ခြေသည်းတို့၏ ကျိုးသောအဖြစ်ကိုပြုခြင်းကိစ္စအားဖြင့် ပြအပ်၏။

ပါလိစ္စံ ဟူသောပါဌ်ဖြင့်ဆံ,အမွေးတို့၏ ဖြူသော အဖြစ်ကို ပြုခြင်း ကိစ္စအားဖြင့် ပြအပ်၏။

ဝလိတ္တစတာ ဟူသောပါဌ်ဖြင့် အသားကို ညှိုးစေ၍ အရေ၌တွန့်လိပ် သော အဖြစ်ကို ပြုခြင်းကိစ္စအားဖြင့် ပြအပ်၏။

ဤ သွားကျိုးခြင်း, ဆံဖြူခြင်း,အရေ တွန့်လိပ်ခြင်းဟု ဆိုအပ်သော ဖေါက်ပြန်ခြင်းတို့ကိုမြင်သဖြင့် ဇရာတရားကို သိအပ်၏။

ရေ,လေ,မီးတို့၏ သွားရာလမ်းခရီးသည် မြက်သစ်ပင် အစ ဥပမာကား ရှိသည်တို့၏ ကျိုးပြတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ကျွမ်းလောင်သည်၏အဖြစ်ကြောင့်လည်းကောင်းအကယ်၍ကား ထင်ရှား ၏ရှင့်၊ ယင်းသို့ ထင်ရှားသော်လည်း ထိုသွားရာလမ်းခရီးသည် ရေ,လေ, မီး မဟုတ်၊သွားရာလမ်းခရီးကို မြင်သဖြင့်သာ ရေ လေ မီးတို့ကို သိအပ် ကုန်သကဲ့သို့ ဤအတူ ဇရာ၏ သွားခြင်းဖြစ်သောလမ်းခရီးသည်သွားကျိုး

ခြင်း,ဆံဖြူခြင်း,အရေ တွန့်လိပ်ခြင်း ကြောင့် အကယ်၍ ထင်ရှား၏ရှင့်ယင်းသို့ ထင်ရှားသော်လည်း ထို သွားရာဖြစ်သော သွားကျိုးခြင်း အစရှိသော လမ်းခရီးသည် ဇရာ မဟုတ်၊ သွားကျိုးခြင်း အစရှိသည်ကို စက္ခုဝိညာဉ်ဖြင့် မြင်ကောင်း၏၊ ဇရာကိုကား စက္ခုဝိညာဉ်ဖြင့် မမြင်ကောင်း၊ မနောဝိညာဉ်ဖြင့်သာ ဆ၍သိအပ်၏။

အိုခြင်းသို့ရောက်သောသူအား အကြင့်ကြောင့် အသက်သည် ယုတ်၏၊ ထို့ကြောင့် ဇရာကို အာယုနော သံဟာနီ-ဟု ဖလူပစာရအားဖြင့် ဟောတော်အပ်မူ၏၊ ပဌမအရွယ် ငယ်စဉ်ကာလ အလွန် ကြည်လင် ကုန်သော သိမ်မွေ့သော မိမိအာရုံကိုလည်း ချမ်းသာသဖြင့် ယူခြင်းငှာ စွမ်းနိုင်ကုန်သော စက္ခု အစရှိသော ဣန္ဒြေတို့သည် အိုခြင်းသို့ ရောက်သော သူအား မှည့်ကုန်, ချောက်ချားကုန် မသန့်ရှင်းကုန်ဖြစ်သည်၍ ရှန့်ရင်းသော မိမိအာရုံကိုသော်လည်း ယူခြင်းငှာ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် ဣန္ဒြိယာနံ ပရိပါကော-ဟု ဖလူပစာရအားဖြင့် ဟောတော်မူသည်။

ထို ဇရာသည် ပါကဋဇရာ, ပဋိစ္ဆန္နဇရာ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သွားအစရှိသည်တို့၌ ကျိုးခြင်းစသော အဖြစ်ကိုမြင်ခြင်းကြောင့် ရုပ်တရားတို့၌ ဇရာကား ပါကဋဇရာမည်၏၊ နာမ်တရားတို့၌ ဇရာကား ထိုသို့သဘောရှိသော ဖောက်ပြန်ခြင်းကို မမြင်သောကြောင့်ပဋိစ္ဆန္နဇရာမည်၏၊အကြင်သွားကျိုးခြင်းစသော အဖြစ်သည်ထင်၏၊ ထိုသွားကျိုးခြင်းစသော အဖြစ်သည် သွားအစရှိသည်တို့၏ သိလွယ်သည်၏ အဖြစ်ကြောင့် အဆင်းရူပါရုံ သာတည်း၊ ထိုရူပါရုံကို စက္ခုဒွါရဖြင့် ကြည့်၍ မနောဒွါရဖြင့် ကြံဆပြီးလျှင် ဤသွားတို့ကို ဇရာတရားသည် ပုတ်ခတ်အပ်ကုန်၏ဟု ဇရာကိုသိ၏၊ အကြေ၌ ရေလာသည်ကိုမြင်သဖြင့် အထက်၌ မိုးရွာသည်ကိုလည်းကောင်း,အထက်၌ အခိုးအလျှံကိုမြင်သဖြင့် အောက်၌ မီးကိုလည်းကောင်း ကာရဏာနုမာန, ဖလာနုမာနဉာဏ်ဖြင့်ဆ၍ သိရဘိသကဲ့သို့ သွားကျိုးခြင်းစသော အကျိုးကို မြင်သဖြင့် အကြောင်းဖြစ်သော ဇရာတရားကို ကာရဏာနုမာန, ဖလာနုမာနဉာဏ်ဖြင့် ဆ၍သိအပ်၏။

သဝိစိဇရာ,အဝိစိဇရာ-ဟူ၍လည်းနှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရွှေ ငွေ ပတ္တမြား သန္တာ လ နေ အစရှိသည်တို့၏ ဇရာသည် အကြားအကြား၌ အဆင်းတူ အစရှိသည်တို့ကို သိနိုင်ခဲသည်၏ အဖြစ်ကြောင့် အဝိစိဇရာမည်၏၊ အဆူးမထင်သောဇရာဟု ဆိုလိုသည်၊ ထို ရွှေငွေ စသည်

တို့မှ တပါးကုန်သော အကြင်အကြင် ဟောတော်မူအပ်ကုန် သာ သွား အစရှိသည်တို့၌ ဇရာသည် အကြားအကြား၌ အဆင်းထူး အစရှိသည်တို့ကို သိလွယ်သည်၏အဖြစ်ကြောင့် သဝိစိဇရာမည်၏၊ အထူးထင်သောဇရာဟု ဆိုလိုသည်၊ ထိုနှစ်ပါးတို့တွင် သဝိစိဇရာကို ဥပါဒိန္နက အနုပါဒိန္နက တို့၏ အစွမ်းဖြင့် ဤသို့သိအပ်၏၊ သူငယ်တို့အားရှေးဦးစွာ နို့သွားတို့သည်ပေါက် ကုန်၏၊ ထိုနို့သွားတို့သည် မမြဲကုန်သေး၊ ထိုနို့သွားတို့သည် ကြွေကြကုန်သည်ရှိသော် သွားတို့သည် တဖန်ပေါက်ပြန်ကုန်၏၊ ထိုသွားတို့သည် ပထမအရွယ် ငယ်စဉ်ကာလ ဖြူကုန်၏၊ ဇရာလေဖြင့် တိုက်ဖျက်သောအခါ မည်းနက်ကုန်၏၊ ဆံပင်တို့သည် ပထမအရွယ် ငယ်စဉ်ကာလ အချို့သော သူတို့အား နီကုန်၏၊ အချို့သော သူတို့အား မည်းနက်ကုန်၏၊ဇရာလေဖြင့် တိုက်ဖျက်သောအခါ ဖွေးဖွေးဖြူကုန်၏၊အရေအသားတို့သည်ပထမအရွယ် ငယ်စဉ်ကာလ တွန့်လိပ်ခြင်းမရှိ၊ အချို့သော သူတို့အား နီကုန်၏၊ အချို့သော သူတို့အား ဖြူကုန်၏၊အချို့သောသူတို့အား မည်းနက်ကုန်၏၊ဇရာ လေဖြင့်တိုက် ဖျက်သောအခါ အတွန့်အလိပ်ကို ယူကုန်၏၊ ထိုဇရာသည် ခန္ဓာတို့၏ ရင့်ခြင်း လက္ခဏာရှိ၏၊ မရဏသို့ ရှေးရှုဆောင်ခြင်း ကိစ္စရှိ၏၊ အရွယ်နှင့် ပြည့်စုံခြင်းကို ဖျက်ဆီးခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ ဇာတိလျှင် နီးစွာသော အကြောင်းရှိ၏။

---

### ၁၃၁-ဇရာဒုက္ခ ဟူသောပါဠိ၌ ဇရာဟူသည် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့၏ တည်ရာဖြစ်သည်ကို ပြဆိုရာ

ဇရာသည်ဒုက္ခသဘော၌ကား ဤဇရာသည်လည်း-မိမိကားဒုက္ခမဟုတ်၊ စင်စစ်ကားဒုက္ခ၏တည်ရာ အကြောင်းဖြစ်သောကြောင့်သာ ဒုက္ခဟု ဟော တော်မူသည်။

အယံပိ သယံ န ဒုက္ခာ၊ ဒုက္ခဿ ပန ဝတ္ထုဘာဝေန ဒုက္ခာတိ ဝုတ္တာ။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

အယံပိ၊ ဤဇရာသည်လည်း။ သယံ၊ မိမိသည်။ နဒုက္ခာ၊ ဒုက္ခမဟုတ်။ ပန၊ စင်စစ်သော်ကား။ ဒုက္ခဿ၊ ဒုက္ခ၏။ ဝတ္ထုဘာဝေန၊ တည်ရာအကြောင်း ၏ အဖြစ်ကြောင့်၊ ဒုက္ခာဘိ၊ ဒုက္ခဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဇရာယေဝ ဒုက္ခ ဒုက္ခသာ ဝတ္ထုတ္တာတိ ဇရာဒုက္ခံ....ဟူသော ဝစနတ္ထကြောင့် ဇရာဒုက္ခမည်၏ ဟူလိုသည်။

ဇရာယေဝ၊ ဇရာသည်သာလျှင်။ ဒုက္ခသာ၊ ဒုက္ခ၏။ ဝတ္ထုတ္တာ၊ တည်ရာ အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်သတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇရာဒုက္ခံ၊ ဇရာဒုက္ခမည်၏။

အဘယ်ဒုက္ခ၏ တည်ရာ အကြောင်း ဖြစ်သနည်း ဟူမူကား ကာယိက ဒုက္ခ, စေတသိက ဒုက္ခနှစ်ပါး၏ တည်ရာအကြောင်း ဖြစ်သည်ဟူပေ။

ကာယိကဒုက္ခဿစေဝ ဒေါမနဿဒုက္ခဿစ။

(ဝိဘင်း အဋ္ဌကထာ)

ကာယိကဒုက္ခဿစေဝ ကာယိက ဒုက္ခ၏လည်းကောင်း။ ဒေါမနဿ ဒုက္ခဿစ၊ ဒေါမနဿ ဒုက္ခ၏လည်းကောင်း။ ဝတ္ထု၊ တည်ရာအကြောင်း သည်။ ဟောတိ၊ ဖြစ်၏။

အဘယ်သို့လျှင် ဒုက္ခနှစ်ပါး၏ တည်ရာဖြစ်သနည်းဟူမူကား....အိုမင်း သောသူ၏ အတ္တဘောသည် လှည်းအိုကဲ့သို့ နည်းသော ခွန်အားရှိ၏။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်းငှာ လုံ့လပြုသည်ရှိသော် အားကြီးသော ကာယိကဒုက္ခသည်ဖြစ်၏။ သား မယား အချင်းအရင်း ကျွန်ကျေးတို့သည် ရှေးပျိုစဉ်ကာလကဲ့သို့ မမှတ်ကြသည်ရှိသော် အားကြီးသော စေတသိက ဒုက္ခသည် ဖြစ်၏။

---

၁၃၂-ဇရာဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဥစ္စာ တရားဖြင့် နှိပ်စက်၍ ကာယိကဒုက္ခ, စေတသိက ဒုက္ခနှစ်ပါးကို ခံစားရသော ပုဏ္ဏားအိုဝတ္ထု

ထိုဇရာဒုက္ခကို ခံစားရသောသူတို့၏ ဝတ္ထုသက်သေ အမြွက်ကား။ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော်စံနေတော်မူသောအခါ သာဝတ္ထိပြည်သား ပုဏ္ဏားအိုတယောက် ရှိသတတ်။ ထိုပုဏ္ဏားအိုအား သားယောကျ်ားလေးယောက်တို့သည် ရှိကုန် ၏။ ဥစ္စာကား ရှစ်သိန်းမျှလောက် ကြွယ်ဝသတည်း။ ထိုပုဏ္ဏားအိုသည် သားလေးယောက်တို့ အရွယ်သို့ ရောက်သောအခါ ဥစ္စာတို့ကို ထက်ဝက် ခွဲပြီးလျှင် တသိန်းစီပေး၍ အိမ်ရာချထား၏။ မိမိတို့ဖို့လည်း အိုစာမင်းစာ ဥစ္စာကား လေးသိန်းမျှလောက်ပင် ရှိသေးသတည်း။ နောင်အခါပုဏ္ဏေးမ အိုသည် သေ၍ ပုဏ္ဏားအို တယောက်သာ ကြွင်း၏။ ထိုအခါ သား လေး

ယောက်တို့သည် စုပေး၍ တိုင်ပင်ကြသည်ကား အကယ်၍ ငါတို့ အဖ ပုဏ္ဏားအိုသည် ပျိုရွယ်သော ပုဏ္ဏေးမကို ဆောင်ငြားအံ့။ ထို ပုဏ္ဏေးမ၏ ဝမ်း၌ဖြစ်သော သား၏ အစွမ်းဖြင့်ဤလေးသိန်းမျှလောက်သောဥစ္စာသည် ပျက်စီးလတ္တံ့၊ ယင်းသို့ဖြစ်သောကြောင့် ယခုအခါ ငါတို့အဖ ပုဏ္ဏားအို ကို ကိုယ်စီကိုယ်ညာ ငါတို့ အားအင်ထုတ်၍ လုပ်ကျွေးကုန်အံ့ဟု တိုင်ပင် ကုန်၏။ ယင်းသို့ တိုင်ပင်ကြပြီးလျှင် ထိုလေးယောက်သော သားတို့သည် ပုဏ္ဏားအိုအားများစွာမွန်မြတ်သော အစားအဝတ် အစရှိသည်တို့ဖြင့် လုပ် ကျွေး ကုန်လျက် လက်ခြေ ဆုပ်နယ်ခြင်း အစရှိသည်တို့ကို ပြုကုန်လျက် သဂြိုဟ် ချီးမြှောက်၍ တနေ့သ၌ အိပ်ရာမှထသော အဖ ပုဏ္ဏားအို၏ လက်ခြေတို့ကို ဆုပ်နယ်လျက်အိမ်ဦးကြီးရင့်သေစသူတို့အား အသီးအခြား အိမ်ထောင်၍ နေခြင်း၌ အပြစ်များကြောင်းကို ဆိုပြီးလျှင် 'ဖခင်........ ငါတို့သည် ဤသို့သော နည်းဖြင့် ဖခင်တို့အား များစွာ မြတ်နိုးခြင်းဖြင့် အသက်ထက်ဆုံး လုပ်ကျွေးပါကုန်အံ့၊ ဖခင်အိုကြီးအိုမမှ ဥစ္စာကိုစောင့် ရှောက်ရသော် ဒုက္ခသာ ဖြစ်တော့မည်။ ကြွင်းသော ဥစ္စာကိုလည်း ငါတို့ အားသာ ပေးပါကုန်'ဟု ဆို၍ တောင်းကုန်၏၊ အဖပုဏ္ဏားလည်း သား တို့ ဆိုသော အကြောင်းသည် ကောင်း၏ဟု နှလုံးပိုက်၍မိမိ၌ရှိသော ဥစ္စာ လေးသိန်းကို တသိန်းစီ ခွဲပြီးလျှင် သား လေးယောက် တို့အား ပေး၍ မိမိ၏ အဝတ် အရုံမျှကို ထားပြီးလျှင် ကြွင်းသမျှ အတွင်းအပ အသုံး အဆောင်ကိုလည်း အကုန် လေးစုခွဲပြီးလျှင် သား လေးယောက် တို့အား ဆောက်နှင်း၏။ ယင်းသို့ ဆောက်နှင်းပြီးလျှင် ဖခင် ပုဏ္ဏားအိုကို အစ်ကို ဖြစ်သော သားကြီးသည် နှစ်ရက် သုံးရက် လုပ်ကျွေး၏၊ တနေ့သ၌ ရေ ချိုး၍ ပြန်လာသော ပုဏ္ဏားအိုကို အိမ်တံခါး၌ ရပ်လျက် ချွေးမသည် ဤသို့ ဆို၏။ 'သင်သည် သားကြီးအား ကြီးသည်ဟူ၍ တထောင် တရာ သာလွန်၍ပေးသော ဥစ္စာမရှိ၊ နှစ်သိန်း နှစ်သိန်းစီပင် အညီအမျှထား၍ သားလေးယောက်တို့အား ပေး ခဲ့ပ်သည် မဟုတ်လော။ သားငယ်တို့၏ အိမ်သို့ သွားရာလမ်းခရီးရှိသည်ကို မသိလော'ဟု ဆို၏။ ပုဏ္ဏားအိုသည် အမျက်ထွက်၍ 'ပျက်လေ သူယုတ်မ'ဟု ဆိုပြီးလျှင် သားတယောက် အိမ်သို့ သွားလေ၏။ ထိုအိမ်၌လည်းတရက် နှစ်ရက် လုပ်ကျွေး၍ ချွေးမသော နည်းတူပင် ဆိုပြန်၏။ယင်းသို့ဆိုပြီးလျှင် ချွေးမအားလည်း အမျက်ထွက်၍ အိမ်တပါးသို့ သွားပြန်၏။ ထိုအိမ်၌လည်း တရက် နှစ်ရက် လုပ်ကျွေး၍



အပရှုတ်သော ဂါထာစကားကို ကြားကုန်လျှင် ဖခင်ခြေရင်း၌ ဝတ်ဆင်းကုန်လျက်—၄ဂ၁

ချေးမက နည်းတူပင်ဆိုပြန်ချေ၏။ ယင်းသို့ဆိုးလျှင်ထိုချွေးမအားလည်း အမျက်ထား၍သားငယ်အိမ်သို့သွားပြန်၏၊ သားငယ်လည်း တရက်နှစ်ရက် လုပ်ကျွေး၍ ချွေးမကနည်းတူပင် ဆိုပြန်ချေ၏၊ ယင်းသို့ဆိုလျှင်ထိုပုဏ္ဏားအို သည် ခိုဝင်ရာ မရှိရကား များစွာ ဆင်းရဲသောကြောင့် ပဏ္ဏရက်ရဟန်း၏ အဖြစ်ဖြင့်ရဟန်းပြု၍ ဆွမ်းခံလှည့်လည်လျက်ကာလတို့ကို လွန်လေသဖြင့် ဇရာတရားသည် နှိပ်စက်ရကား အတိုင်းမသိသော ကာယိက ဒုက္ခ စေတသိကဒုက္ခကို ခံစားရချေ၏၊ မကောင်းသော ဘောဇဉ် အိစာ မကောင်းသော အိပ်ရာတို့ဖြင့် အလွန်ညှိုးနွမ်းသော ကိုယ်ရှိ၏၊ တနေ့သ၌ ဆွမ်းခံရာမှလာပြီးသော် အလွန်ပင်ပန်းရကားလျောင်းအိပ်သော်အိပ်ပျော် ခြင်းသို့ရောက်လေ၏၊ အိပ်ပျော်ရာမှထ၍ ထိုင်လျက် မိမိကိုယ်ကိုကြည့်ပြီး လျှင် သားတို့၌ထောက်ရာတည်ရာ အမှီအခိုမရအိုခြင်းတရားဖြင့် နှိပ်စက်၍ ဆင်းရဲရကား ဤသို့ကြံ၏၊ ရဟန်းဂေါတမသည်မျက်မှောင်ကြုတ်ခြင်းမရှိ၊ ပေါ်သော မျက်နှာရှိ၏၊ သာယာနာပျော်ဖွယ်သောစကားရှိ၏၊ အစေ့ အစပ် လိမ္မာ၏၊ ရဟန်းဂေါတမသို့ ကပ်၍ အစေ့အစပ် ပြုခြင်းငှာ ဖာတ်ကောင်း၏ဟုကြံ၏၊ ယင်းသို့ကြံပြီးလျှင် အလွန်အိုမင်းသော ကိုယ် ရှိသည်ဖြစ်၍ ညစ်နွမ်းသောအဝတ်အရုံခြုံလျက် ထမင်းခွက်ကိုယူပြီးလျှင် သဗ္ဗညုဘုရားသို့ကပ်၏၊ ထိုအခါ သဗ္ဗညုဘုရားက 'ပုဏ္ဏားအို....သင့်ကိုယ် သည် ပင်ပန်းဟန်ရှိ ပုံသည်တကား'ဟု မိန့်တော်မူ၏။ 'အရှင်ဂေါတမ.... အကျွန်ုပ်၏ သားလေးယောက်တို့သည် အကျွန်ုပ် အိုမင်းသော အခါမှ ရှိသမျှဥစ္စာ အလုံးစုံတို့ကို အကုန်ယူပြီးလျှင် အကျွန်ုပ်ကို အိမ်မှနှင်ထုတ် ရကား အကျွန်ုပ်အား အတိုင်းမသိသော ကာယိကဒုက္ခ, စေတသိက ဒုက္ခကို ခံစားရသည်'ဟု လျှောက်၏၊ 'ယင်းသို့ တပြီးကား ပုဏ္ဏားအို.... စည်းဝေးရာသဘင်ဝယ် စည်းဝေးသောလူအပေါင်းတို့၌ သားလေးယောက် တို့သည် အညီအညွတ် စည်းဝေးကုန်သည်ရှိသော် ဤဂါထာတို့ကို ရွတ် လေလော့'ဟု ဂါထာဖွဲ့၍ ပေးတော်မူ၏။

ယေဟိ ဇာတေဟိ နန္ဒိဿံ, ယေသဉ္စ ဘဝမိစ္ဆိသံ၊
တေ မံ ဒါရေဟိ သံပုစ္ဆာ, သာဝ ဝါရေန္တိ သူကရံ။
အသန္တာ ကိရ မံ ဇမ္မာ, တာတ တာတာတိ ဘာသရေ၊
ရက္ခသာ ပုတ္တရူပေန, တေ ဇဟန္တိ ဝယောဂတံ။

အသောဝ္ဟ ဇိဏ္ဏော နိဗ္ဗောဂေါ, ခါဒနာ အပနီယျတိ၊
ဗာလကာနံ ပိတာ ထေရော, ပရာဂါရေသု ဘိက္ခတိ။
ဒဏ္ဍော၀ ကိရ မေ သေယျော, ယဉ္စေ ပုတ္တာ အနဿဝါ၊
စဏ္ဍံပိ ဂေါဏံ ဝါရေတိ, အထော, စဏ္ဍံပိ ကုက္ကုရံ။
အန္ဓကာရေ ပုရေ ဟောတိ, ဂမ္ဘီရေ ဂါဓမေဓတိ၊
ဒဏ္ဍဿ အာနုဘာဝေန, ခလိတွာ ပတံ တိဋ္ဌတိ။ ။
ဤဂါထာကို သင်၍ပေးတော်မူလိုက်၏။
(သံယုတ် ပါဠိတော်)

ဇာတေဟိ၊ မွေးဖွားကုန်သော။ ယေဟိ၊အကြင်သားတို့လည်း။နန္ဒိဿံ၊ နှစ်သက်ဝမ်းမြောက်အံ့။ ယေသဉ္စ၊ အကြင်သားတို့၏လည်း။ ဘဝံ၊ပွားစီးခြင်းကို။ ဣစ္ဆိဿံ၊ တောင့်တပြီ။ တေ၊ ထိုသားတို့သည်။ဒါရေဟိ၊မယားတို့နှင့်။ သံပုစ္ဆ၊ တိုင်ပင်ညီညွတ်၍။ သာ၊ ခွေးတို့သည်။ သူကရံ၊ ဝက်ကို။ ဝါရေန္တိဣဝ၊ မြစ်ကုန်သကဲ့သို့။ မံ၊ ငါ့ကို၊ ဝါရေန္တိ၊ မြစ်ကုန်၏။

အသန္တာ၊ သူတော် မဟုတ်ကုန်သော။ ဇမ္မာ၊ ယုတ်မာ ကုန်သော။ ရက္ခသာ၊ ရက္ခိုုသ်တို့သည်။ ပုတ္တရူပေန၊ သား၏ အယောင်ဆောင်သဖြင့်။ မံ၊ ငါ့ကို။ တာတ တာတာတိ၊ ဖခင်ဖခင်ဟူ၍။ ဘာသရေကိရ၊ ဆိုကုန်သတတ်။တေ၊ထိုသား၏ အယောင်အဟန်ဆောင်သော ရက္ခိုုသ်တို့သည်။ ဝယောဂတံ၊ ပစ္ဆိမအရွယ်သို့ရောက်သော ငါ့ကို၊ ဇဟန္တိ၊ စွန့်ကုန်၏။

ဇိဏ္ဏော၊ အိုမင်းသော။ နိဗ္ဗောဂေါ၊ သုံးဆောင်ခြင်း မရှိသော။ အဿော၊ မြင်းကို၊ ခါဒနာ၊ အစာမှ။ အပနီယျတိဣဝ၊ပယ်အပ်သကဲ့သို့။ ဗာလကာနံ၊ သားမိုက်တို့သည်။ ထေရော၊ အိုမင်းသော။ ပိတာ၊အဖကို။ ခါဒနာ၊ အစာမှ။ အပနီယျတိ၊ ပယ်အပ်၏။ ပရာဂါရေသု၊ တပါးသော အိမ်တို့၌။ ဘိက္ခတိ၊ လှည့်လည်သွားလာ တောင်းစားရ၏။

မေ၊ ငါ၏။ ဒဏ္ဍောဝ၊ တောင်ဝှေး သည်သာလျှင်။ သေယျောကိရ၊ မြတ်သတတ်၊ အနဿဝါ၊ မိဘစကားကို နားမထောင်ကုန်သော။ ပုတ္တာ၊ သားတို့သည်။ ယဉ္စေ၊ မမြတ်ကုန်။ မေ၊ ငါ၏။ဒဏ္ဍော၊ တောင်ဝှေးသည်။ စဏ္ဍံ၊ ကြမ်းသော။ ဂေါဏံပိ၊ နွားကိုလည်းကောင်း။အထော၊တို့မှတပါး။ စဏ္ဍံ၊ ကြမ်းသော။ ကုက္ကုရံပိ၊ ခွေးကိုလည်းကောင်း။ ဝါရေတိ၊ မြစ်၏။

အန္ဓကာရေ၊ အမိုက်တိုက်၌။ ပုရေ၊ ရှေ့သွားသည့်။ ဟောတိ၊ ၏။ ဂမ္ဘီရေ၊ နက်သောအရပ်၌။ ဂါဓံ၊ ထောက်ရာတည်ရာကို။ ဓေတိ၊ ရ၏။ ခလိတွာ၊ ချော်ချွတ်၍။ ပထံ ပဓာဝန္တော၊ လဲသော ငါလူအိုသည်။ ဒဏ္ဍသာ၊ တောင်ဝှေး၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ တိဋ္ဌတိ၊ တည်ရ၏။

ပုဏ္ဏားအိုလည်းကောင်းပါပြီ၊ ရွတ်ပါမည် ဘုရားဟုမိန့်တော်မူတိုင်းဝန်ခံ၍ သွားပြီးသော်လူအပေါင်းတို့ စည်းဝေးရာသဘင်၌သားလေးယောက်တို့ အညီအညွတ် စည်းဝေးသောအခါ သဘင်လယ်သို့ဝင်၍ လက်ကို မြှောက်ပြီးလျှင် 'အို လူအပေါင်းတို့....ငါကား ဂါထာ ရွတ်ပါမည်၊ ထိုဂါထာကို သင်တို့သည် နားထောင်ကုန်အံ့လော' ဟု ဆိုသော် 'ရွတ်လော့ပုဏ္ဏား....ငါတို့သည် နားထောင်ကုန်အံ့'ဟု ဆိုလျှင် ရှင်တော်ဘုရား သင်လိုက်တိုင်း ဂါထာကို ရွတ်၏၊ ထိုအခါ လူတို့၏ ဝတ်ကား အကြင် သူသည် မိဘတို့၏ ဥစ္စာကို စားလျက် မိဘတို့ကို မလုပ်မကျွေး၊ ထိုသူ့ကို သတ်အပ်၏ဟု ဝတ်ရှိသတည်း၊ ထို့ကြောင့် ထိုသားလေးယောက်တို့သည် အဖရွတ်သောဂါထာစကားကို ကြားကုန်လျှင် ဖခင်၏ခြေရင်း၌ ဝပ်စင်း ကုန်လျက် ဖခင်....ငါတို့အား အသက်ကိုပေးပါလော့' ဟု တောင်းပန် ကုန်၏၊ ယင်းသို့ တောင်းပန် ကုန်လျှင် အဖ၏ စိတ်သည် သားတို့အား နူးညံ့ရကား 'အချင်းတို့....ငါ့သားမိုက်တို့အား မဖျက်ဆီးကုန်လင့်။ ငါ့ကို မွေးကျွေးကုန်လတ္တံ့'ဟု ဆို၏၊ ထိုအခါလူအပေါင်းတို့က ပုဏ္ဏား သား လေးယောက်တို့ကို 'အချင်းတို့....ယနေ့မှစ၍ အကယ်၍ အဖပုဏ္ဏားအိုကို ကောင်းစွာ မလုပ်ကျွေးကုန်အံ့၊ သင်တို့အား သတ်ကုန်အံ့'ဟု ဆိုကုန်၏၊ ယင်းသို့ ဆိုကုန်လျှင် ထိုသားလေးယောက်တို့သည် ကြောက်ကုန်ရကား အဖပုဏ္ဏားအိုကို အိမ်သို့ဆောင်၍ ကောင်းစွာ လုပ်ကျွေးကုန်၏၊ ပုဏ္ဏေးမ တို့ကိုလည်း ခေါ်ပြီးလျှင် 'ယနေ့မှစ၍ အကယ်၍ ငါတို့ အဖအိုကို ကောင်းစွာ လုပ်မကျွေးငြားအံ့၊ သင်တို့အား အိမ်မှ နှင်ထုတ်ကုန်အံ့'ဟု ဆို၍ မွန်မြတ်သော ဘောဇဉ်ခဲဖွယ်တို့ဖြင့် လုပ်ကျွေးစေကုန်၏၊ ပုဏ္ဏား အိုလည်း ကောင်းစွာ စားရခြင်း, ချမ်းသာစွာ အိပ်ရခြင်းကိုစွဲ၍ နှစ်ရက် သုံးရက် လွန်သဖြင့် ပြည့်ဖြိုးသော ခွန်အား ဗလခြွေရှိရကား အတ္တဘောကို ကြည့်၍ ဤငါ၏စည်းစိမ်ကား ရဟန်းဂေါတမကို မှီ၍သာ ရအပ်၏ဟု နှလုံးပြု၍ လက်ဆောင်ပုဆိုးတစုံကို ယူပြီးလျှင် ဘုရားသခင်အထံသို့သွား၍ 'အရှင်ဂေါတမ....ဤပုဆိုးတစုံကို ဆရာစား ခံတော်မူပါ'ဟု လျှောက်၏၊

သဗ္ဗညုဘုရားလည်း ပုဏ္ဏားအိုကိုအစဉ်သနားသဖြင့် အရှည်မြော်၍ခံတော်မူ၏၊ ယင်းသို့ ခံတော်မူလျှင် 'ရှင် ဂေါတမ.... အကျွန်ုပ်၏ သားလေးယောက်တို့သည် အကျွန်ုပ်အား လေးပါးသော ဓုရဘတ်ကို ပေးအပ်ကုန်၏၊ ထိုလေးပါးသော ဘတ်မှ နှစ်ခုသော ဘတ်ကို အကျွန်ုပ် စား၍ နှစ်ပါးသော ဘတ်ကို အရှင်ဘုရား တို့အား လှူပါ၏ ဟု လျှောက်၏၊ 'ပုဏ္ဏား....လှူခြင်းကားကောင်း၏၊ ငါတို့ကားနှစ်အက်ရာသို့သာသွားမည်' ဟု မိန့်တော်မူ၏၊ ပုဏ္ဏားအိုလည်း ကောင်းပြီဟု သဗ္ဗညုဘုရားကို ရှိခိုးပြီးလျှင် အိမ်သို့သွား၍ သားလေးယောက်ကို ခေါ်ပြီးသော် 'အမောင်တို့....ရဟန်းဂေါတမကား ငါ၏အဆွေပေ၊ ထို့ကြောင့်ငါသည် ရဟန်းဂေါတမအား နှစ်ပါးသော ဓုရဘတ်တို့ကို လှူအပ်ကုန်၏၊ သင်တို့သည် ရဟန်းဂေါတမရောက်လာက မမေ့မလျော့ကြကုန်လင့်' ဟု ဆို၏၊ သားတို့လည်း ကောင်း၏ ဖခင်ဟု ဝန်ခံကုန်၏၊ မိုးသောက်၍ နံနက်ထအခါ၌ သဗ္ဗညုဘုရားလည်း သပိတ်သင်္ကန်းယူပြီးလျှင် သားကြီးအိမ်သို့ ဝင်တော်မူ၏၊ သားကြီးလည်းသဗ္ဗညုဘုရားကိုမြင်လျှင် လက်တော်မှသပိတ်ကိုယူ၍ အိမ်သို့သွင်းပြီးလျှင် မြတ်သောသူတို့အား ထိုက်သောပလ္လင်၌ နေစေ၍ မွန်မြတ်သော ဘောဇဉ်ကို လှူ၏၊ သဗ္ဗညုဘုရားလည်း မိုးသောက်သော နေ့၌ သားငယ် သုံးယောက်တို့ အိမ်သို့လည်း အစဉ်အတိုင်း ကြွတော်မူ၏၊ သားငယ်သုံးယောက်တို့လည်းနည်းတူပင်ပူဇော်သက္ကာရပြုကြကုန်၏၊ ထိုအခါ တနေ့သ၌ သားကြီးအိမ်တွင် မင်္ဂလာအမှုသည်ထင်၏၊ သားကြီးသည် အဖကို 'ဖခင်....မင်္ဂလာကို အဘယ်သူ့အား လှူရအံ့နည်း' ဟု မေး၏၊ အဖပုဏ္ဏားလည်း 'အိုချစ်သား ငါတို့ကား သူတပါးကို မသိကုန်၊ ရဟန်းဂေါတမသည် ငါ၏အဆွေ မဟုတ်တုံလော၊ ရဟန်းဂေါတမအား လှူ' ဟု ဆို၏၊ 'ယင်းသို့ တပြီးကား ဖခင်တို့သည် သံဃာတော်နောက်ပါ ငါရာနှင့်တကွ ရဟန်းဂေါတမကို နက်ဖြန်အလို့ငှာ ဖိတ်ပါချေ' ဟုဆို၏၊ ပုဏ္ဏားအိုလည်း သားဆိုတိုင်း ဖိတ်၏၊ သဗ္ဗညုဘုရားလည်း သည်းခံတော်မူ၍ မိုးသောက်သောနေ့၌ ရဟန်းအပေါင်း ခြံရံလျက်ထိုသူ့အိမ်တံခါးသို့ သွားတော်မူ၏၊ ထိုသူလည်း သဗ္ဗညုဘုရားသခင်ကို တန်ဆာဆင်အပ်သော အိမ်တံခါးသို့ သွင်း၍ ခင်းအပ်သော နေရာ၌ ဘုရားအမှူးရှိသော သံဃာတော်တို့ကို နေစေ၍ ရေမရောသော ပါယာသဘတ်ကိုလည်းကောင်း, ခဲဖွယ် အထူး ကိုလည်းကောင်း လှူ၏၊ ထမင်းမစားမီ

အကြား၌ ပုဏ္ဏားသား လေးယောက်တို့သည်လည်း ဘုရားသဗ္ဗညု အထံ၌ နေကုန်လျက် 'အရှင်ဂေါတမ....အကျွန်ုပ်တို့သည် ဖခင်အိုကို ရှိသေစွာ လုပ်ကျွေးပါကုန်၏၊မမေ့မလျော့ ကြပါကုန်၊အဘအို၏ အတ္တဘောကို ရှုကြည့်တော်မူပါ'ဟု လျှောက်၏၊ သဗ္ဗညုဘုရားလည်း 'ပုဏ္ဏားတို့.... သင်တို့အမှုကား ကောင်း၏၊မိခင်ဖခင်တို့အား လုပ်ကျွေးခြင်း မည်သည် ကား ရှေးပညာရှိတို့၏ အလေ့အကျက် ပင်တည်း'ဟု မိန့်တော်မူ၍ မဟာနာဂဇာတ်ကို ဟောတော်မူပြီးလျှင် သစ္စာလေးပါးတို့ကို ပြ၍တရား ဟောတော်မူ၏။

> သတ္ထာ ကလျာဏံ ဝေါ ကတံ မာတာပိတု ပေါသကံနာမ ပေါရာဏက ပဏ္ဍိတာနံ အာစိဏ္ဏမေဝါတိ ဝတွာ မဟာနာဂ ဇာတကံ နာမ ကထေတွာ စတ္တာရိ သစ္စာနိ ဒီပေတွာ ဓမ္မံ ဒေသေသိ။
>
> (သံယုတ်အဋ္ဌကထာ,ဓမ္မပဒ၌လည်း နည်းတူပင် မိန့်တော်မူ၏။)

သတ္ထာ၊ ဘုရားမြတ်စွာသည်။ ဝေါ၊ သင်တို့သည်၊ ကလျာဏံ၊ ကောင်းသော အမှုကို။ ကတံ၊ ပြုအပ်၏။ မာတာပိတု ပေါသကံနာမ၊ အမိအဖအား လုပ်ကျွေးခြင်း မည်သည်ကား။ ပေါရာဏက ပဏ္ဍိတာနံ၊ ရှေးပညာရှိတို့၏။အာစိဏ္ဏမေဝ၊ အလေ့အကျက် သာလျှင်တည်း။ဣတိ၊ ဤသို့၊ ဝတွာ'မိန့်တော်မူ၍။ မဟာနာဂဇာတကံနာမ၊ အမိကို လုပ်ကျွေး သော ဆင်ပြောင်ကြီး၏ဇာတ် မည်သည်ကို။ ကထေတွာ၊ ဟောတော်မူ၍။ စတ္တာရိသစ္စာနိ၊ လေးပါးသော သစ္စာတို့ကို။ ဒီပေတွာ၊ပြ၍။ ဓမ္မံ၊ တရား ကို။ ဒေသေသိ၊ ဟောတော်မူ၏။

ဟောတော်မူအပ်သော အဆုံး၌ ပုဏ္ဏားအိုသည် သားလေးယောက် ချွေးမလေးယောက်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုအခါ မှစ၍ သဗ္ဗညုဘုရားသည် ထိုသူတို့အိမ်သို့ မပြတ်ကြွတော်မူ၏။

ဤပုဏ္ဏားအိုသည် ဇရာတရားဖြင့် နှိပ်စက်ခြင်းကြောင့် အတိုင်းမသိ သော ကာယိကဒုက္ခ,စေတသိကဒုက္ခကို ခံစားရချေ၏၊ ဤ အိုမင်းသော သူအား ဒုက္ခနှစ်ပါးဖြင့် နှိပ်စက်သည်ကို ကြားရ,မြင်ရကုန်သော ပညာရှိ အပေါင်း သူတော်ကောင်းတို့သည် ဇရာဒုက္ခဟူသော သံဝေဂဝတ္ထု တရား၌ ကြောက်ထိတ်လန့်ခြင်း တည်းဟူသော ဉာဏသံဝေဂ တရားကို

ပွားများစေကုန်ရာ၏။ ဉာဏသံဝေဂတရား ပွားများမှုလည်း အသင့်အား ဖြင့် အားထုတ်၍ ဇရာဒုက္ခ၏ ကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်း သော အကျင့်ကို ကျင့်နိုင်မည်၊ ကျင့်မှုလည်း ဇရာဒုက္ခ၏ ကင်းရာနိဗ္ဗာန်သို့ ရောက်နိုင်မည်၊ နိဗ္ဗာန်သို့ ရောက်မှုလည်း ဇရာဒုက္ခ ကင်းမည် သူတော် ကောင်း အပေါင်းတို့၊ ဤဇရာဒုက္ခဟူသော သံဝေဂဝတ္ထုတရား၌ အမြင် အားဖြင့်ပင် သံဝေဂဉာဏ် ဖြစ်လောက်ပြီဖြစ်၍ ဝတ္ထု သက်သေ အကျယ် မပြသာပြီ။

ဇရာဒုက္ခဟူသော သံဝေဂဝတ္ထုကား
ဤတွင်ရွေ့ ပြီးပြီ။
(ဗျာဓိဒုက္ခ)

၁၃၃-သံဝေဇနီယဝတ္ထု ရှစ်ပါးအနက်
သုံးခုမြောက် ဗျာဓိဒုက္ခအရာဝယ် ဗျာဓိဒုက္ခဟူသော ပါဠိ၌
ဗျာဓိဟူသော ပုဒ်တစိတ်၏ အဓိပ္ပါယ်နှင့်တကွ
အမျိုးအမည် သရုပ်သချ်ာတို့ကိုပြရာ

ယခုအခါ ဗျာဓိဒုက္ခဟူသော သံဝေဂဝတ္ထုကို ပြပေအံ့၊ ထိုဗျာဓိကို မဟာနိဒ္ဒေသ အဋ္ဌကထာ၌....

ဗျာဓီတိ ဝိဝိဓံ ဒုက္ခံ အာဒဟတိ ဝိဒဟတီတိ ဗျာဓိ....ဟုဖွင့်၏

ဗျာဓိတိ၌ဇဒသဿ၊ဗျာဓိဟူသောပုဒ်၏။ ဝိဂ္ဂဟော၊ ဝိဂ္ဂြိုဟ်ကို။ဇဝေ၊ဤသို့။ ကာတဗ္ဗော၊ ပြုအပ်၏။ ယောအာဗာဓော၊ အကြင်အနာသည်၊ ဝိဝိဓံ၊ အထူးထူးအပြားပြားသော။ ဒုက္ခံ၊ဆင်းရဲကို။အာဒဟတိ၊ဆောင်တတ်၏။ ဝိဒဟတိ၊ စီရင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဆောင်တတ် စီရင်တတ်သော သတ္တိကြောင့်။ သောအာဗာဓော၊ ထိုအနာသည်၊ ဗျာဓိ၊ မည်၏။

ရောဂါမျိုး ၃၄-ပါး

ထိုအနာတို့ကို ဤသို့ ဟောတော်မူအပ်ကုန်၏။

စက္ခုရောဂေါ၊သောတရောဂေါ၊ ဃာနရောဂေါ၊ ဇိဝှါရောဂေါ၊ ကာယရောဂေါ၊ သီသရောဂေါ ကဏ္ဏရောဂေါ၊ မုခရောဂေါ၊ ဒန္တရောဂေါ၊ကာသော၊ သာသော၊ ပိနာသော၊ ဍာဟော၊ ဇရော

ကုစ္ဆိရောဂေါ၊ မုစ္ဆာ၊ ပက္ခန္ဒိကာ။ သူလာ၊ ဝိသူစိကာ၊ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော၊ ဒဒ္ဒု၊ ကဏ္ဍု၊ ကစ္ဆု၊ နခသာ၊ ဝိတစ္ဆိကာ၊ လောဟိတပိတ္တံ၊ မဓုမေဟော၊ အံသာ၊ ပိဠကာ၊ ဘဂန္ဒလာ၊

(အင်္ဂုတ္တိုရ်ပါဠိတော်၊ မဟာနိဒ္ဒေသ ၌လည်း နည်းတူပင် ဟောတော်မူ၏။)

စက္ခုရောဂေါ မျက်စိ၌ဖြစ်သောအနာ၊ သောတရောဂေါ နား၌ဖြစ်သော အနာ၊ ဃာနရောဂေါ နှာခေါင်း၌ ဖြစ်သော အနာ။ ဇိဝှါရောဂေါ၊ လျှာ၌ ဖြစ်သော အနာ။ ကာယရောဂေါ၊ ကိုယ်၌ ဖြစ်သော အနာ။ သီသရောဂေါ၊ ဦးခေါင်း၌ ဖြစ်သောအနာ။ ကဏ္ဏရောဂေါ၊ နားရွက်၌ ဖြစ်သောအနာ။ မုခရောဂေါ၊ ခံတွင်းပါးစပ်၌ ဖြစ်သောအနာ။ ဒန္တရောဂေါ၊ သွားတံကျင်နာ။ ကာသော၊ ချောင်းဆိုးနာ။ (ပေါင်းတဆယ်) သာသော၊ ကြို့ထိုးသောအနာ။ ပိနာသော၊ နှာခေါင်းဖူ၌ဖြစ်သောအနာ။ ဍာဟော၊ ကိုယ်တွင်းပူသောအနာ။ ဇရော၊ ဖျားနာ။ ကုစ္ဆိရောဂေါ၊ ဝမ်း၌ ဖြစ်သောအနာ။ မုစ္ဆာ၊ မူးဝေသောအနာ။ ပက္ခန္ဒိကာ၊ သွေးအန်သော အနာ။ သူလာ၊ ဝမ်းလေထိုးကျင့်သော အနာ။ ဝိသူစိကာ၊ ဝမ်းကျသော အနာ။ ကုဋ္ဌံ၊ နူနာ။ (ပေါင်းတဆယ်) ဂဏ္ဍော၊ ထွက်မြင်းနာ။ ကိလာသော၊ ပြောက်ကျားသောညှင်းအနာ။ သောသော၊ အသွေးအသား ခန်းခြောက်စေတတ်သောအနာ။ အပမာရော၊ ဘီလူးဖမ်းသော ဝက်ရူးနာ။ ဒဒ္ဒု၊ ဝဲကြီးဝဲစိုအနာ။ ကဏ္ဍု၊ ဝဲခြောက်နာ။ ကစ္ဆု၊ ပွေးနာ။ နခသာ၊ လက်သည်းတို့ဖြင့် ခြစ်မိရာ၌ဖြစ်သောအနာ။ ဝိတစ္ဆိကာ၊ လက်ဖဝါး ခြေဖဝါးကွဲသော အနာ။ လောဟိတပိတ္တံ၊ ပိုက်ကိုက်နာ။ (ပေါင်းတဆယ်) မဓုမေဟော၊ မြင်းသရိုက်နာ။ အံသာ၊ အရိယိုသောအနာ။ ပိဠကာ၊ ကိုယ်ရောင်သော အနာ။ ဘဂန္ဒလာ၊ ဘဂန္ဒြိုလ်နာ။ (ပေါင်းလေးပါး) အလုံးစုံပေါင်းသော် သုံးဆယ့်လေးပါးရှိ၏။

အကြောင်းကြောင့် ဖြစ်သော အနာမျိုး ၈-ပါး

အကြောင်းကြောင့် ဖြစ်သော အနာရှစ်ပါး ရှိသည်ကို သံယုတ် ပါဠိတော်၌ ဤသို့ဟောတော်မူ၏။

ပိတ္တသမုဋ္ဌာနာ အာဗာဓာ၊ သေမှသမုဋ္ဌာနာ အာဗာဓာ၊ ဝါတသမုဋ္ဌာနာ အာဗာဓာ၊ သန္နိပါတိကာ အာဗာဓာ၊ ဥတုပရိဏာမဇာ

အာဗာဓာ၊ဝိသမပရိဟာရဇာ အာဗာဓာ။ ဩပက္ကမိကာ အာဗာဓာ၊ ကမ္မဝိပါကဇာ အာဗာဓာ။

ပိတ္တသမုဋ္ဌာနာ၊သည်းခြေကြောင့်ဖြစ်ကုန်သော။အာဗာဓာ၊အနာတို့။ သေမှသမုဋ္ဌာနာ၊ သလိပ်ကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊အနာတို့။ ဝါတသမုဋ္ဌာနာ၊ လေကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊အနာတို့။ သန္နိပါတိကာ၊သည်းခြေ သလိပ် လေတို့ စုဝေးခြင်းကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊အနာတို့။ဥတုပရိဏာမဇာ၊ဥတုရင့်ခြင်းကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊အနာတို့။ဝိသမပရိဟာရဇာ၊ ကိုယ်ကိုမညီမညွတ် ဆောင်ခြင်းကြောင့် ဖြစ်ကုန်သော။အာဗာဓာ၊အနာတို့။ဩပက္ကမိကာ၊လုံ့လကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊အနာတို့။ ကမ္မဝိပါကဇာ၊ကံ၏အကျိုးဖြစ်ကုန်သော။ အာဗာဓာ၊အနာတို့။

သည်ကိုရည်၍ ရှေးဆရာတို့လည်း....

ပိတ္တ သေမှ၊ ဝါတ သန္နိပါတ်၊မှတ်လေတစု၊ ဥတုဝိသမ၊ပက္က ကမ္မာ၊ကျွှရှစ်ဖြာကြောင့်။ ရောဂါဥပဒ်၊ဖြစ်တို့တတ်သည်။ ကျမ်းမြွတ် ဖေါ်ပြ၊ သံယုတ်က....ဟု မိန့်ကုန်၏။

ထိုရှစ်ပါး တို့တွင် ရှေးဖြစ်သော ခုနစ်ပါးသောအကြောင်းတို့ကြောင့် ဖြစ်ကုန်သော အနာတို့ကို ဆေး,ပရိတ်တို့သည်ပယ်ခြင်းငှာ တတ်ကောင်း၏။ ကံကြောင့်ဖြစ်သော အနာကိုကား ဆေး,ပရိတ်တို့သည် ပယ်ခြင်းငှာ မတတ်နိုင်ကုန်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာ၌....

တတ္ထ ပုရိမေဟိ သတ္တဟိ ကာရဏေဟိ ဥပ္ပန္နေ သက္ကာ ပဋိဗာဟိတုံ၊ကမ္မဝိပါကဇာ ပန သဗ္ဗဘေသဇ္ဇာနိပိ သဗ္ဗပရိတ္တာနိပိ နာလံ ပဋိဃာတေတုံ ဟု မိန့်အပ်၏။

တတ္ထ၊ထိုရှစ်ပါးသော အကြောင်းကြောင့်ဖြစ်ကုန်သောအနာတို့တွင်။ ပုရိမေဟိ၊ရှေးဖြစ်ကုန်သော။ သတ္တဟိ၊ခုနစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဥပ္ပန္နေ၊ ဖြစ်ကုန်သော အနာတို့ကို။ ပဋိဗာဟိတုံ၊ ဆေး,ပရိတ်တို့ဖြင့် ပယ်ခြင်းငှာ။သက္ကာ၊တတ်ကောင်း၏။ ကမ္မဝိပါကဇာ ပန၊ကံကြောင့်ဖြစ်သော အနာကိုကား။ သဗ္ဗဘေသဇ္ဇာနိပိ၊ အလုံးစုံသော ဆေးတို့သည်လည်းကောင်း။သဗ္ဗပရိတ္တာနိပိ၊အလုံးစုံသောပရိတ်တို့သည် လည်းကောင်း၊ပဋိဃာတေတုံ၊ပယ်ခြင်းငှာ။နာလံ၊ မစွမ်းနိုင်ကုန်။

အနာမျိုး ၉၈-ပါး

အင်္ဂေဝ ကိစ္စမာတပ္ပံ, ကောဇဉာ မရဏံ သုဝေါ၊

န ဟိ နော သင်္ကရံ တေန, မဟာသေနေန မစ္စုနာ။

(ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်ပါဠိတော်)

အဇ္ဇေဝ၊ ယနေ့သာလျှင်။ အာတပ္ပံ၊ လုံ့လကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်ချိမ့်နည်း။ ဟိသစ္စံ၊ မှန်၏။ နော၊ ငါတို့အား။ မဟာသေနေန၊ များသောစစ်သည်ရှိသော။ တေန,မစ္စုနာ၊ ထိုသေမင်းနှင့်။ သင်္ကရံ၊ နေ့ရက် အချိန်မှတ်၍ ဆုံးဖြတ်ခြင်းသည်။ န၊ မရှိသည်သာတည်း။

ထိုပါဠိတော်၌ပင် မဟာသေနေနကို....

မဟာသေနေနာတိ ပဉ္စဝီသတိဘယ ဒွတ္တိံသကမ္မကရဏအဋ္ဌနဝုတိရောဂပ္ပမုခါဒိဝသေန ပုထုသေနေန ဟု တေမိ ဇာတ် အဋ္ဌကထာ၌ ဖွင့်သည်။

မဟာသေနေနာတိ၊မဟာသေနေန ဟူသည်ကား။ ပဉ္စဝီသတိ ဘယ ဒွတ္တိံသ ကမ္မကရဏ အဋ္ဌနဝုတိရောဂပ္ပမုခါဒိဝသေန၊ နှစ်ဆယ့်ငါးပါးသော ဘေး, သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, ကိုးဆယ့်ရှစ်ပါးသော အနာအမျိုးရှိသည်တို့၏ အစွမ်းဖြင့်။ ပုထုသေနေန၊ များသော စစ်သည်ရှိသော။

ဤအဋ္ဌကထာ၌ အဋ္ဌနဝုတိရောဂ၏အရ သရုပ်ကို ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ မပြ။ မဟာနိဒ္ဒေသ အဋ္ဌကထာ-

ဝိတ္တသမုဋ္ဌာနာတိ ဝိတ္တေန သမုဋ္ဌာနံ ဥပ္ပတ္တိ ဧတေသန္တိ ဝိတ္တသမုဋ္ဌာနာ၊ တေ ကိရ ဒွတ္တိံသ ဟောန္တိ၊သေမှ သမုဋ္ဌာနာဒီသုပိ ဧသေဝနယော-ဟု မိန့်၏၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ၌လည်း နည်း ဂူပင် မိန့်၏။

ဝိတ္တသမုဋ္ဌာနာတိ၊ ဝိတ္တသမုဋ္ဌာနာဟူသည်ကား။ တေသံ၊ ထိုအနာတို့အား။ ဝိတ္တေန၊သည်းခြေကြောင့်။ သမုဋ္ဌာနံ ဥပ္ပတ္တိ၊ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ထို့ကြောင့်။ ဝိတ္တသမုဋ္ဌာနာ၊ ဝိတ္တသမုဋ္ဌာန မည်ကုန်၏။တေ၊ ထိုသည်းခြေကြောင့် ဖြစ်သော အနာတို့သည်။ဒွတ္တိံသ၊ သုံးဆယ့်နှစ်ပါး

တို့သည်။ ဟောန္တိကိရ၊ ဖြင်ကုန်သတတ်။ သေမှသမုဋ္ဌာနာဒိသုပိ၊ သလိပ်ကြောင့်ဖြစ်သောအနာ အဝရှိသည်တို့ဥ္ဈသည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင် နည်းရှိ၏။

ဤသို့ ဒွတ္တိံသဟု သရုပဝန္တ သချာကိုသံဆို၍ သရုပ်သချေယျကို အဋ္ဌကထာ၌မဆို၊ ယုတ္တိအားဖြင့်ဆိုသော် အောက်က ပြဆိုအပ်ပြီးသော အနာမျိုးသုံးဆယ့်လေးပါးဘို့တွင်အပမာရနှင့်နခသာကိုနုတ်၍သုံးဆယ့်နှစ်ပါးကို ဒွတ္တိံသအရ ယူရမည်၊ ထိုသုံးဆယ့်နှစ်ပါးကို ဝိတ္ထ, သေမှ,ဝါတ သုံးပါးနှင့်မြောက်ပွား၍ ကိုးဆယ့်ခြောက်ပါးသော အနာကိုယူရမည်၊ ဤကိုးဆယ့်ခြောက်ပါးရည်၍ အချို့ဇာတ်အဋ္ဌကထာပါဠိ၌ ဆန္နဝုတိ ရောဂဟု ရှိသည်၊ များစွာသော ဇာတ်အဋ္ဌကထာပါဠိတို့၌ကားအဋ္ဌနဝုတိ ရောဂဟု ရှိသည်၊မဟာနိဒ္ဒေသအဋ္ဌကထာ၌လည်း နည်းတူပင် ရှိသည်၊ ယင်းသို့ ရှိသည့်အတိုင်း ယူမူ ကိုးဆယ့်ခြောက်ပါးတွင် ယခင်နုတ်ထားအပ်သော အပမာရနှင့် နခသာအနာနှစ်ပါးကို ထည့်၍ ကိုးဆယ့်ရှစ်ပါးဟု ယူရမည်၊ အဘယ့်ကြောင့် ထိုအနာနှစ်ပါးကို နုတ်ထားသနည်း ဟုမူကား၊—

အပမာရောတိ အမနုဿဂ္ဂါဟော ဝေရိယက္ခာဗာဓော—

ဟူသော မဟာနိဒ္ဒေသအဋ္ဌကထာ မိန့်ထားသည်နှင့်အညီ ရန်သူဘီလူးဖမ်းသော အနာဖြစ်ရကား သည်းခြေ, သလိပ်, လေ ဟူသောအကြောင်းကြောင့် ဖြစ်သည်မဆိုသာ။

နခသာတိ နခေဟိ ဝိလိခိတဋ္ဌာနေ ဥပ္ပန္နကရောဂါ·

ဟူသော ရင်းအဋ္ဌကထာ မိန့်သည်နှင့်အညီ လက်သည်းတို့ဖြင့် ခြစ်မိကုတ်မိသောအရာ၌ ဖြစ်သော အနာဖြစ်ရကား သည်းခြေ, သလိပ်, လေ ဟူသော အကြောင်းကြောင့် ဖြစ်သည်မဆိုသာ၊ လုံ့လကြောင့်သာ ဖြစ်သည်၊ ထို့ကြောင့် နုတ်ထားရသတည်း။

## ကမ္မကရဏ ၃၂-ပါး

ဒွတ္တိံသ ကမ္မကရဏအရကိုလည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ အစဉ်အတိုင်း သရုပ်သချာစေ့အောင်မဆို၊ အသင့်ယုတ္တိအားဖြင့် ဆိုပေအံ့။

တမေနံ ရာဇာနော ဂဟေတွာ ဝိဝိဓာ ကမ္မကရဏာ ကာရေန္တိ၊ ကသာဟိပိ တာဠေန္တိ၊ ဝေတ္တေဟိပိ တာဠေန္တိ၊ အဍ္ဎဒဏ္ဍကေဟိပိ

တာဠေ္ဇန္တိ၊ ဟတ္ထံပိ ဆိန္ဒန္တိ၊ ပါဒံပိဆိန္ဒန္တိ၊ ဟတ္ထပါဒံပိ ဆိန္ဒန္တိ၊ ကဏ္ဏံပိ ဆိန္ဒန္တိ၊ နာသံပိ ဆိန္ဒန္တိ၊ကဏ္ဏနာသံပိ ဆိန္ဒန္တိ၊ ဗိလင်္ဂထာလိကံပိ ကရောန္တိ၊ သင်္ခမုဏ္ဍိကံပိ ကရောန္တိ၊ ရာဟုမုခံပိ ကရောန္တိ၊ ဇောတိ မာလိကံပိ ကရောန္တိ၊ ဟတ္ထပဇ္ဇောတိကံပိ ကရောန္တိ၊ ဧရကပတ္တိကံပိ ကရောန္တိ၊ စီရကဝါသိကံပိ ကရောန္တိ၊ ဧဏေယျကံပိ ကရောန္တိ၊ ဗဠိသမံသိကံပိ ကရောန္တိ၊ ကဟာပဏကံပိ ကရောန္တိ၊ ခါရာပတစ္ဆိကံပိ ကရောန္တိ၊ ပလိဃ ပရိဝတ္တိကံပိ ကရောန္တိ၊ ပလာလပီဌကံပိ ကရောန္တိ၊ တတ္တေနပိ တေလေန ဩသိဉ္စန္တိ၊ သုနခေဟိပိ ခါဒါပေန္တိ၊ ဇီဝန္တံပိ သူလေ ဥတ္တာသေန္တိ၊ အသိနာပိ သီသံ ဆိန္ဒန္တိ။

(မဟာဒုက္ခက္ခန္ဓသုတ်၊ ပါဠိတော်၊ အင်္ဂုတ္တိုရ်၌လည်း နည်းတူပင် ဟောတော်မူ၏။)

တမေနံ၊ထိုသူ့ကို၊ ရာဇာနော၊မင်းတို့သည်။ ဂဟေတွာ၊ဖမ်း၍။ဝိဝိဓာ၊ အထူးထူးအပြားပြားကုန်သော။ ကမ္မကရဏာ၊ ညှဉ်းဆဲခြင်းအမှုတို့ကို။ ကရောန္တိ၊ ပြုစေကုန်၏။ ကသာဟိပိ၊ အဆူးရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာဠေန္တိ၊ရိုက်နှက်ကုန်၏။ ဝေတ္တေဟိပိ၊ အဆူးမရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်နှက်ကုန်၏။ အဍ္ဎဒဏ္ဍကေဟိပိ၊ လေးတောင်ထက်ဝက် နှစ်တောင် မျှလောက်သော တုတ်လုံးတံတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်နှက်ကုန်၏။ ဟတ္ထံပိ၊ လက်ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ပါဒံပိ၊ ခြေကိုလည်း။ ဆိန္ဒန္တိ၊ဖြတ်ကုန်၏။ ဟတ္ထပါဒံပိ၊ လက်ခြေကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ကဏ္ဏံပိ၊နားကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ နာသံပိ၊နှာခေါင်းကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ကဏ္ဏနာသံပိ၊ နား, နှာခေါင်းကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဗိလင်္ဂထာလိကံပိ၊ ဗိလင်္ဂထာလိက မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ (ဤကမ္မကရဏကိုကား ဦးခေါင်းခွံကိုခွာ၍ လောလောပူသော သံထွေးသံခဲကို ညှပ်ဖြင့်ကိုင်ယူ၍ ဦးနှောက်ထဲ၌ ထည့်သဖြင့် ကျိုက်ကျိုက်ဆူသော ပအိုးရည်အိုး ဖွယ် ရှိသည်ကိုပြု၍ ဖြစ်စေကုန်၏။ (ပေါင်းတဆယ်။)

သင်္ခမုဏ္ဍိကံပိ၊ သင်္ခမုဏ္ဍိက မည်သောကမ္မကရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။(ဤကမ္မကရဏကိုကား အထက်နှုတ်ခမ်း နားပန်းဆံ နောက်ဆံ တိုင်အောင် အရေကိုဖြတ်၍ ဆံပင်တို့ကို တပေါင်းတည်း လုံးတံ၌ရစ်ပတ်ပြီးလျှင် အရေနှင့်တကွ ဆုတ်ခွာ၍ကြမ်းတမ်းသော အိုးခြမ်းကျောက်စရစ်

တို့နှင့် ပွတ်တိုက်၍ ခရုဆင်းသဖွယ် ဦးခေါင်းခွံ ရှိသည်ကို ဖြစ်စေ၍ ပြုကုန်၏။)

ရာဟုမုခံဝါ၊ ရာဟုမုခမည်သောကမ္မကာရဏ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ (ဤကမ္မကာရဏကိုကား သံတံသင်းဖြင့် ခံတွင်းကိုဖွင့်၍ ခံတွင်းထဲ၌ ဆီမီးညှိထွန်းသဖြင့်လည်းကောင်း, နားပန်ဆံမှစ၍ မျက်နှာကိုဆောက်ဖြင့် ရွေ၍ ခံတွင်းပြည့်အောင် သွေးယိုစေသဖြင့်လည်းကောင်း နေကိုငုံသော ရာဟုသဖွယ်ဖြစ်စေ၍ ပြုကုန်၏။)

ဇောတိမာလိကံပိ၊ ဇောတိမာလိက မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ (ဤကမ္မကာရဏကိုကား တကိုယ်လုံးကို ဆီစိမ်သော ပုဆိုးကြမ်းဖြင့် ရစ်ပတ်၍ မီးတိုက်သဖြင့် အလျှံကို ဖြစ်စေ၍ပြုကုန်၏။)

ဟတ္ထပဇ္ဇောတိကံပိ၊ဟတ္ထပဇ္ဇောတိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ဤကမ္မကာရဏကိုကား လက်၌ဆီစိမ်သော ပုဆိုးကို ရစ်ပတ်၍ မီးညှိသဖြင့်ဆီမီးတောက်သဖွယ်ရှိသည်ကို ဖြစ်စေ၍ပြုကုန်၏။)

ဧရကပတ္တိကံပိ၊ ဧရကဗတ္တိက မည်သော ကမ္မကရဏ ကိုလည်း။ ကရောန္တိ၊ပြုကုန်၏။ (ဤကမ္မကာရဏကိုကားဧရမျိုအောက်မှစ၍ အရေလွှာကို ခွ ပြီးလျှင် ဖမျက်၌ ကျစေပြီးမှ ကြိုးဖြင့်ဖွဲ့၍ ငင်ကုန်လတ်သော် မိမိ အရေ၌ နင်း၍ လဲစေသဖြင့် ပိန်းမြက်ရွက်သဖွယ် အရေကွာခြင်းကို ဖြစ်စေ၍ ပြုကုန်၏။)

စီရကဝါသိကံပိ၊ စိရကဝါသိက မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ဤကမ္မကာရဏကိုကားလည်မှစ၍အရေကိုခွာပြီးလျှင် ဖမျက်၌ထားသဖြင့် လျှော်တေ၀တ်သဖွယ်ရှိသည်ကိုဖြစ်စေ၍ ပြုကုန်၏။)

ဧဏေယျကံပိ၊ဧဏေယျကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။(ဤကမ္မကာရဏကိုကား တတောင်နှစ်ဘက်, မြင်းခေါင်းနှစ်ဘက်တို့၌ သံခြကျင်း သံကွင်းခတ်လျှို၍သံချောင်းနှက်ပြီးသော်ထက်ဝန်းကျင် မီးထည့်၍ ဧဏီမည်သော သားကဲ့သို့ လေးဘက်တွားလျက်ရှိသည်ကိုဖြစ်စေ၍ ပြုကုန်၏။)

ဗဠိသမံသိကံ၊ ပိဗဠိသမံသိကမည်သောကမ္မကရဏကိုလည်း။ ကရောန္တိ ပြုကုန်၏။ (ဤကမ္မကရဏကိုကား နှစ်ဘက်အသွားရှိသော သံမြားချိတ်ဖြင့် ချိတ်၍ အရေအသား အကြောတို့ကိုလှီးစေသဖြင့် အရေအသားအကြောတို့ကို လျှော့စေ၍ အရိုးကျဲတဲသာ တည်စေလျက် ပြုကုန်၏။)

ကဟွာပဏ္ဏိကံပိ၊ ကဟာပဏ္ဏိက မည်သော ကမ္မကရဏ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ (ဤကမ္မကရဏကိုကား ထက်လှစွာသော ဓားမ ပဲခွပ်စသည်တို့ဖြင့်ရွေ၍ စာသပြား တသပြား မျှသော အသားတစ်ကိုကျစေ သဖြင့် ပြုကုန်၏။)

ခါရာပဋိစ္ဆကံပိ၊ ခါရာပဋိစ္ဆက မည်သော ကမ္မကရဏ ကိုလည်း။ ကရောန္တိ၊ပြုကုန်၏။ (ဤကမ္မကရဏကိုကား ထိုထိုကိုယ်အစိတ်၌ လှီးစသော လက်နက်ဖြင့် ခတ်ပြီးလျှင် ဝက်မှင်ဖီးဖြင့် အသား အရေ အကြော တို့ကို လျော့စေ၍ အရိုးကျဲတဲသာ တည်စေလျက် ပြုကုန်၏။ (ဖေါင်းနှစ်ဆယ်။)

ပလိဃ ပရိဝတ္တိကံပိ၊ ပလိဃပရိဝတ္တိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ပြုကုန်၏။ (ဤကမ္မကရဏကိုကားနံပါးတဘက်စောင်းအိပ်စေ၍ နား၌ သံတံကျင်မြေနှင့်စပ်အောင် နှက်ပြီးမှ ခြေကိုကိုင်၍ တံခါးကျည်ကို လည်စေသကဲ့သို့ ပြုကုန်၏။

ဝလာလပီဌကံပိ၊ ပလာလပီဌက မည်သော ကမ္မကရဏ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ (ဤကမ္မကရဏကိုကားအရေ အသားတို့ကိုမစုပ်မပဲ့ စေပဲ ကျောက်ဖြင့် အရိုးကို ထုပြီးသော် ဆံကိုကိုင်၍ အသားစုသာ ကျန် အောင်ခါပြီးမှ ဆံဖြင့်ရစ်ပတ်၍ ကောက်ရိုးခွေကဲ့သို့ ပြုကုန်၏။)

တတ္တေန၊ ပူစွာသော။ တေလေနပိ၊ဆီဖြင့်လည်း၊ ဩသိဉ္စန္တိ၊ လောင်း ကုန်၏။ သုနခေဟိပိ၊နှစ်ရက်သုံးရက် အစာမကျွေးသော ခွေးတို့ကိုလည်း။ ခါဒါပေန္တိ၊ စားစေကုန်၏။ ဇီဝန္တံပိ၊ အသက်ရှင်စဉ်လည်း။ သူလေ.... တံကျင်၌။ ဥတ္တာသေန္တိ၊ လျှိုကုန်၏။ အသိနာပိ၊ သန်လျက် ဖြင့်လည်း။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ (ပေါင်းခြောက်ပါး၊ အလုံးစုံ ပေါင်းသော် နှစ်ဆယ့်ခြောက်ပါး။)

ပဥ္စဝိဓဗန္ဓနံနာမ ကမ္မကရဏံ ကရောန္တိ၊ တတ္တံ အယောခိလံ ဟတ္ထေ ဂမေန္တိ၊ တတ္တံ အယောခိလံ ဒုတိယေ ဟတ္ထေ ဂမေန္တိ၊ တတ္တံ အယောခိလံ ပါဒေ ဂမေန္တိ၊ တတ္တံ အယောခိလံ ဒုတိယေ ပါဒေ ဂမေန္တိ၊ တတ္တံ အယောခိလံ မဇ္ဈေ ဥရသ္မိံ ဂမေန္တိ။

(ဒေဝဒူတ သုတ်ပါဠိတော်)

ပဉ္စဝိဓဗန္ဓနံနာမ၊ ငါးပါး အပြားရှိသော နှောင်ဖွဲ့ခြင်း မည်သော။ ကမ္မကရဏံ၊ ညှဥ်းဆဲခြင်းအမှုကို။ ကရောန္တိ၊ ပြုကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ ဟတ္ထေ၊ လက်ဝဲလက်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊သံတံသင်းကို။ ဒုတိယေ ဟတ္ထေ၊ လကျာလက်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ ပါဒေ၊ လက်ဝဲခြေ၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ပူစွာသော။အယောခိလံ၊သံတံသင်းကို။ ဒုတိယေပါဒေ၊လက်ယာခြေ၌။ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ မဇ္ဈေ ဥရသ္မိံ၊ ရင်လယ်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။

ယခင်နှစ်ဆယ့်ခြောက်ပါး၌ ဤပဉ္စဝိဓဗန္ဓနကို ထည့်သော် သုံးဆယ့်တပါးဖြစ်၏၊ငင်းသုံးဆယ့်တပါး၌ ကုဓာရီဟိ တစ္ဆန္တိ၊ဝါသီဟိတစ္ဆန္တိ.... ဟု ဒေဝဒူတသုတ်၌ ဟောတော်မူအပ်သော ဤနှစ်ပါးကို တခုတည်းပြု၍ ထည့်သော် သုံးဆယ့် နှစ်ပါးသော ကမ္မကရဏ တို့သည် ဖြစ်ကုန်၏။ ကုဓာရီဟိ၊ ဓားမတို့ဖြင့်။တစ္ဆန္တိ၊ ရွေကုန်၏။ဝါသီဟိ၊ ပဲခွပ်တို့ဖြင့်၊တစ္ဆန္တိ၊ ရွေကုန်၏။

## ဘေး ၂၅-ပါး

ပဉ္စဝီသတိဘယ·ဟူသော သရုပဝန္တသချာ၏ သရုပ်သခင်္ချာကိုလည်း အစဥ်အတိုင်း အဋ္ဌကထာ, ဋီကာတို့၌ ပေါင်း၍ ပြသောအရာမရှိ၊ မဟာနိဒ္ဒေသ, အင်္ဂုတ္တိုရ်ပါဠိတော်, မိလိန္ဒပဉှာ အစရှိသော ထိုထိုကျမ်းတို့၌ လာသောဘေးတို့ကိုပေါင်း၍ အသင့်ယုတ္တိအားဖြင့် ပြပေအံ့။

ဉာတိဗျသနံ၊ ရောဂဗျသနံ၊ ဘောဂဗျသနံ၊ သီလဗျသနံ၊ ဒိဋ္ဌိဗျသနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဝေရိဘယံ၊ ဒုဗ္ဘိက္ခဘယံ၊ အဂ္ဂိဘယံ၊ ဥဒကဘယံ၊ ဥမိဘယံ၊ အာဝဋ္ဋဘယံ၊ ကုမ္ဘိလဘယံ၊ သုသုကာဘယံ၊ အတ္တာနုဝါဒဘယံ၊ ပရာနုဝါဒဘယံ၊ ဒဏ္ဍဘယံ၊ ဒုဂ္ဂတိဘယံ၊ ပရိသသာရဇ္ဇဘယံ၊ အာဇီဝကဘယံ၊ ဇာတိဘယံ၊ ဇရာဘယံ၊ ဗျာဓိဘယံ၊ မရဏဘယံ။

ဉာတိဗျသနံ၊ ဆွေမျိုးပျက်စီးခြင်းဘေး။ ရောဂဗျသနံ၊ အနာကြောင့်ပျက်စီးခြင်းဘေး။ ဘောဂဗျသနံ၊စည်းစိမ်ပျက်စီးခြင်းဘေး။သီလဗျသနံ၊ သီလပျက်စီးခြင်းဘေး။ ဒိဋ္ဌိဗျသနံ၊ အယူပျက်စီးခြင်းဘေး။ရာဇဘယံ၊

မင်းဘေး။ စောရဘယံ၊ ခိုးသူဘေး။ ဝေရိဘယံ၊ ရန်သူဘေး။ ဒုဗ္ဘိက္ခဘယံ၊ ငတ်မွတ်သောဘေး။ အဂ္ဂိဘယံ၊ မီးဘေး။ ဥဒကဘယံ၊ ရေဘေး။ ဦမိဘယံ၊ လှိုင်းတံပိုးဘေး၊ သာဝဋ္ဋဘယံ၊ ဝဲဘေး။ ကုမ္ဘီလဘယံ၊ မိကျောင်းဘေး။ သုသုကာဘယံ၊ ငါးရဲဘေး။ အတ္တာနုဝါဒဘယံ၊ မိမိကိုယ်ကို မိမိစွပ်စွဲတတ်သောဘေး။ ပရာနုဝါဒဘယံ၊ မိမိကိုယ်ကို သူတပါး စွပ်စွဲတတ်သောဘေး။ ဒဏ္ဍဘယံ၊ ဒဏ်သင့်သောဘေး။ ဒုဂ္ဂတိဘယံ၊ အပါယ်ဘေး။ ပရိသာသာရဇ္ဇဘယံ၊ ပရိသတ်၌ ရှုံကြောက်သောဘေး။ အာဇီဝကဘယံ၊ သူတပါးကိုမှီ၍ အသက်မွေးရခြင်းဘေး။ ဇာတိဘယံ၊ ပဋိသန္ဓေနေရခြင်းဘေး။ ဇရာဘယံ၊ အိုရခြင်းဘေး။ ဗျာဓိဘယံ၊ နာရခြင်းဘေး။ မရဏဘယံ၊ သေရခြင်းဘေး။ (ပေါင်း နှစ်ဆယ့်ငါးပါး။)

သည်မှတပါး ပရိတ်ကြီး၌ ရာဇတော ဝါ စသည်ဖြင့် ဝါကျပြု၍ ပြအပ်သော ဘေးတဆယ့်လေးပါး၊ စက္ခုဟတ္ထိ စသည်ဖြင့် သမာသ်ပြု၍ ပြအပ်သောဘေးတဆယ့်လေးပါး၊ ပေါင်းနှစ်ဆယ့်ရှစ်ပါးတို့တွင်အဂဟိတဂ္ဂဟဏနည်း, ပါရိသေသနည်း အားဖြင့် စက္ခုမဏိသပ္ပ ဘေးကို စက္ခုအဟိ ဘေး၌ သင်္ဂြိုဟ်၍ စက္ခုယက္ခဘေး, စက္ခုရက္ခသ ဘေးနှစ်ပါးကို အမနုဿဘေး၌ သင်္ဂြိုဟ်၍ ကြွင်း နှစ်ဆယ့်ငါးပါးကို ပဋ္ဌဝိသတိဘယအရ ယူရမည်။

ရာဇဘယံ၊ မင်းဘေး။ စောရဘယံ၊ သူခိုးဘေး။ မနုဿဘယံ၊ လူ့ဘေး။ အမနုဿဘယံ၊ နတ်ဘီလူးဘေး။ အဂ္ဂိဘယံ၊ မီးဘေး။ ဥဒကဘယံ၊ ရေဘေး။ ပိသာစဘယံ၊ တစ္ဆေမြေဘုတ်ဘေး။ ခါဏုကဘယံ၊ သစ်ငုတ်ခလုတ်ဘေး။ ကဏ္ဋကဘယံ၊ ဆူးငြောင့်ဘေး။ နက္ခတ္တဘယံ၊ မကောင်းသော နက္ခတ်ဘေး။ ဇနပဒရောဂဘယံ၊ ဇနပုဒ်၌ ဖြစ်သော အနာရောဂါဘေး။ အသဒ္ဓမ္မဘယံ၊ မသူတော်တရားဘေး။ အသန္ဒိဋ္ဌိဘယံ၊ အမြင်မှားသောဘေး။ အသပ္ပုရိသဘယံ၊ သူတော်မဟုတ် သူယုတ်ဘေး။ စက္ခုဟတ္ထိဘယံ၊ ဆင်ကြမ်းဘေး။ စက္ခုအဿဘယံ၊ မြင်းကြမ်းဘေး။ စက္ခုမိဂဘယံ၊ ကြမ်းသောသားရဲဘေး။ စက္ခုဂေါဏဘယံ၊ နွားကြမ်းဘေး။ စက္ခုကုက္ကုရဘယံ၊ ခွေးကြမ်းဘေး။ စက္ခုအဟိဘယံ၊ မြွေကြမ်းဘေး။ စက္ခုဝိစ္ဆိကဘယံ၊ ကင်းပုဇွန်ကြမ်းဘေး။ စက္ခုဒီပိဘယံ၊ သစ်ကြမ်းဘေး။ စက္ခုအစ္ဆဘယံ၊ ဝံကြမ်းဘေး။ စက္ခုတရစ္ဆဘယံ၊ အောင်းကြမ်းဘေး။ စက္ခုသူကရဘယံ၊ ဝက်ကြမ်းဘေး။ စက္ခုမဟိံသဘယံ၊ ကျွဲကြမ်းဘေး။ (ပေါင်း နှစ်ဆယ့်ငါးပါး။)

ဥပဒ္ဒဝေါ ၁၆-ပါး

သောဠသဉပဒ္ဒဝေါ၏ အရ ဥပဒ္ဒဝေါ တဆယ့်ခြောက်ပါး ဟူသော် ကားး....

ကတမာနိ စတ္တာရိဘယာနိ၊ ဇာတိဘယံ၊ ဇရာဘယံ၊ ဗျာဓိဘယံ၊ မရဏဘယံ၊ ဣမာနိ စတ္တာရိ ဘယာနိ၊

ကတမာနိ အပရာနိပိ စတ္တာရိ ဘယာနိ၊ ရာဇဘယံ၊ စောရဘယံ၊ အဂ္ဂိဘယံ၊ ဥဒကဘယံ၊ ဣမာနိ စတ္တာရိ ဘယာနိ၊

ကတမာနိ အပရာနိပိ စတ္တာရိ ဘယာနိ၊ ဦမိဘယံ၊ ကုမ္ဘိလဘယံ၊ အာဝဋ္ဋဘယံ၊ သုသုကာဘယံ၊ ဣမာနိ စတ္တာရိ ဘယာနိ။

ကတမာနိ အပရာနိပိ စတ္တာရိ ဘယာနိ၊ အတ္တာနုဝါဒ ဘယံ၊ ပရာနုဝါဒဘယံ၊ ဒဏ္ဍဘယံ၊ ဒုဂ္ဂတိဘယံ၊ ဣမာနိ စတ္တာရိ ဘယာနိ။

(ခုဒ္ဒကဝတ္ထုဝိဘင်းပါဠိတော်)

အနက်ကား အောက်က ဆိုအပ်ပြီးသော နည်းကိုမှီ၍ သိသာပြီ၊ ဤစတုက္ကလေးပါးကို ပေါင်း၍ တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါဟု ဆိုသည်။

ဣမေဟိ စတူဟိ စတုက္ကေဟိ သောဠသ မဟာ ဘယာနိ နံမ ကထိတာနိ။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ဣမေဟိ စတူဟိ စတုက္ကေဟိ၊ ဤလေးပါးသော စတုက္ကတို့ဖြင့်။ သောဠသ မဟာဘယာနိနာမ၊ တဆယ့်ခြောက်ပါးသော ဘေးကြီးမည်သည်တို့ကို။ ကထိတာနိ၊ ဆိုအပ်ကုန်၏။

ဘယနှင့် ဥပဒ္ဒဝကား ပရိယာယ်ဖြစ်၍ ဥပဒ္ဒဝကို ဘယဟု ဟောတော်မူသည်၊ ဤနည်းဖြင့် သောဠသ ဥပဒ္ဒဝ၏ အရသည် ပဋ္ဌိသတိ အရ၏ အတွင်း၌ ဝင်သည်။

တနည်း- ဥပဒ္ဒဝေါ ၁၆-ပါး

ပရိဘာသတိ၊ အန္ဓုဗန္ဓနေနဝါ ဗန္ဓာပေယိ၊ ရဇ္ဇုဗန္ဓနေနဝါ ဗန္ဓာပေယိ၊ သင်္ခလိက ဗန္ဓနေနဝါ ဗန္ဓာပေယိ၊ ဝေတ္တဗန္ဓနေနဝါ ဗန္ဓာပေယိ၊ လတာဗန္ဓနေနဝါ ဗန္ဓာပေယိ၊ ပက္ခေပ ဗန္ဓနေနဝါ ဗန္ဓာပေယိ၊ ပရိခါဗန္ဓနေနဝါ ဗန္ဓာပေယိ၊ စါမဗန္ဓနေနဝါ ဗန္ဓာပေယိ၊ နိဂမဗန္ဓနေနဝါ ဗန္ဓာပေယိ၊ နဂရဗန္ဓနေနဝါ ဗန္ဓာပေယိ၊

ရဋ္ဌပန္ခနေနဝါ ပန္ခါပေယိ၊ ဇနပဒပန္ခနေနဝါ ပန္ခါပေယိ၊ သဝစနီယမ္ပိ ကရောန္တိ၊ တဿ ဓနံ သတံဝါ သဟဿံဝါ သတသဟဿံဝါ ဟာရာပေယိ၊ တမ္ပစ္စယာပိ ဒုက္ခဒေါမနဿံ ပဋိသံဝေဒေယိ။

(မဟာနိဒ္ဒေသ ပါဠိတော်)

ပရိဘာသတိ၊ ရေရှုတ်၏။ အန္ဒုပန္ခနေနဝါ ထိတ်ပင်းတံခါးအနှောင်အဖွဲ့ဖြင့် မူလည်း။ ပန္ခါပေယိ၊ နှောင်ဖွဲ့စေ၏။ ရဇ္ဇုပန္ခနေနဝါ၊ ကြိုးနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ခါပေယိ၊ နှောင်ဖွဲ့စေ၏။ သင်္ခလိက ပန္ခနေနဝါ၊ သံခြေကျင်း အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ခါပေယိ၊ နှောင်ဖွဲ့စေ၏။ ဝေတ္တပန္ခနေနဝါ၊ ကြိမ် အနှောင်အဖွဲ့မူလည်း။ ပန္ခါပေယိ၊ ၏။ လတာပန္ခနေနဝါ၊ နွယ်အနှောင်အဖွဲ့ဖြင့်မူလည်း ပန္ခါပေယိ၊ ၏။ ပက္ခေပ ပန္ခနေနဝါ၊ တိုက်တွင်းလှောင်၍နှောင်ဖွဲ့ခြင်းဖြင့်မူလည်း။ ပန္ခါပေယိ၊ ၏။ ပရိခါပန္ခနေဝါ၊ ကျုံးအနှောင်အဖွဲ့ဖြင့် မူလည်း။ ပန္ခါပေယိ၊ ၏။ ဂါမပန္ခနေနဝါ၊ ရွာအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ခါပေယိ၊ ၏။ နိဂမပန္ခနေနဝါ၊ နိဂုံးအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ခါပေယိ၊ ၏။ နဂရပန္ခနေနဝါ၊ မြို့အနှောင်အဖွဲ့ဖြင့် မူလည်း။ ပန္ခါပေယိ၊ ၏။ ရဋ္ဌပန္ခနေနဝါ၊ တိုင်းအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ခါပေယိ၊ ၏။ ဇနပဒ ပန္ခါနေနဝါ၊ ဇနပုဒ် အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ခါပေယိ၊ ၏။ သဝစနီယမ္ပိ၊ သင့်အားပြုဖွယ်ရှိ၏အရပ်တပါးသို့တဖဝါးမျှ မသွားမရွေ့လင့်ဟု ဆိုခြင်းရှိသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ တဿ၊ ထိုသူ၏။ ဓနံ၊ ဥစ္စာကို။ သတံဝါ၊ အရာကိုလည်းကောင်း။ သဟဿံဝါ၊ အထောင်ကိုလည်းကောင်း။ သတသဟဿံဝါ၊ အသိန်းကိုလည်းကောင်း။ ဟာရာပေယိ၊ ဆောင်စေ၏။ တပ္ပစ္စယာပိ၊ ထိုရေရွတ်ခြင်းစသောအကြောင်းကြောင့်လည်း။ ဒုက္ခဒေါမနဿံ၊ ဆင်းရဲခြင်း နှလုံးမသာခြင်းကို။ ပဋိသံဝေဒေယိ၊ ခံစားရ၏။

(ဤနည်းကား ပဉ္စဝိသတိဘယ၏ အရနှင့်မှရောမယှက်သက်သက်တည်း။)

ဒုက္ခ ၁၀-ပါး

ဒသဒုက္ခ၏ အချက်ကို အောက် ဆောသက ဝတ္ထုနှင့် ပြခဲ့ပြီ။ ဤ၌လည်း ပြဦးအံ့။

ယော ဒဏ္ဍေန အဒဏ္ဍေသု, အပ္ပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္န မညတရံ ဌာနံ, ခိပ္ပမေဝ နိဂစ္ဆတိ။

ဝေဒနံ ဖရုသံ ဇာနိံ, သရီရဿစ ဘေဒနံ၊
ဂရုကံဝါပိ အာဗာဓံ၊ စိတ္တက္ခေပဥ္စ ပါပုဏေ။
ရာဇတောဝါ ဥပဿဂ္ဂံ, အဗ္ဘက္ခာနဉ္စ ဒါရုဏံ၊
ပရိက္ခယဉ္စ ဉာတီနံ, ဘောဂါနဉ္စ ပဘင်္ဂုနံ။
အထဝဿ အဂါရာနိ, အဂ္ဂိ ဍယှတိ ပါဝကော၊
ကာယဿ ဘေဒါ ဒုပ္ပညော, နိရယံ သော ပပဇ္ဇတိ။
(ဓမ္မပဒပါဠိတော်)

ယော၊ အကြင်သူသည်။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ ဒဏ်မထိုက်ကုန်သော။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန်သော သူတို့၌။ ဒုဿတိ ပြစ်မှား၏။ သော၊ ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးကုန်သော ဒဏ်တို့တွင်။ အညတရံ၊အမှတ်မရှိသော။ ဌာနံ၊ ဒဏ်ဟူသော အကြောင်းသို့။ ခိပ္ပမေဝ၊ လျင်မြန်စွာလျှင်။ နိဂစ္ဆတိ၊ ရောက်၏။ ဇာနိံ၊ အသွေးအသားကို ဆုတ်ယုတ်စေတတ်သော။ဖရုသံ ကြမ်းကြုတ်သော။ဝေဒနဉ္စ၊ဆင်းရဲဝေဒနာကိုလည်းကောင်း။ သရီရဿ၊ ခန္ဓာကိုယ်၏။ ဘေဒနဉ္စ၊ ပျက်ခြင်းသို့လည်းကောင်း။ ဂရုကံ၊ သည်းမခံနိုင်အောင်လေးသော။ အာဗာဓံပိ၊ အနာသို့လည်းကောင်း။ စိတ္တက္ခေပဉ္စ၊ စိတ်ပျံ့လွင့်ခြင်းသို့လည်းကောင်း။ ပါပုဏေ၊ရောက်ရာ၏။ ရာဇတောဝါ၊ မင်းမှ မူလည်း။ ဥပဿဂ္ဂဉ္စ၊ ဘေးရန်သို့လည်းကောင်း။ ဒါရုဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနဉ္စ၊ စွပ်စွဲခြင်းသို့ လည်းကောင်း။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိက္ခယဉ္စ၊ ကုန်ခြင်းသို့ လည်းကောင်း။ ဘောဂါနံ၊ စည်းစိမ်တို့၏။ ပဘင်္ဂုနဉ္စ၊ ပျက်စီးခြင်းသို့ လည်းကောင်း။ ပါပုဏေ၊ ရောက်ရာ၏။ အထ။ ထိုမှတပါး။ အဿ၊ ထိုမပြစ်မှားအပ်သောသူကို ပြစ်မှားသော သူ၏။ အဂါရာနိ၊ အိမ်တို့ကို။ ပါဝကော၊ ပါဝကဟု ဆိုအပ်သော။ အဂ္ဂိ၊ မီးသည်။ ဍယှတိ၊ လောင်၏။ ကာယဿ၊ ဥပါဒိန္နကခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှနောက်၌။ ဒုပ္ပညော၊ ပညာမဲ့သော။ သော၊ ထိုမပြစ်မှား အပ်သောသူကို ပြစ်မှားသောသူသည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ဒသ၏သရုပ်ကား....ဒုတိယ ဂါထာ၌ လေးပါဒ အရေအတွက် အားဖြင့် လေးပါး, တတိယဂါထာ၌လည်း လေးပါဒ အရေအတွက်အားဖြင့် လေးပါး, စတုတ္ထ ဂါထာ၌ ပုဗ္ဗဒ္ဓ အပရဒ္ဓ အရေအတွက်အားဖြင့် နှစ်ပါး ပေါင်း ဆယ်ပါး။

အချို့ဓမ္မဗဒ နိဿယဥ္စဇာနိ၏အရကို 'ဥစ္စာစည်းစိမ်၏ဆုံးရှုံးခြင်း'ဟု အနက် သမ္ဖွင့်၍ အသီးအခြားတပါး ယူပြီးလျှင်နိရယံ သောပပဇ္ဇတိ၏အရကို 'ဤပစ္စုပ္ပန်ဘဝကို မမှီသောကြောင့် အသီးအခြားမယူရ'ဟု မှာဆိုကုန်၏၊ ဇာနိ၏အရကို ဥစ္စာစည်းစိမ်၏ဆုံးရှုံးခြင်းဟု သမ္မန်သောအနက်သည် ဘောဂ နဋ္ဌ ပဘင်္ဂုန်၏အရနှင့်မထူးသောကြောင့်ထိုနိဿယဆရာတို့ စကားကို ဆင်ခြင်အပ်၏။

ဒေါသ ၈-ပါး

အဋ္ဌခေါ ဂါမဏိဟေတူအဋ္ဌ ပစ္စယာ ကုလာနံဥပဃာတာယ၊ ရာဇတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ စောရတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ အဂ္ဂိတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ ဥဒကတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ နိဟိတံ ဝါ ဌာနာ ဝိဂစ္ဆတိ၊ ဒုပ္ပယုတ္တာ ဝါ ကမ္မန္တာ ဘိဇ္ဇန္တိ၊ ကုလေ ဝါ ကုလင်္ဂါရော ဥပ္ပဇ္ဇတိ၊ ယော တေ ဘောဂေ ဝိကိရတိ ဝိဓမတိ ဝိဓံသေတိ၊ အနိစ္စတာယေဝ အဋ္ဌမီ၊ ဣမေ ခေါ ဂါမဏိ အဋ္ဌဟေတူ အဋ္ဌပစ္စယာ ကုလာနံ ဥပဃာတာယ။

(ဂါမဏိသံယုတ် ပါဠိတော်)

ဂါမဏိ၊ အသိဗန္ဓကပုတ္တမည်သောသူ၏ သားဖြစ်သော ဂါမဏိ၊ ကုလာနံ၊ အမျိုးတို့၏။ ဥပဃာတာယ၊ပျက်စီးခြင်း၏။ ဟေတူ၊ အကြောင်းတို့သည်။ အဋ္ဌခေါ၊ ရှစ်ပါးတို့တည်း။ပစ္စယာ၊အထောက်အပံ့တို့သည်။အဋ္ဌ၊ရှစ်ပါးတို့တည်း။ ရာဇတော ဝါ၊ မင်းကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စောရတော ဝါ၊ ခိုးသူကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ကုန်၏။ အဂ္ဂိတော ဝါ၊ မီးကြောင့်လည်း။ ကုလာနိ၊ တို့သည်။ ဥပဃာတံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ဥဒကတော ဝါ၊ ရေကြောင့်လည်း။ ကုလာနိ၊ တို့သည်။ ဥပဃာတံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ နိဟိတံ ဝါ၊ မြှုပ်ထားအပ်သော ဥစ္စာသည်လည်း။ ဌာနာ၊ ထားရာအရပ်မှ။ ဝိဂစ္ဆတိ၊ အရပ်တပါးသို့ ရွေ့ရှားပြောင်းသွား၏။ ဒုပ္ပယုတ္တာ၊ မကောင်းသဖြင့် ယှဉ်အပ်ကုန်သည်ဖြစ်၍။ ကမ္မန္တာ ဝါ၊ အမှုကြီးငယ်တို့သည်လည်း။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ယော၊ အကြင်အမျိုးတို့အား နှောင့်ယှက်ခြင်းကို ပြုတတ်သောသူသည် တေ၊ ထိုအမျိုးတို့၏။ ဘောဂေ၊ စည်းစိမ်တို့ကို။ ဝိကိရတိ၊ ဖရိုဖရဲကြဲ၏၊

ဝိဓမသိ၊ မှုတ်လှင့်၏။ ဝိဓံသေတိ၊ ဖျက်ဆီး၏။ သောကုလသက်ရော၊ ထိုအမျိုးတို့အားနှောင့်ယှက်ခြင်းကိုပြုတတ်သောသူသည်။ကုလေ၊အမျိုး၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အနိစ္စတာယော၊ အမြဲမရှိသော အဖြစ်သည် သာလျှင်။ အဋ္ဌမီ၊ ရှစ်ခုမြောက်တည်း။ ဂါမဏီ၊ ဂါမဏိ။ ကုလာနံ၊ အမျိုးတို့၏။ ဥပဃာတတာယ၊ ပျက်စီးခြင်း၏။ဟေတူ၊အကြောင်းတို့သည်။ဣမေခေါအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ပစ္စယာ၊ အထောက်အပံ့တို့သည်။ ဣမေခေါအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

ဤကား သာသနာတော် ကျမ်းဂန်၌လာသော အဋ္ဌဒေါသ၏ သရုပ်တည်း။

တနည်း ဒေါသ ၈-ပါး

လောကီကျမ်းဂန်တို့၌ကား....

ပထဝီ သံသုမာရော စ, ယက္ခော နာဝါ စ အသနိ၊

ဗျဂ္ဃေါလောဟိတုမ္မတ္တကော, အဋ္ဌ ခေါသာ ဣမေ မတာ။

ဟူသော ဂါထာဖြင့် အဋ္ဌဒေါသ၏ သရုပ်ကို ဆိုကုန်၏။

ပထဝီ၊ မြေမျိုခြင်းလည်းကောင်း။ သံသုမာရော စ၊ မိကျောင်းခဲခြင်းလည်းကောင်း။ ယက္ခော၊ ဘီလူးဖမ်းခြင်းလည်းကောင်း။ နာဝါ စ၊ လှေနစ်ခြင်းလည်းကောင်း။အသနိ၊မိုးကြိုးလောင်းမီးကျခြင်းလည်းကောင်း။ ဥမ္မတ္တကော၊ ရူးသွပ်ခြင်းလည်းကောင်း။ ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့ကို။ ဒေါသာ၊ အပြစ်တို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။

ဤသို့ဆိုအပ်ပြီးသော အဋ္ဌနဝုတိရောဂ စသည်တို့သည် အထူးထူး အပြားပြား များစွာသော ဒုက္ခကို ဆောင်တတ် စီရင်တတ် သောကြောင့် ဗျာဓိ မည်ကုန်၏။

---

၁၃၄-ဗျာဓိဒုက္ခ ဟူသောပါဠိ၌ ဗျာဓိဟူသည် ကာယိကဒုက္ခ စေတသိကဒုက္ခတို့၏ တည်ရာဖြစ်သည်ကို ပြရာ

ထိုဗျာဓိသည် မိမိကား ဒုက္ခမဟုတ်၊ စင်စစ်သော်ကား များစွာသော ဒုက္ခတို့၏ တည်ရာ အကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် 'ဗျာဓိယော ဒုက္ခံ အနေကေသံ ဒုက္ခာနံ ဝတ္ထုဘာဝတော ဗျာဓိဒုက္ခ' ဟူသော ဝစနတ္ထနှင့်အညီ ဗျာဓိဒုက္ခမည်၏။

ဗျာဓိယေဝ၊ အနာသည်သာလျှင်။ အနေကေသံ၊ များစွာကုန်သော။ ဒုက္ခာနံ၊ ဒုက္ခတို့၏။ ဝတ္ထုတ္တာ၊ တည်ရာ အကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗျာဓိဒုက္ခံ၊ ဗျာဓိ ဒုက္ခမည်၏။

အဘယ်ဒုက္ခတို့၏ တည်ရာအကြောင်းဖြစ်သနည်း ဟူမူကား ကာယိက ဒုက္ခ, စေတသိကဒုက္ခတို့၏ တည်ရာအကြောင်း ဖြစ်သည်ဟူပေ။

---

## ၁၃၅-ဗျာဓိဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ဗျာဓိတံရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ, စေတသိကဒုက္ခ နှစ်ပါးကို ခံစားရသော မထေရ် ဝတ္ထု

ဗျာဓိဒုက္ခကို ခံစားရသောသူတို့၏ ဝတ္ထုသက်သေကို အမြွက်အားဖြင့် ပြပေအံ့၊ သိန်းခိုကျွန်း စိတ္တလတောင် ကျောင်း၌ မထေရ် တပါးသည် အနာရောဂါဖြစ်၍ မချမ်းသာသောကာလ ဗလဝ ဝေဒနာဖြင့် ညည်းတွား လျက် ထိုမှဤမှ လူးလည်း၏၊ ယင်းသို့ လူးလည်းညည်းတွားသောမထေရ် ကို ဗဋ္ဋင်းငယ် တယောက်သည် "အရှင်ဘုရား........အဘယ် အရပ်တွင် နာကျင်သနည်း" ဟု လျှောက်ထား၏၊ မထေရ်လည်း "ငါ့ရှင်....နာကျင် သော်အရပ်ဌာနကား အသီးအခြားမရှိ၊ ဝိတ္ထုကို အာရုံပြု၍ ဝေဒနာသည် သာ ခံစား၏" ဟု မိန့်တော်မူလျှင် "အရှင်ဘုရား....ဤသို့ သိတော်မူသော ကာလမှစ၍ ဒုက္ခဝေဒနာကို သည်းခံခြင်းငှာ တတ်ကောင်းပါသည်မဟုတ် လော" ဟု လျှောက်၏၊ "ငါ့ရှင်....ငါကစ၊ သည်းခံ၏" ဟု မိန့်ဆိုလျှင် "အရှင်ဘုရား....သည်းခံခြင်းကား မြတ်၏" ဟု ဆိုသော် မထေရ်လည်း ဆိတ်ဆိတ်သည်းခံ၍ နေ၏၊ မထေရ်၏ လေသည် နှလုံးသား တိုင်အောင် ဖြတ်ခဲ့လေ၏၊ ညောင်စောင်း၌ အအူတို့သည် အစုံပြုအပ်သည် ဖြစ်ကုန်၏၊ မထေရ်လည်း "ငါ့ရှင်....ဤမျှသည်းခံခြင်းကား သင့်ပြီလော" ဟုဗဋ္ဋင်းငယ် အား ပြတော်မူ၏၊ ပဋ္ဋင်းငယ်လည်း ဆိတ်ဆိတ်နေ၏၊ မထေရ်သည် ဝီရိယ နှင့် သမာဓိကို အမျှယှဉ်စေ၍ ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ သမသီသီရဟန္တာ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုလေ၏။

ထေရော ဝီရိယသမာဓိံ ယောဇေတွာ သဟ ပဋိသမ္ဘိဒါဟိ
အရဟတ္တံ ပါပုဏိတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ။
(ဝိဘင်း အဋ္ဌကထာ)

ထေရော၊ မထေရ်သည်။ ဝိရိယသမာဓိ၊ ဝိရိယသမာဓိကို။ ယောဇေတွာ၊ ယှဉ်စေ၍။ ပဋိသမ္ဘိဒါ ပတ္တော၊ ပဋိသမ္ဘိဒါတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ ဖိုလ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သမသီသီ၊ သမသီသိ ရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုလေ၏။

ဤမထေရ်ကား ဗျာဓိဟူသော အကြောင်းကြောင့် အတိုင်းမသိသော ကာယိကဒုက္ခ, စေတသိကဒုက္ခကို ခံစားရချေ၏၊ ဗျာဓိမကင်းသူဟူသမျှ အပေါင်းသည် ဤမထေရ်ကဲ့သို့လည်းကောင်း၊ ဤမထေရ်အောက် ယုတ်၍ လည်းကောင်း၊ ဤမထေရ်ထက် သာ၍လည်းကောင်း၊ ဒုက္ခနှစ်ပါးကို ခံစားရမည့် သူချည်းဖြစ်သည်၊ သံသရာဝဋ်၌ ကျင်လည်သွားလာရသော သတ္တဝါဟူသမျှသည် ဗျာဓိမှ မကင်းလွတ်နိုင်၊ ဗျာဓိမရှိရာနိဗ္ဗာန်သို့ ရောက်မှသာ ဗျာဓိမှကင်းလွတ်နိုင်ကြမည်၊ ထို့ကြောင့် ဗျာဓိမရှိရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဗျာဓိဒုက္ခဟူသော သံဝေဂဝတ္ထုတရားကား အလွန်ကြောက်ကောင်းဖွယ်တကားဟု ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေသောအားဖြင့် ဉာဏသံဝေဂတရားကို ပွားများစေအပ်၏။

ဤတွင် သိန်းခို ဟူသော စကား၌ သီဟင္ဃ=ဟူသော မာဂဓဘာသာကို သီဟိုင်္ဃဟု မြန်မာဘာသာပြန်၍ ဟ-အက္ခရာနှင့် ရေးသည်၊ မိဟတိ သိဥ္စတိတိ မေဃော........ဟု ဝစနတ္ထပြု၍ မိဟ သေစနေဟု ဓာတ်ကျမ်းတို့၌ ဓာတ်နက် လှစ်သည်နှင့်အညီ မိဟ ဓာတ်၏ သိဥ္စနအနက်ဖြစ်၍ မေဟောဟု ဆိုလိုလျက် "ဟ"ကို စတုတ္ထက္ခရာ "ဃ"ပြု၍ မေဃော ဟု ဆိုဘိသကဲ့သို့, ပဥ္စမံ လဃု သဗ္ဗတ္ထ-ဟူသော ပါဠိ၌ လဟု-ဟု ဆိုလိုလျက် "ဟ"ကို စတုတ္ထက္ခရာ "ဃ"ပြု၍ လ ဃု-ဟုဆိုသကဲ့သို့ အဏိမာလာဃိမာ-ဟူသောပါဠိ၌ လဟိမာ-ဟု ဆိုလိုလျက် "ဟ" ကို စတုတ္ထက္ခရာ "ဃ"ပြု၍ လဃိမာဟု ဆိုသကဲ့သို့ ဤ၌လည်း သီဟင်္ဃ-ဟူသော မာဂဓဘာသာ၌ "ဟ"ကို စတုတ္ထက္ခရာ "ဃ"ပြု၍ ရှေး၌နိဂ္ဂဟိတ်လာသော သီဃင်္ဃလည်း မာဂဓဘာသာပင် ဖြစ်သည်၊ ထိုသီဃင်္ဃ ဟူသော မာဂဓဘာသာကို သိန်းဃိုင်္ဃဟု မြန်မာဘာသာ ပြန်၍ စတုတ္ထက္ခရာ "ဃ"နှင့် ရေးသည်၊ ယင်းသို့ရေးလျှင် "ပြန်ရောက် သိန်းခို၊ ကျေးဇူးဟိုသည်၊ ပုဂ္ဂိုလ်မည်သီး"....ဟူသော လင်္ကာ၌

ပထမပိုဒ်နှင့်တတိယပိုဒ်သည် အသံမထပ်ပြီလော ဟူငြားအံ့၊ထပ်၏၊
ထပ်သော်လည်း အက္ခရာကွဲသောကြောင့် အပြစ်မရှိ။

"ဗယ်ဝေ့ညဲ့ဇကူး၊ပုံမထူးသည်တန်ခူးလေပြည်သာတော့၏"
ဟူသော လင်္ကာကဲ့သို့ လည်းကောင်း၊ "စစ်အင်များဗိုလ်၊မြို့ရှေ့
သို့ကို၊ ဖြိုကြအုံညီ၊" ဟူသော လင်္ကာကဲ့သို့ လည်းကောင်းတည်း။

ဤလင်္ကာတို့တွင် ပထမလင်္ကာ၌ ပထမပိုဒ်နှင့် တတိယပိုဒ်သည်
အသံတူသော်လည်း ပထမပိုဒ်မှာ ပထမအက္ခရာ၊ တတိယ ပိုဒ်မှာ
ဒုတိယအက္ခရာ ဖြစ်၍ အပြစ်မရှိ၊ ဒုတိယလင်္ကာ၌ ပထမပိုဒ်မှာ
တတိယအက္ခရာ၊ဒုတိယပိုဒ်မှာ စတုတ္ထက္ခရာဖြစ်၍အပြစ်မရှိ၊ ယခင်
လင်္ကာ၌ ကာရန်သုံးချက်တွင် ပထမပိုဒ်၌"ဟ" အက္ခရာ မှတ်မည်
စိုး၍ ဒုတိယပိုဒ်ကို မိန့်သည်၊ ပထမပိုဒ်၌ပင်"ဂ" ငယ်အက္ခရာ မှတ်
မည်စိုးပြန်သောကြောင့် တတိယပိုဒ်ကို မိန့်သည်၊ အချို့လင်္ကာ၌
ကား....

ပြန်ရောက်သီဟိုဠ်၊ ကျေးဇူးပိုသည်၊ ပုဂ္ဂိုလ်မည်သီး....ဟုမရော
မယှက် သံသာလျက်ပင်ရှိသည်၊ ရှေးဆရာတို့ကားသိခ်လဟု သီဟိုဠ်
ဘာသာ ရှိသောကြောင့် "ခ"ခွေးနှင့် ရေးရမည်ဟု မိန့်ကုန်၏၊
အကယ်၍ သိခ်လ=ဟု သီဟိုဠ် ဘာသာ ရှိငြားအံ့၊ သင့်တန်စေ၊
သိခ်လ ဟု သီဟိုဠ် ဘာသာမရှိမူ ဥပဒေသ ရအောင် ကိုးကား၍
ဆိုသော စကားသာ မှတ်ရမည်၊ သီဟော ဟူသောပုဒ်၌ ဟ-၏
ဃ-ပြန်သည်၏အဖြစ်ကို သိစေခြင်းငှာ အဋ္ဌကထာကြီးတို့၌ သီဃ
ဇဝနတော=ဟူသော ဝိဂ္ဂိုဟ်ပြပါဠိကို မိန့်ကြကုန်သည်၊ဤပါဠိဖြင့်
သီဃံ ယဿ အတ္ထီတိ သီဟော-ဟူသော ဝစနတ္ထကို ပြသည်။

ယဿ၊ အကြင်သတ္တဝါအား၊ သီဃံ၊ လျင်မြန်သော အဟုန်သည်။
အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောသတ္တော၊ ထိုသတ္တဝါသည်။
သီဟော၊ သီဟမည်၏။

သီဟောဟူသော နိပ္ဖန္နပုဒ်၌ ဟ-သည်ပင်ဃ-ပြန်၍ ဝါကျ သီဃ
ဟု ရှိသည်၊ ဝါကျ၌ ဃကို ဟ ပြန်၍ နိပ္ဖန္နသီဟဟု ပြီးစေရမည်။
သံဝေဂ၏ အရာမယုတ်သော်လည်း စကားစပ်၌ ဆိုအပ်သောအရာ
ဖြစ်သောကြောင့် သုတမယဉာဏ် ပွားစေခြင်းငှာ ဤစကားကို ဆိုလိုက်
သည်။

## ၁၃၆-မျာခိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှစ်ပါးကို ခံစားရသော ဗာရာဏသီမင်း ဝတ္ထု။

အမှတ်မရှိသော ဗာရာဏသီမင်း တယောက်အား ကြီးစွာသော အိုင်းအမာသည် ပေါက်၏၊ သည်းမခံသာအောင် ပြင်းစွာသော ဝေဒနာတို့သည်ဖြစ်ကုန်၏၊ မင်းလည်း အနာ၏ အကြောင်းအရေးကို ဆေးသမားတို့အား မေးသော် ဆေးသမားတို့လည်း "အရှင်မင်းကြီး....ဤအနာကား ဓားဖြင့်ခွဲခြင်းအမှုကိုထား၍ တပါးဖြင့် ချမ်းသာအောင် မတတ်ကောင်း" ဟု လျှောက်ကုန်၏၊ "ယင်းသို့ တပြီးကား ဓားဖြင့် ခွဲလော့"ဟု ဆိုသော် "မင်းကိုယ်တော်အား ဓားဖြင့်ခွဲခြင်းကို ကြောက်သည်"ဟု လျှောက်ကုန်၏၊ မင်းလည်း ဘေးမဲ့ပေး၍ ဆေးသမားတို့အား ဓားဖြင့် အနာကို ခွဲစေ၏၊ ယင်းသို့ခွဲပြီးလျှင် သွေးပြည်ပုပ်တို့ကို ထုတ်၍ ဝေဒနာရှိသည်ကို ပြုပြီးမှ အထက်ကပုဆိုးဖြင့် အုပ်၍ ဖွဲ့စည်းကုန်၏၊ မသင့်သော အမှုအရာ အစာအာဟာရတို့၌လည်း မင်းကို ကောင်းစွာ ဆုံးမကုန်၏၊ အချိုအချဉ် အဆိမ့်အအိမ့်မှ ကင်းသော ကြမ်းတမ်း ခေါင်းပါးသော အစာဖြင့်မင်း၏ ကိုယ်သည် ပိန်ခြောက်၏၊ယင်းသို့ကိုယ်ပိန်လျှင်အနာလည်းညှိုးနွမ်းလေ၏၊ အနာညှိုးနွမ်းရုံမျှကို ချမ်းသာပြီ ဟူသော အမှတ်ဖြင့် အချိုအချဉ် အဆိမ့် အအိမ့်နှင့် ယှဉ်သော သိမ်မွေ့သော အစာအာဟာရကို သုံးဆောင် စား သောက်၏၊ ယင်းသို့ စားသောက်လျှင်အနာသည်တဖန်မြုံပြန်၍ ရှေးနည်း တူပင် သည်းမခံသာအောင် ပြင်းစွာဝေဒနာတို့ကို ဖြစ်စေ၏၊ ဆေးသမား တို့လည်း နည်းတူပင် တဖန်ကုစားပြန်၏၊ ဤသို့ သုံးကြိမ် တိုင်အောင် ကုစားသော်လည်း မင်းသည် အနာရှင်းရှင်း ပျောက်အောင် မငုံ့လင့်ပဲ မသင့်သော အစာအာဟာရတို့ကို မှီဝဲသောကြောင့် အနာသည် ထပ်ကာ ထပ်ကာမြုံရကား ဆေးသမားတို့ ရှောင်ရှား ပုန်းလွှဲ၍နေကုန်၏၊ယင်းသို့ ရှောင်လွှဲ၍ နေကုန်လျှင် မင်းသည် အနာဖြင့် ငြီးငွေ့ရကား တိုင်းကား ပြည်ရွာတို့ကို ပယ်ပြီးလျှင် တောသို့ဝင်၍ ရဟန်းပြုလေ၏၊ ရဟန်းပြု၍ ခုနစ်နှစ်ရှိလျှင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုလေ၏။

သတ္တဟိ ဝဿေဟိ ပစ္စေကဗောဓိ သစ္ဆာကာသိ။

((သုတ္တနိပါတ် အဋ္ဌကထာ))

သတ္တဟိ ဝဿေဟိ၊ခုနစ်နှစ်တို့ဖြင့်။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်ကို။ သစ္ဆာကာသိ၊ မျက်မှောက်ပြုလေ၏။

ဤဗာရာဏသီ မင်းအား ဗျာဓိဒုက္ခ မကင်းသောကြောင့်များစွာသော ကာယိကဒုက္ခ,စေတသိကဒုက္ခကို ခံစားရချေ၏။ ဗျာဓိမရှိသော် ဗျာဓိကြောင့်ဖြစ်သောဒုက္ခသည်မရှိ၊ဗျာဓိရှိသောကြောင့်သာရှိသည်၊ထို့ကြောင့် ဗျာဓိဒုက္ခဟူသော သံဝေဂဝတ္ထု တရားကား ကြောက်ထိတ် လန့်ဖွယ် တကားဟု နှလုံးထား၍ ဉာဏသံဝေဂတရားကို ပွားစေအပ်၏။

---

### ၁၃၇ ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါးကို ခံစားရသော ဗာရာဏသီမင်းတယောက် ဝတ္ထု

အမှတ်မရှိသော ဗာရာဏသီ မင်းတယောက်အားလည်း ကြမ်းတမ်းသော ရောဂါအနာသည်ထင်ရှားဖြစ်လာ၏။သည်းမခံနိုင်အောင် နစကျင်သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ နှစ်သောင်းသော မောင်းမ မိဖုရားတို့ သည် ဝန်းရံကုန်၍ လက်ဆုပ်ခြင်း ခြေဆုပ်ခြင်း အမှုကို ပြုကုန်၏၊ အမှုး အမတ်တို့ကား ယခုအခါ ဤမင်းသည် အသက်မရှင်ပြီ၊ စင်စစ်ကေနံအမှန် သေလတ္တံ့၊ယခုအခါငါတို့ဘည် မိမိ၏ကိုးကွယ်ရာကို ရှာခြင်းငှာ တတ် ကောင်း၏ဟု နှလုံးပြု၍ တိုင်းတပါးသို့သွားပြီးလျှင် မင်းတပါးအားခစား ကုန်၏။ယင်းသို့ခစားသော်လည်းကျေးရင်း ကျွန်ချာ မဟုတ်ရကား များ မြတ်သော ပူဇော်သက္ကာရကို ထားဘိ, စားရုံ ဝတ်ရုံမျှကို သော်လည်း ထိုမှူးမတ်တို့ မရကြကုန်၊ ဗာရာဏသီမင်းလည်း အနာမှ ထမြောက်သော် "ဤမည် ဤမည်သော မှူးတော် မတ်တော်တို့ကို မမြင်ပါတကား၊ အဘယ် သို့ သွားကြ ကုန်သနည်း"ဟ မိဖုရားကြီးတို့ကို မေးတော်မူ၏၊ မိဖုရားတို့ လည်း ထိုအကြောင်းကို မင်းအား လျှောက်ကြား ကုန်၏။ မင်းလည်း ဦးခေါင်းညိတ်၍ ဆိတ်ဆိတ်သာနေတော်မူ၏၊ တိုင်းတပါးသို့ သွားသော မှူးမတ်တို့သည် ငါတို့သခင် အရှင်မင်းကား အနာမှထမြောက်ပြီဟု ကြား သောကြောင့် လည်းကောင်း, ထိုမင်းအထံမှ စားရုံ ဝတ်ရုံမျှကို မရ သောကြောင့် လည်းကောင်း အလွန်ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်း ရှိကုန် သည်ဖြစ်၍ ပြန်လာပြီးသော် မင်းကိုရှိခိုး၍ သင့်တင့်သောအရပ်၌ နေကြ ကုန်၏၊ မင်းလည်း"သင်တို့သည် အဘယ်အရပ်သို့ သွားကြကုန်သနည်း"

ဟု မေးသော် “အရှင်မင်းကြီးသည် ဤအနာမှ မထမြောက်ပြီဟု ထင်သောကြောင့် အသက်ရှင်လိုသော ဒုဿကုမ္ဘနိပ်တို့အား အသက်မွေးခြင်းမှ ကြောက်ရကား တိုင်းတပါးသို့ သွားပေသည်”ဟု လျှောက်ကုန်၏၊ မင်းလည်း ဦးခေါင်းညိတ်၍ ဆိတ်ဆိတ်သာ နေပြီးလျှင် ဤ သူတို့သည် နည်းတူပင် တဖန်ပြုပြန်ဦးအံ့လော၊ ဤသူတို့ကို စုံစမ်းအံ့ဟု ကြံတော်မူ၍ ရှေး၌ဖြစ်သော အနာသည် တဖန်ဖေါက်ပြန်၍ ရောက်လာပြန် သကဲ့သို့ ပြင်းစွာနာသော မိမိကိုယ်ကို ပြုလျက် ရှေးထက်ပင်သာ၍ နာယောင်ကို ပြု၏၊ နှစ်သောင်းသော မောင်းမမိဿံ တို့လည်း ဝန်းရံ၍ ရှေးနည်းတူပင် ပြုကြကုန်၏၊ မှူးမတ်တို့လည်း နည်းတူပင် တိုင်းတပါးသို့ သွားကြကုန်၏ မင်း မာတော်မူပြီဟု ကြားလျှင် နည်းတူပင် ပြန်လာကြကုန်၏။ ဤနည်းတူ မင်းလည်း သုံးကြိမ် တိုင်အောင် စုံစမ်းတော် မူ၏၊ မှူးမတ် တို့လည်း နည်းတူပင် ပြုကြကုန်၏၊ လေးကြိမ်မြောက် စုံစမ်း၍ တဖန် ပြန်လာသောမှူးမတ်တို့ကို မင်းမြင်သော် “သြော်....အံ့ဖွယ်ရှိစွ၊ ဤ သူယုတ်တို့သည် သူတော်ကောင်းတို့ပြုနိုင်ခဲသောအမှုကို ပြုကြကုန်၏၊ ထိုသူယုတ်တို့သည် နဖကောင် ပက်လက်ဖြစ်သော ငါ့ကို စွန့်ကုန်လျက် ငဲ့ကွက်ခြင်းမရှိ အရပ်တပါးသို့ ဖဲသွားကြကုန်၏၊ စင်စစ် မပေါင်းဖော်အပ်သော အဆွေ ခင်ပွန်းယုတ်တို့တကား”ဟု ထိုမှူးမတ်တို့ဖြင့် ငြီးငွေ့ရကား မင်းအဖြစ်ကို ပယ်၍ ရဟန်းပြုပြီးလျှင် ဝိပဿနာကို ပွားစေရကားပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုလေ၏။

တေ မံ ဗျဓိတံ ပုဟာယ အနပေက္ခိတွာ ပက္ကမိံသုတိ နိဗ္ဗိန္နော ရဇ္ဇံ ပဟာယ ပဗ္ဗဇိတွာဝိပဿန္တော ပစ္စေကဗောဓိံသစ္ဆာကာသိ။

(ခဂ္ဂဝိသာဏ အဋ္ဌကထာ၌)

တေ၊ ထို မှူးမတ် တို့သည်။ ဗျဓိတံ၊အနာနှိပ်စက်အပ်သော။မံ၊ငါ့ကို။ ပဟာယ၊ ပယ်၍။ အနပေက္ခိတွာ၊ မငဲ့ပဲ။ ပက္ကမိံသု၊ ဖဲကုန်၏။ ဣတိ၊ ဤသို့။ နိဗ္ဗိန္နော၊ ငြီးငွေ့ရကား။ ရဇ္ဇံ၊မင်းအဖြစ်ကို။ ပဟာယ၊ ပယ်၍။ ပဗ္ဗဇိတွာ၊ရဟန်းပြု၍၊ဝိပဿန္တော၊ဝိပဿနာ ရှုသည် ရှိသော်။ ပစ္စေကဗောဓိံ၊ပစ္စေက ဗောဓိဉာဏ်ကို၊ သစ္ဆာကာသိ၊ မျက်မှောက်ပြုလေ၏။

ဤဗာရာဏသီ မင်းလည်း ဗျာဓိဒုက္ခ မကင်းသောကြောင့် အတိုင်း မရှိသော ကာယိကဒုက္ခ စေတသိကဒုက္ခကိုခံစားရချေ၏။

## ၁၃၈-ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ စေတသိကဒုက္ခနှစ်ပါးကို ခံစားရသော အနာထပိဏ် သဌေးသမီး သုမနဒေဝီ ဝတ္ထု

သာဝတ္ထိပြည်တွင် အနာထပိဏ် သဌေး၏အိမ်၌ နေ့တိုင်း နေ့တိုင်း နှစ်ထောင်သော ရဟန်းတို့သည် ဆွမ်းစားကုန်၏၊ ထို့အတူ ဝိသာခါ၏ အိမ်၌လည်း နေ့တိုင်းနေ့တိုင်း နှစ်ထောင်သော ရဟန်းတို့သည် ဆွမ်းစားကုန်၏၊ သာဝတ္ထိပြည်၌ အကြင် အကြင်သူသည် အလှူပေးလို၏၊ ထိုထိုသူသည် 'ဝိသာခါ, အနာထပိဏ်သဌေးတို့၏ အားလပ်သော အခွင့်ကို ရမှသာ အလှူဒါနပေးကြကုန်၏၊ အဘယ်ကြောင့်နည်းဟူမူ တစုံတယောက်သော သူကဲ သင်တို့၏ အလှူမဏ္ဍပ်သို့ ဝိသာခါ, အနာထပိဏ် သဌေးတို့ လာကြပါကုန်၏လောဟုမေး၍ မလာကြကုန်ဟုဆိုလျှင် တသိန်းလောက်ပင် စွန့်၍ ပေးလှူအပ်သော ဒါနဖြစ်ငြားသော်လည်း ဤဒါနကားအဘယ် ဒါနနည်းဟု နှိပ်လုည်းရှုတ်ချ၍ ကဲ့ရဲ့ကြကုန်၏၊ ထိုဝိသာခါ, အနာထပိဏ် သဌေးတို့သည် ရဟန်းသံဃာ၏ အလိုကိုလည်းကောင်း၊ သင့်မြတ်လျောက်ပတ်သော ကိစ္စကိုလည်းကောင်း အလွန်လျှင်သိမြင်ကြကုန်၏၊ ထိုဝိသာခါ အနာထပိဏ်တို့ စီရင်ကုန်သည် ရှိသော် ရဟန်းတို့သည် စိတ်နှစ်သက်စွာ စားကြကုန်၏၊ ထို့ကြောင့် အလှူပေးလိုကုန်သော အလှူရှင်ဒါယကာတို့သည် ထိုဝိသာခါ အနာထပိဏ်တို့ကိုချီပင့် ခေါ်ယူ၍ အလှူမဏ္ဍပ်သို့သွင်းကြကုန်၏၊ ထို့ကြောင့် ထိုသူနှစ်ဦးတို့သည် မိမိတို့အိမ်၌ ရဟန်းတို့ကိုလုပ်ကျွေးခြင်းငှာ အခွင့်မရကြကုန်၊ ယင်းသို့မရသောကြောင့် ဝိသာခါသည် အဘယ်သူသည် ငါ၏အရာ၌တည်၍ ငါ၏ကိုယ်စား သံဃာတော်တို့အား လုပ်ကျွေးပါအံ့နည်းဟုဆင်ခြင်သော် သား၏ သမီးအား သဒ္ဓါတရားနှင့် ပြည့်စုံသည်ကို မြင်၍ ထိုမြေးမကို မိမိအရာဝယ် မိမိကိုယ်စားထား၏၊ မြေးမလည်း ဖွားအောက်သို့ ရှိသေစွာ အိမ်သို့ ရောက်လာသော ရဟန်းသံဃာတို့ကို လုပ်ကျွေး၏၊ အနာထပိဏ်သဌေးလည်းမဟာသုဘဒ္ဒါအမည်ရှိသော သမီးအကြီးကို မိမိအရာဝယ် မိမိကိုယ်စားထား၏၊ ထိုမဟာသုဘဒ္ဒါသည် ရဟန်းသံဃာ၏ဝေယျာဝစ္စကိုပြုလျက် တရားတော်မပြတ် ကြားနာရသော် သောတာပတ္တိဖိုလ်သို့ ရောက်၍ မိန်းမတို့အလျောက် လင်၏နောက်သို့ ပါရလေ၏၊ ထို့နောက်မှ အလတ်ဖြစ်သောစူဠသုဘဒ္ဒါကိုထိုအရာဝယ်ထားပြန်၏၊ ထိုစူဠသုဘဒ္ဒါလည်း အစ်မနည်းတူပင် သောတာပတ္တိဖိုလ်သို့ ရောက်၍

လင်၏နောက်သို့ လိုက်ရလေ၏၊ ထိုအခါသုမနဒေဝီအမည်ရှိသောသမီးငယ်ကို ထိုအရာဝိယ် အစ်မတို့ကိုယ်စား ထားပြန်လေ၏၊ ထိုသုမနဒေဝီသည် အစ်မတို့ထက် ထူးကဲလွန်သာ၍ သကဒါဂါမိ ဖိုလ်သို့ ရောက်ပြီးလျှင် လင်မရမီ အပျိုအရွယ် အငယ်ကပင် ရောဂါအနာဖြင့် ပြင်းစွာနှိပ်စက်၍ သည်းမခံနိုင်အောင် နာကျင်သော ဝေဒနာဆိုးတို့သည် ထိုးကျင့်သည်ဖြစ်၍ အာဟာရကိုမျှ မစားနိုင်ပဲ အလွန်ပင်ပန်း၏၊ ယင်းသို့ပင်ပန်းသောကြောင့် အဖကိုဖူးမြင်ချင်သည်ဟု ဆိုလျှင် အဖဖြစ်သော သဋ္ဌေးကြီးကို ခေါ်ရ၏၊ သဋ္ဌေးကြီးလည်းတဦးသောသူ၏ အလှူမဏ္ဍပ်၌ရပ်လျက်သမီး၏ သတင်းစကားကို ကြားလတ်သော် လာ၍ 'အသို့နည်း ချစ်သမီး သုမနဒေဝီ'ဟုခေါ်၏၊ သမီးလည်း အဖသဋ္ဌေးကြီးကို အဘယ်နည်း မောင်ကလေး''ဟု စကားတုံ့ပေး၏၊ 'ယောင်ယမ်းသလော ချစ်သမီး'ဟု အဖသဋ္ဌေးကြီးကမေး၏၊ 'မယမ်းမယောင်မောင်ကလေး'ဟုသမီးကဆိုချေ၏၊ ကြောက်သလော ချစ်သမီး'ဟု အဖသဋ္ဌေးကြီးက မေး၏၊ 'မကြောက်ပါ မောင်ကလေး'ဟု သမီးက ချေဆို၏၊ သမီးလည်း ဤမျှသော စကားကို အဖအား ချေဆို၍ သေခဲ့၏။

တွက္ကံ ဝတွာယော ပန သာ ကာလမကာသိ။

(ဓမ္မပဒအဋ္ဌကထာ)

တွက္ကံယောဝ၊ ဤမျှသောစကားကိုသာလျှင်။ဝတွာ၊ဆို၍။သာ၊ထိုသုမနဒေဝီသည်။ ကာလမကာသိ၊ သေခဲ့၏။

အဖသဋ္ဌေးသည် သောတာပန် ဖြစ်ငြားသော်လည်း သမီး၌ဖြစ်သော စိုးရိမ်ခြင်းကိုသည်းခံခြင်းကိုမတတ်နိုင်ရကား သမီးအားသင်္ဂြိုဟ်ခြင်းကိစ္စကိုပြုပြီးလျှင်သဗ္ဗညုဘုရား အထံတော်သို့ သွားလေ၏၊သဗ္ဗညုဘုရားလည်း 'အသို့နည်း သဋ္ဌေးကြီး....နှလုံးမသာ ငိုကြွေးရှာလျက် အဘယ်ကြောင့် လာသနည်း'ဟု မေးတော်မူ၏၊ 'ဘုန်းတော်ကြီးလှသောဘုရား....အကျွန်ုပ် သမီး သုမနဒေဝီကား သေရှာလေ၏'ဟု လျှောက်၏၊ 'သဋ္ဌေးကြီး........ အဘယ်ကြောင့် စိုးရိမ်သနည်း၊ ခပ်သိမ်းသော သတ္တဝါတို့ကား သေမြဲသဘောရှိသည်ကို မသိသောကြောင့် စိုးရိမ်သလော'ဟု မေးတော်မူ၏၊ 'ဘုန်းတော်ကြီးလှသောဘုရား........အကျွန်ုပ်ကား သူခပ်သိမ်း တို့အား သေခြင်းတရားရှိသည်ကို သိပါ၏၊ ယင်းသို့ သိသော်လည်း ဤသို့သော အရှက်အကြောက်နှင့် ပြည့်စုံသော အကျွန်ုပ်သမီးသည် သေခါနီးကာလ၌ သတိကိုဆင်စေခြင်းငှာ မတတ်နိုင်ပဲ ယောင်ယမ်းမြည်တမ်း၍ သေလေ၏၊

ထို့ကြောင့်အကျွန်ုပ်အား အတိုင်းမသိသော စိုးရိမ်ခြင်း ဖြစ်ပါသည်'ဟု လျှောက်၏၊ သဗ္ဗညုဘုရားလည်း 'သဌေးကြီး....သင်၏သမီးသည်အဘယ် စကားကိုဆိုသနည်း'ဟု မေးတော်မူ၏၊ 'ဘုန်းတော်ကြီး ပှသောဘုရား.... အကျွန်ုပ်က အသို့နည်း ချစ်သမီးသုမနဒေဝီဟု ခေါ်သည်ရှိသော် အဘယ် နည်းမောင်ကလေးဟုစကားတုံ့ပေး၏၊ ထို့နောက်မှယောင်ယမ်းသလော ချစ်သမီးဟု မေးသည်ရှိသော် မယောင် မယမ်းပါ မောင်ကလေးဟုဆို၏၊ ကြောက်သလော ချစ်သမီးဟုမေးသည်ရှိသော် မကြောက်ပါမောင်ကလေး ဟုဆို၏၊ အကျွန်ုပ်သမီးသည် ဤမျှသောစကားကိုဆို၍ သေရှာလေ၏'ဟု လျှောက်၏၊ ထိုအခါသဗ္ဗညုဘုရားက 'သဌေးကြီး သင့်သမီးကားယောင် ယမ်း၍ ဆိုသည်မဟုတ်'ဟု မိန့်တော်မူ၏၊ 'ယင်းသို့သော် ဘုန်းတော် ကြီးလှသော ဘုရား အဘယ့်ကြောင့် မဟုတ်မရာ ဆိုရှာသနည်း'ဟု လျှောက်၏၊ သင်သည် သမီးအောက် ငယ်သည်၏ အဖြစ်ကြောင့်သာဆိုရှာ သတည်း၊သင့်သမီးသည် သင့်ထက် မဂ်ဖိုလ်တို့ဖြင့် ကြီး၏၊သင်သည် သမီး အောက် ငယ်၏၊သင့်သမီးကား သကဒါဂါမိ, သင်ကား သောတာပန်သာ တည်း။ ယင်းသို့ မဂ်ဖိုလ် အားဖြင့် ငယ်သောကြောင့် မောင်ကလေး ဆိုသည်'ဟု မိန့်တော်မူ၏၊ 'သို့လော အရှင်ဘုရား'ဟု လျှောက်သော် 'အေးဟုတ်၏ သဌေးကြီး'ဟု မိန့်တော်မူ၏၊ သို့သော် ယခုအခါ ဘယ် မှာ ဖြစ်ရရှာလေသနည်းဟု လျှောက်လျှင် 'တုသိတာ နတ်ပြည်မှာ ဖြစ် သည်'ဟု မိန့်တော်မူ၏၊ ဤသို့ မဂ်နှစ်တန်, ဖိုလ်နှစ်တန်သို့ ရောက်၍ အရိယာဇစ်ဖြစ်သော သုမနဒေဝီ သူငယ်မသည်လည်း ဗျာဓိဒုက္ခ မကင်း သောကြောင့် အတိုင်းမသိသော ကာယိကဒုက္ခ စေတသိကဒုက္ခကို ခံစား ရချေ၏။

---

၁၃၉-ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ, စေတသိကဒုက္ခ နှစ်ပါးကို ခံစားရသော အနာထပိဏ်သဌေး ဝတ္ထု

တရံရောအခါ အနာထပိဏ်သဌေးသည် ပြင်းစွာနာချေ၏၊ ယင်းသို့ နာလျှင် အချင်းတယောက်ကို ခေါ်၍ 'အချင်းယောကျ်ား သွားချေ၊ ငါ၏ ပြင်းစွာသော အဖြစ်ကို သဗ္ဗညုဘုရားအား လျှောက်ထား၍ ရှင်သာရိပုတ္တရာအားလည်းအရှင်ဘုရား....အနာထပိဏ်သဌေးသည်ပြင်းစွာ နာ၏၊ ထို့ကြောင့် အရှင်ဘုရားသည် အစဉ်သနားသဖြင့် အနာထပိဏ်

သင်္ဌေးအိမ်သို့ ကြွတော်မူပါ’ဟု လျှောက်ချေစေ၏၊ ထိုအချင်းယောကျ်ားလည်း ကောင်းပြီဟု ဝန်ခံ၍ သင်္ဌေးဆိုသည့် အတိုင်း လျှောက်ထား၏၊ ရှင်သာရိပုတ္တရာလည်း အရှင်အာနန္ဒာကို နောက်လိုက် ခေါ်တော်မူပြီးသော် အနာထပိဏ် သင်္ဌေးအိမ်သို့ ကြွတော်မူ၍ ခင်းအပ်သော နေရာ၌ နေပြီးလျှင် ‘သင်္ဌေးကြီး ခံ့ကျန်းမျှတပါ၏လော၊ သင်္ဌေးကြီး၏ ဝေဒနာတို့သည် ရှေ့သို့ မတိုးမပွား နောက်သို့ ဆုတ်ရွားပါကုန်၏လော၊ ထိုဝေဒနာတို့၏ မတိုးမပွား ဆုတ်ရွားသော အခြင်းအရာ ထင်ပါ၏လော’ဟု မေးတော်မူ၏၊ ‘အရှင်ဘုရား....အကျွန်ုပ်အား ခံ့ကျန်းမျှတသောအရာသည် အဘယ်မှာရှိချိမ့်မည်နည်း၊ အကျွန်ုပ်၏ ဝေဒနာတို့သည် နောက်သို့မဆုတ်မရွား တိုးပွားကုန်၏၊ ထိုဝေဒနာ၏ မဆုတ်မရွား တိုးပွားသော အခြင်းအရာသာထင်၏၊ အရှင်ဘုရား ဥပမာအားဖြင့် အားကြီးသောယောကျ်ားသည် ထက်စွာသော စူးဖြင့် ဦးထိပ်၌ ထိုးသကဲ့သို့ အကျွန်ုပ်အားပြင်းစွာသော လေတို့သည် ထိပ်၌ထိုးကုန်၏၊ အားကြီးသော ယောကျ်ားသည် သားရေလွန်ကြိုးဖြင့် မြဲမြံစွာဦးခေါင်း၌ ရစ်ပတ်သကဲ့သို့ဤအတူပြင်းစွာသော ဝေဒနာတို့သည် အကျွန်ုပ်၏ ဦးခေါင်း၌ ရစ်ပတ်ကုန်၏၊ လိမ္မာသော နွားသတ်ယောကျ်ား ထိုယောကျ်ား၏တပည့်သည် ထက်စွာသော သားလှီးဓားဖြင့် နွားဝမ်းကို လှီးဖြတ်သကဲ့သို့ အကျွန်ုပ်၏ ပြင်းစွာသော လေတို့သည် ဝမ်းကို လှီးဖြတ်ကုန်၏၊ အားကြီးသော ယောကျ်ားနှစ်ယောက်တို့သည် အားနည်းသော ယောကျ်ားကိုတဖက်တယောက် မောင်းနှစ်ခုတို့၌ ကိုင်၍ မီးကျီးစု၌ ကင်သကဲ့သို့ အကျွန်ုပ်၏ ကိုယ်၌ ပြင်းစွာသောအပူသည် ဖြစ်၏’ဤသို့ ပျှင် အနာထပိဏ်သင်္ဌေးသည်ရှင်သာရိပုတ္တရာအားလျှောက်ထား၏၊ ယင်းသို့လျှောက်ထားသောအခါ ရှင်သာရိပုတ္တရာက‘သင်္ဌေးကြီး၏ ဝေဒနာကား သေခြင်းအနီးရှိသော ဝေဒနာတည်း၊ ဆေးဝါးဖြင့် ပယ်ခြင်းငှာ မတတ်ကောင်း၊ ယင်းသို့ မတတ်ကောင်းလျှင် တရားစကားမှ ကြွင်းသောစကားသည် အကျိုးမရှိချေ၊ သင်္ဌေးကြီးအားတရားဟောအံ့’ဟု နှလုံးပြု၍ တရားဟောတော်မူ၏။

အယံ မဟာသေဋ္ဌိ ဝေဒနာ မာရဏန္တိကာ၊ န သက္ကာ ပဋိဗာဟိတုံ၊ အဝသေသ ကထာ နိရတ္ထကာ၊ ဓမ္မကထ မေဝ ကထေဿာမိတိ။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ)

မဟာသေဋ္ဌိ၊ သင်္ဌေးကြီး၏။ အယံဝေဒနာ၊ ဤ ဝေဒနာသည်။ မာရဏန္တိကာ၊ သေခြင်းအနီးရှိ၏။ ပဋိဗာဟိတုံ၊ ဆေးဝါးဖြင့်ပယ်ခြင်းငှာ။

န သက္ကာ၊ မတတ်ကောင်း။ အဝသေသကထ၊ ကြွင်းသော စကားသည်။ နိရတ္ထကာ၊ အကျိုးမရှိ။ အသာ၊ ထိုဆဌေးကြီးအား။ ဓမ္မကထံ၊ တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟောတော်မူသော အခြင်းအရာမှာ အနာထပိဏ္ဍိကော့ဝါဒသုတ်၌ လာ၏၊ ဤသို့ဘုရားအမှူးရှိသော သံဃာတော်တို့၏ မိဘအရာ၌တည်သော သောတာပန် အရိယာဇာတ် ဖြစ်သော သဌေးကြီးသည်လည်း ဗျာဓိဒုက္ခ မကင်းသောကြောင့် အတိုင်းမသိသော ကာယိကဒုက္ခ, စေတသိကဒုက္ခကို ခံစားရချေ၏။

---

၁၄၀-ဗျာဓိတရား နှိပ်စက် အပ်သည်ဖြစ်၍
ကာယိကဒုက္ခ စေတသိကဒုက္ခနှစ်ပါးကို ခံစားရသော
ရောဟိနီမင်းသမီးဝတ္ထု

တရံရောအခါ အရှင်အနုရုဒ္ဓါသည် ငါးရာသောရဟန်းတို့နှင့် တကွ ကပိလဝတ်ပြည်သို့ ကြွတော်မူ၏၊ ထိုအခါ အရှင်အနုရုဒ္ဓါ၏ ဆွေတော် မျိုးတော်တို့သည် အရှင်အနုရုဒ္ဓါ ကြွလာသတဲ့ဟု ကြားသောကြောင့် မထေရ်၏ အထံသို့ လာကြကုန်၏၊ ရောဟိနီ အမည်ရှိသော မထေရ်၏ နှမကား မလာ၊ ယင်းသို့မလာလျှင် မထေရ်သည် ရောဟိနီကား အဘယ် မှာနည်းဟု မေးတော်မူ၏၊ အိမ်၌ရှိကြောင်းကို လျှောက်လျှင် အဘယ် ကြောင့် ငါ၏အထံသို့ မလာသနည်းဟု မေးတော်မူ၏၊ ကိုယ်၌ဆဝိရောဂါ ရှိသည်ဖြစ်၍ ရှက်နိုးသောကြောင့် မလာပါသည် အရှင်ဘုရားဟုလျှောက် ၏၊ ရောဟိနီကို ခေါ်ကြကုန်လော့ ဟု မိန့်တော်မူသောကြောင့် ခေါ်ကြ သော် ပုဆိုးသင်တိုင်းကို စွပ်၍လာသသော ရောဟိနီကို အဘယ်ကြောင့် မလာသနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား....အကျွန်ုပ်၏ ကိုယ်၌ဆဝိ ရောဂါသည်ဖြစ်၍ ရှက်နိုးသောကြောင့် မလာပါသည်ဟု လျှောက်၏၊ ယင်းသို့သော် သင့်အား ကောင်းမှုပြုခြင်းငှာ မသင့်ပါလောဟု မိန့်တော် မူ၏၊ အဘယ်ကောင်းမှုကို ပြုရပါအံ့နည်း အရှင်ဘုရားဟု လျှောက်ထား သော် ဆွမ်းစား ဇရပ်ဆောက်လော့ဟု မိန့်တော်မူ၏၊ အဘယ်ကို ယူ၍ ဆောက်ရအံ့နည်းဟု လျှောက်သော် သင်အား ဝတ်ဆင်သော တန်ဆာ

မရှိလေသလောဟု မေးတော်မူသောကြောင့် ရှိပါ၏ဟု လျှောက်လျှင် အဘယ်မျှ အဖိုးထိုက်သနည်းဟု မေးသော် တသောင်းထိုက်ပါ၏ဟု လျှောက်၏၊ ယင်းသို့ တပြီးကား ထိုဝတ်ဆင်သော တန်ဆာကို စွန့်၍ ဆွမ်းစားဇရပ် ဆောက်ဟု မိန့်တော်မူ၏၊ အဘယ်သူသည် ဆောက်၍ ပေးပါအံ့နည်းဟု ဆိုသော် မထေရ်သည် အနီး၌ တည်သော ဆွေမျိုးတို့ကိုကြည့်၍ သင်တို့ ဝန်ဖြစ်စေဟု မိန့်တော်မူ၏၊ အရှင်ဘုရားတို့ကား အဘယ်သို့သွားမည်နည်း ဟု မေးလျှောက်သော် ငါလည်း ဤတွင်ပင်နေအံ့ဟု မိန့်တော်မူ၏၊ ယင်းသို့ တပြီးကား အဆောက်အအုံတို့ကို ဆောင်ကြကုန်ဟု မိန့်တော် မူသော ကြောင့် အဆောက်အအုံတို့ကို ဆောင်ကြကုန်၏၊ မထေရ်လည်း ဆွမ်းစား ဇရပ်ကိုစီရင်စဉ်ပင် ရောဟိနီကိုမိန့်တော်မူ၏၊ ဘုံနှစ်ဆင့်ရှိသော ဆွမ်းစား ဇရပ်ကို ပြုပြီးလျှင် အထက်၌ ပျဉ်မိုးသော ကာလမှစ၍ အောက်၌မပြတ် သုတ်သင်ပြီးလျှင် နေရာတို့ကို ခင်းလော့၊ သောက်ရေ သုံးဆောင်ရေတို့ကို တည်ထားလော့ဟု မိန့်တော်မူ၏၊ ရောဟိနီလည်း ကောင်းပါပြီဟု ဝန်ခံ၍ မထေရ်ဆိုတိုင်း ပြု၏၊ ရဟန်းတို့လည်းလာ၍မပြတ်နေထိုင်ကြကုန်၏၊ ဇရပ် ကို မပြတ်သုတ်သင်သော ရောဟိနီ၏ ကိုယ်၌ ဆဝိရောဂါ အနာသည် ညှိုးနွမ်းလေ၏၊ ဆွမ်းစားဇရပ် ပြီးလတ်သော် ဘုရားအမှူးရှိသော သံဃာ တော်တို့ကို ပင့်ဖိတ်ပြီးလျှင် ဇရပ်ကိုပြည့်စေ၍ နေထိုင်သော ဘုရားအမှူး ရှိသော သံဃာတော်အား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကိုလှူ၏၊ သဗ္ဗညု ဘုရားလည်း ဆွမ်းစားကိစ္စ ပြီးတော်မူသော် ဘယ်သူ့ကောင်းမှုနည်းဟု မေးတော်မူ၏၊ တုန်းတော်ကြီးလှသော ဘုရား....အရှင်အနုရုဒ္ဓါ၏ နှမငယ် ဖြစ်သော ရောဟိနီ၏ ကောင်းမှုပါဟု လျှောက်၏၊ ရောဟိနီကား အဘယ် မှာနည်း မေးတော်မူသော် မလာစံ့ပါဟု လျှောက်လျှင် ခေါ်စေဟု မိန့်တော်မူသောကြောင့် ခေါ်လေ၏၊ ရောဟိနီလည်း အလိုမရှိပဲပင် လာ၍ ရှိခိုးသော် ရောဟိနီ....အဘယ့်ကြောင့် မလာသနည်းဟု မေးတော် မူလျှင် ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကိုယ်၌ ဆဝိရောဂါရှိ၍ ရှက်နိုးသောကြောင့် မလာစံ့ပါဟု လျှောက်၏၊ ဤဆဝိရောဂါသည် အဘယ်ကိုအမှီပြု၍ ဖြစ်သနည်းဟု သင်သိ၏လောဟုမေးတော်မူသော် မသိ ပါဟု လျှောက်၏၊ သင်၏အမျက်ကို အမှီပြု၍ ဖြစ်သည်ဟု မိန့်တော်မူလျှင် ကျွန်တော်မသည် အဘယ်အမှုကို ပြုဖူးသနည်းဟု လျှောက်၏၊ ယင်းသို့ တပြီးကား နာလော့ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုရားကြီးသည်တယောက်သော မောင်းမငယ်အား ရန်ငြိုးထား၍ ထိုမောင်းမငယ်အား ဆင်းရဲကိုဖြစ်စေအံ့ဟု နှလုံးပြု၍ ခွေးလေးသီးတို့ကိုဆောင်စေပြီးလျှင် မောင်းမငယ်ကို မိမိအထံသို့ ခေါ်၍ အကြင် အခြင်းဖြင့် မောင်းမငယ်သည် မသိ၊ ထိုအခြင်းဖြင့် အိပ်ရာ၌ ခွေးလေးသီးတို့ကိုထားစေ၏၊ ပြက်ရယ်ပြုသကဲ့သို့ ခွေးလေးသီးမှုန့်တို့ကို မောင်းမငယ်၏ ကိုယ်၌ဖြူး၏၊ ထိုခဏ၌ပင်မောင်းမငယ်၌ ယားသော အဖုံအဖုံသည် ပေါက်၏၊ မောင်းမငယ်သည် ယားသည်ဟူ၍ အိပ်ရာ၌သွား၍အိပ်သော် ထိုအိပ်ရာ၌လည်း ခွေးလေးသီးမှုန့်တို့ဖြင့် ကြဲရကား ကြမ်းတမ်းသောဆင်းရဲဝေဒနာသည်ဖြစ်၏၊ ထိုမိဖုရားကြီးကား ရောဟိနီဖြစ်လာ၏၊ သဗ္ဗညုဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ 'ရောဟိနီ....သင်သည် ထိုအခါ ထိုမကောင်းမှုကို ပြုအပ်၏၊ အနည်းငယ်မျှသော အမျက်ထွက်ခြင်း, ငြူစူခြင်းကိုသော်လည်း ပြုခြင်းငှာ မသင့်'ဟု မိန့်တော်မူ၍ တရားဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ ရောဟိနီသာ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ကိုယ် အရေအဆင်းလည်းရွှေကဲ့သို့ဖြစ်၏၊ ထိုရောဟိနီသည် နောက်အခါ စုတေ၍တာဝတိံသာနတ်ပြည်ဝယ် နတ်သားလေးယောက်တို့အပိုင်းအခြားအလယ်၌ဖြစ်၍အလွန်အဆင်းလှ၏၊ နတ်သားလေးယောက်တို့မြင်လျှင်ချစ်ခင်ရကား ငါ့အပိုင်းအခြား၏အတွင်း၌ဖြစ်သည်, ငါ့အပိုင်းအခြား၏အတွင်း၌ဖြစ်သည်ဟု ငြင်းခုံလျက် သိကြားမင်း၏ အထံသို့သွား၍ အရှင်နတ်မင်း အကျွန်ုပ်တို့၏ တရားကို ဆုံးဖြတ်ပါဟု ဆိုကုန်၏၊ သိကြားမင်းလည်းရောဟိနီ နတ်သမီးကိုမြင်လျှင် ချစ်ခင်သောစိတ်ရှိရကား 'အမောင်နတ်သားတို့ ဤနတ်သမီးကိုမြင်၍ သင်တို့စိတ်သည်အဘယ်သို့ဖြစ်သနည်း'ဟု မေး၏၊ ထိုအခါနတ်သားတယောက်က 'အကျွန်ုပ်စိတ်သည် စစ်မြေဖြင်အရပ်ဝယ် လှည့်လည်သော စည်ကဲ့သို့ နစ်ခြင်းငှာ မတတ်နိုင်'ဟု ဆို၏၊ နှစ်ယောက်မြောက်သော နတ်သားသည် 'ငါ့စိတ်ကား တောင်ထိပ်မှ စီးဆင်းသော မြစ်ကဲ့သို့ လျင်မြန်သောဖြစ်ခြင်းရှိသည်'ဟု ဆို၏၊ သုံးယောက်မြောက်သော နတ်သားသည် 'ဤနတ်သမီးကိုမြင်းသောကာလမှစ၍ ငါ၏မျက်စိတို့သည် ပုဇွန်မျက်စိကဲ့သို့ ထွက်လုမတတ်ရှိကုန်၏'ဟု ဆို၏။ လေးယောက်မြောက်သော နတ်သားသည် 'ငါ့စိတ်ကား စေတီ၌ စိုက်ထောင် အပ်သော တံခွန်ကဲ့သို့

မတုန်မလှုပ် တည်စေခြင်းငှာမတတ်နိုင်’ဟု ဆို၏၊ ထို့နောက်မှသိကြားမင်းသည် သင်တို့၏စိတ်ကား သည်းခံခြင်းငှာ တတ်ကောင်းသေး၏ ငါမူကား ဤနတ်သမီးကို ရသော်သာ အသက်ရှင်အံ့, မရမူ သေလိမ့်မည်ဟု ဆို၏ နတ်သားလေးယောက်တို့လည်းအရှင်သိကြားမင်း၏သေခြင်းဖြင့်ကျေးဇူး မရှိ၊ အရှင်သိကြားမင်းပင်ဤနတ်သမီးကိုယူပါလော့ဟုပေး၍သွားကြကုန်၏၊ ထိုရောဟိနီနတ်သမီးကို သိကြားမင်းသည်ချစ်နှစ်သက်အပ်၏၊ ဤမည်သော ကစားရာသို့ သွားကြဒါကုန်အံ့ဟု ဆိုသော် ထိုနတ်သမီး၏စကားကို သိကြားမင်းသည် ပယ်ခြင်းငှာ မတတ်နိုင် ဝန်ခံရလေ၏၊ ဤရောဟိနီမင်းသမီးလည်း ဗျာခိဒုက္ခ မကင်းသောကြောင့် အတိုင်းမသိသော ကာယိကဒုက္ခ, စေတသိက ဒုက္ခကို ခံစားရချေ၏။

## ၁၄၁ ဗျာခိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ, စေတသိကဒုက္ခနှစ်ပါးကို ခံစားရသော သောတ္ထိသေနမင်းသား ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ တနေ့သ၌ တရားသဘင်တွင် ‘ငါ့ရှင်တို့ မလ္လိကာမိဖုရားသည် အကျင့်ဝတ်နှင့် ပြည့်စုံသည်ဖြစ်၍ လင်ဟူသော နတ်ရှိသတတ်’ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုဘုရားသည် ကြွလာတော်မူ၍ အကြောင်းကို မေးလျှင် လျှောက်ကြ ကုန်၏၊ ‘ချစ်သားတို့ ယခုအခါ၌သာ မလ္လိကာသည် အကျင့်ဝတ်နှင့် ပြည့်စုံသည် ဖြစ်၍ လင်ဟူသော နတ်ရှိသည်မဟုတ် ရှေး၌လည်း ရှိသည်သာတည်း’ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအား သောတ္ထိသေန အမည်ရှိသော သားတော်သည်ရှိသတတ်။ အရွယ်သို့ရောက်သော် အဖမင်းသည် ထိုသားတော်ကို အိမ်ရှေ့အရာ၌ထား၏၊ အိမ်ရှေ့မိဖုရားကြီးကား သမ္ဗုလာ အမည်ရှိသတတ်၊ ထိုသမ္ဗုလာ မိဖုရားသည် မြတ်သော အဆင်းကို ဆောင်၏၊ ကိုယ်အရောင်နှင့် ပြည့်စုံသည်ဖြစ်၍ လဆိတ်ရာ၌ ဆီမီးတောက်ကဲ့သို့ထင်၏၊ သမားဟူးရာတို့သည် ကုစားခြင်းငှာ မတတ်နိုင်ကုန်၊ နူနာသည်ပေါက်ကွဲသည်ရှိသော်အိမ်ရှေ့မင်းလည်း စက်ဆုတ်သည်ဖြစ်၍ နှလုံးမသာယာခြင်းသို့ ရောက်ရကား ငါ့အား မင်းအဖြစ်ဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ တောထဲ၌ ကိုးကွယ်ရာမဲ့သော သေခြင်းဖြင့် သေအံ့ဟု

ခမည်းတော်အား ကြားပြီးလျှင် မောင်းမအပေါင်းကိုစွန့်ပစ်၍ မငဲ့ကွက် ထွက်လေ၏၊ သမ္ဗုလာ အမည်ရှိသော အိမ်ရှေ့မိဖုရားကြီးသည်ကား နေရစ် စိမ့်သောငှာ များစွာသော အကြောင်းဖြင့်တောင်းပန်သော်လည်း မနေ ရစ်ပဲ တောထဲတွင် လင်ကို ငါလုပ်ကျွေးမည်ဟု အိမ်ရှေ့မင်းနှင့်အတူတကွ ပင် ထွက်၏၊ အိမ်ရှေ့မင်းလည်း တောသို့ဝင်ပြီးလျှင် ရလွယ်သော သစ်သီး ကြီး,ငယ်ရှိသော အရိပ် ရေနှင့်ပြည့်စုံသောအရပ်၌သစ်ရွက်မိုးသောသင်္ခမ်း ကို ဖန်ဆင်း၍နေ၏၊ အိမ်ရှေ့မိဖုရားလည်း အိမ်ရှေ့မင်းသားကို လုပ်ကျွေး ၏၊ အဘယ်သို့ လုပ်ကျွေးသနည်းဟူမူ နံနက်စောစောထ၍ နေရာသင်္ခမ်းကို တံမြက်လှည်းပြီးလျှင် သောက်ရေ သုံးဆောင်ရေတို့ကို တည်ထား၍ ဒန်ပူ မျက်နှာသစ်ရေပေးပြီးလျှင်မျက်နှာသစ်၍ပြီးသည်ရှိသော် အထူးထူးသော ဆေးတို့ကိုကြိတ်၍ အနာတို့ကို လိမ်းပြီးလျှင်ချိုနိုးသော သစ်သီးတို့ကိုစား စေပြီးမှ ခံတွင်း, ပါးစပ်, လက်တို့ကို ဆေးပြီးသော် 'မမေ့ မလျော့ပါလင့် အရှင်သား' ဟုဆို၍ရှိခိုးပြီးလျှင်တူးရွင်းခြင်းတောင်းလက်ဆွဲလျက်သစ်သီး ကြီးငယ် အလို့ငှာ တောသို့ဝင်၍ သစ်သီးကြီး,ငယ်တို့ကို ဆောင်ပြီးသော် သင့်တင့်ရာ အရပ်၌ ထား၍ ရေအိုးဖြင့် ရေခပ်ပြီးလျှင် အထူးထူးသော ကသယ်မှုန့် မြေညက်မှုန့်တို့ဖြင့် မင်းသားကို ရေချိုးပြီးမှ သစ်သီးကြီး,ငယ် တို့ကိုပေး၏၊ စားပြီးသော အဆုံး၌ ထုံအပ်သော ရေတို့ကိုကပ်၍မိမိလည်း သစ်သီးတို့ကို စားပြီးလျှင် ပျဉ်ချပ်အခင်း၌ မင်းသားကိုအိပ်စေ၍ခြေတို့ကို ဆေးပြီးသော် သီသပရိကမ္မ, ပိဋ္ဌိပရိကမ္မ, ပါဒပရိကမ္မတို့ကိုပြု၍ အိပ်ရာနံပါး အနီးသို့ကပ်ပြီးလျှင် အိပ်၏၊ ဤသို့သော အကြောင်းဖြင့်လျှင် လင်ကို နေ့တိုင်းလုပ်ကျွေး၏၊ သို့ အိမ်ရှေ့မိဖုရားသည် တနေ့သ၌ သစ်သီးရှာသွား သည်ရှိသော် ချောင်းတခုကိုမြင်၍ဦးခေါင်းမှတောင်းကိုချပြီးလျှင် ရေချိုး ၏၊ ဒါနောဘီလူးတယောက်သည် ရေမှတက်ပြီးလျှင်မိဖုရားကိုအတင်းချုပ် ၏၊ ထိုအခါ မိဖုရား၏သီလတန်ခိုးကြောင့် သိကြားမင်းသည်လာ၍ဒါနော ဘီလူးကို ခြိမ်းခြောက်မှ လွှတ်၏၊ ယင်းသို့ လွှတ်၍ပြန်လာသော် မင်းကို သင်္ခမ်း၌ မတွေ့၊ ထိုအခါ မင်းသားသည် သမ္ဗုလာ၏ ကြာမြင့်ခြင်းကြောင့် မိန်းမတို့မည်သည်လျှပ်ပေါ်ကုန်၏၊ ငါ၏ရန်သူကိုသော်လည်းခေါ်၍လာ ရာ၏ဟု ရွံရှာသောကြောင့် သင်္ခမ်းမှထွက်ပြီးလျှင် ချုံကြားသို့ဝင်၍ပုန်းနေ ၏၊ သမ္ဗုလာလည်းမင်းသားကိုမတွေ့လျှင်အလွန်ငိုကြွေး၏၊ယင်းသို့ငိုကြွေး သည်ကို မင်းသားမြင်လျှင်ဤသို့ကြံ၏၊ ဤမင်းသမီးကားအလွန်ငိုကြွေး၏၊

သဘောဟုတ်သည် မဟုတ်သည်ကိုကား ငါမသိ၊ အကယ်၍ ငါ့၌ချစ်သောကြောင့် ငိုကြွေးသည်ဖြစ်အံ့၊ ထိုမင်းသမီး၏နှလုံးသည်ကွဲပေရာ၏၊စုံစမ်းအံ့ဟုကြံ၍ ချုံကြားမှထွက်ပြီးလျှင် သချိုင်းတံခါး၌ လာ၍နေ၏၊ မင်းသမီးလည်း ငိုကြွေးလျက်သာလာ၍ မင်းသားခြေတို့ကို ရှိခိုးပြီးလျှင် "အဘယ်သို့ အရှင့်သား သွားသနည်း" ဟု မေး၏၊ ရှင်မ....သင်သည် တပါးသောနေ့တို့၌ စောစောလာ၏၊ ယနေ့မှာ အလွန်မိုးချုပ်သောကြောင့် ငါမယုံ၍ပုန်းသည် ဟုဆို၏၊ "အရှင့်သား....ကျွန်တော်မကို ဒါနေဘီလူးချုပ်ထား၍ သိကြား မ,သောကြောင့်သာ ချမ်းသာရသည်" ဟုဆို၏၊ ရှင်မ....ယင်းသို့ဖြစ်သော် မာတုဂါမ့်အား သစ္စာတရား မည်သည် ရခဲ၏၊ ဟိမဝန္တာ၌များစွာသော မုဆိုး, ရသေ့, ဝိဇ္ဇာဓိုရ်တို့သည် ရှိကုန်၏၊ သင့်စကားကိုအဘယ်သူယုံချိမ့်မည်နည်း' ဟုဆို၏၊ မင်းသမီးလည်း မင်းသားစကားကိုကြား၍ "အရှင့်သား....ငါ့အား မယုံကြည်သော် သင့်ကိုငါ့သစ္စာ၏အစွမ်းဖြင့်သာ ဆေးကုစားအံ့" ဟုဆိုပြီးလျှင် ညွန့်ဖြင့်အိုးကို ပြည့်စေ၍ သစ္စာပြုပြီးလျှင် မင်းသားခေါင်း၌လောင်း၏၊ ယင်းသို့လောင်းကာမျှ၌ မင်းသား၏ နှုနာသည် အချဉ်ဖြင့် မွတ်အပ်သော ကြေးနီကဲ့သို့ ထိုခဏ၌ ပျောက်ကင်း ရှင်းလင်းလေ၏၊ ထိုမင်းသမီး မင်းသားတို့သည် နှစ်ရက် သုံးရက်တော၌နေပြီးသော် တောမှထွက်၍ ဗာရာဏသီပြည်သို့ ပြန်လာပြီးလျှင် ဥယျာဉ်သို့ဝင်ကြကုန်၏၊ ခမည်းတော်လည်း သားတော်၏ ချွေးမနှင့်တကွ ရောက်လာသောအဖြစ်ကိုသိ၍ ဥယျာဉ်သို့ ထွက်ပြီးလျှင် ဥယျာဉ်၌ သားတော် သမီးတော်တို့အား အဘိသိက်သွန်းပြီးလျှင် မြို့တွင်းသို့သွင်း၍ မိမိကား ရသေ့ရဟန်းပြုပြီးလျှင် ဥယျာဉ်တော၌နေတော်မူလျက် ဗြဟ္မဝိဟာရတရားကို ပွားစေ၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေ၏၊ ထိုအခါ သမ္မုလာ မင်းသမီးကား ယခုအခါ မလ္လိကာမိဖုရား ဖြစ်လာ၏၊ သောတ္ထိသေန မင်းသားကား ကောသလမင်း ဖြစ်လာ၏၊ အဖ ကား ငါဘုရားဖြစ်လာ၏ ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤသောတ္ထိသေန အမည်ရှိသော အိမ်ရှေ့မင်းသားလည်း ဗျာဓိဒုက္ခ မကင်းသောကြောင့် အဘိုင်းမသိသော ကာယိကဒုက္ခ, စေတသိက ဒုက္ခကို ခံစားရချေ၏။

---

၁၃၉-ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ, စေတသိကဒုက္ခ နှစ်ပါးကို ခံစားရသော ရှင်ဒေဝဒတ် ဝတ္ထု

ဒေဝဒတ်သည် သံဃာတော်ကို သင်းခွဲပြီးလျှင် ငါးရာသော ရဟန်း

တို့ကို ခေါ်ယူ၍ ဂယာသီသ၌ နေလေ၏၊ ထိုအခါ သမ္ဗုဒ္ဓဘုရားရှင်က သာရိပုတြာ, မောဂ္ဂလာန်တို့ကိုစေ၍ ရဟန်းတို့ကိုခေါ်ယူစေလျှင် ရှင်ဒေဝဒတ်သည် အိပ်ပျော်၍နေရကား ကောကာလိကသည် လာပြီးလျှင် "ငါ့ရှင် ဒေဝဒတ်....ထလော့၊ သင်၏တပည့်တို့ကို သာရိပုတြာ မောဂ္ဂလာန်တို့သည် ခေါ်ယူသွားလေပြီ၊ မဆွကဲပင် သင့်အားငါသည် သာရိပုတြာမောဂ္ဂလာန်တို့နှင့် အကျွမ်းမဝင်လင့်ဟု ဆိုငြားသော်လည်း ဝါ့စကားကိုနားမထောင်" ဟု ဆို၍ ပုဆစ်ဒူးစပ်နှင့် ရင်ဘတ်ကို ကျောက်ကန်၏၊ ယင်းသို့ကျောက်ကန်လျှင် ဒေဝဒတ်၏ အာခံတွင်းမှ သွေးပူလျှံသည် အန်ထွက်၏၊ ထိုအခါမှစ၍ ဒေဝဒတ်သည် ကိုးလတိုင်တိုင် ပြင်းပြစွာ နာ၏၊ အဆုံးစွန်သော သေခါနီးကာလ၌ သမ္ဗုဒ္ဓ ဘုရားကို ဖူးမြင်လိုသည်ဖြစ်၍ မိမိတပည့်တို့ကို ခေါ်ဆို၏၊ ငါသည် သမ္ဗုဒ္ဓဘုရားကိုဖူးမြင်လို၏၊ သမ္ဗုဒ္ဓဘုရားကိုငါ့အား ပြပါကုန်လော့ဟု ဆိုသော် ဆရာ သင်သည် ရှေးကျန်းမာဝုကထိုရှိသည့် ကာလ ဘုရားသမ္ဗုဒ္ဓ၏ ရန်သူဖြစ်၍ လှည့်လည်၏၊ ယခု အနာလွှမ်း၍ မကျန်းမမာသည့်ကာလမှ ဖူးမြင်လိုသော ဆရာကို ငါတို့ သမ္ဗုဒ္ဓဘုရား အထံသို့ မဆောင်စံ့ကုန်ဟု ဆိုသော် တပည့်တို့ ငါ့ကိုမပျက်ပါစေကုန်လင့်၊ ငါသာ ဘုရားသမ္ဗုဒ္ဓ၌ ရန်ငြိုးဖွဲ့ခြင်းကို ပြုအပ်၏၊ သမ္ဗုဒ္ဓဘုရားကား ငါ့အား တဆံဖျားမျှ ရန်ငြိုးထားခြင်းမရှိဟု ဆို၏။

ဝဓကေ ဒေဝဒတ္တမှိ, စောရေ အင်္ဂုလိမာလကေ၊

ဓနပါလေ ရာဟုယေစေဝ, သဗ္ဗတ္ထ သမမာနသော။

(အပဒါန် ပါဠိတော်)

ဝဓကေ၊ သတ်တတ်သော။ ဒေဝဒတ္တမှိ၊ ဒေဝဒတ်၌ လည်းကောင်း၊ အင်္ဂုလိမာလကေ၊ အင်္ဂုလိမာလအမည်ရှိသော။ စောရေ၊ သတ်မည်လိုက်သော ခိုးသူ၌လည်းကောင်း၊ ဓနပါလေ၊ ထိုးမည်လာသော နာဠာဂိရိဆင်၌လည်းကောင်း။ ရာဟုလေစေဝ၊ ရင်သွေးရင်သား ချစ်ဖွယ်များသည့် သားတော် ရာဟုလာ၌ လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသောသူတို့၌။ သမမာနသော၊ တူမျှသောစိတ်ရှိတော်မူ၏။

ဒေဝဒတ်လည်း သမ္ဗုဒ္ဓဘုရားကို ငါ့အားပြပါဟု ထပ်ကာထပ်ကာ တောင်းပန်၏၊ ယင်းသို့ အထပ်ထပ် တောင်းပန်သောကြောင့် တပည့်တို့သည် ဒေဝဒတ်ကို ညောင်စောင်းဖြင့် ယူဆောင်၍ ထွက်ကြကုန်၏၊ ရဟန်းတို့သည်လည်း ဘုရားမြတ်စွာအား ဒေဝဒတ်၏ အဖူးအမြင်လာကြောင်းကို ကြား၍ဘုရားသမ္ဗုဒ္ဓအား "ဘုန်းတော်ကြီးလှသောဘုရား....ဒေဝဒတ်ကား

အရှင်ဘုရားအား ဖူးမြင်ခြင်းငှာ လာသတဲ့'' ဟု လျှောက်ကုန်၏၊ သဗ္ဗညု ဘုရားလည်း ''ချစ်သားဘို....ဒေဝဒတ်ကား ဤအတ္တဘောဖြင့် ငါဘုရားကို ဖူးမြင်ခြင်းငှာမထိုက်'' ဟု မိန့်တော်မူ၏၊ ရဟန်းတို့အား ငါးပါးသော ဝတ္ထုတို့ကို တောင်းသောကာလမှစ၍ ဘုရားရှင်ကို တဖန် ဖူးမြင်ပြန်ခြင်း ငှာ မရကုန်သတတ်၊ ဤသို့ မရခြင်းသည် သဘောဓမ္မသာတည်း။

ဘိက္ခူ ကိရ ပဉ္စန္နံပိ ဝတ္ထူနံ အာယာစိတကာလတော ပဋ္ဌာယ ပုန ဗုဒ္ဓံ ဒဋ္ဌုံ နလဘန္တိ၊ အယံ ဓမ္မတာ။

(ဓမ္မပဒအဋ္ဌကထာ)

ဘိက္ခူ၊ တို့သည်။ ပဉ္စန္နံပိ၊ ငါးပါးလည်းဖြစ်ကုန်သော။ ဝတ္ထူနံ၊ ဝတ္ထု တို့ကို။ အာယာစိတကာလတော၊ တောင်းသောကာလမှ။ ပဋ္ဌာယ၊ စ၍။ ပုန၊ တဖန်။ ဗုဒ္ဓံ၊ ဘုရားရှင်ကို၊ ဒဋ္ဌုံ၊ ဖူးမြင်ခြင်းငှာ၊ နလဘန္တိကိရ၊ မရ ကုန်သတတ်၊ အယံ ဤသို့မရခြင်းသည်၊ ဓမ္မတာ၊ သဘောတည်း။

ရဟန်းတို့လည်း ဘုန်းတော်ကြီးလှသော ဘုရား....ဒေဝဒတ်ကား ဤမည်သောအရပ်သို့ ရောက်ချေပြီဟုလျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း ''ရောက်စေ၊ ထိုဒေဝဒတ်ကား ငါဘုရားကိုဖူးမြင်ခြင်းငှာ မထိုက်'' ဟူ၍သာ မိန့်တော်မူ၏၊ ဘုန်းတော်ကြီးလှသောဘုရား....ဤမှ တယူဇနာအတိုင်း အရှည်ရှိသော အရပ်သို့ ရောက်ချေပြီ၊ ယူဇနာခွဲသောအရပ်သို့ ရောက် ချေပြီ၊ တဂါဝုတ်မျှလောက်သောအရပ်သို့ ရောက်ချေပြီ၊ ဇေတဝန်ကျောင်း တော်၏ အနီးအပါး ရေကန်နားသို့ ရောက်ချေပြီဟု လျှောက်ကုန်၏၊ ဇေတဝန်ကျောင်းတွင်းသို့ပင် ဝင်ပါစေ၊ ဒေဝဒတ်ကား ငါဘုရားကိုမဖူးမမြင် ထိုက်သည်သာတည်းဟု မိန့်တော်မူ၏၊ ဒေဝဒတ်ကို ဆောင်ယူ၍လာသော သူတို့သည် ဇေတဝန် ကျောင်းတော်၏ အနီးအပါး ရေကန် နား၌ ညောင်စောင်းကိုချ၍ ရေချိုးခြင်းငှာ ရေကန်တွင်းသို့ဆင်းကုန်၏၊ ဒေဝဒတ် လည်း ညောင်စောင်းမှ ထ၍ နှစ်ဘက်သောင်ခြေတို့ကို မြေဝယ်ထား၍ ထိုင်၏၊ နှစ်ချောင်းသောခြေတို့သည် မြေသို့ဝင်ကုန်၏၊ ဒေဝဒတ်သည် အစဉ် သဖြင့် ဖမျက် ပုဆစ် ခါး သားမြတ်လည်တိုင်အောင်မြေသို့ဝင်၍ မေးရိုး၏ မြေ၌တည်သောကာလ သဗ္ဗညုဘုရားကို ရှိခိုးလျက်....

ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ, ဒေဝါတိဒေဝံ နရဒမ္မသာရထိံ၊

သမန္တစက္ခုံ သတပုညလက္ခဏံ, ပါဏေဟိ ဗုဒ္ဓံ သရဏံ ဂတောသ္မိ။

ဟူသောဂါထာကို ဆို၏။



နားတဘက်၌ ထင်းရွက်ကိုပန်လျက် မျက်စိတဘက်ကို အိုးမဲဖြင့် ကွင်းကြောင်၍
ခွေးကောင်ကို သားကောင်ကဲ့သို့ ချီပြီးလျှင် တအိမ်မှ တအိမ်သို့....၅၁၉

အဟံ၊ငါသည်။အဂ္ဂပုဂ္ဂလံ၊ မြတ်သောပုဂ္ဂိုလ် ဖြစ်တော် မူသော။ ဒေဝါတိ ဒေဝံ၊ သမ္မုတိ နတ်,ဥပပတ္တိ နတ်တို့ထက် လွန်မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော။နရဒမ္မသာရထိံ၊ လူနတ်တို့ကို ဆုံးမတော် မူတတ်ထသော။သမန္တစက္ခုံ၊ ထက်ဝန်းကျင်မှမြင်စွမ်းနိုင်သော သဗ္ဗညုတ ဉာဏ် ရှိတော်မူထသော။ သတပုညလက္ခဏံ၊ အရာမကသော ဘုန်းဖြင့် မှတ်အပ်ထသော။တံဗုဒ္ဓံ၊ထိုမြတ်စွာဘုရားကို။ ဣမေဟိ အဋ္ဌီဟိ၊ ဤအရိုးတို့ဖြင့် လည်းကောင်း၊ ဣမေဟိ ပါဏေဟိ၊ဤအသက်တို့ဖြင့်လည်းကောင်း သရဏံ သရဏံဂ္ဂတိ၊ကိုးကွယ်ရာ ဟူ၍ ဂတော၊ ဆည်းကပ်သည်။ အသို၊ ဖြစ်၏။

ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်း တည်းဟူသောအကြောင်းကို မြင်တော် မူသောကြောင့် သဗ္ဗညုဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုတော် မူ၏၊ ဒေဝဒတ်သည် အကယ်၍ ရဟန်း မပြု ငြားအံ့၊ လူ ဖြစ် လျက်လည်း လေးသော မကောင်းမှုကံကို ပြုလတ္တံ့၊နောင်အခါ ဘဝမှ ထွက်မြောက် ခြင်း၏ အကြောင်း ပြုခြင်းငှာ မတတ်နိုင်လတ္တံ့၊ ရဟန်း ပြု၍ကား လေးသော မကောင်းမှုကံကို အကယ်၍ ပြုလတ္တံ့၊ ယင်းသို့ပင် ပြုသော်လည်း နောင်အခါ ဘဝမှထွက်မြောက်ခြင်း၏အကြောင်းကို ပြုနိုင်လတ္တံ့၊ ထို့ကြောင့် သဗ္ဗညုဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုတော်မူသတည်း၊ တိုစကားသည်မှန်၏၊ဒေဝဒတ်သည်ဤကပ်မှကပ်တသိန်းထက်၌ အဋ္ဌိဿရ အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့။

> သော ဟိ ဣတော သတသဟဿ ကပ္ပမတ္ထကေ အဋ္ဌိဿရော
> နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ။
> (ဓမ္မပဒအဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ သော၊ ထိုဒေဝဒတ်သည်။ ဣတော၊ ဤကပ်မှ။ သတသဟဿ ကပ္ပမတ္ထကေ၊ ကပ်တသိန်းထက်၌။ အဋ္ဌိဿရောနာမ၊ အဋ္ဌိဿရ အမည်ရှိသော။ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤဒေဝဒတ်လည်း ဗျာဓိဒုက္ခမကင်းသောကြောင့် အတိုင်းမသိသော အနုပ္ပကမ်းသော ကာယိကဒုက္ခ,စေတသိကဒုက္ခကို ခံစားရချေ၏။

## ၁၄၃-ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ, စေတသိက ဒုက္ခနှစ်ပါးကို ခံစားရသော ငါးမျှားချိတ်သမား တံငါသည် ဝတ္ထု

မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့....ဒေဝဒတ်သည် အစွန်းနှစ်ဘက်၌ ဟူးဟူးပြောင်ပြောင်လှောင်၍ အလယ်ကောင်တွင် မစင်သုံးသော တံစူးဝါး ထင်းမီးစသည် တော၌လည်းကောင်း၊ ရွာ၌လည်းကောင်း ထင်းကိစ္စကို မပြီးစေသကဲ့သို့ ဤအတူ ဒေဝဒတ်သည် ဤသို့ သဘောရှိသော ထွက်မြောက်ကြောင်း သာသနာ၌ ရဟန်းပြု၍ နှစ်ပါးသော အစီးအပွားမှလျော့ချေ၏၊ လူ့စည်းစိမ်မှလည်း ယုတ်လေ၏၊ ရဟန်း၏အပြစ်ကိုလည်း မဖြည့်နိုင်လေဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညုဘုရား ကြွလာတော်မူ၍ မေးလျှင် အကြောင်းကို လျှောက်ကြကုန်၏၊ ချစ်သားတို့....ဒေဝဒတ်ကား ယခုအခါ၌သာ နှစ်ပါးသော အစီးအပွားမှ လျော့သည်မဟုတ်၊ ရှေး၌လည်း လျော့သည်သာတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားအလောင်းတော်သည် တော၌ ရုက္ခစိုးနတ်ဖြစ်တော်မူ၏၊ ထိုအခါ ရွာငယ်တခု၌ ငါးမျှားချိတ်သမားအမျိုးတို့သည် နေကြကုန်၏၊ ထိုသူတို့တွင် တယောက်သော ငါးမျှားချိတ်သမားသည် ငါးမျှားချိတ်ကို ယူပြီးလျှင် သားငယ် မလိမ်မာနှင့်တကွ အကြင် အိုင်ထုံး၌ သဘာဝအားဖြင့် ငါးမျှားချိတ်သမားတို့သည် ငါးတို့ကို ဖမ်းကုန်၏၊ ထိုအိုင်ထုံးသို့သွား၍ ငါးမျှားချိတ်ကိုချ၏၊ ငါးမျှားချိတ်သည် ရေဖြင့် ဖုံးအုပ်သော ဆစ်ငုတ်တခု၌ငြိ၏၊ ငါးမျှားချိတ်သမားသည် ငါးမျှားချိတ်ကို ငင်ခြင်းငှာ မတတ်နိုင်ရကား ငါးမျှားချိတ်သည် ငါးကြီး၌ ငြိသည် ဖြစ်လတ္တံ့ သားငယ်ကိုခေါ်ပြီးလျှင် အမိထံသို့စေ၍ အိမ်နီးချင်းတို့နှင့်တကွ ခိုက်ရန်ကိုပြုစေအံ့၊ ယင်းသို့ ပြုသည်ရှိသော် တစုံတယောက်သော သူသည် ငါးမှအဖို့ကို မတောင့်တလတ္တံ့ဟု ကြံ၏၊ ယင်းသို့ ကြံပြီးလျှင် ငါးမျှားချိတ်သမားသည် သားငယ်ကိုခေါ်၍ "ချစ်သား....သွားချေ၊ ငါတို့၏ ငါးကြီးကို ရအပ်သောအဖြစ်ကို မောင့်အမိအားကြားချေ၊ အိမ်နီးချင်းတို့နှင့်တကွ ခိုက်ရန်ပြုလော့" ဟု ဆိုချေစေ၏၊ ငါးမျှားချိတ်သမား

လည်း သားငယ်ကိုစေပြီးလျှင် ငါးများချိတ်ကိုင်ခြင်းငှာမစာတ်နိုင်ရကား ငါးများချိတ်ကြိုး ပြတ်အံ့သည်မှစိုးသောကြောင့် ပုဆိုးကိုချွတ်၍ အလွတ်ကုန်း၌ ထားလျက် ရေတွင်ဆင်း၍ ငါး၌ တပ်မက်မောသော လောဘအားဖြင့် ငါးကိုစုံစမ်းသော် သစ်ငုတ်တို့၌တိုက်မိ၍ မျက်စိနှစ်ဘက်ထွီသည် ထွက်ကုန်၏၊ ကုန်း၌ထားသော ထိုသူ၏ ပုဆိုးကိုလည်း သူခိုးသည် ဆောင်ယူလေ၏၊ ထိုငါးများချိတ်သမားသည် ပြင်းပြသော ဆင်းရဲဝေဒနာသို့ ရောက်သည်ဖြစ်၍ လက်ဖြင့် မျက်စိတို့ကို အုပ်လျက် ရေမှတက်၍ ပုဆိုးကို ရှာ၏၊ ငါးများချိတ်သမား၏မယား ငါးများချိတ်သည်မလည်း ခိုက်ရန်ပြု၍ တစုံတယောက်သော အိမ်နီးချင်း၏ မတောင့်တခြင်းကို ပြုအံ့ဟု တခုသော နား၌ ထန်းရွက်ကိုပန်လျက် တဘက်သောမျက်စိကို အိုးမဲဖြင့် ကွင်းကြောင်၍ တကောင်သောခွေးကို ရင်ခွင်ဖြင့်ချီပြီးလျှင် အိမ်နီးချင်းအိမ်သို့ သွားလေ၏၊ ထိုအိမ်နီးချင်းနေ အဆွေမတယောက်က ငါးများချိတ်သည်မကို ဤသို့ဆို၏၊ "သင်၏နားတဘက်၌ ထန်းရွက်ကိုပန်လျက် မျက်စိတဘက်ကို အိုးမဲဖြင့်ကွင်းကြောင်၍ ခွေးတကောင်ကို သားကဲ့သို့ချီပြီးလျှင် တအိမ်မှ တအိမ်သို့ လှည့်လည်ခြင်းသည် ရူးသလော" ဟု မေး၏၊ "ငါကား မရူး၊ ယင်းသို့လျက်ကို သင်သည်အကြောင်းမဲ့ ငါ့ကို ဆဲရေးခဲ့သည်၊ ယခုပင် ရွာစားထံသို့သွား၍ သင့်ကို ရှစ်သပြာစတို့ဖြင့် ဒဏ်ထားစေအံ့" ဟု ဆို၏၊ ဤသို့ အချင်းများပြီးလျှင် နှစ်ယောက်စလုံးပင် ရွာစားထံသို့ပင် သွားကြကုန်၏၊ ရန်ဖြစ်ရင်းကို ရှင်းလင်း သုတ်သင်လတ်သော် ထိုငါးများချိတ်သည်မ၏ ထိပ်ထက်၌သာ ဒဏ်လာ၍ ကျချေ၏၊ ထိုအခါ ငါးများချိတ်သည်မကို ဖွဲ့ချည်၍ ဥစ္စာဒဏ်ပေးလော့ဟု ပုတ်ခတ်ခြင်းငှာ အားထုတ်ကုန်၏၊ ထိုအခါ ရုက္ခစိုးနတ်သည် ရွာ၌ငါးများချိတ်သည်မ၏ အကြောင်းကိုလည်းကောင်း၊ တော၌ ငါးများချိတ်သည်မလင်၏ ပျက်စီးခြင်းကိုလည်းကောင်း မြင်၍ သစ်ခွကြား၌ ရပ်လျက် "အိုယောကျ်ား သင်၏အမှုသည် ရေ၌ လည်းကောင်း၊ ကုန်း၌လည်းကောင်း ပျက်စီး၏၊ နှစ်ပါးသော အစီးအပွားမှ ရွေ့လျောချေ၏" ဟု ဆို၍....

အက္ခီ ဘိန္နာ ပဋော နဋ္ဌော, သခီ ဂေဟေစ ဘဏ္ဍနံ၊
ဥဘတော ပဒုဋ္ဌာ ကမ္မန္တာ, ဥဒကမှိ ထလမှိစ။

ဟူသော ဂါထာကို ဆိုတော်မူ၏။

ဘောပုရိသ၊ အိုယောကျ်ား။ တေ၊ သင်၏။ အက္ခီ၊ မျက်စိသည်၊ ဘိန္နာ၊ ညှန့်စာပေ- ၇၀။

ကန်းချေ၏။ မဋ္ဌော၊ ပုဆိုးသည်။ နဋ္ဌော၊ ပျောက်ချေ၏။ ဂေဟေစ၊ အိမ်၌လည်း။ သခီ၊ အဆွေမသည်။ ဘဏ္ဍနံ၊ ခိုက်ရန်ကို။ ကရောတိ၊ ပြုချေ၏။ ဥဒက မို့စ၊ ရေ၌လည်းကောင်း။ တလမို့စ၊ ကြည်း၌လည်းကောင်း။ ဥဘတောဘော၊ နှစ်ပါးစုံ၌။ ဂ မွန္တာ၊ အမှုတို့သည်။ ပဒုဋ္ဌာ၊ ပျက်ကုန်၏။

သဗ္ဗညုဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ငါးများချိတ်သမားသည်ကား ယခုအခါ ဒေဝဒတ် ဖြစ်လာ၏၊ ရုက္ခစိုးနတ်သည်ကား ငါဘုရား ဖြစ်လာ၏ ဟု ဇာတ်ကိုပေါင်းတော်မူ၏။ ဤငါးများချိတ်သမားလည်း ဗျာဓိဒုက္ခ မကင်းသောကြောင့် အတိုင်းမသိသော ကာယိကဒုက္ခ စေတသိကဒုက္ခကို ခံစားရချေ၏။

---

၄၄-ဗျာဓိတရား နှိပ်စက်အပ်သည်ဖြစ်၍ ကာယိကဒုက္ခ စေတသိကဒုက္ခနှစ်ပါးကို ခံစားရသော တိဿရဟန်း အတိတ်ဘဝက လုလင်တို့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ သာဝတ္ထိပြည်သား သုံးကျိပ်မျှလောက်သော အမျိုးသားတို့သည် ဘုရားသဗ္ဗညုအထံ၌ ရဟန်းပြုကုန်၏၊ ထိုအမျိုးသားတို့သည် ဆရာဥပဇ္ဈာယ်ကို နှစ်သိမ့်စေ၍၊ ပဉ္စင်းအဖြစ်ကိုရပြီးသော် ငါးဝါတို့ပတ်လုံး ဆရာဥပဇ္ဈာယ်တို့အထံ၌နေပြီးမှ ဒွေမာတိကာကို လေ့ကျက်၍ အပ်မအပ်ကို သိပြီးသည်ရှိသော် အနုမောဒနာ သုံးခုတို့ကို သင်၍ သက်န်းချုပ်ဆိုးပြီးလျှင် ရဟန်းတရားကို အားထုတ်ကုန်အံ့ဟု ဆရာဥပဇ္ဈာယ်တို့ကို ပန်ကြားပြီးလျှင် သဗ္ဗညုဘုရားသို့ ကပ်လျက် ရှိခိုး၍ သင့်တင့်သောအရပ်၌ နေထိုင်ပြီးသော် "ဘုန်းတော်ကြီးလှသောဘုရား.... အကျွန်ုပ်တို့ကား ဘဝ၌ ဆန့်ကျင်ကုန်၏၊ ဇာတိ ဇရာ ဗျာဓိ မရဏတို့မှ ကြောက်ပါကုန်၏၊ အကျွန်ုပ်တို့အား သံသရာမှ ထွက်လွတ် ခြင်းငှာ ကမ္မဋ္ဌာန်းကိုဟောတော်မူပါ" ဟု တောင်းပန်ကုန်၏၊ သဗ္ဗညုဘုရားလည်း ထိုရဟန်းတို့၏ အဇ္ဈာသယကိုကြည့်၍ သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို စူးစမ်း၍ဟောတော်မူ၏၊ ထိုရဟန်းတို့လည်း ဘုရားသဗ္ဗညုအထံ၌ ကမ္မဋ္ဌာန်းကို သင်ပြီးလျှင် ဘုရားသဗ္ဗညုကို ရှိခိုး၍ လကျာရစ်လည်သည်ကိုပြု၍ ပရိဝုဏ်သို့ ပြန်ပြီးလျှင် ဆရာဥပဇ္ဈာယ်တို့ကို ဖူးမြင်ပြီးသော် သပိတ်သင်္ကန်းကိုယူ၍ ရဟန်းတရားကို အားထုတ်အံ့ဟု ထွက်ကုန်၏၊ ထိုအခါ သုံးကျိပ်သော ရဟန်းတို့၏ အတွင်း၌

အမည်အားဖြင့် ကုဋုမ္ဗိက ပုတ္တတိဿထေရ်ဟု အမည်တွင်သော ရဟန်းတယောက်သည် ပျင်းရိသည်ဖြစ်၍နေရစ်၏၊ ထိုရဟန်းတို့သည် ကောသလဇနပုဒ်တို့၌ ဒေသစာရီ လှည့်လည်ကုန်သည်ဖြစ်၍ အမှတ်မရှိသော ရွာစွန်သို့သွားပြီးလျှင် ထိုရွာကိုအမှီပြု၍ ရဟန်းတရားကို အားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ရောက်၍ ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ ပြန်လာကုန်၏၊ သဗ္ဗညုဘုရားလည်း ထိုရဟန်းတို့နှင့်တကွ သာယာသောစကား အစေ့အစပ်ကို ပြုတော်မူ၏၊ မိမိတို့ရအပ်သော တရားအထူကို သဗ္ဗညုဘုရားအားလျှောက်ကြားသော် ချီးမွမ်းတော်မူ၏၊ ယင်းသို့ချီးမွမ်းသံကိုကြားလျှင် သူကြွယ်သား တိဿလည်း မိမိသည် ရဟန်းတရားကို အားထုတ်လို၏၊ ထိုရဟန်းတို့လည်း "အရှင်ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်တို့ကား တောကျောင်းသို့ ပြန်ပါကုန်အံ့" ဟု လျှောက်သော် ခွင့်ပြုတော် မူ၍ ပရိဝုဏ်သို့ ပြန်သွားကြကုန်၏၊ ထိုအခါ သူကြွယ်သား တိဿသည်း ညဉ့်အဖို့၌ အလွန် အားထုတ်သည် ဖြစ်၍ လျင်မြန်သော အဟုန်ဖြင့် ရဟန်းတရားကို အားထုတ်သည်ရှိသော် မဇ္ဈိမယာမ်၏အခြားမဲ့၌တံကဲပျဉ်ကို မှီ၍ရပ်လျက် ငိုက်မျဉ်းသောကြောင့် လန့်၍လည်းရကား ပေါင်ရိုးသည် ကျိုးခဲ့၍ ပြင်းပြစွာသော ဆင်းရဲဝေဒနာသည် ဖြစ်၏၊ တိဿရဟန်းကို သုတ်သင်ရကား တောကျောင်းရဟန်းတို့သည် မသွားဖြစ်လေ၊ ထိုအခါ ခစားသောအခါ၌ လာသောရဟန်းတို့ကိုမြင်၍ "သင်တို့သည် နက်ဖြန်ခါ ပြန်ပါကုန်အံ့ဟု ယမန်နေ့၌ ငါ့အား လျှောက်ထားသည် မဟုတ်လော၊ အဘယ့်ကြောင့် မပြန်ကြသနည်း" ဟု မေးတော်မူ၏၊ "အရှင်ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်တို့၏ အဆွေ သူကြွယ်သား တိဿသည် အခါမဟုတ်သည်၌ ရဟန်းတရားကို လျင်မြန်စွာအားထုတ်သော် ငိုက်မျဉ်းရကား လန့်၍လည်းသောကြောင့် ပေါင်ရိုးကျိုး၍ မသွားဖြစ်ပါသည်" ဟု လျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း "ချစ်သားတို့...ဤတိဿသည် ယခု၌သာ သင်တို့၏ သွားခြင်းအန္တရာယ်ကို ပြုသည်မဟုတ်၊ ရှေး၌လည်း ပြုသည်သာတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဘုရားအလောင်းတော်သည် ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာသော လုလင်တို့အား အတတ်ကို သင်စေ၏၊ ထိုအခါ ငါးရာသော လုလင်တို့သည် စာနေ့သည်၌ ထင်းဆောင်ခြင်းငှာ တောသို့ သွား၍ ထင်းတို့ကို ချိုးကုန်

၏၊ ထိုသူတို့၏ အတွင်း၌ ပျင်းရိသော လုလင် တယောက်သည် အရွက်ကြွေသော ရေခံတက်ပင်ကိုမြင်၍ ဤ သစ်ပင်ကား အခြောက် တည်းဟု မှတ်ထင်သဖြင့် အတန်ငယ်အိပ်ပြီးမှ ချိုး၍သွားအံ့ဟု အထက် ပုဆိုးကိုခင်း၍ လျောင်းသော် အိပ်ပျော်ခြင်းသို့ရောက်လေ၏၊ ကြွင်းသော လုလင်တို့လည်း ထင်းတို့ကိုစည်း၍ လာပြီးသော် ခြေဖြင့် ကျောကို ကန် လျက် နိုးစေ၍ သွားကြကုန်၏၊ လုလင်ပျင်းလည်း အဆောတလျင် ထ၍ မျက်စိတို့ကိုသုတ်ပြီးသော် အိပ်မွေ့ခြင်း မကင်းပဲလျက် ရေခံတက်ပင် သို့တက်၍ အခက်ကိုကိုင်ပြီးလျှင် မိမိကိုယ်သို့ ရွေ့ရှင်၍ ချိုးသော် ခံတက်ကိုင်းကျိုး၍ ထသော အကိုင်းစွန်းဖြင့် မျက်စိကိုထိုးမိ၍ ပေါက်ရ ကား လက်တဘက်ဖြင့် မျက်စိကိုပိတ်လျက် လက်တဘက်ဖြင့် ထင်းတို့ကို ချိုး၍ သစ်ပင်မှ ဆင်းပြီးသော် ထင်းစည်းကိုစည်းလျက် ဦးခေါင်းဖြင့် ရွက်၍ အဆောတလျင် လာ၍ပြီးလျှင် ထိုလုလင်တို့ ချထားသော ထင်း၏ အထက်၌ မိမိထင်းကို ချထား၏၊ ထိုအခါ ဇနပုဒ်ရွာမှ တဦးသော အမျိုး သည် နက်ဖြန် ပုဏ္ဏားတို့ ရွတ်ဖတ်ခြင်းကို ပြုအံ့ဟု ဆရာကိုလာ၍ဖိတ်၏၊ ဆရာလည်း လုလင်တို့ကို "အမောင်တို့....နက်ဖြန် ထိုရွာသို့ သွားရ လိမ့်မည်၊ သင်တို့ အစာမရှိသဖြင့် သွားခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့၊ သို့ဖြစ်၍ စောစောနံနက် ယာဂုကိုချက်၍ ထိုရွာသို့သွားပြီး လျှင်မိမိရအပ် သော အဖို့တို့ကို လည်းကောင်း, ငါတို့အား ဆောက်သော အဖို့ကို လည်း ကောင်း အလုံးစုံကို ယူဆောင်၍ လာခဲ့" ဟု ဆို၏၊ လုလင်တို့လည်း စောစော နံနက် ယာဂုချက်ခြင်းငှာ ကျွန်မကိုထစေ၍ လျင်မြန်စွာ ငါတို့ဖို့ ယာဂုကိုချက်လော့ဟု ဆိုကုန်၏၊ ကျွန်မလည်း မီးမွေးခြင်းငှာ ထင်းတို့ကို ယူသည်ရှိသော် ထင်းစိုကိုယူ၍ အထပ်ထပ် ပါးစပ်ခံတွင်းလေကိုမှုတ်သော် လည်း မီးကို တောက်စေခြင်းငှာ မတတ်နိုင်ရကား နေကို ထွက်စေ၏၊ လုလင်တို့လည်း နေမြင့်ရကား ယာနေ့သွားခြင်းငှာ မတတ်ကောင်းပြီဟု ဆရာ့အထံသို့ လာကြကုန်၏၊ ဆရာလည်း "အမောင်တို့........မသွားကြ ကုန်လော" ဟု မေးသော် "အေး ဆရာ....ငါတို့မသွားကုန်"ဟု ဆို၏၊ အဘယ်ကြောင့်နည်းဟု မေးသော် ဤအမည်ရှိသော လုလင်ပျင်းသည် အကျွန်ုပ်တို့နှင့်တကွ ထင်းအလို့ငှာ တောသို့သွား၍ ရေခံတက်ပင်ရင်း၌ အိပ်ပြီးမှထ၍ လျင်မြန်စွာသစ်ပင်ထက်သို့ တက်၍ မျက်စိတို့ကို ဖောက်ပြီး လျှင် စိုသော ရေခံတက်သား ထင်းတို့ကိုဆောင်၍ကျွန်ုပ်တို့ ဆောင်အပ်

သော ထင်းထက်၌ ချထား၏၊ ယာဂုချက်သော ကျွန်မသည်ထိုထင်းစိုတို့ကို ထင်းခြောက် ဟူသော အမှတ်ဖြင့် နေ့ထွက်သည် တိုင်အောင်လည်း မီးကိုညှိခြင်းငှာ မတတ်နိုင်လေ၊ ဤအကြောင်းကြောင့် အကျွန်ုပ်တို့ အား သွားခြင်းအန္တရာယ်သည် ဖြစ်၏ဟု လျှောက်ကုန်၏၊ ဆရာလည်း လုလင် ပြုအပ်သောအမှုကိုကြားလျှင် အလွန်မိုက်သောသူတို့၏ အမှုကိုမှီ၍ ဤသို့ သဘောရှိသော ဆုတ်ယုတ်ခြင်းသည် ဖြစ်၏ဟု ဆိုပြီးလျှင်....

ယော ပုဗ္ဗေ ကရဏီယာနိ, ပစ္ဆာ သော ကာတုမိစ္ဆတိ၊
ဝရုဏကဋ္ဌဘဉ္ဇောဝ, သ ပစ္ဆာ အနုတပ္ပတိ။

ဟူသော ဂါထာကို ဆိုတော်မူ၏။

ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ ရှေး၌။ ကရဏီယာနိ၊ ပြုအပ်သော အမှုတို့ကို။ ပစ္ဆာ၊ နောက်မှ။ ကာတုံ၊ ပြုခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ သော၊ ထိုသူသည်။ ဝရုဏကဋ္ဌဘဉ္ဇောဝ၊ ရေခံတက် ထင်းကို ချိုးသော လုလင်ကဲ့သို့။ ပစ္ဆာ၊ နောက်၌။ အနုတပ္ပတိ၊ ပူပန်ရ၏။

ဤသို့ ဆရာသည် တပည့်တို့အား တရားဟောတော်မူ၏၊ သဗ္ဗညုဘုရား လည်း ဤအကြောင်းကို ဆောင်တော်မူ၍ ထိုအခါ မျက်စိ ကန်းသော လုလင်သည် ယခုအခါ ပေါင်ကျိုးသော သူကြွယ်သား တိဿရဟန်း ဖြစ်လာ၏၊ ကြွင်းသော လုလင်တို့ကား ငါဘုရား ပရိသတ် ဖြစ်လာကုန်၏၊ ဆရာပုဏ္ဏားကား ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤ မျက်စိကန်းသော လုလင်, ပေါင်ကျိုးသော တိဿရဟန်း တို့လည်း ဗျာဓိဒုက္ခ မကင်းသောကြောင့် အတိုင်း မသိသော ကာယိက ဒုက္ခ, စေတသိကဒုက္ခ ခံစားရချေကုန်၏။

၁၄၅-ဤဗျာဓိတရားသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၌ပင် သော်လည်း နှိပ်စက်ကျရောက်သည်ကို ပြတ်စွာဘုရား၏ ကမ္ဘပိုလောတိက ၁၂-ပါးအဝင် ဗျာဓိဒုက္ခတို့ကို ထုတ်ပြရာ

ဤဗျာဓိဒုက္ခကား ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်မှသာငြိမ်းသည်၊ ဝိပါက် ကမ္မဇရုပ် အကြွင်းရှိသော သဉပါဒိသေသ နိဗ္ဗာနဓာတ်၌ တည်သော ဘုရား, ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အားလည်း မလွတ်၊ ယင်းသို့ မလွတ်သည်ရှိသော်လည်း ပစ္စေကဗုဒ္ဓါ,

ရန္တဟာတို့အား ထိုဗျာဓိဒုက္ခကြောင့် ကာယိကဒုက္ခသာရှိသည်၊ စေတသိက ဒုက္ခ မရှိ။

ခီဏာသဝါနံ စေတသိကဒုက္ခံ နာမ နတ္ထိ၊ ကာယိကဒုက္ခံ ပန ဟောတိယေဝ။

(ဥဒါန်း အဋ္ဌကထာ)

ခီဏာသဝါနံ၊ရဟန္တာပုဂ္ဂိုလ်တို့အား။ စေတသိကဒုက္ခံနာမ၊ စေတသိက ဒုက္ခမည်သည်။ နတ္ထိ၊ မရှိ။ ကာယိကဒုက္ခံပန၊ ကာယိက ဒုက္ခသည်ကား ဟောတိယေဝ၊ သာတည်း။

ထိုသို့ ရဟန္တာ ပုဂ္ဂိုလ်တို့အား ဗျာဓိ မကင်း၍ ကာယိက ဒုက္ခ၏ ဖြစ်ခြင်းကို သဗ္ဗညုဘုရား၏ ကမ္မပိလောတိက တဆယ့်နှစ်ပါးတွင် အကျုံး ဝင်သော ဦးခေါင်းတော်ကိုက်ခဲခြင်း,ခါးတော်ညောင်းနာခြင်း,ဝမ်းတော် လာခြင်းတို့ဖြင့်သိအပ်၏၊ ကမ္မပိလောတိက တဆယ့်နှစ်ပါးဟူသော်ကား-

(၁) မုနာလိ အမည်ရှိသော သေသောက်ကြူးဖြစ်၍ သုရဘိ အမည် ရှိသော ပစ္စေကဗုဒ္ဓါကို စွပ်စွဲခြင်း ပထမ,
(၂) ရင်းအမည်ရှိသော သေသောက်ကြူးဖြစ်၍ ဆန္ဒအမည်ရှိသော ဘုရားတပည့် သံ့ားတော်ကို စွပ်စွဲခြင်း ဒုတိယ,
(၃) ဒိသာပါမောက္ခ ဆရာဖြစ်၍ တပည့်ငါးရာတို့နှင့်တကွ ဘိမ္မ အမည်ရှိသော ရသေ့ကို စွပ်စွဲခြင်း တတိယ,
(၄) သူကြွယ်သားဖြစ်၍ အမိမတူသော ညီငယ်ကို ကျောက်ခဲနှင့် လှိမ့်ခြင်း စတုတ္ထ,
(၅) သူငယ်ဖြစ်၍ ပစ္စေက ဗုဒ္ဓါကို ကျောက်လှာနှင့် ဇစ်ခြင်း ပဥ္စမ,
(၆) ဆင်ထိန်းဖြစ်၍ ပစ္စေကဗုဒ္ဓါကို ဆင်နှင့်တိုက်ဝှေ့ခြင်း ဆဋ္ဌမ
(၇) မင်းဖြစ်၍ အချင်းကို လက်နက်ဖြင့် သတ်ခြင်း သတ္တမ,
(၈) တံငါသူငယ်ဖြစ်၍ သူတပါး ငါးသတ်သည်ကို ဝမ်းမြောက် ခြင်း အဋ္ဌမ,
(၉) ဖုဿဘုရား၏ တပည့်သားတော်တို့ကို ဆဲရေးခြင်း နဝမ,
(၁၀) လက်ဝှေ့သတ်ဖြစ်၍ သူတပါးကို ခါးကျိုးအောင် သတ်ခြင်း ဒသမ,

(၁၁) ဆေးသမားဖြစ်၍ သဌေးသားကို ဝမ်းလားဆေး ပေးခြင်း ကောဒသမ,

(၁၂) ဇောတိပါလ အမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ ကဿပ ဘုရားကို ဆဲရေးခြင်း ဒွါဒသမ,

ဤ တဆယ့်နှစ်ပါးတည်း၊ ဤတဆယ့်နှစ်ပါးကို ဟိမဝန္တာ တောဝယ် အနေါတတ်အိုင်၏ အနီးအပါး ကျောက်ဖျာအပြင်၌ ရဟန်းတို့အား ဟောတော်မူသည်ဟု အဇဒါန်ပါဠိတော်၌ လာ၏၊ ထိုတဆယ့်နှစ်ပါးတို့၏ အကျယ်ကား....

၁-ပထမ လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် အမှတ်မရှိသော ဘဝ၌ မုနာလိ အမည်ရှိသော သေသောက်ကြူး ဖြစ်၍ သဘောအားဖြင့် ကြမ်းတမ်းယုတ်မာမလိမ္မာသော အလေ့အကျက်ရှိရကား အပြစ်မရှိသော သုရဘိ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို သီလမရှိဟု စွပ်စွဲ၏၊ ထိုမကောင်းမှုကြောင့် ရှည်စွာသော ကာလပတ်လုံး ငရဲ၌ ကျက်ပြီးမှ အကျိုးအကြွင်း၏ အစွမ်းဖြင့် ဤ ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသော ကာလ၌လည်း သုန္ဒရီဇရိဗိုဇ်မ၏အကြောင်းကြောင့် လူအပေါင်း၏ အစွပ်အစွဲကို ခံတော်မူရ၏၊ (သုန္ဒရီ၏ စွပ်စွဲခြင်း အကျယ်ကို အောက်ဇာတိဒုက္ခ၌ ပြခဲ့ပြီ။)

၂-ဒုတိယ လွန်လေ ပြီးသော အခါ ဘုရား အလောင်းတော် သည် အမှတ်မရှိသောဘဝ၌ မုနာလိ အမည်ရှိသော သေသောက်ကြူး လည်းကောင်း ဖြစ်၍ အလုံးစုံသော တောဘူမကကို နှိမ်နင်းတော် မူတတ်သော သဗ္ဗညုဘုရား၏ နန္ဒအမည်ရှိသော တပည့်တော်ကို စွပ်စွဲခဲ့ဖူး၏၊ ထိုမကောင်းမှုကြောင့် ငရဲ၌ နှေညဉ့်ရှည်စွာကျက်ပြီးမှ အကျိုးကြွင်း၏အစွမ်းဖြင့် ဤပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောကာလ၌ စိဉ္စမာဏဝိကာပရိဗိုဇ်မ၏ အစွပ်အစွဲကို ခံတော်မူရ၏၊ (စိဉ္စမာဏဝိကာ၏ ဝတ္ထု အကျယ် ကိုလည်း အောက် ဇာတိဒုက္ခ၌ ပြခဲ့ပြီ။)

၃-တတိယ လွန်လေ ပြီးသော အခါ ဘုရား အလောင်းတော် သည် ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာသော လုလင်တို့ကို အတတ်ပညာသင်လျက် တောထဲ၌နေ၏၊ ထိုအခါ မိမိအထံသို့ ရောက်လာသော အဘိညာဉ် ငါးပါး, သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ဘိမ္မ အမည်

ရှိသော ရသေ့ကို ဤရသေ့ကား ကဇမစည်းစိမ်ကို ခံစားသော ရသေ့တည်းဟု စွပ်စွဲဆဲရေး၏၊ တပည့်လုလင် ငါးရာတို့လည်း စွပ်စွဲဆဲရေးစေ၏၊ ထိုမကောင်းမှုကြောင့် နေ့ညဉ့်ရှည်စွာ ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဤပစ္ဆိမဘဝ် ဘုရားဖြစ်တော်မူသော ကာလ၌လည်း သုန္ဒရီကြောင့် တပည့်ငါးရာနှင့်တကွ ကိုယ်တော်သည် အစွပ်အစွဲခံတော်မူရ၏၊ (ပထမဝတ္ထု၌ သုန္ဒရီကြောင့် ကိုယ်တော်သာ အစွပ်အစွဲ ခံတော်မူရသည်၊ ဤ တတိယ ဝတ္ထု၌ကား ကိုယ်တော်နှင့်တကွ တပည့်ငါးရာတို့ပါ အစွပ်အစွဲ ခံရသတည်း။)

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် သူကြွယ်
၄-စတုတ္ထ အမျိုး၌ ဖြစ်၍ ဖတူမိပြား ဖြစ်သော ညီငယ်ကို ဥစ္စာဟူသော အကြောင်းကြောင့် တောင်ကြားချောက်၌ချ၍ ကျောက်ခဲနှင့် လှိမ့်၏၊ ထိုမကောင်းမှုကြောင့် ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဤပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသော ကာလ၌ ဂိဇ္ဈကုဋ် တောင်ယံတွင် စင်္ကြံကြွတော်မူသောအခါ ဒေဝဒတ်သည် တောင်ထွတ်သို့ တက်ပြီးလျှင် ကျောက်ခဲကို လှိမ့်ချသည်ရှိသော် သဗ္ဗညုဘုရား၏ ဘုန်းတော်ကြောင့် ကျောက်ကခုသည် ပြေးလာ၍ခံလျှင် ကျောက်နှစ်ခုခတ်မိရာမှကျောက်လွှာ ကွာ၍ ခြေမတော်ဖျားကို ထိချေ၏၊ ထိုထိရာအရပ်ဝယ် သွေးပုပ်တည်၍ ရောဂါဝေဒနာ ပြင်းပြစွာဖြစ်ချေ၏၊ ထိုအနာကို ဇီဝကဆေးဆရာသည် ခွဲ၍ ချမ်းသာအောင် ပြု၏။

လွန်လေပြီးသော အခါ ဘုရားအလောင်းသည် သူကြွယ်ဖြစ်၍
၅-ပဉ္စမ လမ်းကြား၌ ကဲစားသော် ခရီးလမ်းမ၌ ပစ္စေကဗုဒ္ဓါကို မြင်၍ ကျောက်လွှာနှင့် ပစ်ချေ၏၊ ထိုမကောင်းမှုကြောင့် ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဤပစ္ဆိမဘဝ် ဘုရားဖြစ်တော်မူသော ကာလ ဂိဇ္ဈကုဋ် တောင်ယံတွင် နေတော်မူသောအခါ ဒေဝဒတ်သည် လေးသမားတို့ကိုစေ၍ လေးနှင့်ပစ်သည်ကို ခံတော်မူရ၏။

လွန် လေ ပြီးသောအခါ ဘုရား အလောင်းတော်သည်
၆-ဆဋ္ဌမ ဆင်ထိန်းဖြစ်၍ ပစ္စေကဗုဒ္ဓါ ဘုရား လမ်းကြား၌ ဆွမ်းခံသွားသည်ကို ဆင်နှင့် တိုက်စေ၏၊ ထို မကောင်းမှုကြောင့် ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဤ ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသော

ကာလ အဇာတသတ် ဒေဝဒတ်တို့ တိုင်ပင်၍ နာဠာဂိရိဆင်နှင့် တိုက်ဖျက်သည်ကို ခံတော်မူရ၏၊

၇-သတ္တမ လွန်လေပြီးသောအခါ ဘုရားလောင်းတော်သည် မင်းဖြစ်၍ ဓားလက်နက်ဖြင့် မိမိအချင်းကို သတ်ခဲ့ဖူး၏၊ ထိုမကောင်းမှုကြောင့် ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းနှင့် ဤပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောကာလ၌ ခြေမဖျားကို ဓားဖြင့် အခွဲခံရတော်မူချေ၏။

၈-အဋ္ဌမ လွန်လေပြီးသောအခါ ဘုရား အလောင်းတော်သည် တံငါရွာ၌ တံငါသူငယ်ဖြစ်၍ ရွာသူရွာသားတို့ ငါးသတ်ကြသည်ကို မြင်၍ ရွှင်လန်းသော ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏၊ ထိုမကောင်းမှုကြောင့် ဤပစ္ဆိမဘဝ ဘုရား ဖြစ်တော်မူသော ကာလဦးခေါင်းတော်၏ ကိုက်ခဲခြင်း ဆင်းရဲဝေဒနာကို ခံစားတော်မူရချေ၏၊ ထိုအခါ ငါးသတ်သော ရွာသူရွာသား ဘုရားအလောင်း၏ ဆွေတော်မျိုးတော် တို့သည်လည်း ပခုဘဝ သာကီဝင် မင်းမျိုး ဖြစ်လာ၍ ဝိဋ္ဋူဘ သတ်ချေ၏၊ (ထိုဝိဋ္ဋူဘ သတ်သော အခြင်းအရာကို အောက် ဇာတ်ဒုက္ခ၌ အကျယ်ပြခဲ့ပြီး။)

၉-နဝမ လွန်လေပြီးသောအခါ ဘုရား အလောင်းတော်သည် ဖုဿဘုရားသခင် သာသနာတော်၌ ရဟန်းတို့အားသလေးတို့ကို မစားပဲ မုယောတို့ကိုသာ စားပါကုန်လော့ဟု ဆဲရေးဖူး၏၊ ထိုမကောင်းမှုကြောင့် ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဤ ပစ္ဆိမ ဘဝ ဘုရားဖြစ်တော်မူသော ကာလ ဝေရဥ္စာပြည်ဝယ် သုံးလပတ်လုံး မုယောဆွမ်းကိုသာ ဖုန်းပေးတော် မူရချေ၏။

၁၀-ဒသမ လွန်လေပြီးသောအခါ ဘုရား အလောင်းတော် သူကြွယ်အမျိုး၌ ဖြစ်၍ စဉ်းငယ်ကွသော သဘောရှိ၏၊ အားခွန်ဗလကားအလွန်ကြီး၏၊ ထိုအခါ ကြီးမားသောလက်ပမ်းသည် လက်ဖျော့သတ် တယောက်သည် ထိုထိုသို့သော မင်းနေပြည် ရွာနိဂုံးတို့၌ လက်ပမ်းသည် လက်ဖျော့သတ်တို့ကို အောင်ခြင်းသုံ ရောက်၍ ဘုရားလောင်းနေရာသို့ ရောက်လာ၏၊ ထိုရွာ၌လည်း လက်ပမ်းသည် လက်ဖျော့သတ်တို့ကို အောင်စေ၍ သွားခြင်းငှာ အားထုတ်၏ ၊ထိုအကြောင်းကိုဘုရားလောင်းကြား၍ လက်ပမ်းပေါက်ပြီးလျှင် "လာ ငါနှင့်သတ်၍ သွားလော့"ဟု ဆို၏၊ ထိုလက်ပမ်းသည် လက်ဖျော့ သတ်ကြီးလည်း ရယ်သွမ်း၍ ကြီးမား

ညွန့်စာပေ- ၇၁။

ထွားကျိုင်းသော လက်ပမ်းသည် လက်ဝှေ့သတ်တို့မှ ထုံသော်လည်း ရှုံးခြင်းသို့ ရောက်ရသေး၏၊ သင်လူပု လူလို့ လူကွကား ငါ့အားအဘယ် လောက်အံ့နည်းဟုအရေးအရာ ဟိုးဟားဆိုပြီးလျှင် ဘယ်ညာ ရှေ့နောက် လက်ပမ်းပေါက်ခတ်လျက်ထွက်၏၊ ထိုသူနှစ်ယောက်တို့လည်းအချင်းချင်း လက်တို့ကို သုံးသပ်ကြကုန်၏၊ ဘုရားလောင်းလည်း ထိုလက်ဝှေ့ သတ် လက်ပမ်းသည်ကြီးကို ချီမပြီးလျှင် ကောင်းကင်၌ ချာချာပတ်ပတ် လှည့် ပြီးမှ မြေ၌ချ၍ ခါးရိုးကျိုးလျက် လဲစေ၏၊ အလုံးစုံသော ရွာသားတို့ သည် ဘုရားလောင်းအား ကောင်းချီးပေးကုန်၏၊ ဘုရားလောင်းလည်း ထိုလက်ဝှေ့သတ်လက်ပမ်းသည်အားခါးရိုးကိုဖြောင့်ပြီးလျှင် "သွားလေ တော့၊ ဤအခါမှစ၍ဤသို့မပြုလင့်"ဟုဆုံးမ၍ လွှတ်လိုက်၏၊ထိုမကောင်း မှုကြောင့်ဤပစ္ဆိမဘဝဘုရားဖြစ်တော်မူသော ကာလ၌လည်း ကျောတော် သည် မပြတ်ညောင်းကိုက်တော်မူ၏။

၁၁-ကောဋသမ လွန်လေပြီးသော အခါ ဘုရားအလောင်းတော် သည် ဆေးသမားဖြစ်၍ ဆေးကုစားလျက် အသက် မွေး၏၊ ထိုအခါ သဌေးသားတယောက်အား ဆေကုစားသော် အနာပျောက်ငြိမ်း လျက် ဆေးခပေးရမည့် အတွက်ကြောင့် မငြိမ်းယောင် ဆောင်၍ နေ၏၊ ထိုအခါ ဘုရားအလောင်းက သဌေးသား၏ နေကတိုက ဝဠ္ဌနသဘောကို သိသောကြောင့် ဝမ်းကျ ဝမ်းအော့ဆေးကို ပေး၏၊ ထိုမကောင်းမှုကြောင့် ဤပစ္ဆိမဘဝ ဘုရားဖြစ် တော်မူသော ကာလ၌လည်း ဝေသာလီ ပြည်၏ အနီး ဝေဠုဝရွာငယ် ဝါကပ်တော်မူသော ကာလ ဝါတွင်း၌ သွေးခြင်း အနီးရှိသော သွေးအန်နာ ဖြစ်တော်မူ၏ ပရိနိဗ္ဗာန်ပြုကာနီးကာလ၌လည်း စုန္ဒပန်းထိမ်သည်၏၊ ဝက်သားဆွမ်းကို ဖုန်းပေးတော်မူလျှင် သည်းစွာ ဝမ်းလားတော်မူ၏၊ ပါဝါ ပြည်မှ ဝက်သားဆွမ်းကို ဖုန်းပေး၍ ကုသိနာရုံ ပြည်သို့ ကြွတော်မူသည်၊ ပါဝါပြည်နှင့် ကုသိနာရုံပြည်ကား သုံးဂါဝုတ် မျှသာ ကွာ၏၊ ထိုသုံးဂါဝုတ်မျှသောခရီးကိုဝမ်းသွားတော်မူသောကြောင့် အလွန် ပင်ပန်းရကားနှစ်ဆယ့်ငါးဌာနတို့၌နားနေ၍ ဖြည်းဖြည်းသာသာ နေဝင်ခါနီးမှ ကုသိနာရုံပြည်သို့ ရောက်တော်မူ၏။

၁၂-ဒွါဒသမ လွန်လေပြီးသော အခါ ဘုရား အလောင်းတော်သည် ကဿပ ဘုရား သာသနာတော်၌ ရတနာသုံးပါးကို မကြည်ညိုသော မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်အားဖြင့် ဇောတိပါလ

လုလင်ဟုတွင်၏၊ ထိုဇောတိပါလ လုလင်သည် ကဿပဘုရားသခင်သည် အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်ကို ရတော်မူသည်ဟု နုတ်လူတို့ ချီးမွမ်းအံ့သြသော စကားကိုကြားလျှင် အမျိုးဇာတ်အားဖြင့် ရတနာသုံးပါး၌ မကြည်ညိုရကား ဦးပြည်းအား အဘယ်မှာ အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်ရှိအံ့နည်း၊ အရဟတ္တမဂ်ဉာဏ် ,သဗ္ဗညုတဉာဏ်သည် အလွန်ရခဲသည်ဟု ဆဲခရေ၏။

အာစာဟံ ဇောတိပါလော, သုဂတံ ကဿပံ တဒါ၊
ကဲတော န ပေါဓိမုဏ္ဍဿ, ပေါဓိ ပရမဒုလ္လဘာ။
(အပဒါန်ပါဠိတော်)

တဒါ၊ ထိုကဿပဘုရား ပွင့်တော်မူသော အခါ၌၊ ဇောတိပါလော၊ ဇောတိပါလ အမည်ရှိသော၊ အဟံ၊ ငါပုဏ္ဏား လုလင်သည်၊ မုဏ္ဍဿ၊ ဦးပြည်းအား။ ပေါဓိ၊ အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်သည်၊ ကုတော နု၊ အဘယ်မှာရှိအံ့နည်း၊ ပေါဓိ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သည်။ ပရမဒုလ္လဘာ။ အလွန်ရခဲ၏၊ ဣတိ၊ သို့ (ထည့်) ကဿပံ၊ ကဿပအမည်ရှိသော။ သုဂတံ မြတ်စွာဘုရားကို။ အဝစံ၊ အလွန်အကျုံး မစူးမစမ်း ဆိုမိချေ၏။

ထိုမကောင်းမှုကြောင့်ဥရုဝေလတော၌ ခြောက်နှစ်ပတ်လုံး သဗ္ဗညုတဉာဏ်၏ အကြောင်းမဟုတ်သော အကျင့်ကို ကျင့်တော်မူသဖြင့် များစွာဆင်းရဲခံတော်မူရ ချေ၏၊ ဤတဆယ့် နှစ်ပါးသော ဘုရား လောင်း၏ မကောင်းမှုကို ကမ္ဗဝိလောတိကဟု အပဒါန် ပါဠိတော်၌ ဟောတော်မူသည်။

သုံးခါစုပ်စွဲ၊ ကျောက်ခဲလှိမ့်လစ်၊ လေးပစ်တလိုက်၊ ဆင်တိုက်ထားခွဲ၊ ခေါင်းခဲ မုဒိဿ၊ ကျောက်ကိုက်ဘမ်းကျ၊ ဒုက္ကရကို၊ ကမ္ဗဝိလော၊ ဆယ့်နှစ်ဟော။

ဤကမ္ဗဝိလောတိက တဆယ့်နှစ်ပါးကိုပင်လျှင် ဝိပါက်တော် တဆယ့်နှစ်ပါးဟု၍လည်း ဆိုကြကုန်၏။

ဤသို့ သဗ္ဗညုဘုရားစင်လျက်လည်း ကမ္ဗဝိလောတိက တဆယ့်နှစ်ပါးတွင်အကျုံးဝင်သော ခေါင်းတော်ကိုက်ခဲခြင်း, ကျောတော်နာကျင်ခြင်း, သွေးအန်၍ ဝမ်းတော်ကျခြင်း တည်းဟူသော ဗျာဓိဒုက္ခ မကင်းသောကြောင့် အဘိုင်းမသိသော ကာယိကဒုက္ခကို ခံစားတော်မူရ၏၊ ရဟန္တာ

ဖြစ်ရှိသော စေတသိကဒုက္ခမရှိသည်၊ ဤသို့ ဘုရား၊ ရဟန္တာတို့မှသော်လည်း ဗျာဓိဒုက္ခမကင်းသောကြောင့် ကာယိကဒုက္ခကို ခံစားရသည်ကို ထောက်လျှင် အခြားသတ္တဝါတို့မှာ ဆိုရာမရပြီ၊ ဗျာဓိဒုက္ခကြောင့် အတိုင်းမသိသော ကာယိကဒုက္ခကို ခံစားရမည်ပင်ဖြစ်သည်၊ ထို့ကြောင့် ဗျာဓိဒုက္ခဟူသော သံဝေဂဝတ္ထု တရားကား ကြောက်ကောင်းဖွယ် တကားဟု နှလုံးထား၍ ဉာဏသံဝေဂကို ပွားများစေအပ်၏၊ ဉာဏသံဝေဂ ပွားများမှလည်း အသင့်အားဖြင့် တရားအားထုတ်မည်၊ တရားကို အားထုတ်မှလည်း နိဗ္ဗာန်သို့ရောက်မည်၊ နိဗ္ဗာန်သို့ရောက်မှလည်း ဗျာဓိဒုက္ခငြိမ်းမည် သူတော်ကောင်းတို့-။

ဗျာဓိဒုက္ခကိုခံစားရကုန်သောသူတို့၏ ဝတ္ထုသာကေသကို ကျမ်းဂန်တွင် ထင်သမျှပင် ပြခဲ့သော်လည်း ဤကျမ်းသည် အလွန်ကျယ်၍ အလွယ်နှင့် အပြီးသို့မရောက်နိုင်ရာ၊ ထို့ကြောင့် ဤမျှ ပြဆိုပြီးသော ဝတ္ထုသာကေသဖြင့် သံဝေဂဉာဏ် ဖြစ်လောက်ပြီဟု နှလုံးပြု၍ လျစ်လျူရှုခဲ့သတည်း။

ဗျာဓိဒုက္ခဟူသောသံဝေဂဝတ္ထုတရားကား ပြီး၏။

---

(မရဏဒုက္ခ)

၁၄၆-သံဝေဇနီယဝတ္ထု ရှစ်ပါးအနက် ၄-ခုမြောက် မရဏဒုက္ခ
အရာဝယ် မရဏဒုက္ခ ဟူသောပါဠ်၌ မရဏပုဒ်တစိတ်၏
အဓိပ္ပါယ်နှင့်တကွ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန် တို့ကို ပြရာ

ယခုအခါ မရဏဟူသော သံဝေဂတရားကို ဆိုပေအံ့၊ ထိုမရဏကို ဝိဘင်းပါဠိတော်၌....

တတ္ထ ကတမံ မရဏံ၊ ယာ တေသံ တေသံ သတ္တာနံ တမှာတမှာ သတ္တနိကာယာ စုတိ၊ စဝနတာ၊ ဘေဒေါ၊ အန္တရဓာနံ၊ မစ္စု၊ မရဏံ၊ ကာလံကိရိယာ၊ ခန္ဓာနံ ဘေဒေါ၊ ကဠေဝရဿ နိက္ခေပေါ၊ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ မရဏံ ......ဟု အကျယ် ဟောတော်မူအပ်၏။

တတ္ထ၊ ထိုဇာတိ အစရှိသည်တို့တွင်။ မရဏံ၊ မရဏသည်။ ကတမံ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသော သတ္တဝါတို့၏၊ တမှာတမှာ သတ္တနိကာယာ၊ ထိုထိုသောသတ္တဝါအပေါင်းမှ။ ယာစုတိ၊ အကြင်

ရွေ့ခြင်းသည်။ယာစဝံနတာ၊အကြောင်ရွေ့သောအဖြစ်သည်။ယောဘေဒေါ၊ အကြောင် ပျက်ခြင်းသည်။ယံ အန္တရဓာနံ၊အကြောင် ကွယ်ခြင်းသည်။ ယော မတ္စု ၊အကြောင်သေခြင်းသည်။ယံမရဏံ၊အကြောင်သေခြင်းသည်။ ယာ ကာလံ ကိရိယာ၊အကြောင် အဆုံးကာလကို ပြုခြင်းသည်။ယော ခန္ဓာနံ ဘေဒေါ၊ အကြောင်ခန္ဓာတို့၏ ပျက်ခြင်းသည်။ယော ကဠေဝရဿ နိက္ခေပေါ၊ အကြောင် ကိုယ်ကောင်ကို ပစ်ချခြင်းသည်။ ယော ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ အကြောင်ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣဒံ၊ ဤရွေ့ခြင်း အစရှိသည်ကို။ မရဏံ၊မရဏဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤပါဠိတော်၌ ကိုယ်ကောင်ကို ပစ်ချခြင်း၏ အကြောင်းဖြစ်သော ကြောင့် မရဏကို ဖလူပစာရအားဖြင့် ကဠေဝရဿ နိက္ခေပေါဟု ဟောတော်မူအပ်၏။

ဧတ္ထစ ကဠေဝရဿ နိက္ခေပကာရဏတော မရဏံ ကဠေဝရဿ နိက္ခေပေါတိ ဝုတ္တံ။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ဧတ္ထစ၊ဤပါဠိတော်၌ကား။ ကဠေဝရဿ၊ ကိုယ်ကောင်ကို။ နိက္ခေပကာရဏတော၊ ပစ်ချခြင်း၏ အကြောင်း ဖြစ်သောကြောင့်။ မရဏံ၊ မရဏကို ကဠေဝရဿ နိက္ခေပေါတိ၊ကဠေဝရဿ နိက္ခေပေါ ဟူ၍။ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဤ အဋ္ဌကထာ၌ကား....နိက္ခိပနံ နိက္ခေပေါ-ဟု ဘာဝသာဓနဲ ပြုသည်အခိုက်ကို ရည်သည်၊နိက္ခိပတိ ဧတေနာတိ နိက္ခေပေါ-ဟု ကရဏ သာဓနပြုမှု မချပင် သင့်၏၊ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ ဟူသောပါဌ်ဖြင့် ဣန္ဒြိယဗဒ္ဓသဝိညာဏက၏ သာလျှင် သေခြင်း မည်သည်ဖြစ်၏၊ အနိန္ဒြိယဗဒ္ဓ အဝိညာဏက အားဖြင့် သေခြင်း မည်သည်မရှိဟု ပြတော်မူ၏၊ ကောက်ပင်သည် သေ၏၊ သစ်ပင် သည် သေ၏ဟူသော စကားကား ဝေါဟာရမျှသာ၊ အနက်အား ဖြင့် ဤသို့ သဘောရှိသော စကားတို့သည် သောက်ပင်, သစ်ပင် တို့၏ ကုန်ခြင်း ပျက်ခြင်းသဘောကိုသာ ပြကုန်၏။

မရဏသည် ခဏိကမရဏ, သမ္မုတိမရဏ,သမုစ္ဆေဒ မရဏ ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုတွင် ပာတ္တိအခါ ရုပ်နာမ်တို့၏ ပျက်ခြင်းသည် ခဏိကမရဏမည်၏၊ဘိဿသည် သေ၏ ဖုဿသည် သေ၏ဟု ဆိုခြင်းသည် သမ္မုတိ မရဏမည်၏၊ ရဟန္တာ ပုဂ္ဂိုလ်၏ တဖန် ပဋိသန္ဓေ မနေသော

အားဖြင့် သေခြင်းသည် သမုဒ္ဒယ မရဏာ မည်၏၊ ထိုသုံးပါးတို့တွင် ဤအရာ၌ သမ္မုတိမရဏာကိုအလိုရှိအပ်၏၊ ထိုမရဏာသည် ရွေ့ခြင်းလက္ခဏာ ရှိ၏၊ ဘဝ၌ မယှဉ်ခြင်းကိစ္စရှိ၏၊ ကွေကွင်းခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏၊ ဇာတိလျှင် နီးစွာသော အကြောင်းရှိ၏။

## ၁၄၇-မရဏာ ဒုက္ခ ဟူသောပါဌ်၌ မရဏာဟူသည် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့၏ တည်ရာဖြစ်သည်ကိုပြရာ

ဤ မရဏာ သည်လည်း မိမိကား ဒုက္ခမဟုတ်၊ စင်စစ် သော်ကား ကာယိက ဒုက္ခ, စေတသိက ဒုက္ခနှစ်ပါးတို့၏ တည်ရာ ဖြစ်သောကြောင့် ဒုက္ခဟု ဟောတော်မူအပ်၏။

ဣဒံပိ သယံ န ဒုက္ခံ'ဒုက္ခဿ ပန ဝတ္ထုဘာဝေန ဒုက္ခန္တိ ဝုတ္တံ။
(ဝိဘင်းအဋ္ဌကထာ)

ဣဒံပိ၊ ဤမရဏာသည်လည်း။ သယံ၊ မိမိသည်၊ န ဒုက္ခံ၊ ဒုက္ခမဟုတ်။ ပန၊ စင်စစ်သော်ကား။ ဒုက္ခဿ၊ ကာယိက ဒုက္ခ, စေတသိက ဒုက္ခ၏။ ဝတ္ထုဘာဝေန၊ တည်ရာအကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

မရဏံယေဝ ဒုက္ခံ ဒုက္ခဿ ဝတ္ထုတ္တာတိ မရဏာဒုက္ခံ....ဟူသော ဝစနတ္ထကြောင့် မရဏာဒုက္ခမည်၏ဟု ပြသည်။

မရဏံယေဝ၊ မရဏာသည်သာလျှင်။ ဒုက္ခဿ၊ ဒုက္ခ၏။ ဝတ္ထုတ္တာ၊ တည်ရာအကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိ၊ ထိုကြောင့်။ မရဏာဒုက္ခံ၊ မရဏာဒုက္ခ မည်၏။

---

## ၁၄၈-မရဏာဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော မရဏာတရား နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာသော ကာယိကဒုက္ခ, စေတသိကဒုက္ခကို ခံစားရသော ရဟန်းအို ဝတ္ထု

သေခြင်းလျှင် အနီးရှိကုန်သော ကိုယ်၌ဖြစ်သော ဝေဒနာ တို့သည် လေညာသို့ ရွေးရှုကိုင်ယူ အပ်သော ပြောင်ပြောင် တောက်သော မြက် မီးရှူးကဲ့သို့ ကိုယ်ကိုလောင်ကုန်၏၊ ရေနိမိတ် စသည်တို့၏ ထင်သော

ကာလ၌ ပြင်းပြသော စေတသိက ဒုက္ခသည် ဖြစ်၏၊ သောသောသတ္တဝါ ဟူသမျှသည် သေခြင်းအနီးရှိသော ကာယိက ဒုက္ခကို သည်းမခံနိုင်၍သာ သေကြရကုန်သည်၊ နိရယနိမိတ် စသည် ထင်သည့်ကာလ ပြင်းပြသော စေတသိကဒုက္ခ ဖြစ်ရာ၌ ဝတ္ထုသက်သေ အမြွက်မျှကား—

သောဏ တောင်ခြေဝယ် ပစ္စေလကျောင်း၌ သီတင်း သုံးနေသော သောဏ အမည်ရှိသော မွေကထိက ပုဂ္ဂိုလ်တယောက်သည် ရှိသတတ် ထိုပုဂ္ဂိုလ်၏အဖသည် ခွေးအပေါင်း ခြံရံလျက် သောဏ တောင်ထက်သို့ တက်၍ သမင်း သားငါးတို့ကို သတ်လျက် အသက်မွေး၏၊ သားမထေရ်သည် မိမိဖခင်ကို ဆုံးမသော်လည်း မတတ်နိုင်ရကား ဤဆင်းရဲ 'ဝရာက သည် ငါ့အဖဖြစ်လျက် မပျက်စီးလေစကောင်းဟု နှလုံးပြု၍ အရွယ်ကြီး အိုသောကာလ အလိုမရှိပဲ ဝင်ရှင်ရဟန်းပြုစေ၏၊ ထိုရဟန်းကြီးအား သေ ရာညောင်စောင်း၌ လျောင်းအိပ်သော အခါ နိရယ နိမိတ်သည် ထင်လာ၏၊ သောဏတောင် ခြမှ ကြီးလှစွာသော ခွေးတို့သည် လာပြီးလျှင် စားလိုကုန် သကဲ့သို့ထက်ဝန်းကျင်မှ န်းရံလာကုန်၏၊ ယင်းသို့ဝန်းရံလာလျှင်ထိုရဟန်း အိုသည် အလွန်ကြောက်ရကား ''ချစ်သားသောဏ–ချောက်ပါ, ချောက် ပါ'' ဟုဆို၏၊ သားမထေရ်လည်းအဘယ်ကိုယောင်ယမ်း သနည်းရဟန်းကြီး ဟု မေး၏၊ ''ချစ်သားသောဏ....ငါ့အား ခွေးကြီးတွေ ကိုက်မည်စားမည် လာကြသည်ကို သင်မမြင်သလော၊ လျင်မြန်စွာ ချောက်ပါ'' ဟု ဆို၏၊ သားမထေရ်လည်း ငါ့အဖရဟန်းအိုအားငရဲ နိမိတ်ထင်ချေပြီ၊ အဘယ်သို့ လျှင် ငါသို့သော သားကောင်း၏ အဘဖြစ်လျက် ငရဲ၌ ကျရအံ့နည်း၊ အဖရဟန်းအို၏ တည်ရာဖြစ်အံ့ဟု သာမဏေတို့ကို အတူးထူးသောပန်း တို့ကို ဆောင်စေပြီးလျှင် စေတီပြင် ဗောဓိပြင်တို့၌ ထားလျက်ပန်းအခင်း ပန်းနေရာဖြင့် ပူဇော်ခြင်းကို ပြုစေ၍ အဖရဟန်းအိုကို ညောင်စောင်းနှင့် တကွ စေတီပြင်သို့ ယူဆောင်၍ညောင်စောင်း၌နေပြီးလျှင် ''ရဟန်းအို.... ဤပူဇော်ခြင်းကို သင့်အား အကျိုးငှာငါသည်ပြုအပ်၏၊ ဘုန်းတော်ကြီးလှ သော ဘုရား၊ ဤသည်ကား အကျွန်ုပ်၏ ဆင်းရဲသက်ဆောင်ပါတည်းဟု ဆိုပြီးလျှင် ရှင်တော်ဘုရားကို ရှိခိုးလျက် စိတ်ကို ကြည်သို့စေလော့'' ဟု ဆို၏ အဖရဟန်းအိုလည်း သားမထေရ် ဆိုတိုင်းပြု၍ ရှိခိုးလျက် စိတ်ကို ကြည်ညိုစေ၏၊ ယင်းသို့ကြည်ညိုစေ၊ သာခဏ၌ပင် မထေရ်အိုအားနတ်ပြည် နိမိတ်သည် ထင်၏၊ နန္ဒဝနဥယျာဉ် စိတ္တလတာဥယျာဉ်, မိဿကဥယျာဉ်,

ဖါရှသကဥယျာဉ်, နတ်ဗိမာန်, နတ်ကချေသည်တို့သည်ဝန်းရံ၍ တည်ကုန်သကဲ့သို့ ထင်၏၊ ရဟန်းအိုလည်း "ချစ်သားသောဏ....ဆုတ်လော့ ရှားလော့" ဟု ဆို၏၊ "အဘယ်သို့ ယောင်ယမ်းပြန်သနည်း ရဟန်းကြီး" ဟု သားက မေးသော် "ချစ်သား....သင်၏မိခင်တို့သည် လာကြကုန်သတည်း" ဟု ဆို၏၊ သား မထေရ်လည်း ရဟန်းအိုအား နတ်ရွာနိမိတ် ထင်ပြီဟု သိ၏၊

ထေရော သဂ္ဂေါ ဥပဋ္ဌိတော မဟာထေရဿာတိ စိန္တေသိ။ (ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၌လည်းနည်းတူပင်၊မိန်တော်မူ၏)

ထေရော၊ သား သောဏ မထေရ်သည်။ မဟာထေရဿ၊အဖ မထေရ်ကြီးအား၊ သဂ္ဂေါ၊ နတ်ပြည်သည်။ ဥပဋ္ဌိတော၊ ထင်ပြီ။ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။

ဤမထေရ်ကြီးအားသေခါနီးကာလ 'နိရယနိမိတ်ထင်လျှင်အတိုင်းမသိသော စေတသိက ဒုက္ခသည် ဖြစ်၏၊ ယင်းသို့ ဖြစ်သောကြောင့် မရဏဒုက္ခအားကြောက်ထိတ်လန့်ဖွယ် တကားဟု သံဝေဂဉာဏ်ကို ဖြစ်စေသော အားဖြင့် ဉာဏ်သံဝေဂတရားကို ပွားစေအပ်၏၊ သူကောင်း သူယုတ် မည်သူမဆို သေလိုက ဒုက္ခဝေဒနာ ပြင်းစွာ ဖြစ်သည်ချည်း၊ ဝဋ်ဆင်းရဲ၌ကျင်လည်ရသော သတ္တဝါအား မရဏဒုက္ခမှ လွတ်သော မည်သည် မရှိ၊ နိဗ္ဗာန်သို့ရောက်သော သူအားသာ လွတ်သည်၊ ထို့ကြောင့်မရဏ ဒုက္ခ၏ကင်းလွတ်ရာနိဗ္ဗာန်ကို တောင့်တလျက် ကောင်းသောအကျင့်ကို အသင့်အားဖြင့် ကြိုးစား၍ ဆောက်တည်ရမည် သူတော်ကောင်းတို့....။

မရဏဒုက္ခဟူသော သံဝေဂဝတ္ထု တရားကား ပြီး၏။

သံဝေဂဝတ္ထုကား ပါဠိတော်၌ ဇာတိ ဇရာ ဗျာဓိ မရဏ ဤလေးပါးသာ လာသည့်၊ ထို့ကြောင့် ဇာတ်ရှိသောဖုဿ မသဝိက ဘုရားအလောင်းတို့အား သုဒ္ဓါဝါသ ဗြဟ္မာတို့သည် ဇရာ ဗျာဓိ မရဏ သံဝေဂဝတ္ထုတရားသုံးပါးကို ပြကုန်သည်၊ ဘုရားအလောင်းတို့သည်....

မိရတ္ထု ကိရ ဘော ဇာတိနာမ၊ ယတြဟိ နာမ ဇာတဿဇရာ ပညာယိဿတိ၊ ဗျာဓိ ပညာယိဿတိ၊ မရဏံ ပညာယိဿတိ....ဟု ဥဒါန်း ကျူးကုန်သည်။

(မဟာပဒါနသုတ် ပါဠိတော်)

ဘော၊ အချင်းတို့၊ ယတြဟိနာမ၊ အကြင် ဇာတိဖြင့် သ္မာလျင်။ ဇာတသာ၊ပဋိသန္ဓေနေသောသူအား။ ဇရာ၊ အိုခြင်းသည်။ ပညာယိဿတိ၊ ထင်ဘိ၏၊ ဗျာဓိ၊ နာခြင်းသည်။ ပညာယိဿတိ၊ ထင်ဘိ၏။ မရဏံ၊ သေခြင်းသည်။ ပညာယိဿတိ၊ ထင်ဘို၏။ သော ဇာတိနာမ၊ ဤဇာတိမည်သည်ကား။ မိ၊ စက်ဆုပ်ဖွယ်ရှိသည်၊ အတ္တုကိရ၊ ဖြစ်သတတ်။

ဇရာ ဗျာဓိ မရဏဟူသော သုံးပါးသော သံဝေဂဝတ္ထုဖြင့်
မှတ်အပ်သော သံဝေဂဝတ္ထု ဒီပနီကျမ်း၏
ဆဋ္ဌကဏ္ဍကား ဤတိုင်ရွေ့. ပြီးပြီ။

သံဝေဂဝတ္ထု ဒီပနီကျမ်း ဆဋ္ဌတွဲ ပြီးပြီ။

# သံဝေဂဝတ္ထုဒီပနီ

## သတ္တမတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၁၄၉-သံဝေဇနီယဝတ္ထု ဂ-ပါးအနက် ၅-ခုမြောက်
အပါယဒုက္ခအရာ၌ အပါယ်လေးပါးတွင် ငရဲဟူသည်
လောကန္တရိက,လောကိက နှစ်ဌာနရှိသည့်တွင် သံဝေဂဉာဏ်
ဖြစ်စိမ့်သောငှာ လောကန္တရိကငရဲကို ပြရာ
လောကန္တရိက နိရယ

ယခုအခါ အဋ္ဌကထာ ဆရာမြတ်တို့ ငါးခုမြောက် ပဉ္စမပြု၍ ယူတော်မူအပ်သော အပါယ ဒုက္ခဟူသော သံဝေဂဝတ္ထုကို ပြပေအံ့၊ ထိုအပါယ ဒုက္ခသည်....“အပဂတော အယော ဝုဒ္ဓိတေသွာ တွောတိ ဝါ အပါယော” ဟူ၍ ဝိနယာလင်္ကာရဋီကာ၌ မိန့်တော်မူအပ်သော ပဉ္စမိ သတ္တမိ ဗဟုဗ္ဗိဟိ သမာသ် စေနတ္ထနှင့် အညီ သာမည လက္ခဏာ အားဖြင့် တပါးသာ၊ ဝိသေသ လက္ခဏာအားဖြင့် သော်ကား......ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် ငရဲသည် လောကန္တရိကငရဲ, လောကိကငရဲဟူ၍ ဌာနအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အချင်းချင်း အနီးအပါး၌ အဖြစ်ဖြင့်ထားအပ်ကုန်သော သုံးခုသော လှည်းဘီးစက်တို့၏,တနည်းလည်း သုံးလုံးသောသပိတ်တို့၏ အကြားနှင့်တူကုန်သော သုံးခုသုံးခုသော စကြဝဠာတို့၏ အကြားအကြား တို့၌ တခုတခုသော လောကန္တရိက ငရဲမည်သည်ရှိ၏၊ ထိုလောကန္တရိက ငရဲသည် ပမာဏအားဖြင့် ယူဇနာရှစ်ထောင် ကျယ်၏။

**သောပန ပရိမာဏတော အဋ္ဌယောဇန သဟဿော ဟောတိ။**

(ဝိဘင်းအဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာလည်း နည်းတူပင်မိန့်၏။)

သောပန၊ ထိုလောကန္တရိကငရဲသည်ကား။ ပရိမာဏတော၊ အတိုင်းအရှည်အားဖြင့်။ အဋ္ဌယောဇနသဟဿော၊ ယူဇနာ ရှစ်ထောင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုလောကန္တရိကငရဲသည် အထက်၌လည်း အပိတ်မရှိ, အောက်၌လည်း အခံမရှိသည်ဖြစ်၍ အမြဲလျှင် ဟင်းလင်း ပွင့်၏၊ စက္ခုဝိညာဉ် ဖြစ်ခြင်းကို မြစ်ခြင်းငှာ စွမ်းနိုင်သော အမိုက်တိုက်နှင့်ပြည့်စုံ၏၊ သုံးကျွန်းလုံးတို့၌ တပြိုင်နက် ထွန်းလင်းခြင်းငှာ စွမ်းနိုင်သော နေသည်လည်း ထိုလောကန္တရိကငရဲ၌ အလင်းကိုမပြုနိုင်ကုန်၊ အဘယ့်ကြောင့် နည်းဟူမူ ထိုနေသည် စကြဝဠာတံတိုင်း၏အလယ် ယုဂန္ဓိုရ်တောင်စောင်းနှင့်မျှသော ကောင်းကင်အရပ်၌ လှည့်လည်၏၊ လောကန္တရိကငရဲသည်ကား စကြာဝဠာတံတိုင်းကို လွန်၍ လောက၏အကြား၌ တည်၏၊ ထို့ကြောင့် အလင်းကို မပြုနိုင် သည်ဟု သာရတ္ထ ဒီပနီ၌ မိန့်၏၊ အကြင်အခါ သဗ္ဗညုဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေ ယူသောကာလ စသည်တို့၌ အရောင်အလင်းသည် ဖြစ်၏၊ ထိုအခါ စက္ခုဝိညာဉ်သည် ဖြစ်၏၊ အချင်းတို့.... ငါတို့မှတပါး အခြားသော သတ္တဝါတို့သည်လည်း ဤ လောကန္တရိကငရဲ၌ ဖြစ်ကြကုန်သေး၏ဟု ထိုနေ့၌ အချင်းချင်းမြင်ကြကုန်၏၊ ဤအရောင်ကား ယာဂုဘရှက်မျှသည်း မတည်၊ လက်ဖျစ်တတွက် မျက်စိတမှိတ်မျှလျှင် လျှပ်စစ် ကဲ့သို့ ပြက်၍ အဘယ်နည်းဟု ဆိုကုန်စဉ်ပင် ကွယ်ပျောက်၏၊ အဘယ်မည်သော မကောင်းမှုကိုပြု၍ ထိုလောကန္တရိကငရဲ၌ သတ္တဝါတို့သည် ဖြစ်ကုန်သနည်း ဟူမူ-မိဘ,ဓမ္မိကဖြစ်သော ရဟန်းပုဏ္ဏားတို့၏ အထက်၌ ဝန်လေး ကြမ်းကြုတ်သော အပြစ်ကိုလည်းကောင်း, သည်မှတပါး နေ့တိုင်းနေ့တိုင်း သတ္တဝါတို့ကိုသတ်ခြင်းအစရှိသော အနိုင်အထက်အမှုကိုလည်းကောင်း ပြု၍ ဖြစ်ကုန်၏၊ အဘယ်သူတို့ကဲ့သို့ နည်းဟူမူ သီဟိုဠ်ကျွန်း၌ အဘယစောရနာဂခိုးသူ အစရှိသည်တို့ကဲ့သို့တည်း။

**တမ္ဗ ပဏ္ဏိဒီပေ အဘယစောရနာဂ စောရာဒယောဝိယ။**

(သတ်မဟာဝါအဋ္ဌကထာ၊ သာရတ္ထ ဒီပနီလည်း နည်းတူပင်မိန့်၏။)

တမ္ဗပဏ္ဏိဒီပေ၊ သီဟိုဠ်ကျွန်း၌၊ အဘယစောရ နာဂ-စောရာဒယောဝိယ၊ **အဘယစောရ နာဂခိုးသူ အစရှိသည်တို့ကဲ့သို့တည်း။**

ထိုအဘယစောရနာဂကား သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း၏ သားတည်း၊ ထိုဝဋ္ဋဂါမဏိမင်း လွန်လျှင် ထိုမင်း၏ နှောင်တော်သား မဟာစူဠိသည် မင်းပြု၏၊ သားရင်းဖြစ်သော အဘယစောရနာဂသည် ခိုးသူပြု၍ ရွာပြည်တို့ကို ဖျက်ဆီး၏၊ နှောင်တော် မဟာစူဠိမင်းလွန်လျှင် ထိုအဘယစောရနာဂသည် မင်းအဖြစ်သို့ ရောက်လေ၏၊ ယင်းသို့ မင်းအဖြစ်သို့ ရောက်လျှင် ခိုးသူပြုစဉ်ကာလ အကြင် တဆယ့်ရှစ်ရပ်သော ကျောင်းတို့၌ မိမိသည် တည်းခိုနေထိုင်ခြင်းကိုမရ၊ ထိုတဆယ့်ရှစ်ရပ်သော ကျောင်းတို့ကို ဖျက်ဆီးစေ၏၊ ယင်းသို့ အပြစ်မရှိသော ရဟန်းပုဏ္ဏားတို့၏ အထက်၌ အပြစ်ပြုလျှင် မိမိမယားသည် ပေးအပ်သောအဆိပ်ကိုစား၍ သေလွန်သော် လောကန္တရိကငရဲ၌ အတိုင်းမသိသော ဆင်းရဲကို ခံစားရလေ၏။

အတ္တနော ဘရိယာ ဒိန္နံ, ဝိသံ ဘက္ခော မတော ကိရ၊
လောကန္တရိကနိရယေ, ပါပေါ သော ဥပပဇ္ဇထ။

(မဟာဝင်)

ပါပေါ၊ယုတ်မာသော။ သော၊ ထိုအဘယစောရနာဂ မင်းသည်။ အတ္တနော၊မိမိ၏။ဘရိယာဒိန္နံ၊မယားသည်ပေးအပ်သော။ ဝိသံ၊အဆိပ်ကို။ ဘက္ခော၊စား၍။ မတော၊သေသည်ရှိသော်။ လောကန္တရိက နိရယေ၊ လောကန္တရိကငရဲ၌။ ဥပပဇ္ဇထကိရ၊ဖြစ်သတဲ့။

ထိုလောကန္တရိကငရဲဖြစ်သော ငရဲသူသတ္တဝါတို့၏ အတ္တဘောသည် သုံးဂါဝုတ်ရှိ၏၊ ထိုငရဲသူတို့သည် သစ်ပင်၌ လင်းနို့တို့ကဲ့သို့ စကြဝဠာ တံတိုင်းခြေ၌ ငြိကုန်၏။ ထိုငရဲသူတို့သည် ထွားကုန်လျက် အချင်းချင်း ဟတ္ထပါသ်သို့ ကပ်ကုန်သည်ရှိသော် ထိုအခါ ငါတို့အား အစာကို ရအပ်ကုန်ပြီဟု မှတ်ကုန်လျက် ခဲခြင်းငှာ လုံ့လပြုကုန်လျှင် လန်၍ လောကကို ခံသောရေ၌ သစ်မည်စည်သီးတို့သည် လေခတ်လျှင် ပြုတ်၍ကျကုန်သကဲ့သို့ ကျကုန်၏၊ ကျကာမျှပင် အလွန်အေးသောရေ၌ မုံ့ညက်ခဲသည် ရေထဲ၌ ကြေသကဲ့သို့ ကြေပျက်လေ၏၊ ယင်းသို့ကြေပျက်ပြီးလျှင် တဖန် ဥပပါတ်ပဋိသန္ဓေနေ၍ ဖြစ်မြဲဖြစ်ပြန်၏၊ ဤသို့ ကာလအရာ,အထောင်,အသောင်း, အသိန်းပတ်လုံး မဆုံးနိုင်သော ဆင်းရဲကို ခံစားရ၏၊ ယင်းသို့ ခံစားရသော ငရဲသူသတ္တဝါတို့၏ ဆင်းရဲကို ကျမ်းဂန်လာသည့်အတိုင်း ကြားသိရသော ပညာရှိအပေါင်းသူတော်ကောင်းတို့သည် အံ့ဩဖွယ်ကြောက်ဖွယ် ကောင်းစွတကားဟု သံဝေဂဉာဏ်ကို ဖြစ်စေသောအားဖြင့် ထိုငရဲသို့

ကျရောက်ခြင်းအကြောင်း မကောင်းမှု အကုသိုလ်တရားကို ပယ်ရှား၍ ကောင်းမှုကုသိုလ်တရားကိုသာ ပွားစေအပ်၏။

---

### ၁၅၀–လောကန္တရိက, လောကိက ငရဲနှစ်ဌာန တို့တွင် လောကိကငရဲအရာ၌ ငရဲကြီး ငရဲငယ်တို့၏ အမည်နာမ အရေအတွက် တည်နေပုံတို့ကို ပြရာ လောကိက နိရယ

လောကိကငရဲသည်လည်း သဉ္ဇီဝငရဲ, ကာဠသုတ်, သံဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိငရဲဟူ၍ ရှစ်ပါးအပြားရှိ၍ ထို့ကြောင့် နေတ္တိဋီကာ၌....

> သဉ္ဇီဝေါ၊ ကာဠသုတ္တံ၊ သံဃာတော၊ ရောရုဝေါ၊ မဟာရောရုဝေါ၊ တာပနော၊ မဟာတာပနော၊ အဝီစိတို့ ဧတေ အဋ္ဌ မဟာ နိရယာ....ဟု မိန့်၏။

ဇိနာလင်္ကာရ ဋီကာ၌လည်း....

> သဉ္ဇီဝေါ ကာဠသုတ္တော စ, သံဃာတော ရောရုဝေါ တထာ၊
> မဟာရောရုဝေါ တာပေါ စ, ပတာပေါ အဝီစိပိ စ။
> ဧတေ အဋ္ဌ မဟာနိရယာ....ဟု မိန့်၏။

သီရိဇတနာပုရ မည်သော မုတ္တမမြို့၌ ဆင်ဖြူရှင် ဗညားဦးမင်း၏အမိ ဖြစ်သော သုဘဒ္ဒါ မဟာဒေဝီသည် ဆောက်လုပ် အပ်သော အတွင်း၌ ရွှေဖြင့်ပြီးသော အထက်၌ သလဲဖြူ အုတ်ကြွပ်မိုးသောကျောင်း၌ သီတင်း သုံးတော်မူသော မေဓင်္ကရ မဟာထေရ်သည် ပြုအပ်သော လောကဒီပက ကျမ်း၌လည်း....

> သဉ္ဇီဝေါ ကာဠသုတ္တော စ, သံဃာတော ဒွေ စ ရောရုဝါ၊
> တာပနော ပတာပနော စ, မဟာဝီစိ အထာပရော။
> ဣစ္စေတေ အဋ္ဌနိရယာ....ဟု မိန့်အပ်၏။

ဤငရဲကြီး ရှစ်ထပ်တို့၏ အစဉ်ကို ကျမ်းဂန်တို့၌ တညီတညွတ်တည်း မလာ၊ ယခု ပြဆိုအပ်ပြီးသော ကျမ်းသုံးဆောင်ကား ညီညွတ်ကြ၏၊ သံကိစ္စဇာတ် ပါဠိတော်၌ကား....

သဋ္ဌိဝေါ ကာဠသုတ္တောစ, သံဃာတော ဒွေစ ရောရုဝါ၊
အထာပနော မဟာဝီစိ, တာပနော စ ပတာပနော။
ဣစ္စေတေ အဋ္ဌနိရယာ....ဟု လာ၏။

ဆဂတိ ဒီပနီစာကိုယ်၌သည်း ဤဂါထာအတိုင်းပင်လာ၏၊ လောက ပညတ္တိကျမ်း၌လည်း....

သဉ္ဇိဝံ ကာဠသုတ္တဉ္စ, သံဃာတံ ဒွေစ ရောရုဝေ၊
အထာပရံ မဟာဝီစိ, တာပနဉ္စ ပတာပနံ။
ဣစ္စေတေ အဋ္ဌ နိရယာ....ဟု လာ၏။

ဤကျမ်း၌လာသော အစဉ်လည်း၊ ယခင် သံကိစ္စဇာတ် ပါဠိတော်၌ လာသော အစဉ်နှင့်အတူတူပင်၊လိင်ဝိဘတ်သာ စိုးစဉ်းကွဲသည်၊ အဘိဓာန် ၌ကား....

သဉ္ဇိဝေါ ကာဠသုတ္တောစ, မဟာရောရုဝ ရောရုဝါ၊
ပတာပနော အဝီစိတ္ထီ, သံဃာတော တာပနော ဣတိ....ဟု လာ၏။

ယင်းသို့ ကျမ်းဂန်တို့ မညီမညွတ်ပဲ အစဉ်ကွဲ၍ လာသော်လည်း ဤငရဲကြီး ရှစ်ထပ်တို့၏ အစဉ်ကို ယခင်လက်ဦး၌ ပြအပ်သော ကျမ်းသုံးစောင်တို့၌ လာသော အစဉ်အတိုင်းသာ မှတ်အပ်၏၊ ဆဂတိ ဒီပနီ အဋ္ဌကထာ, လောကပညတ္တိကျမ်းတို့၌လည်းအကျယ်နိဒ္ဒေသပြသည့်ကာလ ယခင် လက်ဦး၌ပြအပ်သော ကျမ်းသုံးစောင်တို့၌လာသော အစဉ်အတိုင်း သာ ပြသည်၊ သံကိစ္စဇာတ် ပါဠိတော်၌ကား ဂါထာဖြစ်၍ ယထိစ္ဆိတ ယထာဇ္ဈာသယ အားဖြင့် ဟောတော် မူသည်၊ ဆဂတိဒီပနီ စာကိုယ်, လောကပညတ္တိကျမ်း၊ အဘိဓာန်ဆရာတို့လည်း နည်းတူပင်ဆိုကြကုန်သည် ဟု မှတ်အပ်၏၊ ထို ငရဲကြီး ရှစ်ထပ်တို့တွင် "သဉ္ဇိနိရယာနံ ဟေဋ္ဌိမော အဝီစိ မဟာနိရယော" ဟု ဆဂတိဒီပနီ အဋ္ဌကထာ၌ ဆိုသောကြောင့် အဝီစိငရဲကြီးကို အောက်ဆုံးဟုမှတ်အပ်၏၊ထိုငရဲကြီးရှစ်ထပ်တို့၏ တည်ရာ မဟာပထဝီမြေကြီးသည် နှစ်သိန်း လေးသောင်း အထုရှိ၏၊ ထို နှစ်သိန်း လေးသောင်း တို့တွင် အောက်တသိန်း နှစ်သောင်းကား ကျောက်အတိ ပြီးသည်ဖြစ်၍ "သိလာ ပထဝီ" ဟု ဆို၏၊ အထက်တသိန်းနှစ်သောင်းကား မြေမှုန့်သာဖြစ်၍ "ပံသုပထဝီ" ဟုဆို၏၊ ဤသို့ သိလာ ပထဝီ, ပံသုပထဝီ ဟု

နှစ်ပါးသာကျမ်းဂန်လာသည်၊ (အချို့သောကပ္ပါလကာရကျမ်းတို့၌ကား နှစ်သိန်းလေးသောင်းကို သုံးပုံပြု၍ အောက်ရှစ်သောင်းကားသိလာပထဝီ, အလယ်ရှစ်သောင်းကား ဇာတပထဝီ, အထက်ရှစ်သောင်းကား ပံသုပထဝီ ဟု သုံးရပ်ခွဲသည်၊ ကျမ်းဂန်ဝယ် မထင်ချေ )

ထိုငရဲကြီးရှစ်ထပ်တို့တွင် အဝီစိငရဲကား ပံသုပထဝီအောက်, သိလာပထဝီပေါ်ဝယ် ဇမ္ဗူဒီပါကျွန်းအောက်၌ တည်၏

အယဉ္စ အဝီစိမဟာနိရယော ဇမ္ဗူဒီပဿ ဟေဋ္ဌာ ပတိဋ္ဌိတောတိ ဝဒန္တိ။

(သာရတ္ထ ဒီပနီ)

အယဉ္စ အဝီစိ မဟာနိရယော၊ဤအဝီစိငရဲကြီးသည်ကား၊ဇမ္ဗူဒီပဿ၊ ဇမ္ဗူဒီပါကျွန်း၏။ ဟေဋ္ဌာ၊အောက်၌။ ပတိဋ္ဌိတော၊တည်၏။ ဣတိ၊သို့။ ဝဒန္တိ၊ဆိုကုန်၏။

အဝီစိငရဲ၏ အတွင်းသည် အလျားအားဖြင့်လည်းကောင်း, အနံအားဖြင့်လည်းကောင်း ယူဇနာတရာရှိသည် အောက်က သံမြေ အထက်က သံအမိုးလည်း ကိုးယူဇနာစီ အထုရှိသည်၊ နံရံလေးဘက်လည်း ကိုးယူဇနာစီပင် အထုရှိသည်ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့၌ ဆိုသည်၊နံရံအစောက်ကား ယူဇနာတရာရှိသည်ဟု ဆဂ္ဂတိဒီပနီအဋ္ဌကထာ၌ ဆိုသည်၊''အယသာ ပါကာရပရိယန္တာ''ဟု သံကိစ္စဇာတ်၌ ဟောတော်မူခြင်းကြောင့် နံရံလည်း သံဖြင့်ပြီး၏ဟု မှတ်ရမည်၊''စတုက္ကဏ္ဏာစတုဒ္ဒွါရာ'' ဟု ဒေဝဒူတသုတ်၌ ဟောတော်မူခြင်းကြောင့် အဝန်းမဟုတ် လေးထောင့် တံခါးလေးမျက်နှာ ရှိ၏ဟု မှတ်ရမည်၊ အရှေ့ နံရံမှ မီးလျှံသည် ထ၍ အနောက်နံရံကိုလောင်ပြီးလျှင် ထုတ်ချင်းလျှိုသွင်း၍ပြင်ပသို့ယူဇနာတရာ ထွက်ပြေး၏၊ တောင်မြောက် အနောက်မှထသော မီးလျှံတို့လည်း နည်းတူပင် ယူဇနာတရာစီ ပြင်ပသို့ ထွက်ပြေးကုန်သည်၊ ဤသို့လျှင် မီးလျှံ အဆုံး၏ အစွမ်းဖြင့် အတွင်း၌ ယူဇနာတရာ ပြင်တဘက်တချက်၌ ယူဇနာ တရာစီ နံရံတဘက် တချက်ကို ကိုးယူဇနာစီ ဤအလုံးစုံကို ပေါင်းသည် ရှိသော် အဝီစိငရဲကြီးသည် အလျားအနံအားဖြင့် တဆယ့်ရှစ်ယူဇနာ အလွန်ရှိသော ယူဇနာသုံးရာရှိ၏၊ အဝန်းအားဖြင့် ကိုးရာ့ငါးဆယ့်လေး ယူဇနာရှိ၏။

ပရိက္ခေပေန နဝယောဇနသတာနိ စတုပဏ္ဏာသဉ္စ ယောဇနာနိ။

(ဥပရိပဏ္ဏာသ အဋ္ဌကထာ)

ပရိက္ခေပေန၊အဝန်းအားဖြင့်။နဝယောဇနသတာနိစ၊ ယူဇနာ ကိုးရာ တို့သည်လည်းကောင်း၊ စတုပဏ္ဏာသဉ္စ ယောဇနာနိ၊ငါးဆယ့်လေးယူဇနာ တို့သည်လည်းကောင်း။ ဟောန္တိ၊ကုန်၏။

ထက်ပန်းကျင်မှ ဥသ္သဒငရဲနှင့်တကွ ယူဇနာတသောင်းရှိ၏။

သမန္တာ ပန ဥဿဒေဟိ သဒ္ဓိံ ဒသယောဇနသဟဿံ ဟောတိ။

(သာရတ္ထဒီပနီ)

သမန္တာပန၊ ထက်ဝန်းကျင်မှကား။ ဥဿဒေဟိ၊ ဥဿဒငရဲတို့နှင့်။ သဒ္ဓိံ တကွ။ ဒသယောဇနသဟဿံ၊ယူဇနာတသောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

အစောက်လည်း ယူဇနာတသောင်းပင် ရှိ၏။

အဝီစိ မဟာနိရယော ဥဗ္ဗေဓေနာပိ ဒသယောဇနသဟဿ မေဝ ါတိဝဒန္တိ။

(ဥပရိပဏ္ဏာသ ဋီကာ)

အဝီစိမဟာနိရယော၊ အဝီစိငရဲကြီးသည်။ ဥဗ္ဗေဓေနာပိ၊ အစောက် အားဖြင့်လည်း။ ဒသယောဇနသဟဿံ၊ ယူဇနာ တသောင်း ရှိသည် သာတည်း။ ဣတိ၊ဤသို့။ ဝဒန္တိ၊ကုန်၏။

ဆဂတိဒီဂနီ၌ အဝီစိငရဲကြီးသည် ယူဇနာ ခုနစ်ရာ ငါးဆယ့်လေး ယူဇနာရှိ၏ဟု ဆိုသည်မှာ အလျား အနံ အစောက် အဝန်း ယူပြီးသော သချာဟူသမျှကိုပေါင်း၍ဆိုသည်၊ထိုဆရာ့ယူပုံသည် ကျမ်းဂန်နှင့်ဆန့်ကျင် သည်၊ ဆန့်ကျင်ကြောင်းကို ဤ၌ အကျယ်မပြသာ "ကထံ အဝီစိ မဟာ နိရယဿ အဗ္ဘန္တရံ" စသည်ဖြင့် ဆိုသော ထိုကျမ်းကို ကြည့်ရှု၍ သိရမည်၊ တသောင်းသချာယူပုံကိုလည်း တနည်းဆိုသည်၊ထိုစကားလည်း အလျင်း ပင်မဟုတ်၊ထိုကြောင့် နောက်ကဆိုအပ်ပြီးသော ဥပရိပဏ္ဏာသအဋ္ဌကထာ, ဇာတ် အဋ္ဌကထာ, သာရတ္ထဒီပနီ ဋီကာကြီး၊တို့၌ ဆိုသည့် အတိုင်းသာ အဝီစိငရဲ၏ ပမာဏကိုလည်းကောင်း တသောင်းသချာကိုလည်းကောင်း မှတ်ရမည်။

အထက်အထက် ဖြစ်သော ငရဲကြီးတို့သည်လည်း အဝီစိ ငရဲကြီးနှင့် အလျား အနံ အစောက် ပမာဏ အတူတူပင်ဟု လောကဒီပက၌ ဆိုသည်၊ ဇိနာလင်္ကာရဋီကာ၌လည်း....

ကေမေကော နိရယော သောဠသုဿဒေဟိ သဒ္ဓိံ ဒသသဟဿ ယောဇနာ....ဟု ဆို၏။

ကေမေကော၊ တခုတခုသော နိရယော၊ ငရဲကြီး သည်။ သောဠ-
သုဿ ဒေဟိ၊ တဆယ့်ခြောက်လုံးသော ဥဿဒ ငရဲတို့နှင့်။ သဒ္ဓိ ၊ တက္ကု။
ဒသသဟဿယောဇနော၊ ယူဇနာတသောင်းရှိသည်။ ဟောတိ၊ဖြစ်၏။

ထိုငရဲကြီးရှစ်ထပ်တို့၏ အကြားအကြား၌ ယူဇနာပေါင်း တသောင်း
ငါးထောင်စီ အညီခြားသည်၊ ထို့ကြောင့် ရှေးဆရာတို့လည်း....

ယူဇနာပေါင်းသောင်းငါးထောင်စီ၊သချ်ာညီ၊ရှစ်လီငရဲကြား

ဟု ဆိုကုန်၏။

"သမန္တာပန သောဠသုဿဒေဟိ"ဟူသော အဋ္ဌကထာ ဋီကာပါဌ်တို့၌
သောဠသုဿဒအရကား ငရဲကြီး၏ တမျက်နှာ, တမျက်နှာ၌ မိဠ္ဌကူပငရဲ,
ကုက္ကုလငရဲ, အသိပတ္တဝနငရဲ, ဝေတ္တရဏီငရဲဟူ၍ လေးလုံးစီ ဖြစ်ရကား
တဆယ့်ခြောက်လုံး ရှိသည်ဟု ဆဂတီဒီပနီ ဆိုသည်၊ လောကပညတ္တိ
ကျမ်း၌ကား ကုက္ကုလငရဲကစ၍ အစဉ်ရှိသည်၊ "ဥဿဒ္ဒနိရယာနံ ဒိဃပုထု-
လတော ပမာဏံ နတ္ထိ"ဟု ဇိနာလင်္ကာရ ဋီကာ၌ ဆိုသောကြောင့် ဥဿဒ
ငရဲတို့၏ အလျားအနံပမာဏကားမရှိ၊ဆဂတိဒီပနီ၌ "မိဠ္ဌကူပဿ စတ္တာရိ
ယောဇနသတာနိ" စသည်ဖြင့် ပမာဏကို ဆိုသည်မှာ ကေန်မမှတ်သာ၊
ဥဿဒဟူသောပုဒ်၌ "သမေသု သိန္ဓုတောဇေန, ပတျာဝတ္တံ ပကတ္တိတံ"
ဟူသော ဆန်းကျမ်းနှင့်အညီ သံကိစ္စဇာတ် ပါဠိတော်၌ ဂါထာ တေ
နိရယုဿဒ် ဟူ၍ လည်းကောင်း ပစ္စေကံ သောဠသုဿဒ၊ ဟူ၍လည်း
ကောင်း သမဟုဆိုအပ်သော စတုတ္ထပါဒ၌ လေးလုံးနောင် ဇဂိုဏ်းထား၍
ဟောတော်မူခြင်းကြောင့် "ဿ"ဒွေးဘော်နှင့် "ဒ" သံယုဂ်ကင်းလျက်
ဥဿဒဟု ရေးဖတ်ခြင်းသာ အသင့်၊ ဆဂတိဒီပနီ, လောက ပညတ္တိ,
လောကဒီပက ကျမ်းတို့၌လည်း ပါဠိတော်နှင့်အညီပင်၊ သမပါဒ၌ လေးလုံး
နောင် ဇဂိုဏ်းထား၍သာ ဂါထာ ဖွဲ့ကုန်သည်၊ ဝေနတ္တမှာ "ယထာ
ကထာဋ္ဌိ ဗျူပ္ပတ္တိ"ဟု သဒ္ဒါကျမ်းတို့၌ ဆိုသည်ကိုထောက်၍ ကြံအပ်၏။

ငရဲကြီးရှစ်လုံးဘို့၏လေးထောင့်၌ ဥဿဒငရဲကို ပိုင်းခြားခြင်းငှာ အလျှ
ပြောင်ပြောင် တောက်သော သံတောင်ကြီး လေးလုံးရှိသည်ဟု ဆဂတိ
ဒီပနီ၌ ဆို၏၊ ငရဲကြီးတို့၏ တမျက်နှာ,တမျက်နှာ၌ လေးလုံးလေးလုံးစီဖြစ်ရ
ကား ငရဲကြီးတထပ်သော် ဥဿဒ ရဲ တဆယ့်ခြောက်လုံး၊ ရှစ်ထပ်သော်
တရာ့နှစ်ဆယ့်ရှစ်လုံးဖြစ်၍ ငရဲကြီးရှစ်လုံးနှင့်ပေါင်းသော် တရာ့သုံးဆယ့်
ခြောက်လုံးဖြစ်၏၊ ဆည်မျှသာ မကသေး၊ လောဟကုမ္ဘီငရဲ, သိမ္ဗလိဝနငရဲ
ညွှန့်စာပေ- ၇၃။

အသိနုခင်ရဲ့, တမ္မွဲဒကင်ရဲ့, အယောဂုဏ္ဌင်ရဲ့, သေလပဗ္ဗတင်ရဲ့, ဘုသနဒီ
င်ရဲ့, သိတနဒီင်ရဲ့, သုနခင်ရဲ့,ယန္တပါသာဏင်ရဲ့ဟူ၍တမျက်နှာ,တမျက်နှာ၌
ဆယ်ခုဆယ်ခုစီ ယမလောကီင်ရဲ့ရှိသည်ဟုလောကပညတ္တိ, လောကဒီပက,
ဆဂတိ ဒီပနီကျမ်းတို့၌ ဆိုသည်၊ အရပ်လေးမျက်နှာသော် လေးဆယ်၊
ရှစ်ထပ်သော် သုံးရာ့နှစ်ဆယ်၊ယခင် တရာ့သုံးဆယ့်ခြောက်နှင့် ပေါင်း
သော် လေးရာ့ငါးဆယ့်ခြောက်လုံး ဖြစ်သတည်း၊ သည်မျှသာ မကသေး၊
ငရဲကား မရေမတွက် နိုင်အောင် များ၏၊ ထို့ကြောင့် နေမိဇာတ်
အဋ္ဌကထာ၌....

နေမိရ်ညော ဂန အပ္ပေဝ အာယု ခီယေထ၊ နိရယဒဿနံ နဿ
ပရိယန္တံ ဂစ္ဆေယျ....ဟု မိန့်၏။

နေမိရညောပုန၊နေမိမင်း၏။ အာယု၊အသက်သည်၊ အပ္ပေဝ ခီယေထ၊
ကုန်ငြားအံ့လည်း မသိ၊ အဿ၊ ထို နေမိမင်းအား။ နိရယဒဿနံ၊ ငရဲကို
[illegible]ခြင်းသည်။ ပရိယန္တံ၊ အဆုံးသို့။ နဂစ္ဆေယျ၊ မရောက်ရာ။

### ၁၅၁ · ထိုသဉ္ဇီဝ စသော လောကီကငရဲ အသီးသီးတို့၌ ခံရကုန်သော သတ္တဝါတို့၏ ငရဲသက် နှစ် အရေအတွက်ကို ပြဆိုရာ

ဤသို့ ကံလျှင် အကြောင်းရှိသော ဥတုကြောင့်ဖြစ်သော ငရဲဘုံ၌ အသက် အပိုင်းအခြားကား လူ့ဘုံ့အရေအတွက် အနှစ်ကိုးသန်း၊ စာတုမဟာရာဇ်နတ်တို့ အရေအတွက် အနှစ်ငါးရာသည် ရှေးဦးအစ သဉ္ဇီဝငရဲ၌ တနေ့နှင့် တညဉ့် မည်၏၊ ထို နေ့ညဉ့်ပေါင်း သုံးဆယ်သည် တလ၊ ထို လပေါင်းတဆယ့်နှစ်လသည်တနှစ်၊ ထိုနှစ်ပေါင်းငါးရာသည် ရှေးဦးအစ သဉ္ဇီဝငရဲ၏ အသက်မည်၏။

လူတို့ အရေအတွက် သုံးကုဋေခြောက်သန်း၊ တာဝတိံသာ နတ်တို့ အရေအတွက် အနှစ်တထောင်သည် ကာဠသုတ်ငရဲ၌ တနေ့နှင့် တညဉ့် မည်၏၊ ထိုနေ့ညဉ့်ပေါင်း သုံးဆယ်သည် တလ၊ ထိုလပေါင်း တဆယ့်နှစ်လသည် တနှစ်၊ ထိုနှစ်ပေါင်း တထောင်သည် ထို ကာဠသုတ် ငရဲ၏ အသက် မည်၏။

လူတို့အရေအတွက် တဆယ့်လေးကုဋေ လေးသန်း၊ ယာမာနတ်တို့ အရေအတွက် အနှစ် နှစ်ထောင်သည် သံဃာတငရဲ၌ တနေ့နှင့် တညဉ့်

မည်၏၊ ထိုနေ့ညဥ့်ပေါင်း သုံးဆယ်သည် တလ၊ ထိုလပေါင်းတဆယ့်နှစ်လသည် တနှစ်၊ ထိုနှစ်ပေါင်းနှစ်ထောင်သည် သံဿာတရေ၏ အသက်မည်၏။

လူတို့အရေအတွက်ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း တုသိတာနတ်တို့အရေအတွက် အနှစ်လေးထောင်သည် ရော ဂုဝရေ၌ တနေ့နှင့် တညဥ့်မည်၏၊ ထိုနေ့ညဥ့်ပေါင်းသုံးဆယ်သည် တလ၊ထိုလပေါင်း တဆယ့်နှစ်လသည် တနှစ်၊ ထို နှစ်ပေါင်း လေးထောင်သည် ရောရှာငရေ၏ အသက်မည်၏။

လူတို့အရေအတွက် ကုဋေနှစ်ရာ့သုံးဆယ့်လေးသန်း၊ နိမ္မာနရတိနတ်တို့အရေအတွက် အနှစ်ရှစ်ထောင်သည် မဟာရောရုဝရေ၌ တနေ့နှင့်တညဥ့်မည်၏၊ထိုနေ့ညဥ့်ပေါင်း သုံးဆယ်သည် တလ၊ထိုလပေါင်း တဆယ့်နှစ်လသည် တနှစ်၊ ထိုနှစ်ပေါင်း ရှစ်ထောင်သည် မဟာရောရုဝရေ၏ အသက်မည်၏၊

လူတို့အရေအတွက် ကိုးရာ့နှစ်ဆယ့်တကုဋေ ခြောက်သန်း၊ဝသဝတ္တိနတ်တို့၏ အရေအတွက် အနှစ်တသောင်း ခြောက်ထောင်သည် တာပနရေ၌ တနေ့နှင့်တညဥ့် မည်၏၊ ထို နေ့ညဥ့်ပေါင်း သုံးဆယ်သည် တလ၊ ထိုလပေါင်းတဆယ့်နှစ်လသည် တနှစ်၊ ထိုနှစ်ပေါင်း တသောင်းခြောက်ထောင်သည် တာပနရေ၏ အသက်မည်၏။

အန္တရကပ်ထက်ဝက်သည် မဟာတာပနာရေ၏ အသက်မည်၏။

တခုသော အန္တရကပ်သည် အဝီစိငရေ၏ အသက် မည်၏ ဟု ဇိနာလင်္ကာရဋီကာ, လောကဒီပက ကျမ်းတို့၌ ဆိုသည်၊ အန္တရကပ် တခု၏ အသက်ကား ဇမ္ဗူဒီပါကျွန်းသူ လူတို့၏ အသက်သည် ဆယ်နှစ်တမ်းမှစ၍ အသင်္ချေယျတိုင်အောင် အစဉ်အတိုင်း ပွားပြီးလျှင် တဖန် အသင်္ချေယျမှ ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်သည့်ကာလ တခုသော အန္တရကပ်မည်၏ဟု အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ စသော ကျမ်းတို့၌ ဆိုသည်၊ လူတို့အရေအတွက် အနှစ်တထောင်သည် အဝီစိငရေ၌ တနေ့နှင့်တညဥ့် မည်၏၊ ထို နေ့ညဥ့်ပေါင်းသုံးဆယ်သည် တလ၊ ထိုလပေါင်း တဆယ့်နှစ်လသည် တနှစ်၊ ထိုနှစ်ပေါင်းများစွာ အဝီစိငရေ၌ ကျက်ရသည်ဟု လောက ညွှတ္တိကျမ်း၌ ဆိုသည်။

သည်မှတပါး သုတ္တနိပါတ် သံယုတ်ကျောင်းကို၌ လာသောအဝီစိငရေ၏ အစိတ်ဖြစ်သောငရေတို့သည်ကားအဗ္ဗုဒငရေ,နိရဗ္ဗုဒငရေ, အဗဗငရေ, အဟဟ

ငရဲ, အဋဋငရဲ,ကုမုဒငရဲသောဂန္ဓိကငရဲ, ဥပလငရဲ, ပုဏ္ဍရီကငရဲ, ပဒုမငရဲ ဟူ၍ ဆယ်ပါး အပြားရှိကုန်၏၊ ကစ္စည်းကျမ်း၌ကား အဗ္ဗုဒ, နိရဗ္ဗုဒ, အဟဟ, အဗဗ, အဋ္ဋဋ, သောဂန္ဓိက, ဥပ္ပလ, ကုမုဒ, ပဒုမ, ပုဏ္ဍရီကဟူ၍ အစဉ်ရှိ၏၊ ယခင် ပါဠိတော်များနှင့် မညီ၊ လောကဒီပကဌ်ကား....

အဗ္ဗုဒံ နိရဗ္ဗုဒဉ္စေဝ, အဟဟံ အဗဗံပိစ၊
အဋဋဋ္ဋ သောဂန္ဓိကံ, ဥပ္ပလံ ပဒုမံ တထာ။

ဟူသော ဂါထာကိုဆို၏၊ ထိုကျမ်း၌လည်း ကုမုဒ, ပုဏ္ဍရီကငရဲနှစ်ပါး ပင် မပါပြန်ခဲ့၊အဗ္ဗုဒငရဲဟူ၍ကစုံတခုအသီးဖြစ်သောငရဲသည်မရှိ၊ အဝီစိ၌ အဗ္ဗုဒအရေအတွက်ဖြင့် ကျက်ရာအရပ်ကို အဗ္ဗုဒငရဲဟု ဆိုသည်၊နိရဗ္ဗုဒ စသည်တို့၌လည်း နည်းတူပင်။

အဗ္ဗုဒေါ်နာမ ကောစိ ပစ္စေကနိရယော နတ္ထိ၊ အဝီစိမှိယေဝ အဗ္ဗုဒ ဂဏနာယ ပစ္စနောကာသော ပန အဗ္ဗုဒေါ နိရယောတိ ဝုတ္တော၊ သေနယော နိရဗ္ဗုဒါဒီသုပိ။

(သုတ္တနိပါတ် အဋ္ဌကထာ၊သံယုတ်အဋ္ဌကထာလည်း နည်းတူပင်မိန့်၏၊)

အဗ္ဗုဒေါနာမ၊ အဗ္ဗုဒငရဲမည်သည်ကား။ ကောစိ၊ တစုံတခုသော။ ပစ္စေကနိရယော၊ အသီးဖြစ်သော ငသည်။ နတ္ထိ၊မရှိ။ပန၊ စင်စစ်သော် ကား။အဝီစိမှိယေဝ၊ အဝီစိငရဲ၌သာလျှင်။ အဗ္ဗုဒ ဂဏနာယ၊ အဗ္ဗုဒ အရေအတွက်ဖြင့်။ ပစ္စနောကာသော၊ ကျက်ရာအရပ်ကို။ အဗ္ဗုဒေါ နိရယောတိ၊အဗ္ဗုဒငရဲဟူ၍။ဝုတ္တော၊ဆိုအပ်၏။နိရဗ္ဗုဒါဒီသုပိ၊ နိရဗ္ဗုဒငရဲ စသည်တို့၌လည်း။သေနယော၊ ဤနည်းပင်တည်း။

ထိုဆယ်ခုသော ငရဲတို့၏ အသက်ပမာဏကား မဂဓတိုင်း၌ လေးကွမ်း စားမှ ကောသလတိုင်း၌ တကွမ်းစားသာ ရှိသည်၊မဂဓတိုင်း၌ လေးကွမ်း စားကားယခုကာလလေးလက်ခုပ်ရှိသည်ဟူ၏၊ကောသလတိုင်း၌ တကွမ်း စားကား ယခုကာလ တစလယ်ရှိသည် ဟူ၏၊ ကောသလတိုင်း၌ တကွမ်း စားကို နှမ်းစေ့ပေါင်းရှစ်သိန်းရှိသည်ဟု လောကဒီပကဌ်ဆို၏၊ လေးကွမ်း စားသည် ဘပြည်၊ လေးပြည်သည် တစိတ်၊ လေးစိတ်သည် တတင်း၊ လေးတင်းသည် တခါရီ၊ခါရီ နှစ်ဆယ်သည် တလှည်းမည်၏၊ ယခုကာလ တင်းပေါင်းကား ရှစ်ဆယ်ရှိ၏၊နှမ်းစေ့ပေါင်းကား လေးရာ ကိုးကုဋေနှင့် ခြောက်သိန်းရှိ၏ ဟု လောကဒီပကဌ် ဆို၏၊ လှည်းတစီးစာ ခါရီနှစ်ဆယ်

ရှိသောနှမ်းမှအနှစ်တရာ၊ တရာလွန်သဖြင့် တစေ့၊ တစေ့ထုတ်ယူ၍ပစ်သည်ရှိသော် ထိုနှမ်းစေ့သည် လျင်မြန်စွာကုန်ရာ၏၊ အဗ္ဗုဒငရဲ၏ အသက်သည် ရေတွက်၍ မကုန်နိုင်ရာဟု ကောကာလိကသုတ်၌ ဟောတော်မူ၏၊ ထို အဗ္ဗုဒငရဲအသက် အပြန်နှစ်ဆယ်သည် နိရဗ္ဗုဒငရဲ၏ အသက် မည်၏၊ နိရဗ္ဗုဒငရဲ အသက် အပြန်နှစ်ဆယ်သည် အဗဗငရဲ၏ အသက် မည်၏၊ ဤအတူ အဟဟ, အဋဋ, ကုမုဒ, သောဂန္ဓိက, ဥပ္ပလ, ပုဏ္ဍရိက, ပဒုမငရဲ တိုင်အောင် နှစ်ဆယ်စီမြှောက်၍ ဟူအပ်၏။

ယင်းသို့ကား ငရဲတို့၏အသက်ကိုပြအပ်၏၊ ထိုသို့ပြသော်လည်း ပြသည့် အတိုင်းသာ ခံရသည်မဟုတ်၊ အကုသိုလ်ကံ မကုန်သရွေ့သာ ခံရသည်၊ အကုသိုလ်ကံ ကုန်က လွတ်၏၊ ထို့ကြောင့် အဋ္ဌကထာ, ဋီကာတို့၌ "အပါယေသု ဟိ ကမ္မေဝ ပမာဏံ"ဟု ဆိုကုန်၏၊ ဗာလပဏ္ဍိတသုတ် ပါဠိတော်၌လည်း....

နစ တာဝ ကာလံ ကရောတိ၊ ယာဝ န တံ ပါပကမ္မံ ဗျန္တီ ဟောတိ....ဟု ဟောတော်မူ၏။

ယာဝ၊ အကြင်မျှလောက်၊ တံ ပါပကမ္မံ၊ ထိုမကောင်းမှုသည်။ ဗျန္တီ၊ ကင်းသည်။ န ဟောတိ၊ မဖြစ်၊ တာဝ၊ ထိုမျှလောက်။ နစကာလံကရောတိ၊ မသေ။

ဤ၌ နတ်လူတို့၏ အသက်ကား အလွန်တို၏၊ ငရဲ့တို့၏ အသက်ကား အလွန်ရှည်၏၊ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးတို့တွင် အကုသိုလ်ကံ သည်သာ လွန်၍ အကျိုးကြီးယောင်ဘကား ဟူငြားအံ့၊ အကုသိုလ်သည် သာလွန်၍ အကျိုးကြီးသည်မဟုတ်၊ နှစ်ပါးလုံးပင် အကျိုးကြီး၏၊ အသက် တိုခြင်း ရှည်ခြင်း၌ကား အကြောင်းရှိသည်၊ အကြောင်းကား....အကြင် သူသည် အသက်ထက်ဆုံး သုစရိုက်ကိုပြု၍ နတ်ပြည်၌ ဖြစ်၏၊ နတ်ပြည်၌ ဖြစ်သော ထိုသူအား နတ်စည်းစိမ်၏ ကြီးမားမျှားမြတ်သည်၏ အဖြစ် ကြောင့် ကာမရာဂထူထဲ၏၊ အမျက်ဒေါသ အားကြီး၏၊ လွန်သော မာန ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယတို့သည် ဖြစ်ကုန်၏၊ ကုသိုလ်စိတ်ကား နည်း၏၊

အကုသိုလ်ဖြစ်သော်လည်း အလှူပေးခြင်း, သီလဆောက်တည် ခြင်းငှာ မဖြစ်၊ ထို့ကြောင့် ထိုသူ၏ ရာဂဒေါသ အစရှိသော အကုသိုလ် တို့သည် ကျောက်၌သွေးအပ်သောသံသည် ကုန်သကဲ့သို့ ရှေး၌ပြုအပ်သောမရင့်သေးသော အကျိုးရှိသော ကုသိုလ်ကံသည် အကာယ်၌ ရှိငြားအံ့၊ ထိုကံကြောင့် တပါးသော နတ်ဘုံ၌ဖြစ်၏။

အကြင်သူ တယောက်သည် အသက်ထက်ဆုံး ဒုစရိုက် ဆယ်ပါးကို ပြု၍ ငရဲကြီး၌ ဖြစ်၏၊ ထိုသူ့အား သည်းမခံသာအောင် နာကျင်သော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ ဝေဒနာတို့ကို သည်းမခံနိုင်သော ထိုသူ့အား များစွာသောပင်ပန်းခြင်းသည်ဖြစ်၏၊ ယင်းသို့ဖြစ်လျှင် ငါသည်ပညာရှိ၏ စကားကိုမလိုက်၊ သူမိုက်နှင့်ပေါင်း၍ မကောင်းမှုကို များစွာ ပြုမိချေ၏ဟု မိမိကိုယ်ကို မိမိအမျက်ထွက်၏၊ ငါသည် ကောင်းမှုကို မပြုမိလေ ဟု အဖန်ဖန်လဲလဲ စိုးရိမ်၏၊ထိုသူ့အား ဒုက္ခ၏အားရှိ၍မပြတ်လျှင် ဒေါသဇော ဖြစ်၏၊ ထိုဒေါသဇောသည် ရှေး၌ပြုအပ်သောအကုသိုလ်အား ဥပတ္ထမ္ဘက ပြု၍ အားအဆင့်ကိုပေး၏၊ ထို့ကြောင့် ထိုသူ့အားအကုသိုလ်တရားသည် ပွားပြန်သဖြင့် အသက်ရှည်သော အဖြစ်ကိုပေး၏၊ ထိုငရဲကြီး၌ အသက် ကုန်ပြန်သည်ရှိသော် တပါးသော အကျိုးမပေးသေးသော မကောင်းမှု သည် အကာယ်၌ရှိငြားအံ့၊ထိုမကောင်းမှုသည် ထိုသူ့အား လက်ဖျစ်တတွက် လျှပ်တပြက်မျက်စိတမှိတ်မျှလည်း သက်သာရာကိုမပေးပဲ ငရဲကြီးတပါး၌ ချပြန်၏၊ ဂတိဝိပတ္တိသို့ရောက်သော သတ္တဝါအား များစွာသောဘဝတို့၌ ပြုအပ်သော မကောင်းမှုတို့သည် တခုသောဘဝ၌သို့ ပေါင်းစည်း စုဝေး လျက် ကံတခုကုန်သော် ကံတခု၊ ဤသို့အားဖြင့် များစွာသောအကုသိုလ် တို့သည် အခွင့်ကို ရကုန်၏၊ ဤသို့သော အကြောင်းကြောင့် အပါယ်၌ အသက်ရှည်သည်ဟု ဇိနာလင်္ကာရ၌ ဆိုသည်။

---

၁၅၃-ထိုငရဲ၌ ခံရကုန်သော သတ္တဝါတို့၏
ဆင်းရဲပုံကို ဗာလပဏ္ဍိတ သုတ်ဖြင့်
ထုတ်ဆောင်၍ ပြရာ

ထိုငရဲဘုံ၌ခံရသော ဆင်းရဲကို ဘုရားသဗ္ဗညု ဟောတော်မူသည်ကား တရံရောအခါ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌

ကိန်းအောင်းမွေ့လျော် စံနေတော်မူလျက် ရဟန်းတို့ကို ခေါ်ဆောင်၍ "ချစ်သားတို့....ငရဲ၌ဖြစ်သောဆင်းရဲတို့ကို ဥပမာပြုခြင်းငှာလည်းမလွယ်" ဟုမိန့်တော်မူ၏၊ ယင်းသို့မိန့်တော်မူသော် ရဟန်းတယောက်က ထောက်၍ "ဘုန်းတော်ကြီးလှသော ဘုရား........ ဥပမာပြုခြင်းငှာ တတ်ကောင်းပါသလော" ဟု လျှောက်၏၊ "တတ်ကောင်း၏ ရဟန်း...."

**ဥပမာကား** ခိုးသူတယောက်ကို ဖမ်း၍ အရှင်မင်းကြီး....ဤသူကား ခိုးသူတည်း၊ ထိုခိုးသူအား ထိုက်သည့်ဒဏ်ကို ထားတော်မူပါဟု မင်းအား ပြကုန်၏၊ မင်းလည်း "အချင်းတို့.... ထိုခိုးသူကို နံနက်အခါ လှံချက်တရာထိုး" ဟု မိန့်တော်မူ၏၊ မင်းချင်းတို့လည်း မင်းဆိုတိုင်း ပြုကုန်၏၊ မင်းလည်း မွန်းတည့်အခါ ထိုသူအဘယ်သို့ရှိသနည်းဟုမေးတော်မူ၏၊ မင်းချင်းတို့လည်း သေပျောက်ခြင်းမရှိ ပကတိ ရှိပါ၏ဟု လျှောက်ကုန်၏၊ မင်းလည်း "မွန်းတည့်အခါ လှံချက်တရာထိုးဦး" ဟု မိန့်တော်မူ၏၊ မင်းချင်းယောကျ်ားတို့လည်း ထိုးကုန်၏၊ မင်းလည်း ညချမ်းသောအခါ နည်းတူပင်မေး၍ နည်းတူပင်လျှောက်လျှင် နည်းတူပင်လှံချက်တရာထိုးပြန်စေ၏၊ "ချစ်သားတို့....ထိုခိုးသူယောကျ်ားသည် လှံချက်သုံးရာတို့ဖြင့် ထိုးအပ်သည် ရှိသော် ထို ထိုးခြင်းဟူသော အကြောင်းကြောင့် ဒုက္ခဒေါမနဿကို ခံစားရအံ့လော" ဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးလှသောဘုရား....တကြိမ်ထိုးအပ်သော လှံချက်ဖြင့်လည်း ထိုခိုးသူယောကျ်ားသည် လှံဖြင့် ထိုးခြင်းဟူသော အကြောင်းကြောင့် အတိုင်းမသိသော ဒုက္ခဒေါမနဿကို ခံစားရရာ၏၊ သုံးရာသော လှံချက်တို့ဖြင့်ကား ဆိုဖွယ်အဘယ်ရှိအံ့နည်း" ဟု လျှောက်ကုန်၏၊ ထိုအခါ သဗ္ဗညု ဘုရားလည်း ယဉ်စွာသော လက်ဆုပ်ကြား၌ ထားလောက်သော ကျောက်ခဲကို ကောက်တော်မူ၍ ချစ်သားတို့.... ဤကျောက်ခဲနှင့် ဟိမဝါ တောင်မင်းကား အဘယ်သည် ကြီးမားသနည်း" ဟု မေးတော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား.... ငယ်စွာသော လက်ဆုပ်ကြား၌ ထားလောက်သော ဤကျောက်ခဲကား အနည်းငယ်သာ၊ အလျား အနံ ယူဇနာ သုံးထောင်, အစောက်ကား ငါးရာ, ရှစ်သောင်း လေးထောင်သော အထွတ်တို့ဖြင့် တန်းဆာ ဆင်အပ်သော ဟိမဝါ တောင်မင်းက ထောက်၍ မရေတွက်လောက်ပါ" ဟု လျှောက်ကုန်၏၊ "ချစ်သားတို့ ဤအတူပင် လှံချက်သုံးရာ

တို့ဖြင့် ထိုးအပ်သော ထိုခိုးသူယောကျ်ား၏ ဒုက္ခဒေါမနဿသည် ငရဲ၌ ဖြစ်သော ဒုက္ခကို ထောက်၍ မရေတွက်လောက်''ဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူအပ်သော ဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်များကိုကြားသိရကုန်သော သူတော်ကောင်းအပေါင်းတို့သည် အပါယဒုက္ခကား ကြောက်လောက်ဖွယ်တကားဟု ဉာဏသံဝေဂတရားများကို ပွားများစေအပ်၏။

---

## ၁၅၄-သဉ္ဇီဝ စသော ငရဲကြီးရှစ်ထပ်၌ ကမ္မကရဏထင်အောင် ထိုငရဲကြီးတို့၏ အမည်နာမကို ဝိဂ္ဂုဟ်ဝစနတ္ထပြု၍ ပြရာ

ထိုငရဲကြီးရှစ်ထပ်တို့၌ ကမ္မကရဏထင်အောင် သံကိစ္စဇာတ် အဋ္ဌကထာကိုမှီ၍ အသီးသီး ဝစနတ္ထ ဝိဂ္ဂုဟ်ဆို၍ ပြအံ့၊ ကမ္မကရဏ ထင်မှုလည်း သံဝေဂဉာဏ် ဖြစ်ပွားမည်။

သံပုနပ္ပုနံ ဇီဝန္တိ ဧတ္ထာတိ သဉ္ဇီဝေါ၊

ဧတ္ထ၊ ဤငရဲ၌။ သံပုနပ္ပုနံ၊ အဖန်တလဲလဲ၊ ဇီဝန္တိ၊ အသက်ရှင်တတ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ သော နိရယော၊ ထိုငရဲသည်။ သဉ္ဇီဝေါ၊ သဉ္ဇီဝ မည်၏။

အဓိပ္ပါယ်ကား ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်သော အထူးထူးသော လက်နက် တို့ကို ကိုင်၍ အပိုင်းပိုင်း အမျှင် အမျှင် ပြုအပ်ကုန်သော ငရဲသူ သတ္တဝါတို့၏ အဖန်တလဲလဲ အသက်ရှင်ရာ ဟူလို၊ ဤ၌....

မဟာနိရယဗ္ဘန္တရေ နိရယပါလာ နတ္ထိ၊ အဝိသယော တေသံ၊
နိရယပါလာနာမ ဥဿဒနိရယေ ဟောန္တိ....

ဟု ဋီကာလင်္ကာရဋီကာ၌ ဆိုသောကြောင့် ငရဲကြီး၏အတွင်း၌ ငရဲထိန်း မရှိဟု မှတ်ရမည်။

မဟာနိရယဗ္ဘန္တရေ၊ ငရဲကြီး၏ အတွင်း၌၊ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နတ္ထိ၊မရှိကုန်။ တေသံ၊ ထိုငရဲထိန်းတို့၏။ အဝိသယော၊အရာမဟုတ်။ နိရယပါလာနာမ၊ ငရဲထိန်းတို့ မည်သည်ကား။ ဥဿဒနိရယေ၊ ဥဿဒ ငရဲ၌သာလျှင်။ ဟောန္တိ၊ ကုန်၏။

ဤဋီကာစကားကို နိရယပါလေ စသော အဋ္ဌကထာ စကားနှင့် စဉ်းစားဆင်ခြင်၍ မဆန့်ကျင်အောင် ယူရမည်။

ကာဠသုတ္တံ ပါတေတွာ တ္တေ တစ္ဆေန္တိတိ ကာဠသုတ္တော၊

တ္တေ၊ ဤငရဲ၌။ ကာဠသုတ္တံ၊ မည်းသောတံမျဉ်းကြိုးကို။ ပါတေတွာ၊ ချ၍။ တစ္ဆန္တိ။ ရွေတတ်ကုန်၏။ ဣတိ၊ ကြောင့်။ သောနိရယော၊ သည်။ ကာဠသုတ္တော၊ မည်၏။ (သဒ္ဒါနည်းမှာ "ဝိဝိတြာ ဟိ တဒ္ဓိတဝုတ္တိ" ဟု ဂိုန်ည်းအဌကထာ ပရိဘာသာလာသည်ကို ထောက်၍ "တ္တေ တစ္ဆန္တိ" တဒ္ဓိတ်ဟု ဆိုးဖြတ်သည်။)

**အဓိပ္ပာယ်ကား** ငရဲထိန်းတို့သည် ကြေ်ပြောဟစ်ကြွေး ဆဲရေးကုန်လျက် အလျှံ ပြောင်ပြောင် တောက်သော အထူး ထူးသော လက်နက်တို့ကို ကိုင်လျက် အလျှံပြောင်ပြောင် တောက်သော သံမြေဝှယ် ထိုမှ ဤမှ အစဉ်လိုက်၍ လဲကုန်သော ငရဲသူတို့ကို တံမျဉ်းကြိုး ချ၍ အလျှံပြောင်ပြောင် တောက်သော ပေါက်ဆိန်ကို ကိုင်ပြီးလျှင် ကြေ်ပြော ဟစ်ကြွေး ဆဲရေးကုန်လျက် ပြင်းစွာ နာကျင်သော အသံဖြင့် မြည်တမ်း ကုန်စဉ် ရှစ်မျှောင့်, တဆယ့်ခြောက်မျှောင့်ပြု၍ ရွေရာငရဲ ဟူလို။

မဟန္တာ ဇလိတ အယပဗ္ဗတာ သံပုနပ္ပုနံ ဟနန္တိ တ္တောတိ သံဃာတော။

တ္တေ၊ ဤငရဲ၌။ မဟန္တာ၊ ကြီးကုန်သော။ ဇလိတ အယပဗ္ဗတာ၊ အလျှံပြောင်ပြောင်တောက်သော သံတောင်တို့သည်။ သံပုနပ္ပုနံ၊ အဖန်တလဲလဲ ဟနန္တိ ကြိတ်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ ယော နိရယော၊ သည်။ သံဃာတော၊ မည်၏။

**အဓိပ္ပါယ်ကား** ငရဲသူသတ္တဝါတို့ကို ကိုးယူဇနာရှိသော အလျှံ ပြောင်ပြောင် တောက်သော သံမြေ၌ ခါးတိုင်အောင် မြှုပ်၍ မလှုပ်နိုင်အောင် ပြုပြီးမှ အရှေ့အရပ်က အလျှံပြောင်ပြောင်တောက်သော သံတောင်သည်ထ၍မိုးကြိုးသံကဲ့သို့ပြင်းစွာမြည်လျက်လာပြီးလျှင်ထိုငရဲသူ သတ္တဝါတို့ကို သိမ်မွေ့စွာပြုအပ်သော နှမ်းကိုကြိတ်သကဲ့သို့ ကြိတ်သွား၍ အနောက်အရပ်၌တည်၏၊အနောက်အရပ်မှထသောတောင်လည်း နည်းတူ ပင် ပြု၍ အရှေ့အရပ်၌တည်၏၊ တောင်အရပ်, မြောက်အရပ်မှ ထသော တောင်တို့လည်း နည်းတူပင် ပြုကုန်၏၊ ရံခါလည်း တောင်နှစ်လုံးတို့သည် တပေါင်းတည်း လာပြီးလျှင် ကြံညှစ်ယန္တရား၌ကြံကို ကြိတ်ကုန်သကဲ့သို့ ကြိတ်ရာငရဲ ဟူလို။

ညွှန်စာပေ- ၇၄။

ရူရု မဟာ ဒွေ ဒါ တွောတိ ရောရုဝေါ။

တွော၊ ကျွံ၊ငရဲ၌။ ရုရုမဟာသဒ္ဒေါ၊ပြင်းစွာသောအသံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ သော နိရယော၊ သည်။ ရောရုဝေါ၊ မည်၏။ (တွောအတ္ထိ တဒ္ဓိတ်၊ ဝ-ပစ္စည်း။ ရု-သဒ္ဒေဟု ဓာတ်ကျမ်း၌ မိန့်သည်နှင့်အညီ ရုသဒ္ဒါကား သဒ္ဒဝါစက၊ ရုရုဟု ပရိယာယ်နှစ်ချက်ဆင့်သောကြောင့် မဟာသဒ္ဒဟူသော အနက်ကို ရသည်။)

ရောရုဝငရဲကို ဇာလရောရုဝဟု ဆိုသည်၊ မဟာရောရုဝငရဲကို ဓူမရောရုဝဟု ဆိုသည်၊ ထို့ကြောင့် သံကိစ္စဇာတ် အဋ္ဌကထာ၌ "ဒွေစ ရောရုဝါ ဒါတိ ဇာလရောရုဝေါ ဓူမရောရုဝေါ စာတိ ဒွေ" ဟု မိန့်၏၊ ဇာလရောရုဝသည်ကမ္ဘာပတ်လုံးတည်သော နိစ္စာသော သံအလျှံတို့ဖြင့် ပြည့်၏၊ ဓူမရောရုဝသည် ငန်သော အခိုးဖြင့်ပြည့်၏၊ ထိုနှစ်ပါးတို့တွင် ဇာလရောရုဝငရဲ၌ ကျက်ရကုန်သော သတ္တဝါတို့အား ကိုးပါးသော အမာဝဏ်တို့ဖြင့် အလျှံသည် ဝင်၍ ကိုယ်ကိုလောင်ကုန်၏၊ ဓူမရောရုဝငရဲ၌ ကျက်ရကုန်သော သတ္တဝါတို့အား ကိုးပါးသော အမာဝဏ်တို့ဖြင့် ငန်သော အခိုးသည် ဝင်၍ မုန့်ညက်ကဲ့သို့ ကိုယ်ကိုပေါင်း၏၊ နှစ်ပါးသောငရဲတို့၌လည်း ကျက်ရကုန်သော သတ္တဝါတို့သည် ပြင်းစွာသောအသံကို ပြုကုန်၏၊ ထို့ကြောင့် ထိုနှစ်ပါးသော ငရဲတို့ကို ရောရုဝဟု ဆိုကုန်၏။

နိစ္စလေ သတ္တေ တာပေတီတိ တာပနော။

ယော နိရယော၊ အကြင်ငရဲသည်။ နိစ္စလေ၊ တုန်လှုပ်ခြင်းမရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ တာပေတိ၊ ပူပန်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော နိရယော၊ ထိုငရဲသည်။ တာပနော၊ တာပနမည်၏။

အဓိပ္ပါယ်ကား ငရဲသူ သတ္တဝါတို့ကို ထန်းလုံးပမာဏ ရှိသော အလျှံပြောင်ပြောင်တောက်သော သံတံကျင်၌ နေစေကုန်၏။ အောက်က သံမြေလည်း အလျှံပြောင်ပြောင် တောက်၏၊ သံတံကျင်တို့သည်လည်း အလျှံပြောင်ပြောင် တောက်ကုန်၏၊ သတ္တဝါတို့သည်လည်း အလျှံပြောင်ပြောင် တောက်ကုန်၏ ဤသို့လျှင် ထိုငရဲသည်း တုန်လှုပ်ခြင်း မရှိသော သတ္တဝါတို့ကို ပူပန်စေတတ်၏ ဟူလို၊

မဟာနဒ္ဒော တာပနော မဟာတာပနော။

မဟာနဒ္ဒော၊ ကြီးသော။ တာပနော၊ တည်း။ မဟာတာပနော၊ ကြီးသော တာပန။

အဓိပ္ပါယ်ကား ငရဲသူ သတ္တဝါတို့ကို အလျှံပြောင်ပြောင် တောက်သော လက်နက် တို့ဖြင့် ပုတ်ခတ်လျက် အလျှံ ပြောင်ပြောင် တောက်သော သံတောင်သို့ တင်ကုန်၏၊ ထိုသတ္တဝါတို့၏ တောင်ထိပ်၌ တည်သောကာလကံလျှင်အကြောင်းရှိသော လေသည် တိုက်၏၊ သတ္တဝါတို့သည် ထိုတောင်ထိပ်၌ တည်ခြင်းငှာ မတတ်နိုင်ရကား ဦးခေါင်း စောက်ထိုး ခြေကား မိုးမြော် အောက်သို့ကျကုန်၏၊ ထိုအခါ အောက် သံမြေမှ အလျှံပြောင်ပြောင်တောက်သော သံတံကျင်တို့သည် ထကုန်၏၊ ထိုသတ္တဝါတို့သည် ထိုသံတံကျင်တို့ကိုဦးခေါင်းဖြင့်တိုက်မိ၍ ထိုသံတံကျင် တို့၌ တုတ်ချင်းလျှိုထွင်းသောကိုယ်ရှိကုန်သည်ဖြစ်၍ ပြောင်ပြောင်တောက် လျက် ကျက်ကုန်၏၊ ဤသို့ ပျင် ထိုငရဲသည် ပြင်းစွာပူပန်စေတတ် ရကား ကြီးစွာသော တာပနငရဲမည်၏ ဟူလို။

နတ္တိ ဝီစိ အန္တရံ ဧတ္တာတိ အဝီစိ။

ဧတ္တ၊ ဤငရဲ၌။ ဝီစိ အန္တရံ၊ အကြား အခေါက်သည်။ နတ္တိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ သောနိရယော၊ ထိုငရဲသည်။ အဝီစိ၊ အဝီစိမည်၏။

အဓိပ္ပါယ်ကား မီးလျှံ, သတ္တဝါ ဒုက္ခဝေဒနာ ဤသုံးပါး တို့ဖြင့် အပေါက်အကြားမရှိရာ ငရဲဟူလို၊ ထိုသုံးပါး တို့တွင် မီးလျှံ အပေါက်အကြားမရှိရာ၌ အရှေ့, အနောက်, တောင်, မြောက်နံရံ လေးမျက်နှာတို့မှ မီးလျှံသည် ထ၍နံရံလေးမျက်နှာတို့၌ ထိခိုက်ပြီးလျှင် ထိုနံရံကို ဖေါက်ထွင်း၍ ပြင်ပ၌ ယူဇနာတရာသော အရပ်ကို ယူအပ်၏၊ အောက်အထက်မှ ထသော မီးလျှံလည်း အထက်အောက်၌ ထိခိုက်၏၊ အချင်းတဆယ့်ရှစ်ယူဇနာ အလွန်ရှိသော ယူဇရာသုံးရာ, အဝန်း ကိုးရာ ငါးဆယ့်လေးယူဇနာရှိသော အဝီစိငရဲ၏ အတွင်း၌ မီးလျှံသည်အပေါက် အကြားမရှိ၊အဘယ်သို့ သတ္တဝါ အပေါက်အကြား မရှိသနည်း ဟူမူကား ထိုအဝီစိ၏ အတွင်း၌ ယူဇနာတရာသော အရပ်သည် မုန်ညင်းစေ့ဖြင့် ပြည့်သော ကျည်တောက်ကဲ့သို့ သတ္တဝါတို့ဖြင့် ပြည့်၏၊ ဣရိယာပုထ် လေးပါးတို့ဖြင့် ကျက်ရကုန်သော သတ္တဝါတို့၏ ပမာဏ သည် မရှိ၊

အချင်းချင်းမထိခိုက်သည်ဖြစ်၍မိမိ မိမိတို့၏အရာ၌သာ ကျက်ရကုန်၏၊ ဤသို့လျှင် သတ္တဝါတို့၏အပေါက်အကြားမရှိ၊ ဒေဝဒတ်သည် ထဗ္ဗည္ဘုရား၌ပြစ်မှား၍ ယူဇနာတရာရှိသောအဝီစိငရဲ၏အတွင်း၌ ယူဇနာတရာရှိသော အတ္တဘောရှိသည်ဖြစ်၍ ကျက်ရ၏၊ ခြေနှစ်ချောင်းတို့သည် ဖမျက်တိုင်အောင် သံမြေ၌ ဝင်ကုန်၏၊ လက်နှစ်ချောင်းတို့သည် လက်ကောက်ဝတ်တိုင်အောင် သံနံရံတို့၌ဝင်ကုန်၏၊ဦးခေါင်း မျက်မှောင် လည်တိုင်အောင် သံမိုး၌ဝင်၏ အောက်သံမြေမှ ထသော သံတံကျင်သည် အစောက်အားဖြင့် ယူဇနာတရာ, ထိုနှင့် လျော်စွာ လုံးပတ်ရှိသည် ဖြစ်၍ ဒေဝဒတ်၏ ကိုယ်ကို ထိုးတ်ချင်းလျှို အထက်အောက် ဖေါက်၍ အထက် သံအမိုး၌ ဝင်၏၊ အရှေ့နံရံမှထသော သံတံကျင်သည် ရင်လယ်သို့ ဖေါက်၍နောက်အဖို့ဖြင့် ထွက်ပြီးလျှင် အနောက်နံရံ၌ ဝင်၏၊ တောင်နံရံမှ ထသော သံတံကျင်သည် လက်ယာနံ့တောင်းကိုဖေါက်ပြီးလျှင် လက်ဝဲနံတောင်းဖြင့် ထွက်၍ မြောက်ဘက်နံရံသို့ ဝင်၏၊ လက်နှစ်ဘက်ကား လက်ဝါးကပ်ရိုက်သကဲ့သို့ ရှိ၏၊ဤသို့မတုန်မလှုပ်သော သဗ္ဗည္ဘုရား၌ပြစ်မှား၍မတုန်မလှုပ်အကျိုးကို ခံရသည်ဟု ဥပရိပဏ္ဏာသ, ဓမ္မပဒ အဋ္ဌကထာတို့၌ ဆို၏၊ ယင်းသို့ဖြစ်လျှင် ယူဇနာတရာရှိသော အဝီစိငရဲအိုးသည် ဒေဝဒတ်နှင့်ပင်ပြည့်၍ တပါးသော သတ္တဝါ ချစ်စရာမရှိပါတကား ဟူငြားအံ့၊ ဤသို့မှုကြံအပ်၊ "ကမ္မဝိပါကော အစိန္တေယျော"ဟူ၏၊ အဘယ်သို့လျှင် ဒုက္ခဝေဒနာ အပေါက်အကြား မရှိသနည်း၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်မှ တပါးအကုသလဝိပါတ်ခြောက်ပါးတည်း ရှိသည်မဟုတ်လော ယူငြားအံ့၊ ရှိ၏။

ဥပမာကား: လျှာဖျား၌ ထားအပ်သော ပျားပေါက်ခြောက်ခုတို့သည် ခုနစ်ခု မြောက်သော သံရည် ပေါက်ဖြင့် ပူလောင်ခြင်း အားကြီးသည်၏ အဖြစ်ကြောင့် ချို၏ဟု မဆိုလောက်သကဲ့သို့ ထို့အတူ ထိုအဝီစိငရဲ၌ ဒုက္ခဝေဒနာ၏ ပူလောင်ခြင်း အားကြီးသည်၏ အဖြစ်ကြောင့် ကြွင်းသော အကုသလဝိပါက် ခြောက်ခုတို့သည် ဥပေက္ခာ မဆိုလောက်ကုန်၊ ဒုက္ခဝေဒနာသည်သာ အပေါက်အကြား မရှိသည်ဖြစ်၍ ထင်၏၊ဤသို့လျှင်မီးလျှံ,သတ္တဝါ, ဒုက္ခဝေဒနာ ဤသုံးပါးတို့၏အပေါက်အကြားသည် မရှိရာဖြစ်သောကြောင့် အဝီစိငရဲမည်၏ ဟူလို။

## ၁၅၅-ဤမည်သော မကောင်းမှုကို ပြုသောသူသည် ဤမည်သောငရဲ၌ ခံရသည်ဟု မကောင်းမှုအားလျော်စွာ ငရဲခံရပုံကို ပြဆိုရာ

ဤသို့ပြဆိုအပ်ပြီးသော ငရဲကြီးရှစ်ထပ်တို့၌ အသီးသီး ခံရသော သတ္တဝါတို့ကို ကံအကြောင်းနှင့်တကွ ဂါထာဗန္ဓဖွဲ့လျက် ဆဂတိဒီပနီကျမ်း, လောကပညတ္တိ ကျမ်းတို့၌ အကယ်၍ကား ဆိုအပ်၏၊ ယင်းသို့ဆိုအပ်သော်လည်း ဆိုတိုင်းသာဖြစ်၏ဟု အမြဲမမှတ်အပ် အဘယ်ကြောင့်နည်းဟူမူကား အတူတကွ ပါဏာတိပါတကို ပြုကြသော သူတို့တွင်အချို့ကား ဥဿဒငရဲ၌ဖြစ်သည်၊အချို့ကား ငရဲကြီး၌ဖြစ်သည်၊ ငရဲကြီးတို့တွင်လည်း အချို့ကားသဉ္ဇီဝငရဲ၌ဖြစ်သည်၊(ပေယျာလ)အချို့ကားအဝီစိငရဲ၌ ဖြစ်သည်၊ယင်းသို့ဖြစ်ခြင်းကို ကမ္မ,ကမ္မဝိပါက ဉာဏ်နှ ဒသဗလဉာဏ်ကို ရတော်မူသောသဗ္ဗညုဘုရားသာသိတော်မူသ၍၊ သူတပါးတို့အရာမဟုတ်၊ ထို့ကြောင့် အမြဲမမှတ်အပ်။

ဓမ္မိကာသမဏဗြာဟ္မဏတို့၌အပြစ်ပြုသောသူတို့သည်များသောအားဖြင့် ငရဲကြီးတို့၌ ဖြစ်ကုန်၏။

မဟာနိရယေသု ကိရ ယေဘုယျေန ဓမ္မိကသမဏဗြာဟ္မဏေသု
ကတာပရာဓာ ပစ္စန္တိ။

(ဇာတ်အဋ္ဌကထာ)

မဟာနိရယေသု ငရဲကြီးတို့၌၊ယေဘုယျေန များသောအားဖြင့်၊ဓမ္မိကသမဏဗြာဟ္မဏေသု၊ တရားစောင့်သော ရဟန်းပုဏ္ဏားတို့၌၊ကတာပရာဓာ၊ ပြုအပ်သော အပြစ်ရှိသောသူတို့သည်။ ပစ္စန္တိ၊ ကျက်ရကုန်၏။

သည်မှတပါး အထူးအားဖြင့် လာသည်ကား....

ယော စ ပဗ္ဗဇိတံ ဟန္တိ, ကတကိစ္စံ မဟေသိနံ။
သ ကာဠသုတ္တေ နိရယေ, စိရရတ္တာယ ပစ္စတိ။

(ပါဠိဇာတ်)

ယော စ၊ အကြင်သူသည်ကား။ကတကိစ္စံ၊ပြုအပ်ပြီးသော ကိစ္စရှိသော။ မဟေသိနံ၊မြတ်သောသီလက္ခန္ဓစသည်ကို ရှာမှီးသော။ပဗ္ဗဇိတံ၊ ရဟန်းကို။ ဟန္တိ၊သတ်ပုတ်ညှဉ်းဆဲ၏။ သသော၊ ထိုသူသည်။ ကာဠသုတ္တေ နိရယေ၊ ကာဠသုတ်ငရဲ၌။ စိရရတ္တာယ၊ရှည်စွာသော နေ့ညဥ့်ပတ်လုံး။ ပစ္စတိ၊ ကျက်ရ၏။

ယော လောဘာ ဝိတရံ ဟန္တိ, ဒွေါသာဝါ ပုရိသာဓမော၊
သ ကာဠသုတ္တေ နိရယေ,စိရရတ္တာယ ပစ္စတိ။ (သံကိစ္စဇာတ်)

ပုရိသာဓမော၊ ယောကျားယုတ်ဖြစ်သော၊ ယော၊အကြင်သားသည်။ လောဘာဝါ၊ စည်းစိမ်ကို လိုချင်တပ်မက်သောကြောင့် လည်းကောင်း၊ ဒေါသာဝါ၊ အမျက်ထွက်သောကြောင့် လည်းကောင်း။ ပိတရံ၊အဘကို။ ဟန္တိ၊ သတ်ပုတ်ညှဉ်းဆဲ၏၊သသော၊ ထိုသားသည်။ ကာဠသုတ္တေနိရယေ။ ၌။ စိရရတ္တာယ၊လုံး။ ပစ္စတိ၊၏။

ဤတွင် ဆဂဘိဒိပနီ အဋ္ဌကထာ၌ အဖအား အသေသတ်လျှင် အဝီစိ ငရဲမှာဖြစ်ရသောကြောင့် အသေသတ်သည်ကိုမလိုအပ်၊ ညှဉ်းဆဲရုံမျှကိုသာ ယူရမည်ဟုဆို၏၊ ထိုစကားကို ဆင်ခြင်အပ်၏၊ အဘယ်ကြောင့်နည်း ဟူမူ ကား အဖကို အသေသတ်သော အဇာတသတ်မင်း အစရှိသည်၏လောဟ ကုမ္ဘိဥဿဒငရဲ၌ ကျက်ရခြင်းကို သီလက္ခန်အဋ္ဌကထာ စသည်၌ လာသော ကြောင့်တည်း၊ လောဟကုမ္ဘိကား အဝီစိ၌သာ ရှိသည် မဟုတ်၊ ငရဲကြီး ရှစ်ထပ်၌ပင် ရှိ၏၊ အဝီစိ၏ ဥဿဒဖြစ်သော လောဟကုမ္ဘိ၌ကျက်ရမူကား အဝီစိ၌ ကျက်သည်ပင် ဆိုရ၏။

ယောစ ရာဇာ အဓမ္မဋ္ဌော, ရဋ္ဌဝိဓံသနော စ ယော။
တာပယိတွာ ဇနပဒံ, တာပနေ ပေစ္စ ပစ္စတိ။
(သံကိစ္စဇာတ်)

ယောရာဇာ၊ သည်။ အဓမ္မဋ္ဌောစ၊ အဂတိဟု ဆိုအပ်သော အဓမ္မ၌ တည်သည် လည်းကောင်း။ ရဋ္ဌဝိဓံသနောစ၊ တိုင်းပြည်ကို ဖျက်ဆီးသည် လည်းကောင်း၊ ဟောတိ၊၏။သောရာဇာ၊ထိုမင်းသည်။ ဇနပဒံ၊ ဇနပုဒ်ကို။ တာပယိတွာ၊ပူပန်စေသောကြောင့်။ပေစ္စ၊တမလွန်ဘဝသို့ရောက်၍။ တာပနေ၊ တာပန,မဟာတာပန ငရဲကြီးနှစ်ပါး၌၊ ပစ္စတိ၊ကျက်ရ၏။

သည်မှတပါး လင်ကိုမထိမဲ့မြင်ပြုသောမယားတို့လည်း၊ တာပန,မဟာ တာပန ငရဲကြီးတို့၌ကျက်ရကြောင်းကို သံကိစ္စဇာတ်၌ ဟောတော်မူသည်၊ ထိုကြောင့် ဤမည်သော မကောင်းမှုကြောင့် ဤမည်သောသူသည် ဤမည် သော ငရဲ၌သာ ကျက်ရမည်ဟု ပါဠိ အဋ္ဌကထာ ဋီကာ တို့၌ ကေန်မရှိ၊ ဥစလက္ခဏာ နိဒဿန်မျှကိုသာ ယူ၍ပြကြကုန်သည်။

ငရဲကြီး၏ တံခါးလေးမျက်နှာတို့တွင် အရှေ့တံခါး၏ အနီးအပါး၌ ကျက်ရသော သူတို့သည် အနောက် တံခါးကို ဟင်းလင်း ထင်ကုန်၏၊

အနောက်တံခါး၏အနီးအပါး၌ ကျက်ရသောသူတို့လည်း အရှေ့တံခါးကို ဟင်းလင်းထင်ကုန်၏၊ တောင်တံခါး မြောက်တံခါးတို့၌လည်း နည်းတူပင်၊ အလယ်၌ကျက်ရသောသူတို့ကား တံခါးလေးမျက်နှာပင် ဟင်းလင်း ထင်ကုန်၏၊ ယင်းသို့ ထင်သောကြောင့် ထွက်ပြေးမည်ဟု ကျိုက်ကျိုက်ဆူသော သံပူရေကို နင်းပြီး လျှင် မီးလျှံကိုတိုး၍ ပြေးသော် အနားသို့ ရောက်လျှင် တံခါးသည် အသောင်းအသိန်း မိုးကြိုးသံကဲ့သို့ မြည်၍ ပိတ်လေ၏၊ ကံမကုန်သမျှကို လွတ်ရမည့်အကြောင်း မရှိခဲ့။

---

၁၅၆-ဆဂတိဒီပနီကျမ်း၌ ပြဆိုအပ်သော
ကမ္မကရဏအစဉ်ဖြင့် မိဋ္ဌကူပ-စသော
ဉဿဒရေ လေးလုံး၌ ငရဲသူသတ္တဝါတို့ ဒုက္ခခံရပုံတို့ကို ပြဆိုရာ

အောက်၌ ပြအပ်ပြီးသော ဉဿဒရေ လေးလုံးတို့တွင် မိဋ္ဌကူပငရဲ ဟူသည်ကား ကမ္ဘာပတ်လုံး တည်သော မကောင်းသော အနံ့ရှိသော ကျင်းကြီးဖြင့် ပြည့်သော တွင်းတည်း။

မိဋ္ဌေန ပရိပုဏ္ဏော ကူပေါ မိဋ္ဌကူပေါ....ဟုဝစနတ္ထပြု။

မိဋ္ဌေန၊ ကျင်ကြီးဖြင့်။ ပရိပုဏ္ဏော၊ ပြည့်သော။ ကူပေါ၊ တွင်းတည်း။

မိဋ္ဌကူပငရဲ၌ များစွာသော ပိုးလောက်တို့သည် ရှိကုန်၏၊ အပ်ကဲ့တို့ ထက်သော နှုတ်သီးရှိကုန်၏၊ အချို့ပိုးတို့ကား ဆင်လည်ပင်း ပမာဏရှိကုန် ၏၊ အချို့ပိုးတို့ကား လှံတွင်း လှေပမာဏ ရှိကုန်၏၊ ငရဲကြီးမှ လွတ်၍ ထွက်လာကုန်သော ငရဲသူ သတ္တဝါတို့ကို ငရဲထိန်းတို့သည် လက်ခြေ အစရှိသည်တို့၌ ကိုင်ပြီးလျှင် ထိုမိဋ္ဌကူပငရဲ၌ ပစ်ချကုန်၏၊ ကျကာမျှလျှင် ပိုးလောက်တို့သည် အလုံးစုံသော ကိုယ်ကိုဝန်းရံ၍ ကိုက်ပြီးလျှင် သွေးကို သောက်ကုန်၏၊ အသားကို စားကုန်၏၊ အရိုးကိုခွဲ၍ အထဲ၌ခြင်ဆီကိုခဲကုန် ၏၊ အချို့သော ပိုးတို့သည်ခံတွင်းပါးစပ်ဖြင့် ဝင်၍ခဲကုန်၏၊ ကြီးစွာသော ပိုးတို့သည် ငရဲသူသတ္တဝါတို့ကို မိမိခံတွင်း၌ထည့်၍ အသားအသွေးတို့ကို ခဲပြီးလျှင် ခံတွင်းမှအန်၍ ထိုမိဋ္ဌကူပငရဲ၌ပစ်ချကုန်၏၊ ဤသို့သော ကမ္မ ကရဏကို နှစ်၊လ ရက်ပေါင်းများစွာ ခံရသည်ဟု ဆဂတိဒီပနီ၊ လောက ပညတ္တိကျမ်းတို့၌ ဆိုသည်။

ကုက္ကုလငရဲ ဟူသည်ကား-အတွင်း၌ အိမ်အထွတ် မျှလောက်သော မီးကျီးဖြင့် ပြည့်သော အထက်၌ ပူစွာသော ပြာဖြင့် ဖုံးလွှမ်းအပ်သော ငရဲတည်း။

ကုလျတ္တို ပါပကာရီဟိ အာဒီယတီတိ ကုက္ကုလော........ဟု ဝစနတ္ထကို ဗျာကရဏ်းမိန့်၏။

ပါပကာရီဟိ၊ မကောင်းမှုကို ပြုလေ့ရှိသော သူတို့သည်။ ကုလျတိ အာဒီယတိ ယူအပ်၏။ ဣတိ၊ ထို့ကြောင့်။ ကုက္ကုလော၊ မည်၏။

ထိုကုက္ကုလငရဲ၌ ကျက်ရသော သတ္တဝါတို့သည် ပြာပူ၌ ပစ်အပ်သော မုန်ညင်းစေ့ကဲ့သို့ ဖျစ်ဖျစ်မြည်လျက် ကျက်ရကုန်၏။ မီဠှကူပငရဲမှလွတ်၍ ထွက်လာသော ငရဲသူ သတ္တဝါတို့အား ထိုကုက္ကုလ ငရဲသည် ညီညွတ်သော မြေအပြင် မင်းရင်ပြင်ကဲ့သို့ ထင်၏၊ ထိုကုက္ကုလငရဲ၌ကျကာမျှပင် အလုံးစုံသော ကိုယ်သည် ပျားဖယောင်းကဲ့သို့ ကြေပျောက်၏၊ ဤသို့သော ကမ္မကရဏကို နှစ်,လ,ရက်ပေါင်းများစွာ ခံရသည်ဟု ရင်းကျမ်းတို့၌ပင် ဆိုသည်။

အသိပတ္တဝနငရဲဟူသည်ကား-သန်လျက်နှင့်တူသော အရွက်ရှိသော သစ်ပင်တောတည်း။

အသိ သဒိသာ ပတ္တာ ဧတေသန္တိ အသိပတ္တာ၊ အသိပတ္တာနံ ဝနံ အသိပတ္တဝနံ....ဟု ဝစနတ္ထပြု။

ဧတေသံ၊ ထိုသစ်ပင်တို့အား။ အသိ သဒိသာ၊ သန်လျက်နှင့် တူကုန်သော။ ပတ္တာ၊ အရွက်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ အသိပတ္တာ၊ ကုန်၏။ အသိပတ္တာနံ၊ သန်လျက်နှင့် တူကုန်သော အရွက် ရှိကုန်သော သစ်ပင်တို့၏။ ဝနံ၊ တောတည်း။ အသိပတ္တဝနံ၊ တော။ (အဘေဒဘေဒူ၊ အစိတ်အပေါင်းယူ။)

ကုက္ကုလငရဲမှ လွတ်၍ ထွက်လာသော ငရဲသူသတ္တဝါတို့အား အသိပတ္တတောသည် ထူထဲသောအရွက်ဖြင့် ဖုံးလွှမ်းသော သရက်ဥယျာဉ်ကဲ့သို့ ထင်၏၊ ယင်းသို့ထင်သောကြောင့် ပြာဖြင့် နှိပ်စက်အပ်ကုန်သော ငရဲသူ သတ္တဝါတို့သည် ချမ်းသာစွာနေရကုန်အံ့ဟု အသိပတ္တတောသို့ ဝင်ကြကုန်၏၊ ဝင်ကာမျှပင် ထိုသတ္တဝါတို့၏ ကံကြောင့် ကြမ်းသော လေသည် တိုက်၏၊ ထိုလေ၏အဟုန်ကြောင့် အညာမှကြွေကျကုန်သော အရွက်သည်

သန်လျက်, ခက်ရင်း, လှံမ စသည် သဖွယ်ဖြစ်၍ ထိုသူတို့၏ ကိုယ်ထက်၌ ကျပြီးလျှင် လက်,ခြေ,နား, နှာခေါင်းတို့ကိုဖြတ်ကုန်၏၊ထ၍ပြေးပြန်လျှင် သံတံတိုင်းပေါက်၍ ကာဆီး၏၊ အောက်အငြင်က သင်မုန်းသွားအတိ ဖုံးလွှမ်းနေသောကြောင့်ပြေးသွားလျှင် ခြေကား အပိုင်းပိုင်း ပြတ်၏၊ နေခြင်းငှာ မတတ်နိုင်၍ အရှေ့, အနောက်, တောင်, မြောက်လေးပါးသွား ပြန်လျှင် ဆင်ပုမာဏရှိသော ခွေးတို့သည် လိုက်၍ ကိုက်စား ကုန်၏၊ သံနှုတ်သီးရှိသော ကျီး, လင်းတ စသော ငှက်အပေါင်း တို့သည် ဝိုင်းရံ၍ အသွေးအသားကို စားပြီးလျှင် အရိုးစုသာ ပြုကုန်၏၊ ကဖန် ကံကြောင့် ပကတိရှိပြန်သည်၊ ဤသို့သော ကမ္မကရဏကို နှစ်, လ ရက်ပေါင်းများစွာ ခံရသည်ဟု ယခင်က ကျမ်းတို့၌ပင် ဆိုသည်။

ဝေတ္တရဏီငရဲ ဟူသည်ကား-ကမ္ဘာပတ်လုံး တည်သော ရေငန်ဖြင့် စီးသော လေ့သက်ကင်းသော မြစ်ချောင်းတည်း။

ဝိဂတာ တရဏီ တွော့တိ ဝိတ္တရဏီ၊ ဝိတ္တရဏီဧဝ ဝေတ္တရဏီ ..။

ဝေနတ္တပြု။

တွေ၊ ဤမြစ်၌။ တရဏီ၊ လေ့သည်။ ဝိဂတာ၊ကင်း၏။ ဣတိ၊ကြောင့်၊ ဝိတ္တရဏီ မည်၏။ ဝိတ္တရဏီဧဝ၊ ဝိတ္တရဏီ သဒ္ဒါသည်ပင်လျှင်။ ဝေတ္တရဏီ၊ မည်၏။

ထိုငရဲတို့တွင် ဝေတ္တရဏီနှင့် လောဟကုမ္ဘီ ငရဲကား ရေ၏တည်ရာ ငရဲဟု အဘိဓာန်၌ ဆို၏၊ ထိုဝေတ္တရဏီ မြစ်သည် ကမ်းနှစ်ဘက် တို့၌ သမန်း ဖေါင်းခါး ကြိမ်နွယ် ကြက်ဘဲ့ဖြင့် ထက်သန်းကျင်မှုပေါက်ကုန်၏။ အလယ်၌ ကြာဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ မွေ့လျော်ဖွယ် ကဲ့သို့ ထင်၏၊ အသိပဗ္ဗတဝနငရဲမှ လွှတ်၍ ထွက်လာကုန်သော ငရဲသူ သတ္တဝါ တို့သည် ရေငတ် ရေငတ်ကုန် သည်ဖြစ်၍ ဝေတ္တရဏီမြစ်ကို မြင်လျှင် ရွှင်လန်းလျက် မြစ်, မြစ်ဟု ဟစ်အော်ကြော်ငြာ၍ ပြေးလာကုန်၏၊ ယင်းသို့ ပြေးလာ လျှင် သင်မုန်းသွားတို့သည် လမ်းကြား၌ ခြေကို ဖြတ်ကုန်၏၊ နောက်မှ ပြေးလာသော သူတို့သည် ရှေ့လူဘို့၏ ခြေပြတ်သည်ကို မြင်လျှင် လမ်း ကြားတွင် ရပ်ကုန်၏၊ ထိုသူဘို့ကို ငရဲထိန်းတို့သည် ဆောက်ပုတ် စသည် ဖြင့် ရိုက်နှက်၍ သင်မုန်းသွား ရှိသော လမ်းခရီးသို့ သွင်းကုန်၏၊ ထိုသူတို့သည် ရှေးလူဘို့ကဲ့သို့ ပုဆစ်ခါး တိုင်အောင် သင်မုန်းသွားတို့၌

ပြုတ်ကုန်၏၊ ထိုသူတို့သည် လှုပ်ရှားခြင်းငှာ မတတ်နိုင်ရကား ထိုအရပ်၌ ထိုင်ကုန်၏၊ ယင်းသို့ ထိုင်ကုန်သော ငရဲသူတို့ကို ငရဲထိန်းတို့သည် ထကြကုန်လော့, မထိုင်ကုန်လင့်ဟု ဆောက်ပုတ်စသည်တို့ဖြင့် ရိုက်နှက် ကုန်၏၊ ငရဲသူတို့လည်းကြောက်၍ ထလိုသောကြောင့်မြေကိုလက်နှင့် ထောက်ကုန်၏၊ လက်တို့လည်း အပိုင်းပိုင်း ပြုတ်ကုန်၏၊ ယင်းသို့ ပြုတ်၍မထနိုင်ရကား မိန်းမော၍ လဲကုန်၏၊ ယင်းသို့ လဲလျှင် ထိုငရဲသူတို့၏ ကိုယ်သည် သွေးအလိမ်းလိမ်း ကပ်လျက် ပျဉ်ချပ်၌ဖြတ်၍ ထားအပ်သောအသားစိုင်ကဲ့သို့ ထင်၏၊ ထိုဝတ္ထုရဏီမြစ်သည် ကမ်းနှစ်ဘက်မှ ပေါက်သော အလျှံပြောင်ပြောင်တောက်သော ဆူးရှိသော ထန်းပင်ပမာဏရှိသော ကြိမ်နွယ်တို့ဖြင့် ဖုံးလွှမ်း၏၊ ငရဲထိန်းတို့သည် သင်ဝုန်းမြေ၌ နေကုန်သော ငရဲသူသတ္တဝါတို့ကို အလျှံပြောင်ပြောင် တောက်သော သံမျှားချိတ်တို့ဖြင့် ချိတ်ငင်၍ ကြိမ်နွယ်ဆူးတို့၌ ထည့်ကုန်၏၊ များစွာသောနှစ်,လတို့ပတ်လုံး အလျှံပြောင်ပြောင် တောက်သော ထက်လှစွာသော သင်ဝုန်းသွား, ကြိမ်နွယ်ဆူးတို့၌ အပိုင်းပိုင်း ပြုတ်ကုန်၏၊ ကြိမ်နွယ်ဆူးတို့၏ အောက်၌ ထန်းပင်လောက်ရှိသော သံတံကျင်တို့သည် ပေါက်ကုန်၏၊ ငရဲသူ သတ္တဝါတို့သည် ကြိမ်နွယ်ဆူးတို့၌ များစွာသော ကာလကို လွန်စေ၍ တဖန် ထိုဆူးတို့မှ လျော၍ သံတံကျင်တို့၌ ကျကုန်သည်ရှိသော် ထုတ်ချင်း လျှိုထွင်းသော ကိုယ်ရှိကုန်သည်ဖြစ်၍ သံတံကျင်တို့ဖြင့် သီအပ်သော ငါးကဲ့သို့ ဖြစ်ကုန်၏၊ သံတံကျင်တို့လည်း အလျှံပြောင်ပြောင် တောက်ကုန်၏၊ သံတံကျင်တို့၏ အောက်ရေအပြင်၌ အလျှံပြောင်ပြောင် တောက်သော သင်ဝုန်းသွားထက်ထက်ကုန်သော ကြာရွက်တို့လည်းရှိကုန်၏၊ ငရဲသူတို့ကား တံကျင်တို့မှ လျော၍ ကြာရွက်ထက် ကျကုန်၏၊ ထို ကြာရွက်၌ ရှည်မြင့်စွာ ဆင်းရဲဝေဒနာကို ခံစားရကုန်၏၊ ကြာရွက်မှလျော၍ ဆပ်ပြာရေ၌ ကျကုန်၏၊ သင်ဝုန်းသွားဖြင့် အပိုင်းပိုင်း ဖြတ်အပ်သော သတ္တဝါတို့သည် ဆပ်ပြာရေ အတွေ့ကို သည်းမခံနိုင်ရကား သည်းစွာငိုကြွေးကုန်၏၊ ရံခါအကြေသို့ မျောကုန်၏၊ ရံခါ အညာသို့ ဆန်တက်ကုန်၏၊ ထို့နောင်မှ ရှည်စွာသော ကာလကို လွန်သဖြင့် ငရဲထိန်းတို့သည် ထိုဆပ်ပြာရေ၌ကျကုန်သော ငရဲသူတို့ကို မြား,လှံ,ခက်ရင်း စသည်တို့ဖြင့် ငါးကဲ့သို့ ထိုးကုန်၏၊ ထို့နောင်မှ အလျှံပြောင်ပြောင်တောက်သော သံမြေ၌အိပ်စေ၍ သံတံသင်းဖြင့်ခံတွင်းကို ဖွင့်ပြီးလျှင် အလျှံပြောင်ပြောင် တောက်သော သံချောင်းကိုထည့်၍



အချင်းယောက်ျား ... သင်ကား လူတို့၌ နတ်၏တမန် ထင်ရှားဖြစ်သည်ကို မမြင်လော....၅၆၃

ခံတွင်းဝယ် ထည့်ကာမျှဖြင့်လျှင် သံချောင်းမှ အလျှံထ၍ အာခေါက်ကို လောင်ပြီးလျှင် ဦးနှောက်တိုင်အောင် ပူလောင်၏၊ ထိုသံချောင်းသည် ခံတွင်းကိုလောင်၍ လည်သို့ဝင်၏၊ လည်ကို လောင်ပြီးလျှင် ဝမ်းသို့ဝင်၏၊ ဝမ်းကို လောင်ပြီးသည့်နောက် အောက်အဖို့သို့ ထွက်၏၊ ဤသို့သော နည်းအားဖြင့် အထူးထူးအပြားပြား များစွာသော ဒုက္ခကိုနှေးညှဉ့်ရှည်စွာ ဝေတ္တရဏီ ငရဲမှာ ခံရသည်ဟု ဆဂတိဒီပနီ, လောကပညတ္တိ ကျမ်းတို့၌ ဆိုသည်။

ဤသို့နှစ်လများစွာ အတိုင်းမသိသောဆင်းရဲကို ဝေတ္တရဏီငရဲ၌ခံစား၍ အကြင်အခါ ငရဲဆင်းရဲကို ပေးတတ်သော အကုသိုလ်ကံသည် အကယ်၍ ကြွင်းကျန်သည်ဖြစ်အံ့၊ ထိုအခါ ရှေးငရဲကြီးမှထွက်လာသောလမ်းခရီးဖြင့်သာလျှင် ငရဲထိန်းတို့သည် တံ့ပြန်စေ၍ ငှားဆွဲကိုခြုံသို့ သွင်းသကဲ့သို့ ပုတ်ခတ်ခြင်း တတောင်ကို ပေးပြီးလျှင် အသိပတ္တဝနငရဲသို့ သွင်းကုန်၏၊ ထိုအသိပတ္တဝနငရဲမှ ကုက္ကုလငရဲ ထိုကုက္ကုလငရဲမှ မိဠှကူပ ငရဲကြီးသို့ သွင်းကုန်၏၊ ထိုငရဲကြီးတို့၌သည်း ရှေးနည်းတူပင် ဆင်းရဲကိုခံစားရကုန်၏၊ ဤသို့သောနည်းဖြင့် ကံမကုန်သရွေ့ ကာလပတ်လုံး ဝင်ကာထွက်ကာ များစွာသော ဆင်းရဲကို ခံစားရကုန်၏၊ ဤသည်ကား လောကပညတ္တိ ဆဂတိဒီပနီကျမ်းတို့၌ ဆိုသော ကမ္မကရဏာ အစဉ်တည်း။

---

၁၅၇-ဒေဝဒူတသုတ် ပါဠိတော်ဖြင့် ငရဲခံရသော ငရဲသူသတ္တဝါတို့၏ ကမ္မကရဏာ အစဉ်ကို ပြဆိုရာ

ယခုအခါ ဒေဝဒူတသုတ် ပါဠိတော် အဋ္ဌကထာတို့၌လာသော ကမ္မကရဏာအစဉ်ကိုပြပေအံ့၊ ဤလူ့ပြည်၌ကာယဒုစရိုက်စသည်နှင့် ပြည့်စုံသော သူသည် သေသည်မှနောက်မှ ငရဲသို့ရောက်၏၊ ထိုငရဲသူကို ငရဲထိန်းတို့သည် အထူးထူးသော မောင်းတို့၌ ကိုင်၍ ယမမင်းအားပြကုန်၏၊ ဤတွင် အချို့သော မထေရ်တို့သည် ငရဲထိန်းဟူ၍သည် မရှိကုန်၊ ငရဲထိန်း သဏ္ဌာန်ကဲ့သို့ ကံသည်သာ သတ္တဝါတို့အား ညှဉ်းဆဲခြင်းကို ပြုစေသည်ဟု ဆိုကုန်၏၊ ထိုစကားကို

> အတ္ထိ နိရယပါလာတိ၊ အာမန္တာ၊ အတ္ထိစ ကာရဏိကာတိ အာမန္တာ....ဤသို့ စသည်ဖြင့် အဘိဓမ္မာကထာဝတ္ထု၌ ပယ်အပ်သည်သာတည်း။

နိရယပါလာ၊ ငရဲထိန်းတို့သည်။ အတ္ထိ၊ ရှိကုန်၏လော။ ဣတိ ပုစ္ဆာ ယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။ အာမန္တာ၊ အိမ်း ရှိကုန်၏။ စ၊ ထိုမှတပါး။ ကာရဏိကာ၊ ငရဲသူတို့ကို ညှဉ်းဆဲတတ်သော ငရဲစောင့်တို့သည်။ အတ္ထိ၊ ကုန်၏လော၊ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်။ အာမန္တာ၊ အိမ်း ရှိကုန်၏။ ဣတိဝိဿဇ္ဇနာဗ္ဗော၊ ဤသို့ ဖြေအပ်၏။

လူ့ပြည်၌ ကံကြောင့် ညှဉ်းဆဲခြင်းအမှုကို ပြုတတ်ကုန်သောသူတို့သည် ရှိကုန်သကဲ့သို့ ဤအတူ ငရဲ၌ညှဉ်းဆဲခြင်းကို ပြုတတ်ကုန်သော ငရဲထိန်းတို့သည် ရှိကုန်၏။

> ယထာပိ မနုဿလောကေ ကမ္မကာရဏိကာ အတ္ထိ၊ ဧဝမေဝ
> နိရယေ နိရယပါလာ အတ္ထီတိ။

(ဥပရိပဏ္ဏာသ အဋ္ဌကထာ)

မနုဿလောကေ၊ လူ့ပြည်၌၊ ကမ္မကာရဏိကာ၊ ကံကြောင့် ညှဉ်းဆဲတတ်သော သူတို့သည်။ အတ္ထိယထာပိ၊ ရှိကုန်သကဲ့သို့လည်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ နိရယေ၊ ငရဲ၌။ နိရယပါလာ၊တို့သည်။ အတ္ထိ၊ရှိကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ အပ်၏။

ယမမင်းသည်ကား ဝေမာနိကပြိတ္တာ မင်းတည်း။ ရံခါ နတ်ဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရ၏၊ ရံခါ အကုသိုလ်ကံ၏အကျိုးကို ခံစားရ၏၊ တရားစောင့်သော မင်းတည်း၊ ဝေမာနိက ပြိတ္တာတို့သည် ကဏှ, သုက္က၏ အစွမ်းဖြင့် ရောသောကုသိုလ်အကုသိုလ်ကံကိုပြု၍ ဝိနိပါတိကနတ်တို့ ကဲ့သို့ ကုသိုလ်ကံဖြင့် ပဋိသန္ဓေနေကုန်၏၊ ထို့ကြောင့် အရိယမဂ်ကို မျက်မှောက် ပြုနိုင်ကုန်၏၊ ပဝတ္တိအခါ၌ကား ကံအားလျော်စွာ အကျိုး နှစ်ပါးကို ခံစားရကုန်၏၊ အကြင် ဝေမာနိကပြိတ္တာတို့အား အရိယမဂ်သည် ဖြစ်၏၊ ထိုဝေမာနိက ပြိတ္တာတို့အား အရိယမဂ်ကို မျက်မှောက် ပြုသည်မှ စ၍ ကောင်းမှုအကျိုးသည်သာ ဖြစ်၏။

(ဒေဝဒူတသုတ်ဋီကာ)

> ယေသံ ပန အရိယမဂ္ဂေါ ဥပ္ပဇ္ဇတိ၊ တေသံ မဂ္ဂါဓိဂမတော
> ပဋ္ဌာယ ပုညဖလမေဝ ဥပ္ပဇ္ဇတီတိ ဒဋ္ဌဗ္ဗံ။

ယေသံပန၊ အကြင် ဝေမာနိကပြိတ္တာတို့အား။ အရိယမဂ္ဂေါ၊သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တေသံ၊ ထိုဝေမာနိက ပြိတ္တာတို့အား။ မဂ္ဂါဓိဂမတော၊ မဂ်ကိုရသည်မှ။ ပဋ္ဌာယ၊ စ၍။ ပုညဖလမေဝ၊ ကောင်းမှု အကျိုးသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ အပ်၏။

ယမမင်းဟူသည် တယောက်သာမဟုတ် ငရဲကြီး၏ တံခါးလေးမျက်နှာတို့၌ လေးယောက်ပင် ရှိ၏။

နုစေသ ကောဝ ဟောတိ၊ စတုသု ပန ဒွါရေသု စတ္တာရော ဇနာ ဟောန္တိ။ (ဒေဝဒူတသုတ် အဋ္ဌကထာ)

သေသော၊ကြွင်းသော။ ယမမင်းသည်ကား၊ ဧကောဝ၊ တယောက်သည်သာ။ နဟောတိ၊ မဟုတ်။ ပန၊ စင်စစ်သော်ကား။ စတူသု ဒွါရေသု၊ တံခါးလေးမျက်နှာတို့၌၊ စတ္တာရောဇနာ၊ လေးယောက်တို့သည်။ ဟောန္တိ၊ ကုန်၏။

ယမမင်းသာမဟုတ်၊ ယမမင်း၏စာရေး, စာဖတ် သိရိဂုတ္တအမည်ရှိသော အမတ်လည်း လေးယောက်ပင် ရှိသည်ဟု လောကဒီပက, လောကပညတ္တိ ကျမ်းတို့၌ ဆိုသည်။

သိရိဂုတ္တအမစ္စာပိ တဒေဝ စတုရောသိယုံ။ (လောကဒီပက်)

သိရိဂုတ္တအမစ္စာပိ၊ သိရိဂုတ္တ အမည်ရှိသော အမတ် တို့သည်လည်း။ တထေဝ၊ ထိုယမမင်း အတူသာလျှင်။ စတုရော၊ လေးယောက်တို့သည်။ သိယုံ၊ ကုန်၏။

ထိုငရဲသူကို ယမမင်းသည် အချင်းယောကျ်ား...."သင်ကား လူတို့၌ နတ်၏ တမန် ထင်ရှားဖြစ်သည်ကို မမြင်လော"ဟု ရှေးဦးစွာသော နတ်၏ တမန်ကို မေးစိစစ်၏.ငရဲသူလည်း မိမိအထံသို့ စေအပ်သော တစုံတခုသော ဒေဝဒူတမရှိခြင်းကိုရည်၍ "အရှင်မင်းမြတ်....အကျွန်ုပ်ကားမမြင်ချေ" ဟု လျှောက်၏၊ယမမင်းလည်း ထိုသူသည် စကားကို နားမလည်ဟု တဖန် ထပ်၍ "အချင်းယောကျ်ား....လူတို့၌ ဝက်လက် အိပ်တတ်ကာမျ ဖြစ်သော သူငယ်ကို သင် မြင်၏လော"ဟု မေး၏၊ "မြင်ပါ၏" ဟု လျှောက်သော် "အချင်းတို့........ထို သူငယ်ကိုကို မြင်သော် သင်လူကြီးအား ငါလည်း ဇာတိသဘော ရှိချေ၏၊ ဇာတိသဘောကို မလွန်နိုင်ချေ၊ ယခုအခါ ငါသည်ကိုယ်နှုတ် စိတ်ဖြင့် ကောင်းမှုပြုအံ့ဟုအကြံမဖြစ်လော" ဟု မေး၏၊ "အရှင်မင်းမြတ်....အကျွန်ုပ်ကား မကြံမိချေ မေ့လျော့၏"ဟု လျှောက်၏၊ ယမမင်းလည်း "အချင်း....သင်သည် မေ့သည်၏အဖြစ်ကြောင့် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှုကို မပြုမိ၊ အကြင်အခြင်းဖြင့်၊ သင်သည် မေ့လျော့၏၊ ထိုအခြင်းဖြင့် သင့်ကို ပြုလတ္တံ့၊ သင်၏ မကောင်းမှုကို သင်၏ အမိသည် ပြုစပ်သည် မဟုတ်၊ သင်၏ အဖသည်, အစ်ကို ညီသည်,

နှမကြီး နှမငယ်သည်, အဆွေခင်ပွန်း ချစ်ကျွမ်း ဝင်သော သူတို့သည် ဆွေမျိုး သွေးတူ သံဘက်တို့သည်, ရဟန်းပုဏ္ဏား တို့သည်, နတ်ပြဟ္မာတို့သည် ပြုအပ်သည် မဟုတ်၊ သင်သည်သာ အကြင်မကောင်းမှုကို ပြုအပ်၏၊ ထိုမကောင်းမှု၏ အကျိုးကို သင်သည်သာ ခံစားရလတ္တံ့”ဟု ဆို၏။

**ပထမဒေဝဒူတ** သူငယ်သည် သဘောအားဖြင့် ဤသို့ ဆိုသည် မည်၏၊ “အချင်းတို့ ရှုကြကုန်၊ ငါ့အားလည်း သင်တို့ ကဲ့သို့ လက်ခြေတို့သည် ရှိပါကုန်၏၊ ယင်းသို့ရှိလျက်လည်း မိမိကျင်ကြီးကျင်ငယ်၌ နစ်ရ၏၊ မိမိသဘောအားဖြင့် ထ၍ ရေချိုးခြင်းငှာ မတတ်နိုင်၊ ငါသည် ညစ်နွမ်း၏၊ ငါ့ကို ရေချိုးကြ ကုန်လော့ဟု ဆိုခြင်းငှာမျှလည်း မတတ်နိုင်၊ ငါသည် ဇာတိမှ မလွတ်သောကြောင့် ဤသို့သဘောရှိသည်ဖြစ်၏၊ စင်စစ်မှာမူ ငါသာ မဟုတ်၊ သင်တို့သည်း ဇာတိမှ မကင်းလွတ်ကြ ကုန်သေး၊ ငါ့အား ဇာတိတရားသည် လာရောက်သကဲ့သို့ သင်တို့အားလည်း ဇာတိတရားသည် လာရောက်လတ္တံ့၊ ယင်းသို့ ဖြစ်၍ ဇာတိ မလာ မရောက်မီ ကောင်းမှုကိုပြုကြကုန်”ဟု သဘောအားဖြင့် ဆိုသည်မည်၏၊ ထို့ကြောင့် သူငယ်ကို ဒေဝဒူတဟု ဆိုသည်၊ ယမမင်းလည်း ဒုတိယ,တတိယ,စတုတ္ထ, ပဥ္စမ ဒေဝဒူတတိုင်အောင် နည်းတူစိစစ်၏။

**ဒုတိယဒေဝဒူတ** သူအိုသည် “အချင်းတို့ …ရှုကြကုန်၊ ငါလည်း သင်တို့ ကဲ့သို့ ရှေးကာလ၌ ပျိုနု၏၊ ဥရုဗလ, ဗာဟုဗလ, ဇဝန သဘောနှင့်ပြည့်စုံ၏၊ ယခုအခါ အိုမင်းသော ငါ့အား ထိုဗလ, ဇဝနတို့သည် ကွယ်ပျောက် ကုန်၏၊ လက်ခြေတို့လည်း ထင်ရှား ရှိပါကုန်လျက် လက်ခြေ၏ ကိစ္စကို မပြုနိုင်ကုန်၊ ငါသည် ဇရာသဘောမှ မလွတ်သောကြောင့် ဤသို့ သဘောရှိသည် ဖြစ်၏၊ စင်စစ်မှာမူ ငါသာမဟုတ်၊ သင်တို့လည်း ဇရာသဘောမှ မလွတ်သေးသည်သာတည်း၊ ငါ့အား ဇရာတရားသည် လာရောက်သကဲ့သို့ သင်တို့အားလည်း လာရောက်လတ္တံ့၊ ယင်းသို့ ဖြစ်၍ ထိုဇရာတရား မလာမရောက်မီ မဆွက ကောင်းမှုကုသိုလ်ကို ပြုကြကုန်လော့”ဟု သဘောအားဖြင့် ဆိုသည်မည်၏၊ ထို့ကြောင့် သူအိုသည် ဒေဝဒူတ မည်၏။

**တတိယဒေဝဒူတ** သူနာသည် “အချင်းတို့…ငါ့ကို ရှုကြကုန်၊ ငါလည်း သင်တို့ကဲ့သို့ ရှေးအခါ ရောဂါမရှိ၊ ယခုအခါ ငါသည် အနာဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မိမိကျင်ကြီးကျင်ငယ်၌နစ်မွန်း၏၊ ထခြင်း

ငှာမျှလည်း မတတ်နိုင်၊ ငါ၏လက်ခြေတို့သည် ထင်းရှားရှိကုန်လျက် လက်ခြေကိစ္စကို မပြုနိုင်ကုန်၊ ငါသည် ဗျာဓိသဘောမှ မလွတ်သောကြောင့် ဤသို့ သဘောရှိသည် ဖြစ်၏၊ စင်စစ်မှာမူ ငါသာ ဗျာဓိသဘောမှ မလွတ်သည် မဟုတ်၊ သင်တို့လည်း မလွတ်ကြကုန်သေး၊ ငါ့အား ဗျာဓိ တရားသည် လာရောက်သကဲ့သို့ သင်တို့အားလည်း လာရောက်လတ္တံ့၊ ယင်းသို့ ဖြစ်၍ ဗျာဓိတရား မလာမရောက်မီ မဆွကကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့” ဟု သဘောအားဖြင့် ဆိုသည်မည်၏၊ ထို့ကြောင့် သူနာသည် ဒေဝဒူတ မည်၏။

**စတုတ္ထ ဒေဝဒူတ** ကမ္မကရဏာ၊ ကမ္မကာရဏိက နှစ်ပါးကိုင် ဒေဝဒူတဟု မှတ်အပ်၏၊ ထိုနှစ်ပါး တို့တွင် ကမ္မကရဏာ အဖို့၌ သုံးဆယ် နှစ်ပါးသောကမ္မကရဏာတို့သည် “အချင်းတို့....ငါတို့ဖြစ်ကုန်သည်ရှိသော် အဝိညာဏကဖြစ်သောသစ်ပင်၊ တော၊ တောင်တို့၌ဖြစ်သည် မဟုတ်ကုန်၊ စင်စစ်သော်ကား သင့်တို့ကဲ့သို့သဘောရှိသော သဝိညာဏက ကိုယ်၌သာ ဖြစ်ကုန်၏၊ ယင်းသို့ ဖြစ်၍ ငါတို့ပဖြစ်မီ မဆွက ကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့” ဟု အနက်အားဖြင့် ဆိုကုန်သည် မည်၏၊ ထို့ကြောင့်သုံးဆယ့်နှစ်ပါးသောကမ္မကရဏာတို့သည်ဒေဝဒူတ မည်ကုန်၏။ ကမ္မကာရဏိက အဖို့၌ ကမ္မကာရဏိက တို့သည်လည်း “အချင်းတို့....ငါတို့သည် သုံးဆယ့် နှစ်ပါးသော ကမ္မကရဏာ တို့ကို ပြုကုန်သည် ရှိသော် အဝိညာဏက ဖြစ်သော သစ်ပင်၊ တော၊ တောင် စသည်တို့၌ ပြုကုန်သည် မဟုတ်၊ စင်စစ်သော်ကား သင်တို့ ကဲ့သို့ သဘောရှိသော သဝိညာဏက သတ္တဝါတို့၌သာပြုကုန်သည်၊ ယင်းသို့ဖြစ်၍ငါတို့သည်သင်တို့၌ကမ္မကရဏာကိုမပြုမီ မဆွက ကောင်းမှုကုသိုလ်ကို ပြုကြကုန်” ဟု အတ္ထအားဖြင့်ဆိုကုန်သည် မည်၏၊ ထို့ကြောင့် ကမ္မကာရဏိက တို့သည်လည်း ဒေဝဒူတ မည်ကုန်၏။

**ပဉ္စမ ဒေဝဒူတ** သူသေသည် “အချင်းတို့....သူကောင်ပစ်ရာ ဖြစ်သော သုသာန်၌ စွန့်ပစ်အပ်သော ဖူးဖူးရောင်ခြင်း စသော အဖြစ်သို့ ရောက်သော ငါ့ကို ရှုကုန်လော့၊ ငါသည် မရဏာမှ လွတ်သော သဘောမရှိသောကြောင့် ဤသို့ သဘောရှိသည် ဖြစ်ရ၏၊ စင်စစ် မှာမူ ငါသာ မဟုတ်၊ သင်တို့သည်လည်း မရဏသဘောမှ မလွတ်ကြကုန်သေး၊ ငါ့အား မရဏ တရားသည် လာရောက် သကဲ့သို့ သင်တို့ အားလည်း

လာရောက်လတံ့။ ယင်းသို့ ဖြစ်၍ မရဏာတရားသည် မလာ မရောက်မီ မဆွက ကောင်းမှု ကုသိုလ်ကို ပြုကြကုန်လော့”ဟု သဘောအားဖြင့် ဆိုသည်မည်၏၊ ထိုကြောင့် ထိုမရဏာသည် ဒေဝဒူတမည်၏။

ယမမင်း၏ ဒေဝဒူတဖြင့် မေးမြန်း စိစစ်ခြင်းကို အဘယ် သူသည် ခံရသနည်း ဟူမူ...အကြင်သူသည် များစွာသော မကောင်းမှုကို ပြုအပ်၏၊ ထိုသူသည် ငရဲကြီး၌ ဖြစ်သည်သာ၊ အကြင်သူသည်နည်းသော မကောင်းမှုကိုပြုအပ်၏၊ ထိုသူသည် အမေးအမြန်း အစိအစစ်ခံရ၏၊ ဥပမာကား.... ‘‘ခိုးထုပ်နှင့်တကွ ဖမ်းမိသောသူခိုးကို မေးမြန်းစိစစ်ဖွယ်မရှိ၊ ထိုက်သည့် အလျောက် စီရင်ရိုးသာ၊ ခိုးထုပ်နှင့်တကွ မဟုတ် အလွတ်ဖမ်းအပ်သော သူသည်သာ အမေးအမြန်း အစိအစစ်ကို ခံရသကဲ့သို့ တည်း” ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ ဆို၏၊ နည်းသော မကောင်းမှု ရှိသော သူတို့ သည် မိမိသဘောအားဖြင့် အောက်မေ့နိုင်ကုန်၍ ယမမင်းသည်အောက်မေ့ စေအပ်သော်လည်း အောက်မေ့နိုင်ကုန်၏၊ ဒီဃဇယန္တ အမည်ရှိသော ကျည်းလူမျိုး တယောက်သည် တောင်ထိုပ်ဝယ် ဆောက်အပ်သော ဂိုရိ ကျောင်း အာကာသစေတီ၌ နီစွာသော ပုဆိုးဖြင့် ပူဇော်ဖူး၏၊ နောက် အခါ ငရဲသို့သွား၍ခုဒဿဒငရဲနားသို့ရောက်သော် မီးလျှံကို ကြားလျှင် ပူဇော်ဖူးသော ပုဆိုးကို အောက်မေ့မိ၏၊ ထိုဒီဃဇယန္တ အမည်ရှိသော ကျည်းသည် ငရဲမှလွတ်ပြန်လာ၍ နတ်ရွာ၌ ဖြစ်လေ၏၊ တယောက်သော သူသည်လည်း သားပဋ္ဌင်းငယ်အား အစာမကျေသော ပုဆိုးကို ခြေရင်း၌ ထား၍လှူ၏၊ သေခါနီးကာလ ပြတ်ပြတ်ဟူသော အသံ၌ နိမိတ်ကိုယူ၏၊ ထိုသူသည်လည်း ဥဿဒငရဲ၏ အနီးအပါးသို့ ရောက်သော် မီးလျှံဖြင့် ထိုပုဆိုးကို အောက်မေ့ပြီးလျှင် နတ်ပြည်၌ဖြစ်လေ၏၊ ဤသို့ မိမိသဘော အားဖြင့် ကောင်းမှုကုသိုလ်ကိုပြု၍အောက်မေ့ပြီးလျှင်နတ်ပြည်တွင်ဖြစ်၏။

မိမိသဘောအားဖြင့် မအောက်မေ့နိုင်သော သူတို့အား ငါးပါးသော နတ်၏တမန်တို့ကို မေး၏၊ ထိုသူတို့တွင် အချို့သောသူသည် ပဌမ ဒေဝဒူတ ဖြင့် အောက်မေ့နိုင်၏၊ အချို့သောသူသည် ဒုတိယဒေဝဒူတ စသည်တို့ဖြင့် အောက်မေ့နိုင်၏။ အကြင်သူသည် ငါးပါးသော ဒေဝဒူတတို့ဖြင့် လည်း မအောက်မေ့နိုင်၊ ထိုသူ့ကို ယမမင်းသည် အောက်မေ့စေ၏၊ အမတ် တယောက်သည် တကုမ္ဘသော မုလေပန်းတို့ဖြင့် မဟာစေတီ တော်ကို ပူဇော်၍ ယမမင်းအား ကုသိုလ် အဖို့ကို အမျှဝေ၏၊ သေသော အခါ

ဇ.ထံသို့ ဆောင်ကုန်၏၊ ထိုသူသည် ငါးပါးသော ဒေဝဒူတတို့ဖြင့်လည်း မိမိကုသိုလ်ကို မအောက်မေ့နိုင်သည်ရှိသော် ယမမင်းသည် မိမိကိုယ်တိုင် ကြည့်၍ မြင်လျှင် "သင်သည် တကုဋ္ဌသော မုလေးပန်းတို့ဖြင့် မဟာ စေတီတော်ကို ပူဇော်၍ ငါ့အား ကုသိုလ်အဖို့ကို အမျှဝေသည် မဟုတ် လော"ဟု အောက်မေ့စေ၏၊ ထိုအမှတ်သည် ထိုအခါသတိရ၍ နတ်ပြည်၌ ဖြစ်လေ၏၊ ဤသို့ ဒေဝဒူတ၏အစွမ်းဖြင့် သတ္တဝါတို့ကိုဆည်းပူးတိုင်းသော ကောင်းမှု ကုသိုလ်ကံ၌ မှတ်စေတတ်သောကြောင့် ဥပရိပဏ္ဏာသ ဋီကာ၌ ယမမင်းကို ဝိဂ္ဂဟ်ဆိုသည်ကား....

ဒေဝဒူတေဟိ ဝါ သတ္တေ ယထူပစိတေ ပုညကမ္မေ ယမေတိ နိယမေတီတိ ယမော....ဟု ဆိုသည်။

ယောရာဇာ၊ သည်။ ဒေဝဒူတေဟိ၊ ၏။ ဝါ၊ ဖြင့်။ သတ္တေ၊ တို့ကို။ ယထူပစိတေ၊အကြင် အကြင် ဆည်းပူးအပ်သော။ ပုညကမ္မေ၊ ကောင်းမှု၌။ ယမေတိ နိယမေတိ၊ မှတ်စေတတ်၏၊ ဣတိ၊ ကြောင့်။ သောရာဇာ၊သည်။ ယမော၊ မည်၏။

အကြင် သတ္တဝါ၏ ကောင်းမှု ကုသိုလ်ကို မိမိရှုသော်လည်း မမြင်၊ ဤသတ္တဝါကား ဆင်းရဲကြီးစွာကို ခံရလိမ့်မည်ဟု နှလုံးပြု၍ ဆိတ်ဆိတ် သာ နေ၏၊ ယင်းသို့နေသည့်ကာလ ယမမင်း၏ သိရိဂုတ္တ အမည်ရှိသော အမတ်သည် ရေး၍ပြုအပ်သော မကောင်းမှု ရှိကုန်သော သတ္တဝါတို့၏ မကောင်းမှုကံအားလျော်စွာ အကျိုးကို ပေပုရပိုက်၌ရေး၍ဖတ်ပြီးသော် ငရဲထိန်းတို့ကိုခေါ်၍ အချင်းတို့....ယင်းသို့ တပြီးကား ဤသတ္တဝါတို့အား ထိုက်သည့်အလျောက် ကံ၏အကျိုးကို ခံစားစေကုန်လော့" ဟု ဆင့်ဆို၏၊ ဤစကားကား လောကပညတ္တိကျမ်း လောကဒီပကကျမ်းတို့၌ လာသည်၊ ဒေဝဒူတသုတ်ပါဠိတော်၌ကား ယမမင်း ဆိတ်ဆိတ်နေလျှင်ပင် ငရဲထိန်း တို့ စီရင်ကြသည်ဟုသာ လာသည်။

ထိုငရဲသူကို ငရဲထိန်းတို့သည် လက်နှစ်ဘက် ခြေနှစ်ဘက် ရင်လယ်၌ ပူစွာသော သံချောင်းကို စိုက်နှက်ခြင်းဟု ဆိုအပ်သော ငါးပါး အပြား ရှိသော နှောင်ဖွဲ့ခြင်းကို ပြုကုန်၏၊ အလျားပြောင်ပြောင် တောက်သော သံမြေ၌ သုံးဂါဝုတ်မျှ လောက်သော အတ္တဘောရှိသော ငရဲသူကို အိပ် စေ၍ အိမ်မိုးတဘက်မျှ လောက်သော အရွယ်ရှိသော ဓားမတို့ဖြင့် ရွေ ကုန်၏၊သွေးသည် မြစ်ကဲ့သို့ ချောင်းစီး၏၊မြေမှအလျှံထ၍ရွေရာအရပ်ကို ညှန့်စေပေ- ၇၆။

လောင်ရကား ကြီးစွာသော ဆင်းရဲသည် ဖြစ်၏၊ ဦးခေါင်း စောက်ထိုး ခြေကား မိုးမြှော်ထား၍ စကောပမာဏ အရွက်အသွား ရှိသော ပဲခွပ် တံ့ဖြင့် အရေမှ အရိုးတိုင်အောင် တဖြည်းဖြည်း ရွေကုန်၏၊ ရွေပြီး,ရွေပြီး သံမျှလည်း ပကတိရှိမြဲတိုင်းသာ ရှိလာ၏၊ အလျှံပြောင်ပြောင် တောက်သော သံရထား၌ က၍ အလျှံပြောင်ပြောင် တောက်သော သံမြေ၌ ထိုမှ ဤမှ နှင်ကုန်၏၊ ပြောင်ပြောင် တောက်သော အလျှံအခိုးနှင့် တကွသော မီးကျီးတောင်သို့ အလျှံပြောင်ပြောင် တောက်သော သံဆောက်ပုတ်နှင့် ရိုက်၍ တက်လည်း တက်စေ ကုန်၏၊ ဆင်းလည်း ဆင်းစေ ကုန်၏၊ ထိုငရဲသူကို ဦးခေါင်း စောက်ထိုး ခြေကားမိုးမြှော်ကိုင်၍ ပြောင်ပြောင် တောက်သော အလျှံအခိုးနှင့် တကွသော ပူလောင်သော သံဖြင့်ပြီးသော သံရည်ဖြင့် ပြည့်သော လောဟကုမ္ဘီ ငရဲအိုး၌ ထည့်ကုန်၏၊ ဤတွင် လောဟကုမ္ဘီကို အဘိဓာန်ဋီကာ၌....

လောဟမယာ ကုမ္ဘိ လောဟကုမ္ဘီ........ဟု ဝစနတ္ထပြုသည်၊
သံဖြင့် ပြီးသော အိုးဟု ဆိုလိုသည်။

ကပ္ပေန သဏ္ဍိတံ ဇလိတ တမ္ဗရသ သံပုဏ္ဏ လောဟကုမ္ဘီ....
ဟူသော သံကိစ္စဇာတ် အဋ္ဌကထာကို လည်းကောင်း,

ကပ္ပေန သဏ္ဍိတာ လောဟရသေန သမ္ပုဏ္ဏာ........ဟူသော
နေမိဇာတ် အဋ္ဌကထာကို လည်းကောင်း ထောက်သော်....

လောဟေန သမ္ပုဏ္ဏာ ကုမ္ဘိ လောဟကုမ္ဘီ........ဟူ၍လည်း

ပြုသင့်၏၊ သံရည် ကြေးနီရည်ဖြင့် ပြည့်သော အိုးဟု ဆိုလိုသည်။

ထိုငရဲသူသည် လောဟကုမ္ဘီငရဲ၌ အမြှုပ်ထလျက် ကျက်ရ၏၊ ရံခါ အောက်သို့, ရံခါ အထက်သို့, ရံခါ ဖီလာသို့ သွားရ၏၊ ထိုငရဲသူကိုငရဲထိန်းတို့သည် တဖန် အဝီစိငရဲကြီး၌ချပြန်ကုန်၏၊ ထိုငရဲကြီး၏ အခြားမဲ့၌တစပ်တည်း တည်သော ယူဇနာတရာရှိသော ဂူထငရဲသည် ရှိ၏၊ ထို ဂူထငရဲ၌ ချ၏၊ ခြေတချောင်းကား ငရဲကြီးမှာ, ခြေတချောင်းကား ဂူထငရဲမှာကျ၏ ဟူလို၊ ဤဂူထငရဲဟူသည် အောက်၌ ပြအပ်ပြီးသော မိဠကူပငရဲပင်တည်း၊ ထိုဂူထငရဲ၌ခံရသော ကမ္မကရဏကို အောက်၌ ပြခဲ့ပြီ၊ ထိုဂူထငရဲ၏ အခြားမဲ့၌ တစပ်တည်း တည်သော ယူဇနာတရာရှိသော ကုက္ကုလငရဲသည် ရှိ၏၊ ထိုကုက္ကုလငရဲ၌ ပစ်ချ၏၊ ထိုကုက္ကုလငရဲ၌ခံရသော ကမ္မကရဏ ကိုလည်း

အောက်၌ပြခဲ့ပြီး၊ လောကပညတ္တိ၌ကား ငရဲ၏အခြားမဲ့၌ ကုက္ကုလငရဲ ကုက္ကုလငရဲ၏ အခြားမဲ့၌ ဂူထငရဲဟုဆိုသည်၊ ဤဒေဝဒူတသုတ်ပါဠိတော်နှင့်မညီ၊

ထိုကုက္ကုလ၏ အခြားမဲ့၌ တစပ်တည်း တည်သော ယူဇနာတရာရှိသော,အထက်သို့ တယူဇနာ မြင့်သော, လက် တဆယ့်ခြောက် သစ်ခန့်ဆူးရှိသော ပြောင်ပြောင်တောက်သော အလျှံအခိုးနှင့် တကွသော လက်ပံတောသည် ရှိ၏၊ ထိုလက်ပံတော၌ ငရဲသူကို လက်ပံပင်သို့ တက်စေ ဆင်းစေ ကုန်၏၊ ထိုငရဲသူတို့ တက်သောအခါ ဆူးတို့သည် အောက်သို့ ရှေးရှုနေကုန်၏၊ ဆင်းသောအခါ အထက်သို့ ရှေးရှုနေကုန်၏ ထိုလက်ပံတော၏ အခြားမဲ့၌ တစပ်တည်းတည်သော အသိပတ္တဘောသည် ရှိ၏၊ ငရဲသူသည် အသိပတ္တတော ငရဲသို့ဝင်၏၊ ထိုတော၌ခံရသော ကမ္မကရဏကို အောက်၌ပြခဲ့ပြီး၊ လောကပညတ္တိ, ဆဂတိ ဒီပနီ, လောက ဒီပက ကျမ်းတို့၌ကား ကုက္ကုလငရဲ၏ အခြားမဲ့၌ အသိပတ္တတော ငရဲကို ဆိုသည်။ လက်ပံတော ငရဲမပါ၊ လက်ပံတောငရဲကို ထိုကျမ်းတို့၌ အသိပတ္တဘောငရဲတွင် သွင်းသည် ဖြစ်ရာ၏၊ လက်ပံတောငရဲကို ထိုကျမ်းတို့၌ ပြင်ပမှာလာသည်။

ထိုအသိပတ္တတော ငရဲ၏အခြားမဲ့၌ တစပ်တည်းတည်သော ငန်သောရေရှိသော ဝေတ္တရဏီ မြစ်သည် ရှိ၏၊ ထိုမြစ်၌ ခံရသော ကမ္မကရဏကိုလည်း အောက်၌ပြခဲ့ပြီ၊ ထိုဝေတ္တရဏီမြစ်၌ အထက်အောက်မျောသော ငရဲကို ငရဲထိန်းတို့သည် သံမျှားချိတ်ဖြင့် ချိတ်ငင်ပြီးလျှင် ကုန်းသို့တင်၍ အချင်း....သင်ကား အဘယ်ကိုအလိုရှိသနည်းဟု မေးကုန်၏၊ သခင်တို့....ငါကား ထမင်းဆာသည်ဟု ဆိုသော် ထိုငရဲထိန်းတို့သည် ပူစွာသော ပြောင်ပြောင် တောက်သော အလျှံ အခိုးနှင့် တကွသော သံတံကင်းဖြင့် ခံတွင်းကိုဖွင့်ပြီးလျှင်ပူစွာသော ပြောင်ပြောင်တောက်သောအခိုး အလျှံနှင့် တကွသော သံတွေသံချောင်းကို ထည့်ကုန်၏၊ ထိုငရဲသူ၏ နှုတ်ခမ်းဂါးစပ်လည်ချောင်းရင်ဘတ်ကို လောင်ပြီးလျှင် အူ အူသိမ်ကိုယူလျက် အောက်ဖို့သို့ ထွက်လေ၏၊ တဖန် အချင်း....အဘယ်ကိုလိုသနည်းဟု မေးပြန်၏၊ သခင်တို့....ငါကား ရေငတ်လှသည်ဟု ဆိုသော် ထိုငရဲသူကို ငရဲထိန်းတို့သည် ပူစွာသော ပြောင်ပြောင်တောက်သော အခိုးအလျှံနှင့် သကွသော သံတံကင်းဖြင့်ခံတွင်းကိုဖွင့်ပြီးလျှင် ပူစွာသော ပြောင်ပြောင်တောက်သော အခိုးအလျှံနှင့်တကွသော သံရည်ကို ခံတွင်းဖြင့် လောင်းကုန်၏၊ ထိုသံရည်

ပူလည်း ငရဲသူ၏ နှုတ်ခမ်းပါးစပ် ရင်ဘတ် လည်ချောင်းကို လောင်ပြီး လျှင် အူမအူသိမ်ကိုယူလျက် အောက်အဖို့မှပင် ထွက်လေ၏၊ ထို့နောက် တဖန် အဝီစိငရဲကြီး၌ပင် ပစ်ချပြန်ကုန်၏၊ ဤသည်ကား ဒေဝဒူတသုတ်၌ လာသော ကမ္မကရဏ အစဉ်တည်း၊ အကျဉ်းကား....

ပဉ္စဝိဓ ဗန္ဓနဟု ဆိုအပ်သော ငါးပါး အပြားရှိသော နှောင် ဖွဲ့ခြင်း-ပထမ။

ထားမ ပဲခွပ်တို့ဖြင့် ရွေခြင်း ဒုတိယ။

ရထား၌ ကဲခြင်း-တတိယ။

မီးကျီးတောင်သို့ တင်ခြင်း-စတုတ္ထ။

လောဟကုမ္ဘီ၌ ချခြင်း-ပဉ္စမ။

အဝီစိငရဲကြီး၌ ချခြင်း-ဆဋ္ဌ။

ဂူထငရဲ၌ ချခြင်း-သတ္တမ။

ကုက္ကုလငရဲ၌ ချခြင်း-အဋ္ဌမ။

သိမ္ဗလိဝနငရဲ၌ လက်ပံပင်တို့ တင်ခြင်း၊ ချခြင်း-နဝမ၊

အသိပတ္တတောသို့ ဝင်ရခြင်း-ဒသမ၊

ဝေတ္တရဏီမြစ်၌ မျောရခြင်း-ဧကာဒသမ။

သံတွေ့သံချောင်းကိုခံတွင်းဖြင့် သွင်းခြင်း-ဒွါဒသမ။

သံရည်ကို ခံတွင်းဖြင့် လောင်းခြင်း-တေရသမ။

ထိုမှတဖန် အဝီစိငရဲကြီး၌ ပစ်ချပြန်၏။

ဗန္ဓနနှင့်၊ တစ္ဆတခြား၊ ရထား ပဗ္ဗတ။ လောဟ ဝီစိ၊ ထိုပြီး နောက်မှ၊ ဂူထကုက္ကုလ၊ မှတ်ရှုသိမ္ဗလိ၊ အသိပတ္တ၊ ဝေတ္တသံချောင်း၊ သံရည်လောင်းဟု၊ ပေါင်းတေရသ၊ ကရဏသည်....ဒူတသုတ်၏ အစဉ်တည်း။

ထိုတဆယ့်သုံးပါးတို့တွင် အချို့သောငရဲသူသည် ပဉ္စဝိဓဗန္ဓနမျှကိုခံ၍ လွတ်၏၊ အချို့သောငရဲသူသည် ပဉ္စဝိဓဗန္ဓနနှင့်မလွတ်မူ တစ္ဆနသို့ရောက် လျှင် လွတ်၏၊ (ပေယျာလ) အချို့သော ငရဲသူသည် လောဟပါနသို့ ရောက်လျှင် လွတ်၏၊ ထို၌ မလွတ်မူ ငရဲကြီးသူ တဖန်ချပြန်၏၊ ကံမကုန် လျှင် အပြန်ပြန် ခံရ၏၊ ကံကုန်မှ လွတ်သည်၊ ဤ ဒေဝဒူတ သုတ္တန်ကို သင်သော ပဥ္စင်းငယ် တယောက်သည် မထေရ်အား "အရှင်ဘုရား.......

ဤပဉ္စဝိဓ ဗန္ဓနမှစ၍ လောဟပါနတိုင်အောင် မျှလောက်သော ဆင်းရဲကို ခံစားကုန်လျက် တဖန်ငရဲကြီး၌ပစ်ချဦးမည်လော''ဟုလျှောက်၏၊ မထေရ်လည်း ''ငါ့ရှင်....အကုသိုလ်ကံ မကုန်ကပစ်ချသိမ့်မည်''ဟု မိန့်တော်မူ၏၊ ''အရှင်ဘုရား....ယင်းသို့ဖြစ်လျှင် ပါဠိသင်ခြင်းကိုထား၍ ကမ္မဋ္ဌာန်းတရားကို ဟောတော်မူပါဦး''ဟု တောင်းပန်၍ ကမ္မဋ္ဌာန်းကိုဟောစေပြီးလျှင် ကမ္မဋ္ဌာန်းကိုဆင်၍ အားထုတ်သဖြင့် သောတပန် ဖြစ်ပြီးမှ လာ၍ တဖန်ပါဠိကို သင်ပြန်သည်ဟု ဒေဝဒူတသုတ် အဋ္ဌကထာ၌ ဆိုသည်၊ ဤဒေဝဒူတသုတ် ပါဠိတော်ကို ကြားနာရကုန်သောသူတော်ကောင်းတို့သည် အပါယဒုက္ခတွင် အကျုံးဝင်သော နိရယဒုက္ခကား ကြောက်ကောင်းဖွယ် တကားဟု ဉာဏသံဝေဂတရားကို ပွားများစေအပ်၏၊

---

## ၁၅၈-နေမိဇာတ်တော်၌ လာသည့်အတိုင်း ငရဲခံရသော ငရဲသူ သတ္တဝါတို့၏ ကမ္မကရဏာ အစဉ်ကို ပြဆိုရာ

ယခုအခါ နေမိဇာတ်တော်၌ အကြောင်းကံနှင့်တကွ ခံရသော ကမ္မကရဏာကို နေမိမင်းအား မာတလိနတ်သား ပြသည်ဟု လာသော ကြောင့် သူတော်ကောင်းတို့အား သံဝေဂတရား ဖြစ်ကြ စေခြင်းငှာ နေမိဇာတ်တော်၌ လာသည့်အတိုင်း အမြွက်မျှ ပြဦးအံ့၊ နေမိမင်းဖျားရထားပေါ်သို့ တက်မိလျှင် မာတလိနတ်သားက ''ငရဲ, နတ်ပြည် နှစ်တည်နှစ်ဝကိုပင် အရှင်မင်းကြီးအား ငါပြမည်၊ အဘယ်သို့ ရှေးဦးစွာကြည့်သော်မူမည်နည်း''ဟု မေးလျှင် နေမိမင်းလည်း နတ်ပြည်ကခေါ်လာသည်ကိုငါကား နတ်ပြည်သို့မချွတ်ရောက်ရလိမ့်မည်၊ ငရဲပြည်သို့ရောက်ရမည် မရောက်ရမည်ကို မသိမသာ၊ သို့ဖြစ်၍ ရှေးဦး ငါ့အား ငရဲသားတို့နေရာ ငရဲရွာကိုပြပါဦးဟု ဆိုသောကြောင့် မာတလိနတ်သားသည် နေမိမင်းအား ဥဿဒငရဲလေးလုံးတို့တွင် ပြင်ပဆုံးဖြစ်သော ဝေတ္တရဏီ ငရဲကိုရှေးဦးစွာ ပြ၏၊ ထိုဝေတ္တရဏီ၌ ငရဲထိန်းတို့သည် အလျှံ ပြောင်ပြောင် တောက်သော သန်လျက်, လှံမ, သံချွန်, ခက်ရင်း အစရှိသောလက်နက်တို့ကိုကိုင်၍ ငရဲသူတို့ကို ပုတ်ခတ် ထိုးသတ်ညှဉ်းဆဲကုန်၏၊ ထိုဒုက္ခကို သည်းမခံနိုင်ကုန်သော ငရဲသူတို့သည် ဝေတ္တရဏီမြစ်၌ ကျကုန်၏၊ ထို ဝေတ္တရဏီမြစ်၌ ခံရသော ကမ္မကရဏာကိုအောက်ကပြခဲ့ပြီ၊ ထို ဝေတ္တရဏီမြစ်သည့်အထက်၌ ကြိမ်ဆူး, ထိုအောက်၌ သံဆူး, ထိုအောက် ရေစပြင်၌ သံကြာရွက်, ထိုအောက်၌

ဆပ်ပြာရည်၊ ထိုအောက် မြစ်အပြင်၌ သင်ခုန်းသွား ဖုံးလွှမ်းသည်ဟု နေမိဗာတ် အဋ္ဌကထာ၌ဆို၏၊ အထက်၌ အဆူးရှိသော ကြိမ်နွယ်တို့ဖြင့်ဖုံးလွှမ်းသောကြောင့်ပင် ထိုမြစ်ကို ဝေတ္တရဏီ ဟု ဆိုသည်၊ ယင်းသို့ ဖြစ်သျှင် အောက်၌ အဘိဓာန်ဋီကာနည်းဖြင့် ပြအပ်သော ဝစနတ္ထမှုတပါး....

ဝေတ္တာ နေရယိကေ ရဏန္တိ စုဏ္ဏဝိစုဏ္ဏံ ကရောန္တိ ဧတ္ထာတိ ဝေတ္တရဏီ....ဟူ၍လည်းကောင်း,

ဝေတ္တေယို နိရယပါလာ နေရယိကေ ရဏန္တိစုဏ္ဏစုဏ္ဏံကရောန္တိ၊ ဧတ္ထာတိ ဝေတ္တရဏီ....ယူ၍လည်းကောင်း ပြုသင့်သေး၏။

ဧတ္ထ၊ ဤငရဲ၌။ ဝေတ္တာ၊ အဆူးရှိသော ကြိမ်နွယ်တို့သည်။ နေရယိကေ၊ ငရဲသူတို့ကို။ ရဏန္တိ စုဏ္ဏဝိစုဏ္ဏံ ကရောန္တိ၊ မုန့်မုန့်ညက်ညက်ပြုတတ်ကုန်၏။ ဣတိ၊ ကြောင့်။ သောနိရယော၊ သည်။ ဝေတ္တရဏီ၊ မည်၏။

ဝါ၊ ကား။ ဧတ္ထ၊ ဤ၌။ ဝေတ္တေဟိ၊ အဆူးရှိသောကြိမ်နွယ်တို့ဖြင့်။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နေရယိကေ၊ တို့ကို။ ရဏန္တိ စုဏ္ဏဝိစုဏ္ဏံ ကရောန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ သောနိရယော၊ သည်။ ဝေတ္တရဏီ၊ မည်၏။

ဤဝေတ္တရဏီ ငရဲ၌ ခံရသော ငရဲသူဘိုကို မြင်လျှင် နေမိ မင်းသည် ကြောက်သည်ဖြစ်၍ မာတလိနတ်သားအား အဘယ်မကောင်းမှုကိုပြုသောကြောင့် ဤသူတို့သည် ဤငရဲ၌ ခံရသနည်းဟု မေးတော်မူ၏၊ မာတလိနတ်သားလည်း "အရှင်မင်းကြီး....လူ့ပြည်၌ ကိုယ်အား, စည်းစိမ်အား အာဏာအား ကြီးမားသောသူတို့သည် ထိုအားသုံးပါးဖြင့် ငယ်သော သူတို့ကို နှိပ်စက်ညှဉ်းဆဲကာလူပြုသော မကောင်းမှုကြောင့် ခံရသည်" ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ ခံရမည် ဖြစ်လျှင် ငါသည် သူတပါး ထက် အားသုံးပါးဖြင့် ကြီးမားသော်သည်း သူတပါးကို မနှိပ်စက်ဝံ့ပြီဟု နှလုံးသွင်းတော်မူ၏။

ထို့နောက်မှ ငရဲကိုကွယ်ပျောက်စေ၍ ရှေ့သို့ ရထားကိုနှင်ပြီးလျှင် သုနခငရဲကို ပြ၏၊ ထိုငရဲ၌ ငရဲသူ တို့ကို ဆင်ပြောင် ပမာဏ ရှိကုန်သော ခွေးနက် ခွေးရွှေ ခွေးနီ ခွေးဖြူ ခွေးကြောင်ခွေးကျားတို့သည်အစဉ်လိုက်၍ ကိုက်စားကုန်၏၊ သုံးဂါဝုတ်မျှလောက်သော ငရဲသူ သတ္တဝါတို့၏ ကိုယ်ကို သံမြေ၌ လဲစေ၍ ပြင်းစွာ မြည်ကုန်သျက် ရှေ့လက် နှစ်ချောင်း တို့ကို ရင်ဘတ်ပေါ်ဝယ် နင်း၍ အရိုးကို ချွင်းထားပြီးလျှင် အသားဟူသမျှကို

အကုန်နုတ်၍ စားကုန်၏၊ ဝန်ပြည့်မောက်းမောက် ကောက်ရိုး တင်သော လှည်းပမာဏရှိကုန်သော လင်းတ ကျီးကန်းတို့သည် သံကပ်ကျေးနှင့် တူသော နှုတ်သီးတို့ဖြင့်အရိုးတို့ကို ဖေါက်ခွဲပြီးလျှင်ရိုးတွင်းခြင်ဆီကိုစားကုန်၏၊နေမိမင်းလည်း ထိုကိုမြင်၍ရှေးနည်းပင် မာတလိအား မေး၏၊ မာတလိလည်း''အရှင်မင်းကြီး....လူ့ပြည်၌ သူတပါးတို့အား မပေးလို ဝန်တိုခြင်းရှိကုန်သော မိမိမပေးရုံသာ မဟုတ်၊ သူတပါးပေးသည်ကိုလည်း ဝန်တို၍ တားမြစ်တတ်ကုန်သော ရဟန်းပုဏ္ဏားတို့အားချုတ်ချယ် ညှဉ်းဆဲသော မကောင်းမှုကြောင့် ခံရသည်''ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ဖြစ်လျှင် ငါကား ဝန်မတိုပဲ ပြီ၊ သူတပါးပေးသည်ကိုလည်း ဝမ်းမြောက်အံ့၊ ငါကိုယ်တိုင်လည်း သူတို့ထက် အလွန်ပေးကမ်းအံ့ ဟု နှလုံးသွင်းတော်မူ၏။

ထို့နောင်မှ အယောဂုဠ ငရဲကိုပြ၏၊ ထိုငရဲ၌ အလျံပြောင်းပြောင် တောက်သောကိုယ်ရှိသော ငရဲသူတို့သည် ကုံးယူဇနာရှိသော သံမြေကို နင်းရကုန်၏၊ ငရဲထိန်းတို့သည် ထန်းပင်ပမာဏရှိသော သံချောင်းတို့ဖြင့် မြင်းခေါင်း စသည်တို့၌ ရိုက်ခတ်၍ လဲစေပြီးလျှင် မုန့်မုန့်ညက်ညက် ပြုကုန်၏၊ ထိုကိုမြင်၍ နေမိမင်းလည်း ရှေးနည်းအတူပင် မာတလိနတ်သားအစ မေး၏၊ မာတလိလည်း''အရှင်မင်းကြီး....လူ့ပြည်၌ သူတော်ဟုတ်ယုတ်မာသောဒုဿီလတို့သည် သီလနှင့်ပြည့်စုံသောသူတော်ကောင်းတို့ကို ချုတ်ချယ်ရမ်းကား ထိပါးညှဉ်းဆဲခြင်းကို ပြုသော မကောင်းမှုကြောင့် ခံရသည်''ဟု ပြန်ပြော၏၊နေမိမင်းလည်းယင်းသို့ဖြစ်လျှင် သူတပါးတို့အား ချုတ်ချယ်ရမ်းကား ထိပါးညှဉ်းဆဲခြင်းကို မပြုပဲပါပြီဟု နှလုံးသွင်းတော်မူ၏။

ထို့နောင်မှ အင်္ဂါရကာသုငရဲကိုပြ၏၊ ထိုငရဲ၌ ငရဲသူတို့ကို ငရဲထိန်းတို့သည် ဝန်းရံ၍ ပုတ်ခတ်ပြီးလျှင် ခါးတိုင်အောင် သံခြမ့်မြုပ်၍ မီးကျီးခဲတို့ကို ကြီးစွာသော သံတောင်းဖြင့် ကျုံးပြီးလျှင်ဦးခေါင်းထက်၌လောင်းကုန်၏၊ နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏၊ မာတလိလည်း 'အရှင်မင်းကြီး လူ့ပြည်၌ကျောင်းဆောက်ခြင်း ဘုရားတည်ခြင်းစသော ကောင်းမှု အကျိုးငှာ ကောက်ခံရုံးစု၍ ထားအပ်သော ရပ်သူ ရွာသားအပေါင်း၏ ဥစ္စာကို မိမိလိုရာ သုံးစွဲပြီးလျှင် ကောက်ကျစ် စဉ်းလဲသော သက်သေသက်ကန်ကိုပြ၍ ဤအမှုမှာ ဤမျှ,ဤအမှုမှာ ဤမျှပေးရသည်ဟု

ဆို၍ အပေါင်း၏ ဥစ္စာကို ဖျက်ဆီးသော မကောင်းမှုကြောင့် ခံရသည်”ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ဖြစ်လျှင် ငါကား ထိုကဲ့သို့ မပြုစိမ့်ဟု နှလုံးသွင်းတော်မူ၏။

ထို့နောင်မှ လောဟကုမ္ဘီငရဲကို ပြ၏၊ ထိုလောဟကုမ္ဘီ ငရဲ၌ခံရသော သူတို့၏ ကမ္မကရဏာကို အောက်က ပြခဲ့ပြီ၊ နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့်မေး၏၊မာတလိလည်း “အရှင်မင်းကြီး....လူ့ပြည်၌သီလဝန္တ ဖြစ်သော ရဟန်းပုဏ္ဏားတို့ကို ချုတ်ချယ်ရမ်းကား ထိပါးညှဉ်းဆဲခြင်းကို ပြုသော မကောင်းမှုကြောင့် ခံရသည်”ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ဖြစ်လျှင် ငါကား ရဟန်းပုဏ္ဏားတို့ကို ချုတ်ချယ် ရမ်းကားထိပါး ညှဉ်းဆဲခြင်းကို မပြုစံ့ ပြီဟု နှလုံးသွင်းတော်မူ၏။

ထို့နောင်မှ တမ္ဗောဒကငရဲကို ပြ၏၊ ထိုငရဲ၌ ငရဲထိန်းတို့သည် အလျှံ ပြောင်ပြောင်တောက်သော သံလွန်ကြိုးတို့ဖြင့် ငရဲသူတို့၏ လည်ကိုရစ် ပတ်ပြီးလျှင်သံချောင်းတို့ဖြင့်ယူပြီးသော် အလျှံပြောင်ပြောင်တောက်သော သံရည်ကြေးရည်တို့၌ ထည့်ကုန်၏၊ ထိုလည်ကြိုးပြတ်သော်တဖန်ဦးခေါင်း နှင့်တကွ လည်မေါ်ပြန်လာ၏၊ နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏၊မာတလိနတ်သားလည်း “အရှင်မင်းကြီး....ဤသူတို့ကားလူ့ပြည်၌ ကြက်ငှက်တို့အား အမွေးအတောင်ကို နှုတ်ပြီးလျှင် လည်ကို လိမ်လျက် အသက်ကုန်စေသော မကောင်းမှုကြောင့် ခံကြရသည်”ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ဖြစ်လျှင်ငါကားမပြုစံ့ချေဟုနှလုံးသွင်းတော်မူ၏။

ထို့နောင်မှ ထုသနဒီငရဲကို ပြ၏၊ ထိုငရဲ၌ ထိုအရပ်တွင် များသော ရေရှိသော မွှေလျော်ဖွယ်သော မြစ်သည်စီး၏၊ငရဲသူတို့သည် ငရဲမီးပူဖြင့် နှိပ်စက်ရကားရေငတ်ခြင်းကို သည်းခံခြင်းငှာ မတတ်နိုင်သည်ဖြစ်၍သံမြေ က နင်းပြီးလျှင် ထိုမြစ်သို့ ဆင်းကုန်၏၊ထိုခဏ၌ ကမ်းသည် အလျှံပြောင် ပြောင် တောက်၍ သောက်ရည်လည်းစပါးဖျင်းဖြစ်ပြီးလျှင် အလျှံပြောင် ပြောင် တောက်ချေ၏၊ငရဲသူတို့လည်း ရေငတ်ခြင်းက သည်းမခံနိုင်ရကား ထိုစပါးဖျင်းကိုပင် ခဲကုန်၏၊ ထိုစပါးဖျင်းတို့သည် ငရဲသူတို့၏ ကိုယ်ကို လောင်လျက် ထွင်းဖေါက်၍ အောက်သို့တွက်၏၊ ထိုဆင်းရဲကို ငရဲသူတို့ သည် သည်းမခံနိုင်ရကား လက်များကို မြှောက်လျက် ငိုကြွေး ကုန်၏၊ နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏၊ မာတလိလည်း “အရှင်

မင်းကြီး-ဤသူတို့ကား လူ့ပြည်၌ဆန်စပါးပဲပြောင်းများကို အဖျင်းဆန်ကွဲ ဖွဲနုတို့ဖြင့်ရောနှော၍ရောင်းစားသော မကောင်းမှုကြောင့်ခံကြရသည်''ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ဖြစ်လျှင် ငါကား ဤသို့မပြုဝံ့ချေဟု နှလုံးသွင်းတော်မူ၏။

ထို့နောင်မှ သတ္တိတုဒန ငရဲကိုပြ၏၊ ထိုငရဲ၌ ငရဲထိန်းတို့သည် ငရဲသူတို့ကို ဝန်းရံကုန်လျက် လှံ မြားခွား သန်လျက် ခက်ရင်း တို့ဖြင့် နံပါး နှစ်ဘက်တို့၌ ထိုးကုန်၏၊ ငရဲသူတို့၏ကိုယ်သည် အပေါက်ကြီးရှိလျက် ဖက်ရွက်ကဲ့သို့ထင်၏၊ နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏၊ မာတလိလည်း ''အရှင်မင်းကြီး....ဤသူတို့ကား လူ့ပြည်၌ သူတပါးတို့၏ သဝိညာဏက အဝိညာဏက ဥစ္စာတို့ကို တိုက်စပ် ဖြတ်ခြင်း အစရှိသည် တို့ကိုလည်းကောင်း, စဉ်းလဲ ကောက်ကျစ်ခြင်းတို့ဖြင့် လည်းကောင်းခိုး၍ အသက်မွေးသော မကောင်းမှုကြောင့် ခံကြရသည်''ဟု ပြန်ပြော၏၊နေမိမင်းလည်း ယင်းသို့ ဖြစ်လျှင် ငါကား သူတပါးဥစ္စာကို မခိုးဝံ့ဟု နှလုံး သွင်းတော်မူ၏။

ထို့နောင်မှ မိသကောဠန ငရဲကိုပြ၏၊ ထိုငရဲ၌ ငရဲထိန်းတို့သည်အလျှံ ပြောင်ပြောင်တောက်သော သံလွန်ကြုံးတို့ဖြင့် ငရဲသူတို့၏လည်၌ ရှိချည် ၍ငင်ပြီးလျှင် သံမြေ၌လှည်းစေ၍ အထူးထူးသောလက်နက်တို့ဖြင့်ဖြတ်ကုန် ၏ တပါးသော ငရဲသူတို့ လည်အလျှံပြောင်ပြောင်တောက်သော သံပျဉ်ချပ် တို့၌ထား၍ အမဲကြုံဖြတ်၍ အစုပြုသကဲ့သို့ ဖြတ်၍ အစုပြုအပ်သည် ဖြစ်၍ အိပ်ကုန်၏၊နေမိမင်းလည်းထိုကိုမြင်၍ရှေးနည်းဖြင့် မေး၏၊မာတလိလည်း ''အရှင်မင်းကြီး....ဤသူတို့ကား လူ့ပြည်၌ဆိတ်,ဝက်,ကျွဲ,နွား,ငါးတို့ကို သတ်လျက် အမဲဈေးခင်းကျင်း၍ ရောင်းစားခြင်းကို ပြုသောမကောင်းမှု ကြောင့် ခံကြရသည်''ဟု ပြန်ပြော၏၊ နေမိမင်းလည်း ယင်းသို့ ဖြစ်လျှင် ငါကား ဆိတ်,ဝက်,ကျွဲ,နွား, ငါးတို့ကို သတ်၍ မစားမရောင်းဟု နှလုံး သွင်းတော်မူ၏။

ဤသည်ကား နေမိမင်းအား မာတလိနတ်သား ပြသော ငရဲအမြွက် တည်း၊ ဤမှတပါးပြသော ငရဲလည်းရှိသေး၏၊ယင်းသို့ရှိသေးသော်လည်း အကျယ်မဆိုသာပြီ။

ညွှန်စာပေ- ၇၇။

## ၁၅၉-အရိယူပဝါဒကံကြောင့် အပိစိငရဲ၌ ခံရသော စူဠကောကာလိက ဝတ္ထု

ယခုအခါ ငရဲခံရသော သူတို့၏ ဝတ္ထုသက်သေ အမြွက်ကို ပြပေအံ့၊ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော် မူသောအခါ ကောကာလိကတိုင်း ကောကာလိကမြို့ ကောကာလိကသဌေးသားသည် ရဟန်းပြုပြီးလျှင် မိမိအဖသည် ဆောက်အပ်သော ကျောင်း၌နေ၏၊ အဖ၏ အမည်အားဖြင့် ကောကာလိက ဟူ၍ တွင်၏၊ ထို ကောကာလိကကား စူဠကောကာလိကတည်း၊ ဒေဝဒတ်၏ တပည့် ပုဏ္ဏားသား ဖြစ်သော မဟာ ကောကာလိက မဟုတ်၊ ထိုအခါ ရှင်သာရိပုတ္တာ၊ ရှင်မောဂ္ဂလာန် အဂ္ဂသာဝက နှစ်ပါးတို့သည် နောက်ပါ အခြံအရံ ငါးရာစီနှင့်တကွ ဒေသစာရီ လှည့်လည် ကြသည် ဖြစ်၍ ဝါဆို ခါနီးတွင် ထိုနောက်ပါ ရဟန်းတို့ကို လွှတ်လိုက်၍ သပိတ် သင်္ကန်း တို့ကို ကိုယ်တိုင်ယူပြီးလျှင် ထိုဇနပုဒ်၌ ကောကာလိကမြို့သို့ရောက်၍ ထိုကျောင်းသို့ ဝင်ကြကုန်၏၊ အဂ္ဂသာဝက နှစ်ပါးတို့လည်း ကျောင်းနေ ဖြစ်သော ကောကာလိက ရဟန်းနှင့် ဝမ်းမြောက် ဝမ်းသာ ပြောဟော၍ ငါ့ရှင် ကောကာလိက... ငါတို့ကား ဤကျောင်း၌ သုံးလပတ်လုံး ဝိဝေကကိုယူ၍ နေပါကုန်အံ့၊ တစုံတယောက်သော သူအား မကြားပါလင့်ဟု ကောကာလိက ရဟန်းကို ဆိုကုန်၏၊ ကောကာလိကလည်း ကောင်းပါပြီဟု ဝန်ခံ၍ သုံးလပတ်လုံး နေပြီးလျှင် ဝါကျွတ်သော် ကောကာလိကသည် သီတင်းကျွတ် လပြည့် အဖိတ်နေ့ကပင် မြို့သို့ဝင်ပြီးလျှင် "အို လူအပေါင်းတို့.... သဗ္ဗညုဘုရား၏ အဂ္ဂသာဝကနှစ်ပါးတို့သည် ဤအရပ်မှာ ဝါဆိုလာသည်ကို မသိကြကုန်သလော၊ တစုံတယောက်သောသူသည်မျှ ပစ္စည်းလေးပါး ဖြင့်ဖိတ်ကြားခြင်းလည်းမရှိ"ဟု ဆို၏၊ မြို့သူမြို့သားတို့သည် အရှင်ဘုရား.... အဘယ့်ကြောင့် အကျွန်ုပ်တို့အား မကြားကုန်သနည်း ဟု ဆိုသော် ကြားသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်းနှစ်ယောက်တို့ နေကြသည်ကို သင်တို့မမြင်သလော၊ ထိုနှစ်ယောက်တို့သည်အဂ္ဂသာဝက မဟုတ်တုံလော ဟု ဆို၏၊ မြို့သူမြို့သားတို့လည်း လျင်မြန်စွာ စည်းဝေး၍ တင်လဲ ထောပတ် အငတ်ပုဆိုး အစရှိသည်တို့ကို ယူပြီးလျှင် ကောကာလိက၏ နောက်မှ ထွက်ကုန်၏၊ ကောကာလိကသည် အဂ္ဂသာဝက နှစ်ပါးတို့ကား အလွန် အလိုနည်းကုန်၏၊ ဝိညတ်နှင့်စပ်သောစကားကြောင့် ဖြစ်သော လာဘ်ဟု

သိမူ သောယာကုန်လတ္တံ့။ ယင်းသို့ မသာယာမူ မချွတ်လျှင် ကျောင်းနေ ရဟန်းအား လှူကြကုန်လော့ဟု ဆိုကုန်လတ္တံ့၊ ယင်းသို့ ဆို၍ လှူကြကုန်သော် ဤအလုံးစုံသော လာဘ်ကို ငါသည် ယူအံ့ဟု ကြံ၍အကြံ အတိုင်း ပြုသတည်း။ မထေရ်နှစ်ပါးတို့လည်း လာဘ်ကိုမြင်ကုန်သော် ဝိညာတ်နှင့် စပ်သော စကားကြောင့် ဖြစ်သည်ကိုသိ၍ ဤဝစ္စည်းတို့ကား ငါတို့အစး လည်း မအပ်ကုန်၊ ကောကာလိက အစးလည်း မအပ်ကုန်ဟု သိသော ကြောင့် ကျောင်းနေရဟန်းအား လှူလော့ဟုမဆိုပဲ ပယ်ရှား၍သာ ဖဲသွား ကုန်၏၊ ကောကာလိကလည်း အကယ်ကြောင့်လျှင် မိမိတို့ မယူကုန်သည် ရှိသော် ငါ့အားလည်း မပေးစေကုန်ဘိသနည်းဟု နှလုံးမသာယာခြင်းကို ဖြစ်စေ၏၊ အဂ္ဂသာဝက နှစ်ပါးတို့သည် ဘုရားရှင်ထံသို့ ပြန်လာကုန်၏၊ ဘုရားမြတ်စွာလည်း ပဝါရဏာပြုတော်မူပြီးလျှင် အကယ်၍ ကိုယ်တော် သည် ဒေသစာရီချီတော်မမူလိုသည်ဖြစ်အံ့၊ ရဟန်းတို့ ...များစွာသောလူတို့ ၏ အစီးအပွားအကျိုးငှာ ဒေသစာရီချီကြကုန်ဟုဆိုတော်မူ၍အဂ္ဂသာဝက တို့ကို စေတော်မူ၏၊ ဤသို့ စေခြင်းကားဘုရားတို့၏အလေ့အကျက်တော် တည်း၊ ထိုအခါ ကိုယ်တော်သည် မကြွလိုသည်ဖြစ်၍ အဂ္ဂသာဝကနှစ်ပါး တို့ကို ဒေသစာရီချီကြလေဟု စေတော်မူ၏၊ အဂ္ဂသာဝက နှစ်ပါးတို့လည်း ငါးရာစီသော ရဟန်းတို့နှင့်တကွ ဒေသစာရီ ချီကြကုန်သည်ရှိသော် အစဉ် သဖြင့် ထိုတိုင်း ထိုမြို့သို့ပင် ဝင်ရောက်ကြပြန်ကုန်၏။ မြို့သူမြို့သားတို့လည်း မထေရ်နှစ်ပါးတို့ကို မြင်လျှင် ပရိက္ခရာတို့နှင့်တကွ ဒါနကိုစီရင်ပြီးလျှင် မြို့လယ်တွင် မဏ္ဍပ်ထိုး၍ အလှူပေးကုန်၏၊ မထေရ်နှစ်ပါးတို့အားလည်း အသီးအခြား ပရိက္ခရာတို့ကို ညွတ်စေကုန်၏၊ မထေရ်နှစ်ပါး တို့လည်း ပရိက္ခရာရှစ်ပါးကို ခံပြီးလျှင် သံဃာတော်အား ဝေငှကုန်၏၊ ထိုအခြင်း အရာကို ကောကာလိကမြင်သော် ဤသူတို့သည် ရှေးအခါ၌ အလိုနည်းကုန် ၏၊ ယခုအခါလောဘဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ယုတ်မာသော အလိုရှိ ရှိကုန်၏၊ ရှေးအခါလည်း အလိုနည်းယောင်, ရောင့်ရဲယောင်, ဆိတ်ငြိမ် ခြင်းကို အလိုရှိယောင်သာ ပြုကုန်၏၊ ဤသူတို့သည် ယုတ်မာကုန်၏၊ ထင် ရှားမရှိသောဂုဏ်ကိုပြတတ်သော ရဟန်းတို့တည်းဟု ကြံ၏၊ ယင်းသို့ကြံ ပြီးလျှင် မထေရ်တို့သို့ကပ်၍ ငါ့ရှင်တို့....သင်တို့ကား ရှေးအခါ အလို နည်းယောင်, ရောင့်ရဲယောင်, ဆိတ်ငြိမ်ခြင်းကို အလိုရှိယောင် ဆောင် ကုန်၍ ယခုကား ယုတ်မာသောသဘောရှိကုန်သည်ဟု ဆိုပြီးလျှင် သပိတ် သင်္ကန်းကိုယူပြီးသော် လျင်မြန်စွာ ကျောင်းမှထွက်လာ၍ မြတ်စွာဘုရား

အား ထိုအကြောင်းကို လျှောက်ကြားအံ့ဟု ဘုရားနေတော်မူရာ သာဝတ္ထိပြည်သို့လာ၍ အစဉ်သဖြင့် ဘုရားရှင်သို့ကပ်၏၊ ယင်းသို့ကပ်ပြီးလျှင် "ဘုန်းတော်ကြီးမားလှသော ဘုရား....သာရိပုတ္တရာ မောဂ္ဂလာန်တို့ကား ယုတ်မာသော အလိုရှိကုန်၏" ဟုလျှောက်၏၊ ယင်းသို့လျှောက်လျှင် ဘုရားလည်း လျင်မြန်စွာလာသော ကောကာလိကကို မြင်တော်မူ၍ ဆင်ခြင်တော်မူသော် ဤသူကား အဂ္ဂသာဝကနှစ်ပါးတို့ကို ဆဲရေးမည်လာသည်ကိုသိ၍ မြစ်ခြင်းငှာတတ်နိုင်အံ့လောဟုဆင်ခြင်တော်မူပြန်လျှင် မတတ်နိုင်ချေ၊ အဂ္ဂသာဝကနှစ်ပါးတို့၌ပြစ်မှား၍ဧင်စစ်အားဖြင့် မဟာပဒုမငရဲ၌ဖြစ်လတ္တံ့ဟု မြင်တော်မူ၏၊ ယင်းသို့မြင်တော်မူသော်လည်း သာရိပုတ္တရာ မောဂ္ဂလာန်တို့အား သူတပါးကဲ့ရဲ့သောစကားကိုကြားလျက်မတားမြစ်လေဟုသူတပါးတို့ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှာလည်းကောင်း၊ အရိယူပဝါဒ၏ မဟာသာဝဇ္ဇအဖြစ်ကိုပြခြင်းငှာလည်းကောင်း၊ "ကောကာလိကသို့မဆိုလင့်၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့၌စိတ်ကိုကြည်ညိုစေလော့၊ သာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် သီလကိုချစ်ကုန်၏" ဟု သုံးကြိမ်တိုင်အောင် တားမြစ်တော်မူ၏၊ ယင်းသို့ တားမြစ်သော်လည်းမရ၊ ဘုရားသခင်ထံမှသ၍သွားသော ကောကာလိကအား မုန်ညင်းစေ့၊ ပဲနောက်စေ့၊ ကလောစေ့၊ ဆီးစေ့၊ ရှိရှားစေ့၊ နုသောဥသျှစ်သီး, ရင့်သော ဥသျှစ်သီး ပမာဏ ရှိကုန်သော အိုင်းအမာတို့သည် ပေါက်၍ကွဲကုန်၏၊ သွေးစက်ပြည်စက်တို့သည် ယိုထွက်ကုန်၏။ ကောကာလိက၏ ကိုယ်သည် ပိန္နဲသီးမှည့်ကဲ့သို့ ဖြစ်ကုန်၏၊ ကောကာလိကသည် ပေါက်သောကိုယ်ဖြင့် ပျက်စီးခြင်းသို့ရောက်သည်ဖြစ်၍ ဆင်းရဲဖြင့် နှိပ်စက်ရကား ဇေတဝန်ကျောင်းတော် တံခါးမုခ်၌အိပ်၏။ ထိုအခါ တရားနာခြင်းငှာ လာရောက် ကုန်သော လူတို့သည် ကောကာလိကကို မြင်၍ "ဓိကောကာလိက, ဓိကောကာလိက" ဟု ဆိုပြီးလျှင် သင်သည် မသင့်သောအမှုကို ပြုဘိ၏၊ မိမိ၏စကားတခွန်းကို အမှီပြုလျက် ပျက်စီးခြင်းသို့ရောက်၏ဟု ဆိုကုန်၏၊ ထိုသူတို့၏ စကားကိုကြား၍ အာရက္ခနတ်တို့အား, ထိုအာရက္ခ နတ်တို့၏စကားကိုကြား၍ အာကာသဋ္ဌ နတ်တို့အား, ဤသို့သောနည်းဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည် တိုင်အောင် တပြိုင်နက် 'ဓိ' ဟူသော တံတွေးထွေးခြင်းသည် ဖြစ်၏၊ ထိုအခါ၌ တုဒိပက အမည်ရှိသော ကောကာလိက၏ ဥပဇ္ဈာယ်ဖြစ်သော ရဟန်းသည် အနာဂါမိဖိုလ်သို့ရောက်၍ သုဒ္ဓါဝါသဘုံ၌ဖြစ်၏၊ (ဤကား သုတ္တနိပါတ် အဋ္ဌကထာ အလို၊ သံယုတ်ပါဠိတော်၌ကား တုရူထေရ်ဟူ၏၊)အဋ္ဌကထာ၌လည်း...

တုံရှုတိ ကောကာလိကဿ ဥပဋ္ဌာယော တုရူထေရောနာမ
အနာဂါမိဖလံ ပတ္တာ ဗြဟ္မာလောကေ နိဗ္ဗတ္တော....ဟုဆို၏။

ထို တုရု ဗြဟ္မာသည် ဘုမ္မဇိုဝ်းနတ်တို့ကို အစပြု၍ ကောကာလိကသည် အဂ္ဂသာဝကတို့ကို အန္တိမတ္တော့နှင့် စွပ်စွဲသဖြင့် မှသင့်သော အမှုကို ပြုအပ်၏ဟု အဆင့်ဆင့် ဗြဟ္မာ့ပြည် တိုင်အောင် ရောက်လာသော ကောကာလိက၏ မကောင်းမှုကို ကြား၍ ငါမြင်စဉ် ဤ ငဆင်းရဲ ဝရာကသည် မပျက်စီးစေလင့်၊ အဂ္ဂသာဝကတို့၌ စိတ်ကို ကြည်ညိုစေခြင်းငှာ ဆုံးမအံ့ဟု လာ၍ကောကာလိကရှေ့၌ရပ်၍ “ကောကာလိက....သင်သည် အဂ္ဂသာဝက နှစ်ပါးတို့၌ စိတ်ကို ကြည်ညိုစေလော့၊ အဂ္ဂသာဝကတို့သည် ချစ်ခင်သော သီလရှိကုန်၏”ဟု ဆုံးမ၏၊“သင်ကား အသူနည်း”ဟု မေးသော်“ငါကား ရှေးဘာက သင်၏ဥပဋ္ဌာယ်ဖြစ်သော တုရုဗြဟ္မာတည်း”ဟုဆို၏၊ “ငါ့ရှင်....သင့်ကို သမ္ဗုဒ္ဓဘုရားသည် အနာဂါမ်ဟု ကြားအပ်သည် မဟုတ်လော၊ယင်းသို့လျက် ဤလူ့ဘုံသို့ တဖန် အဘယ့်ကြောင့် လာပြန်သနည်း၊ သင်ကား တုရုဗြဟ္မာမဟုတ်၊ ဘုတ်ပြိတ္တာတစ္ဆေဖြစ်လိမ့်မည်”ဟုဆို၏၊ထိုတုရုဗြဟ္မာလည်း မိမိစကားကိုမယူလျှင်ဖဲ့လေ၏၊ ကောကာလိကလည်း သေ၍ မဟာပဒုမငရဲ၌ ဖြစ်လေ၏၊ အသီးဖြစ်သော မဟာပဒုမငရဲသည် မရှိ၊ စင်စစ်မူကား အဝီစိငရဲကြီး၌သာလျှင် ပဒုမ အရေအတွက်ဖြင့် ကျက်ရာဖြစ်သော တခုသောအရပ်၌ ဖြစ်၏။

ဧဒုမ နိရယန္တိ ပါဠိယေက္ကော ပဒုမနိရယော နာမနတ္ထိ၊အဝီစိ
နိရယမှိယေဝပန ပဒုမဂဏနာယပစ္စိတဗ္ဗေ ကေသွိံ ဌာနေနိဗ္ဗတ္တိ။
(သံယုတ် အဋ္ဌကထာ)

ပဒုမနိရယန္တိ၊ ဟူသည်ကား။ ပါဠိယေက္ကော၊ အသီးသော။ ပဒုမနိရယောနာမ၊ပဒုမငရဲမည်သည်။နတ္ထိ၊မရှိ။ ပန၊စင်စစ်သော်ကား။ အဝီစိနိရယမှိယေဝ၊၌သာလျှင်။ ပဒုမဂဏနာယ၊ ပဒုမ အရေအတွက် ဖြင့်။ ပစ္စိတဗ္ဗေ၊ကျက်အပ်သော။ ကေသွိံ ဌာနေ၊ တခုသော အရပ်၌။နိဗ္ဗတ္တိ၊ ဖြစ်၏။

ပဒုမငရဲ၏အသက် အရေအတွက်ကို အောက်၌ပြခဲ့ပြီး၊ ဤသို့ကောကာလိက၏ အရိယာတို့အား ပြစ်မှားသော အရိယူပဝါဒကံကြောင့် အဝီစိငရဲ၌ခံရသော အဖြစ်ကို ကြားသိကုန်သော သူတော်ကောင်း တို့သည် နိရယဒုက္ခကား ကြောက်ကောင်းဖွယ်တကားဟု ဉာဏသံဝေ ကိုပွားစေ

သော အားဖြင့် နိရယဒုက္ခ၏ အကြောင်းဖြစ်သော အရိယူပဝါဒ ကံမှ ရှောင်ကြဉ်ကုန်ရာ၏။

---

### ၁၆၀-သဘင် ကချေသည်တို့ သေလွန်က အဝီစိငရဲ၏ တဖို့တစိတ် ဖြစ်သော ပဟာသငရဲ၌ ခံရသည်ကို ပြဆိုရာ

တရံရောအခါဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူ၏၊ ထိုအခါ အညာမှ ကြွကျသော ထန်းသီးမှည့်ကဲ့သို့ ကြည်လင်သော မျက်နှာရှိသောကြောင့် တာလပုဋ အမည်ရှိသော ဗဏ္ဍိမဘဝိက်ဖြစ်သော တထောင်သော ကချေသည်တို့၏ အကြီးဖြစ်သော ဂါမဏိသည် ရင့်သောဉာဏ် ရှိသည်၏ အဖြစ်ကြောင့် အခြံအရံနှင့်တကွ သဗ္ဗညုဘုရားသို့ကပ်ပြီးလျှင် "ဘုန်းတော် ကြီးလှသော ဘုရား....အကြင် ကချေသည် သည် ပွဲသဘင်၏အလယ်၌ မှန်သောအမှု ချွတ်ယွင်းသောအမှုဖြင့် ပွဲသဘင်ရှုသူ လူအပေါင်းကို ရွှင်ပျ ဝမ်းမြောက် လျက် နှစ်သက်မွေ့လျော် ပျော်ပါးစေ၏၊ထိုကချေသည် သည် သေသည်မှ နောက်၌ ပဟာသအမည်ရှိသော နတ်တို့၏ အပေါင်းအဖော်၏ အဖြစ်သို့ ရောက်၏ဟု ရှေးအဆက်ဆက် ဖြစ်ကုန်သော ကချေသည်ဆရာတို့အထံမှ ဤစကားကိုကြားဖူးပါသည်၊ ဤအရာ၌ ဘုန်းတော် ကြီးလှသော ဘုရားသည် အဘယ်အယူတော်ရှိပါသနည်း"ဟု မေးလျှောက်၏၊ သဗ္ဗညု ဘုရားလည်း "ဂါမဏိ....သင်သည် ဤစကားက ငါဘုရားအား မမေးလင့် ဟု သုံးကြိမ်တိုင်အောင်ပယ်တော်မူ၏၊ ယင်းသို့ပယ်တော်မူလျက်သုံးကြိမ် တိုင်အောင်ပင် ထပ်၍လျှောက်၏။ သဗ္ဗညုဘုရားလည်း "သင့်ကိုငါမမေး ပါလင့်ဟု ပယ်တော်မူလျက် သုံးကြိမ်တိုင်အောင်ထပ်၍မေးသည်၊ ယင်းသို့ ဖြစ်သောကြောင့် သင့်အား ငါကြားအံ့၊ ဂါမဏိ ရှေးအခါ သတ္တဝါတို့ သည် မကင်းသော ရာဂဒေါသ မောဟရှိကုန်၏၊ ရာဂ ဒေါသ မောဟ တည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်း ရှိကုန်၏၊ ကချေသည်သည် ထိုသတ္တဝါတို့၏ အလယ်သို့ဝင်၍ ထို သတ္တဝါတို့အား ယွန်စွာ တပ်နှစ် သက်ခြင်း, အမျက်ထွက်ခြင်း, မိုက်မဲတွေဝေစေခြင်းငှာ တပ်နှစ်သက်စေ တတ်သော အာရုံ, အမျက်ထွက်စေအပ်သော အာရုံ, မိုက်မဲတွေဝေစေ တတ်သောအာရုံတို့ကို အနီးသို့ဆောင်၏၊ ထို ကချေသည်သည် မိမိလည်း မေ့လျော့,လွန်စွာမေ့လျော့လျက် သူတပါးတို့ကိုလည်း မေ့လျော့, လွန်စွာ

မေ့လျော့စေသောကြောင့် သေသည်မှ နောက်၌ ပဟာသ အမည်ရှိသော ငရဲ၌ ဖြစ်ရ၏။

**ပဟာသောနာမ နိရယော၊ တတ္ထ ဥပပဇ္ဇတိ။**

(သံယုတ်ပါဠိတော်)

ပဟာသောနာမ၊ ပဟာသအမည်ရှိသော။ နိရယော၊ ငရဲသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုပဟာသငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ဤ၌ ပဟာသငရဲဟူ၍ အသီးအခြားမရှိ၊ စင်စစ်မူကား အဝီစိ၏သာလျှင် တခုသော အရပ်အဖို့၌ ကကုန်, သီကုန်သကဲ့သို့ ကချေသည် အသွင်ကို ယူ၍သာ ကျက်ရကုန်၏၊ ထို ကျက်ရာ အရပ်ကို ရည်၍သာ ပဟာသငရဲဟု ဟောတော်မူအပ်၏။

ပဟာသောနာမနိရယောတိ ဝိသုံပဟာသနာမကော နိရယော နာမ နတ္ထိ၊ အဝီစိဿေဝ ပန ဧကသ္မိံ ကောဋ္ဌာသေ နစ္စန္တာဝိယ ဂါယန္တာဝိယစ နဋ္ဋဝေသံ ဂဟေတွာဝ ပစ္စန္တိ၊ တံ အန္ဓာယေတံ ဝုတ္တံ။

(သံယုတ် အဋ္ဌကထာ)

ပဟာသောနာမ နိရယောတိ၊ ဟူသည်ကား။ ဝိသုံ၊ အသီး။ ပဟာသနာမကော၊ ပဟာသအမည်ရှိသော။ နိရယောနာမ၊ ငရဲမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ စင်စစ်သော်ကား။ အဝီစိဿေဝ၊ အဝီစိငရဲ၏ သာလျှင်။ ဧကသ္မိံ ကောဋ္ဌာသေ၊ တခုသောအရပ်အဖို့၌။ နစ္စန္တာဝိယစ၊ ကကုန်သကဲ့သို့ လည်းကောင်း။ ဂါယန္တာဝိယစ၊ သီကုန်သကဲ့သို့လည်းကောင်း။ နဋ္ဋဝေသံ၊ ကချေသည်၏ အသွင်ကို။ ဂဟေတွာဝ၊ ယူကုန်၍သာလျှင်။ ပစ္စန္တိ၊ ကျက်ရကုန်၏။ တံ၊ ထို အရပ်ကို။ သန္ဓာယ၊ ရည်၍။ ဧတံ၊ ဤပဟာသောနာမ နိရယော ဟူသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

"ဂါမဏိ....အကြင်သူအား အကြင်ကချေသည်သည် သဘင် အလယ်သို့ဝင်၍ မှန်သောအမှု,ချွတ်ယွင်းသောအမှုဖြင့်သဘင်ရှုသူ လူအပေါင်းကို ရွှင်ပျော်မ်းမြောက်လျက်နှစ်သက်မွေ့လျော် ပျော်ပါးစေ၏၊ထို ကချေသည် သည် သေသည်မှ နောက်၌ ပဟာသ အမည်ရှိသော နတ်တို့၏ အပေါင်း အဖော်၏ အဖြစ်သို့ ရောက်၏ဟု ယူ၏၊ ထိုသူအား မိစ္ဆာဒိဋ္ဌိအယူရှိ၏။ မိစ္ဆာဒိဋ္ဌိအယူရှိသော သူအား ငရဲ,တိရစ္ဆာန်အားဖြင့် နှစ်ပါးသော ဂတိတို့တွင် တပါးပါးသောဂတိကို ငါဘုရား ဟောတော်မူ၏"ဟု မိန့်တော်မူ၏၊ယင်းသို့ မိန့်တော်မူသော် တာလပုဋ အမည်ရှိသော ကချေသည်တို့၏

အကြီးဖြစ်သော ဂါမဏီသည် ငို၏၊ "ဂါမဏီ....အဘယ့်ကြောင့် ငိုသနည်း၊ ထို့ကြောင့် သင့်ကို ငါအား မမေးလင့်ဟု ငါဘုရားသည် သုံးကြိမ်တိုင်အောင် ပယ်သည် မဟုတ်လော" ဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးလှသော ဘုရား အကျွန်ုပ်ကား အရှင်ဘုရား မိန့်တော်မူသည်ကို မငိုပါ၊ စင်စစ် မှာမူကား ရှေးဆရာများ လှည့်စားသည်ကို ငိုပါသည်" ဟု လျှောက်၏၊ ထို့နောင်မှ ကာလပုဋ္ဌ အမည်ရှိသော ကချေသည်တို့၏ အကြီးဖြစ်သော ဂါမဏီသည် သဗ္ဗညု ဘုရားအထံသို့ ဝင်၍ ရဟန်းပြုလျှင် ထေရကျမ်းဝင် ရဟန္တာပင် ဖြစ်လေသတည်း၊ ဤသို့ ကချေသည်တို့သည် ပဟာသငရဲ၌ ခံရသည်ဟု မိန့်တော်မူသော သဗ္ဗညုဘုရား၏ စကားတော်ကို ကြားသိရကုန်သောသူတော်ကောင်းတို့သည် နိရယဒုက္ခကားကြောက်ကောင်းဖွယ်တကားဟု ထိတ်လန့်ခြင်းကိုဖြစ်စေသောအားဖြင့် သံဝေဂတရားကိုပွားစေကုန်ရာ၏။

---

## ၁၆၁-ပိတုဃာတကကံကို ပြု၍ လောဟကုမ္ဘီငရဲ၌ ခံရသော အဇာတသတ်မင်း ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဇီဝက သရက် ဥယျာဉ် တော၌ နေတော်မူသောအခါ အဇာတသတ်မင်းသည် သာမညဖလသုတ်ကို နာ၍ ထိုနေရာ၌ပင် သောတာပတ္တိမဂ်, ဖိုလ်သို့ ရောက်လောက်လျက် ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဖေါ်၍ ခမည်းတော် ဗိမ္ဗိသာရကို သတ်မှားမိ ဆဖြင့် ထို အဇာတသတ် မင်းအား သောတာပတ္တိမဂ်၏ အန္တရာယ်သည် ဖြစ်၏၊ ယင်းသို့ဖြစ်သော်လည်း အကြင်ကြောင့် ဤအဇာတသတ်မင်းသည် သဗ္ဗညုဘုရားသို့ ကပ်၍ ရတနာသုံးပါးအား ကိုးကွယ် ဆည်းကပ် သော ဥပါသက၏ အဖြစ်သို့ ရောက်၏၊ ထို့ကြောင့် သဗ္ဗညုဘုရား သာသနာတော်၏ ကြီးမြတ်သဖြင့် တစုံတယောက်သောသူသည် လူသတ်ခြင်းကိုပြု၍ ပန်းတစုတ်အတိုင်းအရှည်ရှိသော ဒဏ်ဖြင့် လွတ်ရာသကဲ့သို့ဤအတူသံဖြင့် ပြီးသောအိုး,သံရည်ဖြင့် ပြည့်သောအိုးဟူ ဆိုအပ်သော လောဟကုမ္ဘီငရဲ၌ ဖြစ်၍ အနှစ်သုံးသောင်းတို့ပတ်လုံး အောက်သို့နစ်လျှင် အောက် အပြင်သို့ ရောက်၍ အနှစ်သုံးသောင်းတို့ပတ်လုံး လည်းကောင်းအထက်သို့ဆန်တက်၍ တဖန် အထက် အပြင်သို့ ရောက်သော် လွတ်လတ္တံ့။

လောဟကုမ္ဘိယံ နိဗ္ဗတ္တိတ္ဝာ တိံသဝဿ သဟဿာနိ အဓော
မဏန္တော ဟေဋ္ဌိမတလံ ပတ္ဝာ တိံသဝဿ သဟဿာနိ ဥဒ္ဓံ

ဂစ္ဆန္တော်ပုနပိ ဥပရိမတလံ ပါပုဏိတွာ မုစ္စိဿတိ။
(သီလက္ခန် အဋ္ဌကထာ)

လောဟကုမ္ဘိယံ၌။နိဗ္ဗတ္တိတွာ၊ဖြစ်၍။ တိံသဝဿ သဟဿာနိ။အနှစ်သုံးသောင်းတို့ပတ်လုံး။အဓောပတန္တော၊ အောက်သို့ကျသည် ရှိသော်။ ဟေဋ္ဌိမတလံ၊ အောက်အပြင်သို့။ ပတွာ၊၍။တိံသဝဿ သဟဿာနိ၊တို့ပတ်လုံး။ ဥဒ္ဓံဂစ္ဆန္တော၊ အထက်သို့ တက်သည် ရှိသော်။ ပုနပိ၊ လည်း။ ဥပရိမတလံ၊အထက်အပြင်သို့။ပါပုဏိတွာ၊ ရောက်၍။ မုစ္စိဿတိ၊ လွတ်လတ္တံ့။ (နောင်အခါကား ဝိဇိတာဝီ အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့။)

အနာဂတေ ပန ဝိဇိတာဝီနာမ ပစ္စေက ဗုဒ္ဓေါ ဟုတွာ
ပရိနိဗ္ဗာယိဿတိ။

အနာဂတေပန၊ နောင်အခါ၌ကား။ ဝိဇိတာဝီနာမ၊ ဝိဇိတာဝီ အမည်ရှိသော။ပစ္စေကဗုဒ္ဓေါ၊သည်။ဟုတွာ၊၍။ပရိနိဗ္ဗာယိဿတိ၊ လတ္တံ့။

ထိုသို့အဇာတသတ်မင်းသည် ခမည်းတော်အား ပြစ်မှားသောကြောင့် လောဟကုမ္ဘိငရဲ၌ခံရသည်ကိုကြားသိရကုန်သော သူတော်ကောင်းတို့အား နိရယဒုက္ခကားကြောက်လောက်ဖွယ်တကားဟု သံဝေဂတရားကိုပွားစေ၍ အဖအား ပြစ်မှားခြင်းမှ ရှောင်ကြဉ်ကုန်ရာ၏။

---

၁၆၂-ပရဒါရိကကံကိုပြု၍ လောဟကုမ္ဘီ ငရဲ၌ခံရသော
သင်္ချေးသား လေးယောက်တို့ ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ ပသေနဒီကောသလမင်းသည် မြို့လည်ရာတွင် လင်ရှိသော မိန်းမတယောက်ကိုမြင်၍ တပ်မက်မောသောကြောင့် လင်ကိုသတ်ပြီးလျှင် ထိုမိန်းမကိုယူအံ့ဟု ကြံလျက်အိပ်သော် သန်ခေါင်ကျော် တိုင်အောင်လည်း အိပ်ပျော်ခြင်းသို့ မရောက်ရကား ထိုခဏ၌ ယူဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီ ငရဲအိုး၌ ခံရသော သင်္ချေးသားလေးယောက်တို့သည် ကျိုက်ကျိုက်ဆူသောထမင်းအိုး၌ဆန်တို့ကဲ့သို့ ပြန်လှန်၍ ကျက်ရကုန်သည် ရှိသော် အနှစ် သုံးသောင်း တို့ဖြင့် အောက်အပြင်သို့ရောက်၍ အနှစ်သုံးသောင်းတို့ဖြင့်လည်း တဖန်မျက်နှာဝ့သို့ လည်ရောက် လာပြန်ကုန်၏၊ ထိုသင်္ချေးသား လေးယောက် တို့သည်

ဦးခေါင်းကိုမှ၍ အချင်းချင်းကြည့်ပြီးလျှင် တခုတခုသော ဂါထာကိုဆိုလို ကုန်လျက် ဆိုခြင်းငှာ မတတ်နိုင်ကုန်ကား တလုံးတလုံးသော အက္ခရာကို ဆိုပြီးလျှင် ပြန်၍ လောဟကုမ္ဘီငရဲသို့ ဝင်ကုန်၏၊ ပသေနဒီ ကောသလ မင်းလည်းအိပ်ပျော်ခြင်းကိုမရရကား မဇ္ဈိမယာမ်၏အခြားမဲ့၌ထိုအသံကို ကြား၍ ကြောက်ထိတ်လန့်သော စိတ်ရှိလျက် အသို့နည်း၊ အသက်, စည်းစိမ်, မိဖုရား ဤသုံးပါးတို့၏ အန္တရာယ် ဖြစ်လတ္တံ့လောဟု ကြံ၍ ညဉ့်သုံးယာမ်ပတ်လုံး မျက်စိတမှိတ်မျှ အိပ်ခွင့်ကိုမရ၊ မိုးသောက် လျှင် ပုရောဟိတ်ပုဏ္ဏားတယောက်ကိုခေါ်၍ ထိုအကြောင်းကိုကြား၏၊ပုဏ္ဏားကား 'အဘယ်အသံနည်း အရှင်မင်းကြီး' ဟုမေးသော 'ဒု' ဟူ၍ 'သ' ဟူ၍ 'န' ဟူ၍ 'သော' ဟူ၍ဤလေးခုသောအသံကိုကြားသည်၊ဟုဆို၏၊ ပုရောဟိတ် ပုဏ္ဏားအားအမိုက်တိုက်ကို ဝင်သကဲ့သို့ စိုးစဉ်းမျှမထင်၊ ယင်းသို့ မထင်မိ သော်လည်း လာဘ်ယုတ်အံ့သည်မှခကြောက်သောကြောင့် 'အရှင်မင်းကြီး ဝန်လေး၏၊ အသက်၏အန္တရာယ်ထင်ချေသည်' ဟုဆိုလျှင် ထိုမင်းသည် နှစ်ဆတက်ကြောက်ရကား ချမ်းသာအောင်ပြုပါဟုဆို၏၊ 'အရှင်မင်းကြီး မကြောက်လင့်၊ သဗ္ဗသတယဇ် ထိုပူဇော်သော်အရှင်မင်းကြီး၏ အသက်ကို ရပါလတ္တံ့' ဟုဆို၏။ 'အဘယ်ကို လိုသနည်း'' ဟု မေးလျှင် ဆင်တရာ၊ မြင်းတရာ၊နွားထီးတရာ၊ နွားမတရာ၊ မြည်းတရာ၊ ဆိတ်မြန်မာတရာ၊ ဆိတ်ကုလားတရာ၊ ဝက်တရာ၊ ကြက်တရာ၊ သတ္တိုသမီးတရာလိုသည်'' ဟု ဆို၏၊ မင်းလည်း ငါ့အသက်ရခြင်းသည်သာငါ့မှာ မြတ်သော လာဘ်ဟု ကြံ၍ ''ထိုအလုံးစုံကို ဆရာသည်ပင် လျှင်မြန်စွာယူ'' ဟု ဆိုတော်မူ၏။ ယင်းသို့ ဆိုလျှင် မင်းချင်းတို့သည် မင်းက တရာစီသာ စေခိုင်းပါလျက် အသားအပိုနှင့်တကွ ငါးရာစီလောက် ပေါက်မြောက် အောင်ပင် ယူငင် ဖမ်းဆီးကြကုန်သတည်း၊ ထို့ကြောင့် ကောသလ သံယုတ် ပါဠိတော်၌ ''ပဥ္စ ဥသဘသဘာနိ'' စသည်ကို ဟောတော်မူသည်၊ ယင်းသို့ အသား အပိုနှင့်တကွ ဖမ်းဆီးယူငင်ကြလျှင် ဥစ္စာရှင်၊ သမီးရှင်တို့ ငိုကြွေးကြသော အသံသည်မြေပြိုအံ့သကဲ့သို့ ဖြစ်၏။ ထိုအသံကို မလ္လိကာမိဖုရား ကြားလျှင် မင်းအထံသို့သွား၍ ''အသို့နည်းအရှင်မင်းကြီး....ဣန္ဒြေတို့သည် ပကတိမရှိ ပုပ်ပန်းယောင်ထင်၏တကား'' ဟုမေး၏ မလ္လိကာ....ငါ၏နားရင်းသို့ သီ၍ သွားသော မြွေဟောက်ကို သင်မသိလော'' ဟုဆို၏၊ ''အရှင်မင်းကြီး.... ကျွန်တော်မကား နားမလည်။ မည်သို့ အကြောင်းရှိသနည်း'' ဟု မေး၏၊ ညဉ့်အခါ၌ငါသည်အသံဆိုးကိုကြား၍ အသက်အန္တရာယ်ထင်လျှင် အရှင်

မင်းကြီးမှာ သမ္ဗသတယဇ်ကို ပူဇော်တော်မူပါ၊ အသက်အန္တရာယ် ပြယ်ပျောက်ပါလိမ့်မည်ဟု ဆရာပုရောဟိတ်က ဆိုသောကြောင့် သမ္ဗသတယဇ်ကို ပူဇော်ခြင်းငှာ သတ္တဝါတို့ကို ဖမ်းစေသည်''ဟုဆိုလျှင် မလ္လိကာမိဖုရားလည်း ''အရှင်မင်းကြီး....သင်ကား အလွန်မိုက်၏၊ များစွာသော စားမဲ့ဟင်းလျာနှင့်တကွ တဒေါနချက်သော ထမင်းကို အကယ်၍ကား စားတော်မူ၏ရှင့်၊ ကာသိတိုင်း, ကောသလတိုင်းဟု ဆိုအပ်သော တိုင်းကြီးနှစ်တိုင်းတို့၌ အကယ်၍ကား မင်းပြုတော်မူ၏ရှင့်၊ ယင်းသို့ပြုတော်မူသော်လည်း အရှင်မင်းကြီးအား ပညာနည်းပါး၍ မိုက်အားအလွန်ကြီးတော်မူ၏''ဟု ဆို၏၊ (ဆန်းပြား၍ ဆိုသည်မဟုတ်၊ အဋ္ဌကထာရှိတိုင်းသာဆိုသည်ဟု မှတ်ပါ။)

ယင်းသို့ ဆိုသော် ''မိဖုံရား....သင်၏စကား ကြီးမားပြင်းထန်လှသည်၊ လုံ့နှင့်နားကို ထိုးသည်မျှမက ထိပ်ထက် မိုးကြိုးကျသကဲ့သို့ အဘယ်ကြောင့် ဤသို့ဆိုဘိသနည်း''ဟု မေး၏၊သူတပါး၏သေခြင်းဖြင့်သူတပါး၏အသက်ကို ရခြင်းသည် အဘယ်တွင် အရှင်မင်းကြီး မြင်တော်မူဖူးသနည်း၊ ပုဏ္ဏားမိုက်၏ စကားကို နားထောင်လျက် သတ္တဝါအပေါင်း၏ ဦးခေါင်းထက်၌ အဘယ့်ကြောင့် ဒုက္ခကို ပစ်ချဘိသနည်း၊ မြို့ဦးမြို့ထိပ်ဖြစ်သော ကျောင်းတော်မြတ်ဝယ် နတ်နှင့်တကွသော လူအပေါင်း၏ အတုမရှိသောပုဂ္ဂိုလ်ဖြစ်တော်မူသော ကာလသုံးပါး၌ အပိတ်အပင် မရှိသော ဉာဏ်ရှိတော်မူသော သမ္ဗုဒ္ဓဘုရားသည် နေတော်မူသည် မဟုတ်လော၊ ထို ဘုရားကို လျှောက်ထား၍ ထိုဘုရားဆုံးမတိုင်း လိုက်နာလော့''ဟု ဆို၏၊ မိဖုရားဆိုသော အကြောင်းသည် ကောင်း၏ဟု နှလုံးသွင်း၍ မိဖုရားနှင့်တကွ လျင်မြန်စွာ သွားပြီးလျှင် ဘုရားသခင်အား လျှောက်ထား၏၊ဘုရားသခင်လည်း မင်းကြီး....မကြောက်လင့်၊ သင့်အား အန္တရာယ်မရှိ၊ ငရဲသတ္တဝါတို့သည် မိမိဆင်းရဲကို ထင်စွာပြလိုသောကြောင့် ဆိုကြသည်ဟု မိန့်တော်မူပြီးလျှင် အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ လူတို့အသက် နှစ်သောင်း နေသောအခါကာလ၌ ကဿပဘုရားသခင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၍ နှစ်သောင်းသော ရဟန္တာအပေါင်းခြံရံလျက် ဒေသစာရီ ချီတော်မူသော် ဗာရာဏသီပြည်သို့ ရောက်တော်မူ၏၊ ဗာရာဏသီပြည်သူပြည်သားတို့သည်

များစွာသော အာဂန္တုကဒါနကိုပြုကြကုန်၏၊ ထိုအခါ ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ကြွယ်ဝကုန်သော သဌေးသား လေးယောက် တို့သည် ငါတို့အိမ်ဝယ် ဥစ္စာကားများ၏၊ ထိုဥစ္စာဖြင့် အဘယ်ကိုပြုကြကုန်အံ့နည်း ဟု တိုင်ပင်ကြကုန်၏၊ ဤသို့သဘောရှိသော ဘုရားသည် ကြွတော်မူလျက် အလှူကို ပေးကုန်အံ့၊ သီလကို စောင့်ရှောက်အံ့၊ ပူဇော်ခြင်းကို ပြုအံ့ ဟု ထိုလေးယောက်တို့တွင် တယောက်မျှသည်း မဆိုပဲ တယောက်က အရက် ကို သောက်လျက် အမဲကိုစား၍ လှည့်လည်ကုန်အံ့၊ တယောက်က သုံးနှစ် ဟောင်းသလေးပြီးသော သလေးထမင်းကို အထူးထူးမြတ်သော အရသာတို့ ဖြင့် စား၍ လှည့်လည်ကုန်အံ့၊ တယောက်က အထူးထူးသော ခဲဖွယ်ကို စား၍ လှည့်လည်ကုန်အံ့၊ တယောက်က ဥစ္စာပေး၍ သူတပါး မယားကို သွားလာကုန်အံ့၊ ယင်းသို့သွားလာကုန်သည်ရှိသော် ငါတို့အသက်ရှင်ခြင်း ကား များမြတ်သောအကျိုးရှိ၏ဟုဆို၏၊ သုံးသောက်သားတို့သည်လည်း နောက်ဆုံး လူ၏စကားကို လိုက်နာ၍ ပရဒါရိကအမှုကို ပြုပြီးလျှင်သေလွန် သော် အဝီစိငရဲ၌ ဖြစ်ကြကုန်၏၊ ထိုသဌေးသား လေးယောက်တို့သည်ဘုရား နှစ်ဆူတို့၏ တခုသော အကြားပတ်လုံး အဝီစိငရဲ၌ကျက်၍ အကျိုးအကြွင်း ၏ အစွမ်းဖြင့် ယူဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲ၌ဖြစ်၍ အနှစ် သုံးသောင်းတို့ဖြင့် အောက်အပြင်သို့ ရောက်၍ တဖန်လည်း အနှစ် သုံးသောင်းတို့ဖြင့် လောဟကုမ္ဘီငရဲဘဝသို့ရောက်လာသော် ဂါထာတခုတခု စီကို ဆိုလိုကုန်လျက် ဆိုခြင်းငှာ မတတ်နိုင်ရကား အက္ခရာတလုံးကို ဆို၍ တဖန် ပြန်ပြီးလျှင် လောဟကုမ္ဘီငရဲသို့ ဝင်ကုန်၏၊ "မင်းကြီးကြားသော အသံကို ဆိုလော့"ဟု မိန့်တော်မူသော် "ဒု,သ,န,သော"ပါဟု လျှောက် ၏၊ ဒုကား ဒုဇ္ဇီဝိတ မဇီဝိမှာ....စသော ဂါထာကို ဆိုလိုသည်၊ သ-ကား သဋ္ဌိဝဿ သဟဿာနိ....စသော ဂါထာကို ဆိုလိုသည်၊ န-ကား နတ္ထိ အန္တော ကုတော အန္တော....စသော ဂါထာကို ဆိုလိုသည်၊ သော-ကား သောဟံနူန ဣတော ဂန္တွာ....စသောဂါထာကိုဆိုလိုသည်ဟုအစဉ်အတိုင်း ဂါထာကို ပြတော်မူလျှင် ပသေနဒီ ကောသလမင်းအား ကြီးစွာသော သံဝေဂကို ရလေ၏၊ သတ္တဝါအပေါင်းလည်း များစွာချမ်းသာ၏၊ သဌေး သား လေးယောက်တို့၏ အဝီစိ၌ ကျက်ပြီးမှ လောဟကုမ္ဘီ၌ ကျက်ရ ပြန်သည်ဟု လာသော စတုက္ကနိပါတ် ဇာတ်, ဓမ္မပဒအဋ္ဌကထာများကို ကြားသိရကုန်သော သူတော်ကောင်းတို့အား နိရယဒုက္ခကား ကြောက် ကောင်းဖွယ်တကားဟု သံဝေဂတရားကို ပွားများစေလျက် နိရယဒုက္ခ၏

အကြောင်းဖြစ်သော မကောင်းမှုမှ ရှောင်ကြဉ်ကုန်ရာ၏၊ ဤကားလောဟ ကုမ္ဘီငရဲ၌ ဆင်းရဲခံရသောသူတို့၏ ဝတ္ထုသက်သေအမြွက်တည်း။

---

## ၁၆၃-မဟာရောရုဝ ငရဲကြီး၌ခံရသော
## သင်္ဘေးကြီး ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ သာဝတ္ထိပြည်သား သင်္ဘေးတယောက်သည် သေ၍ အမွေခံမရှိကြောင်းကို ကြားလျှင် ပသေနဒီ ကောသလမင်းသည် သားမရှိသော ဥစ္စာကား အဘယ်သူအား ရောက်သနည်းဟု မေးသော် မင်းအား ရောက်သည်ဟု ဆိုသောကြောင့် ထို ဥစ္စာကို ခုနစ်ရက်ပတ်လုံး မင်းနန်းတော်သို့ ဆောင်ပြီးလျှင် ဘုရားသခင်အထံသို့ ကပ်၏၊ သဲဗ္ဗည္ဓ ဘုရားလည်း "မင်းကြီး....နေမွန်းတည့် အခါကို အဘယ်မှ လာသနည်း" ဟု မေးတော်မူ၏၊ မင်းလည်း အကြောင်းကို လျှောက်၏၊ အလုံးစုံသော ဝတ္ထုအကျယ်ကား သံယုတ်ပါဠိတော်၌လာ၏၊ "ဘုန်းတော်ကြီးလှသောဘုရား ...ဤသင်္ဘေး၏သဘောကား ရွှေခွက်ဖြင့် ထူးမြတ်သော အရသာရှိသော ဘောဇဉ်ကို အနီးသို့ ဆောင်အပ်သည် ရှိသော် ဤသို့ သဘောရှိသော အစာကို လူကို မစားကြကုန်၊ အဘယ်ကြောင့် သင်တို့သည် ဤအိမ်၌ ငါနှင့်အတူတကွ နေကုန်လျက် ပြက်ရယ်ပြုကြကုန်သနည်းဟုဆို၍ လူတို့ကို ခဲ၊လှန်ကန်စသည်တို့ဖြင့် ပုတ်ခတ်လျက် ပြေးစေပြီးသော် ဤသည်ကား လူတို့၏အစာတည်းဟု ပအုံးရည်လျှင် နှစ်ခွက်မြောက်သော ဆန်ကွဲထမင်းသာစား၏၊ ကောင်းမြတ်သော အဝတ် ပုဆိုး ယာဉ် ထီးတို့ကို ဆောင်းသော်လည်း နည်းတူပင်ဆို၍ ပိုက်ဆံလျော် ပုဆိုးကိုသာ ဝတ်၏၊ ယာဉ်ရထား အိုကိုသာ စီး၍ သစ်ရွက် ထီးကိုသာ ဆောင်း၏၊ ဤသို့ အကောင်းအမြတ်ကို ပယ်၍ အယုတ်ကိုသာ ဆောင်လေ့ရှိသည်" ဟု မင်းက လျှောက်ကြားလျှင် ဘုရားသခင်လည်း ထိုသင်္ဘေး၏ရှေးအကြောင်းကို ဟောတော်မူ၏၊ "မင်းကြီး....ဤသင်္ဘေးကား ရှေးအခါ တဂရသိခိ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူစေပူး၏၊ ရဟန်းအား ဆွမ်းလှူလော့ဟု ဆိုပြီးလျှင် ထိုသင်္ဘေးသည် နေရာမှထ၍ တားလေ၏၊ ဤသို့ဆို၍ သင်္ဘေးမိုက်သားသည် ထ၍သွားခဲ့လျှင် မယားမိန်းမလိမ္မာသည် သဒ္ဓါကြည်ညိုရာကား ငါသည်ကြာမြင့်မှ ဤသူ၏ခံတွင်းက "ပေးလော့" ဟူသော စကားကို ကြားရသည် ယနေ့ နှလုံးအလိုကိုပြည့်စေလျက် ဆွမ်းချက်၍

လှူအံ့ဟု ပစ္စေကဗုဒ္ဓါ၏သပိတ်ကို ယူပြီးလျှင် မွန်မြတ်သော ဘောဇဉ်ဖြင့် ပြည့်စေ၍ လှူ၏၊ သဌေးလည်း တဖန်ပြန်လာလျှင် အရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ ရှင်ရဟန်းသည် စိုးစဉ်းမျှကို ရအပ်၏လောဟု ဆိုလျက် သပိတ်ကို ဖွင့်၍ကြည့်လျှင် မွန်မြတ်သော ဆွမ်းကိုမြင်၍ နှလုံးမသာယာ ရအား ဤဆွမ်းသည်မြတ်စွ၊ ငါ့ကျွန် ငါ့အမှုလုပ်တို့သည်စားရပါမူကား၊ ငါ့အမှုကို ဆောင်ရွက်ကုန်ရာ၏၊ ဤရဟန်းကား စား၍ အလကား အိပ်လတ္တံ့၊ ငါ၏ဆွမ်းသည် အကျိုးမပြီး အချည်းနှီးရှိလေစွဟု ကြံ၏၊ ထိုသဌေးသည် အစ်ကို၏သားကိုလည်း ဥစ္စာဟူသော အကြောင်းကြောင့် ယတ်ဖူး၏၊ အစ်ကိုသည်သားမယားတို့ကို ညီအားအပ်၍ ရဟန်းပြုလေလျှင် သားငယ်သည် ဘထွေး၏လက်ကို ဆွဲငင်လျက် လှည့်သည်သော် ဤသည်ကား ငါ့အဘဥစ္စာတည်းဟု ဆို၏၊ ထိုအခါ သူငယ်ကို သဌေးသည် ယခုအပင် ဤသူငယ်သည် ဤစကားကိုဆိုတုံ၏၊ ဤသူငယ် ကြီးသောကာလ ဤအိမ်ဝယ် အဘ၏ စည်းစိမ်တို့ကို စောင့်လတ္တံ့ဟု ကြံ၍ တောသို့ ခေါ်သွားပြီးလျှင် တခုသော ချုံရင်းဝယ် လည်ပင်းကိုကိုင်လျက် အသက်သေအောင် လိမ်၍ပစ်၏၊ ဤသည်ကား သဌေး၏ ရှေးအမှုတည်း၊ မင်းကြီး....သဌေးသည် တဂရသိခီ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူစေသဖြင့် အကြင်ကောင်းမှုကို ပြု၏၊ ထိုကောင်းမှု၏ အကျိုးအားဖြင့် နတ်ပြည်၌ ခုနစ်ကြိမ် ဖြစ်၏၊ ထို ကောင်းမှုအကျိုးအကြွင်း၏ အစွမ်းအားဖြင့် ဤ သာဝတ္ထိ ပြည်တွင် သဌေး ခုနစ်ကြိမ် ဖြစ်၏၊ မင်းကြီး....လှူပြီး၍ကား ပရစေတနာသည် ပျက်၏၊ ထို ပရစေတနာ ပျက်ခြင်းကြောင့် သဌေးအား မွန်မြတ်သော ကာမဂုဏ် ငါးပါးတို့ကို ခံစားခြင်းငှာ စိတ်သည် မညွတ်၊ မင်းကြီး.... သဌေးသည် ဥစ္စာဟူသော အကြောင်းကြောင့် အစ်ကို၏သားကိုသတ်၏၊ ထို မကောင်းမှုကြောင့် များစွာသော နှစ်အရာ အထောင် အသိန်းတို့ ပတ်လုံး ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဤ ခုနစ်ခု မြောက်သောဘဝ၌ သားမရှိသော သဌေး၏ ဥစ္စာကို မင်း၏ ကျီကြသို့ သွင်းရ၏၊ မင်းကြီး...ထိုသဌေးအား ရှေးကောင်းမှုလည်းကုန်ပြီ၊ အသစ်ဖြစ်သော ကောင်းမှုကိုလည်း မဆည်းပူး၊ မင်းကြီး....ယနေ့ကား သဌေးသည် မဟာ ရောရုဝ ငရဲကြီး၌ ကျက်ရလေ၏။

အဋ္ဌ ပန မဟာရာဇ သေဋ္ဌိဂဟပတိ မဟာရောရုဝ နိရယေ ပစ္စတိ။

(ဓမ္မပဒ အဋ္ဌကထာ)

မဟာရာဇ၊ မင်းကြီး။ အဇ္ဇပန၊ ယနေ့ကား။ သေဋ္ဌိဂဟပတိ၊ အိမ်ရှင်သဌေးသည်။ မဟာရောရုဝနိရယေ၊ မဟာရောရုဝ ငရဲကြီး၌၊ ပစ္စတိ၊ ကျက်ရလေ၏။

ပသေနဒီကောသလမင်းသည် သဗ္ဗညုဘုရား၏ စကားတော်ကို ကြားလျှင်၊ "ဘုန်းတော်ကြီးလှသော ဘုရား....သဌေး၏အမှုကား ဝိနည်းလေးစွ၊ ဤမျှလောက်သော စည်းစိမ်သည် ထင်ရှားရှိလျက် မိမိလည်း မသုံးဆောင်၊ အရှင်ဘုရား ကဲ့သို့သော သဗ္ဗညုဘုရားသည် မြို့ဦး မြို့ထိပ်၌ နေတော်မူပါလျက် ကောင်းမှု ကုသိုလ်လည်း မပြု"ဟု လျှောက်၏၊ သဗ္ဗညုဘုရားလည်း "မင်းကြီး....ဤစကားသည် ဟုတ်၏၊ ပညာမဲ့သောသူတို့မည်သည် စည်းစိမ်တို့ကို ရကုန်လျက် ဝဋ်ဆင်းရဲ၏ ငြိမ်းရာနိဗ္ဗာန်ကို မရှာကုန်၊ စည်းစိမ်တို့ကို မှီ၍ ဖြစ်သော တဏှာသည်ကား ထို ပညာမဲ့သူ လူမိုက်တို့ကို ရှည်စွာသော နေ့ညဉ့်ပတ်လုံး သတ်လေ၏"ဟု မိန့်တော်မူ၏။

ဟနန္တိ ဘောဂါ ဒုမ္မေဓံ, နောစ ပါရဂဝေသိနော၊
ဘောဂတဏှာယ ဒုမ္မေဓော, ဟန္တိ အညေဝ အတ္တာနံ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဘောဂါ၊ စည်းစိမ်တို့သည်။ ဒုမ္မေဓံ၊ ပညာမဲ့သူ လူမိုက်ကို။ ဟနန္တိ၊ သတ်ကုန်၏။ ပါရဂဝေသိနော၊ နိဗ္ဗာန်ကို ရှာကုန်သည်။ နောစ ဟနန္တိ၊ မဖြစ်ကုန်။ ဘောဂတဏှာယ၊ စည်းစိမ်၌ တပ်သော တဏှာဖြင့်။ ဒုမ္မေဓော၊ ပညာမဲ့သူ လူမိုက်သည်။ အညေဝ၊ သူတပါးကဲ့သို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဟန္တိ၊ သတ်၏။ ။ဤဂါထာ၏အဆုံး၌ များစွာသော သူတို့သည် အကျွတ်တရားရကြကုန်၏၊ ဤသဌေး၏အဖြစ်ကို ကြားရလျှင် သူတော်ကောင်းတို့အား သံဝေဂတရား ဖြစ်ကောင်းဖွယ် ရှိ၏။

## ၁၆၄- သေခါနီးကာလဝယ် အနည်းငယ်မျှသော အသဒ္ဓမ္မအမှုကို အောက်မေ့မိ၍ အဝီစိငရဲ၌ ခုနစ်ရက်ခံရသော မလ္လိကာမိဖုရား ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ၊ မလ္လိကာ မိဖုရားသည် တနေ့သ၌ ရေချိုးအိမ်သို့ဝင်၍ မျက်နှာသစ်ပြီးလျှင်ညွတ်ကိုင်းသောကိုယ်ရှိလျက် ခြေခေါင်းကိုဆေးခြင်းငှာ အားထုတ်၏၊ မိဖုရားနှင့်တကွ ဝင်၍ အကျွမ်း ဝင်သော

ခွေးတကောင်သည် ထိုသို့သော အခြင်းအရာဖြင့် ညွတ်ကိုင်းသောမိဖုရားကိုမြင်၍ အသဒ္ဓမ္မမှုဖြင့် ပေါင်းဖော်ခြင်းငှာ အားထုတ်၏၊ မိဖုရားလည်း ခွေး၏အတွေ့ကို သာယာလျက်တည်၏။ ပသေနဒီ ကောသလမင်းလည်း ပြာသာဒ်ထက်၌ရပ်လျက် လေသာတံခါးပေါက်ဖြင့်ကြည့်သော် ထိုအခြင်းအရာကိုမြင်၍ မိဖုရားလာသောကာလ "ပျက်လေ သူယုတ်မ....အဘယ်ကြောင့်မအပ်မရာ ဤသို့သဘောရှိသောအမှုကို ပြုဘိသနည်း"ဟု ဆို၏။ "မင်းကြီး....အဘယ်အမှုကို ငါပြုဘိသနည်း"ဟု ဆိုသော် "ခွေးနှင့်တကွ ပေါင်းဖော်ကြသည်မဟုတ်လော" ဟုဆို၏၊ "မင်းကြီး၏အကြောင်းကား မဟုတ်"ဟုဆိုလျှင် "ငါပင်ကိုယ်တိုင် မြင်အပ်လျက် သင့်စကားကို ယခု အခါငါ အဘယ်ကြောင့်ယုံအံ့နည်း၊ ပျက်လေ သူယုတ်မ" ဟု ဆို၏။ "မင်းကြီး၏ရေချိုးအိမ်၌ဝင်သောသူသည် ဤလေသာတံခါးဖြင့် ကြည့်သောသူအားတယောက်သာ ဖြစ်လျက် ဖေါက်ပြန်၍ နှစ်ယောက်ထင်တတ်၏" ဟု လှည့်စား၍ဆို၏။ မင်းကြီး...."အကယ်၍ ငါ့စကားကို မယုံငြားအံ့၊ မင်းကြီး၏အိမ်သို့ဝင်ပါ၊ ငါကား၏လေသာတံခါးဖြင့် ကြည့်အံ့" ဟု ဆို၏၊ မင်းလည်းညဏ်မဲ့ရကား မိဖုရားစကားကိုယုံ၍ ရေချိုးအိမ်သို့ ဝင်၏၊ မိဖုရားလည်းလေသာတံခါး၌ရပ်၍ကြည့်လျက် "မင်းကြီး....အဘယ်ကြောင့်ဆိတ်မနှင့်ပေါင်းဖော်ခြင်းပြုသနည်း" ဟု ဆို၏၊ မင်းကြီးလည်း "မိဖုရားငါကား၏အမှုကိုမပြုပါ"ဟု ဆိုပါသော်လည်း "ငါကိုယ်တိုင်ပင် မြင်လျက်သင့်စကားကိုငါဘယ်မှာယုံရှာချိမ့်နည်း"ဟုဆို၏၊ ထိုစကားကို ကြား၍မချွတ်ရေချိုးအိမ်၏ သဘောဟုယုံကြည်၏၊ မိဖုရားလည်း၏မင်းကို ကားပညာနည်းပါးသောကြောင့် ငါလှည့်ပတ်နိုင်၏။ ငါသည် ယုတ်မာသောအမှုကိုလည်းပြုမိချေ၏၊ မင်းကိုလည်းမဟုတ်ပဲလျက် စွပ်စွဲမိချေ၏၊ ငါ၏အမှုကို သမ္ဗုဒ္ဓဘုရားလည်း ထင်ရှားသိတော်မူလတ္တံ့၊ အဂ္ဂသာဝက နှစ်ပါး၊ မဟာသာဝက ရှစ်ကျိပ်တို့လည်း သိတော်မူလတ္တံ့၊ ဩော်.... ငါသည် ဝန်လေးသောအမှုကို ပြုမိ၏တကားဟု ကြံ၏၊ ဤမိဖုရားသည် မင်း၏ အသဒိသဒါန၌ အဖော်မိန်းမဖြစ်ပေ၏၊ ထိုအသဒိသဒါန၌ စာနေ့တည်းတွင် စွန့်အပ်သော မင်း၏ဥစ္စာကား တဆယ့်လေးကုဋေ ထိုက်၏။ သမ္ဗုဒ္ဓဘုရားအားလှူအပ်သောထီးဖြူ၊ ပလ္လင်၊ သပိတ်ခြေ၊ ခြေဆေး အင်းပျဉ် ဤလေးခုတို့သည်ကားအဖိုးမရှိကုန်၊ ထိုမလ္လိကာမိဖုရားသည်သေခါနီး ကာလ၌ ဤသို့သဘောရှိသောအလှူကို မအောက်မေ့မူ၍ ထိုမကောင်းမှုကို သာ အောက်မေ့လျက် သေ၍ အဝီစိငရဲ၌ဖြစ်လေ၏။



ကြိုးကိုယူပြီးလျှင်  မထေရ်မြတ်အား ရစ်ပတ်လျက် ဦးခေါင်းကို တုတ်ဖြင့် နှက်၏....၅၉၃

သာ မရဏကာလေ ဝေရူပံ မဟာပရိစ္စာဂံ နာနုဿရိတွာ
တမေဝ ပါပကမ္မံ အနုဿရန္တီ ကာလံကတွာ အဝီစိမှိ နိဗ္ဗတ္တိ။
(ဓမ္မပဒအဋ္ဌကထာ)

သာ၊ ထို မလ္လိကာမိဖုရားသည်။ မရဏကာလေ၊ သေခါနီးကာလ၌။ ဝေရူပံ၊ ဤသို့သဘောရှိသော။ မဟာပရိစ္စာဂံ၊ ကြီးစွာသောစွန့်ကြဲခြင်းကို။ နာနုဿရိတွာ၊ မအောက်မေ့မူ၍။ တမေဝ ပါပကမ္မံ၊ ထိုမကောင်းမှုကိုသာလျှင်။ အနုဿရန္တီ၊ အောက်မေ့လျက်၊ ကာလံကတွာ၊ သေ၍။ အဝီစိမှိ၊ အဝီစိငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

မင်းလည်း ထိုမိဖုရားအား အလွန်ချစ်အပ်သည်ဖြစ်၍ အားကြီးသော စိုးရိမ်ခြင်းဖြင့် နှိပ်စက်ရကား မိဖုရား၏ ပေတကိစ္စကို ပြုပြီးလျှင် လားရာဂတိကို မေးလျှောက်အံ့ဟု ဘုရားသခင် အထံသို့ သွားလေ၏၊ သဗ္ဗညုဘုရားလည်း အကြင်အခြင်းဖြင့် မင်းသည် လာခြင်းအကြောင်းကို သတိမရ၊ ထိုအခြင်းဖြင့် ပြုတော်မူ၏၊မင်းလည်း သဗ္ဗညုဘုရားအထံ၌ သာရဏီယတရားစကားကိုကြားနား၍ အိမ်သို့ဝင်သောအခါ မေ့လျော့သောကြောင့် အချင်းတို့....ငါကား မလ္လိကာ၏ လားရာဂတိကို မေးလျှောက်မည်ဟု သဗ္ဗညုဘုရားအထံသို့ သွားပါလျက် မေ့လျော့၍ လာခဲ့သည်၊နက်ဖြန်မှ မေးလျှောက်အံ့ဟုဆို၍ တဖန်မိုးသောက်သောနေ့၌လည်း သွားပြန်လေ၏၊ သဗ္ဗညုဘုရားလည်း ခုနစ်ရက်ပတ်လုံး သတိမရခြင်းကို ပြုတော်မူ၏၊ မလ္လိကာလည်း ခုနစ်ရက်မျှသာ အဝီစိငရဲ၌ကျက်၍ ရှစ်ရက်မြောက်သော နေ့၌ ငရဲမှစုတေခဲ့၍ တုသိတာနတ်ပြည်၌ ဖြစ်ဒလေ၏၊ အဘယ့်ကြောင့် သဗ္ဗညုဘုရားလည်း မင်းအား သတိမရခြင်းကိုပြုတော်မူသနည်းဟူငြားအံ့၊ မင်းသည် မိဖုရားကိုအလွန်ချစ်အပ်၏၊ ထို့ကြောင့် မိဖုရား၏ငရဲ၌ဖြစ်သော အဖြစ်ကို ကြားသည်ရှိသော် ဤသို့ သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော မိဖုရားသည် အကယ်၍ ငရဲ၌ဖြစ်ငြားအံ့၊အလှူပေး၍ အဘယ် အကျိုးရှိအံ့နည်းဟု နတ္ထိကမိစ္ဆာ အယူကိုယူပြီးလျှင် အိမ်၌ ငါးရာသော ရဟန်းတို့အားအမြဲထားအပ်သော နိစ္စဘတ်ကိုဖြတ်ပြီးလျှင် ငရဲ၌ဖြစ်ရာ၏၊ ထို့ကြောင့် သဗ္ဗညုဘုရားသည် မင်းအားခုနစ်ရက်ပတ်လုံးသတိမရခြင်းကို ပြု၍ ရှစ်ရက်မြောက်သောနေ့၌ ဆွမ်းအလို့ငှာလှည့်လည်လျက် ကိုယ်တော်တိုင်ပင် မင်းအိမ်တံခါးသို့ သွားတော်မူ၏၊ မင်းလည်း သဗ္ဗညုဘုရား ကြွလာသည်ဟု ကြားလျှင် ထွက်၍ သပိတ်တော်ကို ယူပြီးသော် ပြာသာဒ်

ထက်သို့တင်ခြင်းငှာအားထုတ်၏၊ သဗ္ဗညုဘုရားကား ရထားစရပ်၌နေခြင်း ငှာ အခြင်းအရာကိုပြတော်မူ၏၊ မင်းလည်း သဗ္ဗညုဘုရားကို ရထားစရပ်၌ နေစေ၍ ပဉ္စင်္ဂ ဖွယ်ဖြင့် မြတ်နိုးပြီးလျှင် ရှိခိုး၍ ထိုင်လျက် "ဘုန်းတော် ကြီးလှသော ဘုရား........မလ္လိကာမိဖုရား၏ လားရာဂတိကို မေးလျှောက် မည်ဟုလာ၍မမေ့လျော့ခဲ့၏၊ ဘုန်းတော်ကြီးလှသောဘုရား....မလ္လိကာကား အဘယ်မှာ ဖြစ်ရှာလေသနည်း" ဟု မေးလျှောက်သော် "မင်းကြီး........ တုသိတာနတ်ပြည်မှာဖြစ်သည်" ဟု မိန့်တော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား....ထိုမိန်းမမှ တုသိတာ နတ်ဘုံမှာ မဖြစ်သော် အဘယ် မည်သော မိန်းမသည် ဖြစ်နိုင်အံ့နည်း ထိုမိန်းမနှင့်တူသော မိန်းမကားရှား၏၊ထိုမိန်းမ ၏ နေရာ၌ နက်ဖြန်ခါ သဗ္ဗညုဘုရားအား ဤ ဝတ္ထုကိုလှူအံ့၊ဤသို့သော ပူဇော်ခြင်းကို ပြုအံ့၊ အဂ္ဂသာဝက,မဟာသာဝကတို့အား ဤဝတ္ထုကိုလှူအံ့၊ ဤသို့သော ပူဇော်ခြင်းကို ပြုအံ့ဟု ဒါနကိုစီရင်ခြင်းမှတပါး အခြားသော ကိစ္စမရှိ၊ ဘုန်းတော်ကြီးလှသောဘုရား ...အကျွန်ုပ်၏ကိုယ်ကား ထိုမိန်းမ၏ တမလွန်လောကသို့ သွားသော ကာလမှစ၍ ပူလောင်၏" ဟု လျှောက်၏၊ "မင်းကြီး....မစိုးရိမ်သာ၊ သတ္တဝါခပ်သိမ်းပင် သေတတ်သော သဘော တကား" ဟု မိန့်တော်မူ၏၊ ဤကဲ့သို့ သဒ္ဓါတရားနှင့် ပြည့်စုံသော မိန်းမ များသော်လည်း မကောင်းမှု၏ အကျိုးအားဖြင့် အဝီစိငရဲ၌ ကျက်ရသည် ကို ကြားသိရ ကုန်သော သူတော်ကောင်းတို့အား မကောင်းမှုကား ကြောက်ကောင်းဖွယ် တကားဟု သံဝေဂဖြစ်ကောင်းဖွယ် ရှိ၏။

---

### ၁၅၆-အရဟန္တာသာတကကံကို ပြု၍ ငရဲ၌ခံရသော ရွှေထွင်းသမား ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ ရွှေသမား၏ ဆရာဖြစ်သော တိဿမထေရ်သည် တဦးသော ရွှေသမား၏ အိမ်၌ တဆယ့်နှစ်နှစ်ပတ်လုံး ဆွမ်းဘုဉ်းပေး၏၊ ရွှေသမားလင်မယားတို့လည်း မိဘ၏အရာ၌ထား၍ တိဿ မထေရ်မြတ်ကိုလုပ်ကျွေးကုန်၏၊ ထိုအခါ တနေ့သ၌ ရွှေသမားသည် မထေရ် မြတ်၏ ရှေ့၌ အမဲလှီး၍ နေ၏၊ ထိုခဏ၌ ပသေနဒီ ကောသလ မင်းက ပတ္တမြားရတနာတခုကို သွေးဖောက်၍ ပေးပါဟု ပို့လာ၏၊ ရွှေသမားလည်း အသားအသွေး လူးသောလက်ဖြင့် ပတ္တမြား ရတနာယူ၍ ပအုပ်ထက်

တင်ထားပြီးလျှင် လက်ဆေးခြင်းငှာ အိမ်တွင်းသို့ ဝင်လေ၏၊ အိမ်တွင် မွေးစားသောကြိုးကြာငှက်သည် သွေးနံ့ဖြင့်အမဲသားဟု မှတ်ထင်ရကား ထိုပတ္တမြားကို မထေရ်မြင်စဉ်ပင် မျိုလေ၏၊ ရွှေသမားလည်း အိမ်တွင်းမှ ထွက်လာ၍ ပတ္တမြားကို မမြင်လျှင် "အဘယ်သူသည် ပတ္တမြားကို ယူသနည်း" ဟု သားမယားတို့ကို မေးစိစစ်သော် 'ငါတို့မယူကုန်' ဟု ဆိုလျှင် မထေရ် ယူလတ္တံ့ ဟု ကြံလျက် မယားနှင့်တကွရှင်မ....မထေရ် ယူလတ္တံ့ဟု တိုင်ပင်၏၊ မယားလည်း 'သခင်....သို့မဆိုလင့်၊ နှစ်ပေါင်း ဆယ့်နှစ်လီ၍မျှသောကာလပတ်လုံး မထေရ်၏ အပြစ်ဒေါသကိုစိုးစဉ်းမျှ ငါတို့မမြင်စဖူး မထေရ်ကား ပတ္တမြားမယူ' ဟု ဆို၏၊ ရွှေသမားလည်း 'အရှင်ဘုရား....ဤပအုပ်ပေါ်တွင်တင်ထားသောပတ္တမြားကို အရှင်ဘုရား တို့ ယူသလော'ဟုမေး၏၊ 'ဥပါသကာ....ငါကားမယူ' ဟု မိန့်တော်မူ၏။ 'အရှင်ဘုရား ဤအရပ်တွင် အရှင်ဘုရားမှတပါး အခြားသူမရှိ၊ အရှင် ဘုရားသည်သာယူအပ်သည်ဖြစ်လတ္တံ့၊ ပတ္တမြားကိုပေးပါ'ဟု တောင်း ၏၊ ရွှေသမားလည်း မထေရ်ဝန်မခံသော် တဖန်မယားကို 'ရှင်မ....မထေရ် သည်သာ ပတ္တမြားကို ယူလတ္တံ့၊ အနှိုင်ထက် နှိပ်စက်၍ မေးတော့အံ့' ဟု ဆို၏။ မယားလည်း 'သခင် ငါတို့ကို မဖျက်ဆီးပါလင့် ငါတို့ကျွန် အဖြစ်သို့ ကပ်ခြင်းကားမြတ်၏၊ ဤသို့သဘောရှိသော မထေရ်ကိုဆိုခြင်းငှာ ကားမဝံ့' ဟုဆို၏၊ ရွှေသမားလည်း 'ငါတို့တအိမ်လုံးသည် ကျွန်အဖြစ်သို့ ကပ်ခြင်းငှာ သွားသော်လည်း ပတ္တမြားကိုမသောက်ကုန်' ဟုဆို၍ကြိုးကို ယူပြီးလျှင် မထေရ်မြတ်၏ ဦးခေါင်းကို ရစ်ပတ်လျက် တုတ်ဖြင့် နှက်၏၊ မထေရ်၏ ဦးခေါင်း၊နား၊နှာခေါင်းတို့မှ သွေးသည်ယိုထွက်၏။ မျက်စိတို့ ကားထွက်သွားအံ့ သကဲ့သို့ ဖြစ်ကုန်၏၊ မထေရ်လည်း ဆင်းရဲဝေဒနာသို့ ရောက်ရကားမြေ၌လဲ၏၊ ကြိုးကြာသည် သွေးနံ့ဖြင့် ပြေးလာ၍သွေးကို သောက်၏။ ထိုအခါ ရွှေသမားသည် မထေရ်၌ဖြစ်သော အမျက်အားဖြင့် ပြေးလာ၍ အဘယ်ကိုပြုသနည်းဟုဆိုပြီးလျှင်ကြိုးကြာကို ခြေနှင့်ကျောက် ကန်၍စစ်၏၊ ကြိုးကြာလည်းခြေနှင့် တချက်ကန်သဖြင့် ပက်လက်လန်၍ သေလေ၏၊ မထေရ်လည်း ထိုအခြင်းအရာကိုမြင်၍ 'ဥပါသကာ....ငါ၏ ဦးခေါင်း၌ ရစ်သောကြိုးကို လျော့၍ ကြိုးကို ကြည့်ပါဦး၊ သေ သလော ရှင်သလေး' ဟုဆို၏၊ ထိုအခါ မထေရ်ကို ရွှေသမားက 'အရှင် ဘုရားလည်း ဤကြိုးကြာကဲ့သို့ သေရလိမ့်မည်' ဟုဆို၏၊ 'ဥပါသကာ.... ဤကြိုးကြာသည် ပတ္တမြားကို မျိုအပ်၏၊ အကယ်၍ ဤကြိုးကြာသည်

မသေငြားအံ့၊ သင့်အား ငါသေသော်လည်းပတ္တမြားကိုမရရာ’ ဟု ဆို၏၊ ရွှံသမားလည်းကြိုးကြာ၏ဝမ်းကိုခွဲ၍ အထဲ၌ပတ္တမြားကိုမြင်သော် တုန်လှုပ်လျက်ထိတ်လန့်သောစိတ်ရှိရကား မထေရ်မြတ်၏ခြေရင်း၌ ဝပ်လျက် ‘အရှင်ဘုရား.... သည်းခံတော်မူပါ၊ အကျွန်ုပ်ကား မသိသောကြောင့် ထိုအမှုကို ပြုမိပါသည်’ ဟုလျှောက်၏၊ ‘ဥပါသကာ....သင့်အား အပြစ်ကားမရှိ၊ ငါ၀ဋ်တရား၏သာလျှင် အပြစ်တည်း၊ သင့်အား ငါသည်းခံ၏’ ဟုမိန့်တော်မူ၏၊ ‘အရှင်ဘုရား....အကယ်၍သည်းခံငြားအံ့၊ ပကတိသော အမှုဘ်ဖြင့်သာ အကျွန်ုပ်အိမ်၌ ထိုင်၍ဆွမ်းခံတော်မူပါ’ ဟု လျှောက်၏။ ‘ဥပါသကာ....ငါကား ယခုအခါ ဤနေ့မှစ၍ သူတပါး အိမ်အတွင်းသို့ မဝင်တော့အံ့၊ ယခုဖြစ်သော အပြစ်ကား အိမ်တွင်းသို့ဝင်သော အပြစ်သာတည်း၊ ယခုအခါမှစ၍ ခြေတို့ဖြင့်သာအိမ်တံခါးရပ်လျက် ဆွမ်းရှာတော့အံ့’ ဟုဆို၍ ဓုတင်ကို ဆောက်တည်တော်မူ၏၊ မထေရ်ကား ထိုအနာကြောင့် မကြာမြင့်မီ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ကြိုးကြာကား ရွှံသမား၏ မယားဝမ်း၌ ပဋိသန္ဓေနေလေ၏၊ ရွှံသမားကားသေ၍ ငရဲ၌ ဖြစ်လေ၏။

မဏိကာရေ ကာလံကတွာ နိရယေ နိဗ္ဗတ္တိ။

(ဓမ္မပဒ အဋ္ဌကထာ)

မဏိကာရေ၊ ရွှံသမားသည်၊ ကာလံကတွာ၊ သေ၍။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။

မယားကား မထေရ်၌ နူးညံ့သောစိတ်ရှိသည်၏ အဖြစ်ကြောင့် သေ၍ နတ်ပြည်၌ ဖြစ်လေ၏၊ ဤရွှံသမားသည်။ မဆင်ခြင် မစဉ်းစား မှားသော အမှုကို ပြုမိသောကြောင့် အရဟန္တာဃာတကကံထိုက်၍ ငရဲကြီး၌များစွာသော ဆင်းရဲကိုခံရသည်ကိုကြားသိရသောသူတော်ကောင်းတို့အား နိရယဒုက္ခကား ကြောက်ကောင်းဖွယ် တကားဟု သံဝေဂကို ဖြစ်စေသောအားဖြင့် နိရယဒုက္ခသို့ လားစေတတ်သော မှားသောအမှု ကို မပြုရာ၊ ဆင်ခြင် စဉ်းစား၍ သတိထားရာ၏။

---

## ၁၆၆-ဘိက္ခုနီဒူသကကံကို ပြု၍ အဝီစိငရဲ၌ခံရသော နန္ဒလုလင် ဝတ္ထု

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း တော်၌ ကိန်းအောင်း မွေ့လျော် နေတော်မူသော အခါ ဥပ္ပလဝဏ် ထေရီသည်

ပဒုမုတ္တရ ဘုရားသခင်ခြေတော်ရင်း၌ ဆုတောင်းခြင်းကို ဖြစ်စေ၍ ကမ္ဘာ တသိန်းပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် နတ်လူတို့၌ ကျင်လည် ပြီးသည်ရှိသော် ငါတို့ဘုရား လက်ထက်တော်၌ နတ်ပြည်မှ စုတေခဲ့၍ သာဝတ္ထိပြည်ဝယ် သဌေး၏ အိမ်၌ ပဋိသန္ဓေ နေ၍ ဖွား၏၊ ကြာညို အတွင်းတိုက်နှင့်တူသော အဆင်းရှိရကား ဥပ္ပလဝဏ်ဟူ၍ အမည်မှည့်ကုန် ၏၊ ထိုအခါဥပ္ပလဝဏ်၏ အရွယ်ရောက်သောကာလ အဖသဌေး၏အထံ သို့ ဇမ္ဗူဒီပါကျွန်း၌ နေကုန်သော မင်းသားသဌေးသားတို့သည်“သမီးကို ငါတို့အားပေးပါ”ဟု စေလာကုန်၏၊ တစုံတယောက်မျှ မစေလွှတ်ရောက် သည်မရှိ၊ စေရောက်သည်ချည်းသာတည်း၊ ယင်းသို့စေရောက်သည့်ကာလ အဖသဌေးကြီးကား ငါသည် သူခပ်သိမ်းတို့၏စိတ်ကို ယူခြင်းငှာ မတတ် နိုင်၊အကြောင်းတခုကား ပြုအံ့ဟု ကြံပြီးလျှင် သမီးကိုခေါ်၍ ချစ်သမီး.... သင်ကား ရဟန်းပြုခြင်းငှာ တတ်နိုင်ပါမည်လော”ဟု မေး၏၊ သမီးအား ပစ္ဆိမဘဝနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် အဖစကားကို ကြားလေသော် ထိပ်ပေါ်၌ အကြိမ်တရာ ချက်အပ်သော ဆီဖြင့်လိမ်းသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့်“ဖခင်....ငါကား ရဟန်းပြုအံ့”ဟုဆို၏၊ သဌေးလည်း သမီးအား များစွာသောပူဇော်သက္ကာရကိုပြု၍ ဘိက္ခုနီမ ကျောင်းအရပ်သို့ ဆောင်ပြီးလျှင် ရဟန်းပြုစေ၏၊ ရဟန်းပြု၍မကြာမြင့်မီသာလျှင်ဥပ္ပလဝဏ် အား ဥပုသ်အိမ်၌ အလှည့်ရောက်၏၊ ဥပ္ပလဝဏ်သည် ဥပုသ်အိမ်ကို တံမြက် လှည်းပြီးလျှင် ဆီမီးညှိထွန်း၍ မီးလျှံနိမိတ်ကို ယူလျက် အဖန်တလဲလဲ ကြည့်သော် တေဇောကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ဖြစ်စေ၍ ထို ဈာန်ကို အခြေပြုပြီးလျှင် ပဋိသမ္ဘိဒါအဘိညာဉ်တို့နှင့်တကွ အရဟတ္တဖိုလ် သို့ ရောက်၏၊ ထိုဥပ္ပလဝဏ်သည် အခါတပါး ဇနပုဒ်၌ ဒေသစာရီ လှည့် လည်၍ ပြန်လာလျှင် မိုက်တောသို့ဝင်၏၊ ထိုအခါ ဘိက္ခုနီမတို့၏ တော ကျောင်း၌ နေခြင်းကို ပယ်တော်မမူအပ်သေး၊ ယင်းသို့ ဖြစ်သောကြောင့် ဥပ္ပလဝဏ်သည် ထိုမိုက်တော၌ကုဋိပြု၍ညောင်စောင်းခင်းပြီးလျှင်တင်းတိမ် ကာရံ၍နေ၏၊ ဥပ္ပလဝဏ်သည် သာဝတ္ထိပြည်၌ ဆွမ်းခံထွက်လာသော် ဥပ္ပလဝဏ်၏ ဦးရီးသား နန္ဒမည်သော လုလင်သည် လူစဉ်ကပင် တပ်နှစ် သက်ရင်း ရှိသည်ဖြစ်၍ ဥပ္ပလဝဏ်လာသောအဖြစ်ကို ကြား၍ ဥပ္ပလဝဏ် ဆွမ်းခံလာသည်မှ ရှေးဦးစွာ မိုက်တောသို့ သွားပြီးလျှင် ကုဋိသို့ ဝင်၍ ညောင်းစောင်းအောက်၌ပုန်း၏၊ ဥပ္ပလဝဏ်သည် ဆွမ်းခံရာမှ ပြန်လာ၍ ကုဋိသို့ဝင်ပြီးလျှင် တံခါးကိုပိတ်၍ ညောင်းစောင်းဝယ် အိပ်ကာမျှ၌အပမှ

လာသည်၏အဖြစ်ကြောင့် မျက်စိ၌ အမိုက်တိုက်မကင်းမီ ညောင်စောင်းမှ ထွက်၍ တဖန်ညောင်းစောင်းသို့တက်ပြီးလျှင် ‘ငမိုက်သား သင့်အားမပျက် စေလင့်’ဟု ဥပ္ပလဝဏ်သည်မြစ်ပါလျက် အနိုင်အထက်နှိပ်စက်၍ မိမိသည် အလိုရှိအပ်သောအမှုကိုပြု၍သွားလေ၏၊ ထိုအခါနန္ဒလုလင်၏ကျေးဇူးမဲ့ကို ဆောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မဟာပထဝီမြေကြီးဘည် နှစ်ဖြာကွဲ၍၊ နန္ဒလုလင်သည် မြေသို့ဝင်၍သွားပြီး အဝီစိ ငရဲကြီး၌သာ ဖြစ်ရှာလေ၏။

သော ပထဝိံ ပဝိဋ္ဌော ဂန္တွာ အဝီစိမှိဝေ နိဗ္ဗတ္တိ။

(ဓမ္မပဒအဋ္ဌကထာ)

သော၊ ထိုနန္ဒလုလင်သည်။ ပထဝိံ၊ မြေသို့။ ပဝိဋ္ဌော၊ ဝင်ပြီးသော်။ ဂန္တွာ၊ သွား၍။ အဝီစိမှိဝေ၊ အဝီစိငရဲ၌ ပင်လျှင် နိဗ္ဗတ္တိ၊ ဖြစ်၏၊

ဥပ္ပလဝဏ်သည် ဤအကြောင်းကို ဘိက္ခုနီမတို့အားကြား၏၊ ဘိက္ခုနီမ တို့လည်း ရဟန်းယောကျ်ားတို့အား ကြားကုန်၏၊ ရဟန်းတို့လည်း သဗ္ဗညု ဘုရားအားကြားလျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း ပသေနဒီကောသလ မင်းကို ခေါ်ပြီးလျှင် ‘မင်းကြီး....ဤ ငါဘုရား သာသနာတော်၌ အမျိုး ကောင်းသားယောကျ်ားတို့ကဲ့သို့ အမျိုးကောင်းသမီး မိန်းမတို့သည်လည်း များစွာသော ဆွေမျိုးအပေါင်း,များစွာသော စည်းစိမ်အစုကိုပယ်ပြီးလျှင် ရှင်ရဟန်းပြု၍ တော၌နေကြကုန်၏၊ ယင်းသို့နေကြကုန်သော အမျိုးသမီး ကောင်းတို့ကို ရာဂဖြင့် တပ်နှစ်သက်ကုန်သော ယောကျ်ားယုတ်တို့သည် နှိပ်စက်ဖျက်ဆီးကုန်၏၊ ဗြဟ္မစရိယ အန္တရာယ်ကိုလည်း ရောက်စေကုန်၏၊ ထိုကြောင့် ဘိက္ခုနီသံဃာ၏နေရာကို မြို့တွင်း၌သာ ပြုခြင်းငှာ သင့်၏”ဟု မိန့်တော်မူ၏၊ ပသေနဒီ ကောသလ မင်းလည်း ကောင်းပါပြီဟု ဝန်ခံ၍ မြို့၏တခုသောနံပါး၌ ဘိက္ခုနီသံဃာ၏ နေရာကို ပြုစေ၏၊ ထိုအခါမှစ၍ ဘိက္ခုနီမတို့မှာ ရွာတွင်း၌သာ နေကြရကုန်၏၊ ဤ၌ နန္ဒလုလင်သည်မသင့် မတင့် ပြုကျင့်သောကြောင့် အဝီစိငရဲကြီး၌ ဆင်းရဲဒုက္ခကို ခံရသည်ဟု ကြားသိကုန်သော သူတော်ကောင်းတို့သည် အဝီစိနိရယဒုက္ခကိုအောက်၌ ပြဆိုအပ်ပြီးသော နည်းဖြင့် ဆင်ခြင်၍ ကြောက်ထိတ်လန့်ဖွယ်တကားဟု သံဝေဂတရားကို ပွားစေကုန်ရာ၏။

### ၁၆၇-ရှင်သာရိပုတ္တာ မထေရ်၏ ဦးခေါင်းတော်၌ ပုတ်ခတ်ပြစ်မှား၍ အဝီစိငရဲ၌ ခံရသော နန္ဒဘီလူးဝတ္ထု

ဘုရားမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ရွှေကျောင်း၌ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ အရှင်သာရိပုတ္တာ, အရှင်မောဂ္ဂလာန်အဂ္ဂသာဝက နှစ်ပါးတို့သည် ကပေါတချောက်ဝယ် ဆောက်လုပ်အပ်သော ကျောင်း၌ နေကြကုန်၏၊ ထိုနှစ်ပါးတို့တွင် ရှင်သာရိပုတ္တာသည် လရောင်နှင့်ယှဉ်သော လဆန်းပက္ခညဥ့်၌ ဆံချသစ်စဖြစ်သော ဦးခေါင်းရှိသည်ဖြစ်၍ လွင်တီးခေါင်၌ အမှတ်မရှိသောသမာပတ်ကို ဝင်စားလျက်နေတော်မူ၏၊ ထိုအခါ ဘီလူးနှစ်ယောက်တို့သည် မြောက် ဟိမဝန္တာဘီလူးတို့ အစည်းအဝေးမှ ပြန်လာ၍ မိမိတို့နေရာတောင်အရပ်သို့ သွားကြကုန်၏၊ယင်းသို့ သွားကြကုန်လျှင် လရောင်နှင့်ယှဉ်သော လွင်တီးခေါင်၌ ဦးခေါင်းတော် ပြောင်ပြောင်နှင့် နေသော အရှင်သာရိပုတ္တာကို မြင်ကုန်သော် အဖော်ဘီလူးတယောက်သည်တယောက်အား 'အဆွေ ဤရဟန်း၏ဦးခေါင်း၌ ပုတ်ခတ်ခြင်းကို ပေးခြင်းငှာ ငါ၏စိတ်သည်ဖြစ်၏'ဟုဆို၏၊ အဖော်ဖြစ်သောဘီလူးလည်း ''အဆွေ-မပြုလင့်၊ ဤရဟန်းကားကြီးမားသော တန်ခိုးရှိ၏''ဟုဆို၏၊ ယင်းသို့ ဆိုသော်လည်း မနေ၊ အရှင်သာရိပုတ္တာ၏ထိပ်၌ ပုတ်ခတ်ခြင်းကို ပေးလေ၏၊ ပုတ်ခတ်ခြင်းကား ပြင်းပြ၏၊ ခုနစ်တောင်ရှိသော ဆင်, ခုနစ်တောင့်ထွာရှိသော ဆင်သော်လည်းကြေပျောက်ခြင်းသို့ ရောက်ရာ၏၊ ကြီးစွာသော တောင်ထွတ်သည် မူလည်း ဖရိုဖရဲကွဲကြေရာ၏၊ ရှင်သာရိပုတ္တာမှာမူကား သမာဓိကြောင့် မထောင်းတာ၊ ထိုဘီလူးလည်း ငါကား ပူလောင်၏, ပူလောင်၏ဟု ဆိုလျက်ကောင်းကင်ထက်၌ တည်ခြင်းငှာမတတ်နိုင်ရကား မြေ၌ကျ၏၊ထိုခဏ၌ပင်ယူဇနာ တသိန်း ခြောက်သောင်း ရှစ်ထောင် အစောက်ရှိသော မြင်းမိုရ်တောင်မင်း, ရှစ်သောင်းလေးထောင်သောတောင်အထွတ်တို့ဖြင့် တန်းဆာဆင်အပ်သော အလျားအနံယူဇနာ သုံးထောင်, အစောက်ယူဇနာငါးရာရှိသော ဟိမဝန္တာ တောင်းမင်းတို့ကိုသော်လည်း ခံခြင်းငှာ စွမ်းနိုင်သော ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ယုတ်မာသော သတ္တဝါကို ခံခြင်းငှာ ငါသည်မတတ်နိုင်ဟုဆိုဘိသကဲ့သို့ အဝေါက်ကိုဟင်းလင်းဖွင့်လျက် ပေး၏၊ အဝီစိငရဲမှထ၍ မီးလျှံသည်ယူ၏၊ ထိုဘီလူးသည် မြည်တမ်းလျက် ထိုအရပ်၌ပင် အဝီစိငရဲ၌ ကျလေ၏။

တတ္ထေဝ မဟာနိရယံ အပတာသိ။

(ဥဒါန်းပါဠိတော်)

တတ္ထေဝ၊ ထိုပုတ်ခတ်ရာ အရပ်၌ပင်။ မဟာနိရယံ၊ အဝီစိငရဲကြီးသို့။ အပတာသိ၊ ကျပြီ။

ဤ၌ ဘီလူးသည် ဘီလူး၏ အတ္တဘောဖြင့်ပင် ငရဲသို့ ကျရောက်လေသလော ဟူ၍ြားအံ့မဟုက်၊ ထိုဘဝ၌ မျက်မှောက်ခံစားအပ်သော အကျိုးရှိသော အကြင် ပထမဇော စေတနာဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်ကံသည် ရှိ၏၊ ထိုကံ၏ အစွမ်းကြောင့် ဘီလူး၏ အတ္တဘော၌ များစွာဆင်းရဲကို ခံစားရသည်၊ အခြားမဲ့၌ ခံစားအပ်သောအကျိုးရှိသော သတ္တမဇော စေတနာဟု ဆိုအပ်သော အကြင် အနန္တရိယ ကံသည်ရှိ၏၊ ထိုကံ၏ အစွမ်းကြောင့် ဇုတိ၏အခြားမဲ့ဝယ် ငရဲ၌ဖြစ်ရ၏။

ကိံ ပန သော ယက္ခတ္တဘာဝေနေဝ နိရယံ ဥပဂစ္ဆတီတိ' န ဥပဂစ္ဆတိ၊ ယံ တတ္ထ ဒိဋ္ဌဓမ္မဝေဒနီယံ ပါပကမ္မံ အဟောသိ' တဿ ဗလေန ယက္ခတ္တဘာဝေ မဟန္တံ ဒုက္ခံ အနုဘဝိ၊ ယံ ပန' ဥပပဇ္ဇဝေဒနီယံ အနန္တရိယကမ္မံ၊ တေန စုတိအနန္တရံ နိရယေ ဥပပဇ္ဇတိ။

(ဥဒါန်းအဋ္ဌကထာ)

သော၊ ထိုနန္ဒဘီလူးသည်၊ ယက္ခတ္တဘာဝေနေဝ၊ ဘီလူး၏ အတ္တဘောဖြင့်သာလျှင်။ နိရယံ၊ ငရဲသို့။ ဥပဂစ္ဆတီကိံ၊ ကပ်သလော။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နဥပဂစ္ဆတိ၊ မကပ်။ တတ္ထ၊ ထိုဘဝ၌။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ မျက်မှောက်၌ ခံစားအပ်သော အကျိုးရှိသော။ ယံပါပကမ္မံ၊ အကြင် ပထမဇောစေတနာဟု ဆိုအပ်သော မကောင်းမှုသည်။ အဟောသိ၊ ဖြစ်ပြီ။ တဿ၊ ထိုမကောင်းမှု၏။ ဗလေန၊ အစွမ်းကြောင့်။ ယက္ခတ္တဘာဝေ၊ ဘီလူး၏ အတ္တဘော၌။ မဟန္တံ၊ များစွာသော။ ဒုက္ခံ၊ ကို။ အနုဘဝိ၊ ခံစားရ၏။ ပန၊ ထိုမှတပါး။ ဥပပဇ္ဇဝေဒနီယံ၊ အခြားမဲ့၌ခံစားအပ်သောအကျိုးရှိသော။ ယံအနန္တရိယကမ္မံ၊ အကြင်သတ္တမဇောစေတနာဟုဆိုအပ်သော အနန္တရိယကံသည်။ အဟောသိ၊ ဖြစ်ပြီ။ တေန၊ ထိုကံ၏ အစွမ်းကြောင့်။ စုတိအနန္တရံ၊ စုတိ၏ အခြားမဲ့၌။ နိရယေ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ရှင်မောဂ္ဂလာန်သည် ဒိဗ္ဗစက္ခုဖြင့် ရှင်သာရိပုတ္တာဦးခေါင်း၌ ပုတ်ခတ်သည်ကို မြင်သောကြောင့် ကပ်ပြီးလျှင် "ငါ့ရှင်သာရိပုတ္တာ ခံ့ကျန်းပါ

၏လော''ဟု မေး၏၊ ''ငါ့ရှင်မောဂ္ဂလာန်....ခံ့ကျန်းပါ၏၊စင်စစ်မှာကား ငါ၏ဦးခေါင်းဝယ် အတန်ငယ်နာကျင်၏''ဟု ဆို၏၊ အရှင်မောဂ္ဂလာန်လည်း '',ငါ့ရှင် သာရိပုတ္တရ ဘီလူးသည် သင်၏ဦးခေါင်းကို ထောင်းထောင်းကြေ ပုတ်ခတ်လျက်ခံ့ကျန်းပါ၏၊စင်စစ်မှာကားငါ့ဦးခေါင်းဝယ် အတန်ငယ် နာကျင်သည်ဟု ဆိုခြင်းသည် မဖြစ်ဖူးမြဲ အံ့ဖွယ်သူရဲပါတကား''ဟု ဆိုတော်မူ၏၊ အရှင်သာရိပုတ္တာလည်း ''ငါ့ရှင်မောဂ္ဂလာန်.... သင်သည် ဘီလူးကိုလည်း မြင်ဘိ၏၊ ငါတို့ကား တံမြက်ချေးစုံရာ စသည်တို့၌ လှည့်လည် သွားလာသော မြေဘုတ်ဘီလူး ပြိတ္တာငယ်မျှကိုလည်း မမြင်၊ မဖြစ်ဖူးမြဲ အံ့ဖွယ်သူရဲပါတကား''ဟု ဆိုတော်မူ၏၊ ဤသို့ မထေရ်နှစ်ပါးသည် တယောက်သည် တယောက်အား ထင်ရှားရှိသော ဂုဏ်ကို ချီးမွမ်းတော်မူကြ၏၊ ဤနန္ဒဘီလူး၏ မြေကြီးကွဲ၍ အဝီစိငရဲ၌ ခံရခြင်းကို ကြားသိရကုန်သော သူတော်ကောင်းတို့သည် အဝီစိငရဲ၌ ဆင်းရဲခြင်းကို ကြောက်ထိတ် လန့်သောအားဖြင့် သံဝေဂ တရားကို နှလုံးထား၍ နန္ဒဘီလူးကဲ့သို့ မပြုရာ၊ မကောင်းမှုကို ရှောင်ကြဉ်ကုန်ရာသည်။

(အောက် ဩဝှတ္တပ္ပသံဝေဂ၌ ပြအပ်သော နန္ဒန္တားသားထိုး, ဤ၌ပြအပ်သော နန္ဒလုလင်,နန္ဒဘီလူး ဤအမည်တူ သုံးယောက်တို့သည် အဝီစိငရဲသို့ ရောက်ကုန်၏။)

နိရယဒုက္ခတစိတ်ဖြင့် မှတ်အပ်သော
သံဝေဂဝတ္ထု ဒီပနီကျမ်း၏ သတ္တမဂ္ဂကား
ဤတွင် ရွှေ့ပြီးပြီ။
သံဝေဂဝတ္ထု ဒီပနီကျမ်း သတ္တမတွဲ ပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## အဋ္ဌမတွဲ

---

နမော တဿဘဂ ဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၁၆၀-ကိသဝစ္ဆ ရှင်ရသေ့ကို ပြစ်မှား မိသောကြောင့်
တိုင်းအလုံးပျက်စီး၍ ကုက္ကုလငရဲ၌ ခံရသော ဒဏ္ဍကီမင်းဝတ္ထု

ယခုအခါ နိရယတစိတ်၏ ဝတ္ထုအမြွက်ကိုပြပေအံ့၊ ငယ်မည် ဇောတိပါလ နောက်အခါသရပ္ပင်္ဂဗာဟန,စက္ကဝိဒ္ဓ,သရလဋ္ဌိ, သရရဇ္ဇု, သရဝေဓိ, သရပါသာဒ,သရသောပါဏ,သရမဏ္ဍပ,သရပါကာရေ, သရပေါက္ခရဏီ, သရပဒုမ, သရဝဿ ဤ တဆယ့်နှစ်ပါးသော မြားအတတ် မျိုးတို့တွင် အကျုံးဝင်သောသရပါသာဒစသည်တို့ကိုပြုပြီးလျှင် တစင်းသောမြားဖြင့် မြားတို့ကို ကျစေလျက် ဖျက်ဆီးတတ်သောကြောင့် သရဘင်္ဂဟု အမည်တွင်သော ရှင်ရသေ့၏ တပည့်ဖြစ်ကုန်သော သာလိဿစ, မေဏ္ဍိဿရ, ပဗ္ဗတ, ကာဠဒေဝိဠ,ကိသဝစ္ဆ, အနုသိဿ, နာရဒ ဤခုနစ်ယောက်သော ရသေ့တို့တွင် အကျုံးဝင်သော ကိသဝစ္ဆ ရှင်ရသေ့သည် သရဘင် ဆရာကြီးကို ပန်ပြီးလျှင် ဒဏ္ဍကီမင်း၏ နိုင်ငံဝယ် ကုမ္ဘဝတီ အမည်ရှိသောမြို့ကို အမှီပြု၍ ဥယျာဉ်၌နေ၏၊ ထိုအခါ ဒဏ္ဍကီမင်းသည် ရအပ်သော ပူဇော်သက္ကာရရှိသောပြည့်တန်ဆာမကိုအရာမှရွှေ့စေ၏! ထိုပြည့်တန်ဆာမသည် မိမိသဘောအားဖြင့် ဥယျာဉ်၌ လှည့်လည်သော ကိသဝစ္ဆမည်သော ရှင်ရသေ့ကိုမြင်၍ ဤသူကား သူယုတ်ဖြစ်လတ္တံ့၊ ဤသူ၏ကိုယ်ထက်၌ အညစ်အကြေးကို မျှောပြီးလျှင် ရေချိုး၍သွားအံ့ ဟု ဒန်ပူကိုခဲ၍ အလုံးစုံတို့၏ ရှေးဦးစွာ ရှင်ရသေ့၏ အထက်၌ ပြစ်ခဲ့မသော တံတွေးကိုထွေး၍ ဆံကျစ်ကြား၌လည်း ခဲ့ခါးဟတ်၍ ဒန်ပူဖတ်ကို ဦးခေါင်းထက်၌ ပစ်ပြီ လျှင် မိမိကား ရေချိုး၍သွား၏၊ မင်းလည်း သတိရ၍ တဖန် ပကတိအရာကို

ပေး၏၊ ထိုပြည့်တန်ဆာမသည် မောဟဖြင့်တွေဝေရကား ငါသည်သူယုတ်၏ ကိုယ်၌ အညစ်အကြေးကို မျှော၍ ဤသို့အော စည်းစိမ်ကို ရသည်ဟု အမှတ်ပြု၏၊ ထိုနောက်မှ မကြာမြင့်မီ မင်းသည် ပုရောဟိတ် ပုဏ္ဏားကို အရာမှ ချထား၏၊ ပုဏ္ဏားလည်း ပြည့်တန်ဆာမ အထံသို့ သွားပြီးလျှင် "သင်သည် အဘယ်အကြောင်းကြောင့် အရာဌာနကို ရပြန်သနည်း" ဟု မေး၏၊ ထိုအခါ ပြည့်တန်ဆာမက "ငါသည် မင်းဥယျာဉ်၌ သူယုတ်၏ ကိုယ်ဝယ် အညစ်အကြေးကို မျှောအပ်သည်၏ အဖြစ်ကြောင့် ရအပ်၏" ဟု ပုဏ္ဏားစားအားကြား၏၊ ပုဏ္ဏားလည်း သွားပြီး လျှင်နည်းတူပင်ရှင်ရသေ့၏ ကိုယ်၌ အညစ်အကြေးကို မျှောလေ၏၊ ပုဏ္ဏားကိုလည်းမင်းသည် တဖန် အရာမြဲ၌ ထားပြန်၏၊ နောက်အခါ ဒဏ္ဍာကီမင်းအား ပစ္စန္တရစ်သည် ပုန်ကန်သောင်းကျန်း၏။ မင်းလည်းစစ်သည် အပေါင်းခြံရံလျက် စစ်ထိုးခြင်းငှာ ထွက်၏၊ ထို အခါ မောဟဖြင့် တွေဝေသော ပုရောဟိတ် ပုဏ္ဏားသည် "အရှင်မင်းကြီး........သင်တို့သည် အောင်ခြင်း ရှုံးခြင်းတို့တွင် အဘယ်ကို အလိုရှိသနည်း" ဟု မင်းကိုမေး၍ အောင်ခြင်းကို အလိုရှိသည်ဟု ဆိုသော် "ယင်းသို့ တပြီးကား ဥယျာဉ်ဝယ် သူယုတ်သည် ရှိ၏၊ ထိုသူယုတ်၏ ကိုယ်ဝယ် အညစ်အကြေးတို့ကို မျှော၍သွားပါ" ဟု ဆို၏၊ မင်းလည်း ပုဏ္ဏားစကားကိုကြားသော် သွား၍ "အကြင်သူတို့သည် ငါနှင့် အတူတကွ စစ်မြေပြင်သို့ လိုက်ကြကုန်၏၊ ထိုသူတို့သည်ဥယျာဉ်၌ သူယုတ်၏ ကိုယ်ရယ် အညစ်အကြေးကို မျှောကြကုန်" ဟု ဆင့်ဆို၍ ဥယျာဉ်သို့ ဝင်ပြီးလျှင် ဒန်ပုကိုခဲ၍ အလုံးစုံသောသူတို့၏ရှေးဦးစွာမိမိသည်သာလျှင် ရှင်ရသေ့၏ဆံကျစ်ကြား၌ တံတွေးထွေးပြီးလျှင်ဒန်ပူဖတ်ကိုပစ်၍ဦးခေါင်းနှင့်တကွ ရေချိုး၏၊ မင်း၏ဗိုလ်ပါအပေါင်းလည်း မင်းနှင့်နည်းတူပင် ပြု၏၊ ယင်းသို့ပြု၍ ထိုမင်းသည် ဖဲလေသော် စစ်သူကြီးသည် လာ၍ ရှင်ရသေ့ကို မြင်လျှင်ဒန်ပူဖတ်အစရှိသည်ကိုပယ်၍ကောင်းစွာရေချိုးပြီးမှ "အရှင်ဘုရား မင်းအား အဘယ်သို့ ဖြစ်လတ္တံ့ နည်း" ဟု မေး၏၊ "စစ်သူကြီး........ငါ၏ မနောပဒေါသကားမရှိ၊ နတ်တို့ကား အမျက်ထွက်ကုန်ပြီ၊ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသော တိုင်းသည် ပျက်စီးလတ္တံ့၊ သင်မူကား သားမယားတို့ကိုယူ၍ လျင်မြန်စွာ အရပ်တပါးသို့ ရှောင်ရှား ထွက်ပြေးလေ" ဟု ဆို၏၊ စစ်သူကြီးလည်း ကြောက်လန့်တကြားသွား၍ မင်းအား ကြား၏၊ မင်းလည်း စစ်သူကြီးစကားကို ကြားလျက် နားမထောင်၊ စစ်သူကြီးလည်း စစ်ထွက်ရာမှ ပြန်ပြီးလျှင် မိမိအိမ်သို့ သွား၍ သားမယားကို

ယူပြီးသော် တိုင်းတပါးသို့ရှောင်ရှား ထွက်ပြေးလေ၏၊ သရဘင်္ဂဆရာလည်း ထိုအကြောင်းတို့ကိုသိ၍ ရသေ့ဖျော်နှစ်ယောက်တို့ကိုစေပြီးလျှင်ကိသဝစ္ဆရသေ့ကို ညောင်စောင်းထမ်းစင်ဖြင့် ထမ်းဆောင်ချေဟု ကောင်းကင်ဖြင့်စေ၏၊ ဒဏ္ဍကီမင်းလည်း စစ်ထိုး၍ သူခိုးတို့ကို ဖမ်းပြီးလျှင်မြို့သို့ပြန်လာ၏၊ ယင်းသို့ ထိုမင်းပြန်လာလျှင် နတ်တို့သည် မိုးကိုရှေးဦးစွာ ရွာစေကုန်၏၊ မိုးရေအယင်ဖြင့် အလုံးစုံသော အကောင်ပုပ်တို့သည် မျောကုန်ပြီးသည်ရှိသော် စင်ကြယ်သောသဲမိုးကိုရွာစေကုန်၏၊ စင်ကြယ်သောသဲ၏အထက်၌ နတ်ပန်းမိုးကိုရွာစေကုန်၏၊ ပန်းထက်၌ ရွှေ၊ ငွေ၊ပဲစ၊ မတ်စမိုးကိုရွာစေကုန်၏၊ ပဲစ မတ်စထက်၌ ကျပ်စမိုးကို ရွာစေကုန်၏၊ ကျပ်စထက်၌ နတ်တန်ဆာကို ရွာစေကုန်၏၊ ထိုအခါ လူတို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍ ရွှေငွေနတ်ဝတ်တန်းဆာတို့ကို ယူခြင်းငှာ အားထုတ်ကုန်၏၊ ထိုအခါလူတို့၏ အထက်၌အလျှံပြောင်ပြောင် တောက်သော အထူးထူး အပြားပြားလက်နက်မိုးကို ရွာစေကုန်၏။ လူတို့သည် အပိုင်းအပိုင်းပြတ်ကုန်၏၊ ထိုနောက်မှ အခိုးအလျှံကင်းသော မီးကျီးမိုးကို ရွာစေကုန်၏၊ ထိုနောက်မှ အလျှံပြောင်ပြောင် တောက်သော တောင်ထွက် တို့သည် ကျကုန်၏၊ ထို့နောက်မှ အတောင် ခြောက်ဆယ်မျှလောက်သော အရပ်ကိုပြည့်စေလျက် သိမ်မွေ့သောသဲမိုးကို ရွာစေကုန်၏၊ ဤသို့လျှင် ယူဇနာ ခြောက်ဆယ်မျှလောက်သောတိုင်းသည် ပျက်စီးလေ၏၊ ထိုတိုင်း၏ပျက်စီးသောအဖြစ်သည် အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ ထင်ရှား၏၊ ဤသို့လျှင် ဒဏ္ဍကီမင်းသည် ကိသဝစ္ဆရှင်ရသေ့ကို ပြစ်မှား၍ အချင်းအရင်းတိုင်းပြည်နှင့်တကွအရင်းပြတ်လျက် ကုက္ကုလငရဲ၌ ကျရ၏၊ ထိုဒဏ္ဍကီ မင်း၏ ကိုယ်ထက်၌မီးပေါက်မီးပွားတို့သည်ကျကုန်၏။

ကိသဉ္စိဝစ္ဆံ အဝကိရိယ ဒဏ္ဍကီ, ဥစ္ဆိန္နမူလော သဇနော သရဋ္ဌော
ကုက္ကုလနာမနိရယမှိ ပစ္စတိ,တဿ ဖုလ္လိင်္ဂါနိ ပတန္တိ ကာယေ။

(ပါဠိတော်)

ကိသဉ္စိဝစ္ဆံ၊ ကိသဝစ္ဆရှင်ရသေ့ကို။အဝကိရိယ၊ တံထွေး ထွေး၍ ဒန်ပူဖတ်ဖြင့် ပစ်ကြဲသောကြောင့် ဒဏ္ဍကီ၊ ဒဏ္ဍကီမင်းသည်။ သဇနော၊ အချင်းအရင်းနှင့်တကွ၊ သရဋ္ဌော၊ တိုင်းနိုင်ငံနှင့်တကွ၊ ဥစ္ဆိန္နမူလော၊ အရင်းပြတ်သည်ဖြစ်၍၊ ကုက္ကုလနာမေ၊ ကုက္ကုလအမည်ရှိသော၊နိရယမှိ၊

ရေ၌။ ပစ္စတိ၊ ကျက်ရ၏၊ တဿာ၊ ထိုဒဏ္ဍကီမင်း၏။ ကာယေ၊ ကိုယ်၌ ဖုလ္လိင်္ဂါနိ၊ မီးပေါက်မီးပွားတို့သည်။ ပတန္တိ၊ ကျကုန်၏။

ကုက္ကုလနာမေ နိရယမှိတိ နယ်ယာဇ်နသတပမာဏေ ကပ္ပ သဏ္ဌိတေ
ဥဏ်ဆံာရီကနိရယေ။

ဟု သရဘင်္ဂဇာတ်အဋ္ဌကထာ ဖွင့်သောကြောင့် ကုက္ကုလ မည်သော ငရဲဟူသည်ကား- ယူဇနာတရာ ပမာဏရှိသော ကမ္ဘာပတ်လုံး တည်သော ပြာပူငရဲတည်း၊ ထိုကုက္ကုလငရဲ၌နစ်သော ဒဏ္ဍကီမင်းအား ကိုးပါးသော အမာဝတို့မှ ပြာပုတ္တိသည် ဝင်ကုန်၏၊ ဦးခေါင်းထက်၌ မီးကျီးခဲတို့သည် ကျကုန်၏၊ မီးကျီခဲတို့ကျသောကာလ အလုံးစုံသော ကိုယ်သည် ဆီမီးတိုင် ကဲ့သို့ ပြောင်ပြောင်တောက်၏၊ ဆင်းရဲဝေဒနာတို့သည်ပြင်းစွာဖြစ်ကုန်၏၊ ဒဏ္ဍကီမင်းသည် သည်းခံခြင်းငှာမတတ်နိုင်ရကား ပြင်းစွာဟစ်အော်လေ၏၊ ထိုဒဏ္ဍကီမင်း၏ ငရဲ၌ခံရသော အဖြစ်ကို ကြားကုန်သော သူတော်ကောင်းတို့သည် နိရယဒုက္ခအား ကြောက်လန့်ဖွယ်တကားဟု နှလုံးဆား၍ ထိုနိရယဒုက္ခကိုခံစားရခြင်း၏အကြောင်း မကောင်းမှုကို ဒဏ္ဍကီမင်း ကဲ့သို့ မပြုရာ၊ ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏။

---

## ၁၆၉=သီလနှင့် ပြည့်စုံသော ရသေ့တို့ကို ပြစ်မှား၍ သုနခငရဲ ခံရသော ဒန္တပုရပြည် နာဠိဇင်္ဃကေရမင်း ဝတ္ထု

တရံရောအခါ အင်္ဂတိုင်း၊ ဒန္တပုရမြို့၌ နာဠိဇင်္ဃကေရ အမည်ရှိသော မင်းသည် မင်းပြုသတက်၊ ထိုအခါ သီလနှင့်ပြည့်စုံသော ရသေ့ တဦး သည် ရသေ့အပေါင်း ငါးရာ ခြံရံလျက် ဟိမဝန္တာမှ လာ၍ မင်း၏ ဥယျာဉ်ဝယ် နေထိုင်ခြင်းကို ပြုလျက် များစွာသော လူအပေါင်းတို့အား တရားဟော၏၊ တရားစောင့်သော ရသေ့ငါးရာသည် ဤမြို့သို့ ရောက်လာ၍ မင်း၏ဥယျာဉ်၌နေသည်ဟု မင်းအားလည်း လျှောက်ကြားကုန်၏၊ နာဠိဇင်္ဃကေရ မင်းသား တရားမစောင့်၊ အဓမ္မကာရ အားဖြင့် တိုင်းကား ပြည်ရွာကို အုပ်စိုး၏၊ ထိုနာဠိဇင်္ဃကေရမင်းလည်းရသေ့တို့အားချီးမွမ်းသော အသံကို မှူးမတ်တို့အထံမှ ကြားလတ်သော် တရားတော်ကို ငါလည်း နာမည်ဟုဥယျာဉ်သို့ သွား၍ပြီးလျှင် ရှင်ရသေ့ကိုရှိခိုး၍နေ၏ ရသေ့လည်း နာဠိဇင်္ဃကေရမင်းနှင့်တကွ ပဋိသန္ထာရကို ပြုလိုသောကြောင့် "မင်းလည်း.... တရားနှင့်လျော်ညီစွာ မင်းပြုပါ၏လော၊ အဓမ္မဖြင့် တိုင်းကားပြည်ရွာကို

မနှိပ်စက်လော''ဟုဆို၏၊ နာဠိကေရမင်းလည်း ထိုမျှတည်းသောစကားဖြင့် ရသေ့အား အမျက်ထွက်၍ဤရသေ့စဉ်းလဲသည်ဤမျှသောကာလပတ်လုံး တိုင်းသားပြည်သူတို့၏ အထံ၌ ငါ၏အကျိုးမဲ့ကို ဆိုယောင်တကား ယင်းသို့ဆိုစေ သိရအံ့ဟု အကောက်ကြံ၍ ''အရှင်ဘုရားတို့ နက်ဖြန်ခါ ငါတို့အိမ်တံခါးသို့ကြွပါ''ဟု ပင့်ဖိတ်၏။ မိုးသောက်သောနေ့၌ ကျင်ကြီးဖြင့် အိုးစရည်းတို့ကို ဖြည့်စေလျက် နက်အခါ ရသေ့တို့ လာကုန်သော် ထိုရသေ့တို့၏ ထမင်းခွက်တို့ကို ကျင်ကြီးဖြင့် ပြည့်စေလျက်တံခါးကိုပိတ်စေပြီးလျှင် ကျည်ပွေ့သံချောင်းတို့ကို ကိုင်စေ၍ရသေ့တို့၏ဦးခေါင်းတို့ကို ခွဲပြီးလျှင် မြင်းခေါင်း အစရှိသည်တို့၌ ကိုင်စေ၍ ခွေးတို့ကိုခဲစေ၏။နာဠိကေရမင်းလည်း ထိုအရပ်၌ဘင်လျှင် မြေသို့ဝင်၍ သုနခ ရဲကြီး၌ဖြစ်ရ၏၊ နာဠိကေရမင်း၏ ကိုယ်ကား သုနခရဲ၌ သုံးဂါဝုတ်ရှိ၏၊ သုံးဂါဝုတ်မျှလောက်သော နာဠိကေရမင်း၏ကိုယ်ကို ဆင်ပြောင်ပမာဏ ဝမ်းဝကျယ်လှသောခွေးနက်၊ ခွေးရွှေ၊ခွေးနီ ခွေးဖြူ၊ခွေးကြောင်၊ ခွေးကျားတို့သည် အစဉ်လိုက်၍ ကိုက်ခဲကုန်လျက်ကိုးယူဇနာအတုရှိသောအလျ ပြောင်ပြောင်တောက်သော သံမြေ၌လဲစေ၍ ခံတွင်းဖြင့် ပြည့်အောင် အသားကို နုတ်စားကုန်၏။

ယော သညတေ ပဗ္ဗဇိတေ အဆေဒယိ၊
ဓမ္မံ ဘဏန္တေ သမဏေ အဒူသကေ၊
တံ နာဠိကေရံ သုနခါ ပရတ္ထ၊
သံဂမ္မ ခါဒန္တိဝိဖန္ဒမာနံ။

၊(ပါဠိတော် ပါဠိတော်)

ယော၊အကြင်နာဠိကေရမင်းသည်၊ သညတေကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်ရှောက်ကုန်သော။ ဓမ္မံ၊ တရားကို။ ဘဏန္တေ၊ ဟောကုန်သော။ သမဏေ။ ကိလေသာကို ငြိမ်းစေတတ်ကုန်သော။ အဒူသကေ၊အပြစ်မရှိကုန်သော။ ပဗ္ဗဇိတေ၊ ရသေ့ရဟန်းတို့ကို၊ အဆေဒယိ၊ဖြတ်ပြီ။ တံနာဠိကေရံ၊ ထိုနာဠိကေရမင်းကို။ ပရတ္ထ၊ တမလွန်းဘဝ၌၊ သုနခါ၊ ကြီးမားမြင့်ခေါင် ဆင်ပြောင်ပမာဏရှိသော ခွေးတို့သည်။ သံဂမ္မ၊ဝန်းရံပတ်ဝိုက် အစဉ်လိုက်၍။ ဝိဖန္ဒမာနံ၊ တုန်လှုပ်စဉ်။ ခါဒန္တိ၊ခဲကုန်၏။

ဤနာဠိကေရမင်းသားအောက်၌ ပြအပ်ပြီးသော ယမလောကီကရဲ ဆယ်ပါးတို့တွင်သုနခရဲ၌ဆင်းရဲခံရသည်။ဤနာဠိကေရမင်း၏ ဆင်းရဲကို

ခံရသောအဖြစ်ကို ကြားသိရမှု နိရယဒုက္ခကား ကြောက်လန့်ဖွယ်တကား ဟု သံဝေဂ ဖြစ်ကောင်းဖွယ်ရှိ၏။

**၁၇-အင်္ဂီရသ ဂေါတမ ရှင်ရသေ့တို့ ပြစ်မှား၍ သတ္တိသူလာငရဲ၌ခံရသော အဇ္ဈနမင်း ဝတ္ထု**

တရံရောအခါ သဟဿဗာဟု အဇ္ဈနမင်းသည် မဟိံသကတိုင်း ကာတရာဇဋ္ဌာနီ မင်းနေပြည်၌ မင်းပြုလေသတက်၊ ထိုအဇ္ဈန မင်းသည် သမင်တောသို့ သွားပြီးလျှင် သမင်းတို့ကိုသတ်၍ မီးကျိုး၌ ကျက်သော အသားကို စားလျက် လှည့်လည်၏၊ တရံသောအခါ ထိုအဇ္ဈနမင်းသည် သမင်းတို့၏ သွားရာအရပ်၌ အုံပြုပြီးလျှင် သမင်တို့ကိုကြည့်လျက် ရပ်၏၊ ထိုအခါအင်္ဂီရသအမည်ရှိသော ဂေါတမရှင်ရသေ့သည် ထိုအဇ္ဈနမင်း၏ အနီးအပါးတွင် တခုသောကံမြင်းပင်ကို တက်၍အသီးတို့ကိုဆွတ်ယူလျက် ဆွတ်ပြီးသော အသီးရှိသော သစ်ခက်ကို လွှတ်၏၊ သစ်ခက် လွှတ်သော အသံကြောင့် ထိုအရပ်သို့ ရောက်လာသော သမင်တို့သည် ပြေးကုန်၏၊ အဇ္ဈနမင်းသည် အမျက်ထွက်ရကား အင်္ဂီရသဂေါတမရသေ့ကို အဆိပ် လူးသောမြားဖြင့်ပစ်၏၊ အင်္ဂီရသဂေါတမရသေ့သည် သစ်ပင်ထက်၌ လျှောကျသော် အောက်ကရှားငုတ်နှင့် ခံမိသောကြောင့် ရှားငုတ်စူး၍ သေလေ၏၊ အဇ္ဈနမင်းလည်း ထိုခဏ၌ပင် နှစ်ဖြာကွဲသော မြေသို့ဝင်၍ သတ္တိသူလာငရဲ၌ ဖြစ်လေ၏၊ ငရဲသို့ရောက်သောကာလ သုံးဂါဝုတ်မျှ လောက်သော ကိုယ်ရှိ၏၊ ထိုသတ္တိသူလာငရဲ၌ အဇ္ဈနမင်းကို ငရဲထိန်းတို့ သည် အလျှံပြောင်ပြောင်တောက်သော လက်နက်တို့ဖြင့်ရိုက်နှက်ပုတ်ခတ် ထိုးသတ်လျက် အလျှံပြောင်ပြောင်တောက်သောသံတောင်သို့တင်ကုန်၏၊ တောင်ထိပ်ဝယ် တည်သောကာလ ပြင်းခြသောလေသည် ခတ်၏၊လေခတ် သောကာလ အဇ္ဈနမင်းသည် လျှောကျ၏၊ ယင်းသို့ ကျသော ခဏ၌ အောက် ကိုးယူဇနာ အတုရှိသော အလျှံပြောင်ပြောင် တောက်သော သံမြေ၌ ထန်းလုံး ပမာဏရှိသော အလျှံပြောင်ပြောင် တောက်သော သံတံကျင်သည်ထ၏၊အဇ္ဈနမင်းသည် သံတံကျင်ထိပ်ဖြင့်သာကျ၍တံကျင်၌ သီလျက်တည်၏၊ ထိုခဏ၌ မြေကြီးသည် အလျှံ ပြောင်ပြောင်တောက်၏၊ တံကျင်တို့လည်း အလျှံပြောင်ပြောင်တောက်ကုန်၏၊ အဇ္ဈနမင်း၏ကိုယ် လည်းပြောင်ပြောင်တောက်၏၊ အဇ္ဈနမင်းလည်း သတ္တိသူလာ ငရဲ၌ပြင်း စွာမြည်လျက် ကျက်ရ၏။

ဒဏ္ဍနေဒ နိရယေ သတ္တိ သူလေ၊
အဝံသိရော ပတိတော ဥဒ္ဓံပါဒေါ။
အင်္ဂီရသံ ဂေါတမံ ပေဟဌယိတွာ၊
ခန္တိံ တပဿိံ ဝိရံ ဖြဟ္မစာရိံ။

(သရဘင်္ဂဇာတ်)

ဒဏ္ဍ၊ ထိုမှတပါး၊ အဇ္ဇုနော၊ အဇ္ဇုနမင်းသည်။ ခန္တိံ၊ သည်းခံခြင်းနှင့် ပြည့်စုံသော တပဿိံ၊ ကိလေသာကို ပူပန်စေတတ်သော အကျင့် ရှိသော။ ဝိရံ၊ လုံ့လရှိသော။ ဗြဟ္မစာရိံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ ရှိသော။ အင်္ဂီရသံ။ အင်္ဂီရသအမည်ရှိသော။ ဂေါတမံ၊ ဂေါတမရသေ့ကို ပေဟဌယိတွာ၊ ညှဉ်းဆဲသောကြောင့်။ သတ္တိသူလေ၊ သတ္တိသူလာ အမည် ရှိသော၊ နိရယေ၊ ငရဲ၌။ အဝံသိရော၊ ဦးခေါင်းစောက်ထိုး၊ ဥဒ္ဓံပါဒေါ၊ ခြေကားမိုးမြှော်၊ ပတိတော၊ ကျလေ၏။

ဤသို့ဟုသောဗာဟုအဇ္ဇုနမင်းငရဲ၌ ဆင်းရဲခံရသောအဖြစ်ကို ကြားသိ ရမှု နိရယဒုက္ခကား ကြောက်လောက်ဖွယ်တကားဟု ဉာဏ သံဝေဂ ဖြစ် ကောင်းဖွယ်ရှိ၏။

---

၁၇၁၊ ခန္တီဝါဒီ ရှင်ရသေ့ကို ဖြစ်မှား၍အဝီစိငရဲ၌ ခံရသော ကလာဗုမင်း ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကလာဗုမင်းသည် မင်းပြု၏၊ ထိုအခါဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏား အမျိုး၌ဖြစ်၍ ကုဏ္ဍလကုမာရဟု အ ည်တွင်၏၊ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ အလုံးစုံသောအတတ်တို့ကို သင်ပြီးလျှင် ဥစ္စာစု ကိုပြုစေ၍ မိဘလွန်သဖြင့်ဥစ္စာစုကိုကြည့်ရှုပြီးလျှင် ဤဥစ္စာကို ဖြစ်စေ၍ ငါ၏ အဆွေအမျိုးတို့သည် မယူပဲသာလျှင် တမလွန်ဘဝသို့ သွားကြ ကုန်၏၊ ငါမူကား ထိုဥစ္စာကိုယူ၍ သွားအံ့ဟုကြံ၍ အလုံးစုံသော ဥစ္စာကို ဒါန၏အစွမ်းဖြင့် အကြင်သူသည် အကြင်ဥစ္စာကိုဆောင်လို၏၊ ထိုသူအား ထိုဥစ္စာကိုပေး၍ ဟိမဝန္တာတောသို့ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍သစ်သီး ကြီးငယ်ဖြင့်မျှတလျက်ကြာမြင့်စွာနေပြီးမှချဉ်ဆားမှီဝဲခြင်းငှါ လူ့ပြည်သို့ လာ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လျှင် မင်းဥယျာဉ်၌ နေ၍ မိုးသောက်လျှင် မြို့၌ ဆွမ်းခံလှည့်လည်လတ်သော်စစ်သူကြီးအိမ်တံခါးသို့

ရောက်၏၊ စစ်သူကြီးသည် ရှင်ရသေ့၏ ကုရိယာပုတ်တို့၌ ကြည်ညို၍ အိမ်တွင်းသို့သွားပြီးလျှင် မိမိတို့စီစဉ်အပ်သော ဘောဇဉ်ကို လုပ်ကျွေးပြီးမှ ဝန်ခံခြင်းကိုယူစေ၍ မင်းဥယျာဉ်၌ နေစေ၏။

ထိုအခါ တနေ့သ၌ ကလာဗုမင်းသည် သေအရက် ယစ်မူးလျက် ကချေသည်အပေါင်းခြံရံအပ်သည်ဖြစ်၍ များစွာသော အခြံအရံတို့ဖြင့် ဥယျာဉ်သို့ သွားပြီးလျှင် မင်္ဂလာကျောက်ဖျာ၌ အိပ်ရာကို ခင်းစေ၍ တယောက်သောချစ်နှစ်သက်အပ်သော မောင်းမ၏ ရင်ခွင်၌ အိပ်၏၊ ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့၌ လိမ်မာသော ကချေသည်တို့ကို ကခြင်း သီခြင်း,တီးမှုတ်ခြင်းတို့ကို ယှဉ်စေကုန်၏၊ သိကြားမင်း၏ စည်းစိမ်နှင့်တူ၏၊ မင်းသည် အိပ်ပျော်ခြင်းသို့ ရောက်လေ၏၊ ထိုအခါ ကချေသည် မိန်းမတို့သည် အကြင်မင်း၏ အကျိုးငှာ ငါတို့သည် ကခြင်း စသည်တို့ကို ယှဉ်စေကုန်၏၊ ထိုမင်းသည် အိပ်ပျော်ခြင်းသို့ ရောက်လေပြီ၊ ကခြင်းအစ ရှိသည်တို့ဖြင့် ငါတို့အား အဘယ်အကျိုးရှိတော့အံ့နည်းဟု တူရိယာတို့ကို ထိုထိုအရပ်၌ပစ်ပြီးလျှင် သစ်ပွင့်သစ်သီးအစရှိသည်တို့ဖြင့် ဖြားယောင်းကုန်လျက် ဥယျာဉ်၌ မွေ့လျော်ကုန်၏၊ ထိုအခါ ဘုရားအလောင်းတော်သည် ထိုဥယျာဉ်ဝယ်ပွင့်သောအင်ကြင်းပင်၏အရင်း၌ ရသေ့ ရဟန်း၏ ချမ်းသာဖြင့် အခါကာလကို လွန်စေလျက် အမုန်ယစ်သော ဆင်ပြောင်ကဲ့သို့နေ၏၊ ထိုမိန်းမတို့သည် ဥယျာဉ်၌ လှည့်လည် ကုန်သည် ရှိသော် ဘုရားလောင်းကိုမြင်၍ ရှင်မတို့လာကြကုန်၊ အင်ကြင်းပင်ရင်း၌ယ် ရဟန်းသည် နေ၏၊ အကြင်မျှလောက် မင်းသည် အိပ်ရာမှ မနိုးသေး၊ ထိုမျှလောက် ရဟန်း၏အထံ၌ စိုးစဉ်းသော တရားစကားကို ကြားနာကုန်အံ့ဟု သွားပြီးလျှင် 'ရှိခိုး၍ ဝန်းရံလျက် အကျွန်ုပ်တို့အား ဟောကြားအပ်သော တရားစကားကို ဟောကြားတော်မူပါ' ဟု ဆိုကုန်၏၊ ဘုရားလောင်းလည်း ထိုမိန်းမတို့အား တရားဟောတော်မူ၏၊ ထိုအခါ မင်းအိပ်သောမိန်းမသည် ရင်ခွင်ကို လှုပ်ပြီးလျှင် မင်းကို နိုးစေ၏၊ မင်းလည်း နိုးလတ်သော် ထိုမိန်းမတို့ကို မမြင်၍ 'သူယုတ်မတို့ အဘယ်သို့ သွားကြကုန်သနည်း'' ဟု မေး၏၊ ''မင်းကြီး....ထို မိန်းမတို့ကား သွားပြီးလျှင် ရသေ့တပါးကို ခြံရံ၍ နေကြကုန်၏'' ဟု ဆိုသော်ကလာဗု မင်းသည် အမျက်ထွက်ရကား သန်လျက်ကို ယူပြီးလျှင် ရသေ့စဉ်းလဲကို သတ်အံ့ဟု လျင်မြန်စွာသွားလေ၏၊ ထိုအခါ မိန်းမတို့လည်း အမျက် ညွန့်စာပေ ၇၁။

ထွက်၍လာသောမင်းကို မြင်ကုန်လျှင် အကျွမ်းဝင်သော မိန်းမတို့သည် မင်း၏လက်၌ သန်လျက်ကိုလှယူ၍မင်းကို ငြိမ်းစေကုန်၏၊ ကလာဗုမင်း လည်းလာ၍ ဘုရားလောင်းအထံ၌ ရပ်ပြီးလျှင် "အရှင်ရဟန်း....သင်ကား အဘယ်အယူရှိသနည်း" ဟု မေး၏။ 'မင်းကြီးငါကားခန္တီအယူ ရှိသည်'ဟု ဆို၏၊ "ဤခန္တီဟူသည် အဘယ်နည်း" ဟု မေးသော် ဆဲရေးပုတ်ခတ် ကုန်သော သူတို့၌ အမျက်မထွက်ခြင်းသည် ခန္တီမည်၏ဟု ဆိုတော်မူ၏၊ ကလာဗုမင်းလည်း "သင့်အား ခန္တီတရား၏ ထင်ရှားရှိသော အဖြစ်ကို ယခုအခါ ငါတို့ကြည့်ပါကုန်အံ့" ဟု ဆို၍ ခိုးသတ်ယောကျ်ားကို ခေါ် စေ၍ ခိုးသတ်ယောကျ်ားလည်း မိမိအလေ့အကျက်အားဖြင့်ပုဆိန်၊အဆူး ရှိသော ကြိမ်လုံးကိုယူပြီးလျှင် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ နီသော ပန်းကိုပန်လျက်လာပြီးသော် မင်းကိုရှိခိုး၍ 'အဘယ်ပြုအံ့နည်းမင်းကြီး' ဟု မေး၏၊ "ဤရသေ့ပျက်ကို လက်နှင့်ကိုင်ဝင့်၍ မြေတွင် လှဲပြီးလျှင် ကျောငါးရာ၊ ရင်ငါးရာ၊ နံပါးတဘက်တချက်တို့၌ ငါးရာစီ အားဖြင့် ဒဏ်အချက်နှစ်ထောင်တို့ကိုအဆူးရှိသော ကြိမ်လုံးဖြင့် ရိုက်နှက်လော့"ဟု ဆို၏၊ ခိုးသတ်ယောကျ်ားလည်း မင်းဆိုတိုင်းပြု၏။ဘုရားလောင်း၏ အရေပါး၊အရေထူ အသားသည်ပြတ်၏၊ သွေးသည် ယိုထွက်၏၊ တဖန်လည်း ကလာဗုမင်းသည် "ရဟန်း....သင်ကား အဘယ် အယူရှိသနည်း" ဟု မေးပြန်၏၊ မင်းကြီး....ငါကား ခန္တီအယူရှိ၏၊ သင်မင်းကြီးသည် ငါ၏ အရေကြား၌ ခန္တီရှိ၏ဟု မှတ်ထင်သလော၊ ခန္တီကား အရေကြား၌မရှိ၊ သင်မင်းကြီးလည်း မြင်ခြင်းငှာမတတ်ကောင်းသော ငါ၏နှလုံးကြား၌ခန္တီ ကားတည်၏"ဟုဆို၏၊ တဖန် ခိုးသတ်ယောကျ်ားက "အဘယ်ပြုအံ့ နည်း"ဟု မေးသော် "ဤရသေ့စဉ်းလဲ၏ လက်နှစ်ဘက်တို့ကို ဖြတ်လော့" ဟုဆို၏၊ ခိုးသတ်ယောကျ်ားလည်း ဓား၊ ပုဆိန်တို့ကို ကိုင်ပြီးလျှင် စဉ်းတီးတုံး၌ တင်လျက်လက်တို့ကိုဖြတ်၏၊ ထိုနောက်မှ ခြေတို့ကိုလည်း ဖြတ်လော့ ဟုဆိုသော် ခြေတို့ကိုလည်းဖြတ်၏၊ အိုးပေါက်မှ ချိပ်ရည်သည် ယိုထွက် သကဲ့သို့ လက်စွန်းခြေစွန်းတို့မှသွေးသည်ယိုထွက်၏၊ တဖန်လည်း မင်းက "အဘယ်အယူရှိသနည်း"ဟု မေးသော် "မင်းကြီး ငါကား ခန္တီအယူသာ ရှိ၏"ဟုဆိုပြီးလျှင် "သင်သည်ငါ၏ ခြေဖျားလက်ဖျားတို့၌ခန္တီရှိသည်ထင် သလော၊ ငါ၏ခန္တီကား လက်ဖျားခြေဖျားတို့၌မရှိ နက်နဲသောနှလုံးသား အရပ်၌တည်၏"ဟု ဆိုတော်မူ၏၊ မင်းလည်း နားနှာခေါင်းတို့ကို တဖန် ဖြတ်ပြန်စေ၏၊ အလုံးစုံသော ရှင်ရသေ့၏ကိုယ်မှ သွေးလည်း ယိုထွက်၏၊

တဖန် ''ရဟန်း သင်သည် အဘယ်အယူရှိသနည်းဟုမေးပြန်၏၊ မင်းကြီး ငါကား ခန္တီအယူရှိသည်သာ၊ သင်သည် ခန္တီတရားကား နား, နှာခေါင်း ဖြတ်သော်တို့၌စည်၏ဟု မှတ်ထင်သလော၊ ငါ၏ခန္တီတရားကား နက်စွာသော နှလုံးသား၏အကြား၌ တည်သည်'ဟု မိန့်တော်မူ၏၊ ကလာဗုမင်းလည်း 'ရသေ့စဉ်းလဲ.... သင့်၏ ခန္တီကို သင်သာ ချီးမြှောက်၍ နေရစ်ပါလော့'ဟု ဆိုပြီးလျှင် ဘုရားလောင်း၏ရင်ခေါင်းကို ခြေနှင့်ကျောက်ကန်၍ ပြန်သွားလေ၏၊ ထိုကလာဗုမင်းသည် ပြန်သွားခဲ့သော် စစ်သူကြီးသည် ဘုရားလောင်း၏ကိုယ်မှသွေးတို့ကိုသုတ်၍လက်ဖျား,ခြေဖျား,နား,နှာခေါင်းပြတ်တို့ကို ပုဆိုးစွန်းတွင်ထင်ထားလျက် ဘုရားလောင်းကို ဖြည်းဖြည်းသာသာ နေစေ၍ ရှိခိုးပြီးလျှင် သင့်တင့်သောအရပ်၌ ထိုင်လျက် 'အရှင်ဘုရား.... အကယ်၍ အမျက်ထွက်တော် မူလိုငြားအံ့၊ အကြင် ကလာဗုမင်းသည် အရှင်ဘုရားအား ဒဏ်နှစ်ထောင်ခတ်လျက် ခြေ, လက်, နား, နှာခေါင်း တို့ကိုဖြတ်၍ ရင်ဘတ်ကို ခြေဖြင့်ကျောက်ကန်၏၊ ထိုမင်းအားသာ ထွက် တော်မူပါ၊ အဝန်းယူဇနာ သုံးရာရှိသော ကာသိတိုင်းအလုံးကို ထုံးမှုန့် ကဲ့သို့ မပျက်ဆီးပါစေသင့်'ဟုလျှောက်၏၊ ဘုရားလောင်းလည်း'စစ်သူကြီး ကလာဗုမင်းသည် ငါ့အား ဒဏ်နှစ်ထောင်ခတ်လျက် လက်, ခြေ နား, နှာခေါင်းတို့ကိုဖြတ်၍ ရင်ဘတ်ကို ကျောက်ကန်၏၊ ထိုမင်းသည် ကာလ ရှည်စွာ အနာကင်းလျက် အသက်တစ်ရာ ရှည်ပါစေ၊ ငါကဲ့သို့ ခန္တီဗလ အားကြီးကြကုန်သော သူတို့သည် အမျက်မထွက်ကုန်'ဟု မိန့်တော်မူ၏၊ ဘုရားလောင်းကို ခြေနှင့် ကျောက်ကန်၍ ဥယျာဉ်မှ ထွက်သွားသော ကလာဗုမင်းအား ဘုရားလောင်း၏ စက္ခုခရီးကို လွန်လျှင် နှစ်သိန်းလေး သောင်းအထုရှိသော မဟာပထဝီမြေကြီးသည် ထက်ခြမ်းကွဲ၍ အဝီစိငရဲမှ မီးလျှံတက်ပြီးလျှင် ကလာဗုမင်းကို အမျိုးတို့ပေးအပ်သော ကမ္ဗလာကိုခြုံ၍ သကဲ့သို့ ယူ၏၊ ထို ကလာဗုမင်းသည် ဥယျာဉ်တံခါး၌ပင် မြေသို့ဝင်၍ အဝီစိငရဲ၌ တည်ရလေ၏။

ယော ခဏ္ဍသော ပဗ္ဗဇိတံ အဆေဒယိ
ခန္တိံ ဝဒန္တံ့ သမဏံ အဒူသကံ၊
ကလာဗုံဝီစိံ ဥပပဇ္ဇ ပစ္စတိ၊
မဟာပတာပံ ကဋုကံ ဘယာနကံ။

(သရဘင်္ဂဇာတ်)

ယောကလာဗု၊ အကြင် ကလာဗုမင်းသည်။ ခန္တိံ၊ သည်းခံခြင်းကို။

ဝဒန္တံ၊ ဟောတော်မူတတ်သော။ သမဏံ၊ ကိလေသာကို ငြိမ်းစေတတ်သော။ အဒ္ဒုသကံ၊ အပြစ်မရှိသော။ ပဗ္ဗဇိတံ၊ ရဟန်းကို၊ခတ္တာသော၊ အပိုင်းပိုင်း။ အဒူဆဒယိ၊ ဖြတ်ပြီ။ သော ကလာဗု၊ ထိုကလာဗုမင်းသည်။ မဟာပတာပံ၊ ပြင်းစွာ ပူစေတတ်သော။ ကဋုကံ၊ ခါးစပ်သော။ ဘယာနကံ၊ ကြောက်မက်ဖွယ်သော။ အဝီစိ၊ အဝီစိငရဲ၌။ ဥပပဇ္ဇ၊ ဖြစ်၍။ ပစ္စတိ၊ ကျက်ရ၏။

ဘုရားလောင်းလည်း ထိုနေ့၌ပင် သေရှာလေ၏၊ မင်း၏ပရိသတ်နှင့်တကွ တိုင်းသူပြည်သားတို့သည် ပန်းနံ့သာ စသည် လက်စွဲ ကုန်လျက်လာ၍ ဘုရားလောင်းကို သင်္ဂြိုဟ်ကုန်၏။

ဤကလာဗုမင်း၏ အဝီစိငရဲ၌ ကျက်ရသော အဖြစ်ကို ကြားသိရကုန်သော သူတော်ကောင်းတို့အား နိရယဒုက္ခကား ကြောက်ကောင်းဖွယ်တကားဟု သံဝေဂတရားကို ပွားစေအပ်၏။

---

### ၁၇၂-ကဏှဒီပါယန ရသေ့ကိုပြစ်မှားမိ၍ ငရဲခံရကုန်သော အန္ဓကဝိန္ဒမင်းမျိုး ဒသာဘာတိက မင်းညီနောင်တို့ ဝတ္ထု

ဒသာဘာတိကမင်းတို့သည် ပျက်စီးခြင်းသို့ရောက်လိုကုန်သော် ထိုမင်းတို့၏ သားတော်တို့သည် ကဏှဒီပါယန ရသေ့ကို ဒိဗ္ဗစက္ခုကာဟု ဆိုကြကုန်၏၊ သိရစေဟုကြံပြီးလျှင် သူငယ်တယောက်ကို တန်းဆာဆင်၍ ကိုယ်ဝန်ဆောင်သော အခြင်းအရာကိုပြလျက် ဝမ်း၌ သားရေပုံလျှိုကိုဖွဲ့ပြီးသော် ရသေ့ထံသို့ ဆောင်၍ 'အရှင်ဘုရား- ဤသူငယ်မကား အဘယ်ဖွားလတ္တံ့နည်း'ဟု မေးကုန်၏၊ ရှင်ရသေ့လည်း ဒိဗ္ဗစက္ခုအဘိညာဉ်မြင့် ကြည့်၍ ဤအခါကား ဒသဘာတိက မင်းတို့၏ ပျက်စီးအံ့သော အခါတည်းဟုသိ၍ ငါ၏ အာယုသင်္ခါရကား အတိမျှ ရှိသေးသနည်းဟု ကြည့်သော် ယနေ့ပင်သေလတ္တံ့ဟု သိသောကြောင့် မင်းသားတို့....ဤသားငယ်၏ ဖွားခြင်းဖြင့် သင်တို့အား အဘယ်အကျိုးရှိအံ့နည်းဟု ဆိုပါလျက် အရှင်ဘုရား....ဆိုလော့ဟု နှိပ်စက်၍ မေးသောကြောင့် ဤသူငယ်သည် ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ရှားလှုံတံကို မွေးလတ္တံ့၊ ထိုရှားလှုံတံကြောင့် ဝါသုဒေဝအမျိုး ပျက်စီးလတ္တံ့၊ စင်စစ်မူကား မင်းသားတို့သည် ရှားလှုံတံကို မီးတိုက်ပြီးလျှင် မြစ်၌ပြာကိုချလေလော့ဟုဆို၏။ ထိုအခါ ရသေ့ကို မင်းသားတို့သည် ကောက်ကျစ်စဉ်းလဲသော ရသေ့...........ယောကျ်ား

သားဖွားသော မည်သည် ရှိဖူးသလောဟု ဆိုပြီးလျှင် တန္တရဇ္ဇုက ကမ္မကရဏကိုပြု၍ ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

တန္တရဇ္ဇုကံ နာမ ကမ္မကရဏံ ကတွာ တဒ္ဒေဝ ဇီဝိတက္ခယံ ပါပယိံသု။

(ဇာတ်အဋ္ဌကထာ)

(တန္တရဇ္ဇုက ကမ္မကရဏ ဟူ၍ အောက်၌ ပြအပ်ပြီးသော ဒွတ္တိံသ ကမ္မကရဏတွင် မပါ။)

အဖမင်းတို့သည် ထိုအကြောင်းကိုကြား၍ မင်းသားကို ခေါ်ပြီးလျှင် အဘယ့်ကြောင့် ရသေ့ကို သတ်ကြ ကုန်သနည်းဟု မေးသော် ထိုသို့ ဆို၍ သတ်သည်ဟု ဆိုကုန်လျှင် ကြောက်လန့်တကြား ဖြစ်ကုန်၏၊ ထို သူငယ်အား အစောင့်အရှောက်ကို ပေးပြီးမှ ခုနစ်ရက်မြောက်သောနေ့၌ သူငယ်၏ ဝမ်းမှ ဖွားသော ရှားလုံတံကို မီးတိုက်ပြီးလျှင် မြစ်၌ ပြာကို ချကုန်၏၊ ထိုပြာသည် မြစ်၌ မျောသွား၍ မုခဒွါရ၏၊ တဘက်နံပါး၌ငြိ၏။ ထိုငြိရာအရပ်မှ ပြိတ်မြက်ပေါက်၏၊ ထိုအခါ တနေ့သ၌ မင်းတို့သည် သမုဒ္ဒရာ၌ ကစားကုန်အံ့ဟု မုခဒွါရသို့ သွားပြီးလျှင်မဏ္ဍပ်ကြီးစွာဆောက်၍ တန်းဆာဆင်အပ်သော မဏ္ဍပ်၌စားသောက်ကုန်လျက် ကစားသည်၏ အစွမ်းဖြင့် လက်ခြေဘို့ကို သုံးသပ်ကုန်သော် နှစ်ဖြာကွဲ၍ ကြီးစွာသော ခိုက်ရန်ကို ပြုကုန်၏။

ထိုအခါ လူတယောက်သည် ရိုက်ခတ်ရန် ဆောက်ပုတ်ကို မရရကား ပြိတ်မြက်ချုံမှ ပြိတ်မြက်ကို ကိုင်၏။ ထိုပြိတ်မြက်သည် ထိုင်ကာ မျပင် ရှားကျည်ပွေ့ ဖြစ်လေ၏၊ ထိုသူသည် ထိုကျည်ပွေ့ဖြင့် လူအပေါင်းကို ပုတ်ခတ်၏၊ ထိုမှတပါး အခြားလူတို့သည်း ယူတိုင်းယူတိုင်းသော မြက် သည် ရှားကျည်ပွေ့သာဖြစ်၍၊ ထိုသူတို့သည် အချင်းချင်း ပုတ်ခတ်လျက် ပျက်စီးခြင်းသို့ ရောက်၍ငရဲရွာသို့ ရောက်ရှာလေကုန်၏။

ကဏှဒီပါယနာသဇ္ဇ, ဣသိံ အန္ဓကဝိဏ္ဍယော၊
အညောညံ မုသလာဟန္တွာ, ယမ္ပတ္တာယမသာဒနံ။

(သံကိစ္စဇာတ်ပါဠိတော်)

အန္ဓကဝိဏ္ဍယော၊ အန္ဓကဝိဏ္ဍု၏ သားမြေးတို့သည်။ ကဏှာဒီပါယနံ၊ ကဏှဒီပါယနအမည်ရှိသော။ ဣသိံ၊ ရသေ့ကို။ အာသဇ္ဇ၊ ချုပ်ချယ် ထိပါးရမ်းကားသောကြောင့်။ အညောညံ၊ အချင်းချင်း။ မုသလာဟန္တွာ

ရှားကျည်ပွေ့ဖြင့် ရိုက်ခတ်၍ သဘ်ကုန်လျက်၊ ယမသာခနဲ့၊ ယမမင်း၏ အာဏာနှံ့ရာ ငရဲရွာသို့။ သမ္ပတ္တာ၊ ရောက်ရှာလေကုန်၏။ (ငရဲခံရခြင်း ကား ကြောက်ကောင်းဖွယ်သာတည်း။)

---

၁၇၃-မာတင်္ဂရသေ့ကို ပြစ်မှား၍ မင်းနှင့်တကွ မဇ္ဈတိုင်းအလုံး ပြာပူမိုးဖုံး၍ သေသောအကြောင်း

မာတင်္ဂရသေ့သည် ဗာရာဏသီပြည်မှ ထွက်ပြေးသော တသောင်း ခြောက်ထောင်သော ပုဏ္ဏားတို့သည် ယခုအခါ အဘယ်မှာ နေကြကုန် သနည်းဟု ဆင်ခြင်သော် မဇ္ဈမင်း၏ နိုင်ငံ၌ နေသည်ကို သိ၍ ထိုပုဏ္ဏား တို့ကို ဆုံးမအံ့ဟု တန်ခိုးဖြင့် သွားပြီးလျှင် မြို့အနီး၌ သက်ဆင်းပြီးမှ သပိတ်ကိုယူ၍ မြို့၌ ဆွမ်းခံသည်၏၊ ပုဏ္ဏားတို့လည်း ဘုရားလောင်းကို မြင်၍ ဤရသေ့သည် ဤမြို့၌ တရက်၊ နှစ်ရက် နေသော် ငါတို့ကို တည်ရာ မရှိသည်တို့ကိုပြုလတ္တံ့ဟုကြံ၍ လျှင်မြန်စွာသွားပြီးလျှင်"အရှင်မင်းကြီး.... မျက်လှည့်တတ်သော ဝိဇ္ဇာဓိုရ်ခိုးသူ တယောက်သည် ရောက်လာ၏။ ထိုခိုးသူကို ဖမ်းပါစေလော့"ဟု မင်းအားကြားကြကုန်၏၊ မင်းလည်း ကောင်းပြီဟု ဝန်ခံ၏၊ ဘုရားလောင်းလည်း မိဿကဘတ်ကို ယူပြီးလျှင် အမှတ်မရှိသော နံရံကိုမှီလျက်စား၏၊ ထိုအခါ တပါးဘို့ နှလုံးသွင်းလျက် အာဟာရကိုစားသော ဘုရားလောင်းကို မင်း၏ အချင်းတို့သည်သန်လျက် ဖြင့် ပုတ်ခတ်လျက် အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏၊ ဘုရားလောင်း မာတင်္ဂရသေ့လည်းသေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏၊ နတ်တို့သည် အမျက် ထွက်ရကား အလုံးစုံသော မဇ္ဈတိုင်းကို ပြာပူမိုးရွာစေလျက် တိုင်းမဟုတ် သည်ကို ပြုစေကုန်၏။

ဥပဟစ္စ မနံ မဇ္ဈော၊ မာတင်္ဂသ္မိံ ယတဿိနေ၊
သပါရိသဇ္ဇော ဥစ္ဆိန္နော၊ မဇ္ဈာရညံ တဒါအဟု။
(သံကိစ္စဇာတ်)

မဇ္ဈော၊ မဇ္ဈမင်းသည်။ ယသဿိနေ၊ များစွာသော အကျော်အစော ရှိသော။ မာတင်္ဂသ္မိံ၊ မာတင်္ဂရသေ့၌။ မနံ၊ စိတ်ကို။ ဥပဟစ္စ၊ ထိခိုက်သော ကြောင့်။ သပါရိသဇ္ဇော၊ အချင်းအရင်းနှင့်တကွ။ ဥစ္ဆိန္နော၊ အကြွင်းမဲ့ ပြတ်လေ၏၊ တဒါ၊ ထိုမာတင်္ဂရသေ့အား ပြစ်မှားသော အခါ၌။ မဇ္ဈံ၊ မဇ္ဈတိုင်းသည်၊ အရညံ၊ တောသည်။ အဟု၊ ဖြစ်၏။

ပစ္စုပ္ပန်ဘဝ၌ပင် ပြာပူငရဲ၌ခံရ၍ သွားကြရသည်၊ တမလွန်ဘဝ၌မှာ မဆိုသာပြီ၊ မသင့်မတင့် ပြုကျင့်သောသူတို့၏ လားရာကား ငရဲသာဖြစ်၍ အလွန်ကြောက်ကောင်းဖွယ်ရှိ၏။

---

### ၁၇၄-ရဟန်းသံဃာတို့အား ပြစ်မှား၍ အသက်ရှည်စဉ် သံသဝက ဥဿဒငရဲ၌ ပစ်ချခြင်းခံရသော ရေဝတီ ဝတ္ထု

ဘုရားမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌နေတော်မူသော အခါ ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုး၏သား ဖြစ်သော နန္ဒိယအမည်ရှိသော ဥပါသကာသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ရတနာသုံးပါးကို ကြည်ညို၏၊ ပေးလှူတတ်သော အလေ့ရှိ၏၊ ဒါနရှင် ဖြစ်၍ သံဃာတော်အား လုပ်ကျွေး၏၊ ထိုအခါ နန္ဒိယ၏ မိဘတို့သည် ရှေးရှုဖြစ်သော အိမ်မှ ဦးရီး၏ သမီးဖြစ်သော ရေဝတီကို နန္ဒိယဖို့ဆောင် လိုကုန်၏၊ ထိုရေဝတီကို သဒ္ဓါတရားမရှိသော မိန်းမဖြစ်၍ နန္ဒိယက အလို မရှိ၊ နန္ဒိယ၏အမိသည် ရေဝတီကို "ရှင်မ....သင်သည် ဤအိမ်သို့ လာ၍ သံဃာတော်အား နေရာခင်းခြင်းစသော အလုံးစုံသော ဝတ်ကို ပြုလော့ ယင်းသို့ ပြုသည်ရှိသော် သင့်အား ငါ့သားသည် နှစ်သက်လတ္တံ့" ဟု ဆိုဆုံးမ၏၊ ရေဝတီလည်း ဆုံးမတိုင်း လိုက်နာ၍ ပြု၏၊ထိုအခါ အမိသည် ရေဝတီကားဆုံးမလွယ်၏၊ ဟု သားအား ပြောကြား သော်လည်း ထိုသို့ ဆုံးမလွယ်မှုကား ကောင်း၏ဟု ဝန်ခံ၏၊ ထိုသူနှစ်ဦးတို့ကို နေ့ရက် အချိန်မှတ်သား၍ ထိမ်းမြားကုန်၏၊နန္ဒိယလည်းရေဝတီကို"ရှင်မသင်သည် အကယ်၍ ရဟန်းသံဃာ ငါ့အမိ၊ ငါ့အဖ တို့ကို ရိုသေစွာ လုပ်ကျွေး ငြားအံ့၊ သင့်အား ဤအိမ်၌နေခြင်းငှာ ရလတ္တံ့၊ မနေမလျော်နှင့်" ဟု ဆိုဆုံးမ၏၊ ရေဝတီလည်း ကောင်းပါပြီဟု ဝန်ခံ၍ စိုးစဉ်းသော ကာလ ပတ်လုံး သဒ္ဓါသကဲ့သို့ လင့်ဖို့အစဉ်လိုက်လျက် သား နှစ်ယောက် တို့ကို ဖွားမြင်၏၊ နန္ဒိယ၏ မိဘတို့လည်း သေကုန်၏၊ အိမ်၌ အလုံးစုံသော စည်းစိမ်သည် ရေဝတီအားသာ ဖြစ်၏၊ နန္ဒိယလည်း အလှူကြီးရှင်ဖြစ်၍ သံဃာတော်တို့အား လုပ်ကျွေး၏၊ အထီးကျန် ခရီးသွား အစရှိသည် တို့အားလည်း အိမ်တံခါး၌ ချက်မြဲဝတ်ကို ဖြစ်စေ၏၊ ဤသို့ပတန မိဂဒါဝုန် တော၌ လေးခုသော တိုက်ခန်းတို့ဖြင့် တန်ဆာ ဆင်အပ်သော မုခ်ထွတ် လေးခုရှိသော ကျောင်းကိုဆောက်လုပ်ပြီးလျှင် အင်းပျဉ် ညောင်စောင်း

အစရှိသည်တို့ကို ခင်း၍ ဘုရားအမှူးရှိသော သံဃာတော်အား လှူပြီးလျှင် ဘုရားသခင်လက်တော်၌ ရေစက်ချ၍ ဆောက်နှင်း၏၊ အလှူရေစက်ချသည့် တပြိုင်နက် တာဝတိံသာ နတ်ပြည်၌ အလျားအနံ တဆယ့် နှစ်ယူဇနာ၊ အစောက်ယူဇနာတရာရှိသော ရတနာခုနစ်ပါးတို့ဖြင့် ပြည့်သော နတ်သွီး အပေါင်းတို့ဖြင့် ကြေးကြော်သံရှိသော နန်းပြာသာဒ်သည် ပေါက်၏၊ ရှင်မောဂ္ဂလာန်သည် နတ်ပြည်၌ ဒေသစာရီ လှည့်လည် လတ်သော် ထို ပြာသာဒ်ကိုမြင်၍ ပြန်လာပြီးလျှင် ပရိသတ်လေးပါး အလယ်တွင်ဘုရား သခင်ကို ''ဘုန်းတော်ကြီးလှသောဘုရား....ပြုအပ်သော ကောင်းမှုရှိကုန် သော ဤလူတို့၏ လူ့ပြည်၌ တည်ကုန်စဉ် နတ်ပြည်တွင် နတ်ဗိမာန်ပေါက် မည်လော''ဟု လျှောက်၏၊ သဗ္ဗညုဘုရားသည် ''မောဂ္ဂလာန်....သင်သည် နန္ဒိယ၏ နတ်ဗိမာန်ကို ကိုယ်တိုင်ပင် မြင်အပ်သည်မဟုတ်လော၊ အဘယ့် ကြောင့် ငါဘုရားကို လျှောက်ထား ပြန်သနည်း''ဟု မိန့်တော် မူသော် ''ဤသို့ ဟုတ်ပေသည် အရှင်ဘုရား'' ဟု လျှောက်ထား၏၊ ထိုနောက်မှ ရှင်မောဂ္ဂလာန်အားသဗ္ဗညုဘုရားသည် အရပ်တပါးသို့သွား၍ ကြာမြင့်မှ ပြန်လာသော ယောကျ်ားကို အဆွေအမျိုး၊အဆွေခင်ပွန်းတို့သည်ခရီးဦးကြို ဆိုလျက် နှစ်သက်စွာ ခံယူကုန်သကဲ့သို့ ထို့အတူ ပြုအပ်သော ကောင်းမှု ရှိသော ဤပစ္စုပ္ပန်လောကမှ တမလွန်လောကသို့ သွားသောသူကို မိမိ ပြုအပ်သော ကောင်းမှုတို့သည် ဆီးကြို၍လျက် နှစ်သက်စွာ ခံယူ ကုန်၏ဟု တရားဟောတော်မူ၏။

နန္ဒိယလည်း ထိုစကားကို ကြား၍ အတိုင်းထက်အလွန် ကုသိုလ် ကောင်းမှုတို့ကိုပြု၏၊ ထိုနန္ဒိယသည် ကုန်သွယ်ခြင်းငှာ အရပ်တပါးသို့ သွားသော် မယားရေဝတီကို ''ရှင်မ....သင်သည် ငါပြုစေ အပ်သော သံဃာတော်အား လှူမြဲဝတ်၊ ဖုန်းတောင်းစား ယာစကာတို့အား စွန့်မြဲ ဝတ်ကို မချွတ်စေလင့်၊ မမေ့မလျော့ပြုပါ''ဟု မှာခဲ့၏၊ ရေဝတီလည်း ကောင်းပြီသခင်ဟုဝန်ခံ၏၊ နန္ဒိယသည် အရပ်တပါးသို့ သွားသော်လည်း အကြင်အကြင်အရပ်၌ တည်းခိုနေထိုင်ခြင်းကိုပြု၏၊ ထိုသို့အရပ်၌ရဟန်းသံ ဃာတို့အားလည်းကောင်း၊ဖုန်းတောင်းစားတို့အားလည်းကောင်း၊ စည်း စိမ်အားလျော်စွာ ဒါနကိုပြုသည်သာတည်း၊ နန္ဒိယအားအစဉ်သနားသဖြင့် ပေးသောအရပ်မှလာ၍လည်း ရဟန္တာတို့သည်အလှူခံကုန်၏၊ ရေဝတီကား နန္ဒိယသွားခဲ့လျှင် နှစ်ရက်၊သုံးရက်အလှူဝတ်ကို ပြုစေ၍ ဖုန်းတောင်း

စားတို့အားပေးမြဲ သတ်ကိုဖြတ်၏၊ ရဟန်းသံဃာတို့အားလည်း ဆန်ကွဲထမင်း၊ပုန်းရည်ဟင်းကိုသာလှူ၏၊ရဟန်းသံဃာတို့စားရာ၌လည်း မိမိစားကြွင်းထမင်းလုံးငါးပိုင်း၊ အမဲပိုင်းတို့ကို ဖရိုဖရဲကြဲ၍ အိမ်နီးချင်း လူသူတို့အားရဟန်းတို့အမှုကိုရှုကြပါကုန်၊ သဒ္ဒါ၍လှူအပ်သော ဝတ္ထုတို့ကိုဖျက်ဆီးကောင်းသလောဟုပြ၏၊ နန္ဒိယလည်း အရင်းဥစ္စာနှင့်တကွ အမြတ်ရ၍ပြန်လာသော် ထိုအကြောင်းကိုသိ၍ ရေဝတီကို အိမ်မှနှင်ထုတ်၏၊ အိမ်သို့ရောက်၍နှစ်ရက်မြောက်သောနေ့၌ အလှူဝတ်ကိုဖြစ်စေ၏၊အဆွေခင်ပွန်းတို့ဆုံးမ၍ ရေဝတီကိုအိမ်သို့သွင်းသော်လည်း စားရုံ ဝတ်ရုံကိုသာ ပေး၏၊ နောက်အခါနန္ဒိယသည် သေလွန်၍တာဝတိံသာဝယ် မိမိဗိမာန်၌ ဖြစ်လေ၏၊ ရေဝတီကားအလုံးစုံသော ဒါနဝတ်ကိုဖြတ်၏၊ ဤသူတို့ကြောင့် ငါ၏ လာဘ်လာဘသည် ယုတ်၏ဟု ရဟန်းသံဃာကိုဆဲရေးလျက် လှည့်လည်၏၊ ထိုအခါ ဝေဿဝဏ်နတ်မင်းသည် ဘီလူး နှစ်ယောက် တို့ကို “အချင်းတို့....သွားကြကုန်၊ဗာရာဏသီပြည်၌ရေဝတီကို ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ အသက်ရှည့်စဉ်ရဲတွင် ပစ်ချအံ့ဟု ကြွေးကြော်ကြလေကုန်”ဟု စေ၏၊ကိုကြွေးကြော်သံကိုကြား၍ လူအပေါင်းကားဆွေပွန်ကြောက်လန့်၏၊ရေဝတီမူကား ပြာသာဒ်ထက်သို့ တက်ပြီးလျှင် တံခါးကိုပိတ်၍နေလေ၏၊ ခုနစ်ရက်မြောက်သောနေ့၌ မကောင်းမှုကံ ထိုက်တွန်းခြင်းကြောင့် ဝေဿဝဏ်နတ်မင်းသည် စေအပ်သော အလွန်ကြောက်မက်ဖွယ်ကောင်းသောအဆင်းရှိသော ဘီလူးနှစ်ယောက်တို့သည် “အလွန်ယုတ်မာသောရေဝတီ....ထလော့” ဟု ဆိုပြီးလျှင် မောင်းနှစ်ဘက် တို့၌ကိုင်၍ လူအပေါင်းသည် မြင်စေသတည်းဟု အလုံးစုံသောမြို့ခရီး၌ချာချာပတ်ပတ် လည်လျက် အထက် ကောင်းကင် တာဝတိံသာ နတ်ပြည်သို့ဆောင်၍ နန္ဒိယ၏ ဗိမာန်၌ စည်းစိမ်ကိုပြလျက် ဥဿဒရေ၏အနီးအပါးသို့ ရောက်စေကုန်၏၊ ယမမင်း၏ အချင်းတို့သည် ရေဝတီကို ဥဿဒရေ၌ပစ်ချကုန်၏၊ ဘီလူး နှစ်ယောက်တို့သည် တာဝတိံသာ နတ်ပြည်သို့ဆောင်၍ နန္ဒိယဗိမာန်၏ အနီးအပါး၌ ထားအပ်သော ရေဝတီသည် ထိုဗိမာန်ကို မြင်၍ “ဤဗိမာန်ကား အဘယ့်ဗိမာန်နည်း” ဟု မေး၏၊ ဘီလူးနှစ်ယောက်တို့သည်လည်း “ဗာရာဏသီပြည်မှ နန္ဒိယ ဥပါသကာ၏ ဗိမာန်”ဟု ဆိုကုန်၏၊ ထိုအခါ ရေဝတီက “ငါသည်နန္ဒိယ ဥပါသကာ၏

မယားပင်ဖြစ်သည်၊ ငါလင်နှင့်အတူတကွ ငါစံပျော်အံ့။ သင်တို့ ပြသော ရေကို ငါမမြင်လို" ဟုဆို၏၊ သင်သည် လူ့ပြည်၌ အလှန်ဝန်တို၏၊ ရဟန်း သံဃာတို့ကို ဆဲရေး၏၊ ထိုမကောင်းမှုကြောင့် သင်၏နေရာကား ငရဲသား နှတ်ရှာ၌စံပျော်ရခြင်း၏အကြောင်းကောင်းမှုကုသိုလ် သင်၌မရှိဖြစ်ကား ဟုဆို၍ ထိုဘီလူးနှစ်ယောက်တို့သည် ကွယ်ပျောက်လေကုန်၏။

ယင်းသို့ ဘီလူး နှစ်ယောက်တို့ ကွယ်ပျောက် ကုန်လျှင် ထို ဘီလူး နှစ်ယောက်တို့နှင့်တူစွာ ငရဲထိန်း နှစ်ယောက်တို့သည် လာ၍ သံသဝက မည်သော ဂူသငရဲ၌ ပစ်ချခြင်းငှာ ဆွဲငင်လာသည်တို့ကိုမြင်၍ ဤငရဲကား အဘယ်ငရဲနည်းဟု မေး၏၊ ဤငရဲကား သံသဝကမည်သော ငရဲတည်း။ အသူတရာနက်၏၊ ဤငရဲ၌သင်သည် အနှစ်အထောင်တို့ပတ်လုံး ကျက်ရ လတ္တံ့ဟုဆိုကုန်သော် အဘယ်အကြောင်းကြောင့် ဤငရဲ၌ ငါကျက်ရ မည်နည်းဟု အကြောင်းကိုမေး၏၊ သင်သည် ရဟန်း၊ပုဏ္ဏား၊ဖုန်းတောင်း စား၊ ယာစကာတို့ကို မုသာဝါဒဖြင့် လှည့်စား၏၊ ရဟန်း သံဃာတို့ကို ဆဲရေးသည်၊ ထိုမကောင်းမှုကြောင့်ကျက်ရလိမ့်မည်ဟုဆို၏၊ ဤ၌သံသဝက ဟူသည်ကား....

သံပုနပ္ပုန့် သဝတိ ပဋ္ဌရာပေတိ အသုစိတ္တိ သံသဝကော။

ယောနိရယော၊ သည်းသံပုနပ္ပုန့်၊ အဖန်တလဲလဲ။ အသုစိ၊ မစင် ကြယ်သော ကျင်ငယ်၊ကျင်ကြီး စသည်ကို။ သဝတိ ပဋ္ဌရာမေတိ၊ ယို စီးစေတတ်၏၊ ဣတိ၊ ထို့ကြောင့်။ သောနိရယော၊ သည်။ သံသဝ္ဓတော မည်၏။

သံ-ပုဗ္ဗ, သုဓာတ်၊ ဏှပစ္စည်း၏ အရကား လောကပညတ္တိ စသော ကျမ်းတို့၌ ပြအပ်သော မီဠ္ဌကူပငရဲ, ဒေဝဒူတ သုတ်၌ ဟောတော်မူအပ်သောဂူတငရဲတို့ကိုရ၏၊ ဤ ဝုံစနတ္ထကိုရည်၍ ပိမာနဝတ္ထု အဋ္ဌကထာ၌....

သံသဝကောနာမာတိ နိစ္စကာလံ ဂူထမုတ္တာဒိ အသုစိသ သဝနတော ပဋ္ဌရဏတော သံသဝကောနာမ....ဟုမိန့်၏။

သံသဝကောနာမာတိ၊ ဟူသည်ကား။ နိစ္စကာလံ၊အခါမပြတ်။ ဂူထ မုတ္တာဒိအသုစိဿ၊ကျင်ကြီး ကျင်ငယ် စသော မစင်ကို။ သဝနတောပဋ္ဌရ ဏတော၊ ယိုစေတတ်သောကြောင့်။သံသဝကောနာမ၊ မည်၏။

သက်သက်မူကား သင့်အား ဤသံသဝကရေဲကို ခံရခြင်းသည်သာ မဟုတ်ပါသေး၊ စင်စစ်မူကား များစွာသော အနှစ်တထောင်တို့ ဖတ်လုံး သံသဝကရေဲ၌ ကျက်ပြီး၍ တက်ရသော လက်ပြတ်ခြင်း၊ ခြေပြတ်ခြင်း၊ နား၊နှာခေါင်း ပြတ်ခြင်းတို့ကိုလည်း ခံရကုန်လတ္တံ့၊ ထက်စွာသော သံနှုတ်သီးရှိကုန်သော ကျီးလင်းတတို့သည် သုံးဂါဝုတ် မျှလောက်သော သင်၏ကိုယ်ကို ထိုးဆိတ်ဆွဲ၍ စားကြကုန်လတ္တံ့ဟုဆိုသော် ရေဝတီသည် "လူ့ပြည်သို့တဖန်ပြန်၍ ကျွန်မကိုဆောင်ကြပါ၊ လူ့ပြည်သို့ ရောက်သော အခါ များစွာသော ကောင်းမှုကုသိုလ်ကို ပြုပါမည်" ဟု ဆို၏၊ ငရဲထိန်းတို့သည်လည်း သင်သည် လူ့ပြည်၌လူဖြစ်၍ ဘုရားပွင့်သော ကာလနှင့် ကြုံကြိုက်သဖြင့် နန္ဒိယသူတော်ကောင်းနှင့်ပေါင်းမိလျက်ပင်မေ့လျော့သေး သည်။ယခုမှ ပြည်တမ်းခြင်းငှာ အရာမဟုတ်ပြီဟုဆိုကုန်၍ဦးခေါင်းစောက် ထိုးခြေကား မိုးမြော်ငရဲ၌ပစ်ချကုန်၏။

ဣစ္စေဝံ ဝိပ္ပသပန္တိံ, ဖန္ဒမာနံ တထာ တထာ၊
ခိပိံသု နိရယေ ဃောရေ၊ ဥဒ္ဓံပါဒံ အဝံသိရံ။

(ဝိမာနဝတ္ထု ပါဠိတော်)

ဣစ္စေဝံ၊ ဤသို့လျှင်။ တထာတထာ၊ ထိုထို အခြင်းအရာ အားဖြင့်။ ဖန္ဒမာနံ၊တုန်လှုပ်လျက်။ ဝိပ္ပသပန္တိံ၊မြည်တမ်းငိုကြွေးသော ရေဝတီကို။ ဥဒ္ဓံပါဒံ၊ ခြေကားမိုးမြော်၊ အဝံသိရံ၊ ဦးခေါင်းစောက်ထိုး။ ဃောရေ၊ ကြမ်းတမ်းစွာသော။ နိရယေ၊ ငရဲ၌။ ခိပိံသု၊ ပစ်ချကုန်၏။

ဤသို့ မကောင်းမှုရှိမူ လူပကတိပင် သော်လည်း ငရဲရွာသို့ ခေါင်ငင် ယူဆောင်၍ ခပြောင်မြှောင်တောက်သောငရဲ၌ပစ်ချသည်ကိုကြားသိရသော သူတော်ကောင်းတို့သည် နိရယဒုက္ခ၏ ဆင်းရဲလှသော အဖြစ်ကို ကြောက် ထိတ်လန့်ဆောစအားဖြင့်ထိုနိရယဒုက္ခကိုခံစားရခြင်းအကြောင်း မကောင်းမှု အကုသိုလ်ကို ဝေးစွာရှောင်ကြဉ်ကုန်ရာ၏၊ အကုသိုလ်ကို ရှောင်ကြဉ်မှ နိရယဒုက္ခ လွတ်မည်၊ ဤသည်ကား နိရယဒုက္ခကို ခံစား ကြရ ကုန်သော သူတို့၏ ဝတ္ထုသက်သေ အမြွက်တည်း။

နိရယ ဒုက္ခကား ပြီး၏။

### ၁၇၅-သံဝေဇနီယဝတ္ထုရှစ်ပါးအနက် ၅-ခုမြောက် အပါယဒုက္ခအရာ၌ အပါယ် ၄-ဘုံတွင် တိရစ္ဆာနဒုက္ခကို ပြရာ

ယခုအခါ တိရစ္ဆာနဒုက္ခကိုပြပေအံ့၊တိရစ္ဆာန်ဟူသည်ကား "တိရတိ အဓောဘာဂံ ဂစ္ဆတီတိ တိရစ္ဆာနော" ဟူသော ဝစနတ္ထနှင့်အညီ အထက် ဖြစ်သောလူ့ပြည် နတ်ပြည်သို့မကပ်၊ အောက်ဖြစ်သော အပါယ်အဖို့သို့ သွားတတ်သောကြောင့်လည်းကောင်း။

"တိရော အဉ္စိတာတိ တိရစ္ဆာနော" ဟူသော ဝစနတ္ထနှင့်အညီလူ့,နတ် တို့ကဲ့သို့ အထက်သို့မကြီးမပွား၊ဘီလာကန့်လန့်အားဖြင့်ကြီးပွား၍သွားတတ် သောကြောင့်လည်းကောင်း၊ တိရစ္ဆာန်မည်၏။

ထိုထိုရစ္ဆာန်ကို လောကပညတ္တိ, ဆဂတိဒီပနီကျမ်းတို့၌ အပဒ, ဒွိပဒ, စတုပ္ပဒ, ဗဟုပ္ပဒဟု လေးပါးခွဲ၍ သရုပ်ကိုထုတ်ပြီးမှ ဒုက္ခကိုလျှော်စွာပြကြ ကုန်၏၊လောကဒီပကၢ၌ကား အဟိတ်ပဋိသန္ဓေ၏ အစွမ်းအားဖြင့် တပါး၊ ပကတိစက္ခုဖြင့် မြင်အပ်မမြင်အပ်၏ အစွမ်းအားဖြင့်နှစ်ပါး, ဒီဃ မဇ္ဈိမ ရဿ၏အစွမ်းအားဖြင့် သုံးပါး၊အဏု မဇ္ဈိမ မဟန္တ၏အစွမ်းအားဖြင့်လည်း သုံးပါး၊ အဏ္ဍဇ ဇလာဗုဇ သံသေဒဇ ဩပပါတိက၏ အစွမ်းအားဖြင့် လေးပါး၊ အပဒဒွိပဒ စတုပ္ပဒ ဗဟုပ္ပဒ အစွမ်းအားဖြင့်လည်း လေးပါး၊ ဤသို့ ဧကက တပါး၊ ဒုကလည်းတပါး၊ တိကနှစ်ပါး၊ စတုက္က နှစ်ပါး အားဖြင့် ခွဲခြား၍ သရုပ်ကိုထုတ်ပြီးမှ ဒုက္ခကို လျှော်စွာပြ၏၊ ဤ၌ကား ဇိနာလင်္ကာရ ဋီကာကိုမှီ၍ ဒုက္ခကိုသာပြအံ့။

တိရစ္ဆာန်မည်သည်ကား ဆင်,မြင်း,ကျွဲ,နွား,ဆိတ်,ဝက်,ကြက်, မြွေ, ငါးအစရှိကုန်သော အခြေမရှိသောသတ္တဝါ၊ အခြေနှစ်ခု ရှိသောသတ္တဝါ အခြေလေးခုရှိသောသတ္တဝါ များသောအခြေရှိသော သတ္တဝါတို့တည်း။ ထိုတိရစ္ဆာန်တို့အား ကာမသညာ ဝေါစရသညာ မရဏသညာဤသုံးပါး တို့သာအခြားမရှိထင်ကုန်၏၊ ဓမ္မသညာကား အလွန်ရခဲ၏၊ ထိုတိရစ္ဆာန် တို့၏လယ်ထွန်ခြင်း,နွားကျောင်းခြင်း စသော တစုံတခုသော ကိစ္စကိုပြု၍ အသက်မွေးသော မည့်သည်မရှိ၊ အချို့တို့သည် မြက် သစ်ရွက် စသည်ကို စားကုန်၏၊ အချို့တို့သည် မစင်ခွေးကောင်ပုတ် စသည်တို့ကို စားကုန်၏ အချို့တို့ယည်အချင်းချင်းစားကုန်၏၊အချို့တို့သည်မိမိအောက်အားနည်း

သည်ကို စားကုန်၏၊ ထို့ကြောင့် တိရစ္ဆာန်တို့အား မရဏ သညာကား အခြားမရှိထင်၏၊ သေဘေးကိုကြောက်ခြင်းကြောင့် ထိုထိုအရပ်၌ ပုန်းကုန်သော တိရစ္ဆာန်တို့ကို ရှာကြံ၍ စားကုန်၏၊ ထို တိရစ္ဆာန်တို့သည် အသက်ထက်ဆုံး ပါဏာတိပါတ အမှုကိုပြု၍ အပါယ်၌သာ ဖြစ်ကုန်၏၊ လင်းတတို့သည် မြွေတို့ကိုစားကုန်၏၊ မြွေတို့သည် ဖါးတို့ကို စားကုန်၏၊ ဖားတို့သည်ပိုးလောက်တို့ကိုစားကုန်၏၊ ခြသေ့မ၊ ကျားမ၊ သစ်မတို့သည် သား။ သမီးတို့ကို ဖွားပြီးလျှင် တပါးသောအစာကို မရကုန်သည်ရှိသော် ငတ်မွတ်ခြင်းဆင်းရဲကို သည်းမခံနိုင်ရကား အမိဟူသောချစ်ခြင်းဖြင့်နို့စို့ခြင်းငှာ လာကုန်သော သား သမီးတို့ကို သား၊ သမီးဟူသော အမှတ်ကို ပယ်ရှား၍စားကုန်၏၊ အချို့သောတိရစ္ဆာန်တို့သည် ဖြစ်ရကုန်သည်ရှိသော် မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ် စသည်တို့၌လည်းကောင်း၊ ကျိုက်ကျိုက် ဆူသော မစင်မကြယ် စက်ဆုပ် ဖွယ်သော အနံ့ ရှိသော တံစီးကျင်းအစရှိသည်တို့၌လည်းကောင်းဖြစ်ကုန်၏၊ ထိုထိုအကောင်ပုပ်ကို ခံကုန်လျက် လေနေပူဖြင့် ခြောက်သွေ့ရကား သေလွန်ကုန်၏၊ အခြားမှာ မဟုတ်သေး၊ ဤလူ့ကိုယ်၌လည်း ရှစ်ဆယ်သောပိုးမျိုးတို့သည်ဖြစ်ကုန်၏။ ဤကိုယ်ကား ထိုရှစ်ဆယ်သောပိုးမျိုးတို့၏သားဖွားရာတည်း၊ ကျက်စားရာတည်း၊ အိမ်ရာနေရာတည်း၊ နာရာ သူနာအိမ်တည်း၊ အကောင်ပုပ်ကို စွန့်ပစ်ရာ သုသာန်သင်းချိုင်းတည်း၊ အပြစ်မရှိသော တိရစ္ဆာန်တို့ကို အမြီး အမွေး၊ အသွေး၊ အသား၊ အကြော၊ အရေ၊ လက်သည်း၊ ခြေသည်း၊ ချို၊ အရိုး အစရှိသည်တို့၏ အကျိုးငှာ လူတို့သည် သတ်ကြကုန်၏။

ယွန်းပန်းသေးလူမျိုးတို့သည် နွား၊ သမင် အစရှိသည်တို့ကိုအရှင်ဖမ်းပြီးလျှင် ခြေလေးချောင်းတို့ကို သစ်ငုတ်တို့၌ ဆွဲချည်၍ ထက်ဝန်းကျင်မှ မီးပုံကိုပြု၍ ပူသည်ရှိသော် ဆားငန်ရည်ကိုသောက်စေ၍ တဖန် ပူပြန်သည်ရှိသော် စပ်သောရေတို့ကို သောက်စေ၍ဆောက်ပုတ်လှံတံတို့ဖြင့် ပုတ်ခတ်ရိုက်နှက်၍ အသား တက်ကြွသည်ကို ပြုပြီးလျှင် အရေကို ဆုတ်ခွာ၍ ဦးခေါင်းကိုဖြတ်လျက် ယိုထွက်သောသွေးကိုယူပြီးလျှင် အသားနှင့်ရောလျက် ချက်စားကုန်၏၊ ဆင်စသော တိရစ္ဆာန်တို့သည် ချွန်းဖြင့် ပေါက်လျက် မရွက်ဆောင်နိုင်သော အမှုကို သော်လည်း ရွက်ဆောင်စေခြင်းတည်းဟူသောဒုက္ခကို ခံစားကြကုန်၏၊ မြင်းစသော တိရစ္ဆာန် တို့သည် ကြိမ်လုံးဖြင့်ခတ်လျက် အသက်မရှုနိုင်အောင် ပြေးသွားရခြင်း တည်းဟူသော ဆင်းရဲကို ခံစားရကုန်၏၊ ကျွဲ၊ နွား စသော တိရစ္ဆာန်တို့သည်လည်း

ထွန်တို့၌ ကြ၍အတိုင်းမသိသောဝန်ကို ရွက်ဆောင်ရခြင်း တည်းဟူသော ဆင်းရဲတို့ ခံစားရကုန်၏၊ ငါသည် ပင်ပန်းလှသည် ပူလောင်လှသည် ဆာမွတ်လှသည် ဝန်က လေးလွန်းလှသည်၊ တခဏမျှ ရပ်ဆိုင်း ပါရစေဦးဟု ဆိုခြင်းငှာမရ၊ ဆိတ်,ဝက်,ကြက်, စသော တိရစ္ဆာန်တို့သည် အမြဲလျှင် ဟင်းလျာအကျိုးငှာ အသတ်ခံရခြင်း တည်းဟူသော ဆင်းရဲကို ခံစားရကုန်၏၊ သည်မှတပါး တိရစ္ဆာန်တို့၏ ဒုက္ခကို လူတို့မဆိုသားဘိ၊ ဘုရားသဗ္ဗညု၏ ဉာဏ်တော်ဖြင့် သော်လည်း ထုတ်ဖော်၍ ပိုင်းခြား ခြင်းငှာ မတတ်နိုင်ရာ၊ တိရစ္ဆာန်တို့၏ ဒုက္ခကားလူတို့အား မျက်မှောက်ပင်ဖြစ်၍ ဝတ္ထုသက်သေလည်း ပြဖွယ်မရှိ၊ အမြင်အာ ဖြင့်ပင် သံဝေဂဉာဏ် ဖြစ်လောက်ပြီ။

မနုဿာနံ ပစ္စက္ခံ တိရစ္ဆာန ဒုက္ခံ။
(ဇိနာလင်္ကာရဋီကာ)

တိရစ္ဆာနဒုက္ခံ၊ တိရစ္ဆာန်တို့၏ ဆင်းရဲသည်။ မနုဿာနံ၊ တို့အား။ ပစ္စက္ခံ၊ မျက်မှောက်တည်း။

၁၇၆–သံဝေဇနီယဝတ္ထုရှစ်ပါးအနက် ၅-ခုမြောက်
အပါယဒုက္ခအရာ၌အပါယ် ၄–ဘုံတွင်ပေတဒုက္ခအရာ၌
လောကပညတ္တိ၊ ဆဂတိဒီပနီကျမ်းလာအတိုင်းပြိတ္တာမျိုး
၁၂-ပါးတို့၏ကမ္မကရဏကိုပြရာ

ယခုအခါ ပေတဒုက္ခကို ပြပေအံ့၊ လူ့ပြည်၌ အကြင်သူတို့သည် ငြူစူခြင်း၊ ဝန်တိုခြင်းများကုန်၏၊မိမိလည်းပေးကမ်းလှူဒါန်းခြင်းမရှိ၊သူတပါးတို့ပေးကမ်းလှူဒါန်းသည်ကိုလည်း တားမြစ်၍ အန္တရာယ်ကိုပြုကုန်ရာ၏၊ ထိုသူတို့သည် ပြိတ္တာတို့၌ ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့အား မပြတ်လျှင် ထမင်းငတ်ခြင်း၊ ရေသိပ်ခြင်းရှိကုန်၏၊အနှစ်တရာတထောင်တသိန်းပတ်လုံး ငင်းဘုရား တဆူနှင့် တဆူ အကြား ပတ်လုံးငင်း, ထမင်း တလုပ်မျှမစားရ၊ ရေတပေါက်မျှမသောက်ရ၊ဤသို့ကြီးစွာသောဒုက္ခကိုခံစားရ၏။မပြတ်လျှင် ထမင်းငတ်ခြင်း ရေသိပ်ခြင်းဖြင့် နှိပ်စက်ကုန်သော ပြိတ္တာတို့အားအသားအသွေး တို့မည်သည် မရှိကုန်၊ အရေ အကြော အရိုးမျှသာ ရှိကုန်သည် ဖြစ်၍ အလွန်လျှင် မလှသော အဆင်းရှိကုန်၏၊ ကြောက်မက်ဖွယ် သော အဆင်းရှိကုန်၏၊ အောက်၌ ပြအပ်ပြီးသော ငရဲရှစ်ထပ်တို့၏ အထက်

ဟိမဝန္တာနံပါးဝယ် ပိဋ္ဌာဠဝဋ္ဋိဘောသည်ရှိ၏၊ ထိုဒတာ၌ ပြိတ္တာမြို့သည် ရှိ၏၊ ထိုပြိတ္တာမြို့၌ တန်ခိုးကြီးသော ပြိတ္တာမင်းသည် မင်းပြုသည်ဟု လောကပညတ္တိကျမ်း, ဆာတ်ဒီပနီကျမ်းတို့၌ ဆိုသည်။

တတ္ထ ပေတနဂရေ ပေတမဟိဒ္ဓိကော သဗ္ဗပေတာနံ ဣဿရိယာမိပစ္စံ ကရောတိ။ (ဆဂတိဒီပနီ၊ လောကပညတ္တိ ၌လည်း နည်းတူပင်။)

တတ္ထ၊ ထိုဟိမဝန္တာ ပိဋ္ဌာဠဝဋ္ဋိတောသည်။ ပေတနဂရေ၊ ပြိတ္တာမြို့၌။ ပေတမဟိဒ္ဓိကော၊ ပြိတ္တာ တန်ခိုးကြီးသည်။ သဗ္ဗပေတာနံ၊ အလုံးစုံသော ပြိတ္တာတို့၏။ ဣဿရိယာမိပစ္စံ၊ အစိုးရခြင်း မင်း၏ အဖြစ်ကို။ ကရောတိ၊ ပြု၏။

ထို ပြိတ္တာ၌.... ၁-ဝန္တာသပြိတ္တာမျိုး၊ ၂-ကုဏပါသပြိတ္တာမျိုး၊ ၃-ဂူထခါဒကပြိတ္တာမျိုး၊ ၄-အဂ္ဂိဇာလာမုခ ပြိတ္တာမျိုး၊ ၅-သူစိမုခပြိတ္တာမျိုး၊ ၆-တဏှာဋ္ဌိတ ပြိတ္တာမျိုး၊ ၇-သုနိဇ္ဈာမကပြိတ္တာမျိုး၊ ၈-သတ္တင်္ဂပြိတ္တာမျိုး၊ ၉ ပဗ္ဗတင်္ဂပြိတ္တာမျိုး၊ ၁၀-အဇဂရင်္ဂပြိတ္တာမျိုး၊ ၁၁-ဝေမာနိက ပြိတ္တာမျိုး၊ ၁၂-မဟိဒ္ဓိကပြိတ္တာမျိုး၊ ဤတဆယ့်နှစ်ပါးသော ပြိတ္တာမျိုးတို့သည်နေကြကုန်သည်ဟူ၏။ ထိုတဆယ့်နှစ်ပါးတို့တွင်....

၁-ဝန္တာသပြိတ္တာဟူသည်ကား....အလွန် ထမင်းငတ်မွတ်ခြင်း၊ ရေသိပ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ တရံတဆစ်မျှ ဘောဇဉ်ထမင်းကိုစားခြင်း ငှာမရ၊ သူတပါးတို့စွန့်ပစ်အပ်သော တံထွေး၊ နှပ်၊ အန်ဖတ်တို့ကိုစားသော ပြိတ္တာတည်း။

ဂန္တံ အသတိ ဘက္ခတီတိ ဝန္တာသော....ဟုပြု။

ယောပေတော၊ အကြင်ပြိတ္တာသည်။ ဝန္တံ၊ အန်ဖတ်ကို၊ အသတိ ဘက္ခတိ၊ စားတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။ သောပေတော၊ ထိုပြိတ္တာသည်။ ဝန္တာသော၊ ဝန္တာသမည်၏။ တနည်းလည်း....

ဝ့န္တော အသော ဧတဿာတိ ဝန္တာသော....ဟု ပြု။

ဧတဿ၊ ထိုပြိတ္တာအား။ ဝန္တော၊ သူတပါးတို့အန်အပ်သော။ အသော အစာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ ဝန္တာသော၊ မည်၏။

၂-ကုဏပါလ ပြိတ္တာ ဟူသည်ကား........အကောင်ပုပ်ကို စားသော ပြိတ္တာတည်း၊ မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ် စသည်တို့ကို ရသောအခါ စားရ၏၊ မရသောအခါ ငတ်မွတ်ခြင်းဖြင့် ဆင်းရဲများစွာကို ခံစားရ၏။

ကုဏပံ အသတိ ဘက္ခတီတိ ကုဏပါသော....ဟုပြု။

ယောပေတော၊ သည်။ ကုဏပံ၊ မြွေကောင်ပုပ်စသည်ကို၊ အသတိ ဘက္ခတိ၊ ၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ ကုဏပါသော၊ မည်၏။ တနည်းလည်း....

ကုဏပံ အသော ဧတဿာတိ ကုဏပါသော....ဟုပြု။

ဧတဿ၊ အား။ ကုဏပံ၊ အကောင်ပုပ်ဟူဆိုအပ်သော၊ အသော၊ အစာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ ကုဏပါသော၊ မည်၏။

၃-ဂူထခါဒက ပြိတ္တာ ဟူသည်ကား........မစင်ကို စားသော ပြိတ္တာတည်း။

ဂူထံ ခါဒတီတိ ဂူထခါဒကော....ဟုပြု။

ယောပေတော၊ သည်။ ဂူထံ၊ မစင်ကို။ ခါဒတိ၊ ခဲတတ်၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ ဂူထခါဒကော၊ မည်၏။

၄-အဂ္ဂိဇာလာမုခ ပြိတ္တာ ဟူသည်ကား....နေ့ညဥ့်ပတ်လုံး ခံတွင်းမှ မီးလျှံထွက်သော ပြိတ္တာတည်း။ ထိုမီးလျှံသည် ပြိတ္တာ၏လျှာနှုတ်ခမ်းတို့ကို လောင်လျက် အပသို့ တယူဇနာ ထွက်ပြေး၏။

အဂ္ဂိဇာလာ မုခတော ဧတဿာတိ အဂ္ဂိဇာလမုခေါ....ဟုပြု။

ဧတဿ၊ ထိုပြိတ္တာ၏၊ မုခတော၊ ခံတွင်းမှ။ အဂ္ဂိဇာလာ၊ မီးလျှံသည်။ နိက္ခမတိ၊ ထွက်၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ အဂ္ဂိဇာလာမုခေါ၊ မည်၏။

၅-သူစိမုခ ပြိတ္တာ ဟူသည်ကား....အပ်နဖါးပေါက်မျှ ခံတွင်း ရှိသော ပြိတ္တာတည်း။ ထိုပြိတ္တာသည် ကြီးသောကိုယ်၊ ရှည်သောလည် ရှိ၏။ ခံတွင်းကား အပ်နဖါးပေါက်မျှသာတည်း။ အကြင်အခါ အစာကိုရ၏၊ ထိုအခါ ခံတွင်း၏အလွန်ကျဉ်းသည်၏အဖြစ်ကြောင့်ခံတွင်းဖြင့်မျိုခြင်းငှာ

မတတ်နိုင်ရကား နား‌ပေါက်၊နှာခေါင်းပေါက်ဖြင့်သွတ်သွင်း၍၊စိုးစဉ်းမျှ သာယာခြင်းကိုမရ၊ ကာလရှည်စွာ ငတ်မွတ်ခေါင်းပါးရ၍။

သူစိပမာဏံ မုခံ တေသာတိ သူစိမုခေါ....ဟု ပြု။

တေသ၊ ထိုပြိတ္တာအား။ သူစိပမာဏံ၊ အပ်နဖား မျှလောက်သော။ မုခံ၊ ခံတွင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ သူစိမုခေါ၊ မည်၏။

၆· တဏှာခိုတ ပြိတ္တာဟူသည်ကား....ရေသိပ်ခြင်းတဏှာဖြင့် နှိပ်စက် အပ်သော ပြိတ္တာတည်း၊ထိုပြိတ္တာသည် တရံတဆစ်မျှ သောက်ရေကိုမရ၊ ရေငတ်လှသောကြောင့် အကြင်အခါ တဘက်ဆည်ကန်၊လေးထောင့်ကန်, အိုင်၊ ထုံး၊မြစ်၊ချောင်း၊သမုဒ္ဒရာသို့ ပြေး၏၊ ထိုအခါ တဘက် ဆည်ကန် စသည်သည် ပြည့်,သွေး,ကျင်ကြီး ကျင်ငယ် ဖွဲပြာဖြစ်၍ ထင်၏။

တဏှာယ အဋ္ဋိတော ပီဠိတောတိ တဏှာဋ္ဋိတော....ဟုပြု။

ယောပေတော၊ အကြင်ပြိတ္တာကို။ တဏှာယ၊ ရေငတ်ခြင်းတဏှာဖြင့်။ အဋ္ဋိတော ပီဠိတော၊ နှိပ်စက်အပ်၏၊ဣတိ၊ကြောင့်။သောပေတော၊ သည်။ တဏှာဋ္ဋိတော၊ မည်၏။

၇း သုနိဇ္ဈာမက ပြိတ္တာ ဟူသည်ကား....လွန်စွာအကြွင်းမဲ့ လောင်မြိုက် သော မီးလောင်ငုတ်နှင့်တူသော ပြိတ္တာတည်း၊ ထိုပြိတ္တာသည် အချဉ်း စင်းသော ကိုယ်ရှိ၏၊ ကြုံပိန်သောကိုယ်ရှိ၏၊ နံရိုးကြဲ၏၊ မကောင်းသော အနံ့ရှိ၏၊ ခွင်သောလက်ခြေရှိ၏၊ ယုတ်နိမ့်ကောက်ကွေးသော ကိုယ်ရှိ၏၊ ပြူးတူးထွက်သောမျက်စိရှိ၏၊ အလျှံပြောင်ပြောင် တောက်သော ဆံပင်ရှိ ၏၊ အချင်းခပ်သိမ်း ထမင်းငတ်၏၊ ရေသိပ်၏။

သုဋ္ဌု နိဿေသေန ဈာမော သုနိဇ္ဈာမော၊ သုနိဇ္ဈာမော ဝိယာတိ သုနိဇ္ဈာမကော....ဟုပြု။

သုဋ္ဌု၊ ကောင်းစွာ။ နိဿေသေန၊ အကြွင်းမဲ့အားဖြင့်။ ဈာမော၊ လောင်မြိုက်သည်တည်း၊ သုနိဇ္ဈာမော၊ ကောင်းစွာ။ အကြွင်းမဲ့အားဖြင့် လောင်မြိုက်သည်၊ မီးလောင်ငုတ်ရစေ။ယော ပေတော၊သည်။သုနိဇ္ဈာမော ဝိယ၊ကောင်းစွာ အကြွင်းမဲ့လောင်မြိုက်သော မီးလောင်ငုတ် ကဲ့သို့။

ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ သောပေတော၊ သည်။ သုနိဗ္ဗာမကော၊ မည်၏။ ပြိတ္တာရစေ။

၈- သတ္တင်္ဂ ပြိတ္တာဟူသည်ကား....ဓား လက်နက်နှင့် တူသောအင်္ဂါ ရှိသော ပြိတ္တာတည်း။ ထိုပြိတ္တာသည် ဓားသွား ငါးမျှားချိတ်နှင့် တူသော လက်သည်း ခြေသည်း အင်္ဂါတို့ဖြင့် မိမိကိုယ်အင်္ဂါတို့ကို ရှေ့၍ အသား အသွေးတို့စားလျက် အဖန်တလဲလဲ ဆင်းရဲကို ခံစားရ၏။

သတ္တသဒိသံ အင်္ဂံ ဧတဿာတိ သတ္တင်္ဂေါ....ဟု ပြု။

ဧတဿ၊ ထိုပြိတ္တာအား။ သတ္တသဒိသံ၊ ဓားလက်နက်နှင့် တူသော။ အင်္ဂံ၊ လက်သည်း၊ ခြေသည်း အင်္ဂါသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ သော ပေတော၊ သည်။ သတ္တင်္ဂေါ၊ မည်၏။

၉- ပဗ္ဗတင်္ဂပြိတ္တာ ဟူသည်ကား....တောင်မျှလောက်သောကိုယ်ရှိသော ပြိတ္တာတည်း ထိုပြိတ္တာ၏ကိုယ်သည် နေ့ည၌ပုပ်လုံး လောင်၏၊ ထိုကိုယ်မှ အခိုးပြိုက်ပြိုက် ထွက်၏။

ပဗ္ဗတပမာဏော အင်္ဂေါ ဧတဿာတိ ပဗ္ဗတင်္ဂေါ....ဟုပြု။

ဧတဿ၊ ထိုပြိတ္တာအား။ ပဗ္ဗတပမာဏော၊ တောင်မျှလောက်သော။ အင်္ဂေါ၊ ကိုယ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သောပေတော၊သည်။ ပဗ္ဗတင်္ဂေါ၊မည်၏။

၁၀ အဇဂရင်္ဂပြိတ္တာဟူသည်ကား.... စပါးကြီးမြွေနှင့် တူသောကိုယ် ရှိသော ပြိတ္တာတည်း၊ ထိုပြိတ္တာသည် အလျှံ ပြောင်ပြောင် တောက်သော စပါးကြီးမြွေနှင့်တူသောကိုယ်ဖြင့် ညဉ့်၌ လှည့်လည်၍ နေ့၌ အထူးထူး အပြားပြားသော ဒုက္ခကို ခံစားရ၏။

အဇဂရသဒိသော အင်္ဂေါ ဧတဿာတိ အဇဂရင်္ဂေါ....ဟုပြု။

ဧတဿ၊ ထိုပြိတ္တာအား။ အဇဂရသဒိသော၊စပါးကြီးမြွေနှင့်တူသော။ အင်္ဂေါ၊ ကိုယ်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ သောပေတော၊သည်။ အဇဂရင်္ဂေါ၊ မည်၏။

၁၁- ဝေမာနိကပြိတ္တာ ဟူသည်ကား....ဗိမာန်၌ဖြစ်သောပြိတ္တာတည်း။ ထိုပြိတ္တာသည် မိဿကကံကို ပြု၍ ရံခါ ကုသိုလ်ကံ၏ အကျိုး အားဖြင့် နတ်ဗိမာန် နတ်စည်းစိမ်ကို ခံစားရ၏၊ ရံခါ အကုသိုလ်ကံ၏ အကျိုး အားဖြင့် ဒုက္ခကို ခံစားရ၏။

ဝိမာနေ နိဗ္ဗတ္တော၁တိ ဝေမာနိကော....ဟု ပြု။

ယော ပေတော၊သည်။ ဝိမာနေ၊ဗိမာန်၌။နိဗ္ဗတ္တော၊ဖြစ်သည်တည်း။ ဣတိ၊ကြောင့်။ သော ပေတော၊သည်။ ဝေမာနိကော၊မည်၏။

၁၂-မဟိဒ္ဓိက ပြိတ္တာ ဟူသည်ကား........ကြီးသော တန်ခိုးရှိသော ပြိတ္တာတည်း၊ ထိုပြိတ္တာသည် ကံ၏ အကျိုးကြောင့် ဖြစ်သော ကြီးသော တန်ခိုးနှင့် ပြည့်စုံသည်ဖြစ်၍ အလုံးစုံသော ပြိတ္တာတို့၏ အကြီးအမှူး၏ အဖြစ်၌ တည်သကဲ့သို့, အလွန် အဆင်းလှသကဲ့သို့ စည်းစိမ်နှင့် ပြည့်စုံသကဲ့သို့ အကယ်၍ကား ထင်၏၊ ယင်းသို့ ထင်သော်လည်း ဘောဇဉ်ကို စားခြင်းငှာ မရ၊ ရံခါ ထမင်းအဖျော် အစရှိသည်တို့ကို ရ၏၊ ယင်းသို့ ရသော်လည်း သုံးဆောင်ခြင်းငှာ မတတ်နိုင်၊ ဤသို့ များစွာသော ဒုက္ခကို ခံရ၏။

မဟတိယာ ဣဒ္ဓိယာ သမန္နာဂတောတိ မဟိဒ္ဓိကော....ဟု ပြု။

ယော ပေတော၊ သည်။ မဟတိယာ၊ ကြီးစွာသော။ ဣဒ္ဓိယာ၊ တန်ခိုးနှင့်။သမန္နာဂတော၊ပြည့်စုံသည်တည်း။ ဣတိ၊ကြောင့်။ သော ပေတော၊ သည်။ မဟိဒ္ဓိကော၊မည်၏။ (ဤသည်ကား လောကပညတ္တိ,ဆင်္ဂဟ်ဒီပနီ ကျမ်းတို့၌ လာသော ပြိတ္တာမျိုးတို့ခံရသော ကမ္မကရဏနှင့်တကွ ဝစနတ္ထ ကို ပြသည်။)

ပြိတ္တာမျိုးကား သည်မျှမကသေး၊ သူစိလောမပြိတ္တာမျိုး,ခရလောမ ပြိတ္တာမျိုး,ဒီဃနခ ပြိတ္တာမျိုး,ကေပါဒပြိတ္တာမျိုး,အနေကပါဒပြိတ္တာမျိုး, ဧကဟတ္ထ ပြိတ္တာမျိုး, အနေကဟတ္ထ ပြိတ္တာမျိုး, ဧကနေတ္တ ပြိတ္တာမျိုး, အနေကနေတ္တပြိတ္တာမျိုး အစရှိသောအားဖြင့် များသောပြိတ္တာမျိုးတို့သည် ရှိကုန်သေး၏၊ယင်းသို့ရှိကုန်လျက် တဆယ့်နှစ်ပါးဟုဆိုသည်မှာ ပဓာန၏ အစွမ်းဖြင့် ဆိုသည်ဟု ဆင်္ဂတိဒီပနီ၌ ဆို၏။

ကိဉ္စာပိ ဒွါဒသ ပေတကုလာနီတိ ဝုတ္တံ၊ တံ ပန ပဓာနဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ၊ အညေသံပိ ပေတာနံ အတ္ထိဘာဝတော။

(ဆင်္ဂတိဒီ. ၅)

ဒွါဒသ ပေတ ကုလာနီတိ၊ တဆယ့်နှစ်ပါးသော ပြိတ္တာမျိုးတို့ ဟူ၍။ ကိဉ္စာပိ ဝုတ္တံ၊အကယ်၍ကား၊ဆိုအပ်၏ရှင့်။ပန တထာပိ၊ထိုသို့ဆိုအပ်သော်လည်း။တံ၊ထိုတဆယ့်နှစ်ပါးသောပြိတ္တာမျိုးတို့ ဟူသော စကားကို။ ပဓာန·

ဝသေန၊ ပြဓာန်းသည်၏အစွမ်းဖြင့်။ ဝုတ္တံ၊အပ်၏။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊ အပ်၏။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ အညေသံပိ၊တပါးလည်း ဖြစ်ကုန်သော။ ပေတာနံ၊ပြိတ္တာတို့၏။ အတ္ထိဘာဝတော၊ရှိသည်၏ အဖြစ် ကြောင့်တည်း။

ထိုပြိတ္တာတို့၏ ဆင်းရဲခံရခြင်း၏ အကြောင်းအကုသိုလ်ကံကို လောက ပညတ္တိ, ဆဂတိဒီပနီ ကျမ်းတို့၌ အကျယ်ရှုကား ဆိုအပ်၏ရှင့်၊ ယင်းသို့ ဆိုအပ်သော်လည်း ထိုကံကြောင့် ထိုအကျိုးသာဖြစ်၏ဟု အမြဲ မမှတ် အပ်သောကြောင့် ဤကျမ်း၌ အကျယ်မပြသတည်း၊ အကျယ်ကိုလိုလျှင် ထိုကျမ်းကိုပင် ကြည့်ရှုမှတ်အပ်၏။

---

၁၇၇-အဋ္ဌကထာ,ဋီကာကျမ်းကြီး ကျမ်းခိုင်တို့၌
လာသော ပြိတ္တာမျိုး ၄-ပါးတို့ကို ပြရာ

အဋ္ဌကထာ, ဋီကာကျမ်းကြီး ကျမ်းခိုင် တို့၌ကား........၁-ပရဒတ္တူပ ဇီဝိကပြိတ္တာ၊ ၂-ခုပ္ပိပါသိကပြိတ္တာ၊ ၃-နိဇ္ဈာမတဏှိက ပြိတ္တာ၊ ၄-ကာလ ကဉ္စိက ပြိတ္တာဟူ၍ လေးမျိုးထင်၏၊ ထိုလေးမျိုးတို့တွင်=

၁-သူတပါးတို့ ပေးအပ်သော အစာကိုမှီ၍ အသက်ရှင်သော ပြိတ္တာ သည် ပရဒတ္တူပဇီဝိက ပြိတ္တာမည်၏။

ပရေဟိ ဒတ္တံ ဥပနိဿာယ ဇီဝန္တီတိ ပရဒတ္တူပဇီဝိကာ။

ယော ပေတော၊သည်။ ပရေဟိ၊ သူတပါးတို့သည်။ ဒတ္တံ၊ ပေးအပ် သော အစာကို။ ဥပနိဿာယ၊ အမှီပြု၍။ ဇီဝတိ၊ အသက်ရှင်တတ်၏။ ဣတိ၊ကြောင့်။ သော ပေတော၊သည်။ ပရဒတ္တူပဇီဝိကော၊မည်၏။

၂-ထမင်းငတ်ခြင်း, ရေသိပ်ခြင်းဖြင့် နှိပ်စက်အပ်သော ပြိတ္တာသည် ခုပ္ပိပါသိက ပြိတ္တာမည်၏။

ခုဒ္ဒါ စ ပိပါသာ စ ခုပ္ပိပါသာ၊ ခုပ္ပိပါသာဟိ ပီဠိတောတိ ခုပ္ပိ-ပါသိကော....ဟု ပြု။

ခုဒ္ဒါ စ၊ ထမင်းငတ်ခြင်းလည်း။ ပိပါသာ စ၊ ရေသိပ်ခြင်းလည်း။ ခုပ္ပိ=ပါသာ၊ ထမင်းငတ်ခြင်း ရေမွတ်သိပ်ခြင်းတို့။ ယော ပေတော၊ အကြင် ပြိတ္တာကို၊ ခုပ္ပိပါသာဟိ၊ ထမင်းငတ်ခြင်း ရေသိပ်ခြင်းတို့ဖြင့်။ ပီဠိတော၊

နှိပ်စက်သည်တည်း။ ဣတိ၊ ကြောင့်။သော ပေတော၊သည်။ ခုပ္ပိပါသိကော မည်၏။

၃. အမြဲအကြွင်းမဲ့ လောင်ခြင်းကြောင့် ပူပန်ခြင်းရှိသောပြိတ္တာ သည် နိဇ္ဈာမတဏှိက ပြိတ္တာမည်၏။

နိဇ္ဈာမေန တဏှာ တေဿတိ နိဇ္ဈာမတဏှိကော....ဟုပြု။

တေဿ၊ ထိုပြိတ္တာအား။နိဇ္ဈာမေန။ အမြဲလျှင်အကြွင်းမဲ့လောင်ခြင်း ကြောင့်။တဏှာ၊ပူပန်ခြင်းသည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်၊သော ပေတော၊ သည်။နိဇ္ဈာမတဏှိကော၊ မည်၏။

၄. အသုရကာယ်ဟူ၍ အသီးအခြား ခေါ်ဝေါ်အပ်သော ပြိတ္တာ အသုရကာယ်သည် ကာလကဉ္စိက ပြိတ္တာမည်၏။

ကာလကဉ္စိကာတိ တေသံ အသုရာနံ နာမံ....

ဟု ပါထေယျ အဋ္ဌကထာ၌ ဆိုသောကြောင့် ထိုကာလ ကဉ္စိက ကို ဝိဂ္ဂဟ်ဝစနတ် မပြုအပ်၊ နာမပညတ်မျှသာမှတ်ရမည်၊

ကာလကဉ္စိကာတိ၊ ဟူသည်ကား။ တေသံအသုရာနံ၊ထိုပြိတ္တာအသုရာ တို့၏။ နာမံ၊ အမည်တည်း။

> တေသံ ကိရ တိဂါဝုတော အတ္တဘာဝေါ အပ္ပမံသလောဟိတော ပုရာဏ ပဏ္ဏ သဒိသော၊ ကက္ကဋကာပိယ အက္ခီနိ နိက္ခမိတွာ မတ္ထကေ တိဋ္ဌန္တိ၊ မုခံ သူစိပါသက သဒိသံ မတ္ထကသ္မိံ ယေဝ ဟောတိ၊ တေန တေ ဩနမေတွာ ဂေါစရံ ဂဏှန္တိ။

ဤသို့လာသော ပါထေယျ အဋ္ဌကထာနှင့်အညီ ထိုကာလ ကဉ္စိက ပြိတ္တာအသုရာတို့၏ ကိုယ် စသည်ကို မှတ်အပ်၏။

တေသံ၊ ထိုကာလကဉ္စိက ပြိတ္တာအသုရာတို့၏။ အတ္တဘာဝေါ၊ အတ္တဘောသည်။ တိဂါဝုတောကိရ၊ သုံးဂါဝုတ်ရှိသတတ်၊ အပ္ပမံသ- လောဟိတော၊ နည်းသော အသား အသွေးရှိ၏၊ပုရာဏ ပဏ္ဏသဒိသော၊ အရိုးအရေမျှသာရှိသည်၏ အဖြစ်ကြောင့် ဟောင်းသော ဖက်ရွက်နှင့် တူသော ကိုယ်ရှိ၏၊ ကက္ကဋကာဝိယ၊ ပုစွန်တို့ကဲ့သို့။ အက္ခီနိ၊မျက်စိတို့သည် နိက္ခမိတွာ၊ထွက်၍။မတ္ထကေ၊ဦးခေါင်း၌။ တိဋ္ဌန္တိ၊ တည်ကုန်၏။ မုခံ ခံတွင်းသည်။သူစိပါသက သဒိသံ၊ အပ်နဖားပေါက်နှင့်တူ၏။ မတ္ထကသ္မိံ ယေဝ၊ ဦးခေါင်း၌သာလျှင်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ တေ၊

ထိုကာလကဋ္ဌိက ပြိတ္တာ အသုရာတို့သည်။ ဩန်မေတွာ၊ အောက်သို့ ညွတ်ကုန်၍။ ဂေါစရံ၊ အစာကို။ ဂဏှန္တိ၊ ယူကုန်၏။

ထိုပြိတ္တာလေးမျိုးတို့တွင် နိယတဗျာဒိတ်ခံပြီးသော ဘုရားလောင်းတို့သည် ခုပ္ပိပါသိက ပြိတ္တာမျိုး နိဇ္ဈာမတဏှိက ပြိတ္တာမျိုး, ကာလကဋ္ဌိက ပြိတ္တာမျိုး၌ မဖြစ်ဟု အပဒါန်,သုတ္တနိပါတ် ဗုဒ္ဓဝင်စသော အဋ္ဌကထာတို့၌ ဆိုသောကြောင့် ပရဒတ္တူပဇီဝိက ပြိတ္တာကား ဖြစ်၏ဟု မှတ်ရမည်။

၁၇၈- ရတနာသုံးပါး၌ ပဋိဟတစိတ်ကြောင့်
ငရဲ၌ ကမ္ဘာများစွာကျက်ပြီးမှ ဘုရားလေးဆူတိုင်တိုင်
ပြိတ္တာဖြစ်၍ ဆင်းရဲခံရသော ဝတ္ထု

ဤသို့ ကျမ်းလာသည့်အတိုင်း ပြိတ္တာတို့ကို သချုပ်အားဖြင့် ပြပြီး၍ ယခုအခါ ဝတ္ထုသက်သေ အမြွက်အားဖြင့် ပြပေအံ့။

ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ကာသိအမည်ရှိသော ပြည်သည် ရှိသတတ်၊ ထိုပြည်၌ ဇယသေန အမည်ရှိသော မင်းသည် သိရိမာ အမည်ရှိသော မိဖုရားကြီးနှင့်တကွ မင်းပြု၏၊ထိုသိရိမာ အမည်ရှိသော မိဖုရား၏ ဝမ်း၌ ဖုဿဘုရား အလောင်းတော်သည် ဖြစ်၍ အစဉ်သဖြင့် သစ္စာလေးပါးကိုသိ၍ ဘုရားဖြစ်တော်မူ၏၊ အဖဖြစ်သော ဇယသေန မင်းသည် ငါ့သားသည် ဘုရားဖြစ်ရကား ငါ၏ဘုရား, ငါ၏တရား, ငါ၏သံဃာဟု မြတ်နိုးခြင်းကို ဖြစ်စေ၍ အခါခပ်သိမ်း မိမိသာလုပ်ကျွေး၏၊ သူတပါးတို့အား အခွင့်မပေး၊ သဗ္ဗညုဘုရား၏ ဖကူ မိပြား မင်းသား ညီနောင်သုံးယောက်တို့သည် ဘုရားတို့မည်သည်ကား အလုံးစုံသောသတ္တ လောက ၏အကျိုးငှာဖြစ်တော်မူကုန်၏၊ တယောက်၏အကျိုးငှာသာ ဖြစ်ကုန်သည် မဟုတ်၊ ငါတို့၏ အဖကား သူတပါးတို့အား အခွင့်ကိုမပေး၊အဘယ်သို့လျှင် ငါတို့သည် သဗ္ဗညုဘုရားအားလုပ်ကျွေးခြင်းကိုရပါကုန်အံ့နည်းဟု ကြံကုန်၏၊ ထိုနောင်မှ မင်းသားတို့ အကြံဖြစ်သည်ကား ယခုအခါ ငါတို့သည် တစုံတခုသော ဥပါယ်အကြောင်းကို ပြုကုန်အံ့ဟု ကြံ၍ ပစ္စန္တရစ်၌ သောင်းကျန်းပုန်ကန်သကဲ့သို့ ပြုကုန်၏၊ မင်းသည် ပစ္စန္တရစ်သောင်းကျန်းသည်ဟု ကြားသောကြောင့် သားတော်သုံးယောက်တို့ကိုငြိမ်းစေခြင်းငှာ စေတော်မူ၏၊ မင်းညီနောင်သုံးပါးတို့လည်း သွား၍ ငြိမ်းစေ ပြီးသော် ပြန်လာကုန်လျှင် ဖခင်သည် သင်တို့အား ကြိုက်သော ဆုတခုခုကို ယူဟု

သုပေးတော်မူ၏၊ မင်းသားညီနောင်သုံးပါးတို့လည်း "အရှင်မင်းကြီး.... အကျွန်ုပ်တို့ကား ဘုရားသဗ္ဗညုကို လုပ်ကျွေးလို ကုန်ပါသည်" ဟု လျှောက်၏၊ "ဤဆုကို ထား၍ တပါးဆုကိုယူ" ဟု မိန့်တော် မူသော် "အကျွန်ုပ်တို့ကား တပါးဆုကို မလိုကုန်"ဟု လျှောက်ကုန်၏။ "ယင်းသို့ တပြီးကား ပိုင်းခြား၍ ယူလော့"ဟု ဆိုသော် "ခုနစ်နှစ်မျှ လုပ်ကျွေး ပါရစေ"ဟု တောင်းပန်ကုန်၏၊ "မပေးနိုင်" ဟု ဆိုသော် ခြောက်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်, ခုနစ်လ, ခြောက်လ, ငါးလ, လေးလ လုပ်ကျွေးပါရစေဟု လျှောက်ကုန်၏။ မပေးနိုင် ဟု ဆိုသော ကြောင့် သုံးလတောင်းပန်သော် ယူတော့ဟုပေး၏၊ မင်းညီနောင်သုံးပါး တို့လည်း လိုသောဆုကို ရရကား များစွာ နှစ်သက်ကုန်သည်ဖြစ်၍ သဗ္ဗညု ဘုရားသို့ကပ်၍ ရှိခိုးလျက် "ဘုန်းတော်ကြီးလှသောဘုရား........အကျွန်ုပ် တို့ကား ဘုရားရှင်ကို သုံးလပတ်လုံး လုပ်ကျွေးလိုပါ၏၊ ဘုန်းတော် ကြီးလှသောဘုရားသည် သုံးလပတ်လုံးဝါဆိုခြင်းကို သည်းခံတော်မူပါဟု လျှောက် ကုန်၏၊ သဗ္ဗညု ဘုရားလည်း ဆိတ်ဆိတ်နေသဖြင့် သည်းခံ တော်မူ၏၊ ထို့နောင်မှ မင်းညီနောင် သုံးပါးတို့လည်း မိမိတို့ ဇနပုဒ်၌ နိယုတ္တက အမတ်အား ငါတို့ကား သုံးလပတ်လုံး သဗ္ဗညု ဘုရားကို လုပ်ကျွေးအပ်၏၊ ကျောင်းကို အစပြု၍ အလုံးစုံသော သဗ္ဗညု ဘုရား၏ ကိန်းအောင်းရာ အဆောက်အအုံတို့ကို စီရင်လေတော့ဟုမှာစာပေးကုန်၏၊ နိယုတ္တကအမတ်လည်း ထိုအလုံးစုံကိုစီရင်၍ အရှင်ဖြစ်သော မင်းညီနောင် သုံးပါးတို့အား လျှောက်ကြား၏၊ မင်းညီနောင်သုံးပါးတို့လည်း ဖန်ရည် စွန်းသော အဝတ်ကို ဝတ်ကုန်လျက် နှစ်ထောင့်ငါးရာသော ဝေယျာဝစ္စ ကရ အချင်းတို့နှင့်တကွ သဗ္ဗညုဘုရားကို ရိုသေစွာလုပ်ကျွေးလျက် ဇနပုဒ် သို့ပင့်၍ ကျောင်းကိုအပ်ကုန်၏၊ မင်းညီနောင်သုံးပါးတို့၏ ဘဏ္ဍာစိုးကား မယားနှင့်တကွ သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ရတနာသုံးပါး၌ ကြည်ညို၏၊ ထိုဘဏ္ဍာစိုးသည် ဘုရားအမှူးရှိသော သံဃာတော်အား ဒါနဝတ်ကို ရိုသေစွာ ဖြစ်စေ၏၊ ဇနပုဒ်၌ နိယုတ္တက အမတ်လည်းတသောင်းတထောင် သော အချင်းတို့နှင့်တကွ ဒါနဝတ်ကိုအရိုအသေဖြစ်စေ၏၊ ထိုလူအပေါင်း တို့တွင် အချို့သော လူတို့သည် ထိပါးသော စိတ်ရှိကုန်သည်ဖြစ်၍ ဒါန၏ အန္တရာယ်ကို ပြုကုန်လျက် အလှူဝတ္ထုံကို မိမိတို့ခဲကုန်၏၊ အလှူမဏ္ဍပ်ကို ဖျက်ဆီး၍မီးတိုက်ကုန်၏၊ ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသော် မင်းညီနောင် သုံးပါးတို့လည်း ဘုရားသခင်ကို ပူဇော်လျက် ရှေသွားပြု၍ ခမည်းတော်

နေရာ ကာသိပြည်သို့ သွားကြ ကုန်၏၊ သဲဗ္ဗညုဘုရားလည်း ပရိနိဗ္ဗာန် ပြုတော်မူ၏၊ မင်းညီနောင်သုံးပါး၊ နိယုတ္တကအမတ်, ဟဏ္ဍာစိုးတို့လည်း သေ၍ ပရိသတ်နှင့်တကွ နတ်ပြည်၌ဖြစ်ကုန်၏၊ ထိုပါးသော စိတ်ရှိသော သူတို့ကား ငရဲ၌ဖြစ်ကုန်၏၊ ဤသို့လျှင် ထိုနှစ်ဂိုဏ်းတို့တွင် တဂိုဏ်းသည် နတ်ပြည်မှသည် နတ်ပြည်, တဂိုဏ်းသည် ငရဲပြည်မှသည် ငရဲပြည်၌ဖြစ်ကုန်စဉ် ကိုးဆယ့်နှစ်ကမ္ဘာတို့သည် လွန်ကုန်၏၊ ထိုနောက်မှ ဤဘဒ္ဒကပ် ကမ္ဘာ၌ တဂိုဏ်းသည် ငရဲမှ စုတေ၍ ပြိတ္တာဖြစ်လာ၏။

ထိုအခါ ကကုသန် ဘုရားသည် လူတွင်ထင်ရှား ဘုရား ဖြစ်လာ၍ များစွာသော လူတို့သည် အလှူဒါနပေးကြပြီးလျှင် မိမိတို့ ဆွေမျိုးတို့အား အမျှဝေကုန်၏၊ ဆွေမျိုးတို့လည်း ထိုကောင်းမှုကို အနုမောဒနာပြု၍ပြိတ္တာ ဘုံမှ လွတ်ကြ ကုန်၏၊ ယင်းသို့ သူတပါးတို့ လွတ်ကြသည်ကို မြင်လျှင် ထိုပြိတ္တာတို့လည်း ကကုသန်ဘုရားသို့ ကပ်၍ ''ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်တို့ကား အဘယ်နံခါမှ ဤပြိတ္တာဘဝက လွတ်ပါရကုန် အံ့နည်း''ဟုလျှောက်ဟုန်၏၊ ကကုသန်ဘုရားလည်း အနာဂတံ သဉာဏ်နှင့် ကြည့်တော်မူ၍ ငါပရိနိဗ္ဗာန်စံတော်မူသည့်နောက် ဤမဟာ ပထဝီမြေကြီး သည် တယူဇနာလောက် အထက်သို့ ရောက်သောအခါ ကောဏာဂုံ ဘုရားသည် လူထွင်ထင်ရှား ဘုရားဖြစ်တော်မူလတ္တံ့၊ ထိုကောဏာဂုံဘုရား မှာ လျှောက်ရစ်ကြပါဦးလော'' ဟု မိန့်တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို့နောင် ကကုသန် ဘုရား မိန့်တော် မူသည့်အတိုင်း ဤမြေကြီးသည် တယူဇနာလောက် အထက်သို့ ရောက်သောအခါ ကောဏာဂုံ ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏၊ ထိုအခါ လူတို့လည်း နည်းတူပင် ဒါနပြု၍နည်းတူပင် အမျှဝေလျှင်ဆွေမျိုးပြိတ္တာတို့ လွတ်ကြသည်ကို မြင်၍ ထိုပြိတ္တာတို့လည်း နည်းတူပင် ကောဏာဂုံဘုရားသို့ကပ်၍ လျှောက်ထား ကုန်၏၊ ကောဏာဂုံဘုရားလည်း ရှေးနည်းတူပင် နောင်အခါ ကဿပ ဘုရားမှာ လျှောက်ရစ်ကြပါဦးလော့ဟု မိန့်တော်မူ၍ ပရိနိဗ္ဗာန် ပြုတော် မူ၏၊ ထို့နောက် ဤမြေကြီးသည် တယူဇနာလောက် အထက်သို့ ရောက် လျှင် ကဿပ ဘုရားသခင်သည် လူထွင်ထင်ရှား ဘုရား ဖြစ်တော် မူ၏၊ ထိုအခါ လူတို့လည်း နည်းတူပင် ဒါနပြု၍ နည်းတူပင် အမျှ ဝေလျှင် ဆွေမျိုးပြိတ္တာတို့ လွတ်ကြကုန်သည်ကို မြင်၍ထိုပြိတ္တာတို့လည်း နည်းတူပင် ကပ်၍ ကဿပဘုရားကို လျှောက်ထားကြကုန်၏။

ထိုသူတို့ ပြိတ္တာဖြစ်၍ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား တို့၌ လျှောက်ထားကြောင်းကို ဓမ္မပဒ အဋ္ဌကထာ၊ လောက ဒီပကာ ကျမ်းတို့၌သာလာသည်၊ ခုဒ္ဒကပါဌ တိရောကုဋ္ဋသုတ် အဋ္ဌကထာ၊ ပေတဝတ္ထု အဋ္ဌကထာတို့၌ မလာ၊ ထိုအဋ္ဌကထာတို့၌ကား ကဿပ ဘုရားရှင်အား လျှောက်ထားကြောင်းကိုသာ လာသည်။

အထ ဣမသ္မိံ ဘဒ္ဒကပ္ပေ ကဿပဗုဒ္ဓကာလေ တေ ပဋိလဒ္ဓစိတ္တာ ဇနာ ပေတေသု ဥပပန္နာ။

(ခုဒ္ဒကပါဌအဋ္ဌကထာ၊ပေတဝတ္ထုအဋ္ဌကထာ၌လည်းနည်းတူပင်)

အထ၊ ထို့နောင်မှ၊ ဣမသ္မိံ ဘဒ္ဒကပ္ပေ၊ ဤဘဒ္ဒကပ်၌။ ကဿပဗုဒ္ဓကာလေ၊ ကဿပဘုရားရှင် လက်ထက်တော်၌။ ပဋိလဒ္ဓစိတ္တာ၊ ထိပါးသော စိတ်ရှိကုန်သော။ တေဇနာ၊ ထိုလူတို့သည်။ ပေတေသု၊ ပြိတ္တာတို့၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။

ကဿပဘုရားလည်း ယခုအခါ သင်တို့ မလွတ်ကြကုန်သေး၊ စင်စစ်မှာမူကား ငါပရိနိဗ္ဗာန် စံတော်မူသည့်နောက် ဤမြေကြီးသည် တယူဇနာနှင့် သုံးဂါဝုတ်လောက်အထက်သို့ ရောက်သောအခါ ဂေါတမဘုရားရှင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော် မူလတ္တံ့၊ ထိုဘုရား လက်ထက် ဗိမ္ဗိသာရအမည်ရှိသောမင်းသည် ဤကမ္ဘာမှ ကိုးဆယ့် နှစ်ကမ္ဘာ ထက်၌ သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူး၏၊ ဆို ဗိမ္ဗိသာရ အမည်ရှိသော မင်းသည် ဘုရားအမှူးရှိသော သံဃာတော်အား ဒါနလှူပေး၍သင်တို့အား အမျှဝေလတ္တံ့၊ ထိုအခါ သင်တို့လွတ်ကြကုန်လတ္တံ့ဟု မိန့်တော်မူ၏၊ ယင်းသို့ မိန့်တော်မူသော် ထိုပြိတ္တာတို့အား ထိုစကားသည် နက်ဖြန်ခါ လွတ်လတ္တံ့ဟု ဆိုသကဲ့သို့ ထင်၏၊ ထို့နောင် ဤမဟာပထဝီမြေကြီးသည် တယူဇနာနှင့်သုံးဂါဝုတ်လောက် အထက်သို့ ရောက်သောအခါ ငါတို့ မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏၊ မင်းညီနောင်သုံးပါးတို့လည်း နှစ်ထောင့်ငါးရာသော အချင်းတို့နှင့်တကွ နတ်ပြည်မှ စုတေ၍ မဂဓတိုင်းဝယ် ပုဏ္ဏားအမျိုး၌ ဖြစ်ပြီးလျှင် အစဉ်သဖြင့် ရသေ့ဖြစ်၍ ဂယာသီသ၌ နေကြကုန်၏၊ နယုတ္တက အမတ်လည်း ဗိမ္ဗိသာရမင်းဖြစ်လာ၏၊ ဘဏ္ဍာစိုးလည်း ဝိသာခ သဌေးဖြစ်လာ၏၊ မယားလည်း ဓမ္မဒိန္နာအမည်ရှိသော သဌေးသမီးဖြစ်လာ၏၊ ကြွင်းသောအချင်းအရင်းတို့လည်း မင်း၏အခြံအရံဖြစ်လာကုန်၏၊ ငါတို့ ဘုရားလည်း သစ္စာလေးပါးကို သိတော်မူ၍ ညွှန်စာပေ- ၇၄။

သတ္တ သတ္တာဟကို လွန်စေပြီးလျှင် အစဉ်သဖြင့် ဗာရာဏသီ ပြည်သို့ ကြွတော်မူ၍ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားကို ဟောကြားတော် မူပြီးမှ အရံတပယောင်ရှိသော ရသေ့ညီနောင်တို့ကို ဆုံးမတော်မူပြီးလျှင်ရာဇဂြိုဟ် ပြည်သို့ ကြွတော်မူ၍ ထိုနေ့၌ ကပ်လာသော ဗိမ္ဗိသာရမင်းကို တသိန်း နှစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိမဂ်၌တည်စေ၏၊ ထိုအခါ ဗိမ္ဗိသာရမင်း၏ နက်ဖြန်အကျိုးငှာ ဆွမ်းဖိတ်ခြင်းကိုသာယာ တော်မူ၍ နှစ်ရက်မြောက်သောနေ့၌ သိကြားနတ်မင်းသည် ရှေ့နားက သွား၍ ''ဒန္တော ဒန္တေဟိ'' အစရှိသော ဂါထာဖြင့် ချီးမွမ်းလျက် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၍ မင်းအိမ်၌လည်း အလှူကို ခံတော်မူ၏၊ ထိုပြိတ္တာတို့လည်း မင်းသည်ယခုအခါငါတို့အားအမျှဝေလတ္တံ့ ဟူသော အာသာဖြင့် ခြံရံလျက် တည်ကုန်၏၊ မင်းလည်းအလှူပေးပြီးလျှင်အဘယ် ကျောင်း၌ သဗ္ဗညုဘုရားသည် နေတော်မူရအံ့နည်းဟု ဘုရား၏ နေရာ ကျောင်းတော်ကိုသာ ကြံလျက် ထိုအလှူဒါနကို တစုံ တယောက်သော သူအား အမျှမဝေမိ၊ ပြိတ္တာတို့လည်း ပြတ်သော အာသာ ရှိကုန်ရကား ညဉ့်အခါ၌ မင်း၏နန်းတော်အောက်သို့ ဝင်ပြီးလျှင် ကြောက်ဖွယ်သော အသံကိုပြုကုန်၏၊ မင်းလည်း ကြောက်ထိတ်လန့်ခြင်းသို့ ရောက်ရကား မိုးလင်းစင်လတ်သော် ''ဘုန်းတော်ကြီးလှသော ဘုရား....အကျွန်ုပ်ကား ဤသို့ကြောက်မက် ဖွယ်သော အသံကို ကြားရပါသည်၊ အဘယ်သို့ ဖြစ်လတ္တံ့နည်း''ဟု သဗ္ဗညုဘုရားအား လျှောက်ကြား၏၊ သဗ္ဗညုဘုရား လည်း ''မင်းကြီး....မကြောက်လင့်၊သင့်အားတစုံတခုသောယုတ်ခြင်းသည် မဖြစ်လတ္တံ့၊ စင်စစ်မူ သင်၏ဆွေဟောင်း မျိုးဟောင်း တို့သည် ပြိတ္တာ ဘုံ၌ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် နှစ်ဆူသော ဘုရားတို့၏၊ တခုသော အကြားပတ်လုံး ဘုရားအား အလှူပေး၍ ငါတို့အား အမျှဝေလတ္တံ့ဟု သင့်ကိုသာတောင့်တ၍ လှည့်လည်ကုန်၏၊ ယမန်နေ့ သင်သည် ထိုဒါနကို အမျှမပေးဝေလေ၊ ထိုပြိတ္တာတို့သည် အာသာပြတ်ကုန်ရကား သင့်အား ဖောက်ပြန်သောအသံကိုပြု၏'' ဟု မိန့်မတော်မူ၏၊ မင်းလည်း ''ဘုန်းတော် ကြီးလှသောဘုရား ယခုအလှူပေး၍ အမျှဝေသော် ရပါဦးမည်လော''ဟု မေးလျှောက်၏၊ ရ၏ဟုမိန့်တော်မူသော် ယင်းသို့တပြီးတား ''ဘုန်းတော် ကြီးလှသောဘုရား....ယနေ့အကျိုးငှာ ဒါနကို သာယာတော်မူပါ၊ထိုသူတို့ အား အမျှဝေပါအံ့''ဟုလျှောက်၏၊ သဗ္ဗညုဘုရားလည်း သာယာတော်



ရှင်နာ၁၃၁...ငါ၏ကိုယ်သည် လည်ပင်းအောက်ကို လူ့သဏ္ဌာန်, အထက်ကို ဝက်သဏ္ဌာန် ရှိသည်ကို
ပစ္စက္ခအားဖြင့် သင်မြင်လျက်....၆၃၄

မူ၏။ မင်းလည်းနန်းတော်သို့ပြန်သွား၍များစွာသောအလှူကိုစီရင်ပြီးလျှင် ဘုရားသခင်အား အခါကိုကြားစေ၏၊ သဗ္ဗညုဘုရားလည်းမင်းနန်းတော်သို့ကြွပြီးလျှင် ခင်းအပ်သောနေရာ၌ သံဃာတော် အပေါင်းနှင့် တကွနေတော်မူ၍ ထိုပြိတ္တာတို့လည်း ယနေ့ရကုန်ငြားအံ့လည်းမသိဟု လာကုန်ပြီးလျှင် နံရံတံတိုင်း အစရှိသည်တို့၌ နေကုန်၏၊ မြတ်စွာ ဘုရားလည်း အကြင်အခြင်းဖြင့် ပြိတ္တာတို့သည် မင်းအား ထင်ရှားကုန်၏၊ ထိုအခြင်းဖြင့် ပြုတော်မူ၏၊ မင်းလည်း အလှူရေစက်ကိုပေးသည်ရှိသော် ဤအလှူသည် ပြိတ္တာ ဆွေမျိုးတို့အား ရောက်ပါလေစေဟူ အမျဝေ၏၊ ထိုခဏ၌ပင် ပြိတ္တာတို့အား ပဒုမာကြာဖြင့် ဖုံးလွှမ်းသော ရေကန်သို့သည် ဖြစ်ကုန်၏၊ ပြိတ္တာတို့လည်း ထိုရေကန်၌ ချိုးသောက်၍ ပူပန်ခြင်း ပင်ပန်းခြင်း ငြိမ်းကုန်ရကား ရွှေအဆင်းနှင့်တူသောအဆင်းရှိကုန်၏၊ မင်းလည်းယာဂု ခဲဖွယ်တို့ကို လှူ၍ အမျဝေ၏၊ ထိုခဏ၌ ပြိတ္တာတို့အား နတ်၏ ခဲဖွယ် ဘောဇဉ်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုခဲဖွယ် ဘောဇဉ်တို့ကို သုံးဆောင် စားသောက်၍ ပြည့်ဖြိုးသော ဣန္ဒြေ ရှိကုန်၏၊ ထို့နောင်မှ အ၀တ် အိပ်ရာ နေရာတို့ကိုလှူ၍အမျဝေ၏၊ ပြိတ္တာတို့အားလည်းနတ်ပြည်၌ ဖြစ်သော အ၀တ်ပုဆိုး ယာဉ်ရထား ဘုံပြာသာဒ် အိပ်ရာခင်း အစရှိသည်တို့သည် ဖြစ်ကုန်၏။ ထိုပြည့်စုံခြင်းသည် အကြင်အခြင်းဖြင့် လူတို့အား ထင်ရှား၏။ ထိုအခြင်းဖြင့် သဗ္ဗညုဘုရားသည် ဓိဋ္ဌာန်တော်မူ၏၊ ဗိမ္ဗိသာရ မင်းလည်း အလွန်ဝမ်းမြောက်တော်မူ၏၊ ထို့နောင်မှ သဗ္ဗညုဘုရားသည် ဗိမ္ဗိသာရမင်းအား အနုမောဒနာ ပြုတော်မူခြင်းငှာ တိရောကုဋ္ဋသုတ်ကို ဟောတော်မူ၏၊ ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်း လေးထောင် မျှလောက်သော သတ္တဝါတို့သည် အကျွတ်တရား ရကြကုန်၏၊ ရတနာ သုံးပါး၌ ပဋိဃာတ စိတ်ကြောင့် ဤမျှလောက် ဆင်းရဲခံရသော ဤသူတို့၏ သက်သေစကားကို ကြားသိကုန်သော သူတော်ကောင်းတို့အား ပေတာ ဒုက္ခကား ကြောက်လောက်ဖွယ်တကား........ဟု သံဝေဂတရားကို ပွားစေအပ်ကုန်၏။

## ၁၇၉-ရဟန်းတို့ကို ဆဲရေးမိသောကြောင့် ငရဲ၌ကြာမြင့်စွာ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ပြိတ္တာဖြစ်ရသော ရဟန်း ဝတ္ထု

လွန်လေပြီးသောအခါ ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းတယောက်သည် ကိုယ်ဖြင့်သာ စောင့်စည်း၏၊ နှုတ်ဖြင့်ကား မစောင့်စည်းသည်ဖြစ်၍ရဟန်းတို့ကိုဆဲရေး၏၊ထိုရဟန်းသည်သေ၍ငရဲပြည်၌ဖြစ်ပြီးလျှင် ဘုရားတဆူနှင့် တဆူအကြားပတ်လုံး ငရဲ၌ကျက်ပြီးမှ ဤ ဂေါတမဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်၏ အနီးအပါး ဂိဇ္ဈကုဋ် တောင်ခြေ၌ ထိုကံ၏ အကျိုးကြွင်းအစွမ်းဖြင့် ဝေတ်မွတ်ခြင်း နှိပ်စက်သော ပြိတ္တာဖြစ်၏၊ ထိုပြိတ္တာ၏ ကိုယ်ကား ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏၊ ခံတွင်းကား ဝက်နှုတ်သီးနှင့် တူ၏၊ ထိုအခါ ရှင်နာရဒသည် ဂိဇ္ဈကုဋ်တောင်၌ နေလျက် နံနက်စောစော ကိုယ်လက် သုတ်သင်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်သော် ခရီးအကြား၌ ထိုပြိတ္တာကိုမြင်၍ "သင်၏ကိုယ်ကားရွှေသားနှင့် မယှဉ်း ခံတွင်းမူကား ဝက်နှုတ်သီးနှင့်တူ၏၊ အဘယ်မကောင်းမှုကို ပြုဖူးသနည်း" ဟု မေး၏၊ အရှင်နာရဒ ငါကား ကဿပဘုရားရှင် သာသနာတော်တွင် သင်ကဲ့သို့ ရဟန်းဖြစ်၍ ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့်ကား မစောင့်စည်း၊ ထိုသို့ဖြစ်သောကြောင့် ကိုယ်က ရွှေသား, ခံတွင်းကား ဝက်နှုတ်သီးနှင့်တူသည်၊ "ရှင်နာရဒ....ငါ၏ ကိုယ်သည် လည်ပင်းအောက်ကို လူ့သဏ္ဍာန်, အထက်ကို ဝက်သဏ္ဍာန် ရှိသည်ကို ပစ္စက္ခအားဖြင့် သင်မြင်လျက် ငါကဲ့သို့ မပြုပါလင့်၊ ကိုယ်နှုတ် နှစ်ပါးစုံကို ကောင်းစွာ စောင့်စည်းပါ" ဟု အဆုံးအမပေး၏။

မာကာသိ မုခသာ ပါပံ, မာ ခေါ သူကရမုခေါ အဟု။
(ပေတဝတ္ထု ပါဠိတော်)

မုခသာ၊ နှုတ်ဖြင့်။ ပါပံ မကောင်းမှုကို၊ မာ ကာသိ မပြုလင့်။ သူကရ=မုခေါ၊ ဝက်နှုတ်သီးနှင့်တူသည်။ မာ ခေါ အဟု၊ မဖြစ်လင့်။

ရှင်နာရဒသည် ရာဇဂြိုဟ်ပြည်မှ ဆွမ်းခံပြန်လျှင် ပရိသတ်လေးပါး အလယ်တွင် ဘုရားသခင်အား လျှောက်ထား၏၊ ဘုရားသဗ္ဗညုလည်း "နာရဒ.... ဤသတ္တဝါကို ငါသည် ရှေး၌ပင် မြင်အပ်၏"ဟု မိန့်တော်မူ၍ ဝစီဒုစရိုက်၌ အပြစ်များကြောင်းကို ပရိသတ်လေးပါးတို့အား ဟောတော်

မူ၏၊ ဤသူသည် နှုတ်မစောင့်စည်းခြင်းကြောင့် ကာလရှည်လျားစွာ ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ပြိတ္တာဖြစ်ရသည်ကို ကြားသိရကုန်သော် သူတော်ကောင်းတို့သည် နှုတ် မစောင့်စည်းခြင်း၌ အပြစ်ကား ကြီးမားစွ၊ ဤမျှလောက်ဆင်းရဲခံရသည်မှာကြောက်လောက်ဖွယ် တကား ဟု နှလုံးထား၍ နှုတ်ကို ကောင်းစွာ စောင့်စည်းလျက် ပေတဒုက္ခ၌ သံဝေဂတရားကို ပွားစေအပ်၏။

---

### ၁၀၀ ရဟန်းသံဃာအား ပေးလှူသည်ကို မစွေရစိတ် ရှိခဲ့ဖူး၍ အနှစ်ငါးဆယ်ပတ်လုံး ထမင်းရေတို့ကို မစားမသောက်ရသော ပြိတ္တာမ ဝတ္ထု

သမ္ဗုဒ္ဓဘုရား ပရိနိဗ္ဗာန် လားတော်မူသည့်နောက် ပဌမ သင်္ဂါယနာ တင်ရန် နီးကပ်လတ်သော် ရှင်မဟာ ကစ္စည်း မထေရ်သည် တကျိပ် နှစ်ယောက်သော ရဟန်းတို့နှင့်တကွ ကောသမ္ဗီ ပြည်၏ အနီး တခုသော တောအုပ်၌နေတော်မူ၏၊ ထိုအခါ ဥတေနမင်း၏ အမှုဘ်မရှိသော အမတ် တယောက်သည် သေခဲ့၏။ ထိုအမတ်သည်မြို့၌ စီရင်အပ်သော အမှုသည် လည်းရှိ၏။ ထို့ကြောင့် ဥတေနမင်းသည်ထိုအမတ်၏သား ဥတ္တရ လုလင် ကိုခေါ်ပြီးလျှင် အဖ၏အရာကိုပေး၏၊ ဥတ္တရလုလင်သည် တနေ့သ၌မြို့ကို ပြုပြင်ရန် သစ်အကျိုးငှာ လက်သမားတို့ကိုခေါ်ပြီးလျှင် တောသို့ဝင်၏။ တော၌ ရှင်မဟာကစ္စည်း မထေရ်သည် ပံ့သုကူသင်္ကန်းကို ခြုံ ရုံ လျက် နေသည်ကိုမြင်၍ ဣရိယာပုထ်၌ ကြည်ညိုရကား ပြုအပ်သော အစေ့အစပ် ရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌နေ၏၊မထေရ် လည်းလုလင်အား တရားဟောတော်မူ၏၊ လုလင်သည် တရားစကားကို ကြားလျှင် ရတနာသုံးပါး၌ကြည်ညိုရကား သရဏဂုံ တို့၌ တည်၍မထေရ် ကို ဆွမ်းဖိတ်လေ၏၊ မထေရ်လည်း သာယာတော်မူ၏၊ ထိုလုလင်သည် တောမှထွက်၍ မြို့သို့ပြန်သွားပြီးလျှင် တပါးသော ဥပါသကာ တို့အား ငါကား မထေရ်ကို ဆွမ်းဖိတ်ခဲ့သည်၊ သင်တို့လည်း ငါ့အလှူ မင်္ဂလာသို့ လာအပ်၏ဟု ဖိတ်ကြား၏၊ လုလင်သည် မိုးသောက်သောနေ့၌စောစော ကပင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်၍ ကာလကို ကြားသော် တကျိပ်နှစ်ယောက်သော နောက်ပါ ရဟန်းတို့နှင့် တကွ ကြွလာသော မထေရ်အားရှိခိုး၍ခရီးဦးကြိုဆိုပြီးလျှင် အိမ်သို့သွင်း၏၊ထိုနောက်မှ မထေရ်

တို့အား ပန်းပေါက်ပေါက်ဖြင့် ပူဇော်ပြီးလျှင် မွန်မြတ်သော ဆွမ်းအဖျော်တို့ဖြင့် ရောင့်ရဲစေ၍ အနုမောဒနာ ပြုပြီးမှ ကြွသွားသော မထေရ်တို့ကို သပိတ်ပိုက်လျက်လိုက်ပို့၍ အပြန်တွင် အရှင်ဘုရားသည့် အကျွန်ုပ်အိမ်သို့ မပြတ်ကြွတော်မူပါဟု လျှောက်၏၊ မထေရ်လည်း သာယာတော်မူ၏၊ ဤသို့လျှင် ဥတ္တရလုလင်သည် မထေရ်ကိုလုပ်ကျွေး၍ မထေရ်၏အဆုံးအမဖြင့် တည်လျက် သောတာပတ္တိဖိုလ်သို့ ရောက်၏၊ နောက်အခါ ကျောင်းဆောက်၍ အလုံးစုံသော မိမိဆွေမျိုးတို့ကို သာသနာတော်၌ ကြည်ညိုသည်ကိုပြု၏၊ ဥတ္တရလုလင်၏ အမိသည်ကား မစ္ဆေရဖြင့် နှိပ်စက်အပ်သော စိတ်ရှိသည်ဖြစ်၍ သားကို "သင်သည် ငါ့အလိုမရှိပဲ ရဟန်းတို့အား အကြင်ထမင်းအဖျော်တို့ကိုလှူ၏၊ ထိုထမင်းအဖျော်သည် တမလွန်လောက၌ သင့်အား သွေးဖြစ်စေသတည်း"ဟု ဆဲရေး၏၊ ဥဒေါင်းမြီးစည်း တခုကို ကျောင်းသမဝ်ခေါ်သောနေ့၌ ပေးလှူအပ်သည်ကို ခွင့်ပြု၏၊ ထိုအမိသည် သေ၍ ပြိတ္တာဘုံ၌ဖြစ်၏၊ ဥဒေါင်းမြီးစည်းအလှူကိုဝမ်းမြောက်ခြင်းကြောင့် ထိုပြိတ္တာမ၏ ဆံပင်တို့သည် ရှည်လျားမည်းနက် သိမ်မွေ့ပြေပြစ်ကုန်လျက် အဖျားတက်၍ ကောက်ကုန်၏၊ ထိုပြိတ္တာမသည် အကြင်အခါ ရေသောက်အံ့ဟု ဂင်္ဂါမြစ်တွင်းသို့ သက်ဆင်း၏၊ ထိုအခါ ဂင်္ဂါမြစ်သည် သွေးချောင်းဖြစ်၏၊ ထိုပြိတ္တာမသည် အနှစ်ငါးဆယ်ပတ်လုံး ငတ်မွတ်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ လှည့်လည်လျက် တနေ့သ၌ ကင်္ခါရေဝတ မထေရ် ဂင်္ဂါမြစ်နား၌ နေသန့်ရာတွင် နေသည်ကိုမြင်၍ မိမိကိုယ်ကို ဆံပင်ဖြင့် ဖုံးလွှမ်းလျက် ကပ်၍"အရှင်ဘုရား....ကျွန်ုပ်ကား အနှစ်ငါးဆယ်ပတ်လုံး ထမင်းရေတို့ကို မတွေ့ဖူး၊ ရေတော်လှုပါသည် ရေပေးပါ"ဟု တောင်း၏၊မထေရ်လည်း ဤဂင်္ဂါမြစ်ကား ဟိမဝန္တာမှ စီးလာသည်၊ ရေလျှော့စွာ၏၊ ဤမြစ်မှာ သောက်ပါတော့လော၊အဘယ့်ကြောင့် ငါ့ကို သောက်ရေတောင်းပြန်သနည်း"ဟု ခမး၏၊ "အရှင်ဘုရား....အကျွန်ုပ်ကား ရေသောက်အံ့ဟု မြစ်တွင်းသို့ ဆင်းသော် မြစ်အလုံးသည် ဖောက်ပြန်၍ သွေးဖြစ်ခဲ့၏၊ ထို့ကြောင့် ရေတော်လှ၍ တောင်းပါသည်"ဟု ဆို၏၊ မထေရ်လည်း "သင်သည် အဘယ်မကောင်းမှုကို ပြုဖူးသနည်း"ဟု မေး၏၊ "အရှင်ဘုရား....အကျွန်ုပ်သား ဥတ္တရလုလင်သည် ရဟန်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် ပေးလှူသည်ကို အကျွန်ုပ်သည် မစ္ဆေရစိတ်ဖြင့် ဤအလုံးစုံသည် သင့်အား တမလွန်ဘဝ၌ သွေးဖြစ်စေသတည်း"ဟု ကျိန်ဆဲမိ၏၊ ထို

ကောင်းမှုကံ၏ အကျိုးကြောင့် အကျွန်ုပ်အား ဂင်္ဂါမြစ်သည် သွေးဖြစ်သတည်း''ဟု ဆို၏။

တဿ ကမ္မဿ ပါကေန, ဂင်္ဂါ မေ ဟောတိ လောဟိတံ။
(ပေတဝတ္ထုပါဠိတော်)

တဿ ကမ္မဿ၊ ထိုမကောင်းမှုကံ၏။ ပါကေန၊ အကျိုးကြောင့်။ မေ၊ အကျွန်ုပ်အား။ ဂင်္ဂါ၊ ဂင်္ဂါမြစ်သည်။ လောဟိတံ၊ သွေးသည်။ ဟောတိ၊ ဖြစ်၏။

ထိုအခါ ကဿပဘုရား ရွှေရောင် မထေရ်သည် ကရုဏာဖြင့် တိုက်တွန်းတော်မူသည်ဖြစ်၍ သံဃာတော်အား သောက်ရေလှူပြီးလျှင် အမျှဝေတော်မူ၏၊ ဆွမ်းစံ၍ ဆွမ်းလှူပြီးလျှင် အမျှဝေတော်မူ၏၊ ထိုအမျှဝေသော ကောင်းမှုကို အနုမောဒနာပြုခြင်းကြောင့် ပြိတ္တာမအား နတ်စည်းစိမ်တို့သည်ထင်ရှားဖြစ်ကုန်၏၊ ပြိတ္တာမလည်း မိမိရအပ်သော နတ်စည်းစိမ်ကို မထေရ်အား ထင်ရှားပြလာ၏၊ ဤသို့အနှစ်ငါးဆယ်ပတ်လုံး ထမင်းတလုပ် ရေတမှုတ်မျှ မသောက်ရသော ပြိတ္တာမ၏ ဝတ္ထုသက်သေကို ကြားသိရ ကုန်သော သူတော်ကောင်းတို့အား ပေတဒုက္ခသည် ကြောက်လောက်ဖွယ်တကားဟု သံဝေဂတရားကို ပွားစေအပ်၏၊ ယင်းသို့ သံဝေဂတရား ဖြစ်ပွါးမှုလည်း ပေတဒုက္ခ၏ အကြောင်းဖြစ်သော မကောင်းမှုကို ကြဉ်ရှောင် နိုင်မည်၊ မကောင်းမှုကို ကြဉ်ရှောင်မှုလည်း ပေတဒုက္ခမှ လွတ်မည်၊ မကောင်းမှုကို မကြဉ်ရှောင်က ပေတဒုက္ခမှ မလွတ်ချေ။

---

## ၁၈၁-အကျင့်သီလနှင့်ပြည့်စုံသော ရဟန်းကောင်းတို့ကို ကုန်းချောစားသော မကောင်းမှုကြောင့် အဝီစိငရဲ၌ ကျက်ပြီးမှ ပူတိမုခပြိတ္တာဖြစ်ရသော ရဟန်း ဝတ္ထု

လွန်လေပြီးသောအခါ ကဿပဘုရားရှင်လက်ထက်တော်၌ နှစ်ယောက်သော အမျိုးသားတို့သည် သာသနာတော်၌ ရဟန်းပြုပြီးလျှင် သီလအကျင့်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ခေါင်းပါးသော အသက်မွေးခြင်း ရှိကုန်လျက် အမှတ်မရှိသော ရွာငယ်တခု၌ အညီအညွတ် နေကြကုန်၏၊ ထိုအခါ ယုတ်မာသော အလိုရှိသော ချောပစ် ကုန်းတိုက်တတ်သော ရဟန်း တယောက်သည် ထိုရဟန်း နှစ်ယောက်တို့ နေရာသို့ ရောက်လာ၏၊ မထေရ်

နှစ်ပါးတို့လည်း ထိုရဟန်းနှင့်တကွ ပဋိသန္ထာရကို ပြု၍ နေရာပေးပြီးလျှင် နှစ်ရက်မြောက်သောနေ့၌ ထိုရဟန်းကို ခေါ်၍ ဆွမ်းခံရွာသို့ ဝင်ကြကုန်၏၊ လူတို့လည်း မထေရ်တို့၌ အလွန်ရိုသေခြင်းကိုပြု၍ ယာဂုဆွမ်း အစရှိသည်တို့ဖြင့် မြတ်နိုးခြင်းကို ပြုကုန်၏၊ အာဂန္တုရဟန်းသည် ကျောင်းသို့ ဝင်ပြီးလျှင် ကြံ၏၊ ဤဂေါစရဂါမကား ကောင်းလှ၏၊ လူတို့လည်း သဒ္ဓါတရားနှင့် ပြည့်စုံကုန်၏၊ ကျောင်းလည်း အရိပ် ရေနှင့် ပြည့်စုံ၏၊ ငါသည် ဤကျောင်း၌ ချမ်းသာစွာ နေခြင်းငှာ တက်ကောင်း၏၊ သို့သော်လည်း ဤရဟန်းတို့ ဤကျောင်း၌ နေကုန်သော် ငါ့အား ဖာသုဝိဟာရမဖြစ်လတ္တံ့၊ သို့ဖြစ်၍ ယခုအခါ ငါသည် ဤရဟန်းတို့ကို အချင်းချင်း ကုန်းတိုက်၍ ပြေးစေအံ့ဟုကြံ၏၊ ယင်းသို့ကြံပြီးမှတနေ့သ၌မဟာထေရ်သည် နှစ်ယောက်သော ရဟန်းတို့အား အဆုံးအမပေးပြီးမှ မိမိနေရာသို့ဝင်သော် အာဂန္တုရဟန်းသည် အနည်းငယ်ကာလတို့ လွန်စေ၍ မဟာထေရ်သို့ ကပ်ပြီးလျှင် မဟာထေရ်က အဘယ်နည်းဟု မေးသော် အရှင်ဘုရား စိုးစဉ်းဆိုဖွယ် စကားရှိ၏ဟု ဆိုသောကြောင့် ဆိုလော့ ငါ့ရှင်ဟု မဟာထေရ်က ခွင့်ပြုရကား အရှင်ဘုရား သင်တို့၏အဆွေဖြစ်သော ဤမထေရ်သည်မျက်မှောက်၌ အဆွေခင်ပွန်းကဲ့သို့ဖြစ်၍ မျက်ကွယ်၌ ရန်သူကဲ့သို့ စွပ်စွဲကဲ့ရဲ့၏ တကားဟု ဆို၏၊ အဘယ်စကားကို ဆိုသနည်းဟု မဟာထေရ်က မေးသည်ရှိသော် "အရှင်ဘုရား..........ယင်းသို့ တပြီးကား နားထောင်လော့၊ ဤမဟာထေရ်သည် စဉ်းလဲကောက်ကျစ်လျက် မိစ္ဆာဇီဝဖြင့် အသက်မွေး၏ ဟု အရှင်ဘုရားတို့၏ ကျေးဇူးမဲ့ကို ဆိုသည်"ဟု လျှောက်၏၊ ငါ့ရှင်...... သင်သည် ဤသို့မဆိုလင့်၊ ထိုရဟန်းသည် ဤသို့ ငါ့ကို မစွပ်စွဲလတ္တံ့၊ သူဖြစ်သောကာလမှစ၍ ငါ့ကို ထိုရဟန်းသည် အသိပင် ဖြစ်သည်"ဟု ဆို၏၊ "အရှင်ဘုရား.......သင်တို့ကား မိမိ၏ စင်ကြယ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် ဤသို့ကြံတော်မူ၏၊ ထိုရဟန်းသည် အရှင်ဘုရားတို့အားသာ လျှောက်ပတ်၏၊ အကျွန်ုပ်အား ထိုရဟန်းနှင့်ကား ရန်မရှိ၊ အဘယ့်ကြောင့် အကျွန်ုပ်သည် ထိုရဟန်းမဆိုပဲကို ဆန်းပြား၍ အရှင်ဘုရားအား လျှောက်ထားအံ့နည်း၊ ထိုသို့ဖြစ်စေ၊ ကာလရှည်လျှင် ကိုယ်တိုင်ပင် သိတော်မူလတ္တံ့."ဟု လျှောက်၏၊ မထေရ်လည်း ပုထုဇဉ်၏ အဖြစ်ဟု ဆိုအပ်သော အပြစ်ကြောင့် စိတ်နှစ်ခွ ရှိရကား ဤသို့ မူလည်း ဖြစ်ရာ၏ဟု ခွဲရွာသော နှလုံးရှိသည်ဖြစ်၍ အတန်ငယ် လျော့

သော အကျွမ်းဝင်ခြင်းရှိ၏၊ ထိုငမိုက်သားသည် ရှေးဦးစွာ မဟာထေရ်ကို ကုန်းတိုက်ပြီးလျှင် နည်းတူပင် အနုထေရ်ကိုလည်း ကုန်းတိုက်ဖျက်ဆီး၏၊ ထို့နောင်မှ မထေရ်နှစ်ပါးတို့လည်း အချင်းချင်းစကားမဆိုဖဲ့သပိတ်သက်န်းကိုယူပြီးလျှင် ရွာ၌ဆွမ်းခံပြီးမှ ဆွမ်းကိုယူပြီးသော်မိမိနေရာ၌သာ အသီးသီးဆွမ်းစားပြီးမှ အရိုအသေမျှကိုလည်း မပြုဖဲ့ ထိုကျောင်း၌သာ နေ၍ မိုးသောက်လျှင် အချင်းချင်းမကြားပဲသာ ချမ်းသာသောအရပ်သို့ သွားကြကုန်၏၊ ကုန်းတိုက်သောရဟန်းလည်း နှလုံးအလိုပြည့်၍ ရွာတွင်းသို့ ဝင်သည်ကို လူတို့မြင်၍ "အရှင်ဘုရား....မထေရ်တို့ကား အဘယ်သို့သွားကြကုန်သနည်း" ဟု မေးကုန်၏၊ ကုန်းတိုက်သော ရဟန်းလည်းညဉ့်သုံးယာမ်ပတ်လုံး အချင်းချင်း ငြင်းခုံခြင်းကို မပြုကြကုန်လင့်၊ အညီအညွတ်နေကြပါ၊ ငြင်းခုံခြင်းမည်သည်ကား အကျိုးမဲ့ကိုဆောင်တတ်၏၊ ဆင်းရဲကိုဖြစ်စေတတ်၏၊ အကုသိုလ်တရားကို ပွားစေတတ်၏၊ ရှေးသူတို့သည်လည်း ငြင်းခုံခြင်းကြောင့် များစွာသောအစီးအပွားမှလျော့ကြကုန်၏၊ဤသို့အစရှိသောစကားတို့ကိုဆိုပါသော်လည်းငါ့စကားကိုနားမထောင်ပဲ သွားကြကုန်၏ ဟု ဆို၏၊ ထို့နောင်မှ လူတို့သည် မထေရ်တို့မူကား သွားကုန်စေ၊ အရှင်ဘုရားတို့သည်ကား အကျွန်ုပ်တို့အား အစဉ်သနားသဖြင့် ဤအရပ်တွင်မဆန့်ကျင်သဖြင့် နေတော်မူပါ ဟု တောင်းပန်ကုန်၏၊ ထိုကုန်းတိုက်သော ရဟန်းလည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် ထိုရွာထိုကျောင်း၌နေလျက် တရက်, နှစ်ရက် လွန်သဖြင့် ငါသည် သီလဝန္တရဟန်းတို့ကို ကျောင်း၌ တပ်ခြင်းကြောင့် ကုန်းတိုက် ဖျက်ဆီး အပ်၏၊ ငါသည် များစွာသောမကောင်းမှုကို ပွားစေအပ်၏ဟု ကြံသော ရဟန်းအား အားကြီးသော ဝိပ္ပဋိသာရသည် နှိပ်စက်ရာသားစိုးရိမ်ခြင်း၏ အဟုန်ကြောင့် နာလျက် မကြာမြင့်မီသေ၍ အဝီစိငရဲ၌ဖြစ်လေ၏၊မထေရ်နှစ်ပါးတို့လည်း လှည့်လည်ကြသော် တခုသောကျောင်း၌ ပေါင်းမိကုန်၍ အချင်းချင်းဝမ်းမြောက်ဝမ်းသာ ပြောဟောလျက ထိုရဟန်းသည် ဆိုအပ်သော ဘေဒစကားကို အချင်းချင်းကြား၍ မဟုတ်သောအဖြစ်ကိုသိသော် အညီအညွတ် ထိုကျောင်းသို့ ပြန်လာကုန်၏၊ လူတို့လည်း မထေရ်နှစ်ပါးတို့ကိုမြင်၍ ရွှင်လန်းဝမ်းမြောက်စွာ ဆွမ်းလေးပါးတို့ဖြင့် လုပ်ကျွေးကုန်၏၊ မထေရ်နှစ်ပါးတို့လည်းထိုရွာထိုကျောင်း၌ နေကုန်လျက်အာဝါသသပ္ပါယ, ဘောဇန သပ္ပါယဖြင့် တည်ကြည်သောစိတ် ရှိကုန်သည်ဖြစ်၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ရောက်ကုန်၏။

ညွှန့်စာပေ- ဝ၅။

ကုန်းတိုက်သောရဟန်းလည်း ဘုရားတဆူနှင့်တဆူအကြား ပတ်ယုံး ငရဲ၌ကျက်ပြီးမှ ဤငါတို့ မြတ်စွာဘုရား လက်ထက်တော်ဝယ် ရာဇဂြိုဟ် ပြည်၏အနီး၌ ပူတိမုခပြိတ္တာဖြစ်လာ၏။ ထိုပြိတ္တာ၏ကိုယ်ကား ရွှေအဆင်း နှင့်တူ၏၊ ခံတွင်းမှ ပိုးလောက်တို့သည် ထွက်ကုန်၍ ဤမှ ထိုမှ ခံတွင်းကို ခဲကုန်၏၊ ထိုထိုသို့သော အရပ်ကို ပျံ့နှံ့၍ မကောင်းသော အနံ့ လှိုင်၏၊ ထိုအခါ ရှင်နာရဒသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသော် ထိုပြိတ္တာကို မြင်၍ သင်၏ကိုယ်ကား ရွှေသားနှင့်တူ၏၊ ခံတွင်းမှပိုးလောက်တဖွားဖွားထွက်၍ အပုပ်နံ့ လှိုင်လျက် ကောင်းကင်ဝယ် သွားသည်။ ရှေးအခါ အဘယ် မကောင်းမှုကို ပြုဖူးသနည်းဟုမေး၏၊ အရှင်ဘုရား........အကျွန်ုပ် ကား ရှေးအခါ မှသားဆိုလျက် သူတပါးတို့အား အချစ်ကို ဖျက်ခြင်းငှာ ကုန်းတိုက်သောစကားကို ဆိုမိသောကြောင့်ဤသို့ဖြစ်ရပါသည်။အကျွန်ုပ် ကိုမျက်မှောက်တွင်မြင်ရသော အရှင်ဘုရားသည် မုသားဆိုခြင်းကုန်းတိုက် ခြင်း စေ့စပ်ရိုက်ကိုမပြုပါလင့်၊ ကိုယ်နှုတ်နှစ်ပါးကိုပင် ကောင်းစွာစောင့် ထိန်းပါဟု အဆုံးအမပေး၏၊ နာရဒမထေရ်လည်း ပြိတ္တာစကားကို မှတ် သား၍ ဆွမ်းခံပြန်လျှင် ဘုရားသခင်အားလျှောက်ထား၏၊ သဗ္ဗညုဘုရား လည်း ရှင်နာရဒ လျှောက်ထားသည့်အတိုင်း မှန်ကြောင်းကို ပရိသတ် လေးပါးတို့အားဟောကြားတော်မူ၏၊ ပရိသတ်လေးပါးတို့လည်းများစွာ ကြောက်ထိတ်လန့်ကုန်၏၊ ဤသို့ ဆင်းရဲခံရသော ပြိတ္တာ၏ ဝတ္ထုသက်သေ စကားကိုကြားသိရသော သူတော်ကောင်းတို့သည်လည်း ပေတ ဒုက္ခကား ကြောက်ကောင်းဖွယ်တကားဟု သံဝေဂတရားကို ပွားစေအပ်၏။

---

၁ဂ၂- လင်တူမိန်းမအား ကိုယ်ဝန်ကိုကျစေခြင်း၊
မုသားပျက်ကွယ် ကျိန်တွယ်ခြင်းကြောင့်မိမိသားတကျိပ်ကို
နေ့တိုင်းစားရလျက် မဝနိုင်သောပြိတ္တာမဝတ္ထု

သာဝတ္ထိပြည်၏ အနီး တခုသောရွာငယ်၌ အမှတ်မရှိသောသူကြွယ်၏ မယားသည် မြုံ၏၊ ထိုသူကြွယ်၏ဆွေမျိုးတို့သည် သင်၏ မယားကား သားမမွေး မြုံ၏၊ တပါးသော သတို့သမီးကို ဆောင်လော့ဟုဆိုကုန်၏၊ထို သူကြွယ်လည်း မယား၌ချစ်ခြင်းကြောင့်ဆောင်ခြင်းငှာအလိုမရှိ၊ထိုအခါ သူကြွယ်၏မယားသည် ထိုအကြောင်းကို ကြား၍ လင်ကို "သခင်........ ငါကား မြုံ၍ သားမမွေးဖွား တပါးသောမိန်းမကိုဆောင်လော့၊သင်၏

အမျိုးအနွယ်သည် မပြတ်စေလင့်'' ဟု ဆို၏၊ လင်လည်း မယားသည် နှိပ်စက်ရကား တပါးသော မိန်းမကိုဆောင်လေ၏၊ အခါတပါး နောက်မယားသည် ကိုယ်ဝန်တည်လေ၏၊ မယားကြီးလည်း ဤမိန်းမသည် သားရမူကား အလုံးစုံသောအိမ်ကိုအစိုးရလတ္တံ့ဟု ငြူစူသောကြောင့် ထိုမိန်းမ၏ကိုယ်ဝန်ကျကြောင်းကိုရှာသော် အမှတ် မရှိသော ပရိဗိုဇ် တယောက်ကို ထမင်းအဖျော် အစရှိသည်တို့ဖြင့် ချီးမြှောက်၍ ထိုပရိဗိုဇ်ကို ထိုမိန်းမအား ကိုယ်ဝန်ကျသော ဆေးကိုပေးစေ၏၊ ထိုမိန်းမလည်း ကိုယ်ဝန်ကျသည်ကို မိမိအမိအားကြား၏၊ အမိလည်း မိမိဆွေမျိုးတို့နှင့် တိုင်ပင်၍ မိန်းမမြုံကို ''သင်သည် ဤမိန်းမ၏ ကိုယ်ဝန်ကိုကျစေသလော'' ဟုဆို၏၊ ''ငါသည်မချ''ဟုဆိုသော် ''အကယ်၍သင်သည်မချငြားအံ့၊ ကျိန်လော့'' ဟုဆို၏။ မိန်းမမြုံလည်း ''အကယ်၍ ငါသည် ဤကိုယ်ဝန်ကိုချငြားအံ့၊ ဒုဂ္ဂတိသို့လားသည်ဖြစ်၍ ငတ်မွတ်ခြင်းဖြင့်နှိပ်စက်လျက်နံနက်ငါးယောက် ညငါးယောက်တကျိပ်မျှလောက်သော သားကိုဖွား၍ စားသော်လည်း ရောင့်ရဲခြင်းသို့ မရောက်သည် ဖြစ်ပါစေ၊ ယင် တလှောင်း လှောင်းနှင့် မကောင်းသောအနံ့ရှိသည်ဖြစ်ပါစေ''ဟု မုသား ပျက်ကွယ်၍ ကျိန်တွယ်သစ္စာဆို၏၊ ထိုမိန်းမမြုံလည်းမကြာမြင့်မီသေလွန်၍ ထိုရွာ၏အနီးအပါးဝယ် ကျိန်တွယ်သည့်အတိုင်း ပြိတ္တာမ ဖြစ်လေ၏၊ ထိုအခါ ဇနပုဒ်၌ ဝါမှ ထမြောက်သော ရှစ်ယောက်သော မထေရ်တို့သည် ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ သာဝတ္ထိပြည်သို့ လာကုန်သော် ထိုရွာ၏ အနီးအရပ်ရေနှင့် ပြည့်စုံသောတောအရပ်၌ နေခြင်းသို့ ကပ်ကုန်၏၊ ထိုအခါ ပြိတ္တာမသည် မိမိကိုယ်ကို မထေရ်တို့အားပြ၏၊ သံဃာ့ထေရ်သည် ပြိတ္တာမကို မြင်၍ အဝတ်လည်းမပါ အဆင်းလည်းမလှ ယင်တလှောင်းလှောင်းနှင့် မကောင်းသောအနံ့လည်း လှိုင်ပျံ၍၊ ''ငါတို့အနားမှာ ရပ်လာသူသည် အသူနည်း''ဟု မေး၏၊ အရှင်ဘုရား....အကျွန်ုပ်ကား ပြိတ္တာမတည်း၊ မကောင်းမှုကိုပြု၍ ပြိတ္တာဘုံသို့ ရောက်၍၊ နံနက်အခါ သားငါးယောက်၊ ညချမ်းအခါသားငါးယောက်ကိုဖွား၍ သားတကျိပ်လောက် ကိုနေ့တိုင်းစားရသည်၊ ယင်းသို့စားသော်လည်း ငတ်မွတ်ခြင်းမပြေ၊ သောက်ရေကိုလည်း မသောက်ရ၊ ဆင်းရဲခြင်းသို့ရောက်သော အကျွန်ုပ်ကိုရှုတော်မူပါဟု လျှောက်၏၊ သံဃာ့ထေရ်လည်း အဘယ်မကောင်းမှုကြောင့် သား၏အသားကိုစားရသနည်း ဟု မေးတော်မူလျှင် လင်ဟုမိန်းမ၏ ကိုယ်ဝန်ကိုလည်း ချခဲ့ဖူးသည်၊

မုသားဝှက်ကွယ်၍ ကျိန်တွယ်ခြင်းအမှုကိုလည်း ပြုခဲ့ဖူးသည်၊ ထိုနှစ်ပါး စုံ၏အကျိုးကို အကျွန်ုပ်ခံစားရသည်ဟု လျှောက်၏။

တဿ ကမ္မဿ ဝိပါကံ, မုသာဝါဒဿ စူဘယံ။

(ပေတဝတ္ထု ပါဠိတော်)

တဿာကမ္မဿ၊ ထိုလင်တူမိန်းမ၏ ကိုယ်ဝန်ကိုချသောပါဏာတိပါတ မကောင်းမှုကံ၏လည်းကောင်း။ မုသာဝါဒဿစ၊ မုသားဆိုခြင်း၏လည်း ကောင်း။ ဥဘယဿ၊ နှစ်ပါးစုံသော ကံ၏၊ ဝိပါကံ၊ အကျိုးတည်း။

မထေရ်တို့သည် သံဝေဂရကြကုန်၏- ပြိတ္တာမလည်း မိမိ၏ ကံကို ကြားပြီးလျှင် အရှင်ဘုရားတို့........အကျွန်ုပ်ကားဤရွာ၌ဤအမည်ရှိသော သူကြွယ်၏မယားတည်း၊ ငြူစူခြင်းဖြင့် နှိပ်စက်၍ မကောင်းမှုကိုပြုသော ကြောင့် ဤပြိတ္တာဘုံ၌ ဖြစ်ရ၏၊ တောင်းပန်ပါ၏၊ အရှင်ဘုရား တို့သည် ထိုသူကြွယ်အိမ်သို့ ဆွမ်းခံဝင်တော်မူကြပါ၊ ထိုသူကြွယ်သည် အရှင်ဘုရား တို့အားလှူလတ္တံ့၊ ထိုအလှူ၏ အဖို့ကို အကျွန်ုပ်အား အမျှဝေပါစေ၊ ယင်းသို့ ဝေသည်ရှိသော် အကျွန်ုပ်အား ဤပြိတ္တာဘဝမှ လွတ်လတ္တံ့ဟု လျှောက်၏၊ မထေရ်တို့လည်း ထိုစကားကိုကြား၍ အစဉ် သနားသဖြင့် ပြိတ္တာဘဝမှ လွတ်ခြင်းသဘော၌ တည်ကုန်၍ ထိုသူကြွယ်၏အိမ်သို့ ဆွမ်း အလို့ငှာ ဝင်ကြကုန်၏၊ သူကြွယ်သည်း မထေရ်တို့ကို မြင်လျှင် ကြည်ညို ရကားဘောဇဉ်ကို လှူခြင်းငှာအားထုတ်၏၊မထေရ်တို့လည်းထိုအကြောင်း ကိုသူကြွယ်အားကြား၍ ထိုဒါနကို ပြိတ္တာမအား အမျှဝေစေ၏၊ ပြိတ္တာမ လည်း ထိုခဏ၌ပင် ဒုက္ခမှလွတ်၍ နတ်စည်းစိမ်းကို ရလတ်သော် ညအခါ လာ၍ သူကြွယ်အား ကိုယ်ကိုပြ၏၊ ဤဆင်းရဲခံရသော ပြိတ္တာမ၏ ဝတ္ထု သက်သေစကားကို ကြား ိရသော သူတော်ကောင်းတို့အား ပေတဒုက္ခ ကား ကြောက်လောက်ဖွယ်တကားဟု သံဝေဂ ဏ်ဖြစ်ကောင်းဖွယ် ရှိ၏။

---

၁၀၃- မစ္ဆေရတရားကြောင့် ပြိတ္တာဖြစ်၍ အချင်-ချင်း၏သွေးပြည်ကိုစားသောက်သော ပုဏ္ဏားလင်မယားဝတ္ထု

တရံသောအခါ အရှင်သံကိစ္စသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌နေတော်မူ၏၊ ထိုအခါ ဗာရာဏသီပြည်၌ မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏားတယောက်အား သားနှစ်ယောက်၊ သမီးတယောက် တို့သည် ရှိကုန်၏၊ ထိုသုံးယောက်တို့တွင် သားကြီးသည် ဥပါသကာ

တယောက်၏ အဆွေခင်ပွန်းဖြစ်၏၊ ထိုဥပါသကာသည် ထိုသူ့ကိုခေါ်ပြီးလျှင် အရှင်သံကိစ္စ၏အထံသို့ သွား၏၊ အရှင်သံကိစ္စလည်း ထိုသူ့အားတရားဟောတော်မူ၏၊ ထိုသူသည်လည်း နူးညံ့သော စိတ်ရှိ၏၊ ထိုအခါဥပါသကာက သင်လည်း ရဟန်းတပါးအား နိစ္စဘတ်ကို လှူလော့ဟုဆိုသော် ပုဏ္ဏားဖြစ်သော ငါတို့ကားရဟန်းတို့အားလှူမြဲအလေ့အကျက်မဟုတ်ဟုဆို၏၊ယင်းသို့သော် ငါ့အားတခုသောဘတ်ကို ပေးလတ္တံ့လော၊ မပေးလတ္တံ့သောဟုဆိုသော် အဘယ့်ကြောင့် မပေးပဲ ရှိအံ့နည်းပေးမည်ဟုဆို၏၊ အကယ်၍ အကြင်ဘတ်ကို ငါ့အား ပေးငြားအံ့၊ ထိုဘတ်ကို ရဟန်းတပါးအား လှူဟု ဆိုသော် ထိုသူလည်း ကောင်းပြီဟု ဝန်ခံ၍ နှစ်ရက်မြောက်သော နေ့၌ စောစော ကျောင်းသို့ သွားပြီးလျှင် ရဟန်းတပါးကိုပင့်၍ ဆွမ်းကျွေး၏၊ ဤသို့ ကာလရှည်လျား လတ်သော်ရဟန်းတို့၏အကျင့်ကိုမြင်၍ တရားကိုလည်းကြားနာရ၍ ထိုသူ၏ ညီငယ်နှမငယ်တို့လည်း သာသနာတော်၌ အလွန်ကြည်ညိုကုန်သည်ဖြစ်၍ ကောင်းမှု၌မွေ့လျော်ကုန်၏၊ ဤသို့လျှင် မောင်နှမသုံးယောက်တို့သည် စည်းစိမ်အားလျော်စွာ ဒါနစသော ကောင်းမှုဘို့ကို ပြုကုန်လျက် ရဟန်းပုဏ္ဏားတို့ကိုရိုသေကုန်၏၊ မိဘတို့ကား သဒ္ဓါတရားမရှိကုန်သည်ဖြစ်၍ ကောင်းမှုတို့ကိုမပြုကုန်၊ ထိုသူတို့၏သမီးကို ဦးရီးသား၏အကျိုးငှာတောင်းကုန်၏၊ဦးရီးသားလည်း တရားသံဝေဂရသောကြောင့် အရှင်သံကိစ္စ၏အထံ၌ ရဟန်းပြု၍ အိမ်သို့ဆွမ်းစား မပြတ်သွား၏၊ ထိုသာမဏေကို အမိသည်အရီးသမီးနှင့်ဖြားယောင်း၏၊ထို့ကြောင့် သာမဏေသည်ဆန့်ကျင်ရကား ဥပဇ္ဈာယ်သို့ ကပ်ပြီးလျှင် "အရှင်ဘုရား.......အကျွန်ုပ်ကား လူထွက်ချင်ပါသည်။ ခွင့်ပြုတော်မူပါ" ဟု လျှောက်၏၊ ဥပဇ္ဈာယ်လည်း ထိုသာမဏေ၏ဥပနိဿယကို မြင်သော်ကြောင့် "ငါ့ရှင်သာမဏေ တလမျှ ငံ့ဦး" ဟု မိန့်တော်မူ၏၊ သာမဏေလည်း ကောင်းပြီဟု ဝန်ခံ၍ တလ လွန်သော်လျှောက်မြဲလျှောက်၏၊ ဥပဇ္ဈာယ်လည်း လခွဲငံ့ဦးဟု ဆို၍ လခွဲလွန်သော်ခုနစ်ရက်ငံ့ဦးဟုဆို၏၊ သာမဏေလည်းကောင်းပြီဟု ဝန်ခံ၏၊ ထိုအခါခုနစ်ရက်အတွင်း၌ သာမဏေအရီး၏အိမ်သည် လေကြမ်းမိုးကြမ်းတိုက်၍လဲပြိုခဲ့၏၊ ပုဏ္ဏားလင်မယား သားသမီးသုံးယောက်တို့သည် အိမ်ပိ၍သေကုန်၏၊ ပုဏ္ဏားလင်မယားတို့ကား ပြိတ္တာဖြစ်ကုန်၏၊သားသမီးသုံးယောက်တို့ကား ဘုမ္မစိုးနတ် ဖြစ်ကုန်၏၊ ထိုသုံးယောက်တို့တွင် အစ်ကိုကြီးကား

ဆင်ယာဉ်၊ ညီငယ်ကားမြင်းယာဉ်၊ နှမငယ်ကား ရွှေထမ်းစင်ရ၏၊ ပုဏ္ဏား လင်မယားတို့ကား ကြီးစွာသော ဆောက်ပုတ်တို့ကို ကိုင်ပြီးလျှင် အချင်းချင်းရိုက်နှက်ကုန်၏၊ ရိုက်နှက်ရာမှ အိုးစရည်းဖမာဏ အိုင်းအဖုံသည်ထ၍ တခဏခြင်းမှည့်ပြီးလျှင် ပေါက်ကွဲ၏၊ ထိုလင်မယားတို့သည်အချင်းချင်း၏ အိုင်းအမာဖုကိုဖောက်ခွဲပြီးလျှင် အမျက်ဖြင့် နှိပ်စက်ကုန်သည် ဖြစ်၍ ခြိမ်းခြောက်ကုန်လျက် သွေးကိုသောက်ကုန်၏၊ ယင်းသို့ သောက်ကုန်သော်လည်း ချင်ရဲမပြေကုန်။

ထိုအခါ သာမဏေသည် လူထွက်ချင်ရကား ဥပဇ္ဈာယ် ထံသို့ ကပ်၍ အရှင်ဘုရား....ဝန်ခံအပ်သော ရက်တို့ကားလွန်ကုန်ပြီ၊ ခွင့်ပြုတော် မူပါလော့၊ အိမ်သို့ သွားပါတော့မည်ဟု လျှောက်၏၊ ထိုအခါ သာမဏေကို ဥပဇ္ဈာယ်က နေဝင်လတ်သော် လပြည့်ကျော် တဆယ့်လေးရက်နေ့၌ လာ သာမဏေဟု ခေါ်ပြီးလျှင် ဣသိပတနကျောင်း၏နောက်နံပါး၌ အတန် ငယ်သွားရှိရပ်၏၊ ထိုအခါ နတ်သားနှစ်ယောက်တို့သည် နှမငယ်နှင့်တကွ ထိုလမ်းခရီးဖြင့်သာ နတ်အစည်းအဝေးသို့ သွားကြကုန်၏၊ ထိုသူတို့၏ မိဘတို့သည်ကား ဆောက်ပုတ်လက်စွဲကုန်လျက် မည်းညစ်သော အဆင်း ရှိကုန်လျက်, ကြမ်းတမ်းသော စကားရှိကုန်လျက်,နှောင့်ယှက်သော ဆံပင် ကိုဖားရားချကုန်လျက် မီးလောင်သော ထန်းငုတ်နှင့် တူကုန်သည်ဖြစ်၍ လျှောကျသော သွေးပြည်ဖြင့် အလိမ်းအလိမ်းကပ်သောကိုယ်ရှိကုန်လျက် အလွန်လျှင် စက်ဆုပ်ဖွယ် မတင့်တယ်သော အဆင်းရှိ ကုန်သည် ဖြစ်၍ သားသမီးတို့နောက်၌ အစဉ်လိုက် ကုန်၏၊ ထိုအခါ အရှင်သံကိစ္စသည် သာမဏေမြင်အောင် တန်ခိုးဖန်ဆင်း၍ သာမဏေကို "မြင်၏လော" ဟု မေး၏၊ "မြင်ပါ၏ဘုရား" ဟု လျှောက်ထားသော် "ယင်းသို့ တပြီးကား ဤသူတို့ ပြုအပ်သောအမှုကိုမေးလော့" ဟု ဆို၏၊ သာမဏေလည်း ဆရာ ဆိုတိုင်း မေးသော် နတ်သားနတ်သမီးတို့လည်း အကြောင်းကိုပြန်ကြား ကုန်၏၊ နောက်ကလာသောပြိတ္တာတို့ကို မေးလော့ဟု ဆိုသော် သာမဏေ လည်းရှေ့ဆုံးနတ်သားကား ဆင်ယာဉ်နှင့်သွားသည်၊ အလယ်နတ်သား ကား မြင်းယာဉ်နှင့်သွားသည်၊ နောက်က နတ်သမီးကား ရွှေထမ်းစင်နှင့် သွားသည်၊ သင်တို့မှာမူကား မအပ်မရာ အဘယ့်ကြောင့် ဤသို့ ပြုကြ သနည်းဟု မေး၏၊ ပြိတ္တာတို့လည်းရှေ့ဆုံးနတ်သားကား သားကြီး အလယ် နတ်သားကားသားလတ် နောက်နတ်သမီးကားသမီးငယ်တည်း၊ ထိုသူတို့သည်

ဝန်တိုခြင်း မရှိ၊ ရဟန်းပုဏ္ဏားတို့အားလှူဒါန်း၍ ဤသို့သော စည်းစိမ်ကို ရကြကုန်သည်၊ ငါတို့ကား ဝန်ကုန်သည်ဖြစ်၍ ရဟန်း ပုဏ္ဏား တို့အား ဆဲရေးသော မကောင်းမှုကြောင့် ဤသို့ဖြစ်ရသည်ဟု ဆိုပြီးလျှင်''သာမဏေ ငါတို့ကား သင်၏ ဦးရီး အရီးတို့ပင်တည်း'' ဟု ကြားကုန်၏၊ သာမဏေ လည်း ထိုစကားကိုကြား၍ အလွန်ထိတ်လန့်ရကား လူထွက်ချင် ခြင်းကို ဖျောက်၍ ဥပဇ္ဈာယ်၏ခြေရင်း၌ ဝပ်လျက်'' အရှင်ဘုရား....အကျွန်ုပ်အား အရှင့်ဘုရားကြောင့်သာ အကျိုးမဲ့ မဖြစ်ရသည်၊ ယခုအခါ ဃရာဝါသဖြင့် အလိုမရှိ၊ ဗြဟ္မစရိယကို ဖြည့်ကျင့်ခြင်း၌ မွေ့လျော်ပါအံ့''ဟု လျှောက်၏၊ ဥပဇ္ဈာယ်ဆရာအရှင်သံကိစ္စလည်း ထိုသူ၏အလိုနှင့်လျော်စွာကမ္မဋ္ဌာန်းကို ပေး၍ အားထုတ်စေလျှင် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ဤပုဏ္ဏား လင်မယား၏ ဆင်းရဲခံရသော ဝတ္ထုသက်သေစကားကိုကြားသိ ရကုန်သော သူတော်ကောင်းတို့အား ပေတ ဒုက္ခကား ကြောက်လန့်ဖွယ် တကားဟု သံဝေဂဉာဏ်ဖြစ်ကောင်းဖွယ်၍။

### ၁၈၄-ရဟန်းသံဃာအား ပေးလှူသည်ကိုဆဲရေးကျိန်ဆိုသော မကောင်းမှုကြောင့် သွေးပြည် မစင်ဘင်ပုပ် စား၍ သံပြားပုဆိုးကို ဝတ်ရသော ပြိတ္တာမဝတ္ထု

တရံရောအခါ အကျိပ်နှစ်ယောက်သော ရဟန်းတို့သည် သဗ္ဗညုဘုရား အထံမှ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် နေခြင်းငှာ လျောက်ပတ်သော အရပ်ကို ရှာကုန်သော် ဝါကပ်ခြင်းငှာ နီးရကား အရိပ်ရေနှင့် ပြည့်စုံသည် ဖြစ်၍ မွေ့လျော်ဖွယ်ရှိသော တောအုပ် တခုကိုလည်းကောင်း ထိုတောအုပ်၏ မဝေးလွန်းသော အရပ်၌ ရွာတခုကိုလည်းဂကောင်း မြင်၍ တောအုပ်၌ တညဥ့်နေပြီးသည်နောက် နှစ်ရက်မြောက်သော နေ့၌ ထိုရွာသို့ ဆွမ်းခံ ဝင်ကုန်၏၊ ထိုရွာ၌လည်းတကျိပ်တယောက်သော ယက်ကန်းသည်တို့သည် နေကြကုန်၏၊ ထိုယက်ကန်းသည် တို့သည် ထိုရဟန်းတို့ကို မြင်ကုန်လျှင် ကြည်ညို ရှင်လန်းကုန်သည်ဖြစ်၍ မိမိအိမ်သို့ ပင့်ပြီးလျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးကုန်၍'' အဘယ်အရပ်သို့အရှင်ဘုရားတို့ ကြွတော်မူကြကုန်မည်နည်း''ဟု မေးကုန်၏၊''ချမ်းသာရာ အရပ်ကို ငါတို့ ရှာကုန်သည်''ဟု ဆိုသော်''ယင်းသို့ တပြီးကားအရှင်ဘုရားတို့ဤအရပ်၌ ဝါကပ်တော်မူကြပါကုန်''ဟုတောင်းပန်ကုန်၏၊ ရဟန်းတို့လည်း ဝန်ခံ

ကုန်၏၊ယက်ကန်းသည်တို့လည်းရဟန်းတို့အား ကျောင်းသင်္ခမ်းစသည်ကို ဆောက်လုပ်၍ပေးကုန်၏၊ ရဟန်းတို့လည်း ထိုကျောင်း၌ ဝါကပ်ကုန်၏၊ ယက်ကန်းသည်ကြီးကား ရဟန်းနှစ်ပါးတို့ကို လုပ်ကျွေး၏၊ ကြွင်းသော ယက်ကန်းသည်တို့ကား တပါး,တပါးစီလုပ်ကျွေးကုန်၏။ ယက်ကန်းသည်ကြီး၏မယားကား မသဒ္ဓါမကြည်ညို ဝန်တိုမိစ္ဆာရှိသည်ဖြစ်၍ရဟန်းဘို့ကို ရိုသေစွာ မလုပ်ကျွေး၊ လင်သည် ထိုအခြင်းအရာကို မြင်၍ ထိုမယား၏ ညီမကို ဆောင်ပြီးလျှင် အိမ်၌ စည်းစိမ်အလုံးစုံကို အကုန်ဆောင်နှင်း၏၊ ထိုမိန်းမကား သဒ္ဓါကြည်ညို၏၊ဝန်တိုမိစ္ဆာမရှိ၊ရဟန်းတို့ကို အရိုအသေ လုပ်ကျွေး၏၊ထိုယက်ကန်းသည်တို့လည်း ဝါကျွတ်လျှင် ရဟန်းတယောက် တယောက်အားသင်္ကန်းတထည် တထည်စီလှူကုန်၏၊ ဝန်တိုသောမိန်းမလည်း ပဒုဋ္ဌစိတ်ဖြင့် မိမိလင်ကို "သင်သည်ရဟန်းအား အကြင် ထမင်းအဖျော်ကိုလှူ၏၊ထိုထမင်းအဖျော်သည်သင့်အား တမလွန်ဘဝ၌ကျင်ကြီးကျင်ငယ်သွေးပြည်ဖြစ်ပါစေ၊ပုဆိုးတို့လည်း အလျှံပြောင်ပြောင် တောက်သော သံပြားဖြစ်ပါစေ"ဟု ကျိန်ဆဲ၏၊ယက်ကန်းသည်ကြီးသည်နောက်အခါ သေလွန်၍ ဝိဥ္ဈာဋဝီတော၌ အာနုဘော်နှင့်ပြည့်စုံသော ရုက္ခစိုးနတ်ဖြစ်၏၊ ဝန်တိုသောမယားကြီးကားသေ၍ ထိုရုက္ခစိုးနတ်၏ အနီးအပါးအရပ်၌ ပြိတ္တာမဖြစ်လေ၏၊ထိုပြိတ္တာမသည် အဝတ်မပါ ယုတ်မာသောအဆင်းရှိသည်ဖြစ်၍ ငတ်မွတ်ခြင်းဖြင့်နှိပ်စက်လျက် ရုက္ခစိုးနတ်၏ အထံသို့သွားပြီးလျှင် "သခင်... ငါကားအဝတ်မဝတ်ရ၊အလွန်လျှင်ဆာလောင်မွတ်သိပ်၏၊ အဝတ်၊ထမင်း၊အဖျော်ပေးပါ"ဟု ဆို၏၊ ရုက္ခစိုးနတ်လည်း ထိုပြိတ္တာမအားများစွာသော ထမင်း၊ အဖျော်၊ အဝတ်ပုဆိုးကို ပေး၏၊ ထိုပြိတ္တာမသည် ယူကာမျှပင်လျှင်ထမင်း အဖျော်သည် ကျင်ကြီးကျင်ငယ်သွေး ပြည် ဖြစ်လေ၏၊ ပုဆိုးလည်း ဝတ်ကာမျှပင် အလျှံ ပြောင်ပြောင် တောက်သော သံပြားဖြစ်လေ၏၊ ပြိတ္တာမလည်းမဟာဒုက္ခကိုခံစားလျက် ထမင်းအဖျော်အဝတ်ပုဆိုးကို စွန့်လွှတ်ပြီးလျှင်ငိုကြွေးလျက်လှည့်လည်၏။

ထိုအခါ ရဟန်းတယောက်သည် ဝါကျွတ်လျှင်ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ များစွာသောလှည်းကုန်သည်တို့နှင့်တကွ ဝိဥ္ဈာဋဝီ တောခရီးကို သွား၏၊ လှည်းသားတို့သည်ညအခါသွား၍ နေ့အခါ ရေရှိရာ အရပ်ကို မြင်လျှင် လှည်းတို့ကိုချွတ်၍ အပင်အပန်းဖြေကြကုန်၏၊ ထိုရဟန်းလည်း ဝိဝေကကိုလိုသဖြင့် အတန်ငယ်ဖဲ၍ အမှတ်မရှိသော တောချုံဖြင့်ဖုံးလွှမ်း

သော သစ်ပင်ရင်း၌ ဒုကုဋ္ဌကိုခင်း၍ လျောင်းသော် အိပ်ပျော် ခြင်းသို့ ရောက်လေ၏၊ လှည်းသားတို့ထ၍ သွားသော်လည်း ထိုရဟန်းသည်မနိုး၊ ညချမ်းသောအခါနိုး၍ ကြည့်လတ်သော်လှည်းတို့ကိုမမြင်ရကားခရီးမှား ကို ယူ၍ လိုက်သွားသော် ထိုရုက္ခစိုး နယ်၏နေရာသို့ ရောက်လေ၏၊ ထိုအခါ နတ်သားသည် ရဟန်းကိုမြင်၍ လူ၏အသွင်ဖြင့် ကပ်လျက်မိမိ ဗိမာန်သို့သွင်း၍ နယ်ဆီအစရှိသည်တို့ကို ပြုလျက် ဆည်းကပ်၍ နေ၏။ ထိုအခါ ပြိတ္တာမလည်းလာ၍ ''ထမင်းအဖျော်အဝတ် ပုဆိုးပေးပါသခင်'' ဟု ဆို၏၊ နတ်သားလည်းပေး၏၊ ပြိတ္တာမလည်းကိုင် ကာမျှလျှင်ကျင်ကြီး ကျင်ငယ် သွေးပြည် အညှီတောက်သော သံပြားဖြစ်ကုန်၏၊ရဟန်းလည်း ထိုအခြင်းအရာကိုမြင်၍ ဤမိန်းမသည် ကျင်ကြီးကျင်ငယ်သွေးပြည် တို့ကို စား၏၊ အဝတ်လည်း အလျှံပြောင်ပြောင်တောက်သော သံပြားဖြစ်ခဲ့၏၊ အဘယ်မကောင်းမှု၏ အကျိုးနည်းဟု နတ်သားကိုမေး၏၊နတ်သားလည်း ရှေးမကောင်းမှုကိုပြလျက် ''ဤမိန်းမကား ရှေးဘဝကအကျွန်ုပ်မယားဖြင် မသဒ္ဓါ မကြည်ညို ဝန်တိုမိစ္ဆာကြီး၏၊ ရဟန်းပုဏ္ဏားတို့အားပေးလှူသော အကျွန်ုပ်ကို ဆဲရေး၏၊ထိုဆဲရေးခြင်းအမှုသည်အကျွန်ုပ်ထိပ်ပေါ်သို့မလာ၊ သူ့ထိပ်ပေါ်မှာ ပြန့်၍ကျလေ၏''ဟု လျှောက်၏၊ ဤသို့ နတ်သားသည် ထိုမိန်းမပြုအပ်သောအမှုကိုကြားသိလျှင် ''အရှင်ဘုရား....ဤမိန်းမ၏ပြိတ္တာ ဘဝမှ လွတ်ခြင်းငှာ တစုံတခုသော အကြောင်းသည် ရှိပါသလော'' ဟု လျှောက်၏၊ ရှိ၏ဟု ဆိုသော် မိန့်တော်မူပါဟုမေးလျှောက်၏၊ ''သမ္ဗုဒ္ဓ ဘုရားအား လည်းကောင်း၊ အရိယာ သံဃာတော်အား လည်းကောင်း တယောက်သောရဟန်းအားလည်းကောင်း၊ အလှူပေး၍ ဤပြိတ္တာမအား အကယ်၍ အမျှဝေငြားအံ့၊ ဤပြိတ္တာမလည်း ထိုဒါနကို အကယ်၍ အနု မောဒနာပြုငြားအံ့၊ ယင်းသို့ အမျှဝေ၍ အနုမောဒနာ ပြုသည် ရှိသော် ဤမိန်းမအား ပြိတ္တာဘဝမှလွတ်လတ္တံ့''ဟု ဆို၏။

ယဒိ ဘဂဝတော အရိယသံဃဿစ ဧကဿဝ ဝါ ဘိက္ခုနော ဒါနံ ဒတွာ ဣမိဿာ ဥဒ္ဒိသတ်၊ အယဉ္စတ် အနုမောဒတ်၊ ဝေမေတိုဿာ ဣတော ဒုက္ခတော မုတ္တိ သဝိဿတီတ်။

(ပေတဝတ္ထု၊ အဋ္ဌကထာ)၊

ဘဂဝတောစ၊ အားလည်းကောင်း၊ အရိယသံဃဿစ၊ အားလည်း ကောင်း၊ ဧကဿဝ၊တယောက်သာလျှင်ဖြစ်သော။ ဘိက္ခုနော ဝါ၊ အား သွန်စာပေ- ၇၆။

လည်းကောင်း။ ဒါနံ၊ ကို။ ဒတွာ၊ ၍။ ဣမိဿာ၊ ဤပြိတ္တာမအား။ ယဒိုဥဒ္ဒိသတိ အကယ်၍ အမျှဝေငြားအံ့။ အယဥ္စ၊ ဤပြိတ္တာမသည်လည်း။ တံ၊ ထိုဒါနကို။ ယဒိ အနုမောဒတိ၊ အကယ်၍ဝမ်းမြောက်ငြားအံ့၊ ဧဝံ၊ ဤသို့ဝမ်းမြောက်သည်ရှိသော်။ ဧတိဿာ၊ ထိုမိန်းမအား။ ဣတော ဒုက္ခတော၊ ဤပေတဒုက္ခမှ၊ မုတ္တိ၊ လွတ်ခြင်းသည်။ ဘဝိဿတိ၊ လတ္တံ့။

ထိုစကားကိုကြား၍ နတ်သားလည်း ထိုရဟန်းအား မွန်မြတ်သော ထမင်းအဖျော်တို့ကိုလှူပြီးလျှင် ထိုဒါနကိုပြိတ္တာမအား အမျှဝေ၏၊ ထိုခဏ၌ပင် ပြိတ္တာမအား ဝပြောသည်ဖြစ်၍ ပြည့်ဖြိုးသော ဣန္ဒြေ ရှိလျက် နတ်၏ အစာအာဟာရဖြင့်ရောင့်ရဲ၏၊ တဖန် ထိုရဟန်း၏ လက်၌ သာ နတ်ပုဆိုးတစုံကို သင်္ဃာ့ဘုရားကိုရည်မှတ်၍ လှူပြီးလျှင် ပြိတ္တာမအား အမျှဝေ၏၊ ထိုခဏ၌ ပြိတ္တာမအား နတ်ဝတ် ပုဆိုး တန်ဆာပြင့် တင့်တယ်သည်ဖြစ်၍ အလိုခပ်သိမ်းနှင့်ပြည့်စုံလျက်နတ်သမီးနှင့်တူ၏၊ ထိုရဟန်းလည်း နတ်သား၏ တန်ခိုးအားဖြင့် ထိုနေ့၌ပင် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ပြီးလျှင် ဘုရားသခင် အထံသို့ကပ်၍ ရှိခိုးလျက်ပုဆိုးတစုံကိုလှူ၍ ထိုအကြောင်းကိုလျှောက်၏၊ သင်္ဃာ့ဘုရားလည်း ထိုထိုအတ္ထုပ္ပတ္တိ ပြုတော်မူ၍ ရောက်လာသော ပရိသတ်တို့အား တရားဟောတော်မူ၏၊ ဣဿာမစ္ဆရိယကြောင့် ဤမိန်းမ၏ ပြိတ္တာ ဖြစ်ရသော အကြောင်းကိုကြားသိကုန်သော သူတော်ကောင်းတို့အား ပေတဒုက္ခကား ကြောက်လောက်ဖွယ် တကားဟု သံဝေဂ ဖြစ်ကောင်းဖွယ်ရှိ၏။

---

## ၁၇၅- ချိန်စဉ်းလဲ တင်းစဉ်းလဲ စသည်ကိုပြု၍ ပြိတ္တာဘုံ၌ ဆင်းရဲအသီးသီးတို့ကို ခံစားရသော ကုန်သည်လင်မယား သား ချွေးမ လေးယောက်တို့ ဝတ္ထု

သာဝတ္ထိပြည်၏ အနီး ရွာငယ်တခု၌ ကောက်ကျစ် စဉ်းလဲသော ကုန်သည်တယောက်သည် ချိန်စဉ်းလဲ တင်းစဉ်းလဲ အသပြာစဉ်းလဲ တို့ဖြင့် အသက်မွေး၏၊ ထိုကုန်သည်လည်း သလေးစပါးဖျင်းတို့ကို မြေနီဖြင့်ထုံလျက် လေးသည်တို့ကိုပြု၍ နီသောသလေးစပါးတို့နှင့် ရောနှော၍ ရောင်းစား၏၊ ထိုကုန်သည်၏ သားသည်လည်း အိမ်သို့လာသော ငါ့ အဆွေ ခင်ပွန်း ချစ်ကျွမ်းဝင်သူတို့အား မြတ်နိုးခြင်းကို မပြုဟုအမျက်ထွက်ရကား သားရေထမ်းပိုးကို ကိုင်ပြီးလျှင် အမိ၏ထိပ်၌ ရိုက်ခတ်၏၊ သား၏မယား

ချွေးမလည်း ခပ်သိမ်းသောသူတို့ အကျိုးငှာ ထားအပ်သော အမဲသားကို စားသောကြောင့် တဖန်ထိုသူကမေးမြန်းစိစစ်သော် "အကယ်၍ငါသည် ထိုအမဲသားကို ခဲငြားအံ့၊ ဘဝတိုင်း ဘဝတိုင်း၌ ငါ၏ ကျောသားကို ငါနုတ်၍ စားရစေသော" ဟု မုသားဝှက်ကွယ် ကျိန်တွယ်၏၊ ကုန်သည်၏ မယားလည်း သူတပါးတို့ကစိုးစဉ်းသောအိုးဆောက်အအုံကိုတောင်းသည် ရှိသော် မရှိဟုဆိုလျှင် ထိုသူတို့အနိုင်အထက် တောင်းရကား အကယ်၍ ထင်ရှားရှိလျက်ကို မရှိဟု ဝှက်ကွယ်ချေသော် ဖြစ်တိုင်းသော ဘဝ၌ပင် မစင်ကို စားရသည် ဖြစ်ပါစေသော ဟု မုသားပျက်ကွယ် ကျိန်တွယ်၏၊ ထိုလေးယောက်သားတို့သည် အခါတပါး၌သေကုန်သည်ရှိသော် ဝိဉ္ဈာဋဝီ တောအုပ်၌ပြိတ္တာဖြစ်ကုန်၏၊

ထိုလေးယောက်သော သူတို့တွင် ကုဋဝါဏိဇ္ဇသည် ကံ၏ အကျိုးကြောင့် အလျှံပြောင်ပြောင်တောက်သော ဖွဲကိုလက် နှစ်ဘက်ဘို့ဖြင့်ကျုံး ယူလျက် မိမိဦးခေါင်းထက်၌ လောင်းကြဲလျက်ဆင်းရဲများစွာကိုခံစားရ၏ သားသည် သံဆောက်ပုတ်တို့ဖြင့် မိမိအလိုလို မိမိဦးခေါင်းကိုခွဲ၍ ဆင်းရဲ အနပ္ပကကို ခံစားရ၏၊ ချွေးမလည်း ကံ၏ အကျိုးကြောင့် ထက်စွာသော အလွန်ကြီးကျယ် ရှည်လျားသော လက်သည်းတို့ဖြင့် မိမိ ကျောသားကို ခြစ်ခြုပ်လျက် နုတ်စားသည် ဖြစ်၍ များစွာသော ဆင်းရဲကို ခံစားရ၏၊ မယားအား စင်ကြယ်စွာသော ကောင်းသော အနံ့ရှိသော မည်းညစ်ခြင်း ကင်းသော သလေးထမင်းသည် ဆောင်ကာမျှပင် အထူးထူးသော ပိုးလောက်ဘို့ဖြင့် နှောက်နယ်သော မကောင်းသော အနံ့ရှိသောမစင်ဖြစ် လေ၏၊ ထိုမိန်းမသည် ထိုမစင်ကို လက်နှစ်ဘက်ဘို့ဖြင့် ယူစား လျက် အတိုင်းထက် အလွန် ဆင်းရဲကို ခံစားရ၏၊ ထိုသို့ ပြိတ္တာ လေးယောက်တို့ ဆင်းရဲခံရကုန်သည်ရှိသော် အရှင်မောဂ္ဂလာန်သည် ဒေသစာရီလှည့်လည် ရာတွင် တနေ့သ၌ ထိုအရပ်သို့ ရောက်၍ ထိုသူတို့ကိုမြင်လျှင် "သင်တို့တွင် တယောက်ကား အလျှံပြောင်ပြောင်တောက်သော ဖွဲကို ဦးခေါင်းထက်၌ ကြဲလျက်, တယောက်ကား သံဆောက်ပုတ်ဖြင့် ဦးခေါင်းကို ထုလျက်, တယောက်ကား ကိုယ့်ကျောသားကိုစားလျက် တယောက်ကား မစင်ကို စားလျက် နေရသည်၊ အဘယ်ကံ၏ အကျိုးနည်း" ဟု မေးတော်မူ၏၊ "အရှင်ဘုရား အကျွန်ုပ်ကား စဉ်းလဲသော ကုန်သည် ပြုလုပ် ခဲ့ဖူးသည်၊ ဤသူကားအမီကိုယ်ထိပ်၌ရိုက်ခဲ့ဖူးသည်၊ဤသူကားအမဲစားလျက် မစားဟု

မုသားပျက်ကွယ်၍ ကျိန်တွယ်ခဲ့ဖူးသည်၊ ဤသူကား ထင်ရှားရှိလျက်ကို မရှိဟု မုသားဆို၍ သစ္စာပြုခဲ့ဖူးသည်၊ ဤသို့သော မကောင်းမှု ကြောင့် အကျွန်ုပ်တို့ ဤသို့ခံစားရကုန်သည်''ဟု လျှောက်၏၊ မထေရ်လည်း သင်တို့ ပြုသောအမှုကားကြီးမားစွဟု သံဝေဂကိုဖြစ်စေ၏၊ မထေရ်လည်းထိုသူတို့ အကြောင်းကို သမ္ဗုဒ္ဓဘုရားအား လျှောက်ထား၏၊ သမ္ဗုဒ္ဓဘုရားလည်း ထိုထိုအတ္တုပ္ပတ္တိ ပြုတော်မူ၍ ရောက်လာသော ပရိသတ်တို့အား တရား ဟောတော်မူ၏၊ ပရိသတ်တို့လည်း သံဝေဂရကြကုန်၏၊ ယခုအခါ ထိုသူ တို့၏ ဆင်းရဲကို ကြားသိရသော သူတို့လည်း သံဝေဂရကောင်းဖွယ် ရှိ၏။

---

### ၁၈၆-ငရဲ၌ ဖြစ်ထိုက်သော အကုသိုလ်ကံရှိလျက် ရှင်သာရိပုတ္တရာကို ရှိခိုးရုံမျှဖြင့် ပြိတ္တာဘဝ၌သာ ဖြစ်ရသော သံသာရမောစကမိစ္ဆာဒိဋ္ဌိ မိန်းမတယောက် ဝတ္ထု

မဂဓတိုင်း၌ ဣဋ္ဌကဝတီရွာ ဒီဃရာဇိရွာဟူ၍ ရွာငယ် နှစ်ခု တို့သည် ရှိကုန်၏၊ ထိုရွာငယ်နှစ်ခုတို့၌ များစွာသော သံသာရ မောစက မိစ္ဆာဒိဋ္ဌိ တို့သည် နေကြကုန်၏၊ လွန်လေပြီးသောအခါ ဘုရားပွင့်တော်မမူမီအနှစ် ငါးရာထက်၌ မိန်းမတယောက်သည် ဣဋ္ဌကဝတီရွာ၌ အမှတ် မရှိသော သံသာရမောစက အမျိုး၌ ဖြစ်၍ မိစ္ဆာဒိဋ္ဌိ၏ အစွမ်းဖြင့် များစွာသော ပိုးဟပ်ပိုးနှံတို့ကိုသတ်၍ ပြိတ္တာတို့၌ ဖြစ်၏၊ ထိုမိန်းမသည် အနှစ်ငါးရာတို့ ပတ်လုံး ခုပ္ပိပါသစသော ဆင်းရဲကိုခံစားပြီးမှ ငါတို့ဘုရားသည်လောက၌ ပွင့်တော်မူ၍ ဓမ္မစကြာတရားကိုဟောကြားပြီးသော် အစဉ်သဖြင့်ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသည် ရှိသော် တဖန် လည်း ဣဋ္ဌကဝတီရွာ၌ပင် အမှတ်မရှိသော သံသာရ မောစကမျိုး၌ ဖြစ်ပြန်၍ အကြင်အခါ ခုနစ်နှစ်၊ ရှစ်နှစ်ရှိသော သူငယ်မတို့နှင့်တကွခရီးလမ်းကြား၌ ကစား၏၊ ထိုအခါ ရှင်သာရိပုတြာသည် ထိုရွာကိုအမှီပြု၍ အရုဏဝတီ ကျောင်း၌ နေတော်မူသည်ရှိသော် တနေ့သ၌ တကျိပ် နှစ်ယောက်သော ရဟန်းတို့နှင့်တကွ ထိုရွာတံခါး၏ အနီးအပါးဖြင့် ကြွသွား တော်မူ၏။ ထိုခဏ၌ များစွာသော သူငယ်မတို့သည် ထိုရွာမှထွက်၍ ရှိခိုးကြကုန်၏၊ ထိုသူငယ်မကား သူတော်ကောင်း တို့၏ အကျင့်မှ ကင်းသည်၏ အဖြစ် ကြောင့် ရှိမခိုးပဲ မရိုမသော အသရေမရှိ သကဲ့သို့ နေ၏၊ မထေရ်လည်း

ထိုသူငယ်မ၏ ရှေးအလေ့အကျက်ကိုလည်းကောင်း၊ ယခုသံသာရမောစက အမျိုး၌ဖြစ်ခြင်းကြောင့်လည်းကောင်း၊ နောင်အခါ ငရဲ၌ ဖြစ်ထိုက်သော အကုသိုလ်ကံကိုလည်းကောင်း၊ မြင်တော်မူ၍ အကယ်၍ ဤသူငယ်မသည် ငါ့ကိုရှိခိုးငြားအံ့ ငရဲမှလွတ်လတ္တံ့၊ ပြိတ္တာ၌သာ ဖြစ်လတ္တံ့၊ ငါ့ကိုမှီ၍ ချမ်းသာခြင်းကိုရလတ္တံ့ဟုသိတော်မူ၍ကရုဏာဖြင့်နှိုးဆော်တိုက်တွန်းသော စိတ်ရှိရကား သူငယ်မတို့ကို "သင်တို့ကားရှိခိုးကုန်၏၊ ဤသူငယ်မမူကား အသရေမရှိသကဲ့သို့တည်၍ အဘယ်ကြောင့်ရှိမခိုးသနည်း" ဟုမိန့်တော်မူ၏ ထိုအခါ အဖော်ဖြစ်သော သူငယ်မတို့သည် ထိုသူယုတ်မာကိုလက်တို့၌ ချီမ ဆွဲငင်ပြီးလျှင်အနိုင်အထက်အားဖြင့် မထေရ်၏ခြေတို့ကို ရှိခိုး စေကုန်၏၊ နောက်အခါ ထိုသူငယ်မသည် အရွယ်ရောက်သော် ဒီဃရာဇီရွာ၌ သံသာရ မောစကမိစ္ဆာဒိဋ္ဌိအယူရှိသော တယောက်သော အမျိုးသားနှင့် ပေးစား ထိမ်းမြား၍ကိုယ်ဝန်ရင့်လတ်သော် သေ၍ ပြိတ္တာအမျိုး၌ ဖြစ်လေ၏၊အဝတ် လည်းမဝတ်ရ၊ မလှသော အဆင်းရှိ၏၊ ထမင်းငတ်ခြင်း၊ ရေငတ်ခြင်းဖြင့် အလွန်နှိပ်စက်၏၊ အလွန်စက်ဆုပ်ဖွယ်သော အဆင်းရှိလျက် လှည့်လည် သော် ညအခါ ရှင်သာရိပုတ္တရာအား မိမိကိုယ်ကိုပြ၍ သင့်တင့်သောအရပ်၌ တည်၏၊မထေရ်လည်းမြင်၍ "အဆင်းအင်္ဂါယုတ်မာစွာနှင့်လာ၍ ရပ်သည် ကား အသူနည်း" ဟု မေးတော်မူ၏၊ "အရှင်ဘုရား........အကျွန်ုပ်ကား ပြိတ္တာမပါ" ဟု ဆိုသော် "အဘယ်ကြောင့် ပြိတ္တာမ ဖြစ်ရသနည်း" ဟု မေးတော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်ကားယုတ်မာသော အမျိုးသမီး ဖြစ်၍ ပေးကမ်းလှူဒါန်းခြင်းမရှိ၊ ဝန်တိုမိစ္ဆာနှင့်သာ ကာလကိုလွန်စေ၏၊ ထိုမှ ရှေးကာလ၌ ပြိတ္တာဖြစ်၍ အနှစ်ငါးရာပတ်လုံး များစွာသောဆင်းရဲ ကို ခံရသည်၊ ယခုလည်း နည်းတူပင် ဖြစ်ပြန်၍ ဆင်းရဲကို ခံရပြန်လည်း အကျွန်ုပ်၏မကောင်းမှုကို ရှုတော်မူပါ၊ အရှင်ဘုရားရှိခိုးပါ၏၊ တစုံတခု သောဝတ္ထုကိုပေးလှူ၍ အကျွန်ုပ်အား ဒါနအဖို့ကို အမျှ ဝေတော်မူပါ၊ ယင်းသို့ ဝေတော်မူသည်ရှိသော် အကျွန်ုပ်သည် ပြိတ္တာ ဘဝမှ လွတ်ပါ လိမ့်မည်" ဟု လျှောက်၏၊ရှင်သာရိပုတ္တရာလည်းအစဉ်သနားသဖြင့်ကောင်း ပြီဟု ဝန်ခံ၍ ရဟန်းတပါးအားဆွမ်းတလုပ်၊သောက်ရေတခွက်၊တတောင် မျှလောက်သော ပုဆိုးပိုင်းကိုလှူ၍ ပြိတ္တာမအား အမျှဝေ၏၊အမျှဝေသော ခဏ၌ပင် ပြိတ္တာမအား နတ်၌ဖြစ်သော ထမင်း၊အဖျော်၊ နတ်ဝတ်နတ်ပုဆိုး တို့ကိုရလျက် ရှင်သာရိပုတ္တရာအား ကိုယ်ထင်ပြလာ၏၊ ဤမိန်းမ၏ အနှစ်

ငါးရာကျော်ကာလ နှစ်ဘဝလုံးတော်မှဘ်ခေါင်းပါးလျက် ပြိတ္တာဖြစ်ရသော စကားကို ကြားသိရကုန်သော သူတော်ကောင်းတို့အား ပေတ ဒုက္ခကား ကြောက်လန့်ဖွယ်တကားဟု သံဝေဂတရားကို ပွားစေအပ်၏။

---

၁၀၇-အလှူခံ ပုဂ္ဂိုလ်တို့အား မလျောက်ပတ်သောစကားဖြင့် ပြစ်မှားရေရွတ်မိ၍ပြိတ္တာဘဝ၌သွေးပြည်မစင် ကျင်ကြီးကျင်ငယ်ကိုသာ စားသောက်ရသော ပုဏ္ဏေးမ ဝတ္ထု

တနေ့သ၌ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်အနုရုဒ္ဓါ, ရှင်ကပ္ပိန ဤမထေရ်လေးပါးတို့သည် ရာဇဂြိုဟ်ပြည်၏အနီး ကခုသော တောအုပ်၌ နေကြကုန်၏၊ ထိုအခါ ဗာရာဏသီပြည်၌ကြွယ်ဝ မြားမြောင်သောစည်းစိမ် ဥစ္စာရှိတော ပုဏ္ဏားဘယောက်သည် ရဟန်းပုဏ္ဏား အထီးကျန် ခရီးသွား ဖုန်းတောင်းစား ယာစကာတို့အား ဧေတွင်းသဖွယ်ဖြစ်၍ ထမင်းအဖျော် အဝတ်ပုဆိုး ထီး ဘိနပ် အစရှိသည်တို့ကို ပေးလှူ၏၊ ရောက်လာတိုင်း ရောက်လာတိုင်းသော သူတို့အား အားနှင့်လျော်စွာ ခြေဆေးရေနယ်ဆီ အစရှိသောဒါနကို ရှေးသွားပြု၍ အလုံးစုံသော ခရီးလမ်း စာမျိုးရိက္ခာကို ပေး၏၊ နံနက်အခါ ရဟန်းတို့အား ဆွမ်းအဖျော် အစရှိသည်တို့ဖြင့် အရိုအသေ လုပ်ကျွေး၏၊ ထိုပုဏ္ဏားသည် အရပ်တပါးသွားသော မယားကို "ရှင်မ....ငါထားတိုင်းသော ဒါနဝတ်ကို မချွတ်စေလင့်၊ အရိုအသေမမေ့ မလျော့ပြုရစ်ပါ" ဟုမှာခဲ့၏။ မယားလည်းကောင်းပြီဟုဝန်ခံ၍လင်အရပ် တပါးသို့ ဖဲသွားခဲ့သော်ရှေးဦးစွာရဟန်းတို့ဖို့အမြဲထားသော အလှူဝတ် ကို ဖြတ်၏၊ နေရာအကျိုးငှာ ကပ်လာသော ခရီးသွားတို့အား အိမ် နောက်ဖေး၌ စွန့်ပစ်အပ်သောစရပ်ပျက်ကိုပြ၍ ဤစရပ်ဝယ်နေကြလေကုန် ဟုဆို၏၊ ထမင်းအဖျော်စသည်အကျိုးငှာ ခရီးသွားအစရှိသည်တို့လာကုန် သည်ရှိသော် ကျင်ကြီးကိုခဲလော့၊ ကျင်ငယ်ကိုသောက်လော့၊ သွေးပြည်ကို သောက်လော့၊ သင့်အမိ၏ဦးနှောက်ကိုဖောက်၍စားလော့၊ ဤသို့အကြင် အကြင်ဝတ္ထုသည် မစင်မကြယ်စက်ဆုပ်ရွံရှာဖွယ်ရှိ၏၊ ထိုထိုဝတ္ထု အမည် ကိုယူလျက် နှိပ်စက်၍ဆို၏၊ ထိုမိန်းမသည် နောက်အခါ သေလွန်၍ မိမိ ကံ၏အဟုန်သည် ပစ်ချရကား ပြိတ္တာအမျိုး၌ ဖြစ်၍ မိမိ ဝစီဒုစရိုက်အား လျောက်ပတ်သောဆင်းရဲကို ခံစားလျက် ဤဘဝမှ ငါးခုမြောက်သော ဘဝ၌ ရှင်သာရိပုတ္တရာ၏အမိဖြစ်ခဲ့ဖူးသောကြောင့် ရှေးဘဝ၌ စပ်သော

အဆွေအမျိုးကို အောက်မေ့၍ ရှင်သာရိပုတ္တရာအထံသို့ ကပ်လို ရကား ကျောင်းတံခါးသို့ ရောက်လာ၏၊ ကျောင်းစောင့်နတ်တို့သည် ထိုပြိတ္တာမ အားကျောင်းတွင်းသို့ဝင်ခြင်းကို တားမြစ်ကုန်၏၊ ပြိတ္တာမလည်း "အရှင် ကျောင်းစောင့်နတ်တို့....ငါကား ဤဘဝမှ ငါးခုမြောက်သော ဘဝ၌ ရှင်သာရိပုတ္တရာ၏အမိဖြစ်ခဲ့ဖူးပါသည်။ ထို့ကြောင့် ငါ့အား မတားမြစ် ပါလင့်၊ ဝင်ရာတံခါးကိုပေးကြပါ"ဟုဆို၏၊ ထိုစကားကိုကြား၍ကျောင်း စောင့်နတ်များလည်း ပြိတ္တာမအား ဝင်ရာတံခါးကိုခွင့်ပြုကုန်၏၊ ပြိတ္တာမ လည်း ကျောင်းတွင်းသို့ ဝင်ပြီးလျှင် စင်္ကြံစွန်း၌ရပ်၍မထေရ်အားမိမိကိုယ် ကိုပြ၏၊ မထေရ်လည်း ပြိတ္တာမကိုမြင်သော် ကရုဏာတော်ဖြင့် နှိုးဆော် တိုက်တွန်းသော စိတ်ရှိရကား "အဝတ်မပါ အဆင်း အင်္ဂါ မလှစွာနှင့် လာ၍ရပ်သည်ကား အသူတုံနည်း" ဟု မေးတော်မူ၏၊ ပြိတ္တာမလည်း မထေရ်အားကြားလိုသောကြောင့် "အရှင်ဘုရားအကျွန်ုပ်ကား ဤဘဝမှ ငါးခုမြောက်သောဘဝ၌ အရှင်ဘုရား၏အမိဖြစ်ခဲ့ဖူးပါသည်၊ ယခုကား ဝန်တိုမိစ္ဆာနှင့်နှုတ်လျှာကိုအမှီပြုသဖြင့်ပြိတ္တာဘုံသို့ရောက်၍ ထမင်းမစားရ ရေမသောက်ရ၊ အဝတ်လည်းမဝတ်ရ၊ စားရသမျှလည်း သွေးပြည် မစင် ကျင်ကြီးကျင်ငယ်သာဖြစ်၍အတိုင်းမသိသောဆင်းရဲကိုခံစားရသည်၊အလှူ ပေး၍ အမျှဝေတော်မူပါ၊အကျွန်ုပ်ကား ပြိတ္တာဘဝမှ လွတ်ငြားအံ့လည်း မသိ"ဟုလျှောက်၏၊ပြိတ္တာမ၏စကားကိုကြား၍အရှင်သာရိပုတ္တရာမထေရ် လည်း နှစ်ရက်မြောက်သောနေ့၌ ရှင်မောဂ္ဂလန် စသော မထေရ်သုံးပါး တို့ကိုခေါ်တော်မူ၍ထိုမထေရ်သုံးပါးတို့နှင့်တကွ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ လှည့်လည်သော် ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ကြွတော်မူ၏၊ မင်းလည်း မထေရ်လေးပါးတို့ကိုမြင်၍ "အရှင်ဘုရားတို့အဘယ်အကျိုးငှာ ကြွလာ တော် မူကြကုန်သနည်း၊ လာခြင်းအကြောင်းကို အမိန့်တော် ရှိပါ" ဟု လျှောက်၏၊ ထိုအခါ ရှင်မောဂ္ဂလာန်မထေရ်သည် ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအားကြား၏၊ ဗိမ္ဗိသာရမင်းလည်း "အရှင်ဘုရားတို့.... အကျွန်ုပ်ကားသိအပ်ပြီ"ဟု ဆိုပြီးလျှင်မထေရ်တို့ကိုလွှတ်လိုက်၍ အလုံးစုံ သောမင်း၏အမှု၌ စီရင်တတ်သော အမတ်ဘွဲ့ကိုခေါ်ပြီးလျှင် မြို့၏ အနီး ဆိတ်ငြိမ်ရာအရိပ်ရေနှင့်ပြည့်စုံသောအရပ်၌ ကုဋိလေးလုံးတို့ကို ဆောက် ကြကုန်ဟု စေတော်မူ၏၊ ကိုယ်တိုင်လည်း ထိုအရပ်သို့ ထွက်တော်မူ၍ ပြခြင်းပြုဖွယ်အသွယ်သွယ်တို့ကို ပြုတော်မူ၏၊ ကုဋိတို့သည် ပြီးကုန်သည်

ရှိသော် ပူဇော်ဖွယ်ကို စီရင်ပြီးလျှင် ထမင်း အဖျော် ခဲဖွယ် အဝတ်ပုဆိုး အစရှိသည်တို့ကိုလည်းကောင်း, ဘုရားအမှူးရှိသောအရပ် လေးမျက်နှာ၌ တည်သောသံဃာတော်အား လျှောက်ပတ်သော ပရိက္ခရာ တို့ကို လည်းကောင်း ဖြစ်စေ၍ ရှင်သာရိပုတ္တရာအား ထိုအလုံးစုံကို ဆောက်နှင်း၏၊ ထိုအခါရှင်သာရိပုတ္တရာသည ပြိတ္တာမကိုရည်၍ ထိုအလုံးစုံကို ဘုရားအမှူးရှိသော အရပ်လေးမျက်နှာ၌ တည်သော သံဃာတော်ကို လှူ၏၊ ပြိတ္တာမလည်း ထိုဒါနကိုဝမ်းမြောက်ဝမ်းသာအနုမောဒနာပြု၍နတ်ပြည်၌ ဖြစ်လျက် အလုံးစုံသော ကာမဂုဏ်နှင့် ပြည့်စုံလေ၏၊ နောက်အခါ မဟာမောဂ္ဂလာန် မထေရ်အထံသို့ ကပ်ပြီးလျှင် ရှိခိုး၍တည်၏၊ မထေရ်လည်း မေးမြန်းတော်မူ၏၊ နတ်သမီးလည်းမိမိ၏ပြိတ္တာမဖြစ်ခြင်းကိုလည်းကောင်း, တဖန် နတ်ပြည်၌ ဖြစ်ခြင်းကိုလည်းကောင်း အကျယ်အားဖြင့် ကြား၏၊ ဤနတ်သမီး၏ပေတဒုက္ခကိုထောက်လျှင် ကြောက်လန့်၍ သံဝေဂရကောင်းဖွယ် ရှိ၏၊ နတ်စည်းစိမ်ကို ထောက်လျှင် ဝမ်းမြောက်ဖွယ်ရှိ၏။

---

၁၈၈-မိမိလည်းမလှူ သူတပါးကိုလည်း တားမြစ်ခြင်းစသော မကောင်းမှုကြောင့် လှည်းသားငါးရာတို့ ရေအိုးနှင့် လောင်းလျက် ရေတစက်မျှ မသောက်ရသော ပြိတ္တာ ဝတ္ထု

ဘုရားသဗ္ဗညုပွင့်တော်မမူမီ အနှစ်ငါးဆယ်ထက်၌ပဏ္ဏတိုင်းရေကစ္ဆမြို့ ဝယ် မနေပါလ အမည်ရှိသော သဌေးသည်ရှိ၏ သဒ္ဓါကြည်ညိုခြင်း မရှိ၊ ခက်ထန်သော ဝန်တိုခြင်းရှိ၏၊ နတ္ထိကမိစ္ဆာ အယူရှိ၏၊ ထိုမနေပါလ သဌေးသည် သေလွန်သောအခါ မရုကန္တာရ၌ပြိတ္တာဖြစ်လေ၏၊ ထိုပြိတ္တာ အား ထန်းပင်မျှလောက်သော ကိုယ်ရှိ၏၊ ကြမ်းတမ်းသော အရေရှိ၏၊ ကြောက်မက်ဖွယ်သော အဆင်းသဏ္ဌာန်ရှိ၏၊ အနှစ်ငါးဆယ်တို့ ပတ်လုံး ထမင်းတလုပ် ရေတပေါက်မျှ သောက်စားရဖူးသည်မရှိ ခြောက်သော လည်ချောင်း နှုတ်ခမ်းလျှာရှိ၏၊ အလွန်လျှင် ထမင်းငတ်ခြင်းရေသိပ်ခြင်း ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဤမှ ထိုမှ လှည့်လည်၏၊ ထိုအခါ ငါတို့ မြတ်စွာဘုရားသည်လောက၌ ပွင့်တော်မူ၍ မြတ်စကြာတရားကို ဟောကြားပြီးသော် အစဉ်သဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ သာဝတ္ထိပြည်သား ငါးရာမျှလောက်သော လှည်းကုန်သည် တို့သည် လှည်းငါးရာတို့ကို ဘဏ္ဍာဖြင့်ပြည့်စေပြီးလျှင် ဥတ္တရာပထတိုင်းသို့ သွား၍ ဘဏ္ဍာကိုရောင်းချပြီးမှ ရသမျှသော ဘဏ္ဍာကို လှည်းတို့၌တင်ပြီး

လျှင် ပြန်လာကုန်သော ညချမ်းသောအခါ အမှတ်မရှိသော သစ်ပင်သို့ ရောက်၍ ထိုသစ်ပင်အောက်၌လှည်းများချတ်၍ထားပြီးလျှင် ညနေခြင်းကို ပြုကုန်၏၊ ထိုအခါပြိတ္တာသည် ရေငတ်ခြင်းဖြင့် နှိပ်စက်ရကား သောက်ရေ အကျိုးငှာလာလတ်သော် ထိုအရပ်၌ ရေတပေါက်ကိုမျှ မရသောကြောင့် ပင်ပန်းလှ၍ ထိုသစ်ပင်ရင်း၌ လဲလျက်နေ၏၊ ထိုပြိတ္တာကို ကုန်သည်တို့သည် မြင်၍ ဤကား အဘယ်သူနည်းဟု မေးကုန်၏၊ ပြိတ္တာလည်း မိမိ အကြောင်းကို ပြန်ကြား၏။ ... ရှိရကား လှည်းလေ၏၊ ထိုအခြင်းအရာကိုမြင်၍ ငါးရာသော ကုန်သည် တို့သည်“အဝတ်လည်းမပါ အဆင်းအင်္ဂါလည်း ယုတ်မာစွာနှင့် သင်ကား အသူနည်း”ဟု မေးကုန်၏၊ပြိတ္တာလည်း“အရှင်တို့ ငါကား မကောင်းမှုကို ပြု၍ ပြိတ္တာဘုံသို့ရောက်သောသူတည်း”ဟု မိမိကိုယ်ကို ကြား၏၊ အဘယ် မကောင်းမှုကို ပြုဖူးသနည်းဟု မေးသော် “အရှင်တို့ ငါကား ဈေးဘဝ၌ ပဏ္ဏတိုင်း ရေကစ္ဆပြည်၌ သဌေးဖြစ်၏၊ ရွှေ ငွေ လှည်းအစီးရှစ်ဆယ်တိုက် လောက် ကြွယ်ဝ၏၊ ယင်းသို့ ကြွယ်ဝပါလျက် ပေးလှူ စွန့်ကြဲခြင်း မရှိ၊ ဆလွန် ဝန်တို၏၊ မိမိလည်း မပေး သူတပါး ပေးသည်ကိုလည်း တား မြစ်၏၊ ဒါန သီလ အကျိုးသည် မရှိဟု အယူရှိ၏၊ ရေတွင်း ရေကန် အရံ သစ်ပင် ရေအိုးစင် တံတားတို့ကို ဖျက်ဆီး၏၊ ထိုသို့သော မကောင်းမှုကို ပြု၍ ယခု အနှစ်ငါးဆယ်ပတ်လုံး ထမင်းတလုပ် ရေတပေါက်မျှ မစား မသောက်ရစဖူး၊ ငတ်မွတ်ခြင်းဖြင့် အလွန်နှိပ်စက်၏၊ သည်မျှသာ မက သေး၊ သည့်နောက် လေးလ ရောက်သောအခါ ငါသည် သေ၍ ငရဲကြီး၌ ဖြစ်ရလတ္တံ့၊ ငါ့ကိုထောက်၍ သင်တို့လည်း မကောင်းမှုမှ ကြောက်ကြပါ”ဟု ဆို၏၊ ကုန်သည်တို့လည်း ပြိတ္တာစကားကို ကြား၍ ထိတ်လန့် ရကား ထိုပြိတ္တာကို အစဉ် ယနားသဖြင့် အိုးခွက်တို့နှင့် သောက်ရေကို ယူပြီးလျှင် ထိုပြိတ္တာကို ပက်လက်အိပ်စင်းစေ၍ ခံတွင်း၌ လောင်းကုန်၏၊ လူအပေါင်း၏ များစွာလောင်းအပ်သောရေသည် ပြိတ္တာ ၏ မကောင်းမှုကြောင့် အောက်သို့လျှောဆင်း၏၊အဘယ်မှာ ရေသိပ်ခြင်းကို ဖျောက်နိုင်လတ္တံ့နည်း၊ကုန်သည်တို့လည်း ပြိတ္တာကို ‘သင့်အား သက်သာ ရာကို ရပါ၏လော’’ဟု မေးကုန်၏၊ ပြိတ္တာလည်း ‘အကယ်၍ ငါ့အား ဤမျှလောက်သော အခါကာလပတ်လုံး စုပေါင်း၍ လောင်းအပ်သော ရေမှာ တပေါက်တစက်မျှ ရေမျိုတဘက်သို့ ဝင်ပချေသော် ငါသည် ပြိတ္တာ အဖြစ်မှ လွတ်ပါစေသတည်း’’ဟု ဆို၏၊ ကုန်သည်တို့လည်း ပြိတ္တာစကား ကိုကြားကုန်၍ အလွန်လျှင် သံဝေဂကို ရကြကုန်၏၊ သင့်အား ရေတော် ညွှန်စာပေး ဝ၇။

ပြေခြင်းငှာ တစုံတခုသော အကြောင်းသည်ရှိသလော''ဟု မေးကြကုန်၏၊ ''ဤမကောင်းမှုလည်း ကုန်ခဲ့သော် ဘုရားအားလည်းကောင်း တပည့်သား သံဃာတော်အားလည်းကောင်း ထမင်းအဖျော်တို့ကို လှူ၍ ဒါနကိုလည်း အမျှဝေခဲ့သော် ပြေရာ၏''ဟု ဆို၏၊ ကုန်သည်တို့လည်း ပြန်သွား၍ ဘုရား သဗ္ဗညုကို လျှောက်ကြကုန်၏၊ သဗ္ဗညုဘုရားလည်း တရားဟောတော်မူ၍ လူအပေါင်းတို့ကို မကောင်းမှုမှ ကြဉ်စေ၏၊ ဤသို့သော မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော ပြိတ္တာ၏အကြောင်းကို ကြားသိရသော သူတော်ကောင်းတို့ အား ပေတဒုက္ခ၏ သံဝေဂ ရကောင်းဖွယ် ရှိ၏။

### ၁၀၉-ဣဿာမစ္ဆရိယစသော မကောင်းမှု၊ လင်တူမိန်းမအား ဌာပူစောင်းမြောင်းခြင်း စသော မကောင်းမှုကြောင့် ပြိတ္တာဖြစ်၍ ငါးပါးအပြားရှိသော ဆင်းရဲကို ခံရသော မိန်းမ ဝတ္ထု

သာဝတ္ထိပြည်၌သူကြွယ်တယောက်သည်ကံ့ကံ၏အကျိုး၊ ရတနာသုံးပါး ဂုဏ်ကို ယုံကြည်၏၊ရတနာသုံးပါး၌ ကြည်ညို၏၊ ထိုသူကြွယ်၏မယားကား ကံ့ကံ၏အကျိုး၊ ရတနာသုံးပါးဂုဏ်ကို မယုံကြည်၊ ရတနာသုံးပါး၌လည်း မကြည်ညို၊ဒေါသအမျက်လည်း ထွက်လွယ်၏၊ မစ္ဆရိယ မာယာ သာဌေယျ လည်း များ၏၊သားသမီးလည်း မရ အမည်အားဖြင့်ကား မတ္တာဟုတွင်၏၊ ထိုအခါ သူကြွယ်သည် အနွယ်အမျိုးပြတ်အံ့သည်မှ ကြောက်သောကြောင့် စည်းစိမ်ဥစ္စာတူသောအမျိုးမှ တိဿာအမည်ရှိသော သတို့သမီးကို ဆောင် ၏၊ ထိုတိဿာသည် သဒ္ဓါကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ လင်လည်း အထူး အားဖြင့် ချစ်အပ်၏၊ ထို တိဿာသည် မကြာမြင့်မီ ကိုယ်ဝန်ဆောင်၍ သားဖွား၏၊သားအား ''ဘူတ''ဟု အမည်မှည့်၏၊ ထိုတိဿာသည် နောက် အခါ အိမ်၏အရှင်ဖြစ်၍ ရဟန်းလေးပါးတို့ကို အရိုအသေ လုပ်ကျွေး၏၊ မိန်းမမြုံမတ္တာကား တိဿာကို ဌာပူလျက်သာ နေရှာ၏၊ တရံရောအခါ မိန်းမနှစ်ယောက်တို့သည် ဦးခေါင်းလျှော်ပြီး တန်ဆာဆင်၍တည်ကုန်၏၊ လင်သူကြွယ်သည်လည်း ဂုဏ်၏အစွမ်းဖြင့် တိဿာ၌ သာလွန်၍ ချစ်ခြင်း ရှိရကား ထိုတိဿာနှင့် များစွာ ပြောဟောလျက် တည်၏၊ ထိုအခြင်း အရာကို မတ္တာသည် သည်းမခံနိုင်၊ ဌာပူစောင်းမြောင်းလျက် အမျက်ထွက် ရကား အိမ်နားပတ်လည် တံမြက်လှည်း၍ထားအပ်သော အမှိုက်စုအမှိုက် ပေါင်းကို တိဿာ၏ ဦးခေါင်းထက်၌လောင်း၏၊ မနောင်အခါ မတ္တာသည်

ခသလွန်၍ ပြိတ္တာဘုံ၌ ဖြစ်လေ၏၊ ကိုယ်အလုံးကို မြေမှုန့်ဖုံးလွှမ်းခြင်းဝဲနာပွေးနာခဲ၍ ယားယံခြင်း၊ အဝတ်မတည်း အချည်းစည်းနေရခြင်း၊ မစင်အနံ့လှိုင်ပျံ့ခြင်း၊ထမင်းရေမွတ်သိပ်၍ ဆင်းရဲရခြင်း ဤငါးပါး အပြားရှိသောဆင်းရဲကို ခံစားရ၏၊ ထိုအခါပြိတ္တာမသည် တနေ့သ၌ အိမ်နောက်ဖေးဝယ်ရေချိုးသော တိဿအား မိမိကိုယ်ကို ထင်ရှားပြလာ၏၊ တိဿလည်း ပြိတ္တာမကိုမြင်၍ အဆင်းအင်္ဂါ ယုတ်မာစွာနှင့် ကိုယ်မှ အဝတ်လည်းမကပ် ဤအပါးမှာ ရပ်လာသည်ကား အသူနည်း'' ဟု မေး၏၊ ပြိတ္တာမလည်း "ငါကားမတ္တာ၊ သင်ကားတိဿ၊ ရှေးအခါ ငါသည် သင်နှင့် လင်တူမယားဖြစ်၍ မကောင်းမှုကို ပြုသောကြောင့် ပြိတ္တာဘုံသို့ ရောက်သည်''ဟုဆို၏၊ ''သင်သည် အဘယ် မကောင်းမှုကို ပြုသနည်း''ဟု မေးသော် ''ငါကား အမျက်ထန်၏၊ကြမ်းတမ်း၏၊ငြူစူစောင်းမြောင်း၏၊ ဝန်တိုမိစ္ဆာရှိ၏၊ကောက်ကျစ်စဉ်းလဲ၏၊ ငါသည်သင့်အား မကောင်းသောစကားကိုဆို၍ ထိုပြိတ္တာဘုံသို့ ရောက်ရသည်'' ဟု ပြန်ပြော၏၊ တိဿလည်း ''ငါသည် သင်၏ အမျက်ဒေါသ ကြီးသည်၏ အဖြစ်ကို သိ၏၊ အဘယ့်ကြောင့်ကား ကိုယ်အလုံးကို မြေမှုန့်ဖုံးလျက် အလိမ်းလိမ်းကပ်ရသနည်း''ဟုမေး၏၊ ''ငါသည် ငြူစူလျက် သင့် ခေါင်းထက်၌ တံမြက်မှိုက်ကို လောင်းသော မကောင်းမှုကြောင့် ကိုယ်အလုံးကို မြေမှုန့်ဖုံးလျက် အလိမ်းလိမ်းကပ်ရသည်''ဟုဆို၏၊ ''အဘယ့်ကြောင့်ကား ယားယံလျက်ပွေးဝဲနာခဲရသနည်း''ဟု မေး၏၊ ''သင်နှင့်ငါသည် တောသို့ ဆေးမြစ်ရှာသွားရာ သင့်မှာမူကား မိမိအားလျော်ကပတ်သောဆေးမြစ်ကိုဆောင်ခဲ့သည်၊ ငါ့မှာမူကား ခွေးလေးသီးကိုဆောင်ခဲ့၍ သင်မသိစဉ် သင့်အိပ်ရာမှာ ကြဲထားသည်၊ ထိုမကောင်းမှုကြောင့် ငါ့အား ယားယံလျက်ပွေးနာဝဲနာခဲရသည်''ဟုဆို၏၊ ''အဘယ့်ကြောင့်ကား အဝတ်မတည်း အချည်းစည်းနေရသနည်း''ဟုမေး၏၊ ''အဆွေအမျိုး အဆွေခင်ပွန်းတို့ အစည်းအဝေးရှိသောအခါ လင်သည် သင့်ကိုခေါ်၏၊ ငါ့ကိုကား မခေါ်သောကြောင့် ငါသည် သင်မသိစဉ်သင်၏ထဘီအဝတ်ပုဆိုးကိုခိုးဝှက်၍ ထား၏။ ထိုမကောင်းမှုကြောင့်ငါ့အား အဝတ်မတည်းအချည်းစည်းနေရသည်''ဟုဆို၏၊ အဘယ့်ကြောင့် သင်၏ကိုယ်မှာ မစင်နံ့လှိုင်သနည်း''ဟု မေး၏ ''ငါသည် သင်၏ ပန်းနံ့သာ နံ့သာပျောင်း အခိုးအလုံတို့ကို မစင်တွင်း၌ ချ၏၊ ထိုမကောင်းမှုကြောင့် ငါ၏ ကိုယ်မှာ မစင်အနံ့ လှိုင်ပျံ့သည်'' ဟု ဆို၏၊ ''အဘယ့်ကြောင့်ကား မစားရ မသောက်ရ ငတ်ရ သနည်း'' ဟု

မေး၏၊ ငါ့အားလှူဖွယ်ပေးကမ်းဖွယ်ဖြစ်သော ဝတ္ထုသည်ထင်ရှားရှိပါငြားသော်လည်း မစ္ဆေရဝိန်တို့ မပေးလိုသောကြောင့် ငတ်မွတ် ခေါင်းပါးရသည်''ဟု ဆို၏၊ ယင်းသို့ဆိုသော် တိဿသည် ''ယခုပင် ငါ့သားဘူတ၏အဖသူကြွယ်သည် ဈေးမှအိမ်သို့ ပြန်လာလတ္တံ့၊ သူကြွယ်လာရောက်သောအခါ သင့်အားပေးဖွယ်စိုးစဉ်းမျှကို ပေးငြားအံ့လည်းမသိ၊ အိမ်နောက်ဖေးမှာပင်နေပါဦးလော့''ဟု ဆို၏၊ အဆင်းအင်္ဂါ ယုတ်မာစွာနှင့် ကိုယ်မှာအဝတ်မကပ်သော ငါ့ကို ဘူတ၏အဖ မြင်မည် ရှက်လှသည်၊ ငါမနေဝံ့ဟုဆိုပြီးသော် အကြင်ဝတ္ထုဖြင့် သင်သည် ချမ်းသာ၏၊ ထိုဝတ္ထုကို ဆိုလော့၊ သင့်အား ငါပေးမည်ဟု ဆို၏၊ ယင်းသို့ဆိုလျှင် ထိုပြိတ္တာမလည်း သံဃာတော်မှ ရဟန်းလေးပါး၊ ပုဂ္ဂိုလ်မှ လေးပါး ဤရှစ်ပါးသောရဟန်းတို့ကို အဝတ်သင်္ကန်းလှူပြီးလျှင် ဆွမ်းကျွေး၍ အမျှဝေသော် ငါသည်ချမ်းသာပါလတ္တံ့ဟု ဆို၏၊ တိဿာလည်း ပြိတ္တာမ ဆိုတိုင်း ပြု၏၊ ထိုခဏ၌ပင် ပြိတ္တာမအား နတ်ဝတ်နတ်စား များစွာရလျက် နတ်၏ကိုယ်ဖြင့် တိဿာအားထင်ရှားပြလာ၏၊ ဤပြိတ္တာမ၏ဆင်းရဲခံရသော အဖြစ်ကို ကြားသိရမှု ပေတာဒုက္ခ၌ သံဝေဂဉာဏ် ဖြစ်ကောင်းဖွယ်ရှိ၏။

---

### ၁၉၀- မစ္ဆေရ စသော မကောင်းမှုကြောင့် ဆင်းရဲကြီးစွာ ခံရသောပြိတ္တာငါးရာတို့ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကိတဝအမည်ရှိသောမင်း၏သားတော်သည် ဥယျာဉ်၌ ပျော်ပါးလျက် ကစား၍ပြန်သော် သုနေတ္တအမည်ရှိသော ပစ္စေကဗုဒ္ဓါကို ဆွမ်းခံလှည့်လည်၍ မြို့မှထွက်သည်ကိုမြင်၍ အစိုးရခြင်းစည်းစိမ်မာန်ဖြင့် ယစ်လေရကားအဘယ့်ကြောင့်လျှင် ငါ့အား လက်အုပ်ချီမိုးရှိခိုးခြင်းမပြုပဲ ဤဦးပြည်းသည်ငါ့အနီးအပါး၌သွားရမည်နည်းဟု ပြစ်မှားလျက် အမျက်ထွက်သော စိတ်ရှိသည်ဖြစ်၍ဆင်ကျောက်ကုန်းထက်မှဆင်းပြီးလျှင် ''ရဟန်း....သင်သည် ဆွမ်းရအပ်၏လော'' ဟု မေးလျက် လက်မှသပိတ်ကိုယူပြီးလျှင် မြေတွင် ပစ်ချ၍ခွဲ၏၊ ထိုအခါ အလုံးစုံသော အာရုံ၌ ဖောက်ပြန်ခြင်းမရှိ၊ တာဒိဂုဏ်နှင့် ပြည့်စုံသဖြင့် ကရုဏာပျံ့နှံ့သောစိတ်ရှိသည်ဖြစ်၍ ကြည့်သောရှင်ပစ္စေကဗုဒ္ဓါကို ပြစ်မှားသောစိတ်ရှိလျက် ''ရှင်ရဟန်း....ငါ့ကို ကိတဝမင်း၏သားဟု မကြားမသိသလော၊ သင်သည် ကြည့်ငြားသော်လည်း ငါ့အား အဘယ် ပြုနိုင်လတ္တံ့

နည်း''ဟု ဆို၍ မရိုသေမခန့်ညားပဲ ဖဲသွားလေ၏၊ သွားသောမင်းသား၏ ကိုယ်၌ရေမီးနှင့်အတူ ပူလောင်ခြင်းသည် ပြင်းစွာဖြစ်လေ၏၊ မင်းသား လည်း ယင်းသို့ ပြင်းစွာ ပူလောင်သောကိုယ်ရှိလျက် အဘိုင်းထက် အလွန် ထူးချွန်သောဝေဒနာဖြင့် နှိပ်စက်ရကားသေ၍ အဝီစိငရဲမီး၌ ကြီးစွာသော ဆင်းရဲဝေဒနာကို ခံစားရလေ၏၊ မင်းသားသည် အဝီစိငရဲ၌ လက်ယာန် တောင်းလက်ဝဲနံတောင်း တစောင်းအိပ်လျက် ပက်လက် မှောက်ခုံ ဆောင့် ကြောင့် စောက်ထိုး ခြေမိုးမြော် လက်ကားယား ခြေကားရား ဤသို့များ သောအပြားတို့ဖြင့် ပြန်လှန်လျက် နှစ်ပေါင်း ရှစ်သောင်း လေးထောင်တို့ ပတ်လုံး ကျက်ပြီးမှ ထိုအဝီစိငရဲမှ စုတေခဲ့သော် ပြိတ္တာဘုံ၌ အတိုင်းအရှည် မရှိသော ကာလပတ်လုံး ခုပ်ပွပါသ အစရှိသော ဒုက္ခကို ခံစား၍ ထိုပြိတ္တာ ဘဝမှ စုတေခဲ့ပြန်သော် ဤငါတို့ ဘုရားလက်ထက်တော်ဝယ် ကုဏ္ဍိမြို့၏ အနီးအပါး တံငါရွာ၌ဖြစ်၏၊ ထိုသူ့အား ဇာတိဿရဉာဏ်သည်း ဖြစ်၏ ထိုကြောင့်ထိုသူသည် ရှေး၌ မိမိခံစားအပ်သော ငရဲဆင်းရဲပြိတ္တာဆင်းရဲကို အောက်မေ့လျက် အရွယ်သို့ ရောက်သော်လည်း မကောင်းမှုမှ ကြောက် သောကြောင့် တစုံတယောက်သော ဆွေမျိုးတို့နှင့်တကွ ငါးဖမ်းခြင်းငှာ မသွား၊ဆွေမျိုးတို့သွားကုန်သော်လည်း ငါးတို့ကိုသတ်ခြင်းငှာ အလိုမရှိ ရကားရှောင်ရှားပုန်းကွယ်၍နေရစ်၏၊ မနေရစ်ရ၍ လိုက်ရပြန်သော်လည်း ကွန်ကိုဖောက်ဖြတ်၍ အသက်ရှင်သော ငါးတို့ကိုရေဝယ်လွှတ်၏၊ ထိုသူ၏ အမူအရာကို များစွာသောဆွေမျိုးတို့သည် မနှစ်သက်ရကားအိမ်မှထိုသူ့ကို နှင်ထုတ်ကုန်၏၊ ထိုသူ၏ အစ်ကိုတယောက်သာ ကြင်နာသနားသောနှလုံး ရှိ၏၊ ထိုအခါ အရှင်အာနန္ဒာသည် ကုဏ္ဍိမြို့ကို အမှီပြုလျက် သာကေတော၌ နေတော်မူ၏၊ ထိုအခါ တံငါသားသူငယ်သည်ဆွေမျိုးတို့ကို စွန့်ပစ်ရကား စားရာမဲ့သောက်ရာမဲ့ ဤမှထိုမှလှည့်ပတ်လျက် ထိုအရပ်သို့ ရောက်လာ၍ ဆွမ်းစားသောအခါ မထေရ်အထံသို့ကပ်၏၊ မထေရ်လည်း ထိုသူ့အား သွားလာလှည့်ပတ်ကြောင်းကို မေးမြန်းစုံစမ်းလျှင် ဘောဇဉ်ဖြင့် အလိုရှိ သော အဖြစ်ကို သိရကား ထိုသူအားထမင်းပေး၍ ထမင်း စားခြင်းကိစ္စ ပြီးလတ်သော် တရားတော်ကိုဟော၍တရားစကားဖြင့် ကြည်ညိုသောစိတ် ရှိသည်ကို သိတော်မူလျှင် ''ငါ့ရှင်...သင်ကား ရဟန်းပြုမည်လော''ဟုမေး တော်မူ၏၊ ''ပြုပါမည်အရှင်ဘုရား''ဟု ဆိုသော်ထိုသူ့ကို မထေရ်သည် ရဟန်းပြု၍ ထိုသူနှင့်တကွ သဗ္ဗညုဘုရားအထံသို့ သွားတော်မူ၏၊ထိုအခါ မထေရ်ကို သဗ္ဗညုဘုရားက ''အာနန္ဒာ...သင်သည် ဤသာမဏေကိုအစဉ်

သနားချေသလော'' ဟု မေးတော်မူ၏၊ သာမဏေအား ပြုအပ်သော ကောင်းမှုမရှိသည်၏ အဖြစ်ကြောင့် နည်းပါးသောလာဘ်ရှိ၏၊ ထိုအခါ သာမဏေကို သမ္ဗုဒ္ဓဘုရားကချီးမြှောက်တော်မူလိုသောကြောင့်ရဟန်းတို့ သောက်ခြင်း,သုံးဆောင်ခြင်းအကျိုးငှာ ''သောက်ရေအိုး သုံးဆောင်ရေ အိုးတို့ကို ရေပြည့်အောင်ခပ်'' ဟု တိုက်တွန်းတော်မူ၏၊ သာမဏေလည်း ဘုရားဆုံးမတော်မူတိုင်း ကျင့်၏၊ ထိုအခြင်းအရာကို ဥပါသကာတို့ မြင်၍ သာမဏေအား များစွာသောနိစ္စဘတ်တို့ကို ဖြစ်စေကုန်၏၊သာမဏေလည်း နောက်အခါ ပဥ္စင်းအဖြစ်ကိုရလျှင် အရဟတ္တဖိုလ်သို့ရောက်၍ တကျိပ် နှစ်ယောက်သော ရဟန်းနှင့်တကွ သာကေတ၌ နေ၏။

မထေရ်၏ငါးရာမျှလောက်သော ဆွေမျိုးတို့သည် ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှုကားမရှိ၊ ဆည်းပူးအပ်သော မကောင်းရာသောမကောင်းမှု အကုသိုလ်သာ ရှိကုန်သည်ဖြစ်၍ သေပြီးလျှင် ပြိတ္တာတို့၌ ဖြစ်ကုန်၏၊ မထေရ်၏ မိဘတို့သည် ဤသူ့ကို ရှေးအခါ ငါတို့သည် အိမ်မှ နှင်ထုတ် အပ်၏ဟု ကြောက်ရွံ့ကုန်သောကြောင့် မထေရ်သို့ မကပ်ဝံ့ပဲ မထေရ်၌ ချစ်ခင်သော အစ်ကိုကို စေခိုင်းကုန်၏၊ အစ်ကို ပြိတ္တာလည်း မထေရ်၏ ရွာတွင်းသို့ ဆွမ်းခံဝင်သောအခါ လက်ယာ ပုဆစ်ဒူးဝန်းကို မြေဝယ် တုပ်သျက် လက်အုပ်ချီပြီးလျှင် ကိုယ်ကို အထင်အရှားပြ၍အရှင်ဘုရား.... သင်၏မိဘ အစ်ကိုတို့သည် မကောင်းမှုကိုပြု၍ ပြိတ္တာဘုံသို့ ရောက်ကုန်၏၊ ထမင်းငတ်ခြင်း ရေသိပ်ခြင်းဖြင့် အလွန်ဆင်းရဲကုန်၏၊ အရှင်ဘုရားသည် အစဉ်သနားတော်မူပါ၊ တစုံတခုကို ပေးလှူ၍အမျှဝေတော်မူပါ၊ အရှင် ဘုရား၏ဒါနဖြင့် အကျွန်ုပ်တို့ မျှဘပါကုန်သတ္တံ့''ဟုလျှောက်၏၊ မထေရ် လည်း ထိုသူ၏ စကားကိုကြား၍ ဆွမ်းခံလှည့်လည်ပြီးလျှင် တကျိပ်နှစ် ယောက်သော ရဟန်းတို့ကို စည်းဝေးစေလျက် ''ငါ့ရှင်တို့သည် ရသမျှကို ငါ့အားလှူကြပါကုန်၊ ငါသည် ဆွေမျိုးတို့အားအစဉ်သနားသဖြင့် သံဃာ ဘတ်ကိုပြုပါအံ့''ဟုဆို၏၊ တကျိပ် နှစ်ယောက်သော ရဟန်း တို့လည်း မထေရ်အား ဆောက်နှင်းကုန်၏၊ မထေရ်လည်း သံဃာတော်ကို ဖိတ်၍ လှူပြီးလျှင် ဤဒါနအဖို့ကို ငါ့မိ ငါ့ဖ ငါ့အစ်ကိုမှစ၍ ဆွေမျိုးတို့သည် ရပါလေစေ''ဟု အမျှဝေ၏ အမျှဝေသည်နှင့်တကွ နတ်ပြည်၌ ဖြစ်သော ခဲဖွယ် ဘောဇဉ် အဖျော် သောက်ရေ သုံးရေတို့ကို ရကုန်၏၊ မထေရ် လည်းပံသုကူကောက်ပြီးလျှင် သံဃာတော်အားလှူ၍ အမျှဝေ၏၊အမျှဝေ

သည်နှင့်တကွ နတ်ဝတ် နတ်ပုဆိုးတို့ကို ရကြကုန်၏၊ သစ်ရွက် မိုးသော ကုဋီကိုပြု၍ စတုဒိသာသံဃာအားလှူပြီးလျှင် အမျှဝေ၏၊ အမျှဝေသည်နှင့် တကွ နတ်ဘုံနတ်ဗိမာန်တို့ကို ရကြကုန်၏၊ ဓမကရိုဏ်ကိုပြည့်စေ၍ သောက် ရေကို သံဃာအား လှူပြီးလျှင် အမျှဝေ၏၊ အမျှဝေသည်နှင့်တကွ ကြာမျိုး ငါးပါး ဖုံးလွှမ်းသော နတ်ရေကန် နတ်ရေတွင်းတို့ကို ရကြကုန်၏၊ ဤပြိတ္တာတို့၏ ဆင်းရဲခံရသော အဖြစ်ကို ကြားသိရကုန်သော သူတော် ကောင်းတို့အား ပေတဒုက္ခ၌ သံဝေဂဉာဏ် ဖြစ်ကောင်းဖွယ် ရှိ၏။

---

## ၁၉၁-လောဘအစွမ်းကြောင့် ပြိတ္တာဖြစ်၍ ရှစ်ပယ်ခန့်မျှသော ကြံခင်းကိုရလျက် မသုံးဆောင်ရသော ပြိတ္တာ ဝတ္ထု

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ကိန်းအောင်း မွေလျော် နေတော်မူစဉ် အမှတ် မရှိသော ယောကျ်ားတယောက်သည် ကြံစည်းကို ပခုံး၌ထမ်းပြီးလျှင် ကြံတချောင်းကို လက်ဖြင့် ကိုင်လျက် စုတ်ခဲ၍ ရှေ့မှသွား၏၊ ထိုအခါ သီလနှင့်ပြည့်စုံသော ကောင်းသောသဘော ရှိသော ဥပါသကာ တယောက်သည် သူငယ်နှင့်တကွ ထိုယောကျ်ား၏ နောက်၌သွား၏၊ သူငယ်လည်း ကြံကိုမြင်လျှင် ကြံကိုကိုင်၍ ပေးလော့ဟု ငို၏၊ ဥပါသကာလည်း သူငယ် ငိုသည်ကို မြင်လျှင် ထိုယောကျ်ားကို ချီးမြှောက်သဂြိုဟ်၍ ထိုယောကျ်ားနှင့် အာလာပ သလ္လာပကို ပြု၏၊ ထို ယောကျ်ားကား ထိုဥပါသကာနှင့် တခွန်းသော စကားကိုမျှ မပြောဆိုပဲ နောက်၌သွား၏၊ အမျက်အားမြင့် သူငယ်အား ကြံတဆစ်ကိုမျှလည်းမပေး၊ ဥပါသကာလည်း သူငယ်ကိုပြလျက် "အမောင်....ဤသူငယ်ကား အလွန် လျှင် ငို၏၊ ဤသူငယ်အား ကြံတဆစ်ကို ပေးပါ" ဟု ဆို၏၊ ထိုစကားကို ကြား၍ ကြံထမ်းသော ယောကျ်ားလည်း ခြိမ်းမောင်းလျက် အမျက် ထွက်သော စိတ်ကိုဖြစ်၍ မရိုသေသည်၏ အစွမ်းဖြင့် ကြံတချောင်းကို နောက်ကရပ်လျက် ပစ်လိုက်၏၊ ထိုယောကျ်ားသည် နေ့ငင်အခါ သေလွန် သော် ကြာမြင့်စွာ ထုံအပ်သော လောဘ၏ အစွမ်းကြောင့် ပြိတ္တာဘုံ၌ ဖြစ်လေ၏၊ အကျိုးမည်သည်ကား အကြောင်းနှင့်တူစွာဖြစ်တတ်၏၊ ယင်းသို့ ဖြစ်သောကြောင့် ထိုယောကျ်ားအား ရှစ်ပယ်မျှလောက်သော အရပ်ကို နှံ့စပ်လွှမ်းမိုးလျက် မျက်စဉ်းညို အဆင်းနှင့်တူကုန်သော ကျည်ပွေ့ လုံးတံ ပမာဏရှိကုန်သောကြံချောင်းတို့ဖြင့်ဖြစ်၏၊ ထိုယောကျ်ားသည်စုတ်ခြင်းငှာ

အလိုရှိသော ဒေ့ဖြစ်ပြင့် ကြံကို ယူအံ့ဟု ဂ.ပ်ကာမျှပင် ထိုကြံ့တာသည် ရှေ့းရှုခတ်၏၊ ယင်းသို့ ရှေ့းရှုခတ်ခြင်းကြောင့် ထိုပြိတ္တာသည် မိန်းမောတွေဝေလျက် လဲလေ၏၊ ထိုအခါ တနေ့သ၌ အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသည်ရှိသော် ခရီးအကြားထွင် ထိုပြိတ္တာကို မြင်၏၊ ပြိတ္တာလည်း မထေရ်ကို မြင်၍ "အရှင်ဘုရား........အကျွန်ုပ်အား ကြံခင်းကားရှိပါ၏ သုံးဆောင်ခြင်းငှာမရ၊ သုံးဆောင်မည်ဟုကိုင်ကာမျှပင် သန်လျက်သွားနှင့် တူသော အရွက်တို့ဖြင့် ခတ်သောကြောင့် မိန်းမောတွေဝေလျက် အကျွန်ုပ် လဲ၏၊ သုံးဆောင်ရနိုင်ခြင်း အကြောင်းကို ကြားတော်မူပါ" ဟု လျှောက်၏၊ အရှင်မောဂ္ဂလာန်လည်း "ရှေးအခါ သင်သည် ဥပါသကာတယောက်အား နောက်ကကြံကိုပစ်၍ စိတ်ဆိုးလျက် ပေး၏၊ ထိုကံ၏ အကျိုးပည်း၊ ကြံပေးခြင်းကြောင့် ကြံပင်ကို ရသည်၊ စေတနာပျက်ခြင်းကြောင့် မသုံးဆောင်ရသည်၊ သွားလော့၊ နောက်ပြန် ယူ၍ သုံးဆောင်လော့" ဟု ဆိုတော်မူ၏၊ ပြိတ္တာလည်း အရှင်မောဂ္ဂလာန် ဆိုတိုင်းယူ၍ သုံးဆောင်၏၊ စေတနာပင် ပျက်သော်လည်း ပညာရှိ သူတော်ကောင်း၏ ဥပါယ်အကြောင်းကြောင့် သုံးဆောင်ရ ပြန်သည်၊ ပြိတ္တာလည်း ကြီးစွာသော ကြံစည်းကို ယူပြီးလျှင် ရှင်မောဂ္ဂလာန်အား လှူလာ၏၊ မထေရ်လည်း ပြိတ္တာကို ချီးမြှောက်တော် မူလိုသောကြောင့် ထိုပြိတ္တာကိုပင်လျှင် ကြံစည်းကို ထမ်းစေ၍ ဝေဠုဝန် ကျောင်းတော်သို့ သွားပြီးလျှင် ဘုရားသခင်အား လှူ၏၊ သဗ္ဗညုဘုရားလည်း ရဟန်းအပေါင်း နှင့်တကွ သုံးဆောင်၍ အနုမောဒနာပြုတော်မူ၏၊ ပြိတ္တာလည်း ကြည်ညို သောစိတ် ရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် ပြန်သွားလေ၏၊ ထိုအခါမှ စ၍ ချမ်းသာစွာ ကြံကို သုံးဆောင်ရ၏၊ ထိုပြိတ္တာသည် နောက်အခါ သေလွန်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏၊ ဤ ပြိတ္တာသည်ကား အလွန်ဆင်းရဲ လောက်လျက် ရှင်မောဂ္ဂလာန်ကြောင့် သက်သာရာရလေသတည်း။

---

၁၉၂-သိလဝန္တရဟန်းတို့ကို ပြစ်မှားသောကြောင့် ကျင်ကြီးတွင်း၌
ပြိတ္တာဖြစ်၍ မစင် ကျင်ကြီးကို စားသောက်ရသော
ကျောင်းဒါယကာနှင့် ကျောင်းနေရဟန်းတို့ ဝတ္ထု

သာဝတ္ထိပြည်၏ အနီး တခုသော ရွာငယ်၌ သူကြွယ် တယောက် သည် မိမိ၏ ကုလူပကဆရာကို ရည်မှတ်၍ ကျောင်းဆောက်၏၊ ထို

ကျောင်း၌ အထူးထူးသော ဇနပုဒ်မှ များစွာသော ရဟန်းတို့သည် လာ၍ နေကြကုန်၏၊ လူတို့လည်း ထိုရဟန်းတို့ကိုမြင်လျှင် ကြည်လင်သောစိတ်ရှိကုန်သည်ဖြစ်၍ မွန်မြတ်သော ပစ္စည်းတို့ဖြင့် လုပ်ကျွေးကြကုန်၏၊ကုလူပကရဟန်းသည် ထိုအခြင်းအရာကို သည်းမခံနိုင်ရကား ဣဿာတရားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ထိုရဟန်းတို့၏ အပြစ်ကို ဆိုလျက် သူကြွယ်ကိုစောင်းမြောင်းစေ၏၊ သူကြွယ်လည်း ကုလူပကရဟန်းကို နှိပ်စက်သည်ဟု ထိုရဟန်းတို့ကို ဆဲရေး၏၊နောက်အခါ ကျောင်းနေဆရာကုလူပကရဟန်းသည်သေ၍ ထိုကျောင်း၏ဝစ္စကုဋိ၌သာ ပြိတ္တာ ဖြစ်လေ၏၊ ကျောင်းတကာသူကြွယ်လည်းသေ၍ ထိုပြိတ္တာ၏အထက်၌သာ ပြိတ္တာဇင်ဖြစ်လေ၏၊ ကိုအခါ မဟာမောဂ္ဂလ္လာန်သည် ထိုပြိတ္တာတို့ကို မြင်လေလျှင် "မစင်တွင်းမှတက်၍ အထက်၌တည်သည်ကား အသူနည်း" ဟုမေးတော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်ကား ယုတ်မာသောအမှုကိုပြု၍ ပြိတ္တာဘုံသို့ ရောက်သော ပြိတ္တာတည်း" ဟု လျှောက်၏၊ မထေရ်လည်း "အဘယ်မကောင်းမှုကြောင့်ပြိတ္တာဖြစ်သနည်း"ဟုမေးတော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်၏ကျောင်း၌ သီတင်းသုံးနေသောပြုစုစောင်းမြောင်းလျက် ခက်ထန်သောဝန်တို့ခြင်းရှိသောအကြင်ရဟန်းသည်ရှိ၏၊ ထိုရဟန်း၏စကားကို လိုက်နာ၍များစွာသောရဟန်းတို့ကို ဆဲရေးမိ၏၊ ထိုမကောင်းမှု၏အကျိုးကြောင့် ပြိတ္တာဘုံသို့ရောက်ရသည်"ဟု လျှောက်၏၊မထေရ်လည်း "သင်၏ အဆွေခင်ပွန်းယောင်ဆောင်သော ရန်သူဖြစ်သော ကုလူပက ရဟန်းသည်ကား အဘယ်မှာဖြစ်ရှာလေသနည်း"ဟုမေးတော်မူ၏၊ ပြိတ္တာလည်း "အရှင်ဘုရား အကျွန်ုပ်ကား ယုတ်မာသော သဘောရှိသော ထိုကုလူပကရဟန်း၏ ထိပ်ထက်၌ တည်ရ၏၊ ထိုကုလူပကရဟန်းကား ပြိတ္တာဘုံသို့ ရောက်၍ အကျွန်ုပ်၏ အလုပ်အကျွေးဖြစ်၏၊အရှင်ဘုရား အကျွန်ုပ်ကား ဝစ္စကုဋိ၌ သူတပါးတို့စွန့်ပစ်သော ကျင်ကြီးကို နေ့တိုင်း နေ့တိုင်းစားရ၏၊ အကျွန်ုပ်၏ ကုလူပကဆရာကား အကျွန်ုပ်စွန့်ပစ်သော ကျင်ကြီးကိုနေ့တိုင်း နေ့တိုင်း စားရ၏"ဟု လျှောက်၏၊ ထိုသူနှစ်ဦးတို့တွင် သူကြွယ်ကား သီလဝန္တရဟန်းတို့ကို "ဤသို့သော အာဟာရကို သုံးဆောင်သော ထက် သင်တို့အား မစင်ကိုစားခြင်းသည်မြတ်၏"ဟုဆဲရေး၏၊ ကုလူပကရဟန်းမူကားသူကြွယ်ကိုလည်းဆဲရေးစေ၏၊ကိုယ်တိုင်လည်းဆဲရေး၏၊ ထိုကြောင့်

ကုလူပကရဟန်းအား သူကြွယ်အောက်ယုတ်၍ စက်ဆုပ်ရွံရှာ ဖွယ်သော အသက်ရှင်ခြင်းဖြစ်ရသတည်း၊ အရှင်မောဂ္ဂလာန်သည် ထိုအကြောင်းကို သဗ္ဗညုဘုရားအားလျှောက်ထား၏၊ သဗ္ဗညုဘုရားလည်းအရှင်မောဂ္ဂလာန် လျှောက်ထားသောစကားကို အကြောင်းပြုတော်မူ၍ ဤသာ တရားဖြင့် သူတပါးတို့အား ကဲ့ရဲ့စွပ်စွဲ ဆဲရေးခြင်း၌ အပြစ်ကို ပြတော်မူ၍ ရောက်လာလော ပရိသတ်တို့အား တရားဟောတော်မူ၏၊ ပရိသတ်တို့လည်း အလွန်လျှင် သံဝေဂရကြကုန်၏၊ ယခုအခါ ထိုသူတို့၏ အပြစ်ကို ကြားသိရသော သူတော်ကောင်း တို့အားလည်း များစွာသော သံဝေဂ ကိုင်ကောင်းဖွယ်ရှိ၏။

အပါယဒုက္ခအများတို့တွင် နိရယဒုက္ခတစိတ်,
တိရစ္ဆာနဒုက္ခ, ပေတဒုက္ခ တစိတ်ဖြင့် မှတ်အပ်သော
သံဝေဂဝတ္ထု ဒီပနီကျမ်း အဋ္ဌမကဏ္ဍကား
ဤ၌ တွင် ရွေ့ ပြီး ပြီ ။

သံဝေဂဝတ္ထု ဒီပနီကျမ်းအဋ္ဌမတွဲ ပြီး၏။

# သံဝေဂဝတ္ထုဒီပနီ

## နဝမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁၉၃=အသယ့်သဌေး၏အလှူ၌အကြီးဖြစ်သောအခါ အလှူ့ရှင်ကပေးလှူပါလျက် မိမိက ဝန်တိုသောကြောင့် ပြိတ္တာဖြစ်ရသောဝတ္ထု။

ယခုအခါ ပေတဒုက္ခတစိတ်မှစ၍ အပါယ်ဒုက္ခကို ပြစေအံ့၊ လွန်လေပြီးသောအခါ ဥတ္တရ မဓုရပြည်ကို အစိုးရသော မဟာသာဂရ မင်း၏ သားတော် ဖြစ်သော ဥပသာဂရ မင်းသားကို စွဲ၍ ဥတ္တရ ပထတိုင်း ကံသဘောဂ အသိတဥ္စနမြို့၌ ကံသမင်း၏ သမီးတော်ဝမ်း၌ ဖြစ်ကုန်သော ကဏှာဒေဝီ သမီးယော်တယောက်, ဝါသုဒေဝ, ဗလဒေဝ, စန္ဒဒေဝ, သူရိယဒေဝ, အဂ္ဂိဒေဝ, ဝရုဏဒေဝ, အဇ္ဇုန, သဇ္ဇုန, ဃဋပဏ္ဍိတ, အင်္ကုရ, သားတော် တကျိပ်၊ ဤတကျိပ် တယောက်တို့တွင် ဝါသုဒေဝ စသော မင်းညီနောင်တကျိပ်တို့သည် အသိတဥ္စနမြို့အစ ဒွါရာဝတီမြို့အဆုံး ရှိကုန်သော အလုံးစုံသော ဇမ္ဗူဒိပါကျွန်းဝယ် ခြောက်သောင်းသုံးထောင်သော မြို့တို့၌ မင်းတို့ကို စက်လက်နက်ဖြင့် အသက်ကုန်စေ၍ ဒွါရာဝတီမြို့၌ နေကုန်လျက် ပြည်ကို ဆယ်စု ပုံပြီးလျှင်ဝေ့ကုန်၏၊ နှမတော် ဖြစ်သော ကဏှာဝေဝီကိုကား သတိမရကြကုန်၊ တဖန်သတိရ၍ တဆယ့်တပုံပြုကုန် အံ့ဟု ဆိုသော် အငယ်ဆုံးဖြစ်သော အင်္ကုရ မင်းသားသည် ငါ့အဖို့ကို နှမတော်အားပေးပါ၊ ငါမူကားကုန်သွယ်လျက်အသက်မွေးအံ့ စင်စစ်မှာမူ သင်တို့ဇနပုဒ်၌ ငါ့အား အခွန်ကို လွှတ်ကုန်လော့ဟု ဆို၏၊ နောင်တော် နှမတော်တို့လည်းကောင်းပြီဟု ဝန်ခံ၍ အင်္ကုရ အဖို့ကို နှမတော်အား ပေးပြီးလျှင် ဒွါရာဝတီမြို့၌နေကြကုန်၏၊အင်္ကုရမူကားကုန်သွယ်လျက်အမြဲ

လျှင် ကြီးစွာသောအလှူကိုပေး၏၊ အက်ုရဘက္လာစိုး ကျွန်တယောက်သည် အကျိုးစီးပွားကို အလိုရှိ၏၊ အက်ုရကားကြည်ညို၍ထိုကျွန်အားအမျိုးသမီး တယောက်နှင့်ပေးစား၏၊ သားပဋိသန္ဓေနေ၍လတ်သော် အဖ ဖြစ်သော ကျွန်ဘက္လာစိုးသည်သေခဲ့၏၊ အက်ုရလည်း ထိုသူငယ်ဖွားက အဖအား ပေးမြဲဝတ်ကို သားအားပေး၏၊ ထိုသူငယ် အရွယ် ရောက်လတ်သော် ကျွန်ဟုတ်မဟုတ်ကို မင်းမျိုး၌အဆုံးအဖြတ် ဖြစ်၏။ ကစ္စနာဒေဝီသည်နွားမ ဥပမာကိုဆို၍ အမိအားတော်လှန်ငြားက သားကိုတော်လှန် မြဲသာတည်း ဟု ကျွန်အဖြစ်မှ လွှတ်စေ၏၊ သူငယ်လည်း ရှက်နိုးသဖြင့် ဒွါရာဝတီမြို့၌ မနေဝံ့သောကြောင့် ရောရုဝမြို့သို့သွားပြီး လျှင် အမှတ်မရှိသော အပ်လျှို သမား၏သမီးကိုယူ၍အပ်လျှိုအတတ်ဖြင့်အသက်မွေးလျက်နေ၏၊ ထိုအခါ ရောရုဝမြို့၌ အသယှအမည်ရှိသော သဌေးသည်ရဟန်း,ပုဏ္ဏား, အထီးကျန် ခရီးသွား ဖုန်းတောင်းစား ယာစကာတို့အား များစွာ အလှူကို ပေး၏၊ အပ်လျှိုသမားသည် အသယှသဌေးအိမ်ကို မသိကုန်သော ရဟန်း ပုဏ္ဏား စသည်တို့အား နှစ်သက်ဝမ်းမြောက်စွာလက်ယာလက်မောင်းကိုချီပြီးလျှင် ဤသည်ကား အသယှသဌေး၏အိမ်တည်းဟုပြလျက် ဤအိမ်သို့ သွား၍ ရဖွယ်ဟူသမျှကို ရကြပါစေကုန် ဟု ဆို၏၊ ထို အပ်လျှိုသမားသည် နောက်အခါ သေလွန်၍ မရုကန္တာရဝယ် အမှတ်မရှိသော ပညောင်ပင်၌ ရုက္ခစိုးနတ် ဖြစ်လေ၏၊ ထိုရောရုဝမြို့၌ပင် ယောကျ်ား တယောက်သည် အသယှသဌေး၏ ဒါန၌ အားထုတ်လျက် သဒ္ဓါကြည်ညိုခြင်း မရှိသည် ဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူရှိရကား ကောင်းမှု ပြုခြင်း၌ရှိသေခြင်း မရှိသည်ဖြစ်၍ သေပြီးလျှင် ထိုရုက္ခစိုးနတ်၏အနီး၌ ပြိတ္တာဖြစ်လေ၏၊ ဒါနပတိဖြစ်သော အသယှသဌေးကား သေ၍ တာဝတိံသာနတ်ပြည်၌ သိကြားနတ်မင်း၏ အပေါင်းအဖော်အဖြစ်သို့ ကပ်လေ၏၊ နောက်အခါ အက်ုရသည်လှည်း ငါးရာကို ဘဏ္ဍာအပြည့်တင်ပြီးလျှင် ပုဏ္ဏားတယောက်၏ လှည်းငါးရာတို့ နှင့်တကွ နှစ်ယောက်သားတို့သည် လှည်း တထောင်တို့ဖြင့် မရုကန္တာရ ခရီးကို သွားကြကုန်၏၊ ထိုသူနှစ်ဦးတို့သည်ခရီးမှားရကားများစွာသော နေ့တို့ပတ်လုံး ထိုအရပ်၌သာ လှည့်လည်ကုန်လျက် ကုန်ပြီးသောမြက်ရေ အစာရှိကုန်၏၊ အက်ုရလည်း မြင်းတမန်တို့ဖြင့် အရပ်လေးမျက်နှာတို့၌ သောက်ရေကို ရှာစေ၏၊ ထိုအခါ အလုံးစုံသော အလိုကို ပေးတတ်သော လက်ရှိသော ရုက္ခစိုးနတ်သည် ထိုသူတို့၏ ပျက်စီးခြင်းကို မြင်၍အက်ုရ

သည် ရှေးအခါမိမိအား ပြုအပ်သောကျေးဇူးကို အောက်မေ့လျက် ယခုအခါ ငါသည် ဤသူ၏ကိုးကွယ်ရာဖြစ်ကောင်း၏ဟု မိမိနေရာ ညောင်ပင်ကိုပြ၏၊ ထိုညောင်ပင်ကား အခက်အခွနှင့် ပြည့်စုံ၏၊ တခဲနက် ထူထဲသော အရွက်ရှိ၏၊ ချမ်းအေးသောအရိပ်ရှိ၏၊ အထောင်မကသောမြစ်ပျဉ်းရှိ၏၊ အလျား အနံ အစောက်အားဖြင့် လေးယူဇနာရှိ၏၊ ထိုပညောင်ပင်ကို မြင်၍ အကုံရသည် နှစ်သက်ရကား ညောင်ပင်အောက်၌ သစ်တပ်ကိုဖွဲ့စေ၏၊ ရုက္ခစိုးနတ်လည်း မိမိ လက်ယာလက်မောင်းကို ဆန့်ပြီးလျှင် ရှေးဦးစွာ သောက်ရေဖြင့် လူအပေါင်းကို ရောင့်ရဲစေ၏၊ ထို့နောင်မှ အကြင်အကြင်သူသည် အကြင်အကြင် ဝတ္ထုကို အလိုရှိကုန်၏၊ ထိုထို သူအား ထိုထိုဝတ္ထုကို ပေးစေ၏။

ဤသို့ အထူးထူးသော ထမင်းအဖျော်ဖြင့် အလိုရှိတိုင်းရောင့်ရဲစေအပ်သော လူအပေါင်းသည် နောက်အခါ ခရီးပင်ပန်းခြင်း ငြိမ်းလက်သော်ကုန်သည်ပုဏ္ဏားသည် မသင့်သောအားဖြင့် နှလုံးသွင်း၍ ဥစ္စာအကျိုးငှာ ငါတို့ ကမ္ဘောဇတိုင်းသို့ သွား၍ အဘယ် ပြုအံ့နည်း၊ အလိုခပ်သိမ်းကို ပေးတတ်သော ဤနတ်ကို အမှတ်မရှိသောအကြောင်းဖြင့်ခေါ်၍ ယာဉ်သို့ တင်ပြီးလျှင် ငါတို့မြို့သို့ ပြန်ကုန်အံ့ဟု ကြံ၏၊ ယင်းသို့ ကြံပြီးလျှင် ထိုအကြောင်းကို အကုံရအား "ငါတို့သည် ကမ္ဘောဇတိုင်းသို့ ဥစ္စာအလို့ငှာ သွား၍ အဘယ်အကျိုး ရှိကုန်အံ့နည်း၊ အလိုခပ်သိမ်းကို ပေးတတ်သော ဤနတ်ကို အသာအကြည်သော်လည်းကောင်း, အသာအကြည်နှင့်မရလျှင် အနိုင်အထက် သော်လည်းကောင်း ခေါ်၍ယာဉ်သို့တင်ပြီးလျှင် ဒွါရာဝတီမြို့သို့ပြန်ကုန်အံ့ဟု ဆို၏၊ ဤသို့ အသပ္ပုရိသ သဘော၌ တည်၍ ပုဏ္ဏားဆိုလတ်သော် အကုံရသည် သပ္ပုရိသ သဘော၌တည်၍ ဖယ်လိုသောကြောင့်-

ယဿ ရုက္ခဿ ဆာယာယ, နိသီဒေယျ သယေယျ ဝါ၊
န တဿ သာခံ ဘဉ္ဇေယျ, မိတ္တဒုဗ္ဘော ဟိ ပါပကော။

ဟူသော ဂါထာကို ဆို၏။

ယဿ ရုက္ခဿ၊ အကြင်သစ်ပင်၏၊ ဆာယာယ၊ အရိပ်၌၊ နိသီဒေယျ ဝါ၊ ထိုင်မူလည်း ထိုင်ငြားအံ့၊ သယေယျဝါ၊ အိပ်မူလည်း အိပ်ငြားအံ့၊ တဿ ရုက္ခဿ၊ ထိုသစ်ပင်၏။ သာခံ၊ အခက်ကို၊ န ဘဉ္ဇေယျ၊ မချိုးရာ၊ မိတ္တဒုဗ္ဘော၊ အဆွေခင်ပွန်းကို ပြစ်မှားသောသူသည်။ ပါပကော ဟိ၊ ယုတ်မာသည် သာလျှင်တည်း။

အဓိပ္ပါယ်ကား ချမ်းအေးသောအရိပ်ရှိသော အကြင်သစ်ပင်၏ အရိပ်၌ ထိုင်မူလည်း ထိုင်ငြားအံ့၊ အိပ်မူလည်း အိပ်ငြားအံ့၊ အဆွေခင်ပွန်းကို ပြစ်မှားသော သူသည် ယုတ်မာသည်သာ ဖြစ်သော ကြောင့် အဝိညာဏကဖြစ်သော သစ်ပင်၏ အခက်ကိုသော်လည်း မချိုးရာ၊ ငါတို့သဝိညာဏကဖြစ်သော သတ္တဝါတို့၌ကား အဘယ်ဆိုဖွယ် ရှိအံ့နည်း၊ ဤနတ်သည် သူတော်ကောင်းပေ၊ ငါတို့၏ ဆင်းရဲကိုဖျောက်၍ များစွာ ကျေးဇူးပြုပေ၏၊ တစုံတခုမျှ ထိုနတ်၏အကျိုးမဲ့ကို မကြံအပ်၊ စင်စစ်မူကား ထိုနတ်အားပူဇော်ထိုက်သည်သာတည်းဟုဆိုလိုသည်။

ယင်းသို့ဆိုသော ထိုစကားကို ကြားလျှင် ပုဏ္ဏားသည် အက်ုရ၏ ဆန့်ကျင်ဘက်၌ တည်၍....

ယဿ ရုက္ခဿ ဆာယာယ,နိသီဒေယျ သယေယျဝါ၊
ခန္ဓံပိ တဿ ဘိန္ဒေယျ, အတ္တော စေ တာဒိသော သိယာ။

ဟူသော ဂါထာကို ဆို၏။

ယဿ ရုက္ခဿ၊ ၏၊ ဆာယာယ၊ ၌။ နိသီဒေယျဝါ၊ အံ့။ သယေယျဝါ၊ အံ့။ တာဒိသော၊ ထိုသို့ သဘောရှိသော၊ အတ္တော၊ အလိုသည်။ စေသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ တဿ ရုက္ခဿ၊ ထိုသစ်ပင်၏။ ခန္ဓံပိ၊ ပင်စည်ကိုလည်း။ ဘိန္ဒေယျ၊ ဖြတ်ရာ၏။

အဓိပ္ပါယ်ကား အကြင်သစ်ပင်၏အရိပ်၌ ထိုင်ငြား အိပ်ငြား သော်လည်း ထိုသို့ သဘောရှိသော အဆောက်အအုံဖြင့် အလိုရှိငြားအံ့၊ ထိုသစ်ပင်၏ ပင်စည်ကိုသော်လည်း ဖြတ်ရာ၏၊ အခက်အရွက် စသည်တို့ကိုကား အဘယ်ဆိုဖွယ်ရှိအံ့နည်းဟု ဆိုလိုသည်။

ဤသို့ဆိုသော ထိုသူနှစ်ယောက်တို့၏စကားကိုကြား၍ နတ်သားလည်း ပုဏ္ဏားကိုအမျက်ထွက်သောကြောင့် ထိုသို့မူလည်း ဖြစ်စေ,ဤပုဏ္ဏားအား. ပြုဖွယ်အမှုကိုနောက်မှသိရလတ္တံ့ ဟုနှလုံးပြု၍ငါ့ကိုနတ်သည်လည်းကောင်း လူသည်လည်းကောင်းဘစုံတယောက်သောသူသည်မနှိပ်စက်အပ်၊ ငါကား တန်ခိုးကြီးသောအဖြစ်သို့ ရောက်သော, တခဏခြင်းပင် ဝေးသောအရပ်သို့ သွားနိုင်သော, အဆင်းအား ကိုယ်အားနှင့် ပြည့်စုံသော နတ်တည်းဟု

ဆို၏၊ အင်္ကုရလည်း "အရှင်နတ်မင်း....သင်၏လက်သည်အလိုခပ်သိမ်းကို ပေးတတ်သောကြောင့် အရှင်နတ်မင်းအား ငါတို့ကား သိကြားဟု မှတ်ထင်သည်၊ သိကြားပေလော"ဟု မေး၏၊ နတ်လည်း "အင်္ကုရ...ငါကား သိကြား စန္ဒြာနတ်မဟုတ်၊ ရောရုဝပြည်မှ ဤသြော်ပင်သို့လာ၍ဖြစ်ဆည့် ပြိတ္တာတန်ခိုးကြီးတည်း"ဟု ဆို၏၊ အင်္ကုရလည်း "အရှင်နတ်မင်း........ အဘယ်ပြုဟ္မစရိယကြောင့် အရှင်နတ်မင်း၏လက်သည် အလိုခပ်သိမ်းကို ပေးတတ်သနည်း"ဟုမေး၏။ အင်္ကုရ....ရှေးအခါ ငါကား ရောရုဝမြို့၌ အပ်လျှိုသမားဖြစ်၍ ဖုန်းတောင်းစား ယာစကာတို့ကို အလှူရှင်ဖြစ်သော အသယှသဋ္ဌေး၏အိမ်ကို မေးလာသည်ကို ကြည်ညို့ရွှင်လန်းစွာ လက်ယာ လက်ကိုမြှောက်ပြီးလျှင် ဤ၌တွင် အသယှသဋ္ဌေး၏ အိမ်တည်းဟု ပြ၏။ ထိုကောင်းမှုကြောင့် ငါ၏လက်သည် အလိုခပ်သိမ်းကို ပေးတတ်သည်" ဟုဆို၏။ အင်္ကုရလည်း "အရှင်နတ်မင်း....ရွှင်လန်းစွာ လက်မြှောက်၍ ပြကားမျှဖြစ်သော အရှင်နတ်မင်း၏ ပြည့်စုံခြင်းကို ငါတို့ မျက်မှောက်ထင် ထင် မြင်ရပေပြီ၊ အလှူ့ရှင်ဖြစ်သော အသယှသဋ္ဌေးကား အဘယ်သို့သွား ၍ ဘယ့်နှယ်များ ပြည့်စုံရှာလိမ့်နည်း"ဟုမေး၏၊ နတ်လည်း အင်္ကုရ.... ငါကား အသယှသဋ္ဌေး၏ လားရာဂတိကိုမသိ၊ ဝေဿဝဏ် နတ်မင်း အထံမှ ငါကြားဖူးသည်ကား အသယှ သဋ္ဌေးသည် တာဝတိံသာမှာ သိကြားမင်းအပေါင်းအဖော်၏ အဖြစ်သို့ ရောက်သည်ဟု ငါကြားဖူး သည်" ဟု ဆို၏၊ အင်္ကုရလည်း နတ်၏ စကားကိုကြား၍ ကောင်းမှုကို ပြုခြင်းငှာ တတ်ကောင်းသည်သာတည်း၊ စည်းစိမ်းအားလျော်စွာ အလှူ ဒါနကိုပေးခြင်းငှာ ဘင့်သည်သာတည်း၊ အလိုခပ်သိမ်းကိုပေးတတ်သော လက်ကို မျက်မှောက်ထင်ထင်ရလျက် အဘယ်သူသည် ကောင်းမှုကို မပြုပဲ ရှိအံ့နည်း၊ ငါသည် ဒွါရာဝတီပြည်သို့ ရောက်မူ အလှူဒါနကို ပေးအံ့၊ ထမင်းအဖျော် အဝတ်တန်ဆာ အိပ်ရာနေရာတို့ကိုပေးအံ့၊ ရေတွင်းရေကန် ရေအိုးစင်တို့ကိုပြုအံ့၊ ခဲယဉ်းကျဉ်းမြောင်းသော အရပ်၌ တံတားခင်းအံ့ ဟု ဝန်ခံ၏၊ယင်းသို့ဝန်ခံလတ်သော် နတ်သည် နှစ်သက်ရကား "အဆွေ.... သင်သည် စံ့ဝံ့ရဲရဲသာ စွန့်ကြဲပေးလှူပါ၊ ငါလည်းအဆွေခင်ပွန်း၏ကိစ္စကို ပြုပါ့မည်၊ အကြင်အခြင်းအရာဖြင့် သင့်အား လှူဖွယ်ဝတ္ထုသည် မကုန်၊ ထိုအခြင်းအရာဖြင့် ငါပြုအံ့"ဟု ဒါနကို ပြုခြင်း၌ စိတ်ကို ထက်စေ၍ ကုန်သည်ပုဏ္ဏားကို သင်ကား ဓါသွီသဘောရှိသောနတ်ကို အနိုင် အထက်

ဆောင်လိုသည်၊ သင်၏ပမာဏကို သင်မသိ''ဟု အလုံးစုံသော ပုဏ္ဏား၏ ဥစ္စာကို ကွယ်ပျောက်စေ၍ နတ်၏ ကြောက်မက်ဖွယ်ကို ပြလျက် ခြိမ်းခြောက်၏၊ ထိုအခါနတ်ကိုအင်္ကုရသည်အထူးထူးအပြားပြားတောင်းပန်၍ ပုဏ္ဏားကို ကန်တော့စေပြီးလျှင် ကြည်ညိုစေ၍ အလုံးစုံသော ဘဏ္ဍာကို ပကတိပြုစေပြီးမှ သွားကြသော် နတ်သား၏အနီး၌ ပြိတ္တာ တယောက်ကို တွေ့လေ၏၊ အင်္ကုရလည်း ပြိတ္တာကို ''သင်၏လက်ချောင်း ခြေချောင်းတို့သည် အဘယ်ကြောင့် ကောက်ကွေးသနည်း၊ ခံတွင်း နှာယောင်သည် အဘယ်ကြောင့် ကောက်ကွေးသနည်း၊ အဘယ်ကြောင့်မျက်စိမှ မစင်တို့သည် ယိုစီးကုန်သနည်း''ဟုမေး၏ ပြိတ္တာလည်း ''အင်္ကုရ........ငါကား အသယှသဋ္ဌေး၏ ဒါန၌ အကြီး ထားအပ်သော သူပင်တည်း၊ ဒါန၌ ဝေယျာဝစ္စပြုသောသူသည် ဖုန်းတောင်း ယာစကာတို့လာသည်ကို မြင်၍ အလှူတင်းကုပ်မှတပါး အခြားသို့ မသွားပဲ တည်မြဲတိုင်းသော အရပ်၌ တည်လျက်သာ နှစ်သက်ဝမ်းမြောက်ခြင်း, မျက်နှာ အရေအဆင်း ကြည်လင်ခြင်း ရှိသည်ဖြစ်၍ မိမိလက်ဖြင့်မူလည်းပေးရာ၏၊ လျောက်ပတ်သော သူတို့ကိုမူလည်း ပေးစေအပ်၏၊ ငါကားထိုသို့မပြု၊ ဖုန်းတောင်းယာစကာတို့ကိုမြင်လျှင် အဝေးကစင် ငါ့ကိုယ်ကိုပြလျက် အရပ်တပါးသို့ ဖဲသွား၍ လက်ခြေမျက်နှာတို့ကို တွန့်လိမ်ခြင်းကိုပြု၏၊ အလှူရှင်သည် အလှူအရာ၌ ထားအပ်သောသူ ဖြစ်လျက် လှူချိန်ကာလ ရောက်လတ်သော်, မစ္ဆေရ နှိပ်စက်သောအားဖြင့် အလှူတင်းကုပ်မှ ဖဲသွားလျက် မျက်နှာ လက်ခြေ တွန့်လိမ်ခြင်းသို့ရောက်၏၊ ထို့ကြောင့်လက်ခြေမျက်နှာတို့သည် ကောက်ကွေးရကုန်သည်၊ ချစ်သောမျက်စိဖြင့် ကြည့်ရမည်ကို မျက်စိ၏ နှောက်နှယ်ခြင်းကိုပြုမိချေ၏၊ ထိုကြောင့် မျက်စိမှမစင်တို့ ယိုထွက်ကုန်သည်''ဟု ဆို၏၊ အင်္ကုရလည်း ''ယောကျ်ားယုတ်....သူတပါး၏ဒါန၌ပင်သင်သည် ဝန်တိုသေး၏၊ သင်ကားအဘယ်မှာဒါနပြုနိုင်အံ့နည်း''ဟု ကဲ့ရဲ့၍အလှူရှင် အသယှသဋ္ဌေးကိုလည်း ကဲ့ရဲ့လိုသောကြောင့်....

ကထံ ဟိ ဒါနံ ဒဒမာနော ကရေယျ ပရပတ္တိယံ.........ဟူသော ဂါထာကို ဆို၏။

ဒါနံ၊ အလှူကို၊ ဒဒမာနော၊ ပေးသောသူသည်။ ပရပတ္တိယံ၊ သူတပါးအား ယုံကြည်အပ်သည်ကို။ ကထံ ဟိ၊ အဘယ်ကြောင့်လျှင်။ ကရေယျ၊ ပြုရာသနည်း။

**အဓိပ္ပါယ်ကား** အလှူပေးသော အလှူရှင်သည် အဘယ်ကြောင့် သူတပါးအား ယုံကြည်ခြင်းကို ပြုလေရာ သနည်း၊ ကိုယ့်မျက်မှောက်ပြု၍ ကိုယ့်လက်ဖြင့်သာ ပေးရာ၏၊ ထိုဒါန၌ ကိုယ်တိုင်သာ အားထုတ်ရာ၏၊ ယင်းသို့မဟုတ်မူ မိမိ၏ဒေယျဓမ္မသည် ဌာနမဟုတ်ရာ၌ ပျက်စီးရာ၏၊ ဒက္ခိဏေယျတို့သည်လည်း ဒါနဝတ္ထုမှ ယုတ်ကုန်ရာ၏ဟု ဆိုလိုသည်။

အင်္ကုရလည်း ဒွါရာဝတီမြို့သို့ ပြန်သွား၍ အတိုင်းမသိသော ဒါနကို ဖြစ်စေ၏၊ ဤသို့များစွာသော အလှူကိုပေးသော အင်္ကုရ၏ အလှူတင်းကုပ်သည် ရောင့်ရဲရကား ဖုန်းတောင်း ယာစကာတို့မှ ဆိတ်၏၊ ယင်းသို့ ဆိတ်သည်ကို မြင်သော် အင်္ကုရသည် ဒါန၌ ကြီးမြတ်သောအလိုရှိသည်၏ အဖြစ်ကြောင့် မရောင့်ရဲရကား မိမိဒါန၌ မပြတ်လုံ့လပြုသော သိန္ဓုဒက လုလင်ကို ခေါ်ပြီးလျှင် "သိန္ဓုဒက........လူအပေါင်းတို့က ငါ့ကို အင်္ကုရသည် စည်းစိမ်နှင့်လည်းပြည့်စုံ, ဒါနနှင့်လည်းပြည့်စုံသည်ဖြစ်၍ ချမ်းသာစွာ အိပ်ရ၏ဟု ချီးမွမ်းကြသည်၊ ငါကား ဖုန်းတောင်းစားယာစကာတို့ကို မမြင်သောကြောင့် ဆင်းရဲစွာ အိပ်ရ၏"ဟု ဆို၏၊ ထိုစကားကို ကြား၍ သိန္ဓုဒကလုလင်လည်း အင်္ကုရ၏ဒါန၌ အလွန်နှလုံးသွင်းသော အဖြစ်ကို ထင်ရှားအောင် ပြုလိုရကား"အရှင်အင်္ကုရ....သင့်အား သိကြားမင်းသည် အကယ်၍ ဆုပေးငြားအံ့၊ အဘယ်ဆုကို ယူမည်နည်း" ဟု မေး၏၊ "သိန္ဓုဒက....အကယ်၍ ငါ့အား သိကြားမင်းသည် ဆုပေးငြားအံ့၊ အနာကင်းခြင်း၏ပြည့်စုံခြင်းဟု ဆိုအပ်သော အာရောဂျသမ္ပဒါ, နေထွက်သောအခါ နတ်၏အစာ ထင်ရှားဖြစ်ခြင်းဟု ဆိုအပ်သော ဒေယျဓမ္မ သမ္ပဒါ, သီလနှင့်ပြည့်စုံသော အလှူခံဟုဆိုအပ်သော ဒက္ခိဏေယျသမ္ပဒါ, ပေး၍ မကုန်နိုင်ခြင်းဟု ဆိုအပ်သော အပရိမိတ သမ္ပဒါ, ပေးပြီး၍ နောင်တ မရှိခြင်း, ပေးစဉ် စိတ်ကို ကြည်သို့စေခြင်းဟုဆိုအပ်သော ဒါယကသမ္ပဒါ ဤငါးပါးသောဆုကို ယူမည်"ဟု ဆို၏၊ ဤသို့ အင်္ကုရသည် များစွာသော အလှူကို ပေးပြီးလျှင် အသက်၏ အဆုံး၌ တာဝတိံသာ နတ်ပြည်မှာ ဖြစ်လေ၏၊

အင်္ကုရသည် တာဝတိံသာ နတ်ပြည်၌ နတ်ချမ်းသာကို ခံစားစဉ် ငါတို့ဘုရား လက်ထက်တော်၌ ဣန္ဒက အမည်ရှိသော လုလင်သည် အရှင် အနုရုဒ္ဓါအား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ တယောက်ချို့,

တယောက်မမျှသော ဆွမ်းကိုလှူ၍ ခေတ်နှင့် ပြည့်စုံသော ကောင်းမှု၏ အာနုဘော်ကြောင့် တန်ခိုးကြီးသော နတ်သားဖြစ်လေ၏၊ နတ်၌ဖြစ်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ အာယု ဝဏ္ဏ သုခ ယသ အာဓိပစ္စ ဟု ဆိုအပ်သော ဆယ်ပါးသောအကြောင်းတို့ဖြင့် အင်္ကုရထက် သာလွန်၍ တင့်တယ်၏၊ ဤသို့ နတ်သားနှစ်ယောက်တို့သည် နတ်ပြည်၌ နတ်ချမ်းသာကို ခံစားစဉ် ငါတို့ သဗ္ဗညုဘုရား ဖြစ်တော်မူသည်မှ နေ့စက် ခုနစ်ဝါမြောက် အဘိဓမ္မာကို ဟောခြင်းငှာ တာဝတိံသာ နတ်ပြည်သို့ တက်တော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ကျောက်ဖျာပေါ်၌ တသောင်းသော လောကဓာတ်မှ စည်းဝေးလာရောက်သော နတ်ပြဟ္မာတို့ အလယ်၌ နေတော်မူ၏၊ ထိုသူအပေါင်းတို့တွင် သဗ္ဗညုဘုရားသည် သာလွန်၍ တင့်တယ်တော်မူ၏။

နကောစိ ဒေဝေါ ဝဏ္ဏေန, သမ္ဗုဒ္ဓံ အတိရောစတိ၊

သဗ္ဗေ ဒေဝေ အဓိဂ္ဂယှ, သမ္ဗုဒ္ဓေါဝ ဝိရောစတိ။

ကောစိဝိဒေဝေါ၊ တစုံတယောက်သော နတ်ပြဟ္မာသည်။ ဝဏ္ဏေန၊ အဆင်းအားဖြင့်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ န အတိရောစတိ၊ သာလွန်၍ မတင့်တယ်။ သဗ္ဗေ ဒေဝေ၊ အလုံးစုံသော နတ်ပြဟ္မာတို့ကို။ အဓိဂ္ဂယှ၊ လွှမ်းမိုးဖိစီး၍။ သမ္ဗုဒ္ဓေါဝ၊ မြတ်စွာဘုရားသည် သာလျှင်။ ဝိရောစတိ၊ တင့်တယ်တော်မူ၏။

ထိုအခါ ဣန္ဒကနတ်သားသည် သဗ္ဗညုဘုရား၏ လက်ယာဒူးတော်ပါး အင်္ကုရနတ်သားသည် လက်ဝဲဒူးတော်ပါး၌ နေကြသည်ရှိသော် နောက်အခါ အင်္ကုရနတ်သားသည် တန်ခိုးကြီးသော နတ်ပြဟ္မာတို့ ဝင်လာသောကြောင့် ဆုတ်သွားပြီးလျှင် သဗ္ဗညုဘုရားနှင့် တဆယ့် နှစ်ယူဇနာ ခြားသောအရပ်၌ တည်လေ၏၊ ထိုအခြင်းအရာကို မြင်တော်မူ၍ သဗ္ဗညုဘုရားသည် ဒက္ခိဏေယျ၏ ပြည့်စုံခြင်းကို ထင်ရှားပြခြင်းငှာ "အင်္ကုရ သင်သည် ကာလရှည်စွာ အနှစ်နှစ်သောင်းပတ်လုံး များစွာသော အလှူကို ပေးအပ်သည် မဟုတ်လော၊ လာ........ငါဘုရား၏ အနီးအပါးတော်၌ နေလော့"ဟု မိန့်တော်မူ၏၊ ထိုစကားကို ကြား၍ အင်္ကုရနတ်သားလည်း "ဘုန်းတော်ကြီးလှသော ဘုရား........အကျွန်ုပ်ကား ကာလရှည်စွာ အနှစ် နှစ်သောင်းပတ်လုံး များစွာသော အလှူကို ပေးလှူအပ်သော်လည်း ဒက္ခိဏေယျ၏ ပြည့်စုံခြင်းမှ ကင်းသဖြင့် လယ်ကောင်းမဟုတ်၊ လယ်ယုတ်

ဖြစ်သော ကျုတ်တီးကုန်းခေါင်၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ အကျိုး များစွာမဖြစ်၊ ဣန္ဒကနတ်သား၏ တယောက်ချို တယောက်မမျှသော ဆွမ်း အလှူကို ဒက္ခိဏေယျ၏ပြည့်စုံခြင်းကြောင့် လယ်ကောင်း၌ စိုက်ပျိုးအပ် သော မျိုးစေ့ကဲ့သို့ အကျိုးကြီးမားစွာ ဖြစ်ပွားလေ၏''ဟု လျှောက်၏၊ သဗ္ဗညုဘုရားလည်း ဒက္ခိဏေယျ၏ ပြည့်စုံခြင်း မပြည့်စုံခြင်းကား ဤသို့ ထူးခြားသည်ဟု မိန့်တော်မူ၏၊ ဤသို့မိန့်တော်မူသော စကားတော်ကို ကြား သောကြောင့် သင်္ဂါယနာတင် ဆရာမြတ်တို့သည်....

ဝိစေယျ ဒါနံ ဒါတဗ္ဗံ, ယတ္ထ ဒိန္နံ မဟပ္ဖလံ၊
ဝိစေယျ ဒါနံ ဒတွာန, သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။
ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ,ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ,ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေတိ။

ဟူသော နှစ်ဂါထာကို ဆိုတော်မူကုန်၏။

ယတ္ထ၊အကြင်အလှူခံပုဂ္ဂိုလ်၌၊ဒိန္နံ၊ပေးလှူအပ်သည်ရှိသော်။မဟပ္ဖလံ၊ ကြီးသောအကျိုးရှိ၏၊ တံ၊ထိုအလှူခံပုဂ္ဂိုလ်ကို။ ဝိစေယျ စိစစ်၍။ ဒါနံ၊ အလှူကို။ဒါတဗ္ဗံ၊ပေးအပ်၏၊ဝိစေယျ၊စိစစ်၍။ ဒါနံ၊အလှူကို။ ဒတွာန၊ ပေးလှူသောကြောင့်။ ဒါယကာ၊အလှူရှင်တို့သည်။ သဂ္ဂံ၊နတ်ပြည်သို့။ ဂစ္ဆန္တိ၊သွားကုန်၏။

ဝိစေယျ၊စိစစ်၍။ ဒါနံ၊ပေးလှူခြင်းကို။ သုဂတပ္ပသတ္ထံ၊မြတ်စွာဘုရား သည် ချီးမွမ်းတော်မူအပ်၏၊ ဣဓ ဇီဝလောကေ၊ ဤ သတ္တလောက၌။ ယေ ဒက္ခိဏေယျာ၊ အကြင်မြတ်သော အလှူခံပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ဧတေသု၊ထိုအလှူခံပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ ပေးလှူအပ်ကုန်သော ဒါနတို့သည်။ မဟပ္ဖလာနိ၊ကြီးမြတ်သော အကျိုးရှိကုန်၏။ ယထာ ကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သုခေတ္တေ၊ကောင်းသောလယ်၌။ ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ မဟပ္ဖလာနိ ယထာ၊ များသော အကျိုးရှိကုန်သကဲ့သို့တည်း။ (အကျိုးစီးပွားကို အလိုရှိပါမူ ဤဂါထာကို အာဂုံနှုတ်တက် ဆောင်ရွက်အပ်ကုန်၏။

ဤ၌ လိုရင်းကား အသယှသင်္ဌေး၏ ဒါန၌ ဝန်တို၍ ပြိတ္တာဖြစ်သော သူကို ပြလိုရင်းတည်း။ ဤပြိတ္တာသည် အလှူရှင်က ပေးလှူပါဟူ ဒါန၌ ယှဉ်စေအပ်သောသူဖြစ်လျက် အလှူခံကိုမြင်လျှင် မရှိမှသေ အလှူတင်းကုပ်မှ

ဖဲသွားသည်၊ ပေးပြန်လျှင်လည်း လက်ခြေတုန့်လိမ်သည်၊ အလှူခံကို မရိမသေ မျက်မှောက်ကြုတ်လျက် အမျက်ထွက်၍ကြည့်သည်၊ ထိုသို့ပြုအပ် သော မကောင်းမှုတို့ကြောင့် လက်ခြေအင်္ဂါကောက်ကွေးလျက် ငတ်မွတ် ခြင်းနှိပ်စက်သော ခုပ္ပိပါသိကပြိတ္တာ ဖြစ်ရလေသည်၊ ဤပြိတ္တာ၏ဖြစ်ရ သောအကြောင်းများကို ကြားသိရသော ယခုအခါ ပညာရှိ အပေါင်း သူတော်ကောင်းတို့အား ပေတဒ္ဒကွ၌ သံဝေဂဉာဏ်ကို အလွန် ပွားစေအပ် ၏၊မင်းစသောသူတို့၏ အလှူဒါန၌ အားထုတ်ရသော သူတို့သည် သတိ ရှိကြစေကုန်။

---

၁၉၄-ပစ္စေကဗုဒ္ဓါ၏ကျောင်းသခ်မ်းကို မီးတိုက်ရှို့သော
မကောင်းမှုကြောင့် အဝီစိငရဲ၌ ကျက်ပြီးမှ
ဦးခေါင်းကားလူ့ ကိုယ်ကား ၂၅-ယူဇနာရှိသော
မြွေပြိတ္တာ ဖြစ်ရသော လယ်ထွန်ယောကျ်ား ဝတ္ထု

တရံရောအခါ ရသေ့တထောင်တို့တွင် အတွင်းဝင်သော ရှင်လက္ခဏ နှင့်တကွ ရှင်မောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်ပြည်တွင်းမှ ဆွမ်းရွာ ကုန်အံ့ ဟု ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူကြကုန်၏၊ ထိုမထေရ် နှစ်ပါး တို့တွင် ရှင်မောဂ္ဂလာန်သည် မြွေပြိတ္တာတခုကိုမြင်၍ ပြုံးရွှင်သောအခြင်းအရာကို ထင်ရှားပြုတော်မူ၏၊ ထိုအခါ ရှင်မောဂ္ဂလာန်ကို ရှင်လက္ခဏက "ငါ့ရှင် မောဂ္ဂလာန်....သင်သည်အဘယ့်ကြောင့် ပြုံးခြင်းကိုပြုသနည်း"ဟုပြုံးခြင်း အကြောင်းကို မေး၏၊ "ငါ့ရှင်လက္ခဏ ဤပြဿနာကို ဤအခါတွင် ဖြေခြင်းငှာမသင့်၊ သဗ္ဗညုဘုရားအပါးတော်ဝယ် နေသည့်ကာလ ငါ့ကို မေးလော့"ဟု ဆို၏၊ မထေရ်နှစ်ပါးတို့သည် ဆွမ်းခံရာမှပြန်သွား၍ဘုရား သဗ္ဗညု အထံတော်၌ နေကြကုန်သော် လက္ခဏ မထေရ်သည် "ငါ့ရှင် မောဂ္ဂလာန်....သင်သည် ဂိဇ္ဈကုဋ်တောင်မှ ငါနှင့်တကွ ဆင်းသွားကြသော် ပြုံးခြင်းကို ပြုသောကြောင့် ငါသည် ပြုံးခြင်းအကြောင်းကိုမေးပါသော် လည်း သဗ္ဗညုဘုရား၏အပါးတော်မှာမှ ငါ့ကိုမေးဟု သင်ဆို၏၊ယခုအခါ အကြောင်းကိုကြားပါလော့"ဟု ဆို၏၊ အရှင်မောဂ္ဂလာန်လည်း "ငါ့ရှင် လက္ခဏ ငါကား မြွေပြိတ္တာတခုကိုမြင်၍ ပြုံးရွှင်ခြင်းကိုပြုသည်၊ထိုပြိတ္တာ အားဤသို့သဘောရှိသောကိုယ်ရှိ၏၊ ဦးခေါင်းကားလူ့ကိုယ်ကား မြွေနှင့် မခြား ပမာဏကား နှစ်ဆယ့်ငါး ယူဇနာလောက်ရှိ၏၊ ထိုပြိတ္တာအား



ငါတို့သည် ပစ္စေကဗုဒ္ဓါအရှင်ကို ဖူးမြင်ခြင်းငှါ မရကုန်ဟု ဆိုပြီးလျှင် ခဲ လှန်ကန် စသည်တို့ဖြင့် ပုတ်ခတ်လျက်....၆၇၆

ခေါင်းကို ထောက်၍ လူမဆိုသာ၊ ကိုယ်မှာ အားကြီးသောကြောင့်မြေ ပြိတ္တာဟု ဆိုအပ်၏၊ ထိုပြိတ္တာ၏ ဦးခေါင်းမှ ထသော မီးလျှံတို့သည်တိန်ထိန်ပြောင်ပြောင်လောင်ပြီးလျှင် အမြီးတိုင်အောင် သွားကုန်၏၊ အမြီးမှ ထသော မီးတောက်တို့သည်လည်း ကိုယ်ကိုလျှောက်၍ ဦးခေါင်းရောက် အောင်သွားကုန်၏၊ အလယ်မှထသော မီးလျှံ တို့သည်လည်း နံပါးနှစ်ဘက်ကို လောင်စွဲလျက် နှစ်ဘက်ခွဲ၍ သွားကုန်၏၊ နံပါးနှစ်ဘက်မှထသော မီးတောက် တို့သည် အလယ်သို့ ရောက်အောင် သွားကုန်၏၊ ဤသို့ ရှင်မောဂ္ဂလန် ဆိုသော် ထိုအခါ သဗ္ဗညု ဘုရားလည်း ရှင်မောဂ္ဂလာန်ကို သက်သေပြုတော်မူ၍ "ချစ်သားတို့....မောဂ္ဂလာန်ကား အမှန်ကို ဆို၏၊ မောဂ္ဂလာန်သာမဟုတ်၊ ငါဘုရားလည်း နှစ်ဆယ့် ငါးယူဇနာ ရှိသော ဤပြိတ္တာကို သမ္ဗောဓိသို့ ရောက်တော်မူသော နေ့၌ပင် မြင်တော်မူအပ်၏၊ ယင်းသို့ မြင်တော်မူသော်လည်း ဇင်စစ်မှာမူကား မျက်စိအမြင်မရှိသော အကြင်သတ္တဝါ တို့သည် ငါဘုရား၏ စကားတော်ကို မယုံရာ၊ ထိုသတ္တဝါတို့အား စီးပွားမဲ့ ဖြစ်ရာ၏ဟု သူတပါးတို့အား သနားသဖြင့် ငါဘုရား မဆိုသည်"ဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသော စကားကို ကြား၍ ရဟန်းတို့သည် ထိုပြိတ္တာ၏ ရှေးအကြောင်းကို မေးလျှောက်ကြကုန်၏၊ သဗ္ဗညု ဘုရားလည်း ရဟန်းတို့အား ဟောတော်မူ၏။

ချစ်သားတို့....လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို အမှီပြု၍ ဂင်္ဂါမြစ်နားဌ ပစ္စေကဗုဒ္ဓါ၏ သင်္ခမ်းကျောင်းကို ဆောက်လုပ် ကုန်၏၊ ပစ္စေကဗုဒ္ဓါလည်းထိုကျောင်း၌နေလျက် မပြတ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏၊ မြို့သူမြို့သားတို့လည်း ညချမ်းနံနက်ဇန်းနံ့သာ စသည်တို့ကို လက်စွဲကုန်လျက် ပစ္စေကဗုဒ္ဓါအား ခစားလာကြကုန်၏၊ ဗာရာဏသီ ပြည်သစ ယောကျ်ားတယောက်သည် ထိုလမ်းခရီးကို အမှီပြုလျက် လယ်ထွန်၏။ လူအပေါင်းတို့လည်း ညချမ်းနံနက် ရှင်ပစ္စေက ဗုဒ္ဓါအားခစားဆည်းကပ်ခြင်းငှာ သွားလတ်သော် ထိုလယ်ပေါ်ကို နင်းကျော်လျက် သွား၏။ လယ်ထွန်ယောကျ်ား ငမိုက်သားလည်း လယ်ပေါ်ကို မကျော်မနင်းကြနှင့်ဟု တားမြစ်၏။ ယင်းတို့ တားမြစ်ငြားသော်လည်း မတတ်နိုင်လေ၊ ထိုအခါ လယ်ထွန်ယောကျ်ား ငမိုက်သားအား အကြံ ဖြစ်သည်ကား အကယ်၍ ဤအရပ်တွင် ရှင်ပစ္စေကဗုဒ္ဓါ၏သင်္ခမ်းကျောင်းသည်မရှိငြားအံ့၊ ယင်းသို့ မရှိသော် ငါ့လယ်ပေါ်ကို မကျော်နင်းရာဟု ကြံ၏၊ ယင်းသို့

ကြံပြီးသည့်နောက် ထိုလယ်ထွန်ယောကျ်ား ငမိုက်သားသည် ပစ္စေကဗုဒ္ဓါ အရှင် ဆွမ်းခံဝင်တော်မူသောအခါ ကျောင်းမှာရှိသော သောက်ရေအိုး သုံးဆောင်ရေအိုးတို့ကို မုန့်မုန့်ညက်ညက် ရိုက်ခွဲလျက် သစ်ခက် မိုးသော ကျောင်းကို မီးတိုက်၏၊ ရှင်ပစ္စေကဗုဒ္ဓါလည်းကျောင်းမီးလောင်သည်ကို မြင်တော်မူသော်ချမ်းသာရာအရပ်တပါးသို့ ဖဲသွားတော်မူ၏၊လူအပေါင်း လည်း ပန်းနံ့သာကိုယူ၍ ပူဇော်အံ့ဟု လာလတ်သော် မီးလောင်သော ကျောင်းကိုမြင်၍ ငါတို့ အရှင်မြတ်သည် အဘယ်အရပ်သို့ ကြွသွားလေ သနည်းဟု ဆို၏၊ ထိုအခါ လယ်ထွန် ယောကျ်ား ငမိုက်သားလည်း လူအပေါင်းနှင့်တကွ လာ၍ လူအပေါင်းတို့ အလယ်တွင် ရပ်လျက် ''သင်တို့ဆရာ ပစ္စေကဗုဒ္ဓါ၏ ကျောင်းကို ငါသည်ဖျက်ဆီး၍ မီးတိုက် အပ်၏'' ဟုဆို၏၊ ယင်းသို့ဆိုသော် ထိုသူ ယုတ်ကို ဖမ်းကြကုန်၊ ဤ လယ်ထွန်ယောကျ်ား ငမိုက်သားကို အမှီပြု၍ ငါတို့သည် ပစ္စေက ဗုဒ္ဓါ အရှင်ကို ဖူးမြင်ခြင်းငှာမရကုန်ဟု ဆိုပြီးလျှင် ခဲ လှံ ဘန်စသည်တို့ဖြင့်ပုတ် ခတ်လျက် အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏၊ လယ်ထွန် ယောကျ်ား ငမိုက်သားလည်း စုံတေ၍ အဝီစိငရဲ၌ ဖြစ်ပြီးလျှင် အကြင် မျှလောက် ဤပထဝီမြေကြီးသည် အထက်သို့ တယူဇနာမြင့်၏၊ ထိုမျှလောက်အဝီစိငရဲ ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ဂိဇ္ဈကုဋ် တောင်၌ မြွေပြိတ္တာ ဖြစ်လေ၏။

သော အဝီစိမှိ နိဗ္ဗတ္တိတ္ဝာ ယာဝ'ါယံပထဝီ ယောဇနမတ္တံ ဥဿန္နာ၊ တာဝ နိရယေ ပစ္စိတွာ ပတ္တာဝသေသေန ဂိဇ္ဈကူဋေ အဟိပေတော ဟုတွာ နိဗ္ဗတ္တိ။

(ဓမ္မပဒ အဋ္ဌကထာ)

သော၊ ထိုလယ်ထွန်ယောကျ်ား ငမိုက်သားသည်။ အဝီစိမှိ၊အဝီစိငရဲ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ယာဝ၊ အကြင်မျှလောက်။အယံ၊ထဝီ၊ဤမြေကြီးသည်၊ ယောဇနမတ္တံ၊ တယူဇနာ အတိုင်းအရှည်။ ဥဿန္နာ၊ မြင့်၏။ တာဝ၊ ထိုမျှ လောက်၊ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ ပက္ကာဝသေသေန၊ အကျိုး ကြွင်း၏ အစွမ်းဖြင့်။ ဂိဇ္ဈကူဋေ၊ ဂိဇ္ဈကုဋ်တောင်၌။ အဟိပေတော၊ မြွေ ပြိတ္တာသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ၏။

ဤသို့လျှင် သမ္ဗုဒ္ဓ ဘုရားသည် ထိုပြိတ္တာ၏ အကြောင်းကို ပရိသတ် တို့အားဟောတော်မူ၏။ ပရိသတ်တို့လည်း များစွာသံဝေဂ ရကြကုန်၏။ ယခုအခါ ပြိတ္တာ၏ ဆင်းရဲခံရသော အကြောင်းကို ကြားသိ ရသော

သူတော်ကောင်းတို့အားလည်း ပေတဒုက္ခ၌ သံဝေဂဉာဏ်ဖြစ်ကောင်းဖွယ် ရှိ၏။

---

၁၉၅-သံဃာတော်အားရည်၍ ဆောင်အပ်သော ဝတ္ထုကို အဦးယူစားမိသောကြောင့် ကျီးပြိတ္တာဖြစ်ရသောဝတ္ထု

တရံသောအခါ ရှင်မဟာမောဂ္ဂလာန်သည် ရှင်လက္ခဏနှင့်တကွ ဒေါင်းနည်းဖြင် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသွားကြသော် ဂိဇ္ဈကုဋ် တောင်ထိပ်၌ ကျက်ရသော ကျီးပြိတ္တာကိုမြင်၍ ထိုပြိတ္တာ၏ ရှေးမကောင်းမှုကို မေးလိုသောကြောင့်....

ပဉ္စယောဇနိကာဇိဝှါ, သီသံ တေ နဝယောဇနံ၊
ကာယောအစ္စုဂ္ဂတောတုယှံ, ပဉ္စဝီသတိ ယောဇနံ၊
ကိံ နုကမ္မံ ကရိတွာန, ပတ္တောသိ ဒုက္ခမီဒိသံ။

ဟူသော ဂါထာကို ဆိုတော်မူ၏။

တေ၊ သင်၏။ဇိဝှါ၊ လျှာသည်။ ပဉ္စယောဇနိကာ၊ ငါးယူဇနာရှိ၏။ သီသံ၊ ဦးခေါင်းသည်။ နဝယောဇနံ၊ ကိုးယူဇနာရှိ၏။ တုယှံ၊ သင်၏။ ကာယော၊ ကိုယ်သည်။ ပဉ္စဝီသတိ ယောဇနံ၊ နှစ်ဆယ့် ငါးယူဇနာ။ အစ္စုဂ္ဂတော၊ အထက်သို့တက်၏။ ကိံ သမ္မံ၊ အဘယ် မကောင်းမှုကို။ ကရိတွာ၊ ပြုသောကြောင့်။ဤဒိသံ၊ဤသို့သဘောရှိသော။ ဒုက္ခံ၊ဆင်းရဲကို။ ပတ္တော၊ ရောက်သည်။ အသိ နု၊ ဖြစ်သနည်း။

ဤသို့ ရှင်မောဂ္ဂလာန်မေးတော်မူ၏။ (ပြိတ္တာတို့တွင်ဤကျီးပြိတ္တာနှင့် ယခင်ပြဆိုအပ်ပြီးသော မြွေပြိတ္တာ ဤနှစ်ယောက်တို့၏ကိုယ်သာ နှစ်ဆယ့် ငါးယူဇနာရှိသည်။ ကြွင်းသော ပြိတ္တာတို့၏ ကိုယ်ကားသုံးဂါ ဝုတ်သာ ရှိသည်။)

ဒွိန္နမေဝ ကိရ ပေတာနံ အတ္တဘာဝေါ ပဉ္စဝီသတိ
ယောဇနိကော၊ အဝသေသာနံ တိဂါဝုတပ္ပမာဏော၀။
(ဓမ္မပဒအဋ္ဌကထာ)

ဒွိန္နမေဝ၊ နှစ်ယောက်သာလျှင် ဖြစ်ကုန်သော။ ပေတာနံ၊ ကျီးပြိတ္တာ မြွေပြိတ္တာတို့၏။ အတ္တဘာဝေါ၊ သည်။ ပဉ္စဝီသတိ ယောဇနိကော ကိရ၊

နှစ်ဆယ့်ငါးယူဇနာ ရှိသတတ်၊ အဝသေသာနံ၊ ကြွင်းကုန်သော ပြိတ္တာတို့၏။ အတ္တဘာဝေါ၊ သည်။ တိဂါဝုတပမာဏော။ သုံးဂါဝုတ်ပမာဏ ရှိသည်သာလျှင်တည်း။

လောကဒီပက, သုတ်မဟာဝါ အဋ္ဌကထာတို့၌ကား....
အပိစ ဒီဃပိဋ္ဌိက ပေထာနာမသဋ္ဌိယောဇန သတိကာပိဟောန္တိ....
ဟုဆိုကုန်၏။

အပိစ၊ စင်စစ်သော်ကား။ ဒီဃပိဋ္ဌိကပေတာနာမ၊ ဒီဃပိဋ္ဌိက ပြိတ္တာတို့မည်သည်ကား။ သဋ္ဌိယောဇန သတိကာပိ၊ ယူဇနာခြောက်ဆယ်ရှိသည်လည်း။ ဟောန္တိ၊ ကုန်၏။

ပြိတ္တာလည်း အရှင်မောဂ္ဂလာန်အား ကြားလိုသောကြောင့်....

အဟံ ဘန္တေ မောဂ္ဂလာန, ကဿပဿ မဟေသိနော၊
သံဃဿာဘိဟဋံ ဘတ္တံ, အဂ္ဂဟေသိံ ယထိစ္ဆကံ။

ဟူသောဂါထာကို ဆို၏။

ဘန္တေမောဂ္ဂလာန၊ အရှင်မောဂ္ဂလာန်။ အဟံ၊ ငါကား။ မဟေသိနော၊ မြတ်သော သီလက္ခန်စသည်ကို ရှာတော်မူလေ့ရှိသော။ ကဿပဿ၊ ကဿပ ဘုရား၏။ သံဃဿ၊ တပည့် သံဃာတော်တို့။ အဘိဟဋံ၊ ရွေးရှုဆောင်အပ်သော။ ဘတ္တံ၊ ဆွမ်းကို။ ယထိစ္ဆကံ၊ အလိုရှိတိုင်း။ အဂ္ဂဟေသိံ၊ ယူပြီ။

အဓိပ္ပါယ်ကား။ အရှင်မောဂ္ဂလာန် ကဿပဘုရား လက်ထက်တော်၌ များစွာသောရဟန်းတို့သည် ရွာသို့ ဆွမ်းခံ ဝင် ကုန်၏၊ ရွာသားလူတို့သည် ရဟန်းတို့ကိုမြင်၍ ရွှင်လန်းစွာ ချစ်မြတ်နိုးကုန်လျက် ဆွမ်းစားစရပ်၌နေစေ၍ ခြေတို့ကိုဆေးပြီးလျှင် ဆီဖြင့်သုတ်လိမ်း၍ယာဂုကို သောက်စေလျက် ခဲဖွယ်ကိုလှူပြီးလျှင် ဆွမ်းအခါကာလကို ငံ့လင့်ရပ်ဆိုင်း၍ တရားနာလျက်နေကြကုန်၏၊တရားစကားကိုဟောကြားပြီးသောအခါ၌ ရဟန်းတို့၏ သပိတ်ကို ယူပြီးလျှင် အသီးအသီး မိမိတို့အိမ်၌ အထူးထူးအပြားပြား များမြတ်သောအရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စေလျက်ဆောင်ခဲ့ကြကုန်၏၊ထိုအခါ ငါသည် ကျေးဖြစ်၍ ဆွမ်းစားစရပ်၏ အမိုးအဖျား၌ နားနေလျက် ထိုဆွမ်းကိုမြင်၍ လူတယောက်သည် ဆောင်ယူခဲ့အပ်သော သပိတ်မှ သုံးကြိမ်ခံတွင်းပြည့်အောင် သုံးလုပ်သော ထမင်း

ဟင်းလျာကိုယူ၏၊ ထိုဆွမ်းသည်ကား သံဃာတော်၏ဥစ္စာမဟုတ်လေသေး၊ သံဃာတော်အား ဆောင်နှင်း၍ လှူအပ်သော ရဟန်းတို့သည် ယူအပ်သည်မှ ကြွင်းသော မိမိအိမ်သို့ ဆောင်၍ လူတို့သည် စားထိုက်သော ဆွမ်းလည်း မဟုတ်လေသေး၊ သက်သက်သော်ကား သံဃာတော်ကို ရည်၍ ရွေးရှုဆောင်ခိုသော ဆွမ်းမျှသာတည်း၊ ထိုဆွမ်းမှ ငါသည် သုံးလုပ်မျှသော ထမင်းဟင်းလျာတို့ကို ယူအပ်ကုန်၏၊ ဤမျှသော မကောင်းမှုကိုပြု၍ ငါသည် သေလတ်သော် ထိုမကောင်းမှု၏ အကျိုးအားဖြင့် အဝီစိငရဲ၌ကျက်၍ အကျိုးကြွင်း၏ အစွမ်းအားဖြင့် ယခုအခါ ဂိဇ္ဈကုဋ်တောင်၌ ကျီးပြိတ္တာဖြစ်၍ ဆင်းရဲကို ငါခံစားရ၏ဟု ဆို၏။

ဣဒါနိ ဂိဇ္ဈကူဋေ ကာကပေတော ဟုတွာ နိဗ္ဗတ္တော ဣဒံ ဒုက္ခံ ပစ္စာနုဘောမိ။

ဣဒါနိ၊ ယခုအခါ၌။ ဂိဇ္ဈကူဋေ၊ ဂိဇ္ဈကုဋ်တောင်၌။ ကာကပေတော၊ ကျီးပြိတ္တာသည်။ ဟုတွာ၊ ၍။ နိဗ္ဗတ္တော၊ ဖြစ်သည်ရှိသော်။ ဣဒံ ဒုက္ခံ၊ ဤဆင်းရဲကို။ အဟံ၊ သည်။ ပစ္စာနုဘောမိ၊ ခံစားရ၏။

ဤ ကျီးပြိတ္တာ၏ ဆင်းရဲခံရသော အဖြစ်ကို ကြားသိရကုန်သော သူတော်ကောင်းတို့အား ပြိတ္တာ၏ အဖြစ်သို့ ရောက်ရခြင်းသည် ကြောက်လောက်ဖွယ်တကားဟု ဓမ္မဒုက္ခ၌ သံဝေဂဉာဏ် ဖြစ်ကောင်းဖွယ်ရှိ၏။

---

### ၁၉၆-ကျောက်စရစ် ပစ်ခြင်းအတတ်ကို စုံစမ်းအံ့ဟု သုနေတ္တ ပစ္စေကဗုဒ္ဓါကို ပြစ်မှားသတ်ဖြတ်မိ၍ အဝီစိငရဲ၌ ဖြစ်သော ယောကျ်ား ဝတ္ထု

တရံရောအခါ ရှင်မဟာမောဂ္ဂလာန်သည် ရှေးနည်းစဉ်လျှင် လက္ခဏထေရ်နှင့်တကွ ဂိဇ္ဈကုဋ်တောင်မှဆင်းသွားကြသော် တခုသောအရပ်တွင် ပြုံးခြင်းကို ပြုသောကြောင့် အကြောင်းကို မေးပါသော် ရှေးနည်းတူပင် ဘုရားသခင်အထံသို့ရောက်မှ မေးဟု ဆိုသောကြောင့် ဘုရားသခင်အထံသို့ ရောက်လျှင် မေး၏၊ ရှင်မောဂ္ဂလာန်လည်း "ငါ့ရှင် လက္ခဏ........ငါကား တယောက်သော ပြိတ္တာကို မြင်၏၊ သုံးဂါဝုတ်မျှလောက်သော ကိုယ်ဖြင့် ပြိတ္တာ၏ ဦးခေါင်းထက်၌ အလျှံပြောင်ပြောင် တောက်သော ခြောက်သောင်းမျှ

လောက်သော သံတူဆောက်ပုတ်တို့သည် ကျ၍ကျ၍ထကုန်၏၊ ဦးခေါင်းကို ဖရိုဖရဲခွဲကုန်၏၊ ကွဲပြီးကွဲပြီးသော ဦးခေါင်းလည်း တဖန် အသစ်ပြန်ဖြစ်၏၊ ဤမျှလောက်သော အတ္တဘောဖြင့် ဤသို့ သဘောရှိသော အတ္တဘောကို ငါလည်း မမြင်စဖူး၊ ထိုသတ္တဝါကို ငါမြင်၍ ပြုံးသည်”ဟု မိန့်တော်မူ၏။ ဤပြိတ္တာကို ရည်၍ ပေတဝတ္ထု ပါဠိတော်၌-

သဋ္ဌိကူဋ သဟဿာနိ,ပရိပုဏ္ဏာနိ သဗ္ဗသော၊
သီသေ တုယှံ နိပတန္တိ, တေ ဘိန္ဒန္တိစ မတ္ထကံ။

ဟု ဟောတော်မူ၏။

သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်သော သဋ္ဌိကူဋသဟဿာနိ၊ခြောက်သောင်းသော သံတူတို့သည်။ တုယှံ၊သင်၏။ သီသေ၊ ဦးခေါင်း၌။ နိပတန္တိ၊ကျကုန်၏၊ တေ၊ ထိုခြောက်သောင်းသော သံတူတို့သည်။ တုယှံ၊ သင်၏။ မတ္ထကံ၊ ဦးခေါင်းကို။ဘိန္ဒန္တိစ၊ ခွဲလည်း ခွဲကုန်၏။

သဗ္ဗညု ဘုရားသည်လည်း ရှင်မောဂ္ဂလာန် မထေရ်၏ စကားကို ကြားတော်မူသည်ရှိသော် “ချစ်သားတို့....ငါဘုရားလည်း ဤသတ္တဝါကို မဟာဗောဓိမဏ္ဍိုင်၌ နေတော်မူကတည်းကပင်လျှင် မြင်တော်မူ၏၊ ယင်းကို မြင်တော်မူသောကြောင့် ဤသတ္တဝါသည် ဤသို့ရှိသတည်းဟု ပြောသည်ရှိသော် မျက်စိအမြင် မရှိသော အကြွင်သတ္တဝါတို့သည် မယုံကုန်ရာ၊ ထိုသတ္တဝါတို့အား စီးပွားမဲ့ မဖြစ်ပါစေသတည်းဟု သူတပါးတို့အား သနားသောကြောင့် ငါမဆိုသည်၊ယခုမူကား မောဂ္ဂလာန်သည် သက်သေ ဖြစ်၍ ဆိုပေအံ့”ဟု မိန့်တော်မူ၏၊ ထိုစကားကိုကြား၍ ရဟန်းတို့လည်း ထိုပြိတ္တာ၏ ရှေးမကောင်းမှုကို သဗ္ဗညုဘုရားအား လျှောက်ထားကုန်၏၊ သဗ္ဗညုဘုရားလည်း ရဟန်းတို့အား ဟောတော်မူ၏၊ “ချစ်သားတို့........ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သာလိတ္တကအတတ်၌ အပြီး သို့ ရောက်သော တယောက်သော ဆွံ့သည် ရှိသတတ်။

သာလိတ္တက သိပ္ပံနာမ သက္ခရ ခိပနသိပ္ပံ ဝုစ္စတိ........ဟု ဇာတ် အဋ္ဌကထာ ဖွင့်သောကြောင့် သာလိတ္တက အတတ် ဟူသည် ကျောက်စရစ်ပစ် အတတ်ပင်တည်း။

ထိုဆွံ့သည် မြို့တံခါးတွင် တခုသော ညောင်ပင်၏အောက်၌နေလျက် ကျောက်စရစ်တို့ကို ပစ်၍ ထို ပညောင်ပင်၏ အရွက်တို့ကို ဖြတ်လျက် ငါတို့အား ဆင်ရုပ်ကို ထင်စေလော့၊ငါတို့အား မြင်းရုပ်ကို ထင်စေလော့ဟု

ရှာသူ သားငယ်တို့က ဆိုကြသည်ရှိသော် ထိုရှာသူ သားငယ်တို့အား အလို ရှိတိုင်းသော အရုပ်တို့ကို ဆင်စေလျက် ထိုရှာသူ သားငယ်တို့၏ အထံမှ ခဲဖွယ်စသည်တို့ကိုရ၏၊ ထိုအခါ တနေ့သ၌ မင်းသည် ဥယျာဉ်သို့ သွား လတ်သော် ထိုအရပ်သို့ ရောက်လာ၏၊ ရှာသူ သားငယ်တို့လည်း ဆွံ့ကို မြစ်ပျဉ်းကြား၌ ထားပြီးလျှင် တပါးသို့ ပြေးကုန်၏၊မွန်းတည့်အခါ သစ်ပင် အောက်သို့ဝင်လာသော ရှင်ဘုရင်အား အပေါက်အကြားက နေရောင်ထိုး လျက် ကိုယ်ကိုနှိပ်၏၊မင်းသည် အကြောင်းကား အသို့နည်းဟု အထက်သို့ မော်ကြည့်လျှင် သစ်ပင်အရွက်တို့၌ ဆင်ရုပ်မြင်းရုပ်စသည်တို့ကိုမြင်၍ ဤ အမှုကား အသူ့အမှုနည်းဟုမေးသော် ဆွံ့အမှုတည်းဟုံ ဆိုသောကြောင့် ထိုဆွံ့ကိုခေါ်ပြီးလျှင်"ဆွံ့....ငါ၏ပုရောဟိတ်ပုဏ္ဏားသည် စကားများ၏၊ နှုတ်ကြမ်း၏၊ အနည်းငယ်မျှ ဆိုဖွယ် စကားကိုလည်း များစွာ ဆိုလျက် ငါ့ကိုနှိပ်စက်၏၊ ထိုပုဏ္ဏား၏ ခံတွင်းဝယ် တစလယ်မျှလောက်သော ဆိတ် ချေးခြောက်ကို ဝင်ရောက်အောင် ပစ်ခြင်းငှာ စွမ်းနိုင်ပါမည်လော"ဟု မေး၏၊ ဘုန်းတော်မြတ်ကြောင့် တတ်နိုင်ပါ၏ဟု ဆိုသော် ဆိတ်ချေး ခြောက်တစလယ်ကို ဆောင်စေ၍ အရှင်မင်းကြီးတို့ကား ပုဏ္ဏားနှင့်တကွ တင်းတိမ်တွင်း၌ နေတော်မူပါ၊ ဤအရာဝယ် ပြုဖွယ်အမှုကို အကျွန်ုပ် ပြုပါအံ့ဟု လျှောက်၏၊ မင်းလည်း ဆွံ့ လျှောက်တိုင်းနေ၏၊ ဆွံ့လည်း ကတ်ကျေးဖျားဖြင့် တင်းတိမ်တွင်းကို ဖောက်ပြီးလျှင် မင်းနှင့်တကွ စကား ပြောသော ပုရောဟိတ်ပုဏ္ဏား၏ခံတွင်းကို ဖွင့်ကာမျှ၌ တလုံးတလုံးသော ဆိတ်ချေးကိုပစ်၏၊ ပစ်တိုင်းပစ်တိုင်းသော ဆိတ်ချေးကား ပုဏ္ဏားခံတွင်း သို့ ဝင်၏၊ မင်း၏ရှေ့တော်ဝယ်ဖြစ်၍ ဝင်တိုင်းဝင်တိုင်းသော ဆိတ်ချေးကို မထွေးဝံ့ပဲ ဝမ်းထဲသို့ မျိုရလေ၏၊ ဆွံ့လည်း ဆိတ်ချေးကုန်လတ်သော် လက်ကို လှုပ်ရှားလျက် မင်းအား အမှတ်ပေး၏၊ မင်းလည်း ထိုအမှတ်ဖြင့် ဆိတ်ချေးကုန်သော အဖြစ်ကို သိရကား ပုဏ္ဏားကို "ဆရာ....ငါသည် သင်တို့နှင့်တကွ စကားဆိုရသော် ငါ့စကားကိုကြားချင်ခြင်းငှာမတတ်နိုင်၊ ဆရာဘို့သည် အလွန်နှုတ်ကြမ်းလျက် စကားများသည်၏ အဖြစ်ကြောင့် တစလွယ်မျှလောက်သော ဆိတ်ချေးခြောက်တို့ ဝမ်းထဲသို့ ရောက်အောင် မျိုရငြားသော်လည်း စကားဆိတ်ခြင်းသို့ပင် မရောက်နိုင်၊ အိမ်သို့ သွား၍ ဆေးဝါးဖြင့် ဆိတ်ချေးခြောက်ကိုအန်ပြီးလျှင် အတန်ငယ်သက်သာရာခို၍ ကိုယ်ကိုချမ်းသာအောင်ပြု၏ဟုဆို၏၊ ပုရောဟိတ်ပုဏ္ဏားလည်း ထိုအခါမှစ၍

နွလုံးမသာယာလျက် ရှက်ခြင်းသို့ ရောက်ရကား နောင်အခါ မင်းနှင့်တကွ ခံတွင်းကို ဟ၍ စကားဆိုခြင်းငှာ မတတ်နိုင်လေ၊ မင်းလည်း ချမ်းသာရာရ ရကား ငဆွံ၏ကျေးဇူးဂုဏ်ကို အောက်မေ့၍ ငဆွံကို ခေါ်ပြီးလျှင် သင့်ကို အမှီပြု၍ ငါကား များစွာသော ချမ်းသာကို ရအပ်၏ဟု နှစ်သက်သဖြင့် အလုံးစုံ ရှစ်ခုတို့၏ အပေါင်းဖြစ်သော သဗ္ဗဋ္ဌကမည်သော ဥစ္စာကိုပေး၍ မြို့၏ လေးမျက်နှာတို့၌ အခွန်တသိန်းထိုက်သော ရွာလေးခုတို့ကို ပေး၏၊ ထိုအကြောင်းထို သိ၍ မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်သည် "သာခုံ ခေါ် သိပ္ပကံနာမ" စသော ဂါထာဖြင့် "ငဆွံ၏ ကျောက်စရစ်ပစ် အတတ်တုံသော်လည်း ဤမျှလောက် ကျေးဇူးခံရ တုံသေး၏၊ တပါးသော အတတ်ကား အဘယ်သို့ သဘောရှိရာလိမ့်နည်း ဟု အတတ်၏ဂုဏ်ကျေးဇူးကို ချီးမွမ်း၏၊ ထိုအမတ်ကား ယခုအခါ ငါတို့ သဗ္ဗညုဘုရားပင်တည်း။

ထိုနောင်မှ ယောကျ်ားတယောက်သည် ငဆွံ ရအပ်သော စည်းစိမ် ချမ်းသာကို မြင်၍ ကြံ၏၊ ဤသူသည် ဆွံ့သည်ဖြစ်လျက် ဤ အတတ်ကို မှီ၍ များစွာသော စည်းစိမ်ချမ်းသာကို ရအပ်၏၊ ငါလည်း ထိုအတတ်ကို သင်အံ့ဟု ကြံ၍ ငဆွံ့သို့ကပ်ပြီးလျှင် ရှိခိုးလျက် "ဆရာ....ဤအတတ်ကို ငါ့အားလည်း သင်ပါ"ဟု ဆို၏၊ "အမောင်-သင်ခြင်းငှာမတတ်ကောင်း" ဟု ငဆွံ့သည် ပယ်အပ်သည်ရှိသော် ထိုယောကျ်ားသည် ငဆွံ့ကို နှစ်ဆက် စေအံ့ဟု ကြံ၍ ငဆွံ့အား လက်ဆုပ်ခြင်း, ခြေနယ်ခြင်း စသောအမှုတို့ကို ပြုလျက် နှစ်သက်စေ၍ အဖန်တလဲလဲ တောင်းပန်၏၊ ငဆွံ့လည်း ဤ ယောကျ်ားသည် ငါ့အားကျေးဇူးများသည်ဟုကြံလျက်မယ်ခြင်းငှာမတတ် နိုင်ရကား အတတ်ကိုသင်စေ၍ "အမောင်....သင်ကား အတတ်နှင့် ပြည့်စုံပြီ ယခုအခါဝယ် အဘယ်ကို ပြုလတ္တံ့နည်း"ဟု မေး၏၊ "ဆရာ—အပသို့ သွား၍ အတတ်၏ဂုဏ်ကို စုံစမ်းအံ့"ဟု ဆိုသော်'အဘယ်ကိုပြုလတ္တံ့နည်း' ဟု မေး၏၊ နွားဖြစ်စေ, လူဖြစ်စေ အမှတ်မရှိ တယောက် ယောက်ကို ပစ်ခတ်၍ သတ်မည်ဟု ဆိုသော် "အမောင်....နွားကို သတ်သော သူအား ဒဏ်တရာ, လူကို သတ်သောသူအား ဒဏ်တထောင် ထိုက်၏၊ သင်သည် သားမယားနှင့်တကွသော်လည်း ထိုဒဏ်ကို ထုတ်ဆောင်ခြင်းငှာ မတတ် နိုင်လတ္တံ့၊ မပျက်စေလင့်ဟု ဆို၍ အကြင်သူအား ပုတ်ခတ်သည်ရှိသော် ဒဏ်လည်းမရှိ၊ ထိုသို့သဘောရှိသော မိမဲ့ဖမဲ့လူကို စုံစမ်းလေဟု မှာလိုက်

လေ၏၊ ထိုယောကျ်ားလည်း ကောင်းပြီဟုဝန်ခံ၍ ကျောက်စရစ် တို့ကို
ခါးပိုက်ဖြင့်ဆောင်ယူပြီးသော် ထိုသို့သဘောရှိသော သူကိုစုံစမ်းလျက်
လှည့်လည်သော် နွားကိုမြင်လျှင် ဤနွားကား သခင်ရှိသောနွားတည်းဟု
ပစ်ခြင်းငှာမဝံ့၊ လူကိုမြင်သော် ဤသူကား အမိအဖရှိသော သူတည်းဟု
ပစ်ခြင်းငှာမဝံ့၊ ထိုအခါ သုနေတ္တ အမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါသည်
ထိုပြည်ကိုအမှီပြု၍ သခ်မ်းကျောင်း၌နေတော်မူ၏၊ ထိုယောကျ်ားလည်း
ဆွမ်းခံဝင်သော ရှင်ပစ္စေကဗုဒ္ဓါကို မြို့တံခါးကြားတွင်မြင်၍ ဤဦးပြည်း
သည် မိမဲ့ဖမဲ့ သူတည်း၊ ဤဦးပြည်း၌ပစ်ခတ်သည်ရှိသော်ငါ့အား ဒဏ်မရှိ၊
ဤဦးပြည်းကို ပစ်ခတ်၍ အကက်ဂုဏ်ကိုစုံစမ်းအံ့ဟုကြံ၏၊ ယင်းသို့ကြံပြီး
လျှင် ထိုယောကျ်ားသည် အရှင်ပစ္စေကဗုဒ္ဓါ၏ လက်ယာနားသို့ရွယ်လျက်
ကျောက်စရစ်ကိုပစ်၏၊ ထိုကျောက်စရစ်သည်လက်ယာနားသို့ ဝင်လျက်
လက်ဝဲနားဖြင့်၊ထွက်လေ၏၊ ဒုက္ခဝေဒနာသည် ပြင်းစွာဖြစ်ခလေ၏၊ အရှင်
ပစ္စေကဗုဒ္ဓါလည်း ဆွမ်းခံလှည့်လည်ခြင်းငှာမတတ်နိုင်ရကား ကျောင်းသို့
ပြန်သွားပြီးလျှင် နိဗ္ဗာန်လားတော်မူ၏၊ လူတို့လည်း အရှင်ပစ္စေကဗုဒ္ဓါ
မကြွလာသောကြောင့်တစုံတခု မချမ်းသာခြင်းသည် ဖြစ်လေသလောဟု
ကြံလျက် ကျောင်းသို့ ဝင်လေသော် ပရိနိဗ္ဗာန် ပြုတော်မူသည်ကို မြင်၍
ငိုကြွေးမြည်တမ်းကုန်၏၊ ထိုယောကျ်ားသည်းများစွာသောလူအပေါင်းတို့
သွားသည်ကိုမြင်လျှင် မိမိလည်း ထိုအရပ်သို့သွား၍ ပစ္စေကဗုဒ္ဓါဘုရားဟု
သိလတ်သော် ဤပစ္စေကဗုဒ္ဓါသည် ဆွမ်းခံဝင်လာသည်ကို တံခါးကြား
တွင် ငါမျက်မှောက်မြင်သောကြောင့် ငါသည် အကက်ကို စုံစမ်းလိုသော
အားဖြင့် ကျောက်စရစ်နှင့်ပစ်ခတ်သည်ဟုဆို၏၊ လူတို့သည်း ငယုတ်မာ
သည်ပစ္စေကဗုဒ္ဓါကိုပစ်ခတ်၍ သတ်အပ်၏၊ ဖမ်းကြကုန်ဟု ဆိုပြီးလျှင်
ခဲလုံးတံတို့ဖြင့် ပုတ်ခတ်လျက် ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ရောက်စေ
ကုန်၏၊ ထိုယောကျ်ားလည်း စုတေ၍ အဝီစိငရဲ၌ဖြစ်ပြီးလျှင် အကြွင်းမျှ
လောက် ဤမဟာ ပထဝီမြေကြီးသည် ကယူဇနာမျှလောက် အထက်သို့
ရောက်၏၊ ထိုမျှလောက် ကျက်ပြီး၍ အကျိုးကြွင်း၏ အစွမ်းဖြင့်ဂိဇ္ဈကုဋ်
တောင်ထိပ်၌ ပြိတ္တာဖြစ်လေ၏။

သော အဝီစိမှိ နိဗ္ဗတ္တိတွာ ယာဂါယံ မဟာ ပထဝီ ယောဇန-
မတ္တံ ဥဿန္နာ၊ တာဝ ပစ္စိတွာ ပိပါကာ ဝသေသေန ဂိဇ္ဈကူဋ
မတ္တကေပေတော ဟုတွာ နိဗ္ဗတ္တိ။

(ဓမ္မပဒ အဋ္ဌကထာ)

သော၊ ထိုယောကျ်ားသည်။ အဝိစိမှ၊ ၌။ နိဗ္ဗတ္တိတွာ၊ ၍။ ယာဝ၊ အကြင်မျှလောက်။ အယံမဟာပထဝီ၊ ဤမြေကြီးသည်။ ယောဇနမတ္တံ၊ တယူဇနာအတိုင်းအရှည်။ ဥဿန္နာ၊ မြင့်၏။ တာဝ၊ ထိုမျှလောက်။ ပစ္စိတွာ၊ ကျက်၍။ ဝိပါကာဝသေသေန၊ အကျိုးအကြွင်း၏အစွမ်းဖြင့်။ ဂိဇ္ဈကူဋမတ္ထကေ၊ ဂိဇ္ဈကုဋ်တောင်ထိပ်၌။ ပေတော၊ ပြိတ္တာသည်။ ဟုတွာ၊ ဟူ၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။

သဗ္ဗညု ဘုရားလည်းထိုပြိတ္တာ၏ရှေးမကောင်းမှုကိုဟောတော်မူပြီးလျှင် "ချစ်သားတို့ ပညာမဲ့ သူလူမိုက်အား အတတ်သည်လည်းကောင်း၊ စည်းစိမ်ဥစ္စာသည်လည်းကောင်း၊ ဖြစ်သည်ရှိသော် အကျိုးမဲ့သာ ဖြစ်ရာ၏" ဟုမိန့်တော်မူ၏၊ ဤပြိတ္တာ၏ ဆင်းရဲခံရသောအဖြစ်ကို ယခုအခါကြားသိရသော သူတော်ကောင်းတို့အား ပေတဒုက္ခကား ကြောက်ကောင်းဖွယ် တကားဟု သံဝေဂတရားဖြစ်ပွားစေရာ၏။

---

### ၁၉၇-ဝိနည်းပါဠိတော်လာ ပြိတ္တာမျိုး ၂၁ ပါးတို့ကို ထုတ်ပြရာ

ဤမှတပါးဝိနည်းပါဠိတော်လက္ခဏသံယုတ်ပါဠိတော်တို့၌ လာသော

| | |
|---|---|
| ၁။ အဋ္ဌိသင်္ခလိကပြိတ္တာ၊ | ၂။ မံသပေသိကပြိတ္တာ၊ |
| ၃။ မံသပိဏ္ဍပြိတ္တာ၊ | ၄။ နိစ္ဆဝိ ပုရိသပြိတ္တာ၊ |
| ၅။ အသိလောမပြိတ္တာ၊ | ၆။ သတ္တိလောမ ပြိတ္တာ၊ |
| ၇။ ဥသုလောမပြိတ္တာ၊ | ၈။ သူစိလောမ ပြိတ္တာ၊ |
| ၉။ ဒုတိယသူစိလောမပြိတ္တာ၊ | ၁၀။ ကုမ္ဘဏ္ဍ ပြိတ္တာ၊ |
| ၁၁။ ဂူထကူပနိမုဂ္ဂပြိတ္တာ၊ | ၁၂။ ဂူထခါဒကပြိတ္တာ၊ |
| ၁၃။ နိစ္ဆဝိတ္ထိပြိတ္တာ၊ | ၁၄။ ဒုဂ္ဂန္ဓပြိတ္တာ၊ |
| ၁၅။ သြကိလိနီ ပြိတ္တာ၊ | ၁၆။ အသီသက ပြိတ္တာ၊ |
| ၁၇။ ဘိက္ခုပြိတ္တာ၊ | ၁၈။ ဘိက္ခုနီပြိတ္တာ၊ |
| ၁၉။ သိက္ခမာနပြိတ္တာ၊ | ၂၀။ သာမဏေရ ပြိတ္တာ၊ |
| ၂၁။ သာမဏေရီပြိတ္တာ၊ | |

ဟူ၍ နှစ်ကျိပ်တယောက်သော ပြိတ္တာတို့သည် ရှိကုန်သေး၏၊ ဓမ္မပဒ အဋ္ဌကထာ၌ "ဝီသတိ-နှစ်ကျိပ်" ဟု ဆိုသည်မှာ အနည်းငယ် သော အလွန်ကို မရေတွက်မူ၍ ဦးနှသင်္ချာအားဖြင့် ဆိုသတည်း။

(၁) အင်္ဂါသခ်လိက ပြိတ္တာ ဟူသည်ကား ထိုနှစ်ကျိပ်တယောက်သော ပြိတ္တာတို့တွင် အရိုးစု အရိုးဆက် ပြိတ္တာသည်း၊ တရံရောအခါ အရှင် မောဂ္ဂလာန်သည် ရှင်လက္ခဏနှင့် တကွ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသွား သော် အသားအသွေးမရှိသော အရိုးစုသာဖြစ်သော အင်္ဂါသခ်လိကပြိတ္တာ ကို ကောင်းကင်၌ မြင်တော်မူ၏၊ ထိုပြိတ္တာကို ဘီလူးဖြစ်သော လင်းတ ကျီးစွန်ရဲတို့သည် အစဉ်လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ်ကုန်၏၊ ပြိတ္တာသည် နာကျင်သော အသံဖြင့် ပြင်းစွာဟစ်အော်၏၊ ထိုပြိတ္တာကိုမြင်၍ ပြုံးတော် မူသော် ရှင်လက္ခဏသည် ရှေးနည်းဖြင့် ဘုရားရှေ့တော်၌ မေး၍ သဗ္ဗညု ဘုရားလည်း ရှေးနည်းဖြင့် မိန့်တော်မူသော် ရဟန်းတို့လည်း ရှေးနည်းဖြင့် ထိုပြိတ္တာ၏ မကောင်းမှုကို လျှောက်ကုန်၏၊ သဗ္ဗညုဘုရားလည်း ''ချစ်သား တို့....ပြိတ္တာကား ဤရာဇဂြိုဟ်ပြည်၌ပင် နွားကိုသတ်လျက် အသက်မွေး သော ယောကျ်ားဖြစ်ဖူး၏၊ ထိုယောကျ်ားသည် နွားသတ်သောမကောင်းမှု ကံ၏ အစွမ်းဖြင့် များစွာသော နှစ်အရာ အထောင် အသိန်းတို့ ပတ်လုံး ငရဲ၌ကျက်ပြီးမှ ထိုမကောင်းမှုကံ၏ အကျိုးအကြွင်း၏ အစွမ်းဖြင့် ဤသို့ သဘောရှိသော အတ္တဘောကိုရ၍ ဆင်းရဲခံစားရသည်'' ဟု မိန့်တော်မူ၏။

တဿေဝ ကမ္မဿ ဝိပါကာ ဝသေသေန ဝေရူပံ အတ္တဘာဝပ္ပဋိ လာဘံ ပဋိသံဝေဒေတိ။

(သံယုတ်ပါဠိတော်၊ ဗိနည်းပါဠိတော်၌ နည်းတူပင်)

တဿေဝ ကမ္မဿ၊ ထို အတူးထူးသော စေတနာတို့ဖြင့် အားထုတ် အပ်သော အပရာပရိယ စေတနာကံ၏ သာလျှင်။ ဝိပါကာဝသေသေန၊ အကျိုးကြွင်း၏ အစွမ်းဖြင့်။ ဝေရူပံ၊ ဤသို့သဘောရှိသော၊ အတ္တဘာဝပ္ပဋိ လာဘံ၊ အတ္တဘောကို ရခြင်းကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

ဤ၌ ခုနစ်ကြိမ်သော ပါဏာတိပါတ ဇောစေတနာတို့တွင် ပဌမဇော စေတနာကား ဒိဋ္ဌဓမ္မသာ၊ သတ္တမဇော စေတနာလည်း အနန္တရဘာဝ၌ ငရဲမှာအကျိုးပေးပြီးဖြစ်၍ ဤပြိတ္တာဘဝ၌အကျိုးပေးသောစေတနာကား အပရာပရိယဖြစ်သော အလယ်ဇော ငါးချက်တည်း၊ ထို့ကြောင့်သံယုတ် အဋ္ဌကထာ၌....

တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ တဿေဝ နာနာဇ စေတနာဟိ အာယူဟိတဿ အပရာပရိယကမ္မဿ....ဟု မိန့်၏။

တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ၊ ဟူသည်ကား။ နာနာ- စေတနာဟိ၊ အထူးထူးသော စေတနာတို့ဖြင့်။အာယူဟိတဿ၊အားထုတ် အပ်သော။ တဿေဝ အပရာပရိယ ကမ္မဿ၊ ထိုအပရာပရိယ ကံ၏ သာလျှင်။

အကျိုးကြွင်း ဟူသည်ကား.... ထိုခုနစ်ကြိမ်သော ဇောစေတနာတို့တွင် အကြင် သတ္တမဇော စေတနာသည် ငရဲ၌ ပဋိသန္ဓေကို ဖြစ်စေအပ်၏၊ ထိုသတ္တမဇော စေတနာ၏ အကျိုးသည် ကုန်သည်ရှိသော် ကြွင်းသော အလယ်ဇောငါးချက် စေတနာသည် ကံကိုလည်းကောင်း၊ ကမ္မနိမိတ်ကို လည်းကောင်း အာရုံပြု၍ ပြိတ္တာစသည်တို့၌ ပဋိသန္ဓေကို ဖြစ်စေအပ်၏၊ ယင်းသို့ဖြစ်၍ ငရဲ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံနှင့်သဘောတူသည် ၏ အဖြစ်ကြောင့်လည်းကောင်း၊ အာရုံသဘောတူသည်၏ အဖြစ်ကြောင့် လည်းကောင်း ထိုကံ၏ အကျိုးကြွင်းဟု ဆိုသည်။

တတြဟိ ယာယ စေတနာယ နိရယေပဋိသန္ဓိဇနိတာ၊ တဿာ ဝိပါကေ ပရိက္ခီဏေ အဝသေသာ ကမ္မံဝါ ကမ္မနိမိတ္တံဝါ အာရမ္မဏံ ကတွာ ပုန ပေတာဒီသု ပဋိသန္ဓိံ နိဗ္ဗတ္တေတိ၊ တသ္မာ ပဋိသန္ဓိကမ္မ သဘာဂတာယ ဝါ အာရမ္မဏ သဘာဂတာယ ဝါ တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ ဝုစ္စတိ။

(ဝိနည်းအဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ တတြ၊ ထိုခုနစ်ချက်သော ပါဏာတိပါတစေတနာ တို့တွင်။ ယာယ စေတနာယ၊ အကြင်သတ္တမဇောစေတနာသည်။ နိရယေ၊ ငရဲ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဇနိတာ၊ ဖြစ်စေအပ်၏။ တဿာ၊ ထိုသတ္တမ ဇောစေတနာ၏၊ ဝိပါကေ၊ အကျိုးသည်။ ပရိက္ခီဏေ၊ ကုန်သည်ရှိသော်။ အဝသေသာ၊ ကြွင်းသောအလယ်ဇောငါးချက် စေတနာသည်။ ကမ္မံဝါ၊ ကံကိုလည်းကောင်း၊ ကမ္မနိမိတ္တံဝါ၊ ကမ္မနိမိတ်ကိုလည်းကောင်း၊အာရမ္မဏံ ကတွာ၊အာရုံပြု၍။ပုန၊ တဖန်။ ပေတာဒီသု၊ ပြိတ္တာ စသည်တို့၌။ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏၊ တသ္မာ၊ ထိုကြောင့်။ ပဋိသန္ဓိကမ္မ- သဘာဂတာယဝ ါ၊ ငရဲ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံနှင့် သဘောတူ သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အာရမ္မဏသဘာဂတာယဝါ၊ အာရုံ သဘောတူသည်အဖြစ်ကြောင့်လည်းကောင်း။တဿေဝ ကမ္မဿဝိပါကာဝ သေသေနာတိ။ ဟူ၍။ ဝုစ္စတိ၊ အပ်၏။

အဓိပ္ပါယ်ကား "တဃောဝ ကမ္မဿ"ဟု ဆိုသော်လည်း ထိုကံမှုတ်၊ ထိုကံကား သတ္တမဇော စေတနာ ဖြစ်သောကြောင့် အနန္တရဘဝ၌အကျိုးပေး၍ကုန်လေပြီ၊ ပြိတ္တာဘဝ၌ အကျိုးပေးသော အပရာပရိယကံကို ထိုကံနှင့် ပရိသန္ဓေအကျိုးကိုပေးခြင်းသဘော, အာရုံ သဘောတူသည်၏အဖြစ်ကြောင့်သာ သဒိသူပစာရ အားဖြင့် "တဃောဝ ကမ္မဿ"ဟု ဆိုသည် မှတ်ရမည်၊ ဤအဋ္ဌသာလိက ပြိတ္တာသည်း ယခု အဋ္ဌကထာဆိုတိုင်းသာ ဖြစ်သည်၊ ထိုပြိတ္တာအား ငရဲမှ စုတေသောကာလ အသားအသွေး မရှိကုန်သော နွားတို့၏ အရိုးစုသည်သာ ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထို့ကြောင့် အရိုးစုပြိတ္တာ ဖြစ်လေ၏။

(၂) မံသပေသိကပြိတ္တာ ဟူသည်ကား အသားတစ် ပြိတ္တာတည်း၊ ထိုပြိတ္တာလည်း ရာဇဂြိုဟ်ပြည်၌ နွားသတ်ယောကျ်ားဖြစ်၍ အသားတို့ကို အမဲခြောက်ပြု၍ ရောင်းစားလျက် အသက်မွေး၏၊ ထိုမကောင်းမှုကြောင့် ငရဲ၌ကျက်ပြီးမှ အကျိုးကြွင်း၏အစွမ်းဖြင့် ဂိဇ္ဈကုဋ်တောင်တွင် ပြိတ္တာဖြစ်၍ ကောင်းကင်၌ သွားလျက် များစွာသော လင်းတ ကျီး စွန်ရဲတို့သည် ဆန်လျက်သွားနှင့်အတူ ထက်လှစွာသော သံနှုတ်သီးတို့ဖြင့် အစဉ်လိုက်လျက် ထိုးဆိတ် ဆွဲကုန်၏၊ ပြိတ္တာလည်း သည်းမခံနိုင်အောင် နာကျင်၍ ပြင်းစွာဟစ်အော်၏၊ထိုပြိတ္တာလည်း ငရဲမှ စုတေသောကာလ အသားတစ် သည်သာ ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထို့ကြောင့် မံသပေသိကပြိတ္တာ ဖြစ်ရသည်။

(၃) မံသပိဏ္ဍပြိတ္တာ ဟူသည်ကား အသားစိုင်ပြိတ္တာတည်း၊ ထိုပြိတ္တာသည် ငှက်တို့ကို ဖမ်း၍ ရောင်းသောကာလ အတောင် အမွေး အရေတို့ကို ပယ်ပြီးလျှင် အသားစိုင်ပြု၍ ရောင်းစားလျက် အသက်မွေး၏၊ငရဲမှစုတေသောကာလ အသားစိုင်သည် ကမ္မနိမိတ်ဖြစ်၍ထင်၏၊ ထို့ကြောင့် မံသပိဏ္ဍပြိတ္တာ ဖြစ်ရသည်။

(၄) နိစ္ဆဝိ ပုရိသ ပြိတ္တာ ဟူသည်ကား အရေမရှိသော ယောကျ်ား ပြိတ္တာတည်း၊ ထိုပြိတ္တာသည် ဆိတ်တို့ကိုသတ်၍ ရောင်းစားသည့်ကာလ အရေမရှိသည်ကိုပြု၍ ရောင်းစား၏၊ ငရဲမှ စုတေသောကာလ အရေမရှိသော ဆိတ်၏ကိုယ်သည် ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထို့ကြောင့် နိစ္ဆဝိ ပုရိသ ပြိတ္တာ ဖြစ်ရသည်။

ညွှန်းစာပေ- ၉၁။

(၅) အသိလောမပြိတ္တာ ဟူသည်ကား သန်လျက်အမွေးရောက်သော ပြိတ္တာတည်း၊ ကောင်းကင်၌သွားသော ထိုပြိတ္တာကို ထိုသန်လျက်တို့သည် ပျံ၍ပျံ၍ ပြိတ္တာ၏ကိုယ်၌ ကျကုန်၏၊ ထိုပြိတ္တာလည်း သည်းမခံနိုင်၍နာကျင်သော အသံကို ပြုလျက် ပြင်းစွာ ဟစ်အော်၏၊ ထိုပြိတ္တာသည် ဝက်တို့ကို သတ်သောကာလ အစာပေး၍ မွေးအပ်သော ဝက်တို့ကို သန်လျက်ဖြင့် ထိုးဖြတ်၍ သတ်၏၊ ထို့ကြောင့် ငရဲမှ စုတေသောကာလ ချီအပ်သော သန်လျက်သည် ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထို့ကြောင့် အသိလောမပြိတ္တာ ဖြစ်ရသည်။

(၆) သတ္တိလောမပြိတ္တာ ဟူသည်ကား လှံအမွေး ရောက်သော ပြိတ္တာတည်း၊ ကမ္မကရဏမှာ အသိလောမပြိတ္တာနှင့်နည်းတူပင်၊ ထိုပြိတ္တာသည် သမင်တို့ကို သတ်သောကာလ လှံတစင်း သမင်တကောင်ကိုယူပြီးလျှင် တောသို့သွား၍ မိမိသမင်၏ အနီးအပါးသို့ လာတိုင်း လာတိုင်းသော သမင်တို့ကို လှံနှင့်ထိုး၍ သတ်၏၊ထိုကြောင့် ငရဲမှစုတေသောကာလ လှံသည် ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထိုကြောင့် သတ္တိလောမပြိတ္တာ ဖြစ်ရသတည်း။

(၇) ဥသုလောမပြိတ္တာ ဟူသည်ကား မြှားအမွေးရောက်သော ပြိတ္တာတည်း၊ကမ္မကရဏကား အသိလောမပြိတ္တာနှင့်တူ၏၊ ထိုပြိတ္တာသည် မင်းဖြစ်သင့်သောသူတို့ကို များစွာသောအကြောင်းတို့ဖြင့် နှိပ်စက်၍ အဆုံး၌ မြှားနှင့်ထိုးလျက် သတ်၏၊ ထို့ကြောင့် ငရဲမှစုတေသောကာလ မြှားသည် ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထိုကြောင့် ဥသုလောမပြိတ္တာဖြစ်ရသတည်း။

(၈) သူစိလောမပြိတ္တာ ဟူသည်ကား အပ်အမွေး ရောက်သော ပြိတ္တာတည်း၊ ထိုပြိတ္တာ၏ ကမ္မကရဏလည်း အသိလောမပြိတ္တာနှင့် တူ၏၊ ထိုပြိတ္တာသည် နွားမြင်းတို့ကို အဆူးတပ်သော နှင်တံနှင့်ထိုး၍ ဆုံးမခဲ့ဖူး၏၊ ထိုကြောင့် ငရဲမှစုတေသောကာလ အဆူးတပ်သောနှင်တံသည် ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထိုကြောင့် သူစိလောမပြိတ္တာဖြစ်ရသတည်း။

(၉) ဒုတိယသူစိလောမ ပြိတ္တာ ဟူသည်ကား နည်းတူပင်တည်း၊ ထိုပြိတ္တာ၏ ကိုယ်၌ အပ်တို့သည် ဦးခေါင်း၌ဝင်၍ ခံတွင်းမှ ထွက်ကုန်၏၊ ခံတွင်း၌ဝင်၍ ရင်မှထွက်ကုန်၏၊ ရင်မှဝင်၍ဝမ်းမှထွက်ကုန်၏၊ ဝမ်း၌ဝင်၍ ပေါင်တို့မှထွက်ကုန်၏၊ ပေါင်တို့၌ဝင်၍ မြင်းခေါင်းတို့မှ ထွက်ကုန်၏၊ မြင်းခေါင်းတို့၌ဝင်၍ ခြေဖဝါးတို့မှထွက်ကုန်၏၊ ထိုပြိတ္တာသည် သည်းမခံ

နိုင်၍ နံ့ဘကျင်သော အသံကိုပြုလျက် ပြင်းစွာဟစ်အော်၏၊ ထိုသူသည် လူတို့ကို ကုန်းတိုက်၍ အချင်းချင်းဖျက်ဆီး၏၊မင်းမျိုး၌ ဤသူ့အား ဤမည်သော ဥစ္စာသည်ရှိ၏၊ ဤသူသည် ဤမည်သော အမှုကို ပြုအပ်၏ဟု ကုန်းတိုက် ချောပစ်ကုန်၍ ပျက်စီးခြင်းသို့ ရောက်စေ၏၊ ထို့ကြောင့် ထိုသူသည် ကုန်းတိုက်ချောပစ်၍ လူတို့ကို ဖျက်ဆီးကုန်သကဲ့သို့ ထို့အတူ အပ်ဘိုဖြင့် ထိုးခြင်းကြောင့်ဖြစ်သော ဆင်းရဲကိုခံစားရခြင်းငှာ ကံသည်သာ ငရဲမှစုံတေသောကာလ နိမိတ်ဖြစ်၍ ထင်၏၊ ထိုကြောင့် သူစိလောမပြိတ္တာ ဖြစ်ရသတည်း။

(၁၀) ကုမ္ဘဏ္ဍပြိတ္တာဟူသည်ကား အိုးစရည်းပမာဏ ဝှေးစေ့ရှိသော ပြိတ္တာတည်း၊ ထိုပြိတ္တာသည် သွားမသော်လည်း ထိုဝှေးစေ့တို့ကို ပခုံး၌ ထမ်း၍သွား၏၊ထိုင်သော်လည်း ထိုဝှေးစေ့တို့၌သာလျှင် ထိုင်၏၊ထိုပြိတ္တာကို ကျီး လင်းတ စွန်ရဲ တို့သည် လိုက်၍ ထိုးဆိတ်ဆွကုန်၏၊ ထိုပြိတ္တာလည်း သည်းမခံနိုင်ရကား နံ့ဘကျင်သောအသံကိုပြုလျက် ပြင်းစွာဟစ်အော်၏၊ ထိုသူသည် ဆိတ်ကွယ်ရာ၌ လက်ဆောင်တံစိုးကိုစားလျက် ကောက်ကျစ်စဉ်းလဲသော ဆုံးဖြတ်ခြင်းဖြင့် ထင်သော အပြစ်ကို ပြုလျက် အရှင် ဟုတ်သည်ကို မဟုတ်, မဟုတ်သည်ကို အဟုတ်ပြု၏၊ ထိုကြောင့် ထိုပြိတ္တာအား လျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကား ထင်ရှားဖြစ်သတည်း၊ ဒဏ်ထားသည် ရှိသော် သူတပါးတို့သည် သည်းမခံနိုင်အောင်သော ဝန်ကို တင်၏၊ ထို့ကြောင့် ပြိတ္တာ၏အင်္ဂါဇာတ်သည် သည်းမခံနိုင်အောင်သော ဝန်ဖြစ်သတည်း၊ အကြင် အရာ၌ တည်သည်ရှိသော် ညီညွတ်ရာ၏၊ ထိုအရာ၌ မတည်၊ ထိုကြောင့် ထိုပြိတ္တာ၏ အင်္ဂါဇာတ်သည် မညီညွတ်သောနေရာ ဖြစ်သတည်း၊ (ပေါင်းဘက်ပ်ရှိပြီ။)

(၁၁) ဂူထကူပ နိမုဂ္ဂ ပြိတ္တာ ဟူသည်ကား ကျင်ကြီးတွင်း၌ နစ်သော ပြိတ္တာတည်း၊ ထိုပြိတ္တာသည် သူတပါး၏ စောင့်ရှောက် သိမ်းဆည်းအပ်သော လင်မယား၏ အတွေ့ကို တွေ့သည်ရှိသော် မိစ္ဆာစာ ကာမသုခဖြင့် စိတ်ကိုမွေ့လျော်စေ၍ ကံနှင့်သဘောတူသောအဖြစ်ဖြင့် ကျင်ကြီးအတွေ့ကို တွေ့လျက် ဆင်းရဲကိုခံစားခြင်းငှာ ကျင်ကြီးတွင်း၌ ဖြစ်ရသတည်း။

(၁၂) ဂူထခါဒကပြိတ္တာ ဟူသည်ကား မစင်ကိုစားသော ပြိတ္တာ တည်း၊ ထိုပြိတ္တာသည် ကဿပဘုရား သာသနာတော်၌ ပုဏ္ဏားဖြစ်၍

ရဟန်းသံဃာတို့ကို ဆွမ်းဖိတ်ပြီးလျှင် ကျင်း၌ မစင်ပြည့်စေ၍ "အရှင်တို့ အလိုရှိတိုင်း စားကြပါကုန်, ခဲကြပါကုန်" ဟု ဆို၏၊ ထို့ကြောင့် ကံနှင့် တူစွာ မစင်ကိုစားသောပြိတ္တာ ဖြစ်ရသတည်း။

(၁၃) နိစ္ဆဝိတ္ထိပြိတ္တာ ဟူသည်ကား အရေမရှိသော် မိန်းမပြိတ္တာ တည်း၊ ထိုအရေမရှိသော မိန်းမပြိတ္တာကို ကျီး လင်းတ စွန်ရဲတို့အစဉ်လိုက်၍ ဆိတ်ဆွသည်ရှိသော် သည်းမခံနိုင်ရကား နား ကျင်သော အသံဖြင့် ပြင်းစွာ ဟစ်အော်သတည်း၊ မိန်းမဟူသည် မိမိအတွေ့၌ မိမိအစိုးမရ၊ လင်၏ ဥစ္စာ ဖြစ်သော အတွေ့ကို ခိုးဝှက်၍ သူတပါးတို့အား မွေ့လျော်စေ၏၊ ထိုကြောင့် ထိုကံနှင့်တူသောအားဖြင့် ချမ်းသာသော အတွေ့မှ လျော၍ ဆင်းရဲသော အတွေ့ကို ခံစားခြင်းငှာ အရေမရှိသော ပြိတ္တာမ ဖြစ်ရသတည်း။

(၁၄) ဒုဂ္ဂန္ဓပြိတ္တာ ဟူသည်ကား မကောင်းသောအနံ့ရှိသောပြိတ္တာမ တည်း၊ ထိုမိန်းမသည် နံ့တ်၏ကျွန်မ အမှုကိုပြုလျက် ဤဝတ္ထုဖြင့် ဤသို့ ပူဇော်သည်ရှိသော် သင်တို့အား ဤမည်သော ပွားစီးခြင်းသည် ဖြစ်လတ္တံ့ ဟု လူအပေါင်းတို့အာ မကောင်းသောမိစ္ဆာအယူကိုယူစေ၏၊ ထိုကြောင့် ကံနှင့်တူသော အားဖြင့် နံ့သာပန်း အစရှိသည်တို့ကိုခိုး၍ မကောင်းသော အနံ့ မကောင်းသောအဆင်းရှိသော ပြိတ္တာမ ဖြစ်ရသတည်း။

(၁၅) ဩကိလိနီပြိတ္တာ ဟူသည်ကား မီးကျီးထင်းပုံ၌ အိပ်ရသည် ဖြစ်၍ မီးကျီးပြွမ်းသော ပြိတ္တာမတည်း၊ ထိုပြိတ္တာမ၏ အောက်၌လည်း ပေါက်ပွင့်အဆင်းရှိသော မီးကျီးတို့သည်ခံကုန်၏၊နံပါးနှစ်ဘက်တို့မှလည်း ကောင်း, အထက်မှလည်းကောင်း မီးကျီးတို့သည် ကျကုန်၏၊ထိုမိန်းမသည် ရှေးအခါ ကာလိင်္ဂမင်း၏ မိဖုရားကြီးဖြစ်ခဲ့ဖူး၏၊ ထိုအခါ မင်းမောင်းမ တယောက်သည် မီးကျီးဖျင်းကို အနီး၌ ထား၍ မင်း၏ ကိုယ်မှ ရေကို သုတ်၏၊ လက်ကိုလည်း မီးကင်၏၊ မင်းလည်း ထိုမောင်းမနှင့် စကား ပြော၏၊ နှစ်သက်သော အခြင်းအရာကိုလည်း ပြ၏၊ မိဖုရားကြီးလည်း ထိုအခြင်းအရာကို သည်းမခံနိုင်ရကား ငြူစူခြင်းဖြင့် နှိပ်စက်၍ အမျက် ထွက်သောကြောင့် မင်းဖဲ၍ မကြာမြင့်မီ မီးအိုးကင်းကိုယူလျက် ထို မောင်းမ၏ ဦးခေါင်းထက်၌ လောင်းကြဲ၏၊ ထိုမိဖုရားကြီးသည် ထို မကောင်းမှုကိုပြု၍ ထိုသို့သဘောရှိသော အကျိုးကို ခံစားခြင်းငှာ ပြိတ္တာ ဘုံ၌ ဖြစ်လေ၏၊ ငရဲမှစုတေသောကာလ မီးကျီးစုသည် ကမ္မနိမိတ်ဖြစ်၍ ထင်၏၊ ထိုကြောင့် မီးကျီးစု၌ ဖြစ်ရသတည်း။

(၁၆) အသိသက်ပြိတ္တာ ဟူသည်ကား ဦးခေါင်းမပါ၊ ကိုယ်နှင့်သာ စပ်သော ပြိတ္တာတည်း၊ ထိုပြိတ္တာ၏ ရင်၌သာ မျက်စိခံတွင်း တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာသည် ရှေးအခါရာဇဂြိုဟ်ပြည်၌ မင်း၏ အာဃာတဖြင့် ခိုးသတ်ယောက်ျားဖြစ်၍ များစွာသောလူတို့၏ ဦးခေါင်းကိုဖြတ်ခဲ့ဖူး၏။ ထိုကြောင့် ထိုမကောင်းမှု၏ အကျိုးကိုခံစားခြင်းငှာ ကံနှင့်တူစွာပြိတ္တာ ဖြစ်ရသတည်း။

(၁၇) ဘိက္ခုံ ပြိတ္တာ ဟူသည်ကား ထိုရဟန်း၏ ဒုကုဋ် သည်လည်း အလျှံပြောင်ပြောင်တောက်၏၊ သပိတ်လည်းအလျှံပြောင်ပြောင် တောက်၏၊ ခါးပန်းလည်း အလျှံပြောင်ပြောင် တောက်၏၊ ကိုယ်လည်း အလျှံ ပြောင်ပြောင် တောက်၏၊ ထိုပြိတ္တာသည် သည်းမခံနိုင်၍ နာကျင်သော အသံကို ပြုလျက် ပြင်းစွာ ဟစ်အော်၏။ ထိုပြိတ္တာသည် ကဿပ ဘုရား သာသနာတော်၌ ရဟန်းဖြစ်၍ သဒ္ဓါ၍လှူအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်လျက် ကာယဒွါရ, ဝစီဒွါရတို့ဖြင့် မစောင့်စည်းပဲ ပျက်သော အသက်မွေးခြင်း ရှိလျက် စိတ်၏မူးတူးပျော်ပါး ကစားခြင်းဖြင့် မူးတူး ပျော်ပါး ကစားလျက်လှည့်လည်၏၊ ထိုရဟန်းသည် ဘုရားတဆူနှင့် တဆူ အကြားပတ်လုံး ငရဲ၌ကျက်ပြီး၍ အကျိုးကြွင်း၏ အစွမ်းဖြင့် ပြိတ္တာဘုံ၌ ဖြစ်ရသော် ရဟန်းနှင့်တူစွာသော အတ္တဘောဖြင့် ဖြစ်ရ၏။

(၁၈-၁၉-၂၀-၂၁) ဘိက္ခုနီပြိတ္တာ စသည်တို့ကိုလည်း နည်းတူပင် သိအပ်ကုန်၏၊ ဤနှစ်ကျိပ်တယောက်သော ပြိတ္တာတို့ကို ဝိနည်းပါဠိတော်၊ သံယုတ်ပါဠိတော်တို့၌ ဟောတော်မူသည်၊ ထိုနှစ်ကျိပ် တယောက်သော ပြိတ္တာတို့၏ ဆင်းရဲခံရသောအဖြစ်ကို ကြားသိရကုန်သောသူတော်ကောင်း တို့အား ပေတဒုက္ခကားကြောက်ကောင်းဖွယ်တကားဟု သံဝေဂ တရား ကို ဖြစ်ပွားစေအပ်၏။

---

၁၉၈-မဇ္ဈိမရတရားကြောင့် မစားရ မဝတ်ရ

ဆင်းရဲဒုက္ခကြီးစွာရောက်သောပြိတ္တာ ဝတ္ထု

သီဟိုဠ်ကျွန်းဝတ္ထုရွာဝယ် မဟာဒေဝ အမည်ရှိသော ဉပါသကာသည် ထဒ္ဓါသီလနှင့်ပြည့်စုံ၏၊ တရားနှင့်လျော်စွာအသက်မွေးခြင်းရှိ၏ ထိုဉပါ ထကာသည်ညအခါ လယ်စောင့်သည်ဖြစ်၍ လယ်ကုဋ်၌ အိပ်၏၊ ဒူမှတ် မရှိသော ပြိတ္တာတယောက်သည်ငိုယို၍ထမင်းအဖျော်ဘိုကို တောင်းလျက် လမ်းကြောင်း၌ပြေးသွား၏၊ ဉပါသကာလည်း ဆိုအသံကိုကြား၍ ထပြီး

လျှင် ညအခါ လူမရှိသော တောလယ်အတွင်း၌ ထမင်းအဖျော် တောင်း လျက်လမ်းကြောင်းခရီးမှာ ပြေးသွားသည်ကား အသူနည်းဟု မေး၏။ ပြိတ္တာလည်း "အဆွေ........ငါကား မစ္ဆေရအလိုသို့လိုက်၍ မကောင်းမှုကို ပြုမိသောကြောင့် ပြိတ္တာဘုံသို့ ရောက်သောသူတည်း" ဟုဆို၏၊ ငါ့အား တစုံတယောက်သော ထောက်ပံ့မှီခိုရာဆွေမျိုးမရှိ၊ သူတပါးတို့ကားယာဉ် ရထားတို့ဖြင့် လှည့်လတ်သွားလာ၍ စားချင်သည့်ထမင်း အဖျော် တို့ကို စားပြီးလျှင် ဆင်လိုရာအဝတ်တန်ဆာကို ဆင်ဝတ်လျက်နှစ်သက် မွေ့လျော် ကြကုန်၏ဟုဆို၏၊ ဥပါသကာလည်း ပြိတ္တာစကားကို ကြား၍ "ထိုသူတို့ အားရကုန်လျက် သင့်အား အဘယ့်ကြောင့် မရသနည်း" ဟု မေး၏၊ "ပြိတ္တာလည်း ထိုသူတို့ကား ဗောဓိပိဋ္ဌိ ဇနပုဒ်၌ ဆွေမျိုးတို့သည် အလှူ ပေး၍ အမျှဝေသောကြောင့်ရကြကုန်သည် ငါ့မှာမူကား ပေးဝေမည့်သူ မရှိသောကြောင့်မရသည်"ဟုဆိုသော် ဥပါသကာလည်း "ပြိတ္တာဘုံသို့ ရောက်သော သူကို လူ့ပြည်က ဆွေမျိုးတော်သူ ပေးမှသာ ရသလော၊ မတော်သူတို့ ပေးသော် မရသလော"ဟု ဆိုလျှင် ပြိတ္တာလည်း "ဆွေမျိုး တော်သည်ဖြစ်စေ, မတော်သည်ဖြစ်စေ အလှူပေးပြီးလျှင် ရည်မှတ်၍အမျှ ဝေမူ ထိုသူလည်း အနုမောဒနာပြုက ရ၏" ဟု ဆို၏၊ ယင်းသို့သော် နက်ဖြန်ခါ ငါအလှူပေး၍သင့်အားအမျှဝေမည်၊ သင်သည့် အနုမောဒနာ ပြုလော့ဟုဆို၍မိုးသော က်လျှင်ရဟန်းတို့အားဆွမ်းအဖျော်ကိုလှူ၍ပြိတ္တာ အားအမျှဝေ၏၊ ပြိတ္တာလည်း အနုမောဒနာပြု၏၊ ထိုခဏ၌ပင် နတ်၏ ထမင်းအဖျော်ရေကန်တို့ကိုရ၏၊ နတ်၏အဆင်းကဲ့သို့ဖြစ်၏၊ ညဉ့်သို့ရောက် ၍ဥပါသကာ အိပ်သော် လာ၍ "ထလော့ အဆွေ.......ကံ၏ အကျိုးကို မျက်မှောက်ရှုလော့"ဟုဆို၏၊ ဥပါသကာလည်း ထ၍ "အနီးသို့လာခဲ့ပါ၊ အဝေးမှာ အဘယ့်ကြောင့် နေသနည်း" ဟု ဆိုသော် "အဝတ်မပါ၍ ရှက်လှပါသည်၊ နီးရာသို့ငါမလာခံ့"ဆိုလျှင် "ငါ့တွင်ပုဆိုးရှိ၏၊ဤပုဆိုး ကိုဝတ်၍လာပါ"ဟု ဆိုသော် အရာအထောင်သော ပုဆိုး ကိုပင် သော် လည်း လက်ဖြင့် ဖက်၌ပေး၍မရ၊ စင်စစ်မှာမူ အဝတ်လှူ၍သာအမျှဝေပါ ဟု ဆို၏၊ ဥပါသကာလည်း မိုးသောက်လျှင် ရှစ်ယောက်သော ရဟန်းတို့ အား အဝတ်သင်္ကန်းလှူ၍ ပြိတ္တာအား အမျှဝေ၏၊ နတ်၌ဖြစ်သောအဝတ် တို့ကိုရလေ၏၊ ညဉ့်သို့ရောက်၍ အိပ်သောအခါ လာပြီးသော် နတ်၏ တန်ဆာဖြင့် တန်ဆာဆင်ပြီးလျှင်ဥပါသကာ၏ရှေ့၌ရပ်လျက် သင်သည်

ငါ့အားမိဘဆွေမျိုးတို့သော်လည်း မပြုနိုင်သောကျေးဇူးကို ပြုပေသည်၊ ထို့ကြောင့် ငါလည်း သင့်အား ကျေးဇူးတုံ့ကို ပြုကောင်းပေသည်ဟု ဆိုပြီးလျှင် ရွှေအိုးသုံးလုံးတို့ကို ပြ၍ ဤဥစ္စာတို့ကို မိမိလည်းသုံးဆောင် အလှူဒါနလည်းပြုဟု ဆိုပြီးလျှင် ကွယ်ပျောက်လေသည်ဟု လောကဒီပကကျမ်း၌ဆိုသည်၊ ဤသိုဆိုသော ကျမ်းစကားကို ထောက်ထား၍ ပေတဒုက္ခ၌ သံဝေဂတရားကို ပွားစေရမည်။

---

၁၉၉-ကဿပဘုရားလက်ထက် သံဃာ၏ အာရာမ်ဥယျာဉ်ကို ဖျက်ဆီးမိသော မကောင်းမှုကြောင့် ပါသာဏပြိတ္တာဖြစ်၍ ရဟန်းခြောက်ကျိပ်တို့ သပိတ်နှင့်ရေလောင်းလျက်ရေတစက်မျှ မသောက်ရသော ပြိတ္တာ ဝတ္ထု

သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်၌ ခြောက်ကျိပ်မျှလောက်သော ရဟန်းတို့သည် မဟာဗောဓိကို ရှိခိုးခြင်းငှာ ဇမ္ဗူဒိပါကျွန်းသို့ ကူးလာ၍ လှေမှဆင်းပြီးလျှင် အစဉ်သဖြင့် သွားကြကုန်၍ တောအုပ်တခုသို့ ဝင်ကုန်၏၊ ထိုတောအုပ်၌ ခရီးမှား၍ ဆင်တို့သွားရာလမ်းခရီးကိုယူပြီးလျှင် လေးရက်ပတ်လုံးသွားကြကုန်သော် တောအုပ်ခရီး၌ ကြီးစွာသော ကျောက်ဖျာနှင့်တူသော တကောသမပမာဏရှိသော ပြိတ္တာအိပ်၍ နေသည်ကို မြင်လျှင် ကျောက်ဖျာဟူသော အမှတ်ဖြင့်စာက်၍အိပ်ကြကုန်၏၊ခြောက်ကျိပ်သော ရဟန်းတို့သည် ခရီးပင်ပန်းသော် အိပ်ပျော်ခြင်းသို့ ရောက်ကုန်၏၊ သံဃာ့ထေရ်မူကား ထ၍ စင်္ကြံသွားသော် လက်ခြေတို့သဏ္ဍာန်ကို မြင်၍ "ငါ့ ရှင်တို့........ထကြကုန်၊ ဆင်းကြကုန်၊ ဤသည်ကား ကျောက်ဖျာမဟုတ်၊ ပြိတ္တာတည်း"ဟု ဆို၏၊ ရဟန်းတို့လည်း လျင်မြန်စွာထ၍ဆင်းကြကုန်၏၊ ထိုအခါ ပြိတ္တာလည်းခေါင်းထောင်၏၊ ထိုကိုမြင်သော် သံဃာ့ထေရ်သည် "သင်၏ပမာဏကား တကောသမျှလောက်ရှိ၏၊ ကျောက်ဖျာနှင့် တူ၏၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းလည်းမရှိ၊သင်ကား အဘယ်မကောင်းမှုကို ပြုဖူးသနည်း"ဟုမေး၏၊ "အရှင်ဘုရား....အကျွန်ုပ်ကား.... ပြိတ္တာတည်း၊ ရှေးလူဖြစ်သောအခါ ကဿပဘုရားရှင်သာသနာတော်၌ သံဃာတော်၏ ဥစ္စာဖြစ်သော လယ်ယာ အာရာမ် ဥယျာဉ်တို့ကို ဖျက်ဆီး သောကြောင့် ပြိတ္တာဘုံသို့ ရောက်ရသည်၊ ပြိတ္တာဘဝမှ စုံတေလျှင် အဝီစိငရဲမှာဖြစ်ပါ ရဦးမည်"ဟု ဆို၏၊ သံဃာ့ထေရ်လည်း "အချင်း....သင်ကား အဘယ်ကို အလိုရှိသနည်း"ဟု မေး၏၊ "အရှင်ဘုရား........အကျွန်ုပ်ကား ရေငတ်လှ

ပါသည်၊ အကျွန်ုပ်၏ခံတွင်းပေါက်၌ သောက်ရေကို လောင်းတော်မူပါ” ဟု ဆို၏၊ ခြောက်ကျိပ်မျှလောက်သောရဟန်းတို့သည် မြစ်တွင်းသို့ဆင်း၍ သပိတ်အလုံး ခြောက်ဆယ်မျှလောက်ဖြင့် သောက်ရေကို ခပ်ယူပြီးလျှင် ပြိတ္တာ၏ခံတွင်းပေါက်၌ လောင်းကုန်၏၊ ပဌမယာမ်မှစလျက် အရုဏ်တက်သည်တိုင်အောင် လောင်းပါသော်လည်း ပြိတ္တာ၏ လျှာကိုမျှမစွတ်၊ သံဃာ့ထေရ်က “အချင်း....စိုးစဉ်း သက်သာရာရပါ၏လော” ဟု မေးလေသော် ပြိတ္တာလည်း “အရှင်ဘုရား....ရဟန်းခြောက်ကျိပ် ညဉ့်သုံးယာမ်မျှလောင်းသည်ကို မဆိုနှင့်ဦး၊ ရဟန်းတထောင်တို့ ခုနစ်ည ခုနစ်ရက်ပင် ဆက်ကာလောင်းငြားသော်လည်း အကျွန်ုပ်၏ လျှာဖျားသည် မစွတ်နိုင်ရာ၊ သို့ကို စင်လျက် ရေသောက်ချင်သော အာသာသည် အဘယ်မှာ ပြေနိုင်အံ့နည်း၊ အကယ်၍ ခြောက်ကျိပ်သော အရှင်ဘုရားတို့ သပိတ်အလုံးခြောက်ဆယ်နှင့် ညဉ့်သုံးယာမ်ပတ်လုံးခတ်၍ လောင်းသောရေအနက် တစက်မျှ အကျွန်ုပ်၏ လည်ချောင်း တဖက်သို့ ဝင်ပချေသော် ဤပြိတ္တာဘဝမှ လွတ်ရသည် မဖြစ်စေသောဟု ကျိန်ဆို၏၊ သံဃာ့ဥစ္စာကို ဖျက်ဆီးခြင်း အပြစ်ကား ကြီးမားစွ၊ အရှင်ဘုရားတို့ အကျွန်ုပ်နှင့်အတူတကွ သံဃာ့ဥစ္စာကို ဖျက်ဆီး၍ သုံးဆောင်ကြသော အကျွန်ုပ်၏ ဆွေမျိုးတို့လည်း အကျွန်ုပ်နည်းတူသာ ပြိတ္တာဘုံသို့ ရောက်ကြကုန်၏” ဟု ဆို၏၊ ယင်းသို့ဆိုပြီးသော် ထိုပါသာဏ ပြိတ္တာသည် “အရှင်ဘုရားတို့....သင်တို့ကား အဘယ်သူ၏ တပည့်ပေနည်း” ဟု မေး၏၊ သံဃာ့ထေရ်လည်း “အချင်းတို့....ငါတို့ကား ဂေါတမဘုရား၏ တပည့်တည်း၊ ထိုဘုရား၏ ပွင့်ရာ ဗောဓိပင်ကို ရှိခိုးလို၍ သီဟိုဠ်ကျွန်းမှ ဤဇမ္ဗူဒိပါသို့ လာခဲ့သည်” ဟု ဆို၏၊ ပြိတ္တာလည်း “ဂေါတမဘုရားကား လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသည် အံ့ဩဖွယ်သာ၊ ငါမှာမူကား ခုနစ်ရက်လွန်သော် အဝီစိငရဲမှာဖြစ်ရအံ့၊ ကဿပဘုရားနှင့် ဂေါတမဘုရား၏အကြား ဤမြေကြီးကား ခုနစ်ဂါဝုတ်လောက် အထက်သို့ရောက်၏၊ နှစ်ပေါင်းမှာ အသချေ မရေမတွက်နိုင်၊ ဤမျှလောက်သော ကာလပတ်လုံး ပေတာဒုက္ခကို ခံစားပြီးမှ ငရဲသို့ သွားရဦးမည်၊ သံဃာတော်၏ ဥစ္စာကို ဖျက်ဆီးခြင်းကား အလွန် ဝန်လေး၏၊ အရှင်ဘုရားတို့သည် ကြွတော်မူကြကုန်၊ အကျွန်ုပ်၏ကိုယ်ကို မီးလျှံမြိုက်၏၊ အကျွန်ုပ်ကိုမြင်သော အရှင်ဘုရားတို့သည် မမေ့လျော့သောအားဖြင့် ဘုရားသာသနာတော်မှ အားထုတ်တော်မူကြပါ” ဟု မှာလိုက်၏၊ ရဟန်းတို့လည်း ထိုအရပ်၌

ဖဲသွားကြကုန်၏၊ ထိုအခါ ပြိတ္တာ၏ကိုယ်မှ မီးလျှံသည် ထ၏၊ ထိုရဟန်းတို့လည်း သွား၍ ညဥ့်အခါ တဂါဝုတ်လောက် ရောက်သော်ကြောက်ထိတ်လန့်သောခနုလုံးရှိရကား တရားအထူးကိုရကုန်၏ဟုလောကဒီပက ကျမ်း၌ဆိုသည်၊ ယင်းသို့ဆိုသော ကျမ်းဂန်စကားဝတ္ထုသက်သေများကိုကြားသိရသောသူတော်ကောင်းတို့အား သံဝေဂဉာဏ်ကား ဖြစ်ကောင်းဖွယ် ရှိ၏၊ သံဝေဂဉာဏ်ဖြစ်သည်မှတပါး အခြားကျေးဇူးမရှိ။

## ၂၀၀-ကကုသန်ဘုရားလက်ထက် သံဃာ့မြေကို ခိုးယူ၍ ဘုရား ၄ ဆူ တိုင်တိုင်တောင်ထိပ်၌ကျောက်တိုင်ကဲ့သို့ ဖြစ်ရသော ပါသာဏ ထ္ထမ္ဘ ပြိတ္တာ ဝတ္ထု

သီဟိုဠ်ကျွန်းမှ ရဟန်းတို့သည် မဟာဗောဓိကိုဖူးမြင်ခြင်းငှာလာကုန်သော် ရှေးနည်းပင် ခရီးမှား၍ တောလမ်းခရီးကိုသွားကုန်လျှင်ကျောက်တောင်ထိပ်၌ ထက်ဝက်သော ကိုယ်မြုပ်သောပြိတ္တာတယောက်ကိုမြင်၍ ထိုသူကား လူဖြစ်မည်ဟု ကြံပြီးလျှင်ထိုသူရှိရာသို့ ကပ်ကုန်လျက်"အချင်း ငါတို့ကား ခုနစ်ရက်ပတ်လုံး ခရီးမှား၍ တောကြားသို့ ရောက်ကုန်သည်၊ ငါတို့ကား မဟာဗောဓိကို သွားလိုပါသည်၊ ခရီးညွှန်ပါ"ဟုဆို၏၊ပြိတ္တာလည်းထိုစကားကိုကြား၍ "အရှင်ဘုရားတို့ကား ခုနစ်ရက်မျှသာခရီးမှားကုန်သည်၊အကျွန်ုပ်ကား ဘုရားလေးဆူတို့အကြား ဤမဟာပထဝီမြေကြီးသုံးယူဇနာနှင့် သုံးဂါဝုတ်အထက်သို့မြင့်သည် တိုင်အောင် ကာလပတ်လုံး ခရီးမှားလျက် ဤတောင်ထက်၌ တည်ရသည်ဟုဆို၏၊ ထိုစကားကိုကြား လျှင် မဟာထေရ်က "သင်ကား အဘယ်ကြောင့် ရှည်စွာသော ကာလပတ်လုံး ဤသို့ဖြစ်ရသနည်း၊ အဘယ်မကောင်းမှုကို ပြုဖူးသနည်း" ဟုမေးလျှင် "အရှင်ဘုရားတို့........အကျွန်ုပ်ကား ကကုသန်ဘုရား ပွင့်တော်မူသောအခါ ကြီးမားသော မကောင်းမှုကို ပြုခဲ့သောကြောင့်ဘုရားလေးဆူတို့၏အကြားပတ်လုံး ဤတောင်ထိပ်၌ တည်ရသည်"ဟုဆို၏၊သံဃာ့ထေရ်လည်း "အချင်း......သင်ကား ဘုရားပွင့်တော်မူခြင်းကို အဘယ်ကြောင့် သိသနည်း"ဟုမေး၏၊ ပြိတ္တာလည်း "အရှင်ဘုရားတို့....သဗ္ဗညု ဘုရားတို့ ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားတော်မူသောအခါ၊သစ္စာလေးပါးကို သိတော် မူသောအခါ၊ ဓမ္မစကြာတရားကို ဟောတော် မူသောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါ၊ ပရိနိဗ္ဗာန်ပြုတော်မူသော အခါ

တို့၌ များစွာသော အံ့ဖွယ်သရဲတို့သည် ဖြစ်ကုန်၏၊ ထိုကြောင့်သိသည်’’ ဟုဆိုသော် “အဘယ် အံ့ဖွယ် သရဲတို့နည်း’ ဟု တဖန် မေးပြန်သော် “ကောင်းကင်၊ တောင်ထွတ်၊ ကျောက်ဖျာ၊ ရေအပြင်တို့၌ ဗုဒ္ဓမွှာကြာတို့ သည်ပွင့်ကြကုန်၏၊ ထိုအံ့ဖွယ်သရဲတည်း’’ဟု မိမိထင်မြင်သော အံ့ဖွယ် သရဲကိုဆို၏၊ သံဃာ့ထေရ်လည်း ထိုစကားကိုကြား၍ “ဤသို့ရှည်စွာသော ကာလပတ်လုံး အဘယ်မကောင်းမှုကြောင့် ဤသို့သောဆင်းရဲကို ခံစားရ သနည်း’’ဟုမေး၏၊ ပြိတ္တာလည်း ‘’အရှင်ဘုရား....အကျွန်ုပ်ကားကကုသန် ဘုရားပွင့်တော်မူသောအခါ လယ်ထွန်ယောကျ်ားဖြစ်ဖူး၏၊ သံဃာ့လယ် ၏ အနီးအပါး၌ အကျွန်ုပ်လယ်သည်တည်၏၊ လယ်နှစ်ခု၏အပိုင်းအခြား၌ ထားအပ်သော ကျောက်သည်တိုင်ကိုနှုတ်ပြီးလျှင် သံဃာ့လယ် အတွင်း၌ စိုက်အပ်၏။ ထိုဘဝမှစုတေလျှင် အကျွန်ုပ်တောင်ထိပ်ဖျား၌မလှုပ်ရှားနိုင် သော ပြိတ္တာဖြစ်ရ၏၊အကျွန်ုပ်အမှုကိုရှုတော်မူကြပါဟုဆို၍“အရှင်ဘုရား တို့ကားအဘယ်သူ၏ တပည့်ပေနည်း’’ ဟုမေး၏၊ သံဃာ့ ထေရ်လည်း “အချင်း....ငါတို့ကား ဂေါတမဘုရား၏တပည့်’’ဟုဆိုသော် “အံ့ဖွယ် ရှိစွ၊ ဂေါတမဘုရားရှင်ကား လူတွင်ထင်ရှား ဘုရားဖြစ်တော် မူပေသည်၊ ငါမူကား ဤဘဝမှသွား၍ အဝီစိငရဲမှာ ခံရဦးမည်’’ဟု ဆို၏၊ ရဟန်းတို့ လည်း ကကုသန်ဘုရားနှင့် ဂေါတမဘုရားအကြား ဤမဟာပထဝီမြေကြီး သုံးယူဇနာနှင့် သုံးဂါဝုတ်အထက်သို့ မြင့်သည်တိုင်အောင် ကုဋေကုဋာ သင်္ချာသချေ်ာ့ရေတွက်နိုင်အောင် ပြိတ္တာဖြစ်၍မျှလည်းမလွတ်ရ၊ အဝီစိ ငရဲသို့သွားရအုံးသည်၊ သံဃာတော်၏ဥစ္စာကို ပြစ်မှားခြင်းကားကြီးမား သောအပြစ်ရှိစွဟု သံဝေဂရကြကုန်သည်ဟု ပါသာဏတ္ထမ္ဘ ပြိတ္တာ၏ အကြောင်းကို လောကဒီပကကျမ်း၌လာသည်၊ ဤသို့လာသော ကျမ်းဂန် ဝတ္ထုသက်သေစကားကို ကြားရသော သူတော်ကောင်းတို့အား ပေတဒုက္ခ ကား ကြောက်လောက်စွဟု သံဝေဂဖြစ်ကောင်းဖွယ်ရှိ၏။

၂၀၁-ကဿပဘုရားကို ဝစီကံဖြင့် ပြစ်မှားသောကြောင့် ဘုရား ၂- ဆူအကြားပတ်လုံး ဆင်းရဲခံရသော ကသိပေတ ပြိတ္တာ ဝတ္ထု

သီဟိုဠ်ကျွန်းမှရဟန်းတို့သည် မဟာဗောဓိကို ဖူးမြင်ခြင်းငှာ လာကုန် သော်ရွေးနည်းပင်ခရီးမှား၍တောလမ်းခရီးကိုသွားကြကုန်လျှင်သံကွန်ဖြင့်

ကြီးစွာသော နွားတို့ကို ကလျက်ထွန်ယက်၍နေသော ပြိတ္တာတယောက်ကို မြင်၍လူထင်သောကြောင့်အနီး၌ရပ်ပြီးလျှင် "အချင်းငါတို့ကားခုနစ်ရက် ပတ်လုံး ခရီးလမ်းမှား၍ တောကြားသို့ ရောက်လာကုန်သည်၊ ခရီးလမ်း ကြောင်း လမ်းမှန်ကို ကောင်းမွန်စွာ အကယ်၍သိငြားအံ့၊ ငါတို့အားခရီး ညွှန်ပြပါလော့"ဟုဆိုကုန်၏၊ ယင်းသို့ဆိုလျှင် ထိုပြိတ္တာသည် "အရှင်တို့မှာ ကား ခုနစ်ရက်မျှသာ ခရီးမှားသည်၊ မကြာသေး၊ ငါ့မှာမူကားအန္တရကပ် တခုလုံးမှား၍ အရှင်တို့အား ခရီးမညွှန်ပြနိုင်"ဟု ဆို၏၊ ယင်းသို့ဆိုလျှင် ရဟန်းတို့လည်း "အချင်း သင့်အား ခရီးမှားသည်မှာ ကြာမြင့်လှသည်၊ အဘယ့်ကြောင့် ရှည်စွာသော ကာလတခုလုံး မှားသနည်း၊ အဘယ်အမှု ကို ပြုဖူးသနည်း"ဟု မေးကုန်၏၊ ပြိတ္တာလည်း "အရှင်တို့........ငါကား ကဿပဘုရားလက်ထက်တော်၌ နွတ်ဖြင့်မကောင်းမှုကိုပြု၍ ကသိပေတ အဖြစ်သို့ ရောက်ရသည်၊ ပြိတ္တာအဖြစ်သို့ရောက်သည်မှစ၍ စားရသောက်ရ အိပ်ရ၊ နေထိုင်ရသည်မရှိ၊ နေ့ညဉ့်ပတ်လုံး အမြဲလျှင် လယ်ထွန်လျက် လှည့်လည်ရသည်၊ ဤသို့ထွန်သော ငါ၏ ထွန်ထုံး၊ ထွန်သွား၊ ထမ်းပိုး၊ ကြိုးလွန်တို့သည် ပြောင်ပြောင် တောက်လျက် ငါ့ကို လောင်ကုန်၏။ ဤမြေကြီးသည် ခုနစ်ဂါဝုတ်လောက် အထက်သို့ ရောက်သော်လည်း ဤပြိတ္တာဘဝမှ မလွတ်ရ၊ ငါ့အမှုကို ရှုကြည့်ကြပါကုန်လော့" ဟု ဆို၏၊ ယင်းသို့ဆိုသော် ထိုရဟန်းတို့လည်း "သင်သည် နွတ်ဖြင့်အဘယ်မကောင်း မှုကို ပြုဖူးသနည်း" ဟု မေးကုန်၏၊ ပြိတ္တာလည်း "အရှင်တို့........ လွန်လေပြီးသောအခါ ကာသိတိုင်းဗာရာဏသီပြည်၌ ကိကီ အမည်ရှိသော မင်းသည် မင်းပြု၏၊ ထိုအခါ ကဿပဘုရားရှင်သည် ထိုပြည်ကိုအမှီပြု၍ နေတော်မူလျက် သတ္တဝါတို့အား အစဉ်သနားသဖြင့် ဒေသစာရီ လှည့် လည်တော်မူသည်ဖြစ်၍ ငါတို့နေရာ ရွာငယ်သို့ရောက်လာ၏၊ ထိုအခါ ရွာသူရွာသားတို့သည် အုတ်အုတ်ကျက်ကျက် ပြုလျက် ပူဇော်ကြကုန်၏။ ထိုအခါ ငါသည် လယ်ထွန်သွားသည်ကို ငါ့စီးပွားဖြင့် အလိုရှိသော လူတယောက်သည် ငါ့အားအစဉ်သနားသဖြင့် "အဆွေ....ကဿပဘုရား ကြွလာသည်၊ ပူဇော်ပါလော့"ဟု ဆိုသော် ထိုသူ့အား ငါသည် အမျက် ထွက်၍ "ကဿပဘုရားသည် အကယ်၍ ငါ့လယ်ကိုထွန်ငြားအံ့၊ ငါကား ပူဇော်မည် မထွန်ကမပူဇော်"ဟု အလွန်အကျူးပြောဆိုမိချေ၏၊ ယင်းသို့ ဆို၍ ထိုဘဝမှ စုတေသော် အတိုင်းမသိ ဆင်းရဲရသော ပေတဒုက္ခကို ခံစားရချေ၏ဟု ဆိုပြီးလျှင် ထိုပြိတ္တာသည် ရဟန်းတို့ကို "အရှင်တို့ကား

အဘယ်သူ၏ တပည့်တို့ပေတုံနည်း”ဟု မေး၏၊ ရဟန်းတို့လည်း “ငါတို့ကား ဂေါတမဘုရား၏ တပည့်တို့တည်း”ဟု ဆိုကုန်သော် အံ့ဩဖွယ်ရှိပေစွ၊ ဂေါတမဘုရားရှင်ကား လူတွင်ထင်ရှား ဘုရားဖြစ်အောင်ကျင့်ပေသည်၊ ငါမူကား မစုံစမ်းရမ်းကားသော နှုတ်ဖြင့် ကြမ်းကြုတ်သော စကားကို ဆိုမိသောကြောင့် ဤမြေကြီးသည် ခုနစ်ဂါဝုတ်မျှလောက် အထက်သို့ရောက်သည့်တိုင် ပြိတ္တာဖြစ်ရ၍ မလွတ်ရသေး၊ ယခုတဖန် သေပြီးလျှင် အဝီစိငရဲမှာ ဖြစ်ရပြန်ဦးမည်ဟု ရဟန်းတို့အား ကသိုပြိတ္တာကဲ ဆိုသည်ဟု လောကဒီပကကျမ်းတို့၌ ဆိုသည်၊ ယင်းသို့ဆိုသော ကျမ်းဂန်စကားဝတ္ထုသက်သေမျှားကိုကြားသိရသော သူတော်ကောင်းတို့အား ပေတဒုက္ခကား ကြောက်လောက်ဖွယ်တကားဟု သံဝေဂတရားဖြစ်ပွားစေရာ၏။

---

## ၂၀၂-တကွမ်းစားမျှသော သံဃာ၏ဆန်ကို သုံးမိခြင်းကြောင့် ပြိတ္တာဖြစ်ရသော ရဟန်း ဝတ္ထု

သီဟိုဠ်ကျွန်း စေတိယတောင်ကျောင်း၌ ရဟန်းတယောက်သည်နေ၏၊ ထိုရဟန်းသည် အဖနှင့်တကွ ရွာသို့ သွား၍ ပြန်လာသော် ကျောင်းအာရာမ်စောင့်လက်မှ တခွက်မျှလောက်သော သံဃိကဆန်ကို နက်ဖြန်ခါ အစားဆပ်အံ့ဟု အဖ၏အကျိုးငှာ ယူ၏၊ ထိုရဟန်းသည် ဆန်ကို အစားမဆပ်မိ ထိုညဥ့် မဇ္ဈိမယာမ်၌ သေလွန်၍ ထိုရွာနှင့် စေတိယ တောင်၏အကြား၌ ပြိတ္တာဖြစ်လေ၏၊ပိဏ္ဍပါတ်စာရိကဲရဟန်းတယောက်သည် ထိုလမ်းကိုသွားသော် မဇ္ဈိမယာမ်၌ ထိုပြိတ္တာကို မြင်၍“အရိုးအရေမျှသာ ယုတ်နွမ်းစွာသျက် သင်ကား အသူနည်းဟု မေး၏၊ “အရှင်ဘုရား....အကျွန်ုပ်ကား ဆင်းရဲငတ်မွတ်စွာသော ပြိတ္တာတည်း၊ အနည်းငယ်သော မကောင်းမှုကို ပြု၍ ဤပြိတ္တာဘုံသို့ ရောက်၏”ဟု ဆို၏၊ အဘယ်မကောင်းမှုကို ပြုဖူးသနည်းဟု မေးသော် ယခင် ဆိုအပ်ပြီးသောနည်းဖြင့် အမှုကို ကြား၏၊ ရဟန်းလည်း သင်သည် သီလဝန္တဗဟုဿုတဖြစ်လျက်ကို အဘယ့်ကြောင့်ပြိတ္တာဖြစ်ရသနည်းဟုဆိုသော် “ငါ့အား အနည်းငယ်မျှသော သံဃာတော်၏ ကြွေးတင်သေကြောင့်”ဟု ဆို၏၊ အဘယ်သို့ပြုသော် သင်သည် ဤပြိတ္တာဘဝမှ လွတ်အံ့နည်းဟု မေးသော် “စေတိယဂိရိတောင်နှင့် ရွာ၏အကြား တဂါဝုတ်မျှလောက်သောအရပ်ကို လှည်းတစပ်တည်း ထားပြီး

လျှင် ဆန်အပြည့်တင်၍ သံဃာတော်အား လှူသော် ငါသည် ပြိတ္တာ
အဖြစ်မှလွတ်လတ္တံ့”ဟု ဆို၏၊ ရဟန်းလည်း မိုးသောက်၍ လင်းလတ်သော်
အနုရာဓပြည်သို့သွား၍ သဒ္ဓါတိဿမင်း၏ရှေ့၌ သပိတ်ကိုပိုက်လျက် ရပ်၏၊
မင်းလည်း သပိတ်ကိုယူ၍ မထေရ်အား လာခြင်းအကြောင်းကို မေး၏၊
မထေရ်လည်း မင်းအား ထိုအကြောင်းကို အကျယ် ပြောကြား၏၊
မင်းလည်း ပြိတ္တာဆိုတိုင်း လှူ၍ ပြိတ္တာအား အမျှဝေ၏၊ ပြိတ္တာလည်း
အနုမောဒနာပြု၍ လွှက်လေ၏၊ယင်းသို့ လွတ်လျှင် ပြိတ္တာလည်း ညဉ့်အခါ
လာ၍ မထေရ်အား မိမိကိုယ်ကို ထင်ရှားပြ၏၊ မထေရ်က မေးလျှင် အရှင်
ဘုရားသည် အကျွန်ုပ်အား ကျေးဇူးပြုတော်မူသောကြောင့် အကျွန်ုပ်သည်
ပြိတ္တာဘဝမှလွတ်ရသည်၊အကျွန်ုပ်သည်ချမ်းသာသကဲ့သို့ အရှင်ဘုရားလည်း
ချမ်းသာပါစေဟု ဆိုလာကြောင်းကို လောကဒီပက ကျမ်း၌ လာသည်၊
ယင်းသို့လာသော ကျမ်းဂန်စကားကို ကြားသိရသော သူတော်ကောင်း
တို့အား ပေတဒုက္ခကား ကြောက်လောက်ဖွယ်ပါတကားဟု သံဝေဂတရား
ဖြစ်ပွားစေအပ်၏။

---

၂၀၃-သီဟိုဠ်ကျွန်း ဒိဃာဂုံစေတီမှ တံခွန်ကုက္ကားကိုဝတ်ရုံမိ၍
အထပ်တထောင် ပြောင်ပြောင် တောက်သော သံပြားပုဆိုးကို
ဝတ်ရုံရသော ပြိတ္တာ ဝတ္ထု၊

သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်၌ ဒိဃာဂုံအမည်ရှိသော စေတီတော်သည်
ရှိ၏၊ ထိုစေတီတော်၏ တံခွန်ကုက္ကားသည် လေဖြင့် လွင့်သွား၍ သူကြွယ်
တယောက်၏ အလယ်အပိုင်းအခြား၌ကျ၏၊လယ်ရှင်သူကြွယ်လည်း လယ်၌
လှည့်သည်သွားလာသော် ထိုတံခွန်ကုက္ကားကိုမြင်၍ ယူလေလျှင် အက္ခရာ
တို့ကိုမြင်လျက်လည်း လောဘစိတ်ဖြင့်မစွန့်နိုင်ရကား မိမိအိမ်သို့ရုံသွားလေ
၏၊ထိုသူကြွယ်သည် နောက်အခါ သေလွန်၍ အထပ်တထောင်ပြောင်ပြောင်
တောက်သော သံပြားကိုခြုံရုံသော ပြိတ္တာဖြစ်၍ မဇ္ဈိမယာမ်၌ ရဟန်း
တယောက်အား ကိုယ်ကိုပြလာ၏၊ရဟန်းလည်း ပြောင်ပြောင်တောက်သော
သံပြားအထပ်ဘထောင်ကို ဆောင်လျက် ရပ်လာသည်ကားအသူနည်း”ဟု
မေး၏၊ ပြိတ္တာလည်း မထေရ်အား “အရှင်ဘုရား....အကျွန်ုပ်ကား ပြိတ္တာ
တည်း”ဟု ဆို၏၊ မထေရ်က “အဘယ်မကောင်းမှုကို ပြု၍ ပြိတ္တာဖြစ်
သနည်း”ဟု မေးသော် ပြိတ္တာလည်း ယခင်ပြဆိုအပ်ပြီးသည့်အတိုင်း၊

ပြန်ပြော၏၊ "သင်သည် အဘယ်အကြောင်းဖြင့် ဤပြိတ္တာဘဝက လွတ်အံ့နည်း"ဟု မထေရ်က မေးသော် "အရှင်ဘုရား....ပုဆိုးတထောင်ကို တံခွန်ကုက္ကားပြု၍ ဒီဃာဝုစေတီတော်ကို ပူဇော်ပြီးလျှင် အကျွန်ုပ်အား အမျှဝေသော် လွတ်ပါလတ္တံ့"ဟုဆို၍ ထိုအရပ်ဘွင်ပင် ကွယ်လေ၏၊ မထေရ်လည်း မိုးသောက်လျှင် တံခွန်ကုက္ကား ငါးဆယ်ကို ဒီဃာဝု စေတီတော်အား ပူဇော်၍ ပြိတ္တာကို အမျှဝေ၏၊ ပြိတ္တာလည်း ညဉ့်အခါလာ၍ "အရှင်ဘုရား အကျွန်ုပ်အား သံပြား အဘပ်တထောင် ဖုံးလွှမ်းရာက လက်ရှစ်သစ်မျှ လစ်ပါပြီ"ဟု ဆိုသာ၏၊ တဖန်လည်း ငါးဆယ်ပူဇော်၍ အမျှဝေပြန်၏၊ လက်ရှစ်သစ်လည်းကောင်း လစ်ပြန်၏၊ ထိုသို့သောနည်းဖြင့် တံခွန်ကုက္ကား တထောင်ပြည့်မှ သံပြားအကုန်ကွာ၍ချမ်းသာလေသည်၊ ယင်းသို့ ချမ်းသာလျှင် ပြိတ္တာလည်း ညဉ့်အခါလာ၍ မထေရ်ကို "အရှင်ဘုရား....အကျွန်ုပ်ကား အရှင်ဘုရားမေတ္တာတော်ကြောင့် ချမ်းသာပေသည်၊ မိဘဆွေမျိုးတို့ ကျေးဇူးပြုနိုင်ခဲ့သော အမှုကိုသော်လည်း အရှင်ဘုရား ပြုတော်မူပေသည်၊ အကျွန်ုပ်ချမ်းသာသကဲ့သို့ အရှင်ဘုရားလည်း ဘဝဆက်တိုင်း ချမ်းသာပါလေစေ"ဟု ဆိုလာကြောင်းကို လောကဒီပကကျမ်း၌ ဆိုသည်၊ ယင်းသို့ ဆိုသော ကျမ်းဂန်ဝတ္ထု သက်သေတကားကို ကြားသိရသော သူတော်ကောင်းတို့အား ပေတဒုက္ခ၌ သံဝေဂကို ရကောင်းဖွယ်ရှိ၏။

---

## ၂၀၄-ဘီလူးပြိတ္တာတို့ သေလျှင် ရုပ်အကောင် ဖောက်ပြန်၍ အိမ်မြှောင် တက်တူ စသည်ဖြစ်ကြောင်း

တရံရောအခါ မိလိန္ဒမင်းက အရှင်နာဂသေကို "အရှင်ဘုရား........ ဘီလူးပြိတ္တာတို့ မသေလော"ဟု မေး၏၊ "သေ၏၊ မင်းကြီး"ဟု ဆိုသော် "အရှင်ဘုရား ယင်းသို့ သေလျှင် ထိုဘီလူးပြိတ္တာတို့၏ ကဠေဝရ မရှိပါတကား၊ ထို ဘီလူးပြိတ္တာတို့၏ အကောင်ပုပ်အနံ့ မနံပါတကား"ဟု ဆို၏၊ မင်းကြီး....ထိုဘီလူးပြိတ္တာတို့၏ ကဠေဝရလည်း ရှိ၏၊ အကောင်ပုပ်အနံ့လည်း နံ၏၊ ထိုဘီလူးပြိတ္တာတို့သေလျှင် ကဠေဝရသည် ဖောက်ပြန်၍ ပိုးနှံ့ ပိုးဟပ် အိမ်မြှောင် တက်တူ ပင့်ကူ ပုဇွန် ကင်းခြေများ သဏ္ဌာန်ဖြစ်သည်၊ ထို အကောင်၏ အနံ့လည်း နံ၏" ဟု ဆိုသော် တော်သင့်လျောက်ပတ်ပေ၏ အရှင်ဘုရားဟု ဝန်ခံလေ၏။

## ၂၀၅-ပရဒတ္တူပဇီဝကစသော ပြိတ္တာတို့အား အမျှပေး၍ အကျိုးခံစားရပုံကို ပြရာ

ပြိတ္တာတို့တွင် ပရဒတ္တူပဇီဝိကပြိတ္တာတို့ကား ခုနစ်ရက်အတွင်း၌ပေးလှူအပ်သော ဒါနကို အမျှဝေလျှင် အနုမောဒနာပြု၍ လွတ်ကုန်၏။

သတ္တာဟဗ္ဘန္တရေ ဒါနံ, အနုမောဒိတွာဝ မုစ္စရေ။
(လောကဒီပက)

သတ္တာဟဗ္ဘန္တရေ၊ ခုနစ်ရက်အတွင်း၌။ ဒါနံ၊ ပေးလှူ၍ အမျှဝေ အပ်သော ဒါနကို။ အနုမောဒိတွာဝ၊ ဝမ်းမြောက်ကုန်၍သာလျှင်။ မုစ္စရေ၊ လွတ်ကုန်၏။

ခုပ္ပိပါသိက ပြိတ္တာ, နိဇ္ဈာမတဏှိက ပြိတ္တာ တို့ကား တခုသော အန္တရကပ်ပတ်လုံး စသည်တည်ပြီးမှ ဆွေမျိုးတို့ပေးဝေအပ်သော ဒါနကို အနုမောဒနာပြု၍ လွတ်ကုန်၏''ဟု လောကဒီပကာ၌ ဆိုသည်။

သည်မှတပါး ပံသုပိသာစက ပြိတ္တာမျိုးလည်း ရှိသေးသည်၊ ထိုပံသုပိသာစက ပြိတ္တာတို့ကား ရွာကြား အိမ်ကြားတို့၌ တံတွေး နှပ် ကိုယ်ဝန်အညစ်အကြေး အကောင်ပုပ် စသည်တို့ကို စားလျက် လှည့်လည်ကုန်၏၊ ဆေးမြစ်ဖြင့်ပင်လျှင် မထင်ရှားသောကိုယ်ဖြင့် သွားလာကုန်၏၊ ဆေးမြစ်ဖြင့်ပင် ထင်ရှားကုန်၏၊ ထိုပံသုပိသာစက ပြိတ္တာကား တံမြက်မှိုက်စုရာ စသော မစင်ကြယ်သောအရပ်တို့၌ ဖြစ်ကုန်၏။

ပံသု ဝိသာစကာနာမ အသုစိဋ္ဌာနေ နိဗ္ဗတ္တာ ဝိသာစကာ။
တေ ကိရ ဂေါမူလံ ဂဟေတွာ အဒိဿမာနကာယာ ဟောန္တိ။
(သာရတ္ထ သင်္ဂဟ)

ပံသု ဝိသာစကာနာမ၊ ပံသုဝိသာစက ပြိတ္တာတို့ မည်သည်ကား။ အသုစိဋ္ဌာနေ၊ တံမြက်မှိုက် မြေမှုန့်စုရာ စသော မစင်ကြယ်သောအရပ်၌။ နိဗ္ဗတ္တာ ပိသာစကာ၊ ဖြစ်သော မြေဘုတဘီလူးတို့တည်း။ တေ၊ ထိုမြေဘုတ်ဘီလူးတို့သည်။ ဂေါမူလံ၊ တခုသော ဆေးမြစ်ကို။ ဂဟေတွာ၊ ယူကုန်၍။ အဒိဿမာနကာယာ၊ မထင်သောကိုယ်ရှိကုန်သည်။ ဟောန္တိ ကိရ၊ ဖြစ်ကုန်သတတ်။

ဤအရာ၌ ဝတ္ထုသက်သေကား သီဟိုဠ်ကျွန်း၌ တယောက်သော ပံသုဝိသာစက ဘီလူးမသည် သားငယ်နှစ်ယောက်ကို ထူပါရုံဘုရား၏

တံခါးအနီး၌ ထားပြီးလျှင် အာဟာရရှာခြင်းအကျိုးငှာ အနုရာဓမြို့တွင်း သို့ ဝင်လေ၏၊ သားငယ်နှစ်ယောက်တို့လည်း အမိသည် နေ့မြင့်ဆည် တိုင်အောင် မလာ၍ ဆာမွတ်ရကား မထေရ်တပါးကို မြင်လျှင် "အရှင် ဘုရား....အကျွန်ုပ်တို့၏မိခင်သည် မြို့တွင်းသို့ ဝင်သည် ကြာမြင့်ပြီ၊ ထိုအမိ အား ဆိုပါလေ၊ဟူးဟူးငြားငြား ရသမျှအစာကို လျင်မြန်စွာယူ၍ လာခဲ့ ပါ၊ သားသူငယ်တို့သည် ဆာမွတ်လှကုန်ပြီ"ဟု ဆိုပါလေ မှာလိုက်၏၊ မထေရ်လည်း "အဘယ်သို့လျှင် သင်တို့ မိခင်ကို ငါမြင်နိုင်အံ့နည်း"ဟု မေး၏၊ မြေဘုတ်သူငယ်တို့လည်း "အရှင်ဘုရား........ဤဆေးမြစ်ကို ယူ၍ ကြည့်ပါလော့"ဟု ဆေးမြစ်ကို ပေးလိုက်ကုန်၏၊ ဆေးမြစ်ကို ယူကာမျှ ဖြစ်သော မထေရ်အား များစွာသော အထောင်မကသော ဘီလူးတို့သည် ထင်ကုန်၏။

ထေရဿ အနေကာနိ ယက္ခသဟဿာနိ ပညာယိံသု။
(မဇ္ဈိမနိကာယ် အဋ္ဌကထာ)၊

ထေရဿ၊မထေရ်အား။ အနေကာနိ ယက္ခသဟဿာနိ၊ အထောင် မကသော ဘီလူးတို့သည်။ ပညာယိံသု၊ထင်ကုန်၏။

မထေရ်လည်း မြေဘုတ်သူငယ်တို့ ပေးသော အမှတ်ဖြင့် မလှသော ကြောက်မက်ဖွယ်သော အဆင်းရှိသော ကျက်စားရာလမ်းခရီး၌ ကိုယ်ဝန် အညစ်အကြေး စသည်ကို တောင့်တလျက် လှည့်လည်သော ထိုမြေဘုတ် ဘီလူးမကို မြင်၍ သားငယ်တို့ မှာလိုက်တိုင်းသော အကြောင်းကို ဆို၏၊ "အဘယ်သို့လျှင် အရှင်ဘုရားသည် အကျွန်ုပ်ကိုမြင်သနည်း"ဟု မေးသော် သားငယ်တို့ပေးလိုက်သော ဆေးမြစ်ပိုင်းကို ပြ၏၊ ဘီလူးမလည်း ဆေးမြစ် ကို လုယူ၍ ထွက်ပြေးသည်ဟု မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ ဆိုသည်၊ ဤသို့ ဆိုသော အဋ္ဌကထာစကားကို ထောက်ထားလျှင် ပံသုပိသာစကပြိတ္တာ လည်း တမျိုးပင် ရှိသေး၏ဟု မှတ်ရမည်။

---

၂၀၆-ဂတိ ၅-ပါးတွင် ပေတဂတိ၌ ဖြစ်သောသူသာ ကုသိုလ်အဖို့ကို အမျှဝေ၍ အကျိုးခံစားရကြောင်းကို ပြဆိုရာ

တရံရောအခါ မေးခြင်းအလျှဝယ် လိမ္မာလှသော မိလိန္ဒမင်းသည် ဖြေခြင်းအရာဝယ် သာလွန်သော ရှင်နာဂသေနကို မေးလျှောက်၏၊ "အရှင်

နာဂသေန ယခုလူ့ပြည်ကရှိသောလူတို့သည် ဒါနကို ပေးပြီးလျှင် တမလွန်လောကကိုသွားသော ငါတို့ဆွေမျိုးများသည် ခံစားပါလေစေဟု အမျှဝေကြသည်၊ တမလွန်လောကသို့ သွားသောသူတို့ ရပါမည်လော” ဟု မေး၏၊ “မင်းကြီး ဌာနဟုတ်သော်ရ၏၊ ဌာနမဟုတ်သော် မရချေ”ဟု ဆိုသော် “အဘယ်ဌာန၌ ရသနည်း၊ အဘယ်ဌာန၌ မရသနည်း”ဟု ထပ်၍ မေး၏၊ “မင်းကြီး ပေတဂတိဟု ဆိုအပ်သော ပေတဌာန၌ ရ၏၊ နိရယဂတိ တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေဝဂတိ ဟု ဆိုအပ်သော ဌာန၌ မရချေ၊ ပြိတ္တာတို့တွင် ပရဒတ္တူပဇီဝိက ပြိတ္တာသည် ပေးဝေမည့်သူလျှင် ခုနစ်ရက် တွင်းတွင်ပင် ရ၏၊ ပြိတ္တာအဖြစ်မှလွတ်၏၊ ခုပ္ပိပါသိကပြိတ္တာ, နိဇ္ဈာမတဏှိက ပြိတ္တာတို့ကား ခုနစ်ရက်အတွင်း၌ပင် ပေးဝေမည့်သူရှိသော်လည်း မရကုန်၊ ပြိတ္တာအဖြစ်မှ မလွတ်ကုန်၊ ကာလကြာမြင့်မှ ရကုန်သည်၊ ပြိတ္တာအဖြစ်မှ လွတ်ကုန်သည်ဟု ဆို၏၊ (သူတပါးတို့ ပေးအပ်သည်ကိုမှီ၍ အသက် မွေးသော ပံသုဝိသာစက မြေဘုတ်ဘီလူးပြိတ္တာတို့သည်လည်း အောက်မေ့ နိုင်ကုန်မှု ရသည်ဟု ဆို၏။)

ယက္ခပေတာ ပရဒတ္တူပဇီဝိနော၊ တေပိ သရမာနာ လဘန္တိ။

(သာရတ္ထ သင်္ဂဟ)

ပရဒတ္တူပ ဇီဝိနော၊ သူတပါးတို့ ပေးအပ်သည်ကိုမှီ၍ အသက်ရှင် ကုန်သော။ ယက္ခပေတာ၊ ဘီလူးပြိတ္တာတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထို ဘီလူး ပြိတ္တာတို့သည်လည်း။ သရမာနာ၊ အောက်မေ့နိုင်ကုန်သည် ရှိသော်။ လဘန္တိ၊ ရကုန်၏၊

အရှင်နာဂသေန ထိုဒါနကို တမလွန်လောကသို့သွားကြသောဆွေမျိုး တို့သည် အကယ်၍ မရကုန်ငြားအံ့၊ ထိုဒါနကို အဘယ်သူတို့သည် ခံစား ကြကုန်သနည်း”ဟုမေး၏၊ “မင်းကြီး....အလှူရှင်ဒါယကာကိုပင်ခံစားကြ ကုန်၏”ဟုဆိုသော် “အရှင်နာဂသေန....ဤအကြောင်းကို ဥပမာဖြင့်ပြပါ” ဟု လျှောက်၏၊ “မင်းကြီး........ဤလောက၌ အကြင်သူ တယောက်သည် ဆွေမျိုးသားချင်းအကျိုးငှာ လက်ဆောင်ပဏ္ဏာယူ၍သွား၏၊ ထိုသူသည် ထိုလက်ဆောင်ပဏ္ဏာကို ဆွေမျိုးသားချင်းတွေ့သော် ပေးရ၏၊ မတွေ့သော် မပေးရ၊ ထို လက်ဆောင်ကို စွန့်ပစ်ရမည်လော” ဟု မေးတော်မူ၏၊ အရှင်နာဂသေန မစွန့်ပစ်ရချေ၊ စင်စစ်မှာမူ ကိုယ့်လက်ဆောင်ကို ကိုယ်ပင်

သုံးဆောင်ရချေမည်''ဟု ဆို၏၊ ''ဤအတူသာ မှတ်ပါတော့ မင်းကြီး''ဟု ဆိုသော် ''ကော်သင့် လျော့ကြ်ပတ် ကောင်းမြတ်ပေ၏ အရှင်ဘုရား''ဟု ဝန်ခံလေ၏။

အသုရကာယ်ဟု အသီးအခြား အပါယ်တပါးပြု၍ ခေါ်ဝေါ် အပ်သော ကာလကဥ္စိကပြိတ္တာ အသုရာတို့ကား အမျှပေးဝေအပ် သော ဒါနကို အနုမောဒနာပြု၍ ရ,မရကို စာမဆို၊ ထိုပြိတ္တာ တို့လည်း အနုမောဒနာပြုနိုင်ပါမူ ရကောင်းရာ၏။

ပေတဒုက္ခ၌ ဝတ္ထုသက်သေကို ကျမ်းဂန်တို့၌ ထင်မြင်တိုင်း ပြရမူ ဤကျမ်းသည် အလွန်ကျယ်၍ အဘယ်နံအခါ အပြီးအဆုံးသို့ ရောက်နိုင် အံ့နည်း၊ ထိုကြောင့် ယခု ပြဆိုအပ်သော ဝတ္ထုသက်သေ အမြွက်ကို နာခံမှတ်သား သင်ကြား ကြည့်ရှုသဖြင့် အသင့်နှလုံးသွင်းသော သူတော် ကောင်းတို့အား သံဝေဂဉာဏ်ကား ဖြစ်ပွားလောက်ပြီ ဟူသော အယူဖြင့် လျှစ်လျူရှု၍ ပေတဒုက္ခကို အပြီးသတ်ခဲ့သတည်း။

ပေတဒုက္ခကား ပြီး၏။

---

## ၂၀၇-သံဝေဇနီယဝတ္ထု ဂ-ပါးအနက် ၅-ခုမြောက် အပါယဒုက္ခအရာ၌ အပါယ်လေးဘုံတွင် အသူရကာယ်ဟူရာဝယ် အသုရာ ၃-မျိုးကိုပြရာ

ယခုအခါ အသုရကာယ ဒုက္ခကို ပြပေအံ့၊ အသုရကာယ်၌ အသုရာ ဟူသည်ကား နတ်အသုရာလည်း ရှိသည်၊ ဝိနိပါတက အသုရာလည်း ရှိသည်၊ ပြိတ္တာအသုရာလည်း ရှိသည်၊ ထိုသုံးပါးတို့တွင်....

(၁) နတ်အသုရာ ဟူသည်ကား မြင်းမိုရ်တောင်အောက် ယူဇနာ တသောင်းကျယ်ဝန်းသော အသုရာပြည်၌နေကုန်သော ဝေပစိတ္တိအသုရာ ပဟာရာဒ အသုရာ, သမ္ဗရအသုရာ, ဗလိအသုရာ အစရှိသော နတ်တို့ကို နတ်အသုရာဟု ဆိုသည်၊ ထိုအသုရာတို့သည် တာဝတိံသာ နတ်တို့နှင့် စည်းစိမ် အရောင် အဝါ အစရှိသည်တို့ သည်မထူးသောကြောင့် တာဝတိံသာနတ်တို့၌ ရေတွက်ခြင်းသို့ ရောက်ကုန်သည်။

တာဝတိံသေသု ဒေဝေသု, ဝေပစိတ္တာသုရာ ဂတာ။

(ပရမတ္ထ ဝိနိစ္ဆယ၊ လောကဒီပကလည်း နည်းတူပင် မိန့်၏။)

တာဝတိံသေသုဒေဝေသု၊ တာဝတိံသာနတ်တို့၌။ ဝေပစိတ္တာသုရာ၊ ဝေပစိတ္တိအသုရာတို့သည်။ ဂတာ၊ ရေတွက်ခြင်းသို ရောက်ကုန်၏။

(၂) ဝိနိပါတိက အသုရာ ဟူသည်ကား ပိယင်္ကရမာတာ, ဥတ္တရမာတာ အစရှိသော နတ်ဘို့တည်း၊ ထို ဝိနိပါတိက အသုရာ နတ်တို့သည် အပါယ်ဘုံ၌ အကျုံးဝင်သည်မဟုတ်ကုန်၊ ထိုကြောင့်ထိုနတ်တို့သည် သုဂတိအဟိတ်, ဒွိဟိတ်၊ တိဟိတ်ပဋိသန္ဓေနေကြကုန်သည်၊ ထိုဝိနိပါတိကအသုရာနတ်တို့သည် စတုမဟာရာဇ် တာဝတိံသာ အစရှိသော နတ်တို့ကဲ့သို့ ကြီးသော တန်ခိုးရှိသည် မဟုတ်လေကုန်၊ အထီးကျန်သော လူတို့ကဲ့သို့ နည်းသောတန်ခိုးရှိကုန်၏၊ ရခဲသောအစားအဝတ်ရှိကုန်၏၊ ဝေမွတ်သော ဆင်းရဲဖြင့် မပြတ် နှိပ်စက်ကုန်၏၊ ထိုနတ်ဘို့တွင် အကြင် နတ်တို့သည် တိဟိတ်ပဋိသန္ဓေနေကုန်၏၊ ထိုနတ်တို့သည် အကျွတ်တရား ရကြကုန်၏။

တရံရောအခါ အရှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၏အစွန် ကောသမ္ဗကုဋိ၌ နေတော်မူလျက် ကျောင်းတွင်းသို့ ဝင်ပြီးလျှင် သာယာသောအသံဖြင့် ရွတ်အံခြင်းပြုလျက် ဓမ္မပဒ၌ အပ္ပမာဒဝဂ်ကို သရဇ္ဈာယ်တော်မူ၏၊ ထိုအခါ ပိယင်္ကရ၏ အမိဖြစ်သော ဘီလူးမသည် သားပိယင်္ကရကို ရင်ခွင်ဖြင့် ချီပိုက်လျက် ဇေတဝန်ကျောင်းတော်၏ နောက်ဖေးမှစ၍ အစာကိုရှာသည်ရှိသော် အစဉ်သဖြင့် မြို့သို့ ရှေးရှုသည်ဖြစ်၍ ကျင်ကြီးကျင်ငယ်တံတွေးနှပ်အစရှိသော မကောင်းသောအစာတို့ကို ရှာလျက် အရှင်အနုရုဒ္ဓါ၏ နေရာသို့ ရောက်လာသော် သာယာသောအသံတော်ကို ကြား၏၊ ထိုတရားသံသည် ပိယင်္ကရမာတာအား အရေ အစရှိသည်တို့ကို ဖြတ်ခွဲ၍ အရိုးထဲ၌ ခြင်ဆီကို ထိပြီးလျှင် နှလုံးသို့ ဝင်၍ တည်၏၊ ထိုအခါ ပိယင်္ကရ မာတာအား ကျက်စားရာ အစာကို ရှာခြင်း၌ စိတ်မျှလည်းမဖြစ်၊ တရားကို နားထောင်လျက်သာတည်၏၊ သားပိယင်္ကရအား ငယ်သည်၏အဖြစ်ကြောင့် တရား၏ အစွမ်းဖြင့် စိတ်မရှိ၊ ထိုသားပိယင်္ကရသည် မွတ်သိပ်ခြင်းဖြင့် နှိပ်စက်ရကား "အမိ....အဘယ့်ကြောင့် ရောက်ရာအရပ်၌ မတုန်မလှုပ် သစ်ငုတ်ကဲ့သို့ တည်သနည်း၊ ငါ့အား စားဖွယ် ခဲဖွယ်ကို ရလွယ်အောင် မရှာ၊ ရပ်ကာ ပေကာ အဘယ်ကြောင့် နေသနည်း၊ သွားလော့" ဟု အဖန်တလဲလဲ တိုက်တွန်း၏၊ ယင်းသို့ တိုက်တွန်းလျှင် အမိဘီလူးမလည်း သားပိယင်္ကရကို ဆုံးမလိုသောကြောင့်

မာ သဒ္ဒံ ကရိ ပိယင်္ကရ, ဘိက္ခု ဓမ္မပဒါနိ သာသတိ၊
အပိ ဓမ္မပဒံ ဝိဇာနိယ, ပဋိပဇ္ဇေမု ဟိတာယ နော သိယာ။
ပါဏေသုစ သံယမာမသေ, သမ္ပဇာနမုသာ နဘဏာမသေ၊
သိက္ခေမ သုသီလျမတ္တနော, အပိမုစ္စေမ ဝိသာစ ယောနိယာ။

ဟူသော နှစ်ဂါထာကို ဆို၏။

(သံယုတ်ပါဠိတော်)

ပိယင်္ကရ၊ချစ်သားပိယင်္ကရ။ သဒ္ဒံ၊အသံကို။ မာကရိ၊မပြုလင့်။ ဘိက္ခု၊ သည်။ ဓမ္မပဒါနိ၊ တရားအစုတို့ကို။ ဘာသတိ၊ဟော၏။ ဓမ္မပဒံ၊ တရားအစုံကို။ ဝိဇာနိယ၊ သိ၍။ နော၊ငါတို့၏။ ဟိတာယ၊စီးပွားခြင်းငှာ။ သိယာ၊ရံခါ။ အပိပဋိပဇ္ဇေမု၊ကျင့်နိုင်ကုန်ငြားအံ့လည်းမသိ။ ပါဏေသုစ၊ သတ္တဝါတို့၌လည်း။ အပိသံယမာမသေ၊ စောင့်စည်းနိုင်ကုန်ငြားအံ့လည်း မသိ။သမ္ပဇာနမုသာ၊ သိလျက် ပျက်စကားကို။ အပိနဘဏာမသေ၊ မဆိုနိုင်ကုန်ငြားအံ့လည်း မသိ။ အတ္တနော၊မိမိ၏။ သုသီလျံ၊ ကောင်းသော သီလရှိသော အဖြစ်ကို။ အပိသိက္ခေမ၊ ကျင့်နိုင်ကုန်ငြားအံ့လည်း မသိ။ ဝိသာစ ယောနိယာ၊မြေဘုတ်ဘီလူးအမျိုးမှ။ အပိမုစ္စေမ၊လွတ်ကုန်ငြားအံ့ လည်း မသိ။

ဤသို့ သားကိုဆုံးမလျက် တရားနာသော် ထိုနေ့ပင် သောတာပတ္တိ ဖိုလ်သို့ရောက်လေ၏။

စေ ပုတ္တကံ သညာပေတွာ တံဒိဝသံ သောတာပတ္တိ ဖလံ ပတ္တာ။

[(သုတ်မဟာဝါ အဋ္ဌကထာ)]

ဝေ၊ဤသို့။ပုတ္တကံ၊ ပိယင်္ကရသားငယ်ကို။ သညာပေတွာ၊ သိစေ၍။ တံဒိဝသံ၊ ထိုနေ့၌၊ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တာ၊ ရောက်လေ၏။(ဤကား ပိယင်္ကရမာတာ၏ ဝတ္ထုတည်း၂)

တရံရောအခါ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေလျော် နေတော်မူလျက် နေဝင်သောအခါ ဘုရားမြတ်စွာသည် ပစ္ဆာဘတ္တ၌ လူအပေါင်းတို့အား တရားဟောတော်မူ၍ လူတို့ကို လွှတ်လိုက်ပြီးသော် ကိုယ်တော်သည် ရေချိုးအိမ်၌ ရေချိုးတော်မူပြီးလျှင်ဂန္ဓကုဋိပရဝုဏ်အတွင်း ခင်းထားအပ်သော မြတ်သော ဘုရား နေရာ၌ အရှေ့လောကဓာတ်သို့ မျက်နှာတူရှုကြည့်တော်မူ၍ နေတော်မူ၏၊ ထိုအခါ ကေစာရိက,ဒွိစာရိက အစရှိကုန်သော ပံသုကူလိက,ပိဏ္ဍပါတိက

ရဟန်းတို့သည် မိမိတို့၏ နေ့သန့်ရာအရပ်မှ ထွက်ကြကုန်ပြီးလျှင်ဘုရားရှင် အထံသို့ လာ၍ ရှိခိုးကုန်လျက် နီစွာသော တင်းတိမ် ကန့်လန့် ကာဖြင့် ခြံရံအပ်သကဲ့သို့ နေကုန်၏၊ ထိုအခါ ထိုရဟန်းတို့၏ အလိုကို သိတော်မူ၍ သဗ္ဗညုဘုရားသည် နိဗ္ဗာန်နှင့်စပ်ယှဉ်သော တရားစကားကို ဟောကြား တော်မူ၏၊ ထိုရဟန်းတို့လည်း ရိုသေစွာ ကြားနာကုန်၏၊ ထိုအခါပုနဗ္ဗသု မာတာအမည်ရှိသော မြေဘုတ်ဘီလူးမသည်၊ သမီးဖြစ်သော ဥတ္တရာကို ခါးမှာချီပိုး၍ ပုနဗ္ဗသုအမည်ရှိသော သားငယ်ကို လက်ဝယ်ဆွဲ ကိုင်လျက် ဇေတဝန်ကျောင်းတော်၏နောက်ဖေးထံကိုင်း၏အနီးအပါးတွင် ကျင်ကြီး ကျင်ငယ်၊ နှပ်တံထွေးတို့ကိုရှာလျက်အစဉ်သဖြင့် ဇေတဝန်ကျောင်းတော် တံခါးမုခ်နားသို့ ရောက်လာ၏၊ (ထိုမြေဘုတ်ဘီလူးမအား သားပုနဗ္ဗသုကို စွဲ၍ "ပုနဗ္ဗသုမာတာ"ဟု ပါဠိတော်မှာ အမည်လာသည်။ အဋ္ဌကထာတို့၌ ကား သမီးဥတ္တရာကိုစွဲ၍ "ဥတ္တရမာတာ" ဟု အမည် ပေးကုန်သည်၊) "အာနန္ဒာ....သပိတ်ယူခဲ့၊ သင်္ကန်းဆောင်ခဲ့၊ စားကြွင်းစားဘွယ်အားစားဖွယ် ခဲဖွယ်ကိုပေးပါ" ဟု ဆိုတော်မူသော သဗ္ဗညုဘုရား၏ အသံတော်သည် ထက်ဝန်းကျင်မှ တဆယ့်နှစ်ယောင်မျှကိုသာ ယူ၏။

ကထေန္တဿ သဒ္ဒေါ သမန္တာ ဒွါဒသယောဇနမတ္တမေဝဂဏှာတိ၊
(သံယုတ် အဋ္ဌကထာ)

ကထေန္တဿ၊ စကား ဆိုတော်မူသော မြတ်စွာဘုရား၏၊ သဒ္ဒေါ၊ အသံတော်သည်၊ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဒွါဒသယောဇနမတ္တ မေဝ၊ တဆယ့်နှစ်ယောင်မျှကိုသာလျှင်၊ ဂဏှာတိ၊ ယူ၏။

တရားဟောတော်မူသော သဗ္ဗညုဘုရား၏ အသံတော်သည် စကြဝဠာဆုံးသည့်ကိုပုံလျက် ပရိသတ်သည် အကယ်၍နေငြားအံ့၊ ယင်းသို့နေသော်လည်း ပရိသတ် ဆုံးသည်တိုင်အောင် သွား၏။ ပရိသတ်မှအပသို့ကား လက်တသစ်ဖျားမျှ မထွက်မသွားအဘယ် ကြောင့်နည်းဟူမူ သာယာလှသော အသံတော်သည် နားခံသူမှရပဲ အကျိုးမဲ့ မပျက်မစီးကောင်းသောကြောင့်ဟူပေ။

ပုနဗ္ဗသုမာတာ အမည်ရှိသော မြေဘုတ်ဘီလူးမသည် ပရိသတ်၏ အပ တံခါးမုခ်ဝ၌ရပ်လျက် သဗ္ဗညုဘုရားအသံတော်ကိုကြား၏၊ တံခါးမုခ်ဝ၌ ရပ်သော ထိုဘီလူးမအား ကျယ်စွာသော ဘုရားလမ်းခရီး၏ ရှေးရှု၌ ဂန္ဓကုဋီတော်သည် ထင်၏၊ ထိုဘီလူးမသည် လေဆိတ်ရာ၌ ဆီမီးလျှံကဲ့သို့ ဘုရား၌ရှိသေခြင်းဖြင့် လက်လှုပ်ခြင်း ခြေလှုပ်ခြင်းအစရှိသည်မှကင်းသော

တုန်လှုပ်ခြင်းမရှိသော ပရိသတ်ကိုမြင်၍ ဤတွင် ဝေဖန် အပ်သောတစ်ခုသော ဘဏ္ဍာကို ဝေဖန်ဘည်ဖြစ်လတ္တံ့။ ငါသည် ထောဇတ် ဆီဦး ဆီပျားတင်လဲ စသည်တို့တွင် တစုံတခုကို သပိတ်လက်ဘို့မှ စီးကျသည်ကို လည်းကောင်း၊ မြေသို့ကျသည်ကိုလည်းကောင်းရအံ့ဟုနှလုံးသွင်း၍ကျောင်းတွင်းသို့ဝင်လေ၏၊ ထိုခါ၌မုခ်၌ အဝရုဒ္ဓက ဘိလူးတို့ကိုတားမြစ်ခြင်းငှာစည်ကုန်သောကျောင်းစောင့်နက်ကိုသာ ထိုမြေဘုတ်ဘီလူးမ၏ ဥပနိဿယကိုမြင်ကုန်သောကြောင့် မတားမြစ်ကြကုန်၊ ပရိသတ်နှင့်တကွ သာလျင် တပေါင်းတည်း၏အဖြစ်သို့ ရောက်သဖြင့်ထို မြေဘုတ်ဘီလူးမအား၊ဘုရားသဗ္ဗညု၏အသံတော်သည်အရေအစရှိသည်ဘို့ကို ဖြတ်ထွင်း၍ ရိုးတွင်းခြင်ဆီကို ထိလျက်ဘည်၏၊ တရားနာခြင်းငှာမတုန်မလှုပ်တည်သော ထိုဥတ္တရမာတာကို ပိယင်္ကမာတာကဲ့သို့ သားငယ်ကိုသည် အဖန်တလဲလဲ သွားလောဟု တိုက်တွန်းကုန်၏၊ အမိလည်း သားသမီးတို့ကို "သမီးဥတ္တရာ....ဆိတ်ဆိတ်နေပါ၊ သားပုနဗ္ဗသု....အသံမပြုပါလင့်၊ သဗ္ဗညုဘုရား တရားဟောတော်မူသည်ကို ငါတို့လည်းဇာတိဇရာဗျာဓိ မရဏတို့မှ လွတ်ခြင်းငှာ တရားနာပါကုန်အံ့" ဟု ဆို၍ တရားနာကြကုန်၏၊ သဗ္ဗညုဘုရားလည်း တရားဟောတော်မူလျက် ပရိသတ်ကို မှတ်သော် ထိုမြေဘုတ်ဘီလူးမ၏ လည်းကောင်း၊ သား ပုနဗ္ဗသု၏လည်းကောင်း သောတာပတ္တိဖိုလ်၏ ဥပနိဿယကို ကြည့်၍သစ္စာလေးပါးကို ဟောတော်မူ၏၊ ထိုတရားကိုကြားနာ၍ထိုအရပ်၌တည်လျက်မြေဘုတ်ဘီလူးမသည်သားငယ်နှင့်တကွ သောတာပတ္တိဖိုလ်၌တည်လေ၏၊သမီးဥတ္တရာအားလည်း မဂ်ဖိုလ်၏ ဥပနိဿယ သည်ရှိ၏၊ ယင်းသို့ရှိသော်လည်း အလွန်ငယ်သည်၏အဖြစ်ကြောင့် ဒေသနာတော်ကို ခံခြင်းငှာ မတတ်နိုင်လေ၊အမိနှင့်သားကားသစ္စာလေးပါးကို သိသည်နှင့်တကွ နတ်စည်းစိမ်ကိုရလေ၏၊ သမီးဥတ္တရာသည်ကားလောက၌ အမိအဖတို့သည် စည်းစိမ်ချမ်းသာကို ရသည်ရှိသော် သားသမီးတို့အား ချမ်းသာသကဲ့သို့ ဤအတူအမိ၏အာနုဘော်ကြောင့်ချမ်းသာကိုရလေ၏၊ ထိုအခါမှစ၍ထိုမြေဘုတ်ဘီလူးမသည် သားပုနဗ္ဗသု၊ သမီးဥတ္တရာတို့နှင့် တကွ ဂန္ဓကုဋိတိုက်တော်၏အနီး သစ်ပင်၌သာနေရာကိုရ၍ ညဥ့်နံနက် ဘုရားကို ဖူးမြင်လျက်, တရားတော်ကိုကြားနာလျက် နေ့ညဥ့်ရှည်စွာ ထိုအရပ်၌ပင် နေရ၏၊ ဤကား ဥတ္တရမာတာ၏ ဝတ္ထုတည်း၊ ဤသို့လျှင် ပိနိပါတိက အသုရာတို့သည် အကျွတ်တရားကို ရကုန်၏။

(၃) ကာလကဉ္စိက အသုရာ ဟူသည်ကား အောက်၌ပြဆိုအပ်ပြီးသောပြိတ္တာအသုရာတို့ပင်တည်း၊ ထိုကာလကဉ္စိက ပြိတ္တာ အသုရာတို့သည် အောက်၌ ပြဆိုအပ်ပြီးသောနည်းဖြင့် သုံးဂါဝုတ်မျှလောက်သော ကိုယ်ရှိကုန်၏၊ နည်းသောအသားအသွေးရှိကုန်၏၊ ဖက်ရွက်ဟောင်းနှင့် တူကုန်၏၊ ပုစွန်တို့ကဲ့သို့ ထွက်သော မျက်လုံးရှိကုန်၏၊ ထိုမျက်လုံး တို့လည်း ဦးခေါင်း၌ တည်ကုန်၏၊ ခံတွင်းလည်းအပ်နဖါးပေါက်မျှသာရှိသည်ဖြစ်၍ ထိပ်၌တည်၏၊ ထို့ကြောင့်ထိုပြိတ္တာတို့သည် အောက်သို့ ညွတ်၍ အစာကို ယူရကုန်သည်၊ ထိုကာလကဉ္စိက အသုရာတို့သည် အလုံးစုံ အောက်ယုတ်ကုန်သော အသုရကာယ်တို့ မည်ကုန်၏ ဟု ဒိဿနိကာယ်၊ ပါထေယျ အဋ္ဌကထာ၌ဆိုသည်၊ ထိုအသုရကာယ်တို့ကား ပြိတ္တာတို့၌ဝင်ကုန်၏။

အသုရကာယောတိ ယသ္မာ အသုရာနာမ ကာလကဉ္စိကပေတာ၊ တသ္မာ တေ ပေတေသု ပဝိဋ္ဌာ။

(ဇိနာလင်္ကာရဋီကာ)

အသုရကာယောတိ တွေ၊ အသုရကာယော ဟူသောပါဌ်၌။ ယသ္မာ၊ အကြင်ကြောင့်။ အသုရာနာမ၊ အသုရာတို့ မည်သည်ကား။ ကာလကဉ္စိက ပေတာ၊ ကာလကဉ္စိက ပြိတ္တာတို့တည်း။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထို ကာလကဉ္စိက ပြိတ္တာအသုရာတို့သည်။ ပေတေသု၊ ပြိတ္တာတို့၌။ ပဝိဋ္ဌာ၊ ဝင်ကုန်၏။ လောကဒီပကာ၌လည်း....

ကာလကဉ္စာသုရာနာမ၊ ဂတာ ပေတေသု သဗ္ဗတာ.... ဟုမိန့်၏။

ကာလကဉ္စာသုရာနာမ၊ ကာလကဉ္စိက အသုရာတို့ မည်သည်ကား၊ သဗ္ဗတာ၊ အချင်းခပ်သိမ်း။ ပေတေသု၊ ပြိတ္တာတို့၌၊ ဂတာ၊ ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ။ဒသုတ္တရသုတ် အဋ္ဌကထာ၌လည်း....

ပေတ္တိဝိသယေနေဝ အသုရကာယော ဂဟိတော........ဟု ဆိုအပ်၏။

ပေတ္တိ ဝိသယေနေဝ၊ ပြိတ္တာဘုံဖြင့် သာလျှင်။ အသုရကာယော၊ အသုရကာယ်ကို။ ဂဟိတော၊ ယူအပ်၏။

ယင်းသို့ ပြိတ္တာတို့၌ ယူအပ်လျက်ကို အသုရကာယဟု ဘုံအသီးအခြား ယူပြန်သည်ကား ပြိတ္တာထူးဖြစ်၍ ဂေါဗလိဗဒ္ဒနည်း, ပုညဉာဏသမ္ဘာရ

နည်းအားဖြင့် အသီးအခြား တပါးယူပြန်သည်၊ဤသုံးပါးသော အသုရာတို့တွင် ဤအသုရကာယဒုက္ခ၌ ကာလကဉ္စိကပြိတ္တာ အသုရာကိုသာ ယူရမည်၊ နတ်အသုရာ,ဝိနိပါတိကအသုရာတို့ကို မယူအပ်ကုန်၊ ထိုနတ်အသုရာ,ဝိနိပါတိက အသုရာတို့သည်ကား အသုရကာယဒုက္ခနှင့် မဆိုင်ကုန်။

---

## ၂၀၈-အသုရာကာယ ဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော ရဟန်းသုံးကျိပ် ရေလောင်းလျက် မသောက်ရသော ကာလကဉ္စိက အသုရာ ဝတ္ထု

အသုရာကာယဒုက္ခ၌ ဝတ္ထုသက်သေ အမြွက်ကား တယောက်သော ကာလကဉ္စိကအသုရာသည် ရေငတ်ခြင်းကို သည်းမခံနိုင်ရကား တယူဇနာမျှလောက် အစောက် နက်ကျယ်သော ဂင်္ဂါမြစ်ကြီးတွင်းသို့ဆင်း၏၊ ထိုကာလကဉ္စိက အသုရာ၏ ရောက်ရာ အရပ်တို့၌ ရေသည် ပြတ်၏၊ အခိုးထောင်းထောင်းထလျက် တက်၏၊ ပူစွာသော ကျောက်ဖျာအပြင်၌ စကြံသွားသော ကာလကဲ့သို့ ဖြစ်၏၊ ထို ကာလကဉ္စိက အသုရာသည် ရေသံကြားသောကြောင့် ဤမှ ထိုမှ လှည့်ပတ်သွားလာစဉ် ညဉ့်သည် လင်းစင်မိုးသောက် နေ့သို့ရောက်သော်၏၊ ထိုအခါ ထိုအသုရာကို နံနက်စောစော ဝေါစရဂါမသို့ ဆွမ်းခံသွားကြကုန်သော သုံးကျိပ်မျှလောက်ကုန်သော ပိဏ္ဍစာရိက ရဟန်းတို့သည် မြင်ကုန်၍ "သူတော်ကောင်း........သင်ကား အဘယ်အမည်ရှိသနည်း" ဟု မေး၏၊ "အရှင်ဘုရားတို့....အကျွန်ုပ်ကား ပြိတ္တာတည်း" ဟု ဆိုသော်"အဘယ်ကို ရှာလျက် ချာချာပတ်ပတ် မပြတ်ပြေးသွားသနည်း"ဟုမေးကုန်၏၊ "အရှင်ဘုရားတို့....အကျွန်ုပ်ကားရေငတ်ခြင်းဖြင့်ပြင်းလှသောကြောင့် သောက်ရေအလို့ငှာ ရေကို ရှာပါသည်"ဟု ဆိုသော် "သူတော်ကောင်း ဤဂင်္ဂါမြစ်သည် ရေပြည့်ပါ၏ တကား၊ ဤဂင်္ဂါမြစ်ပြင်ကို သင်မမြင်သလော"ဟု ဆိုကုန်၏၊ အရှင်ဘုရားတို့........ အကျွန်ုပ်ကား ရေသံကိုကြား၏၊မြစ်ကိုကား မမြင်ချေဟု ဆိုသော် ယင်းသို့တပြီးကား "သူတော်ကောင်း........ဂင်္ဂါမြစ်ထဲ သဲပြင်ထက်ဝယ် ပက်လက်အိပ်ပါ၊ ငါတို့သင့်ခံတွင်းပေါက်၌ သောက်ရေကိုလောင်းကုန်အံ့ဟု ဆို၏၊ ထိုအသုရာလည်း ဂင်္ဂါမြစ်ထဲ သဲပြင်ထက်၌ ပက်လက်အိပ်၏၊ သုံးကျိပ်မျှလောက် ပိဏ္ဍစာရိကရဟန်းတို့သည် သပိတ်အလုံး သုံးဆယ်လောက်နှင့် သောက်ရေခပ်ပြီးလျှင် အသုရာ၏ ခံတွင်း၌ လောင်းကုန်၏၊ထိုသို့လောင်း

ကုန်သော ရဟန်းတို့အား ဆွမ်းခံချိန် အခါသည် နီးလေ၏၊ ထိုနေ့၌မှ "သူတော်ကောင်း........ငါတို့ကား ဆွမ်းခံချိန် အခါတန်ပြီ၊ သင့်အား သက်သာရာမျှကို ရပါ၏လော"ဟု ဆိုကုန်၏၊ ပြိတ္တာလည်း "အရှင်ဘုရား တို့........သုံးကျိပ်မျှလေကုန်သော အရှင်တို့၏ အလုံးသုံးဆယ်မျှလောက် ကုန်သော သပိတ်တို့ဖြင့် လောင်းအပ်သောရေမှ တလက်ဖက်ခွဲမျှလောက် သော ရေသည် အကယ်၍အကျွန်ုပ်၏ရေမျိုတဖက်သို့ ဝင်ငြားအံ့၊ ယင်းသို့ ဝင်သော် တပည့်တော်အား ဤပြိတ္တာဘဝမှ လွတ်ရသည် မဖြစ်ပါစေ သော"ဟု ကျိန်ဆို၏။

ပေတော သစေ မေ ဘန္တေ တိံသမတ္တာနံ အယျာနံ
တိံသမတ္တေဟိ ပတ္တေဟိ အာသိတ္တဥဒကတော အဒ္ဓပသတမတ္တံ
ပရဂလံ ဂတံ၊ ပေတတ္တဘာဝတော မောက္ခော မာ ဟောတူတိ အာဟ။

(သံယုတ်အဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာလည်း နည်းတူပင်မိန့်၏။)

ပေတော၊ ပြိတ္တာသည်။ ဘန္တေ၊ အရှင်တို့။ တိံသာမတ္တာနံ၊ သုံးကျိပ် မျှလောက်ကုန်သော။ အယျာနံ၊ အရှင်တို့၏။ တိံသမတ္တေဟိ၊ သုံးဆယ် မျှလောက်ကုန်သော။ ပတ္တေဟိ၊ သပိတ်တို့ဖြင့်။ အာသိတ္တဥဒကတော၊ လောင်းအပ်သောရေမှ၊ အဒ္ဓပသတမတ္တံ၊ တလက်ဖက်ခွဲမျှ။ မေ၊ အကျွန်ုပ် ၏။ ပရဂလံ၊ ရေမျိုတဖက်သို့။ သစေဂတံ၊ အကယ်၍ ဝင်ရောက်သည် ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဝင်ရောက်သည်ရှိသော်။ မေ၊ ငါ့အား။ ပေတတ္တ ဘာဝတော၊ ပြိတ္တာ၏အဖြစ်မှ။ မောက္ခော၊ လွတ်သည်။ မာဟောတု၊ မဖြစ် စေသတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ကျိန်ဆို၏။

"ဤသပိတ်အလုံး သုံးဆယ်နှင့် ငါတို့ရဟန်း သုံးကျိပ် ပေါင်းသည် ခပ်၍ လောင်းပါလျက်ကို တစက်မျှ သင့်ခံတွင်းသို့ မဝင်သည်မှာ သင့် မကောင်းမှုသာ အကြောင်းရင်း ဖြစ်တော့သည်"ဆို၍ ရဟန်းသုံးကျိပ် တို့သည် ဆွမ်းခံဝင်ကုန်၏၊ ဤသို့ ဓေတပေါက်မျှ ငတ်မွတ်ခြင်းပြေလောက် အောင် မသောက်ရသော အသုရကာယ်တို့၏ ဝတ္ထုသက်သေ စကားကို ကြားသိရကုန်သော သူတော်ကောင်းတို့အား အသုကာယဒုက္ခ၌ သံဝေဂ ဉာဏ် ဖြစ်ကောင်းဖွယ် ရှိ၏၊ ဤအသုကာယ၌ ဝတ္ထုသက်သေ များစွာ ပြဖွယ် မရှိပြီ၊ ပေတဒုက္ခ၌ ပြအပ်ပြီးသော ဝတ္ထုသက်သေကိုသာ ကြည့်၍ မှတ်သား ကြားနာ၍ များစွာ သံဝေဂတရားကို ပွားကြစေကုန်ရာ၏။

အသုရကာယဒုက္ခကား ပြီး၏။

ညွှန် စာပေ- ၉၄။

အင်္ဂကထာဆရာမြတ်တို့ ငါးခုမြောက် ပဉ္စမပြု၍ ယူတော်မူအပ်သော အပါယဒုက္ခဟူသော သံဝေဂဝတ္ထု တရားကား ဤတွင်ရွေ့ ပြီး၏။

---

၂၀၉-သံဝေဇနီယဝတ္ထု ၈-ပါးအနက် ၇-ခုမြောက်၊ အတီတေ ဝဋ္ဋမူလကဒုက္ခ, ၇-ခုမြောက် အနာဂတေ ဝဋ္ဋမူလက ဒုက္ခ နှစ်ပါး ကောက်ယူပုံကို ပြဆိုရာ

ယခုအခါ အင်္ဂကထာဆရာမြတ်တို့ ခြောက်ခုမြောက် ဆဋ္ဌပြု၍ယူတော်မူအပ်သော အတီတေ ဝဋ္ဋမူလကဒုက္ခ, ခုနစ်ခုမြောက် သတ္တမပြု၍ ယူတော်မူအပ်သော အနာဂတေ ဝဋ္ဋမူလကဒုက္ခကို ပြပေအံ့၊ ထိုသံဝေဂဝတ္ထုတရား နှစ်ပါးတို့၌ ဆိုဖွယ်ကား အများမရှိ၊ ပါဠိတော်လာရင်းဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ ဤသံဝေဂဝတ္ထုတရား လေးပါးကို သဗ္ဗညုဘုရားသည် ထိုထိုသော သတ္တဝါတို့၏ ပစ္စုပ္ပန်ဘဝ၌ မှီသည်ကိုသာ ပြု၍ ဟောတော်မူအပ်၏၊ အတိတ်ဘဝ၌ မှီသည်ကိုလည်းကောင်း,အနာဂတ်ဘဝ၌မှီသည်ကို လည်းကောင်းပြု၍ ဟောတော်မူအပ်သည်မဟုတ်၊ထို့ကြောင့် ပစ္ဆိမဘဝိက ဖြစ်တော်မူသော ဘုရားလောင်းတို့အား သုဒ္ဓါဝါသပြဟ္မာတို့သည် ပစ္စုပ္ပန် ဘဝ၌ မှီသော ဇာတိ ဇရာ ဗျာဓိ မရဏဟူသော သံဝေဂဝတ္ထုတရား လေးပါးကို ပြုကြကုန်သည်၊ ဘုရားလောင်းတို့လည်း ပစ္စုပ္ပန်ဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ ကိုသာ အာရုံပြုလျက်....

မိရတ္ထု ကိရ ဘော ဇာတိနာမ၊ ယတြဟိနာမ ဇာတဿ ဇရာ ပညာယိဿတိ၊ ဗျာဓိပညာယိဿတိ၊မရဏံ ပညာယိဿတိ-

ဟူသော ဥဒါန်းဖြင့်....

"အချင်းတို့....အကြင်ဇာတိဖြင့် ပဋိသန္ဓေနေသောသူအား ဇရာတရားသည် ထင်ဘိ၏၊ ဗျာဓိတရားသည် ထင်ဘိ၏၊ မရဏတရားသည် ထင်ဘိ၏၊ ဤဇာတိသည် စင်စစ် စက်ဆုပ်ဖွယ်တကား"ဟု ဥဒါန်းကျူးတော်မူကုန်သည်၊ အတိတ်ဘဝ၌ လည်းကောင်း, အနာဂတ်ဘဝ၌ လည်းကောင်း မှီသော ဇာတိ ဇရာ ဗျာဓိ မရဏကို အာရုံပြု၍ ဥဒါန်းကျူးသည် မဟုတ်ကုန်၊ သဗ္ဗညုဘုရားသည် ပစ္စုပ္ပန် ဘဝ၌ မှီသော ဇာတိ ဇရာ ဗျာဓိ မရဏကိုသာ ယူချေသော် အတိတ်ဘဝ၌ မှီသော ဇာတိ ဇရာ ဗျာဓိ မရဏသည် လွတ်ရာခဲ့၏၊ မလွတ်သင့် ဟု နှလုံးပြု၍ ဘုရား အလိုတော်ကို သိကုန်သော အဋ္ဌကထာ ဆရာမြတ်တို့သည်

အတိတ်ဘဝကိုမှီသော ဇာတိ ဇရာ ဗျာဓိ မရဏကို ပဉ္စမဖြစ်သော အပါယ ဒုက္ခနောက် ခြောက်ခုမြောက်ဆဋ္ဌပြု၍ အတီတေဝဋ္ဋမူလကဒုက္ခဟုယူတော်မူပြန်ကုန်သည်၊ ယင်းသို့ ပစ္စုပ္ပန်ဘဝ အတိတ်ဘဝ၌ မှီသော ဇာတိ ဇရာ ဗျာဓိ မရဏကိုသာ ယူချေသော် ဘဝမဆုံးသေးသော သတ္တဝါတို့အား နောက်အနာဂတ်၌ဖြစ်လတ္တံ့သော ဇာတိ ဇရာ ဗျာဓိ မရဏသည် လွတ်ရာ ခဲ့၏၊ မလွတ်သင့်ဟု နှလုံးပြု၍ ဘုရားအလိုတော်ကိုသိကုန်သော အဋ္ဌကထာ ဆရာမြတ်တို့သည် အနာဂတ်ဘဝ၌ မှီသော ဇာတိ ဇရာ ဗျာဓိ မရဏကို ဆဋ္ဌဖြစ်သော အတီတေ ဝဋ္ဋမူလဒုက္ခနောက် ခုနစ်ခုမြောက် သတ္တမပြု၍ အနာဂတေ ဝဋ္ဋမူလကဒုက္ခဟု ယူတော်မူပြန်ကုန်သည်။

သဗ္ဗညုဘုရား သံဝေဂဝတ္ထုဟု ယူတော်မူအပ်သော ဇာတိ ဇရာ ဗျာဓိ မရဏသည် သုဂတိဘုံ၌သာ ဖြစ်သည်မဟုတ်, ဒုဂ္ဂတိဘုံ၌သာ ဖြစ်သည် မဟုတ် ဘုံနှစ်ပါးတို့၌ပင် ထိုက်သည့် အားလျော်စွာ သတ္တဝါတို့အား ဖြစ်သည်၊ အပါယဒုက္ခကား ဒုဂ္ဂတိဘုံ၌သာ ဖြစ်သည်၊ သုဂတိဘုံ၌ မဖြစ်၊ ယင်းသို့လျှင် ဘုံတပါးနှင့် ဆက်ဆံသော ဇာတိ ဇရာ ဗျာဓိ မရဏကိုသာ သံဝေဂဝတ္ထုဟု ယူချေသော် ဘုံတပါးနှင့် ဆက်ဆံသော အပါယ ဒုက္ခသည် လွတ်ရာခဲ့၏၊ မလွတ်သင့်ဟု နှလုံးပြု၍ ဘုရား အလိုတော် သိကုန်သော အဋ္ဌကထာ ဆရာမြတ်တို့သည် အပါယဒုက္ခကို ပါဠိတော် လာရင်း ဇာတိ ဇရာ ဗျာဓိ မရဏနောက် ငါးခုမြောက် ပဉ္စမပြု၍ ယူတော် မူကုန်သည်၊ ယင်းသို့ ယူအပ်သော အပါယဒုက္ခသည်လည်း ပစ္စုပ္ပန်ဘဝ၌ သာ မှီသည်၊ အတိတ်ဘဝ အနာဂတ်ဘဝ၌ မှီသည်မဟုတ်သေး၊ အတိတ် ဘဝ၌မှီသော အပါယဒုက္ခဘုံကို အတီတေ ဝဋ္ဋမူလက ဒုက္ခ၌ ယူရမည်၊ အနာဂတ်ဘဝ၌ မှီသော အပါယဒုက္ခကို အနာဂတေ ဝဋ္ဋမူလကဒုက္ခ၌ ယူရမည်၊ သဘောကျနိုင်ခဲ့၏။

အဓိပ္ပါယ်ကား ပါဠိတော်၌လာရင်းဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏကို အဋ္ဌကထာ ဆရာမြတ်တို့ ငါးခုမြောက် ပဉ္စမ ပြု၍ ယူတော်မူအပ်သော အပါယဒုက္ခကား ပစ္စုပ္ပန်ဘဝ၌သာ မှီသည်ဖြစ်၍ ပစ္စုပ္ပန္နေ ဝဋ္ဋမူလကဒုက္ခသာဖြစ်သည်၊ အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာ ဂတေဝဋ္ဋမူလကဒုက္ခမဟုတ်သေး၊ အတိတ်ဘဝ၌မှီသော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခသာ အတီတေဝဋ္ဋမူလကဒုက္ခ, အနာဂတ်ဘဝ၌မှီသော

ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခသာ အနာဂတေ ဝဋ္ဋမူလကဒုက္ခအရ ဖြစ်သည်ဟု ဆိုလိုသည်။

ယင်းသို့ဖြစ်လျှင် ပစ္စုပ္ပန္နေ ဝဋ္ဋမူလက ဒုက္ခအရဖြစ်သော အောက်၌ အကျယ်အားဖြင့် ပြအပ်ပြီးသော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခ တို့ကို သိသဖြင့် အတီတေ ဝဋ္ဋမူလကဒုက္ခ၏ အရဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခတို့ကိုလည်းကောင်း, အနာဂတေ ဝဋ္ဋမူလကဒုက္ခ၏ အရဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယ ဒုက္ခတို့ကိုလည်းကောင်း သိသင့်ပြီ၊ အကျယ်ပိုဖွယ်ကိစ္စမရှိပြီ၊ ပစ္စိမဘဝိကဖြစ်တော်မူကုန်သော ဘုရား လောင်းတို့သည် ပစ္စုပ္ပန်ဘဝ၌ မှီသော ဇာတိ ဇရာ ဗျာဓိ မရဏဟူသော သံဝေဂဝတ္ထုတရားကို အာရုံပြု၍ သံဝေဂဉာဏ်ကို ပွားစေကြကုန်သည်၊ ဒုသနသော ဟု အက္ခရာလေးလုံးကို တလုံးစီဆိုသော သဌေးသားငရဲသူ လေးယောက်တို့သည် ခံစားဆဲ ပစ္စုပ္ပန်ဘဝ၌မှီသော အပါယဒုက္ခဟူသော သံဝေဂဝတ္ထုတရားကို အာရုံပြု၍ သံဝေဂဉာဏ်ကို ပွားစေကြကုန်သည်။

## ၂၁၀-အတီတေ ဝဋ္ဋမူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော အတိတ်၌ဖြစ်သော ဆင်းရဲကို အာရုံပြု၍ သံဝေဂဉာဏ်ဖြစ်စေသဖြင့် ရဟန္တာဖြစ်သော မထေရ် ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကိတဝ်အမည်ရှိသောမင်း၏ သားတော်သည် ပစ္စေကဗုဒ္ဓါအား ချုတ်ချယ် ရမ်းကား ထိပါးသော ကြောင့် များစွာသောနှစ်တို့ပတ်လုံး ငရဲ၌ကျက်ပြီးမှ ငရဲက လွတ်ပြန် သော် ကာလရှည်စွာပြိတ္တာဖြစ်၏ ပြိတ္တာအဖြစ်မှလွတ်ခဲ့လျှင် လူ့ပြည်တွင် ကုဏ္ဍိမြို့၏အနီး တံငါရွာ၌ တံငါသူငယ် ဖြစ်လာ၍ ဇာတိဿရဉာဏ်ကို ဆောင်ကြောင့် မိမိသည် ငရဲပြိတ္တာဘဝ၌ ခံစားရဖူးသောဆင်းရဲကို အာရုံ ပြုလျက် အလွန်ကြောက်ထိတ်လန့်ရကား တောထွက်၍ ရဟန်းပြုလျှင် အရဟတ္တဖိုလ်သို့ ရောက်လေသည်၊ ဤမထေရ်ကား ခံစားအပ်ပြီးသော အပါယဒုက္ခဟုဆိုအပ်သော အတီတေဝဋ္ဋမူလကဒုက္ခ သံဝေဂဝတ္ထုတရား ကို အာရုံပြု၍ သံဝေဂတရားကို ပွားစေသည်။

### ၂၁၁–အနာဂတေဝင်္ဒမူလကဒုက္ခအရာ၌ ထုတ်ဆောင်အပ်သော အနာဂတ်၌ ခံရအပ်လတ္တံ့သောအပါယ်ဘေးကိုအာရုံပြု၍ သံဝေဂ ရသဖြင့် တရားကို အားထုတ်၍ ပစ္စေကဗုဒ္ဓါဖြစ်သော ဝတ္ထု

လွန်လေပြီးသောအခါ အမှတ်မရှိသော ဗာရာဏသီမင်း တယောက် သည်ကြီးစွာသော မင်း၏အာနုဘော်ဖြင့် မြို့တော်ကို လက်ယာရစ်လည် လတ်သော် မင်း၏ တင့်တယ်ခြင်းဖြင့် လည်စေအပ်သော စိတ်ရှိသော လူအပေါင်းတို့တွင် ရှေ့ကသွားသော လူများတို့သည်းနောက်နားကလိုက် သော မင်းကို ပြန်၍ကြည့်ကုန်၏၊ နောက်ကလိုက်သော လူများတို့လည်း ရှေ့ကသွားသော မင်းကို ကြည့်ကြကုန်၏၊ နံပါးတဖက်တချက်လက်ယာ လက်ဝဲသွားသော လူများတို့လည်း အလယ်ကြားက သွားသော မင်းကို ကြည့်ကြကုန်၏၊ သဘောအားဖြင့်သာလျှင် ဘုရား, လပြည့်ဝန်း,သမုဒ္ဒရာ, မင်း ဤလေးပါးကို ကြည့်ရှုခြင်း၌ လူအပေါင်းသည်မရောင့်ရဲ။

ပကတိယာဝေ ဟိ ဗုဒ္ဓဒဿနေ ပုဏ္ဏစန္ဒ သမုဒ္ဒ ရာဇဒဿနေစ အတိတ္တော လောကော။

(အပဒါနိအဋ္ဌကထာ)

ဟိသစ္စံ မှန်၏။ပကတိယာဝေ၊သဘောအားဖြင့်သာလျှင်။ဗုဒ္ဓဒဿနေစ၊ ဘုရားကိုကြည့်ခြင်း၌လည်းကောင်း၊ ပုဏ္ဏစန္ဒ ရာဇဒဿနေစ၊လပြည့်ဝန်း, သမုဒ္ဒရာ မင်းကို ကြည့်ရှုခြင်း၌လည်းကောင်း၊ လောကော၊ လူအပေါင်း သည်။ အတိတ္တော၊ မရောင့်ရဲ။

---

ဗုဒ္ဓ စန္ဒ၊ သမုဒ္ဒနှင့်၊ ရာဇမင်းဖျား၊ ဤလေးပါး၊ လူများ ကြည့်၍ မရောင့်ရဲ။

ထိုအခါ အမှတ်မရှိသော သူကြွယ်မယားတယောက်သည် ပြာသာဒ် ထက်သို့ တက်ပြီးလျှင် ခြမ်သ့ခံသော လေသာ ပြတင်းပေါက်ကို ဖွင့်၍ ကြည့်ရှုလျက်တည်၏ မင်းသည်ထိုသူကြွယ်မယားကိုမြင်လျှင် တပ်မက်သော စိတ်ရှိရကား အကျွမ်းဝင်သောအမတ်တယောက်ကိုခေါ်ပြီးလျှင် "အချင်း ဤမိန်းမ၏လင်မဲ့ လင်ရှိကိုသိအောင်သွားပါ" ဟုစေ၏၊ အမတ်လည်း စုံစမ်း၍ "အရှင်မင်းကြီး ...ထိုမိန်းမကား လင်ရှိမယားတည်း" ဟု လျှောက်၏၊ ထိုအခါမင်းအား ဤသို့ကြံ၏၊ ဤနှစ်သောင်းသောမောင်းမ ကချေသည် တို့သည် နတ်သမီးကဲ့သို့ တန်ဆာဆင်ယင်ကုန်လျက် ငါတယောက်ကိုသာ

မွှေလျော် ပျော်ပါးစေကုန်၏၊ ထိုနှစ်သောင်းသော မောင်းမ ကချေသည်တို့ကို မနှစ်သက်ပဲ ပယ်ရှား၍ သူ့မယားဒွတပ်မက်ခြင်းတဏှာကို ငါသည် ဖြစ်စေဘိ၏၊ ထိုတဏှာသည်ဖြစ်ပွားသည်ရှိသော် ငါ့အား အပါယ်သို့သာ ဝင်ရ၏ဟု ကြံ၏။

သာ ဥပ္ပန္နာ အပါယမေဝ အာကဍ္ဎတိ။

(သုတ္တနိပါတ် အဋ္ဌကထာ)

သာ၊ ထိုတဏှာသည်။ ဥပ္ပန္နာ၊ ဖြစ်သည်ရှိသော်။ အပါယမေဝ၊ အပါယ်သို့သာလျှင်။ အာကဍ္ဎတိ၊ ငါ့ကို ဝင်၏။

ဤသို့ ကြံ၍ တဏှာ၌ အပြစ်ကိုမြင်သောကြောင့် ယခုအခါ ငါသည် တဏှာကို နှိပ်အံ့ဟု မင်းအဖြစ်ကိုပယ်၍ ရဟန်းပြု၍လျှင် ပစ္စေကဗောဓိ ဉာဏ်ကို မျက်မှောက်ပြုလေသည်၊ ဤမင်းသည် နောင်အခါ၌ ခံစားအပ် လတ္တံ့သော အပါယဒုက္ခဟု ဆိုအပ်သော အနာဂတ ဝဋ္ဋမူလက ဒုက္ခ သံဝေဂဝတ္ထု တရားကို အာရုံပြု၍ သံဝေဂတရားကိုပွားစေသည်။

---

## ၂၁၂- အတီတေ ဝဋ္ဋမူလက ဒုက္ခ၊ အနာဂတေဝဋ္ဋမူလကဒုက္ခနှစ်ပါးကို အာရုံပြု၍ သံဝေဂဉာဏ် ဖြစ်စေသော ထေမိ မင်းသား ဝတ္ထု

တေမိမင်းသားသည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌အနှစ် နှစ်ဆယ်တိုင်တိုင် မင်းပြုခဲ့ဖူးသောကြောင့် ထိုမင်းအဖြစ်မှ စုတေလျှင် ဥဿဒငရဲ၌ အနှစ်ရှစ်သောင်း တိုင်အောင် ဆင်းရဲကို ခံစားရသည်၊ ငရဲမှ စုတေလျှင် နတ်ပြည်သို့ရောက်သည်၊ နတ်ပြည်မှတဖန် စုတေ ပြန်လျှင် ဖြစ်မြဲတိုင်းသော ဗာရာဏသီပြည်၌ ဖြစ်မြဲတိုင်းသော မင်းအိမ်မှာပင် ဖြစ် လာပြန်သည်၊ ထိုအခါ ဇာတိဿရ ဉာဏ်ကိုရ၍ငါသည်အဘယ်မှာလာ၍ ဤမင်းအိမ်၌ ဖြစ်သနည်းဟုဆင်ခြင်လျှင်နတ်ပြည်မှလာ၍ ဖြစ်ကြောင်းကို မြင်လေ၏၊ အဘယ်မှာသွား၍နတ်ပြည်၌ ဖြစ်သနည်းဟု ဆင်ခြင်လျှင်ငရဲမှ သွား၍ ဖြစ်ကြောင်းကို မြင်လေ၏၊ အဘယ်ကြောင့် ငရဲသို့သွားရသနည်း ဟု ဆင်ခြင်လျှင် ဤဗာရာသီပြည်၌ အနှစ်နှစ်ဆယ် တိုင်တိုင် မင်းပြုဖူး သည်ကိုမြင်လေ၏။ယင်းသို့ မြင်လျှင် ငါသည် ဤဗရာဏသီပြည်၌ အနှစ် နှစ်ဆယ်တိုင်တိုင် မင်းပြုဖူးသောကြောင့် ဥဿဒငရဲ၌ အနှစ် ရှစ်သောင်း မတ်လုံး ကြီးစွာသော ဆင်းရဲကို ခံရသည်၊ ငရဲမှလွတ်လျှင် ယခုတဖန်

ဤမင်းအိမ်မှာပင် ဖြစ်လာပြန်သည်။ ယခုတဖန်ဤဗာရာဏသီပြည်၌မင်းပြု ပြန်လျှင် နောင်အခါလည်း ငရဲသို့ရောက်၍ ကြီးစွာသော ဆင်းရဲကို ခံရ လတ္တံ့ဖြစ်သည်ဟု ဆင်ခြင်သော မင်းသားအား ကြီးစွာသော ကြောက် ထိတ်လန့်ခြင်းတို့သည် ဖြစ်လေကုန်၏၊ ဤတေမိမင်းသားသည် အတိတ်၌ မိမိခံစားအပ်ပြီးသော အပါယ ဒုက္ခဟုဆိုအပ်သော အတီတေ ဝဋ္ဋမူလက ဒုက္ခ၊ နောင်အနာဂတ်၌ ခံစားအပ်လတ္တံ့သော အပါယဒုက္ခဟု ဆိုအပ် သော အနာဂတေ ဝဋ္ဋမူလကဒုက္ခ သံဝေဂဝတ္ထု တရားနှစ်ပါးကို အာရုံပြု ၍ သံဝေဂဉာဏ်ကို ပွားစေသည်။

---

၂၁၃-အတီတေ အနာဂတေပစ္စုပ္ပန္နေ ဝဋ္ဋမူလက ဒုက္ခသုံးပါးလုံးကို အာရုံပြု၍ သံဝေဂဉာဏ် ဖြစ်စေအပ်ရာ၌ ထုတ်ပြအပ်သော ကပိလငါး ဝတ္ထု

လွန်လေပြီးသောအခါ ကဿပဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူသော ကာလ အမျိုးသားညီနောင်နှစ်ယောက်တို့သည် လူ့ဘောင်မှထွက်ပြီးလျှင် သာသနာတော်သို့ဝင်၍ သာဝကတို့အထံ၌ ရဟန်းပြုကြကုန်၏၊ ထိုညီနောင် နှစ်ယောက်တို့တွင် အစ်ကိုကြီးကား သောဓနမည်၏၊ ညီငယ်ကား ကပိလ မည်၏၊ ညီနောင်နှစ်ယောက်တို့၏ အမိကား သာဓနီမည်၏၊ နှမငယ်ကား တာပနာမည်၏၊ သားအမိနှစ်ယောက်တို့လည်း ဘိက္ခုနီမတို့၏ အထံ၌ ရဟန်းပြုကြကုန်၏၊ ဤသို့လျှင် သားအမိလေးယောက်တို့သည်ရဟန်းပြုကြ ကုန်ပြီးသည်ရှိသော် ဆရာဥပဇ္ဈာယ်တို့၏ ဝတ်ကြီး, ဝတ်ငယ်ကို ပြုလျက် နေကြကုန်လျှင်တနေ့သ၌ "အရှင်ဘုရားတို့....ဤသာသနာတော်၌ဓုရကား အဘယ်မျှရှိသနည်း"ဟုမေးသောကြောင့် "ဂန္ထဓုရ, ဝိပဿနာဓုရ အားဖြင့် နှစ်ပါးအပြားရှိသည်"ဟု ဆိုသော် ထိုစကားကိုကြား၍ အစ်ကိုကြီးသည် ဝိပဿနာဓုရကိုပြည့်စေအံ့ဟု ငါးဝါတို့ပတ်လုံး ဆရာဥပဇ္ဈာယ်တို့၏အထံ၌ နေပြီးလျှင်အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းကိုသင်ကြားပြီးမှ တောသို့ ဝင်၍ ကမ္မဋ္ဌာန်းကို အားထုတ်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ညီငယ်မှာငါကား နုပျိုသေး၏၊ကြီးသောအခါမှ ဝိပဿနာဓုရကို ပြည့်စေ အံ့ဟုကြံ၍ ဂန္ထဓုရကို ပွားစေလျက် ပိဋကတ်သုံးပုံကို သင်၏၊ ယင်းသို့ သင်လျှင် ပရိယတ်၌ တတ်မြောက်ရကား ထိုညီငယ်အားပရိယတ်ကို အမှီ ပြု၍ အခြံအရံပရိသတ် လာဘ်သပ္ပကာ ပြန့်ပြောလေ၏၊ ထိုကပိလသည် ဗဟုဿုတမဒဖြင့် ယစ်ရကား လောဘတဏှာဖြင့် နှိပ်စက်လျက်သူ့ထက်ထူး

ချွန်လွန်သော ပညာရှိသည်၏ အဖြစ်ကြောင့် သူတပါးတို့အပ်၏ဟုဆိုအပ်သည်ကို မအပ်, မအပ်ဟုဆိုအပ်သည်ကို အပ်၏၊ အပြစ်မရှိဟု ဆိုအပ်သည်ကို အပြစ်ရှိ၏၊ အပြစ်ရှိ၏ဟု ဆိုအပ်သည်ကို အပြစ်မရှိဟု ဆို၏၊ ထိုကပိလရဟန်းသည် ပေသလသိက္ခာကာမ ရဟန်းတို့က "ငါ့ရှင်ကပိလ သို့မဆိုလင့်"ဟု တားမြစ်၍ ဓမ္မဝိနယကိုပြလျက်ဆုံးမကာမြစ်ပါသော်လည်း "သင်တို့သည် အဘယ်ကို သိကြကုန်သနည်း၊ သင်တို့ကား အချည်းနှီးသော လက်ဆုပ်နှင့်တူကုန်၏" ဤသို့စသည်ရှိသော စကားတို့ကိုဆို၍ ထိုထို ရဟန်းတို့ကို ခဲရေးရှုတ်ချလျက် လှည့်လည်၏၊ ယင်းသို့ လှည့်လည်လျှင် ရဟန်းတို့သည် ထိုအကြောင်းကို နောင်တော်ဖြစ်သော သာဂတ မထေရ် အားကြားကုန်၏၊ သာဂတမထေရ်လည်း ကပိလသို့ကပ်၍ "ငါ့ရှင်ကပိလ သင်သို့သဘောရှိကုန်သောအကြားအမြင်များကုန်သောရဟန်းတို့၏ သမ္မာ ပဋိပတ်သည် သာသနာတော်၏ အသက်မည်၏၊ ထိုကြောင့်သမ္မာပဋိပတ်ကို ဖယ်၍ ကပ္ပိယစသည်တို့ကို တားမြစ်လျက် ဤသို့ မဆို မပြောပါလင့်"ဟု ဆုံးမ၏၊ ကပိလသည် နောင်တော်စကားကိုလည်း နားမထောင်၊ ယင်းသို့ နားမထောင်လျှင် နောင်တော် သာဂတမထေရ်သည် ကပိလကို နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ဆုံးမ၍ ဩဝါဒကို မနာခံမူ ဤသူသည်ငါ့စကားကို နားမထောင်ဟုသိသောကြောင့် ယင်းသို့ တပြီးကား "ငါ့ရှင်သင့်အမှုဖြင့် သင့်အား ထင်ရှားလတ္တံ့"ဟု ဆို၍ ဖဲလေ၏၊ ထိုအခါမှစ၍ ကပိလကို ပေသလ သိက္ခာကာမ ရဟန်းတို့သည် စွန့်ကြကုန်၏၊ ကပိလလည်း မကောင်းသောအကျင့်ရှိသည် ဖြစ်၍ မကောင်းသော အကျင့်ရှိသော ပရိသတ်ဖြင့် ဝန်းပတ်ခြံရံလျက် တနေ့သ၌ ဥပုသ်အိမ်၌ ပါတိမောက်ပြအံ့ဟု ယပ်ကိုကိုင်ပြီးလျှင် တရားဟောပလ္လင်၌ နေထိုင်၍ "ငါ့ရှင်တို့........ ဥပုသ်အိမ် သိမ်အပြင် စည်းဝေးကုန်သော ရဟန်းတို့အား ပါတိမောက်သည် အပ်မည်လော"ဟု မေးသော် "ဤရဟန်းအား စကားတုံ့ပေးသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ဆိတ်ဆိတ်သာနေသောရဟန်းတို့ကိုမြင်သော် "ငါ့ရှင်တို့........ ဓမ္မဝိနယသည်မရှိ၊ ပါတိမောက်ကို ကြားနာသဖြင့်လည်း ကောင်း၊ မကြားနာသဖြင့်လည်းကောင်းအဘယ်အကျိုးရှိအံ့နည်း"ဟုဆို၍ နေရာမှထ၏။ ဤသို့လျှင် ကပိလသည် ကဿပ ဘုရားရှင်၏ ပရိယတ္တိ သာသနာကို ကွယ်စေ၏။ နောင်တော် သာဂတ မထေရ်လည်း ထို ပါတိမောက်ပြသောနေ့၌ပင် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ကပိလကား အသက်၏

အဆုံး၌ ဧဝီစိငရဲမှာ ဖြစ်ရရှာလေ၏၊ အမိသာဂတိ, နှမတာပနာတို့လည်း သားငယ်၏ ဒိဋ္ဌာနုဂတိသို့လိုက်၍ပေသလ သိက္ခာကာမရဟန်းတို့ကိုဆဲရေးသောကြောင့် သား, မောင်နှင့်အတူတကွ အဝီစိငရဲ၌ပင် ဖြစ်ကြကုန်၏။

ထိုအခါ ငါးရသော ယောကျ်ားတို့သည် ရှာဖျက်ခြင်း အစရှိသည်တို့ကိုပြုလျက် ခိုးမှုဖြင့် အသက်မွေးကုန်သော ဇနပုဒ်သားတို့ အစဉ်လိုက်ရကား တောကြားသို့ပြေးဝင်၍ထိုတောတွင် တစုံတခု ကိုးကွယ်ရာကိုမမြင်သောကြောင့် တောကျောင်းရဟန်းတယောက်ကို ကပ်ပြီးလျှင် "အရှင်ဘုရား အကျွန်ုပ်တို့အား ကိုးကွယ်ရာဖြစ်တော်မူပါ" ဟု ဆိုကုန်၏၊ မထေရ်လည်း "သင်တို့အား သီလမှတပါး အခြား ကိုးကွယ်ရာမရှိ၊ သီလကိုဆောက်တည်ကြလေကုန်" ဟု မိန့်တော်မူ၏၊ ထိုသူတို့လည်း ကောင်းပြီဟု သီလကို ခံယူကုန်၏၊ မထေရ်လည်း သင်တို့ကား သီလနှင့် ပြည့်စုံကုန်၏၊ အသက်ဟူသော အကြောင်းကြောင့်လည်း သီလကို မဖျက်ဆီးအပ် စိတ်မျှလည်း မပြစ်မှားအပ်ဟု ဆုံးမ၏၊ ထိုသူတို့လည်း ကောင်းပြီဟုဝန်ခံကုန်၏ ထိုအခါ ဇနပုဒ်သားတို့ မှီလာ၍ ထိုမှ ဤမှ ရှာပြီးလျှင် သူခိုးတို့ကိုဖမ်းယူလျက် အသက်မှချကုန်၏၊ ထိုခိုးသူတို့သည် နတ်ပြည်၌ဖြစ်ကုန်၏၊ ခိုးသူကြီးကား နတ်သားအကြီးဖြစ်၏၊ ထိုသူတို့သည် အနုလုံ ပဋိလုံ၏ အစွမ်းဖြင့် တဆူသောဘုရားအကြားပတ်လုံး နတ်ပြည်၌ဖြစ်၍ ငါတို့ဘုရားလက်ထက်တော်၌ သာဝတ္ထိပြည် တံခါး ငါးရသော အမျိုးရှိသော တံငါရွာ၌ဖြစ်ကုန်၏၊ နတ်သားအကြီးသည် တံငါကြီးအိမ်၌ ကြွင်းသော နတ်သားတိုသည် ကြွင်းသော တံငါအိမ်တို့၌ ဝ ပြိုင်နက် ပဋိသန္ဓေနေ၍ တပြိုင်နက်ဖွားကုန်၏၊ ထိုသူတို့သည် အစဉ်သဖြင့် အရွယ်သို့ရောက်ကုန်၏၊ ကပိလရဟန်းလည်း ဘုရားတဆူအကြားပတ်လုံး ငရဲ၌ကျက်၍ အကျိုး ကြွင်း၏အစွမ်းဖြင့် ထိုအခါအစိရဝတီမြစ်၌ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပုပ်သောခံတွင်းရှိသော ငါးဖြစ်လာ၏၊ ထိုအခါ ငါးရသောတံငါသူငယ်တို့သည် ငါးဖမ်းကုန်အံ့ဟု ကွန်အစရှိသည်တို့ကို ယူ၍ မြစ်၌ ချကုန်၏၊ ကပိလငါးသည် ကွန်အတွင်းသို့ဝင်လေ၏၊ ထိုငါးကိုမြင်၍ တံငါရွာသားတို့သည် ရွှေဦးစွာ ငါတို့ သားတို့သည် ငါးထောင်ကုန်သည် ရှိသော် ရွှေငါးကိုရသည်၊ ယခုပင် ရှင်ဘုရင်က များသော ဥစ္စာကို ပေးလတ္တံ့ဟု ကြွေးကြော်ကုန်၏၊ တံငါတို့လည်း ငါးကို လှေနှင့်ထည့်ပြီးလျှင်လှေကို

ထမ်း၍ နန်းတော်သို့ ဆက်ကုန်၏၊ မင်းလည်းအဘယ်နည်းဟုမေး၍ငါးဟု ဆိုရသော် ရွှေငါးကိုမြင်၍ သဗ္ဗညုဘုရား သည် ဤ ငါး၏ အကြောင်းကို သိတော်မူလတ္တံ့ဟု ငါးကို ယူစေပြီးလျှင် ဘုရားရှင်အထံသို့ သွားလေ၏၊ ငါးသည် ခံတွင်းကို ဖွင့်ကာမျှပင် ဇေတဝန် ကျောင်းတော် အလုံးသည် အလွန်ပုပ်၏၊ မင်းလည်း ဘုရားရှင်ကို "ဘုန်းတော် ကြီးလှသောဘုရား.... ဤငါးသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိလျက် ခံတွင်းကား အဘယ့် ကြောင့် ပုပ်သနည်း"ဟုမေးလျှောက်၏။ "မင်းကြီး....ဤငါးကားကဿပ ဘုရားသာသနာတော်၌ ကပိလအမည်ရှိသော ရဟန်းဖြစ်၍အကြားအမြင် ဗဟုသုတ ကြွယ်ဝ၏၊ လောဘတဏှာဖြင့် နှိပ်စက်သောကြောင့် မိမိစကားကို မလိုက်နာသောရဟန်းတို့အား ဆဲရေး၏၊ ကဿပဘုရား သာသနာတော် ကိုလည်း ဆုတ်ယုတ်စေ၏၊ ထိုမကောင်းမှုကြောင့် အဝီစိငရဲ၌ ကျက်၍ အကျိုးကြွင်း၏ အစွမ်းဖြင့် ယခု ငါးဖြစ်လာသည်၊ နှုတ်ရှည်စွာဘုရား စကားတော်ကိုသင်ခြင်း,ချခြင်း,ဘုရား၏ကျေးဇူးတော်ကို ဆိုခြင်းကြောင့် အဆင်းရွှေနှင့်တူသည်၊ ရဟန်းတို့ကို ဆဲရေးသောကြောင့်ခံတွင်းပုပ်သည် ငါးကိုပင် ဆိုစေအံ့ မင်းကြီး"ဟု မိန့်တော်မူသော် "ဘုန်းတော်ကြီးလှ သောဘုရား....ဆိုပါစေ"ဟု လျှောက်သော် ဘုရားရှင်လည်း သင်သည် ကပိလ လောဟု ငါးကို မေးတော်မူ၏၊ ဟုတ်ပါ၏ ဘုရားဟု လျှောက် သော် "သင်သည် အဘယ်မှ လာသနည်း"ဟု မေးတော်မူ၏၊ "အဝီစိ ငရဲကြီးမှ လာပါသည်" ဟု လျှောက်သော် "သင့်နောင်တော် သာဂတ ကား အဘယ်သို့ သွားသနည်း"ဟု မေးတော်မူ၏၊ "ပရိနိဗ္ဗာန်ပြုသည် ဘုရား" ဟု လျှောက်သော် "သင့်အမိ သာဂတိ, သင့်နှမ တာပနာ တို့ကား ယခုအဘယ်မှာရှိသနည်း"ဟု မေးတော်မူ၏၊ "အဝီစိငရဲကြီးမှာ ရှိရစ်ပါသည်ဘုရား"ဟု လျှောက်သော် "ယခုသင်သည် အဘယ်သို့ သွား မည်နည်း"ဟု မေးတော်မူ၏၊ "ဘုန်းတော်ကြီးလှသော ဘုရား........... အကျွန်ုပ်ကား အဝီစိငရဲကြီးသို့ပင် သွားရပါဦး ည်"ဟု ဆိုပြီးလျှင်နှလုံး မသာယာခြင်းဖြင့် နှိပ်စက်ရကား လှေနံကို ဦးခေါင် ဖြင့် ခတ်ပြီးလျှင် ပြန်ပြန် ပြန်ပြန် မြည်လျက် စုတေ၍ အဝီစိ ငရဲကြီး၌ပင် ဖြစ်၏၊ လူ အပေါင်းအား များစွာသော သံဝေဂ ရလေ၏၊

မဟာဇနော သံဝိဂ္ဂေါ အဟောသိ လောမဟဋ္ဌဇာတော။

(ဓမ္မပဒအဋ္ဌကထာ)

မဟာဇာနေ့ာ၊များစွာသော လူအပေါင်းသည်။ သံဝိဂ္ဂေါ၊ ထိတ်လန့်သည်။ လောမဟာဋ္ဌဇာတော၊ရှင်သော အမွေးဖြစ်ခြင်းရှိသည်။ ဟောသိ၊ ဖြစ်ပြီ။

ဤကပိလသည် အတိတ်၌ခံစားအပ်ပြီးသောနိရယဒုက္ခဟု ဆိုအပ်သော အတီတေ ဝဋ္ဋမူလာ ဒုက္ခ, ပစ္စုပ္ပန်၌ ခံစားဆဲဖြစ်သော တိရစ္ဆာန ဒုက္ခဟု ဆိုအပ်သော ပစ္စုပ္ပန္န ဝဋ္ဋမူလကဒုက္ခ,အနာဂတ်၌ ခံစားအပ်လတ္တံ့သော နိရယဒုက္ခဟု ဆိုအပ်သော အနာဂတေ ဝဋ္ဋမူလကဒုက္ခ သံဝေဂဝတ္ထု တရား သုံးပါးကို အာရုံပြု၍ သံဝေဂတရားကို ပွားစေသည်၊ ပဌေနဒီ ကောသလမင်းမှ စ၍ ကပိလကို မြင်ကြကုန်သော လူတို့သည်လည်း ထိုကပိလ၏ခံစားပြီးဆဲ့,ခံစားပြီး,ခံစားလတ္တံ့သော အပါယဒုက္ခဟုဆိုအပ်သော ပစ္စုပ္ပန္နေ အတီတေ အနာဂတေ ဝဋ္ဋမူလကဒုက္ခ သံဝေဂ ဝတ္ထု တရား သုံးပါးလုံးကိုပင် အာရုံပြု၍ သံဝေဂတရားကို ပွားစေကြကုန်ရသည်။

ပါဠိတော် လာရင်းဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ လေးပါး အဋ္ဌကထာ ဆရာမြတ်ကို ငါးခုမြောက် ပဥ္စမပြု၍ ယူတော်မူအပ်သော အပါယဒုက္ခ ဤငါးပါးကား ပစ္စုပ္ပန်ဘဝ၌မှီသောကြောင့် ပစ္စုပ္ပန္နေ ဝဋ္ဋမူလကဒုက္ခပင်ဖြစ်သည်၊ အတီတေ ဝဋ္ဋမူလကဒုက္ခဟူသည်လည်း အတိတ်ဘဝ၌မှီသော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခပင်တည်း အနာဂတေ ဝဋ္ဋမူလကဒုက္ခဟူသည်လည်း အနာဂတ်ဘဝ၌မှီသော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခပင်တည်း၊ ထို့ကြောင့် အတီတေဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလက ဒုက္ခ သံဝေဂဝတ္ထု တရားနှစ်ပါး၌ ဆိုဖွယ်စကား အများမရှိ၊ ပစ္စုပ္ပန္နေ ဝဋ္ဋမူလက ဒုက္ခ သံဝေဂ ဝတ္ထု၏ အရဖြစ်သော အောက်၌ ပြဆိုအပ်ပြီးသော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယဒုက္ခတို့ကို အစဉ် လျောက်သောအားဖြင့် သံဝေဂဝတ္ထု တရားကို ပွားကြစေကုန်ရသည်။

အတီတေဝဋ္ဋမူလကဒုက္ခ, အနာဂတေဝဋ္ဋမူလကဒုက္ခ ဟူသော
သံဝေဂဝတ္ထုတရား နှစ်ပါးကား ပြီး၏။

## ၂၁၄-သံဝေဇနိယ ဝတ္ထုရှစ်ပါးအနက် ရှစ်ခုမြောက် အာဟာရ ပရိယေသန မူလကဒုက္ခအရာ၌ ဗြဟ္မာ့ဘုံကို ချန်လှပ်၍ အလုံးစုံသော သုဂတိ, ဒုဂ္ဂတိဘုံတို့၌ အာဟာရကို ရှာမှီးခြင်းလျှင် အရင်းရှိသော ဒုက္ခကို ပြရာ

ယခုအခါ အဋ္ဌကထာဆရာမြတ်တို့ ရှစ်ခုမြောက် အဋ္ဌမပြု၍ ယူတော်မူအပ်သော ပစ္စုပ္ပန္န အာဟာရ ရိယေသနမူလကဒုက္ခကိုပြပေအံ့၊ အကြင်သတ္တဝါတို့သည် ကဗဠီကာရ အာဟာရကို မှီ၍ အသက် မွေးကုန်၏၊ ထိုသတ္တဝါတို့သည် အာဟာရကို နေ့သည့်မပြတ် ရှာရကုန်၏၊ အာဟာရကို နေ့သည့်မပြတ်ရှာမှီးခြင်း၌ ထကြွလုံ့လပြုရခြင်းတည်းဟူသော ဝီရိယကိုမှီ၍ အသက်ရှင်ရကုန်၏၊ ယင်းသို့ အာဟာရကို နေ့သည့်မပြတ်လုံ့လပြု၍ ရှာမှီးရလျှင် ထိုသတ္တဝါတို့အား အာဟာရကိုရှာမှီးခြင်းလျှင် အရင်းရှိသောဒုက္ခသည် ဖြစ်၏၊ အကယ် သတ္တဝါတို့သည် ကဗဠီ ကာရ အာဟာရကို မှီ၍ အသက်ရှင်ကုန်သနည်း ဟူမူကား ကာမသတ္တဝါတို့တည်း၊ ရူပသတ္တဝါ, အရူပသတ္တဝါတို့သည် ကဗဠီကာရ အာဟာရကို မှီ၍ အသက် မရှင်ကုန်၊ ထို့ကြောင့် ထိုရူပသတ္တဝါ, အရူပသတ္တဝါတို့အား အာဟာရကို ရှာမှီးခြင်း မရှိ၊ ယင်းသို့ အာဟာရကိုရှာမှီးခြင်းမရှိလျှင် ထိုအာဟာရပရိယေသနမူလကဒုက္ခသည် မရှိ၊ ထိုသတ္တဝါတို့တွင် ရူပသတ္တဝါတို့မှာ ရုပ်ရှိသေးသောကြောင့် အဇ္ဈတ္တသြဇာအာဟာရ ရှိသေးသည်၊ အရူပသတ္တဝါတို့မှာ ရုပ်မရှိသောကြောင့် အဇ္ဈတ္တသြဇာ အာဟာရမျှသည်လည်း မရှိ၊ ကာမသတ္တဝါတို့သည်ကား ကဗဠီကာရ အာဟာရကိုမှီ၍ အသက် ရှင်ရသောကြောင့် ထိုကဗဠီကာရ အာဟာရကို နေ့သည့်မပြတ် ရှာရသည်၊ ယင်းသို့ ရှာရလျှင် ထိုအာဟာရပရိယေသနမူလကဒုက္ခသည် နေ့သည့်မပြတ် နှိပ်စက်သည်၊ ယင်းသို့ မပြတ်နှိပ်စက်သော အာဟာရပရိယေသန မူလက ဒုက္ခဟူသော သံဝေဂဝတ္ထုကြီးကို အာရုံပြု၍ သံဝေဂဉာဏ်ကို ပွားစေရမည်၊

ထိုထွင် တန်ခိုးကြီးသော စတုမဟာရာဇ်, တာဝတိံသာ အစရှိသော နတ်တို့မှာ အာဟာရကို ပင်ပန်းစွာ မရှာရ၊ အလိုအတိုင်း ပြည့်စုံသည်၊ ယင်းသို့ ပြည့်စုံသော်လည်း ထိုအာဟာရကို တနေ့ကသည်နှင့်သာ သုံးဆောင်စားသောက်၍ ပြီးသည်မဟုတ်၊ အသက်ရှည်သမျှ ကာလပတ်လုံး နေ့သည့်မပြတ် သုံးဆောင်စားသောက်ရခြင်းသည်ပင် ဒုက္ခဖြစ်သည်၊ တန်ခိုးနည်းသော နတ်တို့အားကား ထိုအာဟာရကို သုံးဆောင် စားသောက်ရအောင်

ပင်သော်လည်း ဆင်းရဲစွာ ရှာရသည်၊ ယင်းသို့ ဆင်းရဲစွာ ရှာသော်လည်း မရသောကြောင့် ဒုက္ခများစွာနှင့် အငတ်ငတ် အမွတ်မွတ် နေရသည်၊ လူတို့တွင်လည်း ကောင်းမှုနှင့်ပြည့်စုံသောလူသည် ပင်ပန်းစွာ မရှာရ၊ ယင်းသို့ မရှာရသော်လည်း နေ့ညမပြတ် သုံးဆောင် စားသောက်ရခြင်းသည်ပင် အာဟာရပရိယေသန မူလကဒုက္ခဖြစ်သည်၊ ကောင်းမှုကုသိုလ် မရှိသောသူတို့မှာ ရှာ၍သော်လည်း မရသောကြောင့် အလွန်ပင်ပန်းဆင်းရဲရသည်၊ ပြေတ္တာ ပြိတ္တာသတ္တဝါ၊ အသုရကာယ်သတ္တဝါတို့အား အမြဲလျှင် အာဟာရပရိယေသန မူလကဒုက္ခ နှိပ်စက်သောကြောင့် ထိုသတ္တဝါတို့အား ထိုဒုက္ခကား အလွန်ထင်ရှားသည်၊ တိရစ္ဆာန်တို့တွင် အချို့တိရစ္ဆာန်ကား အာဟာရကို ရလွယ်သည်၊ အချို့တိရစ္ဆာန်တို့ကား ရခဲသည်၊ ရလွယ်သော တိရစ္ဆာန်သည်လည်း တနေ့တခါသာရှာ၍ သုံးဆောင်စားသောက်သော်လည်း ပြီးသည်မဟုတ်၊ အသက်ရှည်သမျှကာလပတ်လုံးနေ့ညမပြတ် ရှာရသည်၊ နေ့ညမပြတ် သုံးဆောင် စားသောက်ရသည်၊ ယင်းသို့ နေ့ညမပြတ် ရှာ၍ သုံးဆောင် စားသောက်ရလျှင် နေ့ညပတ်လုံး မပြတ်ပင် အာဟာရပရိယေသန မူလကဒုက္ခ ဖြစ်သည်၊ အာဟာရကို ရခဲသော တိရစ္ဆာန်တို့မှာ ဆိုဖွယ်ရာမရှိပြီ၊ အာဟာရကို နေ့ညမပြတ် ရှာရသည်ဖြစ်၍ အာဟာရပရိယေသန မူလကဒုက္ခသည် အလွန်ထင်ရှားသည်။

---

### ၂၁၅- အာဟာရပရိယေသန မူလက ဒုက္ခအရာ၌အာဟာရကို ရှာမှီး၍ မရခြင်းကြောင့် ရဟန္တာနှစ်သောင်း လေးထောင်လုံး တပြိုင်နက်ပရိနိဗ္ဗာန်ပြုသည်ကို ထုတ်ပြရာ

ထိုအာဟာရကို ရှာမှီးရခြင်းသည် ကာလသမ္ပတ္တိနှင့် ကြုံကြိုက်သော အခါ ရလွယ်၏၊ ကာလဝိပတ္တိနှင့် ကြုံကြိုက်သော် အလွန်ရခဲသည်၊ ယင်းသို့ ရခဲသည့်ကာလ အာဟာရ ပရိယေသန မူလကဒုက္ခကား အလွန် ထင်ရှား၏၊ ဤ၌ ကာလသမ္ပတ္တိ ဟူသည်ကား မင်းကောင်း လူကောင်းဟု ဆိုအပ်သော ပြည့်စုံသော ကာလတည်း၊ ကာလဝိပတ္တိ ဟူသည်ကား မင်းယုတ် လူယုတ်ဟု ဆိုအပ်သော ပျက်စီးသော ကာလတည်း။

ကာလသမ္ပတ္တီတိ သုရာဇ သုမနုဿ ကာလသင်္ခါတော သမ္ပန္နကာလော၊ ကာလဝိပတ္တီတိ ဒုရာဇ ဒုမနုဿ ကာလသင်္ခါတော ဝိပန္နကာလော။

(ဗိဘင်း အဋ္ဌကထာ ဉာဏဝိဘင်္ဂ)

ဤအရာ၌ အမြွက်အားဖြင့် ဝတ္ထုသက်သေ ထုတ်ပြပေအံ့၊ သီဟိုဠ်ကျွန်း၌ ဗြဟ္မဏတိဿ ဘေးဖြစ်သောအခါ စိတ္တလ တောင်ကျောင်း၌ တသောင်းနှစ်ထောင်,တိဿမဟာဝိဟာရကျောင်း၌ တသောင်းနှစ်ထောင်သော ရဟန်းတို့သည် နေကြကုန်၏၊ကျောင်းနှစ်ကျောင်းတို့၌ သုံးနှစ်တို့၏ ဝတ်ကို တည့်ခြင်းဖြင့်သာ များစွာသော ကြွက်တို့သည်ခဲ၍ ဖွဲ့မျိုကိုသာ ထားကုန်၏၊စိတ္တလတောင်ကျောင်း၌ တသောင်းနှစ်ထောင်သောသံဃာတို့သည် တိဿမဟာဝိဟာရကျောင်း၌ ဝတ်သည်ဖြစ်လတ္တံ့၊ထိုကျောင်းသို့သွား၍နေအံ့ဟု ကျောင်းမှထွက်၏၊ တိဿ မဟာ ဝိဟာရ ကျောင်း၌ တသောင်းနှစ်ထောင်သောသံဃာတို့သည်လည်း စိတ္တလတောင်ကျောင်း၌ ဝတ်သည်ဖြစ်လတ္တံ့၊ ထိုကျောင်းသို့သွား၍နေအံ့ဟု ကျောင်းမှ ထွက်၏၊ နှစ်ဦးသောသံဃာတို့သည်လည်း တခုသော နက်စွာသော ချောက်၏ ကမ်းနား၌ ပေါင်းမိကုန်၍ အကြောင်းကို မေးမြန်းကြကုန်သော် သံဃာတော်၏ ဝတ်ကုန်သောအဖြစ်ကို သိရကား ထိုကျောင်းသို့ သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု နှစ်သောင်းလေးထောင်သော ရဟန်းတို့သည် နက်သောချောက်ရှိသော တောသို့ဝင်၍ ထိုင်တိုင်းသော အမှတ်ဖြင့်သာ လျှင် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုကြလေကုန်၏၊အာဟာရပရိယေသန မူလကဒုက္ခကား ကြီးလေစွဟု သံဝေဂရကောင်းဖွယ် ရှိ၏၊ နောက်အခါ ဘေးငြိမ်းလတ်သော် သံဃာတော်သည် သိကြားမင်းကို ခေါ်၍ ဓာတ်တော်တို့ကို ရုံးစုပြီးလျှင် စေတီတည်၏။

---

၂၁၆-အာဟာရပရိယေသန မူလကဒုက္ခ ထင်ရှားစိမ့်သောငှာ ဘုန်းရှိသောသူတို့ပင်လည်း ကာလဝိပတ္တိနှင့်ကြုံက သစ်မည်စည်သီးခွံ,ကြာရိုး,ချင်ရွေးနွယ်တို့ဖြင့် အာဟာရ မျှတရသည်ကို ပြရာ

ဗြဟ္မဏတိဿခိုးသူလည်း ရွာပြည်တို့ကို ဖျက်ဆီး၏၊ သံဃာတော်သည် စုဝေးတိုင်ပင်၍ ခိုးသူအား တားမြစ်ပါဟု သိကြားမင်းအထံသို့ မထေရ်ရှစ်ယောက်တို့ကို လွှတ်လိုက်၏၊ သိကြားမင်းလည်း "အရှင်ဘုရားတို့........ ထိုခိုးသူအား တားမြစ်ခြင်းငှာ မတတ်သာ၊ သံဃာတော်သည် သမုဒ္ဒရာတဖက်သို့ ကြွတော်မူပါ၊ အကျွန်ုပ်ကား သမုဒ္ဒရာကို စောင့်ပါမည်"ဟု ဆို၏၊ သံဃာတော်လည်း အရပ်ရှစ်မျက်နှာမှ နာဂဒီပကျွန်းသို့ သွား

ဗမ္မုကောလ သင်္ဘောဆိပ်၌ ဘုံသုံးဆင့်ရှိသော ဖောင်ကို ဖွဲ့၏၊ ဘုံတဆင့်ကား ရေမှာမြုပ်လေ၏၊ ဘုံတဆင့်မှာ သံဃာတော်စီး၏၊ ဘုံတဆင့်မှာ သပိတ်သင်္ကန်းတို့ကို ထားကုန်၏၊ သံယုတ္တ သာဏက စူဠသိဝထေရ်, ဣသိဒ္ဒတ္တထေရ်, မဟာသောဏထေရ် ဤမထေရ် သုံးပါးကား ထိုပရိသတ်၌ အကြီးတည်း၊ ထိုသုံးပါးတို့တွင်နှစ်ပါးသောမထေရ်တို့သည် မဟာသောဏ မထေရ်ကို "ငါ့ရှင်မဟာသောဏ ဖောင်သို့တက်" ဟု ဆို၏၊ "အရှင်ဘုရားတို့ကော" ဟု မေးသော် "ငါ့ရှင် ရေ၌လည်းကောင်း, ကုန်း၌လည်းကောင်း သေခြင်းကား ဤမျှသာ၊ ငါတို့ကား မသွားလိုကုန်၊ စင်စစ်ကား သင့်ကိုအမှီပြု၍ နောင်အခါ သာသနာတော်အဆက်သည် တည်လတ္တံ့၊ သင်သာ သွားလော့" ဟု ဆို၏၊ "အရှင်ဘုရား ... အကျွန်ုပ်ကား အရှင်ဘုရားတို့မသွားသော် မသွားပြီ" ဟု ဆို၍ သုံးကြိမ်တိုင်အောင် ဖောင်သို့တင်သော်လည်း မတက်ရကား ပြန်သွားကြကုန်၏၊ ထိုအခါ စူဠသိဝမထေရ်က ဣသိဒ္ဒတ္တမထေရ်ကို "ငါ့ရှင်ဣသိဒ္ဒတ္တ........နောင်အခါ မဟာသောဏမထေရ်ကို အမှီပြု၍ သာသနာတော် အသက်သည် တည်လတ္တံ့၊ ယင်းသို့ ဖြစ်သောကြောင့် မဟာသောဏကို လက်မလွှတ်လင့်" ဟု ဆို၏၊ "အရှင်ဘုရားတို့ကော" ဟု မေးသော် "ငါကား မဟာစေတီကို ရှိခိုးအံ့" ဟု ဆို၍ မထေရ်နှစ်ပါးလုံးကို ဆုံးမ၍ လွှတ်လိုက်ပြီးလျှင် အစဉ်သဖြင့် သွားသော် မဟာဝိဟာရကျောင်းတိုက်သို့ ရောက်လေ၏၊ ထိုအခါ မဟာဝိဟာရကျောင်းတိုက်သည် ဆိတ်ရကား စေတီပြင်၌ ကြက်ဆူပင်တို့သည် ပေါက်ကုန်၏၊ စေတီတော်ကို မှော်ဖြင့် မှေးရှက်လျက် ကြက်ဆူပင်တို့ဖြင့် ဝန်းရံ၏၊ စူဠသိဝမထေရ်လည်း သက်တော်ထင်ရှားရှိသော ဘုရားကဲ့သို့ အရိုအသေကိုပြုလျက် မဟာစေတီကို ရှိခိုး၍ အနောက်အရပ်က စရပ်သို့ ဝင်ပြီးလျှင် ကြည့်လျက် ဤသို့ လောကဂ္ဂ ယသဂ္ဂအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်ကို သိုမှီးရာ စေတီတော်သည်လည်း အနာထဖြစ်ရတုံသေး၏ဟု ကြံလျက်နေ၏၊ ထိုအခါ သစ်ပင်စောင့်နတ်သည် ခရီးသွားလူ၏အသွင်ဖြင့် ဆန်တကွမ်းစား, တင်လဲခဲများကို ယူပြီးလျှင် မထေရ်၏ ထံသို့လာ၍ "အဘယ်အရပ်သို့ ကြွတော်မူမည်နည်း အရှင်ဘုရား" ဟု မေး၏၊ "ဥပါသကာ........ငါကား တောင်အရပ်သို့ သွားမည်" ဟုဆိုသော် "တပည့်တော်လည်း တောင်အရပ်သို့ပင် သွားပါမည်၊ အတူတကွ အရှင်ဘုရားနှင့် သွားပါရစေ" ဟု ဆို၏၊ "ဥပါသကာ....ငါကား အားနည်း၏၊ သင့်ကိုမှီအောင် မလိုက်နိုင်၊ သင်သာ သွားနှင့်ပါလော့" ဟု ဆို၏၊ အရှင်

ဘုရားနှင့်သာ အတူသွားပါမည်ဆို၍ သွားကြသော်လည်း တိဿဝါပီ ကန်ရိုးသို့ ရောက်သည့်ကာလ သပိတ်ကိုဆောင်စေ၍ အဖျော်ပြုလျက် ကပ်၏၊ အဖျော်ကိုသောက်ကာမျှပင် မထေရ်အား အားခွန်ဗလ ပြည့်ဝဲ့လေ၏၊ နတ်လည်း မြေကိုချုံ့သောကြောင့် ဝေဏုမြစ်၏ အနီး၌ တခုသော စွန့်ပစ် အပ်သော ကျောင်းဟောင်းသို့ရောက်၍ မထေရ်အား နေရာကို သုတ်သင် လျက်ပေး၏၊ မိုးသောက်လျှင် မထေရ်အား မျက်နှာသစ်ပြီးကာမျှ၌ ယာဂု ကပ်၏၊ ယာဂုသောက်ပြီးသော် မထေရ်အား ဆွမ်းကပ်၍ မထေရ်လည်း သင့်အဖို့ ချန်ဦးဆို၍ သပိတ်ကို ပိတ်၏၊ ငါကား အဝေးသို့ မသွားပြီဟု ဆိုသော် နတ်သည် မထေရ်၏ သပိတ်၌ ဆွမ်းထည့်၏၊ ဆွမ်းစားခြင်းကိစ္စ ပြီးလျှင် သပိတ်သက်နန်းကို ယူ၍ ဇေတဝနမြစ်နားသို့ မထေရ်ကို ဆောင်၍ "အရှင်ဘုရား........ဤအရပ်ကား ဟင်းရွက်စားသော လူတို့ နေရာတည်း၊ အခိုးသည်ထင်၏၊ အရှင်ဘုရားမှာ နေရစ်ပါတော့ ကျွန်ုပ်ကား ရွှေသို့ သွားပါဦးမည်" ဟုဆို၍ မိမိဗိမာန်သို့ပြန်လေ၏၊ မထေရ်လည်း ဘေးရှိသမျှ ကာလပတ်လုံး ဟင်းရွက်စားသောသူတို့ကို မှီ၍ နေ၏။

ဓမ္မသိဒ္ဓတ္ထမထေရ်လည်း အစဉ်သဖြင့် သွားကုန်သော် ဗဋ္ဋဇနပုဒ်သို့ ရောက်လေ၏၊ ထိုဇနပုဒ်၌ လူတို့သည် မမှည့်လွန်းသော သစ်မည်စည်သီး တို့ကိုခွဲ၍ အစေ့ကိုယူပြီးလျှင် အခွံကိုစွန့်ပစ်၍ သွားကြကုန်၏၊ မထေရ် လည်း ငါ့ရှင်သောဏ........ဆွမ်းအာဟာရထင်၏ဟု ဆိုပြီးလျှင် သပိတ်ကို ဆောင်စေ၍ သက်နန်းရုံပြီးသော် သပိတ်ကိုထုတ်လျက်ရပ်၏၊ သူငယ်တို့လည်း ရပ်သော မထေရ်ကိုမြင်လျှင် ဤအခွံဖြင့် တစုံတခုသော အကျိုးသည် ရှိလတ္တံ့ဟု သဲကိုသုတ်၍ သစ်မည်စည်သီးအခွံကို သပိတ်၌ ထည့်ကုန်၏၊ မထေရ်လည်း အခွံကိုပင် သုံးဆောင်ကုန်၏၊ ထိုအခွံလည်း ခုနစ်ရက်စာ မျှသာ ဖြစ်၏၊ အစဉ်သဖြင့် စောရိယအိုင်သို့ ရောက်ကြကုန်၏၊ လူတို့သည် ကြာတို့ကိုယူပြီးလျှင် အရိုးကို စွန့်ပစ်၍ သွားကြကုန်၏၊ ဓမ္မသိဒ္ဓတ္ထမထေရ် လည်း ငါ့ရှင်သောဏ........ဆွမ်းအာဟာရသည် ထင်၏ဟု ဆိုပြီးလျှင် သပိတ်ကိုဆောင်စေ၍ သက်နန်းရုံပြီးလျှင် သပိတ်ကိုထုတ်၍ရပ်၏၊ သူငယ်တို့ လည်း ကြာရိုးတို့ကို သုတ်သင်၍ သပိတ်၌ထည့်ကုန်၏၊ မထေရ်တို့လည်း သုံးဆောင်ကုန်၏၊ ထိုအစာလည်း ခုနစ်ရက်မျှသာတည်း၊ အစဉ်သဖြင့် သွားသော် ဟင်းရွက်စားသော လူတို့နေရာ ရွာငယ်တခုသို့ ရောက်ကုန်၏၊ ထိုရွာ၌ တခုသော သူငယ်မ၏မိဘတို့သည် တောသို့ သွားကုန်သည်ရှိသော် "အကယ်၍ တစုံတယောက်သော အရှင်ဘုရားသည် ရောက်လာငြားအံ့၊

တာပါးသို့ မသွားစေလင့်၊ အရှင်ဘုရားအား နေရာကိုကြားပါချစ်သမီး”ဟု သမီးကိုမှာကုန်၏၊ သူငယ်မလည်း မထေရ်နှစ်ပါးကို မြင်လျှင် သပိတ်ကို ယူ၍ နေစေ၏၊ အိမ်၌ လူဖွယ်ကား မရှိ၊ ပဲခွပ်ယူပြီးလျှင် ချင်ရွှေးငှက်ပျော ခွံတို့ကိုအရွက်တို့နှင့်တကွတပေါင်းတည်းနုတ်နုတ်စဉ်းပြီးလျှင် သုံးလုံးပြု၍ တလုံးကို ဝုလ္လသိဒတ္တမထေရ်၏ သပိတ်၌, တလုံးကို မဟာသောဏမထေရ်၏ သပိတ်၌ ထား၍ အလွန်ကို ဝုလ္လသိဒတ္တမထေရ်၏ သပိတ်၌ ထည့်အံ့ဟု လက်ကို ဆန့်သော် လက်ကိုပြန်၍ မဟာသောဏမထေရ်၏ သပိတ်၌ တည်စေ၏၊ ထိုအခါ ဝုလ္လသိဒတ္တမထေရ်က “ဗြဟ္မဏတိဿ ဘေးကြုံသော အခါ၌ ချင်ရွေး,ငှက်ပျောစိုင်ဟူသောအကျိုးကိုပေးသော ကံသည် ဒေသ ကာလပြည့်စုံသဖြင့် အဘယ်မျှလောက်သော အကျိုးကို ပေးလတ္တံ့နည်း” ဟု ဆို၏၊ မထေရ်နှစ်ပါးတို့လည်း ထိုချင်ရွှေးငှက်ပျောစိုင်ကိုစား၍ နေရာ သို့ သွားကြကုန်၏၊ သူငယ်မလည်း တောမှ ပြန်လာသော မိဘတို့အား ထိုအကြောင်းကိုကြား၏၊ မိဘတို့လည်း မထေရ်တို့အထံသို့ သွားပြီးလျှင် ရှိခိုး၍ “အရှင်ဘုရားတို့....အကြင်ဝတ္တုကို အကျွန်ုပ်တို့ ရကုန်၏၊ ထိုဝတ္တု ဖြင့် လုပ်ကျွေးကုန်အံ့၊ ဤအရပ်တွင်သာ နေတော်မူပါ”ဟု တောင်းပန် ကုန်၏၊ မထေရ်တို့လည်း ဘေးမရှိသမျှကာလပတ်လုံး ထိုသူတို့ကိုအမှီပြု၍ နေကြကုန်၏၊ ဗြဟ္မဏတိဿခိုးသူသေ၍ ဝဋ္ဋဂါမဏိအမည်ရှိသော ပိတု မင်းသည် မင်းဖြစ်လတ်သော် ဘေးငြိမ်း၍ဇနပုဒ်သည် ပါယာဝဲပြော၏ဟု ကြားသောကြောင့် သမုဒ္ဒရာတဖက်မှ ရဟန်းသံဃာတော်သည် လှေဖြင့် မဟာတိတ္ထသင်္ဘောဆိပ်၌ဆင်း၍ “မဟာသောဏမထေရ်ကား အဘယ် မှာ နေသနည်း”ဟု မေးကုန်လျက် မထေရ်အထံသို့လာ၏၊ မဟာသောဏ မထေရ်လည်း ရဟန်းငါးရာခြံရံလျက် ကာလကရွာ မဏ္ဍလာရာမကျောင်း သို့ ရောက်တော်မူလာ၏၊ ထိုအခါ ကာလကရွာ၌ ခုနစ်ရာမျှလောက်သော အမျိုးတို့သည် နေကြကုန်၏၊ ညအခါ လှည့်ပတ်ပြီးလျှင် နတ်တို့သည် “မဟာသောဏမထေရ်ကား ရဟန်းငါးရာနှင့်တကွ မဏ္ဍလာရာမကျောင်း သို့ ရောက်လာ၏၊ တဦးတဦးသော အမျိုးသည် ကိုးတောင် ကိုးတောင် သော သက်န်းလျာ ပုဆိုးနှင့်တကွ တသပြာ တသပြာဆိုက်သော ဆွမ်းကို လှူကြကုန်ဟု လူဘို့ကို နှိုးဆော်ကုန်၏၊ မိုးသောက်လျှင် မထေရ်တို့သည် ကာလကရွာသို့ ဆွမ်းခံဝင်ကြကုန်၏၊ လူတို့သည် မထေရ်တို့ကို ထိုင်စေ၍

ညွှန် စာပေ- ၉၆။

ယ-ဂုလ္လကုန်၏၊ မင်္ဂလာလာရာမကျောင်း၌ သိတင်းသုံးနေသော တိဿဘူတိမထေရ်သည် ထိုအခါ သံဃာ့ထေရ်တည်း၊ ဥပါသကာကြီးတယောက်သည် တိဿဘူတိမထေရ်ကို ရှိခိုး၍ "အရှင်ဘုရား....မဟာသောဏမထေရ်ကား အဘယ်မှာနည်း"ဟုမေး၏၊ ထိုအခါမဟာသောဏမထေရ်သည်သံဃာ့နဝက ဖြစ်၍ အစွန်၌နေ၏၊ တိဿဘူတိမထေရ်လည်း လက်ကိုဆန့်ပြီးလျှင် "ဥပါသကာ....ဤသူကား မဟာသောဏမထေရ်တည်း"ဟု ဆို၏၊ ဥပါသကာလည်း မထေရ်ကို ရှိခိုး၍ သပိတ်ကို ယူ၏၊ မထေရ်လည်း သပိတ်မပေး၊ ထိုအခါ တိဿဘူတိမထေရ်က "ငါ့ရှင်သောဏ....သင်သည် မသိသကဲ့သို့ ငါတို့လည်း မသိကုန်၊ ဘုန်းရှိသောသူတို့အား နက်များတို့ စောင်မကုန်၏၊ သပိတ်ကိုလွှတ်ပါ၊ သိတင်းသုံးဖော်တို့အား ချီးမြှောက်ခြင်းကိုပြုပါ"ဟု ဆို၏၊ မထေရ်လည်း သပိတ်ကို ပေး၏၊ ဥပါသကာကြီးလည်း သပိတ်ကို ယူပြီးလျှင် တသပြာထိုက်သော ဆွမ်းဖြင့် ပြည့်စေလျက် ကိုးတောင်သော ပုဆိုးကို သပိတ်ခံပြုပြီးလျှင် ဆောင်၍ မထေရ်၏လက်၌ထား၏၊ ဤနည်းတူ ခုနစ်ရာသော အမျိုးတို့သည် မဟာသောဏမထေရ်အားသာ လှူကြကုန်၏၊ မထေရ်သည်း သံဃာတော်တို့အား ဝေဖန်ခြင်းကိုပြု၍ မဟာဝိဟာရ ကျောင်းတိုက်သို့ရောက်လျှင် မျက်နှာသပ်၍ မဟာဗောဓိ,မဟာစေတီတို့ကို ရှိခိုးပြီးမှ ထူပါရုံ၌ရပ်လျက် သက်နှင်းရုံပြီးသော် ရဟန်းအပေါင်းခြံရံလျက် တောင်တံခါးဖြင့် မြို့သို့ဝင်၏၊ တံခါးမှဝလဥ္ဇနကအရပ်တိုင်အောင် ထိုအရပ်၏အတွင်း၌ အသပြာခြောက်ဆယ်ထိုက်သော ဆွမ်းကို ရ၏၊ ထိုအခါမှစ၍ သက္ကာရ၏ ပမာဏသည် မရှိ၊ ဤသို့ ကာလဝိပတ္တိ ဖြစ်သောအခါ သစ်မည် စည်သီး အခွံ, ကြာရိုးကိုသော်လည်း ရခဲသည် ဖြစ်လျက် ကာလသမ္ပတ္တိ ဖြစ်သောအခါ များသောလာဘ်သည် ထင်ရှား ဖြစ်၏၊ ဤမထေရ်ဘို့ကာလဝိပတ္တိဖြစ်သောအခါ ရှာရသော အာဟာရ ဧရိယေသန မူလကဒုက္ခကား သံဝေဂ ရကြောင်းဖွယ်ရှိ၏။

---

## ၂၁၇-အာဟာရ ပရိယေသန မူလကဒုက္ခ ထင်ရှားစိမ့်သောငှာ ထုတ်ပြအပ်သော ဝတ္ထုဗ္ဗက နိဂြောဓမထေရ် ဝတ္ထု

ဝတ္ထုဗ္ဗက နိဂြောဓ မထေရ်၏ သာမဏေ ဖြစ်စဉ်ကာလ ဗြာဟ္မဏ တိဿဘေးဖြစ်၏၊ သာမဏေ ဥပဇ္ဈာယ် တို့သည် သမုဒ္ဒရာ တဖက်သို့ မကူးကြကုန်၊ ဟင်းရွက်စားသောလူများကိုမှီ၍ နေကြကုန်အံ့ဟု ပစ္စန္တရစ်

သို့ ရှေးရှုသွားကုန်၏၊သာမဏေလည်း ခုနစ်ရက်တိုင်အောင် အစာမစားရသည်ဖြစ်၍ ရွာဆိုးတခု၌ ထန်းပင်ထက်ဝယ် ထန်းသီးမှည့်ကို မြင်မှလျှင် ဥပဇ္ဈာယ်ကို "အရှင်ဘုရား........အတန်ငယ် ငံ့လှင့်ပါ၊ ထန်းသီး မှည့်ကို ချွေချပါအံ့"ဟု ဆို၏၊ "သာမဏေ.......သင်ကား အားနည်းလှသည်၊ ထန်းပင်ကို မတက်ပါလင့်" ဟု ဆိုသော် တက်ပါဦးမည် ဘုရားဟုဆို၍ ပဲခွပ်ငယ်ကို ယူပြီးလျှင် ထန်းပင်ကို တက်၍ ထန်းသီးခိုင်ကို ချိုင်ခြင်းငှာ အားထုတ်၏၊ ပဲခွပ်သွားသည် ကျွတ်၍မြေသို့ ကျလေ၏၊ဥပဇ္ဈာယ်လည်း ဤသာမဏေသည် ပင်ပန်းလျက်သာ ထန်းပင်ထက်သို့ တက်ရှာ၏၊ ယခုအခါ အဘယ်သို့ပြုလတ္တံ့နည်းဟု ကြံ၏၊ သာမဏေလည်း ထန်းရွက်ကို ဖြတ်ပြီးလျှင် ပဲခွပ်ရိုး၌ ဆွဲ၍အဆက်ဆက်ပြုပြီးသော် မြေသို့ချ၍ "အရှင်ဘုရား.... အရိုး၌အသွားကို မြဲမြံစွာ တပ်ပါမူကား ကောင်းလေစွ" ဟု လျှောက်၏၊ ဥပဇ္ဈာယ်လည်း သာမဏေသည် ဥပါယ်နှင့်ပြည့်စုံ၏ဟုပဲခွပ်သွားကိုအရိုး၌ မြဲမြံစွာ တပ်၍ ပေ၏၊ သာမဏေသည် ပဲခွပ်ကို ကိုင်၍ ထန်းသီးခိုင်ကို ချိုင်ချ၏၊ ဥပဇ္ဈာယ်လည်း ပဲခွပ်ကိုချစေ၍လိမ့်သွားသော ထန်းသီးကို ခွဲပြီးလျှင် သာမဏေ ထန်းပင်ထက်မှ သက်ဆင်းသောကာလ "သာမဏေ....သင်ကား အားနည်း၏၊ဤထန်းစေ့ကိုရှေးဦးစွာစားပါ"ဟု ဆို၏၊အရှင်ဘုရားမစားမီအကျွန်ုပ်မစားဟုဆိုပြီးလျှင်ပဲခွပ်ကိုယူ၍ ထန်းသီးကိုခွဲပြီးမှ သပိတ်ကိုထုတ်၍ ထန်းစေ့ကိုထည့်ပြီးသော် ဥပဇ္ဈာယ်အားကပ်ပြီးမှ မိမိစား၏၊ ထန်းသီးမကုန်သမျှကာလပတ်လုံး ထိုရွာ၌ပင်နေတော်မူ၍ ထန်းသီးကုန်လျှင် အစဉ်သဖြင့်ဟင်းရွက်စားသောလူဘို့နေရာ၌စွန့်ပစ်အပ်သောကျောင်းတခုသို့ ဝင်တော်မူကုန်၏၊ သာမဏေလည်းဥပဇ္ဈာယ်၏နေရာကို သုတ်သင်လေ၏၊ ဥပဇ္ဈာယ်သည်လည်း သာမဏေအား အဆုံးအမပေး၍ ကျောင်းသို့ဝင်၏၊ သာမဏေလည်း အကြောင်းမဟုတ် ရာ၌ပျက်စီးကုန်သော အတ္တဘာတို့၏ ပမာဏကားမရှိ၊ ဘုရားတို့အား ခစားခြင်းကို ပြုအံ့ဟု စေတီပြင်သို့ သွားပြီးလျှင်မြက်သုတ်သင်ခြင်းကို ပြု၏၊ ခုနစ်ရက်တိုင်အောင် အစာမစားရသောကြောင့် တုန်လှုပ်လျက် မြက်ထဲ၌လည်းသော်လည်း လျောင်းလျက်သာ မြက်တို့ကို နုတ်၏၊လူအချို့တို့သည် တော၌ လှည့်လည်ကုန်သော် ပျားကိုရခဲ့၍ ထင်း, ဟင်းရွက်တို့ကို ယူလျက် မြက်လှုပ်သော အမှတ်အားဖြင့်ဤကားသမင်လောဟုတွေးတောသက်ာလျက် သာမဏေအထံသို့လာလျှင် သာမဏေကိုမြင်၍ "သင်ကား အဘယ်ပြုသနည်း"ဟု မေးကုန်၏၊ "မြက်နုသည်တကာတို့"ဟု ဆိုသော်

"အခြားရဟန်းရှိသေးသလော"ဟု မေးကုန်၏၊ "ရှိသေး၏၊ငါ့ဥပဇ္ဈာယ်ကား ကျောင်းတွင်းမှာနေသည်"ဟုဆိုသော် ဥပဇ္ဈာယ်အားလှူ၍ခဲပါလေဟုဆိုပြီးလျှင် သာမဏေအား ပျားလှူ၍ မိမိတို့နေရာကို ကြွားကုန်လျက် "အရှင်ဘုရား……အကျွန်ုပ်တို့ကား သစ်ခက်ကျိုးကိုထားလျက် သွားပါကုန်အံ့၊ ထိုအမှတ်ဖြင့် ဥပဇ္ဈာယ်ကိုခေါ်လာခဲ့ပါ" ဟု၍ သွားကုန်၏၊ သာမဏေလည်း ပျားကိုယူ၍ဥပဇ္ဈာယ်အထံသို့ သွားပြီးလျှင်ကျောင်းပ၌ရပ်၍ "ရှိခိုးပါ၏ဘုရား"ဟုဆို၏၊ဥပဇ္ဈာယ်လည်း သာမဏေသည်ထမင်းမှတ်ခြင်းဖြင့် နှိပ်စက်သောကြောင့်လာသည်ဖြစ်လတ္တံ့ဟု ဆိတ်ဆိတ်သာနေ၏၊ သာမဏေလည်း တဖန် "ရှိခိုးပါ၏ ဘုရား" ဟု ဆိုပြန်၏၊ "သာမဏေ….အဘယ်ကြောင့် အားနည်းသောရဟန်းအိုတို့အားချမ်းသာစွာ အိပ်ရခြင်းကို မပေးသနည်း"ဟု ဆို၏၊ အရှင်ဘုရား……တံခါးဖွင့်ခြင်းငှာ လျှောက်ပတ်ပါ၏"ဟု ဆိုသော် ဥပဇ္ဈာယ်လည်း ထ၍ တံခါးဖွင့်ပြီးလျှင် "သာမဏေ……သင့်အား အဘယ်ကိုရခဲ့သနည်း"ဟု မေး၏၊ "အရှင်ဘုရား……လူတို့ကပျားကိုလှူခဲ့သည်၊ ခဲခြင်းငှာလျှောက်ပတ်ပါ၏" ဟု ဆိုသော် ဥပဇ္ဈာယ်လည်း"သာမဏေ……ညအတိုင်းသာ ခဲချေသော်ပင်ပန်းကုန်ရာ၏၊ အဖျော်ပြု၍ သောက်ကုန်အံ့" ဟု ဆိုလျှင် သာမဏေလည်း အဖျော်ပြု၍ပေး၏၊ ထိုအခါသာမဏေကို ဥပဇ္ဈာယ်က "လူတို့နေရာကို မေး၏လော"ဟု ဆိ၏။ "အရှင်ဘုရား…… မမေးပဲ အလိုလိုသာ ကြွားပါကုန်၏"ဟု ဆိုသော် "သာမဏေ……နံနက်အခါမှ သွားသော်ပင်ပန်းကုန်အံ့၊ ယနေ့ပင် သွားကုန်အံ့"ဟု သပိတ်သင်္ကန်းကို ယူစေ၍ ထွက်၏၊ ဆရာတပည့်နှစ်ပါးတို့လည်း သွား၍ လူတို့နေရာ အနီးအပါး၌ အိပ်ကြကုန်၏၊ သာမဏေသည်ညဥ့်အခါ ငါသည်ရှင်ပြုသောကာလမှစ၍ ရွာနီးကျောင်း၌ အရုဏ်ကို မတက်စေဖူးဟု ကြံ၍ သပိတ်ကို ယူပြီးလျှင် အရုဏ်တက်စေခြင်းငှာ တောသို့သွား၏၊ ဥပဇ္ဈာယ်လည်း သာမဏေကို အိပ်ရာတွင် မမြင်သော် လူသားစားတို့ ယူအပ်သည်ဖြစ်လတ္တံ့ဟု ကြံ၏၊ သာမဏေလည်းတော၌ အရုဏ်တက်စေပြီးလျှင်သပိတ်ဖြင့်ရေဒန်ပူကို ယူ၍ လာ၏၊ "သာမဏေ….သင်သည် အဘယ်သို့ သွားချေသနည်း၊ ရဟန်းအိုတို့အား ယုံမှားခြင်းကို ဖြစ်စေဘိ၏၊ ဒဏ်အမှုကို ပြုလော့" ဟု ဆို၏၊ "ပြုပါမည်ဘုရား"ဟုဆိုလျှင် ဥပဇ္ဈာယ်လည်း မျက်နှာသစ်ပြီ မှသင်္ကန်းရုံပြီးသော် ဆရာတပည့် နှစ်ယောက်လုံးပင် လူတို့နေရာသို့ သွားကြကုန်၏၊ လူတို့သည်း မိမိတို့ သုံးဆောင်တိုင်းသော အဖု၊ အမြစ်၊အသီး၊အရွက်

တို့ကိုလှူကုန်၏၊ ဆရာတပည့်တို့လည်း သုံးဆောင်၍ ကျောင်းသို့ ပြန်ကြကုန်၏၊သာမဏေလည်းရေဆောင်ပြီးလျှင် "ခြေတို့ကိုဆေးပါမည်ဘုရား" ဟု လျှောက်၏၊ ဥပဇ္ဈာယ်လည်း "သာမဏေ............သင်သည် ညဉ့်အခါ အဘယ်သို့ သွားသနည်း၊ ငါတို့အား အကြံကို ဖြစ်စေဘိ၏" ဟု ဆို၏၊ "အရှင်ဘုရား....အကျွန်ုပ်အား ရှာနီး၌ အရှုဏ်ကို မတက်စေဖူး၊ အရှုဏ် ခံခြင်းငှာ တောသို့သွားပါသည်"ဟု လျှောက်၏၊ "သာမဏေ ဒဏ်အမှုကား သင့်အားမလျှောက်ပတ်၊ငါ့အားသာလျှောက်ပတ်၏"ဟုဆိုပြီးလျှင် ဥပဇ္ဈာယ်လည်း ထိုအရပ်၌ပင် နေ၏၊ "သာမဏေ....ငါတို့ကား အိုမင်းကုန်ပြီ၊ ဤဒွေ့ ဤမျှ အသက်ရှည်မည်ကို မသိနိုင်၊ သင်သည် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ပါ" ဟု သာမဏေအားလည်း အမှတ်ကိုပေး၏၊ ဥပဇ္ဈာယ်ကား အနာဂါမ်ဘည်း၊ ထိုဥပဇ္ဈာယ်ကို နောက်အခါ လူသားစားတို့သည် စားလေကုန်၏၊ သာမဏေသည် မိမိကိုယ်ကို စောင့်ရှောက်၍ ဘေးငြိမ်းလတ်သော် လျှောက်ပတ်သော မနေရာ၌ ဥပဇ္ဈာယ်ယူ၍ပဉ္စင်းခံပြီးလျှင် ဘုရားစကားတော်ကို သင်၍ ပိဋကတ်သုံးပုံကို အာဂုံ နှုတ်တက်ဆောင်လျက် "ဝတ္တဗ္ဗိက နိဂြောဓ မထေရ်" ဟု ထင်ပေါ် ကျော်စော၏၊ ဝဋ္ဋဂါမဏိမည်သော ပိတုမင်းသည် မင်းပြုသောအခါ သမုဒ္ဒရာ တဖက်မှ ပြန်လာကုန်သော ရဟန်းတို့သည် ဝတ္တဗ္ဗကနိဂြောဓမထေရ်ကား အဘယ်မှာနည်းဟု မေးမြန်းကုန်လျက် ထိုရဟန်း၏အထံသို့ လာကြကုန်၏၊မထေရ်အား များစွာသော ရဟန်းသံဃာသည် ခြံရံလာ၏၊ ထိုဝတ္တဗ္ဗကနိဂြောဓ မထေရ်လည်း ရဟန်းသံဃာများစွာ ခြံရံလျက် အစဉ်သဖြင့် မဟာဝိဟာရ ကျောင်းတိုက်သို့ ရောက်လာ၍ မဟာဗောဓိ၊ မဟာစေတီ၊ထူပါရုံစေတီတော်များကိုရှိခိုးပြီးလျှင်မြို့သို့ဝင်၏၊ကျောင်းမှမြို့တောင်တံခါးတိုင်အောင် သွားသောမထေရ်အား ကိုးပါးသောဌာနတို့၌ သက်နီးတိစိဝရိတ်ကိုရ၏၊ မြို့တွင်းသို့ဝင်သောကာလမှ စ၍ လာဘ သတ္တာရကား အနပ္ပကလျှင် ပေါများသတည်း၊ ဤသို့ ကာလဝိပတ္တိနှင့် ကြုံကြိုက်သောအခါ ထန်းသီး အဖု အမြစ် အရွက်များကိုသော်လည်း အလွန်ရခဲသည် ဖြစ်လျက်ကာလ သမ္ပတ္တိနှင့် ကြုံကြိုက်သောအခါ ဤသို့သဘောရှိသော လာဘ သက္ကာရ သည် ဖြစ်သတည်း။

ကာလပိပတ္တိယာ တာလပ္ပလ ကန္ဒမူလမတ္တမ္ပိ ဒုလ္လဘံ ဇာတံ၊
ကာလသမ္ပတ္တိယာ ဝေရူပေါ မဟာလာဘော ဥပ္ပန္နော။
(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ကာလဝိပတ္တိယာ၊ ကာလ၏ ပျက်စီးခြင်းကြောင့် တာလပွလ ကန္ဒမူလမတ္တမ္ပိ၊ ထန်းသီး အဖု အမြစ် အရွက်သည်လည်း။ ဒုလ္လဘံ၊ ရခဲသည်၊ ဇာတံ၊ ဖြစ်၏။ ကာလသမ္ပတ္တိယာ ကာလ၏ပြည့်စုံခြင်းကြောင့်။ ဝေရှပေါ၊ ဤသို့သဘောရှိသော။ မဟာလာဘော၊ များစွာသော လာဘ်သည်။ ဥပ္ပန္နော၊ ဖြစ်၏။

ဤ ဆရာတပည့်တို့၏၊ အာဟာရ ပရိယေသန မူလက ဒုက္ခများကို ကြားသိရမှု သူတော်ကောင်းတို့အား သံဝေဂတရား ပွားကောင်းဖွယ်ရှိ၏၊ ဤသို့လျှင် အာဟာရ ပရိယေသန မူလကဒုက္ခသည် ကာလသမ္ပတ္တိနှင့် ကြုံကြိုက်သောအခါ မထင်ရှား၊ ကာလဝိပတ္တိနှင့် ကြုံကြိုက် သောအခါ အလွန်ထင်ရှား၏၊ ယင်းသို့ထင်ရှား၍ လူတို့အား ထိုဒုက္ခသည်မျက်မှောက်ပင်အမြင်ဖြစ်ရကား များစွာသောဝတ္ထုသက်သေ ပြဖွယ်မရှိပြီ၊ မြင်တိုင်းကြားတိုင်းသာ သံဝေဂတရားကို ပွားစေရမည်။

အဋ္ဌကထာဆရာမြတ်တို့ ရှစ်ခုမြောက် အင်္ဂမပြု၍ ယူတော်မူအပ်သော အာဟာရ ပရိယေသန မူလက ဒုက္ခကား ပြီး၏။

ဤသို့လျှင် ရတနာပုံမည်သော ရာဇဌာနီမန္တလေးရွှေမြို့တော်ကြီးကို တည်ဆောက်ပြီးလျှင် ထီးနန်းကနက် စိုက်ဆောက်၍စံနေတော်မူသော သာသနဒါယကာ မဟာ ဓမ္မရာဇ်တရားမင်းမြတ်သည် “သံဝေဂဝတ္ထု တရားရှစ်ပါးကို အကျယ်အားဖြင့် ဝတ္ထုသက်သေနှင့် တကွ သံဝေဂ ရလောက်အောင် ထုတ်ပြပါ” ဟု မိန့်ရာတော် အရှင်ဇာဂရအား တိုက်တွန်း နှိုးဆော်တော်မူသောကြောင့် “ဇာဂရာဘိဓေယျသီရိပဝရာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု” အမည်ရှိသော ဆရာတော်သည် အထူးထူးသောကျမ်းဂန်တို့မှ ထုတ်နှုတ်၍ ဝတ္ထုသက်သေနှင့်တကွ သံဝေဂ ဝတ္ထု တရားရှစ်ပါးကို အကျယ်ပြုရာ “သံဝေဂ ဝတ္ထုဒီပနီ” အမည်ရှိသော ကျမ်းကား သာသနာတော် ၂၄၀၄ ခု၊ ဂေါစာ သက္ကရာဇ် ၁၂၂၂-ခု၊ တပေါင်းလဆန်း (၅) ရက် ဗုဒ္ဓဟူးနေ့တွင် ပြီးအောင်မြင်သည်။

# နိဂုံး

သဒ္ဓါဒိ ဂုဏသမ္ပန္နာ, မိမန္တီ သာဓုသမ္မတာ၊
ကုသလာ ဗဟူသွတ္ထေသု, အတိမနာပစာရိနီ။
ပဉ္စကလျာဏ သမ္ပန္နာ, ယာဒေဝီ ဓမ္မရာဇိနော၊
တဿောရသာ စန္ဒပုတ္တာ, အာဇာနေယျာတိ လက္ခိတာ။
သဒ္ဓိတာ ပိတုရာဇေန, ရဝိ စန္ဒ ယုဂဿမာ၊
ဒွေဟိ နဂရေ ရမ္မေ, ရတနပုဏ္ဏ လဉ္ဆိတေ။
ရာဇာဓိရာဇ အာဝါသေ, ဤသံပ စိန နိဿိတေ၊
ဒက္ခိဏသ္မိံ ဒိသာဘာဂေ, ရူပဿ မုနိ နာမိနော။
ကာရာပိတော သုသမ္မဋ္ဌော, ဝိဟာရော စတုဘူမကော၊
အနေကေဟိ ပရိက္ခိတ္တော, ကေတုဟိစ အလင်္ကတော။
ယော သာဓုရမ္မဏော တတ္ထ, ဝသတာ ဇာတဌာနတော၊
မိမိလာနာမ ပုရဿ, ဌာနေ ပါစိန နိဿိတေ။
ဒက္ခိဏသ္မိံ ဒိသာဘာဂေ, ရာဇာဓိရာဇ ဌာနိယာ၊
ကပ္ပြူဂါမမှိ ဇာတေန, နာမေန ဇာဂရောတိမေ။
သဗ္ဗစေတိယ ဓမ္မေန, ဓမ္မရာဇေန ယာစိတော၊
မာပိတ ရတ္နာပုဏ္ဏေန, ကတာ သံဝေဂဒီပနီ။
နိဋ္ဌိတော ယေသ သမ္ပတ္တော, သက္ကရာဇေ ရဋ္ဌက္ခယံ၊
ဘာနုဝက္ခံ ဇိနစ္စက္ကေ, ဖဂ္ဂုနေ မာသ ပဉ္စမေ။
ဟုတွာ အနန္တရာယောစ, ဂန္ထောယံ နိဋ္ဌိတော ယထာ၊
တထာ ကလျာဏသင်္ကပ္ပါ, သီဃံ သိဇ္ဈန္တု ပါဏိနန္တိ။

သဒ္ဓါဒိ ဂုဏသမ္ပန္နာ၊ ကံ,ကံ၏အကျိုး, ရတနာသုံးပါးဂုဏ်ကို ယုံကြည်သော သဒ္ဓါစသောဂုဏ်နှင့် ပြည့်စုံထသော၊ မိမန္တီ၊ လေးကျွန်းသေဌ်နှင်း မြင်းမိုရ်ကြံ့ခိုင် တောင်မဏ္ဍိုင်လို ယိမ်းယိုင်မရှိ သမာဓိဂုဏ်နှင့် ပြည့်စုံထသော။ သာဓုသမ္မတာ၊ နန်းတွင်း နန်းပနေကြသသူ ခပ်သိမ်းလူတို့ သူတော်ကောင်းဟု သမုတ်အပ်ထသော။ ဗဟူသု၊ များစွာကုန်သော၊ အတ္ထေသု၊

ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကျေးဇူးသခင် အရှင်မင်းမြတ်သမ္မုနတ်၏ ကောင်းမြတ်ပြည့်ဖြိုး အကျိုးစီးပွားမတော်တို့၌။ကုသလာ၊သူ့ထက်ထူးချွန် အလွန်လိမ္မာထသော။အထိမနာပစာရိနီ၊မိန်းမမြတ်တို့အကျင့်ဖြင့်အလွန် နှစ်သက်ဖွယ်သော အကျင့်ရှိထသော။

ပဉ္စကလျာဏ သမ္ပန္န၊ အရေ, အသား, အကြော, အရိုး, အရွယ်အားဖြင့် ငါးသွယ်သော ကောင်းခြင်းနှင့် ပြည့်စုံထသော၊ မဓ္မရာဇိနော၊ တရာ့ဘစင်းထီးဆောင်းမင်းတို့ ဝတ်စင်းခယ နေ့ညမပြတ် ရှိခိုးအပ်သော တရားမင်းစစ် ဧကရာဇ်၏၊ ယာဒေဝိ၊ အကြင် တောင်ဆောင် တင်ထားမိဖုရားသည်လည်းကောင်း၊ တဿာဒေဝိယာ၊ ထိုတောင်ဆောင်တင်ထားမိဖုရားမြတ်၏၊ဩရသာ၊ရင်တော်၌ ဖြစ်ကုန်သော၊ အာဇာနေယျောတိ၊ယောကျ်ားအာဇာနည်ဟူ၍။ လက္ခိတာ၊ ခပ်သိမ်းလူရှင် မှတ်ထင်အပ်ကုန်ထသော။

ပိတုရာဇေန၊ ခမည်းတော်ဘုရား မင်းတရားသည်။သိဒ္ဓိတာ၊ ငါ့ရိုက်ရာကို ငါ၏နည်းတူ ယူလိမ့်မည်ဟု ယုံကြည်အပ်ကုန်ထသော။ ရဝိစန္ဒယုဂ်ဿမာ၊ နေ့,လအစုံနှင့်တူကုန်ထသော။ ဒွေပုတ္တာစ၊ ညီနောင်နှစ်ပါးသားတော်နှစ်ယောက်တို့သည်လည်းကောင်း၊ သန္တိ၊ ရှိကုန်၏။ ဧတေဟိ၊ထိုမယ်တော် မိဖုရား သားတော် မင်းညီနောင်တို့သည်။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိထသော၊ ရတနပုဏ္ဏ သဏ္ဌိတေ၊ အထူးထူးသောသဝိညာဏက အဝိညာဏက ရတနာမျိုးတို့ဖြင့်ပြည့်သောကြောင့်"ရတနာပုံ"-ဟူသော အမည်တံဆိပ်ဖြင့် ခပ်နှိပ်အပ်သော။

ရာဇာဓိရာဇ အာဝါသေ၊ မင်းထက်မင်းမြတ်.သမ္မုနတ်တို့ပျော်မှတ်စံနေရာဖြစ်ထသော။ နာဂရေ၊ မင်းနေပြည်ကြီး၌၊ မုနိ နာမိနော၊ မဟာမုနိအမည်ရှိသော။ ရူပဿ၊ ရုပ်ပွားစေတီတော်၏။ ဤသံပါဠိနိ နိဿိတေ၊ စဉ်ယယ်အရှေ့ရပ်သို့မှီသော။ ဒက္ခိဏာသိ ဒိသာဘာဂေ၊ တောင်အရပ်အဖို့၌။

သုသမ္မဋ္ဌေ၊ အလွန်ကောင်းမွန် ပြေပြစ်သော။ စတုဘူမကော၊ ဘုံလေးဆင့် ရှိသော။ အနေကေဟိ၊ များစွာသော ကျောင်းတို့ဖြင့်။ မရိက္ခိတ္တေ၊ ခြံရံအပ်သော။ ကေတုဟိစ၊ များစွာသော မှန်ကင်းတို့ဖြင့်လည်း။ အလင်္ကတေ၊ တန်းဆာဆင်အပ်ထသော။

သစ္စဝ ရမ္မဏော၊ ရဟန်းသူတော်တို့၏ မွေ့လျော်ရာဖြစ်ထသော။ ယောဝိဟာရော၊ အကြောင်ကျောင်းကို။ ကာရာဝိတော၊ ဆောက်လုပ်စေအပ်ပြီး။ တတ္ထ၊ ထိုကျောင်း၌။ ဝုံသတာဝသန္တေန၊ လျှောင်း, ထိုင်, ရပ်,သွား လေးပါး ဣရိယာ သာယာ ရှင်ပြုံး သီတင်းသုံးသော။ ဇာတဌာနတော၊ ဖြစ်ရာဌာန ဒေသအားဖြင့်။ မိမိလာနာမ ပုရဿ။ နေမိ, ဇနက, မဟော်စသည် ဗုဒ္ဓလောင်းစစ် ဓမ္မရာဇ်တို့ပျော်မြစ်စံရာ မိမိလာနှင့် သာယာတစိတ် အရုပ်တူသည်၏အဖြစ်ကြောင့် မိမိလာအမည်ရှိသော မြို့၏။ ပါစီနနိဿိတော၊ အရှေ့အရပ်ကိုမှီသော။ ဌာနေ၊ နှစ်ထောင် ကျော်တာ ဝေးကွာသောအရပ်၌။

ရာဇာဓိရာဇဌာနိယာ၊ မင်းထက် မင်းမြတ် သမ္ဘုနတ်တို့ ပျော်မှတ်စံရာ ရတနာပုံ အောင်မြေခံဟု ရွှေဘုံနန်းတည် မြို့ရွှေပြည်၏။ ဒက္ခိဏာသို့ ဝိသာဘာဂေ၊ တာအပေါင်းဖြင့် သုံးဆောင်း ခြောက်ထောင် ကွာဝေးဆောင်သည့် တောင်ဟု ခေါ်မှတ် လကျာရပ်၌။ ကဖြူဂါမမှို၊ အလောင်းဘုရား မင်းတရား၏ သားတော်အလတ် ခုမင်းမြတ်ဘေး ရန်လှေးသုတ်သင် ဆင်ဖြူရှင်သည် ကြည်လင်မိန့်ဟ ကတောင်ကာ·ကို ရွှေမချပ် အဖြူခဲ့ဖြင့် အမြဲလုံမ်းကျုံ မွမ်းမံခြယ်လှယ် မြင်းထက်ဝှယ်၍ အလွယ်ပြီးပြေ တက်စီးစေဟု မသွေမိန့်ချက် ဗျာဒိတ်စက်ကြောင့် ခုထက်တိုင်သာ "ကဖြူရွာ" ဟု သညာမည်ရ ယင်းဂါမ၌။ ဇာတေန၊ ပဋိသန္ဓေအားဖြင့် ဖြစ်ထသော။ ဇာဂရတေ၊ ဇာဂရဟူ၍။ ဝါ= "ဇာဂရာဘိဓေယ်ဓရီ ပဓာရဇာလင်္ကာရ မဟာဓမ္မရာဇာမိ ရာဇဂုရု" ဟူ၍။ နာမေန၊ ဆရာတော်တို့ မှည့်ခေါ်အပ်သော အမည်, သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ကပ်လှူအပ်သော အမည်သညာဖြင့် ထင်ရှားစွာသော။ မေဓယာ၊ ငါသည်။

သဗ္ဗခတ္တိယ မမ္မေန၊ အလုံးစုံသော မင်းတို့၏ ကျင့်ဝတ်တရားနှင့် ပြည့်စုံထသော။ မာပိတ ရတနာပုဏ္ဏေန၊ ရတနာပုံမည်သော မန္တလေးရွှေမြို့ကြီးကို တည်ထောင်တော်မူထသော။ ဓမ္မရာဇေန၊ သာသန ဒါယကာ အစစ်ဖြစ်တော်မူသော မင်းတရားသည်။ ယာစိတော၊ ရှိခိုးသလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။ သံဝေဂဒီပနီ၊ သံဝေဂ ဝတ္ထု ဒီပနီ အမည်ရှိသောကျမ်းကို။ ကထာ၊ ပြုအပ်၏။

သေသော ဂန္ထော၊ ဤသံဝေဂဝတ္ထုဒီပနီ အမည်ရှိသော ကျမ်းသည်။ သက္ကရာဇေ၊ ဝေါစာ သက္ကရာဇ်သည်။ ရက္ခကွယ်၊ ၁၂၂၂ ခုသို့။ ညွန့်စာပေ- ၆၇။

ဇိနစက္ကေ၊ ဘုရားသခင် သာသနာတော်သည်။ ဘာနုဝက်၊ ၂၄၀၄ ခုသို့ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ဖဂ္ဂုနမာသ ပဌမေ၊ တပေါင်းလဆန်း ၅-ရက်။ ၄ ဟူးနေ့၌။ နိဋ္ဌိတော၊ အပြီးအဆုံးသို့ ရောက်၏။

အယံဂန္ထော၊ ဤ သံဝေဂဝတ္ထုဒီပနီ အမည်ရှိသော ကျမ်းသည်။ အနန္တရာယောစ အနန္တရာယောဇေ၊ အန္တရာယ် မရှိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ နိဋ္ဌိတောယထာ၊ အပြီးအဆုံးသို့ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ ကလျာဏာ သင်္ကပ္ပါ၊ ကောင်းသော အကြံတို့သည်။ သီဃံ၊ လျင်စွာ။ သိဇ္ဈန္တု၊ အပြီးအဆုံးသို့ ရောက်စေ ကုန်သတည်း။

သံဝေဂဝတ္ထုဒီပနီကျမ်း ဤတွင်ရွေ ပြီး၏။

ဘာသာရေးဆိုင်ရာခွင့်ပြုချက် (၇၉၀)
အုပ်ရေ- ၁၀၀၀။ အကြိမ်— ပဌမ။

ရိုက်နှိပ်ပြီးစီးသည့်နေ့ ၉-၉-၈၆။

ထုတ်ဝေသူ။ ။ဦးညွှန့်ရင် (၀၁၇၃၃)
ညွှန့်စာပေတိုက်
အမှတ် ၃၄၄၊ ရွှေဘုံသာလမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဒေါ်ချိုချိုညွှန့် (ဝ၃၄၂၃)
ရန်နိုင်ထွန်းပုံနှိပ်တိုက်၊
အမှတ် ၅၂၀၊ ရွှေညာမြေလမ်း၊ အပိုင်း (၁)၊
၁၆-ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။